ဟေဋ္ဌာင်သုတ်တရားတော်

ဗောဇ္ဈင်တရားတော်

မာတိကာ

၁။ သတိ သမ္ဗောဇ္ဈင် တရားတော်

၂။ ဓမ္မဝိစယ သမ္ဗောဇ္ဈင် တရားတော်

၃။ ဝိရိယ သမ္ဗောဇ္ဈင် တရားတော်

၄။ ပီတိ သမ္ဗောဇ္ဈင် တရားတော်

၅။ ပဿဒ္ဓိ သမ္ဗောဇ္ဈင် တရားတော်

၆။ သမာဓိ သမ္ဗောဇ္ဈင် တရားတော်

၇။ ဥပေက္ခာ သမ္ဗောဇ္ဈင် တရားတော်

မဟာစည်ဆရာတော်ဘုရားကြီး
ဘဝဖြစ်စဉ် အကျဉ်း

ဆဋ္ဌသင်္ဂီတိပုဋ္ဌက, အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်လောင်းလျှာ သားရတနာကို ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာ၌ အဘ ဦးကံတော်–အမိ ဒေါ်ရွှေအုပ်တို့မှ သက္ကရာဇ် ၁၂ဖဒ–ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၃)ရက်၊ သောကြာနေ့ (၂၉–၇–၁၉၀၄)တွင် ဖွားမြင်သည်၊ ငယ်နာမည်မှာ မောင်သွင် ဖြစ်သည်။

အသက် (၁၂)နှစ် အရွယ်တွင် ရှင်သာမဏေ ဝတ်၍ သက်တော် (၂၀)တွင် ရဟန်းပြုသည်၊ ပရိယတ္တိစာပေ နေ့ဝါ, ညဝါ ကျမ်းစာအရပ်ရပ်ကို သင်ယူတော်မူခဲ့ပြီး ၁၃၀၃–ခုနှစ်တွင် "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံယူရရှိတော်မူသည်။

ငယ်ဆရာများနှင့်တကွ မန္တလေးမြို့, အနောက်ပြင် ခင်မကန်တိုက်၌ ကျောင်စောသော ဆရာတော်များထံ ပရိယတ္တိ ကျမ်းဂန်များကို သင်ယူဆည်းပူးတော်မူခြင်း၊ သထုံမင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးထံ ပဋ္ဌိပတ်ကို နည်းခံကျင့်ကြံ အားထုတ်ခြင်းတို့ဖြင့် ပရိယတ်, ပဋ္ဌိပတ် စွယ်စုံ ထူးချွန်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူခဲ့လေသည်။

ဆရာတော်သည် သိက္ခာတော် (၂၅) ဝါရ အထိ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းနှင့် မော်လမြိုင် တောင်ဝိုင်းကလေး တိုက်ကျောင်းတို့တွင် အခါအားလျော်စွာ သီတင်းသုံး၍ ပရိယတ္တိ ပဋ္ဌိပတ္တိ သင်ကြားပို့ချနည်းနာ ညွှန်ပြတော်မူခဲ့သည်။

၁၃၁၁–ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၆)ရက်နေ့ (၁၀–၁၁–၄၉)တွင် ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီး၏ ပင့်ဆောင်ကိုးကွယ်မှုဖြင့် ရန်ကုန်မြို့, သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူကာ ၁၃၁၁–ခုနှစ်၊ နတ်တော်လပြည့် နေ့ (၄–၁၂–၄၉)မှစ၍ ယောဂီများအား ဝိပဿနာတရား ဟောကြား ပြသတော်မူခဲ့သည်၊ ရိပ်သာ၏ အမည်သည်လည်း မဟာစည် သာသနာ့ရိပ်သာဟု တွင်ခဲ့လေသည်။

ဆရာတော် ဘုရားကြီးသည် ၁၃၁၉–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် ခံယူရရှိတော်မူသည်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ဆဋ္ဌသင်္ဂီတိပုဋ္ဌက တာဝန်ကို ဆောင်ရွက်တော်မူသည်၊ ၎င်းပြင် ဆဋ္ဌသင်္ဂါယနာသြသာန သောဓက၊ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်အဖွဲ့–နိုင်ငံတော်သြဝါဒါစရိယ စသည့် သာသနာ့တာဝန်အရပ်ရပ်ကိုလည်း စွမ်းစွမ်းတမန် ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့လေသည်၊ ထိုစဉ်က ဆဋ္ဌသင်္ဂီတိဝိသဇ္ဇကကား တိပိဋကဓရ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသပင် တည်း။

၁၃၀၅–ခုနှစ်တွင် မဟာစည် ဆရာတော် စီရင်ရေးသားတော်မူသော ဝိပဿနာရှုနည်း ကျမ်းကြီးနှစ်တွဲမှာ ကျောင်စော ထင်ရှားလှပေသည်။

ဆက်လက်ပြုစုသော ကျမ်းများနှင့် ဟောတရားများမှာ စာအုပ်အဖြစ်သို့ ရောက်ရှိလာသော ကျမ်းစာအုပ်ပေါင်း (၇၀) ကျော် ရှိပေသည်။

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် မြန်မာနိုင်ငံအတွင်း မဟာစည်သြဝါဒခံ ရိပ်သာခွဲပေါင်း (၃၀၀)ကျော် တည်ရှိခဲ့ပြီး ကမ္မာအရပ်ရပ်တွင်လည်း သာသနာပြုရိပ်သာခွဲများကို တည်ထောင်ပေးတော်မူခဲ့သည်၊ ဆရာတော်ဘုရားကြီး ပြသတော်မူသော ဝိပဿနာ တရားပွားများကျင့်ကြံ အားထုတ်ပြီးသူ ရဟန်း, ရှင်, လူ, ယောဂီ ဦးရေ (၇၀၀၀၀၀)ကျော် ရှိခဲ့ လေသည်။

ဆရာတော် ဘုရားကြီးသည် အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ ဂျပန် စသော အရှေ့တိုင်းနိုင်ငံများနှင့် ဥရောပ၊ အင်္ဂလန်၊ အမေရိက စသော အနောက်နိုင်ငံများအပါ အဝင် ကမ္ဘာအရပ်ရပ်မှ ပင့်ဖိတ်လျှောက်ထားချက်များအရ ကြွရောက်တော်မူပြီးလျှင် ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင် ပြန့်ပွား ထွန်းကားရေးကို ဆောင်ရွက်တော်မူခဲ့လေသည်။

ဆရာတော် ဘုရားကြီးသည် သက်တော် (၇၈) သိက္ခာတော် (၅၈) ဝါ ရရှိရာ ၁၃၄၄–ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့် ကျော် (၁၀)ရက်နေ့ (၁၄–၈–၁၉၈၂)တွင် မဟာစည် သာသနာ့ရိပ်သာ စံကျောင်းတော်၌ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့ပါ သည်။

ရှေးဦးခကားလက်ဆောင်

ပဋ္ဌဂုဏ် အဟံ ဝန္ဒာမိ သဗ္ဗဒါ

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးနောက် အရေးကြီးသော တရားတော်ကြီးအချို့ ကျွန်ုပ်တို့လက်တွင်ကျန်ရှိကြောင်းနှင့် ၎င်းတရားတော်ကြီးများ စာအုပ်ဖြစ်မြောက်ရေးကို မည်ကဲ့သို့ကြိုးစားခဲ့ပုံနှင့် ဆရာတော်ကြီး၏ တရားဟောစဉ်များ ကျမ်းစာအုပ်အဖြစ် ဖြစ်မြောက်ရေးတို့တွင် ပါဝင်ခဲ့သူ အချို့၏ အမည်များကို ၁၈–၃–၈၅ နေ့စွဲဖြင့် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သော အာသီဝိသောပမသုတ် တရားတော်ကြီးတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

အနန္တကျေးဇူးတော်ရှင် ဗုဒ္ဓရှင်တော်မြတ်၏ နှုတ်တော်မှ နည်ကြီနတ်သားအား ဟောကြားရာတွင် "သက်ရှိသတ္တဝါ အပေါင်း၏ ချမ်းသာရေးအတွက် အားထားမှီခိုရာ အစစ်ဖြစ်သော ဗောဇ္ဈင်ခုနစ်ပါး တရားမှလွဲ၍ ငါဘုရားမြင်တော်မမူ"ဟု ဟောကြားတော်မူခဲ့ကြောင်းကိုလည်း နာကြားကြရဖူးပါသည်။

ယနေ့ ၁၃၅၇–ခု၊ တန်ဆောင်မုန်းလဆုတ် (၉)ရက်၊ ကြာသပတေးနေ့ (၃၀–၁၁–၉၅)တွင် မဟာစည် သာသနာ့ရိပ်သာကြီး၏ ရွှေရတုသဘင်အတွက် ပြင်ဆင်နေကြသည့်အချိန်၊ အထူးသဖြင့် (၄ဖ)ကြိမ်မြောက် သြဝါဒခံယူ ပူဇော်ပွဲကြီးကို ၁၃၅၇–ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂) ရက်၊ (၈–၁၂–၉၅)ရက်နေ့မှစ၍ (၃)ရက်တိုင် ဆင်နွှဲကြမည့် ပွဲကြီးအမီ ရိုက်နှိပ်ထုတ်ဝေနိုင်သည့်အတွက် ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာ ပြုရပါကြောင်း ဖော်ပြအပ်ပါသည်။

အာလုံးသော သတ္တဝါတွေ ချမ်းသာကြပါစေ။
ဦးသိန်းဟန်
ဘီအေ–ဘီအယ်လ်
မဟာစည်ယောဂီ
(အင်ဗြိမ်းစား တရားမ–တရားသူကြီး)
ရန်ကုန်မြို့။

ဗောဒ္ဓေါင်တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁၃၂၃-ခု (၃) ဝါဆိုလဆန်း (၈) ရက်နေ့
ဟောကြားသော

သတိသမ္ဘောဇ္ဈင် တရားတော်

သစ္စာလေးပါး သိမှု၏ အစိတ်အပိုင်းကိုလဲ ဗောဒ္ဓေါင်ဟု ခေါ်သည်၊ (၃-ဆို)

အဲဒီ သစ္စာလေးပါးသိမှုရဲ့ အကြောင်းအင်္ဂါဖြစ်တဲ့ တရားတွေ သစ္စာလေးပါးသိမှုရဲ့ အစိတ်အပိုင်းဖြစ်တဲ့ တရားတွေ အဲဒီတရားတွေဟာ ဗောဒ္ဓေါင်တရား၊ ဒီဗောဒ္ဓေါင်တရားတွေကို သဘောတရားအနေအားဖြင့် ရှုပြီးတော့ ဓမ္မာနုပဿနာဟာ ဘယ်ပုံ ဘယ်နည်း ဖြစ်ပါသလဲလို့ မြတ်စွာဘုရားက မေးပြီးတော့ ဓမ္မာနုပဿနာဖြစ်ပုံကို ဟောတယ်၊ တစ်နေ့က တစ်ပုဒ်တော့ပြီး သွားပါပြီ။

ဘိက္ခဝေ-ရဟန်းကို၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သော ပုဂ္ဂိုလ်သည်၊ သန္တံဝါအဒ္ဓတ္တံ-အဒ္ဓတ္တ ကိုယ်တွင်းသန္တာန်၌၊ သန္တံဝါ-သတိသမ္ဘောဇ္ဈင်ဂုဏ်-ထင်ရှားရှိသော သတိသမ္ဘောဇ္ဈင်ကိုလည်း၊ မေ-ငါ၏၊ အဒ္ဓတ္တံ-ကိုယ်တွင်းသန္တာန်၌၊ သတိသမ္ဘောဇ္ဈင်္ဂေါ-သတိသမ္ဘောဇ္ဈင်သည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ဤသို့၊ ပဇာနာတိ-သိ။

မိမိသန္တာန်မှာ သတိသမ္ဘောဇ္ဈင်ရှိရင် ဖြစ်ရင်ဖြစ်တယ်၊ ရှိမှန်းဖြစ်မှန်းသိတယ်၊ သတိလေးရှိရင် ရှိမှန်းသိတယ်၊ သတိ မရှိလို့ရှိရင်လဲ မရှိမှန်းသိတယ်၊ ဒါပါပဲ၊ မရှုမှတ်ဘဲနဲ့နေတဲ့ပုဂ္ဂိုလ်တွေမှာတော့ သတိ အမြဲမရှိနေတာပါပဲ၊ အမြဲမရှိနေတဲ့ဥစ္စာမှာ သတိသမ္ဘောဇ္ဈင်မရှိဘူး၊ သတိသမ္ဘောဇ္ဈင်မရှိဘူးလို့ ဒီလိုဆိုနေရုံနဲ့တော့ ဒီဓမ္မာနုပဿနာ ဖြစ်မှာမဟုတ်ဘူး၊ ဒီလို ဆိုနေတာနဲ့ ဗောဒ္ဓေါင်က ရောက်လာမှာမဟုတ်ဘူး၊ လိုရင်းကတော့ရှုနေရင်း ယောဂီပုဂ္ဂိုလ်မှာ ရှုနေရင်း သတိသမ္ဘောဇ္ဈင်ဖြစ်တဲ့အခါ ဖြစ်မှန်းသိရတယ်၊ မဖြစ်ရင်လဲ မဖြစ်မှန်းသိရမယ်၊ ရှုနေရင်တော့ အမြဲတမ်း ဖြစ်နေတာပေါ့။ မှတ်တိုင်းမှတ်တိုင်း သတိသမ္ဘောဇ္ဈင်တွေ ဖြစ်နေတယ်။

အဲ-တစ်နေ့က ပြောတဲ့အတိုင်း ဒီဗောဒ္ဓေါင်တရားဟာ ဘယ်ကစဖြစ်တုံးဆို ဥဒယဗ္ဗယညာဏ် ဥဒယဗ္ဗယညာဏ်က စဖြစ်တယ်တဲ့၊ ဥဒယဗ္ဗယညာဏ်က စပြီးတော့ဖြစ်တယ်၊ ဥဒယဗ္ဗယညာဏ် မရောက်သေးလို့ရှိရင် မဖြစ်သေးဘူး၊ ပထမစပြီး ရှုကာစပုဂ္ဂိုလ်နာမ်နဲ့ ရုပ်သဘောလေး သိရုံပဲရှိသေးတယ်၊ သဘောသိအောင်တောင် အင်မတန်ရှုရပါတယ်၊ အစက တော်တော်နဲ့ကိုမသိဘူး၊ အဲမှတ်တိုင်းမှတ်တိုင်း နာမ်ရုပ်ရဲ့ သဘောလေးတွေသိတဲ့အခါ နာမရူပပရိစ္ဆေဒညာဏ်ဖြစ်တယ်၊ အကြောင်းအကျိုးပါဆက်ပြီးတော့ သိတဲ့အခါ ပစ္စယပရိဂ္ဂဟညာဏ် ဖြစ်တယ်၊ အဲဒီမှာ အဖြစ်အပျက်က မသိသေးဘူး၊ မသိသေးတော့ အဲဒီမှာဆိုလို့ရှိရင်ဖြင့် ဗောဒ္ဓေါင်တရားတွေ မရသေးဘူးလို့ ဆိုရမှာပေါ့။

နောက်သမ္မသနတို့၊ ဥဒယဗ္ဗယတို့ အဲဒီကနေပြီးတော့ အဖြစ်အပျက်တွေသိတယ်၊ အဲဒီအဖြစ်အပျက်တွေ သိတာကစပြီးတော့ ဗောဒ္ဓေါင်တရားတွေရလာတယ်၊ ဗောဒ္ဓေါင်လို့ နာမည်ရလာတယ်၊ နာမရူပ ပရိစ္ဆေဒတောင် မရောက်သေးတဲ့ပုဂ္ဂိုလ်တွေလဲရှိတယ်၊ တရားလုံးလုံး အားမထုတ်ဘဲနေတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒါက ဗောဒ္ဓေါင်ကမရဘူး၊ သူ့မှာ ဗောဒ္ဓေါင်မရှိဘူး၊ နာမ်ရုပ်ကိုတောင် ပိုင်းခြားမသိဘဲနဲ့ ဘာဝနာအလုပ်ကို လုံးလုံးအားမထုတ်ဘဲနဲ့နေတဲ့ ပုဂ္ဂိုလ်တွေသန္တာန်မှာ ဗောဒ္ဓေါင် ၇-ပါး တရားတွေ ဒါမရှိ၊ ရတယ်လို့ မဆိုနိုင်ဘူး၊ အဋ္ဌကထာဆရာက "အာရဒ္ဓ ဝိပဿက တော ပဋ္ဌာယ"တဲ့ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်အဖြစ်ကနေပြီးတော့ စ, ရမယ်တဲ့၊ ဗောဒ္ဓေါင်က သစ္စာ ၄-ပါး တရားသိတာက အဲဒီက စ,သိတာတဲ့၊ ဆိုလိုပါတယ်။

ဒါပေမယ်လို့ သူနဲ့နီးစပ်တဲ့အတွက်ကြောင့် နာမ်ရုပ်ပိုင်းခြားသိတာလဲ အကြောင်းဖြစ်လို့ သူတို့လဲ ထည့်ပြီးတော့ယူရတာပဲ၊ ဒါကတော့ အကြောင်းလေးဖြစ်လို့ ထည့်ယူရတာ အကျိုးဖြစ်တဲ့ ဥဒယဗ္ဗယညာဏ်က ဗောဒ္ဓေါင်ဟူသောအမည်ကို အကြောင်းဖြစ်တဲ့ နာမ်ရုပ်ပိုင်းခြားဖြစ်တဲ့ နာမရူပပရိစ္ဆေဒညာဏ်, ပစ္စယ ပရိဂ္ဂဟညာဏ်၊ အဲဒီညာဏ်တွေပေါ်မှာ တင်စားပြီးတော့ ဥပစာအားဖြင့် ယူရပါတယ်၊ အဲဒီဗောဒ္ဓေါင်တရား သေသေချာချာ ဖြစ်တာကတော့ ဥဒယဗ္ဗယညာဏ်ကစပြီးတော့ဖြစ်တယ်၊ ဥဒယဗ္ဗယညာဏ်က ရုပ်နာမ်အဖြစ်အပျက်ကလေးတွေမှတ်လို့ မှတ်တိုင်းမှတ်တိုင်း အစနဲ့အဆုံးနဲ့ ပိုင်းပိုင်းခြားခြား သိနေတဲ့အခါမှာ မှတ်တိုင်းမှတ်တိုင်းဟာ အမှတ်ရမှုလေးဟာ သတိသမ္ဘောဇ္ဈင်ပဲတဲ့၊ ဒီသတိလေး အမှတ်ရတာလေးဖြစ်နေရင် ဖြစ်မှန်းသိနေတာပေါ့၊ တစ်နေ့ကပြောခဲ့ပြီ၊ သတိလေးကောင်းပုံလေး၊ ဒီရောက်တော့ တစ်ခါတည်း မမှတ်နိုင်တာကိုမရှိဘူး၊အကုန်လုံး

မှတ်နိုင်တယ်၊ အကုန်လုံးဘာဖြစ်ဖြစ် ဘယ်လောက်ပဲမြန်မြန် အကုန်လုံးလျှောက်ပြီးတော့ အမှတ်ရပြီးတော့ သိနေတယ်၊သတိ သမ္မောဒ္ဓေါင်ဖြစ်တယ်။

မလွတ်စတမ်း စောင့်ဖမ်းနေသည်၊ တစ်နေ့က ဆောင်ပုဒ်ကလေးရေးပေးထားတယ်၊ "အပိလာနလက္ခဏော သတိ သမ္မောဒ္ဓေါ" သတိသမ္မောဒ္ဓေါ–သတိသမ္မောဒ္ဓေါင်သည်၊ အပိလာပနလက္ခဏော–မပေါ်စေခြင်း စုံးစုံးမြှုတ်စေခြင်း လက္ခဏာရှိ၏ ။

အာရုံပြုတတ်တဲ့ စိတ်ရဲ့နယ်ပယ်ကနေပြီး အပြင်ဘက်ကို မထွက်စေဘူး၊ အာရုံပြုတတ်တဲ့ စိတ်ရဲ့နယ်ပယ်အတွင်းမှာ ငုံပြီးတော့ယူလိုက်တာ၊ အာရုံကို အတွင်းသွင်းပြီးသကာလ အာရုံပြုတယ်၊ အဲဒါကို အပြင်ဘက် မထွက်စေဘူး၊ စုံးစုံးမြှုတ်စေ တယ်၊ ဒီထဲမှာ တစ်နေ့က ပြောတဲ့အထဲမှာ ခဲ(ဂ)ချလိုက်လော့ ရေအပြင်ဘက်ကို ထွက်မနေဘူး၊ ရေထဲ တစ်ခါတည်းမြှုတ် သွားတယ်၊ ရေထဲမှာ ဘူးချလိုက်လို့ရှိရင် ဘူးတို့ ဘောလုံးတို့ချလိုက်ရင် ရေထဲမဝင်ဘူး၊ သူက ရေအပြင်ဘက်ထွက်နေတယ် ပေါ်နေတယ်၊ အဲဒီဘူးများပေါ်သလို အမှတ်သတိရဲ့အပြင်ဘက်ကို မထွက်ဘဲနဲ့ ကျောက်ခဲများ ချလိုက်ရင် ရေထဲမှာ မြှုတ် သွားသလို တစ်ခါတည်း အမှတ်သတိရဲ့ အတွင်းမှာချည်း ထည့်ဖြစ်နေတယ်၊ အဲဒါဟာ သတိရဲ့သဘောပါပဲတဲ့။

တစ်စုံတစ်ခု ဝတ္ထုပစ္စည်းတွေ တစ်နေ့ကလဲ ပြောခဲ့တယ်၊ တစ်စုံတစ်ခု ဝတ္ထုပစ္စည်း ချထား အဲ–သတိမေ့နေတဲ့ ပုဂ္ဂိုလ်က အဲဒီဝတ္ထုပစ္စည်းကို မစဉ်းစားမိဘူး၊ လုပ်ချင်တာတွေ လုပ်ပြီးကိုင်ပြီး သကာလ ထသွားတဲ့အခါ ဖြုတ်ကနဲဆိုထသွား တော့ အဲဒီဝတ္ထုပစ္စည်းတွေ မေ့ကျန်နေသလိုသွားတာကို၊ အဲဒါဘာဖြစ်လို့တုံး စိတ်အသိအာရုံထဲမှာ ဒီဝတ္ထုပစ္စည်းလေးဝင်မနေ လို့ အပြင်ဘက်ရောက်နေတယ်၊ အဲဒါကို မေ့တယ်လို့ခေါ်တာပဲ၊ အေး–ဝတ္ထုပစ္စည်း ချထားပြီးတော့ တစ်ဦးနဲ့တစ်ဦး စကား ပြောတာပဲ လုပ်နေနေ ကိုယ့်ပစ္စည်းလေး ဒီနားချထားတယ်၊ ငါ့နာရီလေးက ဒီနားချထားတယ်၊ ဖောင်တိန်လေး ဒီနား ချထား တယ်၊ ဒီအဖိုးတန်ပစ္စည်းလေး ဒီနားချထားတယ်၊ လက်ကိုင်တဲ့ အိတ်ကလေး ဒီနားချထားတယ်၊ အမှတ်ရနေတယ်၊ အမှတ်ရ နေရင် ဒီဥစ္စာတွေဟာ အပြင်ဘက်မှာမထွက်ဘူး အတွင်းမှာဖြစ်နေတယ်၊ အတွင်းမှာ သူက စိတ်ထဲမှာပေါ်နေတယ်၊ ပေါ်နေ တော့ ထသွားတဲ့အခါမှာ မမေ့ဘူး၊ ဒါလေးယူပြီးတော့ ထသွားတယ်၊ အဲဒါ သတိက အဲဒီလိုသတိရှိရင် အာရုံဟာ အပြင်ဘက် မထွက်ဘူး၊ စိတ်၏အာရုံထဲစိတ်၏ နယ်ပယ်ထဲမှာ အတွင်းဘက်မှာ ရှိနေတယ်၊

ညဉ့်အခါကာလ မီးထွန်းထားတယ်၊ မီးထွန်းထားတော့ မီး၏လင်းနိုင်တဲ့ နယ်ပယ်ရှိတယ်၊ မလင်းနိုင်တဲ့ နယ်ပယ်ရှိ တယ်၊ လင်းနိုင်တဲ့နယ်ပယ်အတွင်းရှိ ဥစ္စာတွေ အကုန်လုံး မြင်နေတာပဲ၊ လှည့်ပတ် ကြည့်လိုက်–အကုန်လုံးမြင်နေတယ်၊ မလင်းနိုင်တဲ့နယ်ပယ်အပြင်ဘက် မှောင်နေတဲ့ အပိုင်းတွေကဟာတွေ မမြင်ရဘူး အဲဒါနဲ့လဲ ခပ်တူတူပါပဲ၊ သတိ၏အတွင်း ဘက်မှာနေတယ်, အပြင်ဘက်မှာနေတယ်, အပြင်ဘက်နေတဲ့ ဥစ္စာဟာ မေ့နေတယ်၊ အတွင်းဘက်နေတဲ့ဥစ္စာက ဒါမမေ့တာပဲ၊ အဲဒါကိုလဲ ဒါအပိလာပနမပေါ်စေဘူးတဲ့ အပြင်ဘက်မထွက်စေဘူး၊ အာရုံပြုတတ်တဲ့ စိတ်ရဲ့နယ်ပယ်အတွင်းမှာ စုံးစုံးမြှုတ်စေ တတ်တဲ့ သဘောပါပဲတဲ့။

ဒါက သဒ္ဒါနည်းမို့ သဒ္ဒါနည်း သဒ္ဒါနောက်လိုက်ပြီးတော့ သူ့ဟာရှင်းအောင်လို့ ပြောနေရတာ သူခက်ပါတယ်၊ သဒ္ဒါက သူ့ဟာ သူ့ပါဠိနဲ့ ဟိုခေတ်တုံးကတော့ တော်တော်လွယ်လို့ ဟောထားတာနဲ့ တူပါရဲ့၊ သူ့ဟာအခုခေတ်တော့ သူ့ နောက်လိုက်ပြီးတော့ ပြောနေရတော့ သိပ်ခက်နေပါတယ်၊ ဘာသာတစ်ခုနဲ့ ဘာသာတစ်ခုဟာလဲပဲ အပြောင်းအလွဲ အင်မတန် ခက်တယ်၊ သုံးနှုန်းတာ တစ်မျိုးစီပဲ မတူဘူး၊ မြန်မာစကားတွေလဲပဲ ငယ်ငယ်ကပြောလာကြလို့ပဲ တချို့စကားတွေဟာ ဘာမှ အဓိပ္ပာယ်မရဘူး၊ သေသေချာချာလိုက်ပြီးတော့ စစ်ဆေးကြည့်လို့ရှိရင် ဘာမှအဓိပ္ပာယ်မရဘူး၊ ဘာသာခြား ပုဂ္ဂိုလ်တွေ အတွက်ဟာ အတော်အမှတ်ရခက်မှာပဲ၊ အဲဒါလိုပဲ ပါဠိကလဲ ဒီလိုပဲ သူ့နောက်လိုက်ရတာက တစ်ခါတစ်ခါကြ တော်တော် စိတ်မောတယ် တော်တော်ခက်တယ်၊ အဲ–ဘုန်းကြီးက လွယ်ကူတဲ့နည်းနဲ့ ဒီမှာ ဆောင်ပုဒ်ပေးထားတယ်။

"မလွတ်စတမ်း..... စောင့်ဖမ်း နေသည်" အဲဒါပါပဲ၊ အာရုံတွေ ကျလာတိုင်း ကျလာတိုင်း ဘယ်ဟာမှ မလွတ်စေရဘူး စောင့်ပြီးတော့ ဖမ်းနေတယ်၊ ကဲ ကဲ ဒါလေးလဲ ဆိုပါဦး၊ တစ်နေ့ကလဲ ဆိုပြီးသားတွေပါပဲ၊ ကျေသွားတာပေါ့လေ။

မလွတ်စတမ်း စောင့်ဖမ်းနေသည်၊ (ဆို–၃)
ဖြစ်ပျက်သရွေ့ မမေ့စေပြီ၊ (ဆို–၃)

"အသမ္မောသရသော" အသမ္မောသရသော–မမေ့ခြင်းကိစ္စ ရှိပါတယ်တဲ့၊ သူ့ကိစ္စက, သူ့အလုပ်က, မမေ့တာပဲတဲ့၊ သတိရဲ့အလုပ်က မမေ့တာပဲ၊ ဒါလဲသူ့အလုပ် မမေ့တဲ့အလုပ် သူလုပ်နေတာပဲ၊ သူ့အလုပ်က သူ့ကိစ္စကဒါပဲ၊ သူ့သတ္တိဒါပဲရှိ တယ်၊ အဲဒီတော့–

"ဖြစ်ပျက်သရွေ့–မမ့်စေပြီ"တဲ့၊ မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, ဒွါရ ၆–ပါးက ဖြစ်တိုင်းဖြစ်တိုင်းတရားတွေ ဘာမှသူက မမ့်စေရဘူး၊ မမ့်အောင် သူကဆောင်ရွက်နေတာကို၊ အဲတစ်စုံတစ်ခု ဝတ္ထုပ္ပစ္စည်းလေး ချထားတာ မမ့်အောင်ဟာလဲ သူပဲ ဆောင်ရွက်နေတာပဲ၊ သို့သော် ဟိုဟာကတော့ သာမည ပေါ့လေ၊ လောကဝေါဟာရ သတိပဲ၊ ကုသိုလ်ရယ်လို့တော့မဆိုနိုင်ဘူး၊ အဲဒါနဲ့ အမျိုးတော့တူတာပဲ၊ ကျမ်းဂန်တွေက နယ်ပယ်ခွဲထားလို့ တူတော့ခပ်တူတူပဲ၊ သတိရတယ်ဆိုတာ အတူတူပဲ၊ ဒါပေမယ်လို့ အဲဒီဥစ္စာကတော့ လောကရေးရာနဲ့ ပတ်သက်ပြီး သတိရတာလေးတွေကြတော့ ကုသိုလ်ရယ်လို့ မဟုတ်လို့ ဒါတော့ သတိအတုပဲတဲ့၊ အစစ်မဟုတ်ဘူးတဲ့၊ သတိပဋ္ဌာန်ကတော့ သတိနဲ့တူတဲ့တရား၊ တူတော့နေတာပဲ၊ သို့သော် ကုသိုလ်သတိတော့ မဟုတ်ဘူးတဲ့။

အဲ–အခု ကုသိုလ်ကောင်းမှုစိတ်တွေ ဖြစ်တိုင်း–ဖြစ်တိုင်းကတော့ သတိရတာတွေ အဲဒါတွေကတော့ ကုသိုလ်သတိပဲ၊ ဘာဝနာမှာတော့ ပိုပြီးတော့ ထင်ရှားတယ်၊ ဘာဝနာအားထုတ်တဲ့အခါမှာ ဝိပဿနာရှုတဲ့အခါမှာပဲ ဖြစ်တိုင်း, ဖြစ်တိုင်းတရားတွေ လိုက်ပြီးတော့ရှုရတာ မမ့်ဘူး၊ အားထုတ်ခါစ ပုဂ္ဂိုလ်က ဒီသတိကမကောင်းသေးဘူး၊ မမ့်နေတာတွေများနေတာပဲ၊ ဟိုဟာမေ့၊ ဒီဟာမေ့၊ ဟိုဟာမမှတ်မိ၊ ဒီဟာမမှတ်မိနဲ့ ဒီလိုလွတ်နေတယ်၊ အဲ သတိကောင်းလာတဲ့အခါကြ ဘယ်ဟာမှ မမ့်တော့ဘူး၊ တကတည်း လာချင်ရာကလာတဲ့၊ ကျချင်ရာကျခဲ့မိနေတာကို ဟိုမြန်မာ ခြင်းခတ်တာတွေနဲ့ ခတ်တူတူပဲ၊မြန်မာ ခြင်းခတ်ကောင်းပြီ ဆိုလို့ရှိရင် လူတွေ ဝိုင်းလည်ပြီးတော့ နေတယ်၊ ဘယ်ကလာလာ သူ့ဟာ အောက်မကျဘူး မိနေတယ်၊ တစ်ခါတည်း ဟိုကလာလိုက်၊ လာရာက တစ်ခါတည်း ဘယ်ဘက်နဲ့မိရင် ဘယ်ဘက်နဲ့ခတ်လိုက်၊ ညာဘက်ကမိရင် ညာဘက်က ခတ်လိုက်၊ ဒူးနဲ့တော်ရင် ဒူးနဲ့၊ သူ့ဟာ နေရာကြတယ်၊ တစ်ခါတည်းမိနေတာပဲ။

အဲဒီလိုပဲ အမှတ်သတိကောင်းလာတဲ့ အခါကျတော့ ဘယ်ကလာလာ လာရာကနေပြီးတော့ အမှတ်က ရနေတာပဲ၊ ဖောင်းတယ်, ပိန်တယ် မှတ်နေရင်း တစ်နေရာက ယားတာလေးဖြစ်ဖြစ် ပူတာလေးဖြစ်ဖြစ်ပေါ့လေ၊ အဲဒါလေး မှတ်မိအောင်၊ အသံလေးက ဖြုတ်ခနဲကြားလိုက်ရင် အဲဒါလေး မှတ်မိတာပဲ၊ ဘာမှ သူက မေ့ရတာမရှိဘူး၊ အဲဒါဟာ သတိက သူ့ကိစ္စသူ ဆောင်ရွက်နေတာပဲ။

ဖြစ်ပျက်သရွေ့ မမ့်စေပြီ "အသမ္မောသရသော" ဖြစ်ပျက်သရွေ့ မမ့်စေပြီတဲ့၊ ဒါသူရဲ့ ရသပဲတဲ့၊ သတိထင်ရှားလို့ရှိရင် ဒီနည်းတွေနဲ့ ထင်ရှားတာ၊ မလွတ်စတမ်း စောင့်ဖမ်းနေတာနဲ့ တူတယ်တဲ့၊ မလွတ်စတမ်း စောင့်ပြီးတော့ လာတိုင်း လာတိုင်း တစ်ခါတည်း ဒရဝမ်များ တံခါးပေါက်ကနေပြီး စောင့်ကြည့်နေတာလိုပဲ၊ ဒွါရ ၆–ပါးက ပေါ်တိုင်း ပေါ်တိုင်းတွေကို မလွတ်စတမ်း စောင့်ဖမ်းနေတာနဲ့လဲ တူတယ်၊ အဲဒီတော့–

ဖြစ်ပျက်သရွေ့–မမ့်စေပြီ၊ ဖြစ်တိုင်းဖြစ်တိုင်းကို မမ့်အောင်လို့ ဆောင်ရွက်နေတယ်၊ အလုပ်လုပ်နေတဲ့ အနေမျိုး သူကထင်ရှားတယ်၊ "အာရက္ခပစ္စုပဋ္ဌာနာ"စောင့်ရှောက်သောအားဖြင့် အစောင့်အနေအားဖြင့်လဲ ယောဂီဉာဏ်ထဲမှာ ထင်ပါတယ်တဲ့၊ အစောင့်အရှောက် အပြင်ဘက်က ဘေးရန် အန္တရာယ်တွေ မဝင်ရအောင် အစောင့်အရှောက် အထိန်းအနေအားဖြင့်လဲ ထင်ပါတယ်၊ ကလေးထိန်းနေတဲ့ ကလေးထိန်းများ လူကြီးတွေရှေ့ အမိဖြစ်ဖြစ်၊ အမိမဟုတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ဖြစ် ကလေးထိန်းနေတယ်၊ ဒီကလေးဘေးအန္တရာယ်တွေ မရောက်အောင်လို့ဟာ သူက အမြဲတမ်း စောင့်ကြည့်နေတယ်၊ ဘာမှမသိသေးတော့ ကလေးက ဟိုလျှောက် ဒီလျှောက်နဲ့ သွားလို့ရှိရင် အဲဒီဥစ္စာ လိမ့်ကျမှာပဲ၊ လိမ့်မကျအောင် ဂရုစိုက်နေရတယ်၊ ဒီတော့ မတော်တာတွေ ကောက်ပြီးစားလို့ရှိရင်လဲ တုတ်ချောင်းတွေဘာတွေ စားလို့ရှိရင် လည်ချောင်းထဲဘာထဲ တစ်ဆို့နေမှာစိုးလို့ မစားရအောင် ဒါလဲ ဂရုစိုက်ရတာပဲ၊ အကုန်လုံး ဂရုစိုက်နေရတယ်၊ ဒီကလေးစောင့်နေရတယ်။

အဲဒါလိုပဲ၊ ဒီသတိက စိတ်သန္တာန်မှာ မတော်တဲ့ တရားတွေ ကျမလာရအောင် အကုသိုလ်တရားတွေ မကျရအောင် အမြဲတမ်းစောင့်နေရတယ်၊ မြင်ရာကနေပြီး အကုသိုလ်မဖြစ်ရအောင်၊ ကြားရာက, နံရာက, စားရာက အကုသိုလ်မဖြစ်ရအောင်၊ ကြားရာက, နံရာက, စားရာက အကုသိုလ်မဖြစ်ရအောင် တစ်ခါတည်း သူက လိုက်ပြီးတော့ စောင့်နေရတယ်၊ ဒါက တရားအားထုတ်လို့ အသားကြနေတဲ့ ပုဂ္ဂိုလ်တွေမှာ ပိုထင်ရှားတယ်၊ အသားကျနေတဲ့ပုဂ္ဂိုလ်တွေမှာ မြင်ရာကဖြစ်စေ၊ ကြားရာကဖြစ်စေ၊ လောဘတို့ ဒေါသတို့ ဖြစ်စရာ အကြောင်းလေးတွေ ရှိတာကို အဲဒါလေးတွေ ဖြစ်ဖို့ရာလေးတွေ အကြောင်းလေးတွေ ပေါ်လာရင်ဖြင့်ရင် မပြတ်အောင် ဒီက အမှတ်သတိလေးက မလစ်ရဘူး။

တကယ်ဖြစ်မိလို့ရှိရင်လဲ အဲဒါ သတိရသွားတယ်၊ သတိရပြီးတော့ ငြိမ်းသွားတယ်၊ အင်မတန် နေရာကြတယ်၊ အဲဒါတွေ အဖိုးတန်တာပဲ၊ တရားအားထုတ်ထားတဲ့ပုဂ္ဂိုလ်တွေ ဒါသိပ်ပြီးတော့ အသုံးကြတာပဲ၊ တယ်နေရာကြတယ်၊ တရားအားမထုတ်ခင်ကတော့ ကိုယ့်စိတ်ကို ဖြစ်ချင်ရာဖြစ် သိမှမသိဘဲ၊ ဘယ်သွားနေမှန်း မသိဘူး၊ ဘာမှန်းမသိဘူး၊ ကုသိုလ်မှန်းမသိဘူး၊ အကုသိုလ်မှန်းမသိဘူး၊ ကောင်းတာမှန်းမသိ၊ မကောင်းတာမှန်းမသိ၊ ပြောတော့လဲ ပြောနေတာပါပဲ၊ ဒါပေမယ့် ပြောတာထဲကိုက ပြောတဲ့စိတ်ကိုက သူကကုသိုလ်လဲ ဟုတ်ချင်မှဟုတ်တာ၊ သူ့ဟာ အဲဒါကိုပဲ ကုသိုလ်တွေထင်ပြီး ပြောချင်လဲပြောနေတာပဲ၊ အခု တရားအားထုတ်ထားလို့ အသားကျနေတဲ့ ပုဂ္ဂိုလ်တွေကြတော့ မတော်တဲ့စိတ်ကူးလေး ဖြစ်မယ်ဆိုလို့ရှိ

ရင် မဖြစ်ခင်ကတည်းက သူကရှေ့က တားလိုက်သလို ဖြစ်လာပြန်လို့ရှိရင်လဲ ဖြစ်လာတာနဲ့ တစ်ပြိုင်နက် ဒီကနေပြီးတော့ တားလိုက်တယ်၊ အထူးအားဖြင့်တော့ကို ဒေါသတို့ ဘာတို့ဖြစ်ရင် ပိုသိတယ်။

ဒေါသလေးဖြစ်၊ ကြမ်းကြမ်းတမ်းတမ်းလေး စိတ်ထဲ ဖြစ်လာတာနဲ့ တစ်ခါတည်း ဝင်တားလိုက်တာဆိုတော့ ဆက်မဖြစ်ရဘူး၊ ငြိမ်းနေတယ်၊ သိပ်နေရာကြတယ်၊ အဲဒါကြောင့် "အာရက္ခပစ္စုပ္ပဋ္ဌာနာ" အစောင့်အရှောက် အနေအားဖြင့် ယောဂီပုဂ္ဂိုလ်ဉာဏ်မှာ ထင်ရှားပါတယ်တဲ့၊ ဒီသတိကလေးဟာ အကျိုးမဲ့ မဖြစ်ရအောင်လို့ စောင့်ရှောက်နေတာနဲ့ တူတယ်တဲ့၊ အစောင့်အရှောက်အနေအားဖြင့် ဉာဏ်ထဲမှာထင်ရှားပါတယ်တဲ့၊ အစောင့်ကလေးကို အခု အဖိုးထိုက် အဖိုးတန် ပစ္စည်းတွေ ထားတဲ့နေရာမှာဆိုလို့ရှိရင်ဖြင့် အစောင့်တွေဆိုတာ ထားရတယ်၊ လက်နက်ကိုင် အစောင့်တွေနဲ့ လူကြီးလူကောင်းတွေ အရာရှိကြီးတွေဆိုရင်လဲ ဘေးရန်အန္တရာယ်မရှိရအောင်လို့ တစ်ခါတည်း အစောင့်တွေရှိရတယ်၊ အဲဒါလိုပဲ သတိရှိရတယ်၊စိတ်သန္တာန်မှာ အကုသိုလ်တွေ, ကိလေသာတွေ မကြိုရအောင် စောင့်နေတဲ့ အနေမျိုးအားဖြင့် ထင်ရှားတယ်။

"အာရက္ခပစ္စုပ္ပဋ္ဌာနာ" ဒါသာ မဟုတ်သေးဘူးတဲ့၊ "အာရမ္မဏာဘိ မုခဘာဝပစ္စုပ္ပဋ္ဌာနာဝါ" (ဝါ) တစ်နည်းကား အာရမ္မဏာဝိသယာဘိ မုခဘာဝပစ္စုပ္ပဋ္ဌာနာ အာရုံသို့ ရှေးရှုသည်၏ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်ဉာဏ်မှာလဲ ထင်ရှားပါတယ်တဲ့၊ အာရုံရှေးရှု–အာရုံဆီကိုအမြဲလှည့်နေသလိုပဲ၊ ဒီသတိက အာရုံကို ဖမ်းဖို့ရာ တစ်ခါတည်း ဖမ်းမလို့ တကဲကဲ ဖြစ်နေတယ်၊ အဲဒီအနေအားဖြင့်လဲ ယောဂီပုဂ္ဂိုလ်မှာ ထင်ရှားပါတယ်တဲ့၊ ဒါကတော့ ရှုကာစ အားထုတ်ကာစ ပုဂ္ဂိုလ်တွေလဲသိတယ်၊ သတိလေးကောင်းလာတော့ အာရုံဆီကို လှည့်နေသလိုပဲ၊ အာရုံဆီကို ဖမ်းမလို့လှည့်နေသလို တစ်ခါတည်း ပေါ်ရာပေါ်ရာဆီ ကိုလိုက်ပြီးတော့ တစ်ခါတည်း ဖမ်းနေတယ်၊ ၄က်ကလေးတွေများ အစာကောက်တာနဲ့လဲ ခပ်တူတူပဲ၊ ၄က်ကလေးတွေ အစာကောက်တော့ အစာကို တစ်ခါတည်း နှုတ်သီးက လှည့်ပြီးတော့ ဟိုကောက်လိုက် ဒီကောက်လိုက် (ဒေါက်–ဒေါက်–၃) လျှောက်ကောက်နေတယ်၊ အဲဒါလိုပဲ အာရုံဆီကို ရှေးရှုပြီးတော့နေတဲ့ နေရာ ယောဂီပုဂ္ဂိုလ် ထင်ရှားပါတယ်တဲ့။

အာရုံရှေးရှု စောင့်မှုထင်သည်တဲ့၊ အာရုံရှေးရှုသောအနေအားဖြင့်လဲ ယောဂီပုဂ္ဂိုလ်လဲ ထင်ရှားပါတယ်၊ စောင့်ရှောက်တဲ့ အစောင့်အရှောက်အနေအားဖြင့်လဲ ယောဂီပုဂ္ဂိုလ်ထင်ရှားပါတယ်တဲ့၊ ပစ္စုပ္ပဋ္ဌာန်ကို ကိုင်း–ဒါလေးဆိုရမယ်။

အာရုံရှေးရှု စောင့်မှုထင်သည်၊ (၃)
မြတ်သတိ မှတ်သိဗောဇ္ဈင်မည်။ (၃)

အဲ သတိသမ္ဗောဇ္ဈင်မှာ လက္ခဏာ ရသ ပစ္စုပ္ဌာန်တဲ့၊ ဒါအင်မတန်ကို မှတ်သားဖွယ်ကောင်းတဲ့ဥစ္စာပါ၊ ယောဂီပုဂ္ဂိုလ်တွေနဲ့ အင်မတန်တော်တယ်၊ ယောဂီပုဂ္ဂိုလ်တွေမှာ အင်မတန် နက်နဲတဲ့တရားတွေပဲ၊ ကိုယ်တိုင်လဲပဲ သိလဲသိနိုင်တယ်၊ နက်ပေမယ်လို့ မသိနိုင်တာလဲ မဟုတ်ဘူး၊ တရားအားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေက သိလဲသိနိုင်တယ်၊ အင်မတန်ကောင်းတယ်၊ အားမထုတ်ရင်တော့ သိဖို့တယ်မလွယ်လှဘူး၊ ဆိုလို့ကောင်းပေမယ်လို့ ပြောလို့ကောင်းပေမယ်လို့ ကိုယ်တိုင်က အားမထုတ်ထားတော့ ကိုယ်တိုင်တွေ့မထားရင် ဒါလေးတွေက သိဖို့ရာတယ်မလွယ်လှဘူး၊ ခက်ခက်ပဲ၊ အဲဒီသတိဟာ ဘာအကြောင်းကြောင့် ဖြစ်သလဲဆိုလို့ရှိရင် ယောနိသော မနသိကာရကြောင့် ဖြစ်ပါတယ်တဲ့၊ သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းတွေ–

ယထာစ အနုပ္ပန္နသ သတိသမ္ဗောဇ္ဈင်္ဃသ ဥပ္ပါဒေါ ဟောတိ၊ တဋ္ဌ ပဇာနာတိ တဲ့။

ယထာစ–အကြင်အကြောင်းကြောင့်လဲ၊အနုပ္ပန္နသ–သတိသမ္ဗောဇ္ဈင်္ဃသ–စောစောကမဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒေါ–ယခုအသစ် ဖြစ်ပေါ်လာခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဋ္ဌ–ထိုအကြောင်းကိုလည်း၊ ပဇာနာတိ–သိ၏၊အစတုန်းက သတိသမ္ဗောဇ္ဈင် မဖြစ်သေးဘူးတဲ့၊ မဖြစ်သေးဘူး၊ အဲဒီမဖြစ်သေးတဲ့ သတိသမ္ဗောဇ္ဈင်တွေ အခုဖြစ်ဖြစ်လာတယ်၊ ဘာကြောင့်လဲဆို အဲဒီအကြောင်းလေးသိရမယ်၊ အဲဒီအကြောင်းလေးက ယောနိသော မနသိကာရပဲတဲ့၊ သတိသမ္ဗောဇ္ဈင်ဖြစ်အောင် နှလုံးသွင်းမှုပဲ၊ သတိ သမ္ဗောဇ္ဈင်ဖြစ်အောင် နှလုံးသွင်းမှုပဲ၊ သတိသမ္ဗောဇ္ဈင် ဖြစ်အောင် သတိဖြစ်အောင်လို့ရှိမယ်၊ မှတ်မိအောင်လို့ ရှိမယ်၊ မမှတ်မိတာ မရှိစေရဘူး၊ အကုန်လုံး မှတ်မိစေရမယ်၊ အမှတ်သတိကလေး အမြဲမပြတ် ဖြစ်စေမယ်လို့ နှလုံးသွင်းပြီးတော့ အားထုတ်နေတယ်၊ အဲဒီ နှလုံးသွင်းလေးရှိလို့ပဲ၊ ဒီနှလုံးသွင်းလေးက တစ်ခါတစ်ခါ လျော့သွားတယ်၊ လျော့သွားတဲ့အခါကြရင် အမှတ်တွေ နည်းသွားတယ်၊ ပေါ့ပေါ့ဆဆလုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ သတိသမ္ဗောဇ္ဈင်မဖြစ်ပါဘူး ဒီလိုကမ္မဋ္ဌာန်းကျောင်းလာပြီး အားထုတ် ပေါ့ပေါ့ဆဆ တရားအားထုတ်နေရင် သတိသမ္ဗောဇ္ဈင်မဖြစ်ဘူး၊ အေး–ရိုရိုသေသေ အားထုတ်နေမှ၊ ရိုရိုသေသေ အားထုတ်ပြီးတော့ နေတဲ့အခါကာလ ဒီသတိသမ္ဗောဇ္ဈင်ဖြစ်တယ်။

အဋ္ဌကထာက အကြောင်းလေးပါးပြတယ်၊ သတိသမ္ဗောဇ္ဈင် ရှိရမယ်တဲ့၊ သတိမရှိသောပုဂ္ဂိုလ်ကို ကြဉ်ရှောင်ရမယ်တဲ့၊ သတိရှိသော ပုဂ္ဂိုလ်ကို မှီဝဲရမယ်တဲ့၊ သတိသမ္ဗောဇ္ဈင်ဖြစ်အောင်လို့ စိတ်ညွှတ်ကိုင်းစေရမယ်တဲ့၊ အဲ–အကြောင်းလေးပါး အဋ္ဌကထာမှာ ပြတယ်၊ အဲဒါတွေလဲ တစ်နေ့က ဆောင်ပုဒ်တွေ ပေးထားတယ်။

သတိသမ္ဗဇ္ဈင်၊ အမြဲယှဉ် တိုထွင်စိတ်ညွှတ်ပါ၊ ဒါလဲ ဆိုကြဦးစို့၊ တနေ့ကသီတင်းက ကိုင်းညွှတ်ရာလို့ ဆိုထားတယ်၊ တယ်မကောင်းသေးဘူး၊ ကဲ–ဆိုကြဦးစို့၊ "သတိသမ္ဗဇ္ဈင်၊ အမြဲယှဉ်၊ ထိုတွင် စိတ်ညွှတ်ပါတဲ့"၊ သမ္ဗဇ္ဈင်လဲ အမြဲယှဉ်ပါစေတဲ့၊ ဒါလဲ အကြောင်းတစ်ခုပဲ၊ ထိုတွင်ဆိုတော့ ထိုသတိသမ္ဗောဇ္ဈင်ဖြစ်ဖို့ရာ ဖြစ်ဖို့ရာ ကိစ္စအတွက် စိတ်ညွှတ်ထားပါတဲ့၊ သွားရင်းဖြစ်စေ၊ ရပ်ရင်းဖြစ်စေ ထိုင်ရင်းဖြစ်စေ၊ လဲလျောင်းအိပ်ရင်းဖြစ်စေ၊ ကွေးရင်းဖြစ်စေ၊ ဆန့်ရင်းဖြစ်စေ၊ ထိုင်ရင်းဖြစ်စေ၊ နားထောင်ရင်းဖြစ်စေ၊ စားရင်းဖြစ်စေ၊ ဘယ်အချိန်မဆိုပေါ့လေ အမှတ်သတိလေးဖြစ်မယ်လို့ အဲဒီလိုအမှတ်သတိလေး ဖြစ်အောင်လို့ဟာ စိတ်ညွှတ်ထားပါတဲ့ ဒါအရေးကြီးပါတယ်၊ ခုန ယောနိသောမနသိကာရဆိုတာနဲ့ ဒါနဲ့ဟာအတူတူပါပဲ၊ သဘောအားဖြင့် တူနေတာပဲ၊ အဲဒီ အကြောင်းလေးပါး ပြည့်စုံလို့ရှိရင်ဖြင့် သတိသမ္ဗောဇ္ဈင် ဖြစ်ပါတယ်တဲ့၊ ကိုင်း–ဆိုကြဦးစို့ရဲ့။

သတိသမ္ဗဇ္ဈင်၊ အမြဲယှဉ်၊ ထိုတွင် စိတ်ညွှတ်ပါတဲ့၊ (ဆို–၃)

မေ့သူရှောင်လွှဲ၊ မေ့တဲ့ပုဂ္ဂိုလ်၊ သတိမရှိတဲ့ပုဂ္ဂိုလ်၊ အမှတ်မရှိတဲ့ပုဂ္ဂိုလ်တွေ ရှောင်ကြဉ်ရမယ်တဲ့ အဲဒီပုဂ္ဂိုလ်တွေနဲ့ မပေါင်းသင်းမဆက်ဆံရဘူး၊ အတူမနေရဘူးလို့ ဆိုလိုပါတယ်၊ တစ်နေ့က အကျယ်တဝင့်ပြောပြီးပါပြီ၊ ကနေ့တော့ခေါင်းစဉ်မိရုံလေး ပြန်ပြောရတယ်၊ တစ်ချို့က အသစ်ပါနေလို့၊ အဲဒါပထမပိုင်းက နားမလည်ဘဲ ဖြစ်နေမှာစိုးလို့ ပြန်ပြောနေတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေနဲ့အတူနေလို့ရှိရင် ကမ္မဋ္ဌာန်းကျောင်းမှာ မမှတ်တဲ့ပုဂ္ဂိုလ် မရှိသေတဲ့ပုဂ္ဂိုလ်တွေနဲ့နေလို့ ရှိရင်အမှတ်တွေ ပျက်နေတာပဲ၊ ဟို–အတူနေရတဲ့ပုဂ္ဂိုလ်မှာ ပျက်နေတယ်၊ အဲဒီတော့ ကမ္မဋ္ဌာန်းကျောင်းနေတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ဘယ်လိုနှလုံးသွင်းထားရမလဲဆိုရင် အဲဒီမေ့တဲ့ပုဂ္ဂိုလ် စာရင်းထဲမဝင်အောင်ပေါ့လေ၊ အဋ္ဌကထာဆရာက မေ့တဲ့ပုဂ္ဂိုလ်နဲ့ အတူမနေရဘူးလို့ ဆိုထားတယ်၊ အဲဒီပုဂ္ဂိုလ်နဲ့ မပေါင်းရဘူးတဲ့၊ ဒီပုဂ္ဂိုလ်နဲ့ မေ့တဲ့ပုဂ္ဂိုလ်နဲ့ မပေါင်းပါနဲ့တဲ့၊ ဒီပုဂ္ဂိုလ်ရှောင်ကြဉ်ရမယ်၊ သူများက ကိုယ့်ကို ရှောင်ရတယ်ဆိုကတည်းက နေရာမကြဘူး၊ ကိုယ်ဟာ မကောင်းတဲ့ပုဂ္ဂိုလ်၊ နာမည်ပျက်စာရင်းထဲဝင်နေတယ်၊ အဲဒီတော့ နာမည်ပျက်စာရင်းထဲ မဝင်ဖို့ရာ အရေးကြီးတာကို၊ ကိုယ်ကသာ သူများ ရှောင်ချင်ရှောင်ရမယ်၊သူများက ကိုယ့်ရှောင်တယ်ဆိုတာဟာ နေရာမကြဘူး၊ အဲဒီလိုမဖြစ်ရအောင် မမေ့တဲ့ပုဂ္ဂိုလ်ဖြစ်အောင်လို့ ကြိုးစားဖို့ အရေးကြီးတာပေါ့လေ။

နေရာတိုင်းနေရာတိုင်း မမေ့အောင် တစ်ခါတည်း မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေတဲ့ ပုဂ္ဂိုလ်မဖြစ်အောင် ကြိုးစားအားထုတ်ဖို့ရာ အရေးကြီးပါတယ်၊ မေ့သူရှောင်လွှဲ၊ မေ့သူကို ရှောင်လွှဲရမယ်၊ သတိမြဲတဲ့ပုဂ္ဂိုလ် မမေ့တဲ့ပုဂ္ဂိုလ်ကို မေ့သူရှောင်လွှဲ၊ သတိမြဲ၊ မှီဝဲဆည်းကပ်ပါတဲ့။ အဲ–သတိကောင်းတဲ့ ပုဂ္ဂိုလ်တွေ၊ အမှတ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေနဲ့နေရင် ကိုယ်က အမှတ်မကောင်းဘူး၊ သူများက အမှတ်ကောင်းတယ်၊ ရိုရိုသေသေ မှတ်နေတယ်၊ အဲဒီလို ပုဂ္ဂိုလ်နဲ့နေရင် တိုးတက်တယ်၊ တစ်နေ့ကလဲပြောပြီးပါပြီ၊ ပစ္စုပ္ပန်ဝတ္ထုတွေနဲ့ ဘုန်းကြီး တစ်နေ့က တော်တော်ကျယ်ကျယ်ပြောပြီးပြီ၊ အဲဒါကလဲ တော်တော်ထင်ရှားပါတယ်၊ သူဟာ ကိုယ့်တစ်ယောက်တည်း အားထုတ်နေလို့ရှိရင် အားကြစရာမရှိလို့ မတိုးတက်ဘူး၊ သူများတွေ ရိုရိုသေသေ အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေနဲ့ အတူနေရရင် တရားတွေ သိပ်တိုးတက်လာ သူက အင်မတန်ကောင်းတယ်၊ ကိုင်း–ဆိုရမယ်။

မေ့သူရှောင်လွှဲ၊ သတိမြဲ၊ မှီဝဲဆည်းကပ်ပါ။ (ဆို–၃)

သတိသမ္ဗဇ္ဈင် အမြဲယှဉ်ဆိုတာ အကြောင်းတစ်ခု နေရာတိုင်း, နေရာတိုင်း သတိသမ္ဗဇ္ဈင်ယှဉ်အောင် အားထုတ်၊ ထိုတွင် ကိုင်းညွှတ်ဆိုတာ နေရာတိုင်း, နေရာတိုင်းသတိရှိအောင်လို့ နှလုံးသွင်းထားရမယ်တဲ့၊ မှတ်မိအောင်လို့ မေ့သူရှောင်လွှဲ–အမှတ်မရှိတဲ့ပုဂ္ဂိုလ်, အမှတ်မရှိသေးတဲ့ ပုဂ္ဂိုလ်တွေ အဲဒါတွေနဲ့ အတူတူမနေနဲ့တဲ့၊ သူတို့နဲ့ သတိမြဲတဲ့ သတိမြဲတဲ့ပုဂ္ဂိုလ် ရိုရိုသေသေ မှတ်နေတဲ့ပုဂ္ဂိုလ်, အမှတ်ရှိတဲ့ပုဂ္ဂိုလ်တွေ မှီဝဲပါတဲ့၊ ၄–ခုရှိတယ်၊ အဲဒါဟာ သတိဖြစ်ခြင်း၏ အကြောင်းတရား ၄–ပါးပဲ၊ အရေးကြီးတယ်၊ ၄–ခုစလုံးအရေးကြီးတာပဲ သူကတော်ကောင်းတယ်၊ အဲဒါကြောင့် အမှတ်ကောင်းချင်လို့ရှိရင် တရားအားထုတ်စ ပုဂ္ဂိုလ်တွေမှာ အဲဒါတွေ အထူးဂရုစိုက်ရမယ်။ သတိဖြစ်ရေး အကြောင်းလေး ညွှန်ပြေးဋ္ဌကထာတဲ့၊ ပါဠိကတော့ ဘုရားဟော ပါဠိကတော့ ယောနိသော မနသိကာရ တစ်ခုပဲ အကြောင်းပြတယ်၊ အဋ္ဌကထာက ၄ ခု ပြတယ်၊ အဲဒါ သတိဖြစ်ရေး–အကြောင်းလေး အကြောင်းက လေးခုရှိတာကို ညွှန်ပြေးသည်တဲ့၊ ပါဠိတော်နည်း မဟုတ်သေးဘဲနဲ့ ပါဠိတော်နည်းလဲ သူကထုတ်ပြပါတယ်၊ ထုတ်ပြပြီးတော့ အဋ္ဌကထာက သူ့နည်းအသစ်တွေ တစ်ခါတည်းထုတ်ပြတယ်၊ ကိုင်း ဆိုရမယ်–

သတိဖြစ်ရေး၊ အကြောင်းလေး၊ ညွှန်ပြေးဋ္ဌကထာ။ ဆို(–၃)

ယထာစ ဥပ္ပန္နသ သတိသမ္ဗောဇ္ဈင်္ဃ ဘာဝနာယ ပါရိပူရီ ဟောတိ
တဋ္ဌပဇာနာတိ။

ယထာစ–အကြင်အကြောင်းကြောင့်လဲ၊ ဥပ္ပန္နသ သတိသမ္ဗောဇ္ဈင်္ဃ–ဖြစ်ပေါ်ပြီးသော သတိသမ္ဗောဇ္ဈင်၏ ဘာဝနာယ ပါရိပူရီ–ပွားများမှု၏ ပြည့်စုံခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဋ္ဌ–ထိုအကြောင်းကိုလည်း၊ ပဇာနာတိ သိ၏။

သတိသမ္ဗောဇ္ဈင် ပွားများမှုပြည့်စုံတာက ဘယ်ကြမှ ပြည့်စုံသလဲ၊ အရဟတ္တမဂ်ကြမှ ပြည့်စုံတယ်တဲ့၊ အဲဒီ အရဟတ္တမဂ်တည်းဟူသော အကြောင်းကိုလဲ သိပါတယ်တဲ့၊ ယောဂီပုဂ္ဂိုလ်က အဲဒါက ရောက်မှသိမှာ ဒီဥစ္စာကတော့ မရောက်သေးခင်က စာနဲ့ဘာနဲ့ ကျက်သိထားတာကတော့ ဒါကတော့ သူ့ဥစ္စာ ယောဂီအလုပ်မှမဟုတ်ဘဲ, တရားထဲမှဟုတ်မှမဟုတ်ဘဲ၊ ဒါကတော့ စာရင်းမဝင်ဘူး၊ ဒီလို ကျက်သိထားရုံနဲ့ ပြီးမယ်ဆိုရင်တော့ အလွယ်သားပဲ၊ မခက်ပါဘူး သူကတော့ တော်တော်လွယ်တဲ့ဥစ္စာပဲ၊ အခုဟာက သေသေချာချာ ကိုယ်တိုင်ရောက်ပြီးတော့ သိရမှာ သတိပွားများမှုဟာ ပြည့်စုံသွားပြီလို့ အစတုန်းက ဒီသတိဟာဖြစ်အောင်လို့ အင်မတန်ကို အားထုတ်လို့ နောက်ကြတော့ ကြောင့်ကြမစိုက်ရဘဲနဲ့ ဒီသတိဟာ ဘယ်နေရာမှ သတိမေ့တယ်လို့ မရှိဘူး၊ အကုန်လုံးသတိတွေ ထင်နေတယ်၊ ရဟန္တာပုဂ္ဂိုလ်မှာ–

"သတာရကွေ့နေ စေတသာ ဝိဟရတိ" ထိုရဟန္တာပုဂ္ဂိုလ်မှာ သတိတည်းဟူသော အစောင့်အရှောက် အခါခပ်သိမ်း ရှိနေတယ်တဲ့။ ဒွါရ ၆–ပါးက အမှုမဲ့ အမှတ်မဲ့ရယ်လို့ မရှိဘူး၊ အကုန်လုံးတစ်ခါတည်း သတိတွေထင်နေတယ်၊ အဲဒီသတိတွေ ထင်နေတာက ဘယ်ကလာတုန်းဆို ဒီလိုအားထုတ်လာရတာပဲ၊ ပထမ ပုထုဇဉ်အဖြစ်ကစပြီး အားထုတ်လာရတာ ပုထုဇဉ် အဖြစ်က စအားထုတ်လို့ သတိတွေ နည်းနည်းကောင်းလာတယ်၊ ဒါက သောတာပန်ဖြစ်၊ အဲဒီကနေပြီး ဆက်အားထုတ်လာတော့ သကဒါဂါမ်ဖြစ် တိုးပြီးတော့ ကောင်းလာတယ်၊ သကဒါဂါမ်ကနေပြီး ဆက်အားထုတ်တော့ အနာဂါမ်ဖြစ် တိုးပြီးတော့ သတိတွေ ကောင်းလာတယ်၊ အနာဂါမ်က ဆက်ပြီးအားထုတ်တော့ ရဟန္တာ ဖြစ်သွားတယ်၊ အရဟတ္တမဂ်ကြတော့ အကုန်လုံး သတိတွေပြည့်စုံသွားတယ် ဘာမှမလိုတော့ဘူး၊ ဘယ်နေရာလေးဖြင့် လိုနေသေးတယ်လို့ ဒီလိုမရှိတော့ဘူး။

အဲဒီသတိ ပြည့်စုံသွားခြင်း၏ အကြောင်းကိုလဲပဲ သူသိသွားတယ်တဲ့၊ ယောဂီပုဂ္ဂိုလ်တွေ ဒီရောက်မှသိမှာ၊ ဒါကတော့ အဲဒီမရောက်သေးပေမယ်လို့ ယောဂီပုဂ္ဂိုလ်မှာ ခု–တရားအားထုတ်နေရင်းကို ဥဒယဗ္ဗယဉာဏ်လောက် ရောက်ရင်ကို တော်တော်သိလာပြီ၊ ပွားများမှုဟာ တော်တော်ပြည့်စုံလာပြီ၊ အစတုန်းက, တရားအားမထုတ်ခင်တုန်းက ဖြစ်နေပုံနဲ့ တရားအားထုတ်တဲ့အခါကာလ ခုဥဒယဗ္ဗယဉာဏ်ရောက်တော့ သတိကောင်းနေပုံ အင်မတန်ကိုကွာပါတယ်၊ အများကြီးကိုကွာသွားပြီ၊ တောင်ထိပ်အစွန်ဆုံး မရောက်အောင်ဆိုစေကာမူပဲ သူ့ဟာတော်တော်ကို မြေကြီးနဲ့ ပကတိမြေပြင်နဲ့ တောင်ပေါ်တက်ပြီးတော့ တောင်ပေါ်ကနေပြီးတော့ ငုံ့ကြည့်လိုက်တာနဲ့ဟာ ကွာနေသလိုပဲ သူ့ဟာ အပုံပဲကွာနေပါတယ်။

အဲနောက်တရားအားထုတ်လို့ ဝိပဿနာဉာဏ်တွေ ပြည့်ပြည့်စုံစုံဖြစ်ပြီးတော့ အချိုးကြသွားတဲ့ပုဂ္ဂိုလ်တွေကြတော့ နောင်ကို တရားအားမထုတ်ဘဲ ရပ်နေတဲ့အခါတွေတောင်မှ ဒီသတိတွေက တော်တော်ထင်တာများနေတယ်၊ အဲဒါတွေဟာ တော်တော်ကောင်းတယ်၊ အစတုန်းက တရားအားမထုတ်ခင်တုန်းက ဒီလိုသတိမျိုးတွေ ရှိမှမရှိဘဲ၊ ဟော အခု အလွတ်နေပေမယ်လို့ သတိတွေက ဟိုကထင်၊ ဟိုဟာလေးသတိရ ဒီဟာလေးသတိရနဲ့ ရှေ့ကနေပြီး ကာကာနေသလိုပဲ၊ မတော်တာများ မဖြစ်ဖို့ရာ သတိလေးတွေလိုက်ပြီးတော့ ဖြစ်နေတာ၊ သတာရကွေ့နသတိတည်း ဟူသော အစောင့်အရှောက်နဲ့ ဃာတိတည်းဟူသော အစောင့်အရှောက်ကလေး ပြည့်စုံနေတာ အဲသလောက်ဆိုရင်ကို တော်တော် ပြည့်စုံမှန်း သိလာပါပြီ၊

ဒါပေမယ်လို့ အကုန်လုံးတော့ မဟုတ်ဘူး၊ သူက လွတ်တာတွေကတော့ရှိတယ်၊ လွတ်မှန်းလဲ သိသေးတာကို၊ မမှတ်မိတာကို မေ့သွားတာနဲ့ လောဘက ဖြစ်လိုက်တာ၊ ဒေါသကဖြစ်လိုက်တာ၊ ဒါတွေလဲ သူ့ဟာက တွေ့နေသေးတော့ ပြည့်စုံပြီလို့တော့ မဆိုရသေးဘူး၊ ဒါပေမယ်လို့ ပထမစပြီးတော့ အရင်က တရားအားမထုတ်ဘူးသေးတဲ့ အခြေအနေနဲ့ ကြည့်လိုက်ရင်တော့ အများကြီးကို ကွာနေပါပြီ၊ အင်မတန်ကောင်းနေပါပြီ။ ပြည့်စုံသွားတယ်၊ အဲ–ခုတော့ ဘယ်နေရာမှ လိုလေသေးမရှိဘူး၊ အကုန်လုံး ပြည့်စုံသွားတယ်တဲ့၊ အဲဒါ အရဟတ္တမဂ်ပဲတဲ့၊ အဲဒီ အရဟတ္တမဂ်တည်းဟူသော အကြောင်းကိုလဲပဲ ယောဂီပုဂ္ဂိုလ်က သိသွားပါတယ်တဲ့၊ ဘယ်တော့ သိမှာတုံးဆို အဲဒါကတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်မှပဲသိမှာ၊ ဒါကတော့ ခုစောစောတော့ မသိနိုင်သေးဘူး ....။

၁၃၂၃–ခု၊ ဒု–ဝါဆိုလဆန်း (၈)ရက်နေ့ ဟောကြားသော

ဓမ္မဝိစယသမ္ဗောဇ္ဈင်တရားတော်

သန္တံ ဝါ အဗ္ဗတ္တံ ဓမ္မဝိစယသမ္ဗောဇ္ झံ အတ္ထိ မေ အဗ္ဗတ္တံ ဓမ္မဝိစယသမ္ဗောဇ္ झံ တိ ပဇာနာတိ၊ အသန္တံဝါ အဗ္ဗတ္တံ ဓမ္မဝိစယသမ္ဗောဇ္ झံ နတ္ထိ မေအဗ္ဗတ္တံ ဓမ္မဝိစယ သမ္ဗောဇ္ဈဂေါ်တိ ပဇာနာတိ။

အဗ္ဗတ္တံ–ကိုယ်တွင်းသန္တာန်၌ဖြစ်သော၊ သန္တံ–ထင်ရှားသော၊ ဓမ္မဝိစယသမ္ဗောဇ္ झံ ဝါ–ဓမ္မဝိစယသမ္ဗောဇ္ဈင်ကိုမူလည်း၊ မေ–ငါ၏၊ အဗ္ဗတ္တံ–ကိုယ်တွင်းသန္တာန်၌၊ ဓမ္မဝိစယ သမ္ဗောဇ္ဈဂေါ်–ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏တဲ့။

အဲ–ဓမ္မဝိစယသမ္ဗောဇ္ဈင်–မိမိသန္တာန် ဖြစ်ပေါ်ရင် ဖြစ်ပေါ်မှန်းသိတယ်၊ မဖြစ်ပေါ်ရင် မဖြစ်ပေါ်မှန်းသိတယ်၊ ခုနက နည်းအတိုင်းပါပဲ၊ သတိသမ္ဗောဇ္ဈင်ဖြစ်ရင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်တာပဲ၊ ဒီဗောဇ္ဈင် ၇–ပါးက တစ်ခုခြင်းခွဲဖြစ်တာတော့ မဟုတ်ဘူး၊ တစ်ခုဖြစ်ရင် အကုန်လုံးဖြစ်နေတာ၊ ခုနကပြောတဲ့ ဒီပီတိလေး တစ်ခုပဲ တစ်ခါတစ်ခါမပါဘူး၊ ပီတိက အခါခပ်သိမ်းမပါဘူး၊ ဥပေက္ခာ သဟဂုတ်စိတ်တွေနဲ့ ဝိပဿနာရှုနေတဲ့အခါ၊ ပီတိမပါဘူး၊ ပီတိက တစ်ခါတစ်ရံမှပါတယ်၊ ပီတိပါစေ ကာမူလည်း တစ်ခါတစ်ခါ သိပ်မထင်ရှားဘူး၊ သူဟာလွန်လွန်ကဲကဲ ဖြစ်တဲ့အခါမှ ထင်ရှားတယ်၊ အဲဒါလေးတစ်ခုပဲ၊ ဒါပြင် ဟာတွေကတော့ အကုန်လုံးပါနေတာပဲ။

အဲ–သို့သော်လဲ ပီတိပဿဒ္ဓိဆိုတာကလဲပဲ အခါခပ်သိမ်း မထင်ရှားဘူး၊ ပါတော့ပါတယ်၊ မပါတော့မရှိဘူး၊ သူက တော့ အဲဒီဗောဇ္ဈင်တွေလဲ ဖြစ်နေတာပါပဲ၊ ဒါပေမယ်လို့ ဒေသနာဆိုတာ ဒီလိုတစ်ခုခြင်းဟောရတယ်၊ အကုန်လုံး–လုံးပြီး တော့ ဟောလို့မဖြစ်ဘူး၊ ဒါကတော့ တစ်ခုခြင်း ဟောရတယ် သတိသမ္ဗောဇ္ဈင်ပွားများလို့ စုံပြီဆိုရင် ဒါပြင်ဗောဇ္ဈင်တွေလဲ ပြည့်စုံနေပါပြီ၊ ဟောစရာတောင် မလိုပါဘူး၊ ကုန်နေပါပြီ၊ ဒါပေမယ်လို့ သူက တစ်ခုခြင်း အကုန်လုံးစုံအောင်လို့ ဟောနေရ တယ်၊ အဲ–ဓမ္မဝိစယသမ္ဗောဇ္ဈင်တဲ့၊ ဓမ္မဝိစယ၊ ဓမ္မက–တရား၊ ကုသိုလ် အကုသိုလ် အစရှိသော တရားတွေပေါ့လေ၊ တိုက်ရိုက် ဟောတာကတော့ ကုသိုလ် အကုသိုလ်ပဲ ဟောထားပါတယ်။

ဒါပေမယ်လို့ ကုသိုလ်အကုသိုလ်မှတစ်ပါး အဗျာကတတွေရော အကုန်လုံးယူရမှာပါပဲ၊ ရုပ်တရား နာမ်တရားတွေပါ ပဲ၊ အတိုချုပ်ကတော့ သတိက ရုပ်တရား၊ နာမ်တရားတွေ အမှတ်ရနေတာ၊ သတိက ဓမ္မဝိစယ ကုသိုလ်အကုသိုလ်မှန်း သိလို့ ရှိရင် ဒီလိုတော့မဖြစ်နိုင်ဘူး၊ ရုပ်နာမ်တွေ ကုသိုလ်အကုသိုလ်တွေ အဗျာကတတွေ အကုန်လုံးပဲ၊ ဒုက္ခသစ္စာထိုက်တဲ့ တရား တွေ အကုန်လုံး အမှတ်ရပြီးတော့ သတိသမ္ဗောဇ္ဈင်က ဖြစ်နေတာ၊ ခု သတိသမ္ဗောဇ္ဈင်နဲ့တွဲပြီး ဖြစ်တဲ့ ဓမ္မဝိစယက ကုသိုလ်နဲ့ အကုသိုလ်နှစ်ခုထဲတွင် သိတယ်လို့ ဒီလိုတော့မဖြစ်နိုင်ဘူး၊ သူတို့က စိတ်စေတသိက်တရားတွေဆိုတာ တပေါင်းတည်းဖြစ်ရင် အာရုံအတူတူပဲ၊ အာရုံတူရတယ်၊ ဧကာရမ္မဏ–တဲ့၊ အာရုံတူရတယ်၊ ခွဲပြီး အာရုံပြုတာ မရှိဘူး၊ အဲ–စိတ်ကနေပြီး ရုပ်နာမ် တွေအကုန်လုံး အာရုံပြုတယ်ဆိုရင် သူနဲ့တွဲဖြစ်တဲ့ စေတသိက်တွေကလဲ အကုန်လုံး အာရုံပြုရတယ်၊ ဖဿ–ကလဲ အကုန်လုံး အာရုံပြုရတယ်၊ ဝေဒနာကလဲ အကုန်လုံး အာရုံပြုရတယ်၊ သညာက, စေတနာက, စိတ်က အကုန်လုံး အာရုံပြုရတယ်။

အခု ဒီသတိကနေပြီး ရုပ်ရှုတဲ့အခါ ရုပ်အာရုံပြုရတယ်၊ နာမ်ရှုတဲ့အခါ နာမ်အာရုံပြုရတယ်၊ ကုသိုလ်တရား အကုသိုလ်တရားတွေရှုတဲ့အခါ ကုသိုလ်အကုသိုလ်အာရုံပြုတယ်၊ အဗျာကတရှုတဲ့အခါ အဗျာကတအာရုံပြုတယ်၊ အကုန်လုံးပဲ အာရုံပြုတာ ဒီသတိက အဲ–သတိနဲ့တွဲဖြစ်တဲ့ ပညာစေတသိက်၊ ဉာဏ်၊ ဓမ္မဝိစယလို့လဲခေါ်တဲ့၊ ဒီစေတသိက်ကလဲ အကုန်လုံး အာရုံပြုရတာပဲ၊ ဒါပေမယ်လို့ ဒေသနာမှာ ဟောထားတာတော့ ကုသလာ–ကုသလာ–ကုသိုလ် အကုသိုလ် တရားတဲ့၊ သာဝဇ္ဇာ နဝဇ္ဇာ–အပြစ်ရှိတဲ့တရား၊ အပြစ်မရှိတဲ့ တရားတဲ့၊ မည်းညစ်တဲ့တရား၊ ဖြူစင်တရားတဲ့၊ ဒီလိုဟောထားတယ်၊ ကုသိုလ်, အကုသိုလ်တွေကိုလဲ တိုက်ရိုက်ပဓာနအားဖြင့် ဟောထားပါတယ်၊ ဒါပေမယ့် အကုန်လုံးယူရမှာပဲ၊ အဲဒီတော့ ဓမ္မက ရုပ်နာမ် တရားတွေလို့ အကုန်လုံးယူရမယ်၊ ဝိစယက–စုံစမ်းဆင်ခြင်ပြီး သိတာတဲ့။

စူးစမ်းဆင်ခြင်ဆိုပေမယ်လို့ သိပ်ရှာနေရတာတော့ မဟုတ်ပါဘူး၊ ခွဲခြမ်းပြီးတော့ သိလို့ပြောတာ၊ ခွဲခြမ်းတာကိုပဲ ဒီမယ်စူးစမ်းဆင်ခြင်တယ်လဲ ဆိုထားတယ်၊ စူးစမ်းတယ်, စုံစမ်းတယ်တဲ့၊ မြန်မာစကားရှိတယ် စုံစမ်းတယ်၊ စုံစမ်းတယ်ဆို တာက မေးတာပဲ၊ မသိလို့ မေးတာပဲ၊ ဘယ်သူတုံး ဘယ်ဝါတုံး ဘယ်ကနေပြီး ဘယ်သွားရတုံး ဘယ်လိုလုပ်ရသလဲ၊ ဒီကို ဘယ်သူလာသလဲ၊ ဘာလုပ်သွားသလဲ–စသည်ဖြင့်ပေါ့လေ၊ ကိုယ်တိုင်မသိတာတွေ လျှောက်ပြီးတော့ စုံစမ်းတဲ့ဥစ္စာ စုံစမ်း ထောက်လှမ်းတာ၊ အဲဒါက မေးတာပဲ။

စုံစမ်းတယ်ဆိုတာ မေးတာပဲ၊ စူးစမ်းတယ်ဆိုတာက ဆင်ခြင်တာ၊ သိတာပဲ၊ သူက ဉာဏ်နဲ့စူးစမ်းပြီး ဆင်ခြင်ပြီး သိတာ၊ သူများမေးနေတာ၊ မဟုတ်ဘူး၊ ကိုယ့်ဟာကို စိတ်ထဲတွင် ဉာဏ်ထဲတွင်ဆင်ခြင်ပြီး သကာလသိတာကို စူးစမ်းတယ် လို့ခေါ်တယ်၊ အဲဒီတော့ စူးစမ်းတာနဲ့ စုံစမ်းတာနဲ့ တခြားစီပဲ၊ စုံစမ်းဆင်ခြင်သည်ဆိုရင် ဒါမဟုတ်ဘူးပဲ၊ စုံစမ်းဆင်ခြင်တာ မဟုတ်ဘူး၊ စူးစမ်းဆင်ခြင်တာ စုံစမ်းမေးမြန်းတယ်၊ မေးမြန်းတယ်ဆိုတာ စုံစမ်းတယ်၊ မေးမြန်းတယ်ဆိုတာ စုံစမ်းတယ်၊ စုံစမ်းတယ်ဆိုတာ မေးမြန်းတာ အတူတူပဲ၊ စူးစမ်းတယ်၊ ဆင်ခြင်တယ်ဆိုတာက အခုဟာက စူးစမ်းတာ စုံစမ်းတာမဟုတ်ဘူး၊ ဓမ္မဝိစယ–ရုပ်တရား နာမ်တရားတွေကို စူးစမ်းဆင်ခြင်ပြီး သိတယ်၊ ခွဲခြမ်းပြီးသိတယ်လို့ ဆိုပါတယ်၊ ပဝိစိနနလက္ခဏောဓမ္မဝိစယ–သမ္ဗောဇ္ဈင်္ဂေါ်၊ ဓမ္မဝိစယသမ္ဗောဂေါ်–ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်၊ ပဝိစိနနလက္ခဏော–ခွဲခြမ်းစူးစမ်းခြင်း လက္ခဏာရှိတယ်၊ စူးစမ်းတယ်ဆိုတာ သိတာပါပဲ၊ ခွဲခြမ်းစူးစမ်းခြင်းလက္ခဏာရှိ၏၊ ဒီတော့ကို–

ရုပ်နာမ်ခွဲခြမ်း–စူးစမ်းသိသည်၊ ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်၊ ဒါပါဠိလိုဆိုတော့ ပါဠိသင်ထားတဲ့ ပုဂ္ဂိုလ်မှ ပါဠိသင်တဲ့ ပုဂ္ဂိုလ်တောင်မှ သူ့အနက်မထင်ရင် မသိဘူး၊ အဲဒီတော့ မြန်မာလိုလေး၊ တိုတိုလေးမှတ်ဖို့ရာ ရုပ်နာမ်ခွဲခြမ်း၊ စူးစမ်းသိတယ်၊ မှတ်တိုင်း မှတ်တိုင်းဟာ ဥဒယဗ္ဗယဉာဏ်ရောက်တော့ ရုပ်နာမ်လေး ခွဲခြားပြီးတော့သိတာပဲ၊ ရုပ်ကတခြား နာမ်ကတခြား၊ ဖြစ်တာကတခြား၊ ပျက်တာကတခြား၊ ဒီလိုဖြစ်ရင် ဒီလိုပျက်တယ်၊ ဒါ မမြဲတဲ့တရားပဲ၊ ဒါ ဆင်းရဲပဲ၊ ဒါပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ သဘောတရားပဲ၊ တစ်ခုစီ၊ တစ်ခုစီ၊ တစ်ခါတည်း လက်နဲ့ကောက်ကောက်ပြီးတော့ ကြည့်နေသလို အကုန်လုံးလျှောက်သိနေတယ်၊ (ဒေါက်ခနဲ–၂) အကုန်လုံး သိနေတယ်၊ အမှတ်ရတဲ့သတိက အမှတ်ရပြီး၊ အမှတ်ရတဲ့ဥစ္စာလေ၊ ဉာဏ်က လျှောက်ပြီးတော့ သိနေတယ်၊ ဒီအထဲ သမာဓိတို့ ဘာတို့လဲရှိတယ်၊ တွဲလျက်ပဲ၊ အဲဒီလို လျှောက်ပြီးတော့ သိနေတာ၊ အဲဒါ ခွဲခြမ်း စူးစမ်းပြီးတော့ သိတယ်လို့ ဆိုလိုပါတယ်။

ရုပ်နာမ်ခွဲခြမ်း–စူးစမ်းသိသည်၊ ဒါ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ရဲ့လက္ခဏာပဲ ကိုင်း–ဆိုရမယ်။

ရုပ်နာမ်ခွဲခြမ်း–စူးစမ်းသိသည်၊ (ဆို–၃)။

ဝိသယော ဘာသနရသော–ဝိသယသြဘာသန အာရုံကိုထွန်းပခြင်း ကိစ္စရှိတယ်တဲ့၊ အာရုံကို ထွန်းလင်းစေတယ်၊ ညဉ့်အခါကာလ မှောင်မိုက်နေတယ်၊ မီးနဲ့ထွန်းပြလိုက်လို့ရှိရင် အဲ–မီးရောင်မီးအလင်းရောင် ပြန့်တဲ့နေရာတွေမှာ အကုန်လုံး အရာဝတ္ထုတွေ မြင်ရတယ်၊ အဲဒါ ညအခါကာလ ခရီးသွားရင် မှောင်နေတဲ့အခါကာလကြ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ရတာကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ ဒီနေရာခလုပ်ပဲ၊ ဒီနေရာကအနိမ့်ပဲ၊ ဒီနေရာက အမြင့်ပဲ၊ ဒီက တိုင်ရှိတယ်၊ ဒီက နံရံရှိတယ်၊ ဒီက တံခါးပေါက်ပဲ၊ ဒီက အဆင့်ကလေးရှိတယ် စသည်ဖြင့် အကုန်လုံးမြင်ရတာကို ဒီလိုမဟုတ်ဘဲနဲ့ ရမ်းသွားလို့ရှိရင် ကျင်းထဲမှာ ကျကုန်တယ်၊ ပုံမတော်လို့ ရှိရင် တိုင်ပေမယ်လို့ ဝင်တိုက်တာပဲ၊ အဲဒီလိုမမြင်ရဘူး၊ မှောင်နေတယ်၊ အဲ–ဓာတ်မီးနဲ့ထိုးကြည့်လိုက်တဲ့အခါကြတော့ ဟိုမှာရှိတဲ့ အရာဝတ္ထုတွေကို ရှိတဲ့အတိုင်း အကုန်လုံး သိရမြင်ရတယ်၊ ဒီတော့ ဒီဓာတ်မီးရောင်က ရှိတဲ့အရာဝတ္ထုတွေ ဖော်ပြတဲ့သဘောရှိတာကို၊ အဲဒါလိုပဲတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ခေါ်တဲ့ဉာဏ်ပဲ ဝိပဿနာ ဉာဏ်ပါပဲ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်က ရုပ်တရား နာမ်တရားတွေကို သူကဖော်ပြတဲ့ သဘောရှိတယ်တဲ့၊ ဖော်ပြတဲ့သဘော။

သဘောမှန်များ ထင်ရှားပေသည်တဲ့၊ မှန်ကန်တဲ့သဘောတွေ ထင်ရှားစေတယ်၊ အဝိဇ္ဇာဆိုတဲ့ မောဟကတော့ အာရုံ၏သဘောတွေကို ဖုံးလွှမ်းတယ်၊ အာရုံ၏ သဘောတွေကို ဖုံးလွှမ်းဆိုတာ အာရုံ၏သဘောမှန်ကို မသိရဘူး၊ မြင်ရတဲ့ အခါကာလမှာ မျက်စိရှုပ်ရယ်၊ မြင်ရတဲ့အဆင်းရယ်၊ မြင်သိတဲ့ သဘောရယ်၊ ဒီတရားလေးတွေ အခိုက်အတန့်အားဖြင့် ဖြစ်ပေါ်သွားတယ်၊ အမှန်တွေပဲ၊ အဲဒါတွေကို အဝိဇ္ဇာကနေပြီး ဖုံးလိုက်တာ၊ မြင်ပြီးတာနဲ့ သူက ငါမြင်တယ်၊ ငါ့မျက်စိပဲ၊ မြင်ရတာက ဘယ်သူဘယ်ဝါပဲ၊ ဒီလိုသွားတာကို နောက်ကနေပြီးတော့ မိရိုးဖလာအတိုင်း သူကသိသွားတယ်၊ အဲဒါက အတည်ဖြစ်နေတယ်၊ နောက်မှပြန်ပြီးတော့ စာပေကျမ်းဂန်အရနဲ့၊ ရုပ်နာမ်တွေပဲ ဖြစ်ပျက်နေတာပဲဆိုပေမယ်လို့ မရဘူး၊ အဝိဇ္ဇာကဟိုမှာ အမှတ်ပြုသွားပြီ၊ အဲဒါမြင်ပြီးတိုင်း၊ မြင်ပြီးတိုင်းသူက နောက်ကနေပြီးတော့ အဲဒီပကတိ အသိတွေ လိုက်နေတယ်။

ကြားပြီးတိုင်း, စားပြီးတိုင်း, နံပြီးတိုင်း အကုန်လုံး အဲဒါဟာ အာရုံ၏ သဘောမှန်တွေကို ဖုံးလွှမ်းသွားတာတဲ့၊(မမှတ်မိတိုင်း–၂)ဟာ အဲဒီအာရုံ၏ သဘောမှန်တွေကို ဖုံးလွှမ်းနေတယ်၊ အဲဒီဟာ မဖြစ်ရအောင်လို့ ခုရှုမှတ်နေရတာ၊ အခုရှုမှတ်တော့ကို မှတ်တိုင်း–မှတ်တိုင်း အသိဉာဏ်လေးတွေဖြစ်တယ်၊ အဲဒီအသိဉာဏ်လေးကတော့ ဘာတုံးဆိုရင် သဘောမှန်တွေကို ထင်ရှားစေတာပဲတဲ့၊ ဝိသယော ဘာသနရသော–ဝိသယ အာရုံ၏သဘောမှန်တွေကို၊ သြဘာသန–ထွန်းလင်းစေတယ်တဲ့၊ ထင်ရှားစေတယ်။

သဘောမှန်များ–ထင်ရှားစေသည်၊ ဒါ သူ့ကိစ္စပဲတဲ့၊ ကိုင်း–ဆိုရမယ်။

သဘောမှန်များ–ထင်ရှားစေသည် (ဆို–၃)။

သဘောမှန်များ–ထင်ရှားစေသည်၊ အသမ္မောဟ ပစ္စုပ္ဌာနော၊ မတွေဝေတဲ့တရား အနေအားဖြင့် ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်မှာ ထင်ရှားပါတယ်တဲ့၊ ဘာများနဲ့တူသလဲဆိုရင်၊ ခရီးလမ်းတွေကြေနေတဲ့ ခရီးညွှန်များနဲ့တူတယ်တဲ့၊ ခရီးလမ်းကြေနေတဲ့ပုဂ္ဂိုလ် တောအရပ်တွေမှာ ခရီးလမ်းညွှန်ကြားတဲ့ ပုဂ္ဂိုလ်ရှိရတာကို၊ တောထဲဆိုတာ ရှေးတုန်းကလူတွေက တယ်သွားကြလာကြတာ မဟုတ်ဘူး၊ အခုလဲပဲ တစ်ချို့တောထဲ မရောက်ပါဘူး၊ ခု တောတွေကတော့ တောကတော့ ခပ်ရှားရှားဖြစ်နေတယ် ခုတော့ ကွင်းပြင်တွေများနေတာပဲ၊ ရှေးကတောတွေက အဟုတ်တောကြီးတွေ ခုလဲ တောကြီးတွေရှိပါတယ်၊ လူအရောက် အပေါက် နည်းတဲ့နေရာတွေကြတော့ တောတွေရှိတယ်၊ အဲဒီကြတော့ ဘယ်ကနေ ဘယ်သွားရမှန်းမသိဘူး၊ ဟိုရွာ–ဒီရွာ ရောက်အောင် သွားဖို့ရာ တော်တော် ခဲယဉ်းတယ် မလွယ်ဘူး၊ သူက အဲဒီတောစခန်းကြေတဲ့ ပုဂ္ဂိုလ်ကနေပြီး ခရီးညွှန်မှသာ လျှင် သူအမှန်ကို ရောက်နိုင်တယ်။

ခရီးညွှန်တဲ့ပုဂ္ဂိုလ်ခေါ်ပြီးတော့ သွားရတယ်၊ အဲဒီတောသာမဟုတ်ဘူး၊ မြို့လဲခက်တာပဲ၊ မြို့လဲ တောကလူကနေပြီး ဟိုရွာ–ဒီရွာ၊ ဟိုမြို့ဒီမြို့ကနေပြီး၊ ရန်ကုန်မြို့ရောက်လာရင် ဘယ်ကဘယ်သွားရမှန်း မသိဘူး၊ တစ်ချို့သာသနာ့ရိပ်သာ လာဖို့ ရာတောင် မေးမြန်းစုံစမ်းပြီး အတော်လာရတယ်ဆိုတာပဲ၊ သူ့ဟာလာဖို့ရာ အတော်ခက်နေတယ်ဟုတ်မှာ ဘယ်ကဘယ်သွားရ မှန်းမသိဘူး၊ ဘယ်ရောက်နေမှန်း မသိဘူး၊ သွားဖို့ရာ သိပ်မလွယ်ဘူး၊ အဲဒါမြို့ကြီးတွေ ကြီးလေလေ သူတို့သွားဖို့ရာ ခက် တာပဲ၊ မြေပုံရှိရင်တော့ တော်မှာပေါ့လေ၊ မြေပုံအညွှန်းလေးဘာလေး ကြည့်သွားရရင်တော့တော်ပါသေးတယ် ဒီလိုမဟုတ်လို့ရှိ ရင် သွားဖို့ရာ တော်တော်ခက်တယ်။

အဲဒီတော့ ခရီးညွှန်ပုဂ္ဂိုလ်က လမ်းပန်းစခန်းတွေ သူကသိနေတော့ သူက သိပြီးသားဟာကို သူဘာခက်မှာတုံး သူက တော့လွယ်နေတာပေါ့ သူ့ဟာ အဲ–လာကြ လာကြဆိုပြီးတော့ ရှေ့ကခေါ်သွားတယ်၊ တစ်ချို့ကတော့ပေါ့လေ၊ မြို့ဆိုရင်လဲ မြို့ဘယ်မှ မျက်စိလယ်တယ်လို့မရှိဘူး၊ သူသိပြီးသားတွေ မျက်စိလည်တယ်လို့ ဘယ်ရှိလိမ့်မှာတုံး၊ အဲဒါလိုပဲတဲ့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတဲ့ အသိဉာဏ် ပညာကလဲ ရုပ်နာမ် သဘောတရားတွေနဲ့ စပ်ပြီးတော့ မျက်စိမလည်ဘူးပေါ့၊ သူတစ်ခါတည်း ပထမအစတုန်းကဆိုရင် ရုပ်နာမ်တွေပေါ်မှာရော ပုဂ္ဂိုလ်, သတ္တဝါတွေထင်–မြဲနေတယ်ထင်၊ ချမ်းသာနေတယ်၊ ကောင်းနေ တယ်၊ ဒီလိုထင်နေတာကို အခု ဒီဥဒယဗ္ဗယဉာဏ်ရောက်လာတဲ့အခါ အသိဉာဏ်က တစ်ခါတည်း မျက်စိလည်သွားသလို သိသွားတယ်၊ တစ်ခါတည်းရှင်းသွားတာ သူကရှင်းရှင်းသွားတယ်၊ ဟိုတုန်းက ထင်လာတာတွေနဲ့ တစ်ခြားစီပဲ။

အခုတွေ့နေတာတွေက ဒီလိုတွေ့နေတာပဲ၊ ဟိုတုန်းက ဥစ္စာတွေက မဟုတ်တဲ့ဥစ္စာတွေ အခုမှ အမှန်တွေတွေ့တာပဲ၊ ဒီလိုဟာတွေပဲဆိုပြီး တစ်ခါတည်း အမှန်အတိုင်း သိသွားတယ်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ အဖြစ်အပျက်တွေ ရှင်းပြီးတော့ သိသွားတယ် "အသမ္မောဟပစ္စုပ္ဌာနော" မတွေဝေတဲ့ သဘော၊ မတွေဝေဆိုတာက ရှင်းရှင်းလင်းလင်းသိတာပဲ၊ ရှင်းရှင်းလင်း လင်း သိသွားတာကိုဆိုတယ်၊ ဝေးပြီးတော့နေတာကို ပြောတာမဟုတ်ဘူး၊ ဒီတွေဝေနေတာက အလွဲသိတာကို တွေဝေတယ်လို့ ခေါ်တယ် မောဟကိုတွေဝေတယ်လို့ ခေါ်တယ်၊ အခု အများနားလည်နေတာ တွေဝေတယ်ဆိုတာကတော့ ဝေးပြီးတော့ ဟိုလို လို ဒီလိုလိုဖြစ်နေရင် ဒါကို တွေဝေတယ်လို့ ဒီလိုအောက်မေ့တာကို၊ အဲ–အခု မောဟ တွေဝေတယ်လို့ ပြန်ထားတဲ့နေရာ တွေဝေတာက ဒီလိုမဟုတ်ဘူး၊ မဟုတ်တာတွေ လျှောက်သိနေတာ၊ သူက အလွဲတွေသိနေရင် အဲဒါတွေဝေနေတာပဲ၊ အဲ–မြဲ တယ်၊ ချမ်းသာတယ်၊ ပုဂ္ဂိုလ်, သတ္တဝါပဲ။

ယောဂျားပဲ၊ မိန်းမပဲ၊ အသက်ကောင်းပဲ စသည်ဖြင့် ဒီလို တကယ့်အဟုတ်အနေအားဖြင့် သိနေတဲ့ဥစ္စာတွေ အဲဒါ တွေဟာ တွေဝေနေတာတွေ၊ အခု မတွေမဝေ အနိစ္စ, ဒုက္ခ, အနတ္တတွေ အကုန်လုံး သိသွားတယ်တဲ့၊ ဖြစ်ပျက်နေတဲ့ တရား တွေဟာ ဖြစ်လိုက်ပျက်လိုက်နဲ့ ဒါတွေ အနိစ္စ, ဒုက္ခ, အနတ္တတွေ (ရှင်းကနဲ–၂) တစ်ခါတည်း ဟို–ဘူးသီးခရမ်းသီးများ ဓားနဲ့ တုံးချလိုက်တဲ့အခါ ကာလဖြုတ်ခနဲ ပြတ်ပြတ်ပြီးသကာလ ရှင်းကနဲရှင်းကနဲ ကျသွားသလို အဲဒါလို (မှတ်တိုင်း–၂) တရား လေး ဖြစ်လိုက်ပျက်လိုက်နဲ့ မမြဲတာလေးတွေ ရှင်းကနဲရှင်းကနဲ သိသွားတာ၊ ရှင်းပြီးတော့ မျက်စိနဲ့ကြည့်သလို ရှင်းရှင်းပြီး တော့ သိသွားတယ်၊ အဲဆင်းရဲတွေပဲလို့ သိသွားတယ်၊ ပုဂ္ဂိုလ်, သတ္တဝါတွေ မဟုတ်တဲ့သဘောတရားတွေပဲလို့ သိသွားတယ်။

တွေဝေမှုကင်း၊ ရှင်းရှင်းသိသည်တဲ့။

ဒါဟာ သူ့ဟာ ပစ္စုပ္ဌာန်ပဲတဲ့၊ မတွေဝေ တစ်ခါတည်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိတတ်တဲ့သဘော ပဲတဲ့၊ ယောဂီပုဂ္ဂိုလ်ဉာဏ်ထဲမှာ ထင်ရှားလာတယ်တဲ့။

တွေဝေမှုကင်း ရှင်းရှင်းသိသည် (ဆို–၃)
ဓမ္မဝိ မှတ်သိဗောဇ္ဈင်မည် (ဆို–၃)

အဲဓမ္မဝိစယ သမ္ဗောဇ္ဈင်တရားပဲ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်တဲ့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတာ ဘယ်လိုဟာတုံး လက္ခဏာ အားဖြင့်....

ရုပ်နာမ်ခွဲခြမ်း စူးစမ်းသိသည်၊ ရုပ်နာမ်ကို ခွဲခြားပြီးသကာလ အစအဆုံး စူးစမ်းဆင်ခြင် သိသွားတာပါပဲ၊ စူးစမ်းဆိုတာလဲ ဆင်ခြင်တယ်၊ သိတာခေါ်တာပဲ။

ရုပ်နာမ်ခွဲခြမ်း စူးစမ်းသိသည် ဆိုတာ သူ့လက္ခဏာပဲ၊ သူ့ရသအားဖြင့်ဆိုရင်....

သဘောမှန်များ ... ထင်ရှားစေသည်တဲ့၊ မှန်ကန်တဲ့ သဘောတွေ ရုပ်တရား၊ နာမ်တရားတွေ ဖြစ်ပျက်နေတာတွေကို ထင်ရှားစေတာပဲတဲ့၊ မီးထွန်းပြလိုက်သလိုပဲ တစ်ခါတည်း ထင်ရှားအောင်လို့ သူက ဖော်ပြပြီးတော့ ပေးတဲ့သဘောရှိတယ်။

သဘောမှန်များ .... ထင်ရှားစေသည်၊ အဲ–သူရဲ့ ပစ္စုပ္ပဋ္ဌာန်အားဖြင့် ဘယ်လိုတုံးဆိုရင် ...

တွေ့ဝေမှုကင်း ရှင်းရှင်းသိသည်၊ မတွေ့မဝေ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း တစ်ခါတည်း တိတိကျကျ သိသိသွားတယ်တဲ့။

ဓမ္မဝိ မှတ်သိခဗောဇ္ဈင်မည်၊ အဲဒါဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဒါဥဒယဗ္ဗယညာဏ်ကစပြီး ထင်ရှားတာ၊ နောက်အထက်ပိုင်းညာဏ်တွေ အကုန်လုံး ထင်ရှားတာပဲ၊ ဥဒယဗ္ဗယညာဏ်ကစပြီးတော့ ဒီဓမ္မဝိစယ သမ္ဗောဇ္ဈင် ထင်ရှားလာတယ်၊ ဒီအသိညာဏ်ကို မှတ်တိုင်းမှတ်တိုင်း (ရှင်းကနဲ)[၂] သိသိသွားတယ်။

ယထာစ–အကြင်အကြောင်းကြောင့်လဲ၊ အနုပ္ပန္နသ ဓမ္မဝိစယ သမ္ဗောဇ္ဈင်သ–ရှေးကမဖြစ်ပေါ်သေးသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒေါ ဖြစ်ပေါ်လာခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဉ္စ–ထိုအကြောင်းကိုလည်း ပဇာနာတိ–သိ၏တဲ့။

အဲဒီအကြောင်းက ဘာတုံးဆိုရင် ယောနိသော မနသိကာရပဲတဲ့၊ မြတ်စွာဘုရားဟောတဲ့ ဒေသနာကတော့ တစ်လုံးတည်းပဲ၊ အကုန်လုံး ယောနိသော မနသိကာရချည်းပဲ၊ အဲဒီဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်အောင်လို့ နှလုံးသွင်းမှုပဲတဲ့၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်အသိညာဏ်ဖြစ်အောင်လို့ အားထုတ်မယ်, နှလုံးသွင်းမယ်လို့ ဒီလိုရှေ့ကနေပြီးတော့ နှလုံးသွင်းထားတဲ့ ယောနိသော မနသိကာရဟာ အကြောင်း ၇–ပါးပြထားတယ်၊ သူကတော့ အကြောင်း ၇–ပါး။

၁။ ပရိပုစ္ဆကထာ– မေးမြန်းတတ်သည်၏ အဖြစ်တဲ့၊ မေးမြန်းရမယ်တဲ့။

၂။ ဝတ္ထု ဝိသတကြိယာ ... ဝတ္ထုစင်ကြယ်သည်၏အဖြစ်ကို ပြုခြင်း၊ ဝတ္ထုစင်ကြယ်အောင်လို့ ပြုတာကလဲ အသိညာဏ်ဖြစ်ခြင်း၏ အကြောင်းပဲတဲ့၊ ဒါတွေက အသုံးကြတယ်နော်၊တော်တော်ကြာတော့ ယောဂီပုဂ္ဂိုလ် သိပ်အသုံးကြတယ်၊ ဒါကြောင့် ဘုန်းကြီးက ဖြေးဖြေးခြင်းပြောနေတယ်၊ ဝတ္ထုဝိသတကြိယာ၊ [ပရိပုစ္ဆကထာ–မေးမြန်းတာ၊ ဝတ္ထုဝိသတကြိယာ–ဝတ္ထုစင်ကြယ်အောင်လို့ ပြုတာ စင်ကြယ်အောင်လို့ သန့်ရှင်းအောင်လို့ ပြတာ။]

၃။ ဣန္ဒြိယ သမတ္တာပဋိကာရဏာ–ဣန္ဒြေညီမျှအောင်လို့ ပြုတာတဲ့ ဣန္ဒြေညီမျှစေတာ၊ အဲဒီကသုံးခု။

၄။ ဒုပ္ပညပုဂ္ဂလာ ပရိဝဇ္ဇနာ–ပညာမဲ့တဲ့ ပုဂ္ဂိုလ် ကြဉ်ရှောင်ရမယ်။

၅။ ပညဝန္တပုဂ္ဂလသေဝနာ–ပညာရှိတဲ့ပုဂ္ဂိုလ်ကို မှီဝဲရမယ်တဲ့။

၆။ ဂမ्ဘီရညာဏစရိယ ပစ္စဝေက္ခနာ–နက်နဲသောညာဏ်၏ ကျက်စားရာဖြစ်တဲ့ တရားတွေကို ဆင်ခြင်ခြင်း၊ ဒီသုံးခု။

၇။ တစဒိမုတ္တတာ–ထိုဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်အောင်လို့ ညွှတ်ကိုင်းသော စိတ်ရှိရမယ်တဲ့၊ ဒါကတော့ ခုနကလဲပါခဲ့ပါပြီ၊ ဒါလေးကတော့ အပိုဒ်တိုင်းအပိုဒ်တိုင်းပါနေတာ စိတ်ညွှတ်တိုင်း ဒါကတော့၊ ဒီတော့ ဒီမှာ ဆောင်ပုဒ်ကလေး ပေးထားတယ်၊ ဆောင်ပုဒ်ပေးပြီးမှ ဟောရမယ်။

မေးမြန်းသန့်စင် ညီမျှယှဉ်တဲ့။

မေးမြန်းရမယ်၊ သန့်စင်စေရမယ်၊ ကျန္ဒြေညီမျှနေရမယ်။

မေးမြန်းသန့်စင်၊ ညီမျှယှဉ်၊ ထိုတွင်စိတ်ညွှတ်ပါ၊ ဒီက ပထမအပိုဒ်ပဲ၊ ကိုင်း–ဆိုရမယ်။

မေးမြန်းသန့်စင်၊ ညီမျှယှဉ်၊ ထိုတွင်စိတ်ညွှတ်ပါ (ဆို–၃)

မေးမြန်းရမယ်တဲ့၊ မေးမြန်းရမယ်၊ ဆွေးနွေးရမယ်၊ ဘာတွေဆွေးနွေးမေးမြန်း ရမယ်ဆို ခန္ဓာတဲ့၊ အာယတန၊ ဓာတ်၊ သစ္စာတဲ့၊ ကျန္ဒြေတဲ့၊ ဗိုလ်တဲ့၊ ဗောဒ္ဓေါင်တဲ့၊ မဂ္ဂင်တဲ့၊ ဈာန်တဲ့၊ သမထဝိပဿနာ တရားတွေတဲ့၊ အဲဒါတွေရဲ့အနက် အဓိပ္ပာယ်နဲ့ စပ်ပြီးသကာလ မေးမြန်းရမယ်တဲ့၊ ဒါမသိသေးတဲ့ပုဂ္ဂိုလ် မေးရမှာပေါ့လေ၊ သို့သော် မျှားသောအားဖြင့် မသိတာတွေပဲများနေတယ်၊ အထူးအားဖြင့်တော့ ဗဟုသုတ အတော်အတန်ရှိတဲ့ ပုဂ္ဂိုလ်တွေက အရေးကြီးတယ်၊ ဗဟုသုတလုံးလုံးမရှိတဲ့ ပုဂ္ဂိုလ်တွေက ကိစ္စမရှိပါဘူး၊ သူက ဆရာသမားပြောဟောပြီး ဒီလိုအားထုတ်ရမယ်ဆို အားထုတ်နေရင် ပြီးတာပဲ။

အေး–ဗဟုသုတ အတော်အတန်ရတဲ့ ပုဂ္ဂိုလ်ကတော့ ကိုယ်သိတာလေးတွေကလဲ ရှိပြီးထားတော့ အဲဒါကိုသိတာနဲ့ ဟိုဟာနဲ့ကိုက်လို့ မရ၊ ဒီဟာနဲ့ ကိုက်လို့ မရဖြင့်ပြီးတော့ နေတော့ အဲဒီမှာ ဇဝေဝေါဖြစ်တတ်တယ်၊ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်က မေးမြန်းရတယ်၊ ဒါမှမဟုတ်ရင်လဲ တရားနာပေါ့လေ၊ ဟောပြောတဲ့ပုဂ္ဂိုလ် ကမ္မဋ္ဌာန်းဆရာတွေက ဒါပြောနေရတာပဲ၊ ကမ္မဋ္ဌာန်းဆရာတွေက ဒါပြောရတယ်၊ ဗဟုသုတ အတော်အတန်ရှိတဲ့ ပုဂ္ဂိုလ်ကြတော့ အဲဒီစာနဲ့ပေနဲ့ရှင်းပြီးတော့ ပြောရတယ်၊ ဒါခန္ဓာ၊ ဒါအာယတန၊ ဥပမာ–ဖောင်းတယ်၊ ပိန်တယ်မှတ်နေ၊ ဖောင်းတယ် ပိန်တယ် မှတ်နေတော့ ဗဟုသုတမရှိတဲ့ ပုဂ္ဂိုလ်တွေကြတော့ဟာ ဒီဆရာသမားတွေ ညွှန်ကြားနေတာတွေ ကောင်းတာပဲဆိုပြီးတော့ ဘာမှမစဉ်းစားဘူး၊ ဒီအတိုင်းမှတ်နေတာပဲ၊ မှတ်နေရင်ပဲ ပြီးတာပဲ။

ဖောင်းတာဟာ ဖောင်းတဲ့သဘော၊ ဖောင်းတာဟာ စာနဲ့ပေနဲ့ပြောရင် ဝါယောဓာတ်လို့ ပြောလဲမထူးပါဘူး၊ ဝါယောဓာတ်လို့ပြောလဲ နာမည်ပဲ၊ တောင့်တင်းတာ, ထောက်ကန်တာလို့ ပြောလဲနာမည်ပဲ၊ ဘာမှမထူးဘူး၊ ဒီဥစ္စာဒီဗိုက်ထဲကနေပြီး တောင့်လိုက် တင်းလိုက် ရွှေ့လိုက် ရှားလိုက်နဲ့ ဖြစ်နေတဲ့သဘောလေး သိရင်ပြီးတာပဲ၊ သူက အဲဒီသဘောမှန်လေး သိဖို့က အရေးကြီးတာကို၊ အဲဒီလို အားထုတ်နေရင်ပြီးတာပါပဲ၊ ဒါပေမယ်လို့ စာပေဗဟုသုတနဲ့ သင်ကြားတတ်သိပြီး အတော်အတန်လေးရှိတဲ့ ပုဂ္ဂိုလ်ကြတော့ သူကတော့ စာနဲ့ သူတတ်တာလေးနဲ့ထည့်ပြီးတော့ ယူတော့ နားမလည်ဘူး၊ သဘောမပေါက်ဘူး၊ အဲဒီလို ဇဝေဝေါဖြစ်တတ်တယ်၊ အဲဒါ မဖြစ်အောင်လို့ ကမ္မဋ္ဌာန်းဆရာတွေက နည်းနည်း–နည်းနည်းဟောပြောပေးနေရတယ်။

ဘုန်းကြီးများ တရားဟောတဲ့အခါလဲ ဒီလို နည်းနည်း–နည်းနည်း ထည့်ပြောရတယ်၊ အကုန်လုံးတော့လဲ လျှောက်မပြောနိုင်ဘူး၊ နည်းပြရုံလေးပြောရတယ်၊ ဖောင်းတယ်ဆိုတာဟာ ဗိုက်ထဲကနေပြီးတော့ တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်ပဲ၊ ဗိုက်ထဲမှာရှိတဲ့ ကာယပသာဒနဲ့ တိုက်ခိုက်ပြီး သကာလ ဖြစ်လာတယ်၊ တိုက်ခိုက်တော့ ဗိုက်ထဲကနေပြီး တွေ့ထိတဲ့ ကာယဝိညာဏ်ဖြစ်လာတယ်၊ အဲဒါကို ဒီကနေပြီးတော့ စိတ်က–ကာယဝိညာဏ်က သိသွားတော့ အဲဒီကနေ မရှုမမှတ်လို့ရှိရင် အဲဒါကို ငါပဲ ငါ့ဗိုက်ပဲ လှုပ်တယ်စသည်ဖြင့် ဒီလိုစွဲလမ်းမှုတွေ ရောက်ကုန်တယ်၊ အဲဒီလို မရောက်ရအောင်လို့ ဒီဖောင်းတက်လာတဲ့ သဘောလေးရှုရတယ်၊ ဖောင်းတက်လာတဲ့သဘောလေးဟာ ဘာလဲဆိုရင် တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်၊ ဝါယောဓာတ်ဆိုတော့ ခန္ဓာဖွဲ့လိုက်လို့ရှိရင် ဒါ ရူပက္ခန္ဓာပဲ၊ ရုပ် ၂၈–ခုထဲက ဝါယောဆိုတာ ရုပ်တစ်ခုတဲ့၊ ဒါရူပက္ခန္ဓာခေါ်တယ်။

အာယတန ဖွဲ့လိုက်လို့ရှိရင် ဖောဋ္ဌဗ္ဗာယတနပဲ၊ ပထဝီ၊ တေဇော၊ ဝါယော၊ ဒီဓာတ်သုံးခုက ဖောဋ္ဌဗ္ဗာယတနာ အတွေ့အထိရုပ်၊ ဖောဋ္ဌဗ္ဗာယတနခေါ်တယ်၊ ဓာတ်နဲ့ခွဲလိုက်လို့ရှိရင် ဖောဋ္ဌဗ္ဗဓာတ်၊ ဝါယောဓာတ်ပဲ၊ သစ္စာနဲ့ ဖွဲ့လိုက်လို့ရှိရင်ဖြင့် ဒုက္ခသစ္စာတရားပဲ၊ ဥပါဒါနက္ခန္ဓာ တရား ၅–ပါး၊ အကုန်လုံး ဒုက္ခသစ္စာချည်းပဲ၊ ရုပ်ဖြစ်ဖြစ်၊ ဝေဒနာဖြစ်ဖြစ်၊ သညာဖြစ်ဖြစ်၊ သင်္ခါရဖြစ်ဖြစ်၊ ဝိညာဏ်ဖြစ်ဖြစ် လောကီတရားတွေဟူသမျှ အကုန်လုံး ဒုက္ခသစ္စာတရားချည်းပဲ၊ ဒါကြောင့် ဒုက္ခသစ္စာတရားပဲ၊ ဒီဖောင်းတယ်၊ ပိန်တယ်ဆိုတဲ့တရားလေးဟာ ဒုက္ခသစ္စာတရားချည်းထဲပဲ၊ အဲဒီတော့ သူက ခန္ဓာ၊ အာယတန၊ ဓာတ်ကို သစ္စာကျန္ဒြေ၊ အဲကျန္ဒြေကတော့ကို ဒီဖောင်းတာထဲမှာတော့ ကျန္ဒြေမပါဘူး၊ ကျန္ဒြေမရဘူး၊ သို့သော်လဲ တွေ့ထိတဲ့ကိုယ်ကတော့ ကျန္ဒြေထဲမှာ ကာယိန္ဒြေဖြစ်တယ်၊ အဲဒီ ဖောင်းတာကိုသိတဲ့ဥစ္စာကတော့ မနိန္ဒြေစိတ်က မနိန္ဒြေဖြစ်တယ်၊ ဒါတွေ လျှောက်ထည့်ရင်တော့ ကျန္ဒြေရတယ်၊ ဟိုဖောင်းတာလေး သက်သက်ကတော့ ကျန္ဒြေမဟုတ်ဘူး၊ ကျန္ဒြေထဲမှာ မပါဘူး၊ ကိုယ်ဆိုရင်လဲ ကိုယ်ထဲမှာလည်း မပါဘူး၊ ဗောဒ္ဓေါင်လဲသူမဟုတ်ဘူး၊ မဂ္ဂင်လဲ မဟုတ်ဘူး။

ဒါပေမယ်လို့ အဲဒီ ဖောင်းတယ်လို့ မှတ်လိုက်တဲ့အခါ ကာလမှာ အမှတ်ရတဲ့ သတိက သတိသမ္ဗောဒ္ဓေါင်တရားပဲ၊ ဗိုလ်အားဖြင့် သတိဗိုလ်ပဲ၊ ကျန္ဒြေအားဖြင့် သတိန္ဒြေပဲ၊ ဒါလေးတွေ သူက ခွဲပြောတာကို နားမလည်ရင်လဲ မေးရတယ်၊ နည်းနည်းပြောလိုက်ရင်လဲ ရိပ်မိပါတယ်၊ စာသင်ထားတဲ့ ပုဂ္ဂိုလ်က တော်တော်ကြီး ရိပ်မိတယ်၊ ဒီတရားတွေဟာ နာမည်တွေ ခွဲထားတာ အပြီးသတ်တော့ တရားလေးတစ်ခုတည်းနဲ့ အမျိုးမျိုးခွဲထားတယ်။

သတိလေးတစ်ခုတည်းနဲ့ သတိပဋ္ဌာန်ကြတော့ သတိပဋ္ဌာန်လို့ ခေါ်တယ်၊ ကာယနုပဿနာ သတိပဋ္ဌာန် (၀) ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ သတိပဋ္ဌာန် ၄–ပါးလို့ နာမည်ပေးထားတယ်၊ မှတ်ရတာလေးပဲ၊ ဒါပဲအမှတ်ရတာလေးကို သတိပဋ္ဌာန်လို့ နာမည်ပေးထားတယ်၊ တစ်ခါ ဣန္ဒြေကြတော့ကို သတိန္ဒြေခေါ်ပြန်တယ်၊ သူကတစ်ခါ ဗိုလ်နာမည်နဲ့ပေးတော့ သတိဗိုလ်လို့ခေါ်ပြန်တယ်၊ ဗောဒ္ဓေါင်နာမည်နဲ့ကျတော့ သတိသမ္ဗောဇ္ဈင်လို့ နာမည်ပေးထားတယ်၊ မဂ္ဂင်ထဲကျတော့ သမ္မာသတိမဂ္ဂင်ဆိုပြီး နာမည်ပေးထားတယ်၊ သူ့ဟာ တရားလေးတစ်ခုတည်းနဲ့ အမည်တွေ အမျိုးမျိုးတပ်ပြီးတော့ ပြောနေတာ၊ အဲဒါဟာ တစ်မှတ်တစ်မှတ်အတွင်းမှာ အမှတ်ရတိုင်း သတိဖြစ်တိုင်း ဖြစ်တိုင်းဟာ သတိပဋ္ဌာန်လဲဖြစ်နေတာပဲ၊ ဣန္ဒြေလဲ ဖြစ်နေတာပဲ၊ ဗိုလ်လဲပဲ သတိဗိုလ်ဖြစ်နေတာပဲ၊ ဗောဒ္ဓေါင်လဲပဲ သတိသမ္ဗောဇ္ဈင်ဖြစ်နေတယ်၊ မဂ္ဂင်နဲ့ ပြောလို့ရှိရင်လဲ သမ္မာသတိ မဂ္ဂင်ဖြစ်နေတယ်။

အဲဒီတရားတွေ ဖြစ်နေတာကို အဲဒီလိုဟာတွေ နားလည်အောင်လို့ ဆွေးနွေးရမယ်တဲ့၊ မေးမြန်းရမယ်တဲ့၊ နားလည်ရင် မေးပေါ့၊ သို့မဟုတ် ဆရာသမားတွေကပြောရင် အဲဒါနားထောင်ရုံပဲ၊ ကမ္မဋ္ဌာန်းဆရာတွေကပြောလဲ နားထောင်ရင်လဲ နားလည်တာပါပဲ၊ ခုလိုတရားဟောတဲ့အခါ နားထောင်လို့ရှိရင်လဲ နားလည်တာပါပဲ၊ အဲဒါကို ပြောတာပါ၊ အဲသလို နားလည်သဘောပေါက်သွားတော့ နောက် တရားအားထုတ်တဲ့အခါကြတော့ မှတ်တိုင်းမှတ်တိုင်း ဒီသတိလေးဖြစ်တာကို တွေ့တော့ ရှင်းသွားတာပေါ့၊ သူ့ဟာ ဒါလေးပဲ၊ ဒီဥစ္စာပဲ ဖောင်းတယ်ဆိုတာဟာ ရုပ်ပဲ၊ (မှတ်တိုင်း ၂) ရုပ်တရားတွေ သိနေတယ်၊ အာယတနအားဖြင့် ဖောဋ္ဌဗ္ဗာယတနသိတယ်၊ ဓာတ်အားဖြင့် ဖောဋ္ဌဗ္ဗဓာတ်တွေသိတယ်၊ သစ္စာအားဖြင့် ဒုက္ခဆိုသစ္စာတရားတွေ မှတ်တိုင်းမှတ်တိုင်းသိနေတာပဲ၊ ဣန္ဒြေအရ ပြောရမယ်ဆိုရင် (မှတ်တိုင်း–၂) သတိန္ဒြေဖြစ်တယ်၊ (မှတ်တိုင်း–၂) သတိဗိုလ်ဖြစ်တယ်၊ (မှတ်တိုင်း–၂) သတိသမ္ဗောဇ္ဈင်ဖြစ်တယ်၊ (မှတ်တိုင်း–၂) သမ္မာသတိမဂ္ဂင်ဖြစ်တယ်၊ သူသဘောပေါက်ပြီး နားလည်သွားတာကို အဲဒီလိုဖြစ်အောင်လို့ ဓမ္မဝိစယသမ္ဗောဇ္ဈင် အသိဉာဏ်လေး ဖြစ်သွားအောင်ပေါ့၊ အဲဒီ အသိဉာဏ်ဖြစ်အောင်ဟာ မေးမြန်းရမယ်တဲ့။

မေးမြန်းတာပါပဲ၊ သူက ဒီထက် ချဲ့မယ်ဆိုရင်လဲ ချဲ့စရာတော့ ရှိသေးတာပေါ့လေ၊ ဟိုမှာ အဲဒီခန္ဓာနဲ့ အာယတန၊ ဒ့ဏ္ဍာ မှတ်စရာအာရုံတွေ ကွေးတာတို့ဆန့်တာတို့ မြင်တာကြားတာတွေ လျှောက်ပြောနေရင် ဘယ်ဆုံးနိုင်တော့မလဲ၊ အဲဒီ အတိုင်း ခန္ဓာတွေ၊ အာယတနတွေ၊ ဓာတ်တွေ အစိပ်စိပ် အမွှာမွှာတွေ လျှောက်ပြောနေ အများကြီးရှိသေးတယ်၊ ဒါအတူတူပဲ၊ ဒါလောက်ဆိုရင် နည်းသိဖို့တဲ့၊ အဲဒါ မေးမြန်းရမယ်တဲ့၊ နားမလည်လို့ရှိရင် ဒါလေး ဘာပြုလို့မှတ်ရတာတုံး၊ ဒီလိုမှတ်တော့ကို ဘယ်တရားကိုသိတုံး၊ ဘယ်ဒေသနာနဲ့ ဆိုင်တုံး၊ မသိရင်မေးပေါ့၊ ဒါပဲမေးလို့ သဘောကျသွားရင် ပြီးတာပဲ။

သဘောမကျရင် ဇဝေဇဝါဖြစ်နေရင် နေရာမကြဘူး၊ တရားမတိုးတက်ဘူး၊ ကောင်းကောင်းမမှတ်ဘူး၊ ရှိလဲမရှိသေဘဲ၊ အဲ–မရှိသေလို့ရှိရင်တော့ မတိုးတက်ဘူး၊ တရားဟာ ရှိရှိသေသေလုပ်မှ သူ့ကိုရှိသေမှ တရားကလဲ ကိုယ့်ကိုပြန်ပြီးတော့ တိုးတက်လာတာ၊ တရားကို ကိုယ်က ဂရုမစိုက်ဘူး၊ မရှိသေဘူးဆိုရင် တရားကလည်း ကိုယ့် ဂရုမစိုက်ဘူး၊ မရှိသေဘူး၊ တရားမတက်တော့ဘဲ၊ ဒီဥစ္စာကတော့ အဲဒီတော့ သဘောမပေါက်လို့ရှိရင်ဖြင့် အဲဒါလေးက မေးရတယ်၊ ကမ္မဋ္ဌာန်းဆရာတွေ မမေးဝံ့လို့ရှိရင်လဲ ဒ့ဏ္ဍာ်ပြင်နားလည်တဲ့ပုဂ္ဂိုလ်တွေ မေးကြည့်ပေါ့၊ သူ့ဟာ အလွယ်သားပဲ၊ အဲဒီလိုမေးရမယ်တဲ့၊ နားမလည်တာလေးတွေ ရှိရင် မေးမြန်းရမယ်တဲ့။

ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ဗိုလ်, ဗောဒ္ဓေါင်, မဂ္ဂင်, ဈာန်တရားတွေလဲ ထိုက်သည့်အားလျော်စွာပါတယ်၊ ဒီထဲမှာ အာရုံကို ကြံစည်တဲ့ ဝိတက်ပါတယ်၊ စဉ်းစားတဲ့ ဝိစာရပါတယ်၊ တစ်ခါတစ်ရုံကြ အမှတ်ကောင်းတဲ့အခါကြ ပီတိတွေဖြစ်လာတယ်၊ အဲဒါက သိပ်ထင်ရှားတယ်၊ အဲ–မှတ်တိုင်း မှတ်တိုင်း စိတ်ချမ်းသာနေတာလေးက သုခပဲ၊ မှတ်တိုင်း မှတ်တိုင်း အာရုံမှာစူးစိုက် တည်ကြည်တာက သမာဓိပဲ၊ ဈာန်တရားတွေ ဒါတွေဈာန်ခေါ်တာပဲ၊ ဒါက ကာမာဝစရဈာန်တွေပေါ့၊ ဥပစာရဈာန်တွေ ခေါ်တယ်၊ ဟို–အပွနာဈာန်တွေတော့ မဟုတ်သေးဘူး၊ ပြီးတော့ သမထဝိပဿနာတွေတဲ့၊ သမထဆိုတာက သမာဓိပဲ၊ (မှတ်တိုင်း–၂) စိတ်အာရုံမှာ တည်ကြည်နေတာ သမာဓိပဲ၊ ဒီသမာဓိ၏ အစွမ်းကြောင့် ဒီသမာဓိကောင်းလာလို့ရှိရင်ဖြင့် ကိလေသာတွေ ငြိမ်းနေတယ်။

အစက ကြမ်းကြမ်းတမ်းတမ်းဖြစ်တဲ့ လောဘ, ဒေါသ, မောဟတွေ ဖြစ်တတ်တဲ့ဟာတွေ မဖြစ်ဘဲနဲ့ ငြိမ်းနေတယ်၊ တရားအားထုတ်ရာ စိတ်ကလေးတော်တော်သိမ်မွေ့နေတယ်၊ နားတဲ့အခါလဲ တယ်မဖြစ်ဘူး၊ အစတုန်းကဆိုရင် တရား အားမထုတ်ခင်ကဆိုရင် တောင်တောင် မြောက်မြောက်တွေ လျှောက်ပြီးတော့ ကြံနေတယ်၊ အဲဒီလို ကြိုးတို့ကြမ်းတမ်း အကြံတွေ မတော်တဲ့ အကြံတွေ ဘာတွေမျိုးဟာ အဲဒါတွေက တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်မှာ ငြိမ်းနေတာ၊ သူအဟုတ်အားထုတ်ရင် ငြိမ်းတယ်၊ ကောင်းကောင်း အားမထုတ်လို့ မငြိမ်းတာတော့မတတ်နိုင်ဘူး၊ ဒီဥစ္စာ နေရာမကျသေးဘူး၊ အောက်မေ့နေရမှာပဲ၊ ငါအားထုတ်တာ အချိုးမကျသေးဘူးလို့ အောက်မေ့ရမှာပဲ၊ ငြိမ်းပါတယ်၊ သူက သမာဓိကြောင့် ငြိမ်းပြီးနေတာ။

အဲဒီဝိပဿနာဆိုတာကတော့ မှတ်တိုင်းမှတ်တိုင်း သိနေတာလေးက ဝိပဿနာပဲ၊ ခု ဓမ္မဝိစယသမ္ဗောဇ္ဈင်ပါပဲ၊ အဲဒီ ဝိပဿနာအစွမ်းကြောင့် မှတ်တိုင်းမှတ်တိုင်း အာရုံလေးတွေ မှတ်မိတဲ့အာရုံလေးတွေနဲ့စပ်ပြီး ကိလေသာတွေမဖြစ်နိုင်ဘူး၊

ငြိမ်းနေတယ်၊ အဲဒါတွေကို နားမလည်လို့ရှိရင် မေးရမယ်တဲ့၊ ဒါလေးတွေ မေးမြန်း ဆွေးနွေးရမယ်တဲ့၊ မေးမြန်းဆွေးနွေးတော့ သဘောကျသွားတော့ စိတ်ချလက်ချမှတ်လို့ရှိရင် ဟိုမှာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်တာပေါ့၊ မှတ်တိုင်း, မှတ်တိုင်း အမှတ်ရတဲ့ အာရုံလေးတွေ ပိုင်းပိုင်းခြားခြားသိတဲ့၊ ဉာဏ်တွေ ဥဒယဗ္ဗယက စပြီးတော့ ဉာဏ်တွေဖြစ်ပြီးတော့ လာတာ၊ ဒါကြောင့်–

မေးမြန်းသန့်စင်၊ သန့်စင်ဆိုတာကတော့ကို ဣန္ဒြေယ သမတ္တတာ၊ ဣန္ဒြေကို စင်ကြယ်စေရမယ်တဲ့၊ ဝတ္ထုဝိသကြိယာ–ဝတ္ထုကို စင်ကြယ်စေရမယ်၊ ဝတ္ထုကအတွင်းဝတ္ထု, အပြင်ဝတ္ထုရှိတယ်၊ အတွင်းဝတ္ထုကတော့ ကိုယ့်ကိုယ်ပေါ့လေ၊ အပြင်ဝတ္ထုကတော့ အသုံးဆောင်တွေပေါ့၊ အဲ ကိုယ်တွင်း ဝတ္ထုက ချေး (ဂျီး) ညှော်တွေနဲ့ ချွေးတွေသန်တွေနဲ့ မစင်ကြယ်နေတဲ့အခါလဲ ဉာဏ်ကောင်းကောင်း မဖြစ်တတ်ဘူးတဲ့၊ အထူးအားဖြင့် အရေးကြီးတာကတော့ ဒေါသတွေများနေတယ်ဆိုတာ၊ ဒေါသများဆိုတာ ဝမ်းတွေဘာတွေချုပ်ပြီး သကာလ နေတာပါပဲ။

ဟုတ်တယ်–အဲဒါကတော့ တော်တော် မကောင်းတတ်ဘူး၊ ဒါကတော့ လူမကျန်းမမာတွေလဲ ဖြစ်တယ်၊ နောက်စိတ်တွေလဲ စနောင့်စနင်းတွေ ဖြစ်တတ်တယ်၊ တစ်ခါတလေ ဓာတ်တွေ သိပ်ချုပ်ပြီးတော့နေတဲ့အခါ ရှိတယ်၊ အဲဒီတော့ အဲဒါ စင်ကြယ်အောင်လို့ဟာ ရေမိုး ချိုးတန် ချိုးပေါ့လေ၊ ယောက်ျားတွေဆိုလို့ရှိရင် မုတ်ဆိတ်မွေးတွေ ဘာတွေ ရှုတ်ပြူနေတာကလဲ ရိတ်ပြူပြီးတော့ လုပ်ရတယ်၊ ဆံပင်ရိတ်တန်လဲရိတ်ပေါ့လေ၊ ဆံပင်ကရိတ်တဲ့ ဆံပင်ဆိုလို့ရှိရင် အဲဒီတော့ စင်ကြယ်အောင် လုပ်ရတယ်၊ ကိုယ်ကိုသန့်ရှင်းအောင်လို့ နောက်ပြီးတော့ အဲဒီ ဓာတ်တွေဘာတွေ ချုပ်ပြူပြီးသကာလ ဒေါသတွေ များနေလို့ ရှိရင်လဲ အဲဒါဝမ်းနုတ်ဆေးတွေဘာတွေစားရမယ်တဲ့ အဋ္ဌကထာကပြတယ်၊ ဝမ်းနုတ်ဆေး အန်ဆေးပေမယ်လို့ စားရမယ်ဆိုတာကို တချို့အန်ထုတ်မှဖြစ်တဲ့ဉစ္စာက အစာမကြေဘဲဖြစ်နေတဲ့ဉစ္စာတွေကြ ဒီလိုဟာရှိတာကို၊ ဒါကတော့ ဆရာနဲ့လုပ်မှ ဖြစ်မှာ ကိုယ့်ဟာကိုယ် ထင်ရာတွေလျှောက်လုပ်လို့တော့ မဖြစ်ဘူး။

သူ့ဉစ္စာ အဲဒါကြောင့် အတွင်းက စင်ကြယ်သွားအောင်လို့ ဆေးနဲ့ဝါးနဲ့လဲပြုပြင်ပြီး သကာလပေးရမယ်တဲ့၊ ဒါက အတွင်းဝတ္ထုစင်ကြယ်အောင်လို့ အပြင်ဝတ္ထုကတော့ အဝတ်တွေဘာတွေ ညစ်နွမ်းနေလို့ရှိရင်လဲ အဝတ်တွေ ချေး(ဂျီး)တွေ ညှော်တွေနဲ့ အနံ့အသက်တွေဘာတွေနဲ့ မသန့်မရှင်းဖြစ်နေရင် ဒါတွေကို လျှော်လိုက်ရမယ်တဲ့၊ နေရာထိုင်ခင်းတွေက ချေး(ဂျီး)တွေ ညှော်တွေနဲ့ ရှုပ်နေလို့ရှိရင်လဲ အဲဒါသန့်ရှင်းအောင်လို့လုပ်ရမယ်၊ အမှိုက်တွေဘာတွေ များနေရင် အမှိုက်ပေမယ့် လှည်းလိုက်ပေါ့လေ၊ ငါတရားအားထုတ်နေတာပဲဆိုပြီး အမှိုက်တွေ ဘာတွေ ဗလပွနဲ့ ဒါကတော့ နေရာမကြဘူး။

ဟို–အနီးအပါးမှာအထုပ်အပိုးတွေ ဘာတွေညာတွေ အိုးတွေခွက်တွေ သိပ်ရှုပ်တာလဲ ရှိတတ်တယ်၊ အဲဒါတွေလဲ မကောင်းဘူးပေါ့၊ ဒါတွေလဲ ရှင်းတန်သမျှရှင်းအောင် လုပ်ရမယ်၊ ဒီတော့ သန့်ရှင်းနိုင်ရင်တော့ ကောင်းတာပေါ့၊ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း ကိုယ်တွင်းက စင်ကြယ်ရင် ပြင်ပဝတ္ထုတွေကလဲ စင်ကြယ် သန့်ရှင်းပြီးတော့ နေလို့ရှိရင် အသိဉာဏ်တွေဟာ ထက်ထက်မြက်မြက် ဖြစ်တတ်ပါတယ်တဲ့၊ ဘာနဲ့တူလဲဆိုလို့ရှိရင် ဆီမီးထွန်းရာမှာ မီးခွက်ကလဲ မစင်ကြယ်ဘူး၊ ချေး(ဂျီး)ညှော်တွေ ရှိနေမယ်၊ မီးစာကလဲပဲ အဟောင်းညစ်နွမ်းတဲ့ မီးစာထွန်းထားမယ်၊ ဆီကလဲ မကောင်းတဲ့ဆီပေါ့လေ၊ ရေနံချေးတွေ၊ ရှေးခေတ်တုန်းက ရေနံချေးတွေဘာတွေ ရှိတယ်၊ အညစ်အကြေးချေးတွေနဲ့ ဒီထဲမှာ သဲတွေ ဖုန်တွေနဲ့ ပါလာတာတွေရှိတတ်ပါတယ်၊ ရေတွေ ဘာတွေနဲ့ရင် ရောနေတာ ရှိတယ်။

အဲဒီဟာမျိုး မီးထွန်းလိုက်လို့ရှိရင် မီးခွက်ကလဲ မစင်ကြယ် ဆီကလဲ မစင်ကြယ် မီးစာကလဲမစင်ကြယ်ဆိုတော့ မီးတောက်ဟာ မှုန်မှုန်ပဲ၊ ကောင်းကောင်းမလင်းဘူး၊ မကြည်လင်ဘူး၊ အဲ မီးခွက်ကလဲ စင်စင်ကြယ်ကြယ်နဲ့ ဆီကလဲ စင်စင်ကြယ်ကြယ်နဲ့ ချေး(ဂျီး)ညှော်မရှိတဲ့ဆီ၊ မီးစာကလဲ သစ်သစ်လွင်လွင် တစ်ခါတည်း အညစ်အကြေးမရှိဘဲ မီးစာအသစ်ထည့်ပြီးထွန်းလိုက်ရင် မီးတောက်ကလေးဟာ သန့်သန့်ရှင်းရှင်း ကြည်ကြည်လင်လင်ဖြစ်ပါတယ်၊ အဲဒါလိုပဲတဲ့၊ ကိုယ်တွင်းက မစင်ကြယ်လို့ဖြစ်စေ, ကိုယ်အပြင်က မစင်ကြယ်လို့ဖြစ်စေ, အတွင်းအပ နှစ်ပါးလုံး မစင်ကြယ်လို့ဖြစ်စေ အဲဒီလိုအခါမှာ ဉာဏ်များဟာ ထိုင်းမှိုင်းလေးလံပြီးတော့ နေတတ်တယ်တဲ့၊ သန့်သန့်ရှင်းရှင်း မဖြစ်တတ်ဘူးတဲ့၊ ဒါကြောင့်မို့ ဉာဏ်မထက်တဲ့ အခါတွေမှာပေါ့လေ၊ ဘာတွေများ လိုနေပါလိမ့်လို့ နည်းနည်းပါးပါး ပြင်ပေးရတယ်၊ ပြင်ပေးရင် ကောင်းလဲကောင်းသွားတတ်ပါတယ်၊ အဖျင်းဆုံး ရေမိုးချိုးတော့ မှတ်လိုက်ရင်ကို ကောင်းသွားတတ်ပါတယ်၊ အိပ်ရာနေရာလေးသန့်သန့်ရှင်းရှင်းပြင်ပြီးတော့ မှတ်လိုက်ရင်လဲ ကောင်းသွားတတ်တယ်၊ အဲ–ခုနကပြောတဲ့ ကိုယ်တွင်းကနေပြီးတော့ ဓာတ်တွေဘာတွေ ချုပ်ပြူနေရင် အဲဒါကတော့ ဆေးလေးဘာလေး စားပြူပေးလိုက်ရင် ကောင်းသွားတတ်ပါတယ်၊ ပေါ့ပါးပြီးတော့ အသိဉာဏ်တွေတိုးတက်ပြီးတော့ သွားတတ်တယ်တဲ့၊ ဒါအဋ္ဌကထာ ဆရာကပြောတာ၊ အဲဒါကြောင့် အတွင်းအပ ဝတ္ထု စင်ကြယ်စေရမယ်တဲ့။

မေးမြန်းသန့်စင် နှစ်ခုနော်၊ မေးမြန်းသန့်စင် ညီမျှယှဉ်တဲ့၊ အညီအမျှဖြစ်စေရမယ်တဲ့၊ ဘာတွေတုံးဆို ဣန္ဒြေယ သမတ္တာ–ဣန္ဒြေတွေ ညီစေရမယ်တဲ့၊ ဣန္ဒြေက ၅–ပါးရှိပါတယ်၊ ဣန္ဒြေဆိုတာ အားလုံး ၂၂–ပါးရှိတယ်၊ အဲဒါတွေ ပြောတာမဟုတ်ဘူး၊ ဒါကတော့ ဣန္ဒြေ ၅–ပါး၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေ၊ သတိန္ဒြေ၊ ပညိန္ဒြေ၊ ဒီ ၅–ခု၊ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာပါပဲ။

သဒ္ဓါ–ယုံကြည်မှု၊ ဝီရိယ–အားထုတ်မှု၊ သတိ–အမှတ်ရမှု၊ သမာဓိ–စူးစိုက်တည်ကြည်မှု၊ ပညာ–အသိဉာဏ်ပညာပဲ၊ အဲဒီ ၅–ပါးသောအကြောင်းတွေ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဆိုတဲ့ ၅ပါးသော တရားတွေကို ဣန္ဒြေခေါ်တယ်၊ သူ့နေရာနဲ့သူ အစိုးရတာပေါ့၊ ယုံကြည်မှုကလဲ သူ့နေရာမှာ သူပဲ အစိုးရတယ်၊ အားတက်မှု ဝီရိယကလဲ သူ့နေရာသူပဲ အစိုးရတယ်။

အဲဒီလို သူ့နေရာနဲ့သူ, သူ့နယ်ပယ်နဲ့သူ အစိုးရတာပဲ၊ ဥပမာအားဖြင့် ဘယ်လိုတုံးဆိုလို့ရှိရင် အခု လူ့လောကထဲမှာ အိမ်ထောင် ခမ်းနားတွေရှိနေကြတယ်၊ အဲဒါ စီးပွားရေး အလုပ်အကိုင်တွေ ခက်ခက်ခဲခဲတွေ လုပ်ဖို့ကိုင်ဖို့ဆိုရင် ယောကျ်ားတွေက သူ့နေရာနဲ့သူ အစိုးရပြီးတော့ သူပဲလုပ်နေတာပဲ၊ အိမ်တွင်းမှုတွေကြတော့လဲ ချက်ရေး, ပြုတ်ရေး, စားရေး, သောက်ရေးတွေ အဲဒါကြတော့ အိမ်သူဖြစ်တဲ့ပုဂ္ဂိုလ်က သူအစိုးရနေတာပဲ၊ သူပဲလုပ်နေတယ်၊ အဲဒါလိုပဲ၊ သူက သဒ္ဓါ ဝီရိယ သတိ သမာဓိ သူ့နေရာနဲ့သူ အစိုးရလို့ သူ့ဣန္ဒြေလို့ ခေါ်တယ်။

ဣန္ဒြေယဆိုတာ အစိုးရဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ သူ့နေရာနဲ့သူ အစိုးရလို့ သူ့ဣန္ဒြေလို့ခေါ်တယ်၊ သဒ္ဓါဣန္ဒြေ ဝီရိယိန္ဒြေ၊ သဒ္ဓါ–ယုံကြည်မှုအစိုးရ, ဝီရိယိန္ဒြေ–လုံ့လအားထုတ်မှု အစိုးရ, သတိန္ဒြေ–အမှတ်ရမှု အစိုးရ, သမာဓိန္ဒြေ–စူးစိုက်တည်ကြည်မှု အစိုးရ, ပညိန္ဒြေ–သိမှုအစိုးရ သူ့နေရာနဲ့သူ အစိုးရနေတဲ့ တရား ၅–ခုရှိတယ်၊ ကိုယ်ထဲမှာ အဲဒီ ၅–ခုသော တရားတွေကို ညီမျှစေရမယ်တဲ့၊ ဒီ ၅–ခုသော တရားတွေ အစိုးရတွေဟာ တစ်ခုခုက အစိုးရနေပြီးတော့ လွန်လွန်ကဲကဲတွေ ဖြစ်နေပြီးတော့ အာဏာပြင်းထန်နေလို့ရှိရင် ဒ့ီပြင်ဟာတွေက အလုပ်လုပ်လို့ မဖြစ်တော့ဘူးတဲ့၊ ဒီအစိုးရအဖွဲ့ကညီညွတ်နေရမှာကို မညီညွတ်ဘဲနဲ့ ခုကာလလဲ ဒီလိုပဲတစ်ခုခုက နေပြီးသကာလ သူထင်တာတွေ သူလုပ်ပြီးတော့နေရင် ဘေးက ပုဂ္ဂိုလ်တွေ ဘာမှ လုပ်လို့ မဖြစ်ဘူး၊ အဲဒီလိုဟာတွေရှိပါတယ်၊ သူက အဲဒီလိုပဲ ခုတရားမှာလဲ မှတ်မှုထဲမှာလဲ ရှုမှတ်မှုတဲ့ ဝိပဿနာထဲမှာလဲအစိုးရက–၅ခုပါနေတယ်၊ ဣန္ဒြေယတွေ အဲဒါတွေ ညီမျှစေရမယ်တဲ့၊ သဒ္ဓါက လွန်နေလို့ရှိရင်လဲ နေရာမကြဘူးတဲ့၊ ဒ့ီပြင်ဟာတွေ ဘာမှ မလုပ်နိုင်တော့ဘူးတဲ့၊ သူယုံကြည်မှုတွေ သိပ်ပြီးတော့ ယုံနေတာပဲ။

တွေ့ကရတွေ လျှောက်ယုံနေ ဘာမှလုပ်လို့ မဖြစ်တော့ဘူး၊ အထူးအားဖြင့်တော့ သဒ္ဓါနဲ့ပညာဟာ ညီမျှရမယ်တဲ့၊ သဒ္ဓါက ယုံကြည်မှု သိပ်တွေ့ကရာတွေလဲ လျှောက်မယုံနဲ့ပေါ့၊ ပညာကလဲ စူးစမ်းဆင်ခြင်မှု တွေ့ကရာတွေလဲ လျှောက်စူးစမ်းပြီးတော့လဲမနေနဲ့၊ သူတို့နှစ်ခုက မျှရမယ်၊ သဒ္ဓါက အားကောင်းနေလို့ရှိရင် မဆင်ခြင်တော့ဘူး၊ သူက တွေ့ကရာတွေ အကုန်လုံးလျှောက်ယုံတော့တာပဲ၊ မြန်မာပြည်မှာ အများအားဖြင့်တော့ အဲဒါတွေများတယ်၊ မြန်မာပြည်မှာ အများအားဖြင့် တွေ့ကရာတွေလျှောက်ယုံတာများတယ် ဒါကြောင့်မို့ မြန်မာပြည်မှာ ဘာသာရေးနှင့်ဖြစ်စေ၊ ဂိုဏ်းဂဏနဲ့ဖြစ်စေ၊ဗေဒင်ဆေးဝါးနဲ့ဖြစ်စေ၊ အဲဒါတွေ ယုံလွယ်တဲ့သူတွေကပေါတော့ အဲဒါတွေ ဝါဒဖြန့်ပြီးတော့ စီးပွားရှာတဲ့ပုဂ္ဂိုလ်တွေ ပေါလိုက်တာ၊ ဘာသာရေးနဲ့လဲ တောင်ပြောမြောက်ပြော၊ ဂိုဏ်းတွေကလဲ တောင်ပြောမြောက်ပြော ဒီလိုဟာတွေကို အဲဒီလိုဟာတွေ သူတို့ပြောတာတွေ ဘာမှမစူးစမ်းမဆင်ခြင်ဘဲနဲ့သိပ်ယုံတာကိုး။

ဟိုမှာ အထက်မှာ ဘုန်းကြီးတစ်ပါးရှိတယ်၊ ဘုန်းကြီးများနဲ့ မိတ်ဆွေပါပဲ၊ ဦးကုသလကပြောတယ် ဘုန်းကြီးနေတဲ့ ကျောင်းက ဘုန်းကြီးပါပဲ၊ သူ့ဒကာမကြီးက တွေ့ကရာတွေယုံတယ်၊ တွေ့ကရာတွေယုံတော့ ဟိုခေတ်ကာလက ဂိုဏ်းတွေ ဘာတွေပေါ့လေ၊ ဂိုဏ်းတွေဘာတွေနဲ့ တစ်ခါတည်း မင်းလောင်းလိုလို ဘာလိုလို ဒီလိုတွေဘာတွေ ရှိတာကို၊ အဲဒါတွေပေါ်ပေါ်လာတော့ သူ့ဒကာမကြီးက ယုံတော့ ဘာဖြစ်လိမ့်မယ် ညာဖြစ်လိမ့်မယ် ကြိမ်စာတွေဘာတွေကလဲ ပါသေးတာကို။

ဟိုခေတ်တုန်းက ရွှေပေလွှာတွေ ဘာတွေနဲ့ မယုံလို့ရှိရင် ဘာဖြစ်မယ် ညာဖြစ်မယ်နဲ့၊ ဒီလို ချောက်လှန့်ပြီးတော့ ထားတာကို၊ အဲဒီတော့ ဒီစာတွေ မယုံဘူး ပြောတဲ့အခါ ဘုန်းကြီးဆိုတော့ ဘုန်းကြီးက နည်းနည်း ဆင်ခြင်တတ်တာကို၊ ဘုန်းကြီးဆိုတော့ ဆင်ခြင်တတ်ပြီးတော့လဲပဲ စဉ်းစားတတ်တဲ့ပုဂ္ဂိုလ်က တော်တော်နဲ့ တယ်လဲမယုံတတ်ဘူး၊ တော်တော် စဉ်းစဉ်းစားစားမှ ယုတ္တိရှိမှ သူကယုံတာကို၊ ဒီတော့ သူကမယုံဘူး၊ မယုံတော့ သူ့ဒကာမကြီးက ယုံနေတော့ ကိုယ်တော် ဒါလေးတစ်ခုတော့ ယုံစမ်းပါအုံးလို့ ပြောတယ်၊ ဟာ–ကျုပ်ကစိတ်ကမှမယုံတာဗျ၊ ဘယ့်နှယ်လုပ်ယုံလို့ဖြစ်မလဲဆိုတော့ စိတ်ကမယုံတဲ့ဟာ ကျုပ်ကမယုံနိုင်ဘူး၊ မယုံလို့ရှိရင်ဖြင့် သူ့အမေက သူ့သားတစ်စုံတစ်ရာ ဖြစ်မှာစိုးလို့ပါ၊ ဒါကြောင့်မို့ သူက စိတ်ထဲ သူကတော့ ယုံနေတာကို၊ ဒါမယုံလို့ရှိရင် ဘာဖြစ်လိမ့်မယ် ညာဖြစ်လိမ့်မယ်၊ ချောက်ထားတာရှိတယ်၊ အဲဒါနဲ့ သူ့သားမယုံလို့ရှိရင် တစ်စုံတစ်ရာ ဖြစ်ရချည့်ရဲ့ဆိုပြီး သူကစိုးရိမ်လို့ ကိုယ်တော်လေး ဒါတစ်ခုတော့ယုံလိုက်ပါတော့၊ မယုံနိုင်ဘူးခင်ဗျ၊ ကျုပ်က ဒါကတော့ ကျုပ်စိတ်ထဲကမှ မယုံဘဲနဲ့ဘယ်နှယ်လုပ် ယုံလို့ဖြစ်မလဲ၊ ယုံဆိုတာဟုတ်တယ် ယုံဆိုတာ သူ့ဟာသူယုံမှ ဖြစ်တာ၊ သူများပြောလို့ ယုံပါဆိုလို့ မဖြစ်ဘူး၊ သူ့ဉစ္စာ အဲဒါအရေးကြီးပါတယ်။

အဲဒါ လိုရင်းကတော့ သဒ္ဓါယုံကြည်မှုဟာ ခုနက ပြောတဲ့ ဒကာမကြီးတို့ကတော့ တွေ့ကရာတွေ လျှောက်ယုံနေတာ၊ ဘာမှ သူမစဉ်းစားဘူးဟုတ်လား, မဟုတ်လား မစဉ်းစားဘူး၊ အဲဒီမစဉ်းစားဘဲနဲ့ တွေ့ကရာတွေ လျှောက်ယုံလို့ရှိရင်လဲ အလုပ်မလုပ်တော့ဘူး၊ သူကတွေ့ကရာယုံပြီးပြီ၊ စဉ်းစားစရာပေါ့၊ ပညာမရှိတော့ တစ်ခါတည်း၊ ပညာ တံခါးပိတ်နေတယ်၊ အဲဒါကြောင့် သဒ္ဓါဣန္ဒြေ–သဒ္ဓါတရား လွန်ကဲနေလို့ရှိရင်လဲ ပညိန္ဒြေက အလုပ်မလုပ်ရဘူးတဲ့၊ ငါးဌာန သူ့ဟာနဲ့သူ ဝေအလုပ်

လုပ်ရမှာကို၊ ဝေအလုပ်လုပ်ရမည့်ဥစ္စာ ပညာနဲ့နေကေ သူတစ်ခုတည်းနဲ့ သူက တွေ့လိုက်တာနဲ့ယုံတယ်၊ ဟုတ်ပြီဆိုပြီး ဆုံးဖြတ်ပြီး ပညာက မစဉ်းစားရတော့ဘူး ဒါ–ပြီးပါရော။

တစ်ခါတည်း မဟုတ်တာတွေလဲ လျှောက်ပြီးတော့ ယုံနေတာရှိတယ်၊ အဲဒါတွေ မြန်မာပြည်မှာ တော်တော်များပါတယ်၊ အခုတော့ ဒီတရားကို ကျကျနန အားထုတ်တဲ့ပုဂ္ဂိုလ်တွေက အင်မတန်ကို ဟန်ကြပါတယ်၊ အင်မတန်ကို ကျေးဇူးများတယ်၊ ဒီလိုမဟုတ်လို့ရှိရင် ဟိုလိုလို ဒီလိုလိုနဲ့ ဒါတွေ တော်တော်ရှုပ်ပါတယ်၊ စိတ်ပျက်စရာ အင်မတန်ကောင်းပါတယ်၊သူက သူများတွေ ပြောရတာလဲ တယ်မကောင်းဘူး၊ အဲဒါတွေဟာ သဒ္ဓါသက်သက်နဲ့ မဟုတ်တာတွေ ယုံကြည်ပြီးတော့ လုပ်နေတာတွေ မဟုတ်တာတွေပြော၊ ဘာမှ ကျေးဇူးမများဘူး၊ အင်မတန် အကျိုးမဲ့ဖြစ်ပါတယ်။

သဒ္ဓါအားကြီးလို့ရှိရင် မုတ္တစာဂ အချီးအနီး အကျိုးမဲ့ယုံကြည်ခြင်း ဖြစ်တတ်ပါတယ်တဲ့၊ ယုံကြည်စရာအကြောင်းမရှိဘဲနဲ့ ယုံလို့ရှိရင်လဲပဲ အကျိုးမဲ့တွေ ဖြစ်သွားတတ်ပါတယ်တဲ့၊ ပညာက လွန်ကဲနေတဲ့ပုဂ္ဂိုလ်၊ ပညာ လွန်ကဲတဲ့ ပုဂ္ဂိုလ်ကတော့ အကုန်လုံး စူးစမ်းဆင်ခြင်မှုတွေများနေတာ တစ်ချို့ပညာလဲမတတ်ပါဘူး၊ စဉ်းစားတာ များနေတာပါပဲ၊ တကယ့်ပညာကဖြင့် လွန်နေပါပြီ၊ တကယ့် ဉာဏ်ပညာကတော့ မလွန်ဘူး၊ ခုလွန်တယ်ဆိုတာကတော့ စူးစမ်းတဲ့ဟာ ဆင်ခြင်တာ တကယ့်ပညာက အရဟတ္တမဂ်–အရဟတ္တဖိုလ်ထိအောင် ဘယ်လောက်တက်တက် လမ်းဆုံးနေတာပဲ သူကတော့ လွန်တယ်မရှိပါဘူး၊ ဉာဏ်အစစ်ကတော့ မလွန်ပါဘူး၊ သူဟာ ဉာဏ်အစစ်မဟုတ်လို့ ဟိုကဆင်ခြင်တာတွေ၊ အဲ–စဉ်းစားဆင်ခြင်တဲ့ ဥစ္စာတွေ ဝိတက်တို့ဘာတို့ နေမှာပေါ့လေ။

ဒါတွေက စဉ်းစားဆင်ခြင်တဲ့ ဝိတက်, ဝိစာရတွေ၊ အဲဒါတွေ အဲဒီပညာတွေ လွန်ကဲနေလို့ရှိရင်လဲ သဒ္ဓါက အလုပ်လုပ်လို့မဖြစ်ဘူး၊ သူက တွေ့ကရာ မယုံဘဲဟာကို၊ စူးစမ်းဆင်ခြင်တယ်၊ စူးစမ်းဆင်ခြင်မှုနဲ့ချည်းပဲ လုပ်နေတယ်၊ ဥပမာ–ကုသိုလ်ကောင်းမှုဆိုတာဟာ ကုသိုလ်ဆိုတာဟာ စိတ်တွင် ဖြစ်တာပဲတဲ့၊ အဲဒီတော့ စိတ်ထဲကကုသိုလ်စိတ်လုပ်လိုက်ရင် ကုသိုလ်ဖြစ်တာပဲ၊ ဉာဏ်က ဒီလိုစူးစမ်းဆင်ခြင်ပေးတာကို အခု အဘိဓမ္မာတို့ ပရမတ်သမားတွေပေါ့လေ၊ ပရမတ်တွေ လွန်လွန်ကဲကဲဟူတဲ့ ပုဂ္ဂိုလ်တွေ အဲဒါမျိုးတွေ ဖြစ်တတ်တယ်၊ သူ့ဟာ ကုသလာဓမ္မာ ကုသိုလ်တရားဆိုတာ စိတ်တွင်ဖြစ်တာကို စိတ်တွင်ဖြစ်တော့ ဒါနဆိုလဲပဲ လှူဒါန်းတဲ့ ဝတ္ထုပစ္စည်းတွေ မရှိပေမယ်လို့လဲ စိတ်ကူးနဲ့ လှူလိုက်လို့ရှိရင် ဒါနမြောက်တာပါပဲ၊ ပြီးတာပါပဲဆိုပြီးတော့ တစ်ခါတည်း ဘာမှလှူစရာတန်းစရာ တကယ့်အလုပ်လုပ်စရာ မလိုဘူး၊ စိတ်ကူးနဲ့ ချည်းပဲလှူနေတယ်၊ ဟိုမှာ ဘုရားတွေပင့်ပြီးတော့လှူလိုက်၊ သူကဟန်ကြတယ်၊ စိတ်ကူးနဲ့ချည်းလှူနေတာ အင်မတန်သက်သာတယ်၊ ဟန်ကျတယ် လှူဖွယ်ဝတ္ထုတွေ ဘာမှမကုန်ဘူး၊ စိတ်ထဲတွင် အလှူကြီးတစ်ခုတော့ပြီးသွားရော ပူဇော်ပွဲကြီးတစ်ခုလုပ်တာလဲ ဖြစ်တာပါပဲဆိုပြီး အဲဒီ ဟိုဟာတွေလုပ်တတ်တယ်တဲ့၊ သူက ဒါ အဋ္ဌကထာက ပြောတာပါ၊ ဘုန်းကြီးကပြောတာ မဟုတ်ဘူး၊ ဘာနဲ့တူနေသတုန်းဆိုတော့ ဘေသဇ္ဇ သမုဋ္ဌိတော ရောဂေါဝိယ အာကာ့ ကိဏ္ဏော–တဲ့။ ဆေးကြောင့်ဖြစ်တဲ့ ရောဂါများလိုပဲတဲ့၊ မူလရောဂါ သူ့ဟာသူဖြစ်နေတာက သင့်လျော်တဲ့ဆေးနဲ့ ကုလိုက်ရင် လွယ်လွယ်ပဲတဲ့။

အေး–ဆေးမှားပြီး ဖြစ်သွားတဲ့ရောဂါက အကုရခက်တယ်တဲ့၊ အဲဒါများလိုပဲတဲ့၊ ဉာဏ်ပညာတွေ စူးစမ်းဆင်ခြင်မှုတွေက များနေရင်ဖြင့်ရင် စူးစမ်းဆင်ခြင်မှုကြောင့် ဟိုစဉ်းစားဒီစဉ်းစားနဲ့ ခုနပြောတဲ့ ပရမတ် သဘောတွေ ဘာတွေ လွန်သွားတာပေါ့လေ၊ စဉ်းစားရုံနဲ့ စိတ်နှလုံးသွင်းရုံနဲ့ ဒါနလဲမြောက်နိုင်တယ်၊ သီလလဲပဲ ဖြစ်နိုင်တယ်၊ ဘာဝနာဆိုလဲ နှလုံးသွင်းရင်ပြီးတာပါပဲ၊ တရားအားထုတ်ဖို့ မလိုပါဘူးဆို တစ်ချို့က အဟုတ်ကို ဟောနေတာ၊ အဟုတ်ကို ဟောနေတာ၊ အရပ်ထဲမှာ အခုကြားကြားနေတယ်၊ မလိုပါဘူးတဲ့၊ ဒီဥစ္စာ စိတ်နှလုံးသွင်းလိုက်လို့ရှိရင် ဒီဥစ္စာတွေ သိနေပြီးတာပါပဲ၊ ဘာမှ တရားအားထုတ်ဖို့ မလိုဘူးဆိုပြီး ဒီလိုဟောတာကို၊ အဲဒီတော့ ဒီလိုဟောတော့ တစ်ချို့ကလဲ ယုံမှာပဲ တစ်ချို့ကလဲပဲ အဲဒီလို အားမထုတ်ရတာကို သဘောကလဲ ခက်ကြကြကို၊ သူ့ဟာ ဘာမှ မလုပ်ရတဲ့ဥစ္စာ သူ့ဟာ သက်သက်သာသာပဲ ကောင်းတာပဲ အဲဒီတော့ သဘောကြပြီးတော့နေတယ်။

ဒါတွေဘာဖြစ်တုံးဆိုတော့ မဂ်ဖိုလ်လမ်းပိတ်တယ်၊ အတော်ကြောက်စရာကောင်းတယ်၊ အဲဒါတွေ တရားအားထုတ်ဖို့ မလိုပါဖူး၊ ဒါ–ဒါသိရင် တော်ပါပြီ၊ ဒါလေးနှလုံးသွင်းလိုက်ရင်ပြီးတာပါပဲ၊ အဲဒါကို သဘောကြပြီး ယုံနေကြတဲ့ပုဂ္ဂိုလ်တွေ ဒါသူအားမထုတ်တော့ဘူး၊ အားထုတ်လို့ရှိရင် ဖြစ်မည့်ကုသိုလ်တွေတောင် မဖြစ်ရတော့ဘူး၊ ဟိုမဂ်ဖိုလ်တွေ ဆိုတာထားပါအုံးတော့၊ သူ့ဥစ္စာ အားထုတ်လို့ရှိရင်ဖြင့် ၁–ရက်လောက် အားထုတ်ရင် ၁–ရက်အတွင်း သူပါရမီကုသိုလ်ဖြစ်ရမှုကို အဲဒါကို မဖြစ်ရတော့ဘူး၊ အားထုတ်ဖို့မလိုပါဘူးဆို၊ ဒါသဘောကြတော့ အားမထုတ်ဘဲနေတော့ အဲဒီလို နစ်နာပြီးတော့ သွားတယ်၊ ဒါက ပညာတွေလွန်နေတာ စူးစမ်းဆင်ခြင်မှုတွေလွန်နေတာ ဒီရပ်တရား နာမ်တရားတွေ ဒီလိုစဉ်းစားလိုက်ရင် ဒီလိုသိနေမှာပဲ၊ မထူးပါဘူးဆိုပြီးတော့ သူက ဒီလိုအောက်မေ့နေတာကို၊ အေး–ကျမ်းဂန်ဒေသနာအရနဲ့ အဘိဓမ္မာဒေသနာအရနဲ့ ရုပ်တရားက ဒီလို နာမ်တရားကဒီလို ဒါ–ဒါပါပဲ၊ သည်လောက်ပါပဲ၊ မထူးပါဘူး၊ ဒီလိုသိတယ်၊ အဲဒီတော့ ဒါနဲ့ပြီးပါပြီ ဆိုပြီးတော့ ဒီလိုအောက်မေ့တာကို၊ အဲဒါဉာဏ်တွေ လွန်နေတာတဲ့၊

ဘယ်–ဒီလိုနဲ့ ပြီးတာ ဟုတ်လိမ့်မှာတုံး၊ ကိုယ်တိုင် သိဖို့ရာလိုသေးတဲ့ ဥစ္စာ သူတို့ဟာ ကျက်ထားတာတွေ ဟိုမှာ သူများပြောတာတွေနဲ့ စာအုပ်ထဲကဟာတွေ၊ သူလျှောက်ပြီးတော့ ပြောပြီးတော့ အဲဒီဟာ နားထောင်တဲ့ ပုဂ္ဂိုလ်တွေက သူပြော တဲ့ဟာတွေ မှတ်ထားတာသိတယ်ဆိုပြောနေတာ တကယ်သိတာမှမဟုတ်ဘဲ၊ အေး–တကယ်သိဖို့ရာက လိုတယ်၊ တကယ်သိဖို့ ရာလိုလို့ မြတ်စွာဘုရားက တရားအားထုတ်ဖို့ရာတွေ ဟောရတာပေါ့၊ မြတ်စွာဘုရားက တရားဟောရတယ်။

ပထမစပြီးတော့ ဓမ္မစကြာ တရားဟောတယ်၊ ဓမ္မစကြာတရားဟောတော့ ရှေးဦးစွာ ရှင်ကောဏ္ဍညမထေရ် တရားနာ နေရင်း တရားသဘောတွေပေါက်ပြီး အစဉ်အတိုင်း ဝိပဿနာဉာဏ်တွေ ဖြစ်ပြီးတော့ အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက် သောတာပန်ဖြစ်သွားတာကို၊ ရှင်ကောဏ္ဍညနဲ့အတူ တရားနာနေတဲ့ပုဂ္ဂိုလ်တွေ ၄–ဦးရှိသေးတာကို၊ ပဉ္စဝဂ္ဂီ ၅–ဦးထဲက ၄– ဦးကျန်နေတယ်၊ ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ အဲဒီ ၄–ပါးက တရားနာရုံနဲ့ သူတို့မဂ်ဖိုလ်တရား မရသေးဘူး၊ မရသေး တော့ ဒီပုဂ္ဂိုလ်တွေ တရားအားထုတ်ရတယ်၊ အဲဒီကနေပြီးတော့ သူတို့ ဆက်ပြီးတော့ အားထုတ်နေတယ်၊ တချို့ ဆွမ်းခံ မသွားဘဲတောင် အားထုတ်နေကြတာ၊ အဲဒီလို အားထုတ်ပြီးတော့ နေတော့မှ နောက် ၁–ရက်ကြာတော့ကို ဝပ္ပမထေရ်က သောတာပန်ဖြစ်တယ်၊ နောက် ၂–ရက်မြောက်ကြတော့မှ ဘဒ္ဒိယမထေရ်က သောတာပန်ဖြစ်တယ်၊ ၃–ရက်မြောက်ကြတော့မှ မဟာနာမ် မထေရ်က သောတာပန်ဖြစ်တယ်၊ ၄–ရက်မြောက်ကြတော့ အဿဇိမထေရ်က သောတာပန်ဖြစ်တယ်၊ အဲဒီလိုအား ထုတ်ပြီးတော့ ယူရတယ်၊ အဲဒါဟာ အားမထုတ်ဘဲနဲ့ ဒီလိုဟောလိုက်ရုံနဲ့ သိသွားရုံနဲ့ပြီးပါပြီဆိုရင် ဘုရားက အားထုတ်ခိုင်း မှာ မဟုတ်ပါဘူး၊ အားထုတ်ခိုင်းနေဖို့ လိုမှာမဟုတ်ပါဘူး၊ ဘုရားက ခဏခဏ ဟောမှာပေါ့၊ ဒီတစ်ခါနဲ့ နားမလည်သေး နောက်တစ်ခါ ဟောလိုက်မှာပေါ့။

ပြီးတော့ ဟိုတုန်းက မြတ်စွာဘုရားက ဟောတာပဲ၊ ဘုရားထက်ပိုပြီး ဘယ်သူ ကောင်းအောင် ဟောနိုင်လိမ့်မတုံး၊ သူ့ဟာ နားလည်အောင်လို့ ဘုရားကအဟောနိုင်ဆုံးပဲ၊ ဘယ်လိုဟောရင် နားလည်မယ်ဆိုတာ ဒါအကုန်လုံး ဘုရားက သိနေ တာပဲ၊ ဒီထက်ပိုပြီး ကောင်းအောင်တော့ ဘယ်သူမှ မဟောနိုင်ဘူး၊ ပြီးတော့ တရားနာတဲ့ ပုဂ္ဂိုလ်တွေကလဲ ပဉ္စဝဂ္ဂီ ငါးဦးဆို တာ တရားဦးကို နာရတဲ့ပုဂ္ဂိုလ်ထူးတွေပါပဲ၊ တကယ့်ပုဂ္ဂိုလ်ထူးတွေ လောကဘက်ကလဲ သူတို့တကယ် ပညာရှိတွေပဲ၊ ပညာရှိ ကြီးတွေ ဟိုခေတ်တုန်းက ဝေဒကျမ်းတွေမှာ ကောင်းကောင်း တတ်မြောက်ပြီးတော့နေတဲ့ ဗြဟ္မဏပညာရှိကြီးတွေ တကယ့် ပုဂ္ဂိုလ်ကြီးတွေ၊ ဉာဏ်ထူးပုဂ္ဂိုလ်ကြီးတွေ၊ အဲဒီတော့ ပါရမီ အနေအားဖြင့်လဲပဲ တရားဦးကို နာရတဲ့ပုဂ္ဂိုလ်တွေ သာသနာဦးက အဦးဆုံး သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေ၊ သူတို့ပုဂ္ဂိုလ်ထူးတွေပဲ၊ ဒီပုဂ္ဂိုလ်တွေလဲ အညံ့တွေမဟုတ်ဘူး၊ သူက ဒီတော့ ဘုရား ဟောတဲ့တရား သူတို့နားမလည်ဘဲ နေမှာမဟုတ်ဘူး၊ နားလည်မှာပဲ။

နားလည်ရုံနဲ့ သူကမပြီးသေးဘူး၊ မပြီးသေးလို့ သူက အားထုတ်ရတယ်၊ နောက်အခါကာလတွေမှာလဲ မြတ်စွာဘုရား က တရားအားထုတ်ဖို့ရာ တိုက်တွန်းတော့ ရဟန်းတွေ တောကျောင်း တောင်ကျောင်းမှာနေပြီး ဒီလို အားထုတ်ကြရတာပဲ၊ အားထုတ်ပြီးတော့ တချို့ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်တွေက လာပြီးတော့ မြတ်စွာဘုရားထံ လျှောက်ကြတယ်။

အနာဂါမ်စသည်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေကလာပြီးတော့ လျှောက်ကြတယ်၊ အဲဒါတွေ ဝတ္ထုကြောင်းတွေ, သက်သေသာဓက တွေ အများကြီးရှိပါတယ်။

ဒီတော့ ဒီရုပ်တရား, နာမ်တရားတွေ ဒီလိုနှလုံးသွင်းဆင်ခြင်ရုံနဲ့ ပြီးတယ်ဆိုတဲ့ ဥစ္စာကတော့ မဖြစ်နိုင်တဲ့ဥစ္စာ၊ ဒါပေမယ်လို့လဲ တချို့ပုဂ္ဂိုလ်က အဲဒီလို စဉ်းစားဆင်ခြင်ပြီးတော့ ပြော–ဟောနေတာတွေရှိတယ်၊ ဒါဘာတုံးဆိုရင် ပညာတွေ လွန်နေတာ၊ ပညာလဲပဲ ခုနကပြောတဲ့ ဝိပဿနာပညာလဲ မဟုတ်ဘူး၊ သူ့ဥစ္စာ ဘာဝနာပညာလဲမဟုတ်ဘူး၊ ဒါ–စူးစမ်း ဆင်ခြင်တဲ့ သူတို့အထင်အမြင်နဲ့ စူးစမ်းဆင်ခြင်နေတဲ့ အသိဉာဏ်တွေပဲ၊ သေသေချာချာ တရားကိုယ်အရ ကောက်လိုက်လို့ရှိ ရင်တော့ ဒါ ဝိတက်ဝိစာရတွေဖြစ်မှာပဲ၊ အဲဒီဟာတွေလွန်နေလို့ရှိရင် ခုနကပြောတဲ့ သဒ္ဓါတရားက ယုံကြည်မှုက မဖြစ်ရတော့ ဘူး၊ ဒီလိုအားထုတ်ရင် ဒီလိုဖြစ်လိမ့်မယ်လို့ ယုံကြည်မှုမရောက်တော့ဘူးလား၊ ဟော–သဒ္ဓါတရားပျက်ကရော၊ သဒ္ဓါတရား အလုပ် မလုပ်ရတော့ဘူး။

အဲဒါကြောင့် သဒ္ဓါနဲ့ပညာ ညီမျှစေရမယ်တဲ့၊ အဲဒါက တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲ ဒီလိုစိတ်တွေ ဖြစ်တတ် တယ်၊ ဒါအရေးကြီးလို့ ပြောနေရတာ တရားအားထုတ်နေရင်းလဲပဲ ဒီလိုအားမထုတ်ဘဲနဲ့ ရုပ်တရား နာမ်တရားတွေ ခွဲလိုက် ရင် ပြီးမှာပါပဲလို့ စိတ်ထဲက ထင်မြင်သွားတတ်တယ်၊ အဲဒါတွေလဲ အများကြီးရှိတယ်၊ ဟိုမှာ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေက အဲဒီလို ထင်တတ်တယ်၊ ဟာ–ဒို့ခုမှတ်နေတာတွေက အဘိဓမ္မာကလာတဲ့အတိုင်း မစုံသေးဘူး၊ မပြည့်စုံသေးဘူး၊ အဲဒီတော့ ဒီလိုဟာ ဟုတ်မှ ဟုတ်ပါ့မလားဆိုပြီးတော့ စဉ်းစားဆင်ခြင်မှုတွေဝင်လာ၊ အဲဒါနဲ့ သဒ္ဓါတရားမဖြစ်ရတော့ဘူး၊ ဒီလိုရှုရင် မှတ်ရင် ရှုမှတ်သိတာလေးဟာ သဘာဝအမှန်အတိုင်းသိတဲ့ အသိဉာဏ်ကလေးပဲလို့ ယုံကြည်ရမည့် သဒ္ဓါတရားတွေ မဖြစ်ရ တော့ဘူး၊ သူက အပေါ်ကနေ ပိတ်ထားလိုက်တာနဲ့ အဲဒါတွေ ဖြစ်တတ်တယ်။

ဒါကြောင့်မို့ သူက စဉ်းစားဆင်ခြင်မှု ဉာဏ်ပညာတွေ လွန်ကဲနေလို့ရှိရင် သဒ္ဓါယုံကြည်မှုတွေဟာ မဖြစ်နိုင်ဘူးတဲ့၊ ဒါကြောင့်မို့ သဒ္ဓါနဲ့ပညာဟာ ညီမျှပါစေတဲ့ ယုံသင့်ယုံထိုက်တာတွေ ယုံပေါ့လေ၊ စဉ်းစားတယ်ဆိုတော့ အဲဒီလို စဉ်းစားထိုက်တဲ့ဟာတွေစဉ်းစား၊ လုံးလုံးမစဉ်းစားဘဲနဲ့လဲ မနေနဲ့။ ပြောတိုင်းပြောတိုင်းလဲ ပိုပြီးတော့မယုံနဲ့၊ အဲ–ပြောတိုင်းပြောတိုင်း အကုန်လုံး ပယ်ချပြီးသကာလ ကိုယ့်စဉ်းစားချက်ကလေးတင်ကိုလဲ အတည်ပြုပြီးတော့ မထားနဲ့၊ အသင့်ယုတ္တိရှိတာ အသင့်ယုတ္တိရှိတဲ့အတိုင်း လိုက်ပြီး သကာလ သူ့ဟာ ယုံရဦးမှာကို၊ ယုံကြည်မှုနဲ့ စဉ်းစားဆင်ခြင်မှု ညီမျှပါစေတဲ့၊ သဒ္ဓါနဲ့ ပညာ ညီမျှပါစေတဲ့၊ ဝီရိယနဲ့ သမာဓိ ညီမျှပါစေတဲ့၊ ဝီရိယက သိပ်ပြီး ကြောင့်ကြစိုက်အားထုတ်နေလို့ရှိရင်လဲ သမာဓိ မဖြစ်ဘူး၊ သမာဓိမဖြစ်တော့ တရားမတိုးတက်ဘူး။

မြတ်စွာဘုရားလက်ထက်တုန်းက အရှင်သောဏ မထေရ်၊ သူသေဋ္ဌေးသားပဲ၊ သူကတော့ သေဋ္ဌေးသားမှ တကယ် ချမ်းသာတဲ့ သေဋ္ဌေးသား၊ ငယ်ငယ်ကစပြီးတော့ သူဟာမြေကြီးပေါ်တို့ ဘာတို့ နင်းဖူးပုံမရပါဘူး၊ ခြေထောက်တွေများ နုပြီးတော့နေလိုက်တာ တစ်ခါတည်း ခြေဖဝါးတွေကနေပြီးတော့ အမွေးတွေတောင် ပေါက်နေတယ်ဆိုတယ်၊ အင်မတန် နူးညံ့နေတယ်၊ အိမ်ပေါ်တိုက်ပေါ်မှာ နေတော့ အင်မတန် နူးညံ့တဲ့ ကော်ဇော အခင်းတွေ ဘာတွေပေါ်မှာ နင်းပြီး သွားလာနေရတယ်၊ ပြီးတော့လဲ ဘယ်လိုပဲ နုနု အချို့တွေ့ကရာလူတော့လဲ ပေါက်မယ်တော့ မဟုတ်ပါဘူး၊ သူပေါက်တဲ့အမျိုးအနွယ်မို့နဲ့တူပါရဲ့၊ သို့သော်လဲ ကြမ်းကြမ်းတမ်းတမ်းတွေ နေရင်တော့ ပေါက်နိုင်မှာတော့ မဟုတ်ပါဘူး။

အဲဒီ နူးညံ့တဲ့အတွက်ကြောင့် ခြေဖဝါးတွေတောင် အမွေးတွေက ပေါက်ပြီးတော့ နေတယ်တဲ့၊ ဒီသေဋ္ဌေးသားက အင်မတန်ကို နူးညံ့တဲ့သေဋ္ဌေးသားပဲ၊ အဲဒါ နောက်အချိန်ကြတော့ကို မြတ်စွာဘုရားထံရောက်ပြီးတော့လာတော့ တရားဟောတော့၊ ဒီတရားဟာဖြင့် လူ့ဘောင်နေပြီး အားထုတ်လို့တော့ စင်စင်ကြယ်ကြယ် မဖြစ်နိုင်ဘူး၊ စိတ်တိုင်းစိတ်တိုင်း စင်ကြယ်အောင် အားထုတ်ရတဲ့ တရားပဲ။

ဒီတော့ကို သာသနာဘောင်ဝင်ပြီး ရဟန်းပြုမှ ကောင်းမှာပဲလို့ ပလိဟေဝ ကင်းအောင် သာသနာ့ဘောင်ဝင် ရဟန်းပြုမှ၊ ဟိုတုန်းက အံ့ဩစရာ အင်မတန်ကောင်းတယ်၊ ပုဂ္ဂိုလ်တွေတော်တော်အံ့ဩစရာကောင်းတယ်၊ မြတ်စွာဘုရားဟောတဲ့ တရားတွေကြားနာပြီးတော့ အင်မတန်ချမ်းသာနေတဲ့ သေဋ္ဌေးသားတွေ သေဋ္ဌေးတွေကနေပြီးတော့ သာသနာဘောင်ဝင်လာတာ အံ့ဩစရာ အင်မတန်ကိုကောင်းတယ်၊ ဟိုတုန်းကတော့ သာသနာဘောင်ကလဲ အခုကာလလို ပြည့်ပြည့်စုံစုံမဟုတ်ဘူး၊ လောကဘက်က ပြည့်စုံတာမဟုတ်ဘူး၊ တရားဘက်ကတော့ဖြင့် ဟိုတုန်းက မြင့်မြတ်တာပေါ့လေ၊ လောကဘက်ကနေပြီးတော့ ကျောင်းမရှိသေးဘူး၊ ဟိုတုန်းက သင်္ကန်းဝတ်ပြီးလို့ရှိရင် ကျောင်းနေစရာမရှိဘူး၊ သစ်ပင်အောက် နေရမယ်တဲ့၊သင်္ကန်းကလဲပဲ ဘယ်သူကမှ၊ ဒကာတွေက လှူဖို့ရာရယ်လို့ မရှိသေးဘူး၊ ပုံ့သကူကောက်ပြီး ဝတ်ရမယ်၊ ကျောင်းကလဲ သစ်ပင်အောက်နေရမယ်၊ သင်္ကန်းကလဲ ပုံ့သကူရှာပြီးတော့ ဝတ်ရမယ်။

ဆွမ်းကလဲပဲ ဒီလိုပင့်ဖိတ်ပြီးဆွမ်းကျွေးတဲ့ ဒကာတွေ ဘာတွေရယ်လို့ရှိကြတာ မဟုတ်သေးဘူး၊ နည်းနည်းပါးပါးတော့ရှိတယ်၊ သိပ်မရှိသေးဘူး၊ ဒါပေမယ်လို့ အချိန်တန်လို့ရှိရင် ဆွမ်းခံပြီးစားရတယ်၊ ဆွမ်းခံပြန်တော့လဲ အဲဒီတုန်းက သာသနာက ထွန်းပကာစ, စကာစဆိုတော့ သာသနာအကြောင်းလဲ မသိသေးတော့ ဆွမ်းလောင်းမည့် လူတွေကလဲ သိပ်ပြီးတော့ ရှိလှမယ် မဟုတ်သေးဘူး၊ အဲဒီလို အခါကာလကြီးမှာ မိမိတို့လက်ရှိဖြစ်တဲ့ လောကစည်းစိမ်ကြီးတွေကို အင်မတန်ကြီးကျယ်တဲ့ သေဋ္ဌေးစည်းစိမ်ကြီးတွေကို အကုန်လုံးစွန့်ပြီးတော့ သာသနာဘောင်ဝင်ပြီး ရဟန်းပြုတာ တော်တော်အံ့ဩစရာကောင်းတယ်၊ အင်မတန် ကြည်ညိုစရာကောင်းတယ်၊ ဘာဖြစ်လို့ ဒီလိုပြုရသလဲဆိုရင် သူတို့ အိုခြင်း, နာခြင်း, သေခြင်း အစရှိသော သံသရာဆင်းရဲတွေ၊ သူတို့စိတ်ထဲမှာ တကယ့်ကို ထင်နေတာကို၊ ပါရမီကလဲရှိလို့ပေါ့လေ၊ ပါရမီမရှိတဲ့ ပုဂ္ဂိုလ်တွေကြတော့ ဘာမှပြောလို့လဲ မထင်ပါဘူး၊ ကြောက်ရမှန်းလဲ မသိပါဘူး၊ သတ္တိအင်မတန်ကောင်းနေပါတယ်၊ သူကလဲ ပါရမီရှိတဲ့ပုဂ္ဂိုလ်တွေကတော့ ရှေးကပါရမီမျိုးစေ့ရှိပြီးတော့ လာတော့ ယခုအကြောင်းကလေး တစ်ခုခု တွေ့ရ ကြားရလို့ရှိရင် တစ်ခါတည်း သံဝေဂတွေဖြစ်ပြီးတော့လာတယ်၊ တရားနှလုံးသွင်း အားထုတ်ဖို့ရာကိုလဲ လာတယ်။

အဲဒါကြောင့် အိုခြင်း, နာခြင်း, သေခြင်း အစရှိသော သံသရာ ဝဋ်ဆင်းရဲတွေ တစ်ခါတည်းလောလောဆယ် တွေ့ရတော့မယ်၊ ဤသို့ တစ်ခါတည်းထင်ပြီးတော့ ဝဋ်ဆင်းရဲတွေက လွတ်မြောက်အောင်လို့ တရားအားထုတ်ဖို့ရာ ရည်ရွယ်ပြီးတော့ သာသနာဘောင်ဝင် ရဟန်းပြုပြီးတော့ တရားအားထုတ်တာပဲ၊ အားထုတ်တော့ ခုနသေဋ္ဌေးသားက နည်းနည်းအားထုတ်တာမဟုတ်ဘူး၊ တင်းတင်းရင်းရင်း လွန်လွန်ကျွံကျွံကို အားထုတ်နေတာ၊ စက်ဦးလျှောက်ပြီးတော့ အားထုတ်နေတာ၊ ဒါပြင်နေရာမှာနေတော့ သေဋ္ဌေးသားဆိုတော့ မျက်နှာကြီး ဂုဏ်သရေရှိတဲ့ပုဂ္ဂိုလ်ဆိုတော့ သူ့မိတ်ဆွေတွေရှိတာကို၊ အဲဒီမိတ်ဆွေတွေက လာလာပြီးသကာလ စကားပြောနေ ဒါကြောင့်မို့ သူက သင်္ချိုင်းမှာသွားနေတယ်၊ သင်္ချိုင်းဆိုတော့ လူတယ်မလာချင်ဘူး၊ ခုကာလ သင်္ချိုင်းလို့ဆိုရင်လဲ လာဦးမှာပါပဲ။

ရှေးတုန်းက သင်္ချိုင်းက တောထဲမှာ အဲဒီသင်္ချိုင်းဆိုတာ လူတယ်မသွားဝံ့ဘူး၊ အဲ–တောထဲက သင်္ချိုင်းမှာ သူသွားပြီးတော့နေတယ်၊ သွားနေတော့ သူ့စိတ်ထဲအောက်မေ့တယ်၊ ငါငယ်ငယ်တည်းကစပြီး အင်မတန်ချမ်းချမ်းသာသာနေလာတာတဲ့၊

ပေါ့ပေါ့ဆဆနဲ့ အားထုတ်လို့တော့မဖြစ်ဘူး၊ ငါတင်းတင်းရင်းရင်းတော့ အားထုတ်မှပဲဆိုပြီးတော့ စက်ြ်ိုလျှောက်ပြီးတော့ အားထုတ်တယ်။

ဘယ်လောက် အားထုတ်တုန်းဆို စက်ြ်ိုလျှောက်ပါများတော့ ခြေထောက်ကလဲ နုတာကို၊ ခြေထောက်ကနုတော့ သွေးတွေ တစ်ခါတည်းထွက်တယ်၊ အဲဒီသွေးတွေ ထွက်ပြီးတော့ သွေးတွေထွက်လဲ မလျှော့ဘူး၊ သွားနေတာပဲ သွားနေ မြက်တွေဘာတွေကို သွေးတွေလူးလဲနေတယ် ဆိုတာကို၊ အဲဒီမှာ မြတ်စွာဘုရားက ကြွသွားတယ်၊ ကြွသွားတော့ ဟိုမှာ သူစက်ြ်ိုသွားတဲ့လမ်းကို မြတ်စွာဘုရား လျှောက်ပြီးတော့ ကြည့်တဲ့အခါကြတော့ သွေးစတွေဘာတွေနဲ့ လျှောက်ထားတာကိုတွေ့ရတယ်၊ ဒီမှာ ဘယ်သူသွားသလဲဆိုတော့ အရှင်သောဏ စက်ြ်ိုသွားပါတယ်တဲ့ (အားထုတ်ပါတယ်တဲ့၊) ဒီလိုလျှောက်တာကို၊ ဒါနဲ့ သောဏ ခေါ်ပြီးတော့ မြတ်စွာဘုရားက သြဝါဒပေးရတယ်။

သောဏ–တဲ့၊ သင်ရှေးတုန်းက လူဖြစ်စဉ်အခါကာလတုန်းက စောင်းအတတ်များ တတ်ခဲ့တယ် မဟုတ်လားတဲ့၊ စောင်းတီးတတ်တယ် မဟုတ်လားတဲ့၊ တီးတတ်ပါတယ်တဲ့၊ ဟိုတုန်းကသေဋ္ဌေးသားတွေဆိုတာ သူတို့ ဒီပြင်ဘာအလုပ်မှ မလုပ်ပဲ၊ ဒါပဲ သူတို့ ပျော်ပါးပါးနေဖို့ရာ အတီးအမှုတ်တူရိယာတွေ အကအခုန်တွေ ဒါတွေပဲ သင်ကြားလေ့လာကြတာကို၊ စီးပွားရေးတွေ ဘာတွေကလဲ သိပ် ကြောင့်ကြစိုက်ရတာမဟုတ်ဘူး။

ဟိုတုန်းက အင်မတန်ပြည့်စုံပြီးတော့ နေတဲ့ပုဂ္ဂိုလ်တွေ အဲဒါကြောင့် သူတို့ တူရိယာပညာတွေက တတ်နေတယ်၊ စောင်းအတတ် တတ်ပါတယ်၊ စောင်းအတတ် တတ်လို့ရှိရင်လဲ စောင်းကြိုးဟာလျော့လျော့လေးထားလို့ ရှိရင်ကော တီးလို့ အသံကောင်းပါ့မလားတဲ့၊ ကောင်းကောင်း မမည်ဘူးတဲ့ပြောတယ်၊ သိပ်ပြီး တင်းတင်းကြီး ဆွဲထားလိုက်ရင်ကော ဘယ်နဲ့ နေတုံးတဲ့ ဒါလဲ အသံမကောင်းဘူး၊ သာသာယာယာ မရှိဘူးတဲ့၊ နို့ ဘယ်လိုထားမှ ကောင်းတယ်ဆို၊ မလျော့မတင်းအောင် ကြည့်ပြီးတော့ ထားရတယ်၊ အသံညှိလိုက် တီးကြည့်လိုက်, တင်းကြည့်လိုက်, လျော့ကြည့်လိုက် တော်လောက်တဲ့နေရာ ထားရတာကို၊ မလျော့မတင်း အဲဒီလို ထားရပါတယ်တဲ့။

အဲဒီတော့ မြတ်စွာဘုရားက ငါဘုရားသာသနာမှာလဲ ဒီလိုပါပဲတဲ့၊ လျော့လွန်းအားကြီးရင်လဲမဖြစ်ဘူးတဲ့၊ လျော့နေလို့ရှိရင် သူ့ဟာတရားကို မတက်ဘူး ခုတရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ, တစ်ချို့ ယောဂီတွေလျော့တယ်၊ ကမ္မဋ္ဌာန်းကျောင်းရောက်လာကတည်းက လျော့နေတာမတတ်ဘူး၊ (တစ်နေ့လဲဒီလို–၂) ကမ္မဋ္ဌာန်းဆရာတွေကိုက စိတ်ပျက်ယူရတယ်၊ တစ်ချို့ မတက်ဘဲနေတာ ရှိတယ်။

လျော့နေတာတွေ များသောအားဖြင့် ဘုန်းကြီးပိုင်းက လျော့တတ်တယ်၊ ဘုန်းကြီးပိုင်းတွေ ဒကာပိုင်းတွေက လျော့တတ်တယ်၊ သူက စိတ်ကူးနဲ့ စဉ်းစားဆင်ခြင်ပြီးတော့ သက်သက်သာသာနဲ့ ဖြစ်မလာလို့၊ သူက အဲဒါစိတ်ကူးဘက်ကို သူက အားကိုးပြီးတော့နေလို့ လျော့နေတယ်၊ လုံ့လဝီရိယ သိပ်အားမထုတ်ဘူး၊ ဒကာမတွေပိုင်းကတော့ စိတ်ကူးက သိပ်မကူးတတ်ဘဲဟာကို၊ သူ့ဟာ ဒီက ဆရာသမားက ပြောလိုက်တဲ့အတိုင်း အားထုတ်ရမယ်ဆို နင်းကန်ပြီးအားထုတ်လိုက်တော့ သူတို့ သမာဓိ မြန်မြန်ဖြစ်တတ်တယ်၊ သမာဓိဖြစ်ရင် ဉာဏ်ဖြစ်တာပဲ၊ သမာဓိမဖြစ်ရင် ဉာဏ်ကဖြစ်တာမဟုတ်ဘူး။

သမာဓိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိဆိုတာ တကယ့်ကိုဟုတ်တာ၊ သမာဓိ မဖြစ်ဘဲနဲ့ ဉာဏ်က မဖြစ်ဘူး၊ တစ်ချို့တရားတွေက နှလုံးသွင်းဆင်ခြင်ယုံနဲ့ ဉာဏ်တွေဖြစ်တယ်၊ အောက်မေ့တယ်၊ ဘယ်ဖြစ်လိမ့်မှာတုံး၊ နှလုံးသွင်းဆင်ခြင်ရုံနဲ့ သမာဓိမှမရှိသေးဘဲနဲ့ အဲဒီဟာက ဉာဏ်မှမဟုတ်ဘဲနဲ့၊ သမာဓိကဖြစ်မှ ဉာဏ်ဖြစ်တာ၊ နှလုံးသွင်းဆင်ခြင်ရုံနဲ့ သင်ကြားလေ့လာပြီး ဖြစ်တာတွေက ဒါကတော့ ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ သင်ကြားလေ့လာရင် သူကသိတာပဲ၊ ရုပ်တရား နာမ်တရား သဘောတွေ ဒါတွေ သိတာပဲ၊ အဲဒါတွေက ဉာဏ်မှမဟုတ်ဘဲနဲ့ မှတ်သားထားတာတွေ သညာတွေပဲ၊ အေး–ဉာဏ် အစစ်ကတော့ သမာဓိပေါ်မှီပြီး ဖြစ်တာ။

"သမာဓိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ"ဆိုတဲ့အတိုင်း သမာဓိဖြစ်မှဉာဏ်ဖြစ်တယ်၊ သမာဓိမဖြစ်ရင်ဉာဏ်မဖြစ်ဘူး၊ အဲဒီတော့ သမာဓိဖြစ်လောက်အောင်လို့ တစ်ခါတည်း တင်းတင်းရင်းရင်း အားထုတ်မှဖြစ်တာ အဲ–သိပ်ပြီးတော့ တင်းလွန်းအားကြီးလွန်းလို့ရှိရင်လဲ မဖြစ်ဘူးတဲ့ သိပ်ပြီးတင်းလွန်း သိပ်ပြီးအားထုတ်လွန်း နေလို့ရှိရင်လဲ အဲဒါလဲပဲ ကြောင့်ကြဗျာပါရတွေများလွန်းပြီးသကာလ ဟိုလိုအားထုတ်လိုက်မယ်၊ ဒီလိုအားထုတ်လိုက်မယ်၊ ဟိုလိုမှတ်လိုက်မယ်၊ ဒီလိုမှတ်လိုက်မယ်၊ တရားအားထုတ်ဖို့ရာတွေ ကြောင့်ကြစိုက်ပြီးတော့ ကြံစည်အားထုတ်နေတာနဲ့ ဟိုမှာအမှတ်တွေကလွတ်ကုန်ရော၊ အဲဒီလိုလဲမဖြစ်ဘူး၊ ပျံ့လွင့်တယ်တဲ့။

အဲဒီတော့ မလျော့မတင်း ဖြစ်တိုင်းဖြစ်တိုင်းကို ဖြစ်ရင် မှတ်မယ်လို့ ကိုယ်ကခတ်မှန်မှန်ထားပြီး မှတ်ထားရတာကို၊ ဒါလုံ့လဝီရိယတွေ လွန်နေတဲ့အခါ ကာလပြောတာ၊ အများအားဖြင့်တော့ လွန်လို့ပြင်ရတာ နည်းပါတယ်၊ လျော့လို့ပြင်ရတာ များတာ၊ လျော့လို့ တိုက်တွန်းပေးမှာ၊ ဘာပဲဖြစ်ဖြစ် တုံးတိုက်တိုက် တိုင်တိုက်တိုက် ဖြစ်ချင်ရာဖြစ်ရောဆိုပြီးတော့ နင်းကန်

ပြီးအားထုတ်လိုက်မှ တက်တတ်တယ်၊ သူက အဲ–သိပ်အားထုတ်လွန်းအားကြီးလို့ ပြန်လျှော့ရတာကတော့ နည်းနည်းပါးပါး တော့ရှိတယ်၊ တစ်ချို့ သိပ်အားထုတ်လွန်းကြီးလို့ နည်းနည်းပါးပါးတော့ လျှော့ရတာရှိပါတယ်၊ တစ်ချို့ မအိပ်မနေ သိပ် အားထုတ်လွန်းတော့ အိပ်လိုက်ပါဦးလို့ ခိုင်းရသေးတယ်။ အဲဒီလိုဟာတွေလဲ ရှိပါတယ်။

နည်းတော့ နည်းတယ်၊ လျှော့ရတဲ့ပုဂ္ဂိုလ်က နည်းတယ်၊ မလျှော့ရတဲ့ပုဂ္ဂိုလ်ကများတယ်၊ အဲဒီလို မလျှော့မတင်း အားထုတ်မှ ဖြစ်မယ်လို့ မြတ်စွာဘုရားက စောင်း ဥပမာနဲ့ညွှန်ကြားပြီးတော့ ဟောလို့ အဲဒီမှာ မလျှော့မတင်း အားထုတ်တော့ အရှင်သောမဏာမထေရ်ဟာ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီးတော့ သောတာပန်၊ သကဒါဂါမ် အနာဂါမ် သောတာ ပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် အစဉ်အတိုင်းမဂ်ဖိုလ်တက်ပြီးတော့ ရဟန္တာဖြစ်သွားတယ်၊ အဲဒါဝီရိယ နဲ့သမာဓိညီမျှရမယ်၊ ဝီရိယလွန်နေရင် သမာဓိမဖြစ်ဘူး။

အရှင်အာနန္ဒာမထေရ်လဲပဲ သင်္ဂါယနာပွဲ ကျင်းပခါနီး သူ တရားအားထုတ်တာပဲ၊ ညတွင်းချင်း တစ်ခါတည်း ကိစ္စပြီး အောင်ဆိုပြီး နောက်တစ်နေ့ကြရင် သင်္ဂါယနာပွဲဝင်ရမှာကို၊ ပွဲမီတစ်ခါတည်း ကြိုးစားအားထုတ်လိုက်တာ တစ်ညလုံးစက်ီ လျှောက်ပြီး အားထုတ်တယ်၊ တစ်ညလုံး စက်ီလျှောက်အားထုတ်နေ တရားက မပြည့်စုံသေးဘူး၊ မနက်လင်းကာနီးတောင် ရောက်နေပြီ တရားက မပြည့်စုံသေးဘူး။

ဒီတော့ ရှင်အာနန္ဒာက စဉ်းစားဆင်ခြင်တယ်၊ ဘယ့်နှယ်လဲ မြတ်စွာဘုရားက အားထုတ်ရေး "ကတပုညောတိ အာနန္ဒ" သင်ပြုပြီးသော ကောင်းမှုတွေ ရှိနေတာပဲတဲ့၊ ပါရမီ ပြည့်စုံနေပါပြီတဲ့၊ ကြိုးစားသာ ကြိုးစားပေတော့တဲ့၊ ကြိုးစားရစ် လို့ဆိုရင်ဖြင့် "ခိုပ္ပ ဟောတိ ခီဏာသဝေါ–မကြာခင်ပဲ ကိလေသာ အသဝေါကင်းတဲ့ ရဟန္တာဖြစ်ပါလိမ့်မယ်လို့" မြတ်စွာဘုရား က မိန့်မှာထားခဲ့တယ်၊ အဲဒါလေး သူ့နားထဲလဲကြား စိတ်ထဲလဲပေါ်လာတယ်။

မြတ်စွာဘုရားက ဒီလို မိန့်ထားခဲ့တာပဲ၊ ဘုရားဟောတဲ့ အမိန့်ရှိတဲ့ စကားတော့ အမှန်ဖြစ်မှာပဲ ငါဘာဖြစ်လို့ တရား မတက်ဘဲဖြစ်နေတာတုံး၊ စဉ်းစားတော့ ငါ့ဥစ္စာ လုံ့လဝီရိယတွေ များနေတာပဲလို့ စက်ီလျှောက်တော့ ဝီရိယကများတယ်၊ စက်ီလျှောက်နေတော့ ဝီရိယတွေ ကာယိကဝီရိယ, စေတသိကဝီရိယဆိုတာ စက်ီလျှောက်တဲ့ အခါမှာ နှစ်ခုလုံး ရနေတယ်၊ စေတသိကဝီရိယကတော့ စိတ်ထဲကနေပြီး မှတ်နိုင်အောင်လို့ ကြောင့်ကြစိုက်ပေးနေတာ၊ ကာယိကဝီရိယကတော့ ခြေထောက် ကြွအောင် လှမ်းအောင်လို့ ကြောင့်ကြစိုက်ပေးနေတာရှိရတာကို။

ကာယိယဝီရိယ၊ စေတသိကဝီရိယ ဘီးနှစ်ခုလုံး လည်နေတယ်လို့ ဆိုတာကို၊ အဲဒီတော့ ကြောင့်ကြစိုက်မှုတွေများ နေတော့ စိတ်ကသမာဓိက ကောင်းသင့်သလောက် မကောင်းဘူးပေါ့လေ ရသင့်သလောက်တော့ရတယ်၊ ဖြစ်သင့်သလောက် တော့ဖြစ်တယ်၊ သို့သော်လဲ သမာဓိအားထက် ဝီရိယအားက များနေတာ၊ အဲ–ဝီရိယနဲ့ သမာဓိအားမျှအောင်လို့ဟာ အခန်းထဲ ဝင်ပြီးတော့ အားထုတ်လိုက်ဦးမှပဲလို့ ကမ္မဋ္ဌာန်းကျောင်းထဲဝင်၊ ဝင်ပြီးတော့ လဲ့လိုက်တာ၊ ခုတင်ပေါ်ထိုင်ပြီးသကာလ လဲ့ လိုက်တာ၊ ခုတင်ပေါ်ကထိုင်ပြီး အလဲ့လိုက်မှာ ခေါင်းကလဲ ခေါင်းအုံးပေါ် မရောက်သေးဘူး၊ ခြေထောက်ကလဲ မြေကြီးက တော့လွတ်နေပြီ၊ ဒါကြောင့် မြေကြီးနဲ့ခြေထောက်က လွတ်နေလို့ မတ်တတ်ရပ်နေတယ်လို့ ဒီလိုလဲမဆိုနိုင်ဘူး၊ ခုတင်ပေါ်မှာ တည့်တည့်မတ်မတ် ထိုင်တာမဟုတ်လို့ ထိုင်နေတယ်လဲ မဆိုနိုင်ဘူး၊ ခေါင်းအုံးပေါ်ခေါင်းက မရောက်သေးလို့ အိပ်နေတယ် လဲ မဆိုနိုင်ဘူး၊ သွားနေတာမဟုတ်တာကတော့ ထင်ရှားနေတယ်၊ အဲဒီအတွင်းမှာ ရဟန္တာဖြစ်သွားတယ်တဲ့။

ဣရိယာပုတ် ၄–ပါးနဲ့လွတ်ပြီးတော့ ရဟန္တာဖြစ်တယ်လို့ ဆိုတာကို၊ သို့သော်လဲ အိပ်ဆဲ ဣရိယာပုတ်ထဲပါတော့ ပါဝင်နေပါတယ်၊ အဲဒါ ဣရိယာပုတ် တိတိကျကျမဟုတ်လို့ ဣရိယာပုတ် ၄–ပါးက လွတ်ပြီးတော့ အဲဒီအတွင်း ရဟန္တာ ဖြစ်သွားတယ်၊ အုံ့ဩစရာသိပ်ကောင်းတယ်၊ တရားဟာ ဖြစ်ချင်ရင် သိပ်မကြာဘူး၊ မဖြစ်ချင်တော့ တစ်ညလုံးအားထုတ်နေ တာမဖြစ်ဘူး၊ ဖြစ်ချင်တော့ အဲဒီကထိုင်ပြီး ခဏတစ်ဖြုတ် လဲ့လိုက်တဲ့အချိန်လေးမှာ ဒီမှာသမာဓိနဲ့ ဝီရိယမျှပြီးတော့ တရားက တက်သွားတာကို၊ ဟော–ရဟန္တာဖြစ်သွားတယ်၊ သင်္ဂါယနာပွဲလဲ တစ်ခါတည်း အမီဝင်နိုင်တာပဲ။

မနက်ကြတော့ သင်္ဂါယနာတင်ပွဲကျင်းပတဲ့အခါ သွားနိုင်တယ်၊ရဟန္တာအဖြစ်နဲ့ အင်မတန်နေရာကျတယ်၊အဲဒါကြောင့် သမာဓိနဲ့ဝီရိယ ညီမျှဖို့ရာလိုပါတယ်၊ သမာဓိအားကြီးနေရင် ဝီရိယက လျော့နေတတ်တယ်၊ သမာဓိအားကြီးတာက ဘာတုံး ဆိုတော့ ငြိမ်ငြိမ်လေး ထိုင်ပြီးတော့ဖြစ်စေ၊ အိပ်ပြီးတော့ဖြစ်စေ၊ လွယ်လွယ်ကူကူလေး မှတ်နေတာရှိတယ်၊ အာရုံလေးတစ်ခု တည်းပေါ့လေ၊ လွယ်လွယ်လေး။

ဥပမာ (ထိုင်တယ်–၃) ဒီလိုတစ်ခုတည်း မှတ်နေရင် လွယ်တာပေါ့၊ သူ့ဥစ္စာ တစ်နေရာက ထိတာလေးတင် (ထိတယ်–၃) ဒီလိုမှတ်နေလဲ လွယ်တာပဲ၊ လွယ်တော့ ကြောင့်ကြမှမစိုက်ရတော့ဘဲ၊ (တစ်ခါတည်းထိတာ–၃) တစ်ခါတည်း မှတ်နေတော့ သိပ်လွယ်နေတာ၊ ဒါတင်မဟုတ်ဘူး၊ အချိုးအစားတော်တော်ကြလို့ တော်တော်နိုင်နေတဲ့ပုဂ္ဂိုလ်ဟာ နိုင်နေရဲ့ သားနဲ့ဖောင်းတာနဲ့ ပိန်တာလေး၊ လွယ်လွယ်လေး မှတ်နေလို့ရှိရင်လဲ မတက်ဘဲနဲ့နေတတ်တယ်၊ သူကလဲ သူ့ဟာလွယ်နေ

တာပါပဲ၊ ဖောင်းလိုက် ပိန်လိုက် ဒါလေးတင်ဆိုတော့ ကြောင့်ကြမစိုက်ရဘဲနဲ့ အားထုတ်ကာစတော့ ဒါနှစ်ခုပဲ၊ တော်တော် အားထုတ်ရပါတယ်၊ အစနဲ့အဆုံး ဒါမိအောင် တော်တော် အားထုတ်ရတယ်၊ အေး–နိုင်နေပြီးမှတ်လို့ကို တော်တော်ကောင်း နေပြီဆိုတဲ့ ပုဂ္ဂိုလ်မှာ ဉာဏ်တွေလဲ ဖြစ်တန်သမျှဖြစ်နေပြီး ဟိုမှာ ဥဒယဗ္ဗယဉာဏ်ဆီမှာပေါ့လေ၊ အဲဒီဉာဏ်ဆီရောက်နေပြီ၊ အဲဒီကြတော့ ကြောင့်ကြမစိုက်ဘဲနဲ့ ဒီလို လွယ်လွယ်လေးတင်မှတ်နေလို့ရှိရင်, အဲ သက်သက်သာသာလေး မှတ်နေလို့ရှိရင် သမာဓိက များပြီးတော့ ဝိရိယ အားနည်းပြီးနေလို့ မတက်ဘဲနဲ့ နေတယ်။

အဲဒါကြောင့် အာရုံတစ်ခုတည်း မှတ်နေတဲ့ပုဂ္ဂိုလ်ဟာ မှတ်ပါများလို့ မတက်နိုင်ဘူးဆိုရင် အာရုံနှစ်ခုလောက်ပေမယ့် တိုးတက်ပြီးတော့ မှတ်ပေါ့၊ ဒီလိုလုပ်တာ ဝိရိယလေး အားထုတ်ပေးရတာ ထိုင်ပြီးတော့ ငြိမ်နေတာနဲ့ မတက်လို့ရှိရင် စက်ဘီး လေးဘာလေး လျှောက်ပြီးတော့ မှတ်ရတယ်၊ အဲဒါဝိရိယတိုးအောင်လို့ အားထုတ်ရတယ်၊ အချိန်က နည်းနည်းအားထုတ်နေ လို့ မတက်လို့ရှိရင် အချိန်တိုးတက်ပြီးတော့ အားထုတ်ရတယ်၊ အဲဒီလို ဝိရိယလေး တိုးတိုးပြီးတော့ အားထုတ်ရတယ်၊ သမာဓိနဲ့ ဝိရိယမျှအောင် အားထုတ်ရတယ်၊ ဝိရိယဟာ အားထုတ်လွန်းအားကြီးနေလို့ရှိရင်လဲ လျှော့ပေး၊ ဒါကတော့ လျှော့ရ တဲ့ဥစ္စာ နည်းပါတယ်။

အဲဒီလို ဝိရိယနဲ့ သမာဓိ ညီမျှရမယ်တဲ့၊ သဒ္ဓါနဲ့ ပညာ ညီမျှရမယ်တဲ့၊ အဲဒါလေးခုဟာ အရေးကြီးပါတယ်၊ ဒါပြင်ဟာ က ဒီလောက်အရေးမကြီးဘူး၊ သတိကတော့ ပိုတယ်လို့မရှိဘူးတဲ့၊ သတိဆိုတာ အမှတ်ရမှုကတော့ မှတ်နေရတယ်၊ ပိုပြီးတော့ မှတ်နေရတယ်လို့ မရှိပါဘူးတဲ့၊ သူကတော့ဖြင့် လိုနေတာပဲရတယ်၊ ဒါကြောင့် သတိတော့ဖြင့် ပိုတယ်မရဘူး၊ ပြည့်စုံသည် ထက်ပြည့်စုံအောင် အမှတ်တော့ဖြင့်ရင် ဖြစ်တိုင်းဖြစ်တိုင်း အကုန်လုံး မှတ်နိုင်အောင်ပဲ ကြိုးစားနေရမှာပဲ။

အဲဒီလို သဒ္ဓါနဲ့ ပညာ၊ ဝိရိယနဲ့ သမာဓိ အဲဒီ ဣန္ဒြေတရားတွေ ညီမျှအောင်လို့ အားထုတ်ရမယ်တဲ့၊ အယုတ်အလွန် ရှိနေတဲ့အခါကာလ ညီမျှအောင်လို့ ပြုပြင်ပေးရမယ်၊ ဒါကတော့ ကိုယ့်ဟာကိုယ် မပြုပြင်နိုင်ရင် ကမ္မဋ္ဌာန်းတရားနဲ့ အားထုတ် နေတဲ့အခါတော့ ကမ္မဋ္ဌာန်းဆရာတွေက စဉ်းစားတယ်၊ ဘာပြုလို့မတက်ပါလိမ့်မတုံး စဉ်းစားပြီးတော့ အဲဒါ လိုနေတာလေး တွေ၊ ဒီကပြင်ပြင်ပြီးတော့ ပေးနေရတာကို၊ ဝိရိယ နည်းနေတဲ့ ပုဂ္ဂိုလ် ဝိရိယများအောင်လို့ တိုးပြီးတော့အားထုတ်ခိုင်းရတယ်၊ ဝိရိယများနေတဲ့ ပုဂ္ဂိုလ်လဲနည်းနည်းပါးပါး လျှော့ပြီးအားထုတ်ခိုင်းရတယ်၊ ဒါ ရှားပါးတယ်၊ လျှော့ပေးရတယ်၊ အဲ–စူးစမ်း ဆင်ခြင်မှုတွေ များနေတဲ့ပုဂ္ဂိုလ် မဆင်ခြင်ပါနဲ့ မှတ်ရုံမှတ်ပါ၊ ဒါ ခဏခဏ ပြောရတယ်၊ ဒါကတော့ အများဆုံး ပြောရတာပဲ။

စူးစမ်းဆင်ခြင်နေလို့ရှိရင် တရားမတက်ဘဲ နေလိမ့်မယ်၊ ခဏခဏပြောရတယ်၊ တစ်ချို့ မကြိုက်ဘူး၊ ဆင်ခြင်တာ လေးမှ မဆင်ခြင်ရဘူး၊ မဆင်ခြင်ရဘဲနဲ့ ဘယ့်နှယ်လုပ်ပြီး ဉာဏ်ဖြစ်မလဲ သူကဒီလိုကို ဆင်ခြင်မှ သမ္မာသင်္ကပ္ပဆိုတာ မှန်ကန်စွာကြံစည်ခြင်း၊ ကောင်းစွာ ကြံစည်ခြင်း၊ သမ္မာသင်္ကပ္ပ–ကြံမှ စဉ်းစားမှဖြစ်မှာပေါ့၊ တစ်ချို့က ဒီလိုအောက်မေ့တာကို၊ အဲ–အဲ–ဒီလိုဆင်ခြင်တွေနဲ့ တက်နေရင် တရားမတက်ဘူး၊ ဒီလိုပုဂ္ဂိုလ်ကတော့ အဲဒါတွေ ဒီပုဂ္ဂိုလ်တွေအတွက်ဟာ စူးစမ်း ဆင်ခြင်မှုတွေများနေတာ၊ စူးစမ်းဆင်ခြင်မှုတွေ မများနိုင်အောင်လို့ အားထုတ်ခိုင်းရတာ၊ သဒ္ဓါလွန်နေတဲ့ ပုဂ္ဂိုလ်လဲရှိတယ်၊ သဒ္ဓါလွန်တာကတော့ ဥဒ္ဒယဗ္ဗယဉာဏ်တွေကြ လွန်နေတတ်တယ်။

ဥဒ္ဒယဗ္ဗယဉာဏ်တွေကြ တရားတွေကောင်းပြီးတော့ သဒ္ဓါတရားတွေ၊ ဖြစ်ပြီး ဟိုဟာလုပ်ချင် ဒီဟာလုပ်ချင် တစ်ချို့ ကလဲ ကမ္မဋ္ဌာန်းကျောင်းရောက်ကာစ တယ်မကြာသေးဘူး၊ သဒ္ဓါတရားတွေက ဖြစ်လာတာ တစ်ခါတည်း ဟိုဟာ ဒီဟာလုပ် ချင်၊ ကုသိုလ်တွေ ထပ်လုပ်ချင်တာကိုး၊ ကမ္မဋ္ဌာန်းကျောင်းနဲ့စပ်ပြီး ဝေယျာဝစ္စတွေ ဆောင်ရွက်ချင်၊ ဟိုလူ့အကျိုးဆောင်ချင်, ဒီလူ့အကျိုးဆောင်ချင်, ဟိုသွားတရားဟောချင်, ဒီသွားတရားဟောချင်, အဲဒီလိုဟာတွေ သဒ္ဓါတရားတွေ များနေတာရှိတယ်။

အဲဒီလိုပုဂ္ဂိုလ်တွေကြရင် သဒ္ဓါတရားမများရအောင် မှတ်ခိုင်းရတယ်၊ အဲဒါရှိပါတယ်၊ မကြာမကြာ ကမ္မဋ္ဌာန်းဆရာ တွေက ဒါလေးတွေညီမျှအောင်လို့ ပြုပြင်ပြီးတော့ ပေးနေရတယ်၊ အဲဒါ ဣန္ဒြိယသမတ္တပဋ္ဌိကာရဏာ။

မေးမြန်းသန့်စင်–ညီမျှယှဉ်၊ ထိုတွင် စိတ်ညွှတ်ပါ။

ထိုတွင်စိတ်ညွှတ်ပါ ဆိုတာကလဲ အသိဉာဏ် ဖြစ်အောင်လို့, ဉာဏ်ပညာထက်မြက်အောင်လို့ ဖြစ်တိုင်းဖြစ်တိုင်း တရားတွေ အဖြစ်အပျက်တွေ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတွေ သိအောင်လို့ အားထုတ်မယ်လို့ နှလုံးသွင်းပြီး သကာလ ထားရတယ်၊ ထိုင်ရင်း–ရပ်ရင်း၊ နေရင်း–ထိုင်ရင်း၊ သွားရင်း လာရင်း ဘယ်အချိန်မဆို အဲဒီအသိဉာဏ်ဖြစ်စေမယ်လို့ နှလုံး သွင်းပြီးတော့ အားထုတ်နေရမယ်၊ အဲ–ထဒမိမုတ္တာ–ဒုပ္ပညာ ပုဂ္ဂလ ပရိဝဇ္ဇတာ ပညာမဲ့တဲ့ပုဂ္ဂိုလ်ကို ကြဉ်ရှောင်ရမယ်လို့ ပညာမဲ့တဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ရမယ်တဲ့၊ အဲ–အဆိုလေးက အရင်ဆိုဦးမယ်၊ ဆိုပြီး လိုက်ဆိုရမယ်။

ပညာမဲ့ကြဉ်၊ ဉာဏ်ရှိယှဉ် ဉာဏ်မဲ့ကို ကြဉ်ရမယ်၊ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ကို မှီဝဲရမယ်၊
ဆည်းကပ်ရမယ်၊ ယှဉ်တွဲရမယ်၊ ပညာမဲ့ကြဉ် ဉာဏ်ရှိယှဉ်–ဆင်ခြင်နက်နဲရာ။

နက်နဲမှာဆိုတော့ တယ်မကောင်းဘူး၊ နက်နဲရာ အဲ–နက်နဲတဲ့ တရားတွေမှာ ဖြစ်တဲ့ဉာဏ်ပညာနဲ့ နက်နဲတဲ့တရားတွေ ဆင်ခြင်ရမယ်လို့ ဒီလိုဆိုလိုတာကို၊ အဲဒါတွေ အကုန်လုံးပါအောင်တော့ မတတ်နိုင်ဘူး၊ နက်နဲရာ တော်ပါပြီ၊ နက်နဲရာဖြစ်တဲ့ တရားတွေပဲတဲ့၊ နက်နဲတဲ့ တရားတွေရှိတယ်၊ ကဲ–ကဲ ဆိုစမ်းပါဦး။

ဉာဏ်မဲ့ ရှောင်ကြဉ်၊ ဉာဏ်ရှိယှဉ် ဆင်ခြင်နက်နဲရာ။ (ဆို–၃)

အဲ–ဉာဏ်မဲ့ပုဂ္ဂိုလ် ရှောင်ကြဉ်ရမယ်၊ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ကို ယှဉ်ရမယ်။ မှီဝဲဆည်းကပ်ရမယ်၊ နက်နဲတဲ့တရားတွေကို ဆင်ခြင်ရမယ်၊ ဒီသုံးခုပါပဲ၊ ဉာဏ်မဲ့ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တုံးဆိုတော့ ခန္ဓာ အာယတနဓာတ် သစ္စာသဘောတရားတွေမှာ ဉာဏ်မသက်ဝင်ဘူးသေးတဲ့ ပုဂ္ဂိုလ်တွေတဲ့။

ခန္ဓ ဓာတု အာယတန ပဘေဒေသု ဓမ္မေသု အနောဃာသ သညာနံ။

ခန္ဓာ အာယတနဓာတ်–ရရှိတဲ့တရားတွေ ခန္ဓာဓာတ် အာယတန သစ္စာတရားမျိုးတွေပေါ့လေ၊ အဲဒီတရားမျိုးတွေ အနောဃာသသညာနံ–မသက်ဝင်ဘူးတဲ့ဉာဏ်, မသက်ဝင်ဘူးသေးတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒါဟာ ဒုမ္မေဓ ပုဂ္ဂလာနံ–ပညာမဲ့ပုဂ္ဂိုလ်တွေပဲတဲ့၊ အဲ–ပညာမဲ့ပုဂ္ဂိုလ်–ဉာဏ်မဲ့ပုဂ္ဂိုလ် ပါဠိကတော့ ဒီလိုသုံးတာပဲ၊ မြန်မာစကားနဲ့ဆိုရင် တော်တော်ကို ဒီလို အဆိုခံရတဲ့ ပုဂ္ဂိုလ်တွေက အတော် မကျေနပ်စရာကောင်းတယ်။

ဉာဏ်မဲ့တဲ့ ဒုမ္မေဓ–ပညာမဲ့သောပုဂ္ဂိုလ်, ဉာဏ်မဲ့သောပုဂ္ဂိုလ်၊ သူ့ဟာစိတ်နာစရာ တော်တော်ကောင်းတယ်၊ ဒါပေမယ်လို့ သူ့ဟာ ဒီလိုမှမပြောရင် ဒီပြင်နည်းနဲ့ပြောလို့လဲ မဖြစ်တော့ဘူး၊ ဒီလိုပြောရမှာပဲ၊ အဲ–ဉာဏ်မဲ့တဲ့ပုဂ္ဂိုလ်ဟာ ခန္ဓာ အာယတန ဓာတ်တရားတွေမှာ ဉာဏ်မသက်ဝင်သေးတဲ့ပုဂ္ဂိုလ်တွေ၊ ဒီတော့ မသက်ဝင်ဘူးသေးတဲ့ပုဂ္ဂိုလ်က ဒီလိုမသင်မကြားလို့ စာပေဗဟုသုတမရှိတဲ့ ပုဂ္ဂိုလ်များဆိုတာ မဟုတ်လားလို့ မေးစရာရှိတော့သူက နောက်နားကပါတယ်၊ ဉာဏ်ရှိ ပညာရှိ ပုဂ္ဂိုလ်ကြတော့ ဥဒယဗ္ဗယ ပညာယသမန္နာဂတပုဂ္ဂလသေဝနာတဲ့၊ ဥဒယဗ္ဗယ ဉာဏ်နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို မှီဝဲရမယ်တဲ့ ပြောတယ်။

ပညာရှိပုဂ္ဂိုလ်က ဥဒယဗ္ဗယဉာဏ်နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ် ဒီတော့ ဒီဟာက ခန္ဓာ အာယတနဓာတ်တွေ မသက်ဝင်ဘူးဆိုတာလဲ ဥဒယဗ္ဗယဉာဏ်အနေနဲ့ မသက်ဝင်ဘူးတာ ဆိုလိုတာ၊ ဒါဆိုလိုတယ်၊ ဒါနှစ်ခုက ပြောင်းပြန်ပဲ၊ ပညာရှိတဲ့ ပုဂ္ဂိုလ်အရကို ကောက်တော့ ဘာကောက်လဲဆို ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကိုပြောတာပဲ၊ ဒီတော့ ဥဒယဗ္ဗယဉာဏ် မရောက်သေးတဲ့ပုဂ္ဂိုလ်တွေကို ဒီအဌကထာက အလိုအားဖြင့်တော့ ဒုမ္မေဓ–ပညာမဲ့တဲ့ပုဂ္ဂိုလ်တွေလို့ ဆိုလိုပါတယ်။

သူက ဘယ်လိုပဲ လောကမှာ ပညာရှိကြီးတွေဖြစ်နေနေ၊ ဘာသန္တရတွေဘာတွေ ဘယ်လိုပဲတတ်နေနေ၊ ကျမ်းပြုဆရာကြီးဖြစ်နေနေ အဲဒီဥဒယဗ္ဗယဉာဏ် မရောက်သေးရင် ဒုမ္မေဓ–ပညာမဲ့တဲ့ ပုဂ္ဂိုလ်ထဲထည့်မှပဲ၊ ထည့်မှလဲဖြစ်မှာ၊မထည့်ရင် မဖြစ်ဘူး၊ ဘာပြုလို့တုံးဆို သူ့ကျမ်းပြုပုဂ္ဂိုလ်ကြီးတွေ ရှိနေပေမယ်လို့ အဲဒီပုဂ္ဂိုလ်မှီဝဲလို့ ဒီမမ္မဝိစယ သမ္မောဒ္ဓကဖြစ်မှာ မဟုတ်ဘူး၊ အဲဒီပုဂ္ဂိုလ်တွေ ပြောတဲ့ဟောတဲ့ဟာတွေ လိုက်နာနေလို့ ဖြစ်မှာမဟုတ်ဘူး၊ အဲဒီပုဂ္ဂိုလ်က အလွဲတွေ လျှောက်ပြောလို့ရှိရင် ပြီးပါရောပဲ၊ တရားအားထုတ်တာတွေ အလကားပါပဲပြောရင် ဒီလိုလဲ ပြောချင်ပြောမှာ–

ဟိုပညာရှိကြီးတွေကပြောတယ်၊ ဥဒယဗ္ဗယဉာဏ်၊ ကိုယ်ကမဖြစ်ဖူးဘူး၊ ဆိုလို့ရှိရင်လေ၊ အေး–ဥဒယဗ္ဗယဉာဏ် ကောင်းကောင်းမဖြစ်ဘူးတဲ့ ပုဂ္ဂိုလ်တွေကို ကိုယ့်ထင်ကြေးနဲ့လျှောက်ပြီးသကာလ ဒီလိုအားထုတ်ရင် မဖြစ်နိုင်ဘူး ဟိုလိုအားထုတ်ရင်မဖြစ်နိုင်ဘူး၊ ဒီလိုပေမယ့် ဆုံးဖြတ်ချက်ပေးတယ်၊ အဲ–သူလဲ အကိုးအကားတွေရှိတယ်၊ သာဓကတွေတော့ ထုတ်ပြထားတယ်၊ ပါဠိတွေ ဘာတွေတော့ သူရှိတာပဲ၊ ရှိပေမယ်လို့ သူ့အယူနဲ့သူ ယူထားတာကို၊ အဲဒီလိုလုပ်တတ်တယ်၊ ဒီလို အားထုတ်လို့ရှိရင် ဒါရုပ်နာမ်တရား မသိနိုင်ဘူး၊ အနိစ္စ, ဒုက္ခ, အနတ္တ မသိနိုင်ဘူး၊ ဝိပဿနာဉာဏ် မဖြစ်နိုင်ဘူး၊ စသည်ဖြင့် ဒီလိုပဲ ဆုံးဖြတ်ချက်ပေးတယ်။

အဲဒါ ပေးတာဘာတုံးဆိုရင် ကိုယ်တိုင်က ဒီဉာဏ်မျိုးမဖြစ်ဘူးလို့ မသိသေးဘဲဟာကို၊ သူ့စိတ်ထဲက မဖြစ်နိုင်ဘူးထင်တော့ မဖြစ်နိုင်ဘူး ဆုံးဖြတ်ပြီး ဒီလိုဟောတယ်၊ ဒါကြောင့် အဲဒီလို ပုဂ္ဂိုလ်တွေ မမှီဝဲရဘူးတဲ့၊ ဒါကလဲ အရေးကြီးတယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေ တကယ်အထင်ကြီးပြီး ဆရာကြီးမှတ် ကိုးကွယ်နေရင် ပြီးပါရော၊ ပျက်ကရောပဲ တစ်ခါတည်း၊ ဥဒယဗ္ဗယဉာဏ်ရောက်အောင်လို့ကို အားမထုတ်နိုင်တော့ဘူး၊ သူ့ကိုယ်က ဥဒယဗ္ဗယဉာဏ်ထိအောင်မှ အားမထုတ်ဘူးသေးဘဲ၊ အဲ–ရုပ်နာမ် အဖြစ်အပျက်တွေ သူမှ မသိဘဲပဲ။

သူမသိတော့ သူများတွေ သိနေတာတွေလဲ မသိဘူးမှတ်ပြီးတော့ တော်တော်ကြပ်ပါတယ်၊ တော်တော်ကြောက်စရာကောင်းပါတယ်၊ ဘုန်းကြီးများက ဒီကတရားတွေ ပြနေတယ်၊ ရုပ်နာမ်တရားတွေ အဖြစ်အပျက်တွေ ဒီမှာပြနေလို့ အားထုတ်

နေတယ်၊ (ပုဂ္ဂိုလ်တိုင်း–၂) ကျေနပ်အောင် သိသွားတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ် မသိတဲ့ပုဂ္ဂိုလ်တွေလဲ ရှိမှာပေါ့၊ သို့သော်လဲ ရာခိုင်နှုန်းနဲ့တွက်ရင် တစ်ရာမှာ ငါးဆယ်လောက်ကတော့ သူ့ဟာ အဖြစ်အပျက်တွေနဲ့သိပြီးတော့ ကိုယ့်ဟာနဲ့ ကိုယ် ကျေနပ်သွားတဲ့ ပုဂ္ဂိုလ်တွေပဲများတယ်။

အဲဒီလို ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်၊ အဲဒီတော့ ဒီပုဂ္ဂိုလ်တွေ အနေအားဖြင့်ဆိုရင် ဒီလိုမှတ်နေခြင်းအားဖြင့် ရုပ်နာမ်တွေ အဖြစ်အပျက်တွေ အသေအချာတွေ့တယ်ဆိုတာ ဘာမှ သူ့ဟာ ယုံမှားစရာ မရှိဘူး၊ ရှင်းနေတာပဲ၊ ဒါပေမယ်လို့ အဲဒီလို ကျကျနန အားမထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေက ဒီလို အားထုတ်တာ၊ ဘာမှ မဟုတ်ဘူးဆိုပြီးတော့ ပြောနေတာရှိတယ်။

အဲဒါ ဘာပြုလို့ပြောလဲဆို သူ ဒီလိုမှမဖြစ်ဘူးဘဲဟာကို၊ ဒါမဖြစ်ဘူးလို့ သူမသိလို့ပြောနေတာ၊ အဲဒီလို ပုဂ္ဂိုလ်တွေ ရှိတယ်၊ ဒါကြောင့် ဒီက ဒုမ္မေဒ–ပညာမဲ့ ပုဂ္ဂိုလ်လို့ ဆိုထားတယ်။

ခန္ဓာအာယတန ဓာတ်အစစ်အမှန်တွေ, ရုပ်နာမ် အဖြစ်အပျက်တွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် မသက်ဝင်နိုင်သေးတဲ့ ပုဂ္ဂိုလ်တွေဟာ ဒါတွေဟာ ဒုမ္မေဒပုဂ္ဂိုလ်တွေပဲ၊ အဲ–ဒုမ္မေဒပုဂ္ဂိုလ်တွေ အဲဒီပုဂ္ဂိုလ်တွေ မမှီဝဲနဲ့တဲ့မမှီဝဲရင် ပျက်မယ်တဲ့၊ အဲဒီ ပုဂ္ဂိုလ်တွေဆီ သွားပြီးသကာလ ဆီးကပ်မှီဝဲနေလို့ရှိရင် ခုန ဒီတရားအားထုတ်ဖို့ မလိုပါဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီလို ပုဂ္ဂိုလ်တွေပဲ ဒီလိုဟာတွေ၊ သူက အဲဒါကို ယုံကြည်ပြီးသကာလ ဆည်းကပ်နေရင် ဒီဥဒယဗ္ဗယဉာဏ်မျိုးတွေ မဖြစ်ဘူး၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဘယ်ရောက်တော့မတုံး၊ မရောက်နိုင်တော့ဘူး၊ မဖြစ်တော့ဘူး၊ အဲဒါကြောင့် အဲဒီလိုဥဒယဗ္ဗယဉာဏ် မဖြစ်ဘူးတဲ့ ပုဂ္ဂိုလ်တွေကို မမှီဝဲမဆည်းကပ်နဲ့တဲ့၊ မလွဲမကင်းသာလို့ မိတ်ဆွေအဖြစ် ပေါင်းသင်းတာကတော့ ဒါကိစ္စမရှိပါဘူး၊ ဆရာသမားအဖြစ်နဲ့ ပြောတာ၊ သူက ဆရာသမားအဖြစ်နဲ့ အားကိုး အားထားပြုပြီး သကာလ သူ့ကို မှီဝဲဆည်းကပ်မလုပ်နဲ့တဲ့၊ အဲ–လုပ်လို့ရှိရင် ဘာဖြစ်မလဲဆို ဥဒယဗ္ဗယဉာဏ်ရောက်အောင် အားမထုတ်နိုင်ဘဲ ဖြစ်သွားလိမ့်မယ်တဲ့။

ပညာရှိပုဂ္ဂိုလ်ကို မှီဝဲရမယ်တဲ့၊ ပညာရှိ ပုဂ္ဂိုလ်ကို မှီဝဲရမယ်၊ ပေါင်းသင်းရမယ်၊ အဲ–ပညာရှိ ပုဂ္ဂိုလ်ကလဲ ကျမ်းဂန်တတ် ကျမ်းပြု အင်မတန်ထင်ရှားကျော်စောတဲ့ ပညာရှိပြီး၊ ဒီလိုမဟုတ်ပါဘူး၊ သူ့ဟာက ဒီဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကိုပြောတယ်၊ ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် မှီဝဲပါတဲ့၊ အဲဒါဆိုလို့ရှိရင် ယောဂီအချင်းချင်းပေမယ်လို့လဲ ဒါကျေးဇူးသိပ်များတယ်၊ ဥဒယဗ္ဗယဉာဏ်–သေသေချာချာ ဖြစ်ဖူးတဲ့ ယောဂီတွေနဲ့ အတူတူပူးပေါင်းနေရရင် သိပ်နေရာကြတာ၊ ယောဂီအသစ်တွေ ယောဂီအဟောင်းက မဂ်ဖိုလ် မရသေးဘူးထားပါဦးတော့၊ အဲဒါတွေကတော့ အမြင့်တွေထားပါဦးတော့ ဥဒယဗ္ဗယဉာဏ်လောက် ဖြစ်ဖူးတဲ့ ယောဂီကလေ၊ တရားအားမထုတ်ဘူးသေးတဲ့ ယောဂီတွေ အကူအညီတွေ အများကြီးပေးတယ်။

ဘယ်လိုရှုရတယ်၊ ဘယ်လိုမှတ်ရတယ်၊ ဘယ်လိုကောင်းတယ် ဘယ်လိုဟာက မဟုတ်ဘူး၊ မကောင်းဘူး စသည်ဖြင့် အမိန့်အတိုင်း သူကညွှန်ကြားနိုင်တယ်၊ ဒါ အင်မတန် ကျေးဇူးများပါတယ်၊ သူက အဲဒါကို အဋ္ဌကထာဆရာက ဒီနေရာမှာ တော့ကို "ပညဝန္တ ပုဂ္ဂလ သေဝနာ" ပညာရှိ ပုဂ္ဂိုလ်ဆိုတာပဲ၊ ပညာရှိပုဂ္ဂိုလ် ဥဒယဗ္ဗယဉာဏ်ရောက်ရင် ပညာပဲ၊ ဒီထက်တိုးတက်ပြီး သကာလ အားထုတ်ရင်တော့ ပိုကောင်းတာပေါ့လေ၊ ဒါပေမယ်လို့ ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံရင်ကို ဒါပညာရှိ ပုဂ္ဂိုလ်ပဲ၊ အဲဒီ ပညာရှိပုဂ္ဂိုလ်သာ မှီဝဲနေရရင် ကောင်းတယ်။

တရားအားထုတ်ရာမှာလဲ အဲဒီလို အမှတ်ကောင်းပြီးတော့ ဥဒယဗ္ဗယဉာဏ်တွေနဲ့ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်နဲ့ အတူတကွနေရရင် သိပ်ကောင်းမှာပေါ့၊ ဟိုမှာ ကမ္မဋ္ဌာန်းကျောင်းတွေ အစတုန်းက တစ်ဦးနဲ့တစ်ဦး ဘာမှ မတွေ့ဘူး, မသိဘူးပေမယ်လို့ အဲဒီတရားအားထုတ်ရာ ကမ္မဋ္ဌာန်းကျောင်းကြတော့မှ အဲဒီ ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံတဲ့ ယောဂီပုဂ္ဂိုလ်နဲ့အတူ ရောနေရရင်လေ ယောဂီအသစ်တွေ သိပ်ကျေးဇူးများတယ်၊ အင်မတန် ကျေးဇူးများတယ်၊ သူက အမှတ်က ကောင်းနေတာကို၊ အမှတ်ကောင်းနေတော့ မေးစရာရှိရင် သွားပြီးတော့ မေးရတယ်၊ မမေးဘဲနဲ့လဲ ဟိုမှာ ချွတ်ယွင်းချက်ကလေး ဘာလေးရှိရင် သတိလဲပေးတတ်ပါတယ်၊ သတိမပေးတောင်မှ သူမှတ်နေတာ အားထုတ်နေတာ မြင်ရတာနဲ့ကို အားကျပြီးတော့ အဲဒီတရားတွေဟာ ကောင်းတတ်ပါတယ်။

နောက်လာတဲ့ ပုဂ္ဂိုလ်တွေက အင်မတန် ကျေးဇူးများတယ်၊ ဒါကြောင့်မို့ ပညာရှိပုဂ္ဂိုလ် မှီဝဲပါတဲ့၊ အဲ–ဉာဏ်မဲ့ရှောင်ကြဉ်၊ ဉာဏ်ရှိယှဉ်–ဉာဏ်ရှိတဲ့ပုဂ္ဂိုလ် ပေါင်းသင်းဆက်ဆံရမယ်တဲ့၊ ဆင်ခြင်နက်နဲရာ၊ နက်နဲတဲ့ တရားတွေကို ဆင်ခြင်ပါတဲ့၊ နက်နဲတဲ့တရားတွေ ခန္ဓာ, အာယတန, ဓာတ်သစ္စာ, ဣန္ဒြေ ဆိုတဲ့ တရားကို ဆင်ခြင်ပါ၊ အဲ–ကိုယ်တတ်သမျှ ဆင်ခြင်ရမှာပေါ့လေ။

ဒါကတော့ မသိလို့ရှိရင်လဲ ခုနက အစကအတိုင်းပဲ မေးရမှာပေါ့၊ မေးမြန်းဆွေးနွေးကြည့်၊ ကောင်းတာမှတ်တော့ ဘာသိတုံး၊ မရှုလို့ရှိရင် ဘာဖြစ်တုံး၊ မသိရင် ဘာဖြစ်သတုံး၊ ဒါသဘောမပေါက်လို့ရှိရင် မေးကြည့်ပေါ့၊ စဉ်းစားဆင်ခြင်ကြည့်ပေါ့၊ ပြောတဲ့အတိုင်း အဲဒါလေးတွေပါပဲ၊ နက်နဲတဲ့တရားလေးတွေကို ဆင်ခြင်ကြည့်ပါတဲ့၊ ဆင်ခြင်ကြည့်လို့ရှိရင်လဲ

ဆင်ခြင်ရာက သဘောကြပြီး တရားအားထုတ်တဲ့ အခါကာလမှာ ဓမ္မဝိစယ သမ္ဗောဇ္ဈင်တွေ ဖြစ်လာမှာပေါ့၊ အခု ၇-ပါးစေ့ သွားပြီ၊ မေးမြန်းသန့်စင်၊ ညီမျှယှဉ် ထိုတွင် စိတ်ညွှတ်ပါတဲ့၊ ဒါက လေးခု-

မေးမြန်းက တစ်ခု၊ သန့်စင်က-တစ်ခု၊ ညီမျှယှဉ်က-တစ်ခု၊ ထိုတွင် စိတ်ညွှတ်ပါ၊ ဒါကတစ်ခု၊ ၄-ခု။

ဉာဏ်မဲ့ရှောင်ကြဉ်-ဒါက တစ်ခု၊ ဉာဏ်ရှိယှဉ် ဆင်ခြင်နက်နဲရာ-ဒါက တစ်ခု၊ အားလုံး ၇-ခုရှိပြီ။

ဉာဏ်ဖြစ်ပွားကြောင်း အဲ-ဉာဏ်ဖြစ်ပွားကြောင်း တရားအားလုံး ၇-ပါး၊ ဉာဏ်ဖြစ်ကြောင်းဟာ (၇)ပါး၊ အဲဒါပဲ၊ ဒီက အဋ္ဌကထာ ဆရာက ညွှန်ကြားပြီးတော့ထားတယ်၊ ညွှန်ကြား ဋ္ဌကထာတဲ့၊ ဆိုရမယ်။

ဉာဏ်ဖြစ်ကြောင်းများ ခုနစ်ပါး၊ ညွှန်ကြားဋ္ဌကထာ။ (ဆို-၃)

အဲ-အဋ္ဌကထာက ဉာဏ်ဖြစ်ကြောင်း ၇-ပါး မြတ်စွာဘုရားဟောတဲ့ ပါဠိတော်ကတော့ ယောနိသောမနသိကာရ-ပဲတဲ့၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဉာဏ်ဖြစ်အောင်လို့ သင့်တင့်အောင် နှလုံးသွင်းခြင်း၊ ဉာဏ်ဖြစ်အောင် နှလုံးသွင်းမယ်၊ အားထုတ်မယ်၊ ရှုမယ်၊ မှတ်မယ် ဒီလို နှလုံးသွင်းထားရင် ယောနိသော မနသိကာရဟာ အကြောင်းတစ်ပါးပဲ၊ ဒါပဲ ထုတ်ပြတယ်၊ အဋ္ဌကထာကတော့ ၇-ပါး ထုတ်ပြတယ်၊ ၇-ပါးလုံးပဲ ကျေးဇူးများတယ်၊ ဒီ-၇ပါးလုံးဟာ-

အဲ-မေးမြန်းရမယ်၊ အတွင်း-အပ ဝတ္ထုစုင်ကြယ်စေရမယ်၊ ဣန္ဒြေငါးပါး ညီမျှစေရမယ်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဉာဏ်ပညာဖြစ်အောင်လို့လဲ စိတ်တိုင်း ညွှတ်ထားရမယ်၊ ဉာဏ်မဲ့ပုဂ္ဂိုလ်-ဥဒယဗ္ဗယဉာဏ်နဲ့ မပြည့်စုံသေးတဲ့ပုဂ္ဂိုလ်တွေ ဆရာသမား အနေအားဖြင့် အားကိုးအားထားပြုပြီးတော့ မမှီဝဲရဘူး၊ ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေကို မှီဝဲရမယ်၊ ကလျာဏမိတ္တ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်အချင်းချင်းပဲဖြစ်စေ၊ ဒါကတော့ မှီဝဲရတဲ့ဥစ္စာပဲ ပြီးတော့ နက်နဲတဲ့ ခန္ဓာ အာယတန ဓာတ်တွေကိုလဲပဲ တတ်နိုင်သမျှ စဉ်းစားဆင်ခြင်ရမယ်။

အဋ္ဌကထာက ၇-ပါးကို၊ အဲဒါ ဉာဏ်ဖြစ်ကြောင်းတွေပဲတဲ့၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်းတရားတွေ အဲဒီ ၇ပါး သော တရားတွေဖြင့် အားထုတ်ကာစပုဂ္ဂိုလ်မှာ ဒီ ၇-ပါးသောတရားတွေ ပြည့်စုံသမျှ ပြည့်စုံအောင် အားထုတ်ပြီးတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ပွားရတာကို၊ ပွားလို့ ဥဒယဗ္ဗယဉာဏ်ကနေပြီး ဓမ္မဝိစယသမ္ဗောဇ္ဈင်တွေ အစဉ်အတိုင်း ဉာဏ်တွေထက်တက်ပြီးသွားတာ၊ နောက်ဆုံး သောတာပတ္တိမဂ်ဖိုလ် သကဂါဒါမိမဂ်ဖိုလ်, အနာဂါမိမဂ်ဖိုလ်, အရဟတ္တမဂ်ဖိုလ်ရောက်တော့ ဒီဉာဏ်ကို ဓမ္မဝိစယသမ္ဗောဇ္ဈင်ပွားများခြင်းဟာ ပြည့်စုံသွားတာကို၊ အဲဒီ ဓမ္မဝိစယသမ္ဗောဇ္ဈင်ပွားများမှု ပြည့်စုံခြင်း၏ အကြောင်းဖြစ်တာကတော့ အရဟတ္တမဂ်ကိုလဲပဲ သိပါတယ်တဲ့၊ ဒါကတော့ ရောက်မှသိမှာ၊ ခုနကလိုပဲ ရောက်မှသိမှာ၊ အဲဒီ ရောက်အောင်လဲ အားထုတ်ရမှာပဲ၊ ဗောဇ္ဈင် ၂-ပါးတော့ ပြီးသွားပါပြီ၊ သိမ်းဦးမှပဲ၊ တော်တော်လဲ ကြာသွားပြီ၊ ကနေ့ အစကပဲ ပြန်ပြောနေတာနဲ့ အချိန်တွေက ကြာသွားပြီ၊ သိမ်းကြဦးစို့။

ဗောဇ္ဈင်ပိုင်း ဓမ္မာနုပဿနာတရားတော်ကို ရိုသေစွာ နာခံမှတ်သားသော ဓမ္မသဝန ကုသိုလ်စေတနာကံ၏ အစွမ်းအာနုဘော်တို့ကြောင့် ယခု တရားနာပရိသတ်တို့သည် မိမိတို့သန္တာန်၌ ဗောဇ္ဈင်တရားကို အဖန်ဖန်ပွားများ အားထုတ်နိုင်ကြသည်ဖြစ်၍ ဝိပဿနာဉာဏ် အစဉ်, အရိယာမဂ်ဉာဏ်အစဉ်ဖြင့် မိမိတို့လိုလားအပ်သည့်အတိုင်း ဆင်းရဲခပ်သိမ်း ကင်းဝေးရာ နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်ရ၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

ဝိရိယသမ္မောဒ္ဓေါင် တရားတော်

၁၃၂၃–ခု၊ ဒုတိယ ဝါဆိုလပြည့်နေ့။

၁၃၂၃–ခု၊ ဝါဆိုလပြည့်နေ့၊ ဝါဆိုလပြည့်ကျော် ၁–ရက်နေ့ နံနက် နက်ဖြန်ခါကျလို့ရှိရင် မြတ်စွာဘုရား ပညတ်တော်မူတဲ့ သိက္ခာပုဒ်နှင့်အညီ ရဟန်းတော်တွေ ဝါဆို–ဝါကပ်ပြီးသကာလ နေကြရလိမ့်မယ်တဲ့၊ ဝါတွင်း ၃–လပတ်လုံး အခြားတစ်ပါးကို မသွားဘဲနဲ့ သိက္ခာပုဒ်ကို ရိုသေသောအားဖြင့် စောင့်ရှောက်ထိန်းသိမ်းပြီး နေကြရတယ်၊ အဲဒီ ဝါဆို–ဝါကပ် အနီးဖြစ်တဲ့ လပြည့်နေ့ဖြစ်လို့ ဝါဆိုလပြည့်နေ့၊ ဝါဆိုလပြည့်နေ့ဆိုတော့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေဟာ တတ်နိုင်သမျှ ကုသိုလ်ကောင်းမှုတွေ အများဆုံး ကြိုးစားအားထုတ်ပြီးသကာလ ပြုတဲ့နေ့ပဲ၊ ဒါကြောင့် ယနေ့ ဆရာသမားတွေ ကန်တော့ကြ, မြတ်စွာဘုရား စေတီတော်မြတ်တွေ သွားရောက်ပြီးတော့ ပူဇော်ကြ, ကန်တော့ကြ, လျှုဒါန်းကြ, ဥပုသ်သီတင်း သီလတွေလဲ ဆောက်တည်ကြ၊ ယနေ့တရားနာပရိသတ်တွေလဲ အများပဲဖြစ်လို့၊ ယနေ့ဟောမည့်တရားကလဲ တရားနာပရိသတ်တွေ အများနဲ့နားလည်မှတ်သားဖို့ရာ ကောင်းတဲ့အလှည့်ကြနေတော့ ဒီကနေ့တော့ တရားအထူးပြောင်းပြီး မဟောရပါဘူး။

တစ်ခါတစ်ရံကြလို့ရှိရင် ဒီလိုအခါကျရင် တရားဟောနေကြအလှည့်ကို ပြောင်းရသေးတယ်၊ ဒီနေ့တော့ ပြောင်းဖို့ မလိုပါဘူး၊ လွန်ခဲ့တဲ့နှစ်သီတင်းက စပြီးတော့ မဟာသတိပဋ္ဌာနသုတ်၊ ဓမ္မာနုပဿနာ ၅–ပိုင်းထဲက ဗောဒ္ဓေါင် ၇–ပါး တရားကို ရှုပုံ၊ ဗောဒ္ဓေါင်ဓမ္မာနုပဿနာ တရားကို ဟောလို့ပြီးသွားပြီ၊ ဒုတိယသီတင်းက–ဒုတိယဝါဆိုလဆန်း ၈–ရက်နေ့က၊ ဒုတိယ သီတင်းပတ်က ဓမ္မဝိစယသမ္ဗောဒ္ဓေါင်အကြောင်း ဟောပြီးသွားပြီ၊ ဗောဒ္ဓေါင် ၂–ပါးပြီးသွားပြီ၊ ဒီကနေ့ ဟောရမှာကတော့ ဝိရိယ သမ္ဗောဒ္ဓေါင်အလှည့်တရား စာရွက်ကလေးတွေ, ဆောင်ပုဒ်စာရွက်ကလေးတွေ ဝေထားတယ်။

ဒီတိုင်းဆိုတော့ တရားနာတဲ့ပုဂ္ဂိုလ်တွေက ရေးရမှတ်ရနဲ့ တယ်လဲ မသေချာဘူးပေါ့လေ စာရွက်ကလေးနဲ့ဆိုတော့ သေချာတယ်၊ နောက်လဲ သိမ်းထားရတယ်၊ အိမ်ကျရင်လဲ ဒါ နားမလည်ပေမယ်လို့ ရိုရိုသေသေ သိမ်းထားရမယ်၊ တစ်ခါ တစ်ရံထုတ်ကြည့်၊ နားလည်သလောက် နားလည်သလား၊ မလည်ဘူးလား၊ ဒီလိုလုပ်ရတယ်၊ စဉ်းစားကြည့်၊ ဆွေးနွေးမေးမြန်းကြည့်၊ တရားတော်တွေဟာ အင်မတန် ကောင်းတယ်၊ သမ္ဗောဒ္ဓေါင် ဗောဒ္ဓေါင် ၇–ပါး တရားတွေ၊ ဗောဒ္ဓေါင် ၇–ပါး တရားပြည့်ပြည့်စုံစုံ ဒီလိုဆောင်ပုဒ်တွေဆိုတာ အင်မတန်ရခဲတယ်၊ ဒါသိမ်းထားရမယ်၊ ဒါကြောင့်မို့ ဒီမှာ စာရွက်ကလေး ရိုက်ထားတယ်၊ ဒီကနေ့ ဝိရိယသမ္ဗောဒ္ဓေါင်အကြောင်းဟောရမယ်၊ ဒါပေမယ်လို့ သတိသမ္ဗောဒ္ဓေါင်အကြောင်း ဓမ္မဝိစယ သမ္ဗောဒ္ဓေါင် အကြောင်း ဘာမှမသိသေးတဲ့ ပုဂ္ဂိုလ်တွေတော့ နည်းနည်း ထပ်ပြောဦးမှ ဖြစ်မှာပဲ။

ကထဉ္စ ဘိက္ခဝေ ဘိက္ခုဓမ္မေသု၊ ဓမ္မာနုပဿီ ဝိဟရတိ၊ သတ္တသု ဗောဒ္ဓေါ်သု၊

ဘိက္ခဝေ–ရဟန်းတို့၊ ဘိက္ခု–သံတရာဘေးကို ရှုမြင်သောပုဂ္ဂိုလ်သည် ကထဉ္စ–ဘယ်ပုံဘယ်နည်းဖြင့်၊ သတ္တသုဗောဒ္ဓေါ်သု–၇–ပါး ဟုဆိုအပ်ကုန်သော၊ ဓမ္မေသု–သဘောတရားတို့မှ၊ ဓမ္မာနုပဿီ–သဘောတရားမျှကို ရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟရတိ–နေပါဘိသနည်း။

ဗောဒ္ဓေါင် ၇–ပါး တရားတွေကို ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘဲ သဘောတရားမျှပဲလို့ဉာဏ်ဖြင့် အမှန်အတိုင်း ရှုမြင်ပြီးတော့ နေတဲ့ဥစ္စာ ဓမ္မာနုပဿနာ အဲဒီဓမ္မာနုပဿနာကို ဘယ်ပုံဘယ်နည်း ရှုရပါသလဲ၊ ဘယ်ပုံဘယ်နည်းပွားရပါသလဲလို့ ဤကဲ့သို့ မေးထားတယ်၊ အဲဒီအထဲမှာ ဗောဒ္ဓေါင်သုတ်ဆိုတာပါတယ်၊ ဗောဒ္ဓေါင်ဆိုတာဟာလဲ ဗုဒ္ဓဘာသာတွေက ကြားသိနေကြတာပါပဲ၊ နေမကောင်း ထိုင်မကောင်းဖြစ်ရင် ဗောဒ္ဓေါင်တရားကြားနာရင် ရောဂါဝေဒနာ ပျောက်တယ်ဆိုတာ အင်မတန်ကျော်စောနေတယ်၊ ဗောဒ္ဓေါင် ၇–ပါးတရားတွေ၊ အရှင်မဟာကဿပမထေရ်ကြီး မကျန်းမမာဖြစ်တဲ့အခါ မြတ်စွာဘုရားက ဗောဒ္ဓေါင် ၇–ပါး တရားဟောတယ်။

အဲဒီဗောဒ္ဓေါင် ၇–ပါးတရားနာရတာနဲ့ ရောဂါဝေဒနာတွေ ပျောက်သွားလိုက်တာ၊ နောက်ဒီရောဂါမျိုး ဘယ်တော့မှ မပေါ်တော့ဘူးတဲ့၊ တယ်နေရာကျတယ်၊ ရှင်မဟာမောဂ္ဂလာန်၊ အဂ္ဂသာဝကထဲက ဒုတိယအဂ္ဂသာဝက ရှင်သာရိပုတ္တရာပြီးရင် သူပဲ၊ ဘုရားပြီးတော့ ရှင်သာရိပုတ္တရာ၊ ရှင်သာရိပုတ္တရာပြီးတော့ ရှင်မောဂ္ဂလာန်ဆိုတော့ အင်မတန်ကို တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်ကြီးပဲ၊ ရှင်မဟာမောဂ္ဂလာန်ကြီး နေမကောင်း ထိုင်မကောင်းဖြစ်တော့လဲ မြတ်စွာဘုရားက ဒီဗောဒ္ဓေါင် ၇–ပါး တရားဟောတယ်၊ အဲဒီဗောဒ္ဓေါင် ၇–ပါးတရား နာရတာနဲ့ ရောဂါဝေဒနာ ပျောက်သွားတယ်၊ ယူပစ်သလိုကို ပျောက်သွားတယ်၊ သိပ်နေရာကျတယ်၊ ဒါဒီရောဂါ နောက်ပြန်မလာတော့ဘူး၊ အမြစ်ပြတ် တစ်ခါတည်း ပျောက်သွားတယ်၊ တယ်နေရာကျတယ်။

အခါတစ်ပါးကြတော့ မြတ်စွာဘုရားကိုယ်တော်တိုင် မကျန်းမာဖြစ်လို့ ဘုရားလဲ သွေးနဲ့သားနဲ့ပဲ၊ ဗုဒ္ဓဘာသာ တရားကတော့ မျက်နှာကြီးမျက်နှာငယ် မလိုက်ဘူး၊ ဘုရားကိုဆိုပြီးတော့ ရောဂါဝေဒနာတွေက ရှောင်ရမယ်လို့၊ ဒီလိုမဟုတ်ဘူး၊

သူက ဘုရားလဲ ရုပ်တရား, နာမ်တရားတွေပဲ ဒီတော့ ရုပ်တရား, နာမ်တရားတွေ ရှိတ်ယွင်းတဲ့အခါ နေမကောင်း ထိုင်မကောင်းဖြစ်တာပဲ၊ မဖြစ်ဘူးလို့ မဟုတ်ဘူး၊ အေးထူးတာကတော့ ဘာလဲဆိုတော့ ရှေးဘုန်းရှေးကံကထူးလို့ သူများထက်တော့ ထူးခြားသပေါ့၊ သူများထက်တော့ ထူးခြားတယ်၊ ကျန်းမာမှုတွေလဲ မြတ်စွာဘုရားမှာ အင်မတန်ကျန်းမာပါတယ်၊ ကိုယ်ကိုမင့်ညှာဘဲနဲ့ ဒုက္ကရစရိယာ အကျင့်တွေ ကျင့်ပြီး အင်မတန် အပင်ပန်းခံကျင့်တာတောင်မှ ဘာမှမဖြစ်ဘူး၊ နောက် ပြန်ပြီး အစာအာဟာရဖြစ်ရာက နေ့အခါ အာဟာရတွေ ပြန်စားလိုက်တော့ ပြန်ပြီး ရုပ်တွေပြည့်ပြီးလာတယ်၊ သူတစ်ပါးဆိုလို့ရှိရင် နလံထူမှာ မဟုတ်တော့ဘူး။

အဲဒီလို ထူးတန်သလောက်တော့လဲ ထူးပါတယ်၊ ရှေးဘုန်းရှေးကံကြောင့်ထူးတယ်၊ ပြီးတော့ ဘုရားဖြစ်ပြီးတော့နေတဲ့အတွက် ဥဏ္ဍာထူးတရားထူးတွေနဲ့ ပြည့်စုံနေလို့ အဲဒါအကြောင်းပြုပြီးတော့ ပိုပြီးတော့ သန့်သန့်ပြန့်ပြန့် စင်စင်ကြယ်ကြယ် ကျန်းကျန်းမာမာနဲ့ ဖြစ်နေတာထူးခြားပါတယ်၊ ထူးခြားလို့ အခါတစ်ပါးမှာဆိုရင်ဖြင့် ပရိနိဗ္ဗာန်စံလောက်အောင် ရောဂါဝေဒနာတွေ ဖြစ်လာတယ်၊ အဲဒီရောဂါဝေဒနာတွေဟာ ဖြစ်ပြီးလာတော့ ဆရာက ဒီရောဂါဝေဒနာတွေဟာ ဒီတိုင်းထားလို့ရှိရင် ပရိနိဗ္ဗာန်စံမယ်၊ လူပြောပြောလို့ရှိရင် ဒါသေမယ်ပေါ့လေ၊ သေလောက်တဲ့ ဝေဒနာတွေဖြစ်လာတယ်၊ ဒီတော့ တပည့်ပရိသတ်တွေကိုလဲ ငါဘယ်တော့ ပရိနိဗ္ဗာန်ဝင်မယ်လို့ စောစောကလဲ မကြေညာရသေးဘူး၊ မပြောရသေးဘူး ဒီအချိန်ကာလဆိုရင် ဘုရားက တရားဟောမှ ကျွတ်သင့်တဲ့ ပုဂ္ဂိုလ်ဟာလဲ ရှိနေတယ်၊ တပည့် သာဝကတွေကလဲ မကုန်သေးဘူး၊ မကုန်သေးတော့ ဒီအခါကာလ ပရိနိဗ္ဗာန်ပြုဖို့ရာ မကောင်းသေးဘူး၊ ဒီတော့ ရောဂါဝေဒနာပျောက်အောင်လို့ ဘာဝနာနဲ့ ပယ်ရှားဦးမှပဲလို့ နှလုံးသွင်းဆင်ခြင်တော် မူပြီးတော့ ဘာဝနာနဲ့ နှလုံးသွင်း၊ ဝိပဿနာ ဘာဝနာတွေ ရှုလိုက်တော့ ရောဂါတွေ ပျောက်သွားတယ်။

ပျောက်သွားတာမှ ဘယ်လောက်ပျောက်သွားသလဲဆိုတော့ ပရိနိဗ္ဗာန်စံမှာကလဲ အချိန်က နီးနေတော့ ၄-လ၊ ၄-လတာအတွင်း တစ်ခါတည်း ရောဂါဝေဒနာတွေလုံးလုံးကို မဖြစ်တော့ဘူး၊ ဝိပဿနာအရှိန်အဝါနဲ့ ချက်ချင်းကွာသွားတာ၊ ပျောက်တယ်၊ ယခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ရောဂါဝေဒနာ ပျောက်တာဟာ ဒါတွေပျောက်တာ၊ ဝိပဿနာ တန်ခိုးရှိတယ်၊ ဝိပဿနာအားကောင်းတယ်၊ အားကောင်းရင် ပျောက်တယ်၊ အားမကောင်းရင် မပျောက်ဘူးပေါ့၊ အဲ-မပျောက်သေးလို့ ရှိရင် အားမကောင်းသေးလို့ပဲ၊ ကိုယ့်မှာဖြစ်တဲ့ရောဂါက အားကြီးနေတယ်၊ ဝိပဿနာက အားနည်းတယ်ဆိုရင်တော့ မပျောက်ဘူးပေါ့၊ ရေနဲ့မီးနဲ့လိုပါပဲ၊ ရေနဲ့မီးဟာ ရေကမီးလောက်အားကြီးမှ မီးကိုငြိမ်းစေနိုင်တယ်၊ ရေက နည်းနည်းလေးနဲ့ဆိုရင်တော့ မီးတွေ ဘယ်ငြိမ်းနိုင်မလဲ၊ မီးပုံကြီးထဲ ရေလေးတစ်ခွက်လောက်သွားဖျန်းလို့ မငြိမ်းဘူး၊ မီးပုံကြီးငြိမ်းအောင်လို့ဟာ မီးပုံးကြီးထက် ကြီးမားတဲ့ရေတွေနဲ့ သွန်လောင်းလိုက်မှ ဒီတော့မှငြိမ်းမှာကို၊ အဲဒါလိုပဲ၊ ရောဂါဝေဒနာ အကြီးအကျယ် ဖြစ်လာလို့ရှိရင် အင်မတန်ကြီးကျယ်တဲ့ ဝိပဿနာ အင်အားနဲ့မှ ငြိမ်းနိုင်တယ်၊ သာမန်ဝိပဿနာနဲ့တော့ မငြိမ်းနိုင်ဘူး၊ အဲ-မြတ်စွာဘုရားကတော့ ဝိပဿနာ အင်မတန်ကောင်းလို့ ငြိမ်းပြီးတော့ သွားပါတယ်။

ဒါကြောင့် ထူးခြားသင့်သလောက်တော့လဲ ထူးခြားပါတယ်၊ ဒါပေမယ်လို့ ရောဂါဝေဒနာ လုံးလုံးမဖြစ်ဘူးတော့ မဆိုနိုင်ဘူး၊ သွေးနဲ့သားနဲ့ဖြစ်တာပဲ၊ ဗုဒ္ဓဘာသာ အပြင်ဘက်က ဘာသာတွေကတော့ ဘုရားဆိုလို့ရှိရင် ဘာမှကို မဖြစ်ရဘူး၊ ဘုရားဆိုလို့ရှိရင် သူတို့ပြောတဲ့ အတိုင်းဟုတ်လို့ရှိရင် သူက ကောင်းမှာလို့ဆိုရမှာပေါ့၊ ဒါပေမယ်လို့ သူတို့လို့သာပြောတာ၊ ဒီဘုရားကြီးက ဖန်ဆင်းတယ်၊ ဒီဘုရားကြီးက အလုံးစုံသော သတ္တဝါတွေဖန်ဆင်းတယ်၊ ကမ္ဘာကို ဖန်ဆင်းသူမှာတော့ ဘာမှလဲပဲ ဒီရောဂါဝေဒနာတွေ မရှိဘူး၊ ဒုက္ခဆိုတာ ဘာမှ မရှိဘူးလို့ ဆိုပြီးတော့ သူတို့ သမုတ်ထားကြတယ်။

ဒါက ပထမတည်ထွင်တဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ကူးတွေပဲ၊ သူက ဘယ်သူမှလဲ တွေ့တာမဟုတ်ဘူး၊ ဘယ်သူ့မှမတွေ့ဘူး၊ ဒီလိုပဲ၊ နောက်လူတွေကလဲပဲ ရှေ့က သွားရာနောက်က လိုက်ပြီးတော့ ဒီအတိုင်းပဲ ယူဆနေကြတာကို၊ စွဲလမ်းနေကြတယ်၊ ဒါ အယူအဆ အစွဲအလမ်းပဲ၊ မျက်မြင်အားဖြင့် ဆိုရင်တော့ ပုဂ္ဂိုလ်, သတ္တဝါတွေမှာ ရုပ်နဲ့နာမ်ရှိတော့ ဒီရုပ်နဲ့နာမ်ဟာ အကြောင်းအဆင် မသင့်လို့ရှိရင် ချွတ်ယွင်း ပျက်စီးတာကတော့ (ပုဂ္ဂိုလ်တိုင်း-၂)မှ သိနိုင်တယ်၊ ချွတ်ယွင်းတာပဲ၊ ပြုပြင်တဲ့နည်းနဲ့ ပြုပြင်လိုက်လို့ရှိရင် သက်သာခွင့်ရတယ်၊ ဒါလောက်ပါပဲ၊ ဒါကြောင့် အခါတစ်ပါး မြတ်စွာဘုရား မကျန်းမာဖြစ်တော်မူတဲ့ အခါကာလကျတော့ အရှင်စုန္ဒဆိုတဲ့ ရဟန္တာမထေရ်တစ်ပါးရှိတယ်၊ ရှင်သာရိပုတ္တရာရဲ့ ညီပါပဲ၊ သူကလဲ အငယ်ထဲက အငယ်ဆုံးတော့မဟုတ်ဘူး၊ သူ့ထက်ငယ်တာလဲ ရှိသေးတယ်၊ အရှင်စုန္ဒမထေရ်က မြတ်စွာဘုရားထံ ရောက်လာတဲ့အခါ မြတ်စွာဘုရားက အရှင်စုန္ဒကို အမိန့်ရှိတယ်။

ပတိဘန္တ္ တံ စုန္ဒ ဗောဇ္ဈင်္ဂ-တဲ့၊ ဗောဇ္ဈင်္ဂသ၊ စုန္ဒ-စုန္ဒရဟန်း စုန္ဒချစ်သား၊ တံ-သင့်အား၊ ဗောဇ္ဈင်္ဂါ-ဗောဇ္ဈင် ၇-ပါးတရားတို့သည်၊ ပတိဘန္တ-ထင်ရှားပါစေကုန်သတည်း၊ ဗောဇ္ဈင် ၇-ပါးတရားတွေ သင်၏ဉာဏ်ထဲမှာ ပေါ်ပါစေတဲ့၊ ရှေးတုန်းက စကားကတစ်မျိုး၊ ဘာသာခြားစကားတွေနဲ့ မြန်မာစကားနဲ့ ဘာသာပြန်ရတာ ခက်သလိုပဲ၊ သူက ပါဠိတစ်မျိုးဖြစ်တယ်။

ဗောဇ္ဈင် ၇-ပါးတရားတွေ သင့်မှာ ထင်ပါစေတဲ့၊ သူက ပြောတယ်၊ သင့်မှာ ပေါ်ပါစေ၊ ဒါက ပြောတာလဲ ဗောဇ္ဈင် ၇-ပါး တရားတွေကို ရွတ်ဖတ် သရဇ္ဈာယ်ပါလို့ ပြောတာတဲ့၊ သူက ဟောတာလို့ ပြောတာတဲ့၊ အတော်ကွာနေတယ်၊ ဗောဇ္ဈင် ၇-ပါးတရားတွေ ထင်ပါစေဆိုတာနဲ့ ရွတ်ဖတ်ပါဆိုတဲ့ အဓိပ္ပာယ်ပြောင်းပြန်ကြီး ဖြစ်နေတယ်၊ တစ်မျိုးဖြစ်နေတယ်၊ဒါပေမယ့်

ဟိုခေတ်ကတော့ အဲဒီလိုပဲပြောတယ်၊ အဓိပ္ပာယ်အားဖြင့်တော့ မှန်တော့မှန်တယ်၊ စိတ်ကူးထဲမှာ ဒီဟာတွေဖြစ်ပေါ်လာရင် ပြောချင်ဆိုချင်ဖြစ်လာတဲ့ဥစ္စာ အဲဒါ ပြောချင်ဆိုချင်ဖြစ်ရင် ပြောတော့တာပဲ၊ မပြောဘဲနေလို့ မရဘူး၊ တချို့က တစ်ဦးက စကားပြောနေ–တစ်ဦးက ပြောချင်လှပြီ၊ သူ့စကား မဆုံးနိုင်လို့ ဒီကြားထဲ ဖြတ်တောင် ပြောလိုက်သေးတယ်၊ အဲဒါမျိုးပဲ၊စိတ်ထဲမှာ ပြောချင် ဆိုချင်လေး, ထင်လာတာလေးကို အဲဒီကနေပြီး အရင်းခံကနေ သုံးနေတာကို။

အဲ–ဗောဒ္ဓေါ် ၇–ပါးတရားတွေ သင်၏ဉာဏ်ထဲမှာ ထင်ပါစေလို့ဆိုတာ ဗောဒ္ဓေါ် ၇–ပါးတရားတွေ ရွတ်ဖတ်သရဇ္ဈာယ်ပါတဲ့၊ မြတ်စွာဘုရားက အမိန့်ရှိတော့ စုန္ဒမထေရ်က ဗောဒ္ဓေါ် ၇–ပါးတရားတွေဟောတယ်၊ ဘုရားကို တရားဟောရတာ အဲဒီ မထေရ်တစ်ပါးပဲရှိတယ်၊ ဘုရားက တရားနာတယ်၊ စုန္ဒမထေရ်က ဟောတယ်၊ သူဟာ မသိလို့ဟောရတာလဲ မဟုတ်ဘူး၊ မသိလို့နာရတာလဲ မဟုတ်ဘူး၊ သိသော်လည်း အဟောထက် နာတာက အရေးကြီးတယ်၊ ဟောတဲ့ပုဂ္ဂိုလ်က ဟောလို့ နာတဲ့ပုဂ္ဂိုလ်ကနာတာ အရေးကြီးပါတယ်၊ ဒီအတိုင်း မြတ်စွာဘုရားက မဟောဘဲနဲ့ သူ့ဟာသူ ဆင်ခြင်လိုက်လျှင် ဗောဒ္ဓေါ် ၇–ပါးတရားတွေ ဉာဏ်ထဲ ထင်နေတာပဲ သိနေတာပဲ။

ဒါပေမယ်လို့ မဆင်ခြင်သေးဘူး၊ အရှင်စုန္ဒကို အဟောခိုင်းပြီးတော့ နားထောင်ပြီးတော့ ဆင်ခြင်တယ်၊ ဒါမှတစ်ခါတည်း နှလုံးသွင်းလိုက်တော့ ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးတော့ ဝိပဿနာရှုစဉ် အခါကာလတုန်းက ဖြစ်ပေါ်ခဲ့တဲ့ ဗောဒ္ဓေါ် တရားတွေ ပြန်ပေါ်လာတာကို၊ ဟိုတုန်းက အားထုတ်ခါစက ထက်ထက်သန်သန် ဖြစ်လာပုံတွေ တစ်ခါတည်း ထက်ထက်သန်သန် တစ်ခါတည်းဖြစ်ပြီးတော့ ပေါ်လာတာ ဟိုတုန်းကလိုပဲ တရားအားထုတ်တုန်း အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်ရောက်စဉ် အခါကာလတုန်းက ဖြစ်တဲ့ ဗောဒ္ဓေါ် မျိုးတွေပဲ၊ သန်သန်စွမ်းစွမ်းကြီးတွေ ဖြစ်လာတယ်၊ အဲဒီလို ဖြစ်လာတော့ ရောဂါဝေဒနာတွေကလည်း ပျောက်သွားရော၊ အရေးကြီးတယ်၊ တရားနာတာ အချို့က ကိစ္စမရှိပါဘူး၊ စာအုပ်ထဲကြည့်လဲသိတာပဲ၊ စာအုပ်ထဲကြည့်လို့ သိတာကတစ်မျိုး၊ ဟောလို့ နာတာကတစ်မျိုး။

ဟာ–တချို့က အခုနေအခါတော့ ရီကော်ဒါလေးနဲ့ အသံသွင်းထားတာက ရှိနေတာပဲ၊ တရားနာသွားဖို့မလိုပါဘူးဆိုပြီး တစ်နေ့က ဦးကျန်စုကပြောတယ်၊ ယခုကာလ တိတ်ရီကော်ဒါတွေနဲ့ ဖမ်းထားတဲ့ တရားတွေကတော့ ကောင်းတော့ကောင်းပါရဲ့၊ ဒါပေမယ့် တချို့က တရားတွေ ပေါ့သွားတယ်၊ ဘယ့်နှယ်တုံးဆို တရားနာသွားရအောင်ဆို၊ မလိုပါဘူးဗျာ၊ ကျုပ်တို့ တိတ်ရီကော်ဒါနဲ့ ဖမ်းထားတာ တရားရှိနေတာပဲဆိုပြီး တရားနာမလာကြဘူး၊ ပျင်းတဲ့ပုဂ္ဂိုလ်တွေနဲ့တော့ ဟုတ်တယ်၊ ဒါပေမယ့် တူတော့မတူဘူး၊ တချို့ အသံဖမ်းထားပြီး တရားနာတာက တရားနာရင်းလဲ ဆေးလိပ်သောက်, ကွမ်းစား, စကားတွေပြော, လုပ်ချင်တာ လုပ်မှာပါ၊ သူ့ဥစ္စာ သိပ်ဟုတ်မှာ မဟုတ်ဘူး၊ တရားကို စိတ်ဝင်စားချင်မှ ဝင်စားမှာပါ၊ ယခု ဒီမှာ တရားနာလာတဲ့ပုဂ္ဂိုလ်တွေနဲ့ ဘယ်တူမလဲ၊ မတူဘူး၊ ဒီ တရားနာလာတဲ့ပုဂ္ဂိုလ်တွေက တရားဟောတဲ့ပုဂ္ဂိုလ် အခြေအနေလဲကြည့်တယ်၊ ဟောတဲ့ အသံကိုလည်း နားထောင်တယ်၊ ပြီးတော့ ရိုသေသမှုတွေကလဲရှိတယ်။

တို့–ဒီတရားနာခြင်းအားဖြင့် လောကမှာလဲ ကောင်းကျိုးချမ်းသာတွေကို ရမယ်၊ သံသရာဘဝတွေမှာလဲ ကောင်းကျိုးချမ်းသာတွေကိုရမယ်၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရာရောက်ကြောင်းဖြစ်တဲ့ တရားနည်းလမ်း သြဝါဒတွေလဲရမှာပဲလို့ဆိုပြီး တစ်ခုပြီးတစ်ခု (ဘာဟောမလဲ–၂)ဆိုပြီး ဒီလိုနားစွင့်ပြီး ရိုရိုသေသေ နားထောင်နေတာ၊ အပုံပဲကွာတယ်၊ မယုံရင် အိမ်ကျရင် အသံဖမ်းထားတာနဲ့ နာစမ်းကြည့်၊ ဘုန်းကြီးဟောတဲ့တရားပဲ၊ စမ်းကြည့်၊ ဒီတရားနာတုန်းက အသံတစ်မျိုး၊ ဒီတရားနာတုန်းက ဖြစ်တဲ့စိတ်မျိုးတွေ ဟုတ်သေးရဲ့လားလို့ မဟုတ်ဘူး၊ ဒါတော့ သေသေချာချာပဲ၊ အဲဒါ အရေးကြီးပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် ဆင်ခြင်လို့ရှိရင် သိလျက်သားနဲ့ ဆင်ခြင်ရုံနဲ့ မပြီးသေးဘူး၊အရှင်စုန္ဒ တရားဟောခိုင်းသေးတယ်၊ အရှင်စုန္ဒက ဟောရတယ်၊ ဟောတော့ အဲဒီ ဗောဒ္ဓေါ် တရားတွေ နာပြီးတော့ ခုနကပြောခဲ့တဲ့ အတိုင်း ဗောဒ္ဓေါ် တရားတွေ ဟိုတုန်းက ဖြစ်တဲ့အတိုင်း ဗောဒ္ဓေါ် တရားတွေ ပြန်ပြီးပေါ်လာတာကို၊ ပေါ်လာတော့ ရောဂါဝေဒနာတွေ ပျောက်သွားတယ်၊ အဲဒီတော့ ယခုတရားနာတဲ့ ပုဂ္ဂိုလ်တွေလဲပဲ တစ်ချို့လဲ ရောဂါဝေဒနာတွေ ပျောက်ချင်လဲ ပျောက်သွားမှာပါ၊ ဗောဒ္ဓေါ် တရားတွေနာရတော့ ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်ပြီး ပျောက်ချင်လဲ ပျောက်မှာပါပဲ၊ နောင်ကို ရောဂါဝေဒနာဖြစ်တဲ့ အခါကြလို့ရှိရင်လဲ ဒီတရားကို ပြန်နှလုံးသွင်းလိုက်လို့ရှိရင် ရောဂါဝေဒနာတွေပျောက်ရင်ပျောက်မယ်၊ သက်သာရင် သက်သာခွင့်ရမယ်၊ အဲဒီလို ကျေးဇူးများနိုင်တယ်၊ အဲဒီက စာရွက်ကလေးတွေနဲ့ ထုတ်ရေးထားတာ၊ အင်မတန် ကျေးဇူးများပါတယ်။

သန္ဓံ အဗ္ဗုတ္ဓံ ဣမ ဘိက္ခဝေ ဘိက္ခု သန္ဓံဝါ အဗ္ဗုတ္ဓံ သတိ သမ္ဗောဇ္ဈင်္ဂံ အတ္ထိ
မေ အဗ္ဗုတ္ဓံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ၊ အသန္ဓံ အဗ္ဗုတ္ဓံ သတိ သမ္ဗောဇ္ဈင်္ဂံ နတ္ထိ
မေ အဗ္ဗုတ္ဓံ သတိသမ္ဗောဇ္ဈင်္ဂေါ ပဇာနာတိ။

သတိသမ္ဗောဇ္ဈင် မိမိသန္တာန်ဖြစ်ရင် ဖြစ်မှန်းသိရမယ်၊ မဖြစ်လျှင် မဖြစ်မှန်းသိရတယ်၊ အဲဒီ ဗောဒ္ဓေါ် တရားတွေ ဘယ်ကစပြီး ဖြစ်သလဲဆိုလို့ရှိရင် ဥဒယဗ္ဗယဉာဏ်က စဖြစ်တယ်၊ ဗောဒ္ဓေါ် တရားဆိုတာ လွယ်လွယ်လေးဖြစ်လာတာ မဟုတ်ဘူး၊

တရားအားထုတ်လို့ အစဉ်အတိုင်း အားထုတ်လို့ နာမ်ရုပ်ပိုင်းခြားသိတာ၊ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်တယ်၊ အဲဒီကနောက် ဥဒယဗ္ဗယဉာဏ် ဖြစ်တယ်၊ အဲဒီမှာ အနိစ္စ, ဒုက္ခ သုံးသပ်တဲ့ သမ္မသနဉာဏ်ဆိုတာဖြစ်တယ်၊ အဲဒီကလွန်လာတော့ ဥဒယဗ္ဗယ အဖြစ်အပျက်ကလေးတွေ မြင်တယ်၊ အဲဒီဉာဏ်ကျမှ သတိသမ္ဘောဇ္ဈင်–ဗောဇ္ဈင်တရားတွေက ဖြစ်တာ၊ အဲဒီဉာဏ်ရောက်နေတဲ့ ပုဂ္ဂိုလ်တော့ ဗုဒ္ဓတီတိ ဗောဓိ၊ သစ္စာလေးပါးတရားကို ဝိပဿနာဉာဏ်နှင့် သိပါပြီ၊ သိနေလို့ သူ့ကို ဗောဓိလို့ခေါ်တယ်၊ အဲဒီ သိတဲ့ သူရဲ့အကြောင်းအင်္ဂါတွေပဲတဲ့၊ ဒီဗောဇ္ဈင်တရားတွေနဲ့ ပြည့်စုံလို့ ဒီသစ္စာလေးပါး တရားကိုသိတာတဲ့၊ ဝိပဿနာဉာဏ် ကောင်းကောင်းဖြစ်လာတာ၊ သတိသမ္ဘောဇ္ဈင် အစရှိတဲ့ ဗောဇ္ဈင်တရားတွေနဲ့ ပြည့်စုံလို့ ဒါအကြောင်းတရားတွေပဲ၊ အဲဒီ ဗောဇ္ဈင်တရားတွေက သိသောသူ၏ အကြောင်းအင်္ဂါတွေပဲတဲ့၊ ဒီအကြောင်းအင်္ဂါတွေစုံမှပဲ ဖြစ်နိုင်တယ်၊ လူဟာ မျက်စိရှိမှ မြင်နိုင်တယ်။ မျက်စိမရှိ မမြင်နိုင်ဘူး၊ နားအင်္ဂါရှိမှ အသံကို ကြားနိုင်တယ်၊ နားအင်္ဂါမရှိလျှင် မကြားနိုင်ဘူး၊ အဲဒါလိုပဲ၊သစ္စာ လေးပါးတရားကို သိတာဟာ သတိသမ္ဘောဇ္ဈင် အစရှိသောအစိတ်အပိုင်း အကြောင်းအင်္ဂါလေးတွေရှိတယ်၊ အဲ–ဥဒယဗ္ဗယ ဉာဏ်ရောက်ပြီးတော့ သတိ အစရှိတဲ့ တရားလေးတွေ ပြည့်စုံနေမှ ဒီသစ္စာလေးပါးတရားက သိနိုင်တယ်၊ ဒါကြောင့် သူတို့က သိသောသူ၏အစိတ်အပိုင်းအင်္ဂါပဲ၊ ဗောဓိသ အင်္ဂေါ် ဗောဇ္ဈင်္ဂေါ်၊ ဗောဓိသသိသောသူ၏ သစ္စာလေးပါးကို သိသောသူ၏၊ အင်္ဂါ–အကြောင်းအင်္ဂါတို့တည်း၊ ဗောဇ္ဈင်္ဂါ–သစ္စာလေးပါးကို သိသူ၏ အကြောင်းအင်္ဂါ၊ ဒီမှာဆောင်ပုဒ်ပေးထားတယ်နော်၊ ဘုန်းကြီးက အကျယ်ဟောပြီးသားပါ၊ ဟိုတုံးက မနာရသေးတဲ့ပုဂ္ဂိုလ်တွေ ဘာမှမသိဘဲနေမှာစိုးလို့ ပြန်ပြောနေရတာပါ၊ အချိန်တော့ နည်းနည်းတော့ ကုန်မှာပဲ၊ ကိုင်း–ဆိုရမယ်။

သစ္စာလေးပါး သိသူ၏ အကြောင်းအင်္ဂါကို ဗောဇ္ဈင်ဟု ခေါ်သည် (ဆို–၃)

ပါဠိလိုက ဗောဇ္ဈင် ဗောဇ္ဈင်မှာ ဂ–လေးဖြတ်ပြီး ဗောဇ္ဈင်လို့ မြန်မာစကားလုပ်ထားတယ်၊ ဒီတော့ အဓိပ္ပာယ်တော့ မသိဘူး၊ ဗောဇ္ဈင်ဆိုတာ ဘာတုံး၊ ဗောဇ္ဈင်ပါပဲ၊ ပြောရမှာပဲ၊ သူ–ဒါပဲ သိတာကိုး၊ အဲ–ခုတော့ သိသွားပြီ၊ ဗောဇ္ဈင်ဆိုတာ ဘာလဲ၊ သစ္စာလေးပါးသိသူ၏ အကြောင်းအင်္ဂါပဲ၊ သစ္စာလေးပါးသိတဲ့ ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၊ ဒီအကြောင်းအင်္ဂါနဲ့ ပြည့်စုံလျှင် သစ္စာလေးပါးကို သိတယ်၊ ဒီအကြောင်းအင်္ဂါနှင့် မပြည့်စုံလျှင် သစ္စာလေးပါးမသိဘူး၊ သစ္စာလေးပါး သိနေတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာအကြောင်းအင်္ဂါရှိတယ်၊ သူ့မှာ သတိသမ္ဘောဇ္ဈင် အစရှိတဲ့ ဗောဇ္ဈင်တရားတွေ ပြည့်စုံလို့တဲ့၊ ဒါကို ဆိုလိုတယ်၊ တစ်နည်းအားဖြင့် ဗောဓိဆိုတာက သစ္စာလေးပါးကို သိတဲ့တရားအပေါင်းပဲတဲ့၊ သိမှုပေါ့လေ၊ သစ္စာလေးပါးသိသူ၊ ဒါ–ဒုတိယ သစ္စာလေးပါး သိမှု၏ အစိတ်အပိုင်းကိုလဲ ဗောဇ္ဈင်ဟုခေါ်သည်၊ ဒုတိယဆောင်ပုဒ်ပေးထားတယ် ဆိုရမယ်။

သစ္စာလေးပါးသိမှု၏ အစိတ်အပိုင်းကိုလဲ ဗောဇ္ဈင်ဟုခေါ်သည်။

အဲဒီတော့ ခု–တရားနာ ပရိသတ်တွေ နေရာကျသွားပြီ၊ ဗောဇ္ဈင်ဆိုတာ ဘာတုံးဆိုတာ နားလည်သွားပြီ၊ နားမလည် ကြဘူး ပြောသာပြောနေတာ၊ ဗောဇ္ဈင်ဆိုတာ ပြောနေကြတာပဲ၊ ဗောဇ္ဈင်ဆိုတာ ဘာတုံးမသိဘူး၊ ခု–သိပြီ၊ ဘာလဲ သစ္စာ လေးပါးသိသူ၏ အကြောင်းအင်္ဂါ၊ တစ်နည်းအားဖြင့် သစ္စာလေးပါးသိမှု၏အစိတ်အပိုင်း၊ ဒါပဲ၊ အဲ–ဥဒယဗ္ဗယဉာဏ်ကစပြီး တော့ ရှုမှတ်တိုင်း–ရှုမှတ်တိုင်း ဝိပဿနာဉာဏ်နဲ့ သစ္စာလေးပါးကိုသိနေတယ်၊ အဲဒီသစ္စာလေးပါး သိတာဟာ ဒီအကြောင်း အင်္ဂါတွေနဲ့ပြည့်စုံမှသိတယ်၊ ဒီအစိတ်အပိုင်းတွေနဲ့ ပြည့်စုံမှသိတယ်။

ဒါကြောင့်မို့ ဒါတွေကို ဗောဇ္ဈင်ဟု ခေါ်သည်တဲ့၊ ၇–ပါးရှိတယ်၊ သတိသမ္ဘောဇ္ဈင်၊ ဓမ္မဝိစယ သမ္ဘောဇ္ဈင် အစရှိသဖြင့် ၇–မျိုးရှိပါတယ်၊ ဗောဇ္ဈင်မှာ ဂဏန်းလေးတွေနဲ့ ပြထားတယ်၊ အဲဒီတစ်ပိုဒ်–တစ်ပိုဒ်၊ စာပိုဒ်တစ်ပိုဒ်ဟာ တစ်ဂဏန်းဟာ ဗောဇ္ဈင်တစ်ခုပဲ၊ (က) (ခ)ကတော့ အားလုံးအတွက် နောက်တစ်ခါ (၁)ကစပြီးတော့ သတိသမ္ဘောဇ္ဈင်ကစပြီး ရှစ်လုံးတည်းနဲ့ ဗောဇ္ဈင်တစ်ခု၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်ကို ဖော်ပြထားတယ်၊ အဲဒါတွေတော့ အကျယ် မပြောနိုင်တော့ဘူး၊ အဲဒါတွေ အကျယ်ပြောမယ်ဆိုရင် ဝိရိယသမ္ဘောဇ္ဈင်ရောက်မှာ မဟုတ်ဘူး၊ အဲ–သို့သော်လဲ ဆောင်ပုဒ်ကလေးတွေ, ခေါင်းစဉ်ကလေးတွေ နည်းနည်းတော့ ပြောသွားမယ်။

မလွတ်စတမ်း စောင့်ဖမ်းနေသည်။

သတိဆိုတာပေါ်လာသမျှအာရုံတွေကို မလွန်ရအောင် တစ်ခါတည်းစောင့်ပြီးတော့ ဖမ်းနေတာ၊ တံခါးပေါက်ကနေပြီး ဒရဝမ်က လာတိုင်းလာတိုင်း အမှတ်ပြုပြီး သိပြီးကြည့်ရှုနေသကဲ့သို့၊ တောများမှာလဲ လယ်ကွင်းထဲများမှာ ဗျိုင်းတွေဆိုတာရှိ တယ်၊ ရေစီးနေရာမှာ ကတွတ်ပေါက်–ဂတိုပေါက်ဆိုတာ၊ လယ်ကန်သင်းကနေပြီး ရေတွေဘာတွေ လွတ်ထားတဲ့ အပေါက် ကလေးတွေရှိတယ်၊ အဝင်အထွက် အပေါက်ကလေးတွေ၊ တော်သလင်းဆီကျလို့ရှိရင် ရေထဲမှာ ငါးတွေပါလာတယ်၊ ခုတော့ မရှိသေးဘူးပေါ့၊ အဲဒီငါးပါတာကို ကတွတ်ပေါက်ကနေပြီး ကောက်စားနေတာကို၊ ထို့အတူ ပေါ်လာသမျှ အာရုံတွေ တစ်ခုမှ မလွတ်စေရဘူး၊ အကုန်လုံးတစ်ခါတည်းမိနေတာသိနေတာ၊ အဲသည်လို အမှတ်ရနေတာကို သတိသမ္ဘောဇ္ဈင်လို့ခေါ်တယ်၊ ဒါသူ့လက္ခဏာပဲ။

ပြီးတော့ ဖြစ်ပျက်သရွေ့ မမေ့စေသည်။

ဖြစ်တိုင်းဖြစ်တိုင်း သူ–ဘာမှ မမေ့တော့ဘူးတဲ့၊ မြင်တိုင်းလဲ အမှတ်ရတာပဲ၊ ကြားတိုင်း, နံတိုင်း, ထမင်းစားတိုင်း, တွေ့ထိတိုင်း တွေ့ထိတိုင်း, ကွေးတိုင်း, ဆန့်တိုင်း, လှုပ်ရှားတိုင်း၊ ဒွါရ ၆ပါးက ဖြစ်ပေါ်တာတွေ၊ အကုန်လုံး သူ–အမှတ်ရနေတာ၊ ဥဒယဗ္ဗယညာဏ်ရောက်လျှင် အကုန်လုံးအမှတ်ရတယ်၊ အားထုတ်ခါစပုဂ္ဂိုလ်တွေတော့ အမှတ်မရနိုင်ဘူး၊ မေ့သွားတာ အများကြီးပဲ၊ ဥဒယဗ္ဗယညာဏ်ရောက်တော့ မေ့တာကို မရှိတော့ဘူး၊ အကုန်သိနေတယ်၊ သိပ်နေရာကျတာ၊ အံ့သြစရာ သိပ်ကောင်းတာ၊ အားမထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေက သိပ်မသိဘူး။

ဘေးက တစ်ချို့က တောင်ပြော, မြောက်ပြော, ရယ်စရာမောစရာတွေ ပြောချင်ပြောတာ၊ ဘယ်ဟုတ်မလဲ သူ့ဥစ္စာ တရားအားထုတ်ကြည့်၊ အမှတ်တွေက သိပ်သိတာ၊ ဘာမှကို မလွတ်ရအောင် အကုန်လုံးလျှောက်ပြီးတော့ သူသွားတာပဲ။

ဘာနဲ့တူနေတုံးဆိုတော့၊ ခု–အများ နားလည်တာကတော့ တူရိယာတွေရှိပါတယ်၊ တူရိယာတွေဟာ အသံတွေ အမျိုးမျိုးပဲ၊ တယ်အလေ့အကျင့်ရှိတဲ့ ပုဂ္ဂိုလ်က တစ်ခါတည်း အသံသေး, အသံကြီးတွေ တစ်ခါတည်း ဖြုတ်ဖြုတ်ဆို လွှတ်လိုက်တာ တစ်ခါတည်းစုံလို့၊ တစ်ခါတည်း တီးသွားလိုက်တာ အင်မတန်ကို သူ့နေရာနဲ့သူအကွက်ကျနေတယ်၊ နိမ့်ရမည့်နေရာနိမ့်၊ မြင့်ရမည့်နေရာမြင့်၊ လက်က သူဟာ သေနေတာပဲ တယ်နေရာကျတယ်၊ ခုကာလမှာ စာရိုက်တဲ့ တိုက်ပ် ရိုက်တဲ့ပုဂ္ဂိုလ်လက်လဲ သေနေတာပဲ၊ သူ့ဟာ သူ့ဟာသူ ဒေါက်–ဒေါက်–ဒေါက်နဲ့ သေနေတာပဲ၊ ဘာမှမကြည့်ရဘူး၊ လက်က သူ့ဟာသူ သွားနေတာ၊ အဲဒါလိုပဲ အမှတ်သတိကလဲ အလေ့အကျင့်လုပ်တော့ အဲဒါထက်ကောင်းတာပေါ့။

ဒါက အခုအကြမ်းပြင်းပြောရတာ၊ အမှတ် သတိကြ ဒါထက်မြန်သေးတယ် သိပ်မြန်တာ၊ တစ်ခါတည်း ဖြစ်ချင်ရာ ဖြစ် လုပ်ချင်ရာလုပ်၊ အကုန်လုံး လျှောက်လျှောက်ပြီးတော့ မှတ်မိနေတာ၊ မမေ့ဘူး၊ ဖြစ်ပျက်သရွေ့ မမေ့စေသည်၊ အာရုံရှေးရှု စောင့်မှုထင်သည်၊ အာရုံရှေးရှုဆိုတဲ့နေရာမှာ ကော်မာကလေး ပြထားတယ်၊ အာရုံရှေးရှုက တစ်ခုစောင့်မှုက တစ်ခု၊ နှစ်ခုရှိတယ်၊ အာရုံဆီကို မျက်နှာလှည့်ပြီး နေသလိုပါပဲတဲ့၊ အာရုံလာလို့ရှိလျှင် ဖမ်းသလို ဘယ်ကလာလာ ဖမ်းမလို့ တစ်ခါတည်း သတိကလေးက အာရုံဆီကို ဦးတည်ပြီး ရှုနေသကဲ့သို့ ရှေးရှုအနေအားဖြင့် ယောဂီပုဂ္ဂိုလ်၏ဉာဏ်ထဲမှာ ထင်ပါတယ်။

တစ်နည်းအားဖြင့် ဒွါရ ၆–ပါးက ကိလေသာတွေ အကုသိုလ်တွေ မဖြစ်ရအောင်လို့ စောင့်ရှောက်နေတဲ့ အစောင့်၊ တံခါးစောင့်များလိုပေါ့လေ၊ အဲဒီလိုလဲ ထင်ရှားပါတယ်တဲ့၊ အဲဒါ ပစ္စုပ္ပန္နာန် နှစ်မျိုး ထုတ်ထားတယ်၊ ဒီနားမှာ ကော်မာလေး တစ်ခုလိုသွားတယ်၊ အာရုံရှေ့ရှုဆိုတာ တစ်ပိုဒ်၊ စောင့်မှုက တစ်ပိုဒ်၊ အာရုံရှေးရှုတဲ့ အနေအားဖြင့် ယောဂီပုဂ္ဂိုလ်၏ဉာဏ်မှာ ထင်တယ်၊ အဲ စောင့်ရှောက်တဲ့ အနေအားဖြင့်လဲ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ထဲမှာထင်တယ်တဲ့၊ ဒီသတိတရား၊ အဲဒါ မြတ်သတိ၊ မှတ်သိဗောဒ္ဓိမည်၊ အဲဒါ ဥဒယဗ္ဗယညာဏ် စပြီးတော့ဖြစ်နေတဲ့ သတိသမ္ဗောဒ္ဓိပါပဲတဲ့၊ ကိုင်း–ဆိုရမယ်။

မလွတ်စတမ်း စောင့်ဖမ်းနေသည်၊
ဖြစ်ပျက်သရွေ့ မမေ့စေသည်၊
အာရုံရှေးရှု စောင့်မှုထင်သည်၊
မြတ်သတိ၊ မှတ်သိဗောဒ္ဓိမည်။

အဲဒီ ဗောဒ္ဓိင်က အဲဒီလက္ခဏာနဲ့ ရသနဲ့ ပစ္စုပ္ပဋ္ဌာန်နဲ့ဟာ အခြားဆုံး၊ ဒီထက်ခြားစရာ မရှိဘူး၊ တော်ကြဦးစို့၊ အဲဒီ သတိသမ္ဗောဒ္ဓိဖြစ်ဖို့ရာ အကြောင်းကတော့ မြတ်စွာဘုရားက ယောနိသော မနသိကာရ ပါပဲတဲ့၊ ယောနိသော–သတိဖြစ်ဖို့ အတွက် သတိဖြစ်အောင်လို့ ကြပ်ကြပ်နှလုံးသွင်းမယ်, ရှုမယ်, မှတ်မယ်၊ ယောနိသောမနသိကာရ ဖြစ်နေလျှင် သတိ သမ္ဗောဒ္ဓိတွေ ဖြစ်ပါတယ်၊ အဌကထာကတော့ကို အကြောင်းလေးပါး ထုတ်ပြထားပါတယ်၊ မြတ်စွာဘုရားက ယောနိသော မနသိကာရ တစ်ခုတည်းပဲ၊ ဗောဒ္ဓိင်တရား ၇–ပါးကို ယောနိသောမနသိကာရချည်းပဲ ထုတ်ထားပါတယ်၊ ဆောင်ပုဒ်ပေးစရာ မလိုပါဘူး၊ သူ့ဟာ ထင်ရှားနေလို့ အဲ–အဌကထာက ပေးတဲ့ဟာတွေကတော့ လေးခုပဲ ရှိတယ်၊ ၇–ခုလဲ ရှိတယ်၊ ၁၁–ခုလဲ ရှိတယ်၊ သူအများကြီးပဲ၊ ဒါတွေကတော့ ဆောင်ပုဒ် ပေးမှုဖြစ်မှာပေါ့။

သတိသမ္ဗဇ္ဈင် အမြဲယှဉ် ထိုတွင် စိတ်ညွှတ်ရာ။

သတိသမ္ဗဇ္ဈင် အမြဲယှဉ်နေရမယ်တဲ့၊ ကိုယ်အမူအရာ ပြုတိုင်း–ပြုတိုင်း သတိသမ္ဗဇ္ဈင် အမြဲယှဉ်နေရမယ်တဲ့၊ ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်း သွားတိုင်းသွားတိုင်း၊ ဘာကိုယ်အမူအရာလှုပ်လှုပ် အဲဒီမှာ အမြဲတည် အမှတ်ပြုပြီး လိုက်နေရမယ်၊ အဲဒီလို လိုက်နေမယ်ဆိုလျှင်လဲ သတိဖြစ်ပါတယ်တဲ့၊ ဟုတ်တယ်၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်သတိ ကောင်းကောင်း ဖြစ်လိမ့်မှာတုံး၊ မဖြစ်ဘူး၊ အဲ–ကမ္မဋ္ဌာန်းကျောင်းရောက်လို့ အားထုတ်တဲ့ပုဂ္ဂိုလ်တွေ အားထုတ်ခါစ ကောင်းကောင်း မဖြစ်သေးဘူး၊ အဲဒီက လိုက်ပါများပြီးတော့ တော်ကြာတော့ သတိတွေ ဖြစ်လာတယ်။

ထူးခြားတဲ့ ပုဂ္ဂိုလ်တွေကတော့ တစ်ရက်၊ နှစ်ရက်လောက်ဆို အတော်တွေ့လာပါတယ်၊ အတော်ပဲ သိသိသာသာ ဖြစ်လာတယ်၊ ၄–၅ ရက်လောက်ကျတော့ တစ်ခါတည်း အကုန်လုံး ခုနက ပြောတဲ့အတိုင်း ဘာမှအကြွင်းမရှိ အကုန်လုံး အမှတ်ရတယ်လို့ ထင်ရလောက်အောင် အပြည့်အစုံဖြစ်လာတယ် အင်မတန်ကောင်းပါတယ်၊ တချို့ပုဂ္ဂိုလ်တွေ သိပ်ထူးတာ၊ များသောအားဖြင့်တော့ ၇–ရက်၊ ၈–ရက်၊ ၁၀–ရက်၊ ၁၅–ရက်တွေကျမှ ပိုပြီး ကောင်းတတ်ပါတယ်၊ အဲဒါ သတိသမ္ဗောဇ္ဈင်နဲ့ အမြဲယှဉ်နေလို့ရှိလျှင် သတိသမ္ဗောဇ္ဈင်တရားတွေ ဖြစ်တတ်ပါတယ်တဲ့။

အဲဒီတော့ ကိုယ်တွင် စိတ်ညွှတ်ရာ၊ သတိသမ္ဗောဇ္ဈင်ဖြစ်ဖို့ စိတ်ညွှတ်ထားတဲ့ ပုဂ္ဂိုလ်တဲ့၊ သတိသမ္ဗောဇ္ဈင်ကို ထိုင်ရင်း ဖြစ်ဖြစ်, စားရင်းဖြစ်ဖြစ်၊ သွားရင်းဖြစ်ဖြစ်, လာရင်းဖြစ်ဖြစ် ဘယ်အချိန်မဆို ဖြစ်စေမယ်လို့ ရှုမှတ်မှုဖြစ်စေရမယ်လို့ နှလုံးသွင်းထားတဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်တတ်ပါတယ်တဲ့။

မေ့သူရှောင်လွှဲ၊ အဲ–အဲ–ဒီအပိုဒ်ပဲ ဆိုပါဦးတော့–

သတိသမ္ဗဇ္ဈင် အမြဲယှဉ်၊ ကိုယ်တွင်စိတ်ညွှတ်ရာ။
မေ့သူရှောင်လွှဲ၊ သတိမြဲ၊ မှီဝဲဆည်းကပ်ပါ။

အဲ–အမှတ်မရှိတဲ့ပုဂ္ဂိုလ်၊ မေ့တတ်တဲ့ပုဂ္ဂိုလ်တွေ ရှောင်ကြဉ်ရမယ်တဲ့၊ အဲဒီလိုပုဂ္ဂိုလ်တွေကို ဆရာသမားအဖြစ်နဲ့ မမှီဝဲနဲ့လို့ ဆိုလိုပါတယ်၊ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်ဟာ အဲဒီပုဂ္ဂိုလ်နဲ့အတူတူ ပူးပေါင်းရောနှောပြီးသကာလ မနေနဲ့၊ အရပ်ထဲနေတဲ့အခါတော့ ဒါကတော့ ရှောင်လို့မဖြစ်ပေဘူး၊ ကိုယ်လဲမေ့သူလဲမေ့အကုန်လုံးအတူတူဖြစ်နေတာကို မည်သူမှ အမှတ်ကောင်းကောင်း မှတ်ကြတာမှ မဟုတ်ဘဲ၊ အားထုတ်ကြတာမှ မဟုတ်ဘဲ၊ ဘယ်သူ့ဟာ ဘယ်သူမှ ရှောင်စရာမလိုဘူး၊ ကိစ္စမရှိဘူး၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေ, ရှုမှတ်မှုမရှိတဲ့ ပုဂ္ဂိုလ်တွေသာ မေ့တာ၊ မေ့ဆို သစ်ပင်ပေါ်က လိမ့်ကျလို့ မေ့တာမျိုး မဟုတ်ဘူး၊ မမှတ်ဘဲနေလို့ ပြောနေတာ၊ အဲသလို မေ့တဲ့ပုဂ္ဂိုလ်တွေတဲ့၊ အဋ္ဌကထာက ဥပမာပေးထားတယ်။

အတ္တနိက္ခိတ္တကာက သဒိသေ၊ မုဋ္ဌသတိပုဂ္ဂလေ။

ထမင်းခဲအစာခဲကို လွှတ်ချတဲ့ ကျီးကန်းများကဲ့သို့ သတိမေ့တဲ့ ပုဂ္ဂိုလ်တဲ့၊ ဖတ်စာထဲ ဖတ်ဖူးကြမှာပါပဲ၊ ခွေးအ, ကလာပြီးတော့ ကျီးကန်းကို ချီးမွမ်းတော့ ကျီးကန်းက ပါးစပ်ထဲက ဒိန်ခဲ ရှိမှန်းမသိဘဲနဲ့ အမှတ်မရမေ့ပြီးတော့ သူက အသံနဲ့ရွတ်ပြလိုက်တာဟု, အော်ပစ်လိုက်တာကို၊ မြေခွေးကနေပြီးတော့ ကျီးကန်း အသံ သိပ်ကောင်းမှာဘဲ ဆိုပြီးတော့ ရုပ်အဆင်းက အင်မတန်လှတော့ အသံကလဲ သိပ်ကောင်းမှာပဲလို့ ချီးကျူးလိုက်တော့ ကိုယ့်ကိုယ်ကို ချီးကျူးလျှင် သဘောကျတတ်တာပဲ၊ အဲဒီတော့ ဟုတ်မှန်းမသိ၊ မဟုတ်မှန်းမသိ ကိုယ့်ကို သူများမြှောက်ပေးလို့ရှိရင် ဟုတ်တယ်လို့ ထင်လဲထင်တတ်တယ်။

ဒါကြောင့် သူက တစ်ခါတည်း သူ့အသံမြည်ပြလိုက်တာကို၊ ထမင်းခဲလွှတ်ကျ, ဒိန်ခဲလွှတ်ကျ အဲဒါ ပါးစပ်ထဲက ထမင်းခဲလွှတ်ကျလိမ့်မယ်ဆိုတာ သတိမရဘူး၊ မရဘဲ မြည်လိုက်လို့ပေါ့လေ၊ အဲဒီဟာမျိုးကိုယူပြီးတော့ အဲသလို သတိမေ့တဲ့ ပုဂ္ဂိုလ်တွေတဲ့၊ ဒီလိုပုဂ္ဂိုလ်တွေ ဆရာတင်မထားနဲ့၊ ကလျာဏမိတ္တအဖြစ်နဲ့ အသွန်အသင် အဆုံးအမ သြဝါဒတွေမယူနဲ့၊အဲဒီလို ပုဂ္ဂိုလ်နဲ့ ရောနှောပြီး တရားအားထုတ်ပြီး မနေနဲ့လို့ ဒီလိုဆိုလိုပါတယ်။

အဲဒီတော့ တစ်နေ့ကလဲ ပြောပြီ၊ ဒါကတော့ အဋ္ဌကထာဆရာက လွန်လွန်းအားကြီးပါတယ်လို့ ထင်စရာကောင်းတယ်၊ ဒီလောက်မေ့တဲ့ပုဂ္ဂိုလ်တော့ မရှိပါဘူး၊ ထင်စရာကောင်းတယ်၊ ဒီလောက်မေ့တဲ့ပုဂ္ဂိုလ်တော့ မပါဘူး၊ ထင်စရာကောင်းတယ်၊ ဒီလောက်မေ့တဲ့ပုဂ္ဂိုလ်၊ ဘယ်ရှိမလဲ၊ ဒီလောက်ထမင်းခဲ လွှတ်ကျလောက်အောင်တော့ မမေ့ပါဘူးလို့ ဒီလိုထင်စရာကောင်းတယ်၊ မထင်ကြဘူးလား၊ ထင်မနေနဲ့၊ ကိုယ်လဲပါနေတယ်၊ ဒီထဲမှာ အဲဒီလို ပုဂ္ဂိုလ်တွေဆိုတာ သူများတွေ မဟုတ်ဘူး၊ ကိုယ်ရော ပါနေတယ်၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေ အကုန်လုံးဖြစ်နေတယ်၊ အကုန်လုံး မေ့နေတာပဲ၊ လက်လှုပ်တိုင်း, ခြေလှုပ်တိုင်း ဘယ်သူသတိရတုံး၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်က သတိမရဘူး၊ ခုသာသနာ့ရိပ်သာလာပြီး အားထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေ အားထုတ်နေဆဲပုဂ္ဂိုလ်တွေကတော့ သတိရမှာပေါ့၊ ပြင်ဘက်အရပ်ထဲက ပုဂ္ဂိုလ်တွေသွားပြီး မေးကြည့်စမ်းပါ၊ တွေးတာများ ဘယ်နှစ်ခါမှတ်မိတုံးလို့၊ တစ်ခါမှ မမှတ်မိဘူး၊ စကားပြောတာ ဘယ်နှစ်ခါ မှတ်မိတုံး၊ တစ်ခါမှ မမှတ်မိဘူး။

အဲဒါ ဗုဒ္ဓဘာသာတွေပဲ၊ ဗုဒ္ဓဘာသာ မဟုတ်တဲ့ ပုဂ္ဂိုလ်တွေတော့ အထူးပြောနေစရာ မလိုဘူး၊ အဲသလိုမေ့နေတာတွေ၊ အဲဒီတော့ အဋ္ဌကထာဆရာပြောတာ မလွန်ဘူး၊ မှန်တယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေကို မမှီဝဲပါနှင့်၊ ဘယ်လို ပုဂ္ဂိုလ်မှီဝဲရမလဲဆိုတော့ သတိမြဲတဲ့ ပုဂ္ဂိုလ်တွေ, ဒွါရ ၆–ပါးက ပေါ်တိုင်းပေါ်တိုင်း အမှတ်ရပြီးတော့ သတိမပြတ်ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေ, သတိ

စွဲမြဲနေတဲ့ပုဂ္ဂိုလ်တွေ မှီဝဲပါတဲ့၊ ကမ္မဋ္ဌာန်းကျောင်းမှာ သိပ်တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ အတူနေရလို့ရှိရင် သိပ်တိုးတက်တာ တရားတော့၊ ဒါတော့ ဘုန်းကြီးက အကျယ်ပြောပြီးပြီ၊ အဲဒါကိုဆိုတယ်၊ ဟုတ်လား။

မေ့သူရှောင်လွှဲ သတိမြဲ မှီဝဲဆည်းကပ်ပါ။

မေ့သူရှောင်လွှဲရမယ်တဲ့၊ သတိမြဲတဲ့ ပုဂ္ဂိုလ်ဆိုတော့ ၄–ခုရှိသွားပြီ၊ သတိသမ္ဘဇဉ် အမြဲယှဉ်ကတစ်ခု၊ စိတ်ညွှတ်တာကတစ်ခု၊ သတိသမ္ဘောဇ္ဈင်ဖြစ်ဖို့ရာ စိတ်ညွှတ်တာကတစ်ခု၊ မေ့သူရှောင်လွှဲရမယ်ဆိုတာ သတိမြဲတဲ့ပုဂ္ဂိုလ် မှီဝဲဆည်းကပ်ပါဆိုတာက တစ်ခု၊ လေးခု၊ သတိပွားကြောင်းလေးမျိုး အဋ္ဌကထာမှာ ဆိုတယ်၊ သတိပွားဖို့ရာ, သတိသမ္ဘဇဉ်ဖြစ်ဖို့ရာ အကြောင်းကတော့ ဒီလေးပါးပါပဲလို့ အဋ္ဌကထာက ညွှန်ပြထားတယ်၊ အဲဒီအကြောင်းလေးပါးနဲ့ ပြည့်စုံအောင်လို့ အားထုတ်ပြီးတော့ သွားလို့ရှိရင်ဖြင့်၊ သတိသမ္ဘောဇ္ဈင်တွေဖြစ်ပြီး တဖြည်းဖြည်း အရိယာမဂ်ဖိုလ်တွေ အစဉ်အတိုင်း တက်ပြီးတော့ အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်တဲ့အခါကျတော့ သတိသမ္ဘောဇ္ဈင် ပြည့်စုံသွားပါလိမ့်မယ်တဲ့၊ အဋ္ဌကထာ ဆရာက မိန့်ဆိုသွားတယ်၊ ကိုင်း–ဒါနိဂုံးလေး ဆိုကြဦးစို့ရဲ့။

သတိပွားရေး၊ အကြောင်းလေး၊ ညွှန်သေးအဋ္ဌကထာ။

ဟော–ဓမ္မဝိစယ သမ္ဘောဇ္ဈင်ရောက်သွားပြီ၊ သတိသမ္ဘောဇ္ဈင်ပြီးတော့ ဓမ္မဝိစယ သမ္ဘောဇ္ဈင်၊ ဓမ္မက–တရား၊ ဝိစယက–စူးစမ်းဆင်ခြင်တယ်၊ စစ်ဆေးတယ်၊ စစ်ဆေးတယ်ဆိုတာ သိတာပါပဲ၊ အဲ–တရားကိုယ်အားဖြင့်လဲပညာတဲ့၊ အမောဟတဲ့၊ ဉာဏ်တဲ့၊ ဝိဇ္ဇာတဲ့၊ အတူတူပါပဲ ဒါတွေ၊ အသိဉာဏ်ကို ဓမ္မဝိစယသမ္ဘောဇ္ဈင်ခေါ်တယ်၊ ဥဒယဗ္ဗယဉာဏ်မှစပြီးတော့ ဝိပဿနာဉာဏ်တွေပါပဲ၊ ဝိပဿနာ အခိုက်အတန့်ဆို ဝိပဿနာဉာဏ်၊ အရိယမဂ်ဉာဏ် အခိုက်အတန့်မှာတော့ အရိယမဂ်ဉာဏ်ပေါ့၊ အဲဒီဉာဏ်တွေဟာ ဓမ္မဝိစယလို့ခေါ်တယ်၊ တရားတွေကို စူးစိုက်ဆင်ခြင်တယ်တဲ့၊ ဆင်ခြင်ဆိုပေမယ့် နဖူးလက်တင် တစိမ့်စိမ့်နဲ့ ဆင်ခြင်တာ ဒီလိုမဟုတ်ပါဘူး၊ တချို့က ဒီလိုအောက်မေ့နေတာ၊ တွေးရှုမယ်, ဆင်ခြင်ရမယ်ဆိုတော့ တစိမ့်စိမ့်နဲ့ တွေးပြီးတော့ သိလာမယ်၊ ဒီလိုအောက်မေ့နေတာကိုး၊ ဘယ်ဟုတ်မလဲ ဒီလိုဆို ခက်ရောပေါ့၊ အရိယာမဂ်ဉာဏ်ကျတော့လဲ ဓမ္မဝိစယပါနေတာပဲ၊ အရိယာမဂ်ဉာဏ်, နိဗ္ဗာန်အာရုံပြုပြီးတော့ အရိယာမဂ်ဉာဏ် ဖြစ်လိုက်တာ၊ အဲဒါလဲ ဓမ္မဝိစယပဲ၊ အဲဒီမှာ နဖူးလက်တင်တွေးနေရမယ်ဆိုလျှင် ခက်ကရောပေါ့။

စိတ်ကလေးက တစ်ကြိမ်တည်း ဖြတ်ခနဲဆို တစ်ချက်တည်း သိသွားတာ ဘာမှတွေးစရာမရှိဘူး၊ ဘာမှစဉ်းစားနေစရာမရှိဘူး၊ ဖြုတ်ခနဲဆို သခ်ါရဋ္ဌိမ်းတဲ့ နိဗ္ဗာန်တရား ဖြုတ်ခနဲဆိုသိပြီးတော့ တစ်ချက်တည်းပြီးသွားတာ၊ လျှပ်စီးလက်လိုက်တာလိုပဲ၊ ပြီးသွားတာ၊ မြန်ကမြန်ပါဘိနဲ့၊ ဘယ်တွေးနေရတာ ဟုတ်မလဲ၊ သိသွားတာပဲ၊ ဘွားခနဲပေါ်ပြီး သိသွားတာ၊အဲဒါလိုပဲ ရှုတိုင်းရှုတိုင်း ရုပ်နာမ်တွေ အဖြစ်အပျက်တွေ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတွေ တစ်ခါတည်း ရှင်းခနဲ, လင်းခနဲ ပြတ်ပြတ်သားသား သေသေချာချာ သိသွားတာကို၊ ဒါ ဓမ္မဝိစယသမ္ဘောဇ္ဈင် ခေါ်တယ်။

ဒါကြောင့် ရုပ်နာမ် ခွဲခြမ်းစူးစမ်းသိသည်၊ ရုပ်နာမ်ခွဲခြမ်းပြီးတော့ စူးစမ်းတယ်ဆိုတာ၊ စူးစမ်းတာဆိုတာနဲ့ စုံစမ်းတာ တခြားစီနော်၊ စုံစမ်းတာက မေးတာ၊ စူးစမ်းတယ်ဆိုတာက ဆင်ခြင်တာပဲ၊ ရုပ်, နာမ် စုံစမ်း ခွဲခြမ်းသိသည်၊ ဆောင်ပုဒ် ပေးထားတယ်။

သဘောမှန်များ ထင်ရှားစေသည်၊ ဝိသယောဘာသန လက္ခဏာ–အာရုံတွေကို၊ ဩဘာသန–ထင်လင်းစေတယ်တဲ့၊ ထင်ရှားစေပါတယ်တဲ့၊ ဒါကြောင့် သဘောမှန်များအာရုံ၏ သဘောမှန်တွေတဲ့၊ ရုပ်တရား, နာမ်တရားသဘောမှန်တွေ ဖြစ်လိုက် ပျက်လိုက်၊ သဘောမှန် အနိစ္စ, ဒုက္ခသဘောမှန်တွေကို ဥဒယဗ္ဗယ ဉာဏ်က စပြီးတော့ အသိဉာဏ်က သိသိပြီးတော့ တစ်ခါတည်း ဓာတ်မီးနဲ့ ထိုးထိုးပြသလိုပဲ၊ ဒါက ဒီလိုကွ၊ ဒါမမြဲဘူး၊ ဒီလိုဖြစ်တယ်၊ ဒီလိုပျက်တယ်ပြသလိုပဲ၊ အဲဒီလိုပဲ (ရှင်းကနဲ–၂) သိသွားတာကို၊ ဒါကြောင့် သူက သဘောမှန်များ ထင်ရှားစေသည်၊ တွေဝေမှု ကင်းရှင်းရှင်းသိသည်၊ မျက်စိလည်ပျောက်သွားသလိုပဲ တွေဝေမှုဘာမှ မရှိဘူး၊ မသိတာမရှိဘူး၊ အကုန်လုံး တိတိကျကျ၊ အဲ–ရှင်းကနဲ ပြတ်ပြတ်သားသား သိသိသွားတာကို၊ (မှတ်လိုက်–၂)တိုင်း အနိစ္စ, ဒုက္ခ, အနတ္တတွေ ရှင်းပြီးသိတယ်၊ ရှင်းကနဲရှင်းကနဲ သိသိသွားတာကို၊ အဲဒါဟာ ဓမ္မဝိစယသမ္ဘောဇ္ဈင်ပဲတဲ့၊ ကိုင်း–ဆိုရမယ်။

ရုပ်, နာမ်ခွဲခြမ်း စူးစမ်းသိသည်၊
သဘောမှန်များ ထင်ရှားစေသည်၊
တွေဝေမှုကင်း ရှင်းရှင်းသိသည်၊
ဓမ္မဝိ မှတ်သိဗောဇ္ဈင်မည်။

အဲဒီ ဓမ္မဝိစယသမ္ဗောဇ္ဈင်မှာလဲ အကြောင်းကတော့ မြတ်စွာဘုရားက ဟောတာကတော့ ယောနိသော မနသိကာရပါပဲ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်အောင်လို့ အသိဉာဏ်ဖြစ်အောင် နှလုံးသွင်းမှုပါပဲတဲ့၊ ဒွါရ ၆–ပါးက ဖြစ်တိုင်းဖြစ်တိုင်း ရုပ်, နာမ်တွေ အမှန်အတိုင်း သိအောင် နှလုံးသွင်းပြီး နေလို့ရှိရင် ရှုမှတ်မှု ဖြစ်ပြီးတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်တွေ ဖြစ်ပါတယ်တဲ့၊ အဋ္ဌကထာကတော့ ၇–ပါးပြပါတယ်၊ အဲဒါကိုလဲ ဆောင်ပုဒ် ပေးထားတယ်။

မေးမြန်းသန့်စင်၊ ညီမျှယှဉ်၊ ထိုတွင်စိတ်ညွှတ်ရာ–တဲ့။

မေးမြန်းခြင်း၊ ရုပ်တရား, နာမ်တရားတွေနဲ့ စပ်ပြီးတော့ မသိတာရှိရင် မေးမြန်းဖို့ပေါ့၊ ယခုတော့ ကမ္မဋ္ဌာန်းဌာနမှာ မမေးမြန်းဘဲ ဆရာသမားတွေကို ဟောပြောပေးနေတာ အဲဒါကိုပြောတာ၊ မေးမြန်းလို့ ဟောပြောလို့ရှိရင် ကြားနာပြီးတော့ ရှေးက မရှင်းတာတွေ ရှင်းသွားတာကို၊ ဥပမာ–ဖောင်းတယ် ပိန်တယ် မှတ်တာဘာလဲ၊ မသိဘူး၊ ဘာဖြစ်လို့ မှတ်ရသလဲ၊ ဒါမသိဘူး၊ မသိရင် မေးပေါ့၊ မမေးလဲ ဆရာတွေက ပြောလိမ့်မယ်၊ သူက ဖောင်းတယ်ဆိုတာဟာ လောက ဝေါဟာရပဲ၊ ဗိုက်ထဲက တောင့်တင်းလှုပ်ရှားပြီးနေတဲ့ ဝါယော–ဖောဋ္ဌဗ္ဗအာယတနပဲ၊ ဓာတ်အားဖြင့် ဖောဋ္ဌဗ္ဗဓာတ်ပဲ၊ ဝါယောဓာတ်ပဲ၊ သစ္စာအားဖြင့် ဒုက္ခသစ္စာတရား၊ ဒါကြောင့် ဒီဥစ္စာကိုသိအောင်လို့ ရှုတာ။

ဒုက္ခသစ္စံပရိညေယျံ–ဒုက္ခသစ္စာကို ပိုင်းခြားသိရတယ်၊ ဒုက္ခသစ္စာတရားဖြစ်တဲ့သဘော, ပျက်တဲ့သဘော, မမြဲတဲ့သဘောတွေနဲ့ ပိုင်းခြားပြီး သကာလသိရတယ်၊ ဒါကြောင့် ပိုင်းခြားသိအောင်လို့ ဖောင်းတယ် ပိန်တယ်မှတ်ရတာ၊ စသည်ဖြင့်ပေါ့လေ၊ ကမ္မဋ္ဌာန်းဆရာတွေက အချိန်ကာလအားလျော်စွာ ကြည့်ပြီးတော့ ဟောပြော ပြသပြီးပေးရတယ်၊ အကယ်၍ မပြောရင်လဲ တပည့်တွေက မေးရတယ်၊ သဘောပေါက်သွားအောင်၊ ဒါ နောက်စိတ်ချလက်ချဖြစ်သွားအောင်၊ ဖောင်းတယ် ပိန်တယ် အဖြစ်အပျက်ကလေးတွေ အမှန်သိတာပေါ့၊ ဒါကြောင့် ဟိုလိုလား ဒီလိုလားတွေးနေလို့ရှိရင် အမှတ်ပျက်တယ်၊ ဒါကြောင့် ဟောရတယ်၊ အဲဒါ မေးမြန်းရမယ်၊ သန့်စင်တယ်တဲ့၊ ဝတ္ထုဝိသတကြီယာ–ကိုယ်တွင်းကိုယ်ပ ဝတ္ထုတွေ သန့်ရှင်းစင်ကြယ်စေရမယ်တဲ့၊ ဉာဏ်မတက်တဲ့အခါကာလမှာ ကိုယ်တွင်းက ချေးညှော် စသည် မသန့်ရှင်းနေလို့ရှိရင်လဲ ရေမိုးချိုး ကိုယ်ထဲကနေပြီး သတိ, ဒေါသ စသည်တွေရှိနေလို့ရှိရင်လဲ ဆေးဝါးစားပေါ့လေ၊ ဝမ်းနုတ်ဆေးတို့ဘာတို့ စားပြီးတော့ အဆင်ပြေအောင် လုပ်ရမယ်။

ပြင်ပက အဝတ်အထည်တွေ ညစ်နွမ်းနေလို့ရှိရင် နေရာထိုင်ခင်းတွေ ဘာတွေ မသန့်မရှင်းဖြစ်နေလို့ရှိရင် သန့်ရှင်းအောင်လုပ်၊ ဖွပ်ရမယ်၊ လျှော်ရမယ်၊ သုတ်သင်သန့်ရှင်းစင်ကြယ်အောင် လုပ်ရမယ်၊ အဲဒါလိုဟာတွေကို သန့်စင်အောင်လုပ်ပါတဲ့၊ ဒီလိုလုပ်လို့ရှိရင်လဲပဲ အသိဉာဏ်တွေဟာ စင်စင်ကြယ်ကြယ် ဖြစ်တတ်ပါတယ်၊ တစ်နေ့က အကျယ်ပြောပြီးပြီ၊ ခေါင်းစဉ်ကလေး အညီအမျှ ယှဉ်ရမယ်တဲ့၊ သဒ္ဓါ အစရှိသော ဣန္ဒြေ ၅–ပါး တရားတွေ ညီမျှပါစေတဲ့။

တစ်ခုခုက လွန်ကဲနေရင် သဒ္ဓါတရားအားကြီးနေတဲ့ ပုဂ္ဂိုလ်က ဒိပြင်ဟာတွေမဖြစ်ဘူး၊ သဒ္ဓါတရားတွေ သိပ်ကောင်းနေတော့ ယုံကြည်တာပဲ၊ ဝီရိယတို့, သတိတို့, ဉာဏ်တို့ဟာ သူ့အလုပ် မလုပ်ရတော့ဘူး၊ သဒ္ဓါ–ယုံကြည်လိုက်တာနဲ့ သူတစ်ခုတည်းကနေ ခေါင်းဆောင်လုပ်နေတာနဲ့ ဒိပြင်ဟာတွေ မလုပ်ရတော့ဘူး၊ ဘာနဲ့တူနေသလဲဆိုတော့ အိမ်တစ်အိမ်တည်းလူ ၅–ယောက်ရှိတဲ့ဥစ္စာ တစ်ဦးကနေပြီးတော့ လက်ဝါးကြီးအုပ်ပြီးတော့ သူချည်းပဲ အကုန်လုံးလုပ်၊ ဘာမဆို သူချည်းပဲလုပ်၊ ဘာမဆို ပြောစရာရှိလဲ သူချည်းပဲပြော၊ ဘေးကပုဂ္ဂိုလ်တွေက ဘာမှ မလုပ်ရတော့ဘူး၊ အဲဒါလိုပဲ ဖြစ်နေတယ်။

အဲဒါကြောင့် သဒ္ဓါလဲ မလွန်စေရဘူး၊ ဝီရိယလဲ မလွန်စေရဘူး၊ သမာဓိလဲ မလွန်စေရဘူး၊ ပညာလဲ မလွန်စေရဘူးတဲ့၊ ဣန္ဒြေ ၅–ပါးဟာ တစ်ခုတစ်ခု မလွန်အောင်လို့ အားထုတ်ရတယ်၊ ဒါပေမယ်လို့ သူ့အချိန်ကျမှ ညီမျှတာပါပဲ၊ အဲ–တစ်ခုတစ်ခု လွန်နေတဲ့ဟာတော့ လျှော့ပစ်ပေးရတာရှိပါတယ်၊ အဲဒါလဲ လျှော့ပေးဖို့လဲ တစ်နေ့ကဟောပြီးပါပြီ၊ ဒီတော့ ထိုတွင်စိတ်ညွှတ်ရာ ခုနကအတိုင်းပဲ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်အောင်လို့ စိတ်ဟာညွှတ်ထားပါတဲ့၊ အခါခပ်သိမ်း ဘယ်အချိန်မဆို ထိုင်ရင်း, ထရင်း, သွားရင်း, လာရင်း နေရာတကာမှာ မှတ်သိတဲ့ ဉာဏ်ကလေးဖြစ်နေအောင် (မှတ်တိုင်း–၂) ရုပ်,နာမ်တွေ အမြဲသိနေအောင် ရှင်းရှင်းလင်းလင်းသိအောင်ဟာ စူးစိုက်ပြီးတော့ ရှုမှတ်အားထုတ်နေပါလို့ ဆိုလိုပါတယ်၊ ကိုင်း–ဒါကလေးတော့ ဆိုရဦးမယ်။

မေးမြန်းသန့်စင်၊ ညီမျှယှဉ်၊ ထိုတွင်စိတ်ညွှတ်ရာ။ (ဆို–၃)
ဉာဏ်မဲ့ရှောင်ကြဉ်၊ ဉာဏ်ရှိယှဉ်၊ ဆင်ခြင်နက်နဲမှာ။ (ဆို–၃)

ဉာဏ်မဲ့–ဉာဏ်မရှိတဲ့ပုဂ္ဂိုလ်၊ ဒုမ္မေဓပုဂ္ဂိုလ်–ဉာဏ်မဲ့တဲ့ပုဂ္ဂိုလ်၊ ဉာဏ်မရှိတဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်တွေကို ရှောင်ကြဉ်ရမယ်တဲ့၊ ယခု ခေတ်စားပြောဆိုနေကြတဲ့ ဖိုးသုညတွေလို့ ခေါ်တာပေါ့၊ ဉာဏ်မဲ့တဲ့ဟာတွေ ပညာမဲ့တယ်၊ အဲဒီပုဂ္ဂိုလ်တွေ ရှောင်ကြဉ်ပါတဲ့၊ အဲဒါက လောက ပညာမဲ့တာကတစ်မျိုး၊ ယခုဟာကတော့ ဘာဝနာပညာမဲ့ကို ဆိုလိုတယ်၊ ခန္ဓာ အာယတန ဓာတ်အစရှိသော နက်နဲသောတရားတွေမှာ မသက်ဝင်ဘူးတဲ့ ပုဂ္ဂိုလ်တွေတဲ့၊ ဥဒယဗ္ဗယဉာဏ်ကင်းမဲ့တဲ့ ပုဂ္ဂိုလ်တွေကိုဆိုတယ်၊

ဒီတော့ ဉာဏ်မဲ့တဲ့ပုဂ္ဂိုလ်က တော်တော်များနေတယ် အတော်ကိုများတယ်၊ လောကမှာ ပညာရှိကြီးတစ်ယောက် ဖြစ်ပေမယ့်လဲ သူ့ကို ဒုမ္မေဒတဲ့၊ ဥဒယဗ္ဗယညာဏ် မဖြစ်ဘူး၊ သူ ဒုမ္မေဒထဲမှာပဲ ပညာမဲ့တဲ့ပုဂ္ဂိုလ်, ဉာဏ်မဲ့တဲ့ပုဂ္ဂိုလ်ထဲ ပါသွားတယ်။

ပညာရှိတစ်ယောက်ဖြစ်နေဦး၊ ဥဒယဗ္ဗယညာဏ် မဖြစ်ဘူးရင် သူလဲပါသွားတယ်၊ ပါလဲပါမှဖြစ်မယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ကျမ်းဆရာကြီးဖြစ်နေပေမယ်လို့ သူ့မှာ ဥဒယဗ္ဗယညာဏ်က ဖြစ်ဖူးတော့ ဥဒယဗ္ဗယညာဏ်အစစ်အမှန်တွေလဲ သူပယ်ပြီးတော့ ကျမ်းရေးချင်ရေးမယ်။ သူမဟုတ်တာတွေ လျှောက်ရေးချင်ရေးမယ်၊ သူ့တပည့်တွေကို ဒါမဟုတ်ဘူးကွ၊ ဒါ ဒီလိုမဟုတ်ဘူး၊ ဒီလိုပဲ ပြောချင်ပြောမယ်၊ တချို့ဓမ္မကထိကတွေက တို့ကျမ်းတွေတော့ တတ်နေတာပဲ၊ ကျမ်းတွေတတ်လို့ တရားတွေမှ ဟောလိုက်တာ၊ အဘိဓမ္မာတွေများကြေလို့၊ အဘိဓမ္မာသဘောတွေကိုစုံလို့၊ သူဟောလိုက်တာ ဟောပြီးပြီ ဆိုတဲ့အခါကျတော့ ဘာပြောလဲဆိုတော့ တရားအားထုတ်ဖို့ရာ မလိုပါဘူးတဲ့၊ ဒါသိရင်တော်ပြီတဲ့ ပြောတယ်။

အဲဒါ သူ့တပည့်တွေက တချို့ ယုံတဲ့ပုဂ္ဂိုလ်လဲ ရှိတာပေါ့လေ၊ အဲဒီလိုယုံတဲ့ ပုဂ္ဂိုလ်တွေတော့ ဒုက္ခဖြစ်တော့တာပဲ၊ ဘာပြုလို့တုံးဆိုတော့ မလိုဘူးတော့ သူအားမထုတ်ဘူး၊ အားမထုတ်ရင် ခုနကပြောတဲ့ ဥဒယဗ္ဗယညာဏ်မရောက်ဘူးပေါ့၊ အဲဒီအဘိဓမ္မာတွေ ဟောပြောနေတဲ့ပုဂ္ဂိုလ်က သူ့ကိုယ်က မရောက်ဘူးဘဲဟာကို၊ မရောက်ဘူးတော့ သူမလိုဘူးထင်တာ၊ မလိုဘူးလို့ ဟောလိုက်တော့ ယုံတဲ့ပုဂ္ဂိုလ်တွေကလဲ အားမထုတ်ဘူးတဲ့၊ ဒါဒုက္ခရောက်ရရောပဲ၊ သွားရော။

အဲဒါကြောင့် ဉာဏ်မဲ့ရှောင်ကြဉ်၊ ဉာဏ်မဲ့တဲ့ ပုဂ္ဂိုလ်တွေရှောင်ပါတဲ့၊ ဒီလိုပုဂ္ဂိုလ်တွေ ဆရာသမားအဖြစ်နဲ့ ကိုးကွယ်ပြီးတော့ မနေနဲ့တဲ့၊ သူ့ကို အားကိုးယုံကြည်ပြီး မနေနဲ့တဲ့၊ ဒီလိုဆိုလိုတယ်၊ အရေးကြီးပါတယ်၊ ဒီဥစ္စာဉာဏ်ရှိတဲ့ ပဏ္ဍိတ–ပညာရှိပုဂ္ဂိုလ်တွေ ယှဉ်ပါတဲ့၊ ပညာရှိပေမယ်လို့ ကျမ်းဂန်တတ်ကြီးတွေ မဆိုလိုပါဘူးတဲ့၊ တတ်ချင်တတ် မတတ်ချင်နေ၊ တတ်ရင်တော့ ကောင်းတာပေါ့လေ၊ ဥဒယဗ္ဗယညာဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေကို ပြောတယ်၊ ရုပ်, နာမ်အဖြစ်အပျက်တွေ သိတဲ့ပုဂ္ဂိုလ်တဲ့၊ တရားအားထုတ်လို့ ရုပ်,နာမ်အဖြစ်အပျက် သိတယ်၊ အဲဒီပုဂ္ဂိုလ် မှီဝဲပါတဲ့။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှ ဒါတွေကျေးဇူးများတယ်၊ ယောဂျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ တရားအားထုတ်လို့ ဥဒယဗ္ဗယညာဏ် ကောင်းကောင်းဖြစ်ဖူးတဲ့ပုဂ္ဂိုလ်နဲ့ အတူတူနေပြီးတော့များ အားထုတ်လိုက်ရရင် သိပ်ကောင်းတာ၊ သူက ညွှန်ကြားဖော်ရတယ်၊ ဘယ်လိုမှတ်ရတယ်၊ ဘယ်လိုမှတ်တော့ ဘာဖြစ်တယ်၊ အားတက်စရာ သိပ်ကောင်းတယ်၊ တချို့ပုဂ္ဂိုလ် ဘာစာမှမတတ်ဘူး၊ ဘာမှကို မတတ်ဘူး၊ စာကိုဖတ်ကို မဖတ်တတ်ဘူး၊ ပြီးရောပဲ၊ ကုန်ရောပဲ၊ သူက တရားအားထုတ်ထားတော့ ပြောတတ်တယ်၊ တချို့က အဖြစ်အပျက်တွေ တစ်ခါတည်း အားရစရာ သိပ်ကောင်းတာ၊ ပျောက်လိုက်တာများ ဖြစ်ပျက်နေတာ ရိုးရိုးရှင်ရှ ဖြစ်ပျက်နေတာတွေ သူသိတော့ပြောတယ်၊ သူက အင်မတန် အားရစရာ ကောင်းတယ်၊ အဲဒါကြောင့် ဥဒယဗ္ဗယညာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ် ပညာရှိပဲတဲ့။

ဒါ စာတတ်ရင်တတ်၊ မတတ်ရင်နေ၊ စာတတ်ရင်တော့ ပိုကောင်းတာပေါ့လေ၊ အဲဒီပညာရှိ ပုဂ္ဂိုလ်ကိုမှီဝဲပါတဲ့၊ ဉာဏ်မဲ့ရှောင်ကြဉ် ဉာဏ်ရှိယှဉ်၊ ဆင်ခြင်နက်နဲမှာ၊ နက်နဲတဲ့ တရားတွေကို ဆင်ခြင်ပါတဲ့၊ ခန္ဓာအာယတနဓာတ်တွေကိုလဲ စဉ်းစားပြီး ဆင်ခြင်ပါတဲ့၊ ဒါက ဆင်ခြင်နိုင်ရင် ဆင်ခြင်ပေါ့လေ၊ မဆင်ခြင်နိုင်ရင်တော့ ယခုလိုတရားနာရတာပဲ၊ အဲဒီမှာ ၇–ပါးရှိတယ်၊ သူက မေးမြန်းကတစ်ခု၊ သန့်စင်ကတစ်ခု၊ ညီမျှယှဉ်ကတစ်ခု၊ ထိုတွင် စိတ်ညွှတ်ရာကတစ်ခု၊ ဉာဏ်မဲ့ရှောင်ကြဉ်ကတစ်ခု၊ ဉာဏ်ရှိယှဉ်၊ ဆင်ခြင်နက်နဲမှာတဲ့၊ ၇–ခုရှိတယ်။

ဉာဏ်ဖြစ်ကြောင်းများ ၇–ပါး ညွှန်ကြား အဋ္ဌကထာ။

ဉာဏ်ဖြစ်ကြောင်း ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရား ၇–ပါးပဲတဲ့၊ အဋ္ဌကထာဆရာက ပြောတာလေ၊ ဒီ ၇–ပါးနဲ့ပြည့်စုံအောင် တရားအားထုတ်ရမယ်၊ အဲဒီလို အစဉ်အလိုက် အားထုတ်သွားလို့ရှိရင် အရိယာမဂ်ဉာဏ် အစဉ်အတိုင်းတက်ပြီးတော့ အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်ရောက်တဲ့အခါကျတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့် ပြည့်စုံပြီး သွားပါလိမ့်မယ်လို့ အဋ္ဌကထာဆရာက ဆိုထားတယ်၊ ကိုင်း–ဆိုရမယ်။

ဉာဏ်ဖြစ်ကြောင်းများ ၇–ပါး ညွှန်ကြား ဋ္ဌကထာ (ဆို–၃)။

အဲဒါပြီးခဲ့တဲ့ နှစ်သီတင်းက ဟောပြီးသား တရားတွေပါ၊ ယခု အသစ်ပုဂ္ဂိုလ်တွေ နည်းနည်း ခေါင်းစဉ်ကလေးရအောင်လို့ ဘုန်းကြီးကပြောတယ်၊ ယခု ယနေ့ အသစ်ဟောရမယ်၊ ရောက်လာပြီး ၃–နံပါတ် ရောက်လာပြီ၊

> သန္ဓံ ဝါ အဋ္ဌတ္ဌं ဝိရိယသမ္ဗောဇ္ဈင်ံ၊ အတ္ထိ မေ အဋ္ဌတ္ဌं ဝိရိယ သမ္ဗောဇ္ဈင်ေါတိ ပဇာနာတိ၊ အသန္ဓံ ဝါ အဋ္ဌတ္ဌं ဝိရိယ သမ္ဗောဇ္ဈင်ံ နတ္ထိ မေ အဋ္ဌတ္ဌं ဝိရိယသမ္ဗောဇ္ဈင်ေါ ပဇာနာတိ။

အဒ္ဓေတ္တံ–မိမိသန္တာန်၌ဖြစ်သော သန္တံ–ထင်ရှားသော ဝိရိယသမ္ဗောဇ္ဈင်ံ ဝါ–ဝိရိယသမ္ဗောဇ္ဈင်ကိုလည်း၊ မေ–ငါ၏၊ အဒ္ဓေတ္တံ–အတွင်းသန္တာန်၌၊ ဝိရိယ သမ္ဗောဇ္ဈင်ေါ်–ကို၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏။

မိမိသန္တာန် ဝိရိယသမ္ဗောဇ္ဈင် ဖြစ်ရင် ဖြစ်မှန်းသိတယ်တဲ့၊ မဖြစ်ရင် မဖြစ်မှန်းသိတယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်၊ အားမထုတ်တဲ့ ပုဂ္ဂိုလ်ကတော့ ဝိရိယသမ္ဗောဇ္ဈင် အမြဲမပြတ်ကင်းမဲ့နေတာပါပဲ၊ လောက ဝိရိယတွေတော့ရှိတာပေါ့လေ၊ စီးပွားရေးတို့ဘာတို့ အလုပ်အကိုင် အဲဒါတွေ ကြောင့်ကြဗျာပါရတွေ လုံ့လတွေ တချို့သိပ်ကောင်းတာပဲ၊ လုံ့လကောင်းချင်ရာ ကောင်းပြီး မကောင်းချင်ရာ မကောင်းဘဲဖြစ်နေတတ်တယ်၊ အဲဒီ ဘာဝနာဘက်ကျတော့ လုံ့လဝိရိယ တချို့က မကောင်းဘူး၊ တချို့ လောကဘက်က လုံ့လဝိရိယကောင်းတော့ ဒီလူတော့ အားထုတ်လို့ရှိရင် တော်တော်နေရာကျမှာပဲ၊ အောက်မေ့နေတယ်၊ တယ်မဟုတ်လှဘူး။

တရားအားထုတ်တဲ့ နေရာကျတော့ ယခု လူမျိုးအနေအားဖြင့်ဆိုရင် တချို့ လူမျိုးတွေဟာ လောကဘက်က လုံ့လ ဝိရိယ သိပ်ကောင်းတယ်၊ တရားအားထုတ်ရာကျတော့ မြန်မာတွေလောက် သိပ်နေရာမကျဘူး၊ ဘုန်းကြီးတို့ အတွေ့အားဖြင့် ပြောတာ၊ တခြားက လူမျိုးတွေက တချို့ပုဂ္ဂိုလ်တွေ သိပ်ကောင်းပါတယ်၊ လုံ့လဝိရိယ၊ လောကဘက်က လုံ့လဝိရိယတွေ သိပ်ကောင်းပြီးတော့၊ သူတို့အားထုတ်လိုက်ရင်တော့ သိပ်နေရာကျမယ်လို့ အောက်မေ့တယ်၊ တယ်မဟုတ်လှဘူး၊ မြန်မာတွေ အားထုတ်တာလောက် နေရာမကျဘူး၊ တရားကျတော့ မြန်မာတွေက ကြိုးကြိုးစားစား အားထုတ်တယ်၊ လောကရေးရာတွေ ဘာမှမလုပ်ချင်၊ ဖျင်းရင်သာ ဖျင်းရမယ်၊ တရားကြတော့ တော်ပါတယ်၊ ဘုန်းကြီးက ချီးကျူးနေတာ ကိုယ့်အမျိုးမို့လို့ ချီးကျူးတာမဟုတ်ဘူး၊ ဒါတကယ်ပြောတာပါ၊ ခု တရားအားထုတ်ရာကြတော့ အဟုတ်ကို တော်တယ်၊ ဒ့ပြင်ပုဂ္ဂိုလ်တွေနဲ့ စာရင် တရားမှာတော့ ထူးထူးခြားခြား ကောင်းပါတယ်၊ စွန့်စွန့်စားစားလဲ အားထုတ်ပါတယ်၊ တကယ်ကို အားထုတ်ကြတာ ပါပဲ၊ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေပေါ့လေ၊ အားမထုတ်တဲ့ပုဂ္ဂိုလ်ရှိတော့ ရှိပါတယ်။

အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်၊ တရားအားထုတ်တဲ့ အခါကာလမှာ ရှုတိုင်း, မှတ်တိုင်း ဝိရိယလေးဆိုတာ ရှိတယ်၊ ဒီဝိရိယကလေးက နောက်ကနေပြီး တွန်းပေးနေသလိုပဲ (သွားကွ–၂) (လုပ်ကွ–၂) တစ်ခါတည်း တွန်းပေးနေတဲ့ ဒီ ဝိရိယကလေးရှိတယ်၊ အဲဒီအားကလေးနဲ့၊ ဒီအားလေး၊ အားကောင်းတဲ့ ပုဂ္ဂိုလ်တွေဟာ သမာဓိဉာဏ်တွေ မကြာခင် တိုးတက်ပြီးသွားတာပဲ၊ ဒါ အရေးကြီးပါတယ်၊ ဝိရိယသိပ်အရေးကြီးတယ်၊ တရားအားထုတ်ရာ အရေးကြီးတာက ဘုန်းကြီးများ အကျဉ်းချုပ် အရေးကြီးတာမှတ်ထားတယ်၊ သဒ္ဓါတရားနဲ့ ယုံကြည်မှု၊ ယုံကြည်မှလဲ အားထုတ်တယ်၊ ဒီလိုအားထုတ်ရင် ဒီလို ဖြစ်လိမ့်မယ်ဆိုတဲ့ ယုံကြည်တဲ့ သဒ္ဓါတရား၊ သဒ္ဓါတရားပြီးတော့ ကိုယ့်ဆန္ဒ၊ ယုံကြည်ပေမယ်လို့ စိတ်ဆန္ဒကလဲရှိဦးမှ၊ အား ထုတ်လိုတဲ့ စိတ်ဆန္ဒကလေးရှိမှ ဆန္ဒလဲအရေးကြီးတယ်၊ ဆန္ဒထက်သန်မှ၊ ဆန္ဒပြီးတော့ ဘာလာလဲဆိုတော့ ဝိရိယပဲ အရေး ကြီးတယ်။

သဒ္ဓါရယ် ဆန္ဒရယ် ဝိရိယရယ်၊ ဒီသုံးခုဟာ ဖိုခုံလောက်ဆိုင်နေသလိုပဲ၊ သဒ္ဓါကလဲ ယုံကြည်မှုကမလိုဘူး၊အကုန်လုံး ပြည့်စုံနေတယ်၊ ဆန္ဒကလဲ အားကောင်းနေတယ်၊ ဝိရိယကလဲ နင်လားငါလား မဖြစ်မနေ ဇွဲကောင်းကောင်းနဲ့ အားထုတ်နေ တယ်ဆိုရင် အဲဒါ သတိတို့, သမာဓိတို့, ပညာတို့က ဖြစ်တော့တာပဲ၊ မဖြစ်ရင်ကို မနေတော့ဘူး၊ ဒါတွေဖြစ်တယ်၊ အရေးကြီး တာက သဒ္ဓါအား၊ ဆန္ဒအား၊ ဝိရိယအား၊ ဒီသုံးခုလိုပါတယ်၊ ယခုတရားတွေ ဘာတွေဟောပြီး အားပေးရတာလဲပဲ အဲဒီ သဒ္ဓါ ရှိအောင်လို့ ဟောရတယ်၊ ဆန္ဒ အားထုတ်ချင်တဲ့ စိတ်ဆန္ဒဖြစ်လာအောင် ဟောရတယ်၊ ပြီးတော့ လုံ့လဝိရိယနဲ့ မပျင်းရိ အောင်လို့ စောစောကတော့ကို တရားတကယ်တန်း အားထုတ်မယ်ဆိုပြီး ကမ္မဋ္ဌာန်းကျောင်း ရောက်လာပြီးတော့ ကိုယ်ထင် သလောက်က မပေါက်တော့ ပျင်းပြီးတော့ လျှော့နေတာ ရှိတတ်တယ်၊ အဲဒါတွေလဲ ကမ္မဋ္ဌာန်း ဆရာတွေက အားပေးရတယ်၊ တစ်ချို့ မတတ်နိုင်တဲ့ ယောဂီတွေကျတော့ နေ့စဉ်နေ့စဉ် တိုက်တွန်းနေရတယ်၊ နွားမောင်းသလိုပဲ မောင်းနေရတယ်၊အင်မတန် တိုက်တွန်းရတယ်။

တစ်ချို့ ကမ္မဋ္ဌာန်းဆရာတွေက စိတ်တောင်ပျက်တယ်၊ ငြီးတယ် ဘုရား–တဲ့၊ ပျင်းစရာသိပ်ကောင်းတာပဲ (တစ်နေ့လဲ ဒါ–၂) ဘာမှလဲ မတက်ဘူးဆိုပြီးတော့ ပျင်းစရာ အင်မတန်ကောင်းတယ်၊ တစ်ချို့ ယောဂီတွေကျတော့ အင်မတန် အားရ ဝမ်းသာစရာ ကောင်းပါတယ်၊ ပြောတာက တစ်ခါတည်း တစ်နေ့တစ်မျိုး တစ်နေ့တစ်မျိုးပဲ၊ တစ်ချို့ တစ်နေ့ ၂–မျိုး၊ ၄–မျိုး တောင် ပြောတယ်၊ တယ်နေရာကျတယ်၊ အဲဒါ ယောဂီ ကောင်းကောင်းတွေ တွေ့ရတော့ တရားမေးမြန်း စစ်ဆေး ဟောရတဲ့ ကမ္မဋ္ဌာန်းဆရာတွေက သိပ်ပျော်တယ် ရွှင်တယ်၊ နေရာကျနေတာကို၊ တပည့်နဲ့ကို နေရာကျနေတာပဲ။

တရားက မတက်ဘူးဆိုရင်တော့ ပျင်းလာတယ်၊ ကမ္မဋ္ဌာန်းဆရာတွေက အဲဒါက အရေးကြီးပါတယ်၊ ဝိရိယဆိုတာ အရေးကြီးတယ်၊ ဝိရိယဟာ ရှိရင်ဖြင့် ရှိမှန်းသိတယ်တဲ့၊ မရှိရင်မရှိမှန်းသိတယ်၊ လျှော့ရင် လျှော့မှန်းသိပါတယ်၊ အားထုတ်တဲ့ ပုဂ္ဂိုလ်က ဝိရိယ တစ်ခါတစ်ခါ လျှော့တယ်၊ တစ်ခါ တစ်ခါ တင်းလာတယ်၊ တင်းတဲ့အခါမှာ အမှတ်ကလေးတွေ ကောင်းပါ တယ်၊ လျှော့တဲ့အခါမှာ မကောင်းပါဘူး။

အဲဒီ ဝိရိယမှာ လက္ခဏာရယ်၊ ရသရယ်၊ ပစ္စုပဋ္ဌာန်ရယ် ၃–ခုရှိတယ်၊ လက္ခဏာက ဘာတုံးဆိုလျှင် ဥဿာဟ လက္ခဏာ–အားထုတ်ခြင်းဟာ သူ့လက္ခဏာပဲ၊ ကြောင့်ကြပြုလုပ် အားထုတ်တတ်သည်၊ ကြောင့်ကြစိုက်ပြီးတော့ အားထုတ်တတ်တဲ့ သဘောပဲ၊ ဥပထမ္ဘနရသ–ထောက်ပံ့တတ်တယ်၊ အားပေးတတ်တယ်၊ စိတ်အားတက်၍ အားပေးတတ်သည်၊ အသန္တိရဏ ပစ္စုပဋ္ဌာနံ–မဆုတ်နစ်တဲ့သဘော အနေအားဖြင့် ယောဂီဉာဏ်မှာထင်တယ်။

ဝိရိယအားကောင်းတဲ့ ပုဂ္ဂိုလ်ဟာ ဘာလုပ်လုပ် မဆုတ်ဘူး နောက်ပြန်မဆုတ်ဘူး၊ မဖြစ်မနေ တစ်ခါတည်း မဖြစ်ဖြစ် အောင်အားထုတ်တာပဲ၊ လုံ့လဝီရိယ အားမကောင်းတဲ့ ပုဂ္ဂိုလ်ကတော့ နည်းနည်းလေးလုပ်ပြီးတော့ ဖြစ်သေးမှာ မဟုတ်ပါဘူး ဆိုပြီး လျှော့ချထားတယ်၊ ဝီရိယ အားကောင်းတဲ့ ပုဂ္ဂိုလ်ကတော့ မဖြစ်မနေ တစ်ခါတည်း ဆုတ်ကိုမဆုတ်ဘူး၊ မပြီးမချင်း တစ်ခါတည်း ကြိုးစားအားထုတ်နေတာပဲ၊ ရှေ့သာတိုးနေတယ်၊ နောက်ကို မဆုတ်ဘူး၊ အဲဒါ အသန္တိရဏ မတွန့်ဆုတ်သော အနေအားဖြင့် ယောဂီပုဂ္ဂိုလ်မှာ ထင်တယ်တဲ့၊ ဆောင်ပုဒ်ကလေး ဒီမှာ ပေးထားပါတယ်၊ ကိုင်း–ဆိုရမယ်၊ ရှေ့နားကျ ပြောစရာတွေ အများကြီးရှိသေးတယ်။

ကြောင့်ကြပြုလုပ် အားထုတ်တတ်သည်၊
စိတ်အားတက်ရေး အားပေးတတ်သည်၊
မဆုတ်နစ်ဘဲ စိတ်ဇွဲသန်သည်၊
ဝီရိယ မှတ်ကြ ဗောဒ္ဓေါင်မည်၊

ဒီဝီရိယ ဗောဒ္ဓေါင်အကြောင်းပဲဟောရမယ်၊ အဲဒီဝီရိယမှာ လက္ခဏာဆိုတဲ့ တစ်ပိုဒ်ဟောတယ်၊ ကြောင့်ကြပြုလုပ်အား ထုတ်တာပဲ၊ ကြောင့်ကြစိုက်ကာ အားထုတ်တာဟာ ဝီရိယ၊ ဝီရိယဆိုတာ ဒါပဲ ဝီရိယကတော့ ကောင်းတာလဲရှိတယ်၊မကောင်း တာလဲ ရှိတယ်၊ အကုသိုလ်ဘက်ကလဲ အကုသိုလ် အရေးတွေလျှောက်ပြီး အားထုတ်နေတယ်၊ သူလဲဝီရိယပါပဲ၊ အကုသိုလ် ဝီရိယပါပဲ၊ ဒါနသီလ အစရှိသော အကုသိုလ်ကောင်းမှုတွေ အားထုတ်နေတာ ကုသိုလ်ဝီရိယဘာဝနာရှုမှတ်တဲ့အခါကျတော့ကို (မှတ်တိုင်း–၂)မှာ နောက်က တွန်းပေးနေသလို (မှတ်လိုက်–၂) ရှုလိုက်–ရှုလိုက်၊ (မလျှော့နဲ့–၂) နောက်ကနေတွန်းပေးနေ သလိုပဲ၊ ကြောင့်ကြစိုက်နေတဲ့သဘော, အားထုတ်နေတဲ့သဘော၊ အချက်တိုင်း–အချက်တိုင်းပါတယ်၊ ယောဂီပုဂ္ဂိုလ်မှာ ကိုယ့် ဟာကို ထင်ရှားနေတယ်၊ အားထုတ်မှုလေးဟာ အားထုတ်တဲ့သဘောလေးဟာ ထင်ရှားနေတာ၊ အဲဒါ ဝီရိယရဲ့လက္ခဏာပဲ။

ကြောင့်ကြပြုလုပ် အားထုတ်တတ်သည်၊
စိတ်အားထက်ရေး အားပေးတတ်သည်၊

စိတ်အားမလျှော့အောင်လို့ အားပေးနေတဲ့သဘောပဲ၊ လူနှစ်ယောက်ဟာတစ်ယောက်က စိတ်အားလျှော့လာလျှင် တစ်ယောက်ကနေပြီးတော့ လုပ်ကွ–လုပ်ကွ၊ ဘာမှအားလျှော့စရာမရှိဘူး၊ ဖြစ်တော့မှာ, ပြီးတော့မှာ စသည်ဖြင့် ဒီလိုအားပေး နေသလိုပေါ့လေ၊ အဲဒီလိုပဲဝီရိယသာ စိတ်စေတသိက်တွေ အားမငယ်ရအောင် အားပေးနေတဲ့သဘောပဲ၊ အထက်ကနေပြီး တွန်းပေးနေတဲ့ သဘောရှိတယ်၊ အဲဒါလဲ ထင်ရှားပါတယ်၊ သူကရသခေါ်တယ်၊ သူ့အလုပ်ဝီရိယက ဒါလုပ်နေတာ၊ အဲဒါသူ့ အလုပ်ပဲ၊ အားပေးနေတာပဲ၊ မဆုတ်နဲ့၊ မလျှော့နဲ့၊ အားထုတ်လိုက်၊ အားထုတ်လျှင် ဖြစ်မယ်၊ ဒီလိုအားပေးနေတာ ယောဂီ ပုဂ္ဂိုလ်ဉာဏ်ထဲ ဘယ့်နှယ်ထင်တုံးဆိုတော့ မဆုတ်နစ်တဲ့ အနေအားဖြင့်ထင်တယ်၊ ဝီရိယဟာ ဇွတ်တရွတ်၊ အတင်းဆိုတဲ့ သဘော, နောက်မဆုတ်တဲ့ သဘောလေးပဲလို့ ဒီလိုယောဂီပုဂ္ဂိုလ်ဉာဏ်ထဲ ထင်ရှားတယ်။

ဒါက အင်မတန်ထင်ရှားတဲ့ တရားတွေပါ၊ တရားအားထုတ်လျှင် ထင်ရှားတယ်၊ တရားအားမထုတ်လျှင်, ပုဂ္ဂိုလ်တွေ လဲ စဉ်းစားလိုက်လျှင် ကိုယ်လုပ်တဲ့ အလုပ်ကလေးတွေမှာ ဝီရိယက အဲဒီလိုပဲ အားထုတ်နေတဲ့ သဘောရှိတယ်၊ စိတ်ကိုအား တက်အောင် ပေးနေသလိုပဲ၊ သူ့ရဲ့သဘောသတ္တိလေးလဲ ထင်ရှားတယ်၊ အဲဒီတော့ နောက်မဆုတ်တဲ့ သဘောလေးထဲ ထင်ရှား တာပဲ၊ ယောဂီပုဂ္ဂိုလ်မဟုတ်ပေမယ့် ထင်ရှားပါတယ်၊ ယောဂီတွေမှာတော့ မှတ်တိုင်းမှတ်တိုင်း ထင်ရှားနေတယ်၊ အဲဒါ ဝီရိယ သမ္ဘောဗျှောင်ခေါ်တယ်၊ ဘယ်ကစဖြစ်တုံး ဆိုလို့ရှိရင် ဥဒယဗ္ဗယဉာဏ်က စဖြစ်တာပဲ၊ စောစောပိုင်းကလဲ၊ ဝိရိယဆိုတာ ရှိတာ ပေါ့၊ တရားအားမထုတ်ခင်ကလဲရှိတာပဲ အမှတ်တိုင်းအမှတ်တိုင်း ဘယ်ခါမဆိုရှိတာပဲ၊ ဒါပေမယ့်လဲ ဗောဒ္ဓေါင်ထဲ စာရင်း မသွင်းဘူး၊ အဋ္ဌကထာဆရာက ဗောဒ္ဓေါင်ထဲ ဘယ်ကျမှ စာရင်းသွင်းတုံးဆိုတော့ ဥဒယဗ္ဗယဉာဏ်ကျမှ စာရင်းသွင်းတယ်၊ ဘာဖြစ်လို့လဲဆို၊ အဲဒီကျမှ ဗောဓိသစ္စာလေးပါးတရားကို အဲဒီကျမှ ကောင်းကောင်းသိတာကိုး။

ဒါကြောင့် သစ္စာလေးပါးကို သိသူ၏ အကြောင်းအင်္ဂါကို ဗောဒ္ဓေါင်ဟု ခေါ်သည်၊ ဥဒယဗ္ဗယဉာဏ်ကစပြီး ရှုတိုင်း–ရှုတိုင်း သစ္စာလေးပါးကိုသိတဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့ရာ အကြောင်းဟာ ဝိရိယတစ်ပါးပါတယ်၊ သစ္စာလေးပါးသိမှု၏ အစိတ်အပိုင်း အင်္ဂါဟာ ဒီဝိရိယတစ်ပါးပါတယ်၊ ဒါကြောင့် သူ့ဗောဒ္ဓေါင်လို့ခေါ်တယ်တဲ့၊ အဲဒီဗောဒ္ဓေါင်ဖြစ်ခြင်း၏အကြောင်းဟာလဲ အာရမ္ဘထ ဓာတ်၊ နိဒ္ဒမထဓာတ်ပရက္ကမဓာတ်ဆိုတာရှိတယ်တဲ့၊ အာရမ္ဘထ၊ နိဒ္ဒမထ ယုဇ္ဇထ ဗုဒ္ဓသာသနေ၊ ဗုဒ္ဓသာသနာနေ–မြတ်စွာ ဘုရား၏ သာသနာတော်တွင်း၌၊ အာရမ္ဘထ–အစပြု၍–အားထုတ်ခါအစပြု၍ အားထုတ်ကြပါကုန်လော့၊ အားမထုတ်ရသေးတဲ့

ပုဂ္ဂိုလ်တွေစပြီး အားထုတ်ပါတဲ့၊ မြတ်စွာဘုရားက သြဝါဒပေးတယ်၊ အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်တွေ ငါတို့ မရသေးဘူး မြတ်စွာဘုရားဟောတဲ့အတိုင်း စရဦးမှာကိုး၊ စကို အားမထုတ်ရသေးဘူးစပါတဲ့၊ အစပြုပြီး အားထုတ်ပါတဲ့။

နိဗ္ဗာန်–ပျင်းရိမှုလက်တွင်းမှ လွတ်ကင်းထမြောက်အောင် အားထုတ်ကြပါကုန်လော့၊ စပြီးအားထုတ်ရုံနဲ့ ပြီးမလားဆိုမပြီးသေးဘူးတဲ့၊ မပျင်းမရိဘဲနဲ့ကို တစ်ခါတည်း အားထုတ်မှု အမှတ်ကလေးတွေနဲ့ ပျော်ပြီး အမှတ်တွေ ကောင်းနေတာကို၊ အားထုတ်ပါတဲ့၊ အားထုတ်ခါစတော့ တရားအရသာ မပေါ်သေးဘူး၊ အဲဒီတော့ တယ်မပျော်သေးဘူး၊ တော်တော်နဲ့ အမှတ်ကမတိုးတက်လို့ရှိရင် ပျင်းလဲပျင်းတတ်တယ်၊ ကမ္မဋ္ဌာန်းကျောင်းက ထွက်ချင်တဲ့စိတ်တွေလဲ ဖြစ်တတ်တယ်။

အဲဒါမျိုးတွေ လွန်မြောက်သွားအောင် အားထုတ်ရမယ်၊ အားထုတ်ခါစမှာ သူတပြန်–ငါတပြန်ပဲ၊ ပျင်းလိုက်ရင်း တော်ကြာပျင်းတယ် မှတ်လိုက်ရင်း၊ မှတ်လိုက်ရရင်း ရှေ့တိုးသွားလိုက်ရင်း၊ တော်ကြာရင် ပျော်သလိုဖြစ်လာရင်း၊ တော်ကြာရင်ပျင်းလာရင်း၊ အဲဒါတွေ မှတ်ရရင်းဖြစ်တတ်တယ်၊ ပြန်ကာလှန်ကာ မှတ်ရတယ်၊ အဲဒီပျင်းရိမှုအစရှိတဲ့ အမှတ်မကောင်းတဲ့ သဘောတွေ လွန်မြောက်သွားအောင် အားထုတ်လိုက်ပါတဲ့၊ အဲဒါ နိဗ္ဗာန်ခေါ်တယ်၊ လွန်မြောက်သွားပြီတဲ့၊ အမှတ်တွေဖြင့် ကောင်းနေလျှင် ဥဒယဗ္ဗယညာဏ်ထဲက ကောင်းသွားတာ၊ အဲဒီကစပြီး ကောင်းသွားတာ၊ ကောင်းသွားပြန်တော့တော်ပြီလား၊ မတော်ရသေးဘူး၊ နိဗ္ဗာန်–အဆင့်ဆင့်အားထုတ်ပါကုန်လော။

အာရမ္ဘထ နိဗ္ဗာန်–ယုဇ္ဇထကိုး၊ ယုဇ္ဇထ–မပြတ်မစဲ အမြဲအားထုတ်ကြပါကုန်လော၊ ကိုယ်လိုတဲ့ပန်းတိုင် မရောက်မချင်း အားထုတ်တဲ့၊ အခု ဟိုအပြေးပြိုင်တဲ့ပုဂ္ဂိုလ်၊ အပြေးပြိုင်တာနှစ်ယောက်ဖြစ်ဖြစ်, သုံးယောက်ဖြစ်ဖြစ် ပြိုင်ပြေးကြတော့ ပထမတော့ ညီတူညာတူ သွားကြမှာ၊ နောက်တော့ နောက်ကျတဲ့သူလဲရှိလိမ့်မယ်၊ ရှေ့ကလွန်နေတဲ့ ပုဂ္ဂိုလ်တွေ မီအောင်လိုက်ရမယ်၊ မီရုံတင်မက လွန်အောင်ပြေးရမယ်၊ လွန်ရင် တော်ပလား၊ လွန်တဲ့ ဟိုဘက်ကိုတော်လို့ မဖြစ်သေးဘူး၊ ပန်းတိုင်ရောက်အောင် သွားမှဖြစ်မှာ၊ ပန်းတိုင်မရောက်ရင် ရှုံးဦးမှာပဲ အဲဒီလိုပဲ တစ်ခါတည်း ပျင်းရိမှုလက်တွင်းကလွတ်ပြီးမှ အမှတ်တော့ ကောင်းပြီဆိုပြီးတော့ သက်တောင့်ဘက်သာဟာရမနေနဲ့ဦးတဲ့၊ လမ်းဆုံးပန်းတိုင်ရောက်အောင်တော့ အရိယာ မဂ်ဖိုလ်ရအောင် အားထုတ်ပြီး သွားပါတယ်တဲ့၊ မပြတ်မစဲ အားထုတ်သွားပါတယ်တဲ့။

အာရမ္ဘထ–အစအားထုတ်ဖို့၊နိဗ္ဗာန်–ပျင်းရိမှုအစရှိတဲ့ ကိလေသာလက်တွင်းက လွတ်မြောက်သွားအောင် အားထုတ်၊ ဒုတိယအဆင့် ပရက္ကမထဓာတ်ဆိုတာကိုတော့ နိဗ္ဗာန်မရောက်သည်တိုင်အောင် ပြည့်စုံသွားအောင် အရိယာမဂ်ဖိုလ် နိဗ္ဗာန်ရောက်အောင်၊ လမ်းဆုံး ရောက်အောင်လို့ မပြတ်မစဲအားထုတ်သွားပါတဲ့၊ အဲဒီအဆင့်သုံးဆင့်ကို ဖြစ်အောင်လို့ ယောနိသောနေသိကာရ–နှလုံးသွင်းလေ့ရှိတယ်တဲ့။

ယခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒါပဲ၊ ယောနိသော မနသိကာရနဲ့ တရားနာနေတာ၊ အားထုတ်ချင်လို့ အဲဒီတရားနာပြီးတဲ့အခါ အားထုတ်မယ်၊ တချို့ မစရသေးဘူး၊ မစရသေးတဲ့ ပုဂ္ဂိုလ်ကစပြီး အားထုတ်တဲ့ပုဂ္ဂိုလ်ကလဲ ပျင်းရိမှုအစရှိသော ကိလေသာတွေက မကင်းသေးဘူး၊ အမှတ်ကောင်းအောင် ဥဒယဗ္ဗယညာဏ်ကစပြီး အကောင်းတွေ ရောက်သွားအောင် တို့အားထုတ်မယ်၊ ဒါ နိဗ္ဗာန်–ရောက်အောင် အားထုတ်တဲ့ ယောနိသောမနသိကာရ၊ နိဗ္ဗာန်–ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်တွေလဲ အမှတ်တော့ကောင်းနေပြီ၊ ဒါပေမယ်လို့ လိုလားအပ်တဲ့ ပန်းတိုင်တော့ မရောက်သေးဘူး၊ အဲဒီရောက်အောင် အားထုတ်မယ်။

ဂျာမနီက ဒကာမတစ်ယောက် ဟိုမှာရောက်နေတယ်၊ အင်မတန် ဝီရိယကောင်းတယ်၊ သူက တစ်ခါတည်း ကိစ္စတွေပြီးအောင် တစ်ခါတည်း အားထုတ်ချင်တာတဲ့၊ မပြီးနိုင်လို့တဲ့၊ သူ ဉာဏ်လေးတယ်ဆိုပြီး အမှတ်ကကောင်းပါတယ်၊အင်မတန်ကောင်းပါတယ်၊ အဲဒါသူက ကိစ္စတွေ မပြီးနိုင်လို့တဲ့ မနေ့က မြန်အောင်ဦးတင်က ခေါင်းဆောင်ပြီးတော့ ခေါ်လာတယ် ပြောတယ်၊ ဉာဏ်မလေးပါဘူးလို့ ပြောရတယ်၊ လေးလဲ မလေးပါဘူး၊ တော်တော်အမှတ်ကောင်းနေတယ်၊ သူကတခါတည်းပြီးချင်တာကို ပြီးအောင်အားထုတ်ချင်တာ၊ အဲဒီလိုပြီးအောင်အားထုတ်မယ်၊ အပြည့်အစုံအားထုတ်မယ်ဆိုတဲ့ စိတ်ကလေးက ဒါလဲ ယောနိသော မနသိကာရလေးပဲ အဲဒီ ယောနိသောမနသိကာရလေး ရှိနေလို့ အားထုတ်ဖြစ်တာပါပဲ။

ယောနိသော မနသိကာရလေးရှိနေတဲ့ပုဂ္ဂိုလ်ဟာ အားမထုတ်ရသေးဘူးဆိုတဲ့ ပုဂ္ဂိုလ်ကလဲ အားထုတ်ဖြစ်အောင်လို့ လာပြီးအားထုတ်ရတယ်၊ တချို့ သိပ်မအားတာထဲကနေပြီး ၃–၄–ရက်ဖြစ်စေလာပြီး ဖြုတ်ဖြုတ်ဆိုလာပြီး အားထုတ်ကြတာရှိသေးတာကို၊ ကိုယ့်အိမ်ကမအားတော့ အားလပ်တဲ့အချိန်လေး ခွင့်ယူပြီးတော့ လာအားထုတ်ကြ၊ အားထုတ်စလေးဖြစ်အောင်လို့လာအားထုတ်ကြ၊ အားထုတ်စလေးဖြစ်မိတော့လဲ အမှတ်ကောင်းတဲ့ နေရာလေးရောက်လို့ အားထုတ်ကြ၊ အမှတ်ကောင်းတဲ့ နေရာရောက်တော့လည်း လမ်းဆုံးရောက်အောင် ဒီမှာတော့ ဉာဏ်စဉ်တရားနာရအောင်ဆိုပြီး အားထုတ်ကြတယ်၊ ဉာဏ်စဉ် တရားနာရလောက်အောင် အားထုတ်လျှင် တော်တော် ကောင်းနေပါပြီ၊ အဲဒီလောက်ဖြစ်အောင်ကို အားထုတ်ကြ။

အဲဒီကပြီးတော့လည်း ရှေ့ကို အားထုတ်စရာတွေကတော့ ရှိသေးတာပဲ၊ တချို့ကလဲ ရှေ့ကို ကောင်းသထက် ကောင်းအောင် ပြည့်စုံသထက်ပြည့်စုံအောင် အားထုတ်ရသေးတာပဲ၊ အဲဒီ ယောနိသောမနသိကာရ အရေးကြီးတယ်တဲ့၊ ယောနိသောမနသိကာရရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီဝိရိယသမ္ဘောဇ္ဈင် အားထုတ်မှုဖြစ်တာပဲတဲ့၊ အဲဒီယောနိသောမနသိကာရကို အချို့က မရှိဘူး၊ စပြီးအားထုတ်မယ်ဆိုတဲ့ နှလုံးသွင်းကိုမရှိဘူး၊ ဘယ်ထိအောင် မရှိတုံးဆိုတော့ စပြီးအားထုတ်တာမပြောနဲ့ တရားနာ သွားဦးမယ်ဆိုတဲ့ စိတ်ကိုမရှိဘူး ဘယ်ဖြစ်တော့မလဲ ဝီရိယမဖြစ်ဘူး၊ အဲဒါကြောင့် ယောနိသော မနသိကာရဟာ ဝီရိယသမ္ဘောဇ္ဈင် ဖြစ်ခြင်း၏ အကြောင်းပဲတဲ့၊ မြတ်စွာဘုရားက အကျဉ်းချုပ်ကို တစ်ခုတည်း ဟောထားပါတယ်၊ အဌကထာဆရာက ၁၁–ပါးတဲ့၊ အဲဒီ ၁၁–ပါး၊ ဒါတွေပေးထားတယ်၊ အပါယ်ဘေးဆင်ခြင်၊ အာနိသင်၊ လမ်းစဉ်ရှိသေပါတဲ့။

ကိုင်း ဆိုပြီးမှ ဘုန်းကြီးကပြောမယ်။

အပါယ်ဘေးဆင်ခြင်၊ အာနိသင်၊ လမ်းစဉ်ရှိသေပါ။
ဆွမ်းကျိုးတုံ့ပြန်၊ အမွေခံ၊ ပြုရန်မြတ်ဆရာ။
သာကီမျိုးတော်၊ ကျင့်သုံးဖော်၊ ရှမ္ဘော်ဆင်ခြင်ပါ။
ပျင်းသူကိုကြည့်၊ ဇွဲကောင်းယှဉ်၊ ထိုတွင်စိတ်ညွှတ်ရာ။
ပီတိပွားရန် ၁၁–တန် ထုတ်ပြန်ဌကထာ။

အင်မတန်ကောင်းတဲ့ဒီဥစ္စာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် သိပ်ပြီးကောင်းတယ်၊ အားမထုတ်သေးတဲ့ပုဂ္ဂိုလ်တွေလဲ ဒါအင်မတန်ကောင်းပါတယ်၊ ဒီဟာတော့ တော်တော်လေးလဲ ဟောတော့ ဟောရလိမ့်မယ်၊ အချိန်တော့ ရကောင်းပါရဲ့ ဟောစရာတွေကလဲ အများကြီးပဲ၊ အားပေးတရားပဲ၊ အင်မတန်ကို ကောင်းတဲ့တရား၊ ဝီရိယသမ္ဘောဇ္ဈင် တရားကတော့ အပါယ်ဘေးဆင်ခြင်၊ အပါယဘယ+ပစ္စဝေက္ခဏတာ၊ အပါယ်ဘေးကို ဆင်ခြင်သည့် စျာန်အဖြစ်ကလဲပဲ အကြောင်းတစ်ပါးပဲ။

အာနိသံသ ဒသ ဝိဓာ အကျိုး အာနိသင်ကို မြင်တာကလည်း အကြောင်းတစ်ပါးပဲ။

အပါယ်ဘေးဆင်ခြင်၊ အာနိသင်တဲ့။

ဂမနဝီထိပစ္စဝေက္ခဏတာ–မိမိသွားသော လမ်းစဉ်ကို ဆင်ခြင်ခြင်း၊ ကိုယ်သွားနေ, ကိုယ်အားထုတ်နေတဲ့ လမ်းစဉ်ကို ဆင်ခြင်ခြင်း၊ သုံးပိုဒ်ပေါ့၊ နောက်ဟာတွေ တဖြည်းဖြည်း တစ်ခုချင်း, တစ်ခုချင်းပြောရမယ်၊ အဲဒီတော့ အပါယ်ဘေးကို ဆင်ခြင်ရမယ်တဲ့၊ ဝီရိယက လျော့နေလို့ရှိရင် တရားအားထုတ်ချင်တဲ့စိတ် မရှိသေးဘူးဆိုလျှင် အပါယ်ဘေး ဆင်ခြင်ပါ၊ အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေကလဲ အားထုတ်ရင်း ဝီရိယက လျော့နေရင် အပါယ်ဘေး ဆင်ခြင်ပါတဲ့၊ မလျော့တဲ့ အခါတော့ ဆင်ခြင်ဖို့ မလိုပါဘူး၊ မလိုဘူး၊ လျော့မှ လုပ်ရတယ်။

ဝီရိယလိုနေတဲ့အခါမှ ဝီရိယအစထဲက သိပ်ကောင်းနေတဲ့ ပုဂ္ဂိုလ်တောင် သွားမလုပ်ရဘူး၊ သွားလုပ်လျှင် ဝီရိယတွေ သိပ်လွန်သွားလျှင် ပြတ်တယ်၊ ဝီရိယလျှော့တန်တဲ့ပုဂ္ဂိုလ်လဲ လျှော့ခိုင်းရသေးတယ်၊ အဲဒီဝီရိယက လျော့နေတဲ့အခါမှာ တရားအားထုတ်လိုတဲ့ စိတ်ဆန္ဒ မရှိဘူး၊ အားမထုတ်ချင်ဘဲ ပျင်းတယ်ဆိုရင် အပါယ်ဘေး ဆင်ခြင်ပါတဲ့၊ လူတွေက ဘေးရှိမှလဲ ကြောက်တယ်၊ ဘေးမရှိရင် မကြောက်ဘူး၊ ဘေးလဲမြင်မှ အမှုမဲ့အမှတ်မဲ့နေတော့ ဘာမှကြောက်စရာမရှိဘူးလို့ အောက်မေ့နေကြတာကို၊ ကြောက်စရာတွေက ရှိတယ်။

ဘယ်အချိန် ထီပေါက်မလဲ၊ ဘယ်အချိန်သေမလဲ၊ မည်သူမှမသိဘူး၊ ဟို ရက်ကန်းသည်မ မေးခွန်းလေးပုဒ်ထဲမှာပါတယ်၊ ရက်ကန်းသည်မလေးရက်ဖောက်ကလေးတွေ ရောက်ပြီးတော့ သူ့အဖေဆီ ရက်ဖောက်တွေပို့မယ်လို့ ကပျာကယာနဲ့လာ၊ သူကလဲပဲ သုံးနှစ်လောက်ကစပြီး ဘုရားသြဝါဒအဆုံးအမကိုယူပြီးတော့ မရဏာနုဿတိကမ္မဋ္ဌာန်းပွားများနေတာ၊ အဲသူက တရားဟာ ပရိသတ်နားကပဲ ဖြတ်သွားတယ်၊ မြတ်စွာဘုရားကလဲ သူတရားဟောဖို့ရာ သူ့အတွက်ကို တမင်တကာ လာရတယ်၊ သာဝတ္ထိပြည်က နေပြီးတော့ အာဠဝီမြို့၊ ယခုတော့ အာလာကပ္ပ ခေါ်တဲ့ နေရာပေါ့၊ အဲဒီကို လာရတယ်၊ တော်တော်ဝေးတယ်၊ အဲဒီမှာ ရက်ကန်းသည်မကလေးကလဲ မလာသေးတာနဲ့ မြတ်စွာဘုရားက, တရားမဟောသေးဘူး၊ မြတ်စွာဘုရားက တရားဟောလို့ရှိရင် တရားနာတဲ့ ပုဂ္ဂိုလ်ထဲက အကျိုးရှိမှ ဟောတယ်၊ အလကား မဟောဘူး၊ သစ္စာလေးပါးတရားကျွတ်မည့် ပုဂ္ဂိုလ်တွေရှိမှ ဟောတယ်၊ ဒီလိုမှမဟုတ်ရင် အဖျင်းဆုံး သရဏဂုံသီလ တည်မည့် ပုဂ္ဂိုလ်၊ အကျိုး ဒီလိုရှိအုံးမှ၊ ဘာမှ အကျိုးမရှိဘဲနဲ့ဆိုရင် နာကောင်းရုံတော့ မဟောဘူး။

တရားက အဲဒါ ယခုအရေးကြီးတာကတော့ အဲဒီ ရက်ကန်းသည်မကလေး တရားထူးရမည့်အရေးကို မြင်တယ်၊ ဒီအခါမှ မရလို့ရှိရင်လဲ သူကလဲပဲ သူ့ကံက သေဖို့အချိန်ကနီးနေပြီ၊ အရေးကြီးလို့ မြတ်စွာဘုရားက တရားလာပြီးတော့ ဟောတာကို၊ ဒီအမျိုးသမီးက သူ့အဖေ မှာလိုက်လို့ ရက်ဖောက်ကလေးတွေ ရောက်ပြီး သူ့အဖေ ရက်ကန်းရက်ရာ ဌာနကို

သွားပြီးတော့ပို့တယ်၊ ရက်ဖောက်ခြင်းကလေးနဲ့ ပရိသတ် အစွန်အဖျားကနေလာတော့ မြတ်စွာဘုရားက ကြည့်လိုက်တော့ မြတ်စွာဘုရားဆီ သူလာပြီး အဝေးကနေ ရိုရိုသေသေပဲ ကန်တော့ပြီး ရပ်တည်ပြီးနေတုန်း မြတ်စွာဘုရားက မေးတော်မူတာကိုး။

သူငယ်မ ဘယ်ကလာသလဲ၊ ကုတောအာဂစ္ဆတိ–ဘယ်ကလာသလဲလို့မေးတော့၊ နဇာနာမိ ဘန္တေ–မသိပါ ဘုရားတဲ့၊ ကုဟိं ဂစ္ဆတိ–ဘယ်သွားမလို့လဲ မေးတော့ နဇာနာမိ ဘန္တေ–မသိပါဘုရားတဲ့၊ သူက အိမ်ကလာတာပဲ၊ အိမ်ကလာတယ် မပြောဘူး၊ သွားမှာလဲ ရက်ကန်းရုံဌာနကို သွားမှာ၊ ဒါလဲ မပြောဘူး၊ နဇာနာမိ မသိပါဘူးလို့ ပြောတာကို၊ နဇာနာသိ ဘဂိနီ–ချစ်သမီး သူငယ်မ နင် မသိဘူးလားလို့၊ ဇာနာမိ ဘန္တေ–သိပါတယ်ဘုရားလို့၊ ဇာနာမိ ဘဂိနိ–နင်သိရဲ့လားလို့ မေးတော့၊ နဇာနာမိ–မသိပါ ဘုရားတဲ့၊ သူ့ဟာ ပြောင်းပြန် ဒီလိုဖြစ်နေတယ်။

တရားနာ ပရိသတ်တွေက စိတ်ထဲမှာ တယ်သဘောမကျဘဲ ဖြစ်ကြတယ်၊ တီးတိုးတီးတိုးပြောကြတယ်၊ ဒီကလေးမ ကလေးဟာ ဘယ့်နှယ်မဟုတ်တာတွေ လျှောက်ပြောနေပါလိမ့်မလဲ၊ မြတ်စွာဘုရားကို အင်မတန်ရိုသေလေးစားရမည့်ဟာကို၊ ဘယ်ကလာသလဲဆို အိမ်ကလာတာ ပြောလိုက်ရောပေါ့၊ တပည့်တော် အိမ်ကလာတယ်၊ ဘယ်သွားမလို့လဲ၊ ရက်ကန်းရုံသွားမလို့ ပြောလိုက်ရောပေါ့၊ သူသွားတဲ့ဟာ သူသိနေတာပဲ၊ နဇာနာမိ–မသိပါလို့၊ မသိဘူးလားမေးတော့လဲ သူသိတယ်လို့ ပြောပြန်တယ်၊ သိသလားမေးတော့ မသိဘူးပြောတယ်၊ ဘာတွေပြောနေမှန်း မသိဘူးဆိုပြီးတော့ အပြစ်တင် ကဲ့ရဲ့တာကိုး။

ဒီတော့မှ မြတ်စွာဘုရားက သူငယ်မလေးတဲ့၊ နင်–ငါ ဘယ်ကလာသလဲလို့ မေးတယ်၊ နင်ဘယ်ကလာသလဲလို့ မေးတော့ သင်က မသိပါဘုရားလို့ဖြေတယ်၊ ဘာကိုရည်ရွယ်ပြီးတော့ ဖြေသလဲဆိုတော့ကာ ကလေးမလေးက ပြန်လျှောက်တယ်၊ မြတ်စွာဘုရားတဲ့–တပည့်တော်ဟာ အိမ်ကလာတယ်ဆိုတာကတော့ ဒါကတော့အမှန်၊ ဘာမှနက်နဲတဲ့ဥစ္စာ မဟုတ်ပါဘူးတဲ့၊ (လူတိုင်း–၂)လဲ သိနေတာပဲ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက အိမ်က လာတာတော့လဲ မေးစရာမဟုတ်ဘူးလို့ ထင်ပါတယ်တဲ့၊ ဘုရားဆိုတာက အကျိုးမရှိတဲ့ စကားကို မပြောဘူး၊ သို့သော်လည်း မြန်မာထုံးစံကတော့ ဘယ်ကလာသလဲ အိမ်ကလာတယ်၊ ဒါနှုတ်ဆက်စကား ဖြစ်နေတယ်၊ အဓိပ္ပာယ် ရှိပါတယ်။

ဘာသာခြားတွေ အနေအားဖြင့်ဆိုရင် ယခုကာလ တစ်ခြားနိုင်ငံက တစ်ချို့ ပုဂ္ဂိုလ်တွေအနေနှင့်တော့ ဘယ်ကလာသလဲလို့ မေးတာဟာ ဘာမှအဓိပ္ပာယ်မရှိဘူး၊ မြန်မာမှာတော့ အဓိပ္ပာယ်ရှိတယ်၊ ဘုရားအနေနဲ့တော့ သူဟာအဓိပ္ပာယ်မရှိဘူးလို့ သူကယူဆတယ်၊ မြတ်စွာဘုရားဟာ အိမ်ကလာတာတော့ မေးစရာမဟုတ်ဘူး၊ မေးတာကတော့ ဘာလဲဆိုရင်ဖြင့် ဘယ်ဘဝကလာသလဲ မေးတာပဲတဲ့၊ သူသဘောပေါက်တယ်၊ အဲဒါကတော့ သိပ်ခက်တဲ့ဥစ္စာ အရေးကြီးတယ်၊ ဘယ်ဘဝကလာသလဲဆိုတော့ တပည့်တော်ဘယ်ဘဝက လာတယ်ဆိုတာ မသိဘူးတဲ့၊ မသိလို့ မသိပါဘုရားလို့ တပည့်တော်က လျှောက်တယ်ဘုရားလို့, လျှောက်တယ်၊ မြတ်စွာဘုရားက သာဓုခေါ်တယ်။

ဘုရားရည်ရွယ်ချက်ကလဲ ဒါပဲ၊ အိမ်ကလာတဲ့ဟာကို ဘုရားကြီးပဲ၊ မြတ်စွာဘုရား ဘယ်မေးလို့ကောင်းမလဲ၊ အိမ်ကလာတာနဲ့ ဘယ်သွားမလဲ ရက်ကန်းရုံသွားလို့ ဒါတွေ မဟုတ်တာတွေ၊ အဲဒါဘယ်ဟုတ်မလဲ၊ လေးနက်တဲ့ဟာ မဟုတ်ဘဲနဲ့ မေးဖို့ရာမလိုဘူး၊ ဒီကလေးမလေးက သဘောပေါက်တယ်၊ အဲဒါကြောင့် ဘယ်ဘဝက လာသလဲလို့ အရှင်ဘုရားက မေးတာပဲ လို့ယူဆပါတယ်၊ မသိလို့ မသိပါဘုရားလို့ ဖြေပါတယ်ဘုရား၊ ဆိုတော့ မြတ်စွာဘုရားက သာဓုခေါ်တယ်၊ တစ်ခါ ဘယ်သွားမလို့လဲဆိုတာလဲ ရက်ကန်းရုံသွားမယ်ဆိုတာကလဲ မြတ်စွာဘုရားမေးစရာစကားမဟုတ်ပါဘူးတဲ့၊ ဒါဟာ ဘာမှလဲ နက်နဲတဲ့ဟာမဟုတ်ပါဘူး၊ ဒီဘဝကနေပြီး သွားလို့ရှိရင် နင်ဘယ်ဘဝသွားမှာလဲ၊ လူဖြစ်မှာလား၊ နတ်ဖြစ်မှာလား၊ ငရဲသွားမလား၊ တိရစ္ဆာန် ဖြစ်သွားမလား ဒီလိုမေးတယ်လို့ တပည့်တော်က ထင်တယ်တဲ့။

အဲဒါ ဘယ်ဘဝသွားမယ်ဆိုတာ တပည့်တော်ကလဲ တိတိကျကျမသိလို့ ဒါကြောင့် မသိပါဘုရားလို့–ဖြေပါတယ်ဘုရားလို့ လျှောက်လိုက်တော့ မြတ်စွာဘုရားက သာဓုခေါ်တယ်၊ မြတ်စွာဘုရား အဲ နင်မသိဘူးလားလို့ မေးပြန်တော့ အဲဒါ မသိဘူးလားမေးတော့၊ တပည့်တော်ကလည်း မရဏာနုဿတိကမ္မဋ္ဌာန်း ပွားများနေတော့ ဘယ်အချိန် သေမှန်းမသိဘူး၊ (သေရမယ်–၂) အမြဲတမ်း နှလုံးသွင်းတော့ သေမယ်ဆိုတာ တပည့်တော်က သိနေတယ်၊ သေရမယ်ဆိုတာ နင်မသိဘူးလားလို့ မြတ်စွာဘုရားက မေးတယ်လို့ ယူဆတယ်၊ တပည့်တော် သိလဲသိနေပါတယ်၊ တစ်နေ့ကျ သေမှာပဲ၊ ကြီးကြီးငယ်ငယ် သေမှာပဲ၊ တစ်နေ့တစ်ချိန်ကျ သေမှာပဲဆိုတာ သိနေတယ်၊ တပည့်တော်က သိနေလို့ သိပါတယ်ဘုရားလို့ ပြောတာပါပဲဘုရားဆိုတော့ မြတ်စွာဘုရားက သာဓုခေါ်တယ်။

နင်သိရဲ့လားလို့ မေးပြန်တယ်၊ အဲဒါ ဘယ်အချိန်သေမှာတိတိကျကျ သိရဲ့လားလို့မေးတယ်လို့ ယူဆတယ်၊ အဲဒါ တပည့်တော် တိတိကျကျတော့ မသိဘူး၊ တစ်နေ့သေမယ်၊ ဘယ်အချိန်သေမယ်ဆိုတာတော့ မသိဘူး၊ ယခုလူတွေကာလ သေသေချာချာ စဉ်းစားကြည့်ပေါ့လေ၊ (လူတိုင်း–၂) တစ်နေ့ကျသေမယ်ဆိုတာတော့ ဘယ်သူမှ ငြင်းလို့ မဖြစ်ဘူး၊ သေမှာပဲ၊ ကိုယ့်အဘိုးတွေ, အဖွားတွေ, ဘာတွေ, ညာတွေ, ကြီးတဲ့လူတွေ အကုန်လုံးသေကုန်ကြပြီ၊ တချို့ အရိုးတောင်ဆွေး၊ ဘာမှ

မရှိတော့ဘူး၊ ဒီတော့ ယခုရှိတဲ့လူတွေလဲ သေမှာပဲ၊ ထိုင်နေတဲ့ ပုဂ္ဂိုလ်တွေ လူတွေရော ဘုန်းကြီးတွေရော အကုန်လုံး တစ်နေ့ ကျသေမှာပဲ၊ တော်တော်ကြာ အရိုးတောင် ရှိမှာမဟုတ်ဘူး၊ ဘာမှရှိမှာမဟုတ်ဘူး၊ ယခု ထင်ရှားရှိတယ်၊ သေမှာကတော့ သေချာတယ်၊ သို့သော်လည်း ဘယ်အချိန်သေရမယ်၊ နေ့သေရမယ်, ညသေရမယ်ဆိုတာ ဒါကတော့ မသိနိုင်ဘူး၊ အံ့သြစရာ အင်မတန်ကောင်းတယ်။

သေခြင်းတရားများ၊ သေချင်တော့ ဖြုတ်ကနဲ သေသွားတာပဲ၊ ကြောက်စရာ အင်မတန်ကောင်းတယ်၊ ရောဂါဝေဒနာ ဖြစ်ပြီး သေတာကတော့ သိပ်အံ့သြစရာမကောင်းဘူး၊ တချို့ (ဖြုန်းကနဲ–၂) သေသွားတာ အင်မတန် အံ့သြစရာကောင်းတယ်၊ ကြောက်စရာကောင်းတယ်၊ ဘယ်အချိန်သေရမယ်ဆိုတာ တပည့်တော်က မသိဘူးတဲ့၊ မသိလို့ မသိပါဘုရားလို့ ဖြေပါတယ်၊ ဒီတော့ မြတ်စွာဘုရားက သာခုခေါ်တယ်၊ အဲဒီအပိုဒ် လေးပိုဒ်ထဲမှာ အရေးကြီးတာကတော့ ဘယ်ဘဝက လာတယ်ဆိုတာ မသိတာကတော့ ထားပါဦးတော့၊ ဘယ်အချိန်သေရမယ်ဆိုတာ အဲဒါဟာ အရေးကြီးတယ်၊ သေမယ်ဆိုတာလဲ အရေးကြီး တယ်၊ သေပြီးတော့ ဘယ်သွားမယ်ဆိုတာ ဒါက သိပ်အရေးကြီးတယ်။

သေမှာကလဲ တစ်နေ့ကျသေမှာပဲ၊ ဘယ်အချိန် သေရမယ်ဆိုတာလဲ မသိကြဘူး၊ အသက်ငယ်တယ်လို့လဲ စိတ်ချရ တာမဟုတ်ဘူး၊ အသက်ကြီးပေမယ့်လို့ သေချင်မှသေတာ၊ သူ့ဥစ္စာက ကျမ်းမာနေလဲ ဖြုန်းကနဲ သေချင်သေတယ်၊ မကျန်းမာ လို့ လူကြီးဖြစ်နေပေမယ်လို့ အသက်ရှင်ချင်ရှင်နေတာပဲ သူက အသက်ကြီး အကုန်လုံးကို အရပ်ထဲမှသာ လျှောက်ကြည့်ကြ ပေတော့၊ ဒီလိုဟာတွေ အများကြီးပဲ၊ သေချင် (ဖြုန်းကနဲ–၂) သေတယ်။

ဒီတော့ သေမှာ ဘယ်အချိန်မှန်း မသိဘူးတဲ့၊ သေပြီးရင် ဘယ်သွားမလဲ၊ ဒါအရေးအကြီးဆုံးပါပဲ၊ အဲဒါ အခက်ဆုံး ပါပဲ၊ သေပြီးရင် ဘယ်သွားမလဲ ခက်တယ်၊ ဒီဟာ၊ အဲဒီတော့ သေပြီးရင်ဘယ်သွားမလဲက အရေးကြီးတော့ သေပြီးရင် နတ်ပြည်သွားမယ်၊ လူ့ပြည်သွားမယ်၊ ဒီလိုပြောနိုင်အောင်ပေါ့လေ၊ ကောင်းရာသွားမယ် ပြောနိုင်အောင် အားထုတ်ဖို့ အရေးကြီးပါတယ်၊ အဲဒါ အရေးကြီးပါတယ်၊ အကယ်၍ သေပြီးလို့ရှိရင်ကို ကုသိုလ်ကောင်းမှုက မပြည့်စုံလို့ အကြောင်း မညီညွတ်လို့ ငရဲကျသွားပါပြီတဲ့ ငရဲဆိုတာလဲကျတယ်၊ လွယ်လွယ်လေးရယ် သေခါနီးမှာ အကုသိုလ်ဇောတွေနဲ့စောပြီး သေသွားလို့ရှိရင် တစ်ခါတည်း မျက်စိလေးမှိတ်ပြီးတော့ စုတေစိတ်ကလေး ကျတာနဲ့ဖြုတ်ဆို ငရဲအိုးထဲ ရောက်သွားတာ ငရဲမီးတွေအလျှံလျှံနဲ့ ငရဲမီးတွေလောင်လို့ အဲဒီမှာ ရောက်သွားတာ၊ အဲဒီလို ရောက်သွားတဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီးပဲ ရှိနေ တယ်။

ငရဲကို ရောက်နေတဲ့အခါကျ ငရဲမီးတွေ တဟုန်းဟုန်းနဲ့ လောင်နေတဲ့အခါကာလရော တရားအားထုတ်လို့ ရဦးမလား တဲ့၊ မရဘူး၊ အားထုတ်ချင်ပေမယ့် မရဘူး၊ မြတ်ဘုရား လက်ထက်တော်ကာလတုန်းက ရေဝတီဆိုတာ ရှိတယ်၊ ရေဝတီဆိုတဲ့ အမျိုးသမီးဟာ သူ့အရှင်လတ်လတ်ကနေပြီး ဘီလူးကြီးတွေက ငရဲခေါ်သွားတယ်ဆိုတာကို၊ ငရဲမှန်းသိလို့ သူ့ကိုငရဲထဲ ပစ်ချမယ်လို့ဆိုတော့ သူဟာ ကြောက်ရှာလွန်းလို့ လူ့ပြည် ပြန်ပို့ပါဦး၊ လူ့ပြည်ရောက်လို့ရှိရင် ကောင်းမှုကုသိုလ်တွေ ပြုပါမယ်၊ ကောင်းကောင်းမွန်မွန် နေပါတော့မယ်လို့ တောင်းပန်တယ်၊ တောင်းပန်လို့ မရတော့ဘူး၊ အကုသိုလ်က အကျိုး ပေးနေပြီ။

အဲဒီလိုပဲ ငရဲရောက်နေတဲ့အခါကျတော့ ငရဲထိန်းတွေလဲ ရှိတယ်၊ ငရဲထိန်းတွေက နှိပ်စက်တဲ့ အခါကာလတွေ, နှိပ်စက်တာတွေ အမျိုးမျိုးတွေပါပဲ၊ အဲဒါတွေ အကျယ်ချဲ့ပြီးတော့ ပြောမယ်ဆိုလို့ရှိရင် အချိန်ကသိပ်မရဘူး၊ ဒီကနေ့ မပြော သေးပါဘူး၊ အဲဒါတွေပြောရင် အဲဒါတွေကတင် တစ်နာရီလောက်ကြာမယ် ငရဲအကြောင်းတွေ လျှောက်ပြောနေရင်တော်ပါပြီ၊ အတိုချုပ်ပဲ တော်ပါပြီ၊ ငရဲမီးတွေက တဟုန်းဟုန်းလောင်နေခဲ့သော် ငရဲထိန်းတွေက နှိပ်စက်ပြီးတော့ နေတဲ့အခါကာလတွေ အဲဒီလိုအခါကာလတွေမှာ လူ့ပြည်ခဏ သွားချင်ပါဘိတော့တယ်, မြတ်စွာဘုရား တရားအားထုတ်ချင်ပါဘိတော့တယ်လို့ တောင်းပန်လို့မရဘူး၊ ခွင့်တောင်းလို့ မရနိုင်ဘူး၊ ယခုနေတော့ တရားအားထုတ်ချင်ရတယ်၊ ယခုနေ ဘယ်လို အလုပ်မအား နေနေ အားအောင်လုပ်လို့ရှိရင် ဖြစ်ပါတယ်၊ ဒီတော့–

ဒုက္ခ နုဘဝန္တကာလေ – ဆင်းရဲဒုက္ခတွေ ခံစားနေသော အခါကာလ၌၊ ဘာဝနံ–ဘာဝနာကို၊ ကာတုံ–ပြုခြင်းငှါ၊ နသက္ကာ–မစွမ်းနိုင်ဘူးတဲ့၊ အယမေဝ ကာလော–ယခုအခါကာလသည်သာလျှင် ဘာဝနာကို အားထုတ်ဖို့ရာ အခါကာလပဲတဲ့၊ ဒီလိုဆင်ခြင်ရမယ်၊ ဒါကငရဲကို၊ ငရဲဆိုတာကတော့ မမြင်ဘူးထားပါဦးတော့၊ အဲဒါကတော့မမြင်လို့ တစ်ချို့က ငရဲမရှိဘူးလို့ လဲ ပြောချင်ပြောတာပဲ၊ မမြင်လို့ ဘုန်းကြီးက ဒါတွေမပြောတော့ပါဘူး၊ တိုတိုပဲ တိရစ္ဆာန်တွေကတော့ မြင်ရတယ်၊ တိရစ္ဆာန် ဘုံရောက်နေတဲ့ အခါကာလမှာ တိရစ္ဆာန်တွေ၊ တိရစ္ဆာန်တွေဟာ ငါးဖြစ်ပြီးသကာလ ပိုက်ထဲမှာမိ၊ မြှုံးထဲမှာ မိနေတော့ ဒုက္ခ တွေ ရောက်နေတာတွေရှိတယ်၊ ငှက်ကလေးတွေ ဖြစ်ပြီး သကာလ ပိုက်ထဲရောက်တယ်၊ ကြက်ဖြစ်ပြီးသကာလ ကြက်ခြင်းထဲ ရောက်ပြီးတော့ နေတာတွေရှိတယ်၊ အဲဒါတွေ ဒုက္ခရောက်နေတာ၊ ဝက်ဖြစ်ပြီး သကာလ ဝက်ခြံထဲမှာ ရောက်နေတာတွေရှိ တယ်၊ အဲဒီလိုဟာတွေ, အဲဒါတွေဟာ တရားအားထုတ်ဖို့ရာ သူတို့ အခွင့်ရပါဦးမလားတဲ့ ဘယ်ရမလဲ၊ နွားဖြစ်, ကျွဲဖြစ်နေလို့

နဖားကြီးတွေနဲ့ တပ်ပြီးတော့ လှည်းတွေနဲ့, ထွန်တွေနဲ့ရှန်းပြီး နေရတာတွေကို လူတွေက နှင်တန်နဲ့ဘာနဲ့ ရိုက်နှက်ပြီး ခိုင်းတာကိုး။

တစ်ချို့က သိပ်ပြီးတော့ကြမ်းတယ်၊ သိပ်ရိုက်နှက်တာပဲ၊ နှင်တံအဖျားမှာ၊ မြို့ကတော့သိပ်မသိဘူး၊ တောကပုဂ္ဂိုလ်တွေတော့ သိတယ်၊ နှင်တံအဖျားမှာ အပ်ကလေးတွေ ထည့်ထားသေးတယ်၊ အဲဒါတွေနဲ့ ထိုးတာကိုး၊ အင်မတန် ကြောက်စရာကောင်းတယ်။

နွားက ပြောလဲမပြောနိုင်ဘူး၊ နေမကောင်းချင်လဲ နေမကောင်းနေမယ်၊ လူကမသိဘူး၊ နင်းကန် ရိုက်နှက် ခိုင်းနေတာပဲ၊ ဘာဖြစ်နေမှန်းလဲ မသိဘူး၊ နေမကောင်းလို့လဲ မပြောနိုင်ဘူး၊ ဆေးရုံတို့ဘာတို့ ဆရာဝန်တွေနဲ့ ဘာတွေနဲ့ဘယ်ရှိမလဲ၊ နွားသူ့ခမြာ ဒီလိုနေရတာပဲ၊ အင်မတန် ဒုက္ခရောက်တယ်၊ ပြီးတော့ ရေတက်နေတဲ့အခါလဲရှိမယ်၊ သူကသိတာလဲ မဟုတ်ဘူး၊ ရေတက်တယ်မသိဘူး ခိုင်းတာပဲ၊ ရိုက်နှက်ပြီးတော့ ခိုင်းတာပဲ၊ သူလဲ အစာဆာနေတဲ့အခါလဲ ရှိဦးမှာပဲ အစာမကြေတဲ့အခါလဲရှိမှာပဲ၊ အဲဒါ ဘာမှမသိဘူး၊ လူက ခိုင်းစရာရှိတာ ခိုင်းမှာပဲ၊ အဲဒီလို အခါကာလတွေမှာ တရားအားထုတ်ဖို့ရာ အခွင့်ရပါ့မလားတဲ့၊ မရနိုင်ဘူး။

အဲဒီလိုများသွားပြီးတော့ ဖြစ်မယ်ဆိုရင် ကြောက်စရာကြီးပေါ့၊ အဲဒီလိုတိရစ္ဆာန်တွေ ဖြစ်ပြီးတော့နေတဲ့အခါ တရားအားထုတ်ဖို့ရာ မရနိုင်ဘူးတဲ့၊ ယခု တရားအားထုတ်ဖို့ရာ အခွင့်ရနေတဲ့ အခါကာလပဲလို့ နှလုံးသွင်းပြီးတော့ အားပေးရမယ်၊ အားမထုတ်သေးတဲ့ ပုဂ္ဂိုလ်ကလဲ တို့မသေခင် ဘယ်အချိန်သေမှန်းလဲမသိဘူး၊ ဘယ်သွားရမှန်းလဲမသိဘူး၊ ပုံမတော် တိရစ္ဆာန်ဖြစ်နေလို့ရှိရင် တရားအားထုတ်လို့ ရပါဦးမလား၊ ရမှာမဟုတ်ဘူး၊ ယခုနေကပဲ အခွင့်ရနေတဲ့အခါ အားထုတ်ဦးမှပဲ၊ အောင်မြင်အောင် အားထုတ်ဦးမှပဲ၊ အားမထုတ်ဘဲ နေတဲ့ပုဂ္ဂိုလ်တွေ အာရမ္ဘတ် ပဌမစပြီးအားထုတ်တဲ့ လုံ့လဝီရိယဖြစ်အောင် အားပေးရမှာကို၊ အားထုတ်စပြုပြီးသား ပုဂ္ဂိုလ်တွေကလဲပဲ လွန်မြောက်သွားအောင်, လွန်မြောက်ပြီးသားပုဂ္ဂိုလ်တွေကလဲ မိမိတို့လိုအပ်တဲ့ ပန်းတိုင်ကိုရောက်အောင် အားပေးရမှာကို၊ အားထုတ်ဖို့ရာ အချိန်ကာလပဲ၊ အခွင့်ရနေတဲ့အခါကာလ (အားထုတ် အုံးမှ–၂) အခွင့်ကောင်းရနေတာ၊ အင်မတန်ကံကောင်းလို့ ဒီလိုတရားတွေ အားထုတ်ခွင့်ရနေတာပဲလို့ အာရုံပြုပြီးတော့ တင်းတင်းရင်းရင်း အားထုတ်ရမှာကို၊ အရေးကြီးပါတယ်၊ အင်မတန် အရေးကြီးပါတယ်၊ အဲဒါ တိရစ္ဆာန်နဲ့ ဆင်ခြင်ပုံတဲ့။

ထို့အတူ ပြိတ္တာတွေဆိုတာကလဲရှိတယ်၊ အသူရကာယ် ဆိုတာလဲရှိတယ်၊ အဲဒီဘုံတွေရောက်နေတဲ့အခါလဲ အားမထုတ်နိုင်ဘူး၊ အပါယ်လေးဘုံသာမဟုတ်ဘူး၊ လူ့ဘုံပေမယ်လို့လဲ ဗုဒ္ဓဘာသာမဟုတ်ဘဲနဲ့ တခြားဘာသာတွေဖြစ်နေရင် ဘယ်အားထုတ်ခွင့်ရမတုံး၊ အားထုတ်လို့ မဖြစ်ဘူး၊ ဗုဒ္ဓဘာသာ ဖြစ်ဦးတော့ ဒီလို တရားအားထုတ်ဖို့ရာ တရားသံ မကြားရဘူး၊ အားထုတ်ဖို့ရာနေရာဌာနမရှိဘူး၊ သွန်သင်ညွှန်ပြမည့် ဆရာသမားမရှိဘူး ဆိုတဲ့နေရာကလူတွေလေ သိပ်သနားစရာကောင်းတယ်၊ တချို့ တရားအားထုတ်ချင်ကြတယ်၊ ကမ္မဋ္ဌာန်းဆရာလိုချင်ကြတာနဲ့ ကမ္မဋ္ဌာန်းကျောင်းတည်ဆောက်ချင်ကြတာနဲ့,အဲဒီသူတို့မှာလဲ ပြည့်ပြည့်စုံစုံကလဲ မရှိဘူး၊ ကမ္မဋ္ဌာန်းဆရာကလဲ မရနိုင်ဘူး၊ ဟောပြောမည့် ပုဂ္ဂိုလ်လဲမရှိဘူး၊ အားထုတ်စရာနေရာဌာနကလဲမရှိဘူး၊ အားထုတ်ချင်ရက်နဲ့ တချို့လဲ အိုပြီး သေကုန်ရှာကြတယ်၊ အင်မတန် သနားစရာကောင်းတယ်။

အဲဒီတော့ အကြောင်းညီညွတ်တဲ့အခါ အားထုတ်ရတာ ယခုဟာကတော့ ဒီမှာအပါယ်ဘေးတွင်ဆင်ခြင် အပါယ်ဘေးတွေပြတာ၊ အပါယ်ဘေးသာမဟုတ်ဘူး၊ အားမထုတ်နိုင်တဲ့ အကြောင်းတွေကို အများကြီးရှိတယ်၊ အပါယ်ဘေး မဟုတ်သေးဘဲနဲ့ ယခု လောကတွင်ပဲ မကျန်းမာ ဖြစ်နေပါပြီတဲ့ အားမထုတ်နိုင်ဘူး၊ မကျန်းမာတဲ့အခါ အားမထုတ်နိုင်ဘူး၊ ကိစ္စတွေ အင်မတန်ကို အရေးကြီးနေတဲ့ကိစ္စတွေ ရှိနေတဲ့အခါကျလိုရှိရင်လဲ အားမထုတ်နိုင်ဘူး၊ အကြောင်းတွေအကုန်လုံး ညီညွတ်တဲ့အခါမှ အားထုတ်နိုင်တာ၊ အားထုတ်နေဆဲပုဂ္ဂိုလ်တွေ, အခွင့်ရနေတဲ့ပုဂ္ဂိုလ်တွေဟာ ဒီအချိန် အခွင့်ကလေးမှာ အလကားမဖြစ်စေဘဲနဲ့ အဲဒီအချိန်အခွင့်ကလေးကို ရသမျှတွေ အကုန်လုံးယူပြီးသကာလ ကြိုးကြိုးစားစားအားထုတ်ဖို့ရာ အင်မတန်အရေးကြီးပါတယ်၊ အဲဒီလို အားပေးပြီးသကာလ အားထုတ်ပါတဲ့၊ အပါယ်ဘေးဆင်ခြင်သွားလိုက်ဦးမှ ရှေ့ကို၊ နို့ပြီးမှာမဟုတ်ဘူး၊ ဒီမှာ ၁၁–ခုတောင်မနည်းဘူး၊ ပြောစရာတွေအာနိသင်တဲ့၊ အာနိသံသ ဒသဝိဓ–အကျိုးအာနိသင်ကိုလဲ ဆင်ခြင်ပါတဲ့၊ ဒီဝိပဿနာဘာဝနာ အလုပ်ကို အားထုတ်လို့ ဘာအကျိုးတွေရမလဲ မဂ်ဖိုလ်နိဗ္ဗာန်အကျိုးကိုရတယ်။

ဘုန်းကြီးက ကမ္မဋ္ဌာန်းအားထုတ်ရခြင်းစာအုပ်မှာ ရေးထားပါတယ်၊ တချို့က တရားအားထုတ်ရတာ ဘာမှန်းမသိဘူး၊ တရားအားထုတ်လို့ရှိရင် ယခုပဲ အကြားအမြင်တွေ ပေါက်သလိုလို ဘာလိုလို ဒီအကျိုးတွေမှတ်နေတာ၊ တချို့က စီးပွားဥစ္စာ လာဘ်လာဘတွေ တိုးတက်လာတော့ မလိုလို ဒီလိုထင်နေတယ်၊ ဒီလိုမဟုတ်ဘူး တရားအားထုတ်ရတဲ့ဟာက လိုရင်းက ကိလေသာငြိမ်းပြီးတော့ နိဗ္ဗာန်ရောက်ဖို့ပဲ၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်ဖို့ပဲ၊ တရားအားထုတ်ရတာ၊ အဲဒါကြောင့် ဝိပဿနာဘာဝနာနဲ့အကျိုးဟာ ဘာလဲဆို၊ မဂ်ဖိုလ်နိဗ္ဗာန် ရခြင်းဟာအကျိုးပဲတဲ့၊ ကိလေသာငြိမ်းစေတတ်တဲ့ မဂ်ဖိုလ်တွေဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး နိဗ္ဗာန်တွေ့သွားတယ်၊ နိဗ္ဗာန်တွေ့သွားရင် ကိလေသာတွေငြိမ်း၊ ဆင်းရဲခပ်သိမ်းငြိမ်းပြီးတော့သွားတယ်တဲ့။ အဲဒါအကျိုးတွေပဲ၊ အဲဒီအကျိုးဟာ နည်းနည်းအကျိုးမဟုတ်ဘူး၊ ယခုလောကမှာ ကြိုးစားအားထုတ်ပြီး လုပ်ကိုင်နေကြတဲ့အမှုတွေ အမျိုးမျိုးရှိပါတယ်။

တစ်နေ့လုပ်မှ တစ်နေ့စားလောက်တဲ့ စားဖို့သောက်ဖို့ တစ်နေ့စာလောက်ရတဲ့ ဒီလိုလုပ်ရတဲ့ အလုပ်တွေလဲရှိတယ်။ တစ်နေ့လုပ်ရင် ၂-၃-ရက်လောက် စားလောက်အောင်ရတဲ့ အလုပ်တွေလဲရှိတယ်။ တစ်နေ့လုပ်ရင် တစ်လလောက် သုံးစွဲလို့ရတဲ့ဟာ တချို့ပုဂ္ဂိုလ်တွေမှာရှိပါတယ်။ တချို့ပုဂ္ဂိုလ်တွေ တစ်နေ့လုပ်တာနဲ့ တစ်နှစ်လောက် သုံးလောက်အောင်ရတဲ့ အလုပ်ကတော့ရှားပါလိမ့်မယ်၊ ဒါကတော့ တစ်နေ့လုပ်တာနဲ့ တစ်သက်လုံးကြီးပွားချမ်းသာပြီးနေအောင် အလုပ်ကတော့ မရှိသလောက်ပဲနေမှာပါပဲ၊ ဒါပေမယ်လို့ ကိုယ့်အလုပ်ကလေးနဲ့ ကိုယ်တော့ ကြိုးစားတော့ ကြိုးစားနေတာပဲ၊ နေ့မအားညမအားပဲ စွန့်စွန့်စားစား အားထုတ်နေရတယ်။

သက်စွန့်ကြိုးပမ်းဆိုတာ တကယ်ကိုမှန်တာပဲ၊ စားရေး, သောက်ရေး, နေရေး, ထိုင်ရေးဆိုတာဟာ တစ်နေ့လုပ် တစ်နေ့စား အလုပ်သမားတွေကလဲပဲ အင်တိုက်အားတိုက် နင်းကန်ပြီးလုပ်နေရတာပဲ၊ နေ့ရောညရော တစ်ခါတည်း ဒီအထဲကနေပြီးတော့ ပုံမတော်လို့ရှိရင် အကြောင်းမညီညွှတ်တဲ့ သေစရာအကြောင်းရှိ သေသွားတာပဲ၊ ဒါလဲ စွန့်စွန့်စာစားလုပ်ရတာပဲ၊ အင်မတန် အားထုတ်နေရတာ၊ အဲဒီတော့ ဒီအလုပ်ကလေးတွေလုပ်သဖြင့် တစ်နေ့လုပ်မှတစ်နေ့စားရတာ၊ စိတ်ချမ်းသာမှုကလေးပဲ ဒီအလုပ်ဟာ ဘာမှမကြီးကျယ်ဘူး၊ ဒီအကျိုးဟာ တစ်နေ့လုပ်လို့ ဥပမာ တစ်လလောက်ထိုင်ပြီးစားနိုင်လောက်တဲ့ အလုပ်ဆိုရင်လဲပဲ တစ်လလောက် ချမ်းသာဖို့ရာရှိတယ်၊ ဘာမှမကြီးကျယ်ဘူး၊ ဒီအကျိုးဟာ တစ်နေ့လုပ်လို့ တစ်သက်လုံး, တစ်ဘဝလုံးချမ်းသာလောက်အောင်ဟာကတော့ မရှိပါဘူး။

အကယ်၍ ရှိတယ်ထားဦးတော့ တစ်သက်လုံး, တစ်ဘဝလုံးလောက်ပဲ ဘာမှမကြီးကျယ်ပါဘူး၊ ယခု ဘာဝနာအလုပ်ကို အားထုတ်လိုက်ရင်လေ ဘယ်လောက်အကျိုးရသလဲဆိုရင် အိုခြင်း, နာခြင်း, သေခြင်း အစရှိသော သံသရာဝဋ္ဋဆင်းရဲတွေမှ အစဉ်ထာဝရလွတ်သွားမှာ၊ နောင်ဘဝသံသရာတွေ ဘာမှကို မဖြစ်ရတော့ဘူး၊ အကယ်၍ တရားအားမထုတ်လို့ မပြည့်စုံလို့ မဂ်ဖိုလ်နိဗ္ဗာန် မရောက်သေးဘူးဆိုရင် သေပြီးရင် ခုနကအပါယ်ဘုံ, ငရဲဘုံဖြစ်ချင်လဲဖြစ်နိုင်တယ်၊ ပြိတ္တာဖြစ်နိုင်တယ်၊ တိရစ္ဆာန်ဖြစ်နိုင်တယ်၊ ပြီးတော့လူပဲဖြစ်ဦးတော့ ဖြစ်ရာဘဝတွေမှာ ဆင်းရဲတွေလဲ ဖြစ်နိုင်တယ်၊ အောက်တန်းကျ,နောက်တန်းကျတွေ ဖြစ်နိုင်တယ်၊ သူများနှိပ်စက်ခံရတဲ့ ဘဝတွေ ဖြစ်နိုင်တယ်။

စားရေး, သောက်ရေး, နေရေး, ထိုင်ရေးတွေနဲ့ အင်မတန်ပင်ပန်းပြီးတော့ လုပ်ကိုင်နေတဲ့ပုဂ္ဂိုလ်တွေဖြစ်နိုင်တယ်၊ အို, နာ, ဆင်းရဲဒုက္ခတွေ တွေ့နိုင်တယ်၊ သေ-သေပြီးတော့နေရတဲ့ ဘဝဆင်းရဲတွေလဲ အများကြီးတွေ့သွားဦးမယ်၊ အဲဒါအကြိမ်ပေါင်း မရေမတွက်နိုင်အောင် တွေ့သွားမှာ၊ အဲဒီ တွေ့သွားမည့်ဆင်းရဲတွေဟာ ယခုတရားအားထုတ်လိုက်တာနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရသွားပြီဆိုရင် အဲဒီဆင်းရဲတွေ အကုန်လုံးငြိမ်းသွားတာ၊ ဘယ်လောက် အဖိုးတန်သလဲ အင်မတန်အဖိုးတန်တာ၊ဒါထက် အဖိုးတန်တာ ဘယ်ရှိမလဲ။

အဲဒီအကျိုးအာနိသင် အင်မတန်ကြီးကျယ်တဲ့ အကျိုးအာနိသင်ကြီးကို ပေါ့ပေါ့လျော့လျော့ ကလေးတော့ မရပေဘူးတဲ့၊ ဟင်းရွက်များ ရူးသလို ဟင်းသီးဟင်းရွက်များရူးသလိုတော့ လွယ်လွယ်ကူကူတော့ မရဖြစ်ပေဘူးတဲ့၊ ကြိုးစားရလိမ့်မယ်၊ ကြိုးကြိုးစားစား အားထုတ်မှ ဖြစ်မယ်၊ အဲဒီတော့ လုံ့လ-ဝီရိယနဲ့ ပြည့်စုံမှ ဖြစ်မယ်ဆိုပြီးတော့ အားပေးပြီးတော့ ဒီလိုလဲ အားထုတ်ရမယ်၊ အဲဒါလဲ အရေးကြီးပါတယ်၊ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေမှာ အင်မတန်ကိုအရေးကြီးပါတယ်၊ လုံ့လ-ဝီရိယမလျော့ဖို့ရာ တစ်နေ့လုပ်လို့ တစ်နေ့လောက် ချမ်းသာတဲ့အလုပ်, တစ်နေ့လုပ် တစ်လလောက်ချမ်းသာတဲ့အလုပ်, အလုပ်မျိုးတွေတောင် သက်စွန့်ကြိုးပမ်း နင်လား, ငါလား၊ ကြိုးစား အားထုတ်နေကြသေးတာ၊ ဒီ ၇-ရက်လောက်ဖြစ်စေ, ၁၅-ရက်လောက်ဖြစ်စေ, တစ်လလောက်ဖြစ်စေ, အားထုတ်လို့ အပါယ်ဘေးတွေက လုံးဝလွတ်သွားမယ်တဲ့၊ ဘာဖြစ်လို့ အားမထုတ်ဘဲနေရမလဲ၊ အားမထုတ်ချင်ဘဲ ဘယ်မှာရှိမှာလဲ၊ သူက အားထုတ်ရမှာပေါ့၊ ကြိုးကြိုးစားစားဘာပဲဖြစ်ဖြစ် တစ်ခါတည်းစွန့်စားပြီး အားထုတ်စရာ အင်မတန်ကောင်းတာပေါ့၊ အဲဒီလို အားပေးရမယ်တဲ့၊ အာနိသင် အကျိုးအာနိသင်ကို မြင်ခြင်းတဲ့။

အပါယ်ဘေးဆင်ခြင်၊ အာနိသင်၊ လမ်းစဉ်ရှိသေပါ-တဲ့။

လမ်းစဉ်ဆိုတာက မိမိသွားနေတဲ့လမ်း၊ ဘာဝနာလမ်းဆိုတာ သာမာန်ပုဂ္ဂိုလ်တွေ သွားနိုင်တာမဟုတ်ဘူးတဲ့၊ လောကမှာ ဘုန်းကံမရှိတဲ့ ပုဂ္ဂိုလ်တွေမှာဆိုရင် လမ်းကောင်းမသွားရဘူး၊ တောကြိုတောင်ကြားနေတဲ့ ပုဂ္ဂိုလ်တွေ ဘယ်လမ်းကောင်းသွားရမှာလဲ၊ ရန်ကုန်မြို့မှာနေတဲ့ ပုဂ္ဂိုလ်တွေလို လမ်းကောင်းလမ်းမကြီး မသွားရဘူး ရွှံ့တွေဗွက်တွေထဲ ဒီလို သွားနေရတာပဲ၊ ဆူးတွေဘာတွေ စူးချင်လဲစူးတာပဲ၊ ဒီလိုသွားနေရတာပဲ၊ မသွားချင်လို့လဲ မဖြစ်ဘူး၊ ဒီလိုသွားနေရတာပဲ၊ အဲဒီမှာ ပစ်ချတာကို ကံကအဲဒီရန်ကုန်မြို့မှာ နေတဲ့ပုဂ္ဂိုလ်တွေက လမ်းကောင်းတွေနဲ့ သွားရတယ်၊ လမ်းကောင်းတွေ အင်မတန်ကောင်းတဲ့လမ်းတွေသွားရတာ၊ တချို့က လမ်းတွေကန့်သတ်ထားတာရှိသေးတယ်၊ ဒီလမ်းဘယ်လိုပုဂ္ဂိုလ်တွေ မသွားရဘူးဆိုပြီး တချို့ပုဂ္ဂိုလ်တွေ မသွားရဘူးဆိုပြီးတော့ ဒီလိုကန့်သတ်ထားတာ ရှိတယ်။

အဲဒီလမ်းလဲပဲ ဒိပြင်ပုဂ္ဂိုလ်တွေမသွားရဘူး၊ ခွင့်ပြုတဲ့ပုဂ္ဂိုလ်မှ သွားရတယ်၊ လက်မှတ်ရမှသွားရတယ်၊ ယခုဘာဝနာ လမ်း ဆိုတာကတော့ အဲဒီလို လောကပုဂ္ဂိုလ်တွေမျိုး မဟုတ်ဘူး၊ အင်မတန် အထက်တန်းကျတဲ့ ဘုရား–ရဟန္တာပုဂ္ဂိုလ်တွေ တဲ့၊ ပစ္စေကဗုဒ္ဓါတွေ သွားထားတဲ့လမ်းတဲ့၊ အားလုံးသောဘုရားတွေ, အားလုံးသောပစ္စေကဗုဒ္ဓါတွေ, အားလုံးသောရဟန္တာတွေ အရိယာပုဂ္ဂိုလ်တွေ ဒီလမ်းကြီး သွားရတာပဲ၊ လမ်းမကြီးက သွားရတာ၊ နိဗ္ဗာန်သွား ဒီလမ်းကသွားရတာပဲ၊ ဒီဖြတ်လမ်းက မသွားရဘူး၊ ဒီလမ်းကမသွားဘဲ နိဗ္ဗာန်မရောက်ဘူး၊ အဲဒီတော့ ဘုရားရဟန္တာ အရိယာပုဂ္ဂိုလ်တွေ သွားထားတဲ့ လမ်းကောင်း လမ်းမကြီး၊ လမ်းကောင်း၊ သာမာန်ပုဂ္ဂိုလ်တွေ သွားနိုင်တဲ့ လမ်းမဟုတ်ဘူး၊ ဒီလမ်းကို ငါတို့သွားနေရတယ်၊ ဒီလိုအားပေးရ မယ်၊ မသွားဘူးသေးတဲ့ ပုဂ္ဂိုလ်တွေလဲ စဉ်းစားကြည့်။

ဘုရားသွားတဲ့လမ်း, ပစ္စေကဗုဒ္ဓါသွားတဲ့လမ်း, အရိယာသာဝကတွေ သွားတဲ့လမ်း, ဒို့မသွားရသေးဘူး၊ ကံမကောင်း သေးဘူး၊ ကံညံ့သေးတယ်၊ ဒီလိုနလုံးသွင်းရမှာကိုး၊ သွားနေတဲ့ပုဂ္ဂိုလ်တွေကလဲ ဂုဏ်ယူရမှာ၊ ဒို့သွားရပြီ၊ သို့သော်လည်း သွားပေမယ့် လမ်းဆုံးဦးမှဖြစ်မှာကိုး၊ လမ်းဆုံးအောင်သွားမှပဲ ထင်တယ်၊ ဒီလိုသာ ကြိုးစားအားထုတ်ပြီး သွားရမယ်၊ လမ်းစဉ်ကို ရိုသေပါ၊ ရိုရိုသေသေ ဆင်ခြင်ကြည့်ပါ၊ အပါယ်ဘေးဆင်ခြင် အာနိသင်၊ လမ်းစဉ်ရိုသေပါ၊ ဆွမ်းကျိုးတုံ့ပြန်၊ ဆိုလိုက်စမ်းပါဦး။

အပါယ်ဘေးဆင်ခြင်အာနိသင်၊ လမ်းစဉ်ရိုသေပါ၊
ဆွမ်းကျိုးတုံ့ပြန်၊ ပိဏ္ဍာပါတာပစ္စယတာ၊

ဆွမ်းကိုတုံ့ပြန်၍ ပူဇော်ခြင်း ဒါကတော့ ရဟန်းတွေနဲ့ ဆိုင်တယ်၊ ဒကာ–ဒကာမတွေနဲ့ နည်းနည်းတော့ ဆိုင်တာ ပေါ့ အများကြီး မဆိုင်ဘူး၊ ဆွမ်းအကျိုးကို တုံ့ပြန်ပြီးတော့ ပူဇော်ပါတဲ့၊ ရဟန်းတော်တွေဆင်ခြင်ဖို့ရာ ရဟန်းတော်တွေ တရားအားမထုတ်သေးတဲ့ ပုဂ္ဂိုလ်တွေလဲ ဆင်ခြင်စရာတော့ကောင်းတာပဲ၊ ဆင်ခြင်စရာသိပ်ကောင်းတယ်၊ နက်နက်နဲနဲစဉ်းစား ကြည့် အင်မတန်ကိုကောင်း၊ မိမိကိုဆွမ်းတို့, သက်နံ့းတို့, ကျောင်းတို့, ဆေးတို့ ပစ္စည်းလေးပါးတွေ လှူဒါန်းနေကြတာပဲ၊ ဒကာ–ဒကာမတွေက ဒီပစ္စည်းတွေရအောင် အတော်ရှာရတာ၊ အလွန် ကြပ်ကြပ်တည်းတည်းရှာရတာ။

တောထဲ တောင်ထဲက ပုဂ္ဂိုလ်တွေဆိုလျှင်လည်း သက်စွန့် ကြိုးပမ်းအားထုတ်ပြီး အမောအပမ်းကြီးစွာနဲ့ အားထုတ်ရ တာ၊ နေပူမိုးရွာမရှောင် အားထုတ်ရတာ၊ မြို့မှာနေတဲ့ပုဂ္ဂိုလ်တွေလဲ တစ်ခါတည်း၊ အင်မတန်ကိုကြောင့်ကြစိုက်နေရတာ၊ သွားရေး, လာရေး, ပြောရေး, ဆိုရေး အတော်ကို မအားကြဘူး၊ စိတ်ညစ်စရာတွေ, စိတ်ပူစရာတွေလည်း အင်မတန်များ၊ ဟိုလူနဲ့ ပူးပေါင်းရ, ဒီလူနဲ့ပူးပေါင်းရ, ဟိုလူကို သွားပြောရ, ဒီလူကိုသွားပြောရ ဒုက္ခတွေ တော်တော်ရောက်တယ်။

ဘုန်းကြီးက ကြည့်နေတယ်၊ လူတွေအခြေအနေကို၊ တစ်ခါတစ်ခါ ဒီပုဂ္ဂိုလ်က လာလာပြီး ငြီးသေးတယ်၊ လုပ်ရကိုင် ရတာတွေ အပေါက်အလမ်းမတည့်တော့ ဒုက္ခရောက်နေတော့ တင်ပြီးထဲ ငြီးနေတာပဲ၊ အဲဒါကြောင့် လောက အကြောင်းအရာ သိတန်သလောက်လဲ သိနေတယ်၊ အင်မတန်ဆင်းဆင်းရဲရဲ အားထုတ်ရတာ, ဆင်းဆင်းရဲရဲ အားထုတ်ရတာ၊ ဘာပြုလို့တုံ့ ဆိုရင် ကိုယ်အသုံးကျတာစားရဖို့ပဲ၊အသုံးကျတဲ့စားရဖို့ထဲက ကိုယ်တိုင်မသုံးသေးဘဲနဲ့ ဆွမ်းဆိုလို့ရှိရင်လဲ ရဟန်းသံဃာတော် တွေကို အကောင်းအမွန်တွေကို လှူတယ်၊ အညံ့တွေမဟုတ်ဘူး၊ အပိုအလျှံတွေ မဟုတ်ဘူး၊ တချို့လှူတယ်တန်းတယ် ဆိုပေမယ်လို့ ကိုယ်မလိုချင်တာ ကိုယ်မသုံးချင်တာ ပေးတာကိုး၊ ဒီလိုဟာရှိတယ်၊ ခုဒကာ–ဒကာမတွေက ရဟန်းတော်တွေ လှူတာဟာ ဆွမ်းဆိုလျှင် အကောင်းဆုံး အမြတ်ဆုံးကိုလှူတာပဲ၊ အကောင်းဆုံးလှူတာ သက်နံ့းတို့, အဝတ်အထည်တို့ကလဲ အကောင်းတွေကိုပဲ လှူတယ်၊ ကျောင်းအိပ်ရာနေရာတွေဆို အကောင်းတွေချည်းပဲ၊ ဘယ်မှာ သွားကြည့်ကြည့် ဘုန်းကြီး ကျောင်းဟာ နည်းနည်းတော့ ကောင်းတာပဲ၊ ရပ်ထဲရွာထဲက အိမ်တွေထက်ကောင်းတာက များတယ်၊ တောရွာတွေမှာသိသာ တယ်၊ တောရွာတွေမှာ အိမ်လေးတွေက ပုံတော်သလို ဆောက်နေကြတယ်၊ ဘုန်းကြီးကျောင်းကတော့ ပြောင်ပြောင်လက်လက် ပဲ၊ ဘယ်သွားကြည့်ကြည့် ကောင်းကောင်းကလေးတွေ ဆောက်ထားကြတယ်။

အဲဒီလို ဒကာဒကာမတွေက ရဟန်းသံဃာတွေကို လှူကြတန်းကြတာ ဘာပြုလို့ လှူတုံး အမျိုးတော်လို့လား, အမေနဲ့ သားမို့ လှူတာလား, အဖေနဲ့သားမို့ လှူတာလား, ညီကိုမောင်နှမမို့ လှူတာလား, သူငယ်ချင်းမို့ လှူတာလား, ရဟန်းသံဃာ တွေလှူတဲ့အတွက် မိမိတို့မှာလောကတွင် လုပ်ငန်းဆောင်တာ အောင်မြင်ပါစေလို့ ရည်ရွယ်ပြီးတော့ လှူတာလား၊ အဲဒါ တချို့က ဟုတ်ချင်လဲဟုတ်မှာ၊ တချို့က ဘုန်းကြီးတွေ ဗေဒင်တွေ ဘာတွေနဲ့ နည်းနည်းပါးပါးတော့ရှိတယ်၊ ဒါတော့ ဘုန်းကြီး က စာရင်းမသွင်းဘူး၊ အကောင်းကို ခုပြောနေတာ၊ အဲဒီ ရဟန်း သံဃာတွေကို လှူတဲ့အတွက် ရာထူးဌာနန္တရတွေ ရလိမ့်မယ်၊ ဒီလိုမျှော်လင့်လို့လား၊ မဟုတ်ဘူး၊ အမှန်က ဒီလိုလှူလိုက်တဲ့အတွက် အကျိုးရှိတယ်တဲ့၊ စားဖို့သောက်ဖို့ရာလေး တွေ မစားမသုံးဘဲနဲ့ လှူလိုက်လို့ရှိရင် ဘဝများစွာလိုက်ပြီးတော့ ကောင်းကျိုးချမ်းသာတွေ ဖြစ်မယ်လို့ ယုံကြည်ပြီးတော့ လှူတာ၊ ယုံကြည်ပြီးတော့ လှူတဲ့ဥစ္စာကို အလှူခံပုဂ္ဂိုလ်က သူယုံကြည်တဲ့အတိုင်း ဂုဏ်သိက္ခာနှင့် ပြည့်စုံနေရင်တော့ အကျိုး ပေးတာပါပဲ၊ ဂုဏ်သိက္ခာနှင့် ပြည့်စုံနေရင် အကျိုးပေးတယ်၊ ဥပမာအားဖြင့် မြေကွက်မှာ သစ်စေ့တို့, မျိုးစေ့တို့ စိုက်လိုက်လို့ ရှိရင်ဖြင့် အပင်ဟာ ထွားထွားကြိုင်းကြိုင်း ပေါက်လာပြီးတော့ လိုအပ်တဲ့ အပွင့်အသီးတွေကို အလိုရှိတိုင်းရမယ်လို့ မျှော်လင့်

ပြီးတော့သစ်ပင်ကို စိုက်ပျိုးလိုက်တယ်၊ မြေကကောင်းနေလို့ရှိရင်လဲ မှန်းတဲ့အတိုင်း အပွင့်အသီးတွေ့ရတယ်၊ မြေကညံ့နေ၊ သြဇာမရှိတဲ့မြေဖြစ်နေ၊ စိုက်လိုက်တဲ့မျိုးစေ့က အညောင့်မထွက်ဘဲ ဒီလိုဖြစ်တာ ရှိသေးတာကိုး၊အညောင့်ထွက်လာပြီး လိမ်တိ လိမ်တိမ်နဲ့ အပင်ဖြစ်လဲ ကောင်းကောင်းမပွင့်မသီးဘူး၊ အဲဒါဆိုရင်တော့ စိုက်ရတဲ့ ပုဂ္ဂိုလ်မှာရင်ကျိုးတာပဲ၊ ဒုက္ခရောက်တာပဲ၊ ခက်တာပဲ။

အဲဒီလိုပဲ ဒကာဒကာမတွေက လှူဖွယ်ဝတ္ထုတွေကို လှူဒါန်းကြတာဖြင့် အင်မတန် အကျိုးကျေးဇူးများလိမ့်မယ်လို့ မျှော်လင့်ပြီးတော့ လှူဒါန်းတယ် လှူဒါန်းပြန်လဲ ကိုယ်ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေလှူတယ်၊ မယုံကြည်တဲ့ ပုဂ္ဂိုလ် မလှူဒါန်းဘူး၊ ကြည်ညိုတဲ့ ပုဂ္ဂိုလ်များသောအားဖြင့် လှူဒါန်းတယ်၊ အဲဒီတော့ အကြည်ညိုခံတဲ့ ပုဂ္ဂိုလ်ကို ကိုယ့်ကြည်ညိုတဲ့ပုဂ္ဂိုလ် ယုံကြည်တဲ့ပုဂ္ဂိုလ်တွေ၊ ယုံကြည်တဲ့ ကြည်ညိုတဲ့အတိုင်း အကျိုးရှိအောင် ဆောင်ရွက်သွားဖို့အရေးကြီးပါတယ်၊ အဲဒါကိုလဲ ဆင်ခြင်ပြီးတော့ ဒါကနေပြီးတော့ သီလသမာဓိတွေ ပြည့်စုံအောင် ကြိုးစားအားမထုတ်ခဲ့လို့ရှိရင် ငါ့ကိုအားကိုးပြီးနေတဲ့ ဒကာဒကာမတွေတော့ အလိုရှိတဲ့အကျိုးတွေတော့ ရကြမှာမဟုတ်ဘူး၊ ငါကြိုးစား အားထုတ်မှပဲရမယ်၊ နှလုံးသွင်းပြီးတော့ လုံ့လဝီရိယ အားထုတ်မှု ရှိရမယ်တဲ့၊ အားမထုတ်သေးတဲ့ ပုဂ္ဂိုလ်တွေလဲ အားထုတ်ဖို့ အရေးကြီးပါတယ်၊ အားထုတ်နေဆဲ ပုဂ္ဂိုလ်တွေမှာ ပိုအရေးကြီးတယ်။

ပိုအရေးကြီးတော့ အဲဒီလိုဆင်ခြင်ပြီး အားထုတ်လိုက်တော့ ဘယ်သူ့အကျိုးရှိတုံးဆိုတော့ အမှန်ကတော့ ကိုယ်ပဲ အကျိုးရှိတာပဲ၊ သူများ အကျိုးရှိတာနည်းနည်း ကိုယ့်အကျိုးရှိတာ များများဖြစ်ပါတယ်၊ အဲဒါ တော်တော်ကြာမှပြောရမယ်၊ အဲဒါ အဌကထာတွင် ထုတ်ပြတာ၊ အဌကထာက ဝတ္ထုနှစ်ခုထုတ်တယ်၊ ပြောရဦးမယ်၊ နာရီကတော့ တော်တော်ကြာသွားပြီ၊ ဒါပေမယ့် ကဿကလိုဏ်မှာနေတဲ့ အရှင်မိတ္တာမထေရ် ဝတ္ထုတစ်ခု ထုတ်ထားတယ်၊ နောက်တစ်ခုက ပိဏ္ဍပါတိယတိဿ မထေရ် တစ်ခုထုတ်ထားတယ်။

ကဿကလိုဏ်မှာနေတဲ့ အရှင်မဟာမိတ္တာမထေရ် ဝတ္ထုကတော့ အဌကထာတွေ မြောက်မြားစွာမှာပါလို့ အများအားဖြင့် ကြားဖူးနားဝ ရှိဖူးတာတွေလဲ များပါတယ်၊ အဲဒါတော့တိုတိုကျဉ်းကျဉ်းပဲ ပြောရမယ်၊ ကဿကလိုဏ်မှာ ရှင်မိတ္တာဆိုတဲ့ မထေရ်တစ်ပါး တရားနှလုံးသွင်း အားထုတ်ပြီးတော့ နေတယ်တဲ့၊ ဆွမ်းခံရွာကဒကာမကြီး တစ်ယောက်ကလဲ သားအဖြစ်နဲ့ ကိုးကွယ်ဆည်းကပ်ပြီးတော့နေတယ်၊ တစ်နေ့သ၌ကြတော့ ဒကာမကြီးက တောထဲမှာ ဟင်းသီးဟင်းရွက် သွားခူးသလား၊ ထင်းသွားကောက်သလားတော့ မပြောတတ်ပါဘူး၊ ဆင်းဆင်းရဲရဲနဲ့တူပါတယ်။

တောထဲသွားကာနီး သူ့သမီးကို မှာတယ်တဲ့၊ သမီး ဘယ်အိုးထဲမှာ ဆန်ဟောင်းလေးတွေရှိတယ်နော်၊ အမွန်အမြတ်နဲ့ သိမ်းဆည်းထားတဲ့ ဆန်ဟောင်းလေးတွေရှိတယ်၊ ထောပတ်ကဘယ်မှာထားတယ်၊ နွားနို့က ဘယ်မှာရှိတယ်၊ တင်လဲသကြားက ဘယ်မှာရှိတယ်၊ အဲဒါလေးတွေ သင့်တော်ကောင်းမွန်အောင် ချက်ပြုတ်ပြီးတော့ သင့်မောင်ကြီး ရှင်မိတ္တာမထေရ် လာတဲ့အခါကြရင် လှူရစ်နော်၊ ဆွမ်းကပ်ရစ်၊ ငါတော့ တော–ကိစ္စရှိလို့ သွားရဦးမယ်၊ ငါတော့ မနက်ပိုင်းအတွက်ကတော့ ဟိုယခင် တစ်နေ့က ကျန်နေတဲ့ ထမင်းကျန်ပေါ့လေ၊ အဲဒီထမင်းကျန်နဲ့ ပုန်းရေနဲ့ မနက်အတွက်ကတော့ ငါစားပြီးပြီ၊ နို့နေ့အတွက်ကျတော့ ဘယ့်နှယ်လုပ်ရမလဲ၊ ဟင်းအတွက်တော့ ငါပြန်လာလျှင် စားဖို့တော့ ဆန်ကွဲနဲ့ ဟင်းရွက်နဲ့ ယာဂုကြိုထားလိုက်ပေါ့တဲ့၊ ဒါလေး ငါသောက်မယ်တဲ့ ပြောတယ်၊ အဲဒါကို အရှင်မိတ္တာမထေရ်ကြီးက ကြားတယ်တဲ့၊ ကြားတော့ တချို့ကလဲ ပကတိနားနဲ့ ကြားတယ်လို့၊ ပကတိနားနဲ့တော့ မကြားနိုင်ဘူးထင်တယ်၊ သူ့အိမ်ထဲသူ ပြောတာကို အဘိညာဉ်နဲ့ ကြားမှာပဲ၊ အဘိညာဉ်ရှိလို့ကြားမှာ၊ ဒီတိုင်း နားနဲ့ကြားဖို့ကတော့ အခဲယဉ်းသားပဲ၊ သူ့အိမ်က သူပြောနေတာကို ကျောင်းနဲ့အိမ်နဲ့ ဘယ်လောက်နီးနီး ကြားစရာတော့ အကြောင်းမရှိဘူး၊ အိမ်ပေါက်ရောက်လို့ ကြားတယ်လဲ မဆိုနိုင်ဘူး၊ ဒီဥစ္စာကဟုတ်မယ်မဟုတ်ပါဘူး၊ အဘိညာဉ်နဲ့ကြားမှာပဲ၊ အဲဒီလိုကြားတော့ မထေရ်ကြီးက စဉ်းစားတယ်တဲ့၊ ရှင်မိတ္တာက အင်း–ဒကာမကြီးက ငါ့အတွက်တော့ ဆန်ကောင်းတွေ၊ ထောပတ်တို့၊ နို့တို့၊ သကြား၊ တင်လဲတို့ အကောင်းတွေ ချက်ကပ်ဖို့မှာတယ်၊ သူ့အတွက်တော့လဲပဲ ထမင်းကြမ်းပဲစားတယ် ပုန်းရည်နဲ့ စားတယ်၊ ပြီးတော့ ဆန်ကွဲနှင့် ဟင်းရွက်ပြုတ်နဲ့ပြုတ်ပြီးတော့ ယာဂုကလေး သောက်နေမယ်လို့ ဆိုတယ်တဲ့၊ ဒီက ဒကာမကြီးငါ့ကို ကြည်ညိုပြီးတော့ အမွန်အမြတ်တွေ လှူဒါန်းနေတာဟာ ဘာကြောင့်တုံး။

ဒီလိုလှူဒါန်းတဲ့အတွက် သူ့မှာ ပစ္စည်းလာဘ်လာဘတွေရမယ်လို့ မျှော်လင့်တာလား၊ မဟုတ်ဘူး ရာထူးဌာနန္တရတွေရမယ်လို့ မျှော်လင့်တာလား၊ မဟုတ်ဘူး၊ အမှန်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန် ရလိမ့်မယ်လို့ ယုံကြည်ပြီးတော့ လှူတာပဲ၊သူ့အလိုရှိတဲ့အတိုင်း အကျိုးအာနိသင်တွေကို ပြည့်စုံအောင်ဟာ ငါက သီလ, သမာဓိ, ပညာတွေ အကုန်လုံးပြည့်စုံမှုဖြစ်မယ်၊ ငါ အရဟတ္တမဂ် အရဟတ္တဖိုလ် မရောက်သေးမချင်း အဲဒီ ဆွမ်းခံလဲ ငါ မသွားသေးဘူး–ဆိုပြီးတော့ တစ်ခါတည်း သိတ်တွေ ချပြီးတော့ အခန်းထဲဝင်ပြီး ပြန်ထိုင်ပြီး တရားအားထုတ်လိုက်တယ်၊ တရားအားထုတ်လိုက်တော့ တစ်ခါတည်း သူကလဲ ပါရမီရှိတဲ့ပုဂ္ဂိုလ်၊ အစကတည်းက အဘိညာဉ်တွေ ရထားတာကိုး။

အဲဒါ မကြာမီအတွင်းမှာပဲ တစ်မနက် ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း တက်ပြီးတော့ ရဟန္တာဖြစ်သွားတယ်၊ ရဟန္တာဖြစ်သွားတဲ့အခါကျ၊ ဆင်ခြင်ပြီးတော့ မနက်ပိုင်းဖြစ်နေလို့ အဲဒီမှာဆွမ်းခံသွားတယ် ဆိုတာကိုမှ အဲဒါမိမိလှူသော

ဆွမ်းကို အတုန့်ပြန်၍ ပူဇော်သောအားဖြင့် အားထုတ်ဖို့ပဲ၊ ဒီလိုအားထုတ်တော့ လျှုတဲ့ဒကာဒကာမတွေလဲ အကျိုးရှိတာပေါ့၊ မည်သူ ပိုအကျိုးရှိမလဲဆိုလျှင် အားထုတ်တဲ့ပုဂ္ဂိုလ်မှာ ပိုအကျိုးရှိပါတယ်၊ လျှုတဲ့ ဒကာဒကာမတွေမှာ ဆွမ်းလျှုလို့ ရရှိတဲ့ အကျိုးတွေ လူချမ်းသာ, နိဗ္ဗာန်ချမ်းသာကို ရတာဟာ နောက်မှပဲ၊ တရားအားထုတ်တဲ့ ရှင်မိတ္တမထေရ်ကြီးက ချက်ချင်း သူ ရဟန္တာဖြစ်သွားတာ၊ မော်လမြိုင်မှာ ဘုန်းကြီးများ ရှိတုန်း မော်လမြိုင်မှာ ဦးသံဗောဓိဆိုတာ သူရဲ့ဇာတိကတော့ မြင်းခြံကပါပဲ၊ ကြီးမှ ရဟန်းဖြစ် သားကြီးသမီးကြီးတွေနဲ့ အိမ်ထောင်ကြီးနဲ့တူပါတယ်၊ သူ့မှာ ပစ္စည်းတွေ ဘာတွေလဲရှိတယ်၊ သားကြီး သမီးကြီးတွေနဲ့ ပစ္စည်းတွေလဲ ပြည့်ပြည့်စုံစုံပါပဲ၊ သံဝေဂရပြီး သဒ္ဓါတရားဖြစ်ပြီးတော့ ၇၆–နှစ်၊ ဝါ ၃၅–ဝါထင်တယ် ပျံတော်မူသွားတယ်၊ သဒ္ဓါတရား ကောင်းတယ်၊ တောထွက်ထဲတော့ ပထမတန်းပဲ၊ တောထွက်သာဆိုတယ် ငယ်ဖြူတွေ မလိုက်နိုင်ဘူး၊ သဒ္ဓါတရားကောင်းတယ်၊ ဘုန်းကြီးရော အားလုံး ကြည့်ကြည့်ပြီး ကြည်ညိုကြပါတယ်၊ နေပုံထိုင်ပုံ အင်မတန် ကောင်းပါတယ်။

အမြတမ်း ဆွမ်းခံစားတယ်၊ ပျံတော်မူခါနီး နှစ်လ–သုံးလလောက်လားမသိဘူး၊ မထနိုင်ဘူး၊ လဲနေလို့ အဲဒါလောက်ပဲ ဆွမ်းမခံဘဲ နေတာ၊ ဒါပြင်ကဆိုလျှင် (နေ့တိုင်း–၂) ဆွမ်းခံနေတာပဲ၊ ဆွမ်းခံရှာကလဲ နီးနီးမဟုတ်ဘူး၊ ဆွမ်းခံ ရှာကလဲ ဘုန်းကြီး အထင်ကတော့ နှစ်မိုင်ထက် မနည်းဘူးထင်တာပါပဲ၊ ဆွမ်းခံရှာနဲ့ ကျောင်းနဲ့ကတော့ တော်တော် ဝေးပါတယ်၊ လမ်းလဲ ကောင်းကောင်းမွန်မွန် မဟုတ်ဘူး၊ နေ့စဉ် ဆွမ်းခံသွားပြီးတော့ ဆွမ်းခံစားနေတာပဲ၊ သူ့ဆီက ဒကာဒကာမ ရောက်လာလို့ရှိလျှင် သူက ဘာပြောသလဲ။

ရောက်ရောက်ချင်း ခန္ဓာငါးပါးသိရဲ့လားလို့ စမေးတာကို၊ ရပ်ရှာအကြောင်းတွေ မမေးဘူး၊ သိက ခန္ဓာငါးပါးသိရဲ့လား, မသိသေးဘူးလား ဆိုပါဦး၊ ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာဆိုပြီး ဆိုခိုင်းဆိုလို့မရလျှင် ရေးထားခိုင်းတယ်၊ ဒါလေးကို ယူသွားတော့ဆိုပြီးတော့ ဒါလေးကို ပေးလိုက်သေးတယ်၊ ဒါပဲပြီးပြီ၊ သွားတော့၊ အင်မတန် ကောင်းပါတယ်၊ ဦးပဉ္စင်းတွေ ရောက်လာလို့ရှိလျှင်လဲ သရုပ်ခွဲမေးတာပဲ၊ အဘိဓမ္မာလဲ သူက ကြေတယ်၊ ကြီးမှသာ ရဟန်းပြုတယ် သင်္ဂြိဟ်တွေလဲ ငယ်ဖြူလေးတွေ လိုက်လို့မမီဘူး၊ သူက ကြေတယ်၊ အင်မတန်ကို ကြေတယ်၊ သူကအမြတမ်း နှလုံးသွင်းနေတာကို၊ လက်ဖက်ရည်သောက်လိုက်ဦးတော့ တဲ့–ဦးပဉ္စင်း၊ ခုနေ ဘယ်ဝိညာဉ်ဖြစ်သတုံး၊ ဘာအာရုံပြုသလဲ ဒီလိုလာတာကိုး၊ ဒီအနေမှာ ဆိုလို့ရှိလျှင်ဖြင့် ဇိဝှါဝိညာဉ် ရသာရုံကို အာရုံပြုပြီးတော့ ဇိဝှါဝိညာဉ်ဖြစ်တယ်၊ ဒီလိုပြောမှ သဘောကျတယ်။

သူက ရုပ်, နာမ်တွေ သရုပ်ခွဲတာကို၊ အဲဒီလို သူကရှိပါတယ်၊ သူက ပြောတယ်၊ ဦးပဉ္စင်းတို့ ဒကာဒကာမတွေ အတွက် ငဲ့ပြီးတော့သီလလဲ ကောင်းကောင်းကျင့်ကြ၊ သမာဓိပညာတွေလဲ တရားအားထုတ်ကျင့်ကြ၊ ဒကာဒကာမတွေ အကျိုးများအောင်လို့ကျင့်ကြ၊ ကျင့်တော့ ဘာဖြစ်တုံးဆိုလျှင် ဒကာဒကာမတွေ အကျိုးများအောင်လို့ဆိုပေမယ့် ကိုယ့်က အကျိုးရနေတာ၊ သိပ်နေရာကျတာ၊ မြတ်စွာဘုရား သာသနာတော်မှာ ချောင်တာ ဒကာ, ဒကာမတွေက လျှုတဲ့ပစ္စည်းတွေ ချမ်းချမ်းသာသာ သုံးဆောင်လဲနေရသေး၊ သူ့ကို အကျိုးများအောင်လို့ဆိုပြီး ကျင့်လိုက် ပြန်တော့လဲ ဘယ်သူက၊ အကျိုးများသလဲ၊ ကိုယ်တော်တို့ အကျိုးများတာပဲ။ သူတို့က နည်းနည်းပဲ၊ အကျိုးများတယ်၊ သူပြောတာလဲဟုတ်တယ်၊ သေချာစဉ်းစားကြည့်တော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေက ပိုပြီးအကျိုးများတယ်၊ အရှင်မိတ္တမထေရ်ကြီး ကြည့်ပါလား၊ ဒကာမကြီး ကျေးဇူးများအောင်ဆိုပြီး တရားအားထုတ်တော့၊ သူရဟန္တာ ဖြစ်သွားတယ်၊ ဒကာမကြီးက ရဟန္တာ မဖြစ်သေးဘူး၊ နောက်တော့ဖြစ်မှာပေါ့လေ၊ ဘယ်တော့မှ ဖြစ်မှန်းမသိဘူး၊ အဲသလို အကျိုးများပါတယ်။

ဒါကြောင့် ဟောဒီမှာ ဒီနှစ်ဝါတွင်း တရားအားထုတ်မည့် ကိုယ်တော်တွေလဲ ဒကာဒကာမတွေ ကျေးဇူးများအောင်လို့ ဒကာဒကာမတွေ ဆွမ်းတွေလောင်းကြတယ်၊ အဲဒီ ဒကာဒကာမတွေကြည့်ပြီး အကျိုးများအောင်လို့ဆိုပြီး ကြိုးစားပြီးအားထုတ်ကြစမ်းပါ၊ အားထုတ်လို့ရှိရင် ဒကာဒကာမတွေ အကျိုးများအောင်ဆို အားထုတ်လိုက်ရင် အရှင်ဘုရားတို့ ဝိပဿနာဉာဏ်တွေ အစဉ်တိုင်းတက်ပြီး အကျိုးတွေ သိပ်များမှာပဲ၊ အင်မတန် ကောင်းပါတယ်။

နောက် ပိဏ္ဍပါတိကတိဿမထေရ်၊ ဒါကတော့ တော်တော်ကို စိတ်ဝင်စားစရာကောင်းပါတယ်၊ ဝတ္ထုကတော့ သီဟိုဠ်ကဝတ္ထုပဲ၊ ပိဏ္ဍပါတိကတိဿ မထေရ်ဆိုတာ မဟာဂါမဆိုတဲ့ ရွာက ထင်းရောင်းစားတဲ့ လူတစ်ယောက်ရှိတယ်၊ ထင်းရောင်းတော့သူ့ကို ဒါရုဘဏ္ဍမဟာတိဿလို့ခေါ်တယ်၊ ဒါရုဆိုတာ ထင်း၊ ဘဏ္ဍကပစ္စည်းပေါ့လေ၊ ထင်းကုန်ရောင်းတဲ့ မဟာတိဿကတော့ မောင်တိဿကြီးလို့ ခေါ်ရမှာပေါ့၊ မဟာတိဿပါပဲ၊ ဒါရုဘဏ္ဍ မဟာတိဿဆိုတဲ့ ထင်းရောင်းသမားပေါ့လေ၊ ထင်းခုတ်ပြီးတော့ ရောင်းရတာ၊ထင်းရောင်းနေတဲ့သူပါပဲ၊ ဆင်းဆင်းရဲရဲနှင့် သူက ခေတ်ကာလက ဘယ်လိုတုံးဆိုတော့ ကာကဝဏ္ဏတိဿမင်းကြီး လက်ထက်ကလို့ ဆိုတာကိုး၊ ကာကဝဏ္ဏတိဿမင်းကြီးဆိုတာကတော့ ဒုဋ္ဌဂါမဏိမင်းကြီးရဲ့ အဖေကိုး၊ဘုရားသာသနာက အဲဒီ နှစ်ပေါင်း ၄၀၀ ခန့်လောက်ရှိတယ်၊ ဘာမှမရှိသေးဘူး။

ဘုရားပရိနိဗ္ဗာန်စံပြီးလို့ အနှစ် ၄၀၀ လောက်ရှိဦးမှာ၊ အင်မတန်ကောင်းတဲ့ ခေတ်ကြီးပါပဲ၊ အဲဒီခေတ်တုံးက မဟာဂါမဆိုတာ သီဟိုဠ်ကျွန်းမှာကိုး၊ အရှေ့တောင်ဘက်နားမှာရှိတယ်၊ ခုတော့ မာဂမလို့ခေါ်တယ် ရှေးက မဟာဂါမမြောက်ပိုင်းက ဧဌောရကျေးမင်းက၊ ဧဌောရကျေးမင်းဆိုတာ တမယ်ပါပဲ၊ ကပိလာဆိုတာ တမယ်ကုလားတွေပါပဲ၊ တမယ်ကုလားမျိုးတွေကို

အဲဒီ ဇဋ္ဌာရကျေးမင်းဆိုတာက အနောက်ပိုင်း သီဟိုဠ် တစ်ကျွန်းလုံးကို အုပ်ချုပ်နေတာကိုး၊ တောင်ပိုင်း အစွန်အဖျားလေးမှာ ကာကဝဏ္ဏတိဿမင်းကြီးဆိုတာရှိတယ်၊ မြန်မာပြည်က စော်ဘွားလောက်တောင်ရှိချင်မှ ရှိမှာပါ၊ အကျဉ်းလေးနဲ့တူပါတယ်၊ သူ့နယ်ကလေးက ဒါလေးကတော့ ချန်ထားတယ်၊ သူကလဲပဲ အခွန်လေး ဆက်နေပုံရတယ်၊ သူကြီးတစ်ပိုင်လိုနေမှာပါပဲ၊ သိပ်ကြီးကြီးကျယ်ကျယ်တော့ ဟုတ်မယ်မထင်ပါဘူး၊ ဒုဋ္ဌဂါမဏိမင်းကြီး၏ အဖေပဲ၊ အဲဒီ လက်ထက်တုန်းက အဲဒီ မဟာဂါမ ဆိုတဲ့ ရွာက ဒါရုဘဏ္ဍမဟာတိဿဆိုတဲ့ ဒကာတစ်ယောက်ပေါ့၊ အဲ–လူက တစ်နေ့သ၌တော့ ငြီးတယ်၊ သူ့ခင်ပွန်းနဲ့ ရှင်မ ရေ–တို့လူဖြစ်ရတာ နေရာမကျပါဘူးဟ၊ လျှစ္စရာတန်းစရာကလဲမရှိဘူး၊အလျှဒါနမလျှုရဘဲနဲ့ အသက်ရှင်နေရတာ အလကားပဲ၊ နေရာမကျဘူး။

မြတ်စွာဘုရားက ဆင်းရဲသားအလျှဒါနသိပ်ချီးမွမ်းတာ၊ ဆင်းရဲသား အလျှဒါန၊ ဆင်းရဲသားအဖြစ်နဲ့ ဆင်းဆင်းရဲရဲ အားထုတ်ပြီးတော့ အလျှဒါနတစ်ခုပြုရအောင် နေ့စဉ်နေ့စဉ် မလျှုနိုင်တောင်မှ ပက္ခိကဆွမ်းဆိုတာ ၁၅–ရက်တစ်ကြိမ် ဆွမ်းကပ်တာကိုး၊ ရဟန်းတစ်ပါးကို ဆွမ်းကျွေးတာပါပဲ၊ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ ရဟန်း တစ်ပါးကို လဆန်းပက္ခ လဆုတ်ပက္ခ၌ တစ်ပါးနှစ်ပါး ကိုယ်တတ်နိုင်သလောက် ဆွမ်းကျွေးတာပါပဲ၊ ၁၅–ရက်တစ်ကြိမ် ကျွေးတာကို ပက္ခိကဆွမ်းခေါ်တယ်၊ အဲသလိုလျှုပြီးတော့ တတ်နိုင်လို့ရှိရင်လဲ စာရေးတံဆွမ်းကလေးနဲ့ စာရေးတံမဲနှင့်မဲချပြီးသကာလ ဒီလိုလဲလျှုသေးတာပေါ့ ဆွမ်းလျှုတော့ ဒီခါတုန်းက သာသနာကလဲ အင်မတန်ခေတ်ကောင်းတဲ့ခါကို၊ ခေတ်ကောင်းနေတော့ အလှူအတန်းတွေကလဲ ပေါနေတော့ ကိုရင်ကလေးတွေက သူ့ဒီဒကာမကြီးက လျှုတဲ့ ဆွမ်းတွေ အလျှုခံပြီးတော့ သွန်သွန်သွားတယ်။

သူ့ဆွမ်းဟာ မကောင်းပဲဟာကိုး၊ ဆင်းရဲသားဆိုတော့ ဟင်းကလဲမကောင်း၊ ဘာကလဲမကောင်း၊ ကိုရင်လေးတွေဆိုတော့လဲ ကလေးငယ်ကလေးတွေဟာကိုး၊ ဒကာဒကာမ သဒ္ဓါတရား စောင့်ရှောက်ရမှန်း သိတာမဟုတ်ဘဲ၊ မသုံးနဲ့ဦးတော့ မမြင်ရာသွန်းထားလျှင် တော်သေးတာပေါ့၊ သူက ရှေ့တွင်သွန်သွား၊ ဒါပေမယ့်ဒကာမကြီးက ယောနိသောမနသိကာရကောင်းတယ်၊ သွန်ပါစေ၊ တို့ကကောင်းကောင်း မလျှုနိုင်လို့ပဲ၊ တို့ကလိုနေတာပဲ၊ ကောင်းကောင်းလျှုနိုင်မှတော်မှာပဲဆိုတော့ သူ့ခင်ပွန်းနဲ့ပြောတော့ ပြောရင်းပြောရင်းနှင့် မဟာတိဿက တို့ဘယ့်နှယ်လုပ်ပြီးတော့ သံဃာတော်တွေ ရဟန်းတော်တွေ ရှင်သာမဏေတွေ သဘောကျအောင် ဘယ်လိုလုပ် လျှုရမလဲလို့ ငြီးတဲ့အခါကာလမှာ ခင်ပွန်းဖြစ်တဲ့သူက၊ ရှင်က ပြောတာ နည်းကတော့ ရှိပါတယ်တဲ့၊ အလွယ်ပါပဲတဲ့၊ သားသမီး ရှိနေလျှင် မဆင်းရဲပါဘူး၊ ရှင့်သမီး ဒီမှာ တစ်ယောက်ရှိနေတာပဲ၊ သမီးက တစ်ယောက်ရှိတာကိုး၊ သမီးဆို ခပ်ငယ်ငယ်နဲ့ တူပါရဲ့၊ အဲဒီတော့ ဒီသမီးကို သူများအိမ်မှာ အခိုင်းအစေထားလိုက်လို့ရှိရင်ဖြင့် ငွေရမှာပဲ၊ ငွေ ၁၂–ကျပ်လောက်ရမှာပဲ၊ ၁၂–ကျပ်ရလျှင် နွားမတစ်ကောင်ဝယ်၊ နို့စားနွားမ တစ်ကောင်ဝယ်၊ ဝယ်ပြီးတော့ အဲဒီနွားနို့နဲ့ ဆွမ်းကပ်လို့ရှိလျှင် ကိုယ်တော်တွေ သဘောကျမှာပါပဲလို့ဆိုတော့ ဒီမှာ သဘောကျ၊ သူ့သမီးကို ပစ္စည်းရှိတဲ့အိမ်တစ်အိမ်ကို အခိုင်းအစေသွားထား၊ ပေါင်တာပေါ့လေ၊ အပေါင်ထားရတာ၊ ဟိုခေတ်တုန်းက ဥပဒေတွေကလဲ မရှိသေးပဲဟာကိုး၊ ခုခေတ်ဆိုလျှင် တရားစွဲကောင်း စွဲလိမ့်မယ်၊ အပေါင်ထားပေမယ့် ၁၂–ကျပ်ရတယ်၊ တော်တော်တော့ရှားတာပဲ၊ ၁၂–ကျပ်ပဲ ရတယ်၊ အဲဒီ ၁၂–ကျပ်နဲ့ နွားဝယ်တော့ နွားမတစ်ကောင် ကောင်းကောင်းတော့ ရပါတယ်၊ ရှေးငွေကလဲ အဖိုးတန်ပါတယ်။

အဲဒီ နွားမတစ်ကောင်ကနေပြီးတော့ နို့ညစ်တော့ သူတို့သဒ္ဓါတရားအားလျော်စွာ နွားမကလဲ နို့တွေ အင်မတန်ထွက်တယ်၊ မနက်ကို သုံးမာနိကာ ပါဠိလိုပြောရတာနော်၊ မြန်မာလိုပြောလို့ မဖြစ်သေးဘူး၊ ရှေးဦးစွာ ပါဠိလိုပြောဦးမယ်၊ မနက်ကို သုံးမာနိကာ၊ ညနေ သုံးမာနိကာ မာနိကာဆိုတာက ဘာသာတိုက်ရိုက်ပြန်ဆိုလို့ရှိလျှင် တင်းလို့ ခေါ်တယ်၊ နံနက်သုံးတင်း ညသုံးတင်းဆိုတာပါပဲ၊ ဒီတိုင်းတိုက်ရိုက်ပြန်လို့တော့ မကောင်းဘူး၊ မာနိကာ၊ နွားက တစ်ကောင်တည်းက မနက်ကို နို့သုံးတင်းထွက်တယ်၊ ညနေသုံးတင်း ထွက်တယ်ဆိုတော့ ဒါကတော့ ခုခေတ်ကာလလူတွေက ယုံမှာမဟုတ်ဘူး၊ သဒ္ဓါတရားအားလျော်စွာ ကံကြောင့် ဖြစ်တာပဲဟုဆိုလျှင် သဒ္ဓါတရားကောင်းတဲ့ ပုဂ္ဂိုလ်ကတော့ ယုံမှာပေါ့၊ သို့သော် များသောအားဖြင့် ယုံမယ်မထင်ဘူး။

အဲဒီတော့ ဘုန်းကြီးက သူများယုံလောက်အောင်လို့ အနက်တော့ ပြန်မှုဖြစ်မှာ၊ မာနိကာက ချင်ခွက်လို့ အဓိပ္ပာယ်ရှိပါတယ်၊ နွားနို့ချင်ခွက်နေမှာပေါ့၊ နွားနို့ချင်ခွက်နဲ့ သူများတစ်ခွက်လောက်ထွက်တဲ့ဥစ္စာ သူ့ဥစ္စာက သုံးခွက်လောက်ထွက်တာ၊ ဒီလိုဖြစ်ပါလိမ့်မယ်၊ အဲဒီတော့ မနက် သုံးခွက်၊ ညနေသုံးခွက်၊ သူများတစ်ခွက်ထွက်တယ်၊ သူ့နွားမက သုံးခွက်ထွက်တယ်၊ ထွက်စရာရှိပါတယ်၊ အဲဒီက နွားနို့နဲ့ ထောပတ်ပြုလုပ်ပြီးသကာလ ဆွမ်းလျှုတော့ အဲဒီခါကျတော့ မြတ်နိုးကြပါတယ်တဲ့၊ မြတ်နိုးကြလို့ ရက်ပေါင်း တော်တော်ကြာတဲ့ အခါကာလကျတော့ အဲဒီ ဒါရုဘဏ္ဍမဟာတိဿဆိုတဲ့ ထင်းကုန်သည် ဒကာကြီးက စဉ်းစားတယ်၊ ဒို့မှာ ဒို့သမီးလေးရှိလို့ သမီးလေး သူများအိမ်မှာ သွားထားပြီး ငွေ ၁၂–ကျပ်နဲ့ နွားမကြီးဝယ်ရ၊ ဒီနွားမက ထွက်တဲ့ နွားနို့အကြောင်းပြုပြီးတော့ သံဃာတော်တွေကို မွန်မြတ်တဲ့ ဆွမ်းတွေလဲ လျှုရတယ်၊ စိတ်မညစ်ရဘူး၊ မျက်နှာ မငယ်ရဘူး၊ ရဟန်းသံဃာတွေလဲ မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးတယ်၊ ဒို့သမီးလဲ အင်မတန်ကျေးဇူးများတာပဲ။

သို့သော်လဲ သူများအိမ်မှာ နေရတော့ ဆင်းရဲရှာလိမ့်မယ်၊ ဒို့သမီးအတွက် လွတ်ရာလွတ်ကြောင်း ပြန်ပြီးတော့ ငွေ ၁၂–ကျပ်နဲ့ ရွေးရမှာပဲ၊ ငွေက မရှိဘူး၊ ရွေးနိုင်အောင်လို့ အလုပ်တစ်ခုတော့ ထွက်လုပ်ဦးမှပဲဆိုပြီး ခင်ပွန်းနဲ့ တိုင်ပင်ပြီးတော့

ဒီဒကာကြီးက တစ်ရပ်တစ်ရွာ သွားပြီးတော့ ကြံ့စက်မှာသွားပြီး ကြံ့ညှစ်တဲ့စက်မှာ သွားလုပ်တယ်၊ ကြံ့ညှစ်တဲ့အလုပ် လုပ်တော့ ခြောက်လလောက်လုပ်တော့ ငွေ ၁၂–ကျပ်ရတယ်၊ တစ်လမှ ၂–ကျပ်ရတယ်၊ တော်တော်တော့ ဆင်းရဲတယ်၊ခုခေတ် ကာလ ငွေတွင်းနက်တယ်၊ အဲဒီတုန်းကနဲ့စာရင် မနက်ပါဘူး၊ တစ်လလုပ်လျှင် ၂–ကျပ်ကတော့ မကပါဘူးထင်ပါရဲ့၊ ရမှာပါ၊ တစ်လလုံးလုပ် ၂–ကျပ်ရတယ်၊ ဒေလလောက် ၁၂–ကျပ်ရတယ်လို့ ဆိုတယ်၊ တော်တော်တော့ ဆင်းဆင်းရဲရဲ လုပ်ရှာရသားပဲ၊ အတော်ကို ဆင်းရဲတယ်၊ အဲဒါနဲ့ ၁၂–ကျပ်ရတော့ ဒို့သမီး ရွေးနိုင်လျှင်တော်ပါပြီဆိုပြီးတော့ ငွေ ၁၂–ကျပ်ကို အလုပ်ကလေး လုပ်ပြီးတော့ ပြန်လာတာကိုး၊ ပြန်လာတော့ လမ်းကျတော့ အမ္မရိယဝိဟာရ–ရှေ့ကကျောင်းတိုက်က ကိုယ်တော်တစ်ပါးကလဲ အဲဒီ မဟာဂါမမှာရှိတဲ့ မဟာတိသ၊ တိသမဟာရာမဆိုတဲ့ ကျောင်းတိုက်ရှိတယ်၊ အဲဒီမှာ စေတီအကြီးကြီးရှိပါတယ်၊ ခုလဲရှိ ပါတယ်၊ ဒုဋ္ဌဂါမဏိမင်းတည်တဲ့ မဟာစေတီတို့ထက် အရင်ကျပါတယ်၊ ရှိပါတယ်၊ ဘုန်းကြီးများလဲ ရောက်ခဲ့တယ်၊ တိသ မဟာရာမ ဆိုတဲ့ ကျောင်းတိုက်မှာ ဘုန်းကြီးများက တစ်ညဉ့်အိပ်ခဲ့တာပဲ။

အဲဒီမှာ တိသမဟာရာမ ကျောင်းတိုက် စေတီတော် ဘုရားဖူးဖို့ အဲဒီတုန်းကလဲ စေတီက နည်းနည်း၊ ဒီစေတီတစ်ခု လောက်ပဲ ကြီးကြီးကျယ်ကျယ်ရှိပုံရပါတယ်၊ ဘုရားဖူးဖို့ရာ အမ္မရိယကျောင်းတိုက်ကို သွားတာ၊ ကျောင်းတိုက်ကလဲ ဘယ်နား မှာဆိုတာ သီဟိဠ်ကပုဂ္ဂိုလ်တွေလဲ မသိဘူး၊ ခန့်မှန်းကြတယ်၊ အဲဒီနား နယ်ပယ်ခပ်နီးနီးမှာပဲ၊ အမ္မရိယဆိုတာ အမ္မရဆိုတာက တော့ ကောင်းကင်ပဲ၊ ကောင်းကင်ဆိုတော့ ကောင်းကင်မှာ တည်ရှိနေတဲ့ ကျောင်းဆိုတော့ တောင်ထိပ်ကျောင်းနဲ့တူပါတယ်၊ တောင်ထိပ်မှာ ဆောက်ထားတော့ အောက်ကနေကြည့်တော့ ကောင်းကင်ကျောင်းလို့ ခေါ်မှာပေါ့၊ အမ္မရိယ ဘုန်းကြီးအထင် ပေါ့လေ၊ သူ့ဟာ ကျမ်းတွေ, ဘာတွေကတော့ ဘယ်သူမှဖွင့်ထားတာ မရှိပါဘူး၊ အမ္မရိယ–ဆိုတာ အမ္မရက ကောင်းကင် ကောင်းကင်ဆိုတော့ တောင်ထိပ်မှာနေတဲ့ကျောင်း ဖြစ်ပါလိမ့်မယ်။

ရွာတစ်ရွာက တောင်ထိပ်ကျောင်းလို့ ပြောပါလိမ့်မယ်၊ အဲဒီကျောင်းတိုက်က ကိုယ်တော်တစ်ပါးက ဘုရားဖူးသွား၊ ဘုရားဖူးသွားတာလဲပဲ စိတ်ဝင်စားစရာ သိပ်ကောင်းတယ်၊ ရှေ့ကသွားတဲ့ ပုဂ္ဂိုလ်တွေမှာ ခုကာလတော့ ယာဉ်ရထားတွေက ပေါတော့ ယာဉ်ရထားတွေနဲ့ သွားကြတာကို ယာဉ်ရထားတွေနဲ့ သွားနေရုံတင်မကဘူး၊ လမ်းစရိတ်တွေ ဘာတွေ အိပ်ထဲထည့် ပြီးတော့ ငွေတွေ ဘာတွေနဲ့ သွားကြတာကို၊ ဒီလိုပဲ သွားကြတာကို ရဟန်းတော်များမှာ ဝတ္ထုငွေတွေလဲ မကိုင်ရဘူးဆိုပေမယ့် ခုတော့ ဒီလိုကိုင်သွားနေကြတာပဲ၊ ဒါလဲမြင်နေကြရိုးနေတော့ လုပ်ကောင်းသလိုလဲ ဖြစ်နေတယ်၊ ဟိုတုန်းက ကိုယ်တော်တွေ မပါပါဘူးတဲ့၊ ခြေကျင် သွားရာကြတာပဲ။

အဲဒါဟာ အခုအားလုံးသော ရဟန်းတော်တွေလဲ နည်းယူပေါ့၊ ဘုန်းကြီးပြန်ပြောပါဦးမယ်၊ နည်းနည်းလေးပြန်ပြော ချင်ပါတယ်၊ ကိုယ့်ဂုဏ်ဖော်တယ်လို့လဲ မအောက်မေ့နဲ့၊ ဘုန်းကြီးကတရားအားထုတ်မယ်လို့ လာတုန်းကလေး အဲဒီဝါက ၈–ဝါ၊ ၈–ဝါပဲရသေးတယ်၊ မော်လမြိုင် တောင်ဝိုင်းကျောင်းက နေပြီးတော့ ဦးတေဇဝန္တဆိုတဲ့ ဦးပဉ္စင်းတစ်ပါး၊ အဲဒီ ဦးပဉ္စင်းက ဘုန်းကြီးထက်ငယ်တယ်၊ သူကကြီးမှ ရဟန်းဖြစ်တာ၊ သူက ရထားရုံပိုင်တွေဘာတွေလဲလုပ်ဖူးပါတယ်၊ သူလဲသဘောတူ တရားအားထုတ်မယ်ဆိုပြီး ထွက်လာကြတယ်၊ မော်လမြိုင်က ထွက်လာတော့ မော်လမြိုင်နေပြီးတော့ ဒကာတွေဘာတွေက နေပြီးတော့ ရထားလက်မှတ် ဝယ်လိုက်တယ်၊ ဇင်းကျိုက်ရထားလက်မှတ် ခံပေးလိုက်တော့ ရထားနဲ့ စီးလာကြတော့ ဇင်းကျိုက်ရောက်၊ သပိတ်နဲ့သင်္ကန်း ၃–ထည်နဲ့ ဒါပဲပါပါတယ်၊ ဒါပြင်ဘာမှမပါဘူး။

နောက် အဲဒီကနေရှေ့ဆက်ဖို့ရာ ရထားစရိတ်တွေဘာတွေ ဘာမှမပါပါဘူး၊ ဘာမှကိုမပါဘူး၊ ဒါပဲ၊ စားရေး သောက် ရေးအတွက်က ဘာမှပြည့်စုံလို့ ဘာမှမဟူဘူး၊ ရရင်စားမယ်၊ မရရင်နေတော့ဆိုပြီး ဆွမ်းခံစားမှာပဲ၊ ဒီတိုင်းလာခဲ့ကြတာပဲ၊ သင်္ကန်း ၃–ထည်နဲ့သပိတ်နဲ့ထွက်လာကြတယ်၊ ဇင်းကျိုက်ရောက်တော့ ဝိနည်းသိက္ခာပုဒ်နဲ့စပ်ပြီးတော့ ဖိနပ်စီးမှုကလဲ လမ်း မှာရှုတ်ထွေးနိုင်တယ်ဆိုပြီးတော့ ဘုန်းကြီးများ ဖိနပ်တောင်မစီးဘူး၊ ဒီတိုင်းလာတာပဲ၊ မော်လမြိုင်မှာပဲထားခဲ့တယ်၊ ဖိနပ်မစီး ခဲ့ဘူး၊ ဖိနပ်မပါဘူး၊ ဒီတိုင်းလာတာ၊ မြို့ထဲရွာထဲ လျှောက်ပြီးတော့သွားတော့ အပြစ်ပြောစရာရှိနေလို့၊ အဲဒါကြောင့်မို့ ဖိနပ် မပါဘူး၊ ဇင်းကျိုက်မှာဝင်ပြီး သကာလတရားအားထုတ်ဖို့နေရာတွေဘာတွေ စုံစမ်းတော့ အဲဒီမှာမရှိဘူး၊ လမ်းလျှောက်ပြီး လာတော့ ရင်းငြိမ်ဆိုတာရောက်လာတယ်၊ ရင်းငြိမ်ကနေပြီးတော့ တစ်ခါ ဟိုဦးတေဇဝန္တရဲ့သိတဲ့ ဒကာတစ်ယောက်ကနေပြီး တော့ မော်တော်ကားနဲ့ပို့လိုက်တော့ သထုံရောက်ရော၊ သထုံရောက်တော့လဲ ဦးတေဇဝန္တရဲ့ ဆွေမျိုးတွေရှိပါတယ်၊ ရှိတော့ တစ်ခါရထားလက်မှတ် ခံပေးလိုက်တော့ ညာ–တောင်စောင်းဆိုတာရောက်၊ တောင်စောင်းက ဟိုဘက်တော့ ဘုန်းကြီးများလမ်း လျှောက်တော့ ကျိုက်ထိုကိုရောက်၊ ကျိုက်ထိုကနေပြီး ကျိုက်ထီးရိုးဘုရားလဲရောက်။

အဲဒီကနေပြီး ပြန်ပြီးသွားတော့ လမ်းလျှောက်သွားတယ်၊ ဘယ်ရောက်တုံးဆိုသထုံပြန်ရောက်၊ သထုံရောက်တော့မှ ဝင်ပြီးတရားအားထုတ်တာ၊ တစ်ခါတစ်ရံခြေကျင်သွားရတယ်၊ ၂–ရက်လောက်ဆက်ပြီးတော့ လမ်းလျှောက်သွားရတယ်၊ တစ်ခါတစ်ရံလဲပဲ ကားသမားကနေပြီး ကြွပါဘုရား, ကြွပါဘုရားဆိုပြီးမေးတော့ တို့မှာ ပိုက်ဆံပေးစရာ မပါဘူးပြောတော့၊ ကြွပါဘုရား ကုသိုလ်ပြုပါတယ်–ပြောတော့ အဲဒီလို–သွားတဲ့အခါရှိပါတယ်၊ နည်းနည်းပါးပါး ရှိပါတယ်၊ ဒီလိုသွားတာပဲ၊ အဲဒါဘာမှမပါပါဘူး၊ မြင်းခြံမှာလဲ ကိုယ်တော်လေးတစ်ပါးရှိပါတယ်၊ ဦးဇောတိကဆိုတာ၊ ဒီလိုဘုန်းကြီးများ ဆိပ်ခွန်လာပြီး တရားအားထုတ်တယ်၊ ဘာမှမပါဘူး၊ သပိတ်နဲ့သင်္ကန်းနဲ့၊ ဒီလို လမ်းလျှောက်သွားတာပဲ။

အဲဒီမှာ ဒကာတွေက တစ်ချို့ကကားနဲ့ပို့လိုက်တာလဲရှိတယ်၊ ဆွမ်းချိန်ကြလို့ရှိရင် ဆွမ်းကပ်တာရှိတယ်၊ တော်တော်သတ္တိကောင်းပါတယ်၊ သူလဲတော်ပါတယ်၊ သူက ရှေးကရဟန်းတော်တွေ ဒီလိုသွားနေတာပဲ၊ ခရီးစရိတ်တွေဘာတွေ ဆောင်သွားနေတာ ဘယ်ဟုတ်မလဲ၊ အဲဒါက အင်မတန်စင်ကြယ်တယ် သူက၊ အဲဒီလိုသွားတော့ ခုနက ဒါရုဘဏ္ဍမဟာတိဿ–ဆိုတဲ့ ဒကာကြီးကလဲပဲ သူက အဲဒီရဟန်း နောက်ကနေပြီးတော့ ခပ်လှမ်းလှမ်းကနေပြီးတော့ ရှေ့ကရဟန်းတစ်ပါး သွားနေတာမြင်တော့ ရှေ့ကရဟန်းတစ်ပါးပဲလို့ ဒီရဟန်းနဲ့သွားရလို့ရှိရင် တရားစကားလေးဘာလေး ဆွေးနွေးသွားရ ကုသိုလ်ရတာပေါ့လေ၊ ဝေယျာဝစ္စပြုစရာရှိလဲ ပြုရအောင်ဆိုပြီး သူ့အနားကိုသွားတယ်၊ အပြေးလေး မီအောင်လိုက်လာပြီးတော့ ရဟန်းအနားကျတော့ အာလာပသလ္လာပပြောပြီးတော့ ဖြေးဖြေးလိုက်လာခဲ့တာ။

သွားရင်း–သွားရင်းနဲ့တစ်ခါတည်း ဆွမ်းချိန်ရောက်လာတာကို၊ မွန်းတည့်ခါနီး ရောက်လာတယ်၊ မွန်းတည့်ခါနီး ရောက်လာတော့ ကိုယ်တော်ဆွမ်းစားချိန်တော့ရောက်လာပြီ၊ မွန်းလွဲသွားရင် ဆွမ်းစားရမှာမဟုတ်ဘူး၊ အဲဒီလို စဉ်းစားတယ်၊ ဆွမ်းကပ်စရာတော့ ငွေတော့ပါတယ်၊ ဟိုတုန်းက ဆိုင်တွေဘာတွေကလဲ ရှားပါတယ်။

ယခုနေ ဆွမ်းရောင်းတဲ့ပုဂ္ဂိုလ်များရှိရင် နေရာကျမှာပဲလို့ စိတ်ထဲက ကူးတုံးရှိသေးတယ် လူတစ်ယောက်က ထမင်းထုပ်ကလေးနဲ့ ပေါ်လာတယ်၊ ထမင်းထုပ်ကလေးနဲ့ ပေါ်လာတော့ နေရာကျပြီဆိုပြီးတော့ လာစမ်းပါဦးဗျာ ဆရာကြီး၊ ခင်ဗျားထမင်းထုပ်ကို ကျုပ်ကိုရောင်းစမ်းပါ၊ ခင်ဗျားထမင်းထုပ် တစ်ကျပ်ပေးမယ်လို့ ပြောတယ်၊ ထမင်းထုပ်ရောင်းတဲ့ပုဂ္ဂိုလ်က စဉ်းစားတယ်၊ ငါ့ထမင်း တစ်ပဲတောင်မတန်ဘူး၊ ဟိုတုန်းက ထမင်းတစ်ထုပ်ကလဲ တစ်ပဲတောင်မတန်တော့ ငွေ အတော်တန်ဖိုးရှိနေတာကိုး၊ ယခုကာလ ငွေတွေနဲ့တော့ အတော်ကွာနေပုံရတယ်၊ တစ်ပဲတောင်မတန်ဘူး၊ အဲဒါကိုသူက တစ်ကျပ်ပေးမယ်ဆိုတော့ ငါရှေ့မှောက် ဈေးတက်လို့ရှိရင် ရဦးမှာနဲ့တူတယ်။

လူဆိုတာ ရရင်သိပ်လိုချင်တာကိုး၊ ရတိုင်း–ရတိုင်း ရောင်းတဲ့ပုဂ္ဂိုလ်ကတော့ ဈေးမြှင့်ပြီးတော့ ရောင်းနေတာပဲ၊ မသိတဲ့ပုဂ္ဂိုလ်တွေကျလို့ရှိရင် ဈေးသည်တွေဟာ ဈေးပိုရောင်းတယ်၊ ဒါဖြင့် တစ်ကျပ်နဲ့မရောင်းနိုင်ဘူးဗျ–လို့ဆိုတယ်၊ ဒါဖြင့်ကွာ ငါ–နှစ်ကျပ်ပေးမယ်ဆိုတယ်၊ နှစ်ကျပ်လဲ မရောင်းနိုင်ဘူး၊ ၃–၄–၅–ကျပ် စသည်ဖြင့် ဈေးတက်လိုက်တာ ၁၂–ကျပ်ကုန်ရော၊ ၁၂–ကျပ်လဲမရောင်းနိုင်သေးဘူးတဲ့၊ အေးကွာ–ငါ့မှာရှိသေးရင်တော့ပေးပါသေးတယ် ငါ့မှာ ငွေကလဲ ၁၂–ကျပ်ပဲရှိတယ်၊ ငါဟိုကိုယ်တော်တစ်ပါးလဲ ဘုန်းကြီးတစ်ပါးပဲ၊ ဒီအနား ခဏနေပါဦးဘုရားဆိုပြီးထားခဲ့တယ်၊ မင်းဟာမရလို့ရှိရင် ငါကျွေးရမှာမဟုတ်ဘူး၊ ဒီ ၁၂–ကျပ်နဲ့ပဲ ပေးပါတော့ကွာလို့ တောင်းတောင်းပန်ပန်နဲ့ ဝယ်ယူရတယ်ဆိုတာကိုး၊ ဒီတော့မှ ဟိုလူက ဒါထက်တော့ ရမှာမဟုတ်ဘူး၊ ၁၂–ကျပ်ဆိုတာလဲ နည်းတာမဟုတ်ဘဲ၊ တစ်ပဲ မတန်တာ ၁၂–ကျပ်ရတာကို အင်မတန် ဝမ်းသာမှာပေါ့၊ သူ့မှာ အင်မတန် ငါကံကောင်းတယ်၊ ငါဇာတာ စန်းလာဘ်သိပ်ကောင်းတယ်အောက်မေ့မှာပေါ့၊ အိမ်ကျရင် ဘယ်လောက်များ ဝမ်းမြောက်ဝမ်းသာနဲ့ ပြောနေမှန်း မသိဘူး။

အဲဒီတော့ ဒီ ၁၂–ကျပ်နဲ့ဝယ်ရော၊ ဝယ်ပြီးတော့ အဲဒီဆွမ်းကို ရဟန်းကပ်၊ ရဟန်းကပ်တော့ ရဟန်းကလဲပဲ ဒီဆွမ်းထုပ်ကလေး တစ်ထုပ်ထဲနဲ့ ဒကာနဲ့သူနဲ့ စားရဦးမှာပဲ၊ ဒီတော့ တစ်ဝက်လောက်ကျတော့သူက လက်နဲ့ကာတာကိုး၊ အရှင်ဘုရားတစ်ပါးစာတည်း ဒါအကုန်လုံးပဲ၊ အလှူခံပါဆိုတော့ အကြောင်းရှိမှာပဲလေဆိုပြီးတော့ ရဟန်းကလဲပဲ အကုန်လုံးအလှူခံပြီးတော့ ဆွမ်းဘုဉ်းပေးတယ်၊ ဆွမ်းဘုဉ်းပေးပြီးတော့မှ ခရီးသွားရင်တစ်ခါရဟန်းက မေးပြန်တာကိုး၊ ဒကာတဲ့–ခုနက ဆွမ်းဟာ ဒကာတော့မစားဘူး၊ ဘာဖြစ်လို့တုံးတဲ့၊ မစားတဲ့အကြောင်း ရှိပါတယ်ဘုရားတဲ့၊ တပည့်တော် ဒီဆွမ်းက အင်မတန် ခဲခဲယဉ်းယဉ်း လျှူရတာပဲတဲ့၊ တပည့်တော်မှာ သမီးကလေး အပေါင်ထားခဲ့ရပုံတွေ၊ သူ့ ၆–လ အလုပ်လုပ်လာရပုံတွေ သူ့သမီးရွေးဖို့ရာ ငွေကလေးနဲ့ ဒီမှာဝယ်လာတာကို သူစားလို့ မတော်ပဲဟာကို၊ အဲဒါကြောင့် မစားတဲ့ အကြောင်းပြောတော့ ရဟန်းက တစ်ခါတည်း အတော် သံဝေဂရသွားတယ်၊ ဆွမ်းဟာ အင်မတန်ကို သန့်ရှင်းစင်ကြယ်တဲ့ဆွမ်းပဲ၊ အင်မတန်ကိုလေးနက်တဲ့ဆွမ်း၊ ဒီဆွမ်းစားပြီးတော့ ဒီဆွမ်းဖိုးကြေအောင် ငါတော့ အားထုတ်ဦးမှပဲလို့ စဉ်းစားတယ်။

အားထုတ်မှ၊ အားမထုတ်လို့ မဖြစ်သေးဘူး၊ သပ္ပာယ သင့်လျော်တဲ့နေရာကျရင်တော့ ဆွမ်းဖိုးကြေအောင် ငါအားထုတ်မယ်လို့ စိတ်တစ်ခါတည်း တင်းထားတယ်၊ တိဿမဟာရာမဆိုတဲ့ ကျောင်းတိုက်ကဘုန်းကြီးများ အဲဒီမှာ တည်းခဲ့တဲ့ကျောင်းပဲ၊ တည်းခဲ့တုန်းကလဲ ဒီကျောင်းက ရှေးတုန်းက အင်မတန် နာမည်ကြီးတဲ့ကျောင်း၊ ရဟန္တာပုဂ္ဂိုလ်တွေလာပြီးတော့ သီတင်းသုံးတဲ့ကျောင်း၊ အင်မတန်ကို တစ်ခါတည်း အာရုံပြုစရာကောင်းတဲ့ ကျောင်းပါပဲ၊ စေတီတစ်ခုလဲရှိသေးတယ်၊ အဲဒီကျောင်းရောက်တော့ နေရာညွှန်တဲ့ ပုဂ္ဂိုလ်က နေရာညွှန်တဲ့နေရာ ချထားတဲ့နေရာမှာ သူဝင်နေ၊ ဝင်နေပြီးတော့ တစ်ခါတည်း တရားအားထုတ်တော့တာပဲ။

ကိလေသာကုန်ခန်း ရဟန္တာ မဖြစ်သေးမချင်းဟာဖြင့် ငါဘယ်မှလဲ မသွားဘူး၊ ဆွမ်းလဲမစားဘူးဆိုပြီး တစ်ခါတည်း အားထုတ်တော့တာပဲ၊ တစ်ရက်အားထုတ် ဘာမှမဖြစ်ဘူး၊ ဆွမ်းခဲလဲမသွားဘူး၊ ၂–ရက် ၃–ရက် အားထုတ်၊ ၄–၅–၆ ရက် အားထုတ်၊ ၇–ရက်အားထုတ်တော့ အကြောင်းအားလျော်စွာ ပါရမီကလည်း ရလို့ပေါ့လေ၊ ရဟန္တာဖြစ်သွားတယ်၊ ရဟန္တာဖြစ်

တော့ သူ့ဆင်ခြင်ကြည့်တယ်၊ အသက်ရှည်ဦးမလားလို့ ဆင်ခြင်ကြည့်တော့ အသက်တော့ မရှည်တော့ဘူးတဲ့၊ ပရိနိဗ္ဗာန်စံဖို့ အချိန်ကျနေပြီ၊ ဆိုတာသိတော့မှဒီမှာ ခေါင်းလောင်းထိုးတာကိုး။

ခေါင်းလောင်းထိုးတော့ သံဃာတွေ စည်းဝေးပြီးတော့ ဘာပြုလို့ ထိုးသလဲတဲ့ မေးတော့ အရှင်ဘုရား အကြောင်းထူးတော့ မရှိပါဘူးတဲ့၊ အရှင်ဘုရားတို့ မြတ်စွာဘုရား၏ သာသနာတော်မှာ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ စပ်ပြီးတော့ သံသယများရှိရင် တပည့်တော်ကို မေးပါဘုရား၊ ဒီတော့ မထေရ်ကြီးဖြစ်တဲ့ပုဂ္ဂိုလ်ကနေပြီးတော့ ငါ့ရှင်တဲ့–သင်လို ပုဂ္ဂိုလ်ပေါ်မှာ သံသယမရှိပါဘူးတဲ့၊ တကယ် ကြိုးကြိုးစားစား အားထုတ်တာကို သေသေကြေကြေ အဟုတ်ကို အားထုတ်တာ၊ သံသယမရှိဘူးဆိုတော့ သင်ဘာပြုလို့ ဒီလောက်တောင် ကြိုးကြိုးစားစား အားထုတ်ရသလဲလို့မေးတော့မှ ပြန်ပြီးတော့ မဟာဂါမက ဒါရုဘဏ္ဍ မဟာတိဿဆိုတဲ့ ဒကာကြီးရှိတယ်၊ သူ့သမီးအတွက် ရွေးဖို့ရာငွေ ၁၂–ကျပ်ရအောင် ဖ–လအားထုတ်ပြီးလာတဲ့ ဆွမ်းကပ်တယ်။

အဲဒါအကြောင်းပြုပြီးတော့ ဆွမ်းဖိုးကြေအောင်လို့ သူအားထုတ်တဲ့အကြောင်းတွေပြောတော့မှ သံဃာတော်တွေက သာဓုခေါ်ကြတာကိုး၊ အဲဒါပြောပြီးတော့ သူတစ်ခါတည်း အဓိဋ္ဌာန်ပြုပြီးတော့ သူကပရိနိဗ္ဗာန်စံသွားတယ်၊ ပရိနိဗ္ဗာန်စံသွားတော့ တိဿမဟာရာမ ကျောင်းတိုက်မှ ရဟန်းတော်တစ်ပါး ပရိနိဗ္ဗာန်စံတယ်လို့ ဆိုတာ ခုနက ကာကဝဏ္ဏတိဿမင်းကြီးက ကြားတော့ကို၊ ထွက်လာပြီးတော့ အခမ်းအနားတွေဘာတွေနဲ့ သင်္ဂြိုဟ်တာကိုး၊ ပြာသာဒ်တွေဘာတွေလုပ်ပြီးတော့ ပြင်ဆင်ပြီးတော့ အဲဒီမှာ သင်္ဂြိုဟ်မည့်နေရာ သင်္ဂြိုဟ်မည့် ထင်းပုံပေါ် တင်မည့်နေရာကို ရွှေ့ကြ, မကြတာကိုး၊ ရွှေ့လို့မရဘူး၊ ရဟန္တာ မထေရ်က အဓိဋ္ဌာန်ပြုသွားတာကိုး၊ သူ့ဆွမ်းကပ်တဲ့ ဒကာကြီးမကိုင်လို့ရှိရင်ဖြင့် ဘယ်သူမှ မ, နေစေနဲ့ ဆိုပြီးတော့ အဓိဋ္ဌာန်ပြုသွားတယ်။

ဒီတော့မှ ကာကဝဏ္ဏတိဿမင်းကြီးကမေးတယ်၊ ဘယ်လိုများအဓိဋ္ဌာန်ပြုသွားပါသလဲဘုရားလို့ မေးတယ်၊ ဘယ်လိုအကြောင်းရှိပါသလဲဆိုတော့ အကျိုးအကြောင်း ပြောစမ်းပါဆိုတော့ အဲဒါ ဒါရုဘဏ္ဍမဟာတိဿဆိုတဲ့ ဒကာကြီးကိုရှာခေါ်ပြီးတော့ မေးမြန်းကြည့်၊ မေးမြန်းကြည့်တော့ အကျိုးအကြောင်းတွေက မှန်နေတော့၊ ကြည့်စမ်းပါဦးဆိုတော့၊ အဲဒီ ကိုယ်တော် ဟုတ်ရဲ့လား ဆိုတာသွားကြည့်တော့၊ ဟုတ်တဲ့အကြောင်းပြောတော့၊ အဲဒါဖြင့် ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးတွေ အဝတ်ကောင်း အဆင်ကောင်း၊ အဆင်တန်ဆာကောင်းတွေ ဝတ်ဆင်ခိုင်းပြီးတော့မှ အဲဒီမှာ သူ့ကို အမခိုင်းရတာကိုး၊ သူ့အမခိုင်းတော့ သူ့အလိုလို ကြွသွားတယ်၊ လက်နဲ့ထိလိုက်တာနဲ့ တစ်ခါတည်း အလောင်းတော်နဲ့ ပြာသာဒ်ကောင်းကင် တက်ပြီးသကာလ ထင်းပုံပေါ်သို့ အလိုလိုရောက်လာတယ်၊ ထင်းပုံပေါ်လဲ ရောက်သွားရော၊ အရပ်လေးမျက်နှာကနေပြီးတော့ တေဇောဓာတ် လောင်သွားတာကိုး၊ မီးတွေတစ်ခါတည်းထွက်ပြီးတော့ လောင်တော့ အဲဒါတွေကို တွေ့ရတယ်။

ဒီတော့ သူ့ဝတ္ထုအကြောင်းကတော့ စာကတော့ ဒီလောက်ပဲ စ,ထားတယ်၊ ဒီဒကာကြီးကို ခုနကပြောတဲ့ ချီးမြှောက်တာတွေဘာတွေဒီမှာ မပါဘူး၊ ချီးမြှောက်တာတော့ရှိမှာပေါ့၊ ဒါတွေမပြောတော့ဘူး၊ လိုရင်းကတော့ ဒီမှာဆွမ်းဖိုးကြေအောင် အားထုတ်ပုံကလေးကို သာဓကပြထားတယ်၊ အဲဒီလို ရှေးတုန်းက အားထုတ်ဖူးတဲ့ ထုံးတမ်းရှိပါတယ်၊ အဲဒါ ဝိဏ္ဏပါတာ ပစာယနတ္တာ–ဆွမ်းထုပ်ပူဇော်သောအားဖြင့် ကျင့်ခြင်းတဲ့၊ အဲဒါဟာ ဝိရိယ သမ္မောဒ္ဓေါင်ဖြစ်ခြင်းအကြောင်းတဲ့၊ အဲဒီလိုကျင့်တာ၊ ဘယ်သူကျေးဇူးများသလဲဆိုတော့ အားထုတ်တဲ့ပုဂ္ဂိုလ် ရဟန္တာဖြစ်သွားတာပဲ၊ သူ့ကျေးဇူးတွေ များများရှိတာပါပဲ၊အရေးကြီးပါတယ်၊ ရှေ့ ယခု ရဟန်းတော်တွေလဲပဲ အဲဒီလောက် မဟုတ်တောင်မှလဲ မိမိတို့ သမာဓိဉာဏ်တွေ တိုးသထက် တိုးအောင် ပြည့်စုံသထက်ပြည့်စုံအောင်ဟာ တို့ပစ္စည်းလေးပါး လှူဒါန်းနေတဲ့ ဒကာ ဒကာမတွေ အကျိုးရှိအောင်ဆိုပြီး အဲဒီလိုစိတ်နှလုံး တစ်ခါတည်းသန့်သန့်ရှင်းရှင်း ထက်ထက်သန်သန်ထားပြီး အားထုတ်ရင် အင်မတန် ကောင်းပါတယ်။

ဒကာ–ဒကာမတွေမှာလဲ ကုသိုလ်ကောင်းမှုတွေ အများကြီးဖြစ်ပြီးတော့ အကျိုးတွေများပြီးသွားပါလိမ့်မယ်၊ ဒါယဇ္ဇ မဟတ္တာပစ္စဝေက္ခဏာတာ–အမွေခံအဖြစ်ကို ဆင်ခြင်ခြင်းတဲ့၊ မြတ်စွာဘုရား၏ အမွေခံဆိုတာ မဂ်ဖိုလ်နိဗ္ဗာန် တရားအမွေကို အမွေခံရတာ အကောင်းဆုံးပေါ့၊ ရွှေတွေ ငွေတွေ မိဘဆွေမျိုးတွေရဲ့ အမွေတွေ ရတယ်ဆိုတာ ဒါလေးက ဘာမှပြောပလောက်တာ မဟုတ်သေးဘူး၊ သံသရာဝဋ်ဆင်းရဲက လုံးလုံးလွတ်မြောက်ပြီးတော့ သွားတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ရာ ဘုရားက ရတဲ့အမွေဟာ အကောင်းဆုံးပဲ။

လောက အမွေတောင်မှလဲ မိဘဖြစ်တဲ့ပုဂ္ဂိုလ်က မကျေနပ်လို့ရှိရင် အမွေပြတ် ကြော်ငြာတာတွေ၊ ဒါတွေ သတင်းစာထဲ ခဏခဏပါတယ်၊ တရားကောင်းကောင်းမကျင့်ရင် မြတ်စွာဘုရား အမွေကလဲ မရပါဘူး၊ ကောင်းကောင်းမွန်မွန်ကျင့်မှ ရမှာ၊ ဝိရိယနဲ့ကြိုးစားမှရမှာ၊ ဒီတော့ဝိရိယနဲ့ ကြိုးစားအားထုတ်မှပဲ မြတ်စွာဘုရား အမွေရအောင်, တရားအမွေရအောင် ကြိုးစားမယ် အားထုတ်မယ်ဆိုတဲ့စိတ်မျိုး မွေးရမယ်တဲ့။

သတ္တု မဟတ္တ ပစ္စဝေက္ခဏာတာ–ဆရာမြင့်မြတ်သည်၏အဖြစ်ကို ဆင်ခြင်ပါတဲ့၊ မြတ်စွာဘုရားတို့ ဆရာဘုရားဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ လေးသချီနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတွေ ဖြည့်ကျင့်ခဲ့ရတယ်၊ ပဋ္ဌိသန္ဓေနေတဲ့အခါ

ကာလ၊ ဖွားမြင်တော်မူတဲ့ အခါကာလ၊ တောထွက်တော်မူတဲ့ အခါကာလ၊ သစ္စာလေးပါး သိတဲ့အခါကာလ၊ ဓမ္မစက္ကြာတရား ဟောတဲ့အခါကာလ၊ ပရိနိဗ္ဗာန်စံတဲ့ အခါကာလတွေမှာ မြေကြီးများ တုန်လှုပ်ပြီး တန်ခိုးပြာဋ္ဌိဟာတွေ အမျိုးမျိုးပြပြီးသကာလ သွားတယ်တဲ့၊ အင်မတန်ထူးခြားတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဒါထက် ထူးခြားတဲ့ ပုဂ္ဂိုလ်လဲ မရှိဘူး။

ဒီလို ထူးမြတ်တဲ့ပုဂ္ဂိုလ်အတွက် အမြတ်ဆုံးပုဂ္ဂိုလ်တို့ဆရာတင်ပြီးတော့ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို တို့အား ထုတ်နေတာပဲလို့ မိမိဆရာဖြစ်တဲ့ မြတ်စွာဘုရား၏ ဂုဏ်တွေကိုလဲ ငဲ့ပါတဲ့၊ အရေးကြီးတယ်၊ ဆရာမကောင်း တပည့်ခေါင်း၊ တပည့်မကောင်း ဆရာခေါင်း၊ တပည့်တွေမကောင်းရင် ဆရာရောမကောင်းဘူးလို့ စွပ်စွဲစရာ ဖြစ်နေတယ်၊ အဲဒါတစ်ခါတစ်ခါ မြတ်စွာဘုရားဟောတယ်၊ ဓမ္မဒါယာဒသုတ်မှာ ဓမ္မဒါယာဒ၊ မေ ဘိက္ခဝေ ဘဝထ–ချစ်သား ရဟန်းတို့တဲ့၊ သင်တို့ တရား အမွေခံကြတဲ့၊ ပစ္စည်းအမွေကို မခံကြနဲ့တဲ့၊ တရားအမွေမခံဘဲ ပစ္စည်းအမွေခံရုံနဲ့ အားရကျေနပ်နေရင် တို့ကဲ့ရဲ့ခံရလိမ့်မယ်၊ ငါဘုရားလဲ ကဲ့ရဲ့ခံရလိမ့်မယ်၊ မြတ်စွာဘုရား တပည့်တွေ လာဘ်လာဘတွေ များအောင်လို့ ပစ္စည်းတွေ စုဆောင်းပြီး နေတာ ပဲလို့ ဆိုပြီးတော့ ငါဘုရားပါ ထိပါးပြီးသကာလ အစွပ်အစွဲခံရလိမ့်မယ်တဲ့၊ ဒီတော့ကို တရားအမွေခံကြဆိုပြီး ဆုံးမသြဝါဒ ပေးတယ်။

မြတ်စွာဘုရား မြင့်မြတ်စင်ကြယ်ပုံကို ငဲ့ပြီးတော့လဲပဲ ကြိုးစားအားထုတ်ပါတဲ့၊ ကိုယ့်ကိုယ်ကိုယ် အားပေးဖို့ရာတွေ ဒါ အကျယ်ပြောမယ်ဆိုရင် ပြောစရာပေါ့၊ အချိန်ကနည်းသွားပြီ၊ ကဲ–ရှေ့သွားလိုက်ကြဦးစို့၊ ဒါလေးဆိုလိုက်ကြဦး။

ဆွမ်းအကျိုးတုန့်ပြန်၊ မြတ်မွေခံ၊ ပြုရန်မြတ်ဆရာ။ (ဆို–၃)

ဇာတိမဟတ္တာ ပစ္စဝေက္ခဏာတာ–အမျိုးဇာတ်မြင့်ပုံလဲ စဉ်းစားပါတဲ့၊ ဒါလဲ ရဟန်းတော်တွေနဲ့ ဆိုင်ပါတယ်၊ သာသနာ့ဘောင် ရဟန်းပြုလိုက်တယ်ဆိုရင်ဖြင့် မြတ်စွာဘုရား၏ သက္ကျပုတ္တိဟ ခေါ်တာကို၊ သာကီဝင်မင်းသားဘုရားသားတော်တဲ့၊ သာကီဝင်မင်းသား၊ မြတ်စွာဘုရားနဲ့ အမျိုးခြင်းတူသွားတာကို၊ သာကီဝင်မင်းမျိုး အသံဘိန္ဒခတ္တိယမင်းမျိုး၊ သာမန်မျိုး မဟုတ်ဘူး၊ ဘုရားမျိုးသာကီဝင်မင်းပဲတဲ့ ဆိုပြီးတော့ အမျိုးကို ငဲ့သောအားဖြင့် ဒီအမျိုးထဲမှာ သာကီဝင်မင်းမျိုး ဖြစ်နေတဲ့ ပုဂ္ဂိုလ် ဖြစ်နေပြီး လူပျင်းကြီးလုပ်နေ၊ ဘယ်ကောင်းမလဲလို့ နှလုံးသွင်းပြီးတော့လဲ ကြိုးစားအားထုတ်ပါတဲ့။

ကျင့်သုံးဖော်တွေနှင့် သီတင်းသုံးဖော်တွေကလဲ သာမန်ပုဂ္ဂိုလ်တွေမဟုတ်ဘူးတဲ့၊ ရှင်သာရိပုတ္တရာတို့, ရှင်မောဂ္ဂလာန်တို့ ဒါတွေကျင့်သုံးဖော်တွေပေါ့လေ၊ အဲဒီပုဂ္ဂိုလ်တွေမြင့်မြတ်ပုံ ငဲ့သောအားဖြင့်လဲ ကိုယ့်သီတင်းသုံးဖော်တွေက အမြင့်အမြတ်တွေ၊ ကိုယ်ကည့်ဖျင်းကြီးဆိုရင် မကောင်းဘူးပေါ့။

ကျောင်းတစ်ကျောင်းထဲကထွက်တယ်၊ ကျောင်းတစ်ကျောင်းထဲက နာမည်ကောင်းတဲ့လူတွေက နာမည်ကောင်းနေပြီး ကိုယ်ကနာမည်ပျက်တဲ့ ပုဂ္ဂိုလ်ဆိုရင် နေရာမကျဘူးပေါ့၊ ကိုယ့်အကြောင်းပြုပြီး တခြားပုဂ္ဂိုလ်တွေလဲ ကဲ့ရဲ့စရာဖြစ်နေမယ်၊ တစ်မိထဲကတစ်ဖထဲသား တစ်အိမ်ထဲကလူ ညီအစ်ကိုမောင်နှမတွေက သူများတွေကထူးချွန်ပြီး ကိုယ်ကအဖျင်းကြီး ဖြစ်နေရင် ဘယ်နေရာ ကျပါတော့မလဲ၊ အဲဒီလို ကျင့်သုံးဖော် ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်, ရှင်မဟာကဿပ အစရှိသော လုံ့လ ဝီရိယနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ အဲဒါတွေလဲ၊ ငဲ့ပြီးသကာလ ကြိုးစားအားထုတ်ပါတဲ့၊ ဆိုရမယ်။

သာကီမျိုးတော်၊ ကျင့်သုံးဖော်၊ ရှုမျှော်ဆင်ခြင်ပါ။ (ထို–၃)

အဲ–ပျင်းတဲ့ပုဂ္ဂိုလ်, အားမထုတ်ချင်တဲ့ပုဂ္ဂိုလ်တွေ အဲဒါတွေလဲ ကြဉ်ပါတဲ့၊ ဇွဲကောင်းကောင်းနဲ့ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲပဲ အဲဒါတွေကိုလဲမှီဝဲပါ၊ ယှဉ်ပါတဲ့၊ ဝီရိယသမ္ဘောဇ္ဈင်ဖြစ်အောင်လဲ အားထုတ်မှုလုံ့လ ဝီရိယဖြစ်အောင်လဲ စိတ်ကိုင်းညွှတ်ထားပါတဲ့၊ သွားရင်း, လာရင်း, နေရင်း, ထိုင်ရင်း ဘယ်အချိန်မဆို လုံ့လဝီရိယ မလျှော့စေရဘူးတဲ့၊ တစ်ခါတည်း လေးလံတဲ့ ဝတ္ထုပစ္စည်း, ကွဲတတ်ပြဲတတ်တဲ့ ဝတ္ထုပစ္စည်းများကို မ, ထားသကဲ့သို့ လုံ့လဝီရိယဟာ မကျဘဲနဲ့ တင်းထားရမယ်၊ မောင်းတင် ထားရမယ်လို့ ဆိုလိုပါတယ်၊ ကဲ–ဆိုကြရှိမယ်။

ပျင်းသူကိုကြဉ်၊ ဇွဲကောင်းယှဉ်၊ ထိုတွင် စိတ်ညွှတ်ရာ။ (ဆို–၃)

အဲဒါ ၁၁–ပါးရှိတယ်၊ အပါယ်ဘေး ဆင်ခြင်တာတစ်ခု၊ အာနိသင်ဆင်ခြင်တာကတစ်ခု၊ ဝိပဿနာလမ်းစဉ် ဆင်ခြင်တာတစ်ခု၊ ဆွမ်းအကျိုးတုန့်ပြန်တာတစ်ခု၊ အမွေခံမြတ်ကို ဆင်ခြင်တာတစ်ခု၊ ဆရာမြတ်ပုံ ဆင်ခြင်တာတစ်ခု၊ သာကီအမျိုးမျိုးရိုးဇာတိ မြတ်ပုံဆင်ခြင်တာကတစ်ခု၊ သီတင်းသုံးဖော်ဖြစ်တဲ့ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်, ရှင်မဟာကဿပ စသည်တို့ကို ဆင်ခြင်တာကတစ်ခု၊ ပြီးတော့ ပျင်းတဲ့လူကိုကြဉ်ခြင်း ဇွဲကောင်းတဲ့လူ, အားထုတ်တဲ့ပုဂ္ဂိုလ်ကိုမှီဝဲခြင်း၊ အဲဒါက ၂–ခု၊ ပြီးတော့ ဝီရိယသမ္ဘောဇ္ဈင်ဖြစ်အောင် စိတ်ညွှတ်ပြီးတော့ထားခြင်း၊ ဒါကတစ်ခု၊ အားလုံး ၁၁–ခုရှိတယ်၊ ဝီရိယပွားရန် ဝီရိယသမ္ဘောဇ္ဈင်ပွားဖို့ရာ ၁၁–တန် ထုတ်ပြန်ဋ္ဌကထာတဲ့၊ ကိုင်းဆို–

ဝိရိယွားရန် ၁၁–တန်၊ ထုတ်ပြန်ဌကထာ၊ (ဆို–၃)

အဲဒီ ၁၁–ပါးသော အကြောင်းအရာတွေနဲ့ ပြည့်စုံအောင် တိုက်တွန်းအားထုတ်ပြီးသွားလို့ရှိရင် ဝိရိယသမ္ဘောဇ္ဈင် အစဉ်အတိုင်းပွားပြီးတော့ အရိယမဂ်ဉာဏ်တွေ အစဉ်အတိုင်း ဆိုက်ရောက်ပြီးတော့ အရဟတ္တမဂ်ဉာဏ် ရောက်တဲ့အခါကျတော့ ဝိရိယပွားခြင်းကိစ္စ ကုန်သွားပါတယ်တဲ့၊ အဲဒီလို ပြည့်စုံသွားအောင် အားထုတ်ဖို့ရာပါပဲ၊ ဒီနေ့တော်တော်ကြာသွားပြီ၊ ဒီနေ့တော်တော်လွန်သွားပြီ၊ သိမ်းကြဦးစို့ရဲ့၊ နောက်ရက်တွေကျမှ ပီတိသမ္ဘောဇ္ဈင်ဆက်ပြီး ဟောရဦးမယ်။

ဤ ဗောဒ္ဓေါင်မမ္မာနုပဿနာတရားကို ရှိသေစွာ နာခံမှတ်သားရသော မမ္မသဝန ကုသိုလ်ကံစေတနာ၏ အစွမ်းအာနုဘော်တို့ကြောင့် ယခု တရားနာပရိသတ်ပေါင်း သူတော်ကောင်းတို့သည် မိမိတို့သန္တာန်၌ ဗောဒ္ဓေါင်တရားတွေ ပွားများအားထုတ်ကြ၍၊ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်သို့၊ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

ပီတိသမ္ဗောဇ္ဈင် တရားတော်

၁၃၂၃–ခု၊ ဝါဆိုလဆုတ် ၈–ရက်နေ့။

သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ဗောဇ္ဈင် ၃–ပါး ပြီးသွားပြီ၊ ယနေ့ ပီတိသမ္ဗောဇ္ဈင် ဟောရမယ်။

သန္တံ ဝါ အဗ္ဈတ္တံ ပီတိသမ္ဗောဇ္झံ အတ္ထိ မေ အဗ္ဈတ္တံ ပီတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ၊
အသန္တံဝါအဗ္ဈတ္တံ ပီတိသမ္ဗောဇ္ झံ နတ္ထိ မေ အဗ္ဈတ္တံ ပီတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။

သန္တံ–ထင်ရှားရှိသော၊ အဗ္ဈတ္တံပီတိသမ္ဗောဇ္ झံ–မိမိသန္တာန်၌ဖြစ်သော ပီတိသမ္ဗောဇ္ဈင်ကို၊ မေ–ငါ၏၊ အဗ္ဈတ္တံ–ကိုယ်တွင်းသန္တာန်၌၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ–ပီတိသမ္ဗောဇ္ဈင်သည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏၊ အသန္တံဝါ အဗ္ဈတ္တံပီတိသမ္ဗောဇ္ झံ နတ္ထိ မေ–ကိုယ်တွင်းသန္တာန်၌ဖြစ်သော ပီတိသမ္ဗောဇ္ဈင် ထင်ရှားမရှိသည်ကိုလည်း၊ မေ–ငါ၏၊ အဗ္ဈတ္တံ–ကိုယ်တွင်းသန္တာန်၌၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ–ပီတိသမ္ဗောဇ္ဈင်သည်၊ နတ္ထိ–မရှိ၊ ဣတိ–ဤသို့–ပဇာနာတိ–သိ၏။

ပီတိသမ္ဗောဇ္ဈင်ဖြစ်ရင် ဖြစ်မှန်းသိရမယ်၊ ပီတိသမ္ဗောဇ္ဈင် မဖြစ်ရင်လဲ မဖြစ်မှန်းသိရမယ်၊ ပီတိသမ္ဗောဇ္ဈင်ဆိုတာ ဖြစ်ခဲတယ်၊ သူက လွယ်လွယ်ကူကူလေး မဟုတ်ဘူး၊ ပီတိသမ္ဗောဇ္ဈင်က ဖြစ်ခဲတယ်၊ အဲ–တစ်နေ့က ပြောခဲ့တဲ့အတိုင်း ဗောဇ္ဈင်ဆိုတဲ့ တရားကိုက ဥဒယဗ္ဗယညာဏ်က စပြီးတော့ ဖြစ်တာကိုး၊ ဥဒယဗ္ဗယညာဏ်ကစပြီးဖြစ်တယ်၊ ဥဒယဗ္ဗယညာဏ် မရောက်သေးရင် ဒီဗောဇ္ဈင်တရားတွေဟာ မသိရသေးဘူး၊ မတွေ့ရသေးဘူးပေါ့၊ ဘာဖြစ်လို့ ဥဒယဗ္ဗယညာဏ်ကမှစပြီး ဖြစ်ရသလဲဆိုရင် ဗောဇ္ဈင်ဆိုတဲ့တရားက သာမာန်တရားတွေမဟုတ်ဘူး၊ အောက်တန်းစား တရားတွေ မဟုတ်ဘူး၊ အထက်တန်းစား တရားတွေ၊ သစ္စာလေးပါး သိတဲ့သူ၏အကြောင်းအင်္ဂါကို ဗောဇ္ဈင်ဟုခေါ်သည်၊ အစဆုံးမှာ ပေးခဲ့တယ်။

တစ်နေ့က ဆောင်ပုဒ်ရထားတဲ့ ပုဂ္ဂိုလ်တွေ တစ်နေ့က နာပြီးတဲ့ ပုဂ္ဂိုလ်တွေတော့သိမယ်၊ ဒီအထဲမယ် နည်းနည်းက ပါနေသေးတယ်၊ သို့သော် စာရွက်ကလဲ ဒီနေ့ပေးစရာမရှိဘူး၊ ကုန်နေပြီ၊ သစ္စာလေးပါးသိသူ၏ အကြောင်းအင်္ဂါကို ဗောဇ္ဈင်ဟုခေါ်သည်၊ သစ္စာလေးပါးသိတဲ့ပုဂ္ဂိုလ်က ပါဠိလို ဗောဓိ–သိတယ်တဲ့၊ အင်္ဂ၊ ဗောဓိနှင့် အင်္ဂနှင့်တွဲလိုက်တော့ ဗောဇ္ဈင်္ဂသစ္စာလေးပါးသိတဲ့ သူရဲ့အကြောင်းအင်္ဂါဟာ ဗောဇ္ဈင်ပဲလို့၊ သစ္စာလေးပါးသိရင် ဒီတရားတွေနဲ့ ပြည့်စုံမှပဲ သိနိုင်တယ်။

အဲဒီတရားတွေနဲ့ ပြည့်စုံလို့ရှိရင် သစ္စာလေးပါးကို သိတယ်၊ အဲဒီတော့ ဒီသတိ အစရှိသော ၇–ပါးသော တရားတွေဟာ သစ္စာလေးပါးတရားသိသူ၏ အကြောင်းအင်္ဂါဖြစ်လို့ ဗောဇ္ဈင်လို့ခေါ်ပါတယ်တဲ့၊ သစ္စာလေးပါးသိတာက အောက်ထစ်ဆုံးအားဖြင့် ဥဒယဗ္ဗယညာဏ်ကစပြီး သိတာပဲ၊ သူ့ထက်အောက်ကျတဲ့ ဉာဏ်တွေကတော့ ပြောလောက်ဆိုလောက် မသိသေးဘူးပေါ့လေ၊ အောက်မှ နာမရူပ ပရိစ္ဆေဒဉာဏ်–နာမ်ရုပ်ကို ပိုင်းခြားသိတယ်၊ သူလဲဒုက္ခသစ္စာတော့ ဒုက္ခသစ္စာပဲ၊ ဒါပေမယ်လို့ ပိုင်ပိုင်နိုင်နိုင် သိတာက မဟုတ်သေးဘူး။

ဥဒယဗ္ဗယညာဏ်ကျတော့မှ ရုပ်တရားနာမ်တရားတွေ ဖြစ်တိုင်း ဖြစ်တိုင်းသိနေတော့ ရုပ်တရားနာမ်တရားတွေ၏ ဖြစ်မှုကိုလဲ သိတယ်၊ ပျက်မှုကိုလဲ သိတယ်၊ ရုပ်တရားတွေ ဖြစ်ပေါ်လာရင် ဖြစ်ပေါ်လာတာကိုလဲ သိတာပဲ၊ ပျက်သွားတော့လဲ သွားတာကို သိတာပဲ၊ မှတ်တိုင်း–မှတ်တိုင်း အစနဲ့အဆုံးနဲ့ အပိုင်း အပိုင်းကလေးတွေဖြစ်ပြီး ပျောက်သွား၊ သိပြီး ပျောက်သွား အဲဒီလိုသိနေတော့ ဖြစ်ပေါ်လာတာက ဇာတိဒုက္ခပဲ၊ ပျောက်သွားတာကတော့ မရဏဒုက္ခပဲ၊ အဲဒီတော့ ဖြစ်ခြင်းပျက်ခြင်းတည်းဟူသောဒုက္ခတွေ ဒီကစပြီးသိလာတာတဲ့၊ အဲဒီဒုက္ခတွေသိတော့ ဒီဒုက္ခတွေနဲ့စပ်ပြီးတော့ သာယာမည့်တဏှာတွေလဲငြိမ်းတယ်၊ သမုဒယကိုလဲ သိသွားတယ်တဲ့။

သမုဒယငြိမ်းသွားတော့ သမုဒယဆက်သွယ်ခြင်းကင်းတဲ့ ဆင်းရဲဒုက္ခတွေလဲ မဖြစ်ရတော့ဘူး၊ သူမဖြစ်ဘဲငြိမ်းသွားတာ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုနေတာပဲ၊ မှတ်တိုင်း, မှတ်တိုင်းသိနေတာက မှတ်တိုင်း, မှတ်တိုင်း ဖြစ်ပေါ်လာတာပဲလို့ သိတယ်၊ ပျက်သွားတာကိုလဲသိတယ်၊ မမြဲတာလဲသိတယ်၊ မမြဲလို့ဆင်းရဲတယ်ဆိုတာလဲ သိတယ် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ သဘောတရားမျှဆိုတာကိုလဲ သိတယ်၊ အဲဒီလို အမှန်အတိုင်း သိနေတာတွေက ဒါကဝိပဿနာသမ္မာဒိဋ္ဌိပဲ ဝိပဿနာ သမ္မာဒိဋ္ဌိအမှုးရှိတဲ့ ဝိပဿနာမဂ္ဂင်တရားပေါ့၊ မဂ္ဂင်သစ္စာတရားတွေပဲ၊ ဒါကြောင့် ဥဒယဗ္ဗယညာဏ်ကစပြီးတော့ သစ္စာလေးပါးတရားကို သိတယ်။

အဲဒီလို သစ္စာလေးပါးတရား သိခြင်းအကြောင်းတွေကလဲ ဒီကစပြီးတော့ပြည့်စုံတာ၊ ဒါကြောင့်မို့ သစ္စာလေးပါးသိသူ၏ အကြောင်းအင်္ဂါကို ဗောဇ္ဈင်ဟုခေါ်သည်၊ တစ်နည်းအားဖြင့် သစ္စာလေးပါး သိတယ်လို့ ဆိုတာ သိတဲ့ပုဂ္ဂိုလ်လို့ဆိုတာ

တင်စားပြောရတာပဲ၊ ပရမတ္တအားဖြင့် သိတဲ့ပုဂ္ဂိုလ်ရယ်လို့မရှိဘူး၊ သိသော တရားအပေါင်းပဲရှိတယ်၊ အကြောင်းညီညွှတ်တဲ့ အခါကာလမှာ ဩဘိမမ္ဘဝိစယ အစရှိသောတရားတွေစုပေါင်းပြီး ညီညွှတ်ပြီးတော့သိလို့ရှိရင် သစ္စာလေးပါးတရားကို သိသိပြီး သွားတယ်၊ မှတ်တိုင်း မှတ်တိုင်း တစ်မှတ်ပြီး တစ်မှတ်၊ မှတ်တိုင်း မှတ်တိုင်း, တစ်မှတ် တစ်ခါ တစ်မှတ်တစ်ခါ သိတယ်၊ အဲဒါ သိမှုအပေါင်းလဲရှိတယ်၊ သစ္စာလေးပါသိမှု အပေါင်းရဲ့ အစိတ်အပိုင်း သစ္စာလေးပါးသိမှုထဲက တစ်စိတ်ပေါ့လေ၊ ၇-ခုစုမိတဲ့အခါ သိတာကို ၇-ခုထဲက တစ်စိတ် အစိတ်အပိုင်း၊ ဒါကြောင့် သစ္စာလေးပါးသိမှု၏ အစိတ်အပိုင်းကိုလဲ ဗောဒ္ဓေါင်ဟု ခေါ်သည်၊ တစ်နေ့က ဆောင်ပုဒ်ကလေး ရေးထားတယ်။

အဲဒါကြောင့် သစ္စာလေးပါး သိတဲ့ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါမှာ သစ္စာလေးပါးသိမှု၏ အစိတ်အပိုင်း တရားတွေ ဆိုတာက ဥဒယဗ္ဗယညာဏ်မှ စပြီးတော့ဖြစ်တော့ ဒီပီတိကလဲ အဲဒီကမှ စပြီး ကောင်းကောင်းဖြစ်တာပဲ၊ ဒါပေမယ်လို့ ဒီ မရောက်သေးတဲ့ ပုဂ္ဂိုလ်တွေတော့ ဒီပီတိသိရှိဖို့ နည်းနည်းခဲယဉ်းတယ်၊ ဒါကြောင့် ကျမ်းဂန်တွေကလာပေမယ်လို့ ခပ်လွယ်လွယ်ကလေးပဲ ပြတယ် ယခုဘုန်းကြီးဟောမှာ ခပ်လွယ်လွယ်တွေ ပါလာလိမ့်မယ်။

အဲဒီ ဥဒယဗ္ဗယညာဏ်ရောက်တဲ့ အခါကာလကျတော့ မှတ်စရာအာရုံကာလတွေကလဲ သူ့အလိုလိုပဲ စိတ်ပေါ်မှာ လာဖြစ်ပေါ်လာနေသလို ဖြစ်နေတယ်၊ မှတ်စရာအာရုံကလေးတွေ ပထမရှုခါစ ပုဂ္ဂိုလ်တွေက ဖောင်းတယ်၊ ပိန်တယ် ဒါလေး ၂-ခုကို တော်တော်ကြီးပဲ ဂရုစိုက်ရှုနေရတယ်၊ ဒါကကိုပဲ အခန့်မသင့် မေ့နေတာတွေရှိတယ်၊ တခြား စိတ်တွေထွက်သွားရင်လဲ အဲဒါမမှတ်မိဘဲနဲ့ တော်တော်ကြာမှစိတ်တွေ ဟိုရောက်နေပါလားလို့ အမှတ်ရတယ်၊ ဒီတော့ နောက်ကျနေတယ်၊ ဒီကနေပြီး လက်ကလေး, ခြေကလေးကွေး လှုပ်ရှားလိုက်ပြန်လဲ အဲဒါမမှတ်မိဘူး၊ မေ့သွားပြန်ပြီ၊ အဲဒီလို မမှတ်မိတာတွေကများတယ်၊ မြင်တာတွေ ကြားတာတွေဆိုတာတော့ တော်တော့ကို မမှတ်မိတာပါပဲ။

စ ခါစပုဂ္ဂိုလ်တွေက တော်တော်မမှတ်မိဘူး၊ အဲဒီ ဥဒယဗ္ဗယညာဏ်ရောက်လာတဲ့ အခါကာလကျတော့ မှတ်စရာအာရုံကလေးတွေက သူ့ဟာ သူပေါ်လာတယ်၊ (သူ့မှတ်ပါဦး-၂) (သူ့ရှုပါဦး-)လို့ အသိခံသလိုပဲ ဝင်ဝင်ပြီးတော့ အသိခံသလို, အသိဉာဏ်မှာ ထိုးပြီးဝင်လာသလို ပေါ်လာတယ်၊ ဒါမှတ်သိမှုကလဲ ကြောင့်ကြမစိုက်ရဘဲနဲ့ သူ့အလိုလိုသိတယ်၊ ပေါ်လာရင်း သိသွားတာပဲ၊ အဲဒီလို သိစရာအာရုံကလဲ အလိုလိုပေါ်၊ မှတ်သိမှု သတိကလေးကလဲ မှတ်ရမည့်သတိလေးကလဲ သူ့အလိုလို ဖြစ်ပြီးတော့ သိသိသွားတယ်၊ မှတ်ရမှုသတိဖြစ်တော့ မှတ်ရတဲ့အာရုံမှာ စိတ်တည့်ပြီးသမာဓိလဲဖြစ်တယ်၊ အဲဒီလို အခါကာလမှာ ပီတိသမ္ဗောဇ္ဈင် တရားတွေလဲ ဖြစ်ပါတယ်တဲ့။

ပီတိသမ္ဗောဇ္ဈင် ဖြစ်စရာ အကြောင်းတွေကလဲ ဒီမှာရှိတယ်၊ အစတုန်းက အင်မတန် ခက်ခက်ခဲခဲ မှတ်နေရတာ၊ ယခုလွယ်လွယ်လေး မှတ်လို့က ကောင်းလာတာကို၊ ထူးထူးခြားခြားကလဲသိရတယ်၊ အရောင်အလင်းတွေလဲ ပေါ်ကြပါတယ်၊ အရောင်အလင်းတွေ တစ်ချို့နည်းနည်း, တစ်ချို့များများ တော်တော်ထင်ထင်ရှားရှားပဲ ပေါ်ကြပါတယ်၊ အရောင်အလင်းတွေ ကလဲဖြစ်၊ တစ်ချို့ကတော့ ကိုယ်တိုင်က အရောင်အလင်းတွေက မတွေ့ဘူး၊ တွေ့ကြုံသူများ အရောင်အလင်း တွေ့တာဟာ စိတ်ကူးတွေ့လို့ တစ်ချို့က ပြောကြတယ်၊ သူတို့မှ တွေ့မှမတွေ့ဘဲ၊ သူတို့မတွေ့တာနဲ့ သူများတွေ့တာတွေကို စိတ်ပျက်အောင် ပြောကြတယ်။

အဲဒါ အရောင်အလင်းတွေ တွေ့တဲ့ဥစ္စာ စိတ်ကူးတွေပါပဲ ဒီဥစ္စာတွေက မှော်သဘောမျိုးပါပဲ, ဘာသဘောမျိုးပါပဲနဲ့ စိတ်ပျက်အောင်လို့ ဒီလိုလုပ်ပြောတတ်ကြတယ်၊ အဲဒီလိုပြောတဲ့ပုဂ္ဂိုလ်တွေကလဲရှိရတယ်၊ သူတို့အားမထုတ်ဘူး၊ သူတို့အားထုတ်ပြန်လဲ ဒီလောက်ရောက်အောင် သူတို့အားမထုတ်ဘူး၊ သူတို့ကမသိတော့ သူများသိတယ်ဆိုတာကို သူတို့မယုံဘူး၊ အဲဒီတော့ သူများကသိတယ်ဆိုတော့ ကိုယ့်ထက်ကလဲသာနေတော့ အဲဒါတွေမကြိုက်လို့ အဲဒါသူတို့က ပျက်ပျယ်အောင်လုပ်ပြီးတော့ ဖျက်ပြီးတော့ ပြောတတ်ကြတယ်၊ ဘယ်က စိတ်ကူးဟုတ်ရမှာလဲ သူ့ဟာသူ ပေါ်လာတာ၊ စိတ်ကူးလို့ ကူးကြည့်စမ်းပါဦး၊ ကိုယ်ပဲကူးကြည့်ပါဦး၊ သူများကူးလို့ သူများထင်တယ်လို့ ပြောတဲ့ ပုဂ္ဂိုလ်ကို ကူးကြည့်စမ်းပါ၊ စိတ်ကူးလို့ သူအလိုလို အရောင်အလင်း ဖြစ်ပေါ်မလားလို့ မပေါ်ပါဘူး။

သူ့သမာဓိနဲ့ သူ့အသိဉာဏ်နဲ့ သူ့အဆင့်ရောက်မှ ဖြစ်တာ၊ ပေါ်ချင်တိုင်းလဲ ပေါ်တာမဟုတ်ဘူး၊ အဲဒီ အရောင်အလင်းတွေ တွေ့ဖူးတဲ့ ပုဂ္ဂိုလ်တောင်မှ သူ့နေရာနဲ့သူတွေ့တာ၊ သူ့နေရာမဟုတ်တဲ့ အခါကျတော့ စဉ်းစားလို့ စိတ်ကူးလို့လဲ မရဘူး၊ သူ့နေရာနဲ့သူပေါ်တာ၊ ပေါ်ချင်တိုင်းပေါ်လို့ရတာမဟုတ်ဘူး၊ သူ့အဆင့်အတန်းနဲ့သူ ပေါ်လို့ရတာ အဲဒါ ဒီဥဒယဗ္ဗယညာဏ်လောက် ရောက်တဲ့ အခါကာလကျတော့ အရောင်အလင်းတွေကလဲ ပေါ်တယ်၊ ပီတိတွေဖြစ်တယ်၊ အင်း ပီတိကလဲ ကိုယ်တိုင်တွေ့မှ သိတယ်၊ ကိုယ်တိုင်မတွေ့ဘူးရင် မသိဘူး။

ပီတိဆိုတာ သမ္ပိယာယနလက္ခဏာ ပီတိအားဖြင့် နှစ်သိမ့်ခြင်း, ရောင့်ရဲခြင်း, အားရခြင်းဟာ သူ့လက္ခဏာပဲတဲ့၊ ဒီကလေးများ ကလေးသူငယ်ကလေးတွေများ ဆိုလို့ရှိရင် ပိုက်ဆံလေး အနည်းငယ်ရရင် ဝမ်းသာတာပဲ၊ အားရတယ်၊ အဖေအမေတွေက ပေးလို့ဖြစ်ဖြစ်၊ ဆွေမျိုးတွေက ပေးလို့ပဲဖြစ်ဖြစ်၊ အဲဒါအနည်းငယ်ပေးလိုက်ရင်ဖြင့် သူတို့မှာ ဝမ်းသာလို့, အားရ

လို့ နည်းနည်းကလေးဆိုရင် တော်တော်ကြီးကြီး ပုဂ္ဂိုလ်တွေကျရင် နည်းနည်းကလေးနဲ့ အားမရကြဘူး၊ တော်တော်များများမှ အားရတယ်၊ အများကြီးရလေလေ သူကအားရလေလေပဲ။

အဲဒီလို လောကဘက်ကနေ ကြည့်တော့ ကိုယ်အလိုရှိအပ်တဲ့အတိုင်း အာရုံလေးတွေရတဲ့အခါကျတော့ နှစ်သိမ့်အားရ ဝမ်းမြောက်တဲ့ သဘောတွေဖြစ်တယ်၊ အဲဒါ ပီတိတွေပဲ၊ ဒါပေမယ်လို့ လောကဘက်က နှစ်သိမ့်အားရ ဝမ်းမြောက်တာက တော့ ဒါက ဗောဒ္ဓိင်က ဒီလိုမဟုတ်ပါဘူး၊ အများနားလည်အောင်လို့ ပြောရတာ၊ ဒါကတော့ကို လောဘနဲ့ယှဉ်တဲ့ ပီတိတွေပဲ၊ အကုသိုလ်ပီတိတွေ လောဘနဲ့ယှဉ်တဲ့ အကုသိုလ်ပီတိတွေဖြစ်တယ်၊ သူက အားကြီးကြီးဖြစ်တဲ့ အခါကာလ သူကလဲ ထင်ရှားတယ်၊ အဲဒါ တစ်ချို့ပီတိတွေ အလွန်အကျွံဖြစ်ပြီး သကာလ သေတယ်လို့ တောင်ပြောသံကြားဖူးတာပဲ၊ တစ်ချို့ တစ်ခါတည်း လောင်းကစားတွေလုပ်ထားတာ ကိုယ်လောင်းတာက နိုင်ပြီဆိုတဲ့အနေသိရတော့ တစ်ခါတည်း ဝမ်းကိုသာပြီး ဝမ်းသာလုံးဆို့ပြီး တစ်ချို့သေတယ်လို့ ပြောတာပဲ၊ အဲဒါပြောသံကြားတာပဲ၊ ဘုန်းကြီး တွေ့တော့ မတွေ့ဖူးဘူး။

အဲဒါလောကဘက်က ဝမ်းသာတာတွေရှိတယ်၊ ဒီပီတိတွေပဲ၊ ဒီတရားဘက်က ဝမ်းသာတာတွေဟာလဲ ပီတိတွေပါပဲ၊ ကုသိုလ်ကောင်းမှုတွေနဲ့စပ်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတာတွေရှိတယ်၊ ဘုရား တရား သံဃာတော်ကို အကြောင်းပြုပြီးတော့ မိမိတို့ပြုတဲ့ ကုသိုလ်ကို အကြောင်းပြုပြီးတော့ ကောင်းမှုတွေအကြောင်းပြုပြီးတော့ ဝမ်းမြောက် ဝမ်းသာတွေ ဖြစ်ရတယ်။

ယခုလိုတရားဟော–တရားနာနေတဲ့အခါကာလတွေမှာလဲ ဝမ်းမြောက်ဝမ်းသာ ပီတိတွေ ဖြစ်တယ်၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတွေကို ကြားရနာရလို့ရှိရင် ပီတိတွေဖြစ်တယ်၊ ဘုရားဟောတော်မူတဲ့ တရားတွေများ အနက်အဓိပ္ပာယ်မသိနဲ့ဦးတော့ ကြည်ညိုဘွယ်ဖြစ်တဲ့ သာသာယာယာအသံနဲ့ သာသာယာယာဆိုပေမဲ့ သီချင်းသံတော့ မဟုတ်ပါဘူး၊ ခံ့ခံ့ညားညား သာသာယာယာ အသံနဲ့ ရွတ်ဖတ်ပြီးနေတာတွေ ကြားရလို့ရှိရင် ပီတိတွေဖြစ်တယ်။

မြတ်စွာဘုရား ဟောတော်မူတဲ့ ဒီဓမ္မစကြာ တရားတွေ ဆိုပါတော့၊ အဲဒါတွေကို သန့်သန့်ရှင်းရှင်း ပီပီသသ ရွတ်ဖတ်နေတာ ကြားရရင်ကိုသဒ္ဓါတရား အားကောင်းတဲ့ပုဂ္ဂိုလ်တွေမှာ ပီတိဖြစ်တယ်၊ တရားဟောတဲ့အခါ ကာလတွေမှာလဲ ပီတိဖြစ်တယ်၊ အခုနက ရွတ်တဲ့ ပါဠိမျိုးတွေ မြတ်စွာဘုရားဟောတဲ့ တရားတွေ–

> သန္တံ ဝါ အဒ္ဓိတ္တံ ပီတိသမ္ဘောဇ္ဈင်္ဂံ အတ္ထိ မေ အဒ္ဓိတ္တံ ပီတိ သမ္ဘေဇ္ဈင်္ဂေါတိ ပဇာနာတိ။
> အသန္တံ ဝါ–အဒ္ဓိတ္တံ ပီတိသမ္ဘောဇ္ဈင်္ဂံ နတ္ထိ မေ အဒ္ဓိတ္တံ ပီတိ သမ္ဘောဇ္ဈင်္ဂေါတိ ပဇာနာ
> တိ။

အဲဒီလို ပါဠိကြားရုံနဲ့လဲ စိတ်ထဲမှာ တစ်ခါတည်း နှစ်သိမ့်အားရပြီး ဒီပီတိတွေက ဖြစ်တတ်တယ်၊ သူက နှစ်သိမ့်ရောင့်ရဲတဲ့သဘောပဲ၊ ဝမ်းမြောက်တဲ့သဘောပါပဲ၊ ဒါသူ့လက္ခဏာပဲ၊ ဖရနရသ ပီတိသည် ဖရနရသ ပျံ့နှံ့စေခြင်းကိစ္စရှိသည်၊ ပီတိဟာ နှစ်သိမ့်အားရမှုကလေး ဖြစ်လိုက်လို့ရှိရင် ကိုယ်ထဲမှာ ရုပ်ကောင်း ရုပ်သန့်တွေ ပျံ့နှံ့စေပါတယ်၊ တစ်ကိုယ်လုံး တစ်ခါတည်း နွေးကနဲအေးကနဲ တစ်ကိုယ်လုံးပျံ့ပြီးသကာလ ထင်ရှားတစ်ကိုယ်လုံး စိမ့်စိမ့်ဖြစ်တတ်ပါတယ်၊ ဒါဥဒယဗ္ဗယ ဉာဏ်ရောက်ရင် သိပ်ထင်ရှားတယ်။

ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါကာလ ဒီပီတိတွေဖြစ်တယ်၊ တစ်ခါတရံ ခေါင်းကနေပြီး ကိုယ်ထဲမှာ သက်ဝင်ပြီး ပျံ့လာတဲ့အခါ တစ်ခါတည်း ဘယ်လိုဖြစ်လာသလဲမသိဘူး၊ တစ်ကိုယ်လုံးပျံ့သွားတယ် ဖျင်းကနဲဆို တစ်ခါတည်း တစ်ကိုယ်လုံး ပျံ့ပြီးသွားတတ်ပါတယ်၊ တစ်ခါတရံ အောက်ပိုင်းကဖြစ်ပြီး တက်လာတတ်ပါတယ်၊ အောက်ပိုင်းကနေ တက်လာတာရှိတယ်၊ အထက်ပိုင်းကနေ ဆင်းလာတာရှိတယ်၊ အင်း–ကိုယ်ထဲမှာ တငြိမ့်ငြိမ့် တစိမ့်စိမ့်နဲ့၊ ဖျိုးဖျိုးဖျင်းဖျင်းနဲ့ တစ်ခါတည်း ကိုယ်ထဲဖြစ်လာလိုက်တာဆိုတာ ဘယ်လိုဖြစ်မှန်းရယ်လို့ မပြောတတ်ဘူး။

အဲဒီ ပီတိတွေဟာ ပီတိဇရုပ်တွေ တစ်ကိုယ်လုံးပျံ့သွားတာပဲ၊ ပီတိကတော့ ဘယ်ကနေဖြစ်လဲစိတ်က–နှလုံးကဖြစ်တာပါပဲ၊ ရှုမှတ်တဲ့စိတ်ကလေးကနေပြီး ရှုမှတ်တိုင်း, ရှုမှတ်တိုင်း ပကတိရုပ်ကို ရှုမှတ်လဲ ရုပ်ကနေ ဖြစ်တာတဲ့၊ နာမ်ကိုရှုမှတ်လဲ နာမ်ကနေပြီး ဖြစ်တာပဲတဲ့၊ ဖြစ်ရာ–ဖြစ်ရာကနေပြီး ရှု ရှုရာကနေပြီးတော့ဖြစ်တာ။

> ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ လဘတေ ပီတိပါမောဇ္ဇံ အမတံ
> ဝိဇာနတံ၊

(ရှုနည်းကျမ်း ဒုတွဲ ၁၈၆ မှ)

ယတော–ယတော–အကြင်အကြင် ရုပ်အဖို့ နာမ်အဖို့မှ၊ ခန္ဓာနံ–ခန္ဓာတို့၏၊ ဥဒယဗ္ဗယံ–ဖြစ်ခြင်း ပျက်ခြင်းကို၊ သမ္မသတိ–သုံးသပ် ရှုမှတ်၏၊ တတောတတော–ထိုထိုသုံးသပ်တိုင်း ရှုမှတ်တိုင်း၌ ရုပ်အဖို့ နာမ်အဖို့တို့မှ၊ ပီတိပါမောဇ္ဇံ–နှစ်သိမ့်အားရခြင်း ဝမ်းမြောက်ခြင်းကို၊ လဘတိ–ရလေ၏၊ တံ–ထိုနှစ်သိမ့်အားရ ဝမ်းမြောက်ခြင်းသည်၊ ဝိဇာနတံ–ရုပ်နာမ်၏ အဖြစ်အပျက်ကို သိမြင်ကုန်သော ယောဂီပညာရှိတို့၏၊ အမတံ–အမြိုက်နိဗ္ဗာန်ကြီးပါပေတည်း။

မြတ်စွာဘုရားက ဓမ္မပဒမှာ ဟောထားတယ်၊ ဥဒယဗ္ဗယညာဏ်ရောက်တဲ့အခါကာလကြတော့ မှတ်ရာကနေပြီးတော့ ပီတိတွေဖြစ်နေတယ်၊ ဖောင်းတယ်မှတ်လိုက်ရင် အဲဒီကလဲပဲ ပီတိရှင်းကနဲဆို ဖြစ်ဖြစ်လာတယ်၊ ပိန်တယ်မှတ်လိုက်လဲ ဒီဟာ ဖြစ်တာပဲ၊ လမ်းလျှောက်နေရင်းဆို ကြွတယ်ဆို မှတ်လိုက်၊ လှမ်းတယ်မှတ်လိုက်လဲဖြစ်တယ်၊ ချတယ် မှတ်လိုက်လဲဖြစ်တာပဲ၊ ကွေးတယ်မှတ်လဲဖြစ်၊ ဆန့်တယ်မှတ်လဲဖြစ်၊ မှတ်ရာ မှတ်ရာက နေပြီးတော့ ပီတိတွေဖြစ်နေတာ ကိုယ်ထဲမှာတစ်ခါတည်း ဖျင်းကနဲ ဖျင်းကနဲ (စိမ့်ကနဲ–၂) (ငြိမ့်ကနဲ–၂) ပီတိတွေ တစ်ခါတည်းပျံ့ပြီ၊ ပီတိရဲ့အစွမ်းကြောင့် ရုပ်တွေကပျံ့ပြီ၊ ဒီလိုဖြစ်နေတယ်၊ (ရှုတိုင်း–၂) သော (စိတ္တပ္ပဋိဒ်တိုင်း–၂) ကနေပြီးတော့ (မှတ်ချက်တိုင်း–၂) ကနေပြီးတော့ ပီတိတွေ ဖြစ်နေပါတယ်တဲ့၊ နှစ်သိမ့်အားရမှုတွေ ဖျိုးဖျိုးဖျင်းဖျင်းတွေ ဖြစ်နေပါတယ်တဲ့။

အဲဒါဟာ ဒီလိုရှုလို့ အားထုတ်လို့ ဖြစ်ဖူးတဲ့ပုဂ္ဂိုလ်မှသိမှာ၊ ဒါတော့ မဖြစ်ဘူးတဲ့ ပုဂ္ဂိုလ်ကတော့ ယခုပြောနေတာ ဘာမှန်းသိမှာကို မဟုတ်ဘူး၊ ယခု ပြောနေတာ ဘာမျှမသိဘူး၊ သူက တရားကအခက်ကြီးပဲ၊ ကိုယ်မတွေ့ဘူးရင်ခက်တယ်၊ တရားမပြောနဲ့တော့ ဒီပြင်ဟာတွေလဲ ခက်တာပါပဲ၊ မတွေ့ဘူးရင် မစားဘူးသေးတဲ့ မုန့်တစ်ခုရဲ့ အရသာကို မစားဘူးသေးတဲ့ ပုဂ္ဂိုလ်ကဘယ်သိမလဲ၊ စားမှမစားဘူးပဲနဲ့ စားဖူးတဲ့ပုဂ္ဂိုလ်မှသိတယ်၊ မစားဘူးတဲ့ပုဂ္ဂိုလ်က မသိဘူး။

အဲဒီလိုပဲ ပီတိကလေးကို ဖြစ်ဖူးမှသိတာပါပဲ၊ စာထဲပေထဲမှာတော့ ဒီပီတိအကြောင်းတွေ, ချီးကျူးတာတွေ, အများကြီးရှိတာပေါ့၊ ဒါတွေပြောတဲ့ ပြောတတ်ပါတယ် ဟောလဲဟောတတ်ပါတယ်၊ ဟောတတ်ကြပါတယ်၊ ကိုယ့်မှာ ဖြစ်ဖူးကြပလားဆိုရင်တော့ အားမထုတ်ဘူးတဲ့ပုဂ္ဂိုလ်က မဖြစ်ဘူး၊ အားထုတ်ပြန်လဲ တော်ရုံတန်ရုံ အားထုတ်ရုံလဲ မဖြစ်ပါဘူး၊ ဒီနေရာရောက်လာမှလဲဖြစ်တာ ဥဒယဗ္ဗယညာဏ် ရောက်မှဖြစ်တယ်၊ ရှုတိုင်း မှတ်တိုင်း ပီတိ–ပီတိပါမောဇ္ဇတရားတွေလဲဖြစ်ပါတယ်၊ အဲဒီဟာ အမြိုက်နိဗ္ဗာန်ရောက်ကြောင်းဖြစ်လို့ ယောဂီပုဂ္ဂိုလ်တွေရဲ့ အမြိုက်နိဗ္ဗာန်ကြီး ဖြစ်ပါတယ်တဲ့။

ယောဂီပုဂ္ဂိုလ်တွေမှာ ရှေ့အဖို့ကတော့ ပင်ပင်ပန်းပန်း အားထုတ်ခဲ့ရတယ်၊ ဒီနေရာရောက်သွားတဲ့အခါ တစ်ခါတည်း ပီတိပါမောဇ္ဇတွေနဲ့ အင်မတန်ကို သက်သာခွင့်ရနေတယ်၊ နှစ်သိမ့်အားရပြီးတော့သကာလ အင်မတန်ကို သက်သာခွင့်ရပြီးတော့သွားပါတယ်၊ အဲဒီတော့ ဒီလိုအားရပြီးတော့သွားခဲ့တဲ့အတွက် ရှေ့ဆက်ပြီးတော့ အားထုတ်ဖို့ရာ ဒီပုဂ္ဂိုလ်အတွက် မခဲယဉ်းဘူး၊ အကယ်၍သာ ဒီလိုအားရစရာသာ မတွေ့လို့ရှိရင် ရှေ့ဆက် အားထုတ်ဖို့ရာခက်တယ်။

တောင်များတက်ရတဲ့အခါမှာ နေကလဲပူ၊ တောင်ကလဲမြင့်ဆိုရင် တောက်လျှောက် တစ်လျှောက်တည်း တက်သွားရမယ်ဆိုရင် တော်တော်ခက်တာပေါ့ သို့သော်လဲပဲ အဲဒီလို ခရီးလမ်းရှည်တဲ့ နေရာကျတော့ လမ်းစခန်းမှာ သစ်ပင်ဖြစ်စေ, ဆောက်ထားတဲ့ အဆောက်အဦးဖြစ်စေ နားစရာ၊ နေစရာလေး ရှိတတ်တယ်၊ အဲဒီနားစရာ နေစရာလေးမှာ အမောအပန်းဖြေ နားပြီးတော့မှ တက်လို့ရှိရင်တော့ တက်လို့ပြီလို့ လွယ်တာပေါ့လေ။

အဲဒီလိုပဲ ဒီဥဒယဗ္ဗယညာဏ်ရောက်တဲ့အခါကာလ ဒီပီတိနဲ့ သွားပြီးတော့ တွေ့တဲ့အခါမှာ အားတွေ တစ်ကိုယ်လုံး ပြည့်သွားတယ်၊ လမ်းခုလပ်မှာ နားစရာစခန်းလေးကို ရောက်မယ်ဆိုရင် တရားဆုံးအောင် တရားအားထုတ်ဖို့ ခတ်ခက်ခက်ပဲ၊ တရားအားထုတ်ရတာ လွယ်တာမဟုတ်ဘူး၊ ဟောဒီနေရာကလေးရောက်ပြီး စိတ်တွေက တစ်ခါတည်း အားတက်ပြီးတော့ တစ်ခါတည်း ရှေ့ကို ဆရာသမားတွေက တိုက်တောင်မတိုက်တွန်းရဘူး၊ သူ့ဟာသူ အားထုတ်ချင်တဲ့စိတ်တွေ တစ်ခါတည်း ပြင်းပြင်းထန်ထန် ဖြစ်ပြီးတော့ တကယ် အားထုတ်သွားတာပါပဲ၊ အင်မတန်နေရာကျတယ်။

ဒါကြောင့်မို့ ဥဒယဗ္ဗယညာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဆိုရင် အဖြစ်အပျက်တွေနဲ့ ဥဒယဗ္ဗယညာဏ်နဲ့ ပြည့်စုံတဲ့ ယောဂီပညာရှိတွေရဲ့ အမြိုက်နိဗ္ဗာန်ပဲတဲ့၊ အဲဒီ အမြိုက်နိဗ္ဗာန် မရောက်ဘူးတဲ့ပုဂ္ဂိုလ်တွေလဲ ရောက်ဖူးအောင်လို့ အားထုတ်ဖို့လို့ ပေါ့လေ၊ အဲဒီပီတိတွေ ဖြစ်လို့ရှိရင် တစ်ကိုယ်လုံး ဖျိုးဖျိုးဖျင်းဖျင်းနဲ့ ပျံ့ပြီးသကာလ နေလို့ထိုင်လို့လဲ အင်မတန်ကောင်းပါတယ်၊ ပီတိဟာ ငါးမျိုးရှိပါတယ်။

ခုဒ္ဒိကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိလို့ ငါးမျိုးရှိတယ်၊ ခုဒ္ဒိကာပီတိဆိုတာကတော့ တစ်ကြိမ်တစ်ခါဖြစ်ပြီး ပျောက်သွားတယ်၊ မကြာဘူး သူကတော့ ခဏလေးပဲ။

ခဏိကာပီတိဆိုတာကတော့ ထပ်ကာထပ်ကာ ဖျိုးဖျိုးဖျင်းဖျင်းတွေ ထပ်ကာဆက်ပြီးတော့ ၁–ကြိမ်၊ ၂–ကြိမ်၊ ၃–ကြိမ်၊ ၄–ကြိမ်၊ ၅–ကြိမ် ဆက်ပြီးတော့ ဖြစ်သွားတယ်၊ ဒါလဲ မကြာခင် ပျောက်သွားတယ်၊ အကြာကြီးတော့ မတည်ဘူး။

သြက္ကန္တိကာပီတိဆိုတာကတော့ အခုနကပြောခဲ့တဲ့အတိုင်း အောက်ကဖြစ်စေ, အထက်ကဖြစ်စေ ဖျိုးဖျိုးဖျင်းဖျင်းနဲ့ ကိုယ်ထဲမှာ သက်ဝင်ပြီးတော့လာတာ၊ ဘယ်လိုများ ဖြစ်သွားမှန်းမသိဘူး၊ ဖြစ်ရင်းဖြစ်ရင်းနဲ့ အတော်ကြာ၊ တော်တော်ကြာ တော့ကို ဟာပြီးရှင်းပြီး နေကောင်းထိုင်ကောင်း ဖြစ်သွားတယ်၊ အဲဒါ တစ်ကိုယ်လုံး သက်ဝင်ပြီးတော့နေတာ၊ သြက္ကန္တိကာ ပီတိတဲ့။

ဥဗ္ဗေဂါပီတိဆိုတာကတော့ ကိုယ်လက်အင်္ဂါ တစ်စိတ်တစ်ပိုင်းတည်း ဖြစ်စေ၊ ရွှေ့လျားပြီးတော့ သွားတတ်တယ်၊ ကြွပြီးတော့လဲ တထပြီးသွားတတ်ပါတယ်၊ လွင့်စင်ပြီးတော့လဲသွားတတ်ပါတယ်၊ ဒါက ဥဗ္ဗေဂါပီတိခေါ်တယ်။

ဖရဏာပီတိဆိုတာကတော့ တစ်ကိုယ်လုံးပျံ့ပြီးတော့ တဝီမ့်ဝီမ့်တစိမ့်စိမ့်တွေ ကောင်းပြီးတော့နေတာပဲ၊ ဘယ်လို ကောင်းမှန်းမသိဘူး၊ ဒီမှာ စကားလဲမပြောနိုင်ဘူး၊ ဘာမျှမလုပ်နိုင်၊ အားလဲမထုတ်နိုင်ဘူး၊ ကောင်းတဲ့အရသာကလေးပဲ ခံစား ပြီးတော့ နေတော့တာပဲ၊ အဲဒါဖရဏာပီတိခေါ်တယ်၊ ဖရဏာပီတိ ဂွမ်းဆီထိဆိုပြီး စာတွေပေတွေ ရေးကြတာကိုး စာတွေဘာ တွေရေးကြတာ၊ ဒီရောက်ဖူးတဲ့ပုဂ္ဂိုလ်ဆို ဖရဏာပီတိ ကိုယ်တိုင်တွေ့ရတာပဲ၊ ဒီမရောက်သေးတဲ့ပုဂ္ဂိုလ်တွေက သိပ်ပြီးတော့ မသိဘူး၊ ဖရဏာပီတိဆို အကြောင်းက တစ်ကိုယ်လုံး ပျံ့ပြီးတော့ တည်တယ်၊ ဒါကြောင့်မို့ ဖရဏာရသာပီတိ–ပီတိ–သည်၊ ဖရဏာရသာ–ပီတိရုပ်တို့ကို ပျံ့နှံ့စေခြင်း ကိစ္စရှိ၏၊ ရုပ်ကောင်းရုပ်သန့်တွေ ပျံ့နှံ့စေမှ တက်နိုင်စေပါတယ်တဲ့။

သြဒဂျ ပစ္စုပ္ပန္နာနံ–တက်ကြွသည်၏ အဖြစ်လျှင် ဉာဏ်အားရှေ့ရှုခြင်းရှိ၏၊ တက်ကြွနေတဲ့သဘောပဲ၊ ယောဂီပုဂ္ဂိုလ် ဉာဏ်ထဲထင်တယ်၊ ဒီဉာဏ်ရောက်တဲ့အခါမှာ စိတ်ရောကိုယ်ရော တစ်ခါတည်းပေါ်ပြီး ကြွပြီးနေတယ်၊ ခပ်ကြွကြွဖြစ်နေတယ်၊ စိတ်ကလဲတစ်ခါတည်း ခပ်မြောက်မြောက် ခပ်ကြွကြွဖြစ်နေတယ်၊ အစတုန်းက ညိုနေတဲ့စိတ် တစ်ခါတည်း ရွှင်ပြီးတော့ ကြွတက်နေတယ်၊ ကိုယ်တွေကလဲ တစ်ခါတည်း ပေါ့ပေါ့ပါးပါးဖြစ်နေတယ်၊ အိပ်နေလို့ရှိရင်တောင်မှ အိပ်ရင်းမှတ်နေလို့ရှိရင် ခုတင်နဲ့ မထိသလို ကိုယ့်စိတ်ထဲ ထင်ရတယ်၊ ပေါ့နေတယ်၊ အထက်ကိုမြောက်တက်နေသလိုပဲ ထင်ရတယ်၊ ထိုင်နေရင် အောက်က မထိသလို တကယ်လဲ ထင်ရတတ်တယ်၊ ထိနေတောင်မှ တစ်ခါတည်း အင်မတန် ပေါ့ပေါ့လေး၊ တစ်ခါတည်း အောက်က လေမွှေ့ယာများပေါ် ထိုင်နေရသကဲ့သို့ ထိနေတောင်မှ ပေါ့ပေါ့လေး၊ လေလာရင် လွင့်မှာလို့ပဲ ဒီနေရာ ပေါ့ပါးပြီး နေတယ်လို့ပဲ ထင်တတ်တယ်၊ လမ်းလျှောက်နေရင်လဲ ဒီလိုပဲ၊ လမ်းလျှောက်နေလဲ မြေကြီးနဲ့မထိဘူးလို့ တောင်ပဲ ထင်ရတတ် တယ်၊ အဲ–ထိတယ်ထင်တောင်မှလဲ ပေါ့ပေါ့လေး ကိုယ်ထဲက တစ်ခါတည်း ပေါ့ပေါ့ပါးပါးလေး ကြွလိုက်, လှမ်းလိုက်၊ တစ်ခါတည်း လေလိုပဲ၊ သူ့ဟာသူ ရွှေ့ရွှေ့နေတာတွေဟာ အင်မတန်ကို ထင်ရှားနေတယ်၊ ပေါ့ပေါ့ပါးပါးလေးဖြစ်နေတယ်၊ အဲဒါကြောင့် ကိုယ်စိတ်တက်ကြွသည့်အနေအားဖြင့် ယောဂီပုဂ္ဂိုလ်၏ဉာဏ်ထဲမှာ ထင်ပါတယ်၊ ထင်ပါတယ်တဲ့၊ ဒီပီတိဟာ ပီတိဆိုတာ ကိုယ်နဲ့စိတ် ပေါ့ပါးတက်ကြွနေတဲ့သဘောပဲတဲ့၊ ယောဂီဉာဏ်ထဲမှာ ထင်ပါတယ်၊ အဲဒါ ပီတိသမ္ဗောဇ္ဈင်ရဲ့ လက္ခဏာ ရသ ပစ္စုပ္ပဋ္ဌာန်တွေပဲ၊ အဲဒါလေးဆိုရမယ်။

နှစ်သိမ့်ရောင့်ရဲ ဝမ်းလဲမြောက်သည်၊ (၃–ခေါက်)။
ရုပ်ကောင်း ရုပ်သန့် ပျံ့နှံ့စေသည် (၃)။

နှစ်သိမ့်ရောင့်ရဲ ဝမ်းလဲမြောက်သည်တဲ့၊ နှစ်သိမ့်တယ်၊ ရောင့်ရဲတယ်၊ ဝမ်းမြောက်တယ်ဆိုတာ ပီတိတွေပဲ၊ လောက ဘက်က ကိုယ်လိုချင်တာတွေ ကိစ္စတွေပြီးသွားလို့ရှိရင် ဝမ်းမြောက်ဝမ်းသာတွေလဲရှိပါတယ်၊ အဲဒါတွေကတော့ လောဘတွေနဲ့ စပ်ပြီးတော့ အဲဒါကတော့ ကုသိုလ်တရားတွေ မဟုတ်ဘူး၊ အကုသိုလ်တရားတွေပဲ၊ ယခုဟာကတော့ ဝိပဿနာ (ရှုတိုင်း–၂) နှစ်သိမ့်ရောင့်ရဲပြီးတော့ကို ရှုရတဲ့အာရုံလေးနဲ့ နှစ်သိမ့်ရောင့်ရဲပြီး ဝမ်းမြောက်ပြီးတော့ နေတာကိုး၊ နှစ်သိမ့်ရောင့်ရဲ ဝမ်းလဲ မြောက်သည်၊ ရုပ်ကောင်းရုပ်သန့်ပျံ့နှံ့စေသည်တဲ့၊ တစ်ကိုယ်လုံးမှာ ရုပ်ကောင်းရုပ်သန့်တွေ ပျံ့နှံ့စေပါတယ်တဲ့။

အဲဒီလို ရုပ်ကောင်းရုပ်သန့်တွေ တစ်ကိုယ်လုံး ပျံ့နှံ့ပြီးတော့သွားလို့ ရောဂါဝေဒနာဆိုတာ ပျောက်တာ၊ တစ်နေ့က ပြောခဲ့တဲ့ ရှင်မဟာ ကဿပ နေမကောင်းထိုင်မသာဖြစ်နေတော့ မြတ်စွာဘုရားက ဗောဇ္ဈင် ၇–ပါးတရားဟောတယ်၊ အဲဒီ ဗောဇ္ဈင် ၇–ပါး တရားနာပြီးတော့ ရောဂါဝေဒနာတွေ ပျောက်သွားတယ်၊ အဲဒီလို ပျောက်တာဟာ ဘယ်ပုံဘယ်နည်း ပျောက် သလဲဆိုတော့ ဒီပီတိကြောင့် ဒီပုံဒီနည်း ပျောက်တာ၊ အဲ–မြတ်စွာဘုရားဟောတဲ့ ပီတိသမ္ဗောဇ္ဈင်တွေ၊ ပီတိသမ္ဗောဇ္ဈင်၏ ခေါ် ကဿပ မယာ သမ္မဒဏ္ဍာတော ဘာဝိကတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ စသည်ဖြင့် မြတ်စွာဘုရား ဟောတာကိုး။

ကဿပ–ချစ်သားကဿပ၊ မယာ–ငါဘုရားသည်၊ သမ္မဒဏ္ဍာတော–ကောင်းစွာ ဟောကြားအပ်သော မှန်ကန်စွာ ဟောကြားအပ်သော၊ သမ္မဒဏ္ဍာတော–ကိုယ်တိုင်သိပြီး နည်းအတိုင်းပင် မှန်ကန်စွာ ဟောကြားအပ်သော၊ သတိသမ္ဗောဇ္ဈင်၏–အမှတ်ရမှု သတိတည်းဟူသော ဗောဇ္ဈင် တရားသည်၊ သတိသမ္ဗောဇ္ဈင်၏ခေါ်–သတိတည်းဟူသော သစ္စာလေးပါးတရားကို သိကြောင်း အင်္ဂါတရားတည်း၊ ဘာဝိတော–ဖြစ်စေအပ် ပွားစေအပ်သည်ရှိသော်၊ ဗဟုလီကတော့–အကြိမ်များစွာ လေ့လာအပ် သည်ရှိသော်၊ အဘိညာယ–ထူးသောဉာဏ်ဖြင့် သစ္စာလေးပါးတရားအလို့ငှာ၊ သံဝတ္တတိ–ဖြစ်ပေ၏၊ သမ္ဗောဓာယ–သစ္စာ

လေးပါးကို ထိုးထွင်း၍ သိခြင်းငှာ၊ သံဝတ္တတိ–ဖြစ်ပေ၏၊ နိဗ္ဗာနာယ ဆင်းရဲခပ်သိမ်းငြိမ်းခြင်းငှာ၊ သံဝတ္တတိ–ဖြစ်ပေ၏၊ ဒီလိုဟောတာကို၊ မြတ်စွာဘုရားကဟောတော့ ကိုယ်တိုင် တွေ့ထားတဲ့ပုဂ္ဂိုလ်မှာ အတော်ကို စိတ်ကြည်နူးစရာကောင်းတာ၊ ဒါဘုန်းကြီးဟောတာ ဘုရားဟောတာလောက်တော့ ဘယ်ကောင်းမလဲ၊ ပြီးတော့ တရားနာတဲ့ပုဂ္ဂိုလ်တွေကလဲ ရှင်မဟာကဿပကြီးလောက်လဲ ဗောဒ္ဓိင်တရားတွေ ပြည့်ပြည့်စုံစုံတွေ့ထားတာမဟုတ်တော့ ရှင်မဟာကဿပကြီးလောက်လဲ အားရနှစ်သိမ့်ခြင်း ဖြစ်ကြမယ်တော့ မဟုတ်ဘူးထင်တယ်၊ ဟောတဲ့ပုဂ္ဂိုလ်ကလဲ ညံ့၊ နာတဲ့ ပုဂ္ဂိုလ်ကလဲ ညံ့၊ ၂–ညံ့ ဖြစ်နေတာကို သူ့ဉစ္စာ၊ အဲဒီတော့ ဟိုမှာ မြတ်စွာဘုရားက ဟောတာကိုး၊ ဟောတော့ ကြည်ညိုစရာ အင်မတန်ကောင်းပါတယ်၊ ဒီပါဠိကို ရွတ်လိုက်လို့ ရှိရင်ဖြင့် ပါဠိနားလည်တဲ့ ပုဂ္ဂိုလ်တွေအဖို့မှာ တယ်ကြည်ညိုစရာကောင်းတယ်။

ပိတိသမ္ဗောဇ္ဈင်္ဂါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော့
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အင်မတန်ကို ကြည်ညိုစရာကောင်းတယ်၊ သိပ်ကြည်နူးစရာ ကောင်းတယ်၊ တရားကလဲ ကိုယ်တိုင်လဲတွေ့ထားရင် သာပြီးကြည်နူးစရာ ကောင်းတာပေါ့၊ သတိသမ္ဗောဇ္ဈင်တရား၊ အမှတ်ရမှု သတိသမ္ဗောဇ္ဈင်တွေတဲ့၊ ဟိုနေ့ကပြောခဲ့ပြီ၊ မလွတ်စတမ်း စောင့်ဖမ်းနေသည်၊ ဒွါရ ၆–ပါးက ဖြစ်တိုင်း ဖြစ်တိုင်း အာရုံတွေကို ဘယ်ဟာမှမမေ့ဘူး၊ အကုန်ဒေါက်ခန်, ဒေါက်ခန်နဲ့လိုက်ပြီး ဖမ်းနေတယ်၊ သတိတရားကလေးကို အဲဒါ ကိုယ်တိုင်ဖြစ်ဖူးတဲ့ ပုဂ္ဂိုလ်က ဒီသတိသမ္ဗောဇ္ဈင်တရားဟာ ဟိုတစ်နေ့က ဟောခဲ့တဲ့အတိုင်းပဲ၊ ကိုယ်တိုင်တွေ့ဖူးတဲ့ ပုဂ္ဂိုလ်က ဒီပိတိသမ္ဗောဇ္ဈင် အင်မတန် ကောင်းတာပဲ၊ သူကတော့ အကုန်လုံး သူကလျှောက်ပြီးတော့ မှတ်မိနေတာပဲ၊ မမှတ်မိတာကိုမရှိဘူး၊ အဲဒီလိုနေတာတွေ ကိုယ်တိုင်တွေ့ဖူးထားတယ်၊ ရှင်မဟာကဿပကြီးက ကိုယ်တိုင်တွေ့ထားတာ၊ ယခုယောဂီတွေလဲ တွေ့တော့ တွေ့ဖူးထားတာပဲ၊ အဲဒီတွေ့ဖူးထားတာ အဲဒီ ပိတိ သမ္ဗောဇ္ဈင် အဲဒါဟာတဲ့။

သမ္မာဒက္ခာတော–ကောင်းမှန်စွာ ဟောကြားအပ်သော ငါဘုရား ကောင်းကောင်း ဟောထားတာတဲ့၊ ကောင်းကောင်း ဟောဆိုတာ ဒီလိုကိုး အမှန်အတိုင်း ဟောထားတာတဲ့၊ မှတ်တာဘာဖြစ်လို့လဲ ကိုယ်တိုင်တွေ့ဆိုပြီးမှ ဟောထားတာတဲ့၊ ရန်းဆပြီး တွေးပြီးလာတာမဟုတ်ပါဘူးတဲ့၊ ယခုလောကမှာ အဟောအပြောသမားတွေဆိုတာ အများကြီးရှိတယ်၊ အဟောအပြောသမားတွေဆိုတာ စိတ်ကူးစဉ်းစားပြီးသကာလ ဟောကြပြောကြတာ၊ ကိုယ်တိုင်မတွေ့ဘဲနဲ့လဲ ဟောနေကြတာပဲ၊ ကိုယ်တိုင်က မလုပ်ရသေးဘဲနဲ့လဲ သူများဆရာလုပ်ပြီး ဟောနေတာတွေ ဒီလိုလဲရှိသေးတယ်။

တချို့ ကမ္မဋ္ဌာန်းဆရာကိုယ်တိုင်က ဟုတ်တိပတ်တိ အားထုတ်ထားတာမဟုတ်ဘူး၊ ဒါပေမယ်လို့ သူက ဆရာကြီးဖြစ်ပြီးတော့ ကမ္မဋ္ဌာန်းဆရာလုပ်ပြီး ဒီလို ဟောပြောနေတာတွေရှိတယ်၊ ကျမ်းစာအုပ်တွေ ရေးထုတ် ဘာလုပ်နဲ့ အံ့သြစရာ အင်မတန် ကောင်းတာပဲ၊ သူက စာထဲကနေပြီးတော့ အဲဒီပုဂ္ဂိုလ်ဟာ သူများလဲပဲ ပယ်လိုက်သေးတယ်၊ မမှန်ဘူးဆိုပြီးတော့၊ သူလဲ အားထုတ်တာမဟုတ်ဘူး၊ အံ့သြစရာသိပ်ကောင်းတာပဲ၊ ရီစရာလဲ အင်မတန်ကောင်းတာပဲ၊ အဲဒီလိုဟာတွေရှိတယ်၊ အဲ–အခုမြတ်စွာဘုရားက ဒီလိုမဟုတ်ဘူး၊ သမ္မဒက္ခာတော–ကောင်းစွာဟောထားတာ မှန်ကန်စွာဟောထားတယ်။

ကိုယ်တိုင်သိပြီးဟောထားတာ၊ ကိုယ်တိုင်မသိရင် ဘုရားက မဟောသေးဘူး၊ ကိုယ်တိုင်သိအောင်လို့ကို တစ်ခါတည်း ဘုရားအဖြစ်ရောက်အောင်လို့ သေသေချာချာကျင့်ပြီးတော့ ဗောဓိပင်အောက် ရတနာပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီးတော့ ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကိုရှုလို့ အဲဒီမှာ ပိတိသမ္ဗောဇ္ဈင်ကို ကိုယ်တိုင်ဖြစ်လာတာကို၊ နောက်ဆုံးနိဗ္ဗာန်ကို အမှတ်ရပြီးထင်တယ်၊ ပိတိသမ္ဗောဇ္ဈင်တွေဖြစ်တယ်၊ အဲဒီ ပိတိသမ္ဗောဇ္ဈင်ဖြစ်ပြီးတော့မှ ဒါတောင်မှ ရုတ်တရက် မဟောသေးပါဘူး၊ နောက်မှဟောပါတယ်။

၇–ရက် ၇–လီ၊ ၄၉–ရက်နေပြီးတဲ့နောက် တရားဟောဖို့ရာ စဉ်းစားပြီးတော့တောင် ရုတ်တရက် မဟောရသေးပါဘူး၊ ဟောဖို့အချိန် မကျသေးလို့ ကဆုန်လပြည့် မဟောရသေးဘူး၊ ဝါဆိုလပြည့်မှ ဟောရတာကို၊ ၂–လကြာ၊ ဘုရားဖြစ်ပြီ၊ ၂–လ လောက်နေမှ အဲဒီမှာ ဒီတရားကိုဟောတာကို၊ အဲဒါကြောင့် ငါ ဘုရားကိုယ်တိုင်တွေ့ပြီးတော့ တွေ့တဲ့အတိုင်း အမှန်တရားတွေဟောထားတယ်တဲ့၊ ပိတိသမ္ဗောဇ္ဈင်ဆိုတာ ဒီလိုအားထုတ် ဒီလိုဖြစ်တယ်၊ ဒီလို အားထုတ်ရင် ဒီလို ဖြစ်တတ်တယ်၊ ဒီလို သတိတရားဟာ ဒီလိုသတိဖြစ်လို့ရှိရင် ဒီသတိဟာ သစ္စာလေးပါးတရားတွေ အမှန်အတိုင်း သိတယ်ဆိုတာ ဘုရားက ဟောထားတယ်တဲ့၊ အဲဒါတွေကို မြတ်စွာဘုရားက အမှန်အတိုင်း ကိုယ်တိုင်တွေ့ပြီးတော့ ဟောထားတဲ့ ပိတိသမ္ဗောဇ္ဈင်တရားပဲလို့ ဒီသတိသမ္ဗောဇ္ဈင်တရားဟာ ဘာဝိတော–ပွားစေအပ်သည်ရှိသော်, ဖြစ်စေအပ်သည်ရှိသော်, ဖြစ်စေအပ်တယ်ဆိုတာ ဘာလဲ၊ မိမိသန္တာန်ဖြစ်စေရမှာ၊ ကျက်ထားရုံနဲ့ မဟုတ်သေးဘူး၊ ပိတိသမ္ဗောဇ္ဈင်ဆိုတာ (ဒီလိုတဲ့–၂) ကျက်ထားတာ၊ ဒီလိုလဲမဟုတ်သေးဘူး၊ ကိုယ့်သန္တာန်မှာရှိရမယ်၊ ပွားရမယ် ဘာဝနာပွားတယ်ဆိုတာ အဟုတ်ကိုပွားတယ်၊ ဘာဝနာဟာ ပဌမ တစ်ခါရှုတော့ ဖြစ်တာပဲရှိတယ်၊ မပွားသေးဘူး၊ နောက်တစ်ခါရှုလိုက်တော့ ၂–ခု ဖြစ်လာတယ်၊ ပွားလာတယ်၊ နောက်တစ်ခါရှုလိုက် ၃–ခုဖြစ်လာပြီး တစ်ခုပြီး တစ်ခု ပွားပြီး အဲဒီလိုဖြစ်လာတယ်၊ တစ်ခါ မှတ်လို့ရှိရင် အမှတ်သတိတစ်ခုဖြစ်တယ်။

ဖောင်းတယ်လို့ တစ်ခါမှတ်လိုက်ရင် တစ်ခါပွားလာတယ်၊ နောက် နောက်တစ်ခါ ပိန်တယ် မှတ်လိုက်ရင် ပီတိ သမ္ဗောဇ္ဈင် ၂–ခု ဖြစ်လာတယ်၊ နောက်တစ်ခါ ဖောင်းတယ်မှတ်ရင် ၃–ခုဖြစ်လာတယ်၊ စိတ်ကူးတာဖြင့် စိတ်ကူးတယ်မှတ်လိုက်တော့ ၄–ခုဖြစ်လာတယ်၊ ဒီကနေပြီး လက်တွေ ဘာတွေ ကွေးလိုက်လို့ရှိရင် ကွေးတယ်မှတ်ရင် ၅–ခုဖြစ်လာတယ်၊ အဲဒီလိုပဲ၊ (မှတ်တိုင်း–၂) သတိပွားနေတာ၊ ဒီသတိတွေဟာ ဘယ်လောက်ပွားရမလဲဆိုရင် ပြည့်စုံအောင်ပွားရမှာပဲ၊ တစ်ချို့ပုဂ္ဂိုလ်တွေ ဒီလိုအကြိမ်ပေါင်း ၁၀၀–၉၀ လောက်နှင့် အရိယာမဂ်ကိုရောက်နိုင် ဒီလိုပုဂ္ဂိုလ်လဲရှိပါတယ်၊ တချို့လဲ အကြိမ်ပေါင်း ၁၀၀၀–၂၀၀၀ လောက်နဲ့ ရောက်နိုင်တဲ့ ပုဂ္ဂိုလ်လဲရှိတယ်၊ တစ်သောင်းနှစ်သောင်းမှရောက်နိုင်တဲ့ ပုဂ္ဂိုလ်လဲရှိတယ်၊ တစ်သိန်း၊ နှစ်သိန်းမှ ရောက်မည့်ပုဂ္ဂိုလ်လဲရှိတယ်၊ အမျိုးမျိုးရှိတယ်။

အဲဒီပုဂ္ဂိုလ်တွေဟာ အဲဒါ တချို့လဲ တစ်ကုဋေလောက် မှတ်မှ ရောက်မည့်ပုဂ္ဂိုလ်တွေလဲ ရှိမှာပါပဲ၊ အဲဒီတော့ မိမိပါရမီအားလျော်စွာ ဒါတွေပွားရမယ်၊ ပွားသထက်ပွားရမယ်၊ ပြည့်စုံလည်း ပြည့်စုံစွာမှတ်ရမယ်၊ အဲဒီလို၊ ဘာဝိတောဝ–မိမိသန္တာန်ပွားခဲ့လို့ရှိရင်၊ ဗဟုလီကတောဝ–အကြိမ်များစွာ လုပ်ရမယ်တဲ့၊ တစ်ခုနှစ်ခုပွားရုံနဲ့ မပြီးသေးဘူး၊ အကြိမ်များများ တရားမဆုံးမချင်း မပြည့်စုံမချင်း အကြိမ်များများ အားထုတ်လို့ရှိရင် ဘာဝိတော ဗဟုလီကတော အဘိညာယ–ထူးသောဉာဏ်ဖြင့် သိပါတယ်၊ သစ္စာလေးပါးတရားတွေ ထူးပြီးသိတယ်၊ သစ္စာလေးပါးတရားတွေကို ဒီအတိုင်း ကျက်မှတ်ပြီးသိတာကို၊ ဒါအထူးသိမဟုတ်သေး၊ ဒါက ကျက်မှတ်တဲ့ စာပေကျမ်းဂန်တွေနဲ့ လေ့လာပြီးသိတာတွေ ရှိတာပေါ့၊ ဒါကတော့ လေ့လာကြည့်သိတာပဲ၊ ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေတောင်မှ ဒီသစ္စာလေးပါးကို သူတို့ဗဟုသုတဖြစ်အောင်လို့ လေ့လာထားတာတွေ ရှိတယ်၊ တချို့လဲ သိတာပဲ၊ လေ့လာထားလို့ တချို့က စာအုပ်တွေဘာတွေတောင်ရေးတယ်၊ မြန်မာပြည်က ဗုဒ္ဓဘာသာတွေက ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးနေကြတာ၊ နိုင်ငံခြားက ပုဂ္ဂိုလ်တွေကရေးတယ်၊ သူတို့ရေးတာ မည့်ဘူး၊ သူတို့က တရားတွေ ကောက်နုတ်ချက် ထုတ်တတ်တယ်၊ လူတွေမှာ ဘယ်ဟာလိုနေတယ်၊ ဘယ်ဟာကို သိနေတယ်၊ ဘယ်ဟာ ရေးလို့ရှိရင် သဘောကျမယ်ဆိုတာ သူတို့က အတိုချုပ်ထုတ်တတ်တယ်။

ဒီမှာ စာတွေ ပေတွေ သင်နေတဲ့ ပုဂ္ဂိုလ်တွေက သူတို့လောက် နေရာကျအောင် ရေးတတ်တဲ့ပုဂ္ဂိုလ်က ခပ်ရှားရှားပဲ၊ အင်း–သူတို့က ရေးတတ်တယ်၊ ကောက်နုတ်ချက်လုပ်တတ်တယ်၊ အဲဒါ တချို့က အဲဒီလိုရေးတဲ့ပုဂ္ဂိုလ်တွေ တချို့ဗုဒ္ဓဘာသာကို ကောင်းကောင်း မဟုတ်ဘူး၊ မဟုတ်ပေမယ်လို့ သူတို့လေ့လာတော့ သိတာပဲ၊ သစ္စာလေးပါးတရားကို အထူးသိမဟုတ်ဘူး၊ ဒါကလေ့လာလို့သိတာ၊ သင်ကြားသိတာပဲ၊ သင်ကြားသိတာမျိုးက အထူးသိမဟုတ်ဘူး၊ အထူးသိကတော့ကို ရှေးကမှတ်သားပြီးသိတာထက် ကိုယ်တိုင်ဉာဏ်နဲ့ကိုတွေ့ပြီး အထူးသိရမှာကိုး၊ သစ္စာလေးပါး တရားတွေ, ဒုက္ခတရားတွေတဲ့၊ ရုပ်တရား, နာမ်တရားတွေတဲ့။

ခဏမစဲ ဖြစ်ပြီးပျက်နေတဲ့ တရားတွေပဲဆိုတာ ကိုယ်တိုင်တွေ့ရမှာ ရှုတိုင်းမှတ်တိုင်း ဥဒယဗ္ဗယဉာဏ်ရောက်တော့ ဒီလိုသိတယ်၊ (မှတ်တိုင်း–၂)ဟာ တစ်ခါတည်း အာရုံလေးတွေဟာ အသစ်အသစ်ကလေးတွေ ပေါ်လာတယ်၊ ခေါင်းထိုးဝင်လာသလိုပဲ၊ ပြတင်းပေါက်ကနေပြီးတော့ ခေါင်းပြူလာသလိုပဲ၊ တစ်ခါတည်း ဆောင့်ပေါ်လာတာလေးတွေ့ရတယ်၊ ဆုံးသွားတာလေးလဲသိတယ်၊ မီးတောက်ကလေးများ ငြိမ်းသွားသလို ဟုတ်ကနဲ ဟုတ်ကနဲ၊ အဲ–တစ်ခါတည်း ပျောက်ပြီး ငြိမ်းသွားသလိုပဲ သိတယ်၊ (စ ပေါ်လာလိုက် ဆုံးသွားလိုက်–၂) အဲဒါလေးတွေ (အပိုင်း–၂)လေးတွေ သိရတယ်၊ ဒီလိုသိရတာကိုး။

အဲဒါ အမှတ်ကောင်းတဲ့အခါကျတော့ ဒီအတိုင်း သိဿာပဲ၊ တချို့ကလဲ စိတ်ကူး စဉ်းစား ကြံစည်နေတာနဲ့ သူကသိလာတာ၊ ပိုကောင်းတယ် အောက်မေ့တာ၊ ဘယ်ဟုတ်မလဲ၊ စိတ်ကူး စဉ်းစားကြံစည်ပြီး သိတာက ခုနကသင်တာနဲ့ အတူတူပဲ၊ ဒါက ဘာမျှထူးတာမဟုတ်ဘူး၊ စဉ်းစားသိတာကတော့ ဒီလိုပဲ သိတာပဲ၊ စဉ်းစားသိတော့ သံသယမကင်းဘူး သူကဒီလိုစဉ်းစားရင် ဒီလိုဖြစ်တာပဲ ဟိုလိုစဉ်းစားရင်လဲဟိုလိုဖြစ်တာပဲ၊ မမြဘူးလို့စဉ်းစားရင် မမြဘူးလို့ဖြစ်တယ်၊ မြတယ်လို့ စဉ်းစားရင်မြတယ်လို့ ဖြစ်တယ်၊ အဲ–ရုပ်တရား နာမ်တရားများ ရှိတယ်လို့ စဉ်းစားရင် ရုပ်တရားနာမ်တရားများ ရှိတယ်လို့ ဒီလိုလဲ ဖြစ်တယ်၊ ရုပ်တရား နာမ်တရားများမဟုတ်ဘူး၊ အသက်ကောင်ကလေးတစ်ခုရှိသေးတယ်လို့ အဲသလိုစဉ်းစားရင် အဲဒါလေးက အတ္တဖြစ်လာတာ အဲဒါစဉ်းစားလို့၊ အဲဒါမသေချာဘူး၊ ဖြစ်တဲ့ ရုပ်နာမ်လေးတွေကို (ပေါ်တိုင်း–၂) ရှုနေတာ သေချာတယ်၊ ဘယ်ကမှ မရှိဘူး။

ဧကာယနော–တစ်ခုတည်းတစ်ကြောင်းတည်းသော လမ်းပဲလို့ဟောတယ်၊ ဧကာယနောမဂ္ဂေါ–အရိယာမဂ်ဉာဏ်ကို ရောက်ဖို့ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရာ တစ်ကြောင်းတည်းသော လမ်းပဲတဲ့၊ ဒီအတိုင်းအမှတ်သတိနဲ့ တစ်ခါတည်း ဒွါရ ၆–ပါးဖြစ်ခိုက်အားဖြင့် ကိုယ်အမူအရာ, ဝေဒနာစိတ်အမူအရာ သဘောတရားတွေ (ဖြစ်တိုင်း–၂)လိုက်ပြီး ရှုနေပါ၊ နောက်ကတကောက်ကောက် နောက်ကနေလိုက်ရှုနေပါ၊ အဲဒါလေး ရှုပြီးမှတ်နေရလို့ရှိရင်လဲ ရုပ်တရားနာမ်တရားတွေ ပိုင်းခြားပြီးသိတယ်၊ မသိလို့ဘယ်ဖြစ်မလဲ၊ သူ့ဉစ္စာက ဒီရုပ်နာမ်တွေ တကောက်ကောက်လိုက်ရှုနေလို့ပဲ သိရောပေါ့၊ မရှုလို့ မသိကြတဲ့ ဉစ္စာပဲ။

ထိုရုပ်နာမ်တွေ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးတော့ လှန်လှော ကြည့်သလို လိုက်ကြည့်နေတာပဲ၊ ဒါက အာရုံပြုတဲ့ တရား၊ ဒါက အာရုံမပြုတတ်တဲ့တရား၊ လူကိုယ်ထဲမှာ အာရုံမပြုတတ်တဲ့ ရုပ်တစ်မျိုးရှိတယ်၊ အာရုံပြုတတ်တဲ့, အာရုံသိတတ်တဲ့နာမ်က တစ်မျိုးရှိတယ်၊ ဒါ ၂-မျိုးရှိတယ်၊ ထိုရှုမှတ်နေတဲ့ပုဂ္ဂိုလ် ဘယ့်နှယ် မသိဘဲနေပါ့မလဲ၊ တချို့က ဒါဒီလိုမှတ်နေလို့ မသိသေးဘူး၊ ဒီလိုရှိသေးတာကိုး၊ တစ်ခု ဒါ သူကလဲ ကောင်းကောင်း အားမထုတ်ဘူး၊ အဲဒီလိုပြောတဲ့လူရှိတယ်၊ သေသေချာချာလိုက်ပြီးရှုရင် ဒါ သိတာပဲ၊ ဖြစ်ခိုက် ရုပ်နာမ်လေးတွေရှုနေရင် အာရုံမပြုလို့ အာရုံမသိတတ်တဲ့ရုပ်တရား ရုပ်ကိုကြီးသဘောကတစ်မျိုးပဲ၊ အာရုံပြုတတ်တဲ့အာရုံသိတတ်တဲ့ နာမ်တရားက တစ်မျိုးပဲ၊ သူတို့ ၂-ခုဟာ ဟပ်လို့ကို မရဘူး၊ တစ်ခုနဲ့ တစ်ခု ဘာမျှစပ်လို့ကိုမရဘူး၊ မြတ်စွာဘုရားက ဥပမာလေးပေးထားတယ်၊ ရုပ်နဲ့နာမ်နဲ့ တွဲပုံကလေး ဘယ်လိုပေးထားသလဲ ဆိုတော့ ပတ္တမြားရတနာ ရှိရာ၏။

ပတ္တမြားမှ သာမန်မဟုတ်ဘူး၊ ဝေဠုရိယခေါ်တဲ့ ပတ္တမြားရတနာ၊ ဝေဠုရိယပတ္တမြားရတနာ ဘယ့်နှယ်နေတုံးဆိုတော့ မြန်မာက ကြောင်မျက်ရွဲလို့ ပြန်တယ်၊ ကြောင်မျက်ရွဲ-ဝါးစိမ်းအဆင်းလဲရှိတယ်တဲ့၊ ဘုန်းကြီးကမသိလို့ တချို့ ပုဂ္ဂိုလ်တွေ မေးရသေးတယ် လက်စွပ်ကလေး ဘာလေးတွေမှာ ကြောင်မျက်ရွဲရှိတာကိုး၊ အဲဒီစိမ်းစိမ်းပြာပြာ အဲဒါပါပဲတဲ့၊ အဲဒီကြောင်မျက်ရွဲပတ္တမြားရတနာရှိရာ၏ ထိုကြောင်မျက်ရွဲ ပတ္တမြားရတနာရှိရာ၌ ကြိုးကလေးသီထားရာ၏၊ ကြိုးကလေးပုတီးစေ့များ ကြိုးသီထားသလိုပေါ့လေ၊ ပတ္တမြားရတနာထဲမှာ ကြိုးကလေးတပ်ထားတယ်၊ ပတ္တမြားလုံးကလေးမှာပေါ့။

ပတ္တမြားကျောက်ကလေးမှာ အပေါက်ကလေးဖောက်ပြီးတော့ ကြိုးလေးနဲ့သီထားတယ်၊ ဒီကြိုးလေးက အဝါနဲ့သီထားမယ်, အပြာနဲ့သီထားမယ်, အနီနဲ့သီထားမယ်၊ အမည်းနဲ့သီထားမယ်၊ အဲဒီတော့ ပတ္တမြားရတနာက ကျောက်ကကျောက်အရောင်နဲ့ သူကတစ်မျိုးကို ကြိုးကလေးအရောင်နဲ့ ကြိုးကလေးကတစ်မျိုး မျက်စိကောင်းတဲ့ပုဂ္ဂိုလ်, မျက်စိအမြင်ရှိတဲ့ပုဂ္ဂိုလ်က ကြည့်လိုက်လို့ရှိရင်တဲ့ ဘယ့်နဲ့နေမလဲ၊ ကျောက်ကလေး, ပတ္တမြားရတနာလေးက တစ်ခြားသီထားတဲ့ကြိုးကလေးက တစ်ခြားပဲတဲ့၊ မကွဲပေဘူးလား ကွဲနေတာပဲ၊ မျက်စိမှုန်တဲ့လူ သွားကြည့်ရင်တော့ ရောချင်ရောနေမယ်၊ ဒါကတော့ မျက်စိကောင်းတဲ့ပုဂ္ဂိုလ်တဲ့၊ မြတ်စွာဘုရားက မျက်စိအမြင်ရှိသော စက္ခုမျက်စိကောင်းတဲ့လူကို ဆိုလိုတယ်၊ မျက်စိမမှုန်ဘူး၊ ကြည်ကြည်လင်လင်ရှိတဲ့ ပုဂ္ဂိုလ် ကြည့်လိုက်ရင် အဲဒါက ကျောက်ကလေးပဲ။

ဒါက ပတ္တမြားကျောက်ထဲမှာ သီထားတဲ့ ကြိုးကလေးပဲ၊ ကြိုးက တစ်ခြားပဲ၊ ပတ္တမြားကတစ်ခြားပဲ၊ ကွဲပြားပြီးတော့ သိပါတယ်တဲ့၊ မကြည့်ရင်တော့မသိဘူး၊ ကြည့်ရင်သိမှာပေါ့ သူကမျက်စိမှုန်ရင်လဲမသိဘူး၊ မမှုန်ရင်သိမှာပဲ၊ အဲဒါလိုပဲ၊ ယခု ဒွါရ ၆-ပါးက ဖြစ်တိုင်း, ဖြစ်တိုင်း ရုပ်နာမ်တွေ လိုက်ရှု၊ မျက်စိကမြင်တိုင်း, မြင်တိုင်းရှု၊ ကြားတိုင်း, ကြားတိုင်း ရှုတော့ ဘယ့်နဲ့ဖြစ်လာတုံးဆိုတော့ ရုပ်အမှုအရာတွေ ရှုမိရင်ရှုရတဲ့ ရုပ်ကတစ်မျိုးရှုလို့သိတဲ့ နာမ်ကတစ်မျိုး၊ ဒါကလေး ဖောင်းတယ် မှတ်လိုက်တော့ ဖောင်းတာလေးကရုပ်၊ သိတာလေးကနာမ်ကို၊ ဖောင်းတာလေးက ကျောက်ပတ္တမြားလုံးလေးလိုပဲ၊ သိတာကလေးက ကြိုးလေးလိုပဲ၊ ကြိုးက ပတ္တမြားလုံးထဲမှာ ထားသလိုပဲ။

အသိကလေးက ဟိုရောက်သွားတာကို၊ ဖောင်းတာလေး ရှုမှတ်တဲ့ အာရုံကလေးပေါ် ရောက်သွားတယ်၊ မှတ်ရင်လဲ ဒီအတိုင်းပဲ၊ ကွေးတာက ရုပ်၊ သိတာကနာမ်၊ ကွေးတာက ကျောက်ပတ္တမြားလိုပဲ၊ သိတာလေးက ကြိုးလေးလိုပဲ ကွဲပြီးသိတာကို၊ အဲဒီတော့ မှတ်တိုင်းမှတ်တိုင်း တစ်ခါတည်း သိစရာအာရုံ ရုပ်နဲ့သိတဲ့စိတ်နာမ်၊ ကိုယ်ရုပ်နဲ့သိတဲ့စိတ်နာမ်၊ ဒါလေး ၂-ခုပဲတွဲဖြစ်နေတာ၊ ဒီပြင်ဘာမျှလဲမရှိဘူး၊ ဒါ ၂-ခုပဲရှိတယ်၊ မရှုတဲ့ပုဂ္ဂိုလ်တွေ အနေကတော့ ငါကောင်, သတ္တဝါကောင် တစ်ခုရှိသလိုပေါ့လေ၊ အပိုကလေးတစ်ခု ရှိသလိုလိုထင်ရတယ်၊ ကွေးအောင်လို့လုပ်တာ ငါပဲ, ဆန့်အောင်လို့လုပ်တာငါပဲ ထိုင်အောင် ထအောင်လို့လုပ်တာငါပဲ၊ စိတ်ကူးစဉ်းစားတာငါပဲ၊ အကောင်းအဆိုး ခံစားတာငါပဲလို့၊ ငါလေး အသက်ကောင်လေး, သတ္တဝါကောင်လေးတစ်ယောက် ရှိသလိုလိုထင်ရတယ်။

တစ်သက်လုံး, တစ်ဘဝလုံးတည်နေတဲ့ ငါကောင်, သတ္တဝါကောင် အသက်ကောင် ကလေးဟာ တစ်ခါတည်း အမြဲတည်ရှိနေသလို ထင်နေတာကို၊ ပုဂ္ဂိုလ်တွေအနေက ရှုတဲ့အခါကျတော့ ရှုတိုင်း, ရှုတိုင်း ဘာတွေတုံးဆိုတော့ သိစရာအာရုံနဲ့ သိစရာစိတ်နာမ် ကိုယ်ရုပ်နဲ့ သိတဲ့စိတ်နာမ်၊ ဒါကလေး ၂-ခုရှိနေတာ၊ ဒီရုပ်နာမ်ရှိတာပဲ၊ ဘာမျှမရှိဘူးဆိုတာ ယောဂီပုဂ္ဂိုလ်က သူ့ဟာသူပိုင်းခြားပြီး သိလာတယ်။

နာမရူပ ပရိစ္ဆေဒ-နာမ်ရုပ် ပိုင်းခြားသိတယ်၊ အဲဒါလောက်ဆိုရင်ကို အဘိညာဉ်-ထူးသောဉာဏ်နဲ့သိလာတာ၊ ပကတိပုဂ္ဂိုလ်တွေက ဒီလောက်ကို မသိဘူး၊ ဇဝေဇဝါပဲ၊ တစ်ခါတည်း ရုပ်နာမ်ရှိတယ်ဆိုလို့သာ ဒီလို အသာလေးလိုက်နေရတာ၊ သူတို့စိတ်ထဲက ဒီလို့မထင်ဘူး၊ ရုပ်နာမ်မျှရှိတယ်လို့ မှတ်ထားကျက်ထားရင်း ပြောဟောနေဟောနေရင်းလဲ ငါကပြောနေတယ်၊ ငါကဟောနေတယ်၊ ငါစဉ်းစားနေတယ်၊ ဒီလို လိုက်နေတာကို၊ ဒီတော့ သူ့ဉစ္စာအထူးသိမဟုတ်ဘူး၊ ရိုးရိုးသိပဲ၊ ယခုဟာက ပီတိသမ္ဓောဗျင် တရားလေးကို ပွားများလိုက်လို့ရှိရင် အကြိမ်များစွာ လေ့လာလိုက်လို့ရှိရင် သစ္စာလေးပါး အထူးသိဖို့တဲ့။

သစ္စာလေးပါးဆိုတာ ပြောခဲ့တဲ့ ရုပ်တရား, နာမ်တရားတွေပဲ၊ ဒွါရ ၆–ပါးကဖြစ်နေတဲ့ တရားတွေ၊ ဥပါဒါနက္ခန္ဓာ ငါးပါး ဖြစ်ပျက်နေတဲ့တရားတွေ၊ အဲဒါတွေကို အထူးသိလာပါလိမ့်မယ်၊ ပဋ္ဌမရှေးဦးစွာ ရုပ်တရားနဲ့ နာမ်တရားလေးတွေသိတယ်၊ နောက်တော့ ဒီရုပ်နာမ်ကလေးတွေ ဖြစ်လိုက်ပျက်လိုက်နဲ့ အခုနကပြောတဲ့အတိုင်း ခေါင်းလေးပြုလာသလို ပေါ်လာလိုက် ဆုံးသွားလိုက်၊ စပေါ်လာလိုက် ဆုံးသွားလိုက်၊ ဒါလေးသိတော့ စပြီးဆုံး စပြီးဆုံး တစ်ပိုင်းတစ်ပိုင်းလေးတွေ ဖြစ်နေတော့ မမြဲဘူးဆိုတာ ဘယ်သူကလာပြီး ပြောဖို့လိုမလဲ၊ ဘာမျှယုံမှားစရာမရှိဘူး၊ အဲဒါလဲ မမြဲတဲ့တရားတွေချည်းပဲ၊ အနိစ္စပဲလို့ ယောဂီပုဂ္ဂိုလ်ကသိတာပေါ့၊ ဟောဖြစ်ပြီးလို့ရှိရင်လဲ၊ ဆင်းရဲတဲ့တရားပဲ၊ သူ့သဘောအတိုင်း သူ့ဟာသူ ဖြစ်နေတဲ့တရားပဲ ဖြစ်အောင် ငါလုပ်လို့လဲမရဘူး၊ သူ့ကိုလုပ်တတ်တဲ့ ငါလဲမရှိဘူး၊ မပျက်အောင်လဲ တားဆီးလို့မရဘူး၊ သူ့အချိန်တန် အကြောင်းညီညွတ်ရင် ဖြစ်လာတာပဲ၊ ဖြစ်ပြီး သူ့ဟာသူ ပျောက်သွားတာပဲ၊ သူ့သဘောအတိုင်းသူ ဖြစ်နေတဲ့သဘောတရားပဲ၊ ဒီထဲမှာ ဖြစ်အောင်လို့ လုပ်တတ်တဲ့ ပုဂ္ဂိုလ်လဲမရှိဘူး၊ ပျက်တတ်သေတတ်တဲ့ ပုဂ္ဂိုလ်ရယ်လို့လဲမရှိဘူး၊ ဖြစ်ပြီးပျောက်သွားတဲ့ သဘောမျှပဲလို့ သူကရှုရင်း ဒီလိုသဘောကျတာကို။

အဲဒါက အနတ္တာနုပဿနာဉာဏ်ခေါ်တယ်၊ အနိစ္စ, ဒုက္ခ, အနတ္တသိတယ်၊ ဒါသိတာဘယ်သူသိတာတုံး၊ ဒုက္ခသစ္စာသိတာ၊ သိနေတာပဲ၊ ဒါရှုတိုင်း, ရှုတိုင်း ဒုက္ခသစ္စာသိနေတာပဲ၊ အဲဒီလို ဒုက္ခသစ္စာတရားတွေ သိနေတော့ ဒီဖြစ်ပျက်နေတဲ့ မမြဲတဲ့တရား, ဆင်းရဲတဲ့တရား, ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ သဘောတရားပေါ်မှာ သာယာနှစ်သက်မှု တောင့်တမှု တဏှာဟာ လဲ တစ်ခါတည်း ကင်းဝေးပြီးသွားတယ်၊ အစတုံးက အကောင်းကြီးထင်လို့ သာယာသဘောကျနေတာ၊ ယခုတော့ဒါတွေ သာယာစရာရှာလို့ကို မရဘူး၊ မသာယာဘူး၊ တောင့်တမှုက အဲဒီအမှန်အတိုင်း သိတိုင်း, သိတိုင်းဟာ သာယာမှုတွေ ကင်းကင်းသွားတာ၊ သမုဒယသစ္စာကို ပယ်နေတာ၊ ဒါသမုဒယသစ္စာကို သိတယ်လို့ ပယ်ဆိုတာ ငြိမ်းတာပဲ၊ အမှန်သိတော့ အမှားသိတွေ ပျောက်သွားတယ်၊ အမှားသိတွေပျောက်သွားတယ်၊ အမှားသိတွေပျောက်သွားတော့ တွယ်တာမှုတွေ မဖြစ်ဘဲနဲ့ ငြိမ်းငြိမ်း သွားတာကို၊ အဲဒါသမုဒယသစ္စာ ပယ်တာတဲ့၊ ဒါသမုဒယသစ္စာ သိတာလို့ခေါ်တယ်၊ ပဟာနပဋိဝေဓ–ခေါ်တယ်။

အဲဒီလိုသိလို့ရှိရင် ဒီရုပ်နာမ်တွေနဲ့ စပ်ပြီးတော့ဖြစ်မည့် ကိလေသာတွေ မဖြစ်ရဘူးတဲ့၊ ကုသိုလ်ကံ, အကုသိုလ်ကံတွေမပွားရဘူး၊ ဆက်ပြီးဖြစ်မည့် ဘဝသစ်တွေ ပဋိသန္ဓေဆင်းရဲတွေမဖြစ်ရဘူး၊ အဲဒါတွေဟာ ဘာတုံးဆိုတော့ ဆင်းရဲတွေ ငြိမ်းသွားတာတဲ့၊ အမှန်သိတိုင်း, သိတိုင်း ငြိမ်းသွားတယ်၊ ဖြစ်မည့်ဆင်းရဲတွေမသိရင် အမှန်မသိလို့ရှိရင် အဲဒီအမှန်မသိခြင်း အကြောင်းပြုပြီးတော့ ကိလေသာတွေ ဖြစ်မယ်၊ ကိလေသာတွေ ဖြစ်ရင် ကံတွေဖြစ်မယ်၊ ကံကနေပြီး ဘဝသစ်တွေဖြစ်မယ်၊ ဖြစ်ရာဘဝမှာ အိုရမယ်, နာရမယ်, သေရမယ်၊ ဆင်းရဲတွေ တသီတစ်တန်းကြီး သွားနေတာ။

အဲဒီဆင်းရဲတွေ သိတိုင်း, သိတိုင်း ငြိမ်နေတယ်၊ နိရောဓသစ္စာကို မျက်မှောက်ပြုနေတာပဲ၊ ဝိပဿနာက မျက်မှောက်ပြုတာ၊ ရှုတိုင်း သိတိုင်း, အမှန်အတိုင်း သိနေတာလေးရှိတယ်တဲ့၊ အဲဒါက ဝိပဿနာ မဂ္ဂသစ္စာပဲတဲ့၊ အဲဒါလဲ ဝိပဿနာမဂ္ဂင် တရားပဲတဲ့၊ ဒါ အဌကထာကပြောတာ ဘုန်းကြီးက ပြောတာမဟုတ်ဘူး၊ ဘုန်းကြီးက ကြံဖန်ပြီး ပြောနေတယ် မအောက်မေ့နဲ့၊ အဌကထာကိုက ဥဒယဗ္ဗယဉာဏ်မှာ သစ္စာလေးပါး သိပုံတွေ ဒီလိုပဲ ဖွင့်ပြတယ်၊ အဲဒီတော့ အဲဒီလိုသိတာဟာ ထူးသောဉာဏ်နဲ့သိတာပဲ၊ အဲဒါဥဒယဗ္ဗယဉာဏ်ရှိသေးတယ်၊ ဥဒယဗ္ဗယဉာဏ်ထက်ကြီးတဲ့ အထက်ဉာဏ်တွေကျတော့ ပိုသိတာပေါ့၊ နောက်ဆုံး အရိယမဂ်ဉာဏ်ရောက်တဲ့ အခါကျတော့လဲ ဒီအတိုင်းပဲ၊ နိရောဓသစ္စာ နိဗ္ဗာန်ဆိုတာ တကယ်ကို တွေ့သွားတော့တာပဲ၊ အဲဒီကျတော့ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုတွေ့သွားတယ်၊ အဟုတ်ကို တွေ့သွားတယ်၊ နိဗ္ဗာန်မျက်မှောက်ပြုတာ၊ မျက်မှောက် ပြုပြီးသိလို့ ဖြစ်ပျက်နေတဲ့ ဆင်းရဲတွေဟာ အမြဲမကောင်းဘူးဆိုတာ ပိုင်းခြားသိသွားတာ၊ အဲဒီ ဆင်းရဲတွေအပေါ်မှာ သာယာတပ်မက်တဲ့ တဏှာလဲ ငြိမ်းတန်သမျှ ငြိမ်းတယ်။

အဲဒီနိဗ္ဗာန်ကို မျက်မှောက်ပြု တွေ့သွားတဲ့ ဥစ္စာက အရိယမဂ္ဂသစ္စာအစစ်ပဲ၊ အဲဒီတော့ သစ္စာလေးပါးတရားကို ထူးသောဉာဏ်နဲ့ သိတယ်ဆိုတာ ဒီလိုသိတာ၊ ဘာဝိတော–မိမိသန္တာန်၌ ဖြစ်စေအပ်သည် ရှိသော်၊ ဘာဝိတော–မိမိသန္တာန်၌ ပွားစေအပ်သည်ရှိသည်ရှိသော်၊ ဗဟုလီကတော့–အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်၊ အဘိညာယ–သစ္စာလေးပါးတရားကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ သံဝတ္တတိ–ဖြစ်ပါ၏၊ မြတ်စွာဘုရားက ရှင်မဟာကဿပကြီး သစ္စာလေးပါး သိဖို့ရာပဲလို့ ဟောတော့ ရှင်မဟာကဿပကြီးက သူဒီနည်းနဲ့သိလာတာကို အမှတ်သတိလေးနဲ့ ဒီလိုသိတော့ ဟိုတုန်းကသိခဲ့တာတွေ ပြန်ပြီးအသစ်ဖြစ်ပြီး ပေါ်လာတယ်၊ ဟိုတုန်းက သိခဲ့တာတွေ အသစ်ပြန်ပေါ်လာတယ်–

ယခုလူတွေမှာ ငယ်ငယ်ရွယ်ရွယ်ကနေပြီးတော့ ပျော်ခဲ့ပါးခဲ့တာတွေကို မိတ်ဆွေအချင်းချင်းဆိုပါတော့ ငယ်ငယ်က ပျော်ခဲ့တာတွေကို အသက်က ၄–၅–၆၀–ရှိတော့ တစ်ခါ ပြန်ပြီးတော့စမ်းခပ်ပြီး ပြန်ပြောလို့ရှိရင် တစ်ယောက်ကလဲ ဟိုတုန်းက ဘယ်သွားတာ–ဘယ်သွားကြတာ၊ ဘာတွေ့ကြတယ်၊ ဘာတွေ့ကြတယ်၊ ဘယ်လိုပျော်တာပဲညာပဲနဲ့ ဟိုတုန်း–ငယ်ငယ်တုန်းက ပြောခဲ့တာလေးဟာ အသစ်လိုဖြစ်ပြီး ပေါ်လာတတ်တယ်၊ အဲဒီလိုပဲပေါ့ ရှင်မဟာကဿပကြီးမှာ ပီတိသမ္ဗောဇ္ဈင်က သစ္စာလေးပါး ထူးသောဉာဏ်ဖြင့် သိဖို့ရာအကြောင်း မြတ်စွာဘုရားကနေပြီး ဟောလိုက်တော့ တစ်ခါတည်း ဟိုတုန်းက ဝိပဿနာရှုတုန်းက ဖြစ်ခဲ့တဲ့ ပီတိသမ္ဗောဇ္ဈင်ဟာ ပူပူနွေးနွေး တစ်ခါတည်းပေါ်လာတာကိုး။

အဘိညာ ထူးသောဉာဏ်ဖြင့်သိခြင်းငှာ၊ သမ္မောဒါယ–သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှာ၊ သစ္စာလေးပါးဆိုတာ သိခဲတယ်၊ လူတွေဟာ ယခုသစ္စာလေးပါး တွေ့တော့တွေ့နေတာပါပဲ၊ ဒါပေမယ့်မသိလို့ မြင်ရတာကလဲ ဒုက္ခသစ္စာပဲ၊ ဒုက္ခ ထင်ရဲ့လား၊ မထင်ဘူးလား၊ မြင်တာကဘာလဲ ဒုက္ခသစ္စာ ဆင်းရဲလားဆို မထင်ဘူး၊ အဲဒါ ထိုးထွင်းပြီးတော့မသိလို့ မဖောက်ထွင်းနိုင်တာ၊ ဘယ်သူက ခံနေလဲဆို အဝိဇ္ဇာခံနေတယ်တဲ့၊ အဝိဇ္ဇာက ဖုံးနေတယ်၊ အဝိဇ္ဇာက ဘယ်လိုဖုံးသလဲ၊ အဝိဇ္ဇာက အဝတ်များ ဖုံးသလိုလား၊ ဖျာနဲ့အုပ်ထားသလို ဖုံးသလား၊ အိုးများ, သပိတ်များ, စလောင်းများဖုံးသလို ဖုံးသလား၊ဒီလိုမဟုတ်ပါဘူး၊ မြင်ပြီးတာနဲ့ ပကတိအသိတွေ ရောက်သွားတာ၊ မြင်မိတာနဲ့ သြော်–ယောကျ်ားပဲ, မိန်းမပဲ, ဘယ်သူဘယ်ဝါပဲ, ငါပဲ, သူပဲ၊ ဒီလိုသိသွားတာကို၊ အဲဒါက အဝိဇ္ဇာပဲ။

အဝိဇ္ဇာနဲ့ တိုက်ရိုက်၊ အကုသိုလ် အဝိဇ္ဇာနဲ့ တိုက်ရိုက် သိတာကလဲ ရှိတယ်၊ အဝိဇ္ဇာ၏ ကိုယ်စားလှယ်ဖြစ်တဲ့ ကုသိုလ်နဲ့ သိတာလဲရှိတယ်၊ ကုသိုလ်နဲ့သိလဲ မထူးဘူး၊ အဝိဇ္ဇာကိုယ်စားလှယ်ဆိုတော့ အဝိဇ္ဇာလို့ ခေါ်ရတာပဲ၊ အဲဒီလို သိသွားတာ၊ မြင်ပြီးရင် မိရိုးဖလာအတိုင်း သိရိုးသိစဉ်အတိုင်း ယောကျ်ားမိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ၊ ဒီလိုသိတယ်၊ ကြားပြီးရင်လဲ ဒီလိုသွားတာပဲ၊ နံပြီး, စားပြီးရင်လဲ ဒီလိုသိတယ်၊ အဲဒါစဉ်စားတိုင်း စဉ်းစားတိုင်း ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် ထင်မြင်သောအားဖြင့် ထင်နေတယ်၊ ချမ်းသာသောအားဖြင့်ထင်၊ ပုဂ္ဂိုလ်သတ္တဝါ ငါကောင်, သူကောင်, သတ္တဝါကောင် ထင်ပြီးတော့ အဲ–ကောင်းစားချမ်းသာအောင်လို့ ပြုစု၊ အားထုတ်မှုတွေ နောက်ကလိုက်လာတာ ကုသိုလ်အကုသိုလ်ကံတွေဖြစ် ဒီကံက အကျိုးပေးတော့ ဘဝသစ်တွေဖြစ်ပြီးတော့ ဖြစ်ရာဘဝ အိုရ ဆင်းရဲရ၊ နာရတယ်၊ ဒုက္ခတွေ ရောက်နေတာ၊ အဲဒါဟာ သစ္စာလေးပါးထိုးထွင်း၍ မသိနိုင်တာပဲတဲ့။

ဒီအဝိဇ္ဇာခံနေလို့ အဲဒီ အဝိဇ္ဇာပယ်နေရတာ မြင်တိုင်းမြင်တိုင်းမှတ်၊ အဝိဇ္ဇာ မလာခင် အဝိဇ္ဇာတွေထက်ဦးအောင် ဒီကမှတ်လိုက်ရတာကိုး၊ သတိလေး သွင်းလိုက်ရတာကိုး၊ သတိက ဒီကမသွင်းလိုက်လို့ရှိရင် ဟိုကအဝိဇ္ဇာက ဝင်လိမ့်မယ်၊ ဒီကြားထဲကလာတာ၊ ဟိုကန့်လန့်ကာ ချလိုက်စမ်း၊ ကြားထဲကန့်လန့်ကာအမိတ်နဲ့ တိုးခံလိုက်တာ၊ ချပြီးတာနဲ့ အမှတ်မဲ့နေလိုက်လို့ရှိရင် ပိတ်သွားပြီ၊ အဝိဇ္ဇာကငါပဲ၊ သူပဲ ယောကျ်ား မိန်းမပဲ ဖြစ်ကုန်ရော မရဘူး၊ ပြင်လို့ မရတော့ကို ကြားပြီးလို့ရှိရင်လဲ မမှတ်ဘဲနေရင် ဒီအတိုင်းရောက်သွားတာပဲ၊ အဲ–ယခု အဲဒီအပိတ်အပင်တွေကို မရောက်အောင်လို့ မြင်မြင်ခြင်း ဒီကနေပြီး အမှတ်ကလေးတွေလိုက်ထည့်တယ်။

အဲဒါကြောင့် ဘာဝိတော–ပွားစေအပ်သည်ရှိသော်၊ ဗဟုလီကတော–အကြိမ်များစွာ လေ့လာအပ်သည် ရှိသော်၊ သတိ သမ္ဗောဇ္ဈင်္ဂေါ်တိ–သတိ သမ္ဗောဇ္ဈင်သည်၊ အမှတ်ရမှု သတိ သမ္ဗောဇ္ဈင်သည်၊ သမ္ဗောဒါယ–သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှာ–သံဝတ္တတိ–ဖြစ်ပါ၏။ ဒီသစ္စာလေးပါး တရားတွေကို ဖြစ်ပျက်နေလို့ ဆင်းရဲခြင်းတွေပဲလို့ ဒီလိုမှတ်တိုင်း, မှတ်တိုင်းမှာဖြစ်ပါတယ်။

ဥဒယဗ္ဗယဉာဏ်ကစပြီးတော့သိတယ်၊ ဥဒယဗ္ဗယဉာဏ်မရောက်ခင်တော့ အဲဒီသမ္မသနဉာဏ်က အတော်အတန်သိလာတယ်၊ ဥဒယဗ္ဗယဉာဏ်ကျတော့ ပိုသိတယ်၊ သိတာပေါ့ အဖြစ်အပျက်တရားတွေပဲ၊ ဆင်းရဲတွေပဲ၊ ဘာမျှ အားမကိုးလောက်တဲ့ တရားတွေပဲ၊ ဘယ်အချိန်မဆို သေနိုင်တဲ့တရားတွေပဲ၊ ဒီလိုသိတာကို၊ အဲဒါအဝိဇ္ဇာတည်းဟူသော အကွယ်အကာကြီးကို ဖောက်ထွင်းပြီးသကာလ သိသွားတာတဲ့ မှန်တာတွေ ထိုးထွင်းပြီးတော့သိတာ။

နိဗ္ဗာနာယ သံဝတ္တတိ၊ နိဗ္ဗာနာယ – ဆင်းရဲခပ်သိမ်း ငြိမ်းခြင်းငှာ၊ သံဝတ္တတိ–သိ၏၊ နိဗ္ဗာန်မျက်မှောက် ပြုဖို့ရာဖြစ်ပါတယ်တဲ့၊ ရှင်မဟာကဿပကြီးက ဒီလိုအားထုတ်လို့ နိဗ္ဗာန်ကိုမျက်မှောက် သူတွေ့လာတာကို၊ ဒီလမ်းနဲ့ပဲတွေ့လာတာ၊ ဒီတော့ နိဗ္ဗာန်မျက်မှောက်ပြုဖို့ရာ ဟုတ်ပါတယ်လို့ ဟိုတုန်းက အားထုတ်ပြီး နိဗ္ဗာန်ကိုတစ်ခါတည်း ကိုယ်တိုင် တွေ့လာခဲ့တာတွေ ပြန်ပြီးအသစ်လိုပေါ်လာတာကို၊ ပီတိတွေ ဖြစ်လာတာပေါ့၊ ပီတိတွေဖြစ်တာ တစ်ခါတည်း အားရတဲ့ပီတိတွေဖြစ် ပီတိ သမ္ဗောဇ္ဈင်္ဂေါ်လို့ အတူပဲ။

ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ် ခေါ် ကဿပ မယာ သမ္မာဒဏ္ဍာတော၊ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ–

အဲဒီ တရားတွေကို စူးစမ်းဆင်ခြင်ပြီးသိတဲ့, ပိုင်းခြား ခွဲခြမ်းပြီးသိတဲ့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်လည်း ပွားများလို့ရှိရင် ထို့အတူပဲ၊ သစ္စာလေးပါးတရားကို ထူးသောဉာဏ်နဲ့သိလို့ ထိုးထွင်းပြီးသိဖို့, နိဗ္ဗာန်မျက်မှောက်ပြုဖို့, ဖြစ်ပါတယ်လို့ အဲဒီလို မြတ်စွာဘုရားဟောလိုက်တော့ အဲဒါတွေလဲ ပြန်ပြီးတော့ ပေါ်လာတယ်။

ဝီရိယသမ္ဗောဇ္ဈင်္ဂေါ် ခေါ် ကဿပ မယာ သမ္မဒဏ္ဍာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဒါယ၊ နိဗ္ဗာနာယ သံဝတ္တတိ၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ် ခေါ် ကဿပ မယာ သမ္မဒဏ္ဍာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဟော–ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင် အဲဒီ ဗောဇ္ဈင်တရားတွေလဲ ပွားများလို့ရှိရင် သစ္စာလေးပါး ထိုးထွင်းဉာဏ်ဖြင့် သိဖို့၊ ထူးသောဉာဏ်ဖြင့်သိဖို့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ဖြစ်ပါတယ်တဲ့၊ မြတ်စွာဘုရားက ဟောထားတယ်၊ ဒီဗောဇ္ဈင်တရားတွေ, ဟိတုန်းကဖြစ်ခဲ့တာတွေ ပြန်ပြီးပေါ်လာတာကို၊ အဲ ပီတိသမ္ဗောဇ္ဈင်တွေ ဖြစ်တယ်တဲ့၊ ကဲ–ပီတိသမ္ဗောဇ္ဈင်တွေ ဖြစ်လိုက်တော့ ပီတိဇရုပ်တွေ တစ်ကိုယ်လုံး ဖျိုးဖျိုးဖျင်းဖျင်းနဲ့ ပြန်ပြီးတစ်ခါတည်း ဖြစ်သွားတာကို၊ အစကနေမကောင်းတဲ့ရုပ်တွေ ပျောက်သွားတယ်။

ဘာနဲ့တူသလဲဆိုတော့ ပုလင်းထဲမှာ လေတွေရှိနေတယ်၊ ပုလင်းထဲမှာ လေတွေပြည့်နေတာကို ရေထည့်လိုက်လို့ရှိရင် ရေက $\frac{2}{3}$ ထည့်လိုက်ရင် အဲဒီလေက ၃–ပုံကျန်တော့တယ်၊ $\frac{2}{3}$ ကို တစ်ပုံကထွက်သွားတယ်၊ ရေတစ်ဝက်လောက် ထည့်လိုက်လို့ရှိရင် တစ်ဝက်လောက်က လေပဲ ထွက်သွားတယ်၊ လေးပုံသုံးပုံ ထည့်လိုက်လို့ရှိရင် ၃–ပုံလောက် ရေတွေရောက်သွားရော၊ ၃–ပုံလောက်က ထွက်သွားတယ်၊ ၁–ပုံလောက်ပဲ ကျန်တော့တယ်၊ အကုန်လုံးနှုတ်ခမ်းထိအောင်ထည့်ရင် လေတစ်ခုမှမရှိတော့ဘူး၊ ကုန်ရောပဲ၊ ထွက်သွားတာက အဲဒါလိုပဲ၊ ကိုယ်ထဲမှာ ပီတိဇရုပ်တွေကလဲ အကုန်လုံး တစ်ခါတည်း တစိမ့်စိမ့်နဲ့ပျံ့ပြီးတော့ ဖြစ်လိုက်တော့ မူလက ပျက်ပြီးရုပ်တွေ ပျက်နေတဲ့ဓာတ်တွေဖောက်ပြန်ပြီး ပျက်နေတဲ့ရုပ်တွေဟာ တဖြည်းဖြည်း တစ်ခါတည်း ကုန်ကုန်သွားတာကို၊ ကုန်ဆိုတာ ဖြစ်ပြီးပျောက်သွားတာပဲ၊ (အသစ်–၂)တွေ နောက်ထပ်ဖြစ်နေလို့ မကောင်းတဲ့ ရုပ်တွေလဲ ထပ်ကာ, ထပ်ကာ ဖြစ်နေတယ်။

ဒီတော့ ယခု ပီတိဇရုပ်တွေက နောက်ကလိုက်ပြီးတော့ ဖြစ်လာတာ၊ တစ်ခါတည်း ရုပ်ကောင်း ရုပ်ဟောင်းတွေက မကောင်းတဲ့ဟာတွေက ကုန်ကုန်သွားပြန်တော့ အသစ်ပြန်ပြီးတော့ မကောင်းတာတွေ မဖြစ်လာဘူး၊ အကောင်းကြည့် တစ်ခါတည်း နောက်ကလိုက်ပြီး ဖြစ်လာတယ်၊ အဲဒါကျန်မာသွားတာပဲ၊ ယခု ဆေးဝါးတွေလဲ ဒီအတိုင်းပဲ၊ မမြင်ရလို့၊ ထိုးတဲ့ဆေးတွေ့ရင် တစ်ကိုယ်လုံးပျံ့ပြီးလို့ ဖြစ်သွားရင် ဆေးက ရုပ်ကောင်းတွေက အားပေးလိုက်တော့ ကိုယ်ထဲမှာ ရုပ်ကောင်းတွေ ဆက်ပြီးတော့ ဖြစ်သွားတော့ မကောင်းတဲ့ရုပ်တွေ ပျောက်သွားတာ။

နေကောင်းထိုင်ကောင်း ဖြစ်သွားတယ်၊ စားတဲ့ဆေးလဲ ဒီအတိုင်းပဲ၊ လိမ်းတဲ့ဆေးလဲ ဒီအတိုင်းပဲ ကိုယ်ထဲမှာပျံ့ပြီး ဆေးတွေပျံ့သွားတော့ ရုပ်ကောင်းတွေဖြစ်လာတော့ ရုပ်မကောင်းတာတွေက နောက်ထပ် အသစ်မဖြစ်ရဘဲနဲ့ ကုန်ကုန်သွားတာကို၊ ရုပ်ကောင်းတွေ ဖြစ်သွားတဲ့အခါမှာ တစ်ကိုယ်လုံးကောင်းသွားတာပဲ၊ ကျန်းမာသွား နေကောင်း, ထိုင်ကောင်း ဖြစ်သွားတယ်။

အဲဒါလိုပဲ၊ ယခု ပီတိတွေ ပျံ့ပြီးတော့သွားလို့ ရှင်မဟာကဿပကြီးလဲ တရားနာရင်း ရောဂါဝေဒနာတွေ ပျောက်သွားတယ်တဲ့ ထို့အတူ ရှင်မဟာမောဂ္ဂလာန်ပဲ ရောဂါဝေဒနာ ပျောက်တယ်တဲ့၊ မြတ်စွာဘုရား ကိုယ်တိုင်တောင်မှ ရှင်စုန္ဒ–ဟောတဲ့ တရား နာပြီးတော့ ရောဂါဝေဒနာတွေ ပျောက်သွားတယ်တဲ့၊ အဲဒါအများလဲ ကြားသိနေကြတယ်၊ ဒီဗောဇ္ဈင်တရားအင်မတန်ကောင်းပါတယ်၊ သူက နာရတဲ့သူလဲ ကောင်းပါတယ်၊ အဲ–ယခု နေမကောင်း ထိုင်မသာဖြစ်တဲ့ ပုဂ္ဂိုလ်တွေလဲ အဲဒီတုန်းက ရှင်မဟာကဿပကြီး ရောဂါပျောက်ပုံတွေ ကိုယ်မှာ ဗောဇ္ဈင်တရားတွေ ကောင်းကောင်းမရှိနဲ့ဦးတော့ ရှင်မဟာကဿပကြီး ရောဂါပျောက်ပုံတွေ ရှင်မဟာမောဂ္ဂလာန် ရောဂါပျောက်ပုံတွေ မြတ်စွာဘုရားက တရားနာပြီး ရောဂါပျောက်ပုံတွေ ရှင်စုန္ဒက တရားဟောနေပုံတွေ အဲဒါတွေ စိတ်ထဲမှန်းပြီးတော့ အာရုံပြုလိုက်ရင် ပီတိသမ္ဗောဇ္ဈင်တွေ ဖြစ်ဖို့ရာ အကြောင်းရှိပါတယ်၊ ဖြစ်လဲဖြစ်စရာ တော်တော်ကောင်းပါတယ်။

မြတ်စွာဘုရား တစ်ခါတည်း ရှင်မဟာကဿပကြီး အနားထိုင်ပြီးတော့ တရားဟောနေပုံ၊ ရှင်မဟာကဿပကြီးက တရားနာနေပုံ၊ နေမကောင်းရင် တစ်ခါတည်း ရှင်မဟာမောဂ္ဂလာန်ကြီး အနားထိုင်ပြီး တရားနာနေပုံ၊ ရှင်မောဂ္ဂလာန် တရားနာနေပုံ၊ မြတ်စွာဘုရားအနား ထိုင်ပြီးတော့ ရှင်စုန္ဒကတရားဟောနေပုံ၊ မြတ်စွာဘုရားက တရားနာနေပုံ၊ ပီတိသမ္ဗောဇ္ဈင်တွေ၊ ပီတိတရားတွေ ပီတိသမ္ဗောဇ္ဈင်တွေ ဖြစ်လာပုံ၊ အဲဒါတွေ ပြန်စဉ်းစားလိုက်ရင် ကြည်ညိုစရာလဲ ကောင်းတယ်၊ နေမကောင်းထိုင်မကောင်းဖြစ်ရင် တော်ရုံတန်ရုံဟာတော့ဖြင့် ပျောက်သွားစရာ အကြောင်းရှိပါတယ်။

အဲဒါ ကောင်းပါတယ်၊ ဒီလို စဉ်းစားရုံနဲ့ မဖြစ်လို့ရှိရင် အရှုတ်အဖတ် ကောင်းတဲ့ပုဂ္ဂိုလ်တွေ ဗောဇ္ဈင်တွေ ရှုတ်ခိုင်းပေါ့၊ ရှုတ်ပြီးတော့ အာရုံပြု၊ ပါဠိသက်သက် ရှုတ်တတ်တဲ့ ပုဂ္ဂိုလ်က ပါဠိသက်သက် ပီပီသသ ရှုတ်မှကို၊ ဗလုံးဗထွေး ရှုတ်လို့တော့ မကောင်းဘူး၊ အနက်ပါ ရှုတ်တတ်လို့ရှိရင်လဲ အနက်အဓိပ္ပာယ်ပါ ပြောတတ်လို့ရှိရင် ပိုကောင်းတာပေါ့၊ သူ့ဟာ၊ အဲ့ဒါ ရှုတ်ဖတ်ပြီးနေရင် အင်မတန်ကောင်းပါတယ်၊ အဲဒါကြောင့်မို့။

နှစ်သိမ့်ရောင့်ရဲ ဝမ်းလဲမြောက်သည်။

အဲ –နှစ်သိမ့် ရောင့်ရဲပြီး ဝမ်းမြောက်တဲ့ဥစ္စာ ပီတိသမ္ဗောဇ္ဈင်ရုပ်ကောင်း ရုပ်သန့် ပျံ့နှံ့စေသည်၊ ရုပ်ကောင်း ရုပ်သန့် တွေ တစ်ကိုယ်လုံး ပျံ့နှံ့စေတာလဲ ပီတိသမ္ဗောဇ္ဈင်ပဲ၊ ကိုင်း–ဆိုရဦးမယ်။

နှစ်သိမ့်ရောင့်ရဲ၊ ဝမ်းလည်းမြောက်သည်၊
ရုပ်ကောင်း ရုပ်သန့် ပျံ့နှံ့စေသည်။
ကိုယ်စိတ်ပေါ့လျက် ကြွတက်ထင်သည်
မြတ်ပီတိ မှတ်သိဗောဇ္ဈင်မည်။ (ဆို–၃)

ကိုယ်စိတ်ပေါ့လျက် ကြွတက်ထင်သည်၊ ကိုယ်စိတ်တွေ ပေါ့ပါးပြီးတော့ ကြွတက်နေတယ်လို့ ထင်ရပါတယ်တဲ့၊ အဲဒီအခါမှာ အဲဒါ တရားအားထုတ်လို့ ပီတိဖြစ်ဖူးတဲ့ ပုဂ္ဂိုလ်တွေ လက်တွေ့ပေါ့လေ၊ ဒါတွေ ပေါ့ပါးပြီးတော့ နေတာတွေ သိပ်ထင်ရှားပါတယ်၊ အင်မတန်ကို ထင်ရှားတဲ့ဥစ္စာတွေ၊ မတွေ့ဘူးတဲ့ပုဂ္ဂိုလ်တော့ မထင်ရှားဘူးတဲ့၊ တွေ့ဖူးတဲ့ပုဂ္ဂိုလ်မှာ ထင်ရှားတယ်၊ ကိုယ်တွေဘာတွေ ကြွပြီးတော့ဖြစ်နေတာ၊ ဘုန်းကြီးများ ဆိပ်ခွန်မှာတုန်းက တစ်ချို့ပုဂ္ဂိုလ်တွေ တရားအား ထုတ်ရင် ဒီပီတိတွေကြီးဖြစ်လာတော့ သူဘယ့်နှယ်ပြောလဲဆိုတော့ သူတို့ကိုယ်သူတို့ တစ်ခါတည်း အောက်ကိုမထိဘဲနဲ့ ကြွ နေတယ်လို့ ထင်တာကိုး၊ ကြွနေတယ်ထင်တော့ ဘေးကလူကို ကြည့်စမ်းပါဦးတဲ့၊ ငါအောက်က ထိသေးရဲ့လား ဘေးက ပုဂ္ဂိုလ်ကြည့်တော့လဲ ထိနေတယ်။

ဒါ သူ့စိတ်ထဲက ထင်နေတာကိုး၊ သူ့စိတ်ထဲက ထင်နေတော့ ထိနေပါတယ်ခင်ဗျား၊ အေးကွ မင်းတော့ထိ၊ ငါတော့ မထိဘဲဖြစ်နေတယ်၊ လမ်းလျှောက်နေပြန်လဲ ဒီလိုပဲကြည့်စမ်းပါဦး ငါမြေကြီးထိမှ ထိသေးရဲ့လား၊ အပေါ်မှာ အောက်မေ့နေ တာကို၊ သူ့ဟာက ဘေးလူကကြည့်တော့ ခင်ဗျားဥစ္စာ ထိနေတာပါပဲ၊ အေးကွာ မင်းတော့ ထိနေ ငါကတော့ မထိဘူးထင်နေ တာ၊ သူ့ဟာ ကြွတက်နေတာကို၊ ပီတိဟာ အင်မတန်ကို ဆန်းကြယ်ပါတယ်၊ အင်မတန် နေလို့ထိုင်လို့ ကောင်းတယ်၊ အင်မတန် ကောင်းတဲ့ဥစ္စာ ဒီရောက်လို့ရှိရင် အဲဒါပီတိသဗောဇ္ဈင် ဖြစ်နေတာတဲ့၊ အင်မတန်ကောင်းတဲ့ ပီတိသဗောဇ္ဈင်၊ အဲဒီ ပီတိသမ္ဗောဇ္ဈင်က–

ယထာစ အနုပ္ပသ ပီတိသမ္ဗောဇ္ဈင်္ဂသ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာစ
ဥပန္နသ ပီတိသမ္ဗောဇ္ဈင်္ဂသ ဘာဝနာယ ပါရိပူရိ ဟောတိ တဉ္စပဇာနာတိ။

ယထာစ–အကြင်အကြောင်းကြောင့်လည်း၊ အနုပ္ပန္နသ ပီတိသမ္ဗောဇ္ဈင်္ဂသ–မဖြစ်ပေါ်သေးသော ပီတိသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒေါ–အသစ် ဖြစ်ပေါ်လာခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဉ္စ–ထိုအကြောင်းကိုလည်း၊ ပဇာနာတိ–သိ၏၊ ယောဂီပုဂ္ဂိုလ်က ပီတိသမ္ဗောဇ္ဈင် ဘာကြောင့်ဖြစ်သလဲဆိုတာ သူကသိတယ်တဲ့၊ ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်းကို သိတယ်၊ ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်းက ဘာလဲဆိုတော့၊ ဒီပီတိဖြစ်အောင်လို့ ယောနိသော မနသိကာရ နှလုံးသွင်းမှုပါပဲတဲ့။

အဲဒီ ပီတိဖြစ်အောင် ဝိပဿနာရှုမယ်လို့ ဝိပဿနာတရား အားထုတ်မယ်လို့ စောစောက နှလုံးသွင်းပြီး ဝိပဿနာ တရား ရှုမယ်မှတ်မယ် ဖြစ်တိုင်းဖြစ်တိုင်း ရှုမယ်မှတ်မယ် နှလုံးသွင်းထား၊ နှလုံးသွင်းတဲ့အတိုင်းလဲ ရှုမှတ်ပြီးနေ အဲဒီရှုမှတ် နေတာဟာ သူ့အကြောင်း ရှုမှတ်ခြင်းကြောင့်ပဲဖြစ်လာတာ၊ ဒီဥစ္စာက ဒါပြင် ဘုရား အာရုံပြုဖြစ်တာ, တရား အာရုံပြုဖြစ်တွေ ကတော့ အကြောင်းတစ်မျိုးတွေဖြစ်တာလဲ သူ၊ ယောနိသောမနသိကာရ၊ အဲဒီဘုရားဂုဏ်တွေ ကြည်ညိုဖွယ်ဖြစ်အောင် နှလုံး သွင်းတဲ့အခါ ပီတိတွေဖြစ်တယ်။

တရားဂုဏ်တွေ ကြည်ညိုဖွယ်ဖြစ်အောင် နှလုံးသွင်းတဲ့အခါ ပီတိတွေဖြစ်တယ်၊ သူလဲ အဲဒီယောနိသောမနသိကာရ ဟာ ပီတိဖြစ်ခြင်းအကြောင်းပဲတဲ့၊ ဒီတော့ ပီတိဖြစ်ချင်လို့ရှိရင် အဲဒီ ယောနိသောမနသိကာရနဲ့ ဝိပဿနာသာ ရှုပေတော့တဲ့၊ ရှုလို့ရှိရင် ဒါဖြစ်မှာပဲ၊ ဒါ မြတ်စွာဘုရားနည်းပဲ၊ အဋ္ဌကထာက သူ ပီတိဖြစ်ခြင်းအကြောင်း ပြထားတယ်၊ ဘယ်နှစ်ပါးလဲ ဆိုတော့ ပီတိဖြစ်ခြင်းအကြောင်း ဆယ့်တစ်ပါး ပြထားတယ်။

ဗုဒ္ဓါနုဿတိ–မြတ်စွာဘုရား၏ဂုဏ်ကို နှလုံးသွင်း ဆင်ခြင်ခြင်း။
ဓမ္မာနုဿတိ–တရားမြတ်၏ဂုဏ်ကို နှလုံးသွင်း ဆင်ခြင်ခြင်း။
သံဃာနုဿတိ–သံဃာတော်၏ဂုဏ်ကို နှလုံးသွင်း ဆင်ခြင်ခြင်း။
သီလာနုဿတိ–သီလဂုဏ်ကို နှလုံးသွင်း ဆင်ခြင်ခြင်း။
စာဂါနုဿတိ–စွန့်ကြဲခြင်း၏ဂုဏ်ကို နှလုံးသွင်း ဆင်ခြင်ခြင်း။

စသည်ဖြင့်ပေါ့၊ ဒါ တစ်ပိုဒ်စီထားတယ်၊ အဲဒါလေး တစ်ပိုဒ်ကို ပြောရအောင် ဆောင်ပုဒ်ကလေး အရင်ဆိုကြဦးစို့။

ရတနာသုံးစုံ၊ သီလဂုဏ်၊ စွန့်ပုံအောက်မေ့ပါ။ (ဆို–၃)။

အဲဒီရတနာသုံးစုံ ရတနာ သုံးပါးရဲ့ဂုဏ်၊ ဘုရား, တရား, သံဃာ ၃–ပါးရဲ့ ဂုဏ် ၃–ခုပေါ့၊ သီလဂုဏ်တဲ့၊ မိမိ၏ သီလ၊ စွန့်ပုံစွန့်ကြေးကမ်း လျှုဒါန်းပုံ၊ အဲဒါ ငါးခု၊ အဲဒါ အကြောင်းတရား ငါးပါးပဲ၊ အဲဒါ ဝိတိဖြစ်ခြင်း၏ အကြောင်း ငါးပါးပဲ၊ ရတနာသုံးပုံ ဘုရား, တရား, သံဃာ ၃–ပါးထဲက မြတ်စွာဘုရားရဲ့ဂုဏ်တွေ အောက်မေ့ပါတယ်၊ ဗုဒ္ဓါနုဿတိ–မြတ်စွာဘုရားဂုဏ်တို့၏ အဖန်ဖန် အောက်မေ့ဆင်ခြင်ခြင်း၊ ဘုရားဂုဏ်တော်ကို အဖန်ဖန် ဆင်ခြင်အောက်မေ့ရမယ်၊ ဗုဒ္ဓါနုဿတိ–ဆိုတာ ဘုရားဂုဏ်ကို ဆင်ခြင်တယ်၊ အောက်မေ့ဆင်ခြင်ရတယ်၊ အဲ တစ်ချို့ ပုတီးစိတ်တယ်၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ၊ ဒီလိုစိတ်နေတယ်၊ အဲဒါကတော့ ဗုဒ္ဓါနုဿတိ အစစ်တော့မဟုတ်ဘူးပေါ့လေ၊ သို့သော် ရတော့ရတယ်၊ ဗုဒ္ဓါနုဿတိဆိုတာ ဘုရားဂုဏ်ကို အောက်မေ့ရတယ်။

ဘုရားဂုဏ်တွေ၊ မြတ်စွာဘုရားရဲ့ စရိယဂုဏ်ရှိတယ်၊ ရူပကာယဂုဏ်ရှိတယ်၊ နာမကာယဂုဏ်ရှိတယ်၊ အဲဒီဂုဏ်တော်တွေ နှလုံးသွင်းရတယ်၊ မြတ်စွာဘုရား ပါရမီဖြည့်ကျင့်စဉ်က ဘုရားအလောင်းတော် ဖြစ်စဉ်က ကျင့်ကြံခဲ့တာတွေ စရိယဂုဏ်တွေခေါ်တယ်၊ အဲဒါတွေလဲ ကိုယ်တတ်သိဆင်ခြင်လိုက်လို့ရှိရင် ဒါလဲပဲ ဝိတိဖြစ်စရာ အင်မတန် ကောင်းတယ်၊ ပြီးတော့ မြတ်စွာဘုရား ရူပကာယဂုဏ်တဲ့၊ မြတ်စွာဘုရား၏ တင့်တယ်တော်မူပုံ၊ အဲယောက်ျားမြတ် ပုဂ္ဂိုလ်မြတ်လက္ခဏာ ကြီးငယ်တွေနဲ့ ပြည့်စုံပြီးတော့ ရောင်ခြည်တော် ခြောက်သွယ်နဲ့ တင့်တယ်တော်မူပုံ၊ အဲဒါကတော့ မှန်းပြီးတော့ ဆင်ခြင်ရမယ်၊ မြတ်စွာဘုရားကိုလဲ ဘယ်သူမှတွေ့ဖူးတာမဟုတ်တော့ စာထဲကပါတဲ့အတိုင်း မှန်းဆင်ခြင်ရမှာပါပဲ၊ ဒါကတော့ဖြင့် နာမကာယဂုဏ်တဲ့၊ နာမကာယဂုဏ်ဆိုတာက ကိလေသာကင်းပုံ၊ သစ္စာလေးပါးသိပုံ စသည် နာမကာယဂုဏ်၊ အဲဒါကတော့ ကိုယ်တိုင် မသိဘူးသော်လဲ တရားတွေအားဖြင့်တော့ တွေ့မှာပေါ့၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေက၊ တရားပြည့်တဲ့ အခါကာလတော့ ကိုယ်မှာကိလေသာကင်းသလို မြတ်စွာဘုရားမှာ ကင်းတယ်ဆိုတာဟာ သိနိုင်တယ်၊ ကိုယ်ရှေ့က မသိဘူးတာတွေကို သိတာလိုပဲ၊ မြတ်စွာဘုရား အလုံးစုံသိတယ်ဆိုတာ ဒါတွေကတော့ ကိုယ်တိုင် တွေ့သိနိုင်တယ်၊ ဒီဥစ္စာတွေ အဲဒီဂုဏ်တွေကို ဆင်ခြင်ရမယ်။

အဲဒီဂုဏ်တွေ စရိယဂုဏ်တွေ ဘုရားအလောင်း ကျင့်ကြံခဲ့ပုံတွေကို ဆင်ခြင်မယ်လို့ဆိုရင် မြတ်စွာဘုရားဟာ လေးသချိန်နဲ့ ကမ္ဘာတစ်သိန်းထက် ကာလတုန်းက သုမေဓာဆိုတဲ့ အမျိုးသားလေးဖြစ်တယ်၊ အမျိုးအားဖြင့် ဗြဟ္မဏမျိုးပဲ၊ အများလဲသိတော့ သိပြီးသားပါပဲ၊ သို့သော်လဲ ဝိတိသမ္ဘောဇ္ဈင်ဖြစ်ဖို့ရာအတွက် ဘုန်းကြီး နည်းနည်းပြောမယ်၊ နည်းနည်းတော့ ပြောမယ်၊ များများတော့ မပြောဘူး၊ များများပြောရင် မပြီးဘူး။

ဒီဥစ္စာတွေ အဲဒီဘုရားလောင်းဇာတ်ဝတ္ထုတွေ ပြောနေရင် ဘယ်ပြီးမလဲ၊ တစ်ဝါတွင်းလုံး ဟောရင်တောင်ပြီးမယ်မဟုတ်ဘူး၊ အများပဲ၊ နေ့တိုင်းဟောလို့ကို မပြီး၊ သူ့ဟာ အများကြီး၊ ကြည်ညိုစရာတွေ အများကြီး ရှိပါတယ်၊ အဲဒီ သုမေဓာဆိုတဲ့ အမျိုးသားလေးဖြစ်ခဲ့တယ်၊ သူ့မိဘတွေက ငယ်ရွယ်စဉ်မှာပဲ ဆုံးသွားတယ်၊ ပစ္စည်းဥစ္စာတွေကလဲ ကုဋေပေါင်း များစွာ ကြွယ်ဝပြီးတော့ အဲဒီကုဋေပေါင်းများစွာ ကြွယ်ဝပြီးတော့နေတဲ့ ပစ္စည်းတွေ သူ့မိဘတွေဆုံးပြီးတော့သွားတယ် ဆုံးသွားကြတဲ့အခါကာလကျတော့ အဲဒီသူ့ပစ္စည်းတွေကို ပစ္စည်းထိမ်း, ဘဏ္ဍာထိမ်းဖြစ်တဲ့ ပုဂ္ဂိုလ်က သူ့ကို စာရင်းတင်ပြတယ်၊ အရှင် သုမေဓ သတို့သားကလေး သင့်မိဘတွေ ဆုံးသွားကုန်ပြီ၊ ကွယ်လွန်ကုန်ပြီ၊ သင့်မိဘတွေ၏ အမွေအနှစ်ကို သင်လက်ခံပြီး သကာလ ပစ္စည်းတွေ စီမံဖို့ရာ ခန့်ခွဲဖို့ရာတဲ့၊ အဲဒီဟာတွေကို စာရင်းတင်ပြပါမည်ဆိုပြီး စာရင်းတင်ပြ၊ ပစ္စည်းတွေလိုက်ပြ၊ ဘဏ္ဍာတိုက်ထဲမှာ ဒါက သင့်အဖေလက်ထက်မှာ တိုးပွားတဲ့ဘဏ္ဍာတွေပဲ၊ ဒါက သင့်အဘိုးလက်ထက်က ဘဏ္ဍာတွေ၊ ဒါက သင့်အဘေးလက်ထက်က ဘဏ္ဍာတွေ၊ ဒါက သင့်ရဲ့ အဖေရဲ့ အဖေ၊ လက်ထက်ကဘဏ္ဍာတွေ စသည်ဖြင့် ဒါတွေ လျှောက်ပြီးတော့ပြောတယ်၊ စာရင်းရှိတာကိုး၊ အဲ–ဘယ်သူ့ လက်ထက်ပစ္စည်း၊ ဘယ်သူ့လက်ထက်က ပစ္စည်း တစ်ခါတည်း ခုနစ်ဆက်တိုင်အောင် စာရင်းမှတ်တမ်းရှိကာကိုး၊

အဲဒါတွေ လိုက်ပြီးတော့ပြတယ်၊ သုမေဓာသတို့သားက စဉ်းစားတယ်၊ ပစ္စည်းတွေစုဆောင်းတဲ့ ပုဂ္ဂိုလ်တွေကတော့ မရှိကြတော့ဘူး၊ ပစ္စည်းတွေကတော့ရှိနေတယ်၊ ပစ္စည်းစုဆောင်တဲ့ပုဂ္ဂိုလ်တွေက စုဆောင်းပြီးတော့ သူတို့လဲ ယူ၍လဲ မသွားနိုင်ကြဘူး။

ဒါတွေ တို့သုံးမယ်, တို့စွဲမယ်ဆိုပြီးတော့ ဒီပစ္စည်းတွေ စုဆောင်းကြတယ်၊ မရမက ရအောင်လို့ ရှာဖွေပြီးစုဆောင်းကြတယ်၊ စုဆောင်းပြီးတော့ သူတို့လဲမရှိကြတော့ဘူး၊ ဒါတွေသူတို့လဲ ယူ၍လဲမသွားနိုင်ကြဘူး၊ ဒီတော့ ပင်ပင်ပန်းပန်း စုဆောင်းထားရတယ်၊ ကိုယ်တိုင်ယူ၍လဲ မသွားနိုင်တော့ ဒါသူတို့ဆုံးရှုံးနစ်နာတာပဲ၊ ငါတော့ ပစ္စည်းတွေယူသွားမှ ဖြစ်တော့မှာပဲ။

သူစဉ်းစားတယ်၊ ဘယ်ပုံဘယ်နည်း ယူသွားမလဲဆိုရင် ဒါတွေ ငါစွန့်လွှတ်လျှုဒါန်းပြီးတော့ ငါတောထွက် ရသေ့ရဟန်းပြုမှာပါပဲလို့ အဲဒီလိုစဉ်းစားတယ်၊ ဘာကြောင့်လဲဆိုလို့ရှိရင် လောကမှာ အိုခြင်းတရား, နာခြင်းတရား, သေခြင်းတရား

တွေဆိုတာ ရှိတယ်တဲ့၊ ငါမိဘတွေ, ဘိုးဘွားတွေ အကုန်လုံး အိုခြင်းတရားနှင့်တွေ့လို့, နာခြင်းတရားနဲ့တွေ့လို့, သေခြင်းတရားနဲ့တွေ့လို့ အကုန်လုံးကွယ်လွန်ကုန်ကြပြီး မရှိကြတော့ဘူး၊ ဒီတော့ဘိုးဘွားတွေ, ရှေ့ရှေ့သော ပုဂ္ဂိုလ်တွေ အရိုးတောင် ရှိမှာမဟုတ်တော့ဘူး။

အဲဒါ–ဘာမျှမရှိကြတော့ဘူးတဲ့၊ သူတို့ပစ္စည်းတွေသာရှိတော့တယ်၊ ဒီတော့ အိုတတ်တဲ့တရားရှိရင် မအိုတတ်တဲ့တရားဟာလဲရှိရမှာပဲ၊ နာတတ်တဲ့တရားရှိရင် မနာတတ်တဲ့တရားရှိရမှာပဲ၊ သေတတ်တဲ့တရားရှိရင် မသေတတ်တဲ့တရားလဲ ရှိရမှာပဲ၊ အိုခြင်း, နာခြင်း, သေခြင်းကင်းတဲ့တရား ငါရှာမယ်လို့ သူစဉ်းစားတာကို အဲဒါကို ယခုကာလကို ဗုဒ္ဓဘာသာ စာအုပ်တွေ, ဘာတွေလည်းကြည့်ရှုပြီး စဉ်းစားတာမဟုတ်ဘူး၊ သူ့ပင်ကိုယ်ဉာဏ်နဲ့ စဉ်းစားတာ၊ ယခုကာလဆိုရင်ဖြင့် စဉ်းစားလို့ အလွယ်သားပေါ့၊ ကျမ်းစာတွေ အများကြီးရှိတာပဲ၊ သူများပြောတာ ဟောတာတွေလဲ ကြားနေရတာပဲ၊ အလွယ်သားပဲ။

ဒါပေမယ်လို့ ယခုလူတွေက လွယ်လွန်းအားကြီးလို့ တယ်မစဉ်းစားကြဘူး၊ လွယ်လွန်းနေတာနဲ့ ခပ်ပေါ့ပေါ့ အောက်မေ့နေတယ်၊ ဟိုတုန်းကတစ်ခါတည်း ဘယ်သူမှ ပြောတာဟောတာ မဟုတ်ဘူး၊ သူ့ပင်ကိုယ်ဉာဏ်နဲ့ စဉ်းစားတာ၊ ပင်ကိုယ်ဉာဏ်နဲ့ အိုခြင်း, နာခြင်း, သေခြင်းတရားတွေကင်းတဲ့ နိဗ္ဗာန်တရား ငါရှာမယ်လို့ သူစဉ်းစားပြီးတော့ ဒီပစ္စည်းတွေကို တစ်ခါတည်း အကုန်လုံးစွန့်လွှတ်ပြီးတော့ သူတောထွက်တယ်၊ တောထွက်တော့ တောထဲရောက်တဲ့အခါမှာလဲ ပေါ့ပေါ့ဆဆ မဟုတ်ဘူး၊ တစ်ခါတည်း တရားနှလုံးသွင်းပြီးတော့ အားထုတ်လို့ ရှေးကလဲဘုရားအလောင်းဟာ ပါရမီတွေက တော်တော်ရှိလာပုံတော့ရတယ်။

ဘာဖြစ်လို့တုံးဆိုတော့ သူ ၇–ရက်အတွင်းမှာ ဈာန်အဘိညာဉ်တွေ ရတယ်ဆိုတာကို၊ ၇–ရက်အတွင်း ဈာန်အဘိညာဉ် ရတယ်ဆိုတော့ နည်းနည်းမဟုတ်ဘူး၊ သူက ယခုကာလ ၇–ရက်မပြောနဲ့ အားထုတ်လို့ ဈာန်အဘိညာဉ်တွေ မရနိုင်ဘူး၊ ဟိုမှာ သူ ၇–ရက်အတွင်းရတယ်၊ ပြီးတော့ ဟိုတုန်းက စာအုပ်တွေဘာတွေလဲရှိတာမဟုတ်ဘူး၊ ဈာန်အဘိညာဉ်တွေက ဘယ်လို အားထုတ်လို့ ရမယ်ဆိုတာ စာအုပ်ကြီးနဲ့ ကြည့်အားထုတ်တာမဟုတ်ဘူး၊ ဆရာသမားလဲ ရှိတာမဟုတ်ဘူး၊ သူ့ဟာသူ စိတ်ကူးအားထုတ်တာ။

အဲဒါနဲ့ တစ်ခါတည်း ၇–ရက်နဲ့ ဈာန်အဘိညာဉ်တွေ ရတယ်ဆိုတော့ အင်မတန်ထူးတဲ့ပုဂ္ဂိုလ်၊ ဟိုတုံးကတည်းက ထူးပါတယ်။ ဒါဗျာဒိတ်မရသေးဘူး၊ အဲဒီလိုပဲ ဈာန်အဘိညာဉ်တွေနှင့် မွေ့လျော်ပြီးနေတုန်း တစ်နေ့သောအခါ ကာလကျတော့ အဲဒီအခါမှာ ဒီပက်ရာမြတ်စွာဘုရားကလဲ ပွင့်ပြီးလာတယ်။

ဒီပက်ရာမြတ်စွာဘုရားပွင့်လာလို့ တစ်နေ့သောအခါကာလမှာ ပစ္စန္တရာဇ၏ အစွန်အဖျားကျတဲ့ တိုင်းနိုင်ငံတစ်ခုကပေါ့လေ၊ မြို့တစ်ခုက ရမ္ဘာဝတီဆိုတဲ့မြို့တစ်ခုက အဲဒီမြို့ကနေပြီးတော့ လူတွေက မြတ်စွာဘုရားပင့်ဖိတ်ပြီးတော့ ဆွမ်းလှူကြမလို့ ဆိုပဲ၊ ဆွမ်းခံကြွမလို့ ဆွမ်းခံကြွဖို့ရန် လမ်းကမကောင်းတာနဲ့ လမ်းပြင်နေကြတယ်၊ လမ်းက ချွန်တွေ ဗွက်တွေ ရှိပေလိမ့်မယ်၊ ရှေးတုန်းက လမ်းပန်းဆိုတာ သိပ်ကောင်းတာ မဟုတ်သေးဘူး၊ ယခုမှ လမ်းပန်းတွေကကောင်းတာ၊ ချွန်တွေဗွက်တွေနဲ့ ပြီးတော့လဲ အစွန်အဖျားမြို့ဆိုတော့ တော်ရုံတန်ရုံ မြို့နဲ့တူပါတယ်၊ အဲဒီလမ်း ပြင်နေကြတယ်၊ သုမေဓာရသေ့ကလဲ သူက ဈာန်အဘိညာဉ်တွေနဲ့ ကောင်းကင်ကနေပြီး ဟိုသွားဒီသွား၊ အကြောင်းကိစ္စအားလျော်စွာ သွားနေတာကို၊ ဒီနေ့သွားတော့ကို အောက်မှာ ဆူဆူနဲ့ အသံကြားတော့ အဲဒါ သူက အထက်ကောင်းကင်က ဆင်းလာတယ်၊ ကောင်းကင်က ဆင်းလာပြီးတော့ လူတွေကိုမေးတယ်၊ ဘယ့်နှယ်တုံး မင်းတို့ ဘာလုပ်ကြတာလဲလို့ ဆူဆူနဲ့၊ မင်းတို့ဘာလုပ်ကြတာလဲ၊ ဟာ–ယခုလောကမှာ ဘုရားပွင့်တယ် (ဘုရားပွင့်တယ်–၂) ပွင့်တယ်ကြားတာနဲ့ မေ့သွားတယ်ဆိုတာကို၊ ပီတိဖြစ်လာတယ်။

ဘုရားပွင့်တယ် ဆိုတာဟာ ကြားလိုက်တာနဲ့ ပီတိဖြစ်တယ်၊ သူတော်ကောင်းပုဂ္ဂိုလ်တွေက ဒီလို ဘုရားတို့, တရားတို့ ဒီလိုဥစ္စာတွေ ကြားရလို့ရှိရင် ပီတိဖြစ်တယ်၊ ဘုရားသာမန် ကြားတာတော့လဲ မဖြစ်ပေဘူး၊ ဒီမှာ ဘုရားပွင့်တော်မူတယ်ဆိုတော့ ပီတိဖြစ်တာပေါ့၊ ယခုကာလလဲ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားတဲ့ ပုဂ္ဂိုလ်တွေက တရားကျင့်ကြံအားထုတ်ချင်တဲ့ ပုဂ္ဂိုလ်တွေဟာ အင်း–မဂ်ဖိုလ်နိဗ္ဗာန် ရရာရကြောင်းဖြစ်တဲ့ တရားတွေကို ဘယ်ဆရာတော်ကဖြင့် ဟောနေတယ်၊ ဘယ်ပုဂ္ဂိုလ်ကြီးဖြင့်လက်တွေ့ တစ်ခါတည်းပြနေတယ်ဆိုတာ သေသေချာချာကြားလို့ ပီတိတွေအများကြီး ဖြစ်တယ်၊ သူလဲပဲ အစတုန်းက ဒီနည်းရှာနေတာကို၊ အားထုတ်ချင်နေတာကို၊ အားမထုတ်ချင်တဲ့ ပုဂ္ဂိုလ်အဖို့တော့ ဒီလိုမဖြစ်ဘူးပေါ့၊ အားထုတ်ချင်တဲ့ပုဂ္ဂိုလ်အဖို့ကတော့ အဲဒီလို ဒီနည်းနိဿျတွေ ကျကျနန ဟောပြောနေသတဲ့ဆိုလို့ရှိရင် တစ်ခါတည်း ပီတိတွေအများကြီးဖြစ်တယ်။

အဲဒါ နောက်တစ်ခါ ထပ်ပြီးတော့မေးတော့ ဘုရားပွင့်တော်မူတဲ့ အကြောင်းပြောတော့ ဘုရားပွင့်တော်မူတယ်တဲ့၊ ဒီမှာ အဲဒါ သူတို့မြို့ကို ဆွမ်းခံကြွဖို့တဲ့၊ အဲဒါ ဆွမ်းခံလမ်း မကောင်းလို့ ပြင်နေကြတယ်တဲ့၊ ဒီမှာ သုမေဓာရသေ့က ဒီလိုဆိုလို့ရှိရင် ငါလဲ ဒီအထဲမှာ ကုသိုလ်ပါဝင်ဦးမှပဲလို့ သူ့လဲပဲ နေရာတစ်ခုပေးပါဦး၊ အကျွန်ုပ်လဲ နေရာတစ်ခုပေးပါ၊ ကျွန်ုပ်လည်း လမ်းပြင်ချင်ပါတယ်၊ သုမေဓာရသေ့က ပြောတာကိုး၊ ပြောတော့ လူတွေက စဉ်းစားတယ်၊ ရသေ့ကြီးဟာ တန်ခိုးကြီး

တယ်၊ သူက ရသေ့ကြီး သူက ကောင်းကင်လည်း ပျံနိုင်တဲ့ တန်ခိုးကြီးတယ်၊ ဒီတော့ ရသေ့ကြီးအတွက် အခက်ဆုံးနေရာ ပေးကြစို့ရဲ့၊ သူ့မှာ တန်ခိုးနဲ့ဆို လွယ်လွယ်လေးပြီးသွားမှာပဲ ဆိုပြီးတော့ ရွှံ့ဗွက်တွေ ထူပေ့ဆိုတဲ့နေရာမှ မကောင်းဆုံးနေရာ သူ့ပေးတာကိုး။

လူတွေက တော်တော်သက်သာခံတဲ့ လူတွေပဲ၊ ဒီလို ကုသိုလ်များများရအောင် မလုပ်ဘူး၊ သက်သာခံတဲ့လူတွေ၊ ရသေ့ကြီးက သူတို့မျှော်လင့်တဲ့အတိုင်း မဟုတ်ဘူး၊ ရသေ့ကြီးကလဲ ပေါက်တူးနဲ့ တောင်းနဲ့ယူပြီးသကာလ သူက သူများလိုပဲ လုပ်တာပဲ၊ တန်ခိုးနဲ့ လုပ်လိုက်ရင်တော့ ဖြစ်တာပေါ့လေ၊ ဒီနေရာတွေ အကုန်လုံး ရွှံ့ဗွက်တွေပျောက်ပြီးတော့ကို ခြောက်သွေ့တဲ့မြေတွေ ဖြစ်စေ, သဲတွေဖြစ်စေ စသည်ဖြင့် တန်ခိုးနဲ့ ဖန်ဆင်းလို့ရပါတယ်၊ အမြဲတမ်းသာ မရတာ ခဏတော့ ရတယ်၊ အမြဲတမ်း အစစ်တော့မဖြစ်ဘူး၊ အတုအပ ခဏတော့ရတယ်၊ ဘာနဲ့တူသလဲဆိုတော့ မျက်လှည့်နဲ့တူတယ်၊ ခပ်တူတူနဲ့ တူပါတယ်၊ သူ့ဥစ္စာ တန်ခိုးကလဲပဲ တော်ရုံတော့ အသုံးချလို့ ရပါတယ်၊ အမြဲတမ်းတော့ အသုံးချလို့ မရဘူး၊ အဲဒီလို လုပ်လို့ရပါတယ်၊ ရပေမယ်လို့ ဒါကို သူကမသုံးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုလုပ်လို့ရှိရင် ကုသိုလ်ကရချင်လို့ လုပ်တာကိုး၊ ကုသိုလ်သိပ်မရဘူးထင်ပြီး ကုသိုလ်တွေရအောင် ကာယကံ ကုသိုလ်တွေ ထိထိရောက်ရောက်ရောက်အောင် ကိုယ်ထဲကို၊ ဒီခန္ဓာကိုယ်ကြီးဟာ ဘာမျှအသုံးမကျတဲ့ အနိစ္စ, ဒုက္ခ, အနတ္တတော့ သိချင်မှလဲ သိမယ်။

ဒီနေရာမှာ ရသေ့က ဘုရားတရားလဲ မရသေးဘူး၊ သူ ဈာန်အဘိညာဉ်သာ ရနေတာ အဲဒါ သူအနိစ္စ, ဒုက္ခ, အနတ္တ တွေတော့ သူဆင်ခြင်တတ်ချင်မှ ဆင်ခြင်တတ်မယ်၊ အဲဒီ (အိုတတ်, နာတတ်, သေတတ်တဲ့ ကိုယ်ကြီးလို့ ဒီလိုတော့ သိမှာပဲ၊ ဒီကိုယ်ကြီးဟာ တစ်နေ့ကျ ပျက်သွားမှာပဲ။

အဲဒီတော့ ဒီကိုယ်ကြီးထဲကနေပြီးတော့ အဖိုးတန်တဲ့ကုသိုလ်တွေ ထုတ်ယူမယ်ဆိုတဲ့အနေနဲ့ တစ်ခါတည်း အပင်ပန်းခံပြီးတော့ ကိုယ်ထိလက်ရောက် ဆောင်ရွက်တာကိုး၊ သူများလိုပဲ မြေကြီးတောင်းနဲ့ တစ်ခါတည်းထမ်းလောင်း၊ ဒီလိုလုပ်နေတာကိုး၊ လုပ်နေတော့ သူ့မကောင်းဆုံး နေရာပေးထား၊ သူများက လူတွေအများကြီး ဝိုင်းလုပ်တော့ သူများ နေရာတွေတော့ ပြီးတာပေါ့၊ ရသေ့ကြီးပေးထားတဲ့နေရာက ရသေ့ကြီးရထားတဲ့နေရာက တကတဲ မကောင်းဆုံးနေရာကလဲဖြစ်၊ သူတစ်ယောက်တည်းလုပ်နေတော့ ဘယ်ပြီးမလဲ၊ မပြီးဘူး၊ မပြီးတာလဲ ခပ်ကောင်းကောင်းပဲနဲ့ တူတယ်ပြီးလို့ရှိရင် သူဒါပြင်နေရာသွားချင်လဲ သွားမယ်၊ မပြီးတော့ ဘုရားကြွလာသည့်တိုင်အောင် လုပ်ရတာရှိသေးတယ်၊ မပြီးတာနဲ့ တစ်ခါတည်း တစ်နေ့လုံး,တစ်ညလုံး, ရသေ့ညအိပ်ရပုံမပေါ်ဘူး၊ အဲဒီမှာ မြေတွေဖို့ရတာကိုး၊ အဲ–သူဖို့နေလို့ မပြီးသေးဘူးတဲ့၊ ပြီးလုခါနီး လူတစ်ကိုယ်စာလောက်ပဲ ကျန်တော့တယ်၊ လူတစ်ကိုယ်စာလောက် အဲဒီလောက်ကလေး ကျန်တဲ့အချိန်မှာ မြတ်စွာဘုရားကလဲ အချိန်ကျလို့ ဆွမ်းခံကြွတာကိုး၊ သံဃာတော် လေးသိန်းနဲ့ ကြွလာတယ်၊ အများကြီးပဲ။

လေးသိန်းဆိုတာကို နည်းတာမဟုတ်ဘူး၊ လေးသိန်းဆိုတော့ အင်မတန်အများကြီးပဲ၊ သံဃာတော်လေးသိန်း နောက်ပါ အရံ သံဃာတော်တွေ ရဟန်းတွေချည်းပဲ၊ ဖြစ်မှာပါပဲ၊ သံဃာတော်လေးသိန်းနဲ့ မြတ်စွာဘုရားက ကြွပြီးလာတော့ အင်မတန် ကြည်ညိုစရာ ကောင်းမှာပေါ့၊ တသီတစ်တန်းကြီး မြတ်စွာဘုရားကလဲဘုရားဖြစ်လို့ ဘုရား၏ရုပ်လက္ခဏာတွေနဲ့ တင့်တယ်စွာကြွလာတယ်၊ ရောင်ခြည်တော် ခြောက်သွယ်တွေနဲ့ကြွတယ်၊ နောက်က သံဃာတော်တွေကလဲပဲ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့လို လက်ယာရံ, လက်ဝဲရံ မဟာသာဝက အဂ္ဂသာဝကတွေနှင့်တကွ ရဟန္တာတွေနောက်ကလဲ တသီတစ်တန်းကြီး ကြွပြီးလာတယ်၊ အင်မတန် ကြည်ညိုစရာကောင်းမှာပေါ့၊ ယခုကာလတောင်မှ သပ်သပ် ယပ်ယပ် သံဃာတော်တွေ သင်္ကန်းရုံပြီး ကြည်ညိုဖွယ်ကြွလာလို့ရှိရင် အင်မတန် ကြည်ညိုစရာကောင်းတယ်၊ မကြည်ညိုတတ်တဲ့ ပုဂ္ဂိုလ်တွေတော့လဲ တချို့ ကဲ့ရဲ့ချင်ကဲ့ရဲ့မှာ၊ ဒီလိုလဲ ရှိတာပဲ။

အင်း–ကြည်ညိုတတ်တဲ့ ပုဂ္ဂိုလ်တွေအဖို့မှာဆိုရင် သပ်သပ်ယပ်ယပ် သိမ်သိမ်မွေ့မွေ့ ဒီနည်းသိက္ခာပုဒ်နဲ့အညီ ကြွပြီးလာရင် ကြည်ညိုစရာအင်မတန်ကောင်းတယ် သူက၊ အဲဒီတုန်းက မြတ်စွာဘုရားနှင့်တကွ ရဟန္တာတွေကြွလာတော့ အင်မတန် ကြည်ညိုစရာကောင်းမှာပေါ့၊ အဲဒီမှာ လူတွေရော နတ်တွေရော ပူဇော်ပြီးသကာလ ပင့်လာကြတာကို၊ သုမေဓာရှင်ရသေ့က သူ့နေရာကမပြီးသေးဘူး၊ မြတ်စွာဘုရားကြွလာပြီ၊ ကြွလာတော့ ဒီအတိုင်း ဆိုလို့ရှိရင် ငါ့နေရာဟာ မပြီးသေးဘူးတဲ့ ဒီမှာ ရွှံ့တွေရေတွေလဲ ရှိတယ်၊ မြတ်စွာဘုရား ရွှံ့ထဲရေထဲ ဆင်းသွားရတော့မှာပဲ။

ဒီတော့ မြတ်စွာဘုရား ရွှံ့ထဲရေထဲတော့ မဆင်းစေဘူး၊ ဒီတော့ ငါ့ကိုယ်ကို တံတားအဖြစ်နဲ့ ခင်းပြီးလျှုလိုက်မယ်၊ ငါဒီဘဝ ဒီတစ်သက်ကို စွန့်ပြီးသကာလ လျှုလိုက်မယ်လို့ ရည်ရွယ်ပြီးတော့ သူက သူ့လျှော်တေကို ရွှံ့ပေါ်ရေပေါ်မှာ ဖြန့်ခင်းပြီးတော့ တစ်ခါတည်း လက်အုပ်ချီပြီး ဝမ်းလျားမှောက်ပြီးတော့ မြတ်စွာဘုရားကို လျှောက်တာကို၊ မြတ်စွာဘုရားတဲ့ "သံဃာတော်လေးသိန်းနှင့်တကွ ဘုရားတပည့်တော် ကိုယ်ပေါ်ကနေပြီးတော့ တပည့်တော်ကို သနားသောအားဖြင့် နင်းပြီးတော့ ကြွတော်မူပါ ဘုရား"တဲ့။

ရွှံ့တွေရေတွေထဲကို ဆင်းတော်မမူပါနဲ့ ဆိုပြီးတော့ လျှောက်တာကို ဒါဟာ သေးသေးကွေးကွေး ကုသိုလ်မဟုတ်ဘူး၊ အင်မတန်ကြီးတဲ့ကုသိုလ်၊ အဓိကာရ ကုသိုလ်ခေါ်တယ်၊ လွန်လွန်ကဲကဲပြုလို့ လွန်လွန်ကဲကဲ ပြုတဲ့ ကုသိုလ်ကောင်းမှုပဲပေါ့၊ ဘုရားအလောင်းများ ဗျာဒိတ်ရတယ်ဆိုတာ လွန်လွန်ကဲကဲပြုတဲ့ ကောင်းမှုရှိတယ်၊ တစ်ခုခုရှိတတ်တယ်၊ ဒါသေးသေးကွေးကွေးမဟုတ်ဘူး၊ ဘယ့်နဲ့မြတ်စွာဘုရားနှင့်တကွ နောက်ကတက်နင်းလိုက်မယ်ဆို သေဖို့ရာပေါ့၊ အဲဒါ ရှင်သုမေဓာရသေ့လဲ သိသားပဲ၊ ဒီလိုနင်းရင် သေမယ်ဆိုတာ၊ ဒါပေမယ့်လဲ သူသေချင်လဲ သေပေစေတော့ ဆိုပြီးတော့ တစ်ခါတည်းကို စွန့်လှူတာ၊ အသက်ပါ စွန့်ပြီးလှူလိုက်တာ၊ သေးသေးကွေးကွေးမဟုတ်ဘူး၊ အင်မတန်ကြီးကျယ်တဲ့ ကောင်းမှုပဲ။

အဲဒီလို စွန့်ပြီးလှူရင်းနဲ့ သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်သလဲဆိုရင် ငါဟာတဲ့ သူများထက်ထူးတယ်တဲ့ သဒ္ဓါတည်း ဟူသော–သဒ္ဓါတရားဆိုတာ ငါ့လောက်ရှိတာမဟုတ်ဘူး၊ ငါ့မှာသဒ္ဓါတရား ကောင်းတယ်၊ ငါဟာ လုံ့လဝီရိယကောင်းတယ်၊ ငါဟာသတိကောင်းတယ်၊ သူများ ဒီလောက် သတိမကောင်းဘူး၊ ငါဟာ သမာဓိစိတ်တည်ကြည်မှုဟာ သူများထက်သာတယ်၊ သူများတွေ ဒီလောက်မကောင်းကြဘူး၊ ငါဟာ စူးစမ်းဆင်ခြင်မှု ပညာတွေလဲပြည့်စုံတယ်၊ သူများထက်သာတယ်၊အားကောင်းတယ်၊ ဒါခွန်အားကြီးငါးခုခေါ်တယ်၊ သဒ္ဓါ, သတိ, သမာဓိ, ဝီရိယ, ပညာ ဣန္ဒြေငါးပါး။

ဗိုလ်ငါးပါးက ခွန်အားကြီးငါးခုတဲ့၊ အရေးကြီးပါတယ်၊ ကုသိုလ်ရေးဘက်မှာ ဒီခွန်အားကြီးတွေက အရေးကြီးတယ်၊ လောကဘက်မှာတော့ ကာယဗလတွေ အရေးကြီးတာပေါ့၊ ကာယဗလခွန်အား ကောင်းလို့ရှိရင် အလုပ်လုပ်လို့ရှိရင်လဲ တစ်ခါတည်း သူများထက် ထူးထူးချွန်ချွန် လုပ်နိုင်တယ်၊ တစ်ဦးနှင့်တစ်ဦး ရန်ဖြစ်ကြဦးတော့ ထိုးလိုက်မယ် သတ်လိုက်မယ် ဆိုလို့ရှိရင် ကာယဗလ အားကောင်းတဲ့ ပုဂ္ဂိုလ်ကနိုင်မှာပဲ၊ ကိုယ်ခွန်အားကြီးတာကို၊ တရားဘက်, ကုသိုလ်ဘက်ကျတော့ ဒီခွန်အားက အသုံးချလို့ မရဘူး၊ သဒ္ဓါအစရှိသော သူတော်ကောင်း ခွန်အားတွေကမှ အသုံးချလို့ရတာ၊ အဲဒါအရေးကြီးတယ်။

တစ်ခါက ဘုန်းကြီးတစ်ပါး၊ ကပ္ပိယဒကာ တစ်ယောက်က လျှောက်တယ်၊ တပည့်တော်ရဟန်းခံချင်တယ်ဘုရား၊ ရဟန်းပြုချင်တယ်၊ ပြုပေးပါလို့ ရဟန်းခံတာ လွယ်လွယ်မဟုတ်ဘူး၊ မင်းခွန်အားဗလကောင်းမှ ရဟန်းခံလို့ဖြစ်တယ်လို့ ပြောတော့ တပည့်တော်ဘုရား ခွန်အားဗလကောင်းပါတယ်၊ ဘယ်သူနဲ့မဆို သတ်ရသတ်ရ သတ်နိုင်တဲ့ခွန်အား သိပ်ကောင်းပါတယ်၊ မဟုတ်ဘူးကွ၊ ဟိုခွန်အားမဟုတ်ဘူး။

အင်း–သဒ္ဓါအစရှိသော ခွန်အားတွေဆိုတာ ဒီလိုပြောတယ်၊ ဘုန်းကြီးက ရဟန်းပြုတယ်ဆိုတာလဲ သဒ္ဓါတရား အရေး ကြီးတယ်၊ သဒ္ဓါတရားကောင်းမှ သဒ္ဓါတရား မကောင်းလို့ သင်္ကန်းဝတ်ပြီး တော်တော်ကြာ၊ တောက်တီးတောက်တဲ့ လျှောက်လုပ်လို့ရှိရင် နေရာမကျဘူး၊ သဒ္ဓါတရားနဲ့ အလားတူတဲ့ ဝီရိယလဲပဲ ကောင်းမှ၊ ပြီးတော့ သတိ, သမာဓိ, ပညာတွေ လဲအားကောင်းမှ သာသနာကြီးပွားတာ အရေးကြီးပါတယ်၊ အဲဒီလိုခွန်အားတွေ ယခုသုမေဓာရသေ့က စဉ်းစားတယ်၊ သဒ္ဓါ အစရှိသော ခွန်အားတွေ ငါ့မှာ သူများထက် ပိုပြီးထူးခြား ပိုကောင်းနေတယ်၊ သူများတွေ ခွန်အားမရှိဘူး။

အဲဒီတော့ ကျင်းထဲချိုင့်ထဲ ကျနေတဲ့ လူတစ်စုဆိုပါတော့ ဥပမာ–ကျင်းထဲ ချိုင့်ထဲ ချောက်ကမ်းပါးတို့ ဘာတို့ပေါ့ လေ၊ လူတစ်စု ခရီးသွားရာက မတော်တဆ ကျင်းထဲချိုင့်ထဲရောက်သွား၊ အားနည်းတဲ့ပုဂ္ဂိုလ်တွေက မတက်နိုင်ကြဘူး၊ အား ကောင်းတဲ့ပုဂ္ဂိုလ်တွေကတော့ ခုန်တက်လိုက်မယ်ဆိုရတယ်၊ အားနည်းတဲ့ပုဂ္ဂိုလ်တွေက မတက်နိုင်ဘူး၊ ဘယ်လိုဖြစ်နေသလဲ ဆိုလို့ရှိရင် အားကောင်းတဲ့ပုဂ္ဂိုလ်က ကိုယ်လွတ်လွတ်လပ်လပ် တစ်ယောက်တည်း ခုန်တက်သွားလို့ရှိရင် ကိုယ်နဲ့လာတဲ့ ပုဂ္ဂိုလ်တွေ မင့်ကွက်ရာရောက်မှာပဲ၊ ဒီတော့ကာ ဒီအားကောင်းတဲ့ ပုဂ္ဂိုလ်ကို အားမကောင်းတဲ့ ပုဂ္ဂိုလ်, အားနွဲ့တဲ့ပုဂ္ဂိုလ်တွေ တစ်ခါတည်း တင်ရမယ်၊ အကုန်လုံး တင်ပြီးတော့မှ သူတစ်ခါတည်း အတူတူလွှတ်မြောက်ပြီးသွားရမယ်။

ဒါမှမဟုတ်ရင်လဲ ကိုယ်အပေါ်တက်ပြီးတော့ အပေါ်ကနေပြီးတော့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း မလွတ် သေးတဲ့ပုဂ္ဂိုလ်တွေ ကယ်တင်ရမယ်၊ တစ်နည်းနည်းနဲ့ လုပ်ရမယ်၊ ဒီလို မလုပ်ဘဲနဲ့ လျစ်လျူရှုပြီးတော့ ကိုယ် တစ်ကိုယ်လွတ် ရုန်းထွက်သွားလို့ရှိရင် ဒါဟာ မင့်ကွက်ရာ ရောက်တာပေါ့။

အဲဒီလိုပဲ စဉ်းစားတယ်၊ လောကထဲမှာ သတ္တဝါတွေဟာ ငါလို သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ တည်းဟူသော ခွန်အားတွေ မရှိကြဘူးတဲ့၊ မရှိရှာကြလို့ သူတို့ကိုယ်တိုင်တော့ဆိုရင် သံသရာ ဝဋ္ဋဆင်းရဲက လွတ်မြောက်ရာ လွတ်မြောက် ကြောင်း တရားကို ထွက်လို့ မရှာနိုင်ကြဘူး။

ဒီတော့ ငါဟာ ခွန်အားကောင်းတဲ့ ပုဂ္ဂိုလ်၊ ငါကိုယ်တိုင် သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း တရားတွေ ရှာမယ်ဆိုရင် ဖြစ်နိုင်တယ်၊ ယခု ဒီပက်ံရာ မြတ်စွာဘုရားဟာ ငါလိုပဲ၊ သဒ္ဓါအစရှိသော တရားတွေနှင့်ပြည့်စုံလို့ ပဲ၊ တရားထူးတွေ သူကိုယ်တိုင်တွေ့ပြီးတော့ သတ္တဝါတွေ သံသရာဝဋ္ဋဆင်းရဲက လွတ်မြောက်ရာလွတ်မြောက်ကြောင်း တရား ကို ဟောတယ်၊ ဟောပြီးသကာလ ကယ်တင်တော်မူတယ်၊ ဒီတော့ ငါလဲဘုရားဖြစ်အောင် အားထုတ်ပြီးတော့ သတ္တဝါတွေ

ကယ်တင်မယ်လို့ ဒီလိုနှလုံးသွင်းတာကို၊အကယ်၍ မြတ်စွာဘုရားထံမှာ–ဒီပက်ရာမြတ်စွာဘုရားထံမှာ တစ်ခါတည်း ကျင့်သုံးလိုက်မယ်ဆိုရင် နေ့ချင်းညချင်းပဲ အရဟတ္တမဂ်ဖိုလ်ကို ရဖို့ရာရှိတယ်တဲ့။

ရှိပေမယ်လို့ အဲဒီဟာကို ငါမယူသေးဘူး၊ ငါတစ်ကိုယ်လွတ်တော့ မသွားသေးဘူး၊ သတ္တဝါတွေကို ကယ်တင်ပြီးတော့ သတ္တဝါတွေနှင့်အတူတူပဲ နိဗ္ဗာန်ဝင်မယ်လို့ သုမေဓာရှင်ရသေ့က ဒီလိုစဉ်းစားတာကိုး။

ကိုံမေ ဧကေန တိဏ္ဏေန ပုရိသေန ထာမဒဿိနာ သဗ္ဗညုတံ ပါပုဏိတွာ သန္တာရေ
ဿံ သဒေဝကံ၊

သုမေဓာရသေ့ စဉ်းစားတယ်၊ မေ–ငါ့အား၊ ထာမဒဿိနာ–အားအစွမ်းကိုမြင်သော၊ မေ–ငါသည်၊ ဧကေန တိဏ္ဏေန–တစ်ဦးတည်း ကူးမြောက်သဖြင့်၊ ကိုံ–ဘယ်အကျိုးရှိအံ့နည်း၊ ကိုယ့်အားကိုယ် ယုံကြည်နေတဲ့ ပုဂ္ဂိုလ်, အားကောင်းမှန်းသိနေတဲ့ ပုဂ္ဂိုလ်ကို တစ်ကိုယ်တည်း လွတ်မြောက်သွားအောင် အားထုတ်လို့ ဘာအကျိုးရှိမလဲ၊ သဗ္ဗညုတံ ပါပုဏိတွာ သဒေဝကံ သဗ္ဗညုတံ–သဗ္ဗညုဘုရားအဖြစ်သို့၊ ပါပုဏိတွာ–ရောက်အောင် အားထုတ်၍၊ သဒေဝကံ–နတ်နှင့်တကွသော လူအပေါင်းကို၊ သန္တာရေသံ–သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေအံ့။

ငါဟာ ဘုရားအဖြစ်ရောက်အောင် အားထုတ်ပြီးတော့ ဘုရားဖြစ်တဲ့ အခါကျတော့ ဝေနေယျသတ္တဝါတွေကို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေချင်တယ်လို့ လူရောနတ်ရော ဝေနေယျသတ္တဝါတွေကို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေမယ်လို့ ရည်ရွယ်ပြီးတော့ သူဘုရားဖြစ်ဖို့ရာစိတ်ညွှတ်တာကို၊ ဘုရားဖြစ်ဖို့ရာ စိတ်ညွှတ်တယ်၊ စိတ်ညွှတ်ပြီးတော့ မြတ်စွာဘုရားကို လျှောက်တယ်။

ဒီတော့ မြတ်စွာဘုရားက ကြည့်ပြီးတော့ ရသေ့ကြည့်လိုက်တော့ စောစောကတော့လဲ ဘုရားက သိပြီးသားဖြစ်မှာပါ၊ ဒါပေမယ့် စဉ်းစားဆင်ခြင်လိုက်တော့ "ဒီရသေ့ဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ နောင် လေးသင်္ချေ၊ ကမ္ဘာတစ်သိန်း ကျရောက်တဲ့အခါကာလ ကျလို့ရှိရင် ဒီရသေ့ဟာ ဂေါတမ အမည်ရှိသော သမ္မာသမ္ဗုद्ध ဘုရား၊ ငါကဲ့သို့သော ဘုရား ဧကန်ဖြစ်မည့် ပုဂ္ဂိုလ်ပဲလို့ ဒီပုဂ္ဂိုလ်ဟာ ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်ပဲ"လို့ နှလုံးသွင်းပြီးတော့ တစ်ခါတည်း အဲဒီမှာ ဗျာဒိတ်များလဲ ပေးတယ်၊ ပေးပြီးတော့ မြတ်စွာဘုရားက မနင်းပါဘူး၊ ဘေးကကွင်းသွားပါတယ်၊ ရဟန်းတော်တွေလဲပဲ၊ နောက်က ရဟန္တာတွေ မထေရ်မြတ်တွေလဲ နောက်က မြတ်စွာဘုရား နောက်ကလိုက်ပြီး ကွင်းလိုက်သွားတာ၊ အရိုအသေ ပြုသွားကြပါတယ်။

နောက်ကပုဂ္ဂိုလ်တွေက ဘုရားအလောင်းပဲဆိုပြီးတော့ အရိုအသေပြုဆိုတာ စိတ်ထဲက အရိုအသေပြုတာဖြစ်မှာပေါ့လေ၊ ရှိခိုးတာတွေ ဘာတွေတော့ ဟုတ်မှာမဟုတ်ပါဘူး၊ ရဟန္တာတွေဆိုတော့ ရှိခိုးမယ်တော့ မဟုတ်ပေဘူး။

အဲဒီလို ပြုပြီးတော့ဘဲ ဒီကနေပြီးတော့ ပါရမီတွေ ဖြည့်ကျင့် လာရတာကိုး၊ ပါရမီတွေ ဒါနပါရမီ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ ၁၀–ပါးမှာ အပြားအားဖြင့် ၃၀–ရှိတယ်။

ဒါနပါရမီဆိုတာ ရိုးရိုးပစ္စည်းတွေလှူဒါန်းတာ၊ ဒါနဥပပါရမီဆိုတာကတော့ ကိုယ်အင်္ဂါတွေပါ ချွတ်ယွင်းချင် ချွတ်ယွင်းပစေဆိုပြီးတော့ လှူဒါန်းတဲ့ ဥစ္စာတွေ၊ ဒါနပရမတ္ထပါရမီဆိုတာကတော့ အသက်ပါ သေချင်သေပါစေဆိုပြီးတော့ လှူဒါန်းတာ၊ အဲဒီလို လှူဒါန်းတာ ဒါနမှာလဲ ၃–မျိုး၊ သီလမှာလဲ ထို့အတူပဲ၊ ရိုးရိုးပစ္စည်းတွေ ပျက်စီးဆုံးရှုံးခံပြီးတော့ သီလဆောက်တည်တာ သီလပါရမီရိုးရိုး၊ ကိုယ်အင်္ဂါပါ ပျက်စီးခံပြီးသကာလ သီလဆောက်တည်တာ၊ အသက်ပါစွန့်ပြီးသကာလ သီလဆောက်တည် ကျင့်သုံးတာ သီလပရမတ္ထပါရမီ၊ အဲဒီလိုပါရမီ ၃–မျိုးရှိတယ်၊ အဲဒါ ဒါနသီလအစရှိသော ပါရမီ ၁၀–ပါးတွေကို သူကဖြည့်ကျင့်လာတာ၊ ဘဝတိုင်း–ဘဝတိုင်း ဖြည့်ကျင့်လာခဲ့ရတာ ဇာတ်နိပါတ်တွေ အများကြီးပဲ။

ဒီအထဲမှာ ဇာတ်နိပါတ်တွေမှာ တော်တော်ပဲ ခဲခဲယဉ်းယဉ်းဖြည့်ကျင့်ခဲ့ရပါတယ်၊ တစ်ချို့ ဇာတ်နိပါတ်တွေမှာဆိုရင် သူတပါးတွေ နှိပ်စက်ညှဉ်းပန်းမှုတွေ အများကြီးခံပြီးတော့ ဖြည့်ကျင့်ခဲ့ရတယ်၊ ဒါတွေဘာကြောင့်တုံးဆိုရင် သတ္တဝါတွေ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း တရားကို ဟောချင်လို့၊ သတ္တဝါတွေင့်လို့၊ မင့်ဘဲနဲ့သာ သူ့ဟာသူ ကိုယ်လွတ်ကလေးသာ ရန်းသွားမယ်ဆိုလို့ရှိရင် ဟိုတုန်းကတည်းက သူဟာ နိဗ္ဗာန်ဝင်သွားဖို့ပဲ။

အဲ–မိမိကိုယ်တိုင် ကိုယ့်အနီးအပါးရောက်နေတဲ့ နိဗ္ဗာန်ချမ်းသာကြီးကို မယူသေးဘဲနဲ့ပေါ့လေ ယူလိုက်မယ်ဆိုလို့ရှိရင် အဲဒီတုန်းက ရရဲ့သားနဲ့ မယူသေးဘဲနဲ့ စွန့်လွှတ်ပြီးတော့ သတ္တဝါတွေ ငဲ့သောအားဖြင့် သတ္တဝါတွေ သနားသောအားဖြင့် သတ္တဝါတွေ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင်လို့ ကယ်တင်ချင်လွန်းလို့ ဘုရားဆုပန်ပြီးတော့ ပါရမီတွေ ဖြည့်ကျင့်လာတာ၊ ကမ္ဘာပေါင်းကို မရေတွက်နိုင်လို့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကို သူဟာ အများကြီး (တစ်ကမ္ဘာ–၂) ဆိုရင် နည်းတာမဟုတ်ဘူး၊ တစ်ကမ္ဘာမှာကို ဘဝပေါင်းအများကြီးရှိတာ၊ အဲဒီဘဝပေါင်းများစွာတွေမှာ မရေမတွက်နိုင်သော ဘဝ

တွေ အင်မတန် ပင်ပန်းဆင်းရဲခံပြီးတော့ ပါရမီတွေ ဖြည့်ကျင့်ပြီးတော့ အဲဒီထဲမှာ ဇာတ်နိပါတ်တွေ သိသလောက် စဉ်းစား စရာပေါ့လေ၊ ခန္ဓိဝါဒီဇာတ်မှာ သည်းခံရတာဆိုရင် အင်မတန်ကို သည်းခံရပါတယ်၊ အဲဒီ ကလာဗုမင်းကနေပြီးတော့ သူတွေ့ တော့ အသင် ဘယ်ဝါဒရှိသလဲ၊ သည်းခံခြင်း ဝါဒရှိတယ်ဆိုတော့၊ သူက မလိုတဲ့ဟာကို မုန်းနေတော့ ရန်ခိုက်တုန်း ဒေါသပြု လို့ သူစိတ်ဆိုးပြီးနေတော့၊ အဲဒီသည်းခံခြင်းဟာ ဘယ်မှာရှိသလဲ၊ လက်မှာရှိသလား၊ လက်ဖြတ်၊ လက်ဖြတ်လဲ သည်းခံနေ တာပဲ၊ လက်ထဲမှာလဲ မရှိဘူး၊ ဆိုပြန်တော့ ခြေထောက်ဖြတ်၊ တစ်ခါတည်း၊ ဟိုလီးဒီလီးပေါ့လေ၊ တစ်ခါတည်း လျှောက်ပြီး တော့ ဘယ်မှာ နှလုံးထဲမှာ ရှိတယ်ဆိုတော့ သူ နောက်ဆုံးကြလို့ရှိရင်ဖြင့် သူ တစ်ခါတည်း ရသေ့ကြီးကို မရှိမသေနဲ့ ခြေထောက်နဲ့ ကန်ပြီးသွားတာပဲ၊ ဟိုမှာ သေလုသေခါနီး ဖြစ်နေတာကြီးကိုး။

အဲဒီထိအောင် စိတ်မဆိုးဘဲနဲ့ သည်းခံရတာကိုး၊ သည်းခံဆိုတာ သိပ်မလွယ်ဘူး၊ ပြောတာလွယ်လွယ်ပဲ၊ သည်းခံရင် ကောင်းတယ်၊ ကောင်းတယ် ပြောတယ်၊ တစ်ကယ်သည်းခံဆိုကြတော့ တယ်မလွယ်ဘူး၊ ကိုယ်က အစွမ်းသတ္တိမရှိရင်သာ၊ သတ္တိရှိလို့ရှိရင် သည်းခံရတာ တယ်မလွယ်ဘူး၊ အစွမ်းသတ္တိမရှိရင်တော့လဲ ငုံ့ခံရတာပဲ၊ မတတ်နိုင်ဘူး၊ ဒီဥစ္စာတော့ဖြင့် အစွမ်းသတ္တိရှိရဲ့သားနဲ့ သည်းခံရတာ တော်တော်မလွယ်ဘူး။

ဥပမာ လူတစ်ယောက်က ကိုယ့်ကို ဆဲနေတယ်၊ ကိုယ်ကပြန်ဆဲမယ်ဆို ဆဲနိုင်နေတာ၊ ပါးစပ် ရှိနေတာ အဲဒါ သည်းခံဖို့တယ်မလွယ်ဘူး၊ တယ်မခံတတ်ဘူး၊ ပြန်ပြောတတ်တယ်၊ တော်တော်မလွယ်ဘူး၊ ဟော–ဘုရားအလောင်းက အဲဒါ တွေ သည်းခံတာပဲတဲ့၊ ဒီသည်းခံတာ ဘာကြောင့်တုံးဆိုရင် ဘုရားအဖြစ် ရောက်ဖို့ရာတွေပဲ၊ ပါရမီ ဖြည့်ကျင့်လာရတာ ဝေဿန္တရာ ဇာတ်တော်မှာဆိုရင်ဖြင့် ဒါနတွေ လှူဒါန်းရတာတွေဟာ အင်မတန်ကို ကြည်ညိုစရာ ကောင်းပါတယ်၊ အင်း– ကြေကွဲစရာလဲ အင်မတန်ကောင်းပါတယ်။

ဆင်ဖြူတော်ကြီးလှူတော့ တိုင်းပြည်ကမကျေနပ်လို့ သူ့နှင်ထုတ်တော့၊ တောထဲသွားပြီးနေရ၊ တောထဲသွားရင်းလာ ရင်း လမ်းမှာ တစ်ခါတည်း ရထားကမြင်းအလှူခံတဲ့လူနဲ့၊ ရထားအလှူခံတဲ့လူနဲ့၊ အလှူခံ ပုဂ္ဂိုလ်တွေကလဲ ပေါလိုက်တာ အားမနာတတ်ဘူး၊ အလှူခံပုဂ္ဂိုလ်တွေက စာထဲ ဟိုမှာ ဒုက္ခရောက်လို့ ထွက်သွားရတဲ့ဥစ္စာ တစ်ခါတည်း မြင်းအလှူခံတဲ့လူက ခံတော့ ကံအားလျော်စွာ တောထဲက သမင်တွေက ရှုန်းသွားတယ်။ နောက်တော့ ရထားပါအလှူခံလိုက်တော့၊ ဟော–မရှိတော့ ဘူး၊ ခြေကျင် ဆင်းသွားရတယ်။

သားတော်တွေ, သမီးတော်တွေနဲ့ အစတုန်းက ထီးနဲ့နန်းနဲ့ ဘုရင်အင်မတန် အထက်တန်းကျတဲ့ပုဂ္ဂိုလ်ဟာ သားလေး တွေ, သမီးလေးတွေနှင့် မိဖုရား ဒီလေးယောက်တည်း တစ်ခါတည်း သူ့ခမျာ တောလမ်းခရီးတွေ လမ်းလျှောက်ရတာကိုး။

ဟိုတုန်းက ရှင်ဘုရင်ဆိုတဲ့ အဆင့်တန်းနဲ့တော့ အမြင့်ကြီးပေါ့၊ ယခုတော့ နှင်ထုတ်လိုက်လို့သွားရတော့ သာမာန် လူတစ်ယောက်အနေ ရောက်နေတာ၊ ဟို–မင်းအနေနဲ့ စဉ်းစားရင်တော့ အဆင့်တန်းသိပ်မယ်သေးဘူး၊ ဘုန်းကြီးများ ငယ်ငယ်တုန်းကစဉ်းစားတော့၊ ဝေဿန္တရာမင်းကြီး တစ်ကိုယ်တည်း တောထဲ ထွက်သွားတယ် ဆိုပေမယ်လို့ မင်းအနေနဲ့ စဉ်းစားတော့ သိပ်ပြီးတော့ မသိမ်ငယ်ဘူး၊ နောက်တော့ တော်တော် ကြီးလာတဲ့အခါ စဉ်းစားတော့ အောင်မယ် သူ့ခမျာ တော်တော် အဆင့်အတန်းလျှောသွားရှာတာပဲလို့၊ သာမာန် လူတစ်ယောက်။ တကယ့် ဆင်းရဲသား တစ်ယောက်အနေနှင့် ရောက်သွားတာကိုး၊ ကလေးတွေ, သားတော်သမီးလေးတွေ ပွေ့ချီပြီးတော့သွားရတာကိုး၊ သာမာန်ပုဂ္ဂိုလ်ဆိုရင်ဖြင့် မျက်ရည် ကျလို့ မဆုံးဘူးပေါ့။

အဲဒီက တောထဲသွားနေတုန်း တစ်ခါ စူစကာဆိုတဲ့ပုဏ္ဏားကလာပြီး သားတော်, သမီးတော်တွေကိုလာပြီး အလှူခံ ပြန်တယ်၊ ဘာလုပ်ဖို့တုံးဆိုတော့ အစေခံလုပ်ဖို့တဲ့၊ အင်း–တော်တော် ရက်စက်တဲ့ပုဂ္ဂိုလ်ပဲ၊ အဲဒါတွေ ဘုရားအလောင်းတော့ လှူရတယ်၊ လှူတာ အောင့်အောင့်အင်းအင်းလှူတာ မဟုတ်ဘူး၊ သူ့စိတ်ထဲမှာ ကြည်ကြည်ဖြူဖြူပဲ လှူတာ၊ သူက ဘုရား ဖြစ်ချင်လို့ သဗ္ဗညုတညာဏ်ရဖို့ရာ လှူဒါန်းလိုက်တယ်၊ အဲဒီလို ရက်ရက်ရောရော ကုသိုလ်ကောင်းမှုပါရမီတွေကို ဖြည့်နိုင်လို့ သူက ဘုရားဖြစ်ပြီး လာရတာကိုး။

အဲဒါတွေ ပြန်ပြီး ဆင်ခြင်လိုက်ရင် မိမိတို့ ကိုးကွယ်ပြီးနေတဲ့ မြတ်စွာဘုရားသခင်ဟာ ဒီလိုချည်းတရားတွေကို ဒီလို –ဒီလိုကျင့်ပြီးရှာခဲ့ရတာပဲ၊တို့ကိုးကွယ်နေတဲ့–တို့အားကိုးရာဖြစ်တဲ့ မြတ်စွာဘုရား ပါရမီဖြည့်ကျင့်ပုံအားဖြင့်လည်း အင်မတန် ထူးခြားတဲ့ပုဂ္ဂိုလ်ကြီး၊ ကြည်နူးဖွယ် အင်မတန်ကောင်းပါပေတယ်လို့ ပြန်စဉ်းစားလိုက်လို့ရှိရင် ပီတိပါမောဒ္ဓတွေ ဖြစ်နိုင်ပါ တယ်၊ နောက်ဆုံးဘဝ စဉ်းစားကြည့်ပါလား၊ နောက်ဆုံးဘဝမှာ သိဒ္ဓတ္ထမင်းသားကလေး ဖြစ်လာလိုက်၊ တဆယ့် ခြောက်နှစ် အရွယ်မှာ ယသော်ဓရာမင်းသမီးလေးနှင့် လက်ထပ်ပြီးတော့ သုဒ္ဓေါဒနမင်းကြီးက သူ့ထီးနန်းကိုလွှဲပြီးတော့ ထီးနန်းစည်းစိမ် ကို ခံစားပြီးတော့ မောင်းမ ခြွေရံတွေလဲပဲ အများကြီးပဲတဲ့၊ စာထဲဆိုတော့ လေးသောင်းလို့ ဆိုတာပါပဲ၊ အများကြီးပါပဲ။

အဲဒါနဲ့ ထီးနန်းစည်းစိမ်တွေ ခံစားပြီးတော့ အဲဒီလို စံစားပြီးတော့နေရင်းက နှစ်ဆယ်နဲ့ကိုးနှစ်မြောက်မှာ သူအို, သူနာ, သူသေ, ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကိုတွေ့မြင်တော့ သံဝေဂ အကြီးအကျယ်ရပြီးတော့ တစ်ခါတည်း တောထွက်တာကိုး၊ ၂၉–ဆိုတာ သိပ်မကြီးသေးဘူး၊ ယခုကာလ ၂၉–နှစ်ဆိုရင် ပျော်လို့ ကောင်းသေးတယ်၊ ၂၉–ဆို အချို့က အခုကာလမှာ အထက်တန်း ပညာတွေသင်တဲ့ အချို့ပုဂ္ဂိုလ်တွေ ဆိုရင် ၂၉–မှာ ပညာသင်ရတုန်းပဲရှိသေးတယ်၊ အဲဒီက ကျောင်းက ကောင်းကောင်း မထွက်ရသေးဘူး၊ ဟိုနိုင်ငံခြား, ဒီနိုင်ငံခြားတွေ သွားပြီးသကာလ ဂုဏ်ထူးဘွဲ့ထူးတွေရအောင် သင်ရသေးတယ်၊ သင်ရတုန်းရှိသေးတယ်၊ ပညာသင်လို့ပြန်လာကာစရှိသေးရင် ဘယ်–တောထွက်ဖို့ရာ အဝေးကြီးရှိသေးတယ်။

တောထွက်ဖို့ရာ စိတ်မကူးနိုင်ပါဘူး၊ တော်တော် မလွယ်တဲ့ ဥစ္စာ၊ အဲဟိုဟာ ထီးနန်းစည်းစိမ်တွေဆိုရင် ပြောစရာ မရှိဘူး၊ အခုကိုယ့်အိမ်ကလေးနဲ့ ကိုယ်တောင် တော်ရုံသင့်ရုံတောင်မှ တောထွက်ဖို့မလွယ်ဘူး၊ သူ့ဥစ္စာ ခဲခဲယဉ်းယဉ်းပဲ၊ သူ့ဥစ္စာ တော်တော်ခဲယဉ်းပါတယ်၊ အဲ–ပစ္စည်းဥစ္စာတွေနှင့် ပြည့်စုံပြီးတော့ နေတဲ့ပုဂ္ဂိုလ်တွေ ထားဦးတော့ ဆင်းရဲသားတွေတောင် တောထွက်ဖို့ရာ တော်တော်ခဲယဉ်းတယ်၊ ဆင်းရဲသားတွေ တောထဲတောင်ထဲသွား၊ လယ်ယာကိုင်းကျွန်းလုပ်နေတဲ့ ပုဂ္ဂိုလ်ဆိုရင် ဘာမှပြည့်ပြည့်စုံစုံ မဟုတ်သေးဘူး၊ ဒီလိုပဲလုပ်ကိုင်စားသောက်နေရတာ၊ အဲဒါဟာ တောထွက်ဖို့ရန်စိတ်မကူးဘူး၊ မကူးနိုင်ဘူး၊ စိတ်ကူးပြန်လို့ရှိရင်လဲတဲ့ တော်တော်အောင်မြင်ခဲပါတယ်။

ဘာနဲ့တူနေသလဲဆိုရင် မြတ်စွာဘုရား ဥပမာပေးထားတယ်၊ အားမရှိတဲ့ ဘီလုံးငှက်နဲ့ အားရှိတဲ့ဆင်ပြောင်ကြီးများ နှင့်ဥပမာပေးထားတယ်၊ အားမရှိတဲ့ ဘီလုံးငှက်များဟာတဲ့၊ ဒီတော်ရုံတန်ရုံ နွယ်ကလေးများနဲ့ ချည်ထားသော်လည်း သူ့ခများ မရုန်းနိုင်ဘူးတဲ့၊ ဆင်တုံးမနွယ်ကလေးတွေ သေးသေးကလေးအမျှင်တွေရှိတယ်၊ သေးသေးကလေးတွေ အဲဒါကလေးတွေနဲ့ ဥပမာ ပေးထားတယ်၊ ဒီမှာ ဆင်တုံးမနွယ်ကလဲ တယ်မရှိဘူး၊ နွယ်သေးသေး၊ ဘာမျှမခိုင်ပါဘူး၊ လက်နဲ့ဆွဲလိုက်ရင် ပြတ်သွားပါတယ်၊ ဒီဥစ္စာဘာမျှခိုင်တဲ့ ဥစ္စာလေးမဟုတ်ဘူး၊ အဲဒီအမျှင်ကလေးနဲ့ ဘီလုံးငှက်ဟာဖြင့် မရုန်းနိုင်ဘူး။

ဒါပေမယ့် ဘီလုံးငှက်ကပြောတယ်တဲ့၊ သူနံနက်စောစော အိပ်ရာထကတည်းက သူသီချင်းဆိုနေတာပဲတဲ့၊ နံနက်စောစောဆိုနေတာ၊ ဒီဘီလုံးငှက်ဆိုတာ အကောင်လေးတွေပဲ၊ အဲဒါ သူ့ကို နွားကျောင်းသားတွေ ဘာတွေကနေ ဖမ်းပြီးမိလို့ ရှိရင် အဲဒါ ကြိုးကလေးနဲ့ချည်ပြီး ကစားတယ်၊ ဒီမှာ ချည်ထားလို့ရှိရင် သူ့ခများမရုန်းနိုင်ဘူးတဲ့ ကြိုးကခိုင်လွန်းလို့ မဟုတ်ပါဘူးတဲ့၊ သူ့ကိုက အားမရှိလို့ပါတဲ့။

အဲဒီလိုပဲတဲ့ သဒ္ဓါအစရှိသော တရားတွေ, သူတော်ကောင်းတရားတွေ အားနည်းနေတဲ့ပုဂ္ဂိုလ်များ တောထွက်ဖို့ရာ မဖြစ်နိုင်ဘူး၊ တောထွက်ဖို့မပြောနဲ့ သူတော်ကောင်းတရား ကျင့်သုံးအားထုတ်ဖို့ကို မစဉ်းစားနိုင်ဘူး၊ တော်တော်ကို ဝန်လေးပါတယ်၊ ဘာပြုလို့တုံးဆိုတော့ သံယောဇဉ်တွေ တွယ်လို့ရှိတာကိုး။

သံယောဇဉ်လဲ ခိုင်လွန်းလို့တော့မဟုတ်ဘူး၊ အခုနကလိုပဲ ဒီလိုငှက်က အားငယ်နေလို့၊ သူ့အားကငယ်နေလို့၊ သူက အားငယ်နေတာ၊ ဆင်ကြီးများကျတော့ တစ်ခါတည်း တော်ရုံတန်ရုံ ကြီးမားတဲ့ကြိုးနဲ့ ချည်ထားပေမယ်လို့၊ စိတ်တွေ, မာန်တွေထက်လာတဲ့အခါကျတော့ ရုန်းဖြတ်လိုက်လို့ရှိရင် ပြတ်သွားတာပဲ၊ သံကြိုးတော့မရပေဘူး၊ သံကြိုးမဟုတ်တဲ့ ဥစ္စာလောက် ဟိုဒင်း အုံးဆံကြိုးတို့ဘာတို့ပေါ့၊ အဲဒီလိုကြိုးကြီးတွေနဲ့ ချည်ထားပေမယ်လို့ စိတ်ဆိုးလာတဲ့အခါ, စိတ်မာန်ထလာတဲ့ အခါကျ ရုန်းလိုက်လို့ရှိရင် ပြတ်သွားတာပဲတဲ့၊ ကြိုးကတော့အခိုင်ကြီးပါပဲတဲ့၊ ခိုင်ပေမယ်လို့ သူက အားကောင်းတယ်။

အဲဒါလိုပဲ သဒ္ဓါအစရှိသော သူတော်ကောင်းတရားတွေ အားကောင်းနေတဲ့ ပုဂ္ဂိုလ်တွေကတော့ သံယောဇဉ် အနှောင်အဖွဲ့တွေ ဘာမျှမတွယ်တာနိုင်ပါဘူးတဲ့၊ အဲဒါလဲပဲ ဘုရားအလောင်းတော် ပုဂ္ဂိုလ်ကြီးတွေကို ပြောတာ၊ သာမန်ပုဂ္ဂိုလ်တွေ တော့မဟုတ်ဘူး၊ အဲ–ဘုရားအလောင်းတော် ပါရမီဖြည့်ကျင့်လာတာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်ကျင့်လာခဲ့တာကို၊ အဲဒီတော့ သူခဏခဏ တောထွက်နေကျ ဒီလိုပဲ ချစ်ခင်အပ်တဲ့ အိမ်သူအိမ်သား သားမယားတွေ ဆွေတော်မျိုးတော်တွေ စွန့်ပစ်နေကျကို၊ စွန့်ပစ်နေကျသူက၊ ရိုးနေတော့အားရနေတယ် လေ့ကျင့်သားရနေတယ်။

ဒါကြောင့်မို့ သူကလဲ ၂၉–နှစ်၊ သူများတွေ စိတ်မကူးဝံ့တဲ့အကြံမျိုးနဲ့ တစ်ခါတည်းတောထွက်သွားတာ၊ တောထွက်တာက ဘာပြုလို့လဲဆိုတော့ အိုခြင်း, နာခြင်း, သေခြင်းတရားတွေက လွတ်မြောက်အောင်လို့ ကျင့်သုံးအားထုတ်ဖို့ပဲ၊ ပျော်လို့ ထွက်လာတာမဟုတ်ဘူး၊ အဲဒါထွက်ပြီးတော့ တရားကျင့်သုံးတယ်၊ ဟိုဟိုဒီဒီမှာ လိုက်ပြီးတော့ တရားစုံစမ်း အာဠာရဍဒကတို့ ဆီမှာ စုံစမ်းလို့ အဲဒီကနေလဲ အားမရတာနဲ့ မိမိကိုယ်တိုင် တရားရှာ၊ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တယ်ဆိုတာ အစာအာဟာရတွေ ဖြတ်လာပြီးသကာလ အဲဒီကနေပြီး ဒါတွေနဲ့လဲ မဟုတ်သေးဘူးဆိုပြီးတော့ နောက်မှပြန်ပြီးတော့ အင်အားဖြည့်ပြီး အာနာပါနစ္စာန်များကို အားထုတ်ပြီးတော့ အဲဒီကနောက် ဗောဓိပင်အောက် ရတနာပလ္လင်ထက် ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီးတော့ ခန္ဓာငါးပါးရဲ့ အဖြစ်အပျက်ကိုရှုမှတ်၊ အဲဒီမှဘုရားအဖြစ်ရောက်တာတဲ့။

အဲဒါ ဘုရားအလောင်းတော် အင်မတန် ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေရာကနေပြီး တောထွက်လာပုံ၊ ယခု ဘုန်းကြီးပြောတာ မစုံသေးပါဘူး၊ အကျဉ်းချုံးပြောရတယ်၊ တောထွက်လာပုံ စဉ်းစားကြည့်ပေါ့လေ၊ ယခုလူတွေအခြေအနေနဲ့ လောကလူတွေဟာ သာသာယာယာနဲ့ ပြည့်ပြည့်စုံစုံဖြစ်နေတဲ့အခါ ဘယ်လိုစိတ်နေစိတ်ထား ဖြစ်နေသလဲ၊ အဲဒီအနေမျိုးနဲ့ ဘုရားအလောင်းတော် တောထွက်လာခဲ့ပုံ၊ တောထွက်ပြီးတော့ ဟိုတုန်းက တောထွက်တယ်ဆိုတာ သက်သာတာမဟုတ်ဘူး။

ယခုကာလဘုန်းကြီးတွေ ရဟန်းဝတ်တာ ကျောင်းတွေ, ကန်တွေ ဒကာ–ဒကာမတွေနဲ့ အပြည့်အစုံပဲ၊ ဘာမျှ မခဲယဉ်းဘူး၊ လွယ်လွယ်လေးဟာပဲ၊ ဟိုဟာနဲ့စာလို့ရှိရင် အပုံပဲကွာပါတယ်၊ ဟိုဥစ္စာ တောထဲတောင်ထဲပုံတော်သလိုနေရတာ၊ ကျောင်းတွေဘာတွေ ဘယ်ရှိမလဲ၊ ဒကာ–ဒကာမ ဘယ်ရှိပါ့မလဲ၊ ဆွမ်းတွေဘာတွေလဲ ရှာဖွေပြီးသကာလ ပုံတော်သလို စားရတာ။

အဲဒီလိုအနေမျိုးနဲ့ တစ်ခါတည်း တရားတွေကျင့်သုံးလာတာ၊ အဲဒီလိုကျင့်သုံးပြီးတော့ ဘုရားအဖြစ်ကို ရောက်ပြီး တော့လာတယ်၊ ဒီတော့ ငါတို့ ကိုးကွယ်တဲ့, အားကိုး အားထားပြုတဲ့ ဂေါတမမြတ်စွာဘုရားဟာ ဤသို့သော အကျင့်တွေကို ကျင့်သုံးပြီးတော့ သွားပါပေတယ်လို့ သတ္တဝါတွေအတွက် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဟောနိုင်ပြောနိုင်အောင်လို့ ဒီလိုကျင့်သုံးပြီးတော့ သွားပါပေတယ်၊ ကျင့်သုံးပြီးတော့ ဘုရားအဖြစ်ရောက်တော်မူပါပေတယ်လို့ ဘုရားဖြစ်ကြောင်း ဂုဏ်တွေကို စဉ်းစားဆင်ခြင်လိုက်လို့ရှိရင် ပီတိသံဝေဂတွေ အများကြီးဖြစ်နိုင်တယ်။

မိမိတို့အားကိုးရတဲ့ပုဂ္ဂိုလ်က တော်ရုံတန်ရုံ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ အင်မတန်ကို လေးနက်တဲ့, အင်မတန်မြင့်မြတ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကို ကိုးကွယ်ဆည်းကပ်နေရတာပဲလို့ အင်မတန်ကို အရတော်နေတာပဲလို့ စဉ်းစားလိုက်ရင် ပီတိသမ္ဘောဇ္ဈင်အများကြီး ဖြစ်စရာကောင်းတယ်၊ အဲဒါဟာဗုဒ္ဓါနုဿတိပဲ၊ အဲဒီ ဗုဒ္ဓါနုဿတိက ဒီလိုစဉ်းစားရမယ်၊ ဘုရားရဲ့ အကြောင်းတွေ စဉ်းစားရမယ်၊ တစ်ခါ မြတ်စွာဘုရား၏ ရူပကာယ–ကိုယ်တော်သပ္ပာယ်ပုံ, တင့်တယ်ပုံတွေကတော့ ၃၂–ပါးသော ယောက်ျားမြတ်လက္ခဏာတော်ကြီးဆိုတာက ဂဏန်းပဲ နားလည်တာကို၊ အဲဒါလဲပဲ သေသေချာချာသိဖို့က သိပ်တော့ မလွယ်ဘူး၊ သေသေချာချာ သိအောင်ပြောနေလဲ သိပ်အချိန်မရှိဘူး။

အဲဒါ မပြောနိုင်တော့ဘူး၊ သပ္ပာယ်တဲ့ ဘုရားပုံတော်ကြည့်ပြီး အာရုံပြုကြပေတော့၊ ဒါတော့ မတတ်နိုင်ဘူး၊ ဘုန်းကြီးကလဲ ဒီရုပ်ပုံတွေ ဘာတွေသိပ်ပြီး မပြောတတ်ဘူး၊ အင်း–ယခု ရုပ်ပွားတော် တော်တော်သပ္ပာယ်ပါတယ်၊ တချို့ရုပ်ပွားတော်တွေကလဲ ပန်းရံဆရာတွေကညံ့တော့ တယ်မသပ္ပာယ်ဘူး၊ အဲဒီအထဲမှာ ဒက္ခိဏာသာခါထုတဲ့ ပုဂ္ဂိုလ်ကတော့ ပထမတုန်းကထုတာ တော်တော်ကို နေရာမကျဘူး၊ ကြည်ညိုဖွယ် မဖြစ်ဘူး၊ ဒါပေမယ့် ဒက္ခိဏာသာခါက မီးတွေဘာတွေကွင်းတယ် ဆိုတာနဲ့ လူတွေကတော့ သိပ်ပြီး အလေးအမြတ်ပြုပြီး ကိုးကွယ်တော့ ဘုန်းကြီးများကတော့ ကြည်ညိုဖွယ်ဖြစ်မှာပဲ၊ သဘောကျတယ်၊ ဘုရားနဲ့အကုန်လုံး မတူစေကာမူတစ်စိတ်တစ်ဒေသတော့တူပြီး ကြည်ညိုဖွယ်ဖြစ်တဲ့ ဆင်းတုတော်တွေတော့ သဘောကျတာပဲ။

ဒါကြောင့် ဘုရားထုတဲ့ အခါကာလကျတော့ရင် အမြတမ်း သတိပေးနေရတယ်၊ ကြည်ညိုဖွယ်ဖြစ်အောင် သပ္ပာယ်အောင်လို့လုပ်ပါ၊ ဘုရားဟာ အာရုံပြုလို့သိပ်မကောင်းဘဲ ဖြစ်နေမယ်၊ ဘုရားအစစ်အမှန်က အင်မတန်ကြည်ညိုဖွယ် ကောင်းတယ်၊ ဘယ်သူနဲ့မှ မတူအောင် သပ္ပာယ်ပြီးတော့နေတဲ့ ကိုယ်ကာယ အချိုးအစားကြည့်ပြီး ယခု မတင့်တယ်ဘဲနဲ့ ပန်းရံက ထုထားရင် နေရာမကျဘူး၊ အချိုးကျကျလုပ်ပါလို့ ဘုန်းကြီးများက အမြတမ်း သတိပေးနေရတယ်၊ ဒီဘုရားက (ဖလ်ယဉ်မ္မောရုံအတွင်းမှ ဆင်းတုတော်ကို ရည်ညွှန်းသည်)တော့ တော်တော်ကြည်ညိုဖွယ်ကောင်းပါတယ်။

အဲဒီပုံတော်တွေ ကြည့်ပြီးတော့ အာရုံပြုပေတော့ ဒါပဲ၊ အဲဒါလဲပဲ ဘုရားပုံတော်တွေ ကြည့်ပြီးတော့ မြတ်စွာဘုရား ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေပြီးတော့ တရားနှလုံးသွင်းနေပုံကို အင်မတန်သပ္ပာယ်တဲ့ ရုပ်ပုံတော်နဲ့ ကျင့်ကြံအားထုတ်နေပုံ အာရုံပြုလိုက်လို့ရှိရင် အဲဒါလဲပဲ ဗုဒ္ဓါနုဿတိဖြစ်နိုင်တာပါပဲ၊ ဒါလဲ ဒါကတော့ ဘဂဝါဂုဏ်တော်ထဲမှာ ပါတယ်၊ ဣသရိယ ဓမ္မ ရသ သီရိ ကာမ ပယတ္တ ဆိုတဲ့ ဘုန်းတော်ခြောက်ပါးထဲမှာ သီရိဘုန်းတော်ထဲမှာ ပါတယ်၊ ဘုရားကျက်သရေတော် ရူပကာယ ကျက်သရေတော်နဲ့ ပြည့်စုံတော်မူတယ်၊ အဲဒီမှာပါတယ်။

အများဆုံးကတော့ နာမကာယ ဂုဏ်တွေက အရေးကြီးပါတယ်၊ နာမကာယ–နာမ်ဂုဏ်၊ အရဟံ–ဝါသနာနှင့်တကွ ထောင့် ငါးရာ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးတော်မူပေသော မြတ်စွာဘုရား၊ အဲဒါမှ ကြည်ညိုစရာကောင်းတာ၊ ရုပ်ပုံတွေ သပ္ပာယ်တာရှိတာပဲ၊ သူကတော့ သူများကို အကျိုးဆောင်ရွက်ဖို့ရာတွေက သိပ်များများမတတ်နိုင်ဘူး၊ ကြည်ညိုဖွယ်ဖြစ်ရုံမျှပဲ၊ အဲဒီ နာမကာယဂုဏ်တွေက အင်မတန် ကြည်ညိုစရာကောင်းပါတယ်။

နာမကာယဂုဏ်တွေ မြတ်စွာဘုရားက ကိလေသာကင်းပြီးလေတော့ သူတစ်ပါးတွေလဲ ကိလေသာကင်းအောင် ဆောင်ရွက်နိုင်တာကို၊ သူ ကိလေသာကင်းသွားတော့ ကိုင်း–ကိုင်း ဒါလေး ဆိုကြဦးစို့ရဲ့၊ မျက်စိမှိတ်ပြီးတော့ ဗောဓိပင်

အောက် ရတနာပလ္လင်ပေါ် ထက်ဝယ်ဖွဲ့ခွေလို့ လောကကိုအာရုံပြုပြီးတော့ ယခုဒီကနေတော့ အနောက်ကျတာကို အိန္ဒိယထဲမှာ ဗောဓိပင်က အဲဒီဗောဓိပင်အောက်မှာ ထက်ဝယ်ဖွဲ့ခွေပြီး အရှေ့ဘက်လောကဆိုတော့ မြန်မာပြည်ဘက် လှည့်ရက်ပါပဲ၊ ဒီက အာရုံယူလို့ ကောင်းပါတယ်၊ အဲ–ထိုင်ပြီးတော့ တရားနှလုံးသွင်းခြင်း ကိလေသာကင်းတဲ့ ဘုရားအဖြစ်ကို ရောက်သွားပုံ၊ အဲဒါလေး နှလုံးသွင်းရမယ်။

အရဟံ–လောဘ, ဒေါသ, မောဟ–အစရှိသော ကိလေသာအညစ်အကြေးတို့မှ
ကင်းဝေး စင်ကြယ်တော်မူပေသော မြတ်စွာဘုရား။(၃–ခေါက်)

အဲ–အရဟံဆိုတာ ကိလေသာ အညစ်အကြေးတွေမှ ကင်းဝေးစင်ကြယ်တယ်တဲ့၊ လောကမှာ သတ္တဝါတွေအများက လောဘဖြစ်စရာအာရုံနဲ့ တွေ့ရင်ဖြစ်တယ်၊ မတွေ့သေးရင်တော့ မဖြစ်သေးဘူးပေါ့၊ သူတော်ကောင်းတရားတွေ နှလုံးသွင်းနေတဲ့ပုဂ္ဂိုလ်တွေ၊ လောဘအာရုံနဲ့ မတွေ့သေးလို့ရှိရင် သူဟာ လောဘကင်းနေသလိုပေါ့၊ လောဘကင်းနေသလိုပဲ၊ သူက တော်တော်ကို ဟန်ကျနေတယ်၊ ဘာလို–ဘာလို–ဘေးကပုဂ္ဂိုလ်တွေက ထင်စရာပဲ။

အေး–လောဘဖြစ်စရာအာရုံနဲ့တွေ့လာပြီဆိုတော့ သူလှုပ်လာပြီ၊ လိုချင်စရာနဲ့တွေ့ရင် လိုချင်လာပြီ၊ နှစ်သက်စရာနဲ့ တွေ့ရင် နှစ်သက်လာပြီ၊ သာယာစရာနဲ့တွေ့ရင် သာယာလာပြီ၊ တချို့ စိတ်တွင်းတွင်မဟုတ်ဘူး၊ နှုတ်ကကို ပေါ်လာတယ်၊ လောဘအရိပ်အယောင်တွေ ပေါ်လာတယ်၊ သူက လောဘရှိတော့ လောဘအရိပ်အရောင် စကားလေးက ပြောလာတယ်၊ ကိုယ်အမူအရာလေးတွေက ပြိုးပြိုးရွှင်ရွှင်နဲ့ စသည်ပေါ့လေ၊ ပြိုးတိုင်းပြိုးတိုင်းတော့ မဟုတ်ဘူး၊ ပြိုးတိုင်းပြိုးတိုင်း လောဘဖြစ်တယ်လို့ တချို့ကလဲ အောက်မေ့နေဦးမယ်၊ ဒီလိုတော့ မဟုတ်ဘူးပေါ့၊ ကိုယ်အမူအရာကလဲ သူဟာမျက်နှာ စသည်ကနေပြီး လောဘဖြစ်လာလို့ရှိရင် လောဘတပ်မက်တဲ့ သာယာတဲ့သဘောနဲ့ တစ်မျိုးတမည် ပြောင်းလွဲလာတယ်၊ အဲဒါတွေ ဘေးကပုဂ္ဂိုလ်တွေက အရိပ်အကဲ ဖမ်းတတ်တဲ့ပုဂ္ဂိုလ်တွေက သိသွားတယ်၊ ဒါက အရေးကြီးတာပဲ၊ သူက လောဘဖြစ်စရာရှိရင် တလောကလုံး လောဘဖြစ်ကြသာယာကြတယ်။

ဒေါသဖြစ်စရာအကြောင်းရှိလဲ ဒေါသဖြစ်တာပဲ၊ အဲ–ဒေါသဖြစ်စရာ အကြောင်းမရှိသေးရင်တော့ အင်မတန် စိတ်ကောင်းနှလုံးကောင်း ရှိတယ်၊ သီးခံတတ်တယ်၊ တယ်ကောင်း, သဘောကောင်းတယ်၊ ဒီလိုထင်ရတာကို၊ မြတ်စွာဘုရားဟောထားတဲ့၊ စာထဲပေထဲပါတာ ပြောမှုဖြစ်မယ်၊ အလွတ်ကပြောလို့ မဖြစ်ဘူး၊ စာထဲပေထဲပါတဲ့ ဝေဒေဟိကာဆိုတာ သာဝတ္ထိပြည်မှာ ဝေဒေဟိကာဆိုတဲ့ အိမ်ရှင်မတစ်ယောက် ရှေးကဖြစ်ခဲ့ဖူးတယ်၊ သူ့အရပ်ထဲက တယ်ချီးမွမ်းကြတယ်၊ ဝေဒေဟိကာများ စိတ်သဘောကောင်းပါပေတယ်၊ ပြေပြေပြစ်ပြစ် ရှိပါပေတယ်၊ သည်းခံတတ်တယ်၊ စိတ်မဆိုးတတ်ဘူး၊အင်မတန်ကောင်းတဲ့ သူတော်ကောင်းလေးပဲ၊ သူတော်ကောင်းမလေးပဲ စသည်ဖြင့် အရပ်ထဲက ချီးမွမ်းကြတယ်။

နောက်–သူ့အိမ်မှာ ရှေးတုန်းကတော့ ကျွန်မ ခေါ်တာပေါ့လေ၊ ယခုတော့ အခိုင်းအစေသဘောမျိုးပါပဲ၊ ဒါပေမယ့် ဟိုတုန်းက ကျွန်မဆိုတာ အဟုတ်ကိုကျွန်မပဲ၊ ကျွန်မလဲတစ်ယောက်ရှိတယ်၊ အဲဒီကျွန်မကစဉ်းစားတယ်၊ တို့သခင်မကိုတော့ တယ်ချီးမွမ်းကြတယ်၊ သူဟာအဟုတ်ပဲ ဒေါသမရှိလို့လား၊ သို့မဟုတ် ငါကပဲ တာဝန်ဝတ္တရားတွေ ကျေပွန်နေလို့လား စမ်းကြည့်ဦးမှ ဆိုပြီးတော့။

သူက အိပ်ရာကထနေကျ ခါတိုင်း, ခါတိုင်း နံနက်စောစောထပြီး အလုပ်လုပ်နေကျဟာ မလုပ်ဘဲနဲ့အိပ်နေဆိုတာကို၊ အိပ်နေတော့ အဲဒီတော့ ဝေဒေဟိကာက အိပ်ရာက ထချိန်ထတော့ ခါတိုင်း, ခါတိုင်း လုပ်နေကျ အလုပ်တွေကမလုပ်ဘူး၊ အဲဒီကျွန်မနာမည်က ကာလီတဲ့၊ ကာလီယနေ့ဘာဖြစ်နေပါလိမ့်မတုံး၊ သူကမေးကြည့်တယ်၊ ဟေ့ ကာလီ နင်ဘာဖြစ်နေသလဲလို့ မေးတော့ အိပ်ယာက မထသေးဘူးလား၊ ဘာဖြစ်နေသလဲလို့မေးတော့ မထသေးဘူး၊ ဘာမျှမဖြစ်ပါဘူးတဲ့၊ ဝေဒေဟိကာက နည်းနည်း စိတ်ထဲမှာမျက်ပြီး မျက်နှာလေး ဘာလေး ပျက်ပြီးလာတယ်၊ ဒီတော့ ကာလီကလဲ စုံစမ်းရေးကို ဒီတော့သိတာပေါ့၊ သူက စိတ်ဆိုးသွားပြီဆိုတာ ဒေါသဖြစ်တတ်တာပဲ၊ ဝတ္တရားတွေကျေပွန်နေလို့ စိတ်မဆိုးတာ။

ငါဆက်ပြီး စုံစမ်းလိုက်ဦးမှပဲဆိုပြီးတော့ နောက်တစ်ခါ နောက်တစ်ရက်လဲ ဒီလိုအိပ်နေတယ်၊ ဒီလိုပဲ၊ နောက်တစ်ခါ မေးပြန်တော့ ဘာဖြစ်လို့ အိပ်နေသလဲဆို ဘာမှမဖြစ်ပါဘူး၊ နေမကောင်းလို့လားမေးတော့ ဘာမျှမဖြစ်ပါဘူးဆိုတော့ နှုတ်ကပြောလာတယ်တဲ့၊ ကာလီ နင်ဒီအချိန်တောင်မထသေးဘူး ဘာမျှမဖြစ် ထပါမှပေါ့၊ စိတ်ထဲက စိတ်မချမ်းမသာ ဖြစ်တဲ့အလိုက် စကားလေးတွေလဲ ခပ်ကြမ်းကြမ်း ပြောနေတယ်၊ ငေါက်ငန်းပြီး ပြောနေတယ် နောက်တစ်ခါထပ်ပြီး စုံစမ်းလိုက်ဦးမှပဲ ဆိုပြီးတော့ နောက်တစ်ရက်စုံစမ်းတော့ တံခါးကန့်လန့် တံခါးမင်းတုန်းနဲ့ တူပါတယ်၊ တံခါးမင်းတုန်းကလဲ သစ်သားတွေ ဘာတွေ ထိုးတဲ့စို့ပေါ့၊ အဲဒါနဲ့ ကောက်ပြီး ပေါက်လိုက်တာ၊ ခေါင်းကွဲသွားတယ်။

ခေါင်းကွဲသွားတော့မှ ကာလီက အိမ်နားနီးချင်းတွေ လိုက်ပြီးတိုင်ကြားတယ်၊ ကြည့်ကြစမ်းပါဦး ရှင်မတို့၊ အင်မတန် သူတော်ကောင်းမလေးဆိုတဲ့ ဝေဒေဟိကာဟာ ဒီလိုပဲတဲ့၊ အိပ်ရာက မထရမလား, စောစောမထရမလားဆိုပြီး တစ်ယောက်

တည်းရှိတဲ့ အိမ်ကျွန်မတစ်ယောက်တည်း ရှိတဲ့ဥစ္စာကို ဘာမျှမင့်မညှာဘဲနဲ့ခေါင်းကွဲသွားအောင် တံခါးကန့်လန့်နဲ့ ပေါက်ရ မလားဆိုပြီးတော့ လိုက်ပြီးတော့တိုင်ကြားတော့ အရပ်ကပုဂ္ဂိုလ်တွေက ကဲ့ရဲ့ကြတယ်ဆိုတယ်၊ ဝေဒေဟိကာများ တယ်ကြမ်း ပါလား၊ ကိုယ့်အိမ်က ကျွန်မတစ်ယောက်တည်းရှိတာလို ဒီလောက် ကြမ်းကြမ်းတမ်းတမ်း ဆုံးမရမလား၊ ဒါတော့ လွန်လွန်း တယ်၊ မတရားဘူး စသည်ဖြင့် ကဲ့ရဲ့ကြတာကိုး ကဲ့ရဲ့တာက လွယ်တယ်၊ ချီးမွမ်းဖို့ဟာကတော့ တော်တော်ခက်တယ်။

ချီးမွမ်းစရာ ဂုဏ်တစ်ခုဖြစ်အောင် အင်မတန်ကိုလုပ်ရတယ်၊ တစ်သမတ်တည်း လုပ်သွားနိုင်မှ အဲဒါလေး ပျက်သွား လို့ရှိရင် ပြီးရော၊ ပျက်ကရောပဲ၊ သူ့ဥစ္စာက အရေးကြီးတယ်၊ ချီးမွမ်းဖို့ရာ တော်တော်ခဲယဉ်းတယ်၊ ကဲ့ရဲ့ဖို့ဟာက လွယ်တယ်၊ အဲဒီမှာ ဒေါသဖြစ်စရာအကြောင်း မပေါ်သေးရင်တော့ ဒေါသ မပေါ်သေးဘူးပေါ့။

အဲဒါ ဥပမာလေး၊ ဒေါသဖြစ်စရာ အကြောင်းရှိရင် ဒေါသက ပေါ်လာရော၊ သူက မြွေဟောက်နဲ့တူတယ်၊ ဒေါသများ ဟာ၊ မြွေဟောက်ဟာ သူ့ဟာသူ နေရင်တော့ ဝပ်နေတာပဲ၊ ခဲလေးနဲ့ သွားပေါက်လိုက်ရင် ထောင်လာရော၊ ရှူးကနဲဆို ထောင်လာတယ်၊ ဒေါသက ထောင်လွယ်တယ်၊ ဖြုန်းကနဲဆို တစ်ခါတည်း ထောင်လာတာ၊ ဘာမျှမလုပ်သေးရင် ကိစ္စမရှိဘူး၊ သူ့ကို မခံချင်စရာ စကားလေး တစ်လုံးပြောလိုက်လို့ရှိရင် သူက ထလာတယ်၊ သူက ဒေါသက အင်မတန်ကို ထင်ရှားတယ်။

အဲဒီတော့ လောကမှာသတ္တဝါတွေက လောဘဖြစ်စရာရှိရင်လောဘဖြစ်၊ ဒေါသဖြစ်စရာရှိရင် ဒေါသဖြစ်၊ မောဟဖြစ် စရာရှိရင်၊ မောဟဖြစ်၊ မောဟတို့, မာနတို့ စသည့် စိတ်အညစ်အကြေးတွေဟာ ဖြစ်နေကြတယ်တဲ့၊ ငါတို့ကိုးကွယ်တဲ့ ငါတို့ ၏ ကိုးကွယ်ရာ ဖြစ်တော်မူတဲ့ မြတ်စွာဘုရားမှာ လောဘ, ဒေါသ, မောဟ အစရှိသော ကိလေသာ အညစ်အကြေးတွေမှ ကင်းနေတယ်တဲ့၊ ကိလေသာ အညစ်အကြေးတွေ ဘယ်လိုမှမဖြစ်ဘူး၊ လောဘ ဖြစ်စရာ အာရုံနဲ့ ဘယ်လိုပဲတွေ့တွေ့ မဖြစ်၊ ဒေါသလဲမဖြစ် မောဟလဲမဖြစ်၊ မာနလဲမဖြစ်၊ ဒါမှ ဝါသနာနဲ့ကို ကင်းတယ်၊ ရှေးတုန်းက ပုထုဇဉ်အဖြစ်ကနေပြီးတော့ လိုက် ပါလာတဲ့ အလေ့အလာ ဝါသနာတွေကို အကုန်မရှိဘူး၊ သူ့ဥစ္စာ ကိလေသာ အရိပ်အရောင်တွေ ဘာမျှ မရှိဘဲနဲ့ကို ကင်းနေ တယ်၊ အင်မတန် ကြည်ညိုစရာကောင်းပါတယ်။

အဲဒါကြောင့် အရဟံ ဝါသနာနှင့်တကွ တစ်ထောင့်ငါးရာကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူ ပေသော မြတ်စွာဘုရားကင်းဝေးစင်ကြယ်တော်မူပါပေတယ်၊ ဝါသနာနှင့်တကွ တစ်ထောင့်ငါးရာကိလေသာ အညစ်အကြေး တို့မှ ကင်းဝေးစင်ကြယ်ပါပေတယ်လို့ အဖန်ဖန်နှလုံးသွင်းတယ်၊ ကြည်ညိုစရာဖြစ်တာပေါ့၊ ဒီလို ကြည်ညိုစရာဂုဏ်နဲ့ ပြည့်စုံ တဲ့ မြတ်စွာဘုရားကိုပဲ ကိုးကွယ်ဆည်းကပ် နေရတာကိုး၊ ဒီဘုရား၊ ဒီဘုရားရဲ့အဆုံးအမ သာသနာတော်မှာ တကတဲ ဗုဒ္ဓ ဘာသာဝင်တွေ ဖြစ်ပြီးတော့ သရဏဂုံတည်တဲ့ ဥပါသကာ–ဥပါသိကာမဖြစ်ရင် ရဟန်းဖြစ်ပြီး သကာလ ဒီဘုရားရဲ့ ဆုံးမ သြဝါဒအတိုင်း ငါတို့ တရားကောင်းတွေ၊ ငါတို့ တကယ်ကို ကျင့်နေရတာပဲလို့ နှလုံးသွင်းတဲ့အခါကာလ ပီတိတွေဖြစ်တယ်၊ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေ ဖြစ်တာပေါ့။

အဲ–ကိလေသာ ကင်းတော်မူတဲ့ မြတ်စွာဘုရားက ပေးထားတဲ့နည်း၊ ကိလေသာကင်းအောင်လို့ တို့ကျင့်နေရတယ်၊ အင်မတန် ကောင်းတဲ့တရားတွေ တို့ကျင့်နေရတာပဲ၊ နှလုံးသွင်းလိုက်ရင် သိပ်ပြီးတော့ အားရစရာကောင်းတယ်၊ ပီတိပါမောဇ္ဇ တွေ ဖြစ်နိုင်တယ်၊ အဲဒါ–အဲဒီလို နှလုံးသွင်းရမယ်တဲ့၊ အဲဒါနှလုံးသွင်းပုံကလေးက မပြတ်သေးဘူး၊ အချိန်ကတော်တော် ကုန်သွားပြီ၊ တရားသိမ်းဦးမှ၊ တရားကအများကြီးကျန်နေပါသေးလား၊ ကဲ–အဲဒီ အရဟံလဲ ဆိုပါဦးတော့–

> အရဟံ–တစ်ထောင့်ငါးရာ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်
> မူပေသော မြတ်စွာဘုရား။

> အရဟံ–ဝါသနာနှင့်တကွ တစ်ထောင့်ငါးရာ ကိလေသာအညစ်အကြေးတို့မှ ကင်း
> ဝေး စင်ကြယ်တော်မူပေသော မြတ်စွာဘုရား။

အဲ–အဲဒါ ဗုဒ္ဓါနုဿတိပဲ၊ နည်းနည်းလေးရှိသေးတယ်၊ နောက်ကိုလည်း ဗုဒ္ဓါနုဿတိ–ဒီတစ်ခါတော့ ပြောဦးမှဖြစ် မယ်၊ နောက် ဓမ္မာနုဿတိတို့၊ သံဃာနုဿတိတို့၊ သီလာနုဿတိ ဂုဏ်တို့ရတနာသုံးပါး။

> ရတနာသုံးပုံ သီလဂုဏ်–စွန့်ပုံအောက်မေ့ပါ။

စွန့်ကြေးကမ်း လျှုဒါန်းတာတွေလဲ ဒကာဒကာမတွေ အမြဲတမ်းလျှုနေရတာ၊ အဲဒါတွေ နှလုံးသွင်းပုံတွေက အင်မတန်ကောင်းတယ်၊ အင်မတန်ကောင်းပါတယ်ဗျာ၊ ပီတိသမ္ဗောဇ္ဈင်က တော်တော့ကို ကောင်းတယ်၊ ဒါဖြေးဖြေးခြင်း ဟောရမယ်၊ ကိုင်း–ဆိုစမ်းပါဦးတော့။

ရတနာသုံးစုံ သီလဂုဏ် စွန့်ပုံအောက်မေ့ပါ။
နတ်ဖြစ်ဖွယ်စု ဦးမ်းအေးမှူ တွေးရှုအောက်မေ့ပါ။

ဒေဝတာနုဿတိ နတ်ဖြစ်စရာ ဖြစ်တဲ့ သူတော်ကောင်းတရားတွေ ကိုယ်ရှိနေတာတွေ ဆင်ခြင်ဖို့ ဒါကနောက်မှ ပြောမယ်၊ ဦးမ်းအေးမှုက ကိလေသာ ဦးမ်းအေးမှုတွေ ဦးမ်းသမျှလေးပေါ့၊ အဲဒါတွေကို ဆင်ခြင်ပါတဲ့၊ ငါးခုရယ်၊ နှစ်ခုရယ်၊ ခုနစ်ခုရှိသွားပြီ။

မွဲခြောက်သူကြဉ်၊ စိုပြေယှဉ်၊ ထိုတွင်စိတ်ညွှတ်ရာ။

အင်း–သဒ္ဓါတရားမွဲခြောက်နေတဲ့ ပုဂ္ဂိုလ်တွေ ဒီပုဂ္ဂိုလ်တွေ ကြဉ်ရမယ်၊ မပေါင်းနဲ့၊ ပီတိသမ္ဗောဇ္ဈင်ဖြစ်တယ်၊ စိုပြည်ပြီးတော့ သဒ္ဓါတရား ပြည့်ဝပြီးနေတဲ့ ပုဂ္ဂိုလ်ကိုပေါင်း၊ မှီဝဲပါ၊ ပြီးတော့ ထိုတွင် စိတ်ညွှတ်ရာ၊ ပီတိသမ္ဗောဇ္ဈင်ဖြစ်ဖို့ရာ၊ ပီတိသမ္ဗောဇ္ဈင် ဖြစ်ရာဖြစ်ကြောင်းတွေ ဒီလိုနှလုံးသွင်းပါတဲ့၊ နှလုံးသွင်းလိုက်တော့ ခုနက ခုနစ်ခုနဲ့ တစ်ဆယ်ဖြစ်သွားပြီ။

ကြည်ညိုဖွယ်ညွှန်ကြား၊ သုတ္တန်များ စဉ်းစားဆင်ခြင်ပါ။

အဲ–ကြည်ညိုဖွယ်ညွှန်ပြတဲ့ သုတ္တန်တွေတဲ့၊ အင်မတန်ကောင်းတယ်၊ အဲဒါတွေဟောရဦးမယ်၊ ကြည်ညိုဖွယ်ရာ သုတ်တွေ ရှိသေးတယ်၊ အဲဒီသုတ်တွေထဲက တချို့ဟောရမှာပေါ့၊ အဲဒီတော့ ဒါတစ်ခု ထည့်လိုက်တော့ ဆယ့်တစ်ခု ဖြစ်သွားရော။

ပီတိပွားရန် ဆယ့်တစ်တန် ထုတ်ပြန်အဋ္ဌကထာ။

အဲဒီတော့ နောက်သီတင်းကျမှ ဆက်ပြီး ဟောရမယ်၊ ဒီကနေ့တရားသိမ်းဦးမှပဲ၊ ဤဗောဇ္ဈင်တရားကို နာခံမှတ်သားရသော ဓမ္မသဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် ယခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မိမိတို့ သန္တာန်၌ ဗောဇ္ဈင်တရားတို့ကို ပွားများ အားထုတ်နိုင်ကြ၍၊ ဝိပဿနာဉာဏ်အစဉ် အရိယာမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

ပီတိသမ္ဗောဇ္ဈင် တရားတော်

၁၃၂၃–ခု၊ ဒုတိယဝါဆိုလကွယ်နေ့။

ဗောဒ္ဓေါင် ဓမ္မာနုပဿနာ၊ တရားဟောလာတာ ဗောဒ္ဓေါင် ၃–ပုဒ်တော့ပြီးသွားပါပြီ၊ တစ်နေ့က ပီတိသမ္ဗောဇ္ဈင်ကို ဟောတယ်၊ စပြီးတော့ဟောလာတာ ပီတိသမ္ဗောဇ္ဈင်၊ သူကလဲ မှတ်သားစရာတွေတော့ တော်တော်ပါတယ်၊ ဒီကနေ့လဲ ပြီးချင်မှ ပြီးဦးမယ်၊ ဒီနေ့ အဲဒီ ပီတိသမ္ဗောဇ္ဈင်ပဲ ဆက်ပြီးတော့ ဟောရမယ်။

> သန္တံ ဝါ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္झံ အတ္ထိ မေ အဇ္ဈတ္တံ ပီတိ သမ္ဗောဇ္ဈဂေါ်တိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ झံ နတ္ထိ မေ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ဈဂေါ်တိ ပဇာနာတိ၊ ယထာစ အနုပန္နသ ပီတိသမ္ဗောဇ္ဈဿ ဥပ္ပါဒေါ ဟောတိ တဉ္စပဇာနာတိ၊ ယထာစ ဥပ္ပန္နသ ပီတိသမ္ဗောဇ္ဈဿ ဘာဝနာယ ပါရိပူရီဟောတိ၊ တဉ္စပဇာနာတိ။

အဇ္ဈတ္တံ–ကိုယ်တွင်းသန္တာန်၌ ဖြစ်သော၊ သန္တံ–ထင်ရှားရှိသော ပီတိသမ္ဗောဇ္ झံ ဝါ–ပီတိသမ္ဗောဇ္ဈင်တရားကိုလည်း မေ–ငါ၏ ကိုယ်တွင်းသန္တာန်၌၊ ပီတိသမ္ဗောဇ္ဈဂေါ်–နှစ်သိမ့်အားရမှုပီတိ ပီတိသမ္ဗောဇ္ဈင် တရားသည်၊ အတ္ထိ–ရှိ၏၊ ဣတိ၊ ဤသို့၊ ပဇာနာတိ–၏ ။

ပီတိသမ္ဗောဇ္ဈင်–မိမိသန္တာန် ဖြစ်လာတဲ့အခါမှာ ယောဂီပုဂ္ဂိုလ်က ပီတိသမ္ဗောဇ္ဈင် ဖြစ်တယ်ဆိုတာ သိရတယ်၊ ပီတိ ဖြစ်ရင်ဖြစ်မှန်း သိတာပဲ၊ အတိုချုပ်ကတော့ ဒါပါပဲ၊ ပီတိဆိုတာ လောကနဲ့ စပ်ပြီးတော့ ဖြစ်တဲ့ပီတိလဲရှိတယ်၊ တရားနှင့် စပ်ပြီးတော့ဖြစ်တဲ့ ပီတိလဲရှိတယ်၊ လောကနှင့်စပ်ပြီးဖြစ်တဲ့ ပီတိကတော့ ပီတိသမ္ဗောဇ္ဈင်ဟုမခေါ်ရပါဘူး၊ လောကစီးပွားရေး, သားရေးသမီးရေး, အလုပ်အကိုင်အရေး ကိစ္စတွေနှင့်စပ်ပြီးတော့ အောင်မြင်ထမြောက် ပြည့်စုံတာတွေအကြောင်းပြုပြီး နှစ်သိမ့်အားရမှု ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿတွေ ဖြစ်တယ်။

ဒါကတော့ လူတိုင်းလူတိုင်းပဲ ထိုက်သည့်အားလျော်စွာ ဖြစ်ဖူးကြတာ၊ ဖြစ်ဖူးကြတာပါပဲ၊ သူဟာ ကိုယ့်အင်အားနှင့် ကိုယ် အကြောင်းအားလျော်စွာ ပြည့်စုံတာကလေးတွေက ရှိတာကိုး၊ ဥပမာကလေးပဲ ဆိုဦးတော့ စားစရာ မုန့်ကလေးရရင် သူ့မှာ ပီတိဖြစ်ရတာပဲ၊ ကလေးဆိုလျှင် မုန့်လေးရလာလျှင် စားစရာရ ပီတိ ဖြစ်ရတာပဲ၊ ဒီလိုတွေ အများကြီးကို ရှိပါတယ်၊ အဲဒါ လောကရေးရာနှင့်စပ်ပြီး အောင်မြင်ထမြောက်လို့ ပြည့်စုံလို့ ကိုယ်အလိုရှိတာကလေးတွေ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပီတိဖြစ်စရာတွေ့တာက အများကြီးရှိပါတယ်၊ အဲဒီ ပီတိတွေက ပီတိသမ္ဗောဇ္ဈင်လို့ မဆိုရဘူး၊ သူက ကုသိုလ်တရားတွေလိုလဲ မဟုတ်ဘူး၊ ဒီဟာတွေက အကုသိုလ်တရားတွေက များတယ်။ သို့သော် အပြစ်ကြီးတယ်လို့တော့ မဆိုရပါဘူး၊ အပြစ်ကြီးတာ ကတော့ သူတစ်ပါးတွေ သေကြေပျက်စီးတာတွေနှင့် စပ်ပြီးတော့ အားရဝမ်းသာတွေဖြစ်ရင် အဲဒါတော့ အားရဝမ်းသာဖြစ်ရင် အပြစ်ကြီးမှာပဲကိုး၊ ကိုယ်လိုအပ်သော ကိစ္စလေးတွေ တရားသဖြင့် အောင်မြင်မှုကလေးတွေကတော့ ဒါကတော့ အပြစ်တော့ သိပ် မကြီးလှပါဘူး၊ အကုသိုလ်ပေမယ်လို့ သိပ်အပြစ်မကြီးပါဘူး၊ ဘုရား, တရား, သံဃာနှင့်စပ်ပြီး ကုသိုလ်အမှုကိစ္စတွေနှင့် စပ်ပြီး အောင်မြင်ထမြောက်လို့ ဝမ်းမြောက် ဝမ်းသာမှုကလေးတွေ ပီတိလေးတွေဖြစ်၊ ဒါကတော့ ကုသိုလ်တရားတွေပဲ။

ဒါပေမယ်လို့ ပီတိသမ္ဗောဇ္ဈင် အစစ်ကတော့ မဖြစ်သေးဘူးလို့ ဆိုရမှာပဲ၊ ပီတိသမ္ဗောဇ္ဈင် အစစ်ကတော့ ဥဒယဗ္ဗယ ဉာဏ်က စပြီးတော့ဖြစ်တယ်လို့ အဋ္ဌကထာကပြတယ်၊ သို့သော်လဲ အဲဒီ ဥဒယဗ္ဗယဉာဏ် မရောက်သေးခင်လဲ ရတနာသုံးပါး နှင့်စပ်ပြီးတော့ ဖြစ်တဲ့ဥစ္စာတွေတော့ ဒီအထဲထည့်သွင်းရမှာပဲ၊ ထည့်သွင်းမှပဲ ဖြစ်မယ်၊ မသွင်းလို့ရှိရင် ဥဒယဗ္ဗယ ရောက်ဖူးတဲ့ပုဂ္ဂိုလ်က အရှားသား၊ ပီတိသမ္ဗောဇ္ဈင် ဟောစရာတောင် တော်တော်နည်းနေတယ်၊ အာရုံပြုစရာ အတော်နည်းသွားလိမ့်မယ်၊ တရားအားထုတ်ဖူးလို့ ဥဒယဗ္ဗယဉာဏ်ရောက်တဲ့ ပုဂ္ဂိုလ်တွေမှ ဒီပီတိသမ္ဗောဇ္ဈင်က ထင်ထင်ရှားရှား ကိုယ်တိုင်တွေ့ရမှာပေါ့၊ ဒီတော့ အဲဒါတွင် ဆိုလို့ရှိရင်တော့ ဒါပြင်ပုဂ္ဂိုလ်တွေ ဝမ်းသာစရာမရှိဘဲ ဖြစ်နေလိမ့်မယ်၊ အဲ–ဘုရား, တရား, သံဃာနှင့်စပ်ပြီး ဖြစ်တဲ့ ပီတိတွေလဲ ဒီမှာယူရမှာပဲ။

တရားအားထုတ်တဲ့အခါမှာဆိုရင် အားထုတ်လို့ကောင်းရင် ပီတိကလေးတွေ ဖြစ်လာတယ်၊ ဝမ်းမြောက်ဝမ်းသာလေး တွေ ဖြစ်လာတယ်၊ အဲဒါကလေးတွေ ဒီထဲသွင်းယူမှပဲ ဖြစ်မယ်၊ တရားအားထုတ်တဲ့ အခါကာလ နှစ်သိမ့်အားရမှု ပီတိကလေး တွေဖြစ်တယ်တဲ့၊ အဲဒီ ပီတိသမ္ဗောဇ္ဈင်ကလေးတွေကို ယောဂီပုဂ္ဂိုလ်က သိတယ်၊ သူက မသိလို့လဲမဖြစ်ဘူး၊ သူက အထင်ရှား ကြီး ဖြစ်လာတာ၊ ပီတိက မသိမသာကလေး ဖြစ်တာမဟုတ်ဘူး၊ သူက ထင်ထင်ရှားရှား ဖြစ်လာတာ၊ သူကတော့ မသိလို့ မဖြစ်ဘူး၊ ဒါကြောင့်–

အဒ္ဓေတ္တံ–ကိုယ်တွင်းသန္တာန်၌ ဖြစ်သော၊ သန္တံ–ထင်ရှားရှိသော၊ ပီတိသမ္ဗောဇ္ဈင်္ဂံ ဝါ–ပီတိသမ္ဗောဇ္ဈင်တရားကိုလည်း၊ မေ–ငါ၏၊ အဒ္ဓေတ္တံ–ကိုယ်တွင်းသန္တာန်၌၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ–နှစ်သိမ့်အားရမှုပီတိသမ္ဗောဇ္ဈင်သည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏။

လောလောဆယ် အမှတ်ကောင်းလို့ အားရဝမ်းသာ ဖြစ်နေတဲ့ပုဂ္ဂိုလ်တွေလည်း ရှိမှာပေါ့၊ ရှေ့က အမှတ်ကောင်းခဲ့ဖူး တုန်းက ဖြစ်ခဲ့ဖူးတာတွေလည်းရှိမှာပေါ့၊ အဲဒါပီတိသမ္ဗောဇ္ဈင်တွေပဲ၊ ပီတိသမ္ဗောဇ္ဈင်ဖြစ်လျှင် ဖြစ်မှန်းသိရမယ်၊ ဒါတွေရှုရမယ် ပီတိဖြစ်လာတာတွေက နှစ်သိမ့်တဲ့သဘော၊ သဘောကျလျှင် သဘောကျတယ်၊ ဝမ်းမြောက်လျှင် ဝမ်းမြောက်တယ်၊ ဒါတွေရှုရ တယ်၊ ဒါလေးကိုမရှုချင်ကြဘူး၊ ပျောက်သွားမှာစိုးလို့ မရှုဘဲနေကြတယ်၊ ရှုရတယ်၊ အဲဒီလိုရှုရင်း ရှုရင်းပျောက်လို့လဲ သွား တတ်တယ်၊ ပျောက်သွားလို့လည်း ဝမ်းမနည်းရဘူး၊ ပျောက်သွားရင် သူ့ထက်ကောင်းတဲ့ဟာတွေ ဖြစ်လာမှာပဲလို့ ဒီလို အောက်မေ့ထားရတယ်၊ မှတ်လိုက်ရင်း ပျောက်သွားလိုက်ရင်း မှတ်လိုက်ရင်း ပျောက်သွားရင်း၊ ပြီးတော့ ပြန်ပေါ်လာတယ်၊ ဒီလိုလဲရှိပါတယ်၊ ဘယ်ပုံဘယ်နည်းနှင့်ပဲ ဖြစ်ဖြစ် ပေါ်ပျောက်သွားတာကလေးပဲရှိတယ်၊ အဲဒီအခါကျတော့–

အဒ္ဓေတ္တံ–ကိုယ်တွင်းသန္တာန်၌ဖြစ်သော၊ အသန္တံ–ထင်ရှားမရှိသော၊ ပီတိသမ္ဗောဇ္ဈင်္ဂံ ဝါ–ပီတိသမ္ဗောဇ္ဈင်ကိုမူလည်း၊ မေ–ငါ၏၊ အဒ္ဓေတ္တံ–ကိုယ်တွင်းသန္တာန်၌၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ–ပီတိသမ္ဗောဇ္ဈင်သည်၊ နတ္ထိ–မရှိ၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏။

ပီတိသမ္ဗောဇ္ဈင်မရှိရင်လဲ မရှိမှန်းသိတယ်၊ စောစောပိုင်းက အမှတ်မကောင်းသေးတဲ့ ပုဂ္ဂိုလ်တွေကတော့ မရှိဘဲဖြစ်နေ တာပါပဲ၊ အဲဒါ ပီတိကလေးဖြစ်ဖြစ်ပြီးတော့ အားနည်းလို့ရှိရင်လည်း ပျောက်သွားတတ်တယ် ပျောက်ရင်မရှိရင် မရှိမှန်းသိ တယ်၊ မှတ်လိုက်လို့ရှိရင် ပျောက်သွားတတ်တယ်၊ မှတ်လိုက်လို့ ပျောက်သွားလျှင် ပျောက်သွားမှန်းသိတယ်၊ အများကြီးဖြစ် တဲ့အခါကျတော့ တော်တော်နှင့် မပျောက်နိုင်ပါဘူး၊ ဒါပေမယ်လို့ အဲဒါဟာ ပျောက်သွားသည့်တိုင်အောင် အဲဒါလိုပဲ မှတ်ရ တာပဲ၊ ကျော်လွန်သွားအောင်လို့ ဒီပီတိတွေ မကျော်လွန်လို့ရှိရင် ဒီအဆင့်ကမတက်ဘူး၊ ဒီအနား ဝမ်းမြောက်ဝမ်းသာဖြစ်၊ အားရနှစ်သိမ့်တာတွေ ရှေ့မတိုးဘဲနှင့်ဖြစ်နေတတ်တယ်။

ဒါကြောင့်မို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အားရပြီးနေတာတွေ ရှုရတာပါပဲ၊ အဲဒီပီတိဟာလက္ခဏာအားဖြင့် သမ္ပိယာ ယနလက္ခဏာ–နှစ်သက်အားရခြင်း, ဝမ်းမြောက်ဝမ်းသာခြင်း လက္ခဏာရှိပါတယ်တဲ့၊ သူရလာတဲ့အာရုံကလေးနှင့် နှစ်သိမ့် အားရကျေနပ်ပြီးတော့ သိပ်ဝမ်းမြောက်ခြင်း သဘောရှိပါတယ် (ဖရဏရသာ) ရုပ်ကောင်းရုပ်သန့်တွေကို ပျံ့နှံ့ပြီးစေခြင်း ကိစ္စရှိပါတယ်တဲ့၊ ပီတိဆိုတာ သူဖြစ်လာလို့ရှိရင် ကိုယ်တွင်းသန္တာန်မှာ ရုပ်ကောင်းရုပ်သန့်တွေ ပျံ့နှံ့ပြီးတော့ သွားတယ်။

အင်း–အခု နိုင်ငံခြားကလာတဲ့ ထိုးဆေးတွေရှိတယ်၊ ထိုးလိုက်လို့ရှိရင် တစ်ခါတည်း ဆေးထိုးလိုက်ရင် နွေးကနဲဆို ပျံ့ပျံ့သွားတယ်၊ တစ်ကိုယ်လုံး ဆေးထိုးဖူးတဲ့ပုဂ္ဂိုလ်မှသိမယ်၊ တစ်ခါတည်း ဖြုန်းခနဲဆို ပျံ့သွားတယ်၊ အဲဒါမျိုးလိုပဲ၊ ပီတိ ဖြစ်လာတော့ ကိုယ်ထဲမှာ ဖျိုးဖျိုးဖျင်းဖျင်းတွေ ပျံ့သွားတယ်၊ အောက်ပိုင်းကနေ အထက်ပိုင်းတက်လာတာလဲရှိတယ်၊ အထက် ပိုင်းကနေ အောက်ပိုင်းချလိုက်သလိုလည်း ရှိတယ်၊ ဖျိုးဖျိုးဖျင်းဖျင်းတွေ တစ်ခါတည်းကိုယ်မှာ စိမ့်စိမ့်ငြိမ့်ငြိမ့်နှင့် တစ်ခါ တည်း အကောင်းတွေပါပဲ၊ ဖြစ်နေတယ်၊ တစ်ကိုယ်လုံးပျံ့ပြီးတော့, ဖြာပြီးတော့ထွက်နေတယ်၊ ဒါကြောင့် ဖရဏရသာ–ရုပ် ကောင်းရုပ်သန့် ပျံ့နှံ့စေခြင်းကိစ္စ ရှိပါတယ်၊ သြဒဂျ ပစ္စုပဋ္ဌာနာ–တက်ကြွနေတဲ့ သဘောတရားပဲ၊ ကြွတက်နေတဲ့ သဘော တရား ပေါ်တက်နေတဲ့ သဘောတရားပဲလို့ ထင်ရပါတယ်။

ပီတိဖြစ်တဲ့အခါမှာ ကိုယ်ရော စိတ်ရော ပေါ့ပါးပြီးတော့ ကြွနေတယ်၊ တစ်နေ့ကလည်း ပြောပြီးပါပြီ၊ ခုဟာက နည်း နည်းအသစ်တွေ ပါလာမလားလို့၊ အသစ်တွေ, တရားနာတဲ့ပုဂ္ဂိုလ်တွေ အသစ်တွေပါလာလို့ နည်းနည်းပြန်ပြောနေရတယ်၊ ကြွတက်နေတယ်၊ တကယ်လဲ ကြွတက်တာလဲရှိတယ်၊ တကယ်မဟုတ်တောင်မှ စိတ်ထဲကကြွပြီး ပေါ့နေတယ်လို့ ထင်ရတယ်၊ ပေါ့ပေါ့လေး ဖြစ်နေတယ်၊ လေးလေး လံလံတွေ မဟုတ်ဘူး၊ လမ်းလျှောက်ရင်လဲပဲ ပေါ့နေတာပဲ၊ မြေကြီးနှင့် မထိသလိုပဲ ထင်ရတယ်၊ လေမွှေ့ယာပေါ်များမှာ စပရိန်ပေါ်များ နင်းပြီးသွားရသလို တစ်ခါတည်းပေါ့ပေါ့ပြီးသကာလ တက်လာတယ်၊ ကျွံကျသွားသလို တစ်ခါတစ်ခါထင်ရတယ်၊ ပီတိအစွမ်းသတ္တိတွေ၊ ဒါကြောင့် သြဒဂ္ဂိကဘာဝေါ ပစ္စုပ္ပဋ္ဌာနံ–တက်ကြွလာသော သဘောတရားအနေ ကြွတက်နေသော သဘောတရားအနေအားဖြင့် ယောဂီပုဂ္ဂိုလ်ဥဏ်ထဲမှာ ထင်ပါတယ်တဲ့၊ လက္ခဏာ–ရသ ပစ္စုပဋ္ဌာန်ကို တိုတိုနဲ့မှတ်ရအောင်လို့ ဒီမှာ လက်ီးဆောင်ပုဒ်ကလေးတွေ ပေးထားတယ်။

နှစ်သိမ့်ရောင့်ရဲ၊ ဝမ်းလည်းမြောက်သည်။

ဒါလက္ခဏာပဲ၊ ပီတိဆိုတာ နှစ်သိမ့်ရောင့်ရဲခြင်းသဘော၊ ဝမ်းမြောက်ခြင်းသဘောပါပဲ၊ လောကရေးရာနှင့်စပ်ပြီးတော့ အခုနက နှစ်သိမ့်ဝမ်းမြောက်တာတွေလဲပဲ ပီတိတွေပဲ၊ ဒါပေမယ်လို့ ဗောဒ္ဓေါင်ထဲမှာထည့်မယူရဘူး၊ ဗောဒ္ဓေါင်တရားနှင့်စပ်ပြီး

တော့ မှတ်ရင်း မှတ်ရင်း တစ်ခါတည်း မှတ်တိုင်း မှတ်တိုင်းကနေပြီး ဖျိုးခနဲ ဖျင်းခနဲ နှစ်သိမ့်အားရမှုတွေ ဖြစ်လာတယ်၊ နောက်ပြီး အဲဒီလို ဝမ်းမြောက်ဝမ်းသာမှုတွေ ဖြစ်လာတယ်။

(ရှုနည်းကျမ်း ၃–တွဲ ၁၈၆)

"ယတောယတော သမ္မသတိ ခန္ဓာနံ ဥဒယဗ္ဗယံ၊
လဘတေ ပီတိပါမုဇ္ဇံ၊ အမတံ တံ ဝိဇာနတံ"၊

(ဓမ္မပဒပါဠိတော်–၆၇)

အဲဒီ ဒေသနာတော်အတိုင်း ရုပ်အဖို့ကပဲဖြစ်ဖြစ်, နာမ်အဖို့ကပဲဖြစ်ဖြစ် မှတ်တိုင်း, မှတ်တိုင်း မှတ်ရာကနေပြီး သကာလ ဖျိုးခနဲဖျင်းခနဲဖြစ်ပြီးတော့ ကိုယ်ထဲမှာ နှစ်သိမ့်အားရမှုတွေ ဝမ်းမြောက်ဝမ်းသာမှုတွေ ဖြစ်လာတယ်၊ လက်ကလေး ကွေးရာကမှတ်လိုက် အဲဒီကဖြစ်တာပဲ၊ ကိုယ်လှုပ်ရာက မှတ်လိုက်ရင်လဲဖြစ်တယ်၊ ဖောင်းရာပိန်ရာ မှတ်ရင်လဲဖြစ်တယ်၊ လမ်းလျှောက်နေရင်း ကြွတယ်, လှမ်းတယ် မှတ်တော့ကြွတယ်၊ မှတ်တော့ဖြစ်တာပဲ၊ လှမ်းတာမှတ်တော့ဖြစ်တာပဲ၊ ၂ဏာ်တိုင်း မှတ်တိုင်းနေပြီးတော့ သူဖြစ်နေတယ်၊ အဲဒီနှစ်သိမ့်ရောင့်ရဲ ဝမ်းလည်း ဝမ်းမြောက်သည်တဲ့၊ ဒါက ပီတိရဲ့အထည်ကိုယ် သဘောရင်း လက္ခဏာပဲ၊ ကိုင်း–ဆိုရမယ်။

နှစ်သိမ့်ရောင့်ရဲ ဝမ်းလည်းမြောက်သည်။ (ဆို–၃)
ရုပ်ကောင်းရုပ်သန့် ပျံ့နှံ့စေသည်။ (ဆို–၃)

အဲဒီ ပီတိဖြစ်လာတဲ့အခါမှာ ကိုယ်ထဲမှာတစ်ခါတည်း ဖျိုးဖျိုးဖျင်းဖျင်းနှင့် ရုပ်ကောင်းရုပ်သန့်တွေ ပျံ့သွားတယ်၊ ဒါကြောင့် တော်ရုံတန်ရုံ ရောဂါဝေဒနာများ ပျောက်တယ်၊ အင်မတန်ကြီးတဲ့ ရောဂါဝေဒနာတွေ ပျောက်တတ်တယ်၊ မြတ်စွာဘုရားများ ပရိနိဗ္ဗာန်စံကာနီးနှစ်မှာ ဝါတွင်းပဲ၊ အဲဒီဝေသာလီမြို့အနီး ဝေဠုဝဆိုတဲ့ရွာမှာ ဝါကပ်တဲ့အခါတုန်းက ရောဂါဝေဒနာ အကြီးအကျယ်ဖြစ်တယ်၊ သက်တော်ကလဲ ၈၀–အသက်အရွယ်ရောက်နေပြန်တော့ ရောဂါဝေဒနာ အကြီးအကျယ်ဖြစ်တယ်၊ အကြီးအကျယ်ဖြစ်တော့ မြတ်စွာဘုရားက ဆင်ခြင်တော်မူတယ်တဲ့။

ရောဂါဝေဒနာ အင်မတန်ကြီးကျယ်တာပဲ၊ ဒီအတိုင်းသာ လွှတ်ထားမယ်ဆိုရင် ပရိနိဗ္ဗာန်စံရုံပဲရှိတယ်၊ လောကဝေါဟာရနှင့် ပြောရမယ်ဆိုရင်တော့ သေရုံပဲရှိတော့တာပေါ့ သေသည်အထိ ပြင်းထန်လာတဲ့ ကြီးကျယ်တဲ့ ရောဂါဝေဒနာကြီးတဲ့၊ ကြီးကျယ်တဲ့ သေလောက်တဲ့ ရောဂါဝေဒနာလို့ဆိုပါတယ်၊ ဒါပေမယ်လို့ စောစောကလဲပဲ တပည့်ပရိသတ်တွေ ပရိနိဗ္ဗာန်ပြုမည်ဖြစ်ကြောင်းလဲ အကြောင်းကြားမထားရသေးဘူး၊ ဘုရားဆိုတော့ စောစောတင်ကြိုပြီး ပြောထားဦးမှာပဲ၊ ပြောမထားဘဲ ဖြုန်းကနဲ ဘုမသိဘမသိ ပရိနိဗ္ဗာန်စံသွားလို့လဲ မလျှော်ပေဘူး၊ အဲဒါကြောင့် ဒီရောဂါဝေဒနာ ပျောက်ကင်းသွားအောင် တရားနဲ့ဖြေဖျောက်ဦးမှပဲလို့ မြတ်စွာဘုရားက ဝိပဿနာ ရှုတယ်၊ အခါတိုင်းလဲ ဝိပဿနာတရားဆို ဝိပဿနာအမြဲရှုနေတာပါ၊ အမြဲတမ်းဝိပဿနာရှု၊ ဖလသမာပတ်ဝင်စား နေ့စဉ်နေ့စဉ် ကုဋေပေါင်းများစွာ နှစ်သိန်းလေးသောင်းလို့ ဆိုတာပဲ၊ စာက ကုဋေပေါင်းများစွာ သမာပတ်တွေ ဝင်စားပြီးတော့ ဝိပဿနာစျာန်တွေ အမြဲတမ်းရှုနေတာပဲ။

ဒါပေမယ်လို့ အဲဒီအခါမှာ အထူးသဖြင့် ရှုပါတယ်တဲ့၊ ဘုရားအလောင်းတော် ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ဘုရားဖြစ်မည့် အခါကာလတုန်းက ရှုတဲ့အနေမျိုးပေါ့လေ၊ အကျယ်ဝိတ္ထာရအားဖြင့် ဝိပဿနာရှုတယ်တဲ့၊ အဲဒီလို ဝိပဿနာရှုတော့ ရှုရင်းရှုရင်းနဲ့ အဖြစ်အပျက်တွေမြင်ပြီး ရုပ်နာမ် အဖြစ်အပျက်တွေက စပြီးမြင်နေ၊ အဖြစ်အပျက်တွေက မြင်တော့ မြင်နေတာပဲ၊ အခုတော့ ပိုပြီးမြင်တာပေါ့လေ။

အဲဒီမှာ ပီတိပဿဒ္ဓိဖြစ်၊ ဖလသမာပတ္တိတွေ ရောက်ပြီးတော့လဲ ပီတိပဿဒ္ဓိတွေ ဖြစ်မှာပါပဲ၊ အဲဒီပီတိတရားတွေ ဖြစ်တော့ ရုပ်ကောင်း ရုပ်သန့်တွေ တစ်ကိုယ်လုံး ပျံ့နှံ့ပြီးလာတယ်၊ အဲဒါနဲ့ ကျန်းမာသွားတယ်၊ ရောဂါဝေဒနာတွေ သူ့ဟာသူ ပျောက်သွားတယ်၊ အခုတချို့ပုဂ္ဂိုလ်တွေမှာ တရားအားထုတ်လို့ ရောဂါပျောက်တာ ဒီပုံဒီနည်းပျောက်သွားတာတွေ၊ ဒီပီတိတွေဖြစ်လို့, အဲဒါလို ရုပ်ကောင်းရုပ်သန့်တွေ ပျံ့နှံ့လေသည်၊ အကြောင်းညီညွတ်လျှင် ပျောက်တတ်တယ်၊ အကြောင်းမညီညွတ်လျှင်လည်း မပျောက်ဘူးပေါ့၊ ရောဂါဝေဒနာတွေ အားကြီးနေတယ်၊ ကိုယ်ဖြစ်ချင်တဲ့ ပီတိက မပြောပလောက်ဆိုရင် တော့မပျောက်ပေဘူး၊ ဒါကတော့ ပီတိကအားနည်းနေတာကိုး၊ ဟိုကအဖျားဖြတ်ဆေးဆိုတာက အဖျားတော့ ပြတ်တတ်တာပဲ၊

သို့ပေမယ့် ပီတိက အားနည်းနေတာကိုး၊ အဖျားဖြတ်ဆေးဆိုတာ အဖျားတော့ ပျောက်တတ်တာပဲ၊ သို့ပေမယ့်လို့ အချိုးအစားနှင့်ကျအောင် စားမှ၊ ပျောက်တယ်၊ ဆေးက တစ်နေ့သုံးကြိမ်စားရမှာ၊ တစ်နေ့နှစ်ကြိမ်လောက် စားတောင်မှ ပျောက်ချင်မှပျောက်မှာ၊ တစ်ကြိမ်လောက်ဆိုတော့ ဘယ်ပျောက်မလဲ၊ မပျောက်ဘူး၊ နှစ်ရက်၊ သုံးရက်ဆက်စားမှ ပျောက်မည့်

ဥစ္စာ၊ တစ်ရက်လောက်စားရုံနဲ့ မပျောက်ဘူး၊ အဲဒါ သူအချိုးအစား ပြည့်စုံမှ ပျောက်မယ်၊ ပီတိက ရောဂါဝေဒနာ ပျောက်လောက်အောင်လဲ ထက်ထက်သန်သန် ဖြစ်လို့ရှိရင်လဲ ပျောက်သွားတာပဲ၊ ထက်ထက်သန်သန် မဖြစ်တဲ့ပုဂ္ဂိုလ်တွေမှာ မပျောက်ဘူး။

ရုပ်ကောင်းရုပ်သန့် ပျံ့နှံ့စေသည်။

ဟော–ကိုယ်စိတ်ပေါ့လျက်၊ ကြွတက်ထင်သည်၊ ကိုယ်ရောစိတ်ရောမှာ ပေါ့ပေါ့ပါးပါးဖြစ်ပြီး ကြွတက်ဖြစ်နေတယ်လို့ထင်ရတယ်၊ တကယ့် ကြွတက်လဲ နေတတ်တယ်၊ တစ်ချို့ပုဂ္ဂိုလ်တွေ အဟုတ်ကို ကြွတက်နေတတ်တယ်၊ ကြွတက်နေတာလဲ ရှိတတ်တယ်၊ တစ်ဦးတလေလဲ ထူးထူးခြားခြား ဖြစ်တတ်ပါတယ်၊ တကယ့်အမြင့်ကြီး ကြွတက်နေတတ်တယ်လို့ ထင်ရတယ်၊ တကယ်မကြွနဲ့ဦးတော့ စိတ်ထဲမှာတော့ပေါ့ပြီး ကြွတက်နေသည် ထင်ရတတ်တယ် ဆိုရမယ်။

ကိုယ်စိတ်ပေါ့လျက်၊ ကြွတက်ထင်သည်။
မြတ်ပီတိ မှတ်သိဗောဒ္ဓိင်မည်။

အဲဒီပီတိယာ ဗောဒ္ဓိင်တဲ့၊ ဒီလိုဖြစ်လို့ပဲတဲ့၊ ပီတိဟာ ရှုရင်းမှတ်ရင်းနဲ့ ရုပ်နာမ်အဖြစ်အပျက်ကလေးတွေ သိပြီးတော့ အားရ ဝမ်းသာဝမ်းမြောက်မှုတွေ ကိုယ်ထဲ ဖျိုးဖျိုးဖျန်းဖျန်း တငြိမ့်ငြိမ့်တစိမ့်စိမ့်နဲ့ပေါ့ပါးပြီး ကြွတက်တဲ့ သဘောမျိုးတွေ ကိုယ်ထဲတွေ့တဲ့ ဥစ္စာဟာ ပီတိ သမ္ဗောဒ္ဓိင်တွေပါပဲတဲ့ ယောဂီပုဂ္ဂိုလ်တွေ တကယ်အားထုတ်ရင် သိပ်မကြာဘူး၊ တစ်ချို့ပုဂ္ဂိုလ်တွေ နှစ်ရက်သုံးရက်ဆို ပီတိနဲ့တွေ့တာပဲ၊ အချို့လဲ ၄–၅–၆ ရက်နေ့မှတွေ့တယ်၊ ကြိုးကြိုးစားစားအားထုတ်ရင် ၇–ရက်တောင် မကြာဘူး၊ ၇–ရက်တောင် တွေ့တတ်ပါတယ်။

ကြိုးကြိုးစားစား အားထုတ်လို့ရှိရင် ဝီရိယလျော့နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ ၁၄–၅–ရက် အရက် ၂၀–မတွေ့တဲ့ ပုဂ္ဂိုလ်တွေလဲ ရှိသေးတယ်၊ ဒီဥစ္စာကတော့ လျော့လျော့လေး အားထုတ်နေတာကိုး၊ တင်းတင်းရင်းရင်း အားထုတ်လို့ရှိရင် ၇–ရက် အတွင်းမှာ ပီတိတွေ့ပါတယ်၊ တွေ့လဲတွေ့ပါတယ်၊ ဒါလောက်ကလေး မတွေ့လို့ရှိရင် ရှေ့တိုးတက်ဖို့ဟာမလွယ်ဘူး။

အင်မတန် တံဝိဇာနတံ–ရုပ်နာမ်အဖြစ်အပျက်တို့ကို သိမြင်တဲ့ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့ရဲ့ အမြှောက်နိဗ္ဗာန်ကြီးပဲတဲ့၊ ဒီပီတိလဲတွေ့ရင် ရှေ့တရား အားထုတ်ဖို့ဟာတွေဟာ စိတ်တွေ အသစ်ဖြစ်ပြီးတော့ အားကောင်းသွားတယ်၊ အင်မတန် နေရာကျတယ်၊ ဒီပီတိလေးက အဲဒီပီတိဖြစ်ခြင်း အကြောင်းကိုလဲ ယောဂီပုဂ္ဂိုလ်က သိရတယ်။

ယထာစ–အကြင်အကြောင်းကြောင့်လဲ၊ အနုပ္ပန္နသ–အနုပ္ပန္နာယ–မဖြစ်သေးသော၊ပီတိသမ္ဗောဒ္ဓင်္ဂသ–ပီတိသမ္ဗောဒ္ဓင်၏၊ ဥပ္ပါဒါ–အသစ်ဖြစ်ပေါ်လာခြင်းသည်၊ ဟောတိ–၏၊ တဉ္စ–ထိုအကြောင်းကိုလဲ၊ ပဇာနာတိ–သိ၏။

ပီတိသမ္ဗောဒ္ဓင်က ဘာကြောင့်ဖြစ်သလဲဆိုတဲ့အကြောင်းကိုလဲ သိပါတယ်တဲ့၊ ပီတိသမ္ဗောဒ္ဓင်ဟာ ဘာကြောင့်ဖြစ်တတ်သလဲဆိုရင် ပီတိသမ္ဗောဒ္ဓင်ဖြစ်တဲ့ အကြောင်းတရားတွေ ရှိတယ်တဲ့၊ အဲဒီတရားတွေကို ဒီနည်းလမ်းမှန်ကန်စွာ နှလုံးသွင်းရင် ပီတိသမ္ဗောဒ္ဓင်ဖြစ်တာပဲ၊ မြတ်စွာဘုရားက ဒီလိုဟောတယ် ယောနိသောမနသိကာရ နည်းလမ်းမှန်ကန်စွာ နှလုံးသွင်းနည်းလမ်းဆိုတာ ဘာဖြစ်လို့ဆိုတော့ ပီတိဖြစ်လောက်အောင် ဝိပဿနာ ရှုတာတွေပါ၊ ရှေ့အဖို့ကနေပြီး ဝိပဿနာရှု၊ ပီတိဖြစ်အောင် နှလုံးသွင်း၊ အဲဒီဥစ္စာမျိုး ပီတိဖြစ်ကြောင်းဖြစ်တဲ့ အာရုံတွေနှလုံးသွင်းပေးလို့ရှိရင်လဲ ဖြစ်တတ်တယ်၊ဝိပဿနာ အချိုးတကျ ရှုလို့ရှိရင်လဲ ဖြစ်တတ်တယ်၊ ယောနိသောမနသိကာရတွေပဲ၊ အဌကထာ ဆရာကတော့ ပီတိဖြစ်ကြောင်း တရားဆယ့်တစ်ပါးထုတ်ပြထားတယ်၊ မှတ်သားစရာတွေကောင်းပါတယ်၊ ဒါတွေက အားထုတ်ရတဲ့တရားတွေပါပဲ၊ အဲဒါတွေ လွယ်လွယ်မှတ်ရအောင်၊ ဒီက ဆောင်ပုဒ်စပ်ထားတယ်၊ အစတစ်ပုဒ် မပြီးသေးဘူး။

ရတနာသုံးစုံ၊ သီလဂုဏ် စွန့်ပုံအောက်မေ့ပါ။

ဗုဒ္ဓါနုဿတိ–မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတွေကို အဖန်တလဲလဲ နှလုံးသွင်း ဆင်ခြင်ရမယ်တဲ့၊ ဒါလဲ ကမ္မဋ္ဌာန်းတစ်ခုပဲ၊ ဓမ္မာနုဿတိ–တရားတော်ရဲ့ ဂုဏ်တော် ကျေးဇူးတွေလို့လဲ အဖန်တလဲလဲ နှလုံးသွင်း ဆင်ခြင်ရမယ်၊ သံဃာနုဿတိ–သံဃာတော်ရဲ့ ဂုဏ်တော်တွေလဲပဲ အဖန်တလဲလဲ နှလုံးသွင်း ဆင်ခြင်ရမယ်၊ သီလာနုဿတိ–မိမိ၏ သီလဂုဏ်တွေကိုလဲ အဖန်တလဲလဲ နှလုံးသွင်းဆင်ခြင်ရမယ်၊ စာဂါနုဿတိ–စွန့်ကြဲခြင်း၏ ဂုဏ်တော်တွေကိုလဲ အဖန်တလဲလဲ နှလုံးသွင်းဆင်ခြင်ရမယ်၊ ၅–ခု၊ ဒီအပုဒ်က ၅–ခုပါတယ်၊ အဲဒီ ၅–ခု စပြီးတော့ ဆိုကြဦးစို့ရဲ့၊ ဆိုပြီးမှ ပြောမယ်။

ရတနာသုံးစုံ၊ သီလဂုဏ် စွန့်ပုံအောက်မေ့ပါ၊ (ဆို)၊

အဲဒီ ရတနာသုံးစုံ ရတနာသုံးပါးကို ဘုရား, တရား, သံဃာ ရတနာ ၃–ပါး အဲဒီဂုဏ်ကိုလဲ အောက်မေ့ပါတဲ့၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ၊ ဒါကတော့ ပါဠိပါပဲ၊ သီလဂုဏ်ဆိုတာ သီလာနုဿတိ–သီလဂုဏ်လဲ အောက်မေ့ပါ စာဂ–စွန့်ကြဲ ပေးကမ်းခဲ့ဖူးပုံဂုဏ်ကို အောက်မေ့ပါ၊ အဲဒါတွေကို အောက်မေ့နေလုံးသွင်းအောက်မေ့ဆင်ခြင်၊ ဒါတွေက ကမ္မဋ္ဌာန်းတွေပဲ၊ ဘယ်အခါများ အားထုတ်ရပါသလဲဆိုတော့ တရားအားထုတ်ရတာက နည်းနည်း မတိုးတက်ဘဲ နေတဲ့အခါ တွေရှိတတ်တယ်၊ တရားအားထုတ်တာက မတိုးတက်ဘူး၊ ခြောက်သွေ့သွေ့ဖြစ်နေတယ်၊ အားရစရာ, ဝမ်းသာစရာ ဘာမှ မတွေ့ရတော့ မတိုးတက်ဘူးပေါ့။

အဲဒီလိုအခါမှာ ပီတိဖြစ်အောင်လို့ အားထုတ်ရတယ်တဲ့၊ ပီတိကလေးများများမဟုတ်တောင် နည်းနည်းပါးပါးတော့ ဖြစ်မှာပေါ့လေ၊ နလုံးသွင်းလျှင် ဘုရားဂုဏ်ကိုဆင်ခြင်ပါတဲ့၊ တရားဂုဏ်, သံဃာဂုဏ်တွေ ကိုယ်သိသမျှ နလုံးသွင်းဆင်ခြင်ပါ၊ ဏာက် သီလတို့, စာဂတို့, ဒါတွေကတော့ ကိုယ့်သန္တာန်ဖြစ်တဲ့ဥစ္စာတွေမို့ ဒါတော့မသိစရာမရှိဘူး၊ အဲဒါတော့ဆင်ခြင်လို့ ကောင်းပါတယ်၊ တစ်နေ့က ဘုရားဂုဏ်ဆင်ခြင်ပုံ နည်းနည်းစပြီး မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတွေဆိုတဲ့ ဘုရားဂုဏ်ကျေးဇူးဆိုတာ အင်မတန်ကျယ်ဝန်းတယ်တဲ့၊ ကိုယ်သိသမျှ ဆင်ခြင်ရမှာပါပဲ၊ ဗဟုသုတများတဲ့ ပုဂ္ဂိုလ်တွေများများသိတာပေါ့၊ နည်းနည်းသိတဲ့ပုဂ္ဂိုလ်နည်းနည်းသိ၊ အချို့လဲ ဘုရားဆိုလို့တာသိတာ၊ ဘာမှန်းညာမှန်းကိုမသိ၊ ဘုရားဆိုတော့ ဘယ်လိုဟာမျိုးဆိုရင် သေသေချာချာ မပြောတတ်ဘူး၊ ဗဟုသုတက အချို့ပုဂ္ဂိုလ် ဘာမျှရှိတာမဟုတ်ဘူး၊ မိဘတွေက ဘုရားဆိုလို့ ဒီလို အောက်မေ့ထားရတာပဲ၊ ယုံကြည်ထားရတာပဲ၊ ဘုရားဆိုတာ ဘယ်လိုဟာဆိုတာ သိရတာမဟုတ်ဘူး၊ ဒါကြောင့် အတော် အတန်တော့ ဘုရားအကြောင်းတော့ သိထားစရာတော့ ကောင်းတာပေါ့။

အဲဒါသိအောင်လို့ ဘုန်းကြီးက အခု ဖြေးဖြေးခြင်းပြောနေတာ၊ မြတ်စွာဘုရားအကြောင်းကို အခုဒီမှာ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေကတော့ အများအားဖြင့် သိတဲ့ပုဂ္ဂိုလ်တွေပါပဲ၊ ဒါပေမယ်လို့ အဲဒီက ဗဟုသုတရပြီး ဟိုတစ်ဆင့် မသိသေးတဲ့ ပုဂ္ဂိုလ်တွေ တစ်ဆင့်တစ်ဆင့် ပြောရတာပေါ့လေ၊ ပြောဟောရတာပေါ့၊ ဘုရားဂုဏ်တွေဆိုတာ သုံးမျိုးရှိတယ်တဲ့၊ ဆင်ခြင်ရတာ၊ စရိယဂုဏ်တွေတဲ့၊ ဘုရားအလောင်းတော် ဘဝကစပြီး ဘုရားဖြစ်ကြောင်းအကျင့်တွေ ကျင့်နေတယ်၊ ဘုရားဖြစ်ခြင်း၏ အကြောင်း တစ်နေ့ကပြောခဲ့ပြီ၊ သုမေဓာရသေ့ အဖြစ်ကနေပြီးတော့ ပါရမီတွေဖြစ်တာ၊ အကျဉ်းချုပ်၊ အဲဒါတွေကတော့ ဇာတ်ဝတ္ထုကြောင်းတွေ၊ ကြည်ညိုစရာ အင်မတန်ကောင်းတယ်၊ အချို့အချို့ဝတ္ထုကြောင်းတွေမှာ မြတ်စွာဘုရား အင်မတန်ကို ဆင်းရဲခံပြီးတော့ ပါရမီတွေကျင့်ရတယ်တဲ့၊ အင်မတန်အနစ်နာခံပြီးတော့ ကျင့်ရတယ်, အားထုတ်ရတယ်၊ လောကတ္ထစရိယ–လောက၏ အကျိုးစီးပွား၊ သူများအတွက် အများသောပုဂ္ဂိုလ်တွေ ချမ်းသာရအောင်လို့ဆိုပြီးတော့ အကျိုးရှိအောင်လို့ ဆောင်ရွက်ရတယ်၊ ဉာတတ္ထစရိယ–ဆွေမျိုးတွေ မိမိနှင့်စပ်တဲ့ပုဂ္ဂိုလ်တွေ, နီးစပ်တဲ့ပုဂ္ဂိုလ်တွေ, ချမ်းသာအောင်လို့ ဒီလိုကျင့်ရတာလဲ ရှိတယ်၊ ဗုဒ္ဓတ္ထစရိယ–ဘုရားဖြစ်ဖို့ရာအတွက် ကျင့်ရတာလဲရှိတယ်၊ ဒီသုံးမျိုး၊ အဲဒီသုံးမျိုးလုံးဟာ ဘုရားအလောင်းတော် အချို့အချို့သော ဘဝတွေမှာ အများအတွက် အင်မတန်အနစ်နာခံပြီး စွန့်စွန့်စားစား ကျင့်ရတယ်၊ သိပ်အားထုတ်ရတယ်၊ အဲ–အချို့ ဇာတ်ဝတ္ထုတွေကျတော့ကို မိမိဆွေမျိုးတွေအတွက် စွန့်စွန့်စားစား ကျင့်ရတာရှိတယ်၊ ဘုရားဖြစ်ရာဖြစ်ကြောင်း ကျင့်ရတာတွေ ကတော့ ဘဝတိုင်း ဘဝတိုင်း ကျင့်ရတာ ထင်ရှားနေတာပဲ။

ဘုရားဖြစ်ရာဖြစ်ကြောင်းတွေ ဒါနပါရမီဖြစ်စေ, သီလပါရမီဖြစ်စေ, နိက္ခမပါရမီဖြစ်စေ, ထူးထူးချွန်ချွန် ကျင့်သွားတာတွေဟာ ဇာတ်ဝတ္ထုတိုင်းလိုပဲ ထင်ရှားနေပါတယ်၊ အဲဒီ မြတ်စွာဘုရား ပါရမီ ဖြည့်ကျင့်ခဲ့ပုံတွေကို လျှောက်ပြီး စဉ်းစားလိုက်လို့ရှိရင်၊ အင်မတန်ကြည်ညိုစရာ ကောင်းတယ်၊ နောက်ဆုံးဘဝမှာလဲ ထီးနန်းစည်းစိမ်တွေစွန့်ပြီး တောထွက်၊ တောထဲမှာ တရားတွေ ကျင့်သုံးအားထုတ်ပြီးတော့ ၆–နှစ်ပတ်လုံး တရားရှာပြီးတော့နေတယ်။

ဒါတွေလဲ အင်မတန်ကြည်ညိုစရာကောင်းတယ်၊ တစ်နေ့ကအတိုချုပ်ပြောပြီးပါပြီ၊ အဲဒီလိုကျင့်လို့ သစ္စာ ၄–ပါး တရားတွေ အလုံးစုံကိုယ်တိုင်သိပြီး ဘုရားအဖြစ်ရောက်လာတဲ့ မြတ်စွာဘုရားကို၊ အဲဒီမြတ်စွာဘုရားဟောကြားထားတဲ့ တရားတွေကို၊ ငါတို့ကျင့်နေရတာပဲဆိုတာ အားရစရာ သိပ်ကောင်းတာပဲ၊ တော်စွေလျော်စွ ပုဂ္ဂိုလ်ဟောတဲ့တရားတွေမဟုတ်ဘူး၊ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပတ်လုံး မရေမတွက်နိုင်သော ဘဝတွေမှာ ပါရမီဆယ်ပါး အပြားသုံးဆယ်၊ စရိယသုံးပါး စွန့်ခြင်းကြီး ငါးပါးတွေကို ကြိုးကြိုးစားစား အားထုတ်ပြီး ကျင့်သုံးလာလို့ သစ္စာလေးပါးတရား အလုံးစုံကိုယ်တိုင်သိပြီး ဘုရားအဖြစ်သို့ရောက်၊ အဲဒီလို ကိုယ်တိုင်သိ၊ ဘုရားအဖြစ်သို့ရောက်ပြီး ကိုယ်တိုင်သိပြီးမှ ဟောထားတဲ့တရားတွေ နည်းကောင်း လမ်းကောင်းတွေ ကိုယ်တိုင်သိပြီးဟောထားတဲ့ တရားတွေပဲ။

ဒီက အလွယ်တကူပဲ၊ သူများချက်ပြုတ်လို့ ခူးပေးပြီးသား, ထမင်းပွဲပြင်ပြီးသားလေးကို လက်ဆေးပြီးတော့စားရုံပဲ၊ အခုပုဂ္ဂိုလ် အင်မတန်လွယ်နေတာပဲ၊ အင်မတန် သက်သက်သာသာလဲပဲ ဘုရားလောင်းတော်မှ ဒီတရားတွေကို ဘုရားဖြစ်ဖို့ရာ အတွက် အများကြီး ကျင့်သုံးလာခဲ့ရတယ်။

နောက်ဆုံး ဘဝမှာကိုပဲ ၆–နှစ်တိုင်တိုင် အင်မတန်ဘဲ ဒုက္ခရောက်လာပြီး ကျင့်လာခဲ့တယ်၊ လွယ်လွယ်လေး မဟုတ်ပါဘူး၊ အဲဒီလိုကျင့်ပြီးတော့ ကိုယ်တိုင်တွေ့ပြီးတော့မှ တကယ့် နည်းကောင်း လမ်းကောင်းတွေ ထုတ်ပြီးတော့ ထုတ်ဖော်ပြီးမှ

ဟောထားတာ၊ အဲဒီ ဟောထားတဲ့ နည်းလမ်းအတိုင်းလိုက်ပြီး ကျင့်ရတာလေးဟာ အင်မတန်ကို ဝမ်းသာစရာကောင်းတယ်။ ဒီတော့ ၁၀–ရက်၊ ၁၅–ရက်လောက် စသည်ဖြင့် အားထုတ်လို့ တရား မတိုးတက်သေးပေမယ်လို့ ဘာမျှအားငယ်စရာ မရှိဘူး၊ ဟိုမှာ ဘုရားအလောင်း ကျင့်ရတာတွေနှင့်စာလို့ရှိရင် အသက်သာကြီးပဲ၊ အလွယ်တကူလေး ကျင့်နေရတာ၊ အင်မတန် ဟန်ကျနေတယ်၊ ဒီတော့ကို မြတ်စွာဘုရားရဲ့ စရိယဂုဏ်တွေကျင့်ခဲ့ပုံတွေကို ပြန်ပြီးတော့ ဆင်ခြင်လိုက်လို့ရှိရင် တစ်ခါတည်း စိတ်အားတွေ တက်လာတယ်၊ ပီတိတွေ ဝမ်းမြောက်ဝမ်းသာစရာတွေ စိတ်အားထက်သန်စရာတွေ ဖြစ်လာတယ်။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ရှေးက ရဟန်းတော်တစ်ပါး ရှိတယ်၊ မြတ်စွာဘုရားက ဒုက္ကရစရိယာ ၆–နှစ်ဖြည့်ကျင့်လို့ သူလဲပဲ ၆–နှစ်ပတ်လုံး တစ်ခါတည်း အိပ်ရာထဲမအိပ်ဘဲနဲ့ ကျင့်နေတယ်ဆိုတာကိုး၊ မြတ်စွာဘုရား ၆–နှစ်ပတ်လုံး ဒုက္ကစရိယာက ကျင့်တာကို ပူဇော်သောအားဖြင့် သူလဲပဲ အိပ်ရာထဲမှာ မအိပ်ဘူး အဲဒီလို ထိုင်တယ်၊ စက်ဘ်လျှောက်တယ်၊ ရပ်တယ်၊ ဣရိယာပုဒ် သုံးပါးနဲ့ပဲ တရားအားထုတ်၊ ရဟန်းတစ်ပါး အဲဒီပုဂ္ဂိုလ်လဲ နောက်ဆုံး ရဟန္တာဖြစ်သွားတာပါပဲ၊ အဲဒါကြောင့် မြတ်စွာဘုရား၏ ဂုဏ်စရိယဂုဏ်တွေကို ဆင်ခြင်လို့ရှိရင်လဲပဲ နှစ်သိမ့်အားရမှု ပီတိတွေ ဖြစ်တတ်ပါတယ်တဲ့၊ ပြီးတော့ ရူပကာယဂုဏ်၊ နာမကာယဂုဏ်၊ ရူပကာယဂုဏ်ဆိုတာ မြတ်စွာဘုရား၏ ရုပ်ကိုယ်တော် တင့်တယ် သပ္ပာယ်တော်မူပုံ အချိုးအစားကျပြီးတော့ ရူပကာယကိုယ်တော်ဖြင့် တင့်တယ်တော်မူပုံ၊ သပ္ပာယ်တော်မူပုံ အဲဒါကိုအာရုံပြုရမှာကိုး၊ ဒါကတော့ ဘုရားကို ကိုယ်တိုင်က မြင်ရတာမဟုတ်တော့ မှန်းဆပြီးတော့ အာရုံပြုရမှာပဲ၊ တင့်တင့်တယ်တယ် သပ္ပာယ်အောင်လို့ ထုပြီးထားတဲ့ ဘုရားရုပ်ပုံတော်တွေ, ရေးဆွဲထားတဲ့ ဘုရားကား ရုပ်ပုံတော်တွေ အဲဒါတွေကြည့်ပြီးတော့ အဲဒီပုံမျိုးနဲ့ အတော်အတန် တူမှာပေါ့လေ၊ ပုံကလဲပဲ ပြည့်ပြည့်စုံစုံ ဘယ်ဖြစ်နိုင်မလဲ၊ မဖြစ်နိုင်ဘူး၊ ဒါကတော့ မဖြစ်နိုင်ဘူး၊ အသောကမင်းကြီး (သီရိဓမ္မာသောက) မင်းကြီးမှာ မိဖုရားကြီး အသန္ဓိမိတ္တာဆိုတာရှိတယ်၊ (အသန္ဓိမိတ္တာလို့လဲ တစ်ချို့စာမူတွေက ရှိတယ်) သန္ဓိဆိုတော့ အဆက်အစပ်တွေ့ တံတောင်ဆစ်တို့၊ လက်ဆစ်တို့၊ လက်ကောက်အဆစ် အဲဒီလို အဆစ်တွေ သန္ဓိ သန္ဓိနိမိတ္တ၊ အသန္ဓိနိမိတ္တဆိုတော့ အရိပ်ရောင်ပေါ့လေ၊ အဆစ်ရဲ့တတောင်ဆစ်တို့ အဆစ်တွေရဲ့ အရိပ်အရောင်လိုနေတာတို့, မည်မည္ဍတ် ဖြစ်နေတာတို့၊ အဲဒါတွေ အရိပ်အရောင်တွေပေါ့၊ အဲဒီလို အရိပ်အရောင်ကို မရှိလို့ အဲဒီမိဖုရားဟာ အင်မတန် ချောမောပြေပြစ်တဲ့ မိဖုရားနဲ့တူပါတယ်။

မိဖုရားဆိုတော့ ချောမော ပြေပြစ်ရမှာပေါ့လေ၊ အသန္ဓိနိမိတ္တတဲ့ လက်များဆန့်လို့ရှိရင် ဘယ်အနားက အဆစ်ရှိမှန်းမသိဘူးဆိုတာပဲ၊ ချောနေတယ်၊ ကွေးလိုက်မှ ဒီအနားက အဆစ်ကိုသိရတယ်၊ အဲဒါ အသန္ဓိနိမိတ္တအသန္ဓိမိတ္တတဲ့၊ (စာရေးသူများ) သီရိဓမ္မာသောကမင်းကြီးရဲ့ မိဖုရားပဲ။ အဲဒီမိဖုရားကြီးဟာ တစ်ခါတော့ကို အသောကမင်းကြီးက သူက ရွှေခြေကျင်းများနဲ့ စေလွှတ်ပြီးတော့ ကာလနဂါးကြီးကို ခေါ်ယူတယ်လို့ ဆိုတာကိုး၊ စာထဲက ပါတဲ့အတိုင်းပဲ၊ ယခုကာလ အတွေးနဲ့ဆိုရင်တော့ ဘယ်လိုလုပ်မြင် ခေါ်ပါလိမ့်မလဲလို့ စဉ်းစားစရာတော့ရှိတယ်။

ဒါကတော့ ယခုကာလအနေနဲ့ တွေးလို့တော့ မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုတုန်းက ကာလကဟာ ဟိုတုန်းက၊ ယခုကာလ ဖကတစ်မျိုး ဟိုတုန်းကာလအနေနဲ့ ယခုကာလလို တွေးလို့လဲ မဖြစ်ပေဘူး၊ ဟိုတုန်းကအနေနဲ့ ယခုကာလလို စက်မှုကိရိယာတွေ လျှောက်တွေးလို့ရှိရင် ယုံကြည်စရာရှိမှာ မဟုတ်ဘူး၊ ဟိုတုန်းက ဘာမျှမရှိသေးတဲ့ဟာကို၊ အဲ–ယခုအနေနဲ့ကတော့လဲ ရှေးတုန်းက အခြေအနေကို စဉ်းစားလိုက်မယ်ဆိုရင် ရှေးတုန်းက အခြေအနေက တစ်မျိုးပဲ၊ ရှေးတုန်းက ပုဂ္ဂိုလ်တွေက သဒ္ဓါသီလအစရှိသော ဂုဏ်ကျေးဇူးတွေက တစ်မျိုး ဟိုတုန်းကပုဂ္ဂိုလ်တွေက သဒ္ဓါသီလအစရှိသော ဂုဏ်ကျေးဇူးတွေက အင်မတန် ထက်သန်တဲ့ ခေတ်ကာလကြီးဖြစ်တယ်။

ကုသိုလ်ကောင်းမှု အကျိုးပေးတွေလဲ ထူးခြားတဲ့ပုဂ္ဂိုလ်တွေမှာ အင်မတန်ထူးခြားနေတဲ့ ခေတ်ကာလကြီးဖြစ်ပါတယ်၊ ဒါကြောင့် အသောကမင်းကြီးက သူ့ကောင်းမှုကုသိုလ်၏ အစွမ်းအားဖြင့် အထက်ကောင်းကင်မှာလဲ တစ်ယူဇနာလောက် အစိုးရတယ်ဆိုတာကို၊ မြေကြီးထဲတောင် တစ်ယူဇနာလောက် အစိုးရတယ်၊ အဲဒီတော့ ဒီကာလနဂါးကြီးက သူ့နယ်ထဲဖြစ်ပြီးနေလို့ ကာလနဂါးကြီးလာအောင် သူ ဒီရွှေခြေကျင်းနှင့်စေလွှတ်ပြီး ခေါ်လိုက်တယ်၊ အဲဒီလိုခေါ်လိုက်တဲ့အခါ ကာလနဂါးကြီး ကလာရတယ်၊ လာတဲ့အခါကာလကြမှ ဒီကာလနဂါးကြီးကလဲ အသက်ရှည်တယ်၊ ဘုရားလေးဆူစလုံး အကုန်လုံး မီတယ်လို့ ပြောတယ်၊ အသက်ရှည်တယ်နော်၊ နဂါးက နဂါးဆိုတာ မြွေပဲ၊ ကောင်းတော့မကောင်းဘူး၊ သွားများဆုမတောင်းကြနဲ့ ကောင်းတော့မကောင်းဘူး၊ မြွေကြီးပဲ ဘုရားလေးဆူစလုံး သူက ကိုယ်တိုင်တွေ့ရတယ်၊ ကိုယ်တိုင်တွေ့ရလဲ တွေ့ရတာရှိတာပဲ၊ သူကမြွေကြီးဆိုတော့ ကျွတ်လဲမကျွတ်ပါဘူး၊ အသက်ရှည်တာရှိတာပဲ၊ သိပ်ပြီးတော့ အားရစရာမရှိပါဘူး၊ သို့သော်လဲ သူ့မှာ အသက်ရှည်တာပဲ၊ ဒါ–ချီးကျူးစရာရှိတယ်။

အဲဒီတော့ အသောကမင်းကြီးက နဂါးကြီးကို တောင်းပန်တယ်၊ အသင်နဂါးကြီးဟာတဲ့၊ ဘုရားလေးဆူတို့၏ ပုံသဏ္ဌာန်တွေကို မြင်ရတယ်တဲ့၊ ပုံသဏ္ဌာန်တွေ ကိုယ်တိုင်ကိုမြင်ရတယ်၊ မြင်ရတော့ အဲဒီပုံစံများ ဖန်ဆင်းပြီးပြပါလို့ပြောတော့ နဂါးကြီးက သူတတ်နိုင်သမျှ ဖန်ဆင်းပြတယ်၊ တန်ခိုးလဲရှိတာကို၊ နတ်နဂါးဆိုတော့ ယခု ဒီကမြွေတွေလိုတော့ မဟုတ်ဘူး၊ မြွေတွေက တန်ဖိုးမရှိဘူး၊ ဖန်ဆင်းပြီးပြတာ အဲဒါဖူးကြရတယ်၊ ကဲ–ခုနက မိဖုရားကြီးလဲ ဖူးရတယ်၊ ဘုရားရုပ်ပုံ

တော်ကို ဖူးရတယ်၊ မြင်ရတယ်၊ မြင်တော့ဘုရားစစ်မတွေ့ရသော်လဲပဲ အတုအပတွေ့ရတော့ သဒ္ဓါတရားဖြစ်စရာပေါ့လေ၊ ပီတိတွေဘာတွေ ဖြစ်စရာပေါ့။

ဒါ တော်တော်များများဖြစ်မှာပေါ့ ထူးထူးဆန်းဆန်းတွေမြင်ရတော့ ဟိုတရုတ်နိုင်ငံက သာသနာပြု ဆရာတော်ကြီး တစ်ပါး ဆိုရမှာပေါ့၊ တရုတ်သာသနာပြု ပဌမဖာဟိရန်၊ နောက်တစ်ခါ ထိုင်ဆင်လို့လဲ ခေါ်တယ်၊ ဟီရင်ဆင်လို့လဲခေါ်တယ်၊ သာသနာပြု ဆရာတော်တစ်ပါးရှိတယ်၊ သူက အင်မတန်တော်ပါတယ်၊ အင်မတန်ကို သက်စွန့်ကြိုးပမ်း တစ်ခါတည်း အိန္ဒိယ သွားပြီးတော့ ဗုဒ္ဓဘာသာစာပေတွေ သူလေ့လာတယ်၊ တတ်လဲတတ်တယ်၊ တယ်လဲ ဉာဏ်ကောင်းတာကိုသူက၊ တယ်ဉာဏ် ကောင်းတယ်၊ သူကတော့ မဟာယာနပဲ၊ မဟာယာန စာပေတွေရော, ထေရာဝါဒ စာပေတွေရော သူအကုန်လုံးတတ်တယ်၊ ဟိုဗြဟ္မဏက စာပေတွေ ဟိန္ဒူတွေ ဘာတွေ လောကစာပေ သူအကုန်လုံးတတ်တယ်၊ ပြိုင်ဆိုင်ပြောမယ်ဆိုရင် သူအကုန်လုံး နိုင်တာပဲ၊ သူကတော့အကုန်လုံး ဘယ်သူမှမဘက်ပြိုင်နိုင်ဘူး၊ သူအင်မတန်တတ်တဲ့ ကိုယ်တော်ကြီးပါပဲ၊ သူအင်မတန်တတ် တယ်။

အဲဒါသူ့မှတ်တမ်းထဲမှာရေးတယ်၊ အိန္ဒိယအနောက်မြောက်ဆွယ်မှာ ဘုရားရုပ်ပုံတော်ကို ဘုရားကထားခဲ့တယ်ဆိုတာ ကို၊ ဟိုရှေ့ခေတ်တုန်းက ဒီလိုပဲ အစွဲအလန်းရှိတယ်၊ ဒါပါပဲ၊ အဲဒီနေရာကို သူသွားပြီးဖူးတာကို၊ ဂူကြီးထဲ ဝင်ပြီးတော့ဖူးရ တယ်၊ ဂူကြီးထဲဝင်ပြီးတော့ ဖူးတော့ သူခက်ခက်ခဲခဲ သွားရပါတယ်။

အဲဒါတွေ တော်တော်စိတ်ဝင်စားစရာတွေ ကောင်းပါတယ်၊ ဘယ်သူမှလဲပဲ အဲဒီအခါတုန်းက မသွားဝုံဘူး၊ လမ်းမှာ သူခိုးဓားပြ လူဆိုးတွေကလဲ ပေါဆိုတာကို၊ ဟိုတုန်းကလဲ စည်းမဲ့ကမ်းမဲ့လူတွေ၊ အဲ ဘာမဟုတ်တာနဲ့လဲ သတ်ပြီးပစ္စည်းတွေ ယူတာပဲ၊ ကြောက်စရာ တော်တော်ကောင်းတာပဲ၊ အဲဒါ သူစွန့်စားသွားတာပဲ၊ လမ်းမှာ ဓားပြတွေနဲ့တွေ့တယ်၊ ဓားပြတွေ နှင့်တွေ့တော့ ဓားပြတွေက သူ့ကိုဖမ်းတယ်၊ ပြီးတော့လုဖို့ယက်ဖို့ရာ ဖမ်းတာပဲ၊ ဖမ်းပြီး သူ့ကိုမေးတယ်၊ ဘာဖြစ်လို့ ဒီလမ်း လာရသလဲလို့၊ သူဘုရားဖူးချင်လို့ပဲ သူက ဘုရားရုပ်ပုံတော် ရှိတယ်ဆိုလို့ ဖူးချင်လို့၊ နို့ ဒီမှာ ဓားပြတွေရှိတာမရှိတာ မသိဘူးလားလို့ မေးတယ်၊ ရှိတာသိပါတယ်တဲ့၊ သိပေမယ်လို့ ဘုရားဖူးချင်လို့ သေသေဆိုပြီး စွန့်ပြီးလာတာပါ၊ ဒါနဲ့ သူအပြောကောင်းတာနဲ့ ဓားပြတွေက သူတို့လဲဘုရားဖူးဆိုတော့ စရိတ်တော့ရှိတယ်၊ ဘုရားဖူးဆိုတော့သူတို့လဲ ကြည့်ချင် တယ်၊ ကိုင်း သွားဆိုတော့ ဆက်ပြီးတော့ တစ်ခါတည်း လွှတ်လိုက်တယ်။

ဟိုကြတော့ ဂူကြီးထဲ သူအကြာကြီးကန်တော့တယ်ဆိုပဲ၊ ကန်တော့ရမယ်ဆိုတော့ တစ်ခါတည်းပဲ ဝတ်ချလိုက် ကြည့်လိုက်၊ ကြည့်လိုက်၊ တစ်နာရီလောက် လုပ်နေတာပဲ၊ အရိပ်လောက်တောင် ဘုရားကမပေါ်ဘူး၊ သူက ငါအင်မတန် ကံမကောင်းတာပဲဆိုပြီး ဝမ်းနည်းပက်လက်ဖြစ်ပြီးတော့ စိတ်မဆိုးဘူး၊ ထပ်ကာထပ်ကာလုပ်တော့မှ ဒီမှာ ဘုရားရုပ်ပုံတော် အရိပ် ပေါ်လာတယ်ဆိုပဲ၊ သူမှတ်တမ်းထဲ ရေးထားတယ်၊ အဲဒါဖူးရတယ်ဆိုပဲ၊ ထူးတော့ ထူးဆန်းတယ်၊ နတ်တွေပါပဲ၊ နတ် တွေကပြသလား မပြောတတ်တော့ပါဘူး၊ အဲဒါလဲ ပီတိပါမောဇ္ဇ ဖြစ်စရာပါပဲ။

ဘုရားမတွေ့ဘူး၊ ရှေးကမတွေ့ဘူးတဲ့ပုဂ္ဂိုလ်လဲ ဒီလို အရိပ်အရောင်တွေ့ရလို့ရှိရင် အခု ပီတိပါမောဇ္ဇ ဖြစ်စရာပါပဲ၊ နောက်တစ်ခါတော့ကို အသောကမင်းကြီးက ချိုင့်ကို၊ ၄က်တွေထည့်တဲ့ချိုင့်ကို စေလွှတ်ပြီးတော့ ကရဝိက်ငှက်၊ ဟိမဝန္တာက ကရဝိက်ကို ဆင့်ခေါ်ပြီးတော့ယူတယ်၊ ဒီချိုင့်ကို မုဆိုးက သွားပြီးထားပါလိမ့်မယ်နဲ့တူပါတယ်၊ အဲ–အဲဒီကတော့ ဒီကရဝိက် ၄က်ကြီးရှိတဲ့နေရာကို သွားပြီးထားလို့ ဖြစ်ပါလိမ့်မယ်၊ သူကဒီမှာထားတော့ ကရဝိက်ငှက်က အင်း–အသောကမင်းကြီးက ငါ့ကိုဆင့်ခေါ်တာပဲလို့ သိတယ်တဲ့။

အဲ သူဘုန်းကံအားလျော်စွာ ဘယ်ပုံဘယ်နည်းနဲ့ သိတယ်ဆိုတာမပြောတတ်ပါဘူး၊ အဲဒါနဲ့ သူသိတာနဲ့ ချိုင့်ထဲဝင် နေတော့ ယူလာတယ်၊ ယူလာတော့ နန်းတော်ရောက်တဲ့အခါကျတော့ ကရဝိက်ငှက်က အသံတယ်ကောင်းတယ်ပြောတာကို၊ စာထဲမှာ ဘုရားချီးကျူးတယ်၊ ဒီတော့ ကရဝိက်ငှက်သံနဲ့တူတယ်၊ ဒီလို ချီးကျူးတာကိုး၊ ဆုတောင်းတဲ့ပုဂ္ဂိုလ်တွေကလဲ ရုပ် အဆင်းဆိုလို့ရှိရင် ဘယ်လိုလှရပါလို့၏၊ အသံဆိုလို့ရှိရင်ဖြင့် အဲဒီ ကရဝိက်ငှက်အသံကဲ့သို့ ကောင်းရပါလို့၏ စသည်ဖြင့် ဒီလို ဆုတောင်းကြပါတယ်။

ရေစက်ချကောင်းတဲ့ ပုဂ္ဂိုလ်တွေကတော့ အဖွဲ့အနွဲ့တွေနှင့် သိပ်ပြီးဆုတောင်းတယ်၊ သို့သော်လည်း ကရဝိက်ငှက် ဆိုတာ စာထဲမှာသာရှိတယ်၊ ဘယ်သူမှ တွေ့ကြတာမဟုတ်ဘူး၊ ကရဝိက်ဖောင်ကြီးတွေဆိုတာတွေ ဒီမှာပဲလုပ်ကြတယ်၊ ဒါလဲ မှန်းဆလုပ်တာ၊ ဘယ်သူမှ မြင်ဖူးတာမဟုတ်ဘူး၊ အဲဒါ ဘယ်လိုငှက်လဲဆိုတော့ မပြောတတ်ဘူး၊ ၄က်က တကယ်အသံ ကောင်းတယ်ဆိုတယ်၊ ကရဝိက်ငှက်များ သူတို့က သရက်သီးစတဲ့ အဲဒီလိုကောင်းတဲ့အသီးတွေစားပြီးတော့ တစ်ခါတည်း အားရဝမ်းသာဖြစ်ပြီးတော့ မြည်လိုက်တဲ့အခါမှာ ဒီအသံများကြားရလို့ရှိရင် ဒီသားကောင်တွေ၊ ခြသေ့တို့ ကျားတို့ကလိုက်လို့ ပြေးနေတဲ့ သမင်တွေရှိတယ်၊ အဲဒီ ပြေးနေရတဲ့ ရှေ့ကသမင်တွေဟာလဲ မပြေးနိုင်တော့ဘူးတဲ့၊ ဒီအခါမှာ ဒီအသံကြားလို့

ရပ်ပြီး နားထောင်နေကြတယ် ဆိုတာကိုး၊ နောက်ကလိုက်တဲ့ အကောင်တွေကလဲ ရှေ့ကိုမလိုက်နိုင်ဘူး၊ ဒီအသံကို နားထောင်နေကြတယ် ဆိုတာကိုး၊ အဲဒီလောက်ကောင်းတယ်၊ အင်မတန် ကောင်းတဲ့အသံနေမှာပေါ့။

ဒီအသံဟာ တော်တော်ကို စိတ်ကို ဆွဲဆောင်တဲ့အသံ၊ အဲဒါ ဒီအသံကိုကြားချင်လို့ ဘုရားအသံဟာ ဘယ်လောက်ကောင်းသလဲဆိုတာ၊ ကြားချင်တာနဲ့ ဒါကြောင့် ဒီကရဝိက်ငှက်ကို အသောကမင်းက ဆင့်ခေါ်ပြီးတော့ယူတော့ နန်းတော်ကို ရောက်တယ်၊ ရောက်လာတော့ တကတဲငှက်က မမြည်ဘူးတဲ့၊ မမြည်တော့ အမတ်ကြီးတွေကို မေးတော့ အမတ်ကြီးတွေက သူ့အဖော်မရှိလို့ပဲတဲ့၊ သူ့အဖော်ရှိမှ မြည်မယ်ဆိုတော့ ဒါနဲ့အဖော်ရအောင် ဆိုပြီးတော့ လေးဘက်လေးတန်ကနေပြီး မှန်တွေထောင်ထားတယ်၊ ဒီတော့မှ အရိပ်ကတွေ့ရတော့မှ စိတ်ထဲ ပြောင်းလာတာကိုး၊ ငှက်က အဖော်တွေပဲဆိုပြီး အောက်မေ့ပြီးတော့ အဲသည်မှာ ကရဝိက်ငှက်က မြည်လိုက်တာ တယ်ကောင်းတယ်ဆိုတာကိုး။

အသံက အဲဒီအသံကြားရတော့မှ ခုနက အသန္ဒိမိတ္တဆိုတဲ့ မိဖုရားကြီးက ဒီငှက်တောင်မှ ဒီလောက် အသံကောင်းတာပဲ၊ ငါတို့မြတ်စွာဘုရားဟာ ဒီငှက် အသံထက်တောင် ကောင်းတယ်ဆိုတော့ ဘုရားအသံတော်ကတော့ ဒါထက်ပိုပြီးတော့ အများကြီးကို သာယာပြီး ကောင်းဦးမှာပဲလို့ အာရုံပြုရင်းနဲ့ တစ်ခါတည်း ဘုရားရဲ့ ဂုဏ်တော်လာတာကိုး၊ အဲဒီအသံတော်ကနေပြီးတော့ ရှေ့ကလဲ ကာလနဂါးကို အဆင်းတော်က မြင်ထားတာ၊ ဒီတော့ အဆင်းတော်ရော, အသံတော်ရော အာရုံပြုပြီးတော့ကြည်နူးပြီး၊ စိတ်ကြည်နူးပြီး ပီတိတွေဖြစ်လာတယ်၊ အဲဒီပီတိတွေ ဝိပဿနာမှာရှုပြီးတော့ သောတာပန် ဖြစ်သွားတယ်လို့ ဆိုတယ်။

တရားက ဖြစ်ချင်လဲ လွယ်လွယ်ပဲ၊ မဖြစ်ချင်တဲ့ ပုဂ္ဂိုလ်တွေလဲ သိပ်အားထုတ်ရတယ်၊ ဖြစ်ချင်တဲ့ပုဂ္ဂိုလ်လဲ လွယ်လွယ်ပဲ၊ အဲဒါ ပီတိဖြစ်လာတဲ့အခါမှာ အရေးကြီးပါတယ်၊ ပီတိကလေးဖြစ်လာရင် အဲဒီ ပီတိလေး ရှုမှတ်ရတယ်၊ ပီတိလေးမှတ်လိုက်ရင်း, ပျောက်သွားရင်း ပီတိလေးမှတ်လိုက်ရင်း, ပျောက်သွားရင်း အဲဒီပျောက် (သွားရင်း–၂) အဲဒါလေး (သိရင်း–၂) နဲ့ အရိယာမဂ်ဖိုလ်ဟာ ဒီခဏကလေးအတွင်းမှာ ဖြစ်သွားနိုင်တယ်၊ ရှေးက ဒီလိုဖြစ်ဖူးတာတွေ အများကြီးရှိတယ်။

ဖုဿဒေဝမထေရ်တဲ့၊ သီဟိုဠ်ကျွန်းမှာ ကရကန္ဒကာရဝါသီဆိုတာ ကရကန္ဒကာရအရပ်မှာနေတယ်၊ အခေါ်ရခက်တယ်၊ သူ့အရပ်က သီဟိုဠ်နာမည်တွေ၊ အဲ–အခေါ်ရခက်မှာပဲ၊ ကရကာရကန္ဒအရပ်မှာ နေတဲ့ ဖုဿဒေဝမထေရ်က မြတ်စွာဘုရားစေတီတော်ရှိတော့ ကျောင်းထဲကျောင်းအနီးအပါး စေတီနဲ့တူပါတယ်၊ ဘယ်စေတီရယ်လို့တော့မပါဘူး၊ သူကျောင်းတိုက်နား အဲဒီကရကန္ဒကာရအရပ်လဲ ဘယ်အနားက ဟောရမယ်လို့ဆိုတာ အခုတော့ မဖော်နိုင်တော့ဘူး၊ စာထဲရှိတာ။

အဲဒီစေတီရင်ပြင်တော်ပေါ်မှာ သူကတံမြက်စည်းလှဲတာကို (တံမြက်စည်းလှဲ–၂)ပြီး နေ့စဉ်နှင့်အမျှ တံမြက်စည်းလှဲပြီးတော့ ဘုရား အာရုံပြု ဒီလိုလုပ်တာကိုး၊ ဒီလိုလုပ်တော့ တံမြက်စည်းလှဲပြီးကာရှိသေး၊ ဟိုကန္ဓားက ဝင်လာတယ်၊ နောက်ချေးတွေ ဟိုချဒီချ တစ်ခါတည်း အဲဒါနဲ့ မသန့်မရှင်းဖြစ်တာနဲ့ ဒါတွေကျုံးရတာနဲ့ ဘာနဲ့အချိန်ကုန်ပြီး ဒါနဲ့ဆွမ်းခံသွားတော့ တရားနှလုံးမသွင်းနိုင်ဘူးပေါ့လေ၊ သူက သိပ်ပြီး စိတ်က မကြည်မလင်ဘဲ ဖြစ်နေ၊ နောက်တစ်နေ့လဲ တစ်ခါ ဒီနွားက လာပြန်တာပဲ၊ သူက အမှိုက်လှဲပြီး သန့်သန့်ရှင်းရှင်း ဘုရားအာရုံပြုမယ်လို့ လုပ်ကာရှိသေး၊ ဟိုက နွားကဝင်လာ၊ နောက်ချေးတွေချသွား နွားကိုချောက်လို့မရဘူး၊ တတ်လဲမတတ်နိုင်ဘူး၊ ဒါနဲ့ပဲ ဒါတွေ ကျုံးပစ်ရတာနဲ့ဘာနဲ့ သူ့မှာ အလုပ်တွေ အချိန်ကြာပြီးသကာလ သူအနှောက်အယှက်ဖြစ်နေတယ်။

နောက်တစ်ရက်တော့ လူတစ်ယောက်ပေါ်လာတယ်၊ တစ်ခါတည်း သူအမှိုက်လှဲပြီးလို့ သန့်သန့်ရှင်းရှင်း လုပ်ပြီးကာရှိသေး၊ လူတစ်ယောက်က တစ်ခါတည်း ပုပုကွကွနဲ့ ခြေထောက်ခွင်ခွင်နဲ့ အမြင်ကလဲဆိုး၊ ဒီလောက်ဆိုးတဲ့ပုဂ္ဂိုလ် မရှိဘူးဆိုတာပဲ။ တစ်ယူဇနာပတ်ဝန်းကျင်မှာ အတော်ဆိုးပုံရပါတယ်၊ အဲဒီလိုလူဟာ ဘယ်တော့မှ သူမမြင်ဖူးဘူးတဲ့၊ သူက ဒီတော့ ဖုဿဒေဝမထေရ်က စဉ်းစားတယ်တဲ့၊ အော်–ဒီဥစ္စာကတော့ လူဟုတ်မှာ မဟုတ်ပါဘူး၊ ငါ့စိတ်က မကြည်လင်အောင်လို့ တရားနှလုံးသွင်းတာတွေ အလုပ်ပျက်အောင်လို့ပေါ့၊ နက်လာနှောင့်ယှက်တာနဲ့တူပါတယ် အောက်မေ့ပြီးတော့ ဟိုအရင်တစ်နေ့က နွားလဲ သူပဲနေမှာပါပဲလို့ စဉ်းစားပြီးတော့ မေးတယ်၊ ဟေ့–ဟေ့ မင်းက မာရ်နတ်မဟုတ်လားလို့ မေးတယ်။

အဲဒီတော့ မာရ်နတ်ကလဲ လိမ်တော့ မပြောဘူး၊ (ဟုတ်ပါတယ်–၂)လို့ ပြောတယ်၊ ဒါဖြင့် ဟုတ်ရင်နေစမ်းပါဦး၊ အသင်မာရ်နတ်က ဘုရားတွေ့ဖူးတာပဲ၊ မြတ်စွာဘုရား တွေ့ဖူးတော့ ဘုရားရုပ်ပုံတော်တွေ ဘာတွေလဲ မှတ်မိမှာပေါ့တဲ့၊ အဲဒီ ရုပ်ပုံတော်မျိုး ဖန်ဆင်းပြီးပြစမ်းပါဦး ကြည့်ချင်လွန်းလို့ဆိုပြီး တောင်းပန်တယ်၊ မာရ်နတ်ကိုပြောတော့ မာရ်နတ်က ဘုရားပုံတော်မျိုးတော့ ဘယ်ဖန်ဆင်းနိုင်မလဲတဲ့၊ တော်ရုံတူမှာပဲတဲ့၊ သူကတော်ရုံတူမှာပဲ အကုန်လုံးတူအောင်တော့ မဖန်ဆင်းနိုင်ဘူးတဲ့ ဒီလိုပြောတယ်။

အဲဒါကြောင့် ယခုရှိတဲ့ ရုပ်ပုံတော်တွေကတော့ ဘုရားပုံတော်နဲ့ တူအောင်လုပ်ဖို့ဟာ မလွယ်ဘူး၊ တော်ရုံတူမှာပဲ၊ ဒါဖြင့်လဲ တူတန်သမျှပေါ့ ယခုလူတွေမြင်လဲ မြင်ဖူးကြတာမဟုတ်ဘူး၊ လက်ရာကလဲ လက်ရာမြောက်မှုဖြစ်တာ၊ တူအောင်

လုပ်ဖို့ဟာ တယ်မလွယ်ဘူး၊ အဲဒါ တော်ရုံတူမှာပဲ၊ ဒါဖြင့်လဲ တူတန်သမျှကို တတ်နိုင်သမျှပြပါ၊ ဖန်ဆင်းပြီးဆိုတော့၊ ဒီမှာ သူက ဖန်ဆင်းပြီးပြတော့ မာရ်နတ်ဆိုတာ နတ်ဆိုတော့ တော်တော်တော့ ကောင်းပါလိမ့်မယ်။

ယခုလက်သမားတွေ, ပန်းရံတွေထက်တော့ တော်တော်ပဲသာပါလိမ့်မယ်၊ အရောင်အဝါတွေနဲ့ ရောင်ခြည်တော် ခြောက်သွယ်နဲ့ အင်မတန် တင့်တယ်တဲ့ဘုရား ကိုယ်တော်မြတ်ကို မြင်ရတာကို၊ အို–မြင်ရတော့ တစ်ခါတည်းအင်း မာရ်နတ်ဖန်ဆင်းတဲ့ဘုရားရုပ်ပုံပဲတဲ့၊ မာရ်နတ်ဟာ ရာဂ, မောဟ ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်ဖန်ဆင်းပြတဲ့ပုံပဲ၊ မြတ်စွာ ဘုရားကိုယ်တော်မြတ်မှာတော့ ရာဂ, မောဟ ကိလေသာတွေလဲ ကင်းပြီးနေတော့ ဒီဖန်ဆင်းပြတဲ့ ရုပ်ပုံတော်ထက် အများကြီး သပ္ပာယ်တော်မူဦးမှာပဲ တယ်ကြည်ညိုဖွယ်ရာ ရှိဦးမှာပဲ အဲဒါကို နှလုံးသွင်းပြီး ကြည့်တဲ့အခါ ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်လာတာကိုး၊ ရင်ထဲကနေပြီးတော့ အဲဒါမှာလဲ ဖြစ်တတ်တယ်၊ ပီတိဆိုတော့ တစ်မျိုးပဲ၊ အဲ နှစ်သက်ရောင့်ရဲ ဝမ်းလဲမြောက်သည်ဆိုတဲ့အတိုင်းပဲ၊ ရုပ်ကောင်း ရုပ်သန့်ပျံ့နှံ့ပြီး တစ်ကိုယ်လုံးပျံ့နှံ့ပြီးဖြစ်၊ အဲဒီလိုဖြစ်လာပြီး ဝိပဿနာရှုနည်း သိထားတဲ့ ပုဂ္ဂိုလ်မို့ ပေါ့လေ၊ ဝိပဿနာရှုနည်း မသိလို့ရှိရင် ပီတိဖြစ်ဖြစ်ရုံရှိတာပဲ။

အဲ–ရှေ့ဘာမျှ တရားတက်စရာလဲမရှိဘူး၊ အဲဒီဝိပဿနာရှုနည်းသိတော့ ပီတိဖြစ်လာလို့ရှိရင် ပီတိကိုမှတ်ရတယ်၊ ပီတိတွေ တစ်ခါတည်း ဖျိုးဖျိုးဖျင်းဖျင်း ဖြစ်လာရင် နှစ်သိမ့်တယ်, နှစ်သိမ့်တယ်၊ အဲဒီလိုဖြစ်တယ်၊ ဟိုလိုဖြစ်တယ်၊ လိုရင်းတော့ (သိရုံ–၂)လေးပါပဲ၊ နောက်ကလိုက်ပြီး အမည်မတပ်လို့ရှိရင်လဲ နောက်လိုက်ပြီးတော့ ဖြစ်ရင်ဖြစ်တဲ့အတိုင်း လိုက်ပြီးတော့ ရှုလိုက်ရုံပါပဲ၊ အဲဒီလိုရှုတော့ ဒီပီတိလေးတွေဟာ (အပြတ်ပြတ်–၂)တွေ ဖြစ်တယ်ထင်တာကို၊ ဝိပဿနာမရှုတတ်တဲ့ ပုဂ္ဂိုလ်တော့ ဒီပီတိရဲ့ အပြတ်အပြတ် ဘယ်ဟုတ်မလဲ၊ ငါက နှစ်သိမ့်အားရနေတယ်၊ ဝမ်းမြောက် နေတယ်၊ ငါကောင်းနေတယ်၊ ဒီလိုထင်မှာပေါ့။

အဲဒီလိုဆိုလို့ရှိရင် တရားတော့မတက်ဘူး ကုသိုလ်ရရုံပဲရှိမယ်၊ အခုတော့ နောက်ကနေပြီးတော့ ဝိပဿနာမှတ်လိုက်တော့ နှစ်သက်အားရမှုလေးတွေက (အပြတ်–၂) ဖြစ်ပြီးတော့ ပြတ်လိုက်ပျောက်လိုက် (ပျောက်သွားလိုက်–၂) ဖြစ်ပြီးတော့ မမြဲတာ၊ အဲဒါလို (ရှုရင်း–၂)နဲ့ ဝိပဿနာဉာဏ်အစဉ်အတိုင်းတက်ပြီး၊ အဲဒီ (ဖုဿဒေဝ) မထေရ် ရဟန္တာ ဖြစ်သွားတယ်တဲ့၊ ရဟန္တာဖြစ်သွားတော့ မာရ်နတ်က ဖြုတ်ခနဲဆိုသူက ပကတိ (ဖန်ဆင်းတဲ့ ၂) ဘုရားပုံဖျောက်ပြီး ပကတိနတ်ပုံစံ ပြန်ရောက်ပြီးတော့ပြောတယ်တဲ့၊ အရှင်ဘုရား တပည့်တော်ကိုလိမ်တာပဲ, လှည့်စားတာပဲလို့ပြောတယ်၊ လှည့်စားဆိုတာ တခြားမဟုတ်ပါဘူး၊ ရုပ်ပုံပြပါဆိုပြီးတော့ တရားနှလုံးသွင်းပြီ သူက တရားတွေ, တရားတွေ တက်သွားတာကို၊ သိပ်တက်သွားတော့ သူက မဖြစ်စေချင်တဲ့ အဲဒါတွေဖြစ်ကုန်တော့ သူ့ကိုလှည့်စားသလိုပဲတဲ့၊ အဲဒီတော့ ရဟန္တာဖြစ်တဲ့ အဲဒီမထေရ်က ပြန်ပြောတယ်။

မာရ်နတ်တဲ့ သင့်ကိုဘာလှည့်စားစရာရှိလဲတဲ့၊ ငါဘုရားဂုဏ်ကို အာရုံပြုပြီး ငါ့ဥစ္စာ, ငါ့အလုပ်, ငါလုပ်တာပဲ၊ ဒါမင်းလှည့်စားတာ မဟုတ်ပါဘူးလို့ ဆိုပြီးတော့ပြောတယ်၊ ဒီတော့ မြတ်စွာဘုရား၏ ရူပကာယဂုဏ်တွေတော့ ထင်ထင်ရှားရှားဖြစ်အောင်လို့ ရှုနိုင်လို့ရှိရင်လဲ နှစ်သိမ့်အားရဝမ်းမြောက်တဲ့ ပီတိတွေဖြစ်ပြီး အဲဒီပီတိကို ဝိပဿနာရှုပြီးတော့ မဂ်ဖိုလ်ဆိုတာ ရောက်ပြီး သွားနိုင်တယ်၊ အဲဒီတော့ကို တစ်နေ့က ပြောခဲ့တဲ့အတိုင်း တတ်နိုင်သမျှအားထုတ်မှုပြုပေါ့လေ၊ မြတ်စွာဘုရား ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ နေထိုင်နေပြီး ဘုရားဖြစ်တော်မူပုံကို နှလုံးသွင်းပြီးတော့ရင် ဘုရားရုပ်ပုံတော်နှလုံးသွင်းရမှာကို။

အဲဒါနဲ့စပ်ပြီးတော့ အထူးမှတ်သားစရာ, စဉ်းစားစရာလဲ ရှိပါတယ်၊ ဘုရားပုံတော်ဆိုတာကတော့ ဟိုမြတ်စွာဘုရားလက်ထက်တုန်းကလဲ ဘုရားကိုယ်တော်က ထင်ရှားရှိနေတော့၊ ရုပ်ပုံတွေဘယ်သူမှ မလုပ်ကြပါဘူးတဲ့၊ ဘယ်သူမှလုပ်ပြီး ကိုးကွယ်တာမဟုတ်ပါဘူး၊ မြတ်စွာဘုရားလို့ သိတဲ့အခါမှာဆို မြတ်စွာဘုရားကို ကိုးကွယ်ကြ ပူဇော်ကြတာပဲ၊ မရှိတဲ့အခါလဲ ဘုရားအာရုံပြုပြီးတော့ သူတို့ အရိုအသေပြုကြမှာပေါ့၊ ဒါပါပဲ။

ဘုရားပရိနိဗ္ဗာန် စံပြီးသွားကာစကလဲ ဘုရားပုံတော်တွေတော့ မရှိသေးဘူး၊ နောက် ဘယ်လောက်ကနေစပြီး ဖြစ်ပေါ်လာတယ်လို့ အဲဒါအတိအကျတော့မရှိသေးဘူး၊ ဓမ္မာသောကမင်းကြီး လက်ထက်တုန်းကတော့ ဘုရားရုပ်ပုံတော်တွေမရှိဘူး၊ အဲဒီဟာ နောက်ကျမှ ဖြစ်လာတာ၊ ဘုရားပုံတော်တွေနောက်ကျမှ သာသနာတော်နှစ် ၃၀၀–၄၀၀–ကမှ စပြီးတော့ ဘုရားပုံတော်တွေ ဖြစ်လာပုံရတယ်နဲ့တူပါတယ်။

အဲဒီတော့ ဘုရားပုံတော်တွေကို အာရုံပြုတဲ့ အခါကာလမှာ အမှန်ကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀) အဲဒီလိုကာလတုန်းက လောကမှာ မြတ်စွာဘုရားဟာ ဒါနဲ့အတိအကျမတူသော်လည်းဘဲ သင်္ကန်းတော်ကိုင်ပုံ၊ အချိုးအစား အနေအထိုင်၊ အချိုးအစား အနေအထိုင်ကတော့ အတော်အတန်တူသင့်သမျှဟာ ဒီပုံစံမျိုးပဲလို့ အာရုံပြုနိုင်၊ ဟိုတုန်းကရှိတဲ့ မြတ်စွာဘုရားကို မှန်းပြီးသကာလ အာရုံပြုနိုင်ဖို့ရာ ဒီပုံတော်ကြီးတွေ လုပ်ထားကြတယ်။

အဲဒါ ဘုရားရှိခိုးတဲ့ အခါကာလတွေ ဒါဘုရားကို အာရုံပြုရတယ်၊ ဘုရား ရုပ်ပုံတွင် ဒီလိုမပြီးသေးဘူး၊ ဒီတွင် ရုပ်ထားတာကတော့ သူဟာ သိပ်ပြီးမပြည့်စုံဘူးပေါ့ ဒါဆိုလို့ရှိရင် တချို့တချို့ရုပ်ပုံကို ရှိခိုးတဲ့ခေတ်က ကြာလှပြီ၊ အင်မတန် ရှေ့တုန်းကတည်းက အင်မတန်ရှေးကြတဲ့ ခေတ်ထဲကရုပ်ပုံ အမျိုးမျိုးတွေ ရှိခိုးလာကြတယ်။

ယခုလဲ ဘာသာအမျိုးမျိုးတွေရှိတယ်၊ နတ်ရုပ်တွေ ရှိခိုးတာရှိတယ်၊ အင်း–ဆင်ရုပ်တွေရှိခိုးတာရှိတယ်၊ မြင်းရုပ်တွေ ရှိခိုးတာရှိတယ်၊ နွားရုပ်ရှိခိုးတာရှိတယ်၊ ခွေးရုပ်ရှိခိုးတာရှိတယ်၊ အမျိုးမျိုးရှိတယ်၊ အရုပ်တွေ ရှိခိုးလာကြတာ၊ အဲဒါတွေကို တိုက်ဖျက်တဲ့ ဘက်ကလဲ ရှိတယ်တဲ့၊ ဒီအရုပ်တွေရှိခိုးတာ အလကားပဲဆိုပြီးတော့ အဲဒါရှိတယ်၊ အဲဒီအရုပ်တွေ ရှိခိုးတဲ့ဟာကို မုန်းတဲ့ဘာသာအယူဝါဒ ရှိတဲ့ပုဂ္ဂိုလ်တွေက ဗုဒ္ဓဘာသာတွေလဲ အရုပ် ရှိခိုးကြတာပဲလို့ ဒီလိုအောက်မေ့ကြတယ်၊ တစ်ချို့ ပုဂ္ဂိုလ်တွေက အဲဒီလိုပဲ ဟုတ်ချင်မှလဲ ဟုတ်မယ်၊ အမှန်ပြောလို့တော့ မဖြစ်ဘူး၊ ဒါပေမယ့် မှန်းဆ ရှိခိုးရမှာကတော့ ဘုရားအစစ်ကို အာရုံပြုရမယ်။ သက်တော် ထင်ရှားရှိတော်မူတဲ့ ဟို–နှစ်ပေါင်း ၂၅၀၀–ကျော် ကာလတုန်းက သစ္စာလေးပါး တရားတွေ ကိုယ်တိုင်သိသွားတဲ့, တရားတွေကို ဟောကြားပြီးတော့ ထားခဲ့တဲ့ မြတ်စွာဘုရားအစစ်ကို အာရုံပြုပြီး ရှိခိုးရတယ်၊ ပူဇော်ရတယ်၊ ဆီမီး, ပန်း, နံ့သာ စသည်ဖြင့် ပူဇော်ရတယ်။

အဲ–အရေးကြီးတာကတော့ နာမကာယဂုဏ်က ပိုအရေးကြီးပါတယ်၊ နာမကာယ ဂုဏ်တော့ နာမ်တရားတွေရဲ့ဂုဏ်ပဲ၊ အဲ–နာမ်တရားတွေမှာ အကျင့်ချုပ်အားဖြင့်တော့ ကိလေသာကင်းတဲ့ဂုဏ် အလုံးစုံသောတရားတွေ သိတဲ့ဂုဏ်၊ ဒါနှစ်ခု လောက်ဆိုရင် လုံလောက်နေပါပြီ၊ မြတ်စွာဘုရားက အလုံးစုံကို သိတယ်၊ အဲ–ကိလေသာ အညစ်အကြေးတွေမှ ကင်းဝေး စင်ကြယ်တော်မူတယ်၊ ဒီဂုဏ်လေးခုလောက်ဆိုရင် လုံလောက်နေပါတယ်၊ ဒါလောက်ဆိုရင် ကြည်ညိုစရာကောင်းလှပါပြီ၊ အဲဒီ နာမကာယဂုဏ်တွေကိုကတော့ ယခုပုဂ္ဂိုလ်တွေလဲ သိနိုင်တယ်။

ယခုပုဂ္ဂိုလ်တွေလဲပဲ တရားနှလုံးသွင်း အားထုတ်တဲ့ အခါကာလမှာ ဟို–ရှေ့က မသိဘူးသေးတဲ့ တရားတွေ သိလာ တာကိုး၊ ဆင်းရဲတဲ့တရားတွေ ဆင်းရဲတရားတွေဆိုတာ သိရတယ်၊ ဆင်းရဲကြောင်း တရားတွေဆိုတာ သိရတယ်၊ အင်း– အဲဒါတွေ သိပြီးတော့ ဆင်းရဲ ငြိမ်းရာတရားလဲ နောက်ဆုံးသိလာတယ်၊ ဆင်းရဲ ငြိမ်းရာရောက်ကြောင်းဖြစ်တဲ့ အကျင့်ကလဲ အားထုတ်နေတော့ ကိုယ်တိုင်တွေ့ပြီးတော့ သစ္စာလေးပါး တရားတွေကို ကိုယ်တိုင်သိနေတာ။

ဒီတော့ အဲဒါတွေ သိပြီးတော့ စိတ်အညစ်အကြေး ကင်းတယ်ဆိုတာကို၊ တရားအဆင့်အတန်း အားလျော်စွာ ကင်းတန်သမျှ ကင်းငြိမ်းတန်သမျှ ငြိမ်းပြီးသွားတယ်၊ အဲဒါတွေ ကိုယ်တိုင်တွေ့ရတယ်၊ ဒါကြောင့် မြတ်စွာဘုရား၏ နာမ ကာယဂုဏ်တော်တွေကတော့ ယခုပုဂ္ဂိုလ်တွေလဲ တွေ့ရပါတယ်၊ ဒီဌော မေ သောဘဂဝါ–မိဒ္ဓေးတော် ဂေါတမီက ပြန်လျှောက် တယ်၊ ဘန္တေ–မြတ်စွာဘုရား၊ သောဘဂဝါ–ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ မေ–အကျွန်ုပ် သည်၊ ဒီဌော–တွေ့မြင်ရပါပြီ အရှင်ဘုရား။

အင်း–မြတ်စွာဘုရား တပည့်တော် တွေ့ပြီတဲ့၊ တွေ့ပြီးပါပြီတဲ့၊ ဒီလိုလျှောက်တယ်၊ ဒါ လောကဘက်ကနေကြည့်ရင် ဘာထူးဆန်းမလဲ၊ မိဒ္ဓေးတော် ဂေါတမီဟာ သိဒ္ဓတ္ထမင်းသားကလေး မွေးကာစကတည်းက သူ့မယ်တော်မာယာ အမိရင်းက ၇–ရက်ရှိတဲ့ အခါမှာ ကွယ်လွန်သွားတော့ မိဒ္ဓေးတော်ဂေါတမီက မယ်တော်မာယာရဲ့ညီမကို၊ အဲ–သူက ယူပြီးသကာလ သားအဖြစ်နဲ့ သူပဲ နို့တိုက်ပြီး မွေးလာတာပဲ၊ နို့တိုက်လို့ တကတဲ ကြီးပြင်းတဲ့အခါကာလ ထီးနန်းစည်းစိမ် သုံးဆောင် ခံစား နေတယ်၊ ဒါလဲပဲ အမေမယ်တော်ရယ် သားတော်ရယ်လို့ ဒီလိုအချင်းချင်း အသိအမှတ်ပြုပြီးတော့ ဒီလိုတွေ့နေကြတာပဲ။

နောက် တောထွက်သွား၊ နောက် ဘုရားဖြစ်လာ၊ အဲဒါ မြတ်စွာဘုရား တပည့်တော် တွေ့ပါပြီလို့ဆိုတာ၊ ဘာမျှ လောကအကြောင်းနှင့်ဘာမျှ မထူးဆန်းဘူး၊ သိနေတာ ကြာကြာလှနေ မတွေ့တာကို ဆိုတာမဟုတ်ဘူး၊ ဘုရားစစ် ဘုရားမှန် ပဲဆိုတာ တပည့်တော် တွေ့ပါပြီလို့ ဒီလိုလျှောက်တာကိုး၊ ဒါက တရားတွေ့မှ တွေ့တယ်၊ တရားမတွေ့ရင်တော့ ဘုရား မှန်းဘာမှန်း ဘယ်သိမလဲ၊ ဒီယသော်ဓရာနဲ့ ဖခင် သုပ္ပဗုဒ္ဓဆိုတာ ရှိတယ်။

အင်း–လူတုန်းက အနေနဲ့ ဟောမယ်ဆိုရင် ဘုရားအလောင်းတော်ရဲ့ ယောကျ္ဍမပေါ့၊ သုပ္ပဗုဒ္ဓဆိုတာ, ရှင်ဒေဝဒတ် ဆိုတာ ရှိတယ်၊ အဲဒါ ယသော်ဓရာရဲ့ မောင်ပဲ၊ ဘုရားယောက်ဖပဲ၊ ဘုရားလောင်းရဲ့ ယောက်ဖ၊ သူတို့ဟာ ဘုရားလောင်းကို ငယ်ငယ်ကတည်းက သိနေတာပဲ၊ သိနေပေမယ်လို့ အဲဒါဘုရားပဲဆိုတာကို ကိုယ်တိုင်မတွေ့ဘူး၊ အဲဒီလို မတွေ့တော့ ဘုရား အစစ်ဆိုတာ ကိုယ်တိုင် မတွေ့ဘူး၊ ပုဂ္ဂိုလ်အနေအားဖြင့် မြင်တွေ့နေတာပေါ့၊ သို့ပေမယ့် ဘုရားအစစ်အမှန် သူတို့ မသိဘူး၊ မသိတော့ မရိုမသေပြုကြ၊ ပြစ်မှားကြတယ်၊ ပြစ်မှားကြတော့ သူတို့ ရှင်ဒေဝဒတ်ကလဲပဲ မြေမျိုးပြီးတော့ အဝီစိငရဲကျသွား တယ်၊ သုပ္ပဗုဒ္ဓကလဲ ဒီလိုပဲ၊ မြတ်စွာဘုရား ဆွမ်းခံကြွတဲ့လမ်းမှာ ပိတ်ထားလို့ အဲဒါလဲပဲ ၇–ရက်ကြာတဲ့ အခါကာလမှာ သူလဲ မြေမျိုပြီး ငရဲကျသွားတယ်။

အဲဒါ သူ ဘုရားမတွေ့တဲ့ ပုဂ္ဂိုလ်တွေ ပကတိ မျက်စိနဲ့ မြင်ပေမယ်လို့ တွေ့တာမဟုတ်သေးဘူး၊ ပကတိမျက်စိနဲ့ မမြင်သော်လဲ မြတ်စွာဘုရားရဲ့ တရားကို တွေ့လို့ရှိရင် တွေ့ပါတယ်တဲ့၊ ဓမ္မံ ပဿတော မံပဿတိ၊ ဓမ္မံ တရားကို၊ ပဿတော–တွေ့မြင်သော ပုဂ္ဂိုလ်သည်၊ မံ–ငါဘုရားကို တွေ့မြင်ရင် ဘုရားကို တွေ့တာပဲ၊ ယခုတရား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ တရားအားထုတ်လို့ ရုပ်တရားနဲ့နာမ်တရားတွေကို ကိုယ်တိုင်တွေ့ရတယ်ဆိုရင် ဒီက စတွေ့ရတယ်။

ပထမတုန်းက ရုပ်တရား နာမ်တရားဆိုတာ ပြောသံကြားပဲ ရှိသေးတာကိုး၊ စာပေကျမ်းဂန် သင်ထားတဲ့ ပြောသံကြားပဲ၊ ကိုယ်တိုင်တွေ့တာ မဟုတ်ဘူး၊ ရုပ်နှင့်နာမ်၊ ရုပ်တရားက ၂၈–ခုရှိတယ်လို့ ရေတွက် ပြတတ်ပါတယ်။ ပသာဒရုပ် ၅–ပါး၊ အဲဒီလိုလျှောက်ပြီး ရေတွက်ပြီး ပြတတ်ပါတယ်၊ ပြောလဲပြောတတ်ပါတယ်၊ ဟောလဲ ဟောတတ်ပါတယ်၊ ရုပ်ကလာပ်တွေ ဖွဲ့မယ်ဆိုရင်လဲ ဖွဲ့ပြီးပြတတ်ပါတယ်၊ အဲ–နာမ်တရားမှာလဲ စိတ်တစ်ခု ယုတ် ၉၀၊ အဲဒီလိုစေတသိက် ဒွေပညာသ ၅၂–ပါးလို့ အဲဒီလိုစသည်ဖြင့်လဲပဲ သင်ကြားထားလို့ရှိရင် ဒါတွေ ပြောလဲပြောတတ်ပါတယ်၊ ဟောလဲဟောတတ်ပါတယ်၊အဲဒါတွေ ပီတိကျပုံတွေလဲပဲ အဲဒီလို လေ့လာထားလို့ရှိရင် သိနိုင်ပါတယ်၊ ဒါပေမယ့် ဒီကိုယ်ထဲမှာ ရုပ်နှင့်နာမ်ကို တွဲပြီးတော့ ဖြစ်နေတယ်၊ ရုပ်နှင့်နာမ် ၂–ခုဆိုတာတော့ တရားအားထုတ်မှ သိတယ်၊ ကိုယ်တိုင်အားထုတ်မှ မထုတ်ဘဲနဲ့ ဒီတိုင်း စာသင်ရုံနဲ့သိတာမဟုတ်သေးဘူး၊ မသေချာဘူး၊ ဇဝေဇဝါပဲရှိသေးတာပဲ။

အေး–ဒီမြင်ကြား တွေ့မြင်တယ်ဆိုတာတွေဟာ ငါကောင်လိုလို၊ အသက်ကောင်လိုလို၊ ငါကောင် အသက်ကောင်က အဟုတ်လေလား၊ စာထဲကပြောတဲ့ ရုပ်နာမ် ၂–မျိုးရှိတယ်ဆိုတာ ဟုတ်လေလားဆိုတာ သိပ်ပြီးတော့ မကွဲပြားဘူး၊ အေး–ဝိပဿနာရှုလို့ ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်ကလေးတွေရှုတော့ ဒီမှာရုပ်နှင့်နာမ်ကွဲလာတယ်၊ မှတ်တိုင်းမှတ်တိုင်း မှတ်သိစရာ ရုပ်ကတစ်မျိုး၊ မှတ်သိနေတဲ့ စိတ်နာမ်လေးကတစ်မျိုး၊ ဖောင်းတယ် မှတ်လိုက်ရင် ဖောင်းတက်လာတဲ့ ရုပ်ကလေးကတစ်မျိုး၊ ဖောင်းတယ်လို့ သိနေတဲ့နာမ်ကလေးကတစ်မျိုး၊ ဒါလေးနှစ်ခုရှိတယ်၊ ဒီပြင်ဘာမှမရှိဘူး၊ အစတုန်းကတော့ ဖောင်းတာနှင့် တကွ တစ်ကိုယ်လုံးကလေ ငါပဲ၊ နှလုံးသွင်းရင်သိနေတာကငါပဲ၊ ဖောင်းတာ တစ်ကိုယ်လုံးနဲ့သိ, နှလုံးသွင်းသိနေတာနဲ့ အတူတူပဲ၊ တစ်ကိုယ်တည်းပဲ၊ ဒီလိုထင်နေတာကိုး။

အေး–တရားကောင်းကောင်း အားမထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေမေးကြည့်လျှင် အဲဒီအတိုင်းဖြေမှာပဲ၊ ဒီအတိုင်းပဲဖြေတယ်၊ ရိုးရိုးဆိုရင် အဲဒီအတိုင်းပဲဖြေတယ်၊ အဲဒါ ရုပ်နဲ့နာမ်နဲ့ မကွဲဘဲဖြစ်နေတာ၊ အခု ရှုမှတ်တဲ့ပုဂ္ဂိုလ်မှာတော့ ဖောင်းတယ်လို့ မှတ်လိုက်တော့ ဖောင်းလာတာကတစ်ခု၊ ဖောင်းတယ်လို့ သိတာကတစ်ခု၊ သူတို့ ၂–ခု ရောလို့လဲမရဘူး၊ တစ်ခုနှင့်တစ်ခု ဘာမျှ မတူဘူး၊ တစ်ခြားစီဖြစ်နေတယ်၊ သူဟာဖောင်းတက်လာတာက အာရုံ မသိတတ်တဲ့တရား၊ ရှုမှတ်လိုက်တဲ့ စိတ်ကလေးက အာရုံသိတတ်တဲ့တရား၊ ဒါလဲ ၂–ခုဟာ တွဲဖြစ်နေတယ်၊ ပိန်တယ်မှတ်ရင်လဲ ဒီအတိုင်းပဲ၊ ထိုင်တယ် မှတ်ရင်လဲ ဒီအတိုင်းပဲ၊ ထိတယ်မှတ်ရင်လဲ ဒီအတိုင်းပဲ၊ ကွေးတယ်မှတ်ရင်လဲ ဒီအတိုင်းပဲ၊ ဆန့်တယ်မှတ်ရင်လဲ ဒီအတိုင်းပဲ၊ ကွေးတဲ့ရုပ်က တခြား၊ သိတဲ့စိတ်ကတစ်ခြား၊ ဘယ်အခါမဆို ကိုယ်ရုပ်ကတစ်ခြား သိနေတဲ့စိတ်ကလေးကတစ်ခြားပဲ၊ ရောလို့ကိုမရဘူး၊ ကိုယ်ရုပ်ကတစ်ခြား ကိုယ်ရုပ်နဲ့သိနေတာလေးနဲ့ ရောရသေးတယ်ဆိုရင် အဲဒါမကွဲသေးဘူး၊ မကွဲသေးလို့ ရောနေသေးတာ၊ အဲ–ဝိပဿနာရှုမှတ်လို့ ဒီရုပ်နာမ်ကွဲလာတဲ့ပုဂ္ဂိုလ်ရောလို့ကို မဖြစ်ဘူး၊ အဲဒီလိုကွဲနေပါတယ် ဒါ အသေအချာကွဲနေတယ်၊ အားမထုတ်ဘူးတဲ့၊ တချို့ကတော့ သူတို့ထင်တဲ့အတိုင်း ရမ်းရမ်းပြီး စွပ်စွဲတယ်၊ ဒီလို တချို့ပုဂ္ဂိုလ်က နာမ်ရုပ်တောင်မကွဲဘူးဆိုပြီးတော့ တချို့ကပြောတယ်၊ ဘယ်ဟုတ်မလဲ သူတို့သိမှမသိဘဲနဲ့၊ ဘယ်နဲ့ကွဲမလဲ နာမ်ရုပ်က၊ ဒါနာမ်ရုပ် ၂–ပဲရှိတယ်၊ နာမ်ရုပ် ၂–ခု မကွဲလို့ ဘယ်ဖြစ်မလဲ၊ အဲ–သိစရာအာရုံနဲ့ သိတဲ့စိတ်နဲ့ ကိုယ်ရုပ်နဲ့သိတဲ့စိတ်၊ ဒါ ၂–ခုဟာ တစ်ခါတည်း သေသေချာချာရှုတဲ့ ပုဂ္ဂိုလ် ၂–ရက်နေ ကွဲတာပေါ့၊ ဒါတွေ သေသေချာချာ ကွဲလာတယ်၊ သိလာတယ်၊ ဘာစာမှမတတ်သူကကွဲတယ်၊ တချို့က စာမတတ်ရင် ဖြစ်ပါ့မလားတဲ့၊ ဒီလိုလဲမေးစရာရှိတယ်၊ ဖြစ်ပါတယ်၊ စာတတ်တာက တခြားပဲ၊ အားထုတ်တာက တခြားပဲ၊ ဘုရားလက်ထက်တုန်းက မြတ်စွာဘုရားဟောလို့ တရားနာပြီး အကျွတ်တရားရတဲ့ ပုဂ္ဂိုလ်တွေ စာတတ်တဲ့ပုဂ္ဂိုလ် တော်တော်နည်းပါလိမ့်မယ်။

အိန္ဒိယနိုင်ငံက ယခုထက်ထိပဲ စာတတ်တဲ့ပုဂ္ဂိုလ် အင်မတန် နည်းနေတာပဲ၊ ဟိုခေတ်တုန်းကဆို စာတတ်တဲ့ပုဂ္ဂိုလ် သိပ်နည်းမှာပေါ့၊ စာသင်ကျောင်းတို့ဘာတို့ တယ်ရှိပုံမရပါဘူး၊ နည်းနည်းပါးပါးလောက် ရှိတာနဲ့တူတယ်၊ ဒါလဲပဲ အင်မတန် ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝတဲ့ ပုဂ္ဂိုလ်တွေလောက်ပဲ သင်နိုင်တာနဲ့တူပါတယ်၊ များသောအားဖြင့် ဆင်းရဲသားတွေက ဟိုခေတ်တုန်းက ဘာမျှတတ်ပုံမရပါဘူး၊ ရေးကို ရေးတတ်ပုံ မရပါဘူး၊ စာမတတ်တဲ့ပုဂ္ဂိုလ်တွေ များပါတယ်။

ဒီတော့ မြတ်စွာဘုရားကလဲ နောက်မှပွင့်လာရတော့ ဘုရားက အဲဒီမှာဟောရတာပဲ၊ ယခုကာလကို သင်္ဂြိဟ်တို့ဘာတို့ အဘိဓမ္မာတွေ ဘယ်ရှိလိမ့်ဦးမှာလဲ၊ ယခုသင်္ဂြိဟ်တောင်မှ သိပ်မကြာသေးဘူး၊ ပေါ်လာတာ၊ ဘုရားပရိနိဗ္ဗာန် စံပြီးနောက် သီဟိုဠ်ကျွန်းကျမှ သီဟိုဠ်ကျွန်း သာသနာထွန်းကားလို့ တော်တော်လေးနောက်ပိုင်းကျမှ ရေးထားတာပဲ၊ ဒီတော့ ဘုရားလက်ထက် တုန်းကပုဂ္ဂိုလ်တွေ များသောအားဖြင့် စာမတတ်တဲ့ပုဂ္ဂိုလ်တွေ များပါတယ်။

မြတ်စွာဘုရားဟောတဲ့ တရားတွေကြားနာနှလုံးသွင်း အားထုတ်လို့ ရုပ်နာမ်တွေကွဲ အနိစ္စ, ဒုက္ခ, အနတ္တတွေသိမြင်ပြီးတော့ မဂ်တရား, ဖိုလ်တရားတွေ ရသွားကြတာပဲ၊ ယခု ဒီမှာ ယောဂီတွေလဲ အဲဒီလိုပါပဲ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ၊ အင်း–စာတတ်ရင်တော့ ပိုကောင်းတာပေါ့လေ၊ စာမတတ်လဲဖြစ်တာပဲ၊ ကြိုးကြိုးစားစား အားထုတ်ရင်ဖြစ်တာပဲ၊ မှတ်တိုင်းမှတ်တိုင်း သိနေတဲ့စိတ်က အာရုံကတခြား, မှတ်သိနေတဲ့ စိတ်ကလေးက တခြားကိုယ်ရုပ်ကတခြား, သိတဲ့စိတ်ကတခြား၊ ခွဲမှတ်နေ၊ ဒါလေး ၂–ခုပဲရှိတာပဲ၊ တစ်ခါတည်း လက်နဲ့ကိုင်ကြည့်သလိုပဲ၊ ဟိုကတစ်ခု ဒီကတစ်ခု ကွဲနေတယ်၊ ရောလို့ကို မရဘူး၊ အဲဒီလို နာမ်ရုပ်ကလေး ကွဲပြီးသိလာတာကို၊ နာမရူပ ပရိစ္ဆေဒဉာဏ် ခေါ်တယ်၊ အဲဒီကစပြီးတော့ တရားတွေ့လာတာ၊ မြတ်စွာဘုရားက နာမ်နှင့်ရုပ် ရှိတယ်လို့ ဟောတယ်။

အင်း–ဟောတဲ့ အတိုင်းဆိုရင် ဟုတ်သားပဲ၊ နာမ်နှင့်ရုပ်ပဲ ရှိတာပုဂ္ဂိုလ်သတ္တဝါမရှိဘူး၊ ဒီလိုသိလာတာကိုး၊ ဒီလိုသိတော့ ဒီတရားဟာမှန်တယ်၊ ဒီတရားကိုဟောတဲ့ မြတ်စွာဘုရားဟာလဲပဲ၊ ဒီတရားတွေကို ကိုယ်တိုင်သိပြီး ဟောထားတော့မှန်တယ်၊ အလုံးစုံသိတဲ့ ဘုရားဆိုတာ ဟုတ်ပါပေတယ်၊ ဒီကစပြီးတော့ နည်းနည်းသိတယ်၊ နည်းနည်းဝိုးတိုးဝါးတား ရှိသေးတယ်၊ သိပ်မသေချာသေးဘူး၊ ဟောပြီးတော့ ဒီရုပ်နာမ်တွေက မှတ်တိုင်းမှတ်တိုင်းပေါ် မှတ်ပြီးရင်ပျောက်၊ မမြဲတာတွေကို တွေ့လာတယ်၊ ဘယ်ဟာမှတည်နေတာမရှိဘူး။

အစတုန်းက တစ်ခုတည်း တည်နေတယ် အောက်မေ့တာကိုး၊ ယခုတည်နေတာမဟုတ်ဘူး၊ ဖောင်းတာလေးလဲ ပေါ်ပြီးပျောက်သွားတာပဲ ပိန်တာလေးလဲပေါ်ပြီး ပျောက်သွားတာပဲ၊ သိတာလေးလဲပေါ်ပြီး ပျောက်သွားတာပဲ၊ ကွေးတာ–ဆန့်တာတွေ သူ့အခိုက်အတန့်နှင့်သူ ပေါ်ပြီးပျောက်သွားတာပဲ၊ စိတ်ကူး စဉ်းစားကြည့်စဉ် ဒါလေးတွေလဲ သူ့အခိုက်အတန့်မှာပဲ ပေါ်ပြီးပျောက်သွားတာပဲ၊ ကိုယ်ထဲမှာ နာကြင်ကိုက်ခဲမှု အစရှိသဖြင့် စေတနာကလေးတွေကလဲပဲ၊ တစ်ဆင့်ပြီး တစ်ဆင့် တစ်ခုပြီးတစ်ခု (နာလိုက်ရင်း ပျောက်လိုက်ရင်း–၂) တစ်ခုစီတစ်ခုစီပဲ၊ ဘာမျှတည်တံ့နေတာမရှိဘူး၊ အဲဒီတော့ ဖြစ်ပြီးပျောက်သွားလို့ မမြဲတဲ့တရားကြီးပဲ။

မှတ်ရင်းမှတ်ရင်း၊ ဒီတစ်ခါမှာ ယောဂီပုဂ္ဂိုလ်ဟာ သူ့ဟာသူသဘောကြတယ်၊ အင်း–မမြဲလို့ ့ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲချည်းပဲတဲ့၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားတွေလို့ ရှုရင်းမှတ်ရင်း သဘောကျပြီးသိတယ်၊ အဲဒီလိုသိလာတော့ ဘုရားကိုပိုပြီးတော့ တွေ့လာတာပေါ့၊ မြတ်စွာဘုရားက မမြဲတဲ့တရားကြီးပဲ ဟောတယ်၊ ခဏမစဲ ဖြစ်ပျက်တဲ့ ရုပ်နာမ်တရားတွေကြီးပဲလို့ ဟောတယ်။

သဗ္ဗေသခ်ါရာ အနိစ္စာ၊ ယဒါပညာယ၊ ပဿတိ။

သဗ္ဗေ–အလုံးစုံကုန်သော၊ သခ်ါရာ–ရုပ်တရား, နာမ်တရား, သခ်ါရတရားတို့သည်၊ အနိစ္စာ–မမြဲကုန်၊ ဣတိ–ဤသို့၊ ယဒါ–အကြင်အခါ၌၊ ပညာယ–ဝိပဿနာပညာဖြင့်၊ ပဿတိ–တွေ့မြင်၏။

အလုံးစုံသောတရားတွေ မမြဲဘူးလို့ တွေ့ရမယ်လို့ မြတ်စွာဘုရားဟောထားတယ်၊ ဟောတဲ့အတိုင်းပဲ တွေ့လာတာကိုး။

အနိစ္စာ ဝတ သခ်ါရာ ဥပ္ပါဒါဝယ ဓမ္မိနော။

သခ်ါရာ–ရုပ်တရား, နာမ်တရား, သခ်ါရတရားတို့သည်၊ ဥပ္ပါဒါဝယ ဓမ္မိနော–ဖြစ်ခြင်း, ပျက်ခြင်း သဘောရှိကုန်သည်ဖြစ် ဖ၍၊ အနိစ္စာဝတ–မမြဲလေကုန်တော့တကား။

ဖြစ်ပျက်နေတဲ့ တရားတွေချည်းပဲ၊ မြတ်စွာဘုရားက ဟောထားတယ်၊ အင်း–အဲဒီ ဟောတဲ့အတိုင်း ယခုယောဂီပုဂ္ဂိုလ်က သူတွေ့လာတာကို ဖြစ်လိုက်ပျက်လိုက်, ပျက်လိုက်ဖြစ်လိုက်, တစ်ပိုင်းတစ်စ တစ်ပိုင်းစီ မမြဲတာလေ၊ သူတွေ့လာတယ်၊ ဒီတရားဟောထားတဲ့ မြတ်စွာဘုရားဟာ ဒီတရားတွေ သူကိုယ်တိုင်သိပြီး ဟောထားတာပဲ၊ မြတ်စွာဘုရားဟာ အလုံးစုံသောတရားတွေဆိုတာ မှန်ပါပေတယ်, ဟုတ်ပါပေတယ်လို့ တရားစစ် တရားမှန်ကို ယုံကြည်မှုသဒ္ဓါတရားတွေ တိုးတက်ခိုင်မြဲလာတာဟာ ဘုရားတွေ့လို့ မြင်လာတာပဲ၊ အဲ–နောက်ဝိပဿနာဉာဏ်နဲ့ အစဉ်အတိုင်း တက်ပြီးတော့ ရုပ်နာမ်သခ်ါရဋ္ဌိမ်းတဲ့ နိဗ္ဗာန်တရားရောက်သွားတော့ သေသေချာချာ တွေ့တာပေါ့ သေသေချာချာတွေ့တော့ ဘုရားက အလုံးစုံသော တရားတွေကို တွေ့တယ်ဆိုတာ ခိုင်ခိုင်မြဲမြဲ သိသွားတယ်။

ဒါကြောင့် ဗုဒ္ဓေ–တရား အလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာဘုရား၊ ဘုရားကိုအာရုံပြုပေါ့ ဟုတ်လား၊ အဲ–တရားတွေ့ထားတဲ့ပုဂ္ဂိုလ်တွေတော့ ကိုယ်သိတဲ့အတိုင်း၊ မြတ်စွာဘုရား, မြတ်စွာဘုရားသိပြီးတော့ ဟောထားခဲ့တာပဲ၊ မြတ်စွာဘုရားက တရားစစ်တရားမှန်ကို ဗောဓိပင်အောက် ရတနာပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီး၊ ဒီတရား

နှလုံးသွင်းလို့ သစ္စာလေးပါးသိ၊ ဘုရားအဖြစ်သို့ ရောက်နေပုံ၊ ထိုထိုအရပ်ဒေသတွေမှာ သမာပတ်ဝင်စားပြီးနေပုံ၊ ထိုထိုအရပ်ဒေသတွေမှာ ပရိသတ်ကြီးလေးပါး အလယ်ခေါင်မှာပဲ မားမားမတ်မတ် ထိုင်နေတော်မူပြီးတော့ တရားဟောနေပုံ၊ ဘုရားပုံတော် စိတ်ထဲက မှန်းပြီးတော့–

ဗုဒ္ဓေါ–တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာဘုရား။

ဒီတရားတွေ အကုန်လုံးသိပြီးတော့ ဟောထားတာပဲ၊ သိပြီးဟောထားတဲ့ မြတ်စွာဘုရားရဲ့ နည်းနိသျတွေ တို့ကျင့်ပြီးတော့ နေရတာပဲ၊ အဲဒီလို အာရုံပြုလိုက်တော့ စိတ်အားတွေ တက်လာတယ်၊ ယခုလောကမှာ ဘာသာတွေ အမျိုးမျိုးရှိတယ်၊ ဘာသာတွေ အမျိုးမျိုးအရင်းအမြစ် လိုက်ကြည့်လို့ရှိရင် ဘာသာတီထွင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အခြေအမြစ်ဟာ ဘာမျှယုတ္တိမရှိဘူး၊ လေ့လာဖူးတဲ့ပုဂ္ဂိုလ်တွေ သိမှာပဲ၊ ဘုန်းကြီးလဲ နည်းနည်းတော့ လေ့လာထားတယ်။

တစ်ချို့က တရားတွေဟောနေတော့ သူတို့ဟာလဲ ကြည့်ထားဦးမှဆို လေ့လာထားရတယ်၊ သူတို့က ပထမ ဘာမျှကို ခြေခြေမြစ်မြစ် မရှိဘူး၊ သူတို့ထင်တာလေးတွေ, မြင်တာလေးတွေ, သဘောကျလာတာလေးတွေနဲ့ တစ်ခါတည်း ဟောကြ, ပြောကြတာပဲ၊ တစ်ချို့ နေထွက်တာ, နေဝင်တာကလေးနဲ့ကို အဲဒါကြည့်ပြီးတော့ အကောင်းနဲ့အဆိုး ၂–ခုပဲ ရှိတာပဲ၊ အဲဒါဟာ အကောင်းတစ်ချို့လဲ ကောင်းတဲ့နတ်က ဖန်ဆင်းတဲ့ဘုရားလို့ပဲ ခေါ်တာပေါ့၊ မကောင်းတာလဲ မကောင်းတဲ့ဘုရားက ဖန်ဆင်းတယ်ဆိုပြီးတော့ အကောင်းအဆိုးတွေကို ၂–မျိုး ဖန်ဆင်းတာ ဒါပဲရှိတယ်ဆိုပြီး သူတို့ စိတ်ထင်တွေကို လျှောက်ဟောတာကိုး။

ဖန်ဆင်းတဲ့နတ်လဲ သူတွေ့တာမဟုတ်ဘူး၊ ဖန်ဆင်းတာလဲ တွေ့တာမဟုတ်ဘူး၊ သူ နေဝင်တာကြည့်ပြီး ဟောတယ်၊ အုံ့သြစရာတော့ တော်တော်ကောင်းတယ်၊ ဒါပေမယ့်လဲ သူ့ဟာနဲ့ သူတော့လဲ တော်တော်တော့ ကြီးပွားတယ်၊ အဲဒီလိုပဲ သူတို့ စဉ်းစားလို့ ရတာလေးတွေကို မူတည်ပြီးဟောတော့ အဲဒါလေးတွေယုံကြည်ပြီးတော့ နောက်ဘာသာကြီးတစ်ခု ဖြစ်လာတယ်၊ ဘာသာကြီးတစ်ခု ဖြစ်လာတာပဲ၊ ဒါတွေဘာမျှမဟုတ်ဘူး၊ ဘာမျှမဟုတ်တဲ့ဟာတွေ လိုက်နာပြီးကျင့်နေတော့ ကြောက်စရာလဲ အလွန်တစ်ရာ ကောင်းပါတယ်။

သံသရာထဲမှာ ကျင်လည်ပြီးနေလို့ ဒီလိုနေရာတွေရောက်၊ ဒီလိုဟာတွေ ဘယ်လောက်များ ကျင့်သွားမှန်းမသိဘူး၊ အလွန်ကြောက်စရာကောင်းတယ်၊ အင်း–ရှေ့ကလဲ အဲဒီလို ဘာသာအယူဝါဒတွေနှင့် ဒီလိုဘာသာအယူဝါဒတွေ ဘယ်လောက်များကျင့်လို့ ဘယ်လောက်ဒုက္ခ ရောက်ခဲ့ပြီလဲမသိဘူး၊ နောက်လဲပဲ ဒီတရားသာမရသေးလို့ရှိရင် အဲဒီဟာတွေလဲ ဘယ်လောက်အထိ ဖြစ်သွားမှန်းမသိဘူး၊ ကြောက်စရာ အလွန်ကောင်းတယ်။

ယခုနေအခါကာလ ဒီဘဝမှာဆိုတော့ မြတ်စွာဘုရား၏ တရားတော်တွေကြားလို့ ဘုရားကိုယ်တိုင်တွေ, ကိုယ်တိုင်သိပြီး တရားတွေဟောလို့ ဒီလိုဟောထားတဲ့ တရားတွေကျင့်ရလို့ တို့အင်မတန် ကံကောင်းလို့ ကျင့်ရတာပဲလို့ နှလုံးသွင်းလိုက်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ် သိပ်ပြီးအားရစရာကောင်းတယ်၊ အချို့ အားမထုတ်နိုင်သေးဘူး၊ အားထုတ်ချင်တဲ့စိတ်ရှိပြီး အားမထုတ်နိုင်သေးတဲ့ပုဂ္ဂိုလ်တွေ ကံ ငါ့လောက် မကောင်းသေးဘူး၊ ငါအင်မတန် ကံကောင်းနေတာလို့ နှလုံးသွင်းလိုက်ရင် ပီတိတွေ အများကြီးဖြစ်လာတတ်တယ်၊ ကောင်းပါတယ်၊ ကိုင်း–ကိုင်း ဆိုရမယ်။

ဗုဒ္ဓေါ–သစ္စာ ၄–ပါး တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာ ဘုရား။ (၃–ခေါက်)

အေး–မြတ်စွာဘုရားဆိုတာ သစ္စာ ၄–ပါး တရားအလုံးစုံကို သိတဲ့ပုဂ္ဂိုလ်ကို ဘုရားလို့ခေါ်ရတယ်၊ ဒါပါပဲ၊ ဘုရားက သတ္တဝါတွေကို ကောင်းအောင်, ဆိုးအောင်လို့ ဖန်ဆင်းပေးနိုင်တာ မဟုတ်ဘူး၊ တရားအလုံးစုံကို သိရုံပဲရှိတယ်၊ ဖန်ဆင်းစီမံပေးနိုင်တဲ့ ပုဂ္ဂိုလ်ရယ်လို့မရှိဘူး၊ အကယ်၍ ယုံကြည်တဲ့ပုဂ္ဂိုလ်က ရှိပါတယ်လို့ပြောလို့ရှိရင် ဆက်ပြီးစဉ်းစားဖို့ရာ လိုလားပါတယ်၊ အဲ–ဘုရားက ဖန်ဆင်းပေးတယ်ဆိုရင် အဲဒီဖန်ဆင်းတဲ့ပုဂ္ဂိုလ်ကို သူက ဘယ်တုန်းကပေါ်လာတာတုန်း၊ သူ့ကို ဘယ်လူကဖန်ဆင်းလို့ သူကဖြစ်လာရတာလဲ၊ စဉ်းစားရမှာကိုး၊ စဉ်းစားရင် အဲဒါကခက်တယ်။

တစ်ခါက ဆရာတော်ကြီးတစ်ပါး ရထားပေါ်မှာ ခရီးသွားရင်း အဲဒီလိုပဲ၊ ဘာသာခြားတရားဟော ဆရာကြီးတစ်ဦးနှင့်တွေ့တယ်၊ တွေ့တော့ တရားဟောဆရာကြီးက ဒီဘုန်းကြီးကိုချွတ်မလို့ တရားဟောမယ်လို့ စလိုက်တယ်၊ ဒီဆရာတော်ကြီးကို ဘုန်းကြီး–ဘုန်းကြီးတို့ဘာသာမှာ သံသရာများ အစရှိရဲ့လား၊ ဘယ်ကစပြီးတော့ လူတွေ, သတ္တဝါတွေ ဖြစ်လာသလဲ၊ တရားဟောဆရာကြီးက မေးတယ်၊ ဒီတော့ ဆရာတော်ကြီးကလဲ စာတတ်ပေတတ်ကြီးပါပဲ၊ တရားဟောလဲ တရားဟောတတ်တဲ့ စာတတ်ပေတတ် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ၊ အဲဒီတော့ သူက ဘာပြန်ပြောလဲဆို ဘုန်းကြီးတို့ဘာသာမှာတော့ ဒီလို ဘယ်ကစတယ် ဘာရယ်လို့ ဒီလိုမရှိဘူးလို့ ပြောတယ်၊ မရှိလို့ရှိရင် မရှိတာနဲ့ရှိတာနဲ့ ဘယ်ဟာကောင်းသလဲ သူကမေးတယ်၊

ဒါကတော့ စာပေကမရှိဘူးပြောတာ ရှိအောင်လို့လဲ ရှာလို့မရတော့ မရှိဘူးလို့ထားရတာပဲ၊ ရှိရင်တော့ ပိုကောင်းတာပေါ့၊ ဒီတော့ တရားဟောဆရာကြီးက သူလိုတဲ့အကွက်တော့ ရောက်လာပြီလို့ ဒီလိုအောက်မေ့ပုံရတယ်၊ ဘုန်းကြီး ကျုပ်တို့ဘာသာကတော့ရှိတယ်၊ ဒီလို အစချီလိုက်တယ်။ ဘယ်ကစသတုန်း ကောင်းတာပေါ့၊ အစရှိရင် ဘယ်ကစသလဲ၊ ကျုပ်တို့ဘာသာက ဘုရားသခင်က ဖန်ဆင်းတာပဲလို့ အကုန်လုံး သတ္တဝါတွေရော, လောကကြီးရော, ဘုရားသခင်ဖန်ဆင်းလို့ ဖြစ်လာတာ ဘုရားသခင်ကစတာပဲ ပြောတော့၊ ဆရာတော်ကြီးက ဟုတ်ကဲ့လား၊ ဟုတ်ပါတယ်၊ ဒါဖြင့်နေစမ်းပါဦး အဲဒီဘုရားသခင်ကြီးကြတော့ ဘယ်သူက ဖန်ဆင်းသလဲ၊ သူကတော့ ဘယ်ကစပြီး ဖြစ်လာသလဲ။

ဒီတော့ တရားဟောဆရာကြီးက ဘုန်းကြီး အဲဒါက ခပ်ခက်ခက်ပါပဲလို့ ပြောတယ်၊ သူလဲပဲ အစမှမရှိပဲဟာကိုး၊ အကယ်၍ အဲဒီဘုရားသခင်ကြီးက ဖန်ဆင်းတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင် အဲဒီဖန်ဆင်းတဲ့ပုဂ္ဂိုလ် လိုက်ရဦးမှာ၊ သူ့ဘယ်သူက ဖန်ဆင်းတုန်း၊ အဲဒီလို လျှောက်လိုက်လို့ မီးခိုးမဆုံး မိုးမဆုံး ဘယ်ကမှစ၍မရဘူး စလိုက်လို့ရှိရင် အဲဒါဒုက္ခဖြစ်ကရောပဲ၊ ဒီတော့ကို အစမရှာတာပဲ အေးတယ်၊ ရှာနေလို့လဲပဲ ဘာကစပါတယ်ဆိုလို့လဲပဲ ယုံကြည်ဖို့ရာ အခက်ကြီးဟာကိုး။

ဟို အထက်အရပ်မှာ ဆရာတော်ကြီးတစ်ပါးရှိတယ်၊ သူက ဒီလိုပဲ သူကလဲ အစမရှိတာ မကောင်းဘူးဆိုပြီး အစရှိအောင်ရှာတာကိုး၊ ပဋ္ဌိစ္စသမုပ္ပာဒ်နည်းနှင့် အဝိဇ္ဇာဟာ အနုနှင့်အရင့် ၂–ခုရှိတယ်ဆိုပြီး သူကအဝိဇ္ဇာအနု၊ တစ်ခါကောင်းကင်တွေ အကုန်လုံးရှိနေတယ်၊ အဝိဇ္ဇာအနု၊ ဒီတော့ သူက ဥပါဒ် ၌ ဘင် မရောက်သေးဘူးဆိုတာကိုး၊ သူ့စိတ်ကူးနှင့်သူ၊အကြံက ဥပါဒ် ၌ ဘင် မရောက်သေးဘူး၊ အဲဒီက အဝိဇ္ဇာအနုကနေပြီး ဝိဇ္ဇာရင့်လာမှ ဥပါဒ် ၌ ဘင်နှင့် ဝိဇ္ဇာတွေဖြစ်လာ၊ အဲဒီကမှ အဝိဇ္ဇာပစ္စယာသင်္ခါရာ ဒီလို ဖြစ်လာမှာ၊ ဒီလိုဖြစ်ပြီးတော့လာတော့ ဒီမှာ တဖြေးဖြေးနဲ့ သူက ပစ္စယဝိညာဏ် ပဋ္ဌိသန္ဓေဖြစ်ပြီး ဘဝတေ ွဘာတွေဖြစ်လာ၊ အဲဒီ အဝိဇ္ဇာအနုဓာတ်က တလောကလုံး အကုန်လုံး ပျံ့နှံ့ပြီးတော့ အစဉ်ထာဝရ ရှိနေတယ်ဆိုပြီး သူက ဒီလိုကြံတာကိုး၊ သူကဒီလိုကြံလို့ သူ့ဝါဒကို ဘုန်းကြီးဟာ စာထဲပေထဲကလဲမရှိ ဘယ်တော့မှလဲမရှိတော့ ယုံတာက ယုံကြည်ဖို့တော့ အခက်သား၊ ဘယ့်နဲ့ရယ်လို့တော့ မပြောတတ်ဘူး၊ သူသဘောကျလို့ ကြံထားတာ၊ အစမရှိဘူးဆိုတာ အစရှာလို့ရှိရင် ဒုက္ခရောက်ယုံရှိတာပဲ၊ ဘာမျှကျေးဇူးမရှိဘူး။

မြတ်စွာဘုရားဟောတယ်၊ အဲဒီအစရှာဖို့မလိုဘူးတဲ့၊ လိုတာက ယခုလောလောဆယ်ရှိနေတဲ့ ဒုက္ခတွေငြိမ်းအောင် လုပ်ဖို့ဟာလိုတယ်၊ ဥပမာအားဖြင့် ဘာတုန်းဆိုလို့ရှိရင် လူတစ်ယောက်၊ မြားမှန်ဖူးတဲ့ လူတစ်ယောက်က မြားကလဲ အဆိပ်ပါတဲ့မြား၊ အဲဒီတော့ မြားမှန်တော့ကို မြားမှန်ခံရတဲ့ ပုဂ္ဂိုလ်က သူ့မြားကို မြန်မြန်နုတ်ပြီး ကုဖို့ရာ လိုလားတာကိုး။

အဲ–ဆရာက ဆေးဆရာက ကုမလို့လာတယ်၊ မြားနုတ်ပြီးတော့ ဆေးကုမလို့ လာတော့ မြားမှန်ခံရတဲ့ ပုဂ္ဂိုလ်က ပြောတယ်၊ ကျုပ်ကို ခင်ဗျားဆေးကုမယ်ဆိုရင် ကျုပ်မေးတာတွေ အကုန်လုံး ဖြေနိုင်မှ အကုခံမယ်၊ နို့မို့လို့ရှိရင် ကျုပ်စိတ်မချဘူး၊ ခင်ဗျားဥစ္စာ ကျုပ်စိတ်မချဘူး၊ ကျုပ်ကိုမှန်တဲ့မြားဟာ အဲဒါဟာဘာသားလဲ၊ ဘာသားလုပ်ထားတဲ့မြားလဲ အဲဒါသိချင်တယ်၊ ဒီအထဲမှာ ထည့်တဲ့အဆိပ်ကလဲ ဘယ်ကနေပြီး ထုတ်လာတဲ့အဆိပ်လဲ ဘယ်တောကလဲ၊ မြားက ယခုဝါးလုပ်တယ်ဆိုလို့ရှိရင် အဲဒီဝါးက ဘယ်ကပေါက်တဲ့ ဝါးလဲ၊ ဘယ်အရပ်က ဖြစ်တာလဲ၊ ဒီဝါးက ဘယ်အနားကနေပြီး ပေါက်သလဲ အဲဒါကျုပ်သိချင်တယ်၊ နောက်ဒီမြားကို လုပ်တဲ့လူကလဲဘာတုံး လူမျိုးကလဲခတ္တိယမျိုးလား, ဗြဟ္မဏမျိုးလား, သုဒ္ဒမျိုးလား, ဘယ်အမျိုးလဲ၊ ဘယ်သူက လုပ်တာလဲ သိချင်တယ်။

ပြီးတော့ အဲဒီမြားဖြစ်တော့ သူ့မှာ လေးကြိုးပါဦးမယ်၊ ဒီလေးကြိုးကလဲ ချည်ကြိုးလား၊ သို့မဟုတ် သားရေကြိုးလား အဲဒါကျုပ်သိချင်တယ်လို့ အဲဒီချည်ကြိုးဆိုလို့ရှိရင် အဲဒီကြိုးကလဲ ဘယ်ကနေ ဘယ်ဝါးခင်းကထွက်လဲ ဘယ်သူကလုပ်တယ်ဆိုတာကို ကျုပ်သိချင်တယ်၊ အဲဒီလူမျိုးရဲ့ အမျိုးအမည်ရော ဘာတွေရော အကုန်လုံးသိချင်တယ်။

ဒီတော့ သားရေက လုပ်တယ်ဆိုရင် ဒီသားရေဟာ ဘာသားရေတုန်း နွားသားရေလား, ကျွဲသားရေလား, ဆိတ်သားရေလား, ဘာသားရေလဲ အဲဒါကျုပ်သိချင်တယ်ဗျား၊ ဒီသားရေဟာ ဘယ်သူကလုပ်တယ် ဘာလဲသိချင်တယ်၊ လေးကိုင်းကလဲ ဘာလဲဝါးကိုင်းလား, သစ်သား, ကိုင်းလားအဲဒါတွေ ကျုပ်သိချင်တယ်၊ ဝါး, သစ်သားကလဲ ဝါးဆိုဝါး, သစ်သားဆိုရင် သစ်သားဘယ်တောက ပေါက်သလဲဆိုတာ ကျုပ်သိချင်တယ်၊ အဲဒါတွေ ခင်ဗျားအကုန်လုံးပြောနိုင်မှ အကုခံနိုင်မယ်လို့ ပြောတယ်တဲ့၊ ပြောလို့ရှိရင် ဆရာက ပြောနိုင်ပါ့မလားတဲ့၊ မပြောနိုင်ဘူးတဲ့၊ ဒီဥစ္စာတော့ တာဝန်မခံနိုင်ဘူးတဲ့၊ ဆရာက ဒါတွေ ဘယ်လိုက်ပြီး စုံစမ်းပြီးပြောနိုင်မလဲ မပြောနိုင်ဘူး၊ မပြောနိုင်လို့ ဆေးကုမခံလို့ရှိရင် ဘာဖြစ်မလဲ၊ ဆေးကုမခံလို့ရှိရင် အဲဒီမြားမှန်တဲ့ ပုဂ္ဂိုလ်သေရုံရှိတာပေါ့ ဘယ့်နယ်မှမတတ်နိုင်ဘူးတဲ့။

အရေးကြီးတာက ဘာလဲဆိုရင် မြားမှန်တာဟုတ်ပြီ မြားလဲ မှန်နေပြီ၊ အသားထဲမှာ အဆိပ်တက်နေပြီ၊ အဲဒါတွေ မှန်ပြီ၊ မြားနုတ်ရမယ်၊ နုတ်ပြီး ဒီအဆိပ်တွေ ပြေတဲ့ဆေး ထည့်ပေးရမယ်၊ ဒီအနာ ပျောက်စေနိုင်တဲ့ ဆေးထည့်ပေးရမယ်၊ လိုနေတာက ဒါပဲဟာ၊ ဟိုဟာတွေက မြား ဘာနဲ့လုပ်တယ်၊ လေးဘာနဲ့လုပ်တယ်၊ သားရေကြိုး ဘာနဲ့လုပ်တယ်၊ ဘယ်သူက

လုပ်လဲ, ဘယ်သူကပစ်လဲ ဆိုတာတွေက အပိုတွေပဲ၊ အဲဒါတွေလိုက်နေလို့လဲ ဆေးကုဖို့ဟာနဲ့ ဘာမျှမဆိုင်ဘူးတဲ့၊ ဒီဥစ္စာ အဲသလိုပဲ။

ယခုသတ္တဝါတွေမှာ လောလောဆယ်ဆယ် ရှိနေတာက ရုပ်နာမ်တရားတွေ မပြတ်နေတာရှိတယ်၊ ဒုက္ခတရားတွေရှိတယ်၊ ဒီရုပ်နာမ်တရားတွေ မပြတ်ဖြစ်နေတာ ဘာ့ကြောင့်လဲဆိုတော့ ရုပ်နာမ်တရားတွေမှာ သာယာမှုလေးရှိနေတယ်၊ တဏှာရှိနေတယ် အဲဒီ သမုဒယသစ္စာ ရှိနေတယ်၊ အဲဒီ သမုဒယသစ္စာကြောင့် ဖြစ်နေတာ၊ အဲဒီ သမုဒယသစ္စာကြောင့်ဖြစ်တဲ့ ဒုက္ခသစ္စာတရားတွေ ငြိမ်းသွားအောင်လို့ဟာ ငြိမ်းဖို့ဟာ အားထုတ်ဖို့လိုတာပဲတဲ့။

ဟိုရှေးရှေးသော ဘဝတွေက ဘာတွေဖြစ်လာခဲ့တယ်၊ ဘယ်က စလာခဲ့တယ်၊ ဘာဘာညာညာ ဆိုတာတွေလိုက်လို့ မမီတဲ့ဟာတွေ၊ အကယ်၍ တစ်ဦးတစ်ယောက်ကမီလို့ သိတယ်ဆိုဦးတော့ တခြားပုဂ္ဂိုလ်ယုံကြည်ဖို့ဟာခက်တယ်၊ခက်တာပေါ့ မြတ်စွာဘုရားက သူကသိလို့ပဲ ဟောထားတာဆိုဦးတော့ တခြားပုဂ္ဂိုလ်တွေ ယုံဖို့ခက်တယ်၊ မခက်ဘူးလား၊ ဘုရားဟာ ဟုတ်မှဟုတ်ပါ့မလား၊ သူ့ဥစ္စာ တော်သလို ဟောသွားတာပါလား၊ ဒီလိုလဲထင်မှာပေါ့၊ ဒီတော့ လက်လှမ်း မမီတာတွေ, မသိတာတွေ လျှောက်ဟောလို့မဖြစ်ဘူး၊ သူက အဲဒါကြောင့်အရေးကြီးတာက ရှေးကဟာတွေလိုက်နေဖို့မလိုပါဘူးတဲ့၊ ရှေးကတော့ ရှိတော့ရှိမှာပေါ့၊ ခုနကပြောတဲ့လေးတို့, မြားတို့လုပ်တဲ့ဥစ္စာတွေဟာ ရှိတော့ရှိတာပေါ့၊ ရှိပေမယ့်လဲ ဒါတွေ လိုက်စရာမလိုဘူးတဲ့။

ယခုလိုဒါက ဘာတုံးဆိုလို့ရှိရင် မိမိသန္တာန်မှာဖြစ်နေတဲ့ ဒုက္ခသစ္စာတရားတွေတဲ့၊ ဒါက လက်ငင်းရှိနေပြီတဲ့၊ မြားမှန်သလိုပဲ၊ ဒီဒုက္ခသစ္စာတရားတွေ, ဆင်းရဲတရားတွေ ငြိမ်းဖို့က အရေးကြီးတယ်၊ ဘဝ ထပ်ခါဖြစ်ရင် ဖြစ်ရာဘဝမှာ အိုရမယ်, နာရမယ်, စိုးရိမ်ပူဆွေးရမယ်, ငိုကြွေးရမယ်, ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတွေဖြစ်ရမယ်၊ အဲဒါတွေ အရေးကြီးတယ်၊ ဒါတွေကို သိမှုတွေ မဖြစ်ဘူးတဲ့၊ သာယာမှု မဖြစ်လို့ရှိရင် ဘဝထပ်မဖြစ်ဘူး၊ အဲဒါအရေးကြီးတယ်၊ ယခုလောကမှာလဲ တစ်စုံတစ်ခုကို နှစ်သက်သာယာလို့ရှိရင် နှစ်သက်သာယာတဲ့ အာရုံနဲ့ စပ်ပြီးတော့ ကြောင့်ကြ စိုက်ရတာကို နှစ်သက်သာယာတဲ့ အာရုံမရှိရင် ကြောင့်ကြမစိုက်ရဘူး။

မြတ်စွာဘုရားလက်ထက်တုန်းက ဒကာတစ်ယောက်က မြတ်စွာဘုရားကို လျှောက်တယ်၊ တပည့်တော်ဘုရားတဲ့၊ တပည့်တော် တစ်ထိုင်အတွင်းပဲ ဒီဆင်းရဲနဲ့ ဆင်းရဲဖြစ်ကြောင်းတရားတွေ တပည့်တော် သိချင်တယ်တဲ့၊ အဲဒါဟောပါဆိုတော့ ဘုရားက ဒကာတဲ့ ငါအတိတ် အစအကြောင်းတွေ လျှောက်ပြီးတော့ဟောရင် မင်းမသိဘူးတဲ့၊ ငါအတိတ်ဘဝက မင်းဘယ်က အတိတ်ဘဝက ဘယ်လိုဘယ်လိုဖြစ်လာတယ်ဆိုတာ ဟောလို့ရှိရင် အဲဒါတွေ မင်းမသိဘူးတဲ့၊ မသိတော့ ငါဟောလို့ ယုံမှာ မဟုတ်ဘူးတဲ့၊ ထားလိုက်မှဖြစ်မှာ နောက်တစ်ခါ အနာဂတ်ဘဝတွေ မင်း ဘယ်အကြောင်းကြောင့် ဘာဖြစ်သွားလိမ့်မယ်လို့ လျှောက်ဟောလို့ရှိရင် ငါသိပေမယ့်လို့ မင်းကယုံမှာ မဟုတ်ဘူး၊ အဲဒါတွေလဲ ဟောလို့ မဖြစ်ဘူး၊ ဒီတော့ကို တစ်ထိုင်အတွင်း နားလည်တာဟောမှ ဆိုပြီးတော့ သူဟောတယ်။

မင်း အိမ်ရှင်မရှိတယ်တဲ့၊ မင်းမှာ သားကလေး ရှိတယ်တဲ့၊ အဲဒီတော့ မင်းအိမ်ရှင်မနှင့် မင်းမတွေ့ခင်တုန်းကတဲ့၊ အဲဒီအိမ်ရှင်မကို ချစ်ခြင်း, ခင်ခြင်း, တပ်မက်ခြင်း, သာယာခြင်းရှိရဲ့လားတဲ့၊ မရှိပါဘူးဘုရားတဲ့၊ လူချင်းမှ မတွေ့ရသေးဘဲ ဘယ်ရှိမလဲတဲ့ ဒီဥစ္စာကတော့၊ အဲဒီတော့ နောက်တွေ့တော့ တစ်ဦးနှင့်တစ်ဦးတွေ့တော့ ချစ်ကြခင်ကြတယ်၊ ချစ်ခင်ပြီးတော့ အခုနေကာလဆိုလို့ရှိရင် အဲဒီအိမ်ရှင်မ တစ်စုံတစ်ရာ ဆင်းရဲဒုက္ခရောက်သွားမယ်၊ အဲအခြားသော လူတွေကနိုင်ထက်ကလူ နှိပ်စက်ပြီးတော့ နှိပ်စက်မယ်, သတ်ကြမယ်, ဖြတ်ကြမယ်ဆိုလို့ရှိရင် မင်းစိတ်ထဲဘယ့်နဲ့နေမလဲ၊ မြတ်စွာဘုရားက မေးတယ်။

ဒါကတော့ ဘုရား၊ ဒါကတော့ အများကြီးဒုက္ခရောက်မှာပါတဲ့၊ ပုံမတော် အသက်တောင်မှ သေပါသေးတယ်ဘုရား၊ အဲဒါ အင်း–ဘယ်ကလာတာတုန်း အဲဒီဥစ္စာ မင်းဘယ်ကလာတာတုန်း၊ မင်းအစတုန်းကသိရဲ့လား၊ အင်း အိမ်ရှင်မနှင့် မတွေ့ခင်တုန်းက ဒီလိုဖြစ်ပါ့မလားတဲ့၊ အဲဒါ မဖြစ်ဘူးတဲ့၊ အခုတော့ ဘာဖြစ်လို့ဖြစ်သလဲ၊ ဒါ သူ့ခင်မင်တွယ်တာမှုရှိလို့ ဖြစ်တာ၊ အေး–အဲဒါ သူ့အကြောင်းကြောင့်တဲ့၊ ခင်မင်တွယ်တာမှုရှိရင် ဒုက္ခဖြစ်တယ်တဲ့၊ ဒါလက်ငင်း ဟောတာကိုး၊ လက်ငင်းဟောတာအရေးကြီးတယ်၊ ဒီခင်မင်တွယ်တာမှုပြုတ်ဖို့ရာ အရေးကြီးနေတာ၊ တပ်မက်နှစ်သက် သာယာတာတွေရှိသတဲ့၊ မင်းသားကလေး ရှိလို့ရှိရင် မင်းသားကလေးဟာ မရသေးဘူးတဲ့၊ မရသေးခင်က မင်းသားလေးနှင့် အကြောင်းပြုပြီး ချစ်ခင်တွယ်တာမှု ဖြစ်လာတယ်ဆိုတာ သားမရသေးခင်က သားကြောင့် ငါ့သားငါချစ်တယ်ဆိုတာ ဘယ်ဖြစ်မလဲ မဖြစ်နိုင်ဘူး၊ မင်းသားရှိမှ မရှိဘဲ၊ မရှိသေးဘဲနဲ့ အဲဒီအိမ်ရှင်မနဲ့ အိမ်ထောင် မကျသေးခင်တုန်းက၊ မကျသေးခင်တာဆိုရင် သား ချစ်စရာ ဘယ်ရှိမလဲ၊ သားမရှိသေး၊ နောက်သားလေးရလာ၊ သားလေးရတော့ အဲဒီသားလေး ချစ်ခင်သာယာမှု မရှိဘူးလားတဲ့၊ သားလေးဆိုပြီးတော့ ရှိပါတယ်။

အဲဒီသားလေး အခုနေကာလမှာ အကြောင်းမသင့်လို့ သူတစ်ပါးက သတ်လို့ဖြတ်လို့ အတိဒုက္ခရောက်သွားမယ်၊ ရှေ့မျက်မှောက်မှာပဲ နှိပ်စက်ကြမယ်ဆိုရင် မင်းဘယ့်နဲ့နေမလဲ၊ ဒါ ဘုရားတဲ့၊ အများကြီး ဒုက္ခရောက်မှာပါပဲ၊ တပည့်တော်တို့

သေကောင်း သေပါလိမ့်မယ်၊ အဲဒါ ဘာကြောင့်တုံး၊ ဒါ ချစ်လို့ပဲ၊ အဲဒီတော့ အင်း–ချစ်ခြင်း, ခင်ခြင်းတည်းဟူသော သာယာခြင်း, တပ်မက်ခြင်းဟူသော အကြောင်းကြောင့် ဆင်းရဲတွေ ဖြစ်တယ်တဲ့၊ အဲဒါနဲ့ ထင်ရှားရောပေါ့ ဖြစ်ရတယ်၊ နောက်ကို မင်းကိုရပ်ရှာထဲမှာတဲ့ ချစ်ခင်ရင်းနှီးတဲ့ ဆွေမျိုးမိတ်ဆွေတွေလဲ ရှိတယ်တဲ့၊ မချစ်ခင် မရင်းနှီးတဲ့ပုဂ္ဂိုလ်တွေလဲရှိတယ်၊မချစ်ခင် မရင်းနှီးတဲ့ပုဂ္ဂိုလ်တွေ တစ်စုံတစ်ရာဘေးဒုက္ခဖြစ်လို့ သေကြေကုန်လို့ရှိရင် မင်းစိတ်ထဲဘယ့်နဲ့နေမလဲတဲ့၊ ဘာမျှမဖြစ်လှဘူးတဲ့၊ သူ့စိတ်ထဲ နေသာထိုင်သာရှိပါလိမ့်မယ်တဲ့၊ အဲဒီချစ်ခင်ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေ တစ်စုံတစ်ရာ ဘေးဒုက္ခ ရောက်သွားမယ်ဆိုရင် မင်းစိတ်ထဲ ဘယ့်နဲ့နေမှာလဲ၊ အဲဒါ ဘုရား၊ ဒါကတော့ စိတ်ဒုက္ခရောက်မှာပါ၊ အများကြီး ရောက်မှာပါပဲ၊ တစ်ဖက်က ဘာကြောင့်လဲဆိုတော့ ဒါလဲပဲ ချစ်ခင်မှုရှိလို့ပဲဆိုတာ မြတ်စွာဘုရားက ဟောရတာကိုး။

အဲဒါ ခင်မင်တွယ်တာမှု ရှိနေသမျှကာလပတ်လုံးဟာ ဘဝမှာထပ်ကာ ထပ်ကာဖြစ်ပြီး အိုခြင်း, သေခြင်း စသည့် စိတ်ဆင်းရဲမှုဆိုတာ တွေ့နေတယ်။ အိုခြင်း, သေခြင်း, နာခြင်း စသည့် သံသရာဝဋ်ဆင်းရဲတွေ ငြိမ်းဖို့ရာလို့ အရေးတကြီး၊ ဘာလဲဆိုရင် ခင်မင်တွယ်တာ သာယာမှု ကိလေသာ မဖြစ်အောင်လို့ အားထုတ်ဖို့ရာ အရေးကြီးတာကိုး၊ အဲဒါ ဒွါရ ၆–ပါးက ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေကိုမရှုလို့ ဖြစ်ခိုက်ပျက်ခိုက် အဲဒါတွေကို အနိစ္စ, ဒုက္ခ မသိလို့ရှိရင်ဖြင့် အဲဒီတရားတွေနှင့်စပ်ပြီး ခင်မင်တွယ်တာမှုတွေ ဖြစ်နေတယ်၊ မရသေးတာတွေ ရချင်တယ်၊ ရပြီးတာတွေ သာယာနှစ်သက်တယ်၊ ဒီလိုဖြစ်နေတာ။

အဲဒါကြောင့် ဒီတရားတွေကို သိရအောင်လို့ ဝိပဿနာ ရှုရတယ်၊ ဝိပဿနာရှုတော့ ယခု ရှုတိုင်းမှတ်တိုင်းတာ ဟုတ်လား၊ ရုပ်နဲ့နာမ်လေးပိုင်းခြားပြီးတော့ သိတယ်၊ ဖြစ်ပြီးပျက်သွားတာတွေဆိုတာ သိတယ်၊ ဖြစ်ပြီးတော့ ပျက်သွားတာလေး ပီတိကလေးက ဒီဖြစ်ပြီး ပျက်သွားတာလေးတွေဟာ, ချစ်စရာလား, မုန်းစရာလား, အားမကိုးစရာလား စဉ်းစားကြည့်ပေါ့၊ ယခုလူတွေဟာ ချစ်ခင်နှစ်သက် သာယာနေတာတွေဟာ အမြဲတည်နေတယ်ထင်လို့၊ ဖြစ်ပြီးပျောက်သွားရင် မရှိတော့ဘူး။

ဥပမာ–ည လျှပ်စီးလက်တယ်၊ မိုးရွာတဲ့အခါ လျှပ်စီးလက်တယ်၊ အဲ–လက်သွားတာလေးတော့ လက်တုန်းတော့ သူကကောင်းတယ်၊ လက်ခနဲလင်းသွားတာကိုး၊ သို့သော် လက်သွားတာတွေဖြစ်ပြီးတော့ ပျောက်သွားတော့ကို အဲဒီတုန်းက လက်သွားတဲ့ဥစ္စာလေးကို ကိုယ်သိမ်းပိုက်ထားတာလဲမရှိတော့ ဘာမျှသာယာစရာမရှိဘူး၊ ငါလင်းတာလက်တာကလေး ရှိနေတာပဲလို့ အာရုံပြုပြီးတော့ ဂုဏ်ယူစရာလဲမရှိဘူး၊ ဝမ်းမြောက်စရာလဲ မရှိဘူး၊ ဘာမျှ တွယ်တာစရာမရှိဘူး၊ အဲသလိုပဲ မိမိသန္တာန်ဖြစ်နေတဲ့ ရုပ်နာမ်တရားတွေ ဖြစ်ပျက်နေတယ်ဆိုတာမသိတော့ အမြဲတမ်းတည်နေတယ် ထင်တော့ကို ဒါလေးအာရုံပြုပြီးတော့ ငါ့လက်ပဲ, ငါ့ခြေပဲ, ငါ့ကိုယ်ပဲ, ငါ့သားပဲ, ငါ့သမီးပဲ, ငါ့ပစ္စည်းပဲ, ငါ့ဥစ္စာပဲ စသည်ဖြင့် ဒါတွေဟာ အစဉ်ထာဝရ ရှိတယ် အောက်မေ့ပြီးတော့ ဒါတွေအားကိုးနေကြတာကိုး၊ ယခုလဲ ရှိနေတယ်၊ နောင်လဲ ရှိနေဦးမှာပဲ၊ နောက် ဘဝဘဝတွေလဲ ဒီလိုရှိပြီး စဉ်းစားနေဦးမှာပဲဆိုတော့ သာယာစရာ နှစ်သက်စရာတွေ, အားကိုးစရာတွေ ဖြစ်တယ်၊ (ဖြစ်တိုင်း ၂) ဒွါရ ၆–ပါးက ဖြစ်ပေါ်တဲ့တရားတွေဟာ ဖြစ်ပြီးရင်းပျောက်သွားရင်း၊ ဖြစ်ပြီးရင်းပျောက်သွားရင်း၊ မမြဲဘူးဆိုတာ ကိုယ်တိုင်တွေ့ပြီးတော့ သိနေရင် နှစ်သက်သာယာစရာမရှိဘူး။

ယခု ဝိပဿနာရှုလို့ အဖြစ်အပျက်ကလေးတွေ ဘာတွေ တွေ့တဲ့အခါကြတော့ ဖြစ်ပျက်ဆင်းရဲတရားတွေပဲလို့ ဖြစ်ပြီး ပျောက်သွားတာတွေ မသိလို့ရှိရင် သာယာတာဟာ ဆင်းရဲကြောင်းတရားပေါ့၊ ခင်မင်တွယ်တာစရာ, သာယာစရာရယ်လို့မရှိ၊ ဖြစ်ပြီးပျောက်သွားတာပဲ၊ ယခုချက်ခြင်း ဒီသာယာမှု ငြိမ်းသွားတာ၊ အဲဒါဟာ တဒင်္ဂအားဖြင့်ငြိမ်းတာပဲ၊ အဲဒီလို ငြိမ်းသွားပြီး နောက် ဆက်ဖြစ်ပျက်မှုနဲ့စပ်ပြီးတော့ တွေ့ရတဲ့ အာရုံတွေနှင့်စပ်ပြီး သူက ကောင်းစားအောင် ကြိုးစားအားထုတ်မည့်အမှုတွေ, ကံတွေမတွေ့ရဘူး၊ ဒီကံကစပြီး နှစ်သက်ပြီး အကျိုးပေးမည့်ဘဝတွေ မဖြစ်ရဘူး၊ အဲဒါတွေလဲ အစဉ်ထာဝရငြိမ်းနေတယ်၊ ဒါတွေတဒင်္ဂအားဖြင့် ငြိမ်းသွားတာ၊ အဲဒီ ရှုတိုင်းမှတ်တိုင်း ဖြစ်ပျက်နေလို့ မမြဲဘူး၊ ဆင်းရဲမှုတွေကြီးပဲလို့ ဆင်းရဲမှုတွေပဲလို့ သဘောကျနေတာ၊ ဒါက ဝိပဿနာ မဂ္ဂသစ္စာ ဝိပဿနာပဲ၊ သစ္စာ ၄–ပါး တရားတွေ ဒါ မှတ်တိုင်း မှတ်တိုင်း သိနေတာ။

အဲဒါ သစ္စာလေးပါးတရား၊ ဒီလောက်သိရင်ကို မြတ်စွာဘုရားဟာ ဒီတရားတွေ, ဆင်းရဲတရားတွေကိုလဲ သိတယ်၊ ဆင်းရဲကြောင်းဖြစ်တဲ့ သာယာနှစ်သက်မှုကိုလဲ သိတယ်၊ ဒါငြိမ်းတဲ့တရားကိုလဲ သိတယ်၊ ငြိမ်းကြောင်းဖြစ်တဲ့ ရှုမှု, သိမှု အဲဒီ ဉာဏ်မျိုးတွေကိုလဲ မြတ်စွာဘုရားကိုယ်တိုင်သိတယ်၊ ဒီသစ္စာလေးပါးတရားတွေကို ကိုယ်တိုင်သိပြီး မြတ်စွာဘုရား ဟောထားတာပဲ၊ အဲဒီနည်းအတိုင်း တို့တောင် နည်းနည်းအားထုတ်လို့ နည်းနည်းသိလာပြီ၊ နောက် ဆက်အားထုတ်လို့ရှိရင် အများကြီး သိဦးမယ်ဆိုတာ စိတ်ထဲမှာဉာဏ်ထဲမှာရှင်းပြီး သဘောပေါက်လာတယ်၊ အဲဒီလို သဘောပေါက်လာတာ၊ အဲဒါ ဘုရားတွေ့တာပဲ၊ ကိုင်း–ကိုင်း ဆိုရမယ်။

ဗုဒ္ဓေါ–သစ္စာလေးပါး တရားအလုံးစုံကို အကုန်အစင်သိမြင်တော်မူပေသော မြတ်စွာဘုရား။ (၃–ခေါက်)

အဲ–တရားအလုံးစုံကိုသိတဲ့ မြတ်စွာဘုရားနဲ့ နည်းနိသျှအတိုင်း မိမိတို့အားထုတ်နေရပါပေတယ်လို့ နှလုံးသွင်းလိုက်တဲ့အခါ စိတ်ထဲ တော်တော်ကို မြတ်နိုးစရာဖြစ်ပြီး ပီတိပါမောဇ္ဇတွေ ဖြစ်တတ်တယ်တဲ့၊ အဲဒါကြောင့်မို့ ဒီမှာ ရတနာသုံးစုံ သီလဂုဏ် စွန့်ပုံအောက်မေ့ပါတဲ့၊ ရတနာ သုံးပါးရဲ့ဂုဏ်ကို ဘုရားဂုဏ်တွေအောက်မေ့ပုံ၊ နောက် တရားဂုဏ် အောက်မေ့ပုံကို ဟိုတစ်နေ့ကပြောခဲ့တဲ့ ကိလေသာကင်းငြိမ်းပုံကလေး မြတ်စွာဘုရားဟာ တရားကျင့်သုံးပြီး ကိလေသာတွေကင်းငြိမ်းနေတယ်၊ မျက်မှောက်မျက်ကွယ် ဘယ်အခါမျှ လောဘမဖြစ်ဘူး၊ ဒေါသမဖြစ်ဘူး၊ မောဟမဖြစ်ဘူး၊ မာနမဖြစ်ဘူး၊ ဒိဋ္ဌိဝိစိကိစ္ဆာစသည့် စိတ်အညစ်အကြေးတွေ ဘာမှမဖြစ်ဘူး၊ သတ္တဝါတွေဟာ အများအားဖြင့် နှစ်သက်သာယာစရာရှိရင် နှစ်သက်ကြ, သာယာကြတာပဲ၊ မုန်းစရာရှိရင် မုန်းကြ, စိတ်ဆိုးကြတာပဲ၊ ဒေါသဖြစ်ကြတာပဲ၊ အင်း–ဂုဏ်ယူစရာရှိရင်လဲ မာနဖြစ်ကြတာပဲ။

ဒီအဲလို လောကကြီးထဲမှာ မြတ်စွာဘုရားဟာ နှစ်သက်စရာတွေ ဘယ်လောက်ကောင်းကောင်း သာယာနှစ်သက်မှု မရှိဘူး၊ မျက်မှောက်အများရှေ့မှာလဲ နှစ်သက်သာယာမှုမရှိဘူး၊ အများမျက်ကွယ်မှာလဲ ကိုယ်တစ်ကိုယ်တည်းနေတဲ့အခါ နှစ်သက်သာယာမှုအဖြစ်ကို မရှိဘူး၊ မဖြစ်တတ်တဲ့ သဘောဖြစ်နေတယ်၊ သာယာမှုလုံးလုံးမဖြစ်ပဲနဲ့ ငြိမ်းနေတယ်၊ စိတ်ဆိုးစရာအာရုံတွေ ဘယ်လောက် မကောင်းတာတွေနဲ့ တွေ့တွေ့ စိတ်ဆိုးမှု, စိတ်ညစ်မှု, နှလုံးမသာယာမှု ဒေါသတွေမဖြစ်ဘူး၊ဂုဏ်ယူစရာတွေ ဘယ်လောက်ပဲရှိနေရှိနေ၊ အဲဒါတွေနဲ့စပ်ပြီး ငါပဲဆိုပြီး, ဂုဏ်ယူပြီး မာနဖြစ်တာတွေ မရှိဘူး၊ ဒီကိလေသာတွေဟာ အကုန်လုံး ကင်းပြီးနေတော့ ဒါကလဲကြည်ညိုစရာပဲ။

အဲဒါလဲပဲ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က ကိုယ်တိုင် တွေ့တန်သမျှတွေ့နိုင်တယ်၊ တရားအားမထုတ်ခင်ကဖြစ်နေတာ၊ အားထုတ်တဲ့အခါကာလ စိတ်ဟာ တော်တော်ကွာပါတယ်၊ တော်တော်ကလေး အားထုတ်မိရင်ကို စိတ်တွေက တော်တော်သိလာတယ်၊ တော်တော်ငြိမ်သက်လာတယ်၊ သိမ်မွေ့လာတယ်၊ ဖြစ်လာတယ် တရားထူး မရသေးဘူး ထားဦးတော့ပေါ့၊ အဲဒီလောဘရယ်, ဒေါသရယ်, အကျယ်အကျယ်တွေသိပ်မဖြစ်ဘူး၊ နည်းနည်းသက်သာမှုရနေတယ်၊ တဒင်္ဂအားဖြင့် သက်သာခွင့်ရနေတယ် တရားအထူးကို ရသွားပြီ၊ အဲဒီပုဂ္ဂိုလ်တွေကတော့ တော်တော်လဲ သက်သာခွင့်ရသွားတယ်၊ ထောက်တည်ရာရသွားတယ်။

အဲဒီတော့ မိမိသန္တာန်မှာ တရားနှလုံးသွင်း အားထုတ်လို့ ကိလေသာ ငြိမ်းတန်သမျှငြိမ်းတဲ့ တရားရတာနဲ့ အဲဒါနဲ့ အော်–မြတ်စွာဘုရား ဒီတရားဟောခဲ့တယ်၊ ကိလေသာ ငြိမ်းကြောင်းဖြစ်တဲ့ တရားတွေ၊ ကိုယ်တိုင်ကျင့်ပြီးတော့ တကယ်ငြိမ်းစေတတ်တဲ့ စိတ်ဆေးကောင်း, ဝါးကောင်းနည်းကောင်းတွေနဲ့ မြတ်စွာဘုရား ဟောထားခဲ့တာပဲ၊ အင်မတန်ကောင်းတဲ့ တရားနည်းလမ်း၊ တဒင်္ဂအားထုတ်နေရတာပဲ၊ သံသရာဝဋ္ဋဆင်းရဲတွေမှာ သံသရာဝဋ္ဋဆင်းရဲတွေ ငြိမ်းစေနိုင်တဲ့ နည်းကောင်းလမ်းကောင်းတွေ့တာ၊ ငါကျင့်ကြံ အားထုတ်နေရတာပဲလို့ အာရုံပြုတဲ့အခါမှာ ပီတိပါမောဇ္ဇတွေ ဖြစ်လာနိုင်ပါတယ်၊ ဖြစ်နိုင်ပါတယ်၊ အဲဒါကြောင့်မို့ အဲဒါလဲ နှလုံးသွင်းရမယ်၊ အဲ–တစ်နေ့ကဆိုပြီးသား၊ ဒါကတော့–

အရဟံ–လောဘ, ဒေါသ, မောဟ အစရှိသော ကိလေသာအညစ်အကြေးတို့မှ
ကင်းဝေး စင်ကြယ်တော်မူပေသော မြတ်စွာဘုရား။ (၃–ခေါက်ဆို)

အဲ–လောဘ, ဒေါသ, မောဟ အစရှိသော စိတ်အညစ်အကြေးတွေတဲ့၊ ဒါတွေက တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ အားလုံးတော့မဟုတ်ဘူး၊ ငြိမ်းတန်သမျှတော့ငြိမ်းပါတယ်၊ သို့သော်လဲ တော်တော်သက်သာမယ်၊ အဲဒါကလေးတွေ သိရတော့ မြတ်စွာဘုရားမှာ ဒီကိလေသာတွေ လုံးဝကင်းငြိမ်းနေတယ်ဆိုတော့ ကြည်ညိုစရာ ကောင်းပါတယ်၊ ကိုယ့် မကင်းတာနှင့် ကိုယ်မငြိမ်းတာနဲ့ ဘုရား ငြိမ်းတယ်ဆိုတာကို ကြည်ညိုစရာ ကောင်းပါတယ်၊ အဲဒီလို ကိလေသာငြိမ်းစေတတ်တဲ့ အကျင့်တွေ မြတ်စွာဘုရား ဟောခဲ့လို့ တစ်ကယ် ကိလေသာငြိမ်းစေတဲ့ နည်းကောင်းလမ်းမှန်တွေ ငါအားထုတ်နေရတာပဲလို့ နှလုံးသွင်းတဲ့ အခါမှာ ပီတိတရားတွေ ဖြစ်လာတတ်ပါတယ်၊ ပီတိဖြစ်ကြောင်းတရားပဲတဲ့၊ ရတနာ ၃–စုံ၊ သီလဂုဏ်၊ စွန့်ပုံအောက်မေ့ပါတဲ့၊ ဒါလေးဆိုထားတယ်။

ရတနာသုံးစုံ သီလဂုဏ် စွန့်ပုံအောက်မေ့ပါ။ (၃–ခေါက်)

အဲ–ဘုရားဂုဏ်တွေ လျှောက်ဟောနေလို့ မပြီးသေးဘူး၊ တရားဂုဏ်သွားဦးမှဖြစ်မှာ၊ နောက်ဟောစရာတွေ အများကြီးရှိသေးတယ်၊ တရားဂုဏ်တွေတဲ့၊ သွာက္ခာတော့ ဘဂဝတာ ဓမ္မော၊ ဘဂဝတော–မြတ်စွာဘုရားသခင်သည်၊ ဓမ္မော–တရားတော်ကို ကောင်းမွန်စွာ ဟောကြားတော်မူအပ်ပါပေ၏။ မြတ်စွာဘုရားဟာ ကောင်းကောင်းမွန်မွန် ဟောတယ်တဲ့၊ (ဘာသာတိုင်း–၂)က ကိုယ့်ဘာသာ ဟောထားတဲ့ တရားတွေဟာ သူတို့ဘုရားသခင် ဟောတယ်လို့ပဲဆိုတယ်၊ ကောင်းကောင်းဟောထားတယ်လို့ ပြောကြမှာပါပဲ၊ မကောင်းကြောင်း ဟောတယ်လို့ ဘယ်သူမျှ ပြောမှာမဟုတ်ဘူး၊ ဗုဒ္ဓဘာသာကလဲ မြတ်စွာဘုရားဟာ ကောင်းကောင်း ဟောတယ်၊ ကောင်းကောင်း ဟောထားတယ်၊ ဘယ်သူ့ဟာက ဟုတ်တယ်ဆိုတဲ့ဟာ ဘယ်လိုလုပ်စစ်မယ်ဆိုရင် အဲဒါအရေးကြီးတယ် ဟုတ်မဟုတ် စစ်ဖို့ရာကတော့ အရေးကြီးတယ်။

အဲဒီတော့ လောဘ, ဒေါသ, မောဟ ကိလေသာတွေ ငြိမ်းစေနိုင်တဲ့တရားဆိုရင် ကောင်းကောင်းဟောတာပဲ၊ လောဘ ငြိမ်းအောင်, ဒေါသမောဟငြိမ်းအောင် ဒီလိုဟောရင် ကောင်းကောင်းဟောတာပဲ၊ မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက ဒကာတစ်ဦးက ရှင်အာနန္ဒာကိုမေးတော့ ရှင်အာနန္ဒာတဲ့၊ ကောင်းကောင်းဟောတယ်လို့ ဆိုတယ်တဲ့၊ ဒီတော့ အရှင်ဘုရားကို တရားကောင်းကောင်း ဟောတယ်ဆိုတာ ဘာကြောင့် ကောင်းကောင်းဟောတယ်လို့ ဆိုရသလဲဆိုတော့ ဒကာကလေး ဗုဒ္ဓ ဘာသာမဟုတ်တဲ့ပုဂ္ဂိုလ်ကို အလွတ်ဘာသာခြား ပုဂ္ဂိုလ်ကမေးတော့ အဲဒီတော့ အရှင်အာနန္ဒာက ဒါဖြင့် ဒကာသဘောကျသလို ဖြေတာပေါ့၊ ဖြေတာပေါ့တဲ့၊ မေးခွန်းထုတ်ပြီးတော့ မေးခွန်းထုတ်ပြီး သူ့ဟာသူအဖြေပေါ်လာပါတယ်၊ လောဘဆိုတာ ကောင်းရဲ့လားတဲ့၊ ဒီလောဘဟာ လိုချင်တပ်မက် မောတာကောင်းရဲ့လားဒကာ လောဘရမက် တပ်မက်မောကြီးရင် အားကြီးလို့ရှိရင် ကိုယ်အလိုပြည့်အောင်လို့ဟာ သူတစ်ပါးတွေ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ဒီတော့ ဘာပဲဖြစ်ဖြစ် ကိုယ်အလိုရှိအောင်တော့ လုပ်ကြတာ၊ လောဘအားကြီးအောင်၊ လောဘ တယ်အားမကြီးရင်တော့ တယ်မလုပ်ထိုက်ပါဘူး၊ တယ်လောဘအားနည်းရင် အားနည်းလို့ ဆိုလို့ရှိရင်တဲ့ သူတစ်ပါးတို့၏ သတ်ခြင်း, ဖြတ်ခြင်း, ခိုးခြင်း, ပြုခြင်း၊ ဒီလိုဟာတွေ သိပ်မဟုတ်ပါဘူး၊ သူက အဲ–အားကြီးတော့ လုပ်ချင်တိုင်းလုပ်တယ်၊ တပ်ခြင်းလောဘတွေ များလာတယ်၊ ဘာမှမသိဘူး၊ ဘယ်လူ့မှ မင့်နိုင်တော့ပါဘူး၊ ဒိပြင်ဟာတွေကို မပြောထားနဲ့၊ သားသမီးနှင့်မိဘတောင်မှ တည့်တာမဟုတ်ဘူး၊ သူ့ဥစ္စာဆိုလို့ရှိရင် သားသမီးတွေက မိဘတွေလဲမင့်ဘူး၊ လောဘအားကြီးလာပြီဆိုမှတော့ ကိုယ်ထင်တာလုပ်တော့တာပဲ၊ ဒါကြောင့်မို့ မိဘတွေနှင့် သားသမီးတွေနှင့် အဆင်မပြေမှုတွေ ဖြစ်ခြင်းရှိပါတယ်၊ သတင်းစာထဲ ခဏခဏပါနေတယ်၊ အချို့လဲ ကွဲကြတာပဲ၊ ခဏခဏပါတယ်။

မိဘတွေ သားသမီး ဆုံးမလို့မရဘဲနဲ့ ထင်တာတွေလုပ်၊ အဲဒါတွေနဲ့ပဲ အရက်တက္ကဲအကျိုးနည်း ဖြစ်တာတွေလဲ အများကြီးပါပဲ၊ သူ့ဥစ္စာပစ္စည်းတွေလဲပဲ ပြုန်းတီးပျက်စီးတော့ ဆုံးမလို့မရ၊ ဒုက္ခတွေအများကြီးရောက်ပါတယ်၊ လောဘအားကြီးလာလို့ရှိရင် ကိုယ်လိုချင်တဲ့အကျိုး ကိုယ့်ဟာပြီးရောဆိုပြီး ဘယ်သူမှ တယ်ငဲ့တာမဟုတ်ဘူး၊ အဲဒီလိုလုပ်တယ်၊ အခု သူများဥစ္စာတွေခိုးတိုက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ လောဘပါပဲ၊ လက်သယ် ရှာလိုက်တော့ ဒီလောဘပါပဲ၊ ရှေးက ဆရာတော်ကြီးတစ်ပါးက ပြောတယ်၊ လူကတော့ မဆိုးရှာပါဘူးတဲ့၊ လူကတော့ ကောင်းရှာပါတယ်၊ အဲ–သူ့ခမျာ ဒါပေမယ့် သူ့သန္တာန်က လောဘကဆိုးနေရှာလို့ လောဘဆိုးနေတော့–

လောဘခိုင်းတိုင်း သူ့ခမျာလုပ်နေရတာ တယ်သနားစရာ ကောင်းတယ်၊ သနားစရာကောင်းဆိုတာ သူ့ဥစ္စာ သတ္တဝါတွေကဆိုးတယ်၊ မိုက်တယ်ဆိုပြီးတော့ အပြစ်တင်ကြတာကိုး၊ လူက သိပ်ဆိုးတာမဟုတ်ဘူး၊ အခုနက လောဘတွေကဆိုးနေတာ၊ လောဘတွေက ခိုးဆိုရင် ခိုးရတာပေါ့၊ လူ့ဆိုရင်လု၊ အဲဒီလိုစကားတွေကို သင်တဲ့စကားတွေလဲပြော, ယဉ်ကျေးတဲ့ စကားတွေလဲပြောဦးဆို ပြောရတာပေါ့၊ ခက်တယ်၊ မရှက်မကြောက်ကို ပြောရတာ၊ လောဘတိုက်တွန်းခိုင်းလို့ လုပ်နေရတာ၊ ထို့အတူပဲ၊ ဒေါသလဲ သူကခိုင်းရာလုပ်နေရတာပဲ၊ မောဟကလဲ မသိတော့ ထင်မိထင်ရာ အကုန်လုံးလျှောက်လုပ်၊ အဲဒီလိုလုပ်တော့ တစ်ဖက်သားတွေ အင်မတန်ဒုက္ခရောက်တယ်၊ လောကကြီးတစ်ခုလုံး အများဆုံးဒုက္ခရောက်နေတာ သူတို့ပဲ၊ သူတို့ကြောင့်ဒုက္ခရောက်နေတာ၊ ယခု အကြီးအကျယ် တစ်နိုင်ငံနဲ့တစ်နိုင်ငံစစ်ပွဲကြီးတွေ ဖြစ်ကြတာလဲသူတို့ပဲ၊ လက်သယ်ရှာလို့ရှိရင် လောဘ, ဒေါသ, မောဟ သူတို့ကြောင့်ဖြစ်နေတာ၊

အဲဒါ သေသေချာချာ မျက်စိကိုဖွင့်ပြီး အကျယ်ချဲ့ ကြည့်လိုက်လို့ရှိရင် ဒီလောဘ, ဒေါသ, မောဟတွေ အင်မတန်ဆိုးတဲ့တရားတွေ၊ သတ္တဝါတွေ သန္တာန်က လောဘ, ဒေါသ, မောဟတွေ နုတ်ပစ်လိုက်မယ်ဆိုရင် အဆိပ်အတောက်မရှိဘဲ အင်မတန်ကောင်းနေမယ်၊ လူကောင်း သူကောင်းချည်းပဲနေမှာ၊ အဲဒီတော့ လောဘ, ဒေါသ, မောဟ မကောင်းတဲ့တရားထင်ရှားပါတယ်၊ ဒါကြောင့် လောဘဟာ ကောင်းသလားမကောင်းသလား မေးတော့ ဒကာက လောဘဟာ မကောင်းဘူးဘုရားတဲ့၊ လောဘအားကြီးလို့ရှိရင် သူများတွေ ဒုက္ခရောက်တာပဲ၊ ကိုယ်လဲ ဒုက္ခရောက်အောင်လုပ်နေတာ၊ ဟုတ်တယ် သူများအကျိုး ဒုက္ခရောက်အောင်ဆိုရင် ကိုယ့်အကျိုးလဲ ဒုက္ခရောက်တတ်တယ်၊ ကိုယ့်အကျိုးလဲဒုက္ခရောက်တာပဲ၊ တစ်နေ့ကျတော့ရင် ယခုလောကတွင်ပဲ မတော်မသင့် ရာဇဝတ်မှုတွေ ပြုပြီးတော့ လောကတွင် ချက်ချင်း ဒုက္ခရောက်တာတွေ ရှိတယ်။

တစ်ချို့များတော်တော် အံ့သြစရာကောင်းတယ်၊ သက်သက်သူများ ဒုက္ခရောက်ဖို့ရာ သူ့ဟာသူအစတုန်းက လူကောင်း ယခုတော့ဒုက္ခရောက်ပြီး သူများအိမ်သွားပြီး ခိုးလိုက်လို့ ချက်ချင်းဟိုမှာ ပုလိပ်နဲ့မိလို့ ဒီတော့ ခိုးပြီး ဘာမှသုံးလဲ မသုံးရ၊ ရလဲမရသေးဘဲနဲ့ ထောင်ကျနေပြီး ဒီလိုဟာတွေ ရှိတာကိုး ကိုယ့်ကိုယ် ဒုက္ခပေးတာ ဒီလိုဟာတွေ အများကြီးရှိတယ်။

ဘုန်းကြီးတို့ တစ်ခါတစ်ခါ သတင်းစာထဲ ဖတ်ရင်းဖတ်ရင်းနဲ့၊ ညြော–တယ်နှိပ်စက်တဲ့ တရားပါလား၊ တယ်ဒုက္ခရောက်ပါလားလို့ စဉ်းစားမိတယ်၊ အဲဒီလိုကို အကျိုးရှိအောင် လုပ်ရင်းလုပ်ရင်းနဲ့ ကိုယ်ဒုက္ခရောက်တာ၊ လောလောဆယ် ဒုက္ခရောက်တတ်တယ်၊ လောလောဆယ် ဒုက္ခမရောက်တောင် သံသရာမှာ ဒုက္ခရောက်တတ်တယ်၊ လောကမှာတော့ ပုံတော်လို့ရှိရင် တချို့လဲပဲ ကံအားလျော်စွာ လွတ်နေတာ အများကြီး ရှိပါတယ်၊ အဲဒါကြောင့် လောဘဟာ မိမိအကျိုးလဲပျက်စီးအောင် လုပ်တတ်ပါတယ်၊ သူတစ်ပါးအကျိုးလဲ ပျက်စီးအောင်လုပ်တတ်ပါတယ်၊ ဒေါသဟာ ကောင်းသလား မကောင်းသလားဆို ဒီအတိုင်းပဲ၊ မောဟကောင်းသလား မကောင်းဘူးလား ဒီအတိုင်းပဲ၊ ကိုယ့်အကျိုး သူ့အကျိုး ပျက်စေတတ်ပါတယ်တဲ့၊ ဒီတော့ လောဘ, ဒေါသ, ငြိမ်းအောင် ကျင့်တဲ့ အကျင့်ဟာ ကောင်းသလား မကောင်းသလားဆိုတော့ လောဘ, ဒေါသ, မောဟငြိမ်း

အောင် ဟောတဲ့တရားဟာ ကောင်းသလား မကောင်းဘူးလား ပြောတော့ ကောင်းတယ်လို့ ပြောရမှာပဲ၊ လောဘငြိမ်းစေတတ်တဲ့ တရားဒေသနာ နည်းလမ်းတွေကို ဟောပြဖွင့်ဆိုတာ ကောင်းတယ်လို့ ယူရမယ်။

အဲဒီတော့ မြတ်စွာဘုရား ဟောတဲ့ တရားတွေဟာ လောဘ, ဒေါသ မောဟမဖြစ်အောင် ဟောနေတာပဲ၊ တချို့တချို့ ဘာသာတရားတွေကလဲ လောဘ, ဒေါသ, မောဟတရားတွေ ငြိမ်းအောင်ဟောတဲ့ တရားတွေ ရှိတော့ရှိကြမှာပဲ၊ ဒါပေမယ့်လို့ နည်းလမ်းက တကယ် ငြိမ်းစေတတ်တဲ့ နည်းလမ်းက မပြည့်စုံလို့ ဖြစ်နေတယ်၊ တော်ရုံတန်ရုံသိမှ တစ်ဖက်က ပြည့်စုံတယ်၊ ဒါပေမယ့် အချိုးတကျမဟုတ်ဘူး၊ သူတို့သီလကလဲ အမျိုးမျိုးတွေ ယူထားတော့ ဥပမာဆိုရင် ဘုရားလက်ထက်က နိဂန္ဌနာထပုတ္တကြီး (နိဂန္ထနာဋပုတ္တ) ဆိုတာ ရှိပါတယ်၊ မကောင်းမှုမပြုရဘူးတဲ့၊ သူတစ်ပါးအသက်ကို မသတ်ရဘူးတဲ့၊ ဟောပြောတယ်၊ ဒါပေမယ့် သူများအသက် မသတ်ရဘူးဆိုတာ မှန်ပါတယ်၊ ကောင်းတဲ့ဥစ္စာ ဗုဒ္ဓဘာသာနဲ့တူတယ်။

ဒါပေမယ်လို့ သူတစ်ပါးအသက်ဆိုတာက သူ့ဟာက လွန်နေတာကိုး၊ တွေ့ကရာအသက်တွေ လုပ်ထားတာ၊ သစ်ပင်တွေလဲ အသက်တွေ၊ မြက်ပင်တွေလဲအသက်တွေ၊ ရေကစပြီး အသက်တွေ လုပ်ထားတော့ ခက်တာပေါ့ သူ့ဥစ္စာ၊ အဲဒါကျင့်ဖို့ရာ ဟုတ်လဲမဟုတ်တဲ့ ဥစ္စာတွေကို၊ ဣန္ဒြေတစ်ပါးရှိတဲ့သတ္တဝါ၊ ၂–ပါး ရှိတဲ့သတ္တဝါ သူပညတ်ထားတာကိုး၊ အဲဒါက ရေကစပြီးတော့ သူကသတ္တဝါတွေလုပ်ထားတော့ ရေတောင်မသောက်ရဘူး၊ ရေမချိုးရဘူး၊ ရေမသောက်ဘူး၊ ရေနွေးမကျိုရဘူး၊ ခက်တာပေါ့၊ စားဖို့သောက်ဖို့ အင်မတန်ခက်သွားတယ်၊ အဲဒီလို တရားတွေလဲရှိပါတယ်။

အဲ–တစ်စိတ်တစ်ပိုင်းက ကောင်းပေမယ့် တစ်စိတ်တစ်ပိုင်းက သူ့ဥစ္စာက အချိုးမကျဘဲဖြစ်နေတယ်၊ နောက် အဲဒီတစ်ဖက်က လုပ်ငန်းက မှန်သင့်သလောက် မှန်နေသော်လဲ သမာဓိ လုပ်ငန်းကျရင် ချွတ်ယွင်းနေတာတွေ နေရာမကျဘူး၊မကျပြန်ဘူး၊ တစ်ခါတစ်ချို့ သမာဓိကလဲပဲ မှန်တာလေးတွေရှိပါတယ်၊ တစ်ချို့ကလဲ ဈာန်အဘိညာဉ်ရနေတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်၊ အဲဒီသမာဓိက မှန်နေပေမယ်လို့ ပညာစခန်းကျတော့ ဝိပဿနာပညာဆိုတာက မရှိဘဲဖြစ်နေတယ်၊ ရုပ်နာမ်တွေ, အဖြစ်အပျက်တွေ အနိစ္စ၊ ဒုက္ခ၊ အဲဒါတွေကြတော့ မသိဘူး၊ အဲဒါက သာသနာပမှာ မရှိဘူး၊ ဗုဒ္ဓဘာသာ မြတ်စွာဘုရားဟောတဲ့တရားမှာ ရှိတယ်၊ ဒါကြောင့် သာသနာပ အခြားသောပုဂ္ဂိုလ်တွေ ဟောနေတာကတော့ တချို့တချို့ တော်တော်ကောင်းတာတွေလဲ ပါပါတယ်။

တချို့ကတော့ လုံးလုံးက မကောင်းတာ ပြောင်းပြန် နေတာလဲရှိတယ်၊ မြတ်စွာဘုရား ဟောတဲ့တရားလို လောဘ, ဒေါသ, မောဟ တကယ်ငြိမ်းစေတတ်တဲ့ တရားမဟုတ်ဘူး၊ မြတ်စွာဘုရားဟောတဲ့ တရားကတော့ သီလနှင့် ပရိယုဋ္ဌာန်ကိလေသာ–လောဘအကြမ်းစားတွေ ငြိမ်းနေတယ်၊ သမာဓိအကျင့်ရှိရင် သီလနှင့် ဝီတိက္ကမကိလေသာတွေ အကြမ်းစားတွေ ငြိမ်းတယ်၊ သမာဓိနှင့် ပရိယုဋ္ဌာန် လောဘ, ဒေါသ, မောဟ အကြမ်းစားတွေ ကိလေသာတွေ ငြိမ်းတယ်၊ အဲ–ပညာနှင့် အနုသယခေါ်တဲ့ အနုစားကိလေသာ လောဘ, ဒေါသ, မောဟတွေ ဒါတွေက အခြေအမြစ်က စပြီးတော့ငြိမ်းတယ်၊ အဲဒီလို ငြိမ်းအောင်လို့ ကျင့်ရတာ။

ဒီတရားတွေ မြတ်စွာဘုရား ဟောထားတယ်၊ လောဘငြိမ်းအောင်, ဒေါသငြိမ်းအောင်, မောဟငြိမ်းအောင် ကောင်းစွာ ဟောထားတဲ့ တရားပဲလို့ဆိုတော့ ဒကာ သဘောကျသွားတယ်၊ မြတ်စွာဘုရား ဟောတဲ့ တရားတွေ လောဘ, ဒေါသ, မောဟ ကင်းအောင် ဟောထားတဲ့ တရားတွေ တကယ်ကို ကင်းစေနိုင်တဲ့ တရားဆိုတော့ ကောင်းကောင်း ဟောထားတဲ့ တရားတွေပဲ လို့ဆိုတာ ရှင်းပြီးတော့ သွားပါတယ်။

သန္ဓိဋ္ဌကော–ကျင့်ကြံအားထုတ်လျှင် ကောင်းစွာမုချ ကိုယ်တိုင်တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေတည်း၊ ဘဂဝတာ–မြတ်စွာဘုရားသည်၊ (သွာက္ခာတော–၂) ကောင်းစွာဟောကြားအပ်သော၊ ဓမ္မော–တရားတော်မြတ်ပါပေတည်း၊ သန္ဓိဋ္ဌကော–ကျင့်ကြံအားထုတ်က မုချကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေတည်း၊ မြတ်စွာဘုရား ဟောထားတဲ့ တရားက ကျင့်လျှင် ကိုယ်တိုင်တွေ့ရတယ်၊ တရားသိလို့ ဟောထားတာပဲတဲ့၊ ဘုရားဟောလို့ ယုံရတာပဲလို့ ဘုရားယုံပြီးတော့ မျက်စိမှိတ်ပြီး ယုံရမယ်လို့ ဒီလိုမဟုတ်ဘူး၊ ကိုယ်တိုင် ကျင့်ကြံကြည့်ပါတဲ့၊ ကိုယ်တိုင် ကျင့်ရင် ကိုယ်တိုင်တွေ့ရပါတယ်။

လောကမှာ ဘုန်းကြီးကလဲ ပြောနေကြပါပဲ၊ ပေါ်လွင်တဲ့ ဥပမာ–ဆားဟာငန်တယ်၊ လျှာပေါ်တင်ကြည့်ရင် လူတိုင်း လူတိုင်းသိနိုင်ပါတယ်၊ သကြားဟာ ချိုတယ်၊ လျှာပေါ်တင်ကြည့်၊ လူတိုင်း လူတိုင်း သိနိုင်ပါတယ်၊ အဲဒါလိုပဲ မြတ်စွာဘုရားတရားတော်က ကျင့်ကြည့်ရင် ဘယ်သူမဆို ကိုယ်တိုင် တွေ့နိုင်တဲ့တရားတဲ့၊ မျက်နှာကြီးငယ် မလိုက်ဘူး၊ ဟာ–ဒီပုဂ္ဂိုလ်ကတော့ အမျိုးအစားအားဖြင့်ညံ့တယ်၊ ပစ္စည်းဥစ္စာမရှိဘူး၊ ဂုဏ်သိမ်နိမ့်တယ်၊ သူ့ကိုတော့ဖြင့် ငါတရားအသိပေးလို့ မဖြစ်ဘူးလို့ ဒီလိုမရှိပါဘူး၊ ဒီပုဂ္ဂိုလ်ကတော့ ရာထူးဌာနန္တရ ကြီးတယ်၊ အထက်တန်းကျတယ်၊ သူ့ကို တရားက မြန်မြန်သိမယ်၊ ဒီလိုမဟုတ်ဘူး၊ မကျင့်တဲ့ပုဂ္ဂိုလ်ကို ဘုရားက ဘာမျှအသိမလုပ်ဘူး၊ ကျင့်တဲ့ပုဂ္ဂိုလ် အသိလုပ်တာပဲ၊ ဒီပုဂ္ဂိုလ်က ဗဟုသုတမရှိဘူးဆိုပြီးတော့လဲ ဗဟုသုတမရှိတဲ့ ပုဂ္ဂိုလ်ကိုလဲ ဒီလို ပစ်မထားပါဘူး၊ ဒီပုဂ္ဂိုလ်က ဗဟုသုတတွေ များတယ်ဆိုပြီးတော့ ဒီပုဂ္ဂိုလ်

မျက်နှာမလိုက်ဘူး၊ ကျင့်မှတ့်၊ ကောင်းကောင်းကျင့်မှ ဒီမှာလာပြီး တရားအားထုတ်တဲ့ တချို့ပုဂ္ဂိုလ်တွေ ဗဟုသုတများတယ် ဆိုပြီးတော့ ခပ်ပေါ့ပေါ့ အားထုတ်နေ၊ တရားကမတက်ဘူး။

တချို့ပုဂ္ဂိုလ်တွေက ဗဟုသုတ မရှိပေမယ်လို့ ဆရာသမား ပြောတဲ့အတိုင်း နင်းကန်ပြီးအားထုတ်တာကိုး၊ သူက တရားတက်တာပေါ့၊ ဒါနဲ့ တချို့က သံသယတောင် ဖြစ်လာတယ်၊ ဘယ့်နယ် ဗဟုသုတမရှိတဲ့ပုဂ္ဂိုလ်တွေက တရားက အတက်မြန်တယ်၊ စာပေကျမ်းဂန် ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်တွေက တရားမတက်ဘူး၊ ဟုတ်မှဟုတ်ပါ့မလား၊ ဒီတော့ဘယ်မဟုတ်ဘဲနေပါ့မလဲ သူအားမထုတ်ဘဲ သူ့ဟာ တရားက သူ့ကို အားထုတ်မှဖြစ်တာ၊ ဆေးလိုပဲ၊ နေမကောင်း ထိုင်မကောင်းဖြစ်တဲ့ အခါကာလ ဆရာတွေက ဆေးပေးတယ်၊ မြန်မာဆရာတွေကလဲ ပေးတာပဲ၊ ဆရာဝန်တွေကလဲ ပေးတာပဲ သူပေးတဲ့ဆေးစားမှ သုံးဆောင်မှ မစား မသုံးဆောင်ဘဲ နေလို့ရှိရင် ဘယ်ရောဂါ ပျောက်မလဲ၊ သူပြောတဲ့အတိုင်းလုပ်မှ ဖြစ်တာ အဲဒီလိုပဲ။

တရားကလဲ သူ့ကျင့်မှတ့်၊ သူ့ကိုကျင့်လို့ရှိရင် ကိုယ်တိုင်တွေ့နိုင်တဲ့ တရားပါပဲ၊ သူများပြောလို့ယုံရတဲ့ တရားမဟုတ်ဘူး၊ ကိုယ်တိုင်ကျင့် ကိုယ်တိုင်တွေ့တဲ့တရားပဲတဲ့၊ ယခု ဝိပဿနာက သိပ်ထင်ရှားတယ်။ ဒီပြင်ဟာတွေကတော့ သိပ်မသိသာသေးဘူး၊ ဝိပဿနာက အင်မတန်ကို ထင်ရှားတယ်၊ ဝိပဿနာတရား အားထုတ်လို့ရှိရင် ရှေးက မသိရသေးတဲ့ ရုပ်တရား, နာမ်တရားတွေကို ကိုယ်တိုင်သိလာတာ၊ ရှုတိုင်းမှတ်တိုင်း ရုပ်နှင့်နာမ်နှစ်ခုရှိတယ်ဆိုတာ ကိုယ်တိုင်တွေ့လို့ ခဏမစဲ (ဖြစ်ပြီး–၂)ပျောက်သွားတဲ့ မမြဲတဲ့ တရားတွေ ကိုယ်တိုင်တွေ့တယ်၊ ကိုယ်တိုင်မတွေ့သေးလို့ရှိရင် တွေ့အောင်အားမထုတ်သေးလို့ဘဲ၊ တွေ့အောင်အားထုတ်ရင် ကိုယ်တိုင်တွေ့ရတဲ့တရား၊ သန္ဒိဋ္ဌိကော–ကျင့်ကြံအားထုတ်က မုချကိုယ်တိုင်တွေ့မြင်အပ်သော တရားတော်မြတ်ပါပေတည်း။

အဲ–ငါတို့ကျင့်နေတဲ့တရားဟာ ကိုယ်တိုင်ကျင့် ကိုယ်တိုင်တွေ့တဲ့ တရားပဲလို့ တခြားသော ဘာသာတရားတွေများလို ဘုရားသခင်ပုံပြီး ယုံရတာမဟုတ်ဘူး၊ တချို့ ဘာသာက သိပ်ခြောက်ထားတယ်၊ ဘုရားသခင်ဟောတဲ့တရား ယုံရမယ်၊ မယုံလို့ရှိရင် ငရဲချမယ်ဆိုတဲ့ ဒီလိုကိုး၊ တစ်ခါတည်း ခြောက်ထားတာကိုး ဒီတော့ စဉ်းတောင်မစဉ်းစားဝံ့ဘူး၊ မယုံဘဲနဲ့ စဉ်းစားလိုက်ရင် ငရဲကျသွားမှာ ကြောက်တာနဲ့ မစဉ်းစားဝံ့ဘူး၊ အဲဒီလိုဖြစ်နေတယ်၊ သိပ်ခြောက်တာ၊ အင်း–ဗုဒ္ဓဘာသာ တရားက ဒီလိုမဟုတ်ဘူး ကိုယ်တိုင် ကျင့်မှတ့်၊ ကိုယ်တိုင်ကျင့်ရင် ကိုယ်တိုင်တွေ့ပါလိမ့်မယ်၊ အကျိုးရှိသလား, ကောင်းသလား, မကောင်းသလားဆိုတာ ကိုယ်တိုင်ပဲသိပါလိမ့်မယ်တဲ့၊ ကိုယ်တိုင်သိနိုင်တဲ့တရားပဲ၊ အင်မတန်ကောင်းတဲ့တရားပါ၊ဒါမှ တရားဆိုတဲ့အတိုင်း တရားမယ်၊ မတရားမဟုတ်ဘူး၊ တရားလမ်းမှန်ကြတယ်၊ မျှတတယ်၊ အဲဒီတော့ အဲဒီတရားက ဘာတရားတုန်းဆိုလို့ရှိရင် မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရား, မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်ကြောင်းတရား၊ ကျင့်တဲ့အကျင့်တရား၊ ဒီတရားတွေကတဲ့၊ အဲဒီတရားတွေကို ယခု အာရုံပြုပြီးတော့ ဆိုရမယ်၊ ဘုရားရဟန္တာ အရိယာပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာရှိတယ်၊ မဂ်တရား ဖိုလ်တရားတွေ မဂ် ၄–ပါး, ဖိုလ် ၄–ပါး, နိဗ္ဗာန်တရားကျင့်နေတဲ့ ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ ပဋ္ဌိပတ်အကျင့်တရားတွေရှိတယ်။

အဲဒီ အကျင့်တရားတွေ မိမိတို့ကျင့်ရင် မိမိသန္တာန်မှာ ဒီတရားရှိနေတာပဲ၊ စာတွေအံပြုပြီး တရားဆိုတာ ဗီရိထဲမှာသာ လှောင်ထားတာမဟုတ်ဘူး၊ တစ်နေရာရာမှာ စေတိကြီးထဲ၊ အောင်းနေတာမဟုတ်ဘူး၊ တရားဆိုတာ ကျင့်တဲ့ပုဂ္ဂိုလ်တွေသန္တာန်မှာရှိတာ၊ မကျင့်ရင်မရှိဘူး၊ မကျင့်ရင်ဘယ်သူ့သန္တာန်မှမရှိဘူး၊ ဗီရိကြီးထဲမှာ စာအုပ်တွေက ဒေသနာတွေပဲ၊ ဟောထားတာတွေ အဲဒါတွေက တစ်မျိုးပဲ၊ ကျင့်ဖို့နည်းလမ်းကို ညွှန်ပြရုံလောက်ပဲ၊ တကယ်ကျင့်တဲ့ပုဂ္ဂိုလ်တွေ သီလကျင့်ချင်ရင် သီလအကျင့်တရားကိုယ့်သန္တာန်မှာ တည်တာပဲ၊ သမာဓိ ကျင့်ချင်ရင် သမာဓိ အကျင့်တရား တည်တာပဲ၊ ဝိပဿနာ ကျင့်ချင်ရင် ဝိပဿနာ အကျင့်တရားတွေ တည်နေတာပဲ၊ အဲဒါ ဝိပဿနာအကျင့် အစဉ်အတိုင်း တက်သွားတော့ အရိယာမဂ်ရောက်ရင် အရိယာမဂ်က မိမိသန္တာန်မှာ ဖြစ်တယ်။

အရိယာဖိုလ်ရောက်ရင် ဖိုလ်တရား မိမိသန္တာန်မှာ ဖြစ်တယ်၊ နိဗ္ဗာန်လဲ မျက်မှောက်ပြုရော၊ အဲဒီကို ရောက်အောင်လဲ ယခုအားထုတ်နေရတာပေါ့၊ ဘုရားရဟန္တာ အရိယာပုဂ္ဂိုလ်တို့၏သန္တာန် တရားကျင့်သုံးနေတဲ့ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာရှိတဲ့ ပဋ္ဌိပတ်အကျင့်တရားတွေ မဂ်တရားဖိုလ်တရားတွေဟာ ကိုယ်တိုင်ကျင့်ကိုယ်တိုင်တွေ့တဲ့ တရားတွေပဲလို့ အဲဒါတွေအာရုံပြုပြီး နှလုံးသွင်းရမယ်၊ ဆိုရမယ်။

သန္ဒိဋ္ဌိကော–ကျင့်ကြံအားထုတ်က မုချကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော် မြတ်ပါပေတကား၊ (၃–ခေါက်ဆို)

အေး ... မြတ်စွာဘုရား ဟောထားတဲ့ တရားတော်တွေဟာ ကိုယ်တိုင်ကျင့်ရင် ကိုယ်တိုင်တွေ့နိုင်တဲ့တရား၊ အဲဒီလို ကိုယ်တိုင်ကျင့်ရင် ကိုယ်တိုင်တွေ့တဲ့တရားတွေ အားထုတ်နေရတာပဲလို့ နှလုံးသွင်းတဲ့အခါ အင်မတန်ကို အားတက်စရာ ကောင်းပါတယ်။ တရားတွေကို နှလုံးသွင်းလိုက်တဲ့အခါမှာ ပီတိတွေဖြစ်ပြီးတော့ ကိုယ်တိုင်ကျင့်ရင် ကိုယ်တိုင်တွေ့မည့် တရားတွေ အကြောင်းညီညွတ်ရင်၊ တစ်ထိုင်အတွင်းလဲ တွေ့နိုင်တယ်၊ တစ်နေ့အတွင်းမှာလဲ တွေ့နိုင်တယ်၊ တစ်ညအတွင်းမှာ

လဲ တွေ့နိုင်တယ်၊ တစ်ရက်အတွင်းလဲ တွေ့နိုင်တယ်၊ နှစ်ရက်အတွင်းလဲ တွေ့နိုင်တယ်၊ မကြာခင် တွေ့မှာပဲလို့ တွေ့ဖို့ရာ တရားတွေ အကြောင်းမညီညွှတ်သေးလို့ မတွေ့တာပဲ၊ တစ်နေ့ကျရင် တွေ့မှာပဲ။

ကိုယ်တိုင်ကျင့် ကိုယ်တိုင်တွေ့နိုင်တဲ့တရား၊အဲဒါ ငါကျင့်နေရတာပဲ ဒီလိုကျင့်ရတာဟာ ရှေးကပြုခဲ့တဲ့ ပါရမီကုသိုလ်ကံတွေနှင့် ပြည့်စုံလို့ ငါ ယခု ကျင့်နေရတာပဲလို့ တရားဂုဏ်တွေ နှလုံးသွင်းလိုက်တဲ့အခါ ပီတိတွေက ဖြစ်တတ်ပါတယ်၊ ဖြစ်တယ်၊ စိတ်အားလျှော့နေတဲ့အခါမှာ အားပေးရတာပေါ့၊ ဒီပြင်လဲ တရားဂုဏ်တွေက နှလုံးသွင်းစရာတွေအများကြီးရှိတယ်။ အဲဒါလို ၂-ခု ၃-ခုလောက်တော့ နှလုံးသွင်းလိုက်မှ ဖြစ်မယ်။ နောက် သံဃာဂုဏ်တွေ အများကြီး ရှိသေးတယ်၊ ဒီတစ်ပုဒ်က မပြီးနိုင်ပါပဲ၊ နောက်သီလဂုဏ်တွေ စွန့်ကြဲပုံတွေ ဒါတွေအများကြီး ရှိသေးတယ်။

ဒီကနေ့တော့ ဒီတရားဂုဏ်နဲ့ပဲ နောက် တစ်ပုဒ် ၂-ပုဒ်လောက် နှလုံးသွင်းဦးမှပဲ၊ "အကာလိကော-အချိန်အခါအခွင့် မဆိုင်းဘဲနှင့် အသင့် လက်ငင်းချက်ခြင်း အကျိုးပေးတတ်သော တရားပဲ၊ တစ်ချို့က နောက်ဘဝကျမှ တစ်ချို့က ဒီလိုရှိတာကိုး၊ နောက်ဘဝကျမှ သေပြီးတဲ့နောက်မှ ဘုရားသခင်ကကယ်မယ် စသည်နှင့် ဒီလိုပြောတယ်၊ အဲဒါ မျက်မှောက်တော့ မတွေ့နိုင်ဘူး၊ မသိနိုင်ဘူး၊ ကယ်မှန်း မကယ်မှန်းလဲ မသိသေးဘူး၊ သေပြီးမှ ကယ်မယ်ဆိုတာ အဲဒါကတော့ တာဝန်တော့ တော်တော်သက်သာတာပါပဲ၊ ဟိုဒင်းလိုပဲ၊ တချို့တချို့ ဗေဒင်ဆရာတွေဟောတယ်၊ နောက်အနှစ်ပေါင်း တစ်သိန်းလောက် ကြာတဲ့အခါ ဘာဖြစ်လိမ့်မယ်လို့ပေါ့။

အဲဒါ သိပ်နေရာကျတယ်၊ မှားပြန်တော့လဲ ဘယ်သူမှ မဝေဖန်ဘူး၊ ပြီးရော၊ အနှစ်တစ်သိန်း ဘယ်သူကမှလဲစောင့်ပြီး မကြည့်နိုင်ဘူး၊ ဒီဥစ္စာကမ္ဘာကြီးပျက်လိမ့်မယ် ဟောလိုဟော၊ တယ်နေရာကျတယ် သူ့ဥစ္စာ ဘယ်သူကမ္ဘ မပြောနိုင်ဘူး၊ အဲဒီလိုပဲ၊ သေပြီးတဲ့နောက်မှဆိုတော့ ဟုတ်သလား မဟုတ်လား ခက်သားပေါ့၊ ဘယ်သူမှ မှားတယ်, မှန်တယ် မပြောနိုင်ဘူး၊ မြတ်စွာဘုရားက ဒီလိုမဟုတ်ဘူး၊ အကာလိကော-အချိန်အခါမဆိုင်းဘဲ အသင့်လက်ငင်း အကျိုးပေးတာတဲ့၊ ယခုကျင့် ယခု အကျိုးရတယ်၊ ဒါပဲ၊ အဲဒါ စင်စစ်အကျိုးရတာကတော့ အရိယာမဂ်ပြီးရင် အရိယာဖိုလ် အကျိုးချက်ချင်းရပါတယ်၊ ဒါပေမယ့် ဒီပြင်တရားတွေလဲဒါလိုပဲ သူ့ဥစ္စာ၊ ယခုကျင့်ရင် ယခုပဲအကျိုးတွေကရတယ်၊ ယခုသီလအကျင့်ကျင့်ရင် သီလနဲ့စပ်တဲ့အကျိုးတွေဟာ ယခုလောလောဆယ်ရပါတယ်၊ သီလနဲ့စပ်တဲ့အကျိုးတွေရ၊ သီလကျင့်ခြင်း အကြောင်းပြုပြီး စိတ်နှလုံး သန့်ရှင်းစင်ကြယ်ခြင်း ဝမ်းမြောက်ဝမ်းသာဖြစ်ရခြင်း သီလစင်ကြယ်တဲ့အခါမှာ တွေ့နေရတယ်၊ ဒါကစပြီး အကျိုးလေးတွေရနေတယ်၊ အများကြီးကဲ့ရဲ့ဖွယ်မရှိဘူး၊ ချီးမွမ်းဖွယ်နဲ့ ပြည့်စုံတယ်၊ ဒီအကျိုးလေးတွေရတယ်၊ သမာဓိအကျင့်ကျင့်လို့ရှိရင် စိတ်တွေပျံ့လွင့်ပြီး နေတဲ့ဥစ္စာမှ မပျံ့လွင့်ဘဲနဲ့ စိတ်ကလေးကတစ်ခါတည်း ငြိမ်ငြိမ်ပြီး တည်ပြီး သိမ်မွေ့နေတယ်၊ ငြိမ်သက်မှုရတယ်၊ စိတ်ချမ်းသာမှုကိုရတယ်၊ သမာဓိအကျင့် များများကျင့်လေလေ များများသက်သာခွင့် ရလေလေ၊ ဝိပဿနာ ဘာဝနာအကျင့်ကို ကျင့်ပြန်လို့ရှိရင်လဲ ရုပ်တရား နာမ်တရားတွေ ဖြစ်ပျက်တွေ သိတယ်ဆိုတာ ယခုချက်ခြင်းသိတာ၊ တကယ်အားထုတ်လို့ရှိရင် တကယ်သိတာ၊ ယခုသိတာပဲ။

အနိစ္စ, ဒုက္ခ, အနတ္တတွေ ယခု အဲဒါသိသွားတယ်၊ နောက် ရုပ်နာမ်သင်္ခါရငြိမ်းတဲ့ နိဗ္ဗာန်တရားဆိုတာ ယခုပဲသိတာ၊ တကယ်အားထုတ်လို့ရှိရင် ယခုပဲပြည့်စုံတဲ့အခါကာလမှာ သိသွားတယ်၊ နောက်ဘဝတွေမဟုတ်ဘူး၊ ဒါကြောင့် အကာလိကော-အချိန်အခါအခွင့် မဆိုင်းလင့်ပဲ အသင့်လက်ငင်း ချက်ချင်းချက်ချင်း အကျိုးပေးတတ်သော တရားတော်မြတ်ပါပေတကား၊ အချိန်အခါအခွင့်မဆိုင်းဘူးတဲ့၊ အကြွေးမဟုတ်ဘူး၊ လက်ငင်းပဲ၊ ယခုကာလမှာ ဈေးဝယ်တော့ ကြွေးတွေရှိတာကိုး၊ ကြွေးက တော်တော်နဲ့အကြွေးမဆပ်လို့ရှိရင် တော်တော်သူက တာဝန်လေးတယ်၊ အဲယခုတရားက အကြွေးမဟုတ်ဘူး၊ ချက်ချင်းလက်ငင်းပဲ၊ ယခုကျင့် ယခုအကျိုးရတဲ့တရားပဲတဲ့၊ ကျင့်စရာကောင်းတာပေါ့၊ ကြွေးဆိုရင် ယခုကျင့်ထားပြီး နောက်ဘယ်လောက်ကြာမှ အကျိုးရမယ်ဆိုရင်တော့ ဒါကတော့ နည်းနည်းစိတ်အားလျှော့စရာပဲ၊ သူကတော့ ယခုတရားကျင့်သုံးရမယ်၊ နောက် ၁၀-နှစ်လောက်နေမှ အကျိုးရမယ်ဆိုရင်ကို စိတ်ပျက်စရာတော့ တော်တော်ကောင်းတယ်။

သေပြီးနောက်ဘဝမှာဆိုရင် ဒါကတော့သာပြီး စိတ်ပျက်ဖို့လဲ ကောင်းတာပဲ၊ စိတ်အားလျှော့စရာကောင်းတယ်၊ ယခုကျင့်ပါတဲ့၊ ယခုကျင့်လို့ရှိရင် ယခုပဲ အကျိုးရမယ်တဲ့၊ အားတက်စရာ အင်မတန်ကောင်းတယ်၊ ဒါကြောင့် အကာလိကော-အချိန်အခါအခွင့်မဆိုင်းပဲ အသင့်လက်ငင်းချက်ချင်း အကျိုးပေးနိုင်သော တရားတော်မြတ်ပါပေတကားတဲ့၊ ငါတို့ကျင့်တဲ့ တရားဟာချက်ချင်း အကျိုးပေးမယ့်တရား ချက်ချင်းအကျိုးရတဲ့တရားပဲ၊ ရုပ်တရား နာမ်တရား အနိစ္စ ဒုက္ခ အနတ္တ တရားတွေကို ချက်ချင်းတွေ့ရ သိရတဲ့တရား၊ နိဗ္ဗာန်တို့လဲ ချက်ချင်းတွေ့ရသိရမယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရပါလို၏ ဆုတောင်းပြီးတော့ ဒီလိုနေကြတာကိုး။

အဲဒါတွေက နောက်တော်တော်ကြာမှ ရမည့်ဥစ္စာကို တော်တော်ဝေးတယ်၊ တော်တော်ဝေးမှရမည့်ဥစ္စာရှိတယ်၊ ယခုတရားက ဒီလိုမဟုတ်ဘူး၊ နောက်မှမဟုတ်ဘူး၊ ယခုကိုရမှာ၊ ယခု တရားအားထုတ်နေတဲ့ အတွင်းပဲ မဂ်ဖိုလ်နိဗ္ဗာန် ရမည့်တရား၊ အဲဒါကြောင့် ချက်ချင်းအကျိုးပေးမယ့်တရား၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ချက်ချင်းရမည့်တရား၊ ငါအားထုတ်နေရတာပဲလို့ နှလုံးသွင်းလိုက်လို့ရှိရင် စိတ်အားတက်လာတာပဲ၊ အင်မတန် ကောင်းပါတယ်။

"ဧဟိပဿိကော" ဧဟိ–လာလော့၊ ပဿိတော ကြည့်ရှုလှည့်လော့၊ ဒီလိုဆိုလိုက်တဲ့တရားတဲ့၊ လာစမ်းပါ၊ လာကြည့်စမ်းပါ၊ ဒီမှာ (လာကြည့်စမ်းပါ ကောင်းလွန် လွန်းလို့–၂) ဒီလို ပြောလိုက်တဲ့ တရားပါပဲ၊ ဘာများတုံးလို့ဆိုရင် စားကောင်းသောက်ဖွယ်တွေ အရသာကောင်းတွေ့တဲ့ အရသာကောင်းတွေ စားကောင်းသောက်ဖွယ်ပစ္စည်း၊ မုန့်ပဲဖြစ်ဖြစ် သစ်သီးပဲဖြစ်ဖြစ် ပေါ့လေ၊ ရလာတဲ့အခါမှာ မိတ်ဆွေတွေခေါ်ကျွေးရတယ်၊ လာစမ်းပါ, စားစမ်းပါ စားကြည့်စမ်းပါ ကောင်းလွန်းလို့ စားကြည့်စမ်းပါ၊ မြည်းစမ်းပါ မြည်းကြည့်စမ်းပါ တိုက်တွန်းရတာပေါ့၊ ကောင်းတဲ့အာဟာရ တိုက်တွန်းရတာကိုရှာရင် ကျေးဇူးတင်တယ်၊ စားရတဲ့ပုဂ္ဂိုလ်က ဩ–သူက ကျွေးပေလို့ ငါ့မှာစားရပေတယ်၊ မစားရဘူး၊ ဒါတွေ ယခုမှစားရတယ်၊ အဲဒီလိုဖြစ်ပြီး ဝမ်းမြောက်ဝမ်းသာတွေဖြစ်ရတယ်၊ မကောင်းတဲ့အစာတော့ သွားတိုက်တွန်းလို့ မဖြစ်ဘူး၊ မကောင်းတဲ့အစာ သွားတိုက်တွန်းလို့ရှိရင် သူက မကောင်းတဲ့အစာစားရလို့ရှိရင်ဖြင့် အဲဒါအဆဲမခံရရင် ကံကောင်းပဲ၊ အဲဒီဥစ္စာကတော့ ဟိုတုန်းက ဂျပန်တွေ တက်ခါစတုန်းကပေါ့ ဘုန်းကြီးများ ဆိပ်ခွန်ရွာမှာ ကြားရတယ်။

ဈေးထဲရောက်တော့ ဈေးသည်တွေက ဟင်းသီးဟင်းရွက်တွေ ရောင်းနေတာကိုး၊ ဟင်းသီးဟင်းရွက်တွေ ရောင်းနေတော့ ဂျပန်တွေက လျှောက်ကြည့်တယ်၊ ကြက်ဟင်းခါးသီးသည် သွားတွေ့တယ်၊ ကြက်ဟင်းခါးသီးသည် ဖြစ်တဲ့သူကို မေးတာကိုး၊ ဒါဘာလုပ်ရသလဲလို့ မေးတော့ ဈေးသည်က ရိုးရိုးပေါ့၊ ပြောတော့ မြန်မာစကား သူတို့က သိပ်နားမလည်တော့ ခြေပြလက်ပြလုပ်နေတယ်၊ ခြေပြလက်ပြလုပ်နေပေမယ့် ခဲခဲယဉ်းယဉ်းမဟုတ်ဘူး၊ လွယ်လွယ်ကူကူပဲ၊ ပြီးတော့ အရေးတကြီး ပြောရမယ့်ဟာ မဟုတ်ဘူး၊ အဲဒီလို ဖြစ်နေတာကိုး၊ စားရတယ်လို့ ပြောလိုက်တော့ ဂျပန်က ဒီလိုစားရတယ်လို့ မှတ်နေတာကိုး၊ ဒီအတိုင်း ကိုက်စားရတယ်အောက်မေ့ပြီး တစ်ခါတည်းကောက်ပြီး သူက စားလိုက်တာ၊ စားတော့ ကြက်ဟင်းခါးသီးက ကောင်းမှမကောင်းဘဲကိုး၊ ချက်ပြုတ်စားမှ သူနိုင်တဲ့ဥစ္စာတွေနဲ့ တွဲစားမှတော်ရုံရှိတာပဲ၊ ကြက်ဟင်းခါးသီး အင်မတန် ခါးတဲ့ ဥစ္စာ၊ အစိမ်းလိုက် ဝါးပြီးစားလိုက်တော့ မကောင်းတဲ့ အရသာတွေ တွေ့တာကိုး၊ ဒီတော့ ဂျပန်က စည်းကမ်းမှမရှိဘဲ၊ သူ့ မကောင်းတာကို မစားကောင်းတဲ့ ဥစ္စာကို စားကောင်းတယ် ပြောရမလားဆိုပြီး တစ်ခါတည်း စိတ်ဆိုးပြီး ပါးရိုက်လိုက်တာ၊ တစ်ခါတည်း အဲဒါ ကြားရတယ်။

အဲ–မကောင်းတဲ့ အစာကို ကျွေးမိလို့ရှိရင်တော့ စားတဲ့ပုဂ္ဂိုလ်က အဲဒီလိုပဲ အပြစ်မြင်တတ်တယ်၊ ကောင်းတဲ့အစာကို ကျွေးလို့ရှိရင် ကောင်းတဲ့ အစာကျွေးလို့ ရှိပေမယ့် သူကျွေးလို့ ကျေးဇူးတင်ပါတယ်၊ သူကျွေးလို့သာ စားရပါတယ်၊ ကျေးဇူးတင်ပါတယ်၊ အဲဒီလိုပါပဲ၊ တရားကလဲ ဒီလိုပါပဲ၊ တရားကလဲပဲ ကောင်းတဲ့တရားမဟုတ်တဲ့ဟာတွေကို ဟောပြောလို့ အဲဒါတွေ၊ လိုက်နာမိလို့ရှိရင် တစ်နေ့ကျတော့ သူအကျိုးတွေရမယ်၊ အဲ–သူတရားလိုက်နာမိသောကြောင့် နောက်ကျတော့ မကောင်းတဲ့ အကျိုးတွေတွေ့၊ တွေ့ရတဲ့အခါကျတော့ ပုဂ္ဂိုလ်စိတ်ဆိုးဖြစ်မှာပဲ၊ ပြန်ပြီးစိတ်ဆိုးမှာပါပဲ၊ မချေပနိုင်လို့သာကြည့်နေရတယ်၊ တော်တော်ကို မကျေနပ်တာ၊ ပြောတဲ့ဥစ္စာလုပ်မိလို့ ဒုက္ခရောက်တယ်ဆိုပြီး တော်တော် မချမ်းမသာ ဖြစ်မှာပါ။

အဲ–ကောင်းတဲ့တရားနှလုံးသွင်း တိုက်တွန်းပေးလို့ရှိရင်တော့ နှလုံးသွင်းအားထုတ်တဲ့ပုဂ္ဂိုလ်က တရားကောင်းတွေ အရသာကောင်း တွေ့ရတာကိုး တွေ့ရတော့ ကျေးဇူးတင်တယ် ကျေးဇူးတင်ပါတယ်၊ အခု ဘုန်းကြီးများ ကမ္မဋ္ဌာန်းတရားတွေ ပြနေမှလာပြီး တရားအားထုတ်တဲ့ပုဂ္ဂိုလ်က တော်တော်ပဲ ကျေးဇူးတင်ကြပါတယ်၊ ဟောပြောနေတဲ့ပုဂ္ဂိုလ်တွေလဲ ကျေးဇူးတင်ပါတယ်၊ တစ်ဆင့်တစ်ဆင့် တိုက်တွန်းတဲ့ ပုဂ္ဂိုလ်တွေလဲ ကျေးဇူးတင်ပါတယ်၊ အချို့ပုဂ္ဂိုလ်ကထုတ်ပြီးတော့ ပြောတယ်၊ အစတုံးက သူက တရားထ`စိတ်မဝင်စားဘူးတဲ့၊ ဘယ်သူကခေါ်လို့ပဲ သူကတိုက်တွန်းပေလို့တဲ့ပေါ့၊ တရားအားထုတ်ရတယ်၊ သူက တိုက်တွန်းပေလို့တဲ့ နို့မဟုတ်လို့ရှိရင် ဒီတရားနှင့် လွဲသွားမည်လို့ တကယ်မှ လက်မတင်လဲ မလွဲရုံကလဲပဲ ချိပ်မိရုံကလေးပဲ ရှိတယ်၊ အချို့က သိပ်ကျေးဇူးတင်လွန်းလို့ ပြောရှာကြတယ်၊ အဲ–တိုက်တွန်းပေးတဲ့ ပုဂ္ဂိုလ်ကျေးဇူးတင်ပါတယ်၊ ဧဟိပဿိကော ဧဟိပဿိကော–လာစမ်းပါ လာကြည့်စမ်းပါဟု နှိုးဆော်တိုက်တွန်းထိုက်တဲ့ တရားပဲ၊ ဒါက လာကြည့်လှည့်စမ်းပါ၊ ကျင့်ကြည့်စမ်းပါ၊ ကောင်းလွန်းလို့ ဒီတရား ကျင့်လှည့်စမ်းပါလို့ တရားတော်ကလည်း ခေါ်ထိုက်တယ်၊ အဲ–တရားတော် နှစ်သက်တဲ့ပုဂ္ဂိုလ်တွေ မိတ်ဆွေတွေ ပုဂ္ဂိုလ်ကလဲ သိပ်ပြီးတော့တိုက်တွန်းတာပါပဲ၊ တယ်ကောင်းလွန်းလို့ တိုက်တွန်းတဲ့တရားပဲတဲ့၊ အဲဒါကတော့ ဟောကြည့်တဲ့အခါမှာ ထင်ရှားစွာသိရတယ်၊ တိုက်တွန်းတဲ့ တရားပဲ၊ ချီးမွမ်းထိုက်တဲ့ တရားပဲဆိုတာ သိရတယ်။

ကိုင်းဆို–အဲဒါလဲပဲ မြတ်စွာဘုရားဟောတဲ့ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန် တရား အကျင့်တရားတွေပါပဲတဲ့၊ အဲဒါကလေးတွေဆိုရမယ်၊ အဲဒါတွေ နှလုံးသွင်းရမယ်။

ဧဟိပဿိကော–လာကြည့်စမ်းပါ၊ ကျင့်ကြည့်စမ်းပါဟု နှိုးဆော်ပြည္ဆန် တိုက်တွန်း
ထိုက်သော တရားတော်မြတ်ပေတကား၊ (၃–ခေါက်ဆို)။

အေး–လာကြည့်လှည့်စမ်းပါ၊ ကျင့်ကြည့်စမ်းပါ၊ ဒီတရား ကောင်းလွန်းလို့ မိတ်ဆွေတွေကို တိုက်တွန်းထိုက်ပါတယ်တဲ့၊ တိုက်တွန်းထိုက်တဲ့တရား တိုက်တွန်းလို့ရှိရင် အဲဒီပုဂ္ဂိုလ်လဲ သိထိုက်သိသင့်တဲ့တရားတွေရပြီး နောင်အခါကာလ ကျေးဇူး

အတင်ခံရပါတယ်၊ ကျေးဇူးတင်တာ မတင်တာထား၊ သူ့မှာ ရသွားတာတော့ အင်မတန်ကို ကောင်းပါတယ်၊ ဝမ်းမြောက်စရာ သိပ်ဝမ်းသာစရာ ဝမ်းမြောက်စရာပဲ၊ သိပ်ကျင့်ဖို့ကောင်းပါတယ်။

အခု ဘုန်းကြီးများ ဒီကမ္မဋ္ဌာန်း တရားတွေဟောလို့ တရားတွေအားထုတ်ကြ။ တရားတွေ တွေ့တန်သမျှတွေ့၊သိတန်သမျှသိသွား၊ အားထုတ်ရတာလေး အားထုတ်ရ၊ အားကိုးရာကလေးရသွားတယ်၊ အင်မတန်ကို ဝမ်းသာစရာလဲကောင်းတာ၊ ဘုန်းကြီးများက ဒီလိုကျကျနန ဟောမပေးလို့ရှိရင် ဒီပုဂ္ဂိုလ်တွေဟာ တရားဝါသနာမပါ၊ ဟိုရောက် ဒီရောက် ဘယ်ရောက် မယ်ဆိုတာ မသိဘူး၊ အများကြီးရှိပါတယ်၊ အဲဒါတွေက အခုတော့ ဒီမှာ ကျကျနနအားထုတ်လို့ အကျိုးတွေရနေတာတွေ၊ အင်မတန် ဝမ်းသာစရာကောင်းတယ်၊ အဲဒါဟာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ နှလုံးသွင်းလိုက်လို့ရှိရင် အားတက်စရာ အင်မတန်ကောင်းတယ်။

အဲ–မြတ်စွာဘုရား တရားတော်ဟာ လာကြည့်စမ်းပါလို့ တိုက်တွန်းထိုက်တဲ့တရား ကျင့်ကြည့်စမ်းပါလို့, အားထုတ်ကြည့်စမ်းပါလို့ တိုက်တွန်းထိုက်တဲ့ တရားပဲလို့ တိုက်တွန်းတဲ့ တရားပဲ၊ တိုက်တွန်းလို့ အားထုတ်လို့ရှိရင် တော်တော်ကြာ တစ်နေ့ကျရင် အကျိုးတရားတွေရပြီးလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရမည့် တရားတော်ပဲ၊ အဲ–တရားတွေ ငါအားထုတ်နေရတာပဲလို့ နှလုံးသွင်းလိုက်လို့ရှိရင် စိတ်အားတက်စရာပဲ၊ ပီတိပါမောဇ္ဇတွေ ဖြစ်စရာကောင်းတယ်တဲ့။

သြပနေယျိကော–မိမိကိုယ်တွင်းသို့ ရောက်အောင် မိမိကိုယ်ထဲ စိတ်ထဲသို့ရောက်အောင် ကျင့်ဆောင်ထိုက်တဲ့ တရားပဲ၊ ရောဂါ ဝေဒနာရှိတဲ့ ပုဂ္ဂိုလ်ဟာ ဆေးကောင်းဝါးကောင်းတွေကို မိမိကိုယ်တိုင် ပျောက်အောင်လို့ စားရတယ်၊ ထိုးရတယ်၊ လိမ်းရတယ်၊ မိမိကိုယ်ထဲ ရောက်အောင်လို့ စားလိုက်လို့ ဝမ်းထဲရောက်သွားလို့ရှိရင် အချို့က ရောဂါပျောက်တယ်၊ ဝမ်းထဲ မရောက်လို့ရှိရင် မပျောက်ဘူး၊ ထိုးလိုက်လို့ ဝမ်းထဲရောက်လို့ရှိရင် ရောဂါပျောက်တယ်၊ လိမ်းလိုက်လို့ ကိုယ်ထဲစိမ့်ပြီးတော့ ဝင်သွားလို့ရှိရင် ရောဂါပျောက်တယ်၊ အဲဒီတော့ ဆေးကောင်း ဝါးကောင်းတွေဟာ ရောဂါရှိတဲ့ပုဂ္ဂိုလ်မှာ ကိုယ်ထဲရောက်အောင်လို့ တစ်ခါတည်း စားပြီးတော့ သွင်းသင့်တယ်၊ ထိုးပြီးတော့ သွင်းသင့်တယ်၊ လိမ်းပြီးတော့ သွင်းသင့်တယ်၊ ကိုယ်ထဲရောက်အောင်လို့ သွင်းသင့်တဲ့ ဆေးကောင်းဝါးကောင်းတွေပဲ။

အဲဒါလိုပဲ မြတ်စွာဘုရား တရားတော်လဲ ကိုယ်ထဲရောက်မှာ အသင့်ဝင်အောင်လို့ ကိုယ်ထဲစိတ်ထဲမှာ သက်ဝင်ပြီးတည်သွားအောင်လို့ အားထုတ်ထိုက်တဲ့တရားတွေပဲ၊ ကိုယ်ထဲမှာ များများသက်ဝင်လေလေ များများအကျိုးရှိလေလေပဲ၊ များများသက်ဝင်လေလေ ကိလေသာတွေက ကုန်ကုန်သွားတာကို တစ်နေ့က ပြောခဲ့တဲ့ ဥပမာလိုပဲ၊ ပုလင်းထဲမှာ လေတွေပြည့်နေတယ်၊ အဲ–ရေက လေးပုံတစ်ပုံလောက် ထည့်ထားလို့ရှိရင် လေကလဲ လေးပုံတစ်ပုံ ထွက်သွားတယ်၊ သုံးပုံတစ်ပုံ ကျန်နေတယ်၊ တစ်ဝက်လောက်ထည့်ရင် တစ်ဝက်လောက် လေတွေထွက်သွားတယ်၊ နှစ်ပုံကျန်နေတယ်၊ သုံးပုံလောက် ရေထည့်လိုက်လို့ရှိရင် သုံးပုံလောက် ထွက်သွားတယ်၊ တစ်ပုံကျန်နေတယ်၊ ပုလင်းနှုတ်ခမ်းရောက်အောင် အပြည့်ထည့်လိုက်လို့ ရှိရင်တော့ လေတွေ အကုန်လုံး ထွက်သွားတယ်၊ ကုန်ရော အဲဒါလိုပဲ၊ ကိုယ်ထဲမှာ ဗီဘာဝနာတရားတွေ မိမိသန္တာန်မှာ ပြည့်စုံသွားအောင်လို့ ကျင့်လိုက်လို့ရှိရင် နည်းနည်းကျင့်ရင် နည်းနည်းပြည့်စုံလာလို့ရှိရင် ကိလေသာနည်းနည်းလျော့သွားတာပဲ။

များများကျင့်လို့ရှိရင် များများလျော့သွားတာပဲ၊ အကုန်လုံးပြည့်စုံစွာ ကျင့်လိုက်လို့ရှိရင် အကုန်လုံး ကိလေသာတွေ ကုန်ရော၊ အဖြူအစင်ခဝါချလိုက်တဲ့ အဝတ်အစားများ၊ ခဝါချလိုက် ချေးတွေညော်တွေ အကုန်လုံးထွက်သွားသလိုပဲ ဘာမှ အညစ်အကြေးမရှိဘူး၊ စိတ်တွေဟာစင်ကြယ်လို့ အမြဲတမ်း ချမ်းသာပြီးတော့သွားမယ်၊ နောက်ဘဝက အဲ–နောက်ဆုံးဘဝက ပရိနိဗ္ဗာန်စံသောအခါမှာလဲပဲ ဆင်းရဲခပ်သိမ်း တစ်ခါတည်းငြိမ်းသွားတာပေါ့၊ ဒါကြောင့် သြပနေယျိကော–ကိုယ်ထဲစိတ်ထဲသို့ ရောက်အောင် ကျင့်ဆောင်ထိုက်သော တရားပါတဲ့၊ ဒီတရားဟာ သာမန်တရားမဟုတ်ဘူး၊ ကိုယ်ထဲစိတ်ထဲရောက်အောင် ကျင့်ထိုက်သော တရားလို့ပဲ ဒီလို နှလုံးသွင်းရမှာကိုး။

သြပနေယျိကော–ကိုယ်ထဲ စိတ်ထဲသို့ ရောက်အောင် ကျင့်ဆောင်ထိုက်သော တရားတော်မြတ်ပါပေတကား၊ (၃–ခေါက်) အဲ–ဧဟိပဿိကော–သြပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိတဲ့၊ တရားဂုဏ်တွေနှလုံးသွင်းပါတဲ့၊ ဒီတရားတွေ နှလုံးသွင်းရင် ကိုယ်ထဲစိတ်ထဲရောက်အောင် တကယ်ကျင့်ထိုက်တဲ့တရား၊ တကယ်ကျင့်လို့ ကိုယ်ထဲစိတ်ထဲသို့ ရောက်လာလို့ရှိရင် သူရောက်လာသလောက်ဟာ ချမ်းသာမှုတွေရတယ်၊ ဆင်းရဲတွေ ကင်းငြိမ်းပြီးတော့သွားတယ်၊ အဲဒီ ဆင်းရဲကင်းငြိမ်းကြောင်းတရားတွေကို ငါအားထုတ်ကျင့်ကြံ နေရပါပေတယ်လို့ နှလုံးသွင်းလိုက်လို့ရှိရင် ဝမ်းမြောက် ဝမ်းသာပီတိတွေဖြစ်သွားပါတယ်၊ ဒါကြောင့်–

ရတနာသုံးစုံ သီလဂုဏ် စွန့်ပုံအောက်မေ့ပါ၊ ဒါလဲဆို၊ တရားသိမ်းကြဦးစို့၊ အချိန်လဲတော်တော်ကြာသွားပြီ။

ရတနာသုံးစုံ သီလဂုဏ် စွန့်ပုံအောက်မေ့ပါ။

နတ်ဖြစ်ဖွယ်စု ဦမ်းအေးမှု တွေ့ရှုအောက်မေ့ပါ။
မွဲခြောက်သူကြဉ် စိုပြည်ယှဉ် ထိုတွင်စိတ်ညွှတ်ရာ။
ကြည်ညိုဖွယ်ညွှန်ကြား သုတ္တန်များ စဉ်းစားဆင်ခြင်ပါ။
ပီတိပွားရန်၊ ဆယ့်တစ်တန်၊ ထုတ်ပြန် ဌကထာ။

နောက်ဟာတွေကျတော့ နောက်သီတင်းမှ ဆက်ဟောရမှာပဲ၊ တော်တော်ဟောရလိမ့်မယ် ထင်တယ်၊ ကောင်းလဲ ကောင်းပါတယ်၊ ကြည်ညိုစရာ မှတ်သားစရာ ကောင်းပါတယ်၊ တရားသိမ်းကြစို့ရဲ့၊ ဒီကနေ့တော့ ပီတိသမ္ဗောဇ္ဈင်တရားကို ရှိသေစွာနာခံမှတ်သားရသော ဓမ္မသဝန ကုသိုလ်ကံ စေတနာ, စေတနာကံ၏ အစွမ်းအာနုဘော်တို့ကြောင့် တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့သည် ဘုရားဂုဏ်အစရှိသည်ကို အာရုံပြုလျက် မိမိတို့သန္တာန်၌ ပီတိသမ္ဗောဇ္ဈင်တရားကို ပွားများ အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယာမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

ပီတိသမ္ဗောဇ္ဈင် တရားတော်

၁၃၂၃–ခု၊ ဝါခေါင်လဆန်း ၈–ရက်။

ဘာဝနာယ ပါရိပူရိ ဟောတိ၊ တဋ္ဌ ပဇာနာတိ။

ယထာစ–အကြင်အကြောင်းကြောင့်လည်း၊ အနုပ္ပန္နသပီတိသမ္ဗောဇ္ဈင်္ဃသ–မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒေါ–အသစ်ဖြစ်ပေါ်လာခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဋ္ဌ–ထိုပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းတရားကိုလည်း၊ ပဇာနာ–သိ၏၊ ဝိပဿနာရှုနေတဲ့ ယောဂီပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ ဥဒယဗ္ဗဉာဏ်ဆိုတာ မိမိတို့၏ ကိုယ်တွင်းသန္တာန်မှာ ဖြစ်နေတဲ့ ရုပ်နာမ်တရားတွေဟာ ခဏမစဲ ဖြစ်ချည်ပျက်ချည်နှင့် တစ်ပိုင်းစီတစ်ပိုင်းစီ ပိုင်းခြားပြီး သိနေတဲ့အခါမှာ ဥဒယဗ္ဗယဉာဏ်လို့ခေါ်တယ်၊ ဥဒယ–ဆိုတာက ဖြစ်ခြင်း၊ ဝယ–ဆိုတာက ပျက်ခြင်း၊ ဖြစ်ခြင်းပျက်ခြင်း, ဖြစ်ခြင်းပျက်ခြင်းဆိုတာ ဖြစ်ပေါ်လာတာနဲ့ ပျောက်သွားတာပဲ၊ ပကတိပုဂ္ဂိုလ်တွေ အနေကတော့ မိမိတို့သန္တာန်မှာ ဖြစ်နေတယ်၊ ရုပ်ကိုယ်ကြီးဟာလဲ တကျုံ့တည်း တည်နေတာပဲ၊ ဖြစ်ပုံ၊ သူ့ဟာသူ ပျောက်သွားတာလဲ မရှိဘူး။

မွေးလာကတည်းက အမိဝမ်းထဲကစပြီးတော့ အဲဒီထဲက ဒီကိုယ်ကြီးဟာ ဒီလိုရှိနေတာပဲဟု အောက်မေ့နေတာပဲ၊ တဖြေးဖြေး ဒီကိုယ်ကြီးက ကြီးလာ၊ နောက်ဆုံး တစ်နေ့ကျသေရော၊ အဲ–သေတဲ့အခါကျတော့ မူလအခြေအနေတိုင်း မဟုတ်ဘူး၊ ပျက်တော့ ပျက်သွားတယ်၊ ဒါပေမယ်လို့ အကောင်အထည်ကြီးလိုက် ဒီလိုပဲရှိနေသေးတာ၊ နောက်ဆုံး တဖြေးဖြေးနဲ့ သူ့ဆွေးမြေပြီးတော့ အမှုန့်မှုန့်တွေ ဖြစ်ပြီး တဖြေးဖြေးနဲ့ ပျက်စီး ပျောက်သွားတယ်။

အဲဒီလို စဖြစ်တာနဲ့ ဒီပျက်တာနဲ့ ဒီလောက်ပဲသိတယ်၊ ရုပ်တရားထဲမှာ ခဏမစဲရုပ်တွေ ဖြစ်ပျက်နေတယ်လို့ရှိတာ၊ ဒါကကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆင်ခြင်ဖို့ရာမလွယ်ဘူး၊ ပကတိပုဂ္ဂိုလ်တွေအနေနဲ့ မလွယ်ဘူး၊ စာပေကျမ်းဂန်ဗဟုသုတအရနဲ့ ဆင်ခြင်လို့ရှိရင် အတော်အတန်တော့ ဆင်ခြင်တာပေါ့၊ အတော်အတန်တော့ ထင်မြင်တယ်၊ ဥပမာ ဥပမေယျနဲ့ ဆောင်ပြီးတော့ နှလုံးသွင်းတဲ့အခါ အတော်အတန်တော့ဖြင့်ထင်တယ်၊ ဥပမာပူတဲ့ရုပ်ကတစ်မျိုး၊ အေးတဲ့ရုပ်ကတစ်မျိုး၊ ပူတာကနေပြီး အေးရာသို့မရောက်ဘူး အေးရာကနေပြီးတော့ ပူတာကိုလဲမရောက်ဘူး၊ အေးတဲ့ရုပ်ကတခြား၊ ပူတဲ့ရုပ်ကတခြား အဲဒါလိုဥပမာလေးတွေဆောင်ပြီးတော့ နှလုံးသွင်းဆင်ခြင်ပြီးတော့ ရေအေးအိုးထဲထည့် မီးပေါ်မှာတင်၊ အဲ–အစက အအေးတွေပဲ၊တဖြေးဖြေးနဲ့ မီးကပူပြီးတော့ အပူရုပ်တွေ တဖြေးဖြေးဖြစ်လာတယ်၊ အပူရုပ်တွေ တဖြေးဖြေး ဖြစ်ပြီးတော့ ဒါက အင်မတန် ပူတဲ့ရုပ်တွေ ဖြစ်လာတယ်၊ မူလက ထည့်တုန်းကတော့ အအေးရုပ်တွေ၊ နောက်ကျတော့ပူတယ်၊ အေးတဲ့ရုပ်က ပူတဲ့ရုပ် ဖြစ်ပွားလာတာလားလို့၊ ဒီလိုတော့မဟုတ်သေးဘူး၊ ဒါပေမယ်လို့ သာမန်ပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ ဒီရုပ်တွေကတော့ ဒီရုပ်တွေကပဲ အအေးတွေက အပူဖြစ်သွားတယ်လို့ ဒီလိုပဲထင်နေကြတာပါပဲ၊ ဒီလိုထင်ပြန်တာပဲ၊ အမှန်ကတော့ အေးတဲ့ရုပ်က ပူတဲ့ရုပ် ဖြစ်လာတာမဟုတ်ဘူး၊ ပူတဲ့ရုပ်က အေးတဲ့ရုပ်ဖြစ်တာ မဟုတ်ဘူး၊ အဲဒါလို ကိုယ်ထဲမှာ အေးတဲ့ရုပ်တွေလဲရှိတယ်၊ ပူတဲ့ရုပ်တွေလဲရှိတယ်၊ အေးတဲ့ရုပ်က ပူတဲ့ရုပ်မဖြစ်ဘူး၊ ပူတဲ့ရုပ်ကလဲ အေးတဲ့ရုပ်မဖြစ်ဘူး၊ ခဏမစဲပြောင်းလွဲနေတယ်လို့ ဒီလိုနှလုံးသွင်းဆင်ခြင်ရင် တော်ရုံတန်ရုံတော့ ထင်တာပေါ့လေ။

ဒါပေမယ်လို့ ကောင်းကောင်း မထင်နိုင်ဘူး မလွယ်ဘူးပေါ့၊ ဒီလိုထင်ဖို့ရာ ခဏမစဲ ပျောက်ပျက်နေတာထင်ဖို့ တော်တော်ကိုမလွယ်တဲ့ ဥစ္စာပဲ၊ လှုပ်ရှားတဲ့ရုပ်နဲ့ တည်ငြိမ်တဲ့ရုပ်၊ တည်ငြိမ်တဲ့ရုပ် လှုပ်ရှားလာတဲ့ အခါကတော့ ရုပ်သစ်တွေဖြစ်လာတယ်၊ လှုပ်ရှားရာကနေဖြစ်၊ တစ်ခါတည်း ငြိမ်းသွားပြန်လို့ရှိရင် လှုပ်ရှားတဲ့ရုပ်က တည်ငြိမ်တဲ့ရုပ် ဖြစ်သွားတာမဟုတ်ဘူး၊ လှုပ်ရှားတဲ့ရုပ်ကတခြား၊ တည်ငြိမ်တဲ့ရုပ်က တခြားပဲ။

ဒါပေမယ့် ပကတိလူတွေအနေကတော့ ဒီလိုမထင်ပြန်ဘူး၊ တည်ငြိမ်နေတဲ့ရုပ်ကပဲ လှုပ်နေတာ၊ ဒါပဲ ဒီလက်ကပဲ လှုပ်နေတာပဲ၊ ပထမတည်နေတာလဲ ဒီလက်ပဲ၊ တစ်ခါပြန်ပြီးတော့ ငြိမ်လို့ ရှိပြန်တော့လဲ ဒီလက်ပဲ၊ ဒီကိုယ်ပဲ၊ ဒီလိုထင်နေတာ၊ မလွယ်ဘူး၊ ပကတိအနေနဲ့တော့ ရုပ်သေခဏခဏ ပျက်နေတယ်ဆိုတာ တော်တော်ကိုသိဖို့ ခဲယဉ်းပါတယ်၊ နောက်တစ်ခါ စိတ်နာမ်တရားတွေတဲ့၊ အဲဒီ စိတ်နာမ်တရားတွေ ပိုပြီးတော့ သူကလဲသိဖို့ ခက်ပါတယ်၊ စိတ်နာမ်တရားက အထည်ဝတ္ထုရှိတာမဟုတ်တော့ သူကပိုပြီးတော့ ခက်ပါတယ်၊ အဲဒီစိတ်နာမ်တရားတွေဆိုတာကတော့ အမြဲတမ်း တည်ရှိနေတယ်လို့ ထင်နေတယ်၊ အထည်ဝတ္ထုလဲ ရှာလို့မရဘူး၊ ဒါလဲ ငယ်ငယ်ထဲက သိနေတဲ့စိတ်ဟာ ယခုထက်ထိ တစ်စိတ်တည်းပဲ၊ တစ်ယောက်တည်းပဲ၊ ကိုယ်တစ်ယောက်တည်းက သိနေတယ်လို့ ဒီလိုနှလုံးစွဲထင်နေတယ်။

အသစ်အဟောင်း ပြောင်းလွဲနေတယ်၊ ပျက်သွားတယ်လို့ ဒီလိုမထင်ဘူး၊ ဒါပေမယ်လို့ စိတ်နာမ်တရားကမှ အပြောင်းအလွဲတွေမြန်တာပဲ၊ စိတ်ဟာအာရုံတွေ (ပြောင်းလွဲတိုင်း–၂) စိတ်အသစ်အသစ်ချည်းတည်းပဲ၊ မြင်တဲ့စိတ်ကလဲ ကြားတဲ့စိတ် မဖြစ်ဘူး၊ ကြားတဲ့စိတ်ကလဲ မြင်တဲ့စိတ်မဖြစ်ဘူး၊ စိတ်ကူး စဉ်းစားကြံစည်တဲ့ စိတ်ကလဲ မြင်တဲ့စိတ် မဖြစ်ဘူး၊

တစ်ခုစီ တစ်ခုစီပဲ၊ ပျော်ရွှင်တဲ့စိတ်က ညှိုးနွမ်းတဲ့စိတ် မဖြစ်ဘူး၊ ညှိုးနွမ်းတဲ့ စိတ်က ပျော်ရွှင်တဲ့ စိတ်မဖြစ်ဘူး၊ သူ့ဟာတွေ တခြားစီပဲ၊ ချမ်းသာက ဆင်းရဲမဖြစ်ဘူး၊ ဆင်းရဲကလဲ ချမ်းသာမဖြစ်ဘူး စသည် ဒါပေမယ်လို့ ပကတိ ပုဂ္ဂိုလ်တွေကတော့ အဲဒါပဲ တစ်ယောက်တည်းပဲ ထင်နေတာပဲ၊ စိတ်ကူးနေရာက မြင်သွားတယ်၊ မြင်ရာက စိတ်ကူးတယ်၊ မြင်ရာက ကြားသွားတယ်၊ ကြားရာက တစ်ခါ မြင်လာပြန်တယ်၊ ချမ်းသာတာကနေ ဆင်းရဲသွားတယ်။

ပျော်ရွှင်နေရာက စိတ်မချမ်းမသာ ဖြစ်သွားတယ်၊ စိတ်မချမ်းမသာဖြစ်နေရာကနေပြီး ပြန်ပြီးတော့ ပျော်ရွှင်မှု ဖြစ်လာပြန်တယ်၊ ဒီလိုပဲ တစ်ယောက်တည်းပဲ ထင်နေတယ်၊ အဲဒါကြောင့် ပကတိအနေအားဖြင့် ရုပ်နာမ်တွေ ခဏမစဲ ဖြစ်ပျက်နေတယ်ဆိုတာ သိဖို့ရာဟာ တော်တော်မလွယ်ပါဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ တစ်ခါတည်း စိတ်ချလက်ချရှင်းပြီးသိဖို့ တော်တော်မလွယ်ပါဘူး၊ သို့သော်လည်း မြတ်စွာဘုရား ပေးထားတဲ့ သတိပဋ္ဌာန်နည်းအရ ဒွါရ ၆–ပါးက ဖြစ်တိုင်းဖြစ်တိုင်းတွေ လိုက်ပြီးရှုနေတဲ့ ယောဂီပုဂ္ဂိုလ်တို့မှာတော့ ဒါတွေကို ပိုင်းခြားပြီးတော့ သိပါတယ်။

အဲဒါတွေဟာ သူ့ဟာသူပဲ သိပါတယ်၊ အတွေးအဆ မဟုတ်ဘူး၊ အတွေးအဆဆိုတာကတော့ ကိုယ်ကြိုက်ရာဘက်ကနေပြီးတွေးရင် ကိုယ်ကြိုက်သလို ဖြစ်တာပဲ၊ ဗုဒ္ဓဘာသာတွေက ဗုဒ္ဓဘာသာ တရားတော်အရနဲ့ မှန်းဆပြီးတော့ ရှုလို့ရှိရင် ဒီအတိုင်းဖြစ်တာပဲ၊ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေကလဲ သူတို့ရဲ့ ဘာသာတရားနဲ့ စဉ်းစားဆင်ခြင်လိုက်တဲ့အခါ ဒီလိုရနေတာပဲ၊ သူတို့ကလဲ အတ္တကရှိနေတယ် ဆိုပြီးသကာလ သူတို့က ဒီလိုပဲ သဘောကျတယ်၊ အတ္တအသက်ကောင်က တည်ရှိနေတယ်လို့ ဒီလို သဘောကျနေတယ်၊ အဲဒါ စိတ်ကူး စဉ်းစားမှု ဆင်ခြင်မှုတွေ ဆိုတာကတော့ ကိုယ်သဘောကျရာ ကိုယ်လိုရာကိုဆွဲပြီး စဉ်းစားလို့ရှိရင်လဲရတယ်၊ ဒါပေမယ်လို့ တစ်ချို့ ပုဂ္ဂိုလ်တွေက ဒီလိုစိတ်ကူး စဉ်းစားဆင်ခြင်ပြီးတော့ သဘောကျတာမှ ဉာဏ်ပဲဆိုပြီး ဒီလိုယူဆပြီး ပြောဟောနေတဲ့ ပုဂ္ဂိုလ်တွေက ရှိသေးတာကိုး၊ မြတ်စွာဘုရားက ဘုရားဖြစ်တော်မူစကတည်းက အဓိကတော ခေါ် မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော။

အဓိကတော ခေါ် မျာယံ ဓမ္မော၊ ဂမ္ဘီရော ဒုဒ္ဒသော အတက္ကာ ဝစရော ပဏ္ဍိတ ဝေဒနီယော။

မယံ–ငါသည်၊ အဓိကတော–ရအပ်သော၊ အယံဓမ္မော–ဤတရားသည်၊ ဂမ္ဘီရော–နက်နဲသိမ်မွေ့လှ၏၊ ငါဘုရား ရထားတဲ့တရား နက်နဲပါတယ်တဲ့၊ ဒုဒ္ဒသော–မြင်နိုင်ခဲ၏၊ မြင်ဖို့ရာ မလွယ်ဘူး၊ ဒီတရား နိပုနော–သိမ်မွေ့၏၊ အတက္ကာ ဝစရော–ကြံဆခြင်းဖြင့် မရောက်နိုင်ကောင်းသော တရားကြံဆခြင်းဖြင့် မကျက်စားနိုင်ကောင်းသော တရားတည်း၊ ကြံဆခြင်းဖြင့် ကျက်စားရာ မဟုတ်သော တရားတည်း၊ ကြံစည် စဉ်းစားမှုတော့ ကြံစည် စဉ်းစား တွေးတောလို့ မရနိုင်တဲ့တရားပဲ။

စဉ်းစားကြံစည်ပြီးတော့ နေလို့တော့ တရား မတွေ့နိုင်ဘူးလို့ ဆိုလိုပါတယ်၊ ပဏ္ဍိတဝေဒနိယော–ပညာရှိတို့သာလျှင် သိအပ်သောတရားတည်း၊ ဝိပဿနာဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ, အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှ တွေ့နိုင်တဲ့ တရားပဲတဲ့၊ အဲဒါကြောင့် မြတ်စွာဘုရား ပေးထားတဲ့ နည်းအတိုင်း ဒွါရ ၆–ပါးက ဖြစ်တိုင်း ရုပ်နာမ်တွေကို လိုက်ပြီးတော့ သတိတွေ မှတ်ရှုနေရလို့ရှိရင် သူသဘောမှန်တွေ ပေါ်လာပါတယ်၊ သူသဘောမှန်တွေ ဖြစ်ခိုက် ဖြစ်ခိုက် ရုပ်နာမ်တွေကို လိုက်ပြီးတော့ရှုနေတော့ သဘောမှန်တွေကို ပေါ်တာပေါ့၊ မရှုတဲ့ပုဂ္ဂိုလ်တွေကတော့ ရှေ့ရုပ်နာမ်တွေနဲ့ နောက်ရုပ်နာမ်တွေ တစ်စုတည်း တစ်လုံးတည်း, တစ်ပေါင်းတည်း တစ်စုတည်း တစ်ပေါင်းတည်းလုပ်ပြီးတော့ အဲဒီလို သိနေကြတာကိုး။

ဒီလိုသိနေကြတော့ အစဉ်ထာဝရ တည်မြဲနေတယ်လို့ထင်တာပေါ့၊ အခုန ပြောခဲ့သည့်အတိုင်းပဲ ငယ်ငယ်တည်းကရှိနေတဲ့ရုပ် အခုထိ တစ်ရုပ်တည်းပဲဟု ထင်နေတယ်၊ ငယ်ငယ်တည်းက ရှိတဲ့စိတ်ဟာ အခုထိ ဖြစ်နေတဲ့စိတ်ပဲ၊တစ်ယောက်တည်းပဲဖြစ်နေတယ်၊ ဖြစ်တာလဲ ဒီစိတ်ပဲ၊ ကြားတာလဲ ဒီစိတ်ပဲ၊ စိတ်ကူး စဉ်းစားကြံစည်တာလဲ ဒီစိတ်ပဲ၊ တစ်ယောက်တည်းပဲ၊ ပျော်ရွှင်နေတာလဲ ဒီစိတ်ပဲ၊ နှလုံးမသာယာတာလဲ ဒီစိတ်ပဲ၊ တစ်ယောက်တည်းလို ဖြစ်နေတယ်၊ အဲဒါဟာ ဖြစ်ခိုက်ရုပ်နာမ်ကလေးတွေ ပိုင်းခြားပြီး မသိလို့တဲ့၊ ဖြစ်ခိုက် ရုပ်နာမ်ကလေးတွေဖြစ်တိုင်း လိုက်ပြီးတော့ ရှုလို့ရှိရင် ဖြစ်တဲ့သဘောလဲ အမှန်အတိုင်းပဲ သိတယ်။

ရုပ်သဘောကလေးတွေ အမှန်အတိုင်းသိတယ်၊ နာမ်သဘောကလေး အမှန်အတိုင်း သိတယ်၊ ပထဝီဓာတ်ရဲ့ ခက်မာကြမ်းတမ်းတဲ့ သဘောလေး, ခက်မာကြမ်းတမ်းတဲ့ သဘောမျှပဲဆိုတာ အတွေ့အထိတွေလို မှတ်တဲ့အခါ သိရတယ် ဒါပဲလို့၊ ဥပမာဆိုပါတော့ လူတစ်ယောက်က ကျောကိုလာပြီး တုတ်တစ်ခုနဲ့လာပြီးတော့ တို့တယ်၊ ညအခါကာလကြီး ညကို တုတ်တစ်ခုနဲ့ ကျောကိုလာတို့လို့ရှိရင် ဘယ်သိမလဲ၊ ကြမ်းတမ်းရင် ကြမ်းတမ်းတာ သိမှာပဲ၊ တုတ် တိုတိုလို့လဲ မသိနိုင်ဘူး၊ ရှည်ရှည်လို့လဲမသိနိုင်ဘူး၊ ကောက်ကောက်လို့လဲ မသိနိုင်ဘူး၊ ဘာရယ်လို့ မသိနိုင်ဘူး၊ ကြမ်းတမ်းရင် ကြမ်းတမ်းတာလေးပဲ သိလိုက်ရတယ်၊ အဲ–ယခု မျက်မှောက်တွင် လာပြီးတော့ တုတ်နဲ့လာတို့ရင်တော့ သြော်–တုတ်နဲ့လာတို့တာပဲ၊ တုတ်ရှည်ကြီးပဲ လို့ကောက်ရင်လဲ ကောက်တယ်၊ တုတ်ကောက်ကြီးပဲ၊ ချောချောမွေ့မွေ့ဆိုလို့ရှိရင် ချောချောမွေ့မွေ့တုတ်ပဲ၊ မချောမွေ့တဲ့

တုတ်ဖြစ်ရင်လဲ မချောမွေ့တဲ့တုတ်ပဲဆိုတာ သူကသိတယ်၊ ဘယ်ကဘယ်လိုလုပ်ပြီးတော့ တို့လိုက်တာပဲ၊ အဲဒါလိုလျှောက်ပြီး တော့ သိတယ်။

ညအခါကာလ မမြင်ရတဲ့ မှောင်ထဲမှာလာပြီး တွေ့ထိသွားလို့ရှိရင်တော့ ထိတာလောက်ပဲသိတယ်၊ ဒါထက်ပိုပြီးတော့ မသိဘူး၊ ကြမ်းတမ်းရင် ကြမ်းတမ်းတယ်၊ နူးညံ့ရင်နူးညံ့တယ်၊ ဒါပဲသိတယ်၊ အဲဒါလိုပဲ ပကတိ ပုဂ္ဂိုလ်တွေ မရှာဘဲနေတော့ ခုနကတုတ်ကြီးတဲ့ ထိသွားတယ်၊ အရှည်ကြီးပဲ၊ အကောက်ကြီးပဲ၊ ဘယ်သူက လာထိုးသွားတယ် စသည်ဖြင့် လျှောက်ပြီး သိနေတာလို၊ မရှာဘဲနေတဲ့ပုဂ္ဂိုလ်တွေမှာ ဘေးကဟာတွေရော ပတ်ဝန်းကျင်တွေရော အကုန်လုံး သူကစုပေါင်းပြီးတော့ သတ္တဝါတွေ မြဲတဲ့အနေအားဖြင့် ထင်သွားတာကိုး။

အဲ–ညဉ့်မှောင်ထဲမှာ လာပြီးတော့ တွေ့ထိသွားရင်တော့ တွေ့ထိတာလောက်ပဲ သူကသိတယ်၊ အဲဒါလိုပဲ၊ ဖြစ်ခိုက် ကလေးရှုရင်ဖြင့် ထိရင် ထိတာပဲသိတယ်။

ထိတယ်, ထိတယ်၊ ကြမ်းရင် ကြမ်းတာလဲ သိတာပဲ၊ နုလဲနုတာပဲ သိတယ်၊ ပထဝီဓာတ်ကို အပူထိတဲ့အခါကာလ ပူတာပဲသိတယ်၊ အအေးထိတဲ့အခါကာလ အေးတာပဲသိတယ်၊ တောင့်တင်းလို့ရှိရင် တောင့်တင်းတာသိတယ်၊ လှုပ်ရှားရင်လဲ လှုပ်ရှားတာ သိတယ်၊ ဒါကြောင့်မို့ ဗိုက်ကနေပြီးတော့ ဖောင်းတယ်၊ ပိန်တယ် ဒီလိုမှတ်နေရတယ်၊ တောင့်တင်းတဲ့ သဘော လှုပ်ရှားတဲ့ သဘောကနေပြီး အဆင့်ဆင့်ဖြစ်နေတာတွေကို သူကသိတယ်၊ မရှာဘဲနေရင်တော့ တစ်ခါတရံမှ စဉ်းစားကြည့်ရင် ဗိုက်ကြီးက အလုံးကြီးလို့ ထင်မှာပေါ့၊ ဒါပဲ၊ နှလုံးမသွင်းခင်ကလဲ ဒီကိုယ်ကြီးရှိနေတာပဲ၊ နှလုံးသွင်းတော့လဲ ဒီလိုရှိနေတာပဲ၊ ပြီးတော့လဲ ဒီလိုရှိနေတာ၊ ဒီလိုသိမှာပဲ၊ အမြဲမပြတ်ရှုနေလို့ သမာဓိဉာဏ်အားကောင်းလာတော့ ၂–ခါ ၃–ခါ ၄–၅–၁၀ ခါ လောက်ရှုတော့ မသိသေးဘူး၊ ဒါက သူ့အဆင့်အတန်းမြင့်လာမှာ၊ မီးပွားတဲ့ပုဂ္ဂိုလ်ဟာ သစ်သားချင်း သစ်သားချင်းပွတ်လို့ မီးပွင့်ပါတယ်ဆိုတာဟာ ဒီအတိုင်းစဉ်းစားကြည့်လို့ရှိရင်တော့ ဘယ်သဘာဝယုတ္တိရှိမလဲ၊ သစ်သားပဲ၊ ဟိုဟာက သစ်သား ဒီကလဲသစ်သားပဲ၊ ဒီကနေပြီးတော့ မီးပွင့်ရမယ်ဆိုတာ ကြားလဲမကြားဖူးဘူးဆိုရင် သဘာဝဟာ သဘောကွဲပြားမှုမရှိဘူး၊ ဒါပေမယ်လို့ ဒါပွတ်လို့ရှိရင် မီးကပွင့်တာပဲ၊ သို့သော်လည်း ၂–ချက် ၃–ချက် ပွတ်လို့တော့ ပွင့်မလာဘူး၊ မီးပွင့်လောက် အောင်လို့ကို အင်မတန်ကို ပူလောင်အောင်လို့ ပွတ်မှမီးကပွင့်ရမှာကိုး၊ အဲဒါလိုပဲ။

သမာဓိ ဖြစ်လောက်အောင် ရှုတဲ့အခါကျတော့ ဒီဖောင်းတာပိန်တာ ကလေးမှတ်တာက ဖောင်းလိုက်, ပိန်လိုက်၊ အစတော့ ဒီလိုဗိုက်ကြီးလိုက်ထင်နေမှာပဲ၊ ကိုယ်ကြီးလိုက်ပဲ ထင်နေမှာပဲ၊ ဒါမထင်ပါနဲ့ပြောလို့ ဘယ်ဖြစ်လိမ့်မလဲ၊ ဗိုက်ကြီး ကိုယ်ကြီးကို မရှုတော့ဘူး၊ အဲဗိုက်ထဲက တောင့်တင်းတာလေးတွေကို ငါကောက်ပြီးတော့ ရှုတော့မယ်လို့ ရှုကြည့်စမ်းပါ ဖြစ်မလားလို့၊ မဖြစ်ပါဘူး၊ ဘယ်ဖြစ်မှာတုံး၊ ဒီဥစ္စာ တောင့်တင်းတာလေးတွေလိုက်ပြီးတော့ ရှာနေလို့ရှိရင်လဲ ဗိုက်ကြီးပဲပေါ်နေမှာပဲ၊ ကိုယ်ကြီးလဲ ပေါ်နေမှာပဲ၊ မပေါ်လို့ကို မဖြစ်ဘူး။

နောက်တစ်ခုဟာ ဘာလဲဆိုတော့ အဲဒါ တောင့်တင်းတာလေးတွေ လိုက်ပြီးရှာနေတဲ့အတွက် သမာဓိလဲ ကောင်း ကောင်းမဖြစ်ဘူး၊ စိတ်ကူးစဉ်းတာတွေဝင်ပြီးတော့ သမာဓိ ကောင်းကောင်းမဖြစ်ဘူး၊ ဉာဏ်လဲမဖြစ်တော့ဘူး၊ တော်တော်ကြာ တော့ကို စဉ်းစားသလို ့ဖြစ်တော့မှာ၊ ဟိုဒင်းဟာလေးက ဘယ်လိုဟာပဲ၊ ကြားတာလေးက ဘယ်လိုဟာပဲ၊ ကိုယ်စဉ်းစားတဲ့ အတိုင်းဖြစ်သွားတယ်၊ သဘာဝမကျဘူး၊ အမှန်မရဘူး၊ အဲ–ယခုပေါ်ခိုက်ပေါ်ခိုက်ကလေးတွေ သူရှိတဲ့အတိုင်း ဖောင်းတာလေး ကို ဖောင်းတယ်မှတ်၊ ပိန်တာလေး ပိန်တယ်မှတ်၊ ဖောင်းစက ဖောင်းဆုံးနေရာကို စိတ်က စိုက်စိုက်ပြီးတော့ အစတော့လဲပဲ ပုံပန်းသဏ္ဌာန် အထည်ဒြပ်တွေ သမာဓိဉာဏ် ရင့်လာတဲ့အခါကျတော့ တောင့်တင်းတဲ့သဘော လှုပ်ရှားတဲ့ သဘောလေးတွေ အဆင့်ဆင့်ဖြစ်နေတာ၊ ကိုယ်ပိုင်ဉာဏ်နဲ့ သူကရှင်းပြီးတော့ သိလာတယ်။

အဲ–ဖြစ်ခိုက်တရားလေးတွေရှုနေရင် အစလေးနဲ့ နောက်ပြီးလို့ရှိရင် ပျောက်သွားတဲ့ အဆုံးကလေးနဲ့ ပေါ်လာလိုက်, ဆုံးသွားလိုက်, စပေါ်လာလိုက် ဆုံးသွားလိုက်–၂) အပိုင်း အပိုင်းကလေးတွေ ဖောင်းတာလေးတွေမှတ်၊ အစကတော့ တစ်ဖောင်းနဲ့ တစ်ပိန်နဲ့ ဖောင်းတာ စလိုက်, ဆုံးလိုက်ပဲ၊ ပိန်တာစလိုက်, ဆုံးသွားလိုက်၊ အဲဒါလေး ၂–ခုပဲ၊ ဒါလေး ၂–ခုကိုပဲ သိပ်မလွယ်လှသေးဘူး၊ အဲဒါ နိုင်လာပြီဆိုတော့ ဖောင်းတာက တစ်ခြား ပိန်တာက တစ်ခြားပဲ၊ မရောဘူး၊ အဲဒီကနေပြီးတော့ တစ်ခါ တစ်ဆင့်တက်လာတဲ့အခါ ဖောင်းတာမှာကို တစ်ဖောင်းတည်း မဟုတ်ဘဲ၊ တစ်ရိပ်ရိပ်နဲ့ တစ်ခါတည်း ဖောင်းတက် လိုက်ရင်း တစ်ဆင့်ပြတ်သွားလိုက်ရင်း ဖောင်းတက်လိုက်ရင်း တစ်ဆင့်ပြတ်သွားလိုက်ရင်း (ရိပ်ခနဲရွှေ့လိုက်ပျောက်လိုက်–၂) ပိန်တာမှာလဲ တစ်ဆင့်ပြီး တစ်ဆင့်ပဲ၊ အဲဒီလိုပဲ။

လက်များကွေးလို့ရှိရင် ကွေးတယ်, ကွေးတယ်၊ မှတ်ရင်လဲ တစ်ဆင့်ခြင်း တစ်ဆင့်ခြင်းပဲ၊ (ရွှေ့လိုက် ပျောက်လိုက်–၂)နဲ့ ဒီတော့ မကွေးခင်ကလက်ကပဲ ကွေးလာတယ်လို့ ထင်မြင်စွဲလမ်းမှုတွေ ဒီမှာမရှိဘူး၊ ကွေးနေတဲ့လက်ကပဲ ကိုယ်ချထား ရာကို ရောက်သွားဘိသကဲ့သို့ စွဲလမ်းမှုမရှိဘူး၊ အဲ–သူ့နေရာတွင် သူဖြစ်ပြီး သူ့နေရာတွင် သူပျောက်နေတာပဲလို့ ပိုင်းခြားပြီး သိသွားတာ၊ အဲဒီလိုသိမှ ဥဒယဗ္ဗယဉာဏ်က ဖြစ်လာတာကိုး၊ စိတ်ကလေးတွေဟာလဲပဲ မရှုခင်ကတော့ စိတ်တွေဟာ တစ်

ယောက်တည်း တစ်စိတ်တည်း သူ့နေရာတွင် စိတ်ကူးနေရာတွင် ဖြစ်နေတယ် အောက်မေ့နေတယ်၊ ဘယ်ဟုတ်မလဲ သူက ဖြစ်ပေါ်ခိုက်ကလေး မှတ်လိုက်တော့ တော်တော်ကြာရင်မရှိဘူး၊ မှတ်နေတုန်းရှိသေး ဟိုမှာ ဒီကစိတ်ကူးတယ်ဆို ဟိုမှာ မရှိပြန်ဘူး၊ စဉ်းစားတယ်ဆို မရှိပြန်ဘူး၊ လိုချင်တယ်ဆို မရှိပြန်ဘူး၊ မှတ်လိုက်လို့ရှိရင်ဖြင့် ဘာမျှ အထည်ဝတ္ထုရှာလို့ မရဘူး၊ အကုန်ပျောက်နေတာချည်း တွေ့နေတယ်။

အဲဒီတော့ အဲဒီစိတ်ကလေးတွေဟာလဲပဲ ဖြစ်ပြီးရင် ပျောက်နေတာပဲဆိုတာ အထူး မစဉ်းစားရပါဘူး၊ သူ့ဟာသူ ကိုယ်ပိုင်ဉာဏ်နဲ့ရှင်းပြီး သိနေတယ်၊ အဲဒီလိုသိတာက ဥဒယဗ္ဗယဉာဏ်၊ အဲဒီ ဥဒယဗ္ဗယဉာဏ်နဲ့ ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေကို မှတ်တိုင်းမှတ်တိုင်းဟာ ပေါ်လာလိုက်ရင်း ပျောက်သွားလိုက်ရင်း တစ်ခါတည်း အင်မတန်ကို မြန်ပါတယ်၊ ယခုပြောနေတာက နားလည်အောင်လို့ ဖြည်းဖြည်းချင်းပြောနေတာ၊ ဟိုမှာ အမြန်ကြီး စက်ခုတ်နေတာလိုဖြစ်တယ်၊ အမြန်ကြီး ဒေါက်ဒေါက် သွားနေတယ်၊ (ဖြစ်လိုက် ပျောက်လိုက်–၂) အမြန်ကြီး သွားနေတာတွေ၊ အသိကလဲပဲ အမြန်ကြီးပဲ လိုက်သိနိုင်တာပဲ၊ အံ့ဩစရာ တော်တော်ကောင်းတယ်။

ပကတိ စကာစ ပုဂ္ဂိုလ်မျိုးဆိုရင် ဘယ်သိနိုင်လိမ့်မှာလဲ၊ ဒီတော့ မြန်မြန်ကြီး မသိနိုင်ဘူး၊ ဟိုမှာ အသိကကို မြန်နေတော့ တစ်ခါတည်း အာရုံပေါ်သလောက် အသိကလဲမြန်ပြီး လိုက်နေတယ်၊ ဒေါက်ဒေါက်နဲ့ လိုက်နေတယ်၊ အဲဒီလို သိနေတဲ့ အခါမှာ ပီတိသမ္ဗောဇ္ဈင်လည်း ဖြစ်တတ်တယ်တဲ့၊ နှစ်သိမ့်အားရမှု ပီတိသမ္ဗောဇ္ဈင်၊ သမ္ဘီယာယနလက္ခဏာ နှစ်သိမ့်ခြင်း၊ လက္ခဏာရှိ၏တဲ့၊ တွေ့ထိခြင်း လက္ခဏာ, ရောင့်ရဲခြင်း လက္ခဏာလဲရှိတယ်၊ ဒါကြောင့်–

နှစ်သိမ့်ရောင့်ရဲ ဝမ်းလည်းမြောက်သည်–

လို့ ဒီလိုဆောင်ပုဒ်ကလေး ရေးထားတယ်၊ ပီတိရဲ့ လက္ခဏာဟာ နှစ်သိမ့်ရောင့်ရဲခြင်း သဘောရှိတယ်၊ ဝမ်းမြောက်ခြင်းသဘောရှိတယ်၊ တရားအားထုတ်လို့ အမှတ်ကောင်းတဲ့ အခါကျတော့ကာရင် ကိုယ့်အာရုံကလေးနဲ့ကိုယ် နှစ်သိမ့်ရောင့်ရဲနေတယ်၊ အားရကျေနပ်ပြီး ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်တာကိုး၊ ဝမ်းမြောက်တာ မှန်မှန်မြောက်တာမဟုတ်ဘူး၊ သူက အလွန်အကျူးကို မြောက်တတ်တယ်၊ သိပ်မြောက်တတ်တယ်၊ နှစ်သိမ့်ရောင့်ရဲ ဝမ်းလဲမြောက်သည်။

ရုပ်ကောင်းရုပ်သန့် ပျံ့နှံ့စေသည်တဲ့၊ ဖရဏရသာ–ရုပ်ကောင်းရုပ်သန့်တွေ တစ်ကိုယ်လုံး ပျံ့နှံ့စေပါတယ်တဲ့၊ ကိုယ်ထဲမှာ တစိမ့်စိမ့်တငြိမ့်ငြိမ့် ဖျိုးဖျိုးဖျင်းဖျင်းနဲ့ တစ်ခါတည်း ကိုယ်ထဲမှာ ထိုးဆေးများထိုးလိုက်တော့ ကိုယ်ထဲမှာ ပျံ့သွားသလိုပဲ၊ ရုပ်ကောင်းရုပ်သန့်တွေ တစ်ခါတည်း ပျံ့ပြီးသွားတာ တော်ရုံတန်ရုံ နေမကောင်းတာ ပျောက်သွားပြီး ရောဂါဝေဒနာတွေ ပျောက်သွားတတ်တယ်၊ အင်မတန်ကောင်းတယ်၊ ရုပ်ကောင်း ရုပ်သန့် ပျံ့နှံ့စေသည်၊ တစ်ချို့ပုဂ္ဂိုလ်များ (မှတ်တိုင်း–၂) မှတ်ရာကလေးမှာ အေးကနဲ နွေးကနဲ တစ်ခါတည်း လောင်းလောင်း ထည့်လိုက်သလို တစ်ခါတည်း အအေး အနွေးကလေးတွေနဲ့ ပက်ဖျန်းပက်ဖျန်းပြီး ပေးလိုက်သလို တစ်ခါတည်း မှတ်ရာမှတ်ရာတွေမှာ ဥပမာ အထိဆိုပါတော့ တစ်ကိုယ်လုံးလိုက်ပြီးတော့ ထိတယ်ဆို ထိတဲ့နေရာကလေးမှာ နွေးကနဲ အေးကနဲဟာ ဟိုနေရာ မှတ်လိုက် ဟိုနေရာ နွေးကနဲအေးကနဲ၊ ဒီနေရာမှတ်လိုက် ဒီနေရာက နွေးကနဲ အေးကနဲ ပီတိတွေ ပြန်ပြန်ပြီး သကာလ ဖြစ်သွားတယ်၊ အင်မတန် ကောင်းတယ်။

ရုပ်ကောင်းရုပ်သန့် ပျံ့နှံ့စေသည်၊ ကိုယ်စိတ်ပေါ့လျက်၊ ကြွတက်ထင်သည်၊ သြဒဂျ ပစ္စုပ္ပဋ္ဌာန–တက်ကြွခြင်း, ပေါ့ပါးခြင်း သူရဲ့ ပစ္စုပ္ပဋ္ဌာန်ပဲတဲ့ ပီတိဖြစ်လာလို့ရှိရင်ဖြင့် ပေါ့ပြီးတော့ ကိုယ်လေးပေါ့လို့ ပေါ့ပေါ့ပါးပါးဖြစ်ပြီးတော့ စိတ်တွေလဲ ပေါ့ပါးလျင်မြန်ပြီးတော့ ဒါက တစ်နေ့ကပြောပြီးသား၊ ယခုဟာက ထင်မိရုံလေးပြောတာ၊ မြတ်ပီတိ မှတ်သိ ဗောဇ္ဈင်မည် ပီတိသမ္ဗောဇ္ဈင်ပါပဲတဲ့၊ ကဲကဲ ဒါလေးတစ်ခေါက်တော့ ဆိုကြဦးမယ်။

နှစ်သိမ့်ရောင့်ရဲ ဝမ်းလဲမြောက်သည်၊
ရုပ်ကောင်းရုပ်သန့် ပျံ့နှံ့စေသည်။
ကိုယ်စိတ်ပေါ့လျက် ကြွတက်ထင်သည်၊
မြတ်ပီတိ–မှတ်သိဗောဇ္ဈင်မည်။ (၃–ခေါက်)

အဲဒါ လက္ခဏာ ရသ ပစ္စုပ္ပဋ္ဌာန်တဲ့၊ ပီတိသမ္ဗောဇ္ဈင်ဆိုတာ ဒါပဲ၊ ပီတိသမ္ဗောဇ္ဈင်ရဲ့ လက္ခဏာကဘာလဲ၊ နှစ်သိမ့်ရောင့်ရဲတာ၊ ဝမ်းမြောက်တာတဲ့။ ဒါလဲ အခါခပ်သိမ်း နှစ်သိမ့်ရောင့်ရဲတာတွေ ဗောဇ္ဈင်မခေါ်ဘူး၊ ပီတိတော့ ဟုတ်တော့ဟုတ်ပါတယ်၊ တယ်နှစ်သိမ့်ရောင့်ရဲ ဝမ်းမြောက်လို့ရှိရင် ပီတိတော့ဟုတ်တယ်၊ အဲဒီကိုယ့်အလိုဆန္ဒတွေပြည့်ဝလို့, အလုပ်အကိုင်တွေ ထမြောက်အောင်မြင်လို့, ကိုယ်လိုချင်တဲ့ ပစ္စည်းဥစ္စာတွေရလို့, ကိုယ်တွေ့ချင်တဲ့ ပုဂ္ဂိုလ်နဲ့တွေ့ရလို့ အားရဝမ်းသာဖြစ်ပြီးနေတာတွေဟာ အဲဒါလဲပီတိပါပဲ၊ သို့သော်လည်း သူကတော့ ဗောဇ္ဈင်မဟုတ်ဘူး၊ သူကတော့ကို လောဘနဲ့ယှဉ်တဲ့ အကုသိုလ်ပီတိပေါ့လေ၊ ဒါကတော့ ယခုဟာကတော့ ရုပ်, နာမ်တွေ အဖြစ်အပျက်တွေ ဖြစ်တိုင်းပျက်တိုင်း အသိတွေ ဉာဏ်တွေက မှီပြီး

တော့ ရှုရင်းရှုရင်း နှစ်သိမ့်ရောင့်ရဲပြီးတော့ အားရ ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်ပြီးနေတာ အဲဒီလိုအခါကာလမှာ ပီတိသမ္ဗောဇ္ဈင် ဖြစ်တယ်။

ရုပ်ကောင်း ရုပ်သန့် ပျုံ့နှံ့စေသည်တဲ့၊ ရုပ်ကောင်း ရုပ်သန့်တွေက တစ်ကိုယ်လုံး ပျုံ့ပြီးတော့သကာလ ကိုယ်, စိတ်ပေါ့လျက် ကြွတက်ထင်သည်၊ ကိုယ်ရော စိတ်ရော တစ်ခါတည်း ပေါ့ပေါ့လေး၊ အင်မတန် ပေါ့ပါးပြီးတော့ ကြွတက်နေတယ်လို့ ထင်ရတယ်၊ အင်မတန်ကို နေသာထိုင်သာလဲ ရှိပါတယ်၊ အင်မတန်ကို နေလို့လဲကောင်းပါတယ်၊ ဘာမျှ ကိုယ်ထဲမှာ ဆင်းရဲပင်ပမ်းခြင်းမရှိဘူး၊ ဒီအခါမှာ သိပ်နေလို့ ကောင်းတာ၊ အင်မတန်ကောင်းတယ်၊ အဲဒါ ပီတိသမ္ဗောဇ္ဈင်ရဲ့ လက္ခဏာ ရသ–ပစ္စုပ္ဌာန် မှတ်သားဖို့တဲ့၊ ဒါဟောတာကလဲပဲ ယခုဆိုရင် လေးသီတင်းလောက် ရှိသွားပြီ၊ သုံးလားလေးလား မပြောတတ်ဘူး၊ အဲဒီ ပီတိသမ္ဗောဇ္ဈင် ဘာကြောင့် ဖြစ်တယ်ဆိုတဲ့အကြောင်းကလေးကို တချို့ယောဂီပုဂ္ဂိုလ်က သိပါတယ်တဲ့၊ ပီတိသမ္ဗောဇ္ဈင် ဖြစ်ဖို့ဟာ ယောနိသော မနသိကာရ၊ ပီတိသမ္ဗောဇ္ဈင်ဖြစ်အောင် နှလုံးသွင်းမယ်, ရှုမယ်, အားထုတ်မယ်လို့ ရှေးအဖို့က နှလုံးသွင်းတဲ့ ယောနိသော မနသိကာရ ပီတိသမ္ဗောဇ္ဈင် ဖြစ်လောက်အောင် အဆင့်ဆင့်ရှုမှတ်ပြီးလာတဲ့ ဝိပဿနာ မနသိကာရ၊ အဲဒါတွေ အဌကထာကတော့ ၁၁–ခု ပြတယ်။

ရတနာသုံးစုံ သီလဂုဏ် စွန့်ပုံအောက်မေ့ပါတဲ့၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိပေါ့လေ၊ နုဿသတိတရားနောက် ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ ရှိပါသေးတယ်၊ ဒါပေမယ်လို့ သံပေါက်လက်ံကတော့ ဒီလောက်ပဲ ရတာပဲ၊ နောက် အပိုဒ်ကမှ ဆက်ပြီး ဖော်ပြထားရတယ်၊ တစ်ပိုဒ်တည်းနဲ့တော့ မသိဘူး။

ရတနာသုံးစုံက ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, ရတနာသုံးပါး၏ဂုဏ်ကို နှလုံးသွင်းဆင်ခြင်ပါ၊အောက်မေ့ပါတဲ့၊ သီလဂုဏ်တဲ့ သီလဂုဏ်ကို နှလုံးသွင်းဆင်ခြင် အောက်မေ့ပါ၊ စွန့်ပုံ စွန့်ကြဲပုံ လှူဒါန်းပုံတွေကိုလဲ အောက်မေ့ပါ၊ အဲဒါတွေ အောက်မေ့ဆင်ခြင်လို့ရှိရင် ပီတိသမ္ဗောဇ္ဈင်ဖြစ်ပါတယ်၊ အဲဒါ ဗုဒ္ဓါနုဿတိနဲ့ ဘုရားဂုဏ် အောက်မေ့ပုံ၊ ဓမ္မာနုဿတိနဲ့ တရားဂုဏ် အောက်မေ့ပုံ၊ အကျဉ်းချုပ်တော့ ဟောပြီးပါပြီ၊ နည်းနည်းတော့ ဟောရမယ်၊ ဒီနေ့ သံဃာနုဿတိ ဟောရမယ်၊ သံဃာနုဿသတိနဲ့ သံဃာ့ဂုဏ် အောက်မေ့ပုံ။

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။

ဘဂဝတော–ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ သာဝကသံဃော–တပည့်သား အစစ်ဖြစ်တော်မူသော သံဃာသည်။ သုပ္ပဋိပန္နော–ကောင်းစွာကျင့်ကြံတော်မူတတ် ပါပေစွတကား၊ သုပ္ပဋိပန္နော–လောဘ, ဒေါသ, မောဟကင်းကြောင်း ကောင်းမြတ်သော အကျင့်ပဋိပတ်ကို ကျင့်ကြံတော်မူတတ်ပေစွတကား၊ ဒီလိုဆင်ခြင်ရမှာကိုး၊ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်ဆိုတာ ဘယ်လိုဟာတုန်း၊ တပည့်သားသံဃာအစစ်ကတော့ အရိယာပုဂ္ဂိုလ်ရှစ်ယောက်ပဲ။

စတ္တာရော စ ပဋိပန္နာ၊ စတ္တာရော စ ဖလေဋ္ဌာ၊
ဧသသံဃော ဥဇုဘူတော၊ ပညာ သီလသမာဟိတော။

စတ္တာရော–လေးယောက်ကုန်သော၊ ပဋိပန္နာ စ–ကျင့်ဆဲ ပုဂ္ဂိုလ်တို့လည်းကောင်း၊ စတ္တာရော–လေးပါးကုန်သော၊ ဖလေဋ္ဌာ စ–အရိယာဖိုလ်ဌာတည်သော ပုဂ္ဂိုလ်တို့လည်းကောင်း၊ ဧသ–ဧသော–ဤပုဂ္ဂိုလ် ၈–ယောက်အပေါင်းသည်,ပုဂ္ဂိုလ် ၈–ပါးအပေါင်းသည်၊ ပညာသီလသမာဟိ တော–ပညာဂုဏ်, သီလဂုဏ်တို့နှင့် ပြည့်စုံသော။ ဥဇုတော–ဖြောင့်မတ်သော၊ ဘဂဝတာ–မြတ်စွာဘုရား၏၊ သာဝကသံဃော–တပည့်သားဖြစ်သော သံဃာတော် မည်ပါပေ၏၊ ဧသသံဃော ဥဇုဘူတော–ဖြောင့်မတ်စွာ ဖြစ်၍ဖြစ်သော၊ ဘဂဝကော–ဧသသာဝကသံဃော–တပည့်သားဖြစ်သော၊ သံဃော–သံဃာတော်မည်ပါပေ၏၊ အဲ–အရိယာ ကျင့်ဆဲကျင့်တုန်းဖြစ်တဲ့ အရိယာမဂ်မှာ ရောက်တဲ့ပုဂ္ဂိုလ်က ၄–ပါး၊ ကျင့်ပြီး အရိယာဖိုလ်မှာ ရောက်နေတဲ့ ပုဂ္ဂိုလ် ၄–ပါး၊ အကျဉ်းချုပ်ကတော့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာပေါ့လေ၊ အဲဒီလေးပါးပဲ၊ မဂ်နဲ့ဖိုလ်နဲ့ကလဲ တွဲရက်ပါပဲ၊ မဂ်ရောက်တယ်ဆိုရင် ဖိုလ်ရောက်သွား၊ မဂ်စိတ်ပြီး ဖိုလ်စိတ်ပဲ တွဲရက် ခွဲနေရတာ၊ ဒေသနာမို့ ခွဲထားတာ မဂ်ပုဂ္ဂိုလ်က တစ်ပါး၊ ဖိုလ်ပုဂ္ဂိုလ်က တစ်ပါးသာခွဲ၊ မဂ်ပုဂ္ဂိုလ် ဖြစ်ပြီးတာနဲ့ ဖိုလ်ပုဂ္ဂိုလ် တစ်ခါတည်း ဖြစ်သွားတာကို၊ မဖြစ်အောင်လို့ ရပ်ဆိုင်းထားလို့ ရကိုမရဘူး၊ စိတ်ကလေးနဲ့ဟာ တစ်ပြိုင်တည်း ကွာတာပဲ၊ ပြီးနောက် စိတ်ဖြစ်တာပဲ၊ အဲဒီတော့ကို သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဒါ လေးပါးပါပဲ။

အဲဒီ အရိယာဖြစ်ဖို့ရာ ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေလဲပါပါတယ်၊ အရိယာဖြစ်ဖို့ရာ မြတ်စွာဘုရား ညွှန်ကြား ဆုံးမတဲ့အတိုင်း သီလအကျင့် ပဋိပတ်ကစပြီးတော့ ရိုရိုသေသေကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်တွေပဲတဲ့၊ အဲဒီ တပည့်သား သံဃာတော်တွေဟာ သုပ္ပဋိပန္နကောင်းသော အကျင့်နဲ့ ပြည့်စုံတယ်တဲ့၊ ကောင်းသောအကျင့်နဲ့ ပြည့်စုံတယ်ဆိုတာ လောကမှ ဘာသာတရားတိုင်းက မိမိတို့ ဘာသာတရားအရ အကျင့်ကျင့်တဲ့ ပုဂ္ဂိုလ်တွေအပေါင်း ကောင်းသော အကျင့် ကျင့်နေတယ်လို့ ဒီလိုပြောကြပါတယ်၊ အဲဒါလိုပဲ ဆိုကြတယ်။

အဲ–ကိုယ့် ဘာသာတရား မဟုတ်ဘဲနဲ့ အလွတ်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေက မှားယွင်းနေတာပဲ၊ မသိရာကြဘူးတဲ့၊ ဒီလို ပြောကြတယ်၊ ဘာသာတရားအသိက ဒီလိုပဲ၊ ကိုယ့်ဘာသာတရားကို ကောင်းတဲ့ သူများဥစ္စာတွေမကောင်း ဒီလိုပဲ ဆိုကြပါတယ်၊ အဲဒီတော့ ဗုဒ္ဓဘာသာတရားကလဲ ဗုဒ္ဓဘာသာတရားအတိုင်း ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေက ကောင်းသောအကျင့်ကို ကျင့်တယ်လို့ပဲ ဟိုက ဒီက သူတစ်ပါးတွေကလဲ သူတို့ဘာသာအတိုင်းတော့ အကျင့်ကျင့်တယ်ဆိုတော့ အငြင်းအခုန် ဖြစ်နေတယ်၊ ဘာကို ခုံတင်ပြီး ဆုံးဖြတ်ရမလဲဆိုတော့။

မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက အာဇီဝကဏ် တပည့်ဖြစ်တဲ့ ဒကာတစ်ယောက်ကမေးလို့ အာနန္ဒာက ဖြေကြားတယ်၊ အရှင်အာနန္ဒာတဲ့ လောကမှာ ကောင်းသောအကျင့်ကို ကျင့်တယ်ဆိုတာ ဘယ်ပုဂ္ဂိုလ်တွေပါလဲလို့ မေးတာကို သူက ကောင်းသော တရားတွေချည့်ပါပဲ၊ အရှင်အာနန္ဒာက ဆိုင်ရာကလေး တစ်ပုဒ်ဖြင့် ဖြေရတယ်၊ ဒီတော့ အရှင်အာနန္ဒာက တိုက်ရိုက် မဖြေသေးပဲနဲ့ မေးမြန်းပါတယ်၊ ပြန်ပြီးတော့ ဒါယကာတဲ့–ငါမေးမည်တဲ့၊ နှလုံးသွင်းပြီး စဉ်းစားပြီးတော့ ဖြေပေါ့၊ လောဘဆိုတဲ့တရား ကောင်းသလား, မကောင်းသလားတဲ့၊ စဉ်းစားကြည့်ပါတဲ့၊ လောဘဟာ လိုချင်တဲ့စိတ်တရား, နှစ်သက်သာယာတဲ့ တရား, တပ်မက်သာယာတဲ့ တရားတဲ့။

လောဘ အားကြီးလာရင် ဘာလုပ်သလဲဆိုရင် ကိုယ့်အလို ကိုယ့်ကိစ္စပြီးအောင် ဘယ်သူ့မှ မညှာဘူး၊ သူလုပ်ချင်တာ လုပ်တာပဲ၊ လောဘဆိုတာတော့ နည်းနည်းဆို သိပ်ပြီးတော့ လောဘအားကြီးလာပြီး ပထမတော့ ကိုယ်ရစရာတွေ ရအောင် လုပ်တယ်၊ ဘာမဆိုလုပ်တယ်၊ ဘယ်သူမှမင့်ဘူး၊ မိဘနဲ့သားသမီးတောင်မှ မင့်ဘူး၊ မိဘနဲ့သားသမီးတောင်မှ များသောအားဖြင့် သားသမီးတွေ အဲဒီ မိဘတွေအပေါ်မှာ ကျူးလွန်တာတွေ များတတ်တယ်၊ မင့်ဘူး၊ ငါ ဒီဟာ လုပ်လိုက်လို့ရှိရင်,ငါ ဒီဟာ ပြောလိုက်လို့ရှိရင် မိဘတွေ စိတ်မချမ်းမသာ ဖြစ်လိမ့်မည်၊ မင့်ဘူး၊ ကိုယ့်အလို တကယ်အရေးကြီးလာရင် တပ်မက်လာပြီ, သာယာလာပြီဆိုရင် ဘယ်သူ့မှမင့်ဘူး၊ ရှက်ရမှန်းကြောက်ရမှန်းလဲမသိဘူး၊ အကုန်လုံးလုပ်တာပဲ၊ ကြာက်စရာကောင်းတယ်။

တစ်စုံတစ်ယောက်ကို သတ်ရမယ်ဆိုရင်လဲ သတ်မှာပဲ၊ ဒီဥစ္စာ ကိုယ့်ကိစ္စ ပြီးမယ်ဆိုရင် သတ်ဖို့ရာ ဝန်မလေးဘူး၊ လောဘအားကြီးလာလို့ရှိရင် သတ်တယ်၊ လောကမှာ လူတွေ တစ်ဦးနဲ့တစ်ဦး ပြစ်မှားကျူးလွန်သတ်ဖြတ်ပြီးတော့ နေတာဟာ ဒီလောဘတွေရှိလို့၊ ဒါကြောင့်လဲပါတယ်၊ ဒီလောဘလက်သည် တစ်ခုပဲ၊ သူ့ကြောင့်ပဲဖြစ်၊ ထို့အတူ ဒေါသကြောင့်လဲ ပါပါတယ်၊ မောဟကြောင့်လဲပါတယ်၊ မာနကြောင့်လဲ ပါတယ်၊ ကိလေသာတွေ အားလုံးတော့ ပါလဲပါပါတယ်။

ဒါပေမယ်လို့ လောဘကပြဋ္ဌာန်းတာတစ်ခု၊ အဲဒီတော့ကာ လောဘဟာ ကောင်းသလား, မကောင်းသလား မေးတော့ ပညာရှိပုဂ္ဂိုလ်တွေ အနေနဲ့ဆိုရင်တော့ မကောင်းဘူးလို့ဖြေရမှာပါပဲ၊ မကောင်းဘူးလို့ ဖြေရမယ်၊ တစ်ချို့ မိမိ ကိုယ်တိုင်က လောဘရှိနေတဲ့ ပုဂ္ဂိုလ်တွေကဆိုတော့ လောဘတော့ ကောင်းတယ်လို့ ထင်တဲ့၊ ပုဂ္ဂိုလ်တွေ ရှိတော့ရှိသေးတယ်၊ လောဘလဲ ရှိဦးမှ လောဘ မရှိလို့ရှိရင်ဖြင့် စီးပွားချမ်းသာရေးတွေ ပျက်နေတယ်၊ တစ်ချို့က ဒီလို အောက်မေ့နေတယ်၊ အဲဒါကိုယ်က လောဘအားကြီးနေလို့ လောဘရဲ့ အပြစ်မမြင်တာပါပဲ။

ဥပမာ–ဘာလို့တုန်းဆိုလို့ရှိရင် မျက်စိမမြင်တဲ့ပုဂ္ဂိုလ်က မျက်စိကမမြင်တော့ ကိုယ့်မှာ ဘယ်လို အညစ်အကြေးတွေရှိနေနေ ကိုယ်အပြစ်ရှိတာတွေ မမြင်နိုင်ဘူးပေါ့လေ၊ ကိုယ်ကမြင်နိုင်ဖို့ရာ မျက်စိရှိမှ မရှိဘဲကိုး၊ ကိုယ်မှာလို ညစ်ပေနေလို့ မျက်စိမမြင်နိုင်ဘူး၊ အကြောင်အကြားကြီး ဖြစ်နေလဲ မမြင်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆို သူက မျက်စိကမမြင်ဘဲ၊ အဲဒါလိုပဲ၊ ကိုယ်က လောဘအားကြီးနေတော့ ဒီလောဘဖြစ်တာကို ကောင်းတယ် ထင်တာကိုး။

လောဘက သာယာတယ်၊ သူဘဝဟန်ကျနေတယ်လို့ သူမရှိလို့ရှိရင် မကောင်းဘူးလို့ သူက ထင်နေတာကိုး၊လောဘ အနေနဲ့ဆိုတော့ သူ့ဟာမှန်သလောက်တော့ မှန်တယ်၊ လောကထဲမှာ လောကတစ်ခု နုတ်လိုက်ရင် ပျော်စရာတော့မရှိတော့ဘူး၊ လောဘရှိလို့ ပျော်နေကြတာ၊ သူ့များနုတ်လိုက်လို့ရှိရင် ဘယ်သူမှပျော်ကြမည်မဟုတ်၊ ဘယ်သူမှမနေချင်ကြဘူး၊အကုန်လုံးလောကထဲက ထွက်ကုန်ကြမယ်၊ ရဟန္တာပုဂ္ဂိုလ်တွေမှာ လောကထဲ မပျော်တော့ဘူး၊ ခန္ဓာကိုယ်ကြီး တာဝန်လေးတာပါပဲ။

နာပိ နန္ဒိန္တိ မရဏံ၊ နာပိ နန္ဒိန္တိ ဇိဝိတံ။

ရဟန္တာပုဂ္ဂိုလ်များ–နာပိ နန္ဒိန္တိ မရဏံ၊ နာပိ နန္ဒိန္တိ မရဏံ–အသက်ရှင်ရခြင်းလဲ အလိုမရှိပါဘူး၊ အသက်ရှင်ရခြင်း အလိုမရှိတော့ အသက်ရှင်တာ မှန်နေရင် သေချင်တာလားဆိုတော့၊ နာပိ နန္ဒိန္တိ မရဏံ–သေလဲ မသေချင်ဘူးတဲ့၊ သေချင်တယ်ဆိုတာလဲ ဒေါသကိုသေအောင် ပျက်အောင်ကြံတာက ဒေါသကိုး၊ ဒေါသ, လောဘ, သို့သော်လဲ ခန္ဓာကိုယ်ကခန္ဓာကိုယ် ဆောင်နေရလို့ ဒုက္ခရောက်နေလို့ ဘာမှသာယာစရာမရှိ၊ အဲဒီတော့–

ကာလဋ္ဌ ပဋ္ဌကခ်ါမိ– ပရိနိဗ္ဗာန်စံရတဲ့ကာလပဲ၊ အဲဒီလို ရှုတာပါပဲ၊ ခန္ဓာဝန် ဇာတ်သိမ်းပြီးတော့ ရုပ်နာမ်တွေ ငြိမ်းပြီးသွားတဲ့ အဲဒီကာလကို အလိုရှိပါတယ်၊ ဘာများတုံးဆို။

ဝေတန ပဋ္ဌကော ယထာ။

ပဋ္ဌကော–နေ့စား အလုပ်လုပ်သော အလုပ်သမားသည်၊ ဝေတန်–လခရိုက္ခာကို၊ ပဋ္ဌကခ်ိတ်ကွေ့ဝ–အလိုရှိဘိသကဲ့သို့ တည်း၊ နေ့စား, လစား, လုပ်ရတဲ့ပုဂ္ဂိုလ်, အလုပ်လုပ်နေတဲ့ပုဂ္ဂိုလ်ဟာ အလုပ်လုပ်ရတာလဲပဲ ကောင်းလွန်းလို့အလုပ် လုပ်ရတာမဟုတ်၊ ဒါလဲပဲ ဒါအလုပ်သက်သက်အနေနဲ့ ကြည့်လို့ရှိရင်တော့ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲလုပ်ရတာ၊ ဒီတော့ အလုပ်မလုပ်ဘဲ နေချင်သလား၊ ဘာလဲဆို အလုပ်မလုပ်ဘဲနေမယ်ဆို ထမင်းစားရတာ မဟုတ်ဘူး၊ ဒီတော့ အလုပ်မလုပ်ဘဲ အလုပ်ပြုတ်တာလဲ သူသဘောမကျဘူး၊ အလုပ်လုပ်ရတာပင်ပန်းလို့၊ ကြိုက်လို့တော့ မဟုတ်ဘူး၊ မလွဲသာလို့လုပ်၊ အလုပ်မလုပ်ဘဲနဲ့ အလုပ်ပြုတ်သွားရင်လဲ အဲဒါလဲ သူမကြိုက်ဘူး၊ ဘာမှ ကြိုက်သလဲဆိုတော့ လခရတာတော့ ကြိုက်တယ်တဲ့၊ သူ့အချိန်ကျလို့ရှိရင်ဖြင့် အဲ–နေ့စားဖြစ်ဆိုရင် နေ့စားရ၊ လခလဲလစားဖြင့် လစား ဒါမလုပ်ပဲရနေရင် ပိုကောင်းတာပေါ့လေ၊ ဒီလို ဆိုလိုပါတယ်၊ ဒါလေးတော့ ကြိုက်တယ်။

အဲဒါလိုပါပဲတဲ့၊ ဥပမာပေးတာ၊ ရဟန္တာပုဂ္ဂိုလ်များ သာယာနှစ်သက်မှု လောဘလုံးလုံး ကုန်ပြီးတော့သွားတော့ လောကထဲမှာ ဗျော်စရာမရှိဘူး၊ မြင်ရတာလဲ ဗျော်စရာမရှိ, ကြားရတာလဲ ဗျော်စရာမရှိဘူး၊ လာရတာ, စားရတာ, တွေ့ထိရတာ စိတ်ကူးစဉ်းစား ကြံစည်ရတာ ဘာမှ ဗျော်စရာမရှိဘူး၊ ဒီခန္ဓာဝန်ကြီး မလွဲသာလို့ သူက ဆောင်ရွက်ပြီးနေရတယ်၊ ရေမိုးချိုးတန်ရင်ချိုးရ အစာကျွေးတန်ရင် ရှာပြီးကျွေးရတယ်၊ အညောင်းအညာပြေအောင်လို့ ကိုယ်လက်ဆန့်ခြင်း, သွားခြင်း, လာခြင်း ကျရိယာပုတ် ပြောင်းလွဲနေထိုင်ခြင်း စသည်ပြုပြင်ပြီး ပေးရတယ်။

သူများနဲ့ အတူတကွနေရတော့ အဝတ်အဆင် တန်ဆာတွေလဲပဲ မလွဲသာမရှောင်သာ သူက ဝတ်တန်သလောက်ကလေး ဝတ်ရသေးတာကိုး၊ ဒါလိုပဲ ပြုပြင်ပေးနေရတယ်၊ နေမကောင်း, ထိုင်မကောင်း ရောဂါဝေဒနာလဲ မဖြစ်တန် မဖြစ်ရအောင် ဒီလိုပဲ စောင့်ရှောက်ရသေးတာကိုး၊ ခန္ဓာကိုယ်ကြီးဟာ ဝန်ထုပ်ဝန်ပိုးကြီး ထမ်းထားရသလိုပဲ သာယာမှုကလေးသာ မရှိရင် လောကဘက်က ပုဂ္ဂိုလ်တွေပြောတာ သိပ်တော့ဆိုးတော့ မဆိုးလှဘူး၊ ဒါပေမယ့် ဒီ သာယာနှစ်သက်မှုကလေး ရှိနေလို့ပဲ၊ တာဝန်တွေက ဒုက္ခတွေများနေတာ။

ဒါကြောင့် သူကောင်းတယ်လို့တော့ မဆိုနိုင်ပါဘူး၊ မချီးမွမ်းနိုင်ပါဘူး၊ လောဘဟာ ကောင်းသလား, မကောင်းသလားဆိုရင် အမှန်တော့ ကောင်းတော့မကောင်းဘူးလို့ ဖြေရမှာပဲ၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ကောင်းတယ်လို့ဝန်ခံခဲ့လို့ရှိရင် အဲဒီပုဂ္ဂိုလ်ကို လောဘအားကြီးတဲ့ ပုဂ္ဂိုလ်က သူ့မှာရှိတဲ့ ပစ္စည်းတွေကို လိုချင်လို့လာယူရင် ဘယ့်နဲ့ပြောမလဲ၊ ကောင်းတယ်လို့ပဲ ပြောနိုင်ပါဦးမလားလို့ မပြောနိုင်ပါဘူး၊ ကိုယ့်ပစ္စည်းတွေလာပြီး သူက လိုချင်လို့လာယူတာကိုး၊ လောဘအားကြီးလို့ သူ့ဟာတွေလာယူ၊ သူက မြတ်နိုးနေတုန်း သူ့ဟာတွေ လာပြီးယူသွားရင် လောဘကောင်းပါတယ်လို့ ချီးမွမ်းထားတဲ့ပုဂ္ဂိုလ်ဆိုရင် ဒါ သာဓုခေါ်ရတော့မှာပဲ သူလာယူရင် သြော်–သူလောဘရှိလို့ လာယူတာပဲ၊ ကောင်းတဲ့တရားရှိလို့၊ သူလာယူတာပဲဆိုပြီး သာဓုခေါ်ရမှာ ဖြစ်နေတယ်၊ အဲ–သက်မဲ့ဝတ္ထုပစ္စည်း သက်ရှိဝတ္ထုပစ္စည်းတွေလဲပဲ ကိုယ်နဲ့စပ်တဲ့ အသက်ရှိ ဝတ္ထုပစ္စည်းတွေလဲ သူ လောဘ လာယူသွားသည်ဖြစ်စေ, တစ်စုံတစ်ရာ ကျူးလွန်သည်ဖြစ်စေ၊ သူ့ဟာ လောဘ ချီးမွမ်းတဲ့ ပုဂ္ဂိုလ်ဆိုရင် လက်ခံရတော့မှာလိုဖြစ်နေတယ်။

လောဘကောင်းတယ်၊ သူကပြောထားတာကိုး ဒီတော့ ဒီလိုကြတော့ လက်မခံနိုင်ပါဘူး။

အဲ–လောဘ အားကြီးတဲ့ပုဂ္ဂိုလ်ဟာ လောဘ အကြောင်းပြုပြီးတော့ သူလိုချင်တာရအောင်, ပြီးတဲ့ကိစ္စပြီးအောင်လို့ လာပြီးသတ်မယ်ဆိုလို့ရှိရင် ဘယ်အသတ်ခံနိုင်မှာလဲ၊ အဲဒီဥစ္စာကတော့ ပိုဆိုးတာပေါ့၊ အဲဒီတော့ လောဘအသတ်ခံနိုင်မှာလဲ၊ အဲဒီဥစ္စာကတော့ လောဘဆိုတာ တကယ်စင်စစ်တော့ မကောင်းဘူး၊ အဲဒါကြောင့် ရှင်အာနန္ဒာကမေးတော့ ဒါယကာကပြန်ပြီးတော့ ဖြေကြားလျှောက်ထားပါတယ်၊ လောဘဆိုတာ မကောင်းပါဘူး ဘုရားလို့ ဒါဖြင့် ကောင်းပြီ၊ ဒီလောဘငြိမ်းအောင် ကျင့်တာရော ကောင်းသလား, မကောင်းဘူးလားလို့မေးတော့ လောဘမကောင်းတော့ မကောင်းတဲ့တရား ငြိမ်းအောင်ကျင့်တာကို ကောင်းတယ်လို့ပဲ ဖြေရမှာပေါ့၊ ရောဂါဝေဒနာတွေ ဖြစ်တာ ကောင်းသလား, မကောင်းသလားမေးရင် မကောင်းဘူး၊ ဒီအတိုင်း ဖြေရမယ်။

ရောဂါဝေဒနာ ပျောက်အောင်လို့ ဆေးကုတာ ကောင်းသလား, မကောင်းသလားမေးရင် ဒီဆေးကုတာကတော့ ရောဂါပျောက်အောင်ကုတာကို ကောင်းတယ်လို့ ဖြေရမှာပေါ့၊ ဒါ ဘယ်သူမှ မငြင်းနိုင်ပါဘူး ထို့အတူ ဒေါသဟာလဲမကောင်းဘူး၊ ဒေါသငြိမ်းအောင် ကျင့်တာကောင်းတယ်၊ မောဟဟာလဲ မကောင်းဘူး၊ မောဟငြိမ်းအောင် ကျင့်တာကောင်းတယ်၊ သူက ဒီ ၃–ချက်ပဲ အရင်းခံမေးပါတယ်၊ ဒါပြင်လဲ ကိလေသာတွေ မေးမယ်ဆို ကိလေသာတွေ အများရှိပါသေးတယ်၊ အဲဒီလို မေးတော့ ဒကာက သဘောပေါက်သွားတယ်။

အရှင်ဘုရားတို့ ဂေါတမ မြတ်စွာဘုရားရဲ့ တပည့်သာဝကဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ ကောင်းသောအကျင့်တွေ ကျင့်နေတာပဲ၊ ဘာဖြစ်လို့တုန်းဆိုတော့ လောဘမဖြစ်အောင် အကျင့်တွေကျင့်နေတယ်၊ ဒေါသ, မောဟ မဖြစ်အောင်လို့ ကျင့်တယ်၊ ငြိမ်းအောင်ကျင့်နေတယ်၊ သီလအကျင့်တွေ ကျင့်နေတယ်၊ ကာယကံ ဝစီကံဖြင့် ကျူးလွန်တဲ့ ဝီတိက္ကမ လောဘ, ဒေါသ, မောဟတွေ မဖြစ်ရအောင်လို့ ကျင့်နေတာ၊ သာသနာ့ဘောင် ဝင်ရောက်ပြီးတော့ ရှင်သာမဏေပြုသည်ဖြစ်စေ၊ ရဟန်းပြုသည်ဖြစ်စေ, ကာယကံ, ဝစီကံမြောက် ကျူးလွန်တဲ့ အကုသိုလ်ဒုစရိုက်တွေ လောဘ, ဒေါသ, မောဟတွေ မဖြစ်အောင်လို့ ကျင့်ရတယ်၊ သိက္ခာပုဒ်က ဒါမလုပ်ရဘူး, ဟိုဟာမလုပ်ရဘူး, ဒီဟာမလုပ်ရဘူး၊ ဒါလုပ်လို့ရှိရင် ဘယ်အပြစ်သင့်မယ်၊မလုပ်ကောင်းဘူး၊ စသည်ဖြင့် ပညတ်ထားတာတွေရှိတယ်။

ဒါတွေလိုက်နာပြီး ကျင့်ရတယ်၊ အဲဒီလိုလိုက်နာပြီး ကျင့်သောအားဖြင့် ကာယကံ, ဝစီကံ ကျူးလွန်မည့် အကြမ်းစားဖြစ်တဲ့ လောဘ, ဒေါသ, မောဟတွေငြိမ်းတယ်၊ ဒါ သီလနယ်ကငြိမ်းတာ၊ လူတွေလဲ ဒီအတိုင်းပါပဲ၊ မြတ်စွာဘုရား သွန်သင်ဆုံးမထားတဲ့အတိုင်း ငါးပါးသီလ ဆိုတာကတော့ အောက်ထစ်ဆုံး အဲဒါ ကာယကံ, ဝစီကံတွေပဲ၊ သူတစ်ပါးအသက်ကို မသတ်ရဘူး၊ သူ့ဥစ္စာကို မခိုးရဘူး၊ မပိုင်ဆိုင်တဲ့ ကာမဂုဏ်တွေ မကျူးလွန်ရဘူး၊ ကာယကံ ၃–ပါး ကိုယ်နဲ့ကျူးလွန်ရတဲ့ အမှုကြီး ၃–မှု။

ဝစီကံလေးပါးရှိတယ်၊ မုသာဝါဒ–လိမ်မပြောရဘူး၊ ပိသုဏာဝါစာ–တစ်ဦးနဲ့တစ်ဦး မတဲ့အောင်လို့ ကုန်းမတိုက်ရဘူး၊ ဖရုသဝါစာ–ကြမ်းတမ်းတဲ့ ဆဲရေးတဲ့ စကားတွေမဆိုရဘူး၊ သမ္ဖပ္ပလာပ–အနှစ်မဲ့တဲ့ ဒဏ္ဍာရီဝတ္ထုတွေကို တကယ်အနေအားဖြင့် သူတစ်ပါးကို ယုံကြည်ပြီးတော့ နှစ်သက်သဘောကျပြီးတော့ အချိန်ကုန်အောင်, အလုပ်ပျက်အောင် ဒါတွေကို မပြောရဘူး၊ ဝစီကံလေးပါး နှုတ်နဲ့ကျူးလွန်တာ ဒီအထဲမှာ သုရာမေရယက ထည့်လိုက်တော့ ကာမေသုမိစ္ဆာစာရက ထည့်လိုက်တော့ သူလဲပါသွားတယ်။

အဲဒီတော့ ငါးပါးသီလတွေ အကျဉ်းချုပ်အားဖြင့် ငါးပါးသီလ၊ အကျယ်ဆိုလို့ရှိရင်ဖြင့် ကာယကံသုံးပါး၊ ဝစီကံကလေးပါး၊ အားလုံး အဲဒီသိက္ခာပုဒ်တွေကို စောင့်ရှောက်ပြီးနေတဲ့ ပုဂ္ဂိုလ်တွေဟာ ကာယကံနဲ့ ဝစီကံကို ကျူးလွန်တဲ့ အကုသိုလ်တွေ မဖြစ်ရအောင် ဒါ သူကောင်းသော အကျင့်တွေကျင့်တာပဲ၊ တစ်ခါထို့ထက် တိုးတက်ပြီးတော့ သီလတွေတိုးတက်ပြီးတော့ သမာဓိအကျင့်တွေ ကျင့်ရမယ်တဲ့၊ တစ်ခုတည်းသော အာရုံကို စူးစိုက်ပြီးတော့ နှလုံးသွင်းရမယ်၊ ကသိုဏ်းဖြင့် ကသိုဏ်းအာရုံ ဗုဒ္ဓါနုဿတိဆိုရင် ဘုရားဂုဏ်တွေ၊ ဓမ္မာနုဿတိ–တရားဂုဏ်၊ သံဃာနုဿတိ–သံဃာဂုဏ် နှလုံးသွင်းရမယ်။

ဒီအချိန်မှာ ဒိပြင်စိတ်မကူးရဘူး၊ ထပ်ခါထပ်ခါ နှလုံးသွင်းနေရင် ဒီအထဲမှာပဲ စိတ်ဝင်စားနေတယ်၊ အကယ်၍ တစ်ခြားကို စိတ်ထွက်သွားရင်လဲ ဒါပြန်လာခဲ့ရမှာ၊ ဒီအာရုံပြန်ပြီး နှလုံးသွင်းရမယ်၊ ထွက်သက်ဝင်သက် အာနာပါနရှုတဲ့ ပုဂ္ဂိုလ်ကလည်း အာနာပါနရှုမှတ်နေတော့ ဘယ်မှမသွားရဘူး၊ အဲဒီတော့ သမာဓိဖြစ်နေတယ်၊ သမာဓိအကျင့်တွေ ကျင့်နေသောအားဖြင့် စိတ်ထဲမှာ အကုသိုလ်စိတ်ကူးတွေ ဟိုဟာ လိုချင်, ဒီဟာလိုချင်၊ ဟိုကြံစည်, ဒီကြံစည် မကောင်းတဲ့အကုသိုလ်စိတ်တွေမဖြစ်ရဘူးတဲ့၊ ပရိယုဋ္ဌာန်တွေ ငြိမ်းသွားတယ်တဲ့၊ အဲ–သီလဖြင့် ကာယကံမြောက်, ဝစီကံမြောက်,ဝီတိက္ကမကိလေသာ ငြိမ်းနေတယ်၊ သမာဓိဖြင့် စိတ်ထဲမှာ ထကြွသောင်းကျန်းနေတဲ့ ပရိယုဋ္ဌာန် ကိလေသာ ငြိမ်းတယ်။

အဲဒါထက် တိုးတက်ပြီးတော့ ဝိပဿနာပညာ အားထုတ်တဲ့အခါ ဒွါရ ၆–ပါးက ဖြစ်တိုင်း, ဖြစ်တိုင်း ရုပ်နာမ်တွေကို မြင်ရင်ဖြင့် မြင်တာကို ရှုလိုက် မြင်ပြီးတော့ ပျောက်သွားတယ်၊ မမြဲဘူး သိရတယ်၊ ကြားရင်လဲ ကြားတာကို ရှုလိုက် ကြားမိချက်ချင်းပျောက်သွားတယ်၊ မမြဲဘူး၊ ထို့အတူ နံပြီး ချက်ချင်းပျောက်သွားလိုက် မမြဲဘူး၊ အရသာ စားသိလဲ သိပြီး ချက်ချင်းပျောက်သွားလိုက် မမြဲဘူး၊ အတွေ့အထိ ကလေးတွေလဲ ထိပြီးရင်း ပျောက်ရင်း မမြဲဘူး၊ ဖောင်းတာ ပိန်တာလေးတွေလဲ ဒါတွေပေါ့၊ (ဖောင်းလိုက် ပျောက်လိုက်–၂) (ပိန်လိုက် ပျောက်လိုက်–၂) မမြဲဘူး၊ ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်းလဲပဲ ဒီအတိုင်း–၂ ဖြစ်ပြီးတော့ ပျောက်ပျောက်သွားတာပဲ၊ မမြဲဘူး။

စိတ်ကူးစဉ်းစားကြံစည်မှုတွေ ဖြစ်လာရင် အဲဒီ စိတ်ကူးစဉ်းစားကြံစည်မှုတွေ ရှုလိုက်၊ စိတ်ကူးပြီးရင်း ပျောက်သွားရင်း၊ လိုချင်ပြီးရင်း ပျောက်သွားရင်း၊ နှစ်သက်ပြီးရင်း ပျောက်သွားရင်း၊ စိတ်ကူးလေးတွေ (ဖြစ်လိုက် ပျောက်လိုက်–၂)မမြဲတဲ့ တရားချည့်ပဲ၊ ဘာမှ မြဲတာမရှိဘူး၊ ရှုနေတဲ့ စိတ်, နှလုံးသွင်းနေတဲ့ စိတ်ကလေးလဲ ရှုပြီးပျောက်သွား၊ နှလုံးသွင်းပြီး ပျောက်သွား မမြဲဘူး။

မမြဲတဲ့တရားတွေဟာ ဆင်းရဲလား, ချမ်းသာလားဆို ဆင်းရဲပေါ့ ဒီဥစ္စာတွေ ဆင်းရဲဆိုပေမယ်လို့ အလူးအလဲခံရတာ၊ သည်လိုတော့ မဟုတ်ပါဘူး၊ အားကိုးလောက်တဲ့ တရားမဟုတ်ဘူး၊ ပကတိပုဂ္ဂိုလ်တွေအနေကတော့ ဒီလိုဖြစ်နေတာ ကိုယ်ကသာယာစရာတွေ အောက်မေ့နေတယ်၊ အကောင်းတွေ မှတ်နေတယ်၊ အဲဒါတွေ ကောင်းတာ မဟုတ်ဘူး၊ ဖြစ်ပြီးရင်း ပျောက်သွားရင်း ဘာမှ မကောင်းဘူး၊ နှစ်သက်စရာ, အားကိုးစရာ, မရှိဘူး။

အဲဒီလိုဖြစ်ပြီး ပျောက်နေလို့ ဘယ်အချိန်မဆို သေနိုင်တယ်၊ သေနေတာကြီးတည်းပဲ၊ ဖြစ်ပြီးရင်း (ပျောက်သွားရင်း–၂) သေနေတာပဲ၊ ခဏခဏ သေနေတယ်၊ နောက်ထပ် ရုပ်နာမ်တွေ အသစ်အသစ် ဖြစ်ပြီးတော့နေလို့၊ မဖြစ်ရင် တစ်ခါတည်း သေတာပဲ၊ ဒါကြောင့်မို့ ဖြစ်ပြီး ပျောက်သွားတဲ့ တရားတွေဟာဖြင့် ဆင်းရဲကြီးတည်းပဲလို့ ဘာမျှအားကိုးစရာလဲမရှိဘူး၊ အဲ–ဖြစ်ချည်ပျက်ချည်နဲ့ တရားတွေဖြစ်တော့ ပုဂ္ဂိုလ်သတ္တဝါတွေ မဟုတ်ဘူး၊ သူက ဖြစ်လိုက်ပျောက်လိုက် တရားလေးပဲ၊ သူ့သဘောအတိုင်း သူဖြစ်နေတဲ့ အနတ္တသဘောတရားချည်းပဲ။

လိုက် ရှုတိုင်း, ရှုတိုင်း သူက သိတယ်၊ (ရှုတိုင်း–၂) သိနေတာကိုး၊ ဖောင်းတာ မှတ်လိုက် မမြဲဘူး၊ ဆင်းရဲပဲ၊ အနတ္တသဘောတရားမျှပဲ၊ ပိန်တာ မှတ်လိုက် မမြဲဘူး၊ ဆင်းရဲပဲ၊ အနတ္တသဘောတရားမျှပဲ၊ မြင်တာမှတ်လိုက် မမြဲဘူး၊ ဆင်းရဲပဲ၊ အနတ္တသဘောတရားမျှပဲ၊ ကိုယ်က လှုပ်ရှားမှုတွေ ကွေးမှု ဆန့်မှုတွေ ဒါတွေမှတ်လိုက်လဲ ဖြစ်ပြီးပျောက်သွားတာပဲ၊ မမြဲဘူး၊ အားလုံး ဒီလို ဒီလို ပေါ်တိုင်း, ပေါ်တိုင်း လိုက်ပြီးတော့မှတ်။

ဥဒယဗ္ဗယညာဏ်ရောက်တော့ ပေါ်တိုင်း, ပေါ်တိုင်း, တရိပ် တရိပ်နဲ့ ပျောက်နေတာချည်းပဲ၊ ဘာမှ တည်နေတာ မရှိဘူး၊ မမြဲတဲ့ တရားချည်းပဲ၊ မမြဲတဲ့ တရားတိုင်း, တရားတိုင်းဟာ ဆင်းရဲချည်းပဲ၊ ဘာမှ အားကိုးစရာမရှိဘူး၊ တွယ်တာစရာ မရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါဆိုလဲ ခေါ်စရာ မရှိဘူး၊ ဖြစ်ပြီးပျောက်နေတာကိုး၊ ခဏလေးမှ တည်တာမှမဟုတ်ဘဲ ဖြစ်ပြီး ပျောက်နေတာပဲ။

အဲဒီတော့ ပုဂ္ဂိုလ်သတ္တဝါ ခေါ်လောက်တဲ့ တရားလဲ ဒီအထဲမှာ မရှိဘူး၊ အနိစ္စ, ဒုက္ခ, အနတ္တ တရားတွေ ဒါတွေလဲ သိနေတယ်၊ ဒီလိုသိနေတော့ မြဲတဲ့အနေအားဖြင့် သာယာတဲ့ကိလေသာ ဖြစ်ဦးမလားတဲ့၊ မဖြစ်နိုင်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် သာယာနှစ်သက်မှု ဖြစ်ပါဦးမလား၊ မဖြစ်နိုင်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ အနေအားဖြင့် သာယာနှစ်သက်မှု, တောင့်တမှု ဖြစ်ပါဦးမလား၊ မဖြစ်နိုင်ဘူး၊ အဲ–မြဲတဲ့အနေအားဖြင့် ထင်မြင်စွဲလမ်းပြီးတော့ သူတစ်ပါးတွေအပေါ်မှာ ပြစ်မှားမည့် ဒေါသ ဖြစ်ပါဦးမလား၊ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် ထင်မှားတဲ့ မောဟများ ဖြစ်ပါဦးမလား၊ မဖြစ်နိုင်ဘူး၊ လောဘ, ဒေါသ, မောဟ တရားတွေ ဖြစ်တိုင်း, ဖြစ်တိုင်း, အနိစ္စ, ဒုက္ခ, အနတ္တတရားတွေ အမှန်အတိုင်းသိနေတော့ တစ်ခါတည်း လောဘ, ဒေါသ, မောဟတွေ ငြိမ်းနေတယ်၊ (တစ်မှတ် မှတ်လိုက် တစ်ခါငြိမ်းလိုက်–၂) မှတ်တိုင်း မှတ်တိုင်း သူက ငြိမ်းနေတယ်၊ အဲဒါ ဝိပဿနာနယ်ကနေပြီးတော့ အနုသယ ကိလေသာ ငြိမ်းနေတာတဲ့။

အဲဒီ မြင်တုန်းကြားတုန်းက ဝိပဿနာရှုစဉ်က မြင်တာကြားတာတွေ ရှိတယ်၊ အဲဒီ မြင်တာ ကြားတာတွေ ရှုမှတ်ပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတွေ သိနေတယ်၊ ပြန်ပြီးစဉ်းစားရင်ကော စဉ်းစားလို့ရှိရင် စဉ်းလဲမစဉ်းစားပါဘူး၊ စဉ်းစားလဲပဲ နိစ္စ, သုခ, အတ္တ အနေအားဖြင့် ထင်မြင်စွဲလမ်းပြီးတော့ လောဘ, ဒေါသ, မောဟ မဖြစ်နိုင်တော့ဘူး၊ ငြိမ်းသွားတယ်။

အဲဒါလို အနုသယကိလေသာငြိမ်းတာတဲ့၊ ဒါ ဝိပဿနာနဲ့ ငြိမ်းတာ၊ အဲဒီလို ငြိမ်းပြီးတော့သွားလို့ အစဉ်အတိုင်း တက်သွားလို့ နောက်ဆုံးကျတော့ နိဗ္ဗာန်တရားကိုတွေ့ရတာကိုး၊ အဲဒီနိဗ္ဗာန်တရား တွေ့တဲ့အခါကျတော့ ငြိမ်းသင့် ငြိမ်းထိုက်တဲ့ ကိလေသာတွေ လုံးလုံးငြိမ်းတယ်၊ ငြိမ်းသွားတယ်၊ ဒါကတော့ သေရောပဲ၊ နောက်တစ်ခါကို ဘယ်တော့မှ ပြန်မဖြစ်တော့ဘူး၊ ခုနက ဝိပဿနာက ငြိမ်းတယ်ဆိုတာကတော့ နောက် ပြန်လည်စဉ်းစားပြီးတော့ တစ်နည်းနည်းနဲ့ ကိလေသာ ဖြစ်နိုင်သေးတယ်၊ ယခု အရိယာမဂ်ကနေပြီး ငြိမ်းသွားတယ်၊ ပြန်ကိုမလာတော့ဘူး၊ သေရောပဲ၊ ကိလေသာတွေ အဲဒီလို ငြိမ်းသွားတာကိုး။

အဲဒါ အနုသယ ကိလေသာ ငြိမ်းတာ၊ ဒီတော့ သီလနဲ့ ဝီတိက္ကမ ကိလေသာငြိမ်းသည်၊ သမာဓိနဲ့ ပရိယုဋ္ဌာန် ကိလေသာ ငြိမ်းသည်၊ ပညာနဲ့ အနုသယ ကိလေသာ ငြိမ်းသည်၊ ကိလေသာအဆင့်သုံးဆင့် ရှိတယ်၊ အဲဒီသုံးဆင့်မှာ ဒီက သီလ, သမာဓိ, ပညာ တရား ၃–ဆင့်နဲ့ အစဉ်အတိုင်း ပယ်သတ်ပြီး ကျင့်ရတာကိုး၊ မြတ်စွာဘုရား သာသနာတော်မှာ အဲဒီလို ပယ်သတ်ပြီးတော့ကျင့်တော့ ဒီလိုကျင့်တဲ့ ပုဂ္ဂိုလ်တွေဟာ သုပ္ပဋိပန္နော–လောဘ, ဒေါသ, မောဟ ကင်းကြောင်း ကောင်းမွန်စွာ ကျင့်ကြံတော်မူတတ်သော သံဃာတော်မြတ် ပါပေတကား။

သံဃာတော်ဂုဏ်က ဒီလို ဆင်ခြင်ရမှာကိုး၊ သံဃာဂုဏ်က သက်နှံးဝါဝါ ဝတ်ထားရုံနဲ့ မဟုတ်သေးဘူး၊ ဝါဝါလေး ဝတ်ထားတာကတော့ ကြည်ညိုတာလဲ ဒါကတော့ ကုသိုလ်ရပါတယ်၊ သို့သော်လည်း ဒီဥစ္စာ မဟုတ်သေးဘူး၊ လောဘ, ဒေါသ, မောဟ ငြိမ်းအောင်လို့ ကောင်းကောင်းကျင့်နေပါပေတယ်၊ သီလအကျင့်တွေ မြတ်စွာဘုရား သွန်သင်ဆုံးမတဲ့အတိုင်း ကျင့်နေပါပေတယ်၊ သမာဓိ အကျင့်တွေ ကျင့်နေပါပေတယ်၊ ပညာ အကျင့်တွေ ကျင့်နေပါတယ်၊ အဲဒီလို အာရုံပြုပြီးတော့ သံဃာ့ဂုဏ်ကို နှလုံးသွင်းရ, အောက်မေ့ရ, ဆင်ခြင်ရမှာ၊ ကဲ–ကဲ ရှေးဦးစွာ ဒီ အပိုဒ်ကလေးက စပြီးဆိုပါ၊ အသေးစိတ်က–

သုပ္ပဋိပန္နော–လောဘ, ဒေါသ, မောဟကင်းကြောင်း ကောင်းမွန်စွာ ကျင့်ကြံတတ်

သော သံဃာတော်မြတ်ပါပေတကား။ (ဆို–၃)။

အဲဒီ သံဃာတော်တွေဟာ ဘယ်သံဃာတော်တွေလဲဆို၊ ဘုရား လက်ထက်ကစပြီးတော့ ဆုံးမတော်မူတဲ့အတိုင်း ကျင့်လာတဲ့ သံဃာတွေ အကုန်လုံး ယခု မျက်မှောက်တွင် တွေ့ရတဲ့ ကိုယ်တော်တစ်ပါးကိုလဲ ဆိုတာ မဟုတ်ဘူး၊ ၄–၅–၁၀ပါးလဲ ဆိုတာ မဟုတ်ဘူး၊ ၁၀၀–၁၀၀၀ လဲဆိုတာ မဟုတ်ဘူး၊ တစ်သာသနာလုံး ငါတို့ မြတ်စွာဘုရား၏ သွန်သင်ဆုံးမတဲ့ အတိုင်း ကောင်းကောင်းကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ အကုန်လုံးကို ပြောတာ၊ ကဲ–ခေါင်ချုပ်က စပြီးပြောမယ်ဆိုရင် ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်အစရှိသော အဲဒီ ရဟန္တာကြီးတွေကစ၍ ယခု လက်ရှိ မြတ်စွာဘုရား၏ တပည့်သားတွေ လောဘ, ဒေါသ, မောဟ ငြိမ်းအောင်လို့ ကောင်းကောင်းသီလကို ရိုရိုသေသေ ကျင့်နေတယ်၊ သမာဓိ သိက္ခာတွေ ရိုရိုသေသေ ကျင့်နေတယ်၊ ပညာ သိက္ခာတွေကို ရိုရိုသေသေ ကျင့်နေတယ်။

အဲဒီလိုကျင့်နေတဲ့ ပုဂ္ဂိုလ်အပေါင်းဟာ သုပ္ပဋိပန္နပဲတဲ့၊ တစ်စိတ် တစ်ဒေသအားဖြင့် လူတွေလဲ ပါနိုင်ပါတယ်၊ လူတွေလဲ ကောင်းကောင်းမွန်မွန် ကျင့်နေတာ ရှိသားပဲ၊ လူလဲ သူ့သီလအလျောက် ဘုရားဆုံးမတဲ့အတိုင်း လူ့သီလတွေကျင့်နေတယ်၊ သမာဓိပညာတွေကျတော့ အတူတူလိုပဲ၊ သိပ်မထူးဘူး၊ သူကတော့ အဆင့်အတန်း အရဟတ္တမဂ်ဖိုလ် ရောက်အောင် ပြည့်စုံနိုင်တာနဲ့ မပြည့်စုံနိုင်တာ ဒါလောက်ပဲ ကွာတယ်၊ လူထဲမှာလဲပဲ အရဟတ္တမဂ်ဖိုလ်ရောက်အောင် ပြည့်စုံတဲ့ပုဂ္ဂိုလ်က အနည်းငယ်တော့ရှိတယ်၊ သို့သော်လည်း ရဟန်းထဲကတော့ များတာပေါ့၊ အဲဒါလောက်ပဲကွာတယ်၊ သူ အကုန်လုံး တူနေတာပဲ။

အဲဒီတော့ လောဘ, ဒေါသ, မောဟ ကင်းအောင်လို့ သီလကို ရိုရိုသေသေ ကျင့်နေတယ်၊ သမာဓိ ပညာ ရိုရိုသေသေ ကျင့်နေတယ်၊ အဲဒီဟာတွေဟာ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်တွေပဲတဲ့၊ လောဘငြိမ်းအောင်, ဒေါသငြိမ်းအောင်, မောဟငြိမ်းအောင် ဒီ လောဘ, ဒေါသ, မောဟတွေရှိလို့ ကိုယ်အကျိုးမဲ့လဲ ဖြစ်တယ်၊ သူတစ်ပါးအကျိုးမဲ့လဲ ဖြစ်တတ်တယ်၊ အကုသိုလ်တွေပွားပြီး အပါယ်လေးပါးလဲ ကျတတ်တယ်၊ သံသရာ ဒုက္ခတွေ ရောက်ပြီးတော့နေတယ်။

အဲဒီ ဆင်းရဲဒုက္ခတွေ အကုန်လုံး ကင်းပြီးငြိမ်းပြီးသွားအောင်လို့ လောဘကင်းအောင်, ဒေါသကင်းအောင်, မောဟ ကင်းအောင်ကျင့်နေတဲ့ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်တွေ ကျင့်နေပါပေတယ်လို့ ရှေးက မြတ်စွာဘုရားသာသနာတော် တည်ထောင်စကစပြီး ရှင်သာရိပုတ္တရာတို့, ရှင်မောဂ္ဂလာန်တို့ ဒီလိုသီလတွေ ကျင့်နေတယ်၊ သမာဓိအကျင့်တွေ ကျင့်နေတာရှိတယ်၊ ပညာတွေ, ဝိပဿနာတွေ ရှင်မဟာမောဂ္ဂလာန်က ၇–ရက် ကျင့်ရတယ်၊ ရှင်မဟာမောဂ္ဂလာန်က ၇–ရက် ဝိပဿနာတရား အားထုတ်ရတယ်၊ ၇–ရက် အားထုတ်လို့ ပင်ပန်းပြီးတော့ ၁–ရက်များ ငိုက်မြည်းပြီးတော့နေလို့ ဘုရားကတောင် သတိပေးရသေးတယ်။

အစလာယတိ မောဂ္ဂလာန–မောဂ္ဂလာန်၊ ငိုက်နေသလားတဲ့။

တရားအားထုတ်ရတာ၊ တရားအားထုတ်ရင်ဖြင့် လွယ်လွယ်လေး အောက်မေ့နေတယ်၊ ဒီလိုမဟုတ်ဘူး၊ သူ့ဟာက မောဂ္ဂလာန်ကြီးတောင် အတော်အားထုတ်ရတာပဲ၊ ငိုက်မြည်းပြီးနေလို့ မြတ်စွာဘုရားက သွားသတိပေးရသေးတယ်၊ သတိပေးတဲ့အခါ သတိပေးပုံတွေပါတယ်၊ ရှင်မောဂ္ဂလာန်ကြီး ငိုက်မြည်းလာလို့ရှိရင် မငိုက်မြည်းအောင် လုပ်ဖို့ရာတွေပါတယ်၊ ကိုယ်အင်္ဂါတွေ ဘာတွေပြုပြင်ဖို့ စက်ဘီးလေးဘာလေး လျှောက်ဖို့နေပြီးတော့ နားတို့ ဘာတို့ လက်နဲ့ဘာနဲ့ ပွတ်ပေးဖို့ရာတွေပါတယ်၊ ငိုက်မြည်းတာတွေ ပျောက်သွားအောင်လို့ ဒီလိုလုပ်ရမှာတွေတောင် ပါတယ်၊ သွန်သင် ဆုံးမပြီးတော့ပေးတယ်၊ အဲဒီလို သွန်သင်ဆုံးမပေးပြီးတော့ ရှင်မဟာမောဂ္ဂလာန်လဲ အားထုတ်လို့ ၇–ရက်ပြည့်လို့ ၈–ရက်မြောက်တဲ့အခါမှာ ၇–ရက် အားထုတ်ရပြီးတဲ့အခါ ကျတော့ သူက ရဟန္တာဖြစ်သွားပါတယ်။

ရှင်သာရိပုတ္တရာ မထေရ်မြတ်က ပိုပြီးတောင် ကျင့်ရသေးတယ်၊ ရှင်သာရိပုတ္တရာ ပထမ အဿဇိမထေရ်က ဂါထာလေးတစ်ပိုဒ်ကို ကြားနာပြီးတော့ ဂါထာနှစ်ပါဒနဲ့ပဲ သောတာပန် ဖြစ်လာခဲ့လို့ ကျမ်းဂန်တွေမှာ ပြဆိုထားပါတယ်၊ ဒါပေမယ်လို့ ရဟန်းအဖြစ် ရောက်ပြီးတဲ့အခါ ၁၅–ရက် အားထုတ်ရတယ်၊ ၁၅–ရက် အားထုတ်တော့ သူရဟန္တာ ဖြစ်သွားပါတယ်၊ သူလဲ အတော်ကြာအောင် အားထုတ်နေရတာ။

လောဘ, ဒေါသ, မောဟ ကင်းငြိမ်းအောင် သီလအကျင့်တွေ, သမာဓိအကျင့်တွေ, ပညာအကျင့်တွေ ကျင့်ရတယ်၊ အရှင်မဟာကဿပကြီးလဲ ဒီလိုပဲ၊ ၇–ရက်လောက် အားထုတ်ရတယ်၊ ဒီလိုပါပဲ၊ သူ့ဥစ္စာက အသီးသီး အားထုတ်ကြရပါတယ်၊ အဲဒီအထဲမှာ အထူးအားထုတ်ရတာက ရှင်သောဏမထေရ်ပဲ။

ရှင်သောဏ ဆိုတာဖြင့် သူက သေဋ္ဌေးသား မနေ့ကလဲ ပြောပြီး သွားပြီ၊ အင်မတန်ကို ချမ်းသာကြွယ်ဝတဲ့ ပုဂ္ဂိုလ်ကနေပြီးတော့ သာသနာ့ဘောင်မှ ရဟန်းဝင်ပြီးတော့ ပြုတယ်၊ ရဟန်းဝင်ပြုပြီးတော့ တရားအားထုတ်တာ သူတော်တော် အား

ထုတ်ရတယ်၊ သူ့စကြိုလျှောက်တဲ့ နေရာမှာ ခြေထောက်က ပေါက်ပြီးတော့ သွေးတွေ ထွက်ကုန်တော့တယ်၊ သွေးတွေထွက်လဲ မလျှော့ဘူး စကြိုတွေ လျှောက်နေတယ်၊ အင်မတန်ကို အပြင်းအထန် အားထုတ်ရတယ်၊ အဲဒီလို အားထုတ်ရတယ်။

အဲဒီတော့ လောဘ, ဒေါသ, မောဟ ကင်းအောင် ကိလေသာတွေ ကင်းဝြေးပြီးတော့ သွားအောင် အဲဒီလို ကျင့်သုံးပြီးနေတဲ့ မြတ်စွာဘုရား၏ သာသနာတော်က ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်, ရှင်မဟာကဿပ, ရှင်သောဏမထေရ် အစရှိသည်ဖြင့် ရှားကပုဂ္ဂိုလ်တွေ၊ အဲဒါတွေ အာရုံပြုပြီးတော့ ကြည်ညိုရမှာပေါ့၊ ရှင်အာနန္ဒာလဲပဲ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သင်္ဂါယနာတင်ခါနီး တစ်ညတည်း ဒီပြင်ကလဲ အားထုတ်ဖူးတာကိုး၊ တစ်ညတည်း၊ အဲဒီ ညတော့ အထူးသဖြင့် အားထုတ်တယ်၊ တစ်ညလုံးပေါက် အားထုတ်တယ်၊ လျှောက်ပြီး အားထုတ်တယ်၊ နံနက်လင်းခါနီးရောက်တော့ ဘာမှတော့ မဖြစ်သေးဘူး၊ တရားကို အားထုတ်နေတာပဲ၊ ဘာမှလဲ မဖြစ်သေးဘူး၊ ဝီရိယလွန်ပြီး နေတယ်ဆိုပြီး ဝီရိယလျှော့ပြီး သမာဓိ အားကောင်းအောင်လို့ အခန်းထဲဝင် အိပ်ရာပေါ်မှာလဲပြီး အားထုတ်ဦးမယ်လို့၊ အဲဒီလို နှလုံးသွင်းပြီး အိပ်ရာပေါ်မှာ အလဲလိုက်မှာ သူ့ဟာ အဆင်သင့်ပြီးတော့ စောစောက အပြင်းအထန် အားထုတ်တုန်းက တရားကမတက်ဘူး၊ အိပ်ရာထဲ အလဲလိုက်မှာ သူက ဝီရိယလျှော့ပြီးတော့ သမာဓိအားနဲ့ ညီမျှသွားတာကိုး၊ အစက ဝီရိယတွေက သိပ်ကောင်းနေတာ သိပ်ကောင်းနေတော့ သမာဓိက မလိုက်နိုင်ဘဲ ဖြစ်နေတယ်၊ ဝီရိယနဲ့ သမာဓိနဲ့မျှပြီး အလဲလိုက်ကလေးမှာ (လဲတယ်–၂) (အိပ်တယ်–၂) ယခုကာလ မှတ်တဲ့အမှတ်မျိုး အဲဒီအတွင်းမှာ တစ်ခါတည်း သမာဓိနဲ့ဝီရိယမျှပြီး ဝိပဿနာဉာဏ်တွေတက်သွားတာ အင်မတန် အံ့သြစရာ ကောင်းတယ်။

သောတာပတ္တိ သောတာပန် ပုဂ္ဂိုလ်ကနေပြီး တရားအားထုတ်တော့ ဝိပဿနာဉာဏ် အစဉ်အတိုင်း တက်ပြီးတော့ သကဒါဂါမိမဂ်ကို ရောက်သွားတာ၊ အဲဒီကနေပြီး ဝိပဿနာရှုပြန်တော့ အရဟတ္တမဂ်ကို ရောက်တယ်၊ သုံးဆင့်တက်ရတယ်၊ မကြာဘူး၊ သူက ခဏလေးပဲ၊ တစ်လဲ လဲချလိုက်တာလေးပဲ၊ ယခုကာလ အမှတ်မရှိဘဲနဲ့ ဖြုန်းခနဲ လဲချလိုက်တာမျိုး ဆိုရင် တော့ရောက်မှ ရောက်ပါ့မလား မပြောတတ်ဘူး၊ ဖြုန်းခနဲဆို လဲချလိုက်တာကို အမှတ်မရှိတဲ့ ပုဂ္ဂိုလ်တွေက အိပ်ရာထဲလဲတယ်၊ အမှတ်ရှိမှာလဲ၊ အဲ–အမှတ်ရှိတဲ့ ပုဂ္ဂိုလ်တွေကျတော့ တဖြည်းဖြည်းပဲ အိပ်တယ်၊ (လဲတယ်–၂) ဆိုပြီး အမှတ်မှတ်ပြီး အိပ်သွားတာ၊ သူက ဖြစ်နိုင်ပါတယ်။

အဲဒီမှာ မဂ္ဂ သုံးဆင့်၊ ဖိုလ် သုံးဆင့် တစ်ခါတည်း တက်သွားတာ၊ တက်သွားပြီးတော့ ရဟန္တာ ဖြစ်တာ၊ အဲဒါလဲ သုပ္ပဋိပန္နပဲ၊ ကောင်းသော အကျင့်တွေကျင့်တာ၊ ဒီပြင် ပုဂ္ဂိုလ်တွေလဲ ဒီနည်းအတိုင်းကျင့်ရင် ကောင်းမှာပါပဲ၊ မြတ်စွာဘုရား သာသနာ တစ်လျှောက်လုံး ဒီလိုပဲ ကျင့်ကြတာ၊ တစ်ချို့ မထေရ်ကြီးများ မဟာသိဝ မထေရ်ကြီးများ အနှစ် ၃၀–တောင်ကျင့်ရှာတယ်၊ အနှစ် ၃၀–တစ်ခါတည်း အကြာကြီးကျင့်ရတာ။

ယခုကာလ တစ်ချို့ အားထုတ်လို့ ရက်ကလေး ၄–၅–၁၉–ရက်၊ အရက် ၂၀–လောက်ကျရင် တရားကလဲ ရခဲတယ်ဆိုပြီး စိတ်တွေ ပျက်သွားတတ်သေးတာကိုး၊ တစ်ချို့ တစ်လလောက် ကြာတဲ့အခါကျတော့ တော်တော်ကို စိတ်ပျက်လာပြီး ကမ္မဋ္ဌာန်းကျောင်းက ထွက်ချင်လာပြီ၊ တစ်လ–နှစ်လကြာရင် ဟိုတုန်းက မထေရ်ကြီးကျင့်ရှာတယ်၊ အနှစ် ၃၀–တောင် ကျင့်ရတယ်၊ ဒီလို ကျင့်ရတယ်၊ အဲဒီလို အနှစ် ၃၀–ကာလ ကျင့်နေတဲ့ မထေရ်ကြီးတွေလဲ အနှစ် ၃၀–ပတ်လုံး သီလရော, သမာဓိရော, ပညာရော ဒီလိုကျင့်နေတာပဲ၊ အဲဒါ လောဘ, ဒေါသ, မောဟကင်းအောင် ကောင်းသောအကျင့်တွေကို ကျင့်နေတာပဲတဲ့၊ သုပ္ပဋိပန္နာ–လောဘ, ဒေါသ, မောဟကင်းကြောင်း ကောင်းမွန်စွာ ကျင့်ကြံတော်မူတတ်ပါပေစွတကား။

လောဘ, ဒေါသ, မောဟ ကင်းကြောင်း ကောင်းစွာ ကျင့်ကြံတော်မူတတ်ပါပေတယ်လို့ မြတ်စွာဘုရား တပည့်သားသံဃာတော်တွေ အာရုံပြုပြီးတော့ ကြည်ညိုရပါတယ်၊ သံဃာတော်တွေ ရှိခိုးတိုင်း, အရိုအသေပြုတိုင်း နှလုံးသွင်းပြီး သကာလ အရိုအသေ ပြုရတယ်၊ အရိုအသေပြုတိုင်း, လှူဒါန်းတိုင်း ဒီဂုဏ်နဲ့ နှလုံးသွင်းပြီး သကာလ အရိုအသေပြုရတယ်၊ ဒီဂုဏ်နဲ့ နှလုံးသွင်းပြီးသကာလ အဲဒီမှာ ကောင်းကောင်းမွန်မွန်ကျင့်တော့ ဘယ်လိုအကျင့်တွေတုန်းဆိုတော့ သီလအကျင့်တွေ, သမာဓိအကျင့်တွေ, ပညာအကျင့်တွေပဲ၊ သီလအကျင့်ဖြင့် သီလကို ရိုရိုသေသေ လုံလုံခြုံခြုံ ကျင့်နေတဲ့ ပုဂ္ဂိုလ်က ဝစီကံမြောက် ကျူးလွန်ခဲ့တဲ့အမှုတွေ မရှိဘူး၊ သမာဓိအကျင့် ကျင့်နေတဲ့ပုဂ္ဂိုလ်က စိတ်ထဲမှာ စိတ်ကူးနဲ့ ပရိယုဋ္ဌာန် စိတ်ကူး ထကြွသောင်းကျန်းမှု လောဘ, ဒေါသ, မောဟ အကြမ်းစားတွေ မဖြစ်ဘူး။

အဲ .... ဝိပဿနာဖြင့် ဒွါရ ၆–ပါးက ပေါ်လာတိုင်း, ပေါ်လာတိုင်း ရှုမှတ်ပြီးတော့ ဖြစ်ပျက်ပြီး အနိစ္စ, ဒုက္ခ, အနတ္တ သိနေတဲ့ပုဂ္ဂိုလ်က အနုသယ ကိလေသာတွေ နောင် ပြန်လည်စဉ်းစားပြီး ဏာဘာ, ဒေါသ, မောဟ ဖြစ်ဖို့ရာတွေ ကိလေသာ အမြစ်အရင်းတွေ ကိလေသာအနုစားတွေ၊ အဲဒါတွေ မဖြစ်ဘူးတဲ့၊ အဲဒါကြောင့် အဲဒါလေးလဲမှတ်ရမယ်၊ ကောင်းကောင်းမွန်မွန်ကျင့်ဆိုတာ ဒါပဲ၊ ကောင်းကောင်းမွန်မွန် ကျင့်တယ်ဆိုတာဟာ သီလနဲ့ ဝိတိက္ကမ အကုသိုလ်တွေ မဖြစ်အောင် ကျင့်တယ်၊ သမာဓိနဲ့ ပရိယုဋ္ဌာန် ကိလေသာတွေ စိတ်ကူးထဲမှာ ထကြွသောင်းကျန်းတဲ့ လောဘ, ဒေါသ, မောဟ မဖြစ်အောင် ကျင့်ရတယ်၊ ပညာနဲ့ အနုသယ ကိလေသာတွေ နောင်အကုသိုလ် တရား ဖြစ်ကြောင်း ဖြစ်တဲ့ မျိုးစေ့ ကိလေသာတွေ မဖြစ်အောင် မကိန်းဝပ်ရအောင် ကျင့်ရမယ်၊ အဲဒါပါပဲ၊ ကဲ...ကဲ...ဆိုရမယ်။

သီလဖြင့် ဝိတိက္ကမကိလေသာကို ပယ်သည်။
သမာဓိဖြင့် ပရိယုဋ္ဌာန်ကိလေသာကို ပယ်သည်။
ပညာဖြင့် အနုသယကိလေသာကို ပယ်သည်။

အဲ ... မြတ်စွာဘုရား၏ တပည့်သား ဖြစ်တဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသော တစ်သာသနာလုံး မြတ်စွာဘုရား အဆုံးအမ သြဝါဒလိုက်နာကျင့်တဲ့ သံဃာတော်ဟာ သီလ ဖြစ်ရင်လဲပဲ ဝိတိက္ကမ ကာယကံမြောက်, ဝစီကံ မြောက်ကျူးလွန်တဲ့ လောဘ, ဒေါသ, မောဟ အကြမ်းစားတွေ ကျင့်ပယ်ပြီးတော့ ကျင့်သွားရမယ်။

သမာဓိဖြင့် စိတ်ထဲမှာ စိတ်ကူးတွေ တော်တော်ပဲ မတော်တာတွေ စိတ်ကူးတတ်တယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ခဏခဏ အဲဒါတွေ မှတ်မှတ်ပြီး နေရတယ်၊ အဲဒီလူမျိုးတွေ မဖြစ်ရအောင် ကျင့်သွား၊ ဒွါရ ၆-ပါးဖြစ်ခိုက် ရုပ်နာမ်တွေရှုမည့် ဝိပဿနာပညာဖြင့် အနုသယကိလေသာတွေတဲ့ မရှုရင် ဖြစ်မယ်၊ လောဘ, ဒေါသ, မောဟကိလေသာ ဖြစ်ခွင့်မရအောင် ရှုပြီးတော့ ကျင့်သွားရတယ်။

အဲဒါ သုပ္ပဋိပန္နော-လောဘ, ဒေါသ, မောဟ ကင်းအောင် ကောင်းသောအကျင့်ကို ကျင့်တော်မူတတ်ပါပေတကား၊ သုပ္ပဋိပန္နော-လောဘ, ဒေါသ, မောဟ ကင်းအောင် ကောင်းမွန်စွာ ကျင့်ကြံတော်မူတတ်ပေစွ တကား။

အဲ ... လောဘ, ဒေါသ, မောဟ ကင်းအောင် ကောင်းမွန်စွာ ကျင့်တော်မူတတ်ပါပေတယ်လို့ သံဃာ့ဂုဏ်ကို အာရုံပြုရတယ်၊ ဝမ်းသာစရာ အင်မတန်ကောင်းတယ်၊ ဒီသံဃာတော်တွေကို အမှီပြုပြီးတော့ မိမိတို့ ကိုယ်တိုင်ကိုးကွယ် ဆည်းကပ် နေရတယ်တဲ့၊ ဒီတော့ ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်တွေလဲပဲ မိမိတို့ ဒီသံဃာတော်တွေထဲ ပါဝင်နေတာကိုး။

လောဘ, ဒေါသ, မောဟကင်းအောင် ကောင်းသောအကျင့်ကိုကျင့်ရပါတယ်တဲ့၊ သံဃာတော်ထဲ အပါအဝင်ပါပဲ၊ ဝမ်းသာစရာ ကောင်းပါတယ်တဲ့ ရဟန်းတော်တွင် မဟုတ်ပါဘူး၊ လူတွေလဲပဲ, လူ့သိက္ခာတွေလဲပဲ ကျင့်ရင် ကောင်းပါတယ်၊ သူလဲ ပါဝင်နေတာပဲ၊ သူလဲ ပါဝင်နေတယ်၊ လောဘ, ဒေါသ, မောဟကုန်ကြောင်း ကောင်းသောအကျင့်ကို ကျင့်နေရတာပါပဲ။

လောဘ, ဒေါသ, မောဟဖြစ်မယ်၊ သီလကလဲကျင့်တယ်၊ သမာဓိကလဲပဲ ကျင့်လို့ စိတ်တွေတော်တော် ပြေးမသွားရအောင်ထိန်း၊ ပညာကလဲ ရှုတိုင်း-ရှုတိုင်း ဒွါရ ၆-ပါးက ဖြစ်မည့် ကိလေသာတွေ မဖြစ်ရအောင် အနုသယကိလေသာ ငြိမ်းတန်သမျှငြိမ်းအောင်၊ ဒီတော့ ဝမ်းသာစရာ သိပ်ကောင်း၊ ဒါကြောင့်မို့ ဝိတိတွေဖြစ်တာ၊ သံဃာ့ဂုဏ်တွေ အာရုံပြုလိုက်တဲ့အခါ ရှေ့က အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အစရှိသော မြတ်စွာဘုရား၏ တပည့်သားဖြစ်သော ရဟန္တာမထေရ်ကြီးတွေ ကျင့်နေတာတွေ နလုံးသွင်းရင် တော်တော်ကို ဝမ်းသာစရာကောင်းတယ်။ ဝိတိပါမောဇ္ဇ သိပ်အားရစရာ, ကောင်းတယ်။

အဲ-မိမိတို့ မိမိတို့လဲပဲ ဒီသံဃာ့ဂုဏ်ထဲပါအောင် လောဘ, ဒေါသ, မောဟကင်းကြောင်း ကောင်းသောအကျင့်တွေ ကျင့်နေရတာပဲ ဆိုပြီးတော့ အင်မတန်ကို ဝမ်းသာအားရစရာ ဖြစ်စရာဖြစ်တယ်၊ ဒါကြောင့် သံဃာ့ဂုဏ်တွေ အာရုံပြုပြီးတော့ နလုံးသွင်းရင် ဝိတိပါမောဇ္ဇတွေ ဖြစ်တတ်ပါတယ်တဲ့ ကိုင်း-ပြန်ပြီး နလုံးသွင်းစမ်းပါဦးတော့၊ သံဃာတွေ အာရုံပြုပြီးတော့-

သုပ္ပဋိပန္နော-လောဘ, ဒေါသ, မောဟကင်းကြောင်း ကောင်းမွန်စွာ ကျင့်ကြံတော်မူ
တတ်သော သံဃာတော်မြတ်ပါပေတကား။ (၃-ခေါက်ဆို)

အဲ-သံဃာတော်မြတ်ရဲ့ သုပ္ပဋိပန္နဂုဏ်တွေ ငါ့မှာ ထိုက်သည့်အားလျော်စွာ ပြည့်စုံနေတာပဲ၊ အဲဒီလို အာရုံပြုလိုက်ရင် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က အင်မတန် ဝမ်းသာစရာကောင်းပါတယ်၊ အင်မတန်ကို ဝမ်းသာစရာကောင်းပါတယ်၊ တရားအားမထုတ်စဉ် အခါကာလတုန်းက အခုပြောတာတွေ ပြည့်ပြည့်စုံစုံ မဖြစ်သေးဘူးပေါ့၊ သီလတော့ရှိမှာပေါ့၊ ဒါပေမယ်လို့ သမာဓိအားမရှိသေးဘူး၊ ပညာလဲမရှိသေးဘူး၊ ရဟန်းပုဂ္ဂိုလ်တွေဖြစ်စေကာမူ တရားအားမထုတ်ဘဲ အလွတ်နေတဲ့ အခါကာလ ဒါတွေ ကောင်းကောင်းမပြည့်စုံဘူး၊ သီလတောင်မှ ရိုရိုသေသေ ထိမ်းသိမ်းဖို့ရာပြည့်စုံတဲ့ ပုဂ္ဂိုလ်က သူကခပ်နည်းနည်းရှိတာ၊ စိတ်တွေ တော်တော်များများ ပြည့်စုံမည် မဟုတ်ဘူး။

တရားအားထုတ်နေတဲ့အခါ သီလပျက်စရာ ဘာမျှမရှိဘူး၊ သူက ရိုသေအောင် နေရတယ်၊ သီလကို ဘာမျှချွတ်ယွင်းစရာမရှိ၊ သမာဓိ ပညာအကျင့်တွေကလဲပဲ ထပ်ဆင့်ပြီး ကျင့်နေရတယ်၊ လောဘ, ဒေါသ, မောဟကင်းကြောင်း ကောင်းသော အကျင့်တွေကို ကျင့်နေရတာပဲလို့ သုပ္ပဋိပန္နအကျင့်တွေနဲ့ ပြည့်စုံနေတာပါပဲလို့ အာရုံပြုတဲ့အခါ ကိုယ့်ဟာကိုယ်လဲပဲ ဝမ်းမြောက်ဝမ်းသာဖို့ ကောင်းပါတယ်၊ ဒါကြောင့် ဝိတိသမ္ဗောဇ္ဈင် ဖြစ်တတ်ပါတယ်၊ စိတ်ထဲမှာ တရားမတက်တဲ့ အခါလေးသာ၊ တရားမတက်နိုင်တဲ့အခါ ဒါလေးနှလုံသွင်းရတာပေါ့၊ နှလုံးသွင်းလိုက်တော့ အားတက်စရာ ကောင်းပါတယ်။

ရတနာသုံးစုံ၊ ရတနာသုံးစုံဂုဏ်ကို နှလုံးသွင်းပြီးသွားပြီ ထားဦးတော့ ဒါ–ရှေ့သွားကြည့်ဦးစို့၊ သီလဂုဏ်တဲ့, သီလာနုသတိကို သီလဂုဏ်လေးတွေ ဆင်ခြင်ပါတဲ့။ (ဝိသုဒ္ဓိမဂ်–ပတ္တဲ ၂၁၅–မှာ)

အဟော မေ ဝတ သီလာနိ အဟောဝတ မေ သီလာနိ၊
အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ၊
ဘုဇိဿာနိ ဝိညုပ္ပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ။

သီလဂုဏ် ဆင်ခြင်ပုံကလေး ဝိသုဒ္ဓိမဂ်ကပြတယ်၊ မေ–၏၊ သီလာနိ–သီလတို့ကို၊ အဟော ဝတ အခဏ္ဍာနိ–မကျိုး မပျက်ပေစွတကား၊ ဆောက်တည်ထားတဲ့သီလကို လူမှာလဲ လူအလိုက်, ရဟန်းမှာလဲ ရဟန်းအလိုက် သီလကလေးတွေ ဘယ်တုန်းကနေပြီး ဆောက်တည်လာတယ်၊ သီလကလေးတွေ စင်ကြယ်နေတာပါပဲလို့ နှလုံးသွင်းရမှာကိုး။

အထူးအားဖြင့်တော့ ကမ္မဋ္ဌာန်းဝင်နေတဲ့အတွင်း သီလတွေ စင်ကြယ်နေတာကိုး၊ ဒါထားပါဦးတော့ ကမ္မဋ္ဌာန်းဝင်နေတဲ့အတွင်း သီလအထူးစင်ကြယ်နေတဲ့လူတွေမှာ ဥပသ်သီလ သီတင်းသီလ ဆိုတာ ဆောက်တည်ဘူးကြတာပဲ၊ တော်တော်သိတတ်တဲ့ အရွယ်ကစပြီး မိဘ ဆရာသမားတွေက တိုက်တွန်းလို့ ဥပုသ်သီတင်းသီလ ဆောက်တည်လာတယ်၊ ဒါပေမယ်လို့ တရားအားထုတ်နေတဲ့ အခါကာလ ဆောက်တည်နေတဲ့ သီလနဲ့ မတူဘူး၊ အခြားကာလ ဥပုသ်သီတင်းသီလ ဆောက်တည်ပြီး ပြောချင်တာတွေပြော ဆိုချင်တာတွေဆို၊ လုပ်ချင်တာတွေ လုပ်နေတာပဲ၊ သီလ မကျိုးရုံ တမယ်ပဲ ရှိတယ်၊ သီလတော့ဖြင့် သူများအသက်မသတ်ရဘူးဆို မသတ်ဘူး၊ သူ့ဥစ္စာကို မခိုးဘူး၊ မြတ်သောအကျင့်တွေ ဆောင်တယ်၊ လိမ်လည်မပြောဆိုဘူး၊ အဲဒီတော့ သေရည်သေရက် မသောက်ဘူး၊ နေမွန်းလွဲတဲ့ အခါကာလ မစားဘူး၊ နစ္စ ဂီတ–ကခြင်း, သီခြင်း စသည်တို့ကို မပြုဘူး၊ မြင့်သောနေရာ, မြတ်သော နေရာတို့၌ မနေဘူး၊ ရှစ်ပါးသီလ လုံခြုံနေတာပါပဲ။

ဒီပြင်အခါ ဥပုသ်ဆောက်တည်နေတော့ကို သီလတော့ လုံခြုံနေတာပါပဲ၊ ဒါပေမယ့်လို့ သူက စကားတွေကလဲ ပြောချင်တာတွေ ပြောနေတာပါပဲ၊ အရပ်စကား ရွာစကား တောရောက်တောင်ရောက် ပြောနေကြတာပါပဲ၊ အဲဒီ ပြောနေတာတွေဟာ ပြောတာကလဲ ပြောတိုင်း, ပြောတိုင်း စိတ်မပါဘဲ ပြောလို့ဖြစ်တာ မဟုတ်ဘူး၊ စိတ်တွေက ပါသေးတာ၊ တစ်ခါတစ်ရံ ကိုယ်ပြောတဲ့စိတ်ထဲမှာ လောဘနဲ့သာယာပြီး ပြောနေတယ်၊ ဒေါသနဲ့စိတ်ဆိုးပြီး ပြောနေတတ်တယ်၊ ပါဦးမှာပါပဲ၊ ကိုယ်မကြိုက် တာတွေပြောနေဦးမှာ အဲဒါဆိုလို့ရှိရင် ဝစီကံကနေပြီး နည်းနည်းတော့ ချွတ်ယွင်းနေတယ် သူက။

အဲဒီတော့ အလွတ်သီလ ဆောက်တည်ထားတာက သီလ လောက်ကသာ ပြည့်စုံပြီးတော့ စိတ်က မစင်ကြယ်ဘူး၊ အင်းမပြောဘူး၊ အချို့ကလဲ မပြောဘူး၊ ထားပါဦးတော့၊ ပြောတောင်မှလဲ သူဘာလုပ်လဲ စိတ်ကူးထဲရှိတယ်၊ စိတ်ကူးတွေကတော့ ပိတ်ထားလို့မရဘူး၊ သူကတော့ ခက်တာပဲ၊ စကားကတော့ မပြောလို့ရှိရင် ရသေးတာကိုး၊ သူကတော့ လွယ်တယ်၊ မပြောဘူးဆိုရင် မပြောဘူး၊ ထားပါဦးတော့၊ သူများပြောတာတွေလဲ နားမထောင်ဘူးဆိုပေမယ့် သူများပြောတာတွေ တို့မသွားဘူးဆိုရင် မသွားဘဲနေရင် ဖြစ်သေးတာကိုး၊ သူကတော့ ရပါတယ်၊ ပိတ်လို့ ရပါတယ်၊ စိတ်ကူးက ခက်တယ်၊ စိတ်ကူးက အင်မတန် ပိတ်ရခက်တယ်၊ တော်တော်ကို ခက်တယ်၊ ဘယ်ကနေလို့မှ ပိတ်လို့မဖြစ်ဘူး၊ မျက်စိမှိတ်ထားလို့လဲ မရဘူး၊ နားပိတ်ထားလို့လဲ မရဘူး၊ သူ့ဥစ္စာ အိပ်ရာထဲ အခန်းတံခါးပိတ်ပြီးသကာလ အိပ်နေပေမယ်လို့ အိပ်မပျော်လို့ရှိရင်,နိုးနေရင်, စိတ်ကူးသေးတာပဲ၊ ကိုယ်အလိုရှိတာတွေ လျှောက်စိတ်ကူးနေတာ လောဘနဲ့စပ် စိတ်ကူး၊ ဒေါသနဲ့စပ် စိတ်ကူးကတော့ ရှိပါတယ်၊ စိတ်ကူးကတော့ အဲဒါ ဒီစိတ်ကူးတွေ မဖြစ်ပါနဲ့လို့ တားထားလို့လဲ ဖြစ်တာမဟုတ်၊ ရိုက်လို့လဲ ရတာမဟုတ်ဘူး၊ ချောက်လို့လဲ မရ၊ လှန့်လို့လဲ မရ၊ တော်တော်ကို ခက်ပါတယ်။

အဲဒီတော့ အဲဒီ စိတ်ကူးတွေရှိနေတော့ ဒါစိတ်မတည်ကြည်ဘူးပေါ့၊ ဥပုသ်စောင့်တဲ့ တရားအားထုတ်တဲ့ အခါကာလ ကျတော့ သီလက သိပ်စင်ကြယ်တာ၊ ဘာမျှ မဖြစ်နိုင်ဘူး၊ သီလတော့ စင်ကြယ်တယ်၊ ဒါက မှတ်နေရတာမဟုတ်ဘူး၊ ဖောင်းတယ် ပိန်တယ်ဟု အမြဲတမ်းမှတ်နေရတယ်၊ ကြားထဲကတော့ စိတ်ကူးလေး နည်းနည်းလေးတော့ ဖြစ်သေးတာကို၊ ဒါပေမယ့် အဲဒီစိတ်ကူးကလဲ မှတ်လိုက်ရသေးတာပဲ၊ ဆက်စိတ်မကူးရပြန်ဘူး၊ စိတ်ကူးပျက်သွား၊ အဲ–ဖောင်းတယ် ပိန်တယ် ပြန်မှတ်တော်တော်ကြာ စိတ်ကူးပြန်ဖြစ်ပြန် မှတ်လိုက် အဲဒီစိတ်ကူး ပျက်သွားတယ်၊ စိတ်ကူးက ကြာကြာကြီး စိတ်မကူးရဘူး၊ အလွတ်ထွတ်ပြီးတော့ လောဘအလို ဒေါသအလိုနဲ့ စိတ်ကူးတွေ ဖြစ်ဖြစ်လာလို့ရှိရင် ကြာကြာကြီး စိတ်မကူးရဘူး၊ ဒီဥစ္စာကတော့ ပြန်ပြန်ပြီးတော့ လာတယ်။

ဒီသီလဟာ ဒီတော့ အထူးစင်ကြယ်တာပေါ့၊ တရားအားထုတ်နေတဲ့အတွင်း ၇–ရက် အားထုတ်ရင် ၇–ရက်အတွင်း ရှေးက စင်ကြယ်ခဲ့ဖူးတာတွေနဲ့ မတူဘူး။ သူက အင်မတန် အားရစရာကောင်းတယ်၊ ၁၅–ရက်အားထုတ်လို့ရှိရင် ၁၅–ရက်၊ တစ်လအားထုတ်ရင် တစ်လ၊ အထူးစင်ကြယ်ရတယ် ရဟန်းများလဲ ဒီအတိုင်းပဲ၊ တရားအားထုတ်နေတဲ့ အခါကာလက သီလက အထူးသဖြင့် စင်ကြယ်နေတာ အင်မတန်ကို ဝမ်းသာစရာ ကောင်းတယ်။

အဟောဝတ အခဏ္ဍာနိ–မကျိုး မပျက်လေကုန်စွ တကား၊ အကျိုးအပျက် မရှိဘူးတဲ့၊ ကျိုးတယ်ဆိုတာဟာ အကြမ်းပြင်းအားဖြင့် ပြောလို့ရှိရင် အစနဲ့အဆုံး သိက္ခာပုဒ်တွေပျက်လို့ ဒါကို ကျိုးတယ်ပျက်တယ်လို့ ခေါ်ပါတယ်တဲ့၊ ဒါ–အကြမ်းပြင်းပြောတာ၊ အနုကတော့ အဲဒီ အကုသိုလ်စိတ်ကူးတွေ ဖြစ်နေတာ၊ ဒါတွေဟာ ကျိုးတာပျက်တာတွေပဲ။

အဟောဝတ အခဏ္ဍာနိ၊

အဟောဝတအစ္ဆိဒ္ဒါနိ–ဩော်...ဒီအပေါက် အပျက် မရှိလေကုန်စွတကား၊ ပေါက်တာကတော့ကို အလယ်ခေါင်က သိက္ခာပုဒ်တွေ တစ်ခုတစ်ခု အဝတ်များလိုပဲ၊ ဒီအဝတ်က နှုတ်ခမ်းစုတ်လို့ရှိရင်ဖြင့် စုတ်တယ်လို့ခေါ်တာပဲ၊ စုတ်တယ် ပြဲတယ်လို့ခေါ်ရတာ၊ အဲဒါလိုပဲ အစနားအဆုံးက သိက္ခာပုဒ်ပျက်လို့ရှိရင်လဲ အစအဆုံး သိက္ခာပုဒ်ပျက်ရင်လဲ ကျိုးတယ်လို့ခေါ်တယ်၊ အလယ်ကောင် သိက္ခာပုဒ်က အလယ်ကောင်၊ ဟိုအနားက တစ်ပုဒ်ဖြစ်စေ ဒီအနားက တစ်ပုဒ်ဖြစ်စေ၊ တစ်ခုတစ်ခု ပျက်လို့ရှိရင် ဒါကတော့ ပေါက်သွားတာခေါ်မယ်၊ အဝတ်များမှာ ဆေးလိပ်မီးပွားကျတော့ ပေါက်သွားသလို အပေါက်ကလေး ဖြစ်သွားတာပေါ့၊ သူက အလယ်ကောင်ကနေပြီး ပျက်သွားတာ။

အဲဒီလိုလဲပဲ အလယ်သားပိုင်း ဖြတ်တဲ့ သီလတွေ မပျက်လို့လဲပဲ ပေါက်ခြင်း ပျက်ခြင်း မရှိဘူး၊ အသဗလာနိ–ဩော်–မကြောင်မကြားလေကုန်စွတကား၊ အကြောင်အကြားလဲ မရှိဘူးတဲ့၊ အကြောင်အကြား ရှိတယ်ဆိုတာကတော့ကို နွားများ ဘာများမှာ အကြောင်အကြားကြီး ဆိုတာ အစင်းအစင်းကြီး ရှိနေတဲ့ဥစ္စာပဲ၊ အဖြူထဲမှာဆိုရင်ဖြင့် အညိုတို့အနီတို့ပေါ့၊ အဲဒီလိုစသည်ဖြင့် အကြောင်ကြားကြားကြီးတွေဖြစ်တာ၊ ကြားကြားကြီးတွေ၊ အဲသည်လိုတဲ့ သိက္ခာပုဒ် ၂–ခုဖြစ်စေ၊ ၃–ခုဖြစ်စေ၊ ဆက်ပြီးတော့ သိက္ခာပုဒ်တွေ ပျက်သွားလို့ရှိရင် အကွက်ကြီးလိုပေါ့လေ၊ ကွက်လပ်ကြီးဖြစ်ပြီးတော့ ပျက်သွားတယ်၊ အဲဒါ အကြောင်အကြား ခေါ်တယ်။

အဟောဝတအကမ္မာသာနိ–ဩော်–အစွန်းအကွက်မရှိလေကုန်စွတကား၊ အကွက်ကလေးတွေဆိုတာကတော့ ဟိုအနားတစ်ပြောက်၊ ဒီအနားတစ်ပြောက်ပေါ့လေ၊ အစက တစ်ပေါက်တည်း၊ ယခုတော့ ၂–ပေါက်၊ ၃–ပေါက်၊ ဒါအပြောက် အပြက်ကလေးတွေ နွားများမှာ နွားများမှာ ဒီဝစီပြောက်ကလေးဆိုတာ (အပြောက်–၂)ကလေး အစင်းလေးတွေရှိတာလိုပဲ သိက္ခာပုဒ်မှာလဲ ဟိုနားတစ်ခု၊ ဒီအနား တစ်ခု ပျက်လို့ရှိရင် (အပြောက်–၂) ကလေးတွေလိုပဲ အဲဒါက အကြမ်းပြင်းပြတာ၊ အနုစိတ်အားဖြင့်ဆိုရင်တော့ လောဘ, ဒေါသ, မောဟစိတ်ကူးတွေ ဝင်နေရင် အဲဒါကျိုးတယ်လဲခေါ်တာပဲတဲ့၊ ပေါက်တယ်လဲ ခေါ်တာပဲတဲ့၊ ကြောင်ကြားတယ်လို့လဲခေါ်တယ်၊ အစွန်းအကွက်ထင်တယ်လို့လဲ ခေါ်တာပဲ။

အဲ–တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်မှာ အဲဒီလို သိက္ခာပုဒ်တွေလဲ အကြမ်းပြင်းအားဖြင့်လဲ မဖြစ်ဘူး၊ အနုစိတ်အားဖြင့်လဲ မတော်တဲ့စိတ်ကူးတွေက မဖြစ်ရသလောက်ပဲ၊ ဖြစ်ရင်လဲ များများမဖြစ်ရဘူး၊ ခဏလေးဆိုတော့ စင်ကြယ်နေတယ်၊ ကိုယ့်သီလကို အားရစရာ အင်မတန်ကောင်းပါတယ်၊ အများကြီး ကြာရှည်စွာကနေပြီးတော့ စင်ကြယ်လာတဲ့ သီလ ဆိုလို့ရှိရင်သာပြီး အားရစရာကောင်းတာပေါ့၊ ကြာရှည်စွာကနေပြီး စင်ကြယ်လာခဲ့တဲ့ သီလများ ဆင်ခြင်လိုက်လို့ရှိရင် အားရစရာအင်မတန်ကောင်း၊ အဲဒီလိုအားရတဲ့အခါ ပီတိတွေဖြစ်လာတယ်၊ ပီတိတွေဖြစ်ရင်ဖြင့် ဒီပီတိကို ဝိပဿနာရှုလိုက်တဲ့အခါ နှစ်သက်တယ်၊ အားရတယ်၊ ဝမ်းသာတယ်၊ ရှုလိုက်လို့ရှိရင် ဒီကနေပြီးတော့ ဝိပဿနာဉာဏ်အစဉ်အတိုင်း တက်ပြီးတော့်တခဏခြင်းပဲ မဂ်ဖိုလ်ဆိုတာ ရောက်သွားနိုင်တယ်။

မေ–ငါ၏၊ သီလာနိ–သီလတို့သည်၊ အဟောဝတ–အခဏ္ဍာနိ–ဩော်–မကျိုးမပျက်လေကုန်စွ တကား၊ အဟောဝတ အစ္ဆိဒ္ဒါနိ–မပေါက်မပျက် လေကုန်စွတကား၊ အဟောဝတ အကမ္မာသာနိ–ဩော် အစွန်းအကွက်မထင်လေကုန်စွတကား၊ အဟောဝတ အသဗလာနိ–ဩော် မကြောင်မကြားလေကုန်စွတကား၊ အဟောဝတအကမ္မာသာနိ–အစွန်းအကွက်မထင်လေကုန်စွတကား၊ ဘုဇိဿာနိ–ဩော် တဏှာကျွန်အဖြစ်မှ လွတ်လေကုန်စွတကား။

တဏှာကျွန်ဆိုတာက ကုသိုလ်ကောင်းမှုတွေပြု၊ တဏှာကနေပြီးတော့ နှစ်သိမ့်လိုချင်တာ ဟိုဟာလိုချင် ဒီဟာလိုချင်၊ လိုချင်တဲ့ ဒီကုသိုလ်ကောင်းမှုကြောင့် ဒီအကျိုး ရပါလို၏ဆိုရင် တဏှာကျွန် ဖြစ်သွားတာပဲ၊ ဒီသီလဆောက်တည်တဲ့အတွက် လူချမ်းသာရပါလို၏၊ နတ်ချမ်းသာ ရပါလို၏၊ လူ့ဘဝ, နတ်ဘဝ ရပါလို၏ အစရှိသည် ဒီလိုတောင့်တလို့ရှိရင် တဏှာခိုင်းကာ လုပ်ရတာလို တဏှာက မင်း သီလဆောက်တည်တာတော့ ကောင်းတယ်၊ မင်းသီလနဲ့ ဘာမဆိုရအောင် လူချမ်းသာတောင်း, နတ်ချမ်းသာတောင်း၊ လူ့လောကမှာ ဘယ်လို–ဘယ်လိုချမ်းသာရအောင်, နတ်လောက ဘယ်လို–ဘယ်လိုချမ်းသာရအောင် တောင်းလို့ မခိုင်းသော်လည်း ခိုင်းဘိသကဲ့သို့ တဏှာကနေပြီး အလိုရှိနေတာတွေကို ဒီက တောင်းရတာကိုး၊ ဒီတော့ တဏှာကျွန်ဖြစ်သွားတယ်တဲ့။

ဒီသီလလေးဟာ တဏှာကျွန်ဖြစ်တတ်တယ်၊ တဏှာအုပ်စိုးခြင်း ခံရသလို၊ အဲ–ယခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ် စောင့်တဲ့သီလက ဒါမှမဟုတ်ဘဲ၊ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ဟာကို မဂ်ဖိုလ်နိဗ္ဗာန် ရည်ရွယ်ပြီးတော့ ဆုတောင်းတာ၊ ဆောက်တည်ရ

တာ ကမ္မဋ္ဌာန်းဝင်တဲ့ အခါတည်းက သီလဆောက်တည်လိုက်လို့ ရှိရင် ဒီသီလ ဆောက်တည်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ရအောင် ဝိပဿနာဉာဏ်တွေဖြစ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရောက်ဖို့ပဲ၊ အဲသလို ရည်ရွယ်ပြီးတော့ သီလ ဆောက်တည်တာကိုး၊ ဒါအထူးပဲ သတိရအောင်လို့ ဘုန်းကြီးများ သီလပေးတဲ့ အခါလဲ အထူးသဖြင့်ပေးပါတယ်၊ ယခုလဲ ဒီမှာ တရားနာတဲ့အခါလဲ ဒီလိုပဲ–

ဣဒံ မေ သီလं မဂ္ဂဖလ ဉာဏသ ပစ္စယော ဟောတု။

မေ–ကျွန်ုပ်၏၊ ဣဒံ–ဤသီလသည်၊ မဂ္ဂ ဖလ ဉာဏသ–အရိယာမဂ်ဉာဏ်ဖိုလ်ဉာဏ်အား၊ ပစ္စယော–ကျေးဇူးပြု တတ်သော အကြောင်း အထောက်အပံ့သည်၊ ဟောတု–ဖြစ်ပါစေသတည်း။

ဒါက ပါဠိနဲ့ အနက်ကိုး၊ ဘုန်းကြီးများက ပါဠိ – ပါဠိတစ်ခြား၊ အနက်–အနက်တစ်ခြား ခွဲခြားပြီးတော့ ဒီမှာ–ဣဒံ မေ သီလं မဂ္ဂ ဖလ ဉာဏသ ပစ္စယော ဟောတု၊ မေ–အကျွန်ုပ်၏ သီလသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်အား ကျေးဇူးပြုပါစေ သတည်း၊ ဟော–သူ ဆောက်တည်လိုက်တဲ့ သီလဟာ မဂ်ဖိုလ်ကျေးဇူးပြုပါစေ၊ မဂ်ဖိုလ်ရခြင်း၏ အကြောင်းဖြစ်ပါစေလို့ ဒီလို ရည်ညွှန်းပြီးသကာလ ဆောက်တည်ကျင့်သုံးနေတဲ့ သီလ၊ တဏှာ၏ကျွန်အဖြစ်မှ လွတ်တယ်၊ တဏှာက လူချမ်းသာ နတ်ချမ်းသာတွေတောင်း၊ လူချမ်းသာ နတ်ချမ်းသာတွေယူ၊ တဏှာကပြောတယ်၊ သူကမလိုချင်ဘူးကွ၊ တဏှာဆိုတာ လူချမ်းသာ နတ်ချမ်းသာ၊ လူဖြစ်လာရင် ဟိုက အိုရ နာရ သေရ ဆင်းရဲဒုက္ခတွေ့ရ၊ နတ်ဖြစ်ရင်လဲ အိုရ နာရ ဆင်းရဲဒုက္ခ တွေ့ရတာပဲ၊ ဆင်းရဲဒုက္ခမငြိမ်းဘူး၊ အပါယ်လေးပါးလဲ ကျသွားနိုင်သေးတယ်၊ ဒုက္ခမငြိမ်းသေးဘူး။

အဲဒီတော့ အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်မျက်မှောက်ပြုပြီးတော့သွားရင် အပါယ်လေးပါးကလဲ လွတ်မြောက်တယ်၊ ဒီတော့ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်တဲ့ အရိယာ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေဖြင့် နိဗ္ဗာန်ကို တွေ့မြင်သည့်တိုင်အောင် ဒီသီလက ကျေးဇူးပြုသွားပါစေလို့ သီလဖြင့်ရနိုင်တဲ့ အကျိုးဟာလဲ အမြင့်မြတ်ဆုံး ဒီထက်မြင့်မြတ်တာ မရှိတော့ဘူး၊ ဒါကြောင့်–

ဣဒံ မေ သီလं မဂ္ဂဖလ ဉာဏသ ပစ္စယော ဟောတု။

မေ–အကျွန်ုပ်၏၊ ဣဒံ သီလं–ဤသီလသည်၊ မဂ္ဂဖလဉာဏသ–အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်အား၊ ပစ္စယော–ကျေးဇူးပြုသောအကြောင်း အထောက်အပံ့သည်၊ ဟောတု–ဖြစ်ပါစေသတည်း၊ ဒီလို ဆောက်တည်ရတာကိုး၊ ဆိုတတ်မှ မဟုတ်ပါဘူး၊ မဆိုတတ်ရင်လဲ စိတ်ထဲက ဒီလို အောက်မေ့လည်း ပြီးတာပါပဲ၊ ငါသီလဆောက်တည်တာဟာ မဂ်ဖိုလ်ရဖို့ရာပဲ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ရာပဲ၊ ဒီလိုစိတ်ထဲက ရည်ညွှန်းလိုက်ရင်လည်း ပြီးတာပါပဲ၊ ဆိုတာကတော့ သေချာအောင်လို့ ဆိုကြရတာကိုး၊ ကုသိုလ်ကောင်းမှုတွေ ပြုတိုင်း ပြုတိုင်း ဣဒံ မေ ပုညं အာသဝက္ခယာ ဝဟံ ဟောတု၊ ဒါလဲ အတူတူပါပဲ၊ မေ–အကျွန်ုပ်၏၊ ဣဒံ ပုညं–ဤကောင်းမှုသည်၊ အာသဝက္ခယာ ဝဟံ–အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်သည်၊ ဟောတု–ဖြစ်ပါစေသတည်း။

ကုသိုလ်ကောင်းမှုဟာ အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်တဲ့ နိဗ္ဗာန်ကို ရွက်ဆောင်ပါစေလို့ ကုသိုလ်ကောင်းမှုပြုရင် လူချမ်းသာ နတ်ချမ်းသာတွေ ရနိုင်သေးတယ်၊ သေးသေးကြီးကြီး ရနိုင်တယ်၊ အဲဒါကြောင့် လူချမ်းသာ နတ်ချမ်းသာ ရနိုင်တယ်၊ အဲဒါ ရနိုင်တော့ တဏှာအလိုလိုက်ပြီးသကာလ ဒီကုသိုလ်ကောင်းမှုကြောင့် ဒီအလှူဒါနကြောင့် ဒီသီလကြောင့် ဤကုသိုလ်ကောင်းမှုကြောင့် လူချမ်းသာတွေ လူလောကမှာ မင်းဖြစ်ရပါလို့၏၊ သေဋ္ဌေးဖြစ်ရပါလို့၏၊ ရုပ်အဆင်းကဘယ်လိုလှရပါလို့၏၊ အဆွေအမျိုးတွေက ဘယ်လိုပေါရပါလို့၏၊ အသက်က ဘယ်လိုရှည်ရပါလို့၏၊ ဒီလို ဆုတောင်းတွေရှိတာကိုး။

တစ်ချို့ ရေစက်ချပေးတဲ့ဆရာတော်က သိပ်ပြီးအာဝဇ္ဇန်း ကောင်းတယ်၊ အင်မတန်ကို ကောင်းတယ်၊ စကြာမင်းကြီးဖြစ်ရပါလို့၏ စသည်ဖြင့် ဆုတောင်းတွေရှိတယ်၊ အဲဒါ တဏှာ၏ကျွန်ခေါ်တယ်၊ တဏှာ၏ ကျွန်တဲ့၊ တဏှာအစေခံပဲတဲ့၊ တဏှာကြိုက်ရာတွေကို တဏှာစာကျွေးနေတာလို နတ်ပြည်မှာ စတုမဟာရာဇနတ်မင်းကြီး ဖြစ်ရပါလို့၏၊ နတ်မိဖုရားတွေ ဖြစ်ရပါလို့၏၊ သိကြားမင်းကြီး အင်း–သိကြားမင်းကြီး မိဖုရားကြီး ဖြစ်ရပါလို့၏ စသည်ဖြင့်ပေါ့လေ၊ နတ်မင်းနတ်မိဖုရားတွေ ဖြစ်ရပါလို့၏ဆိုတာ ဒါလဲ တဏှာကျွန်ပဲ၊ အဲဒီ ကုသိုလ်ကောင်းမှုတွေ။

အဲဒါတွေ မတောင်းတာ၊ ဘယ့်နှယ် ဤကောင်းမှုကြောင့် အာသဝေါတရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကို ရပါစေလို့ စိတ်ပါလက်ပါတောင်းလို့ရှိရင် တဏှာကျွန်အဖြစ်မှ လွတ်သွားတယ်၊ အခု သီလလဲ ဒီအတိုင်းပဲ၊ တရားအားထုတ်နေတဲ့ အခါတော့ သေသေချာချာလုပ်တယ်၊ ဒါပြင်အခါတော့ လုပ်ချင်မှလုပ်မယ် ပြောလို့မဖြစ်ဘူး တရားအားထုတ်နေတဲ့အခါတော့ သီလဆောက်တည်တာဟာ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ရာပဲ၊ ဒါပဲရည်ရွယ်ထားတယ်၊ ဒါကြောင့်မို့ မေ–ငါ၏၊ သီလာနိ–ဤသီလသည်၊ အဟော ဝတ ဘု ဧသာနိ–တဏှာ၏ ကျွန်အဖြစ်မှ လွတ်မြောက်ပေစွတကား၊တဏှာ

၏ကျွန် တဏှာအုပ်စိုးတယ်ပြောလို့သာ ပြောနေရတာ၊ လူတွေ ဒါကြောင့် တဏှာအလိုလိုက်ပြီး ဆုတောင်းတွေက ဖြစ်နေတယ်၊ တဏှာက ကြိုက်စရာကလဲ ကောင်းလဲကောင်းတယ်၊ အဲဒါကြောင့် တဏှာအလိုလိုက်ပြီးတော့ ကုသိုလ်ကောင်းမှုတွေကို ဆုတောင်းနေကြတာ၊ အဲဒီ တဏှာကျွန်အဖြစ်က ယခု ငါဆောက်တည်ထားတဲ့သီလဟာ လွတ်နေတာပဲ၊ အဲဒီလို နှလုံးသွင်းလိုက်ရင်လဲ ပီတိပါမောဇ္ဇဖြစ်ပါတယ်။

ဝိညူပသဋ္ဌာနိ–ပညာရှိတို့ ချီးမွမ်းအပ်သော သီလတို့ပါပေတည်း ပညာရှိတို့ချီးမွမ်းအပ်တဲ့ သီလပဲ၊ တဏှာ၏ကျွန်အဖြစ်မှလွတ်နေလို့ ချီးမွမ်းစရာကောင်းတယ် ဖြစ်မှာပေါ့လေ၊ တဏှာအလိုလိုက်ပြီးတော့ လူချမ်းသာ နတ်ချမ်းသာ တောင်းထားလို့ရှိရင် ဘုရားအစရှိတဲ့ ပညာရှိတွေက မချီးမွမ်းပါဘူး၊ မဂ်ဖိုလ်နိဗ္ဗာန် ရည်ရွယ်ပြီးတော့ ဆုတောင်းပြီးတော့ ကျင့်နေတဲ့ သီလဟာ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ ချီးမွမ်းပါတယ်တဲ့၊ အဟောဝတ အပရာမဋ္ဌာနိ–တဏှာဒိဋ္ဌိတို့ဖြင့် မှားယွင်းစွာ မသုံးသပ်လေကုန်စွတကား၊ တဏှာဒိဋ္ဌိတွေက တဏှာနဲ့ ဤသီလဖြင့် လူချမ်းသာ နတ်ချမ်းသာတွေရရမယ်၊ နတ်ပြည်လောကမှာ ဖြစ်နေတဲ့ ထင်ရှားသော နတ်ဖြစ်ဖြစ် မထင်ရှားသော နတ်ဖြစ်ဖြစ် ဖြစ်မယ်၊ ဒီလိုအောက်မေ့တယ်၊ ဒါလဲ တဏှာနဲ့ မှားယွင်းစွာသုံးသပ်တာ၊ ဒိဋ္ဌိကလဲပဲ ဒီသီလကျင့်သုံးခြင်းဖြင့်ပင်လျှင် သီလကျင့်ရုံနဲ့ပဲ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်သွားမယ်လို့ ယူဆလို့ရှိရင် သီလဗွတပရာမာသပဲ၊ ဒိဋ္ဌိဖြင့် မှားယွင်းစွာ သုံးသပ်တာ၊ ယခုတော့ ဒီလိုမဟုတ်ဘူး၊ ဒီသီလ ဆောက်တည်ရုံနဲ့ မပြီးသေးဘူး။

ဒီသီလ အခြေခံပြီးကျင့်သောအားဖြင့် အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရောက်ပြီး နိဗ္ဗာန်ကို ရောက်သွားနိုင်တယ်လို့ ဒီလို အမှန်အတိုင်း ယုံကြည်ပြီးတော့ သီလဟာ မဂ်ဖိုလ်နိဗ္ဗာန်ရဲ့အကြောင်း အထောက်အပံ့ပဲလို့ ဒီလိုဆောက်တည်ထားတဲ့ သီလအပရမဋ္ဌာနိ–တဏှာ ဒိဋ္ဌိတို့ဖြင့် မှားယွင်းစွာ မသုံးသပ်အပ်သော သီလတို့ပါပေတည်း၊ သမာဓိ သံဝတ္တနိကာနိ– ဥပစာရ သမာဓိ အပ္ပနာသမာဓိ၊ ခဏိကသမာဓိ မဂ်သမာဓိ ဖိုလ်သမာဓိ ဖြစ်စေနိုင်သော သီလတို့ ပါပေတည်း။

မိမိဆောက်တည်ထားတဲ့ သီလဟာ ဥပစာရသမာဓိ အပ္ပနာသမာဓိ သမထ တရားတွေ အားထုတ်လို့ရှိရင် ဥပစာရ သမာဓိ အပ္ပနာ သမာဓိကိုလဲ ရောက်စေတယ်၊ ဝိပဿနာတရား အားထုတ်လို့ရှိရင် ခဏိကသမာဓိ ရနိုင်တယ်၊ မဂ္ဂသမာဓိ ဖိုလ်သမာဓိကို ရောက်နိုင်တယ်၊ ရနိုင်တယ်၊ ဒီသီလတွေ ဆောက်တည်ပြီးတော့ ကျင့်လိုက်ရင် ချက်ခြင်းကို ရနိုင်တာပဲ။

အကြောင်းညီညွှတ်ရင် ရနိုင်တယ်၊ အဲဒီတော့ ဒီသီလတွေနဲ့ ငါပြည့်စုံနေတာပဲလို့ ဆင်ခြင်လိုက်ရင် ရှေးနှစ်ပေါင်းများစွာက စင်ကြယ်လာခဲ့တဲ့ပုဂ္ဂိုလ်ဆိုရင် ပိုပြီးဝမ်းသာစရာကောင်းတာပေါ့၊ နှစ်ပေါင်းများစွာက မဟုတ်ပေမယ်လို့ ယခုတရားဝင်တဲ့ အချိန်ကစပြီး စင်ကြယ်တဲ့ သီလတွေ ပြန်အာရုံ ပြုလိုက်ရင်လဲ ဝမ်းသာစရာ အင်မတန် ကောင်းပါတယ်၊ ဒါကြောင့် အဲဒါ သီလ ဆင်ခြင်ပုံကို ကဲ–ကဲ– ဆိုကြရမယ်။

(မေ–ငါ၏၊ သီလာနိ– သီလတို့သည်၊ အဟောဝတ အခဏ္ဍာနိ–ဩော် မကျိုးမပျက်လေကုန်စွ တကား–၂) အဆိဒ္ဒါနိ–မပေါက်မပျက်လေကုန်စွ တကား၊ အသဗလာနိ–မကြောင်မကြားလေကုန်စွတကား၊ အကမ္မာသာနိ–အစွန်းအကွက် ကင်းလေကုန်စွတကား၊ဘုဇိဿာနိ–တဏှာ၏ကျွန်အဖြစ်မှ လွတ်မြောက်ပါပေကုန်စွတကား၊ဝိညူပသဋ္ဌာနိ–ဘုရားအစရှိသော ပညာရှိအပေါင်းတို့ ချီးကျူးထိုက်ပါပေစွတကား၊ အပရာမဋ္ဌာနိ–တဏှာဒိဋ္ဌိဖြင့် မှားယွင်းစွာ မသုံးသပ်အပ်ပေကုန်စွတကား၊ သမာဓိ သံဝတ္တနိ ကာနိဥပစာရသမာဓိ အပ္ပနာသမာဓိ ခဏိကသမာဓိ ဝိပဿနာသမာဓိ မဂ်သမာဓိ ဖိုလ်သမာဓိကို ဖြစ်နိုင်ပေကုန်စွတကား။

အဲ–ကိုယ်ဆောက်တည်ထားတဲ့ သီလတွေဟာ ဝိပဿနာသမာဓိ ဖြစ်စေနိုင်တယ်၊ မဂ္ဂသမာဓိ ဖိုလ်သမာဓိလဲဖြစ်စေနိုင်တယ်၊ သီလပဲလို့ ဒီလို နှလုံးသွင်းလိုက်ရင်ကို သီလတွေဟာ အားရစရာဝမ်းသာစရာ သိပ်ကောင်းပါတယ်၊ တရားအားထုတ်လို့ ဘာမျှမဖြစ်နဲ့ဦး၊ သီလတွေ ပြည့်စုံနေတာကို ကောင်းလှပြီ၊ ဝမ်းသာစရာ အင်မတန်ကောင်းလှပြီ၊ အဲဒီလိုသီလဂုဏ်တွေ ဆင်ခြင်လို့ရှိရင်လဲ ပီတိဖြစ်တတ်ပါတယ်တဲ့။

ရတနာသုံးစုံ သီလဂုဏ်၊ စွန့်ပုံအောက်မေ့ပါတဲ့၊ စွန့်ကြဲပုံဆိုတာ စာဂါနေ့သတိ၊ ပစ္စည်းဥစ္စာတွေဆိုတာကို အသုံးချဖို့ရာ စုဆောင်းထားကြရတာပဲလာကမှာ လူတွေဟာ ပစ္စည်းဥစ္စာတွေ ကိုယ်အလိုရှိတဲ့အခါရဖို့ သုံးစွဲဖို့၊ စားဖို့စုဆောင်းပြီးထားရတာ၊ အဲဒီလို စုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေကို တွယ်တာမက်မောခြင်း မရှိဘဲနဲ့ ပေးသင့်ပေးထိုက်တဲ့ပုဂ္ဂိုလ် လှူသင့်လှူထိုက်တဲ့ပုဂ္ဂိုလ်တော့ ရက်ရက်ရောရော စွန့်လွှတ်ပြီးလှူနိုင်တာ အင်မတန် အံ့ဩစရာကောင်းတယ်၊ မဆွေရမလ ပရိယုဋ္ဌိတာယ ပဓာရမဆွေရ ဝန်တိုခြင်းတည်း ဟူသော အညစ်အကြေးဖြင့် မြေးယှက်ပြီးတော့နေတဲ့ လောကထဲမှာ တစ်ခါတည်းကို ပစ္စည်းလေးကို ခင်မင်တွယ်တာပြီး မပေးချင်တဲ့ သဘောသတ္တိရှိတဲ့ လောကထဲမှာ အဲဒီလောကထဲမှာ၊ ဝိဿဋ္ဌာ စာဂေါ–ရက်ရက်ရောရော စွန့်လွှတ်နိုင်သည်ဖြစ်၍ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲနိုင်သည်ဖြစ်၍ လှူဖူး ပေးဖူး ကမ်းဖူးတာလေးတွေ မြတ်စွာဘုရား၏ တရားတော်တွေ ကြားနာရလို့ ကံ–ကံ၏ အကျိုးကိုသိရတယ်။

သဒ္ဓါတရားတွေ ဖြစ်နေတယ်၊ ကောင်းသောအမှုပြုရင် ကောင်းကျိုးတွေ့ရတယ်၊ မကောင်းသော အမှုပြုရင် မကောင်းကျိုးတွေရမယ်၊ စွန့်ကြဲပေးကမ်း လှူဒါန်းလို့ရှိရင်ဖြင့် ဒါနကုသိုလ်တွေ ဖြစ်ပြီးတော့ လူ့ဘဝ နတ်ဘဝတွေ ကောင်းရာဘဝတွေရောက်နိုင်တယ်၊ ရောက်ရာရာ ဘဝတွေမှာလဲ စည်းစိမ်ဥစ္စာပေါများခြင်း, ချမ်းသာကြွယ်ဝခြင်း, ဂုဏ်ကျေးဇူးအထူးတွေကို ရနိုင်တယ်၊ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက် အကျိုးတွေရနိုင်တယ်၊ ဒီလို တရားတွေ ကြားနာပြီးတော့ သဒ္ဓါတရားဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေက မိမိတို့သုံးဖို့ စွဲဖို့လေးတွေကို လှူဒါန်းကြရတယ်၊ တော်ရုံတန်ရုံအလှူခံပုဂ္ဂိုလ်, လာတောင်းတဲ့ ပုဂ္ဂိုလ် လှူကြရတာပဲ၊ ဒီလိုလှူရတာပဲ၊ ကိုယ်သုံးဖို့ဆိုတာကလေးကို မသုံးဘဲနဲ့ လှူလိုက်ရတာ၊ တမင်တကာကို အပင်ပန်းခံပြီး ရှာထားရတာ။

အဲဒါလေးကို လှူလိုက်ရတယ်၊ အဲ–အထက်တန်းကြတဲ့ ပုဂ္ဂိုလ်တွေ သီလ, သမာဓိ, ပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ ရဟန်းတော်တွေ ဒီလိုပုဂ္ဂိုလ်တွေလဲ လှူဒါန်းရတာပဲ၊ အမြဲမပြတ်လှူနေရတာပါပဲ၊ ဗုဒ္ဓဘာသာတွေ အမြဲမပြတ် ဒါနကုသိုလ်တွေ ပွားနေကြတယ်၊ အဲဒီပေးကမ်းရတဲ့ ဟာလေးတွေ ပြန်စဉ်းစား လိုက်ရင် ဝမ်းသာစရာ အင်မတန်ကောင်းတယ်၊ စွန့်နိုင်ခဲရင် လှူနိုင်ခဲတာပဲ၊ ဒီကုသိုလ်တရား ဘာသာတရား မရှိတဲ့ပုဂ္ဂိုလ်တွေဆိုရင် စွန့်ဖို့ကြဖို့ကို အင်မတန် ခဲယဉ်းတယ်၊ မြန်မာပြည်လို ဘာသာတရားတွေကို လေးစားပြီးတော့ ကုသိုလ်ကောင်းမှုတွေကို စိတ်ဝင်စားနေကြလို့, ယုံကြည်နေကြလို့ လှူဒါန်းပေးကမ်းနိုင်တာပဲ၊ အဲဒါကြောင့်မို့ လှူဒါန်းနိုင်ကြတာ၊ အဲဒီတော့ မိမိတို့ လှူဒါန်းတာလေးတွေ နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ လှူဒါန်းတဲ့အခါကာလမှာ မဆွေရ–ဝန်တိုခြင်းဆိုတဲ့ အညစ်အကြေးလေးကို ပယ်ပြီး လှူဒါန်းရတာ၊ သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်က တစ်ပဲမပြောနဲ့ တစ်ပြားနှစ်ပြားလဲ မလှူနိုင်ဘူး၊ တစ်ပြားတောင်း၊ နှစ်ပြားတောင်း၊ ငါးပြားတောင်း မလှူနိုင်ဘူး ဒီဥစ္စာ မလှူနိုင်ဘူး၊ မရသေးတာတောင်မှ ရှာရသေးတာပဲ၊ ကိုယ့်ရှိတာတွေ ဘယ်လှူနိုင်မလဲ၊ ယခုသဒ္ဓါတရားနဲ့ ယုံကြည်မှုတွေရှိပြီး ကံ,ကံ၏ အကျိုးတွေ ယုံကြည်ပြီးတော့ သဒ္ဓါတရားရှိလို့ ကုသိုလ် ကောင်းမှုတွေ ယုံကြည်ပြီးသကာလ နောက် တမလွန်လောကတွေ ယုံကြည်ပြီး သကာလ လှူဒါန်းကြတယ်။

အဲဒီလို လှူနိုင်တာသည်ပင် အင်မတန် အဖိုးတန်တာပဲ၊ ဒီလို လှူဒါန်းနိုင်တဲ့ အတွက်ဟာ ဒီကုသိုလ်ကောင်းမှုတွေက နောင်အခါကာလ အကျိုးပေးပြီးတော့ ကြီးကျယ်ဖို့, ကြီးပွားဖို့, ပြည့်စုံဖို့ရာတွေပဲ၊ မလှူမတန်းနိုင်တဲ့ပုဂ္ဂိုလ်တွေက ယခုကို ရတာလေးကို နှမြောလို့မလှူတဲ့အတွက် နောက်အကျိုးပေးဖို့မရှိဘူး၊ မြတ်စွာဘုရားလက်ထက်တော် အခါကာလ သာဝတ္ထိပြည်က သေဋ္ဌေးကြီးတစ်ယောက်ရှိတယ်။ သားသမီးလဲမရှိဘူး၊ အမျိုးလဲမရှိဘူး၊ ဘာမှမရှိဘူးတဲ့၊ ကုဋေပေါင်း မြောက်မြားစွာ ပစ္စည်းတွေ ပေါများတယ်။

အဲဒါ တစ်နေ့ကျတော့ သူဆုံးသွားတော့ ဟိုခေတ်တုန်းက သားသမီးအမွေခံ မရှိလို့ရှိရင် အစိုးရပိုင်တာကိုး၊ ရှေးက မင်းဘဏ္ဍာဖြစ်တာကိုး၊ မင်းဘဏ္ဍာဖြစ်တော့ သိမ်းတယ်၊ အစိုးရကသိမ်းတယ်၊ ဆွေမျိုးတွေ ဘာတွေလာပြီးတော့ အမွေခံလဲ မရဘူး၊ ဝေစုလည်းမရဘူး၊ ဟိုတုန်းက ဥပဒေကဒီလိုပဲကိုး၊ အစိုးရ ဘဏ္ဍာတော်အဖြစ်နဲ့ သိမ်းတယ်၊ သားသမီးတောင်မရဘူး၊ ဟိုတုန်းကခေတ်က ဒီလိုလုပ်တာ၊ အဲဒါတွေကို သိမ်းဆည်းပြီးတော့ ပသေနဒီ ကောသလမင်းကြီးက မြတ်စွာဘုရားထံကို ရောက်သွားတယ်။

မြတ်စွာဘုရားထံ ရောက်သွားတဲ့ အခါကာလကြတော့ မြတ်စွာဘုရားက ဘယ်ကလာသလဲလို့မေးတော့ သူက ဒီလိုပဲ တဲ့ဘုရား ပစ္စည်းတွေက ပေါကပေါပါဘိသနဲ့၊ ကုသိုလ်ကောင်းမှု ဘာမှမပြုဘူးတဲ့၊ အမွေခံလည်း မရှိဘူးတဲ့၊ ဒါနဲ့ သူတို့ ဥပဒေအရနဲ့ ဟိုခေတ်တုန်းက ဥပဒေအရနဲ့ မင်းဘဏ္ဍာအဖြစ်နဲ့ သိမ်းပြီးလာရတယ်၊ သိမ်းလာရတယ် ဘုရားလို့ လျှောက်တာကိုး၊ မြတ်စွာဘုရားက အဲဒါ အကြောင်းပြုပြီးတော့ ဟောတယ်၊ ကုသိုလ်ကောင်းမှုဟာ မပြုလို့ရှိရင် မဖြစ်တဲ့အကြောင်း၊ မိမိမှာ ပစ္စည်းဥစ္စာတွေ ဘယ်လိုပဲ ပေါနေနေ ရက်ရက်ရောရော မစွန့်နိုင်လို့ရှိရင် ဒီပစ္စည်းတွေဟာ အလကား ကျန်နေရစ်ခဲ့တာကိုး၊ ဟိုဘဝလဲ ယူသွားနိုင်တာမဟုတ်ဘူး၊ စွန့်ကြဲပေးကမ်း လှူဒါန်းသွားလို့ရှိရင် လှူဒါန်းသမျှလေးဟာ ကုသိုလ်ကောင်းမှုကလေး အထုပ်အထည် ကလေး ဖြစ်ပြီးတော့ ဘဝသံသရာ လိုက်ပြီးတော့ အကျိုးပေးသွားတယ်။

အဲဒါတွေကို ဗုဒ္ဓဘာသာတွေက အကုန်လုံးသိပြီးသား ဖြစ်နေတော့ ဒါတွေကို နှလုံးသွင်းပြီး တတ်နိုင်သမျှလေးတွေကို သုံးဖို့စွဲဖို့ဟာထဲက ဖဲ့ပြီးတော့ လှူဒါန်းကြတာ၊ မသုံးရက်, မစွဲရက်, မစားရက်, မသောက်ရက်ဘဲနဲ့ လှူဒါန်းကြတယ်၊ အထူးအားဖြင့်တော့ကို ရဟန်းသံဃာတော်တွေ လှူဒါန်းတာကများပါတယ်၊ ကိုယ်စားဖို့သောက်ဖို့ရာ တော်ရုံတန်ရုံ စားသောက်ပြီးသကာလ ရဟန်းသံဃာအတွက်ဆိုပြီး သကာလ လှူကြတန်းကြတယ်၊ တယ်ပြီး သဒ္ဓါတရားကောင်းကြတယ်၊ တစ်ချို့များ သိပ်သဒ္ဓါတရား ကောင်းတယ်၊ ကိုယ်ကတော့ ဘာမျှမစားဘူး၊ ရဟန်းသံဃာတော်အတွက်ဆိုပြီးတော့ ပင်ပင်ပန်းပန်းတွေလုပ်ပြီးတော့ သကာလလှူဒါန်းတယ်၊ အဲဒါတွေ လှူတာဒါန်းတာတွေစဉ်းစားရင် အလွန်အလွန် ဝမ်းသာစရာကောင်းတယ်။

အဲ–မပေးရက်, မလှူဒါန်းရက်တော့ ဝန်တိုပြီးတော့နေတယ်၊ နှမြောပြီးတော့နေတဲ့ လောကထဲမှာ ငါမနှမြောဘဲနဲ့ကို ပစ္စည်းမနှမြောဘဲ ရက်ရက်ရောရော တယ်စွန့်နိုင်တာပဲ၊ အင်မတန်စွန့်နိုင်တဲ့ စွန့်နိုင်ခဲတဲ့ ဝတ္ထုပစ္စည်းတွေ ငါ လှူဒါန်းခဲ့ရပါ

တယ်၊ စွန့်ကြဲခဲ့ရပါတယ်၊ ပေးကမ်းခဲ့ရပါပေတယ်၊ စသည်အားဖြင့် ဒါတွေ ပြန်ဆင်ခြင်ရင် ဒါက ဝီတိပါမောဇ္ဇေတွေ ဖြစ်ပါတယ်တဲ့။

မုတ္တာစာဂေါ ပယတပါဏီ၊ မုတ္တာစာဂေါ–လွတ်လွတ် စွန့်ကြဲနိုင်သည်ဖြစ်၍၊ ပယတပါဏီ–ဆေးအပ်တော လက်ရှိသည်ဖြစ်၍၊ လှူဒါန်းဖို့ရာလက်က အမြဲတမ်း ဆေးထားသကဲ့သို့ပေါ့လေ၊ လှူနိုင် တန်းနိုင် ဆိုတယ်၊ တစ်နည်းအားဖြင့် ပယတဏှ–ပ–နှ ယတနဲ့ ပနယတနဲ့ဆိုရင် ဖြန့်အပ်သော လက်ရှိသည်ဖြစ်၍ ဒါလဲ ခပ်ကောင်းကောင်းပါပဲ။

သို့သော် အဋ္ဌကထာက မဖွင့်ဘူး၊ ဒီ အနက်ကတော့ ဆုပ်အပ် ဖြန့်အပ်သော လက်ရှိသည်၊ ဆုပ်ထားတဲ့ လက်ဆိုရင် မပေးဘူးပေါ့လေ၊ ဆုပ်ရင်ဆိုရင်ကို ပစ္စည်းကို ဖြန့်ဖြူးပြီးသကာလ ပေးရတယ်၊ ဖြန့်အပ်သော လက်ရှိသည်ဖြစ်၍၊ ဝေါသဂ္ဂရတော–စွန့်ကြဲမှုနဲ့ မွေ့လျော်သည်ဖြစ်၍၊ ယာစ ယောဂေါ–တောင်းခံသော ပုဂ္ဂိုလ်တွေနဲ့ အမြဲတမ်း ယှဉ်သည်ဖြစ်၍၊ ဝိဟာရမိ–နေရပါပေ၏လို့ စွန့်ကြဲလှူဒါန်း ပြီးတော့ နေနိုင်ပါပေတယ်လို့ ကိုယ်တတ်နိုင်သမျှလေးပေါ့လေ၊ များများတတ်နိုင်တဲ့ပုဂ္ဂိုလ်က များများလှူဒါန်း ရမယ်၊ ကိုယ့်ရှိသလောက် ကိုယ့်ဉာဏ်အလိုက် ဆိုပြီးတော့ နည်းနည်းပေါ့၊ နည်းနည်း ဆွမ်းလေးလောင်းနိုင်တဲ့ ပုဂ္ဂိုလ်က ဆွမ်းလေးလောင်းတယ်ဆိုရင် မနည်းပါဘူး၊ အဲ....လှူဒါန်းနိုင်သရွေ့ အာရုံပြုပြီးတော့ နှလုံးသွင်း ဆင်ခြင်လိုက်လို့ရှိရင် ဝီတိတွေ ဖြစ်လာတယ်တဲ့။

အဲဒီ ဝီတိတွေဟာ၊ အဲဒီ ဝီတိတွေ ဖြစ်လာလို့ ဝိပဿနာ ရှုလိုက်ရင် မဂ်ဖိုလ်နိဗ္ဗာန် ရောက်သွားတတ်ပါတယ်၊ ဒါကလဲပဲ အထူးအားဖြင့်တော့ ဆင်းဆင်းရဲရဲ ခဲခဲ ယဉ်းယဉ်း လှူဒါန်းရတဲ့ ဥစ္စာတွေ ပိုပြီးတော့ ဝီတိ ဖြစ်တတ်တယ်၊ ဒီ ဝီတိတွေ အင်မတန်ပေါ်ပြီးတော့ နေတာထဲက နည်းနည်းပါးပါး လွယ်လွယ်ကူကူ သက်သက်သာသာလေးကို ဒါကတော့ သိပ်အားရစရာတွေပါပဲ၊ ဖြစ်တတ်ပါတယ်၊ အဲ....ခဲခဲယဉ်းယဉ်း လှူဒါန်းပြီဆိုရင် နည်းနည်း လှူဒါန်းရတာ သိပ်ပြီးတော့ အားရစရာ အင်မတန် ဝမ်းမြောက်စရာ ကောင်းတယ်၊ ဟိုမှာ စားဖို့သောက်ဖို့ဟာတွေက ရှိတာလဲပဲ စွန့်ကြဲပြီးတော့ လှူဒါန်းလိုက်လို့ရှိရင် အင်မတန်ကို အားရစရာ အင်မတန် ဝမ်းမြောက်စရာကောင်းတယ်၊ ဒါကြောင့် ဒီနေရာမှာ အဋ္ဌကထာက ဖွင့်ထားတယ်။

ဒုဿီလ္ဘဝယာဒီသု–ငတ်မွတ်ခေါင်းပါးသောဘေး အစရှိသည်တို့၌ ပဏီတဘောဇနံ–မွန်မြတ်သော ဘောဇဉ်တို့ကို၊ သဗ္ဗဟ္မစာရိနံ–သီတင်းသုံးဖော်တို့အား၊ ဒတ္တာ–ပေးလျှ၍။

အဲ....ရှားပါးတဲ့အခါကာလ ဒုဿီလ္ဘဘေးတွေ သင့်နေတဲ့အခါကာလပေါ့လေ၊ အစာရေစာ ရှားပါးပြီးတော့ ဆွမ်းတွေ ဘာတွေ ရခဲသောအခါကာလ အဲဒီလို အခါကာလမှာ ကိုယ်ဆွမ်းခံလာတဲ့ မွန်မြတ်သော ဆွမ်းကလေး ရလာတယ်၊ ရတဲ့ဥစ္စာကိုလဲ သီတင်းသုံးဖော် ဆွမ်းမရတဲ့ပုဂ္ဂိုလ်တွေ ဝေဖြန့်ပြီးသကာလ စားသောက်ရတယ်ဆိုလို့ရှိရင် စသည်အားဖြင့် သိပ်ဝမ်းသာစရာကောင်းတယ်၊ ပြန်စဉ်းစားလို့ရှိရင် ဒါက ဆွမ်းခံစားတဲ့ ပုဂ္ဂိုလ်တွေရဲ့အတွက်၊ လူတွေလဲပဲ အတူတူပဲတဲ့။

ဂဟဋ္ဌာနမ္ပိ–လူတို့အားလည်း၊ ဇဝရူပေကာလေ–ဤသို့ သဘောရှိသော ကာလမှာ စွန့်ကြဲ ပေးကမ်း လှူဒါန်းပြီးတော့တဲ့၊ ဒီလို ရှားပါးသောအခါကာလများ လှူဒါန်းပြီးတော့ အဲဒါတွေ ပြန်စဉ်းစားလို့ရှိရင် ဝမ်းသာစရာ သိပ်ကောင်းတယ်တဲ့၊ သူများတွေ မရှားပါး ပေါနေပေမယ့်၊ ကိုယ့်မှာ ရှားပါးသေးတာကိုး၊ အဲဒီ ကိုယ်ရှားပါးနေတဲ့ပုဂ္ဂိုလ်ကလဲ ကိုယ်ရှားရှားပါးပါး ခဲခဲယဉ်းယဉ်း ရှာဖွေထားတာကလေးကို လှူဒါန်းလိုက်ရတာကလဲ ဒါလေး သိပ်အားမငယ်ရဘူး၊ ဒါအဖိုးတန်တယ် အင်မတန်အဖိုးတန်တဲ့ ဥစ္စာကလေးသိန်းနဲ့သောင်းနဲ့ ချီပြီးတော့ရှိတဲ့ ပုဂ္ဂိုလ်တွေက တစ်ရာတစ်ထောင် လှူဒါန်းနိုင်တာက မခဲယဉ်းဘူး၊ စားဖို့သောက်ဖို့ရာကလေး ကိုယ်တတ်နိုင်သမျှလုပ်နေတဲ့ ပုဂ္ဂိုလ်ကနေပြီးတော့ တစ်ကျပ်တစ်ပြားလှူဖို့ရာ အင်မတန်ခဲယဉ်းတယ်။

အဲဒါကို လှူဒါန်းတာကလေးကို လှူတာကလေးကိုပဲ အင်မတန်ဝမ်းသာစရာကောင်းတယ်၊ လှူနိုင်ခဲတဲ့ဥစ္စာ၊ သူ့မှာ ရှိစုမဲ့စုပစ္စည်း အကုန်လုံးလှူတာပဲ၊ တစ်သိန်းတစ်သန်းနဲ့ ချီရှိတဲ့ ပုဂ္ဂိုလ်က တစ်သိန်း တစ်သန်း အကုန်လုံးလှူဖို့ရာ ခဲယဉ်းပါတယ်၊ လှူနိုင်ခဲပါတယ်၊ အခုလိုပဲ နေ့လုပ် နေ့စား ညလုပ်ညစားပုဂ္ဂိုလ်က လုပ်လို့ရတာလေး အဲဒါလေးကို ကိုယ်စားဖို့သောက်ဖို့ဟာကလေး ခြစ်ခြစ်ခြွတ်ခြွတ် လှူဒါန်းတာ၊ အဖိုးတန်တာ အင်မတန် ဝမ်းသာစရာကောင်းတာ၊ လှူနိုင်တန်းနိုင်တာကလေး ရပြီးတော့ ဟိုရှေးတုန်းက....

ဒုဋ္ဌဂါမဏိမင်းကြီးဝတ္ထု–ဒုဋ္ဌဂါမဏိမင်းကြီးဆိုတာ ဟိုအခါတုန်းက သီဟိုဠ်မှာ တမီလခေါ်တဲ့ ကျေးကုလားတွေကို မြန်မာက ကျေးကုလားလို့ခေါ်တယ်၊ အခုမြန်မာပြည်ရှိတဲ့ တမီလကုလားလိုလို၊ အခုလဲ ရှိပါတယ်၊ သူတို့ အဆက်အနွယ်လေး အဲဒီ ကုလားတွေက အုပ်စိုးနေတာကိုး၊ မြောက်ပိုင်းမှာ၊ ဒုဋ္ဌဂါမဏိမင်းကြီးရဲ့ အဖေက ကာကဝဏ္ဏတိဿမင်းကြီး၊ သူက သီဟိုဠ်ကျွန်း တောင်ပိုင်းနားမှာ ပင်လယ်ကမ်းစပ်မှာ တောင်ဘက် အစွန်းအနားလေးမှာ၊ မဟာဂါမလို့ ခေါ်တယ်၊ အခု မာဂမ္မလို့ခေါ်နေတယ်၊ မဟာဂါမဆိုတဲ့ရွာ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ တော်ရုံသင့်ရုံပါပဲ၊ တောင်ပိုင်းအစွန်းလေးမှာ မြောက်ပိုင်းနဲ့ သီဟိုဠ်ကျွန်း တစ်ကျွန်းလုံးကိုက–

ဇလာရဆိုတဲ့ တပီလ်ကျေးကုလားမင်းက အုပ်ချုပ်နေတယ်၊ တောင်ပိုင်းအစွန်းလေးမှာ သူ့နယ်ပယ်လေး၊ ဒါလေး နည်းနည်း မြန်မာပြည်က စော်ဘွားတွေ ဘာလေးတွေနဲ့ တူပါတယ်၊ သူနယ်ပယ်လေး သူအစွန်အဖျားလေး ဒီလိုဖြစ်နေတယ်၊ ထင်ပါရဲ့၊ သိပ်ကြီးမဲ့ ဥစ္စာ မဟုတ်ပါဘူး၊ သေးသေးကွေးကွေးလေးပါပဲ၊ အဲဒီနယ် ကာကဝဏ္ဏတိသ မင်းကြီးရဲ့သားက ဒုဋ္ဌဂါမဏိမင်းနဲ့ ညီတော်တိသဆိုတာ နှစ်ဦးရှိတယ်၊ မင်းကြီး နတ်ရွာစံသွားတဲ့အခါမှာ သူတို့စစ်ပွဲဖြစ်ကြတယ်၊ နန်းလုတာ တော့မဟုတ်ပါဘူး၊ မယ်တော်နဲ့ ဆင်တော်ကို ညီတော်က ယူပြီးသွားမယ်လို့ မယ်တော်လဲပြန်ပို့ဆင်တော်လဲပြန်ပို့ ဒုဋ္ဌဂါမဏိ မင်းကတောင်းတော့ ပြန်မပို့ဘူး။

နှစ်ကြိမ်–သုံးကြိမ်ပြောလို့ မရတာနဲ့ စစ်ထွက်တိုက်ကြတာပေါ့၊ တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုနှစ်ယောက် ရန်ဖြစ်ကြ တာကိုး၊ ရန်ဖြစ်ကြတော့အကြောင်း မသင့်တော့ ဒုဋ္ဌဂါမဏိမင်းကြီးဘက်က စစ်သည်တော်တွေကျတယ်၊ ကျတော့ နောက်ဆုံး တစ်ခါတည်း မြင်းကိုစီးပြီးတော့ အစတည်းက မြင်းနဲ့သွားတိုက် ရတယ်၊ မြင်းစီးပြီးတော့ထွက်ပြေးရတယ်၊ သူ့နောက်က တိသဆိုတဲ့ အမတ်တစ်ယောက်က နောက်ကပါတယ်၊ ဘယ်သူမှ မပါတော့ဘူး၊ ဒုဋ္ဌဂါမဏိမင်းကြီးက မြင်းစီးပြီးသကာလ ထွက်ပြေးရတာကိုး၊ နောက်ကအတင်းလိုက်၊ အတင်းလိုက်တော့ သူတို့ သီဟိုဠ်စာတွေက ရေးထားတာက အဲဒီမှာ ရဟန်း တော်တွေက ဟိုတုန်းက သာသနာက အင်မတန်ကောင်းတဲ့အခါ ကာလကိုး၊ အဲဒီတုန်းက ရဟန္တာတော်တွေ ဆဋ္ဌာဘိည– အဘိညာဉ် ၆–ပါးနဲ့ ပြည့်စုံတဲ့ ရဟန္တာတွေ တန်ခိုးကြီးတဲ့ရဟန္တာတွေ ရှိပါတယ်၊ ဟိုတုန်းက–

အဲဒီတော့ သာသနာပြုမည့် ဒီညီနောင်နှစ်ဦး စစ်ထိုးတဲ့အခါကာလမှာ ဒုဋ္ဌဂါမဏိမင်းကြီးရှုံးလို့ ထွက်ပြေးတော့ နောက်က ဆင်နဲ့လိုက်လာတော့၊ မြင်းနဲ့ပြေးတော့ ဘယ်ပြေးနိုင်စရာရှိမလဲ၊ မလွတ်နိုင်ဘူးပေါ့၊ ညီတော် တိသမင်းက ဆင်နဲ့ လိုက်၊ အစ်ကိုဖြစ်တဲ့ ဒုဋ္ဌဂါမဏိက မြင်းစီးပြီးပြေးရတာကိုး၊ ဘာမှလဲ သူ့မှာ အကာအကွယ်လဲ မရှိတော့ဘူး၊ ဒီအတိုင်း ပြေး ရတာကိုး။

လွတ်နိုင်ဖို့ရာအကြောင်းမရှိတော့ ရဟန်းတော်များက ရဟန်းဣဒ္ဓိပါဒ်နဲ့ပြည့်စုံတဲ့ ရဟန္တာမထေရ်ကြီးများက တန်ခိုးနဲ့ ဖန်ဆင်းလိုက်တယ်၊ ဒီကြားထဲမှာ တောင်ကြီးတစ်လုံး ဖန်ဆင်းတယ်၊ တန်ခိုးဆိုတာ ခဲကလေးတစ်လုံးလဲ တောင်ကြီးလုပ် ထားတာ၊ ဒီတော့ တောင်ကြီးဖြစ်တာပေါ့၊ ရေစီးကြောင်းကလေးလဲ မြစ်ကြီးလုပ်လိုက်ရင် အကျယ်ကြီးဖြစ်နေ၊ ပင်လယ်ကြီး လောက်ဖန်ဆင်းလိုက်ရင် ပင်လယ်ကြီးဖြစ်တာပဲ၊ ပင်လယ်ကြီးလဲပဲ ရေမြောင်းကလေး ဖန်ဆင်းရင် ရေမြောင်းကလေးဖြစ်တာ ပဲ၊ ဖန်ဆင်းလို့ရတာကိုး၊ အကုန်ရလွယ်လွယ်လေး တယ်ကောင်းတယ်။

ဒီတန်ခိုးတွေက ယခုကာလ ဒီတန်ခိုးများ ပြည့်စုံမယ်ဆိုရင် သိပ်နေရာကျမှာပေါ့၊ ယခုနေ မြတ်စွာဘုရား သာသနာ တော်က စာထဲမှာရှိပြီးတော့ တန်ခိုးတွေကလဲမလုပ်နိုင်နဲ့၊ ဒါက သိပ်နေရာမကျပဲ ဖြစ်နေတယ်၊ ကြိုးစားနိုင်တဲ့ ပုဂ္ဂိုလ်တွေ ကြိုးစားလို့ရှိရင်လဲ နောင် တစ်နေ့ကျလို့ရှိရင်တော့ မျှော်လင့်စရာတော့ ရှိပါသေးတယ်၊ အဲဒီမှာ တောင်ကြီး ဖန်ဆင်းလိုက် တယ်တဲ့၊ ဒုဋ္ဌဂါမဏိမင်း ရှေ့ကပြေးနေတယ်၊ နောက်က တိသမင်းသားကနေပြီးတော့ ဆင်နဲ့လိုက်နေတာ၊ ကြားထဲသိပ် ကွာခြားပုံ မရဘူး၊ ခပ်နီးနီးပဲနေမယ်။

ဒီကြားထဲ ဖန်ဆင်းပြီးတော့ တောင်ကြီးဖန်ဆင်းလိုက်တော့ ဘွားခနဲတောင်ကြီးပေါ်တဲ့အခါမှာ တိသမင်းက စဉ်းစား တယ်၊ ဒီအနား တောင်လဲမရှိဘူး၊ ယခု ငါ့ရှေ့နားတွင် ဖြစ်လာတယ်၊ တောင်ကြီး ဖြုန်းခနဲဆို ဒီနေရာလာပြီး တောင်ကြီးဖြစ် တာပဲ၊ ဒါတော့ တို့ဆရာသမားဖြစ်တဲ့ ရဟန်းတော်တွေ မထေရ်မြတ်တွေရဲ့ အလုပ်ပဲ၊ သူတို့တားတာပဲ၊ ဒီတော့ ငါရှေ့လိုက် လို့တော့ မတော်တော့ဘူးဆိုပြီး ပြန်သွားတယ်၊ ဟိုတုန်းကလဲ သာသနာတော်က သိပ်ပြီးတော့ ရိုသေလေးစား ရှိပါတယ်၊ အင်မတန် ရိုသေလေးစားပါတယ်၊ သာသနာတော်မှ မထေရ်ကြီးတွေ ပြောတဲ့စကားတွေ တည့်တည့်မတ်မတ် လိုက်နာကြ တယ်။

ဟိုတုန်းက မထေရ်ကြီးတွေကလဲပဲ ရဟန္တာမထေရ်ကြီးတွေပဲ၊ အင်မတန်ကို ကောင်းပါတယ်၊ အဲဒီတော့ ဒါနဲ့ သူပြန် လာတယ်၊ ဒုဋ္ဌဂါမဏိမင်းက တစ်ခါတည်း တောထဲပုန်းနေရတယ်၊ တောထဲမှာ သူ့နောက်က အမတ်တစ်ယောက်နဲ့ မြင်းနဲ့ အားလုံး ဒီ ၃–ယောက်ပဲ ရှိတယ်၊ တောထဲမှာ ပုန်းနေတာ၊ စားချင်လဲမစားရဘူးပေါ့၊ ၃–ယောက်ပုန်းနေရတော့ စားစရာကလဲ မရှိဘူး၊ ဆာတောင် အင်မတန် ဆာလောင်မွတ်သိပ်ပြီးတော့ မတတ်နိုင်ဘူး၊ ထမင်းက သည်းမခံနိုင်တော့ဘူး။

ဒါနဲ့ သူ့နောက်ပါတဲ့အမတ်ကို ဟေ့–ငါ့ညီ တိသ၊ ဆာလောင်လိုက်တာကွာ၊ နှိပ်စက်လိုက်တာ မပြောဘဲနဲ့တော့၊ အို–ဘယ်နှယ် လုပ်မတုံးဟ၊ မစားရရင် မနေနိုင်တော့ဘူး၊ ဘာလုပ်စားရမလဲ, ဘယ်နှယ် လုပ်ရမလဲ, တောထဲမှာ သစ်မြစ် သစ်ဥ သစ်ရွက်တွေ ရှာစားချင်လဲ စားရဦးမှာကိုး၊ ဒီအနားက တောကလဲ စားစရာလဲရှိပုံမရဘူး၊ တယ်ခြောက်သွေ့တဲ့ ထောပ၊ အဲဒီတော့ တိသအမတ်က ပြောတယ်၊ အရှင်မင်းကြီးတဲ့၊ ထမင်းထုပ်ကလေး တစ်ခုတော့ ပါတယ်တဲ့၊ ဟိုမှာအိမ်က လိုလို ရရ လိုလိုမယ်မယ်ဆိုပြီးတော့ ထမင်းတစ်စလယ်ချက်ပေါ့လေ၊ အင်း–ဒီထမင်း အထုပ်ကလေးတော့ ပါတယ်၊ စလူရွက်လေးနဲ့ ထုပ်ပြီးတော့ ပုဆိုးနဲ့ထည့်ယူလာတာကိုး။

ဟိုတုန်းက စစ်ပွဲက တော်တော်ရိုးတဲ့ စစ်ပွဲပဲ၊ သူဟာ ဘာမှ ရိက္ခာတွေဘာတွေ ပါတာ မဟုတ်ဘူး၊ ဒီလို–ဒီလို စစ်တိုက်ကြတာကိုး၊ အဲဒီမှာ အထုပ်ကလေးနဲ့ပါတယ်၊ အဲဒါဖြင့် ယူခဲ့စမ်းပါကွာ၊ ဆာလှပြီဆိုပြီးတော့ ဒါနဲ့ ယူလာတော့ကာ၊ လေးပုံပုံကွာတဲ့၊ လေးယောက်အတွက်၊ ဒီတော့ အမတ်က ပြန်လျှောက်တယ်၊ အရှင်မင်းကြီး–အရှင်မင်းကြီးနဲ့ ကျွန်တော်မျိုးရယ် မြင်းရယ်ဆိုရင် သုံးယောက်ပဲရှိတယ်၊ လေးယောက်ဆိုတော့ တစ်ပုံပိုမနေဘူးလားဆိုတော့ အေးကွာပုံသာပုံပါ၊ လေးပုံသာပုံပါ၊ ငါသိတယ်၊ လိမ္မာတဲ့အရွယ်ကစပြီး ငါစားတိုင်းစားတိုင်း မလျှာဘဲနဲ့ တစ်ခါမှမစားခဲ့ဘူး၊ ဒါကြောင့် လျှုရဦးမယ်ကွာတဲ့၊ သံဃာတော်တွေ လျှုရဦးမယ်။

မင်းကြီး ဒီတောထဲ ဘယ်ကသံဃာတော်ရမလဲ၊ အေးကွာ–နေစမ်းပါဦး ဒီဥစ္စာ ငါသဒ္ဓါအားလျော်စွာရမှာပါပဲ၊လျှုမည့် ပုဂ္ဂိုလ် စိတ်ချလက်ချသာ ပြင်ပါဆိုပြီးတော့ လေးပုံပုံပြီးထားတယ်၊ ဖက်ရွက်ကလေး ဘာလေးဖြစ်မှာပေါ့၊ ဘယ် အိုးခွက်ရှိမလဲ၊ ဟိုမှာ ဇွန်းပန်းကန် မဟုတ်ပါဘူး၊ တောထဲမှာ ဖက်ရွက်ကြီးကြီး ခူးပြီး ပြင်ရမှာပါပဲနဲ့တူပါတယ်၊ ဒါ ဘုန်းကြီးက စဉ်းစားကြည့်တာ၊ စာထဲမှာတော့မပါဘူး၊ ဒါတော့ ဒီလိုပဲ စဉ်းစားရမှာပဲ၊ ဘယ်ဇွန်းတွေ ပန်းကန်တွေမျိုးဆိုပြီးတော့ ရွှေအိုး ရွှေခွက်ကတော့ ဘယ်ရမှာလဲ၊ ဒီမှာ ပန်းကန်ပြား ဘယ်ရမလဲ၊ ဖက်ရွက်နဲ့ပဲ ပြင်ရမှာပဲ။

အဲဒါ ပြင်ပြီးတဲ့အခါကျတော့ ကဲကွာတဲ့၊ ကြွေးကြော်ကွာတဲ့၊ "ဆွမ်းများပြင်ပြီးပါပြီ၊ အရှင်ဘုရားတို့ အလှူခံဖို့ရာ၊ ဆွမ်းအလှူခံဖို့ရာ ကြွတော်မူပါ ဘုရား"လို့ ပင့်လိုက်တာ၊ ကြေညာလိုက်စမ်းတဲ့၊ ပင့်တာကို သုံးကြိမ်အော်ပြီးတော့ ပင့်တယ်။

"အရှင်ဘုရားတို့ ဆွမ်းပြင်ပြီးပါပြီဘုရား၊ ဆွမ်းအလှူခံကြွတော်မူကြပါ"ကြေညာလိုက်တာ၊ ဟိုတုန်းက စျာန်အဘိညာဉ်နဲ့ပြည့်စုံတဲ့ ရဟန္တာမထေရ်တွေကလဲရှိတယ်၊ ရှိပြီးတော့လဲ အမြတ်မ်ားနှလုံးသွင်းနေပါလိမ့်မယ် အမြတ်မ်ားနှလုံးသွင်းပြီးတော့ နေတာနဲ့တူပါတယ်၊ တစ်ချို့လဲ လောကကို အသံတွေဖမ်း၊ ယခုအခါ ဟိုဒင်းလိုပေါ့၊ ဝိုင်ယာလက်နဲ့ဘာနဲ့ အသံတွေဖမ်းနေတာလို အဲဒါလိုပဲ တစ်ချို့ကလဲ လောကအကြောင်းတွေနဲ့ အသံတွေ ဘာတွေ စဉ်းစားဆင်ခြင်နေတာလဲရှိမှာပေါ့။

ဒီတော့ကို ဂေါဒေါမကဆိုတဲ့ မထေရ်ကြီးက ကြားတယ်တဲ့၊ သူ အဘိညာဉ်နဲ့ ယခုလောက အကြောင်းတွေမှာ ဆိုလို့ ရှိရင် ဘယ်ဝိုင်ယာလက်က လာမိတယ်၊ ပြောတာလိုပေါ့လေ၊ သူက ဒီဗွေသောတ အဘိညာဉ်နဲ့ မိတာကိုး၊ ဒုဋ္ဌဂါမဏိမင်းကြီး စစ်ပွဲရှုံးလို့ တောထဲရောက်ပြီးနေလို့ စားစရာမရှိလို့ တစ်ယောက်အတွက် ထမင်းထုပ်ကလေးကို ထမင်းထုပ်ဆို ထမင်းကြမ်းဆိုတာ တော်တော်မကောင်းတဲ့ ဥစ္စာပါပဲ၊ ထမင်းကြမ်း ထမင်းထုပ်ကလေးကို အဲဒါလေးကို လေးဦးခွဲပြီးသကာလ ဝေတယ်၊ လေးပုံဝေပြီးတော့ ယခု ဆွမ်းလှုမလို့ သူပင့်တာပဲ။

ဂေါဒေါမကထေရ်က ဒီကနေပြီးတော့ တိဿဆိုတဲ့မထေရ်ကို ဆွမ်းခံလွှတ်တာကိုး၊ ဗောဓိမာတု မဟာတိဿဆိုပြီးတော့ အဂ်ုတ္တိရ်အဋ္ဌကထာမှာ ပြတယ်၊ သီဟိဠ်မဟာဝင်ကတော့ တိဿသာမည်ပါပဲ၊ တိဿ သူကတိုတို ရေးထားတာကိုး၊ အဂ်ုတ္တိရ် အဋ္ဌကထာကတော့ ဗောဓိမာတုမဟာတိဿဆိုပြီးတော့ နာမည်ရှည်ရှည်ပဲ ရေးထားတာ၊ တိဿမထေရ်ပဲ တိုတိုပဲ မှတ်ရင်ထဲ ကောင်းကောင်းပါပဲ၊ အဲ–တိဿမထေရ်က ဒီလိုသူလဲ ရဟန္တာမထေရ်ဆိုတော့ စျာန်အဘိညာဉ်နဲ့ တစ်ခါတည်း ကြွသွား၊ ဗြုန်းခနဲဆို ကြွလာတယ်၊ သူ့ကို မမြင်ရဘူး၊ ဟိုအနားရောက်မှ ဆွမ်းခံရပ်နေတာတွေ့တယ်၊ ဆွမ်းခံရပ်နေတာတွေ့တာကိုး။

ဒုဋ္ဌဂါမဏိမင်းကြီးက ဟော–မပြောဘူးလားတဲ့ ဟိုမှာ ကြွလာပြီကိုး၊ အလှူခံပုဂ္ဂိုလ်တွေ ရှိပါတယ်လို့ ပြောတယ်၊ ဟော–ဆွမ်းလောင်းလိုက်ကွ၊ လောင်းလိုက်ကွ ဆိုပြီးတော့ သူကပထမတည်းက သူ့ဖို့ရည်ရွယ်ထားတဲ့အပုံက တစ်ပုံ သူစားဖို့ အပုံကိုလဲ သူစဉ်းစားတယ်၊ ဒါ ဘာဖြစ်လို့စားသလဲ၊ ဒါစားလဲ တော်တော်ကြာ သေမှာပါပဲ၊ မထူးပါဘူး၊ သူ့မှာ လျှုဒါန်းလိုက်မှဆိုပြီး သူစားဖို့ရာက တစ်ခါတည်းလျှုလိုက်တာ ၂–ပုံ မစားဘူးဆိုပြီးတော့ နောက် သူကလျှုလိုက်တော့ သူ့အမတ် တိဿအမတ်ကလဲ သူ့အပုံလေးကတော့ စားဖို့ရာရှိသေးတာပေါ့၊ ငါကလဲပဲ ငါအရှင်သခင်မစားဘဲ ငါတစ်ယောက်တည်းစားနေလို့ မဖြစ်ဘူး၊ ငါလဲလျှုမှ ဖြစ်တော့မှာပဲ ဆိုပြီးတော့ သူလဲလျှုလိုက်ရတာ။

လျှုလိုက်တော့ မြင်းကလဲ မစားဘူးတဲ့၊ သူက မြင်းကြည့်လိုက်တော့ မြင်းကလဲ စားပုံမရဘူး၊ သူလဲ လျှုချင်ပုံရတယ် ဆိုပြီး ကိုင်းကွာ မြင်းအတွက် လျှုလိုက်ပါ၊ တို့မထူးပါဆိုပြီး သေချင်လဲသေပစေတော့ ဆိုပြီးတော့ တစ်ခါတည်း လျှုလိုက်တာကိုး၊ လျှုလိုက်တော့ အဲဒီမှာ တိဿမထေရ်ကလဲပဲ တန်ခိုးဣဒ္ဓိပါဒ်နဲ့ ကောင်းကင်က ကြွသွားတာကိုး၊ ကြွသွားတာလဲပဲ မြင်အောင်လို့ဖန်ဆင်းတဲ့ လောကဝိဝရဏ ဆိုတာရှိတယ်၊ မြင်အောင်လို့ အဘိညာဉ်နဲ့ ဖန်ဆင်းနိုင်တယ်၊ အဘိညာဉ်နဲ့ဖန်ဆင်းလိုက်ရင် တစ်ခါတည်း ကြွသွားတာတွေ အကုန်လုံးမြင်ရတာကိုး၊ ယခုကာလ ဘိုင်စကုပ်ထဲပြတာလိုနေမှာပေါ့၊ သူ့ဟာ ဟိုဟာကတော့ အစစ်ပဲ၊ ဒီဥစ္စာကတော့ အတုအပတွေ လုပ်ထားတာ ဒါကတော့ တစ်ချို့ကားတွေ ဘာတွေရေးပြီး ပုံတော်သလိုရိုက်ထားတာနဲ့ တူပါတယ်၊ ကြည့်တဲ့ပုဂ္ဂိုလ်တွေက အဟုတ်ထင်အောင် သူတို့လဲ တော်တော်တတ်နိုင်တဲ့ လူတွေပဲ၊ သူတို့လဲပဲ လောကအဘိညာဉ်တွေပေါ့လေ၊ သူတို့လဲ တော်တော်တတ်နိုင်တဲ့ပုဂ္ဂိုလ်တွေတဲ့၊ သဒ္ဓါတရား ဖြစ်အောင် တော်တော်လုပ်တတ်ကြတာပဲ၊ အဲဒါ ဟိုမှာတော့ အစစ်ပဲ၊ ကြည်ညိုစရာ ကောင်းတာပေါ့၊ ကောင်းကင်က ကြွပြီးသွားတော့ သပိတ်နဲ့

ဆွမ်းခံပြီး ကြွသွားတော့တာကိုး၊ ပိရင်ဂုကျွန်းဆိုတာမှာ သံဃာတော်တွေ အမြောက်အမြား ၅၀၀–နဲ့ တူတယ်၊ သံဃာတော် ၅၀၀–နဲ့ ဝေပြီးတော့ ဘုဉ်းပေးကြတာကိုး။

အဲဒါလဲ ဆွမ်းတွေမကုန်တဲ့နည်း ရှိတယ်၊ သူ့ဟာ ဟန်ကျတယ်၊ ဟိုက တန်ခိုးတွေရှိတယ်၊ စျာန်အဘိညာဉ်တန်ခိုးတွေနဲ့ တစ်ခါတည်း သပိတ်ထဲက နှိုက်ပေးနေရင် မကုန်ဘူး၊ ဒါလဲ တော်တော်နေရာ ကျတာပဲ၊ ရှားပါးတဲ့အခါနဲ့တော့ သိပ်နေရာကျတာပဲ ဒီတန်ခိုးတွေဟာ ဒါနဲ့ နှိုက်ပြီးတော့ ဝေတာတွေ အကုန်လုံးဝေပြီးတော့ ဘုဉ်းပေးနေတာတွေ ဟိုက မြင်ရတယ်၊ မင်းကြီးလဲ မြင်နေရတာပဲ၊ သူတို့ ရှေ့နားတွင်လိုပဲ၊ ယခုအခါကာလ ဘိုင်စကုပ် ကြည့်သလို နေမှာပေါ့။

ရှေ့နားတွင် မြင်နေရတော့ သံဃာတော်တွေ ဆွမ်းဝေပြီး ဘုဉ်းပေးနေတာ၊ အဲ....မြင်နေတာကနေပြီးတော့ ဆာကလဲ အစကတည်းက ဆာနေတာကိုး၊ သူကသိပ်ဆာနေတော့ သူ့စိတ်အောက်မေ့မယ်၊ ဩော်....သံဃာတွေ ဆွမ်းဘုဉ်းပေးပြီးရင် နည်းနည်းတော့ ကျန်ကောင်းပါသေးရဲ့ ကျန်လို့ရှိရင် တို့တွေ စားရရင် နေရာကျမှာပဲလို့ တွေးမိတယ်။

မင်းကြီးက တော်တော်ဆာနေပုံရတယ်၊ တော်စွာ လျော်စွာ စိတ်ကူးမိတော့ မထေရ်တွေက သိပါတယ်၊ စိတ်ကူးလဲ သိနေတာပဲ၊ သိတော့ အဲဒီစိတ်ကူးသိတော့ ဒီကနေ သပိတ်ကို ပြန်လွှတ်လိုက်တာကိုး၊ တန်ခိုးနဲ့ မင်းကြီးလက်ထဲရောက်စေလို့ဆိုပြီးတော့ လွှတ်လိုက်တော့ သပိတ်က ကောင်းကင်က သူက အလိုလို သွားတာကိုး၊ အလိုလိုသွားတော့မှ ဒုဋ္ဌဂါမဏိမင်းကြီးလက်ထဲ ရောက်သွားတာကိုး၊ ရောက်သွားတော့ ဆွမ်းတွေ ယူထည့်၊ သူတို့ တန်ခိုးနဲ့လုပ်ထားတော့ မကုန်ဘူးပေါ့။ သူက အစကမှ လေးယောက်စာပဲ ဟိုမှာလဲ ဝေပြီး အများကြီးကုန်ပြီ။

ဒါပေမယ့် ဒီအထဲက သူတို့ တစ်ခါတည်း နှိုက်နှိုက်ပြီး ထုတ်ယူပြီးသကာလ စားဖို့ရာ ဝအောင်လဲ စားနေသေးတယ်၊ မင်းကြီးလဲ ဝအောင်စားရတယ်၊ အမတ်လဲ ဝအောင်စားရတယ်၊ မြင်းလဲ ဝအောင်ကျွေးရသေးတယ်၊ ကျွေးပြီးတော့ ကုန်တောင် မကုန်သေးဘူးဆိုပဲ၊ မကုန်သေးတော့ အဲဒီတော့မှ သပိတ်မှောက်လိုက်မှ ကုန်သွားတယ်ဆိုပဲ၊ မမှောက်လိုက်ရင် မကုန်ဘူး၊ မှောက်လိုက်မှကုန်သွားပြီး ဆေးကြောသုတ်သင်ပြီးတော့ တစ်ခါတည်း သူ့အပေါ်ရဲ့ အဝတ်တစ်ထည် အပိုပါပုံရပါတယ်၊ အပေါ်ရဲ့ အဝတ်ဆိုတော့ ခြုံထည်ပေါ့လေ၊ ခြုံထည်ကို ရှေးတုန်းက ယခုကာလလိုအင်္ကျီတွေ ဘာတွေတော့ ဟုတ်ပုံမရပါဘူး။

အဲဒီ ခြုံထည်နဲ့ ခြုံထည်တစ်ခုကို သပိတ်သုတ် ပုဝါအဖြစ်နဲ့ ထည့်ပြီးတော့ တစ်ခါတည်း ဓိဋ္ဌာန်ပြီးတော့ အဓိဋ္ဌာန်နဲ့ လွှတ်လိုက်တာကိုး၊ မင်းကလည်း သစ္စာရှိတဲ့မင်း၊ တန်ခိုးဣဒ္ဓိပါဒ်ရှိတဲ့ မင်းလည်းဖြစ်၊ ရဟန်းတော်တွေကလဲ အဘိညာဉ်နဲ့ ပြည့်စုံပြီးတော့နေတဲ့ အခါကာလဆိုတော့ အကုန်လုံး မိမိတို့ ရည်ရွယ်တဲ့ အတိုင်း အကုန်လုံး ပြီးမြောက်နေတာပါပဲ၊ ဒီက သပိတ်မြှောက်ပြီး လှုပ်လိုက်တော့ သပိတ်ကလည်း မထေရ်ထံပြန်သွား၊ အဲဒါတွေ အကုန်လုံးမြင်ရတယ်၊ အင်မတန် ဝမ်းသာစရာကောင်းတာပဲ၊ သူက နောက်အဲဒီကနေပြီး သူ့နန်းတော်တွေဘာတွေ ပြန်ရောက်၊ ပြန်ရောက်သွားပြီးတော့ နောက်တော့လဲ ညီတော်တွေ နောင်တော်တွေ ပြန်ပြီး စစ်ဖြစ်လို့ နောက်တစ်ခါ နိုင်ပါတယ်။

အဲ နောက်တစ်ခါနိုင်တော့ နိုင်ပြီးတဲ့နောက် စစ်ပြေငြိမ်းတွေဘာတွေ ပြုလုပ်ပြီးတော့ သူတို့အချင်းချင်းတည့်ပါတယ်၊ ဘာမှလဲမဖြစ်ပါဘူး၊ ဘာမှလဲဖြစ်လောက်စရာ အကြောင်းလဲမရှိပါဘူး၊ နောက်ကျတော့မှ သူ ဧလာရကျေးမင်းကို တိုက်တာကိုး၊ အတော်တိုက်ယူရတာ၊ ကျေး ၁၈–ပြည်ထောင်ဆိုပြီးတော့ ၁၈–မြို့နေမှာပေါ့၊ သီဟိုဠ်ကျွန်းမှာ ဒါတွေ ရှေးက အကြီးအကျယ် ပြောကြဟောကြ လုပ်နေကြတာပါ၊ သို့သော်လည်း ယခုကာလစိတ်ကူးတွေနဲ့ ကြည့်မယ်ဆိုရင် ဒါက ကလေးကစားစရာ ရယ်စရာလိုဖြစ်နေမှာပါ၊ သေးသေးလေးပါပဲ၊ မပြောပလောက်ပါဘူး။

ဒါပေမယ့် ဟိုခေတ်တုံးကတော့ ဒီလောက် လုပ်ရတာကို တော်ရုံတန်ရုံ ပုဂ္ဂိုလ်မလုပ်နိုင်ဘူး၊ အင်မတန် ဘုန်းတန်ခိုးကြီးတဲ့ပုဂ္ဂိုလ်မို့ ဆောင်ရွက်နိုင်တာ၊ အဲဒီကနေ သီဟိုဠ်တကျွန်းလုံးအောင်မြင်ပြီးတော့ သူဟာမင်းဖြစ်၊ မင်းဖြစ်ပြီးတော့ ကုသိုလ်ကောင်းမှုတွေလဲ အများကြီးပါပဲ၊ သာသနာတွေလဲ အများကြီး ပြုပြီးတော့ သွားပါတယ်။

မဟာစေတီကြီးဆိုတာ ယခုတစ်ချို့ ဘုရားဖူးသွားတဲ့ ပုဂ္ဂိုလ်တွေ တွေ့ပါလိမ့်မယ်၊ တွေ့ပါတယ်၊ မဟာစေတီကြီးကို သွားဖူးတဲ့ပုဂ္ဂိုလ်တွေ မနုရာမြို့မှာ မဟာစေတီဖူးကြရတယ်၊ အဲဒီမဟာစေတီကြီးက သူ တည်ခဲ့တာပဲ၊ အဲဒီ သူတည်ခဲ့တဲ့ မဟာစေတီကြီး မပြီးသေးဘူး၊ နောက်ဆုံးကြတော့ ရောဂါစွဲပြီးသကာလ စုတေဖို့ရာ နတ်ရွာစံဖို့ အချိန်နီးလာတဲ့အခါ မဟာစေတီကြီးအနီးအပါးမှာပဲ သူ့ထားပြီးတော့ ဘုရားကျမ်းဂန်တွေ ရွတ်ဖတ်သရဇ္ဈာယ်၊ ဘုရားကျမ်းဂန်တွေ ရွတ်ဖတ်သရဇ္ဈာယ်ရင်း ကုသိုလ်ကောင်းမှု စာရင်းကိုဖတ်ကြားတယ်တဲ့။

အမတ်တစ်ယောက်ကနေပြီး ကုသိုလ်ကောင်းမှုစာရင်း ဖတ်ကြား၊ မင်းကြီး ဘယ်အခါကာလ ဘယ်လိုကုသိုလ်ကောင်းမှုတွေ ပြုခဲ့တယ်၊ သံဃာတော်တွေ ဘယ်လိုဆွမ်းကျွေးခဲ့တယ်၊ စေတီတော်ကြီး ဘယ်လို တည်ခဲ့တယ်၊ အစရှိသည့် ကျောင်းတွေ ဘယ်လိုဆောက်တည်ခဲ့တယ်၊ ဘယ်ကျောင်း ဘယ်ကျောင်းတွေ စသည်ဖြင့် ကောင်းမှုစာရင်းတွေ လျှောက်ဖတ်

ပြီး ဖတ်ရင်းဖတ်ရင်း (ရှေ့ဖတ်အုံး–၃) ဖတ်လိုက်တာ အဲဒီစာရင်း ရောက်လာတယ်၊ အသင်မင်းကြီး တစ်ခါတုန်းက ညီတော် တိသဿနဲ့ သူ့ဇကီရအင်္ဂန ဆိုတဲ့၊ ကွင်းပြင်မှာ စစ်ပွဲကြီး ဖြစ်ကြတယ်၊ စစ်ခင်းကြ ညီတော်နဲ့ ပြီးတော့ အသင်မင်းကြီးက စစ်ရှုံး ပြီးတော့ မြင်းစီးပြီး အမတ်တစ်ယောက် နောက်ပါနဲ့ တိသဿအမတ်နောက်ပါနဲ့ ထွက်ပြီးတော့ပြေးရတယ်။

အဲဒီအခါတုန်းက တောထဲရောက်တော့ အရှင်မင်းကြီးတို့ စားစရာမရှိလို့ ဆာလောင်မွတ်သိပ်တယ်၊ အမတ်က ပါလာတဲ့ထမင်းထုပ်ကလေး တစ်ယောက်စာကလေးကို လေးပုံပုံပြီး စားမလို့လုပ်တုံး သံဃာတော်တွေကို ကြွေးကြော်လိုက်တော့ကို တိသဿမထေရ် ကောင်းကင်က ကြွလာပြီးတော့ ဆွမ်းခံတယ်၊ အဲဒီဆွမ်းကို သံဃာတော်တွေ ပိရင်ဂုကျွန်းမှာ ရဟန်းတော်တွေနဲ့ ဝေပြီးဘုန်းပေးတယ်။

အဲဒီလို အရှင်မင်းကြီး လျှောခဲ့ရတယ်လို့ ဖတ်လိုက်တော့ တစ်ခါတည်း ဒုဋ္ဌဂါမဏိမင်းကြီး အင်မတန်ကိုအားရဝမ်းသာ ဖြစ်သွားတယ်၊ ဟိုးရှေးရှေးကဖတ်ခဲ့တဲ့ စာရင်းတွေဟာ သံဃာတွေ ထောင်လိုက်သောင်းလိုက် လျှုဒါန်းတဲ့ဟာတွေလဲ ရှိတာပေါ့လေ၊ ဆွမ်းတွေ အများကြီးပေါ့၊ အဖိုးထိုက်အဖိုးတန်တွေပဲ ဘာဒီဥစ္စာလေး ဘာအဖိုးတန်လို့လဲ၊ ဘာမျှ အဖိုးမတန်ဘူး၊ ထောင်လိုက်, သောင်းလိုက်အများကြီး လျှုတန်းခဲ့ရတာတွေ, ကျောင်းကြီးကန်ကြီးတွေ လျှုရတာလဲရှိတယ်၊ စေတီကြီးတွေ တည်ပြီး လျှုဒါန်းခဲ့ရတာတွေ အများကြီးပါပဲ၊ အင်မတန်အကြီးအကျယ်ကြီးတွေ လျှုတာ၊ အဲဒါတွေဟာ သူ့စိတ်ထဲမှာ အားရပါးရ မရှိသေးဘူး၊ ဒီဟာလေး ကြားရတော့မှ တော်တော့ တော်တော့ တော်ပြီဆိုပဲ။

ဒီအခါမှာ နတ်ပြည်က နတ်ရထားတွေကလဲ ၆-စင်း ဆိုက်နေတယ် ဆိုတာကိုး၊ စုတေခါနီး ကျတော့ နတ်ပြည်က နတ်ရထားတွေကလည်း ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်ကို လာပြီးတော့ ကြိုကြဆိုကြတယ်၊ နတ်ပြည်ရောက်အောင် သူ့နတ်ပြည်ရောက်အောင် သူ့ဌာနရောက်အောင် ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေ ရောက်လာလို့ရှိရင်ဖြင့် အဲဒီဘုန်းကံရှိတဲ့ပုဂ္ဂိုလ်ရောက်တဲ့ နတ်ပြည်က စည်ကားတာကိုး၊ အဲဒီမှာ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်အားလျော်စွာ နတ်ဘုံဗိမာန်တွေ အသစ်တွေ ဖြစ်တယ်၊ ပြီးတော့လဲ ဒီလိုဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်က သူခေါင်းဆောင်ကြီး ဖြစ်မှာပေါ့၊ သူက ခေါင်းဆောင်ကြီး ဖြစ်မယ်၊ သူက အများနတ်တွေ ချမ်းသာအောင် စောင့်ရှောက်နိုင်တဲ့ပုဂ္ဂိုလ်, ကူညီနိုင်တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်မှာပါ။

ယခုကာလ နိုင်ငံရေးလို နတ်ရွာစည်ကားရေးကို သူတို့ကလဲ ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေ လာကြိုကြတာ၊ ယခုလဲ ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေသေရင် ဒီလိုပဲ နတ်တွေက လာကြိုကြမှာပဲ၊ ကုသိုလ်ကောင်းမှု မရှိတဲ့ ပုဂ္ဂိုလ်တွေတော့ လာကြိုမယ်မဟုတ်ဘူး၊ ဒါတော့ အဲဒီလိုကြိုပြီးတော့နေတော့ ဘယ်ဘုံ အကောင်းဆုံးလဲလို့ မေးတဲ့အခါမှာ တုသိတာနတ်ဘုံဟာဖြင့် ဘုရားအလောင်းတော်တို့နေရာ ကောင်းတယ်ဆိုတော့ အဲဒီနတ်ဘုံပဲ သူ အဲဒီကစုတေပြီး သူ တုသိတာနတ်ဘုံ ရောက်သွားတဲ့အကြောင်း ပါပါတယ်။

အဲဒီအတ္ထုပ္ပတ္တိမှာ ယခုဒေသနာနဲ့ စပ်ပြီးတော့ စဉ်းစားဖို့ရာ မှတ်သားဖို့ရာကတော့ ခေါင်းပါးတဲ့အခါကာလ, ရှားတဲ့ အခါကာလ အဲဒီလို အခါကာလမှာ ခဲခဲယဉ်းယဉ်းလျှုရတဲ့ အလျှုဟာဖြင့် ဒါစွန့်ကြဲ ပေးကမ်းရတာဖြင့် စဉ်းစားဆင်ခြင်လိုက်ရင် ဝမ်းသာစရာ အကောင်းဆုံးပဲ၊ ဒိပြင်ဟာတွေလဲ ဝမ်းသာစရာ ကောင်းတော့ ကောင်းစရာပဲ၊ ကုသိုလ်ကောင်းမှုဆိုတာ ဘယ်ဟာဖြစ်ဖြစ် ဝမ်းသာစရာကောင်းပါတယ်၊ အဲဒီလိုဟာကပိုပြီး ဝမ်းသာစရာကောင်းပါတယ်၊ ပီတိပါမောဇ္ဇတွေဖြစ်တယ်၊ အဲ–ခဲခဲယဉ်းယဉ်း ကိုယ်စားဖို့ရာ သုံးဖို့ရာလေး ခက်ခက်ခဲခဲ ရှာဖွေထားတာကလေးကို ဝမ်းမြောက်ဝမ်းသာနဲ့ လျှုလိုက်ရတာ အင်မတန်....

ဒီလိုဟာ မရှိရင်လဲ ဒိပြင်ဟာတွေပေါ့လေ၊ သာမန် လျှုတန်းထားတဲ့ဟာတွေကို စဉ်းစားရမှာပေါ့၊ သူများတွေမလျှုနိုင်တဲ့ လျှုဖို့တန်းဖို့ ခဲယဉ်းတဲ့ ဥစ္စာတွေကို ငါ့မှာ လျှုခဲ့တန်းခဲ့ရပြီ၊ ဘယ်လို ဘယ်ဟာတွေ လျှုခဲ့ရတယ်၊ ပေးခဲ့ရတယ် ကမ်းခဲ့ရတယ်၊ စွန့်ကြဲခဲ့ရတယ်၊ သီတင်းသုံးဖော်တွေနှင့် ဝေခြမ်းပြီး သုံးဆောင်ခဲ့ရတယ် စသည်တွေကို စဉ်းစားလိုက်ရင် ပီတိပါမောဇ္ဇတွေဖြစ်ပါတယ်တဲ့၊ အဲဒါဟာ စာဂါနုဿတိ ခေါ်တယ်၊ ဒါကြောင့် ရတနာသုံးစုံ သီလဂုဏ် စွန့်ပုံ အောက်မေ့ပါ၊ ကဲ.... အပိုဒ်ကတော့ ပြီးသွားပါပြီ၊ ကိုင်း .... ဆိုကြဦးစို့။

ရတနာသုံးစုံ၊ သီလဂုဏ်၊ စွန့်ပုံအောက်မေ့ပါ။ (ဆို–၃)

နောက်တစ်ခါက ဒေဝတာနုဿတိ၊ ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါနုဿတိ ဒီ ၅–ခု၊ ဒေဝတာနုဿတိ ၆–ခု၊ ဒေဝတာဆိုတာ နတ်ပဲ၊ နုဿတိ–အောက်မေ့တာ၊ နတ်တွေကို အောက်မေ့တယ်လို့ အဓိပ္ပာယ်ရှိတာကိုး၊ ဒါပေမယ်လို့ နတ်ကြီးသက်သက် အောက်မေ့ရမှာ မဟုတ်ဘူး၊ နတ်တွေက ဘာဖြစ်လို့ဖြစ်ရလဲ နည်ပြည်ရောက်ရသလဲဆိုရင် ကုသိုလ်ကောင်းမှုတွေ ရှိလို့တဲ့၊ သဒ္ဓါ သီလ သုတ စာဂ ပညာ အဲဒီ ကုသိုလ်ကောင်းမှုတရားတွေနှင့် ပြည့်စုံလို့တဲ့။

ကံ–ကံ၏အကျိုး ယုံကြည်တဲ့ သဒ္ဓါတရား ရတနာသုံးပါးယုံကြည်တဲ့ သဒ္ဓါတရား ရှိတယ်၊ ပြီးတော့ သီလတွေနှင့် ပြည့်စုံတယ်၊ မြတ်စွာဘုရားတရားတော်တွေ ကြားဖူးနာဖူးတဲ့ သုတနဲ့ပြည့်စုံတယ်၊ စွန့်ကြဲ ပေးကမ်းလှူဒါန်းမှု ဒါနကုသိုလ်လဲ ပြည့်စုံတယ်၊ ပညာ–ဝိပဿနာပညာမျိုး၊ သို့မဟုတ် သုတမယ စိန္တာမယ ပညာမျိုး၊ အဲဒီ ပညာတွေနဲ့ပြည့်စုံတယ်၊ အဲဒီ ကုသိုလ်ကောင်းမှုနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဟာ နတ်ပြည်ရောက် နေတာပဲ၊ တစ်ချို့က သဒ္ဓါတရားသက်သက်နဲ့ ဘုရား–တရား–သံဃာ ရတနာသုံးပါး ကိုးကွယ်တဲ့ သဒ္ဓါဂုဏ် လောက်နဲ့ ရောက်ရတာလဲ ရှိတယ်။

တစ်ချို့က သဒ္ဓါနဲ့ သီလနဲ့ ပြည့်စုံလို့ တစ်ချို့ကလဲ သဒ္ဓါ သီလ သုတ စာဂ တစ်ချို့ကလဲ သဒ္ဓါ သီလ သုတ စာဂ ပညာ ငါးခုပေါ့လေ အဲဒီလိုပြည့်စုံတဲ့အတွက် နတ်ပြည်ရောက်နေကြတာ၊ နတ်ပြည်လောက ရောက်တဲ့ ပုဂ္ဂိုလ်တွေ အလကား ရောက်တာ မဟုတ်ဘူး၊ ယခု ခရီးသွားချင်လို့ရှိရင် ခရီးစရိတ် ဆိုတာ ရှိရတယ်၊ ဒီ ခရီးစရိတ်မရှိဘဲနဲ့ဆိုရင် လမ်းလျှောက်ပြီး ခြေလျင်သွားရမှာပေါ့၊ အဲဒါ သိပ်ဝေးတဲ့နေရာတော့ သွားလို့မဖြစ်ဘူး၊ နီးနီးတော့ သွားလို့ ဖြစ်တယ်၊ သိပ်ဝေးတဲ့နေရာဆိုရင် ဘယ်သွားနိုင်မလဲ၊ ဟိုနိုင်ငံ ဒီနိုင်ငံ ဆိုလို့ရှိရင် ခြေလျင် လျှောက်သွားဖို့ရာ ဘယ်ဖြစ်နိုင်မလဲ၊ သူ့ဟာ ခရီးစရိတ် လုံလုံ လောက်လောက်ရှိမှ အဲဒါလိုပဲ၊ နတ်ပြည်ရောက်ဖို့ရာ ခရီးစရိတ်ဆိုတာ ဘာတွေလဲဆိုတော့ ဒီကုသိုလ်ကောင်းမှုတွေပဲ။

သဒ္ဓါ သီလ သုတ စာဂ ပညာတွေတဲ့၊ ဒါတွေ များများရှိလေလေ နတ်ပြည်လောကတွေ များများရောက်၊ ကြာကြာ နေနိုင်တယ်၊ နတ်စည်းစိမ်အကြီးအကျယ်တွေနှင့် အင်မတန်အထက်တန်းကျနိုင်တယ်၊ အဲဒီ သဒ္ဓါ သီလ သုတ စာဂ ပညာ တွေဟာ နည်ပြည်မှာသာ ရှိသလား၊ မိမိမှာရော မရှိဘူးလားလို့ စဉ်းစားကြည့်လိုက်စမ်းပါ၊ သဒ္ဓါ သီလ သုတ စာဂ ရှိတဲ့ ပုဂ္ဂိုလ်တွေ ဝမ်းသာစရာ အင်မတန် ကောင်းတယ်၊ နတ်ပြည်ရောက်ကြောင်းဖြစ်တဲ့ ဂုဏ်တွေ ငါ့မှာ ပြည့်စုံနေတာပဲ၊ ငါလဲ သဒ္ဓါတရားရှိလို့ ဘုရား–တရား–သံဃာ ယုံကြည်တယ်၊ ကြည်ညိုတယ်၊ ကံ–ကံ၏အကျိုး ယုံကြည်တယ်၊ သီလလဲ ငါ စောင့် ရှောက်ထားလို့ လုံခြုံနေတယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တော့ အထူး ပြောစရာမလိုဘူး၊ သီလက စင်ကြယ်နေတယ်၊ သဒ္ဓါ သီလ သုတလဲ ကြားဖူး၊ တရားတွေ ပြည့်နေတာပဲ။

စွန့်ကြဲပေးကမ်းမှုထိုက်သည်အားလျော်စွာရှိနေတာပဲ၊ ပညာကတော့ ယခုလောလောဆယ် အားထုတ်နေတာ၊ အင်မတန်ကောင်းတာ၊ ဝိပဿနာ ပညာ အင်မတန်ကောင်းတာ၊ သုတမယ စိန္တာမယတွေ မဟုတ်ဘဲနဲ့ ဘာဝနာမယ ကိုယ်တိုင် သိပြီးတော့ ရုပ်တရား နာမ်တရားတွေကို ရှုမှတ်ပြီး ရှုတိုင်း ရှုတိုင်း ရှုခါစတည်းက သိသွားတာပါ၊ ဒီဥစ္စာတွေ ရှုတိုင်း ရှုတိုင်း ဟာ ရုပ်တရား နာမ်တရားတွေ သိတယ်၊ နာမရူပ ပရိစ္ဆေဒညာဏ်တွေ ရှုလိုက်ရင် ရှုစရာ အာရုံတွေက ရုပ်၊ ရှုသိနေတဲ့စိတ်က နာမ်၊ မှတ်လိုက်ရင် ဖောင်းတယ်၊ မှတ်လိုက်ရင် (ဖောင်းတာကရုပ်၊ သိတာကနာမ်–၂) ဖောင်းတာနဲ့ သိတာနဲ့ဟာ ၂–ခု၊ ၂–ခု ကွဲပြီးတော့ ကွဲနေတယ်၊ ဖောင်းတာကလဲ သိတာမဟုတ်ဘူး၊ သိတာကလဲ ဖောင်းတာ မဟုတ်ဘူး၊ အဲ (မှတ်တိုင်း–၂)မှတ်စရာ အာရုံနဲ့ မှတ်သိတဲ့စိတ်၊ မှတ်စရာအာရုံနဲ့ မှတ်သိတဲ့စိတ် ဒါပဲရှိတာပဲဥစ္စာ၊ ဒီလိုသိနေတာဟာ ပညာတွေပဲ။

မှတ်စရာကလဲ (မှတ်တိုင်း–၂) ဖြစ်ပြီးရင်း ပျောက်သွားရင်း ဖြစ်ပြီးရင်း ပျောက်သွားရင်း မမြဲတာတွေ သိနေတယ်၊ အင်မတန်သိခဲတယ်၊ ဒါက စာပေကျမ်းဂန် ဗဟုသုတတွေနဲ့ ဘယ်လိုပဲသင်ထား တကယ်မရှုရင်မသိဘူး၊ အပြောအဟော ကောင်းလို့ သူ့ဟာသူ ပြောသာပြောနေမယ် တကယ်တော့ မသိဘူး၊ ကိုယ်တိုင်သိ မဟုတ်ဘူး၊ စဉ်းစားဆင်ခြင်ပြီးတော့ တစ်ချို့က ပြောဟောပြီးတော့နေတယ်၊ ကိုယ့်ဟာကိုယ်လဲ ပညာတွေလို့လဲ ထင်နေတတ်တယ်၊ အမှန်ကတော့ အဲဒါပညာ အစစ်တွေမဟုတ်ဘူး၊ ဒါတွေအလကား စဉ်းစားထားတာ၊ ဒါဝိတက်တွေ၊ ဝိတက်ဝိစာရတွေနှင့်စဉ်းစားဆင်ခြင်ပြီး သကာလ သူသိထားတာတွေ ပညာတွေပဲ၊ စာထဲက ဒီလိုရုပ်တရားနာမ်တရား၊ အနိစ္စ ဒုက္ခ အနတ္တပြောထားလို့ သူပြောလို့ မှန်းဆပြီးသိ တယ်၊ တွေးထင်ထားတာတွေ ကိုယ်တိုင် သေသေချာချာသိတာမဟုတ်ဘူး၊ ယခု ဖြစ်ခိုက် ဖြစ်ခိုက် ရုပ်နာမ်ကလေးတွေ ရှုလို့ ဖြစ်လိုက်ပျက်လိုက် (ဖြစ်ပြီးရင်းပျက်လိုက်ရင်း–၂) ဒါဘယ်သူကမှ ပြောလို့မဟုတ်ဘူး၊ ဆရာကပြောလို့လဲ မဟုတ်ဘူး၊ စာကပြောလို့လဲ မဟုတ်ဘူး၊ ဘယ်သူမှ သူအားနာလို့လဲ မဟုတ်ဘူး၊ သူ့ဟာသူကို တွေ့နေတာ၊ (ဖြစ်ပြီး ပျောက်သွားရင်း–၂) မမြဲတာတွေ တွေ့နေရတယ်၊ (ညောင်းတယ်–၂) ဟုတ်လား ညောင်းတာလေးမှတ်နေ၊ ညောင်းတာလေးတွေ (ညောင်းလိုက် ပျောက်လိုက်–၂) (နာတယ်–၂) မှတ်နေ နာတာလေးတွေ (နာလိုက်ပျောက်လိုက်–၂) ဒါလေးတွေသိနေတာ။

အဲဒါလေးတွေ သေသေချာချာ တွေ့နေတာ၊ ဒီလောက်ကတော့ တော်တော်လေး အားထုတ်မိတဲ့ ပုဂ္ဂိုလ်သိပါတယ်၊ ဘယ် ၄–၅–၆–၇–ရက်ဆိုရင် ဖြစ်လိုက်ပျက်လိုက်နဲ့ (အပိုင်း–၂) လေးတွေ မမြဲတာလေးတွေ၊ အနိစ္စာနုပဿနာဉာဏ် လောက်ကတော့ ပြည့်စုံနေတာတွေ များပါတယ်၊ မပြည့်စုံတဲ့ပုဂ္ဂိုလ် တစ်ဦးတစ်လေ နည်းနည်းပါးပါးတော့ရှိမှာပေါ့၊ တရား အားထုတ်တဲ့ပုဂ္ဂိုလ် ၁၀–ယောက်လောက်ဆိုရင် ဘုန်းကြီး အထင်ကတော့ ၈–၉–ယောက်လောက်တော့ ဒီလောက်တော့ ပြည့်စုံမယ်ထင်တယ်၊ ၇–ရက်လောက် အားထုတ်လို့ရှိရင် ကြိုးကြိုးစားစား မှတ်ရင် ပြည့်စုံပါတယ်။

အေး–ကြိုးကြိုးစားစားမမှတ်မိလို့ မပြည့်စုံတဲ့ပုဂ္ဂိုလ်တော့လဲရှိပါတယ်၊ အဲဒါကြောင့်မို့ ဒီရုပ်နာမ်တွေကို အမှန်အတိုင်း သိရတယ် (မှတ်တိုင်း–၂) အမှန်အတိုင်းသိတယ်၊ ဖြစ်ပျက်နေလို့ မမြဲတာတွေ အမှန်အတိုင်းသိတယ်၊ မမြဲတာသိတော့ ဆင်းရဲတွေပဲ၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ သဘောတရားတွေပဲ၊ အစတုန်းကဆိုရင် အကောင်လိုက်ထင်နေတာ ဒါတစ်သက်လုံး

တစ်ဘဝလုံး အသက်ရှင်နေတဲ့ အကောင်ကလေး မှတ်နေတာ၊ ရှုနေပြန်လဲ ရှုတာကိုက အကောင်မှတ်နေတာ၊ မှတ်နေရာက အကောင်လေးမှတ်နေတာ။

ယခုတော့ (ရှုတိုင်း–၂) (ရှုလိုက်ရင်း ပျောက်သွားရင်း–၂)ဆိုတော့ ရှုတာကိုပဲ မမြဲဘဲနဲ့ ဖြစ်နေတယ်၊ ဖြစ်လိုက် ပျက်လိုက်ဖြစ်နေတော့ ဘယ်ပုဂ္ဂိုလ် သတ္တဝါကောင်ရှိမလဲ၊ အဲဒါ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ကိုယ်တိုင် ဉာဏ်နဲ့ယှဉ်ပြီး အတ္တမရှိ တာကိုသိရတာ၊ အင်မတန်ကောင်းပါတယ်၊ တစ်ချို့အစက အတ္တစွဲ အဟုတ်ကိုရှိတယ်၊ ပြောလဲပြောတယ်၊ အတ္တစွဲရှိနေတာကို ရှုပေါ့လေ၊ ရှုရင်း ရှုရင်း သူ့ဟာသူ သိမှာပေါ့လို့ သူဉာဏ်ပိုင်း ရောက်လာလို့ သူပြောတဲ့ အတ္တရှိသေးသလားဆို မရှိတော့ဘူး၊ မရှိတော့ဘူးတဲ့၊ သူက (ဖြစ်ပြီး ပျောက်သွားရင်း ၂–) မမြဲတဲ့ တရားတွေပဲတဲ့၊ ဖြစ်လိုက်ပျက်လိုက်တရားတွေပဲ၊ ရှိတယ်၊ အတ္တမရှိတော့ဘူး ဆိုပြီးတော့ သူ့ဟာသူပဲသိတယ်၊ အသိက ရှင်းလာတယ်၊ အဲဒါ ကိုယ်ပိုင်သိတဲ့ဉာဏ်ပဲ။

အင်မတန် အဖိုးတန်တာတွေ ဒါငွေနဲ့ပေးဝယ်လို့ မရဘူး၊ ငွေနဲ့ပေးဝယ်လို့ ကုဋေကုဋာ ပေးဝယ်လို့လဲမရနိုင်ဘူး၊ အားထုတ်မှပဲရတာ၊ အဲဒီ သဒ္ဓါ သီလ သုတ စာဂ ပညာတွေ နတ်ဖြစ်ကြောင်းဖြစ်တဲ့ ပညာတွေ နတ်ဖြစ်ကြောင်းဖြစ်တဲ့ တရားတွေတဲ့၊ သူတို့မှာတင် ရှိတာမဟုတ်ဘူး၊ ငါ့မှာလဲရှိတာပဲလို့၊ ဒါက နတ်ဖြစ်ရုံတွင်မကပါဘူး၊ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ တရားတွေ၊ အဆင့်တော့မြင့်နေသေးတယ်။

အဲဒီ သဒ္ဓါ သီလ သုတ စာဂ ပညာဆိုတဲ့ သူတော်ကောင်းတရားတွေဟာ နတ်ဖြစ်ကြောင်း တရားတွေပဲ၊ နတ်ပြည် ရောက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီသူတော်ကောင်းတရားတွေနဲ့ ပြည့်စုံလို့ နတ်ပြည်ရောက်တယ်၊ ငါ့မှာလဲ ဒီသူတော်ကောင်း တရားတွေနဲ့ ပြည့်စုံနေတာပဲလို့ စဉ်းစားလိုက်ရင် အင်း–စိတ်က ဝမ်းသာပြီး အားတက်စရာကြီး အင်မတန်ကောင်းတယ်။

အဲဒါကြောင့် အဲဒါလဲ ပီတိပါမောဇ္ဇဖြစ်တတ်ပါတယ်တဲ့၊ ဒါကြောင့် နတ်ဖြစ်ဖွယ်စုဆိုပြီးတော့ နတ်ဖြစ်ဖွယ်စုတွေ ကိုလဲ ဆင်ခြင်ပါတဲ့၊ နတ်ဖြစ်ဖွယ်စုဆိုတာ နတ်ဖြစ်ကြောင်းဖြစ်တဲ့ သီလ သမာဓိ၊ နတ်ဖြစ်ကြောင်းဖြစ်တဲ့ သဒ္ဓါ သီလ သုတ စာဂ ပညာတွေ၊ ဒီတရားတွေပေါ့လေ၊ သူတော်ကောင်းတရားတွေ ကုသိုလ်တရားတွေပါပဲ၊ အတိုချုပ်ဆို အဲဒီ ဒါန သီလ ဘာဝနာ မှတ်ထားလိုက်လဲ ပြီးတာပါပဲ၊ အဲ–နောက်တစ်ခုက အချိန်ကလဲ တော်တော်ကြာသွားပြီ၊ ငြိမ်းအေးမှုတဲ့၊ ဥပသမာ နုဿတိတဲ့၊ နတ်ဖြစ်ဖွယ်စု ငြိမ်းအေးမှု ဥပသမာ ကိလေသာ ငြိမ်းအေးမှုကိုလဲ ဆင်ခြင်ပါတဲ့၊ ဒါကတော့ကို ငြိမ်းမှုရှိမှဖြစ်မှာ၊ သူကတော့ကို ငြိမ်းတာကို ဆင်ခြင်ဖို့ပြောတာ၊

ကိုယ့်မှာ တရားနှလုံးသွင်း အားထုတ်နေလို့ ရှေးက မငြိမ်းဘူးတဲ့၊ ကိလေသာတွေ ကိုယ်မှာ ငြိမ်းနေတာတွေ ရှိသေး တာကိုး၊ အတော်လေးအားထုတ်မိရင်တော့ နည်းနည်းတော့ ငြိမ်းတတ်တယ်၊ ရှေးကကြီးတို့ ကြမ်းတမ်းဖြစ်တဲ့ ကိလေသာ တွေဟာ, ကိုယ့်မဖြစ်ဘဲနဲ့ ငြိမ်းနေတတ်တယ်၊ တော်တော် သိမ်မွေ့သွားတယ်၊ ငြိမ်းအေးသွားတယ်၊ အဲဒါလေးတွေ ပြန်ဆင် ခြင်လိုက်ရင်လဲ ဒါအားရစရာ အင်မတန်ကောင်းပါတယ်၊ အဲဒါကို ရှိလို့ရှိရင် မရှိတော့လဲပဲ သူများရှိတာတွေ ဆင်ခြင်မှ ဖြစ် တော့မယ်၊ အဲဒါကတော့လဲ တယ်ပြီးပီတိပါမောဇ္ဇဖြစ်ဖို့ ခဲယဉ်းတယ်၊ သိပ်တော့ မလွယ်လှဘူး။

ရဟန္တာပုဂ္ဂိုလ်တွေမှာ တရားအားထုတ်လို့ ကိလေသာတွေ ငြိမ်းနေတာတွေဆိုတာ ကိုယ်တွေ့ရတာ မဟုတ်တော့ အားရဝမ်းသာစရာ ဒါလောက်ဖြစ်လှမယ် မဟုတ်ဘူး၊ ကိုယ်ရှိမှတော့ ပိုပြီးကောင်းတယ်၊ ယခုဟာက အဌကထာက ညွှန်ပြ တာက ကိုယ်ရှိတာကို ကိုယ်မှာငြိမ်းမှုရှိလို့ရှိရင် အဲဒီငြိမ်းမှု ကလေးတွေကို တစ်ချို့ပုဂ္ဂိုလ်မှာ သမာပတ်တွေနဲ့ ပွားများထားလို့ နှစ်ပေါင်းများစွာ ကိလေသာတွေ မဖြစ်ဘဲနဲ့ ငြိမ်းနေတာတွေရှိပါတယ်တဲ့၊ အဲဒါတွေကို ဆင်ခြင်လိုက်လို့ရှိရင် ပီတိပါမောဇ္ဇ ဖြစ်ပါတယ်တဲ့၊ ယခုတော့ တရားအားထုတ်နေတဲ့ အခါကာလ အားထုတ်ဆဲမှာ အရင်တုန်းကဖြစ်တဲ့ စိတ်မျိုးတွေ မဟုတ်ဘဲနဲ့ ကြိုးတိုး ကြမ်းတမ်းတွေ မဖြစ်ဘဲနဲ့ သိမ်မွေ့နေတာလေး ဖြစ်နေလို့ရှိရင်လဲ တော်တော်လေးတော့ အဖိုးတန်သွားပါပြီ၊ အဲဒါလဲ ဝမ်းသာစရာကောင်းပါတယ်၊ အဲဒါ ဥပသမာနုဿတိခေါ်တယ်၊ ကိလေသာ ငြိမ်းမှု၊ အဲ–ကဲ ဒါလေးဆိုပြီး တရားသိမ်းကြ ဦးစို့။

နတ်ဖြစ်ဖွယ်စု ငြိမ်းအေးမှု တွေးရှုအောက်မေ့ပါ။ (ဆို–၃)

အဲ–နတ်ဖြစ်ဖွယ် ဒေဝတာနုဿတိ နတ်ဖြစ်ရာ ဖြစ်ကြောင်းဖြစ်တဲ့ သဒ္ဓါ သီလ သုတ စာဂ ပညာ သူတော်ကောင်း တရားတွေ နတ်တွေမှာသာရှိတာ မဟုတ်ဘူး၊ ငါ့မှာလဲ ရှိတယ်၊ ငါဟာလဲ ဘယ်နတ်ပြည် မဆိုရောက်နိုင်တယ်၊ ဘယ်နတ်မျိုး မဆို ဝါဖြစ်နိုင်တယ်၊ အင်း– ဒါတင်မကပဲနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ ပါရမီမျိုးစေ့တွေလဲ ငါ့ ပြည့်စုံနေတာပဲလို့ စဉ်းစားလိုက်ရင် ပီတိတွေဖြစ်ပြီး စိတ်အားတက်လာပါတယ်၊ အဲဒါစဉ်းစားရင် တရားအားထုတ်ချင်အောင် အားပေးတာပေါ့၊ ထိုတရားအားထုတ်သည့် အချိန်ကာလကစပြီးတော့ ရှေးကလို ကျိုးတိုးကြမ်းတမ်း အကြမ်းစားတွေမဖြစ်ဘဲနဲ့ စိတ် နူးနူးညံ့ညံ့ သိမ်မွေ့ပြီးတော့ ကောင်းနေတာလေးတွေ ရှိပါလိမ့်မယ်၊ အဲဒါလေးတွေ ဆင်ခြင်လိုက်လို့ရှိရင်လဲ တရားတက်ပြီးတော့သွား ပါတယ်၊ ပီတိပါမောဇ္ဇတွေ ဖြစ်တတ်ပါတယ်။

အဲဒါ ပီတိဖြစ်ကြောင်းတရားတွေ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိဆိုတော့ နုဿတိ ၇–ပါးပေါ့လေ၊ နုဿတိ ၇–ပါး နှလုံးသွင်းဆင်ခြင်ရင် ပီတိဖြစ်ကြောင်းတရား ၇–ပါးဆိုတယ်၊ နောက် လေးပါး ကျန်နေသေးတယ်၊ မွဲခြောက်သူကြည့်၊ စိုပြည်သူ ယှဉ်ရမယ်၊ ဆို ပီတိဖြစ်အောင်လို့ စိတ်ကို ညွှတ်ထားရမယ်၊ ဒီသုံးခု–

ကြည်ညိုဖွယ်ညွှန်ကြား သုတ္တန်များ စဉ်းစားဆင်ခြင်မယ်၊ အဲဒါ တစ်ခုနဲ့ပေါင်းလို့ရှိရင် လေးခုပေါ့၊ ဒါ နောက်သီတင်းကျမှ ဟောနိုင်တော့မယ်၊ အချိန်ကုန်သွားပြီ၊ အဲဒါတွေလဲ ကြည်ညိုဖွယ် သုတ္တန်တွေ ဇောက်သီတင်းကျ ကြည်ညိုဖွယ်ရာ သုတ္တန်တွေ လျှောက်ပြီးဟောရမယ်၊ ကောင်းပါတယ်၊ ဒါလေးဆိုပြီး သိမ်းကြစို့ရဲ့။

မွဲခြောက်သူကြည့်၊ စိုပြည်ယှဉ်၊ ကိုယ်တွင်စိတ်ညွှတ်ရာ။
ကြည်ညိုဖွယ်ညွှန်ကြား၊ သုတ္တန်များ၊ စဉ်းစားဆင်ခြင်ပါ။
ပီတိပွားရန်၊ ၁၁–တန်၊ ထုတ်ပြန်ဌကထာ။

အဲဒီ ပီတိဖြစ်ကြောင်း တရား ၁၁–ပါး တရား အားထုတ်နေတဲ့အခါကာလ စိတ်အားများ လျော့နေခဲ့ရင် အားပေးဖို့ တွေပေါ့လေ၊ ဘုရားဂုဏ်ဆင်ခြင် တရားဂုဏ် သံဃာဂုဏ်ဆင်ခြင် မိမိ၏သီလဂုဏ်ကို ဆင်ခြင်ပြီးတော့အားပေး။ မိမိစွန့်ကြဲပေးကမ်းတဲ့ ဒါနဂုဏ် အာရုံပြု၊ ပြုစရာရှိရင်လဲ အဲဒါကို ဆင်ခြင်ပြီးသကာလ အားပေး၊ သဒ္ဓါ သီလ အစရှိသော နတ်ဖြစ်ကြောင်း တရားတွေ မိမိပြည့်စုံနေတာတွေကို ဆင်ခြင်ပြီး သကာလ အားပေး။ အဲဒီတော့ ကိလေသာငြိမ်းမှုတွေရှိရင် ဆင်ခြင်ပြီးသကာလ အားပေး၊ နောက် အကြောင်းလေးပါးရှိတယ်။

အဲဒီ အကြောင်းလေးပါးနဲ့လဲ ဆင်ခြင်ပြီး အားပေးလို့ရှိရင် ပီတိပါမောဇ္ဇတွေ ဖြစ်လာတတ်ပါတယ်တဲ့၊ ပီတိပါမောဇ္ဇတွေဖြစ်လာလို့ စိတ်အားတက်လာတဲ့အခါမှာ အဲဒီပီတိပါမောဇ္ဇကို ဝိပဿနာရှုပြီးတော့ ပွားရမယ်၊ (ပေါ်ရာ–၂) ရှုသွားလို့ရှိရင် မကြာခင်အတွင်း ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်ပြီးသကာလ အရိယာအထက် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေလဲ ရောက်ပြီးသွားတတ်ပါတယ်တဲ့။

ယထာစ–အကြင်အကြောင်းကြောင့်လည်း၊ ဥပ္ပန္နသ–ဖြစ်ပေါ်ပြီးသော၊ ပီတိသမ္ဗောဇ္ဈင်္ဂ်သ–ပီတိသမ္ဗောဇ္ဈင်၏၊ ဘာဝနာယ ပါရိပူရိ–ပွားများအားထုတ်မှု ပြည့်စုံခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဉ္စ–ထိုအကြောင်းကိုလည်း၊ ပဇာနာတိ–သိ၏၊ အဲဒီလို အစဉ်အတိုင်း ပွားများသွားလို့ရှိရင် ပီတိပါမောဇ္ဇပြည့်စုံပြီး သွားပါလိမ့်မယ်၊ ပြည့်စုံသွားတာက ဘယ်ကျမှ ပြည့်စုံမလဲဆိုတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်မှ ပြည့်စုံမယ်၊ အဲဒီတရားလဲ ကိုယ်တိုင်တွေ့မှ သိရပါလိမ့်မယ်၊ ဒါက ရောက်မှသိရမှာပဲ၊ မရောက်သေးရင်တော့ မသိဘူး။

အဲ–ပထမဆုံး သောတာပတ္တိမဂ်ကိုရောက်ရင်လဲ ပီတိပါမောဇ္ဇ တစ်စိတ်တစ်ပိုင်းတော့ ပြည့်စုံသွားပါတယ်၊ အဲဒါလဲ ကိုယ်တိုင်ရောက်ပြီး ကိုယ်တိုင်တွေ့မှပဲ၊ သကဒါဂါမိမဂ်ဖိုလ်ရောက်လဲ သူ့အဆင့်အတန်းနဲ့သူ သိသွားမှာပဲ၊ ဒါပေမယ့် အနာဂါမိမဂ်ဖိုလ်ရောက်လဲ သိသွားမှာပဲ၊ အရဟတ္တမဂ်ဖိုလ် ရောက်ရင်တော့ ပီတိပွားများမှုလမ်းဆုံးပြီး နောက်တစ်ခါ ပွားစရာကို မရှိဘူး၊ ကုန်ပြီ၊ ပီတိသမ္ဗောဇ္ဈင် ပွားများမှု အပြည့်အစုံတဲ့၊ တရားကိုလဲပဲ ကိုယ်တိုင် သိရပါတယ်တဲ့၊ ပီတိသမ္ဗောဇ္ဈင် ပွားများပုံ သိမ်းကြဦးစို့ရဲ့၊ နောက်သီတင်းကျရင် အပြီးသတ် ဟောရတော့မယ်၊ ပီတိသမ္ဗောဇ္ဈင်တရား ရှိသေစွာနာခံရသော ဓမ္မသဝန ကုသိုလ်ကံအာနဘော်တို့ကြောင့် နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သတည်း။

သာဓု....သာဓု....သာဓု....။

ပီတိသမ္ဗောဇ္ဈင် တရားတော်

၁၃၂၃–ခု၊ ဝါခေါင် လပြည့်။

သတိပဋ္ဌာန် တရားတော်ထဲက ဓမ္မာနုပဿနာပိုင်း၊ အဲဒီဓမ္မာနုပဿနာလဲ ဗောဒ္ဓေါင် ပဗ္ဗဗောဒ္ဓေါင်အပိုင်း ဟောနေတယ်၊ ဗောဒ္ဓေါင်ထဲမှာလဲ သတိသမ္ဗောဇ္ဈင်ဟောပြီးပြီ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဟောပြီးပြီ၊ ဝီရိယသမ္ဗောဇ္ဈင် ဟောပြီးပြီ၊ ပီတိသမ္ဗောဇ္ဈင်ကို ဟောနေတဲ့ အပိုင်းရောက်နေတယ်၊ ဒါ သီတင်းတိုင်း သီတင်းတိုင်း လာနေတဲ့ပုဂ္ဂိုလ် အကုန်လုံးသိတယ်၊ ဒီကနေ့မှ အထူးဖြစ်ပြီးတော့ အခွင့်သာလို့ ရောက်လာတဲ့ပုဂ္ဂိုလ်ကလဲ နည်းနည်းပါးပါး ပါကောင်းပါဦးမယ်၊ အဲ–ဆောင်ပုဒ်ကလေးတွေ နည်းနည်းပါးပါးတော့ရှိမယ်၊ ဘယ်သူမရမှန်းလဲမသိဘူး၊ အကုန်လုံးလဲ မပေးနိုင်ဘူး၊ တရားဟောပွဲပြီးတဲ့အခါမှာ နည်းနည်းပေးရဦးမယ်၊ ဆောင်ပုဒ် စာရွက်တော့ နည်းနည်းတော့ ရှိသေးတယ်။

ဗောဒ္ဓေါင်ဆိုတာဟာ ဗောဓိ အင် ဗောဒ္ဓေါ်ပုဒ် ဗောဓိနှင့်အင်ပေါင်းရင် ဗောဒ္ဓေါ်ဟုဖြစ်လာတယ်၊ ဗောဓိက သစ္စာလေးပါးသိတဲ့ ပုဂ္ဂိုလ်တဲ့၊ တစ်နည်းအားဖြင့် သစ္စာလေးပါးကို သိမှုအပေါင်း အင်္ဂလို့ အဓိပ္ပာယ်ရတယ်၊ သစ္စာလေးပါး သိမှုထဲက အစိတ်အပိုင်းတစ်ခုဟု အဓိပ္ပာယ်ရတယ်၊ အဲဒါကို ဆောင်ပုဒ်မှာပေးထားတယ်၊ အဲဒီတော့ ဒါလေး မကြားဘူးသေးတဲ့ ပုဂ္ဂိုလ်တွေလဲ ကြားရအောင် နည်းနည်းပြန်ပြီးတော့ ပြောဦးမှ နည်းနည်း ကိုင်း–ဒါလေးဆိုရမယ်။

သစ္စာလေးပါး သိသူ၏ အကြောင်း အင်္ဂါကို ဗောဒ္ဓေါင်ဟုခေါ်သည်။ (ဆို–၃)

အဲ–သစ္စာလေးပါးသိသူ၏ အကြောင်းအင်္ဂါကို ဗောဒ္ဓေါင်ဟုခေါ်တယ်တဲ့၊ အဲဒီ ဗောဒ္ဓေါင်ဆိုတဲ့ တရားတွေနဲ့ ပြည့်စုံမှ သစ္စာလေးပါးကို သိတယ်၊ သစ္စာလေးပါးက ဒုက္ခသစ္စာ–ဆင်းရဲတရားပဲ၊ ဒုက္ခ သမุဒယသစ္စာ–ဆင်းရဲကြောင်း ဖြစ်တဲ့တရားပဲ၊ ဒုက္ခနိရောဓသစ္စာ–ဆင်းရဲငြိမ်းရာ နိဗ္ဗာန်တရားပဲ၊ ဒုက္ခနိရောဓ ပဋိပဒါမဂ္ဂသစ္စာ–ဆင်းရဲငြိမ်းရာသို့ ဆိုက်ရောက်ကြောင်းဖြစ်တဲ့ တရားပဲလို့ အဲဒီလို လေးပါးရှိပါတယ်၊ မြတ်စွာဘုရား၏ သာသနာတော်မှာ ဒီလေးပါးက အရေးလဲအကြီးဆုံးပါပဲ၊ ဘယ်နည်းနဲ့မဆို စဉ်းစားကြည့်ရင် ဒီလေးပါးဟာ အရေးကြီးပါတယ်။

လောကမှာ သတ္တဝါတွေဟာ ဆင်းရဲကို ရှဉ့်မုန်းကြတယ်။ ဆင်းရဲကင်းငြိမ်းချင်ကြတယ်၊ ချမ်းသာစေချင်ကြတယ်၊ အဲဒီ ဆင်းရဲတာတွေဘာတွေလဲ အဲဒါသိမှကိုး၊ ဒါမှ သူဆင်းရဲတွေက လွတ်မြောက်ဖို့ရာ အားထုတ်ရမှာကိုး၊ အဲ ချမ်းသာဆိုတာ ဘယ်ဟာလဲဆိုတာသိဖို့ရာ လိုပါတယ်၊ ဆင်းရဲအစစ်အမှန် ချမ်းသာ အစစ်အမှန် သိအောင် ဝေဖန်တတ်ဖို့ လိုပါတယ်၊ အဲ....ဆင်းရဲအစစ်အမှန် သိပြန်တော့လဲ ဒီဆင်းရဲတွေဟာ ဘယ်ကလာနေရတာလဲ၊ ဘာကြောင့်ဖြစ်နေသလဲဆိုတဲ့ အကြောင်းကလေးတွေသိဖို့ လိုပါတယ်၊ ဥပမာအားဖြင့် ရောဂါဝေဒနာဆိုတာဟာ ဖကောင်းတဲ့တရားတွေ၊ အလိုမရှိအပ်တဲ့ တရားတွေပဲ၊ ရောဂါဝေဒနာဆိုတာ ဒါပေမယ်လို့ အချို့က ရောဂါမှန်းမသိတော့ အဲဒါလဲ အကောင်းထင်လို့ထင်၊ အချို့က ဥပမာ–နည်းနည်းပါးပါး ရောင်ဖောပြီး ဝလာလို့ရှိရင် အသားအရေတွေ တိုးလို့ ဝလာတယ်လို့ ဒီလိုအောက်မေ့တာကိုး၊ အဲ–ရောဂါကြောင့် ဖြစ်တဲ့ဥစ္စာ ရောဂါကမှန်း မသိဘူး၊ မသိတော့ အဲဒီလိုပဲ အသားအရေတွေ ဝဖြိုးလာတယ် ဆိုပြီးတော့ ကိုယ့်ဟာကိုယ် သဘောကျနေတတ်တယ်၊ ဆင်းရဲမှန်း မသိ၊ မကောင်းတာမှန်း မသိဘူး။

အဲ....ဆင်းရဲမှန်းသိတော့ ရောဂါဝေဒနာမှန်း သိပြန်တာပါပဲ၊ ရောဂါဝေဒနာ ဘာကြောင့် ဖြစ်လာသလဲဆိုတာ အကြောင်းကို သိဖို့ရာ လိုပါတယ်၊ အကြောင်းသိမှ ဒီ ရောဂါက ဆေးကုလို့ရမယ်၊ အဲဒီတော့ ဆင်းရဲကြောင်း တရားဆိုတာ သိဖို့လိုပါတယ်၊ အဲ....ဆင်းရဲ အစစ်အမှန်သိရင် ဆင်းရဲငြိမ်းတာဟာ ချမ်းသာအစစ်အမှန်ပဲ၊ အဲဒါလဲ သိဖို့လိုပါတယ်၊ချမ်းသာအစစ်အမှန်သိဖို့ရာ လိုပါတယ်၊ အဲ....ချမ်းသာအစစ်အမှန် သိပြန်တော့ ချမ်းသာအစစ်အမှန် ဘယ်လိုရအောင် လုပ်မည်ဆိုတာ ရအောင်လုပ်တဲ့ လုပ်နည်းကလေးကိုလဲ သိဖို့လိုသေးတယ်။

ဥပမာအားဖြင့် လောကမှာ ရွှေတို့ ငွေတို့ အဖိုးတန် အဖိုးထိုက် ရတနာတွေဆိုတာ ကောင်းမှန်းတော့ သိကြသားပဲ၊ ဒါပေမယ်လို့ ဤ ရွှေ ငွေ ရတနာတွေရအောင် ဘယ်လို အလုပ်လုပ်ရမယ်ဆိုတာ အလုပ်လုပ်ဖို့ရာလဲ နားလည်မှ ဖြစ်ဦးမှာကိုး၊ အဲ....ကောင်းတာ သိပြီးလို့သာ လိုချင်နေတယ်၊ မလုပ်တတ်လို့ရှိရင်လဲ မရနိုင်ဘူး၊ အဲဒီတော့ လုပ်ပုံလုပ်နည်း စီးပွားဖြစ်ရာဖြစ်ကြောင်း လုပ်ပုံလုပ်နည်းလေးလဲ နည်းလည်ထားဦးမှ နားလည်ပြီးတော့မှ စီးပွားဥစ္စာ ရတနာတွေကိုရအောင် အလုပ်လုပ်နိုင်တယ်၊ အဲဒါလိုပဲ ဆင်းရဲတွေ အကုန်လုံး ငြိမ်းရင် ချမ်းသာပဲလို့ ဒီလို သဘောပေါက်နေပေမယ်လို့ အဲဒီ ဆင်းရဲတွေအကုန်လုံး ငြိမ်းအောင်က ဘယ်လိုလုပ်ရမယ်ဆိုတာ လုပ်ပုံလုပ်နည်းကလည်း လိုပါတယ်၊ အဲဒီ လေးနည်း ဒီလေးချက်ကို သိဖို့ရာ အရေးကြီးဆုံးပဲ။

ဒီလေးချက်သိလို့ရှိရင်တော့ ဒါအကောင်းဆုံးပဲ၊ ဆင်းရဲခပ်သိမ်းတွေ ငြိမ်းသွားနိုင်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက ဒီသစ္စာလေးပါးတရား အရေးကြီးတဲ့အချက်ကြီးလေးခုကို သိအောင်လို့ ဘုရားပွင့်လာရတာ ဘုရားပွင့်အောင်လို့ ပါရမီတွေ ဖြည့်ကျင့်လာရတယ်၊ ပါရမီတွေ ဖြည့်ကျင့်လာရတာ နည်းနည်းမဟုတ်ဘူး၊ လေးသောင်းနဲ့ကမ္ဘာတစ်သိန်း အကြာကြီးကျင့်ရတာ၊ နည်းနည်းကလေးမဟုတ်ဘူး၊ တစ်ရက် နှစ်ရက်နဲ့လဲ မဖြစ်ဘူး၊ တစ်နှစ် နှစ်နှစ်နဲ့လဲ မဟုတ်ဘူး၊ တစ်ဘဝ နှစ်ဘဝလဲ မဟုတ်ဘူး၊ တစ်ကမ္ဘာ နှစ်ကမ္ဘာလဲ မဟုတ်ဘူး၊ ကမ္ဘာပေါင်း လေးသောင်းနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဒီတရား ဒီလိုလုပ် ဒီလိုအားထုတ်လို့ ဒီတရားတွေဟာ တွေ့ရတာကိုး၊ အဲဒီလို တွေ့သိပြီးတော့ ဟောတဲ့ တရား၊ အဲဒီ တရားကို ဗောဒ္ဓေါင် ခေါ်တဲ့ အင်္ဂါတရားတွေနှင့် ပြည့်စုံမှပဲ သိနိုင်တယ်တဲ့၊ ဒီ တရားတွေ မိမိသန္တာန်မှာ မရှိရင် သစ္စာလေးပါး တရား မသိနိုင်ဘူး။

ဥပမာအားဖြင့် လူတွေဟာ မြင်ကြတယ်၊ အဆင်း အမျိုးမျိုးတွေ မြင်ကြတယ်၊ အဖြူအမည်း လူပုဂ္ဂိုလ် တုံး–တိုင်–သစ်ပင် လမ်း ညီညွှတ်တာ မညီညွှတ်တာ စသည်ဖြင့် မျက်စိက မြင်ကြတယ်၊ အဲဒီ မြင်တဲ့ ပုဂ္ဂိုလ်ဟာ မျက်စိအင်္ဂါရှိရတယ်၊ မျက်စိမရှိဘဲနဲ့မမြင်နိုင်ဘူး၊ မျက်စိအင်္ဂါ ချို့တဲ့နေရင် အဲဒီပုဂ္ဂိုလ် မမြင်ဘူး၊ မျက်စိရှိမှပဲ မြင်နိုင်တယ်၊ ပြောတဲ့အသံတွေလဲ နားရှိမှပဲ ကြားနိုင်တယ်၊ နားကြည်လင်တာ ရှိမှပဲ ကြားနိုင်တယ်၊ နားမရှိရင် မကြားနိုင်ဘူး။

အဲဒါလိုပဲ အမှန်တရားလေးပါး သစ္စာလေးပါးတရားကို သိဖို့ဆိုတာလဲ ဒီဗောဒ္ဓေါင်ဆိုတဲ့ အကြောင်းအင်္ဂါတွေ စုံလင်မှ သိနိုင်တယ်၊ ၇–ပါးရှိတယ်၊ အဲဒါကြောင့် ဒီ ၇–ပါးသော တရားကို သစ္စာလေးပါး သိသူ၏ အကြောင်းအင်္ဂါတွေကို ဗောဒ္ဓေါင် လို့ခေါ်ပါတယ်တဲ့၊ သစ္စာလေးပါးသိလို့ ဒီအကြောင်းအင်္ဂါကို ဗောဒ္ဓေါင်ဟုခေါ်သည်၊ ဒီဗောဒ္ဓေါင်တရားက ဘယ်မှ ဖြစ်မှာတုန်းဆိုရင် ဝိပဿနာ ဘာဝနာတရားတွေ အစဉ်အတိုင်း အားထုတ်သွားတော့ ဥဒယဗ္ဗယညာဏ်ရောက်မှ ပြည့်စုံတယ်တဲ့။

ဥဒယဗ္ဗယ အာရဒ္ဓ ဝိပဿက တော ပဌာယ စတ္တာရိ သစ္စာနိဗုဒ္ဓေါတိ ဗောဓိ။

အာရဒ္ဓ ဝိပဿကာတော–အားထုတ်စ ပြုပြီးသော ယောဂီ ပုဂ္ဂိုလ်အဖြစ်မှ၊ ပဌာယ–အစပြု၍၊ စတ္တာရိသစ္စာနိ–လေးပါးသောသစ္စာတရားတို့ကို၊ ဗုဒ္ဓေါတိ–သိတတ်၏၊ ဣတိ–ထို့ကြောင့်၊ ဗောဓိ–ဗောဓိမည်၏၊ သစ္စာလေးပါးကိုသိတဲ့ ယောဂီပုဂ္ဂိုလ်က အားထုတ်စ ဝိပဿနာအားထုတ်စပြုပြီး ဖြစ်တဲ့ ဥဒယဗ္ဗယညာဏ် ရောက်နေတဲ့ ပုဂ္ဂိုလ်တဲ့၊ မြင်တိုင်း ကြားတိုင်း ဒွါရ ၆–ပါးကပေါ်တဲ့ တရားလေးတွေက ပေါ်လာလိုက် ပျောက်သွားလိုက်၊ ဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်၊ (တစ်ပိုင်းစီ–၂) ကလေးတွေ သိနေတယ်၊ (ဖြစ်ပြီးရင်း ပျောက်သွားရင်း–၂) အဲဒီလို သိနေတာ။

ယခု တရားအားမထုတ်သေးတဲ့ ပုဂ္ဂိုလ်တွေ အားမထုတ်ဘူးသေးတဲ့ ပုဂ္ဂိုလ်တွေအနေတော့ ဘယ်ဖြစ်ပြီး ပျောက်လိမ့်မှာတုန်း၊ ဖြစ်လဲမဖြစ်ပါဘူး၊ ဖြစ်တယ်လို့ မထင်ပါဘူး အရင်ကရှိနေတယ်လို့ ထင်နေတာပဲ၊ (မြင်တိုင်း–၂) ဟာတွေက အရင်ကရှိနေတယ် ထင်တာပဲ၊ မြင်ရတဲ့အဆင်းတွေလဲ အရင်ကရှိနေတာပဲ၊ မြင်တဲ့စိတ်ကလဲ အရင်ကရှိနေတာပဲ၊မိမိကိုယ်ကြီး တစ်ကိုယ်လုံးလဲ အရင်ကရှိနေတာပဲ၊ သူများကိုယ်တွေလဲ အရင်ကရှိနေတာပဲ၊ အရင်ကရှိနေတဲ့ မြင်စရာတွေကို အရင်ကနေတဲ့ ငါကပဲမြင်သွားတယ်လို့ ဒီလို အောက်မေ့တာကိုး၊ မြင်ပြီးတော့ကော မြင်ပြီးတော့လဲ အရင်မြင်ရတဲ့ အမြင်ခံပုဂ္ဂိုလ်တွေရော, မြင်တဲ့မိမိကိုယ်ရော၊ မြင်ပြီးတော့လဲ ရှိနေသေးတယ် ထင်နေတာပဲ၊ ဖြစ်တယ်, ပျက်တယ်လို့မထင်ဘူး၊ မမြဘူးလို့မထင်ဘူး၊ မြတယ်လို့ပဲ ထင်နေတယ်၊ အဲ–ဝိပဿနာအဆင့်အတိုင်း ရှုမှတ်အားထုတ်သွားတော့ ဥဒယဗ္ဗယညာဏ် ရောက်တဲ့အခါကျတော့ မြင်တိုင်း, ကြားတိုင်း ဒွါရ ၆–ပါးက ဘယ်ဟာမှ တည်မြဲနေတာမရှိဘူး၊ သူ့အခိုက်အတန့် ဖြစ်ပေါ်ပြီး ချက်ချင်းပျောက်ကုန်တာပဲတွေ့ရတယ်၊ (ဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်–၂) တစ်ပိုင်းစီ တစ်ပိုင်းစီလေးတွေ သူက အဲဒါဥဒယဗ္ဗယညာဏ် ခေါ်တယ်။

ဒါက စဉ်းစားဆင်ခြင်ပြောတာမဟုတ်ဘူး၊ သူ့ဟာသူကိုရှုရင်း, ရှုရင်းနဲ့ ကွဲကွဲပြားပြား တကယ်ကို ရှင်းပြီးတော့သိတာ၊ သူများပြောလို့ ယုံရတာလဲမဟုတ်ဘူး၊ ယခု ဒီတရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ, တစ်ချို့ပုဂ္ဂိုလ်တွေက ဒါတွေတွေ့ပြီးသားပဲ၊ တစ်ချို့ပုဂ္ဂိုလ်ကလဲ ယခုမှတွေ့ကာစရှိဦးမယ်၊ တွေ့နေတုန်းဆဲဆဲ တစ်ချို့ပုဂ္ဂိုလ်ကလဲ မတွေ့တတ် တွေ့တတ်ပုဂ္ဂိုလ်လဲ ရှိဦးမှာပဲ၊ အဲ–ရှုတိုင်း မှတ်တိုင်းဟာ တစ်ခါတည်း (ဖြစ်ပေါ်လာရင်း ပျောက်သွားရင်း–၂) တစ်ပိုင်းစီ, တစ်ပိုင်းစီကလေးတွေ၊ ဥပမာအားဖြင့်ဆိုရင် ကိုယ်ထဲက နာတာလေးဆိုပါတော့ နာတာလေးကို စိုက်ပြီးတော့ မှတ်လိုက်ရင် (နာတယ်–၂) ဆိုရင်လေ၊ အဲဒီနာတာလေးဟာ တစ်ခုခြင်း၊ (နာလိုက်ရင်း ပျောက်သွားလိုက်ရင်း–၃) တည်နေတာ မရှိဘူး။

ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ နာတယ်ဆိုတာ အကြာကြီးပဲ၊ ယားတယ်ဆိုရင်လဲ အကြာကြီး ယားနေတယ်၊ ဒီလိုထင်နေတယ်၊ ယောဂီပုဂ္ဂိုလ်မှာ ဥဒယဗ္ဗယညာဏ် ရောက်လာတဲ့အခါကျတော့ ရှုတိုင်း, မှတ်တိုင်းဟာ (နာပြီးရင်း ပျောက်သွားရင်း–၂) (ယားပြီးရင်း ပျောက်သွားရင်း–၂) တစ်ခုချင်း, တစ်ခုချင်းလေး မစပ်မိဘူး၊ အဲဒီလိုဖြစ်ပျက်နေတဲ့ တရားတွေကို (ရှုတိုင်း–၂) သိနေတဲ့ပုဂ္ဂိုလ်ဟာ ဒါဥဒယဗ္ဗယညာဏ်နဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်ဟာ သစ္စာလေးပါး သိပါတယ်တဲ့၊ အဲဒီကစပြီး သိတာ၊ (ရှုတိုင်း–၂) ဖြစ်ပြီးပျောက်တဲ့ တရားတွေဟာ ဆင်းရဲတွေပဲ၊ ကောင်းတဲ့တရားတွေ ဘယ်ဟုတ်မလဲ၊

အစတုန်းကတော့ ဒါတွေ အကောင်းတွေမှတ်နေတာ၊ မြင်ရတာလဲ ကောင်း, ကြားရတာလဲ ကောင်း, တွေ့ထိတာလဲ ကောင်း၊ အစဉ်ထာဝရတည်ရှိပြီး အကောင်းတွေလို့ အားကိုးစရာတွေ ထင်တာတွေ၊

ယခု (ပေါ်တိုင်း–၂)ကို မှတ်တော့ (မှတ်တိုင်း–၂) ဖြစ်ပြီးပျောက်တာချည်း တွေ့နေရတဲ့ပုဂ္ဂိုလ်မှာ ဘာမှ ကောင်းတာ မရှိဘူး အားကိုးစရာ တစ်ခုမှမရှိဘူး၊ ဆင်းရဲတွေ အကုန်လုံးချည်းပဲလို့ သဘောပေါက်နိုင်ပါတယ်၊ အဲဒါတွေကို သာယာနှစ်သက်နေတာလဲပဲ ဆင်းရဲတွေကို ခင်မင်တွယ်တာ သာယာနှစ်သက်လို့ ဆင်းရဲရှာနေတာ ဆင်းရဲကြောင်းတရားပဲလို့ ဒီလိုလဲ သိနိုင်ပါတယ်၊ အဲဒီလို ဖြစ်ပျက်နေတဲ့ တရားတွေကိုသိတော့ ဒီတရားတွေနဲ့ စပ်ပြီးတော့ သာယာနှစ်သက်မှုမရှိဘူး၊ ဒီတရားတွေရအောင် အားမထုတ်ဘူး။ အားမထုတ်တဲ့အတွက် ကုသိုလ်, အကုသိုလ်တွေမဖြစ်ဘူး၊ ဒီကံကနေပြီး အကျိုးပေးသည့် ဘဝ အသစ်မဖြစ်ရဘူး၊ အိုခြင်း, နာခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲတွေ တမြင့်, တကြား, တစ်ခါရှုတဲ့ အာရုံကလေးနဲ့စပ်ပြီး၊ အခိုက်အတန့်အားဖြင့် ငြိမ်သွားတာ တဒင်္ဂလို့ခေါ်တယ်၊ ငြိမ်းတယ်လို့ခေါ်တယ်။

အဲဒါ တစ်ဒင်္ဂကနိဗ္ဗာန်ပဲ၊ ဒါကနိရောဃစ္စာ၊ ဒါ (ရှုတိုင်း–၂) ပြည့်စုံတာ၊ အဲဒီ (ရှုတိုင်း–၂)သိနေတာကတော့ ဝိပဿနာမဂ်ပဲတဲ့၊ (မဂ္ဂသစ္စာ–၂)ပဲတဲ့၊ ဒါကြောင့်မို့ (ရှုတိုင်း–၂) ဒီသစ္စာတရားလေးပါးကို ယောဂီပုဂ္ဂိုလ်က သိနေတယ်တဲ့၊ အဲဒီလိုသိနေလို့ ဒီလိုသိတဲ့ပုဂ္ဂိုလ်ရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ဗောဒ္ဓေါင် ၇–ပါးတရားတွေကို ဗောဒ္ဓေါင်လို့ခေါ်ရတာကိုး၊သစ္စာလေးပါး သိသူ၏အကြောင်းအင်္ဂါကို ဗောဒ္ဓေါင်ဟုခေါ်သည်၊ တစ်နည်းအားဖြင့် သစ္စာလေးပါးသိမှု အစိတ်အပိုင်းပဲတဲ့၊ သစ္စာလေးပါးသိတဲ့ ဥစ္စာဟာလဲ ဒီ တရား ၇–ပါး စုစုပေါင်းမှ သိသွားတာပဲတဲ့၊ တစ်ခုတည်းနဲ့ မသိနိုင်ဘူး။

ဒီ ဉာဏ်ကသိတယ် ဆိုပေမယ်လို့ ဉာဏ်တစ်ခု ဖြစ်ချင်မှ ဖြစ်ဦးမယ်၊ ဉာဏ်ရဲ့အထောက်အပံ့ ဝိတက်–သမ္မာသင်္ကပ္ပ ဆိုတာ သူ့ကြံစည်မှု အထောက်အပံ့လေးက ပါရသေးတယ်၊ သမာဓိဆိုတဲ့ စူးစိုက် တည်ကြည်မှု ပါရတယ်၊ သမ္မာဝါယမဆိုတဲ့ အားထုတ်မှုပါရတယ်၊ သမ္မာသတိဆိုတဲ့ အမှတ်ရမှုသတိပါရတယ်၊ ဒါတွေ မပါဘဲနဲ့ မဖြစ်နိုင်ဘူး။

ဥပမာအားဖြင့် ဘာလိုတုန်းဆိုရင် အပင်ပေါ်မှာ သစ်ပင်ပေါ်မှာ သစ်သီးကို လက်နဲ့ လှမ်းတော့ မမီဘူး၊ မမီတမီ ဖြစ်နေတယ်၊ ဒီတော့ လူနှစ်ယောက် သုံးယောက်ရှိနေမယ်ဆိုလို့ရှိရင် အဲဒီဟာကို (တစ်ယောက်နဲ့–၂) အထောက်အပံ့ပေးပြီးတော့ ခူးလို့ရတယ်၊ တစ်ယောက်ကနေပြီးတော့ ခါးကုန်းပြီးတော့ပေး၊ အဲဒီလူအပေါ်ကို လူတစ်ယောက်က တက်ပြီးရပ်ပြီး ခူးလိုက်ရင်မီတယ်၊ ဒါပေမယ့် လူအပေါ်ကို တက်ပြီး ရပ်ရတယ် ဆိုတာ ကျင့်သားမရလို့ရှိရင် မရပ်နိုင်ဘူး၊ လိမ့်ကျမယ်၊ ဒါကြောင့် ဘေးနားကလူက မှေးပြီးပေးတယ်၊ အဲဒီတော့ ကုန်းထားတဲ့လူရဲ့ ခါးပေါ်မှာတက်၊ ဘေးက ရပ်နေတဲ့လူရဲ့ပခုံးကို ကိုင်ပြီးတော့ ပကတိ အနေအားဖြင့် မမီနိုင်တဲ့ပစ္စည်းကို လက်နဲ့လှမ်းပြီး ဆွတ်လိုက်လို့ရှိရင် အဲဒါ ရတာပဲ။

အဲဒါလိုပဲ သိတယ်ဆိုတာဟာ ဉာဏ်တစ်ခုတည်းနဲ့ သိတာမဟုတ်ဘူး၊ သူ့ရဲ့ အထောက်အပံ့ အကူအညီတွေက ရှိရသေးတယ်၊ ဒါကြောင့် သိမှုဆိုတာဟာ အဲဒီ ၇–ပါး တရားအပေါင်းတွေပဲတဲ့၊ (ရှုတိုင်း–ရှုတိုင်း) ယောဂီပုဂ္ဂိုလ်က (ရှုတိုင်း–၂) ဖြစ်ပျက်နေတဲ့ တရားတွေ သိနေတာဟာ ဉာဏ်တစ်ခုတည်း မဟုတ်ဘူးတဲ့၊ သူ့ အစိတ်အပိုင်းတွေ အားထုတ်မှု ဝီရိယ ရှိရတယ်၊ အားမထုတ်ဘဲနဲ့ ဘယ်သိမလဲ၊ အမှတ်ရမှု သတိရှိရတယ်၊ အမှတ်မရဘဲနဲ့ ဘယ်သိမလဲ၊ မှတ်ရာ အာရုံမှာ စူးစိုက် တည်ကြည်တဲ့သမာဓိ ရှိရတယ်၊ ဒီသမာဓိ မတည်ကြည်ဘဲနဲ့လဲမဖြစ်ဘူး၊ အဲဒီအာရုံကို စိတ်က တက်တက်သွားတဲ့ ဝိတက်ဆိုတဲ့ သမ္မာသင်္ကပ္ပ ဆိုတာလဲရှိရတယ်၊ သူမပါဘဲနဲ့လဲ မဖြစ်ဘူး၊ ရှိရတယ်။

ဒီတရားတွေအကုန်လုံး စုပေါင်းပြီးတော့ သိတာပဲ၊ သမ္မာဝါစာ–သမ္မာကမ္မန္တ–သမ္မာအာဇီဝဆိုတဲ့ သီလတွေ၊ ဒါ သီလ စင်ကြယ်တဲ့ပုဂ္ဂိုလ်မှာ ရှိရတယ်၊ အရေးကြီးတာက အထူးအားဖြင့် ရဟန်းမှာ အရေးကြီးတယ်၊ လူမှာတော့ တရားအားထုတ်တာနဲ့ သူ့အလိုလိုစင်ကြယ်နေတယ်၊ ရဟန်းမှာတော့ အာပတ်တွေ သင့်နေလို့ရှိရင် မစင်ကြယ်ဘူး၊ တရား အားထုတ်ရုံနဲ့ မစင်ကြယ်ဘူး၊ သူကတော့ အာပတ်တွေ သူ့စင်ကြယ်အောင်လို့ ဝိနည်းအရနဲ့ ကုစားမှပဲ စင်ကြယ်သွားမှ ဉာဏ်တွေဖြစ်တာ၊ သီလမစင်ကြယ်လို့ရှိရင် သမာဓိတွေ ဉာဏ်တွေက ဖြစ်ကိုမဖြစ်ဘူး၊ မဖြစ်ကိုမဖြစ်ဘူး၊ ရဟန်းတွေကျတော့ အရေးကြီးပါတယ်၊ တစ်ချို့က ဗဟုသုတကလဲ သိပ်မရှိ၊ ကိုယ်ထင်ရာတွေကို လျှောက်ပြောနေတာ ရှိသေးတယ်၊ ဘုန်းကြီးလဲ တစ်နေ့က စာအုပ်ထဲမှာ စာအုပ်တစ်အုပ်မှာ ရေးထားတာတွေ့တယ်၊ သီလဆိုပြီးတော့ အဲဒီသီလက နောက်မှ ဖြစ်တာတဲ့၊ ဉာဏ်က အရင် ဖြစ်တယ်၊ ဉာဏ်ပြီးမှ သီလဖြစ်တယ် ဆိုပြီးတော့ ရေးထားတဲ့ အဌကထာကျမ်းဆရာကြီးတွေလဲ စွပ်စွဲပြီး ရေးသွားတယ်။

လူတစ်ယောက်က တော်တော်ကိုဟိုဒင်းပြုတဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ တော်တော်ကို သတ္တိကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲလို့ အောက်မ့ေရတာပဲ၊ သူလဲပဲ ဘာမှ ဗဟုသုတလဲ ရှိတာမဟုတ်ဘူး၊ သူ့အထင်အမြင်နဲ့ လျှောက်ပြီး ရေးထားတာ၊ သူ့ဥစ္စာက လူမှာတော့ကို တရားကျင့်သုံးအားထုတ်ရင် သီလသမာဓိတွေ ပြည့်စုံသွားနိုင်ပါတယ်၊ ဒါလဲ လွန်လွန်ကျူးကျူး ပြုမထားမှ လွန်လွန်ကျူးကျူး ပြုထားရင် မရဘူး။

ဥပမာ မာတုဃာတက၊ ပိတုဃာတကတို့ ဒါတွေ ကျူးလွန်ထားရင် ဘယ်လို တရားကျင့်နေ ကျင့်နေ၊ တရားမတက်တော့ဘူး ပြီးရော၊ ဒါ မရတော့ဘူး၊ ရဟန်းမှာတော့ ရဟန်းသီလတွေရှိတယ်၊ ရဟန်းသီလတွေ လွန်လွန် ကျူးကျူး ပြုထားလို့ ရှိရင် တရားကို အားထုတ်လို့ မဖြစ်တော့ဘူး၊ အေး–လွန်လွန်ကျူးကျူး မဟုတ်လို့ အတော်အတန် ဆိုလို့ရှိရင်လဲ ဒေသနာပြောကြား ကုစားပြီးတော့ စင်ကြယ်သွားလို့ရှိရင် တရားက တက်နိုင်သေးတယ်၊ အဲဒီလို မလုပ်လို့ရှိရင် တရားက တက်ကို မတက်နိုင်ဘူး၊ ရဟန်းမှာတော့ ဒီလို ရှိပါတယ်။

ဒါကြောင့်မို့လို့ သူက သီလကလဲအရေးကြီးတယ်၊ အဲဒါကြောင့် သီလသမာဓိရဲ့ အထောက်အပံ့ပေးမှ ပညာဖြစ်နိုင်မှာပေါ့၊ ဒါကြောင့် သိတယ် ဆိုတာဟာ တရား ၇–ပါး အပေါင်းပဲတဲ့၊ အဲဒါ တရား ၇–ပါး အပေါင်းထဲက ဗောဒ္ဓိင်ဆိုတဲ့ တရား (တစ်ခု–၂) ကတော့ အစိတ်အပိုင်း ကလေးတစ်ခုပါပဲတဲ့၊ ဒါကြောင့်မို့ သစ္စာလေးပါးကိုသိမှု၏ အစိတ်အပိုင်းကိုလည်း ဗောဒ္ဓိင်ဟု ခေါ်သည်၊ ခေါင်းစဉ်ပေးထားတယ်၊ ဗောဒ္ဓိင် ဆိုတာ နက်နဲတယ်၊ ကိုင်း ... ဆိုရမယ်။

သစ္စာလေးပါးသိမှု၏ အစိတ်အပိုင်းကိုလည်း ဗောဒ္ဓိင်ဟု ခေါ်သည်။ (၃)

သစ္စာလေးပါးသိသူ၏ အကြောင်းအင်္ဂါကို ဗောဒ္ဓိင်လို့ ခေါ်တယ်၊ တစ်နည်းအားဖြင့် ဥစ္စာလေးပါး သိမှု၏ အစိတ်အပိုင်းကိုလဲ ဗောဒ္ဓိင်ဟု ခေါ်သည်၊ အဲဒီ ဗောဒ္ဓိင်က ၇–မျိုး ရှိတယ်၊ သတိသမ္ဗောဇ္ဈင် ဝီရိယ သမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင် ဥပေက္ခာသမ္ဗောဇ္ဈင် ၇–မျိုးရှိတယ်၊ အဲဒီ ၇–ခုထဲမှာ သတိတို့, ဓမ္မဝိစယ, ဝီရိယ, ဒီ ၃–ခုကဟောပြီးသွားပြီ၊ အဲဒါတွေကိုတော့ ပြန်ပြောနေလို့ရှိရင် ယနေ့တရား ရှေ့ရောက်မှာ မဟုတ်ဘူး။ ပီတိသမ္ဗောဇ္ဈင်နဲ့ကို သုံးသီတင်းလောက်ရှိနေပြီ၊ ဒီနေ့ ပီတိသမ္ဗောဇ္ဈင် ရောက်ရာကပြောရမှာပဲ မတတ်နိုင်ဘူး၊ တော်တော်ကြာကြာ ပြောနေရင်တော့ မဖြစ်ဘူး၊ အဲ ပီတိသမ္ဗောဇ္ဈင်ဆိုတာ ဘာလဲဆိုရင်–

နှစ်သိမ့်ရောင့်ရဲ၊ ဝမ်းလဲမြောက်သည်။
ရုပ်ကောင်းရုပ်သန့်၊ ပျံ့နံ့စေသည်။
ကိုယ်စိတ်ပေါ့လျက်၊ ကြွတက်ထင်သည်။
မြတ်ပီတိ မှတ်သိဗောဇ္ဈင်မည်။

ဆောင်ပုဒ်ကလေး၊ အဲဒါ အရင်သီတင်းတွေက လာပြီး တရားနာတဲ့ ပုဂ္ဂိုလ်တွေတော့ ရှိတောင်နေပြီ၊ ရနေပါရော့မယ်၊ မရလား ရလားတော့ မပြောတတ်ဘူး၊ ရတော့ရလောက်ပြီနဲ့ တူပါတယ်။

နှစ်သိမ့်ရောင့်ရဲ ဝမ်းလဲမြောက်သည်တဲ့၊ ပီတိဆိုတာ နှစ်သိမ့်ရောင့်ရဲ ဝမ်းမြောက်သည့် သဘောပဲ၊ ပီတိဟာ ကုသိုလ်ရှိတယ်၊ အကုသိုလ်လဲရှိတယ်၊ လောကရေးရာနဲ့ စပ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်နေတာကတော့ ကုသိုလ်မဟုတ်ဘူး အကုသိုလ်တွေ၊ သို့သော်လဲ အကုသိုလ်ကလဲ အပြစ်ကြီးတာရှိတယ်၊ အပြစ်သေးတာရှိတယ်၊ ၂–မျိုးရှိပါတယ်၊ အပြစ်ကြီးတာကတော့ သူတစ်ပါးတွေ သေအောင် ပျက်စီးအောင်ကြံပြီး အောင်မြင်ထမြောက်လို့ ဝမ်းမြောက်လို့ရှိရင် အဲဒါကတော့ အပြစ်ကြီးတယ်၊ ဒီလိုမဟုတ်ဘဲနဲ့ ကိုယ်ကျိုးစီးပွား ဖြစ်မြောက်တာလေးလောက် အကြောင်းပြုပြီးတော့ ဝမ်းမြောက်ဝမ်းသာဖြစ်တယ်၊ ဒါကတော့ သိပ် အပြစ်မကြီးဘူးပေါ့၊ (အကုသိုလ်တော့–၂) အပြစ်တော့ မကြီးဘူး။

အဲ–ကုသိုလ်ကတော့ ဘုရားနဲ့ တရားနဲ့ သံဃာနဲ့ စပ်ပြီးတော့ ဖြစ်တယ်တဲ့၊ ပီတိတွေပေါ့လေ၊ ကုသိုလ်ကောင်းပြီးတော့ ဖြစ်တယ်၊ ပီတိတွေ ဒါတွေဟာလဲပဲ နှစ်သိမ့်ရောင့်ရဲဝမ်းလဲမြောက်သည်၊ ဖြစ်နေတဲ့ ပီတိတွေပဲ၊ ဒီနေ့ဒီကနေ့များ မြန်မာပြည်တစ်ပြည်လုံး တစ်ခါတည်း အမှတ်တရ မှတ်တမ်းတင်ရမည့်နေ့ ဖြစ်နေတယ်၊ ပြည်သူ့လွှတ်တော်တွေ လူမျိုးစုလွှတ်တော်ထဲကနေပြီးတော့ မြန်မာပြည်တစ်ပြည်လုံးက မဲဆန္ဒရှင်တွေ အဆိုဆန္ဒအရနှင့် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ အဖြစ် သတ်မှတ်ဖို့ရာ ဥပဒေတင်သွင်းပြီးတော့ အတည်ပြုတဲ့နေ့ဆိုပြီးတော့ တစ်နိုင်ငံလုံးရှိကြတဲ့ သူတွေလဲ ဗုဒ္ဓဘာသာဝင် အပေါင်းတွေကသာ အာရုံပြုပြီးသကာလ ဝမ်းမြောက်ဝမ်းသာဖြစ်နေတယ်၊ အဲဒါတွေဟာ ပီတိတွေပဲ၊ ဒါက ကုသိုလ်ပီတိ တရားတွေ။

အဲ–မြတ်စွာဘုရား ဟောကြားတော်မူသော တရားတွေအရ၊ ဗုဒ္ဓဘာသာ သာသနာတော်ကြီးဟာဖြင့်ရင် မြန်မာနိုင်ငံတော်အစိုးရက အသိအမှတ်ပြုပြီးတော့ကာ အစိုးရကတော့ လေးစားပြီး တာဝန်ယူရမည့် သာသနာတော်ကြီးအဖြစ်ကို ကနေ့ သတ်မှတ်ချက်ထားတယ်တဲ့ဆိုပြီး၊ ပြီးတော့ အင်မတန် ဝမ်းသာစရာကောင်းတယ်၊ နောင်လာနောင်သားတွေအဖို့ သိပ်ကျေးဇူးများတယ်၊ ဘုန်းကြီးများစဉ်းစားကြည့်တယ်၊ သိပ်ပြီးတော့ ကျေးဇူးများတယ်၊ နို့မဟုတ်လို့ရှိရင် မြန်မာပြည်မှာ ရှေ့ရှေ့တုန်းကတော့ ဗုဒ္ဓဘာသာမင်းတွေက အာဏာပိုင်မင်းတွေပဲ၊ နောက်ဆုံး–နောက်ဆုံးမင်းဆက် သီပေါမင်းထိအောင် အာဏာပိုင်မင်းတွေ၊ အဲ–အာဏာပိုင်မင်းတွေ ဆိုတော့ မင်းက ဗုဒ္ဓဘာသာကြည်ညိုနေလို့ရှိရင် သူတို့ဥပဒေမှာ လုပ်စရာဘယ်ရှိမလဲ၊

သူတို့ကြည်ညိုရင်ပြီးတာပဲ၊ ဒါက နိုင်ငံတစ်နိုင်ငံကကိုးကွယ်နေတဲ့ ဘာသာအကုန်လုံး တစ်နိုင်ငံလုံးက တာဝန်ယူပြီးသကာလ စောင့်ရှောက် ရမည့်ဘာသာ ဖြစ်နေတာကိုး။

အဲဒီတုန်းကတော့ မင်းကပြဋ္ဌာန်းတယ် အခု နောက်ပိုင်းမှာတော့ အဲဒီလို အာဏာပိုင်မဟုတ်တော့ ဥပဒေနဲ့လုပ်ရတာကိုး၊ ဥပဒေနဲ့ မလုပ်လို့ရှိရင် ဘာဖြစ်မလဲဆိုတော့ မြန်မာပြည်မှာ ပြည်သူပြည်သားတွေက အများအားဖြင့် ဗုဒ္ဓဘာသာပဲ၊ သို့သော်လဲပဲ အစိုးရက ဘယ်ဘာသာမှ သူက အသိအမှတ်အထူးပြုထားတာမဟုတ်တော့ နောင်တစ်နေ့ကျလို့ရှိရင် ဗုဒ္ဓဘာသာ မကြည်ညိုတဲ့ပုဂ္ဂိုလ်တက်ပြီးများ အနိုင်ကျင့်ပြီး ဒီအစိုးရအဖွဲ့တွေ ဘာတွေများ တက်ဖြစ်ရင်တော့ တော်တော်ခက်မှာပဲ။

အဲဒါကို ဘုန်းကြီးကစဉ်းစားတယ်၊ ရှေးတုန်းက ကြာပါပြီ၊ ယခုမှ မဟုတ်ဘူး၊ ကြာပြီ၊ ယခုမှသူများတွေ နိုင်ငံတော်ဘာသာ လုပ်ဖို့ လှုံ့ဆော်ပေးမဟုတ်ဘူး၊ ဘုန်းကြီးများ ဟိုပထမ လွတ်လပ်ရေး ရကာစတည်းက စဉ်းစားနေတာ၊ ဘုန်းကြီးက နိုင်ငံရေးလုပ်တာမဟုတ်တော့ ဘာမှတော့ မလုပ်ပါဘူး၊ ဒါပေမယ့် စပ်မိစပ်ရာ နည်းနည်းပါးပါး ပြောဖူးပါတယ်၊ ဒါ တော်တော်အရေးကြီးတာပဲ၊ အဲဒါဟာ ယခု နိုင်ငံတော်ဘာသာအဖြစ်နဲ့ကို သတ်မှတ်ပြီးထားပြီးတော့၊ အေး....ယခု အောင်မြင်လဲ သွားပါပြီ။

အဲဒီတော့ အဲဒါက နောင်လာနောင်သားတွေအတွက် ဗုဒ္ဓဘာသာကို အစဉ်ထာဝရ တစ်ခါတည်း ကိုးကွယ်ဆည်းကပ်ပြီးသွားရအောင်လို့ ရှိတဲ့လူတွေရဲ့ သားတွေ သမီးတွေ မြေးတွေ မြစ်တွေ အစဉ်အဆက်ပေါ့၊ အဲဒါတွေ ဗုဒ္ဓဘာသာ သာသနာကြီးဟာ မြန်မာပြည်မှာ တည်တံ့ပြီး သွားဖို့ရာ အင်မတန် ကျေးဇူးများသွားပါတယ်။

အဲဒါ အကြောင်းပြုပြီးတော့ ဗုဒ္ဓဘာသာဝင်အပေါင်းတွေက ဒီဥပဒေအတည်ပြုခြင်းကို အကြောင်းပြုပြီးတော့ တရားရတဲ့ပုဂ္ဂိုလ်တွေက ဝမ်းမြောက်ဝမ်းသာဖြစ်ရတယ်၊ အဲဒါတွေဟာ ပီတိတွေလို့ ခေါ်တာပဲ၊ နှစ်သိမ့်ရောင့်ရဲ ဝမ်းလဲ မြောက်သည်တဲ့၊ ဒါပီတိ၊ အဲဒါ ကုသိုလ်ပီတိတွေပါပဲ၊ ပီတိသမ္ဗောဇ္ဈင်ရဲ့ အမျိုးအစားထဲက ဝင်လာတယ်၊ ပီတိသမ္ဗောဇ္ဈင် အစစ်ရယ်လို့ တော့မဆိုနိုင်ဘူး၊ ဘာပြုလို့တုန်းဆိုတော့ ပီတိသမ္ဗောဇ္ဈင်က ဥဒယဗ္ဗယညာဏ်က စဖြစ်တယ်လို့ ဆိုတာကိုး၊ ဒီတော့ ဒီလို အလွတ်ပီတိတွေကို သူက သေသေချာချာဆိုလို့ရှိရင် သူက စာရင်းမသွင်းပြန်ဘူး၊ ဒါပေမယ်လို့ သူ့အမျိုးအစားထဲကဆိုတော့ ပီတိသမ္ဗောဇ္ဈင် အမျိုးအစားထဲကပဲလို့ ဒီလိုတော့ မှတ်သားရပါတယ်၊ မှတ်ထင်ပြီးတော့လဲ ကြည့်နိုင်ပါတယ်၊ ဝိပဿနာ တရား အားထုတ်တဲ့အခါကာလမှာ ပီတိသမ္ဗောဇ္ဈင် ဖြစ်တဲ့အခါလဲ သူ ဒီလိုဖြစ်တာပါပဲ။

သို့သော်လည်း ဟိုဟာကတော့ နည်းနည်းပိုပြီးတော့ဖြစ်တယ်၊ ဒါကတော့ သူများနဲ့ဆိုင်တာမို့ ဒါလောက်မဟုတ်ဘူး၊ တရား အားထုတ်တဲ့ အခါကာလကြတော့ ရုပ် နာမ် အဖြစ်အပျက်တွေ ကိုယ်တိုင်တွေ့ရ သိရတော့ ပီတိတွေက ကိုယ့်အတွက်ကို တစ်ကိုယ်တည်း သူများနဲ့ ဘာမှမဆိုင်ဘူး၊ ကိုယ့်တစ်ကိုယ်တည်းအတွက် ရှေးက မသိဘူးတာတွေသိရ၊ မဖြစ်ဘူးတာတွေ ဖြစ်ရတော့ ပီတိတွေလှိုင်နေပြီ၊ ကိုယ်ထဲမှာ ဖြစ်တာ၊ တစ်ခါတည်း ဖျိုးဖျိုးဖျင်းဖျင်းနဲ့ တရိုးရိုးတရွရွနဲ့ ကိုယ်ထဲမှာ ပီတိတွေက တစိမ့်စိမ့် တည်မ့်ညိမ့်နဲ့ သိပ်ပြီးတော့ ဖြစ်လာတာ၊ ပီတိဖြစ်လာတာ ဝမ်းသာတာ၊ ဘယ်လို ဝမ်းသာမှန်း မသိအောင် ဖြစ်လာတာ၊ အဲဒါက မဖြစ်ဘူးသေးတဲ့ ပုဂ္ဂိုလ်တော့ မသိသေးဘူးပေါ့လေ၊ ဖြစ်ဖူးမှပဲ သိမှာ၊ ဒါက မဖြစ်ဘူးသေးရင်လဲ ဖြစ်ဖူးအောင် အားထုတ်ပေါ့။

နှစ်သိမ့်ရောင့်ရဲ၊ ဝမ်းလဲမြောက်သည်။
ရုပ်ကောင်းရုပ်သန့် ပျံ့နှံ့စေသည်။

အဲဒီ ပီတိတွေဖြစ်လာရင် ကိုယ်ထဲမှာ ရုပ်ကောင်း ရုပ်သန့်တွေ ပျံ့သွားစေပါတယ်တဲ့၊ အဲ....ရုပ်ကောင်း ရုပ်သန့်တွေ တစ်ကိုယ်လုံးမှာ ရုပ်ကောင်းရုပ်သန့်တွေ ပျံ့နှံ့ပြီးသွားတော့ တော်ရုံတန်ရုံ ရောဂါဝေဒနာတွေ ပျောက်တောင် သွားတတ်တယ်၊ တရားထုတ်နေလို့ ရောဂါ ဝေဒနာ ပျောက်တယ်ဆိုတာ ဒီနည်းနဲ့ ပျောက်တာ၊ ကိုယ်ထဲမှာ ရှိတဲ့ မကောင်းတဲ့ရုပ်တွေကို ကောင်းတဲ့ရုပ်တွေက လွှမ်းမိုးသွားတော့ ပျောက်သွားတာပေါ့၊ ယခု ရောဂါဝေဒနာပျောက်အောင် ဆေးထိုးရတယ်။ ဆေးစားရတယ်ဆိုတာတွေ အဲဒီဆေးအစွမ်းကြောင့် ရုပ်ကောင်းရုပ်သန့်တွေ တစ်ကိုယ်လုံး ပျံ့သွားတဲ့အခါမှာ ကိုယ်ထဲမှာ ရောဂါဝေဒနာ ဖြစ်နေတဲ့ မကောင်းတဲ့ ရုပ်တွေဟာ အကုန် ကွယ်ပျောက်သွားတာကိုး၊ ရောဂါဝေဒနာပျောက်တယ်။

အဲဒါလိုပဲ တရားနှင့်စပ်ပြီးသကာလ ပီတိတွေ အလှိုင်းတကြီးဖြစ်တဲ့ အခါကာလကျတော့ ကိုယ်ထဲမှာ ရုပ်ကောင်း ရုပ်သန့်တွေ ပျံ့နှံ့ပြီးတော့ ဖြစ်သွားပြီး ရောဂါ ဝေဒနာတွေ ပျောက်သွားတတ်တယ်တဲ့၊ ဒါတစ်နေ့တုန်းက နှစ်ကြိမ် သုံးကြိမ် ပြောပြီးပါပြီ၊ ရှေးက ရှင်မဟာကဿပကြီးတို့ ရောဂါပျောက်တယ်၊ ရှင်မဟာမောဂ္ဂလာန် ရောဂါ ပျောက်တယ်၊ မြတ်စွာဘုရား ရောဂါ ပျောက်တယ်ဆိုတာ ဒီဗောဇ္ဈင်တရားတွေနဲ့ပြီး ရောဂါပျောက်တယ်ဆိုတာ အဲဒါ ပီတိတွေ အလှိုင်းတကြီးဖြစ်ပြီး အဲဒီ ပီတိကနေပြီး ပီတိဇရုပ်တွေ ပျံ့ပြီးတော့ တစ်ခါတည်း ကိုယ်ထဲမှာ လွှမ်းမိုးသွားတာကိုး၊ ကျန်းမာတဲ့ရုပ်တွေ တစ်ခါတည်း ဖြစ်သွားတာကိုး၊ ရုပ်ကောင်း ရုပ်သန့်ပျံ့နှံ့စေသည်၊ ကိုယ်စိတ်ပေါ့ပါးလျက် ကြွတက်ထင်သည်၊ ကိုယ်ရော စိတ်ရော ပေါ့ပြီး

တော့ ကြွတက်သလို ထင်ရပါတယ်တဲ့၊ ပီတိဖြစ်တဲ့အခါကာလမှာ ကိုယ်ရောစိတ်ရော တစ်ခါတည်းထွက်ပြီးတော့ ပေါ့နေတယ်။

အဲဒီ ပီတိ မရှိတဲ့အခါတော့ စိတ်တွေရော ကိုယ်တွေရော လေးလေးလံလံဖြစ်လို့ ထိုင်းထိုင်း မှိုင်းမှိုင်း ဖြစ်နေတယ်၊ အဲ...ပီတိတွေ ဖြစ်လာတဲ့အခါကျတော့ ကိုယ်ရောစိတ်ရော တစ်ခါတည်းပေါ့ပြီး ကြွတက်နေတယ် ထင်ရတယ်တဲ့၊ စိတ်ကလေးကလဲ သွက်လို့ ကိုယ်ကလဲသွက်လို့ ပေါ့ပေါ့ပါးပါးကလေး ထင်ရတယ်၊ ဒါတွေလဲ ပြောပြီးပြီ၊ တရား အားထုတ်ရင်များ အင်မတန်ကိုပေါ့ပြီးတော့ တက်နေတတ်ပါတယ်၊ ကိုယ်စိတ်ပေါ့လျက် ကြွတက်ထင်သည်၊ မြတ်ပီတိ မှတ်သိဗောဒ္ဓေါင်မည်တဲ့၊ အဲဒီ အပိုဒ်ကလေးတော့ ဆိုကြရဦးမယ်၊ သူ့ဟောနေတာကို သူ့ဆိုဦးမှပဲ။

နှစ်သိမ့်ရောင့်ရဲ၊ ဝမ်းလဲမြောက်သည်၊
ရုပ်ကောင်း ရုပ်သန့်၊ ပျံ့နှံ့စေသည်။
ကိုယ်စိတ်ပေါ့လျက်၊ ကြွတက်ထင်သည်။
မြတ်ပီတိ မှတ်သိဗောဒ္ဓေါင်မည်။
အဲဒါ ပီတိသမ္ဗောဇ္ဈင်ပဲတဲ့။

ယထာစ အနုပ္ပန္နသ ပီတိသမ္ဗောဇ္ဈင်္ဃ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ယထာစ အနုပ္ပန္နသ ပီတိသမ္ဗောဇ္ဈင်္ဃ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာစ ဥပ္ပန္နသ ပီတိသမ္ဗောဇ္ဈင်္ဃ ဘာဝနာယ ပါရိပူရီ ဟောတိ တဉ္စ ပဇာနာတိ။

ယထာစ–အကြင်အကြောင်းကိုလည်း၊ အနုပ္ပန္နသပီတိသမ္ဗောဇ္ဈင်္ဃ–မဖြစ်ပေါ်လာသေးသော ပီတိသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒေါ– ဖြစ်ပေါ်လာခြင်းသည်၊ ဟောတိ–၏၊ တဉ္စ–ထိုအကြောင်းကိုလည်း။ ပဇာနာတိ–သိ၏ ။

ယောဂီပုဂ္ဂိုလ်က တရားအားထုတ်နေရင် မဖြစ်ဘူးသေးတဲ့ ပီတိသမ္ဗောဇ္ဈင်တွေ ဖြစ်လာတာတွေ့ရတာကိုး၊ နှစ်သိမ့်အားရတာ ဝမ်းမြောက်တာတွေ ဖြစ်လာတယ်၊ အဲဒါဟာ ဘာကြောင့်ဖြစ်သလဲဆိုတာ အကြောင်းကိုလဲသိပါတယ်၊ အကြောင်းလေးကတော့ အနည်းက ဆိုလို့ရှိရင်တော့ ရှုမှတ်နေတဲ့ ဝိပဿနာကြောင့်ဖြစ်တယ်၊ အမှတ်ကောင်းတဲ့အခါ ဖြစ်တယ်၊ အဲ–ဒါပြင် တစ်နည်းအားဖြင့်တော့ ပီတိဖြစ်အောင် နှလုံးသွင်းလို့ရှိရင် အဲဒီနှလုံးသွင်းမှုကြောင့်ဖြစ်တယ်၊ ဘုရားဂုဏ် တရားဂုဏ်တွေ သံဃာဂုဏ်တွေ အာရုံပြုနှလုံးသွင်း ဝမ်းသာစရာလေးတစ်ခု အာရုံပြုနှလုံးသွင်းလိုက်၊ အဲဒီလို နှလုံးသွင်းတဲ့အခါ ပီတိတွေဖြစ်လာတယ်၊ ဖြစ်ပြီးတော့ လာတယ်၊ အဲဒါ ပီတိဖြစ်ခြင်း၏ အကြောင်းကလေးကိုလဲ တွေ့ပါတယ်တဲ့။

အဲဒီဟာ ဘာကြောင့် ဝမ်းမြောက်ဝမ်းသာ နှစ်သိမ့်ရတယ်၊ ဒါကြောင့်မို့ ပီတိတွေ ဖြစ်နေတာပဲလို့ ဒီအကြောင်းလေးတွေသိရတယ်၊ အဲ–ပြီးတော့ ဒီပီတိသမ္ဗောဇ္ဈင် ပြည့်စုံသွားတဲ့အကြောင်းလေးလဲ ရှိသေးတယ်တဲ့၊ အဲဒါကတော့ အရဟတ္တဖိုလ်ရောက်မှ ပြည့်စုံတယ်၊ ရောက်မှပဲသိမယ်၊ မရောက်ရင်မပြည့်ဘူး၊ ယခု ပီတိဖြစ်ခြင်း၏ အကြောင်းတွေကတော့ အဋ္ဌကထာမှာ ၁၁–ပါး ပြထားတယ်၊ ဒါတွေပဲ ဟောနေရတာ။

ယနေ့တော့ အပြီးသတ်ဦးမှပဲ၊ ၄–ရက်လား ရှိပါပြီ၊ သူက ဒီပီတိဟောနေရတာ ရတနာသုံးစုံ သီလဂုဏ် စွန့်ပုံအောက်မေ့ပါတဲ့၊ ဗုဒ္ဓါနုဿတိ–ဘုရားဂုဏ်ကို အောက်မေ့ခြင်း၊ ဓမ္မာနုဿတိ–တရားဂုဏ်ကို အောက်မေ့ခြင်း၊ သံဃာနုဿတိ–သံဃာဂုဏ်ကို အောက်မေ့ခြင်း၊ ဘုရား တရား သံဃာ ရတနာ သုံးပါးဂုဏ်ကို အောက်မေ့ပုံ၊ ရတနာသုံးစုံလို့ ဒီကဆောင်ပုဒ် ပေးထားတယ်၊ သီလာနုဿတိ–မိမိ၏သီလဂုဏ်ကို အောက်မေ့ခြင်း၊ သီလဂုဏ်လို့ ဒီကဆောင်ပုဒ်ပေးထားတယ်၊ စာဂါနုဿတိ–စွန့်ကြဲမှုကို အောက်မေ့ခြင်း၊ မိမိကိုယ်တိုင် သုံးစွဲဖို့ရာထဲက မသုံးရက်ဘဲနဲ့ ကိုယ့်ထက် မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်ဖြစ်ဖြစ်၊ ကိုယ်နဲ့တန်းတူဖြစ်ဖြစ် ကိုယ့်ထက်အောက်တန်းကျတဲ့ အလှူခံပုဂ္ဂိုလ်ဖြစ်ဖြစ်ပေါ့လေ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခဲ့ဖူးတာတွေ ရက်ရက်ရောရော စွန့်လွှတ်ပြီး လှူဒါန်းဖူးတာတွေ အာရုံပြုပြီးတော့ နှလုံးသွင်းဆင်ခြင်၊ စာဂါနုဿတိဆိုတာ အဲဒါတွေလဲ ဟောပြီးပါပြီ၊ ရတနာ သုံးစုံ သီလဂုဏ် စွန့်ပုံအောက်မေ့ပါတဲ့။

အဲဒီ ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါနုဿတိ ဒီ ၅–ခုကြောင့်လဲ ပီတိတွေဖြစ်တတ်ပါတယ်တဲ့၊ ဘုရားဂုဏ် အောက်မေ့ရင်လဲ ဖြစ်တတ်တယ်၊ တရားဂုဏ်အောက်မေ့ရင်လဲ ဖြစ်တတ်တယ်၊ သံဃာဂုဏ် အောက်မေ့ရင်လဲ ဖြစ်တတ်တယ်၊ သီလဂုဏ်တွေ စွန့်ကြဲတဲ့ ကုသိုလ်ကောင်းမှုတွေ အောက်မေ့ရင်လဲ ဖြစ်တတ်ပါတယ်၊ ကိုင်း–ဒါလေး ဆိုကြဦးစို့။

ရတနာသုံးစုံ၊ သီလဂုဏ်၊ စွန့်ပုံအောက်မေ့ပါ။ (ဆို–၃)

အဲ–ရတနာသုံးပါးရဲ့ဂုဏ် သီလဂုဏ် စွန့်ကြဲပေးကမ်း လျှာ့ဒါန်းတဲ့ဂုဏ်၊ အဲဒါတွေ အောက်မေ့ဆင်ခြင်ရင်လဲ ပီတိတွေ ဖြစ်တတ်တယ်၊ ပီတိဖြစ်အောင်လို့ ဒါလေး အောက်မေ့ဆင်ခြင်ရမယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ တရားအားထုတ်နေရင်း တရားမတိုးတက်နိုင်တဲ့အခါကာလ ပီတိကအရေးကြီးတယ်၊ တရား မတိုးတက်နိုင်တဲ့အခါကာလ အဲဒါ စိတ်က ခြောက်သွေ့ပြီးတော့ ပျင်းရိနောက်ဆုတ်ချင်တဲ့ သဘောတွေ ဖြစ်တတ်ပါတယ်၊ အဲဒီလိုအခါကာလတွေမှာ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်တွေဆင်ခြင်၊ အထူးအားဖြင့် သီလဂုဏ်ဆင်ခြင်တာကတော့ ပိုပြီးကောင်းတတ်တယ်၊ သီလစင်ကြယ်လို့ရှိရင် ရှေ့အဖို့က ရှေ့မဆွက စောင့်ထိန်းဆင်ခြင်တာက ပြန်ကြည့်လာတော့ ရှုမှတ်လိုက်ရရင် ဝမ်းသာစရာ သိပ်ကောင်းတယ်၊ သီလစင်ကြယ်ပုံ စွန့်ကြဲပေးကမ်းလှူဒါန်းမှုမှာလဲပဲ ဒီလို ရက်ရက်ရောရော စွန့်ကြဲပေးကမ်းမှုဟာ ကလေး ပြန်အောက်မေ့ နှလုံးသွင်းလို့ရှိရင် အင်မတန် ဝမ်းသာစရာ ကောင်းတယ်၊ ဒုဋ္ဌဂါမဏိ ဝတ္ထုများနှင့် ဟောပြီးပြီ။

အဲဒီတော့ ဒေဝတာနုဿတိဆိုတာ နတ်တွေ၏ သဒ္ဓါသီလ အစရှိသော ဂုဏ်ကျေးဇူးတွေနဲ့ ဥပမာပြုပြီးတော့ မိမိ၏ သဒ္ဓါတရားအစရှိသော ဂုဏ်ကျေးဇူးတွေကို ဆင်ခြင်ပါတယ်၊ နတ်ပြည်လောကတွေမှာ နတ်မင်းတွေ နတ်မိဖုရားတွေဖြစ်၊ အဲဒီပုဂ္ဂိုလ်တွေ ထူးထူးခြားခြားဖြစ်ပြီးတော့နေကြ၊ နတ်စည်းစိမ်တွေ ပျော်မွေ့ပြီးတော့ နေကြတယ်၊ သူတို့ဟာ ဘာဖြစ်လို့ နတ်ပြည်ရောက်နေကြသလဲ၊ အကြောင်းမဲ့သက်သက် ရောက်တာမဟုတ်ဘူး၊ ဘာကြောင့်ရောက်သလဲဆို သူတို့မှာသဒ္ဓါတရား ရှိလို့၊ ကံ–ကံ၏အကျိုးယုံကြည်လို့ သဒ္ဓါတရားရှိလို့၊ ဘုရား, တရား, သံဃာကို ယုံကြည်တဲ့ သဒ္ဓါတရားရှိလို့ ကုသိုလ်ကောင်းမှုတွေ ပြုပြီးတော့ နတ်ပြည်ရောက်ကြတယ်။

သီလတွေ စောင့်ရှောက်သွားလို့ အဲ–ဗဟုသုတတွေနဲ့ ကုသိုလ်ကောင်းမှုနဲ့စပ်ပြီးတော့ကို ဗဟုသုတတွေ ကြားနာရပြီးတော့ အဲ ဗဟုသုတအရင်းခံပြီးတော့ ကောင်းမှုပြုသွား နတ်ပြည်ရောက်နေရတယ်၊ စာဂ–စွန့်ကြဲပေးကမ်းမှု, အလှူ့ဒါန ကုသိုလ်ကြောင့် ရောက်နေတာလဲ မနည်းဘူး၊ ပညာအသိအလိမ္မာ ဉာဏ်ပညာကြောင့် ရောက်နေတာလဲမနည်းဘူး၊ နတ်ပြည်မှာ အဲဒီနတ်ပြည်နေတဲ့ ပုဂ္ဂိုလ်တွေမှာ ပြည့်စုံနေသလိုပဲ၊ ငါ့မှာလဲ သဒ္ဓါတရားရှိနေတယ်၊ သီလလဲ ပြည့်စုံနေတယ်၊ သုတလဲ ပြည့်စုံနေတယ်၊ စွန့်ကြဲမှုလဲ ပြည့်စုံနေတယ်၊ ပညာလဲပြည့်စုံနေတယ်တဲ့၊ ကိုယ့်ဂုဏ်ကလေးတွေ အောက်မေ့ပြီးသကာလ ဝမ်းသာစရာအင်မတန်ကောင်းတယ်၊ ဒါတွေလဲ ဟောပြီးပါပြီ။

ဥပမာအားဖြင့် သူများတွေမှာ ငွေကြေး ရှိသည့်အတွက်ကြောင့် ဝတ်ကောင်း, စားကောင်းတွေဝတ်ပြီး ဝတ်လို့ရှိရင်, ကိုယ့်မှာလဲ ရှိလို့ရှိရင် ဝမ်းသာစရာပေါ့၊ သူများလို ဝယ်ပြီး ဝတ်နိုင်တာပဲ၊ အဲ–သူများတွေမှာ ငွေကြေးပြည့်စုံတဲ့အတွက် အိမ်ကောင်းဆောက်ပြီး နေနိုင်သလို၊ ကိုယ့်မှာလဲ ရှိနေလို့ရှိရင် ဝမ်းသာစရာပေါ့၊ ကိုယ့်ရှိတဲ့ပစ္စည်းတွေနဲ့ ဒီလိုအိမ်ဆောက်လိုက်မှာဆိုရင် ဆောက်လိုက်မှာပဲ၊ ဆောက်နိုင်တာပဲ၊ ဝမ်းသာစရာပေါ့လေ၊ ဘာမဆိုပေါ့လေ၊ ကိုယ်ရှိနေလို့ရှိရင် သူများရှိသလို၊ ကိုယ်ရှိနေလို့ရှိရင် စဉ်းစားလိုက်ရင် ဝမ်းသာစရာဖြစ်တယ်။

ဒီလိုပဲ နတ်ပြည်ရောက်နေတဲ့ပုဂ္ဂိုလ်တွေမှာ သဒ္ဓါ, သီလ စသော သူတော်ကောင်းတရားတွေ ပြည့်စုံလို့ ရောက်နေတယ်၊ အဲဒီလို သဒ္ဓါ, သီလ အစရှိသော ဒီလို သူတော်ကောင်း တရားတွေမို့လဲ ပြည့်စုံနေတာပဲလို့ အာရုံပြုလိုက်တော့ ဝမ်းသာစရာပဲ၊ ဥပုသ်သီတင်းသီလ ဆောက်တည်နေတဲ့ ပုဂ္ဂိုလ်တွေ ဝမ်းသာစရာတွေ အများကြီးရှိတယ်၊ အဲဒါတွေက နတ်ပြည်ရောက်နေတဲ့ပုဂ္ဂိုလ်တွေ၊ ဒီလိုပုဂ္ဂိုလ်တွေ ရောက်နေကြတာပဲ၊ ဒီလိုပဲ သူတော်ကောင်းတရားတွေ ပွားများအားထုတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေရောက်ကြတာ။

နယိဒံ အကတ ပုညာနံ ကတပုညာနမေဝိဒံ အသောကံ နန္ဒနံ ရာမဏ္ဍိတသာသနံ ယသသိနံ။

ဒါက နတ်ပြည်က၊ နတ်ပြည်က နတ်သား, နတ်သမီးတွေ ဆိုတဲ့ သီချင်းတဲ့၊ ဒီဥစ္စာဘုန်းကြီးက အဆိုမကောင်းလို့ သူတို့သီချင်း ကျအောင်ဆိုရင် သီချင်းကကောင်းတယ်၊ သီချင်းဆိုတာအဆိုကောင်းမှ ကောင်းတာ၊ မြန်မာသီချင်းလေးတွေ၊ တစ်ချို့သူတို့ ရေးထားတယ်၊ ဘုန်းကြီးများ ဖတ်ကြည့်တော့ ဘာမျှအဓိပ္ပာယ်မရှိပါဘူး၊ ဘာမှလည်းမကောင်းဘူး၊ ဒါပေမယ့် သူတို့ဟာနဲ့သူတို့ စည်းဝါးကိုက် ဆိုတော့ အောင်မယ် သူ့ဟာ အဟုတ်ကြီးပဲ၊ ဆွဲရမှာ မြှင့်ရမှာ တင်ရမှာနဲ့ သူကအဟုတ်ကြီး ဒီလိုပဲ၊ မြန်မာသီချင်းလိုပဲ၊ ဘာသာခြားသီချင်းတွေ ဒီလိုပဲ၊ ဘုန်းကြီးဖတ်ကြည့်တယ်၊ ဥပမာအင်္ဂလိပ်သီချင်းဆိုပါတော့ ဘာမျှမကောင်းဘူး၊ သူ့ဥစ္စာအောင်မယ်–သူတို့ဆိုတော့လဲ အောင်မယ် ဟုတ်သလိုလိုရှိသားပဲ၊ သူ့ဟာ သူ့ဘာသာနဲ့သူ ကောင်းတာပဲ၊ အင်း–ယခုပါဠိလဲပဲ သီချင်းပဲ၊ သူတို့နတ်တွေဆိုရင် ကောင်းမှာပါပဲ၊ နတ်တွေဆိုရင်တော့ကောင်းမှာ၊ ဘုန်းကြီးရိုးရိုးပဲ၊ ကောင်းအောင်လဲ ဆိုလို့လဲ မဖြစ်ဘူး။

နယိဒံ အကတ ပုညာနံ အကတပုညနမေဝိဒံ အသောကံ နန္ဒနံ ရာမဏ္ဍိတသာသနံ ယသသိနံ။

ဣဒံ–ဤ နတ်စည်းစိမ်ချမ်းသာသည်၊ အကတပုညာနံ–ပြုအပ်သော ကောင်းမှုမရှိသော ပုဂ္ဂိုလ်တို့၏၊ သမ္ဘတ္တိ–စည်းစိမ်ချမ်းသာသည်၊ နဟောတိ–မဖြစ်ပေ၊ ဣဒံ–ဤနတ်စည်းစိမ်ချမ်းသာသည်၊ကတပုညာနမေဝ–ပြုအပ်ပြီးသော ကောင်းမှုရှိသော ပုဂ္ဂိုလ်တို့၏သာလျှင်၊ သမ္ဘတ္တိ–စည်းစိမ် ချမ်းသာပေတည်း။

သူတို့ လက်ငင်းခံစားနေရတဲ့ စည်းစိမ်ချမ်းသာလေးကို လက်ညှိုးထိုးပြတာတော့ ဒို့နတ်ပြည်မှာ ဘုန်းတန်ခိုးအာနုဘော်တွေ အခြွေအရံတွေ ဂုဏ်သိမ်တွေနဲ့ ပြည့်စုံပြီးတော့နေတဲ့ နတ်မင်းကြီးတွေ ဖြစ်လို့နေရတယ်၊ အဲ–နတ်သား, နတ်သမီးတွေဖြစ်ပြီး ဒို့နတ်စည်းစိမ်တွေ ဒို့ခံစားနေတယ်၊ ဒို့အခုရတဲ့ စည်းစိမ်တွေဟာ ကုသိုလ်ကောင်းမှုမရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့မဆိုင်ဘူးတဲ့၊ ဒီလူတွေ, ဒီပုဂ္ဂိုလ်တွေနဲ့ ဘာမှမဆိုင်ဘူးလို့ဆိုတယ်။

အဲဒါဘာမှမဆိုင်ဘူး၊ ကုသိုလ်ကောင်းမှုမရှိတဲ့ပုဂ္ဂိုလ်တွေ ဒါတွေ မသုံးဆောင်မခံစားနိုင်ဘူး၊ ဒီသုံးဆောင်ခံစားနိုင်ဖို့ ဝေးလို့ ရောက်တောင်မရောက်နိုင်ဘူး၊ ကုသိုလ်ကောင်းမှုမရှိတဲ့ ပုဂ္ဂိုလ်တွေက အင်း–စိတ်ကြီးဝင်စရာကောင်းတယ်၊ လူ့ပြည်မှာလဲ ဒီလိုပါပဲ။

လူ့ပြည်မှာလဲပဲ အထက်တန်းကျတဲ့ ပုဂ္ဂိုလ်တွေက သူတို့အခြေအနေနဲ့သူတို့ အထက်တန်းကျတဲ့ ပုဂ္ဂိုလ်အချင်းချင်း ပေါင်းသင်း ဆက်ဆံနေတဲ့အခါကာလမှာ သူ ဒီစိတ်ကူးတွေ ဖြစ်တယ်၊ အောက်တန်းကျတဲ့ ပုဂ္ဂိုလ်တွေ ဒီလိုစိတ်ကူးဖြစ်တယ်၊ တို့ ဟိုပုဂ္ဂိုလ်တွေနဲ့ မဆိုင်ဘူး၊ တို့ ယခုဖြစ်နေတဲ့ အခြေအနေက တို့လိုအထက်တန်းကျတဲ့ ပုဂ္ဂိုလ်နဲ့ ဆိုင်တယ်ဆိုပြီးတော့ ရာထူးဌာနန္တရရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ပညာတတ် ပုဂ္ဂိုလ်တွေ၊ အလုပ်အကိုင်ကောင်းတဲ့ပုဂ္ဂိုလ်တွေ အစရှိသည်ဖြင့်ပေါ့လေ၊ စီးပွားဥစ္စာ ရတနာရှိနေတဲ့ ပုဂ္ဂိုလ်တွေကနေ စဉ်းစားတယ်၊ အောက်တန်းကျတဲ့ ပုဂ္ဂိုလ်တွေ ဘာမှမဆိုင်ဘူးဆိုပြီး သူတို့စိတ်ထဲမှာ ဒီလိုပဲ ဖြစ်တယ်၊ နတ်တွေကလဲ အဲဒီလိုပဲ။

ဣဒံ–ဤနတ်ပြည်လောကခ္ဍ သုံးဆောင်ခံစားနေရသော ဤစည်းစိမ်ချမ်းသာမျိုးသည်၊ အကတပုညာနံ–ကောင်းမှုပြုအပ်သော ကောင်းမှုမရှိသော ပုဂ္ဂိုလ်တို့၏ (ဝါ) ကောင်းမှုကို မပြုလုပ်သော ပုဂ္ဂိုလ်တို့၏၊ နသမ္ဘတ္တိ–စည်းစိတ်ချမ်းသာ မဟုတ်ပေ၊ ဒါတွေဟာ သူတို့နဲ့ မဆိုင်ဘူးတဲ့၊ ကတပုညာနံ–မေ ဝိဒံ–ဣဒံ–ငါတို့သုံးဆောင်ခံစားနေရသော နတ်စည်းစိမ်ချမ်းသာသည်၊ ကတပုညာန–မေဝ–ပြုအပ်သော ကောင်းမှုရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင် သမ္ဘတ္တိ–စည်းစိမ်ချမ်းသာပါတကား။

တို့ခံစားနေရတာ ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေ သုံးဆောင်ခံစားရတာတွေတဲ့၊ ဒီတော့ ယခုကုသိုလ်ကောင်းမှုပြုနေတဲ့ ပုဂ္ဂိုလ်တွေလဲ ပါသွားတာပေါ့၊ သူတို့ သီချင်းထဲပါတယ်၊ ကုသိုလ်ကောင်းမှုမရှိသော ပုဂ္ဂိုလ်တွေ သုံးဆောင်ခံစားရတာတွေပဲလို့ အဲဒီကနေ ဒိပြင်ဟာတွေ ထားပါဦးတော့၊ ဒီကနေ့ သီလတွေဆောက်တည်လို့ တရားနာလို့ သူတော်ကောင်းတရားတွေ ပွားများလို့ ကုသိုလ်ကောင်းမှုတွေ ပြုနေတဲ့ပုဂ္ဂိုလ်တွေ သင်းတို့ ဟိုနတ်ပြည်နတ်တွေဆိုထားတဲ့ သီချင်း–သီချင်းတွေ ရတိုင်းနတ်ပြည် လောကစည်းစိမ်တွေ တို့နဲ့လဲ ဆိုင်နေတာပဲလို့ ဒီလိုနှလုံးသွင်း ရောပေါ့လေ။

အသောကံ နန္ဒံရာမံ သိတသာသနံ၊ ရသသိနံ–

ဣဒသာသနံ–ရသိနံ–အခြွေ အရံများစွာရှိသော တာဝတိံသာရွာက နတ်သား နတ်သမီးတို့၏၊ အသောကံ–စိုးရိမ်ကင်းရာဖြစ်သော၊ ရာမံ–နှလုံးမွေ့လျော်ရာဖြစ်သော၊ နန္ဒနံ–နန္ဒဝန်ဥယျာဉ်ကြီးသည်၊ ဣဒံ–ဤတာဝတိံသာ နတ်ပြည်နတ်ရွာက နတ်သား နတ်သမီးတို့၏၊ သမ္ဘတ္တိ–စည်းစိမ်ချမ်းသာကြီးပါတကား။

အဲ–သူတို့နတ်ပြည်မှာ နန္ဒဝန်ဥယျာဉ်ဆိုတာရှိတယ်၊ တယ်ကောင်းတယ်လို့ ပြောတယ်၊ ဘယ်လိုပဲ စိတ်ပူနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်ဖြစ်၊ အဲဒီ နန္ဒဝန်ဥယျာဉ်ထဲရောက်ရင် အပူတွေ ပျောက်ကုန်တယ်ဆိုပါတယ်၊ အစတုန်းကတော့ ပူစရာဆွေးစရာတွေနဲ့ စိတ်က ဟိုစိတ်ကူး ဒီစိတ်ကူးရှိနေတာကိုး၊ နန္ဒဝန်ဥယျာဉ်ထဲရောက်လို့ ဟိုကြည့်ဒီကြည့် သစ်ပင်တွေကြည့် သာသာယာယာတွေ လျှောက်ကြည့်၊ နတ်သားတွေ နတ်သမီးတွေ ကခုန်နေတာ သီချင်းဆိုနေတာတွေ တီးမှုတ်နေတာတွေ ကြားလိုက်ရတော့ အရင်က စိတ်ကူးတွေ ပျောက်သွားတာပေါ့၊ တစ်ခါတည်း စိုးရိမ်မှု ပူပန်မှုတွေ အကုန်လုံးငြိမ်းသွားတာပဲဆိုပဲ၊ ဒီလူ့ပြည်လောကလဲ ဒါနဲ့တူတာတွေ ရှိပါတယ်။

ပွဲကောင်းလမ်းကောင်းတွေ သွားပြီး ကြည့်လို့ရှိရင် တော်ရုံတန်ရုံ စိတ်ညစ်တာ ပျောက်သွားတာပဲ၊ ဒါနဲ့ တစ်ချို့လဲ စိတ်ညစ်လို့ရှိရင် ပွဲတို့ဘာတို့ သွားပြီးကြည့်ကြတာပဲ ထင်ပါရဲ့၊ အဲ–တာဝတိံသာ နတ်ပြည်ထဲက နန္ဒဝန်ဥယျာဉ်ဆိုတာ စိုးရိမ်ပူဆွေးမှုတွေကို ငြိမ်းစေနိုင်တယ်တဲ့၊ နှလုံးရွှင်ပျော်စေတယ်၊ ဒါလဲ အင်မတန် ကောင်းတယ်၊ ပျော်စရာကောင်းတာမှ ဘယ်လောက် ကောင်းလဲဆိုတော့ အဲဒီ ရောက်သွားလို့ရှိရင် ပြန်မထွက်ချင်ဘူးဆိုတယ်၊ အဲဒါလောက် ပျော်စရာကောင်းပြီး နေတယ်။

အဲဒါဟာ ကောင်းမှုရှိတဲ့ တာဝတိံသာ နတ်ရွာက နတ်သား နတ်သမီးတွေ ပျော်ပါးဖို့ သုံးဆောင်ဖို့ရာ စံစားဖို့ရာ ဌာနကြီးပဲလို့ သူတို့သီချင်းက ဒီလိုအဓိပ္ပာယ်ရှိတယ်၊ ဒါအနက်အဓိပ္ပာယ်လဲ ကောင်းသင့်သလောက် ကောင်းပါတယ်၊ ဒါ အဆိုကောင်းရင်တော့ ပိုပြီးတော့ ကောင်းမှာပါပဲ။

အဲဒီလို နတ်ပြည်လောကမှာရှိတဲ့ ပုဂ္ဂိုလ်တွေ နတ်ပြည် လောက သုံးဆောင်စံစားနေရတာ လူ့ပြည်က ပြုစုအားထုတ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကြောင့် ဖြစ်နေတာပဲတဲ့၊ ဒါကြောင့် မိမိမှာလဲ ဒီကုသိုလ် ကောင်းမှုတွေ ငါ့မှာ ဘာတွေ ဘာတွေ ပြည့်စုံနေတယ်လို့ ပြန်စဉ်းစားလိုက်ရင် စိတ်ထဲမှာ တစ်ခါတည်း ပီတိတွေ နှစ်သိမ့်အားရမှုတွေ ဖြစ်လာပါတယ်၊ စိတ်တွေ အားတက်ပြီးတော့လာတယ်။

ဒါကြောင့် အဲဒါတဲ့ နတ်ဖြစ်ဖွယ်စု၊ အဲဒါတွေလဲ ဆင်ခြင်ပါတဲ့ ပီတိဖြစ်တတ်ပါတယ်၊ ဌိမ်းအေးမှုတဲ့၊ မိမိမှာ တရားနှလုံးသွင်း အားထုတ်ထားလို့ ဌိမ်းတန်သမျှ ဌိမ်းနေတဲ့ ကိလေသာတွေရှိလို့ရှိရင်လဲ ဒီကိလေသာ ဌိမ်းမှုရှိလဲ ဆင်ခြင်ပါ၊ တရားအားထုတ်သည့် အချိန်ကစပြီးတော့ တရားအားမထုတ်ခင်က ဖြစ်နေတဲ့ အခြေအနေမျိုး မဟုတ်ဘဲနဲ့ စိတ်ကလေးတွေက ပြောင်းသွားတယ်၊ တော်တော်လေး အားထုတ်မိလို့ရှိရင် စိတ်ကလေးတွေဟာ တော်တော် ပြောင်းလာပြီ၊ ဌိမ်းအေးမှုတွေရှိတယ်၊ အဲဒါတွေ ဆင်ခြင်လိုက်လို့ရှိရင်လဲ ပီတိဖြစ်တတ်ပါတယ်တဲ့၊ နှစ်သက်ဖွယ်စု ဌိမ်းအေးမှု ရှေးရှုအောက်မေ့ပါတဲ့၊ဒါက ၂–ခု၊ ဒါ ပါဠိလိုတော့ကို ဒေဝတာနုဿတိ ဥပသမာနုဿတိ လို့ ခေါ်တယ်၊ ဒီက ဘုန်းကြီးက အများ နားလည်အောင်လို့ နတ်ဖြစ်ဖွယ် ဒေဝတာနုဿတိကို နတ်ဖြစ်ဖွယ်အကြောင်းတွေကို ဌိမ်းအေးမှု ဥပသမာနုဿတိကို စီထားတယ်၊ ရှေးရှု အောက်မေ့ပါက နုဿတိပဲ၊ နုဿတိက အောက်မေ့တာပဲ၊ တွေးရှု အောက်မေ့ပါ၊ ကိုင်း .... ဆိုရမယ်။

နတ်ဖြစ်ဖွယ်စု ဌိမ်းအေးမှု တွေးရှု အောက်မေ့ပါ။
မွဲခြောက်သူကြဉ် စိုပြည်ယှဉ် ထိုတွင်စိတ်ညွှတ်ရာ။ (ဆို–၃)

သဒ္ဓါတရားတည်းဟူသော အဆီအစေ မရှိဘဲနဲ့ ပုဂ္ဂိုလ်တွေတဲ့၊ သဒ္ဓါတရား အဆီအစေးမရှိတဲ့ ပုဂ္ဂိုလ်၊ ယခုနေပူလို့ သစ်သားတွေဘာတွေများ သွေ့ခြောက်နေ၊ အဆီအစေးမရှိ သစ်သားတွေ သွေ့ခြောက်ပြီးတော့ တစ်ချို့ တစ်ခါတည်းကွဲအက်၊ ဒါမျိုးနေတာလိုပဲ၊ လူမှာလဲ သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်တွေက အခြောက်ပဲတဲ့၊ သွေ့ခြောက်နေတာ၊ သို့သော်လည်း ရုပ်ရည်အားဖြင့်တော့ သန့်သန့်ပြန့်ပြန့်တော့ ရှိမှာပေါ့၊ စိုစိုပြည်ပြည်ရှိချင်လဲ ရှိမှာပေါ့၊ သို့သော်လည်း သဒ္ဓါတရားအနေ စိတ်ဓာတ်အနေကြည့်လိုက်လို့ရှိရင် သူ့ခမြာခြောက်နေတယ်၊ သွေ့ခြောက်နေတယ်၊ သစ်ကိုင်းခြောက်တွေ ဘာတွေများဟာ ခြောက်ပြီးရင် ကျိုးပျက်ပြီး သွားတာပဲ။

အဲဒါလိုပဲ သဒ္ဓါတရားတည်းဟူသော အဆီအစေးမရှိတဲ့ပုဂ္ဂိုလ်တွေ အပိန်ဒ္ဓပုဂ္ဂိုလ်တွေ မပြေပြစ်မစိုပြည်တဲ့ပုဂ္ဂိုလ်တွေ သွေ့ခြောက်နေတဲ့ပုဂ္ဂိုလ်တွေ သဒ္ဓါအဆီအစေး ကင်းမဲ့တယ်၊ ကင်းမဲ့တဲ့ ပုဂ္ဂိုလ်–သူက ဘုရားလည်း မကြည်ညိုဘူး၊ တရားလည်း မကြည်ညိုဘူး၊ သံဃာလည်း မကြည်ညိုဘူး၊ ကုသိုလ်ကောင်းမှုတွေ မယုံဘူး၊ ဒီလိုဟာတွေကို အဲဒီလို သဒ္ဓါတရားအားနည်းတဲ့ပုဂ္ဂိုလ်တွေ ကုသိုလ်ကောင်းမှုလဲ တယ်မလုပ်ဘူး၊ ဘုရားလဲမရှိခိုးဘူး၊ ဘုရားရှိခိုးရမှာလဲ ပျင်းတယ်၊ တစ်ချို့ ဝါသနာမပါဘူး၊ အဲ တရားနာရမှာလဲ ပျင်းတယ်၊ ညောင်းတယ် ပန်းတယ် ဒီလိုဆိုတာကိုး၊ အဲ ပြီးတော့ ရဟန်းသံဃာတွေကို လည်း မဆည်းကပ်လိုဘူး၊ အရိုအသေမပြုလိုဘူး၊ ဒါတွေကလဲ ညောင်းတယ် ပင်ပန်းတယ် ဒီလိုထင်နေတာ၊ အဲ–ကုသိုလ်ကောင်းမှုတွေလဲ မပြုလိုဘူး။

အဲဒီ ကုသိုလ်ကောင်းမှု ပြုရတာဟာ ကိုယ်လုပ်ချင်တာတွေ မလုပ်ရဘဲ ရှောင်ကြဉ်နေရတာ၊ ဒါကလဲပဲ ဆင်းရဲတာပဲ ဆိုပြီး ဒီလို ဖြစ်နေတာကိုး၊ အဲဒီတော့ကို ကုသိုလ်ကနေပြီး ဏာင်းကျိုးတွေ ပေးပါလိမ့်မယ် ဆိုတာကိုသိပ်ပြီး သူကမယုံဘူး၊ အကုသိုလ်ကံတွေ အကျိုးပေး၊ ငရဲတွေ ဘာတွေ ကျလိမ့်မယ်၊ ပြိတ္တာ ဖြစ်တတ်တယ်၊ တိရိစ္ဆာန်ဖြစ်တတ်တယ်၊ ဒါကို သူက မယုံဘူး၊ မယုံတော့ဘူး၊ စိတ်ထဲမှာ ခြောက်နေတာ၊ အဆီမရှိတဲ့ ကွဲအက်နေတဲ့ သစ်ဆွေးများလိုပဲ ခြောက်ပြီး သွေ့နေတယ်၊ မွဲခြောက်နေတဲ့ပုဂ္ဂိုလ်ပဲတဲ့ သဒ္ဓါ မွဲခြောက်နေတဲ့ပုဂ္ဂိုလ်တဲ့၊ ဒါ မွဲခြောက်တဲ့ ပုဂ္ဂိုလ်ပဲတဲ့၊ သဒ္ဓါမွဲခြောက်နေတာ၊ အဲဒီလို ပုဂ္ဂိုလ်ကို ကြဉ်ရှောင်ရမယ်တဲ့။

သဒ္ဓါတရား မွဲခြောက်နေတဲ့ ပုဂ္ဂိုလ်တွေ လူမွဲခြောက်ကြီးပဲတဲ့၊ သူ့ကို မကြဉ်လို့ရှိရင် သူနဲ့ပေါင်းရင် ပီတိတော့ မဖြစ်ဘူးတဲ့၊ ကုသိုလ်ပီတိ မဖြစ်နိုင်ဘူးတဲ့၊ အဲဒီ မွဲခြောက်နေတဲ့ ပုဂ္ဂိုလ်က သူက သဒ္ဓါတရားမရှိတော့ သဒ္ဓါတရားဖြစ်ရာဖြစ်တဲ့စကားကို သူမပြောဘူး၊ ပီတိဖြစ်ရာဖြစ်ကြောင်း သူမပြောဘူး၊ ကုသိုလ်နဲ့စပ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာဖို့ရာတွေ သူက မပြောဘူး၊ သူက ဘုရားလက်ထက်တုန်းက အရှင်သာရိပုတ္တရာက ဘုရားဂုဏ်တွေ ချီးကျူးတယ်၊ မြတ်စွာဘုရားဂုဏ်တွေ လျှောက်ပြီး ပထမ ဘယ်ကစချီလာလဲဆိုရင်တော့ မြတ်စွာဘုရားတဲ့ တပည့်တော် သဘောပေါက်တာကတော့ ရှေးကပွင့်ခဲ့တဲ့ ဘုရားတွေလဲပဲ အရှင်ဘုရားလိုပါပဲ၊ ဒီထက် မပိုတော့ဘူး၊ နောင်ပွင့်မည့် ဘုရားတွေ အရှင်ဘုရားလိုပဲ၊ ဒီထက် မပိုတော့ဘူးတဲ့၊ အတိတ်အနာဂတ် ဘုရားတွေလဲ အရှင်ဘုရားလိုပဲ၊ ဒီထက်မပိုတော့ဘူးလို့ တပည့်တော်က ဒီလို သဘောကျနေတယ်လို့

လျှောက်တော့ မြတ်စွာဘုရားက စစ်ဆေးတယ်၊ သာရိပုတ္တရာတဲ့ သင်ပြောတာ တယ်ကြီးကျယ်ပါလားတဲ့၊ ဒီစကား တယ်ကြီးကျယ်တဲ့ စကားပဲတဲ့၊ နေပါဦး ငါမေးဦးမယ် တဲ့။

ရှေးရှေးက ပွင့်တဲ့ဘုရားတွေကော သင် ရှေးရှေးကပွင့်တဲ့ ဘုရားတွေရဲ့ စိတ်တွေ တန်ခိုးတွေ အမျိုးအစားတွေ အနေအထိုင်တွေ အကုန်လုံး သင်သိရဲ့လားတဲ့၊ ဒါတော့ တပည့်တော် မသိဘူးတဲ့၊ ရှေးက ဘုရားတွေ ဘယ်လောက် ပွင့်သွားတယ်၊ အဆူပေါင်း ဘယ်လောက်ရှိတယ်ဆိုတာ မသိနိုင်ဘူးတဲ့၊ ဒီဥစ္စာတော့ အဲဒီ ဘုရားတွေရဲ့ စိတ်တွေ ပညာတွေ သမာဓိတွေ တန်ခိုးတွေ ဘယ်လိုရှိတယ်ဆိုတာ ဒါတွေ အကုန်လုံးတော့ မသိဘူးတဲ့၊ သူက ဒါဖြင့် ရှေးက ဘုရားတွေလဲမသိ၊ နောင်ပွင့်မည့် ဘုရားတွေအကြောင်းကော အကုန်လုံး ဒီလိုသိပါရဲ့လားတဲ့၊ နောင်ပွင့်မည့်ဘုရားတွေလဲ မသိပါဘုရားတဲ့၊ ဒါလဲပဲ နောင်ပွင့်မည့်ဘုရားတွေ အဆူပေါင်း ဘယ်လောက်ပွင့်မယ်၊ ဘယ်ဘုရား–၂)တွေပွင့်မယ်၊ ဒီဘုရားတွေမှာ စိတ်ဓာတ်က ဘယ်လိုရှိတယ်၊ သမာဓိက ဘယ်လိုရှိမယ်၊ ပညာက ဘယ်လိုရှိမယ်၊ တန်ခိုးတော်က ဘယ်လိုရှိမယ်၊ ဒါတွေတော့ မသိဘူးတဲ့၊ နို့နေပါဦးတဲ့ အတိတ်အနာဂတ် ဘုရားတွေလဲမသိဘူး၊ ယခုပစ္စုပ္ပန်မှာရှိနေတဲ့ ငါဘုရား အကြောင်းတော့ရောတဲ့ သင်သိရဲ့လားတဲ့၊ ငါ့စိတ်ဓာတ်က ဘယ်လိုနေတယ်၊ သမာဓိကဘယ်လောက် ရှိနေတယ်၊ ဉာဏ်က ဘယ်လောက်ရှိနေတယ်၊ အဲဒါတွေ အကုန်လုံးသိရဲ့လားတဲ့၊ အဲဒါလဲ ဒီလိုအကုန်လုံးတော့မသိဘူး၊ နို့ဘာမှမသိဘဲနဲ့ ဘယ်နဲ့ကြောင့် ဒီဥစ္စာဆုံးဖြတ်သလဲတဲ့ ဒီလိုမေးတာကိုး၊ ရှေးဘုရားတွေအကြောင်းလဲမသိဘူး၊ နောက်ဘုရားတွေအကြောင်းလဲ မသိဘူး၊ ယခုပစ္စုပ္ပန် လက်ငင်း သင့်ရှေ့မှာရှိနေတဲ့ ဘုရားအကြောင်း ဒါတွေအကုန်မသိဘူးဆိုတော့ နို့ဘာဖြစ်လို့ ဒီဘုရားတွေဟာ တစ်မျိုးတည်းပဲ၊ ဒီထက် အချိုးအစား မသာဘူး ဒါလောက်ပဲလို့ပြောရသလဲလို့မေးတော့ တပည့်တော်က ဓမ္မအနွယ်ချိန်ထိုးတဲ့နည်း တပည့်တော်က သိထားတယ်တဲ့။

ရှေးရှေးသောဘုရားတွေကလဲပဲ သတိပဋ္ဌာန်တရားလေးပါး တည်ပြီးတော့ နိဝရဏတရားငါးပါး တရားရယ်, ဗောဒ္ဓေါင်တရားတွေပွားများပြီးတော့ ဘုရားဖြစ်သွားတာပဲတဲ့၊ သစ္စာလေးပါးတရား အလုံးစုံသောတရားတွေ သိသွားတာပဲတဲ့၊ အဲဒါတွေ တပည့်တော်ကသိတယ်၊ နောင်ပွင့်မည့်ဘုရားတွေလဲ ဒီနည်းအတိုင်းပဲ၊ သတိပဋ္ဌာန်တရားလေးပါး အခြေတည်ပြီးတော့ ဗောဒ္ဓေါင် ၇–ပါးပွားများ နိဝရဏတရား ငါးပါးပယ်၊ ဗောဒ္ဓေါင် ၇–ပါးတရားပွားများပြီးတော့ သမ္မာသမ္ဗုद्ध ဘုရားဖြစ်ကြမှာပဲ၊ ဒါပြင်နည်းနဲ့ မဖြစ်နိုင်ဘူးတဲ့ ဒီလမ်းပဲရှိတယ်တဲ့။

ပြီးတော့ ယခုပွင့်နေတဲ့ ဘုရားဟာလဲပဲ ဒီအတိုင်းပဲတဲ့၊ သတိပဋ္ဌာန်တရားလေးပါး အခြေတည်ပြီးတော့ နိဝရဏတရားငါးပါးပယ်၊ ဗောဒ္ဓေါင် ၇–ပါး ပွားများပြီးတော့ ဘုရားဖြစ်သွားတာပဲလို့ တပည့်တော် ဒီအတိုင်း သိထားတာတဲ့၊ ဥပမာအားဖြင့် ဘာလိုတုန်းဆိုရင် မြို့ကြီးတစ်မြို့ ရှိတယ်ဆိုပါတော့ ဘုရားတဲ့ မြို့ကြီးတစ်မြို့၊ မြို့ကြီးကလဲပဲ သူ့ကမြို့တံတိုင်းက လုံခြုံတယ်တဲ့၊ ဒီမြို့တံတိုင်းက အကုန်လုံး ပတ်ဝန်းကျင် လုံခြုံတယ်တဲ့၊ တံခါးကလဲ တစ်ပေါက်တည်းရှိတယ်တဲ့ဘုရား၊ ဒါပြင်နေရာကဆိုလို့ရှိရင် အဲဒါ ကြောင်လိုအကောင်လေးတောင်မှ ဝင်နိုင်ထွက်နိုင်တဲ့အပေါက် မရှိဘူးဘုရားတဲ့၊ တံခါးက လုံနေတယ်တဲ့၊ တံခါးထဲမြို့တံတိုင်းက အလုံကြီး၊ တံတိုင်းကြီးဟာ အလုံလုပ်ထားတယ်တဲ့၊ မန္တလေးမှာ ရှေးတုန်းက ယခုလဲရှိပါသေးတယ်၊ ကောင်းကောင်း မပျက်သေးပါဘူး၊ နန်းတော်တံတိုင်းကြီးတွေဆိုတာရှိတယ်၊ အဲဒီအထဲ ဝင်ချင်လို့ရှိရင် သူ့ကတံတိုင်းပေါက်ကဝင်မှပဲ ဖြစ်တယ်၊ ဒါပြင်ကဝင်လို့ မဖြစ်ဘူး၊ ထွက်ချင်လဲ တံခါးပေါက်ကပဲ ထွက်လို့ရတယ်၊ ရှေးကဆိုရင် ဘယ်ကမှ ထွက်လို့မရဘူး၊ ယခုနေအခါတောင် လေယာဉ်ပျံလေးဘာလေးနဲ့ ကျော်ထွက်ရင် ဖြစ်မှာပေါ့လေ၊ ဒါကတော့ ပြောလို့ မဖြစ်ဘူး၊ ဒါရိုးရိုးအနေ စဉ်းစားမှ ဖြစ်မယ်။

အဲဒီတော့ အဲဒီမြို့ကြီးမှာ ဘုရားတဲ့၊ တံခါးစောင့်ကလဲပဲ ပညာရှိ တံခါးစောင့်ကလဲ စောင့်နေတယ်ဆိုပါတော့တဲ့၊ ဒီတံခါးစောင့်က ဝင်တဲ့ ထွက်တဲ့ ပုဂ္ဂိုလ်တွေ သူအကုန်လုံး စစ်ဆေးပြီးတော့ ဝင်သင့်တဲ့ပုဂ္ဂိုလ် ဝင်ထုတ်သင့်တဲ့ပုဂ္ဂိုလ်ထုတ် သူ ဒီလိုလုပ်နေတယ်၊ ဒီလိုလုပ်နေတော့ သူသဘောပေါက်ပြီးတော့ ဘယ်မှ အပေါက်မတွေ့ဘူးဆိုတော့ သူ့စိတ်ထဲမှာ သဘောပေါက်လာတယ်တဲ့၊ တံခါးစောင့်က ဒီမြို့ထဲဝင်တဲ့ ပုဂ္ဂိုလ်တွေဟာ ဒီအပေါက်ကချည်းဝင်ကြတာပဲ၊ အထဲထဲက ထွက်တဲ့ပုဂ္ဂိုလ်လဲ ဒီအပေါက်ကချည်းထွက်ကြတာပဲ၊ ဒါပြင် အဝင်အထွက်မရှိဘူး၊ ဒါကိုဆုံးဖြတ်တယ်၊ နို့ ဒီတံခါးစောင့်က ဒီအထဲက ဝင်တဲ့ ထွက်တဲ့ပုဂ္ဂိုလ်တွေ အကုန်လုံး လိုက်ပြီးတော့ စေ့စေ့ငင လိုက်ကြည့်ဘို့ မလိုပါဘူးတဲ့၊ သူဟာ ဒီကနေပြီး ထွက်တယ် ဝင်တယ်ဆိုတာ သူသိပါတယ်တဲ့၊ အဲဒါလိုပါပဲတဲ့။

တပည့်တော်မမ္ဓချိန်ထိုးတဲ့နည်း တပည့်တော် သဘောပေါက်ထားတယ်တဲ့၊ (ဘုရားတိုင်း–၂)ဟာ သတိပဋ္ဌာန်လေးပါး တရားတွေ ပွားများရမယ်၊ သတိပဋ္ဌာန်လေးပါး တရားပွားများပြီးတော့ နိဝရဏတရား ငါးပါးပယ်ရမယ်၊ ဗောဒ္ဓေါင် ၇–ပါး တရား ပွားများရမယ်၊ ပွားများပြီးတော့ သစ္စာလေးပါးတရားသိရင် ဘုရားဖြစ်ကြတာပဲ၊ ဒီလို သဘောပေါက်ထားတယ်၊ဒီတော့ မြတ်စွာဘုရားက သာခုခေါ်တယ်၊ အဲဒီနောက် လျှောက်ပြီးတော့ ချီးကျူးတာကိုး၊ ဒီချီးကျူးတာတွေတော့ ဘုန်းကြီးက မဟောနိုင်ဘူး၊ အဲဒါတွေ အများကြီး၊ ဒါတွေကို ချီးကျူးနေလို့ရှိရင် တရားကို ဟောရမှာမဟုတ်ဘူး၊ အဲဒါတွေ ချီးကျူးတော့ တစ်ခါတည်း အင်မတန်ကို အံ့သြစရာ ဂုဏ်တွေ ပေါ်လာတာကိုး၊ ပေါ်လာတော့ အရှင်အာနန္ဒာက သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်ကို သူက တစ်ခါတည်း ရှင်အာနန္ဒာက အင်မတန် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ တစ်ခါတည်း မြတ်စွာဘုရား ဝမ်းမြောက်ဝမ်းသာတဲ့ အကြောင်းတွေ သူက လျှောက်တယ်။

ဥဒါယီဆိုတဲ့ ကိုယ်တော်ကြီးက သူက သဒ္ဓါတရားမရှိဘူး၊ သဒ္ဓါတရားမရှိတော့ သူက ဘာပြောသလဲဆိုတော့ ရှင်အာနန္ဒာတဲ့၊ ဘုရားဂုဏ်တွေနဲ့ ပြည့်စုံနေလို့ ရှင်အာနန္ဒာ ဘာရလို့လဲတဲ့၊ ဒီဥစ္စာ ဘာမှ ဝမ်းမြောက်စရာမရှိဘူးဆိုပြီး ဝင်ပြီး ကန့်ကွက်၊ သူက ကန့်ကွက်တယ်၊ မြတ်စွာဘုရားက ပြောရတယ်၊ မဟုတ်ဘူးတဲ့ ဒါအကျိုးရှိပါတယ်တဲ့၊ အာနန္ဒာ သူ့မှာ ဘုရားဂုဏ်တွေ သူမရပေမယ်လို့ သူ့ကျေးဇူးရှိတယ်တဲ့၊ ဒီလိုပီတိမောဇ္ဈ ဖြစ်တာတွေကလဲ ကုသိုလ်တွေပဲတဲ့၊ သူဟာ အကယ်၍ အရဟတ္တမဂ် အရဟတ္တဖိုလ် မရောက်လို့ရှိရင် လူ့ပြည်လောကမှာလဲ သူ ၇–ကြိမ်တိုင်တိုင် စကြာမင်းဖြစ်နိုင်တယ်တဲ့၊ နတ်ပြည်လောကတွေမှာလဲ ၇–ကြိမ်တိုင်တိုင် အကြာကြီးမင်းဖြစ်နိုင်တယ်၊ အကျိုးတွေ ခံစားရရှိ နိုင်ပါတယ်ဆိုပြီးတော့ ဘုရားက ချီးကျူးရသေးတယ်။

အဲဒီတော့ သဒ္ဓါ တရား မရှိတဲ့ ပုဂ္ဂိုလ်က သူများတွေ အသီးသီး ပါမောဇ္ဇဖြစ်စရာ ကုသိုလ်ဖြစ်စရာတွေ ပြောလို့ရှိရင် သူက ဝင်ပြီးတော့ ကန့်ကွက်တယ်၊ အားပေးတာ မဟုတ်ဘူး၊ ဒါကြောင့်မို့ မွဲခြောက် သူကြည် ဒါကြောင့် သူ့ကို ဘုန်းကြီးက သူ့ကို မွဲခြောက်တယ်လို့ အမည်တပ်ထားတယ်၊ စာကလဲ မွဲခြောက်တဲ့ အဓိပ္ပာယ်ပါပဲ၊ အပိနိပ္ပ–မပြေပြစ်ဘူးတဲ့၊ ဂဒြိပ်ဌ–မပြေပြစ်ဘူး၊ မြည်းရဲ့ကျောပေါ်မှာ (မြည်းဆိုတာ မြခေါ်တယ်) မြရဲ့ကျောပေါ်မှာ မြန်မာပြည်မှာတော့ တယ်မရှိဘူး၊ မြဆိုတာ မြင်ဖူးကြမယ်၊ မဟုတ်ဘူးထင်တယ်၊ မြင်းအသေးစားလေးပဲ၊ မြင်းလဲ မဟုတ်ဘူး။

အိန္ဒိယမှာတော့ ဒါတွေက သုံးတယ်၊ မြန်တာကိုး သူက၊ အဲဒီ အကောင်ရဲ့ကျော။ ဒီအကောင်ရဲ့ကျောဆိုတော့ ဘယ် အဆီရှိလိမ့်မှာတုံး ခြောက်သွေ့နေတာ အဲဒါနဲ့အလားတူတဲ့ ပုဂ္ဂိုလ်တွေတဲ့၊ သဒ္ဓါတရားတည်းဟူသော အဆီအနှစ် ခြောက်သွေ့နေတဲ့ပုဂ္ဂိုလ်တွေတဲ့၊ သဒ္ဓါတရားနည်းတဲ့ပုဂ္ဂိုလ်တွေပေါ့လေ၊ ရတနာသုံးပါးနဲ့ စပ်ပြီးသကာလ ကိုင်းရှိုင်းခြင်းတဲ့ မရှိဘူး၊ ကြည်ညိုခြင်းလဲမရှိဘူး၊ ပီတိပါမောဇ္ဇ သူကိုယ်တိုင်လဲ မဖြစ်ဘူး၊ ပီတိပါမောဇ္ဇဖြစ်ခြင်းအကြောင်းကိုလဲ သူမပြောတတ်ဘူး။

အဲဒီလို ပုဂ္ဂိုလ်တွေကြည်မှတဲ့၊ အတူမနေနဲ့တဲ့၊ ဒီပုဂ္ဂိုလ်တွေ ဆရာသမားလုပ်ပြီးတော့ ဆည်းကပ်နေရင်တော့ ငါးပါးမှောက်တော့ မှာပဲ၊ ဒုက္ခ ဖြစ်တော့မှာပဲ၊ အဲဒါကြောင့် မွဲခြောက်သူကြည်၊ တရားအားထုတ်ရင်လဲ ဒီလိုပဲ၊ တရားအားထုတ်နေတဲ့ လူတွေလဲ ဒီလိုပဲ၊ မွဲမြောက်တဲ့ ပုဂ္ဂိုလ်အတူတူနေရင်လဲ သဒ္ဓါတရား မဖြစ်ဘဲနဲ့ ကိုယ်ရှိတဲ့ သဒ္ဓါတရားတောင် ပျက်ပြီးတော့ တော်တော်ကြာ အားထုတ်ချင်တဲ့စိတ်တွေ၊ အချို့ ဒီလိုပဲ တရားအားထုတ်နေပြီး သဒ္ဓါတရားနည်းတဲ့ ပုဂ္ဂိုလ်က ကိုယ်က တရား နဲ့ ကောင်းကောင်းမွန်မွန် အားထုတ်နေရင် ဘယ်သူက အဖျက်ဝင်လာ ကိစ်မရှိပါဘူး၊ ဒီလောက်ပဲ တရားအားထုတ်လဲ ကိစ္စမရှိပါဘူး၊ နောက်တော့ အားမထုတ်ပဲလဲ နေနိုင်ပါတယ်၊ သိပ်အရေး မကြီးလှပါဘူးဆိုပြီး လျောက်ပြောတာနဲ့ တရားအားထုတ်တဲ့ပုဂ္ဂိုလ် စိတ်ပျက်ကရောတဲ့၊ အဲဒါလေးရှိတယ်၊ ဒါက အရေးကြီးပါတယ်။

သူက အဲဒါကြောင့် မွဲသူကြည်ရမယ်တဲ့၊ စိုစိုပြည်ပြည်ရှိတဲ့ ပုဂ္ဂိုလ်၊ သဒ္ဓါတရားပြည့်စုံပြီးတော့ သကာလ ပီတိပါမောဇ္ဇတွေနဲ့ပြည့်စုံနေပြီး ဘုရားတရားနဲ့စပ်ပြီးတော့ ပီတိပါမောဇ္ဇတွေဖြစ်တတ်တဲ့ပုဂ္ဂိုလ်၊ ကုသိုလ်ကောင်းမှုနဲ့စပ်ပြီး ရိုရိသေသေရှိတတ်တဲ့ပုဂ္ဂိုလ်၊ အဲဒီလို ပုဂ္ဂိုလ်တွေကိုပဲ မှီဝဲဆည်းကပ်ပါတဲ့၊ ဒီလိုပုဂ္ဂိုလ်တွေ မှီဝဲဆည်းကပ်လို့ရှိရင် အဲဒီ ပုဂ္ဂိုလ်တွေ အတုအပလိုက်ပြီးတော့ ဒိပြင်ပုဂ္ဂိုလ်တွေလဲ ကုသိုလ်တရားတွေ ဖြစ်ပါတယ်၊ ပီတိပါမောဇ္ဇတွေလဲ ဖြစ်တယ်။

အရေးကြီးတာက လူကြီးမိဘတွေဖြစ်တဲ့ ဆရာသမားဖြစ်တဲ့ လူကြီးတွေ သားသမီးတွေ တပည့်တွေအတွက် သိပ်အရေးကြီး တယ်၊ မိဘဆရာသမားဖြစ်တဲ့ ပုဂ္ဂိုလ်တွေက ရတနာသုံးပါး အကိုင်းအရှိုင်း ရှိလို့ရှိရင် ဒီကုသိုလ်ကောင်းမှုတွေကို လေ့လာပြီးပြုစုနေလို့ရှိရင်ဖြင့် သားသမီးမြေးမြစ်ဖြစ်တဲ့ ကလေးသူငယ်တွေဟာ အတုအပရပြီးတော့ သူတို့မှာ ကုသိုလ်ကောင်းမှုတွေဖြစ်တယ်၊ ပီတိပါမောဇ္ဇတွေဖြစ်ရတယ်၊ သူတို့လဲ ကုသိုလ်ကောင်းမှုတွေ ပီတိပါမောဇ္ဇတွေဖြစ်၊ ဒါတွေ သိပ်အရေးကြီးတယ်၊ အဲဒါ အင်မတန် အရေးကြီးပါတယ်။

ယခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာတော့ ပီတိဖြစ်ရာဖြစ်ကြောင်း၊ အဲ–ဒီမွဲခြောက်သူကြည်ဆိုတာ သဒ္ဓါတရားနည်းတဲ့ ပုဂ္ဂိုလ်ကို ရှောင်ရမယ်တဲ့၊ သဒ္ဓါတရားနဲ့ပြည့်စုံပြီး စိုစိုပြည်ပြည်ရှိတဲ့ ပုဂ္ဂိုလ်ကို မှီဝဲရမယ်၊ ပီတိပါမောဇ္ဇ ဖြစ်အောင်လဲပဲ နှလုံးသွင်းရမယ်တဲ့၊ ထိုတွင် စိတ်ညွှတ်ရန် ဒီသုံးခုပဲ၊ ကဲ–ဒါလေး ဆိုကြရဦးမယ်၊ နောက်နားကျမှ ပြောရမယ်။

မွဲခြောက်သူကြည်၊ စိုပြေယှဉ်၊ ထိုတွင်စိတ်ညွှတ်ရာ၊
ကြည်ညိုဖွယ်ညွှန်ကြား၊ သုတ္တန်များ စဉ်းစားဆင်ခြင်ပါ–တဲ့။ (ဆို–၃)

ဒီနေ့ဟောဖို့ရာကတော့ ဒါဟောမှာကိုး၊ ယခုမှ စကာရှိသေးတယ်၊ ကြည်ညိုဖွယ် ပသာဒနီယ သုတ္တန္တပစ္စဝေက္ခဏာ ပသာဒနီယ–ကြည်ညိုဖွယ်ရှိတဲ့ သုတ္တန္တသုတ်တရားတွေကို ပစ္စဝေက္ခဏာ ဆင်ခြင်ပါတယ်၊ ပီတိပါမောဇ္ဇအားနည်းနေတဲ့အခါ တရားအားထုတ်တဲ့ပုဂ္ဂိုလ်က ကိုယ့်မှာတရားက မတိုးတက်လို့ ပီတိပါမောဇ္ဇတွေလျော့လို့ ပေါ်နေတဲ့အခါကာလမှာ ဆင်ခြင်ရမှာ။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်က မဆင်ခြင်တတ်လို့ရှိရင်လဲ တရားဟောတဲ့ ကမ္မဋ္ဌာန်းဆရာတွေက ဟော–ဟောပေးရတယ်၊ ဒီပုဂ္ဂိုလ်လျော့နေတယ်၊ ပိတိပါမောဇ္ဇအဖြစ်နည်းနေပါတယ်၊ ဒီလို တရားကလေးတွေ မပြတ်ဟောပေးရတယ်။

ပိတိပါမောဇ္ဇဖြစ်အောင် သုတ္တန်တရားလေးတွေ ဟောပေးရတယ်၊ အခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကလဲ ဒီလို ပုဂ္ဂိုလ်တွေ ပါချင်လဲ ပါနေတာပါပဲ၊ ဒီနေ့ ဟောရမယ်၊ ကြည်ညိုဖွယ်သုတ္တန်တွေက အများကြီးရှိပါတယ်၊ ဒါပေမယ်လို့ ဒီကနေ့တော့ အချိန်ရှိသလောက်ကြည့်ပြီးတော့ ပေါ်ရာ–ပေါ်ရာ လျှောက်ပြီးတော့ ဟောရမှာပဲ၊ အဲ– ကြည်ညိုဖွယ်ရာ သုတ္တန်တွေဆိုတာ အချို့ အများအားဖြင့်တော့ တရားနဲ့စပ်ပြီး ကြည်ညိုဖွယ်ရာ ရှိပါတယ်၊ ရှေ့က တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ စပ်ပြီးတော့ ကြည်ညိုဖွယ်တွေလဲရှိပါတယ်၊ တရားတော်တွေနဲ့စပ်ပြီး ကြည်ညိုနေတာတွေလဲရှိပါတယ်။

ကြည်ညိုဖွယ်ရာသုတ္တန်၊ အဲ–ကြည်ညိုဖွယ်ရာသုတ္တန်တွေလို အဲဒါတွေ ဆင်ခြင်ရမယ်တဲ့၊ ဒါကတော့ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်မှ ဆင်ခြင်တတ်မှာ၊ ဗဟုသုတမရှိရင် သုတ္တန် ကိုယ်မှမသိဘဲနဲ့ ဘယ့်နယ်လုပ်လို့ ဆင်ခြင်မှာလဲ၊ ဒီတော့ကို ဆရာသမားက ဟောပြပေးရမယ်၊ အဲ .... ရှေးဦးစွာ ဒီပါထိကသုတ်ဆိုတာ ရှိပါတယ်၊ ဒီဃနိကယ်မှာ ပါထိကသုတ် အဲဒီသုတ်က အတိုချုပ်တော့ ဟောရမယ်၊ သုတ်ကြီးကတော့ အရှည်ကြီးပဲ။

ပါထိကသုတ်မှာ အခါတစ်ပါး မြတ်စွာဘုရားက ဘဂ္ဂဝကဆိုတဲ့ အိုးထိန်းသည်အထံ ရောက်သွားတဲ့ အခါကာလ ဘဂ္ဂဝဆိုတဲ့ ဘဂ္ဂဝအနွယ်ဖြစ်တဲ့ အိုးထိန်းသည်က မြတ်စွာဘုရားလျှောက်တယ်၊ မြတ်စွာဘုရားတဲ့ သုနက္ခတ္တဆိုတဲ့ လိစ္ဆဝီမင်းသား တစ်နေ့က တပည့်တော်ဆီ လာတယ်တဲ့၊ သူက သူပြောတယ်တဲ့၊ မြတ်စွာဘုရားထံ ဂေါတမဘုရားထံ ဝင်ပြီးတော့ ရဟန်းသုံးနှစ် ရဟန်းပြုလာတယ်၊ အခုတော့ အဲဒီက လူထွက်လာတယ်၊ သာသနာတော်ကနေပြီး လူထွက်လာတယ်၊ အဘယ်ကြောင့် ထွက်လာသလဲဆိုတော့ ဆိုလို့ရှိရင် မြတ်စွာဘုရားက တန်ခိုးမပြဘူးတဲ့ သူ့က တန်ခိုးပြစေချင်တာ၊ သူက တန်ခိုးမပြဘူး၊ ဒါကြောင့် သူ စိတ်ပျက်တာနဲ့ ထွက်လာတယ်လို့ သူပြောတယ်။

အဲဒါဟာဘုရား၊ သူပြောတာဟုတ်သလား ဘုရားတဲ့၊ မလျှောက်တတ်ပါဘူး၊ တပည့်တော်က ဒီလိုကြားရတယ်၊သူက ဒီလိုပဲပြောတယ်၊ တကယ်ဟုတ်သလား၊ မဟုတ်သလားဆိုတာ၊ ဘုရားက ဟုတ်တယ်၊ သူပြောတာက ဟုတ်တော့ ဟုတ်တယ်၊ ဒီအတိုင်းပါပဲတဲ့၊ ဒါပေမယ့် တန်ခိုးမပြလို့ ဆိုတာက အဲဒါက မဟုတ်ဘူး၊ ဒီဥစ္စာကတော့ သူထွက်သွားတာက ဟုတ်တယ်၊ ဒါကတော့ ဟုတ်တယ်၊ သုနက္ခလိစ္ဆဝီ မင်းသား လိစ္ဆဝီမင်းမျိုးကနေ ဘုရားကျောင်းသို့ဝင် ရဟန်းပြု၊ သူညံ့တော့ မညံ့ပါဘူး၊ လူညံ့တော့ မဟုတ်ပါဘူး၊ သူ တရားအားထုတ်လို့ ကမ္မဋ္ဌာန်းဘက်က ဈာန်တွေအားထုတ်လို့ အဘိညာဉ်တွေတောင်ရတာပဲ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ရတယ်၊ အမြင်ပေါက်တာပေါ့လေ၊ အကြားအမြင် ပေါက်တယ်လို့ ပြောကြတာပေါ့။

တရားအားထုတ်ရင် တစ်ချို့က အကြားအမြင် သိပ်ပေါက်ချင်တယ်၊ သူက တယ်အကြားအမြင် ပေါက်ချင်ကြတယ်ကိုး၊ ဒါကတော့ အကြားအမြင်က အရေးကြီးတာ မဟုတ်ပါဘူး၊ သစ္စာတရားလေးပါးကို သိဖို့ရာ အရေးကြီးတယ်၊ အဲ–သူက အမြင်ပေါက်တယ်၊ အမြင်ပေါက်တော့ ဒိဗ္ဗစက္ခုအဘိညာဉ်ခေါ်တယ်၊ ဒါနဲ့ ကြည့်လိုက်လို့ရှိရင် နတ်ပြည်လောကတွေ မြင်တယ်၊ မြင်ရတယ်၊ နတ်ပြည်လောကတွေ လျှောက်ပြီးတော့ သူက တာဝတိံသာ စတုမဟာရာဇ် ယာမာ တုသိတာ ဒါတွေ လျှောက်ပြီး ပြီးတော့ သူမြင်ကြည့်ရင် သူမြင်ရတယ်၊ မြင်ရတော့ သူက စိတ်ထဲ နတ်ပြည်က ရုပ်အဆင်းတွေတော့ သိပ်လှတာပဲ၊ အဲဒီ နတ်တွေ သူတို့စကားပြောတာတွေ အမှုအရာတွေ မြင်မှာပေါ့လေ၊ မကြားရဘူး။

အဲဒီတော့ ရုပ်အဆင်းလှတာလို သူတို့လဲ အသံတွေလဲ သိပ်ကောင်းလိမ့်မယ်လို့ ထင်တယ်၊ သူက ကြားချင်တယ်၊ နားထောင်ချင်တယ်၊ နားထောင်ချင် ကြားချင်ရင်တော့ အဲဒီကြားတဲ့နည်းကတော့ ဘုရားကိုလျှောက်ဦးမှပဲလို့၊ ဒိဗ္ဗသောတ အဘိညာဉ်ခေါ်တယ်၊ ဒါက အကြားပေါက်တဲ့နည်း၊ အဲဒါပဲ ဒိဗ္ဗသောတ အဘိညာဉ်ရကြောင်း ဘယ်လိုလုပ်ပြီး၊ တရားအားထုတ်ရသလဲ ဘုရားလျှောက်တော့ မြတ်စွာဘုရားက အဲဒီ အဘိညာဉ်တရား အားထုတ်တဲ့နည်းကို သူ့ကိုမဟောဘူး၊ မဟောတာလဲ အကြောင်းရှိတယ်။

မဟောတာက သူ ဟောလိုက်ပေမယ်လို့ သူ အဘိညာဉ်ရဖို့ရာ အကြောင်းကလေးမရှိတော့ သူ့မှာ အကုသိုလ်ကံရှိတယ်၊ အဘိညာဉ်ရနိုင်တယ်၊ မရနိုင်အောင်လို့ တားမြစ်နေတာ အကုသိုလ်ကံရှိတယ်တဲ့၊ ရှေးက သူများတွေ နားပင်းအောင်လို့ လုပ်တာတဲ့၊ အဲဒီ အကုသိုလ်ရှိလို့၊ ဒါကြောင့် သူ ကြားတဲ့အဘိညာဉ်တော့ မရနိုင်ဘူးလို့ဆိုတယ်၊ အဲဒါ ဘုရားက နည်းမပေးဘူး၊ နည်းပေးလိုက်ရင် သူဟာ ကြားမှာ မဟုတ်ဘူး၊ ရမယ် မဟုတ်ဘဲကိုး၊ ရတော့ သူ့ဘုရားက ဘယ်လိုများ အောက်မေ့မယ်လို့ မသိဘူး၊ ဘုရားက မဟုတ်တဲ့နည်းတွေ ပေးတာပဲ၊ မမှန်တဲ့ နည်းတွေပေးတယ်၊ ဒီလိုဆို စွပ်စွဲဦးမှာကိုး။

မြတ်စွာဘုရားက ပေးကိုမပေးဘူး၊ ဒီနေရာ တရားအားထုတ်ဖို့ရာ မလိုပါဘူးဆိုပြီးတော့ မြတ်စွာဘုရားက ပိတ်ထားလိုက်တော့ အခုချက်ချင်းအောက်မေ့၊ ဒီဂေါတမဘုရား သူ့တရားလေး ဝန်တိုလို့ နှမျောလို့ ငါလဲမင်းမျိုးပဲလို့၊ သူလဲ မင်းမျိုးပဲ

ငါလဲ မင်းသားပဲ၊ သူလဲ မင်းသားပဲ ငါလဲ ရဟန်း၊ သူလဲ ရဟန်းပဲလို့ ဒါတွေက တူနေတယ်၊ ငါလဲ အဘိညာဉ်ဒိဗ္ဗစက္ခုရပြီး တော့ အမြဲတမ်း နတ်ပြည်လောက မြင်နိုင်တယ်၊ သူလဲ မြင်နိုင်တယ်၊ ဒါလေးတူနေတယ်။

ဒီလိုဟာတွေတော့ နတ်တွေအသံတွေမကြားဘူး၊ ငါ မကြားဘူးသေး၊ သူကြားတယ်၊ ဒါကလေး ထူးတာပဲ၊ ဒီတော့ ဒါလေးပေးလိုက်လို့ရှိရင် ဒီနည်းကလေးရသွားရင် ငါလဲကြားသူလဲကြား၊ အင်း–ငါနဲ့သူနဲ့ တန်းတူသွားမှာစိုးလို့တဲ့၊ ဒီလို စဉ်းစား၊ သူက နေရာမကျချင်ဘူး ဆိုတော့ အဲဒီလိုလျှောက်စဉ်းစားတယ်၊ အဲဒါကို အယောနိသော မနသိကာရ ခေါ်တယ်၊ ငါ မဟုတ်တာတွေ စဉ်းစားတာတွေ အကုသိုလ် ဖြစ်တယ်၊ အကုသိုလ် ဖြစ်ဖို့ရာ လမ်းဖွင့်လိုက်တာ၊ အဲဒီကနေပြီးတော့ ဘုရားကို အကုန်လုံး အကြည်အညိုပျက်တယ်၊ အကြည်အညိုပျက်ပြီးတော့ သူက တစ်ခြားဘဝ ရှေးရှေးသော ဘဝတွေကလဲ မဟုတ်တဲ့ ဘက်က မဟုတ်တဲ့ဘက်ကချည်း နေလာတာကိုး၊ အမှုအရာတွေတွေ့ရင် ကြည်ညိုတယ်၊ သူက နေရာမကျတာဆိုရင်တော့ အဲဒီလို မဟုတ်တာတွေကိုမှ သဘောကျတယ်။

အဲဒီတော့ကာ ဒါကြောင့်မို့ သူက ငါဘုရားကို လျှောက်တယ်၊ ဒီသုနက္ခတ္တာဟာ အရှင်ဘုရား တပည့်တော်တော့ အရှင်ဘုရားကို ဆရာအဖြစ်နဲ့ တပည့်တော် တပည့်အဖြစ်နဲ့ မနေတော့ဘူး၊ အရှင်ဘုရားကို စွန့်တော့မလို့တဲ့၊ သူ လူထွက်တော့မယ်လို့ ပြောတယ်၊ ဒီတော့ မြတ်စွာဘုရားက မေးတယ်၊ ဟာ .... သုနက္ခတ္တာ၊ သင်ဘာပြောတာတုန်း၊ နေပါဦး၊ မင်း သုနက္ခတ္တာ မင်း ငါကဆရာအဖြစ်နဲ့ ငါ့ဆီလာနေလှည့်လို့ ငါကခေါ်တာလား၊ မင်းကလဲပဲ အရှင်ဘုရား ဆရာအဖြစ်နဲ့ တပည့်တော် နေလိုပါတယ်လို့ လာလျှောက်ဖူးလား၊ ဒီလိုမေးတော့....

အဲဒါ ဘုရားကလဲမခေါ်ဘူးတဲ့၊ လျှောက်လဲမလျှောက်ဖူးပါဘူးတဲ့၊ ဒါ သာသနာတော်ဝင် နေသူ၊ ဒိပြင် ပုဂ္ဂိုလ်တွေမှာ ရဟန်းပြုတာနေမှာပေါ့လေ၊ ဘုရားဆီမှာ သူတိုက်ရိုက်ပြုတာမဟုတ်ဘူး၊ ဘုရားကမေးတာကိုး မင်း ငါခေါ်သလားတဲ့၊ ခေါ်လို့ လာနေသလား၊ မဟုတ်ဘူးတဲ့၊ မင်းက လာပြီးတော့နေမယ်လို့ လာလျှောက်သလား၊ တပည့်အဖြစ်နဲ့ လျှောက်သလား ဒီလိုလဲ မလျှောက်ဘူး။

နို့ ဒါဖြင့်ရင် နေပါဦး၊ မင်းက ဘယ်သူဖြစ်လို့ ငါက ဘယ့်နှယ်လုပ်လို့ စွန့်မှာလဲတဲ့၊ ဒီဥစ္စာ စွန့်တယ်ဆိုတာဟာ တစ်ဦးနဲ့တစ်ဦးနဲ့ အဆက်အသွယ်ရှိမှစွန့်တယ်တဲ့၊ မင်းက ငါနဲ့ အဆက်အသွယ် ဘာမှလဲမရှိဘူး၊ ဒီတော့ ဘယ့်နှယ်လုပ်လို့ စွန့်မလဲလို့၊ အရှင်ဘုရား တပည့်တော်ကို တန်ခိုးပြတော့ မပြဘဲ၊ သူက ပြောပြန်တယ်၊ မဟုတ်ဘူးတဲ့ နေပါဦးတဲ့၊ ဟေ့–သုနက္ခတ္တာ ငါ့ဆီလာပြီး ရဟန်းပြုလှည့် ငါ တန်ခိုးပြမယ်လို့ ဒီလို ပြောဖူးသလား၊ ဒီလိုလည်း မပြောဖူးဘူး၊ နေပါဦး မင်းက လျှောက်ဖူးလို့လားတဲ့၊ ဒါဟာ ငါ အရှင်ဘုရားဆီမှာ အရှင်ဘုရားက တန်ခိုးပြလို့ရှိရင် တပည့်တော်က အရှင်ဘုရားဆီ တပည့်ခံပြီး ရဟန်းပြုမယ်၊ အရှင်ဘုရား တန်ခိုး ပြရလိမ့်မယ်လို့ ဒီလိုမျိုး လျှောက်ပြီးတော့ ပဋ္ဌိဿာဉ်များ တောင်းဖူးသလား မေးတယ်၊ ဒီလိုလဲ မတောင်းဖူးပါဘူး၊ နို့ဒါဖြင့်ရင် ဘာဆိုင်သလဲလို့ ဒီဥစ္စာ တန်ခိုးမပြတာနဲ့ ငါ စွန့်မယ်ဆိုတာ ဘာမှမဆိုင်ဘူး၊ မင်းက အင်မတန် လွဲနေပြီ၊ မြတ်စွာဘုရားက ပြောတယ်။

အဲဒီလို ပြောတော့ သုနက္ခတ္တာ၊ မင်းစဉ်းစားကြည့်တဲ့၊ ဘုရားက အများကြီး ဆုံးမနေတာကို ဟိုဘုရားဆိုတာ အင်မတန် မေတ္တာ ကရုဏာ အင်မတန်ရှိတာပါပဲ၊ ရန်သူ ပုဂ္ဂိုလ်တွေလဲပဲ ကိုယ် အင်မတန် ရင်းနှီးတဲ့ လူအဖြစ်က ရလာတဲ့ သားတော်ရာဟုလာကဲ့သို့ ဒီလိုပဲ သတ္တဝါတွေ သနားကြင်နာခြင်း ဒီလိုရှိနေတယ်၊ ဘာမှ ထူးတာမဟုတ်၊ ခွဲခြားခြင်းရှိတာ မဟုတ်ဘူး၊ သူ အကျိုးမဲ့တွေ ဖြစ်သွားမယ်လို့ မြတ်စွာဘုရားက ဩဝါဒ ပေးတယ်။

သုနက္ခ၊ တယ်....မင်း စဉ်းစားတဲ့၊ အဲဒီ ဝေသာလီပြည်က လိစ္ဆဝီမင်းတွေလဲ မင်းနာမည်ကြီး တစ်ယောက်ပဲ၊ မင်း လျှောက်ပြီးတော့ တရားဟောဖူးတယ်၊ ဒါကြောင့် ဘုရားဂုဏ်တွေ တရားဂုဏ်တွေ ဒီဂုဏ်တွေ မင်းဟောလာပြီး တရားဂုဏ် တွေလဲဟောလာပြီး သံဃာ့ဂုဏ်တွေလဲဟောလာပြီးတဲ့၊ အဲ....မင်းဟောလို့ တစ်ချို့လူတွေ သဘောကျတဲ့ ပုဂ္ဂိုလ်တွေ ဘုရား–တရား–သံဃာ ရတနာသုံးပါး အကြောင်းတွေ သဘောကျတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိတယ်တဲ့။

အခု ဒီထဲကနေပြီး မင်းက သာသနာဘောင်မှာ ဒီအကြောင်းတစ်မျိုးနဲ့ ပြုပြီးတော့ မင်းလူထွက်သွားလို့ရှိရင် ဟိုလူ တွေက မင်းဘယ့်နှယ် အောက်မေ့မတုံး၊ မင်းအရင်က အကောင်းတွေဟောလာတာပဲ၊ အခု မနေနိုင်လို့ ထွက်သွားတော့ သုနက္ခတ္တာကြီးတော့ ဘုရားသာသနာတော်မကျင့်နိုင်လို့ သူ လျှောကျလာတာပဲဆိုပြီးတော့ မင်းကိုပြောလိမ့်မယ်၊ မင်း အကဲ့ရဲ့ ခံရလိမ့်မယ်၊ ဘုရားက ဟောတယ်၊ ဒါလဲပဲ သူ မစောင့်စည်းနိုင်လို့ ထွက်သွားတာပဲတဲ့၊ တန်ခိုးမပြတာနဲ့ မဟုတ်ဘူးတဲ့။

အခါတစ်ပါးမှာ မြတ်စွာဘုရား၊ သုနက္ခတ္တာ ဘုရားသွားရာ နောက်က လိုက်လာလို့ သပိတ်သင်္ကန်း ယူပြီးတော့ ဝေယျာဝစ္စတွေလဲ ပြုပြီးတော့ လိုက်နေတယ်၊ ဘုရားနားကပ်ပြီးတော့ လိုက်နေတယ်၊ အဲ–ဘုရားနောက်က လိုက်ပါလာတယ်၊ ကုရုတိုင်းဥတ္တရဆိုတဲ့နိဂုံးကို ရောက်ကြတယ်၊ ရောက်တဲ့အခါကာလ ကျတော့ အဲဒီမှာ ကောရခတ္တိယဆိုတဲ့ လူတစ်ယောက်က

အစေလက ကုက္ကုရဝတီဒါခေါ်တယ်၊ ကုက္ကုရ ဒါခွေးအကျင့်ပေါ့၊ အဲဒီအကျင့်ကို သူကကျင့်တယ်၊ မြန်မာပြည်ကအနေနဲ့ဆို တော်တော် အံ့သြစရာကောင်းတယ်၊ အကျင့်ဆိုတာဟာ ယုံစရာကို မကောင်းဘူး။

ဒါပေမယ့်လဲ အိန္ဒိယအနေကတော့ ဟုတ်တယ်၊ သူတို့က ဒီလိုဟာမှ သဘောကျတယ်၊ ခုထက်ထိပဲ ကိုယ်တုံးလုံး ကျင့်တာတွေရှိတယ်၊ ခွေးဇာတ်အံ့သြစရာသိပ်ကောင်းတယ်၊ ဒါမှ သူ့ဥစ္စာ ဘုရားကျောင်းကြီးတွေ ဆောက်ပြီးတော့ ပုံတွေများ ရေးထားလိုက် သေးတယ်၊ ဘုန်းကြီး ဝင်ကြည့်တယ်၊ မုနိတဲ့ သူတို့ မုနိ ကိုယ်တုံးလုံးတွေပဲဆိုတာ ဒီဟာတွေကို သူတို့ ကိုးကွယ်နေတာပဲ၊ သူတို့ တော်တော် အံ့သြစရာ ကောင်းတယ်၊ သူတို့ လူတွေဟာ အမျိုးမျိုးပဲ။

အဲဒါ ကောခတ္တိယဆိုတဲ့ လူတစ်ယောက်က ခွေးများလို ကျင့်တယ်၊ ခွေးအကျင့်ကျင့်တယ်၊ အဝတ်မရှိဘူး၊ အိပ်ရင်လဲ ပြာပုံပေါ်မှာ အိပ်တယ်၊ သွားရင်လဲ လေးဘက်ထောက်သွားတယ်၊ စားရင်လဲပဲ မြေပေါ်မှာ ပုံကျွေးမှ ခွက်နဲ့ ဘာနဲ့ ပန်းကန်နဲ့ ထည့်ကျွေးရင် မစားဘူး၊ မြေပေါ်မှာ ပုံကျွေးမှ သူက စားတယ်၊ အဲဒါလေးဘက်ထောက်ပြီးတော့ စားတယ်၊ ဒီလို ကျင့်ရတာ၊ သူတို့အယူအဆနှင့်ဆိုရင် ဒီလိုအကျင့်တွေ ကျင့်နိုင်လို့ရှိရင် နောင်ဘဝမှာ ရှေးက ပါလာတဲ့ အကုသိုလ်တွေ, ဝဋ်ကျွေးတွေလဲ အကုန်ကျေသွားတယ်လို့ ယူဆတယ်၊ နောင်လဲပဲ အကုသိုလ် အသစ်မရှိလို့ နောင်ဘဝကျလို့ရှိရင် အမြဲတမ်း ချမ်းသာနေမှာပဲ လို့ ယူဆတာကိုး၊ ယူဆတော့ အဲဒီအကျင့်ကို၊ ကျင့်တယ်။

အဲဒါကျင့်နေတာ သွားတွေ့တော့၊ တွေ့တော့ ဒီသုနက္ခတ္တက သူ့စိတ်ထဲမှာ သဘောကျသွားတာကိုး၊ သူက မဟုတ်ရာက လိုက်လာတဲ့ ပုဂ္ဂိုလ်ဟာ ဒီလိုပဲ၊ ဒါမျိုးမှ သူက သဘောကျတာ၊ ဘုရားနောက်က လိုက်ပြီးတော့ သူက စဉ်းစားတယ်၊ ပလိဗောဓ နည်းလိုက်တာ၊ ဒီရဟန်းကတော့ တယ်နေရာကျတယ်၊ သူက သဘောကျတယ်။

အချို့ရဟန်း ဆိုပေမယ်လို့ သင်္ကန်းတွေရော ဘာတွေရော ရှုပ်ကရှုပ်ပါဘိသနဲ့၊ သပိတ်ကြီးကလဲ လွယ်လာရသေး၊ ပလိဗောဓတွေ များတယ် ဒီရဟန်း သိပ်နေရာကျတာပေါ့၊ သူ့မှာ အဝတ်မရှိဘူး၊ အိပ်ရာလဲမလိုဘူး၊ စားခွက်သပိတ်လဲ မလိုဘူးတဲ့၊ သူဟာ သိပ်ပြီးတော့ နေရာကျတာပဲ၊ ဒါ အရဟံ သမဏော ဆိုတာ ဒီပုဂ္ဂိုလ်ဟာဖြင့် ရဟန္တာပဲလို့ သူက တွက်တယ်၊ သူလဲ သဘောကျတယ်၊ သူစိတ်ကူးထဲ သဘောကျတာ မြတ်စွာဘုရားက သုနက္ခတ္တကို သုနက္ခတ္တအကြောင်းလဲ သိပြီးသားဖြစ်တော့ ဆင်ခြင်ကြည့်လိုက်တာကိုး၊ သုနက္ခတ္တကြီး ဒါကြောင့် ဘာများစိတ်ကူးပါလိမ့်ဆိုပြီးတော့ သူ့စိတ်ကူးတွေ အကုန်လုံးပေါ်နေတာကိုး၊ စာရေးပြသလို ဘုရားက အကုန်လုံးသိတာကိုး၊ ဘုရားမဟုတ်တောင်မှ ဒ့ါပြင် ရဟန္တာပုဂ္ဂိုလ်တွေလဲ သိပါတယ်၊ သူများ စိတ်တွေဆိုတာသိတယ်၊ အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေ သူများစိတ်တွေ စဉ်းစားရင် သူများစိတ်တွေ အကုန်သိတယ်။

အဲဒါတွေသိပြီးတော့ မြတ်စွာဘုရားက သုနက္ခတ္တကို အမိန့်ရှိတယ်၊ သုနက္ခတ္တမင်း ငါ့နောက်က ရဟန်းဆိုပြီးတော့ သမဏဂေါတမဘုရား၏တပည့် သာကီဝင်မင်းသား ရဟန်းဆိုပြီးတော့ မင်းဝန်ခံနေတာ အံ့သြပါရဲ့၊ မင်းကတော့ အံ့သြစရာ ပါပဲဆိုတော့ သူက စိတ်ထဲအောက်မေ့တယ်၊ ဘာပြုလို့ ငါ့ကို ဒီလိုနှိမ့်နှိမ့်ချချဘုရားက ဘာလို့ပြောရပါလိမ့်မလဲလို့၊ အရှင်ဘုရားက ဘာဖြစ်လို့ တပည့်တော်ကို အံ့သြရသလဲဆိုတော့ မင်းဟာလေတဲ့ မင်း ငါ့နောက်ကလိုက်လာပြီး မင်းသာကီဝင် မင်းသား တစ်ယောက်ပါပဲ၊ ရဟန်းပဲဆိုပြီးတော့ ဝန်ခံနေတာ သူ့ရဲ့သားနဲ့ ကောရခတ္တိယကြီး မင်းကြည်ညိုတယ် မဟုတ်လား၊ ဒါကြီးဟာဖြင့် ရဟန္တာပုဂ္ဂိုလ်ပဲလို့၊ ငါတို့မှာ တစ်ခါတည်း ရဟန်းဆိုပြီးတော့ သင်္ကန်းတွေ သပိတ်တွေနဲ့ ပရိက္ခရာတွေနဲ့ အိပ်ရာနေရာတွေနဲ့ ရှုပ်ပါဘိသနဲ့၊ ပလိဗောဓတွေနဲ့များလိုက်တာ။

ဒီပုဂ္ဂိုလ် သိပ်နေရာကျတာပဲဆို၊ မင်းဒီလို သဘောကျတယ်မို့လား ဆိုတော့ ဟုတ်ပါတယ်၊ ကျပါတယ်တဲ့၊ နို့–ဗျာတဲ့ သူတစ်ပါး ရဟန္တာဖြစ်တာကို ဝန်တိုစရာမရှိပါဘူးလို့ သူက ပြောသေးတယ်၊ ဘုရားက ဝန်တိုလို့ ပြောတယ်အောက်မေ့တာ သူက လခုလဲဒီလိုပဲ၊ ယခုကာလလဲ ဒီလိုပဲ သီလမှားနေတဲ့ ပုဂ္ဂိုလ်တွေမှားတယ် သွားပြောလို့ရှိရင် ဒီကောင်သူ့ကို မနာလိုလို့ ပြောတယ်၊ အောက်မေ့တတ်တယ်၊ တချို့မပြောရဘူး ဘုန်းကြီးများ အင်မတန် စောင့်စည်းရတယ်၊ သူများတွေမဟုတ်ပေမယ်လို့ အသာနားထောင်နေရတယ်၊ မဟုတ်ဘူးလို့ မပြောရဘူး ပြောလို့ရှိရင် သူဟာ မနာလိုတယ် အောက်မေ့နေမှာစိုးလို့ အသာ ကလေးနေရတယ်။

သူ့ဥစ္စာ အဲဒီတော့ ဘာကြောင့် ဝန်တိုရလဲလို့ သူကအပြစ်တင်လိုက်သေးတယ်၊ အပြစ်တင်တော့ မြတ်စွာဘုရားက မဟုတ်ဘူးတဲ့၊ မင်းအထင်လွဲနေလို့တဲ့၊ ငါ ဝန်တိုတာမဟုတ်ပါဘူးတဲ့၊ ဒီပုဂ္ဂိုလ်ဟာ မင်းထင်တဲ့အတိုင်း ရဟန်းလဲ မဟုတ်ဘူးတဲ့၊ ရဟန်းဖြစ်ကြောင်းတရားလဲ သူဘာမှမရှိဘူးတဲ့၊ ဘာမှအကျင့်မရှိဘူးတဲ့၊ ဒီပုဂ္ဂိုလ်ဟာလေ မင်းမှတ်ထားတဲ့ နောက် ခုနစ်ရက်နေတဲ့အခါကျလို့ရှိရင် အစာမကြေတဲ့ရောဂါဖြစ်ပြီးတော့ သေလိမ့်မယ်တဲ့၊ သူဟာသေလို့ရှိရင်လဲပဲ ပြိတ်မြက်ရှိတဲ့သချိုင်းမှာ ချရလိမ့်မှာတဲ့၊ သူ့အလောင်း ဒါပြင်နေရာမှာ မဟုတ်ဘူး ပြိတ်မြက်ရှိတဲ့ သချိုင်းမှာ ချရမယ်၊ ပြီးတော့ကာ သူဟာ အသူရကာယ်ဘုံမှာဖြစ်မယ်တဲ့ အသူရကာယ်ဘုံ ဆိုတာဟာဖြင့်ရင် အသူရာထဲမှာဖြင့် သူဟာ အောက်ဆုံးပါပဲတဲ့၊ အဲဒီ အသူရကာယ်မျိုးမှာ သူသွားဖြစ်မယ်တဲ့၊ ပြိတ္တာမျိုးထဲမှာ အောက်တန်းထဲကပေါ့၊ ကာလကဉ္ဇိကဆိုတဲ့ အသူရာများသာ ဖြစ်မယ်တဲ့၊အည့ံဆုံး

ပဲတဲ့၊ အသူရာထဲမှာ အဲဒီ အသူရာမျိုးဖြစ်မယ်၊ ဖြစ်ပြီးတော့ မယုံရင် မင်းသွားမေးနိုင်သေးတယ်တဲ့၊ မင်း အလောင်းကြီးကို ကျောပုတ်ပြီးတော့ ကောရခတ္တိယ မင်းဖြစ်တဲ့ နေရာဌာနသိရဲ့လား၊ မေးလို့ရှိရင် မင်းအလောင်းကြီးက ထပြောလိမ့်မယ်တဲ့၊ ငါဟာ ကာလကဏ္ဍိက အသူရာမျိုး ဖြစ်ပါတယ်ဆိုတာ ပြောလိမ့်မယ်လို့ ဘုရားက ဒီလို သူ့ကိုပြောတာကိုး၊ အမှန်ဒီလိုပြောရတာ တခြားကြောင့်မဟုတ်ဘူး၊ သူ သဒ္ဓါတရားဖြစ်ပြီးတော့ ဘုရားစကား နားထောင်တာ နားထောင်အောင်လို့ ရိုသေအောင်လို့ပြောရတာ၊ ဒါပြောတော့ သူက မယုံဘူး၊ ကောင်းကောင်းမယုံဘူး၊ မယုံတဲ့အပြင် သူက ဘုရားထံလိုက်ပြီး ကျောင်းရောက်တဲ့အခါကျတော့ သပိတ် သင်္ကန်းတွေ ဘာတွေ သိမ်းဆဲပြီးတော့ သူက အဲဒီကောရခတ္တိယဆီ တိတ်တိတ်ပြန်သွားတာကိုး။

ပြန်သွားပြီးတော့ အဲဒီမှာ သွားပြီးတော့ ကောရခတ္တိယ သူတော့ ရဟန္တာကို ရိုရိုသေသေပဲ သေသေချာချာဝပ်ပြီး ခစားပြီး သူကပြောတာကိုး၊ အရှင်ကောရခတ္တိယ သူက ကြည့်လိုက်တော့၊ ဟာ....ဒီဥစ္စာ ဂေါတမ ဘုရားတပည့်ပဲ၊ အဝတ် သင်္ကန်းကြည့်တော့ ဒီကောင် ဘာလုပ်လာပါလိမ့်မလဲ၊ သူက ခွေးများကျင့်သလို ခွေးများဟာလဲ ခွေးချင်းခွေးချင်း တွေ့လို့ရှိရင် သွားဖြဲပြီးတော့ ဒီလိုပြရသေးတာကိုး၊ ဒီလိုလုပ်ရသေးတာကိုး။

အဲဒီမှာ အဲဒီလို လုပ်ပြီးတော့မှ ဘာလုပ်လာလဲလို့မေးတော့ အရှင်ကောရခတ္တိယတဲ့ ငါတို့ဆရာအရှင်ဂေါတမကတော့ ဒီလိုပြောတယ်၊ ဒီတော့ ကောရခတ္တိယက စိတ်ဆိုးတာပေါ့လေ၊ သူ့ကို ဒီလိုပြောရမလားလို့ နှိမ်ချပြောရမလားဆိုပြီးတော့ ဂေါတမဟာ တို့ရန်သူပဲကွာ၊ သူပေါ်လာတည်းက တို့ဘာမှ ဘုန်းလဘ်သပကာ မရှိတော့ဘူး၊ တန်ခိုးဣဒ္ဓိပါဒ်တွေ အောက်ကျတယ်၊ သူကပြောမှာပေါ့ကွာတဲ့၊ မလိုလားတဲ့ပုဂ္ဂိုလ်ဆိုတာ မဟုတ်တာတွေ ပြောမှာပဲဆိုတော့ ကောရခတ္တိယက ဒီဥစ္စာ မဟုတ်ဘူးတဲ့၊ သတိပြုပါတဲ့၊ ဒီအစာ ၇-ရက်နေလို့ရှိရင် အစားလွန်ပြီးတော့ အစာမကြေဖြစ်ပြီး သေလိမ့်မယ်လို့ ဆိုတယ်၊ အဲဒီတော့ အစာများ တိုင်းထွာပြီး စားပါ။

အေး....ကိစ္စမရှိပါဘူး၊ ငါသတိနဲ့ ဝီရိယနဲ့ နေမှာပေါ့တဲ့၊ သွားသာသွားပါဆိုပြီးတော့ လွှတ်လိုက်တယ်၊ လွှတ်လိုက်တော့ သူပြန်လာတယ်၊ ပြန်လာပြီးတော့ နောက်ရက်-နောက်ရက်တွေလဲ အမြဲတန်းသွားပြီးတော့ သူက အားပေးနေတယ်၊ ဟိုက ကောရခတ္တိယကလည်း အစာလွန်ပြီးတော့ သေလိမ့်မယ်ဆိုတော့ ဒီလောက်ရှိလှတာ ငါ ဒီကနေ့ကစ၍ အစာကို မစားတော့ဘူးဆို၊ သူက အစာ မစားဘူး၊ အစာနဲ့ မသေအောင်လုပ်တာ သေချင်တော့ ဒါပြင် နည်းနဲ့ သေချင် သေရောဆိုပြီးတော့ အစာကိုမစားဘူး၊ ဒီလိုလုပ်တာ ဒီလိုလုပ်တော့ သူကလည်း (နေ့စဉ်-၂) သွားပြီးပြောတယ်၊ အရှင်ကောရခတ္တိယ တစ်ရက်တော့အောင်သွားပြီး၊ နေရာကျပြီ သတိပြုပါဦး၊ နောက် ၆-ရက် ကျန်သေးတယ်၊ သူ့ဥစ္စာသူက အမြဲတန်းသွားပြီးတော့ အားပေးနေတယ်၊ သူ ဒီလိုဖြစ်နေတာကို ဘုရားနောက်က သူဒီလိုဖြစ်နေ နောက်တစ်ခါ နောက် ၂-ရက်နေလဲ သွားသတိပေး၊ နောက် သုံးလေးငါးခြောက်ရက်တိုင်အောင်ပေါ့လေ။

အဲဒီလိုသတိပေးပြီး ၆-ရက်လွန်သွားပြီ၊ ၆-ရက်တော့ အောင်သွားပြီ၊ နောက် ၁-ရက် ကျန်တော့တယ်၊ အောင့်လိုက်ဦး တစ်ရက်တော့ဖြင့် ၇-ရက်ကလဲ စ့ေနေ၊ ဒီတော့ မကျန်းမာတဲ့ ပုဂ္ဂိုလ်ဆိုတော့ ၇-ရက်၊ ၇-ရက်လောက် မစားရတောင် ကိစ္စမရှိဘူးပေါ့၊ ကျန်းကျန်းမာမာကြီးနဲ့ မစားရတော့ ဆာတယ်၊ သူက သိပ်စားချင်တာ၊ ၇-ရက်ကတည်း စ့ေပြီးတော့ အဲဒီ ကောရခတ္တိယကို ကိုးကွယ်တဲ့ ဒကာတွေလဲ ရှိသေးတာကိုး၊ သူ့ဒကာက ခါတိုင်း သူ့ဆွမ်းဒကာ ခါတိုင်း-ခါတိုင်း သူ အိမ်လာစားနေကျ သူက ဒီတော့ တို့အရှင်လဲ မလာတာ ၇-ရက်ရှိနေပြီ။

နေမကောင်းလို့လား ဘာလား၊ မပြောတတ်ဘူး၊ သွားကြည့်လိုက်ဦးမှပဲ ဆိုပြီးတော့ တစ်ခါတည်း ဆွမ်းသွားပို့တာကိုး၊ စားစရာတွေနဲ့ ဆွမ်းတွေကောင်းကောင်းမွန်မွန် ဝက်သားနဲ့ဘာနဲ့ (ဆွမ်းသွားပြီးတော့ပို့-၂)တော့ အကျိုးအကြောင်းတွေ မေးကြည့်တော့ (ဒီလို-၂)ပဲ ပြောတော့ ဟိုကျတော့ သူဆွမ်းလာပို့တဲ့အကြောင်း ပြောပြီးတော့ သူ့ကို လှူရတာကိုး၊ လှူဆိုပေမယ်လို့ ခွက်တွေဘာတွေနဲ့ လှယ်နေစရာမလိုဘူး၊ သူတော့ မြေကြီးပေါ်ပုံပြီး ကျွေးခဲ့ရတာပါပဲ၊ သူ့ဟာကတော့ လွယ်လွယ်တော့ လွယ်လွယ်ပဲ။

အဲဒီတော့ သူက ဟင်းနဲ့တွေနဲ့ဆွမ်းနဲ့တွေနဲ့ မစားရတာကလဲ ၇-ရက်ရှိတော့ ဆာကလဲဆာလှနေတာကိုး၊စားချင်စိတ်ကလဲပေါက်နေတာကိုး၊ စိတ်ကူးတယ်တဲ့ ကောရခတ္တိယက ဒီအစာအစားပြီးရင် အဆာလွန်ပြီးတော့ အစာမကြေပြီး သေလိမ့်မယ်လို့တော့ ဆိုတယ်တဲ့၊ ငါအခု မစားရတာလဲ ၇-ရက်ရှိပြီး၊ ဆာလဲဆာလှပြီ သေမှာကတော့ မစားဘဲနဲ့နေလဲ ငတ်ပြီးသေချင်လဲသေမှာပဲတဲ့ မထူးဘူးတဲ့။

ဒီဥစ္စာ သေချင်တူလို့ရှိရင် ဝဝလေး စားပြီး သေတာ ကောင်းဦးမယ်၊ စားချင်လာပြီဟာကိုး၊ စားချင်လာတော့ ကိုယ့်ဟာကိုယ် တစ်ခါတည်းကို တစ်ဘက်ကနေပြီးတော့ ရှေ့နေလုပ်ရသေးတာကိုး၊ ဆင်ခြေလဲလိုက်ရသေးတာ၊ တစ်ခါတည်း ဒီလိုပဲ စိတ်က လုပ်ချင်လာပြီ ဆိုလို့ရှိရင် တစ်ဘက်ကနေပြီး အကြောင်းကလေး ကိုယ့်ဟာကိုယ် သူများပြလိုက်ရသေးတယ်၊ သူများမသိပေမယ်လို့ စိတ်ကူးနဲ့ပေါ့လေ၊ ဒါကပ်ချင်လာပြီ ဆိုမှတော့ (ဘာကြောင့်-၂)လုပ်ဦးမှပဲဆိုပြီးတော့ တစ်ဘက်ကနေပြီးတော့ ဒီလိုလုပ်ရသေးတာ၊ သူ့ဟာ အဲဒီတော့ ကောရခတ္တိယကလဲ သူက စားချင်လှပြီ၊ ဆာနေမှကိုး၊ စားချင်တဲ့ ဘက်က

နေ စားရမည့် ဘက်ကနေ အားပေးပြီး သူ စဉ်းစားလိုက်တာကိုး၊ မစားဘဲလဲ အစာငတ်တာနဲ့ ဒီနေ့ပဲ သေမှာပါပဲတဲ့၊ ဒီတော့ အစာငတ်ပြီး သေမည့်အတူတူတော့ ဝဝလင်လင်နဲ့ သေရတာကောင်းပါတယ်၊ ဟိုကပြောတာ ဟုတ်ချင်မှ ဟုတ်မှာပါဆိုပြီး တော့ တစ်ခါတည်း သူစားတာကိုး။

စားတော့ ၇–ရက်လောက်ကလဲ မစားဘဲနေတော့ အစာအိမ်ကလဲ ပျက်နေလိမ့်မယ်၊ စားတာကလဲ နည်းနည်းလွန်သွားပါလိမ့်မယ်၊ အဲဒီည အစာမကြေဘဲနဲ့ သူ့ခမြာသေရှာပါရော၊ သေတော့ ကောရခတ္တိယ သတင်းကြားတယ်တဲ့၊ ဟုတ်တယ် သွားကြည့်တယ်၊ အင်း–ဂေါတမပြောတာ တစ်ချက်တော့မှန်သွားပြီ၊ သို့သော်လည်း နောက်အချက်တွေက လွဲနိုင်စရာ အကြောင်း ရှိသေးတယ်ဆိုပြီးတော့ သူက သွားပြီးတော့ အားပေးပြန်တယ်၊ ဟိုကလူတွေ သူ့တပည့်တွေ ရှိတာကိုး။

ကောရခတ္တိယ တပည့်တွေ၊ အေး–ဟုတ်ပြီကွ တဲ့၊ သူပြောတော့ ဂေါတမပြောတာ တစ်ခုမှန်သွားပြီ၊ ဒီတော့ နောက်ဟာတွေက ပြိတ်မြက်ရှိတဲ့ သချိုင်း ချရမယ်ဆိုတာပဲကွာတဲ့၊ ဒါကဖြင့် ပြိတ်မြက် မရှိတဲ့ သချိုင်းချလိုက် ပြီးတာပဲတဲ့၊ ဒါဖြစ်ပါတယ်တဲ့၊ ဒီဥစ္စာတော့ လုပ်ကြကွာ၊ ကြိုးစားကြတော့ ကောရခတ္တိယ အလောင်းကို ကြိုးနဲ့ချည်ပြီးတော့ ဆွဲကြတာကိုး၊ ဆွဲပြီးတော့သွားတော့ တော်တော်ကြာလို့ ပစ်ထားလို့ ရှေးတုန်းက သချိုင်းက လူတွေမြှုပ်ပုံ မရပါဘူး၊ လူတွေ ဒီလိုပစ်ထားတာပဲနဲ့ တူပါတယ်။

တော်တော် ဝေးလောက်လို့ ပစ်ကြစို့ရဲ့ဟေ့၊ ကဲ–(ကြည့်ဦးကွ–၂) ပြိတ်မြက်များရှိသလား ကြည့်ဦးဆိုတော့ ကြည့်လိုက်တော့ ပြိတ်မြက်တွေက ရှိနေတာကိုး၊ မဟုတ်သေးဘူးကွ မဟုတ်သေးဘူး၊ (ဆွဲကြဦး–၂) ဆိုပြီး တစ်ခါပြန်ဆွဲကြပြန်ရော၊ ဒီလို နောက်တစ်ခါ ပစ်မယ်လို့လုပ်ပြန် ပစ်ရင် ပြိတ်မြက်တွေက ရှိနေတယ်၊ (ဆွဲကြဦးကွ–ဆွဲကြဦးကွနဲ့–၂)ဆွဲရင်း ဆွဲရင်းနဲ့ နောက်တော့ ကြိုးကပြတ် ကြိုးကပြတ် သွားတော့ နောက်ဆွဲလို့ လှုပ်လို့မရဘူး၊ (ကြည့်ကြဦးကွ–၂)ဆိုတော့ ဟိုမှာ ပြိတ်မြက်တွေက ရှိနေတယ်၊ ဆွဲလို့ လှုပ်လို့ကိုမရတော့ဘူး၊ ဒါဖြင့်ရင် မတတ်နိုင်ပါဘူးကွာ သူ့ဟာမှန်သွားပြီဆိုပြီးတော့ လက်လျှော့လိုက်တယ်။

လျှော့လိုက်ရတော့ သုနက္ခတ္တက သိတယ်၊ စဉ်းစားတယ်၊ နှစ်ခုတော့မှန်သွားပြီတဲ့၊ ဒီတော့ ကာလဠိက အသူရကာယ်ဘုံမှာ ဖြစ်တယ်၊ အဲဒါ ဟုတ်–မဟုတ်ကို မေးနိုင်တယ်တဲ့ဆိုပဲ၊ ဒီအလောင်းကြီးက ထပြောမယ်တဲ့ ဒါကတော့ မဟုတ်နိုင်ဘူး၊ အလောင်းဆိုတာ ဘယ့်နှယ်မှ မထနိုင်ဘူး၊ သေပြီးတော့မှ ဘယ်ကလာ ထနိုင်ရမလဲ မဟုတ်နိုင်ဘူး။ ဒါတော့ မှားရမှာပဲဆိုပြီးတော့ သူက တစ်ယောက်တည်းသွားပြီးတော့ ကောရခတ္တိယ အလောင်းကို ကျောပုတ်ပြီးတော့ ဟေ့–ကောရခတ္တိယလို့၊ ဟိုက အလောင်းကြီးက ထလာတယ်၊ မင်းဖြစ်တဲ့ဘုံများ သိရဲ့လားလို့ဆိုတော့ ဟိုက ထထိုင်ပြီးတော့ သိပါတယ်ကွာ။

ငါကတော့ ငါဖြစ်တဲ့ဘုံက ကာလကဠိက အသူရာဘုံဆိုတာ အသူရာထဲတော့ အညံ့ဆုံးပါပဲတဲ့ အဲဒီအသူရာမျိုးမှာ ငါဖြစ်တယ်လို့ ပြောပြီးတော့ တစ်ခါတည်း အလောင်းကြီးက ပြန်ပြီး ဘုန်းကနဲ လဲသွားတယ်၊ ဒီတော့ အကုန်လုံးမှန်တယ်၊ မှန်သွားတော့မှ ဘုရားကျောင်းတော် ပြန်လာတာကိုး၊ လက်မှိုင်ချပြီး ပြန်လာတော့ ဘုရားကသိတယ်၊ သူ့ဥစ္စာ အကုန်လုံးသိတော့ သုနက္ခတ္တ မင်းဟိုသွား မင်းမေးကြည့်တော့ ဘယ့်နှယ်နေတုန်း၊ ငါဟောတာတွေ ပြောတဲ့အတိုင်း ဟုတ်ရဲ့လား၊ မဟုတ်ဘူးလား၊ ဘယ့်နှယ်နေတုန်းဆိုတော့ ဒီတော့မှ ဟုတ်ပါတယ်တဲ့၊ ဒါဖြင့်ရင် မင်းငါ့ကို တန်ခိုးမပြဘူး မပြဘူးနဲ့ ဘယ့်နှယ်တုန်း ဒါဆိုရင် တန်ခိုးပြတာမဟုတ်ပေဘူးလား၊

ဒါဆိုရင်တော့ တန်ခိုးပြသလိုဖြစ်နေတာပဲ၊ ဒါပေမယ့် သူ့စိတ်ထဲတော့ သိပ်တော့ သဘောမကျသေးဘူး၊ အဲဒီလိုဟာကို တစ်ခုပြောပြီးတော့နောက် ထိုစဉ်အခါ ကာလတုန်းက ဝေသာလီပြည်မှာ ကဠိရမတ္တာ ဆိုတဲ့ လူတစ်ယောက်ရှိတယ်တဲ့၊ သူကလဲပဲ ဝတ် ၇–ပါးကျင့်နေတယ်၊ ဝတ် ၇–ပါးက ယခု ဘာသာတရားတွေဆိုတာ ပုံတော်သလို ဖြစ်နေတာတွေ၊ ယခုကာလ ဘာသာတွေလဲ ဒီလိုပဲ လျှောက်ကြည့် အခြေအမြစ် ဘာမှသိပ်ရှိတာမဟုတ်ဘူး၊ ဒီလိုဟာတွေဖြစ်ဖြစ်နေတာတွေ၊ အဲဒါကြောင့် ဒါလေးတွေလဲ နည်းနည်း သိအောင်လို့ ဘုန်းကြီးက ဒီမှာ ဗုဒ္ဓဘာသာနဲ့စပ်ပြီး ကြည်ညိုစရာတွေ အင်မတန်ကောင်းပါတယ်လို့ အခြေအမြစ်တွေ သိပ်ရှိတာ။

အဲဒါတွေက နောက်နားကျမှ ပြောရမယ်၊ အဲဒီ ကာလမတ္တဆိုတာက ဝတ် ၇–ပါးကျင့်တယ်၊ သူ့ဝတ် ၇–ပါးက ဘာတုန်းဆိုရင် ပထမ ဝတ်က တစ်သက်ပတ်လုံး အဝတ်မပါဘူး၊ ကိုယ်တုံးလုံးနေတော့မယ် ပေါ့လေ၊ ဒါက အကျင့်တစ်ခု၊ ဒါကလဲ ဗုဒ္ဓဘာသာတွေအဖို့ အမြင်နဲ့ဆိုလို့ရှိရင် ဘာမှကောင်းတာတွေ မဟုတ်ဘူးပေါ့၊ သို့သော်လည်း သူတို့အိန္ဒိယမှာတော့ ဒါက ဂုဏ်ရှိတယ်၊ သူ့ဟာနဲ့သူတော့ ဂုဏ်ရှိနေတာ၊ ဟိုမှာ လူတွေက ဒီလို ဖြစ်နေတယ်။

နောက် အဗြဟ္မစရိယအကျင့်ကို ကျင့်မယ်တဲ့၊ ဗြဟ္မစရိယ ဆိုတဲ့ အကျင့်ကို ကျင့်မယ်တဲ့၊ အဗြဟ္မ မေထုန်မှုမပြုဘူး၊ ဒါကတော့ ကောင်းပါတယ်၊ ဗြဟ္မစရိယ တစ်သက်ပတ်လုံး ဗြဟ္မစရိယ အကျင့်ကို ကျင့်မယ်တဲ့၊ ဒါကတော့ ကောင်းပါတယ်၊ တစ်သက်ပတ်လုံး သေရည်အရက်ပဲ သောက်စားမယ်တဲ့၊ ထမင်းတွေ မုန့်တွေ မစားတော့ဘူးတဲ့၊ ဒါကလဲ သူ့ကျင့်ဝတ်တစ်ခု

ပဲ၊ ဒါလဲပဲ လောက ထူးထူးဆန်းဆန်းလုပ်ရင် တစ်ချို့က အကောင်းထင်တယ်၊ ယခု ဗုဒ္ဓဘာတွေတောင်မှ ဒီလိုပဲ တစ်ချို့က ဆွမ်းမစားဘူးတဲ့၊ သစ်သီးစားမယ်တဲ့ဆိုရင် သူ့ဟာက ဟုတ်မလိုလို တစ်ချို့ သစ်သီးစားတယ်တဲ့၊ သစ်သီးစားတဲ့ ပုဂ္ဂိုလ်က လဲ သူ့အကြောင်းနဲ့သူ စားနေတာပါ၊ အကျိုးရှိတယ်၊ အသီးပဲ စားနေတာ၊ ဆွမ်းစားလို့ရှိရင်ဖြင့် ဆွမ်းစားလို့ရှိရင် အစာ မကြေလို့ နွားနို့ချည်းပဲ သောက်နေတဲ့ ပုဂ္ဂိုလ်လဲရှိတယ်။

အဲဒါ တစ်ချို့လဲ ဒါကိုပဲ အကျင့်တစ်မျိုးမှတ်ပြီးတော့ ကြည်ညိုနေတာ ရှိသေးတာကိုး၊ ဒီလိုပဲ ဘယ်ထူးမလဲ သစ်သီး စားနေတာ သစ်သီးကလဲပဲ သစ်ပင်က ဖြစ်တာပဲ၊ ဆွမ်းကလဲပဲ ဒီစပါးပင်က ဖြစ်တာပဲ၊ ဘာမှမထူးပါဘူး၊ သူ့ဥစ္စာ သက်သတ်လွတ်လဲမဟုတ်၊ ဘာလဲမဟုတ် သက်သတ်လွတ်လဲမခေါ်နိုင်ဘူး၊ သူ့ဥစ္စာ အတူတူပဲ ဖြစ်နေတာ၊ ဒါပေမယ့် ထူးထူးခြားခြားလေး လုပ်လို့ရှိရင် ဒါကိုပဲ ကောင်းတယ်ထင်တာကိုး၊ ၃–ခု ရှိသွားပြီ။

အဲဒီတော့ ဝေသာလီပြည်မှာတဲ့၊ အရှေ့ဘက်က ဥဒေနဆိုတဲ့ နတ်ကွန်းကြီးရှိတယ်၊ နတ်ကွန်းပေါ့လေ၊ နတ်ကွန်းကြီး ကို ထူးထူးခြားခြား ဒါတွေကို ဟိုတုန်းက ဘုရားတွေပါပဲ ဘုရားမပွင့်ခင်တုန်းက ဒါတွေကို ဘုရားတွေပဲ၊ နတ်ကိုးကွယ်တဲ့ လူတွေမှာတော့ ဒါတွေဟာ အမွန်မြတ်ဆုံး ဘုရားတွေပါပဲ၊ ဥဒေနဆိုတဲ့ စေတီရှိတယ်၊ တောင်ကနေပြီးတော့ ဂါဒေါမကဆိုတဲ့ စေတီရှိတယ်၊ အနောက်ကတော့ကို သတ္တမ္ဘဆိုတဲ့ စေတီရှိတယ်၊ မြောက်အရပ်ကတော့ကို ဗဟုပုတ္တဆိုတဲ့ စေတီရှိတယ်။

စေတီ ၄–ခု၊ နတ်ကွန်းကြီး ၄–ခုပေါ့လေ၊ အဲဒီ ၄–ခုကို မကျော်လွန်ဘူး၊ ဒီနယ်ပယ် အတွင်းမှာပဲ သူ နေမယ်ပေါ့ လေ၊ တစ်သက်လုံး ဒီ ၄–ခုကို ကျော်လွန်ပြီး သကာလ မသွားဘူးလို့ဆိုပြီး ဆောက်တည်တာကိုး၊ အဲဒီတော့ ဒီနယ်ပယ် ၄–ခုက မကျော်လွန်တာက ၄–ခုရယ်၊ အခုနက အဝတ်မဝတ်တာရယ်၊ သေအရက်သာ သောက်စားမယ်၊ ထမင်းမစားဘူးဆိုတာ ရယ်၊ ပြီးတော့ကို အဗြဟ္မစရိယ ကျင့်ရှောင်တာ၊ ဒီ ၃–ခုရယ် ပေါင်း ၇–ခုပေါ့၊ အဲဒါကို ဆောက်တည်ပြီးတော့ ကျင့်နေတာနဲ့ လူသိ နတ်ကြား ဖြစ်ပြီးတော့ အောင်မယ် သူ့လဲ ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဘုန်းတန်ခိုးကြီးနေတယ်ဆိုတာကိုး၊ တစ်ခါတည်း အဲဒါတွေနဲ့ စပ်ပြီးတော့ သူက တွေ့ရ သိရလို့ သုနက္ခတ္တက အဲဒါလဲ ကောင်းတယ်လို့ ထင်လာတာကိုး။

ထင်လာတော့ ဘုရားကပြောတယ်၊ ဒီပုဂ္ဂိုလ်လဲပဲ ကျင့်ဝတ်တွေ တစ်နေ့ကျပျက်မှာပဲ၊ မကြာခင် ဒီဝတ်တွေအကုန်လုံး ကျိုးပျက်ပြီးတော့ အိမ်ထောင်ရက်သားကျပြီး ကျင့်ဝတ်တွေ ဖောက်ပြားပြီးသကာလ မကြာခင် သေလိမ့်မယ်လို့ ဟောတာကိုး၊ အဲဒါကိုလဲ သူကသွားပြီးတော့ သတင်းပေးပြန်တယ်၊ သတင်းသွားပေးမယ်လို့ နောက်မကြာခင်ဘဲ မြတ်စွာဘုရား ဟောကြား တဲ့အတိုင်းပဲ၊ အဝတ်မဝတ်ဘူးဆိုတာကလဲ အဝတ်ဝတ်လို့ အိမ်ထောင်ရက်သားတွေကျလို့ အဗြဟ္မစရိယတွေလဲ ကျင့်လို့ သူများလိုပဲ ထမင်းတွေ မုန့်တွေ စားလို့ပေါ့လေ၊ နယ်ပယ်တွေလဲပဲ ဟိုဘက် ဒီဘက်ကို သွားချင်ရာတွေသွား ကျူးလွန်ပြီး တော့ အကုန်လုံး ဝတ်တွေ ပျက်ပြီးတော့ မကြာခင်ပဲ သူလဲ သေသွားတယ်။

အဲဒီတော့ မြတ်စွာဘုရားက မေးပြန်တယ်၊ သုနက္ခတ္တတဲ့၊ ငါပြောတဲ့အတိုင်း ဘယ့်နှယ်နေတုန်းတဲ့၊ ဒါလဲမှန်ပါတယ်၊ မှန်လို့ရှိရင်တော့ကာ တန်ခိုးဗျာဒိတ်တွေ မဟုတ်လားဆိုတော့ ဒီလိုဆိုရင်တော့ တန်ခိုးဗျာဒိတ်တော် ပြတာပဲတဲ့၊ ဝန်ခံတယ်၊ ဒါပေမယ့် သူ့စိတ်ထဲမှာ မကျေနပ်ဘူး၊ ဒီလိုဟာတွေကို နောက်ပါဌိကပုတ္တ၊ ပါဌိကပုတ္တဆိုတဲ့ပုဂ္ဂိုလ်က သူက သူကလဲပဲ ပရိဗိုဇ်တစ်ယောက် သူက သူ့ ပရိသတ်နဲ့သူ ဟောပြောနေတယ်၊ သူလဲပဲ ဥဏ္ဏဝါဒပဲ၊ ဥဏ္ဏာအကြောင်းတွေ ဟောပြောနေတာပဲ၊ ဂေါတမဘုရားလဲ ဥဏ္ဏဝါဒ ဥဏ္ဏာအကြောင်းတွေ ဟောပြောနေတာပဲ၊ ဘာမှ မထူးပါဘူးတဲ့။

ဂေါတမဘုရား တစ်ခု ပြောလို့ရှိရင် သူ ၂–ခု ပြောနိုင်ပါတယ်တဲ့၊ ဂေါတမက ၂–ခု ပြောလို့ရှိရင် သူက ၄–ခု ပြောနိုင်ပါတယ်ဆိုပြီးတော့ ကြွားနေတာ၊ အကယ်၍သာ ၂–ဦးချင်းဆုံပြီးတော့ ပြောရမယ်ဆိုလို့ရှိရင် ပြောနိုင်ပါတယ်၊ ပြောရဲ ပါတယ်လို့ သူကပြောတော့ ဒါနဲ့ မြတ်စွာဘုရားက (သုနက္ခတ္တ–၂)ကနေပြီးတော့ ဆွဲပြီးတော့ စုံစမ်းပြီးတော့ သူ သဘော ကျတာနဲ့ ယုံကြည်ချက်ချပြီးတော့ မြတ်စွာဘုရားကို ပြောတယ်၊ ဒါနဲ့ မြတ်စွာဘုရားက ပြောတယ်၊ ဒါမဟုတ်ဘူးတဲ့၊ဒီပါဌိက ပါဌိ၏သား၊ ပါဌိကပုတ္တ ဘာမှပြောနိုင်ဆိုနိုင်တဲ့သတ္တိ မရှိပါဘူးတဲ့၊ ဒီပုဂ္ဂိုလ်ဟာ ငါဘုရား၏ မျက်မှောက်သို့ မလာနိုင်ဘူး တဲ့၊ မျက်မှောက်သို့ မရောက်ထိုက်၊ မရောက်ထိုက်တော့ဘူးတဲ့၊ သူပြောတဲ့စကားတွေ အင်မတန် လွန်ကျူးနေကုန်ပြီဆိုတော့ သုနက္ခတ္တက မြတ်စွာဘုရားကို လျှောက်တယ်။

မြတ်စွာဘုရား ဒါတော့ ဒီစကားတော့ဖြင့် သည်းခံတော်မူပါဘုရား၊ ဒီလောက်တော့ လွန်လွန် ကျူးကျူးတော့ မပြော ပါဘူးတဲ့၊ ဗွေမယူပါနဲ့ဘုရား၊ ဟာ....သုနက္ခတ္တ နင်ဘာဖြစ်လို့ ဒီလို ပြောရသလဲ၊ မဟုတ်ပါဘူး ဘုရားတဲ့၊ ဒီ ပါဌိကပုတ္တက ပကတိရုပ်နဲ့မဟုတ်ဘဲ ရုပ်နဲ့ချုပ်ပြီးတော့များ အရှင်ဘုရား မျက်မှောက်၌များ ရောက်လာလို့ရှိရင် အရှင်ဘုရား စကားမှားသွား မှာစိုးလို့ပူတာပါ၊ သူ့စိတ်ထဲမှာ တန်ခိုးကြီးတယ်လို့ ထင်နေတာကိုး၊ သူက တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဘုရားဆီ ကိုယ် ရောင် ဖျောက်ပြီးတော့လာလိမ့်မယ် အောက်မေ့တယ်၊ ရောက်လာလို့ရှိရင် ဘုရားက မသိဘဲနဲ့နေမှာ သူက စိုးရိမ်တယ်၊ အဲဒီ အနေမျိုးနဲ့ပူတာ၊ ဘုရားစောင့်ရှောက်တဲ့ အနေမျိုးနဲ့ မြတ်စွာဘုရား မြတ်စွာဘုရား ဒီလောက်တော့ လွန်လွန်ကျူးကျူး မယူပါ နဲ့ ဘေးကနေပြီးတော့ သူက ပြောလိုက်သေးတာကိုး။

ငါဘုရား ဒီပုဂ္ဂိုလ်တွေ၏အကြောင်းကို အကုန်လုံးသိလို့ပြောတာ သူက ငါဘုရား၏ မျက်မှောက် မရောက်ထိုက်ပါဘူးလို့ပြောတော့ သူ အဲဒါတွေလဲ သွားပြီးပြောတော့ တစ်နေ့ ဒီအခါကျတော့ မြတ်စွာဘုရား ဆွမ်းခံပြန် ဆွမ်းဘုန်းပေးပြီးတဲ့ အခါမှာ တစ်နေ့တော့ တစ်ခါတည်း အဲဒီပါဠိကပုတ္တရဲ့ နေရာဌာနကို မြတ်စွာဘုရားကြွသွားရာ ဒီတော့ ပါဠိကပုတ္တက ပထမ ပြောထားတာက ဒီ အကယ်၍ ဟိုဒင်း တွေ့လို့ရှိရင်ဖြင့် ပြိုင်ဆိုင် ပြောရမယ်၊ ဆိုလို့ရှိရင် သူကလဲ ခရီးတစ်ဝက် သွားပါမယ်။

သူကလဲ ခရီးတစ်ဝက်လာခဲ့၊ ဂေါတမ ဘုရားကလဲ ခရီးထွက်လာခဲ့ သူကလဲ ခရီးထွက်လာခဲ့၊ လမ်းတစ်ဝက်ဆီမှာ ဆုံပြီးတော့၊ တွေ့ပြီးတော့ ဝါဒပြိုင်ကြရအောင်လို့ ပြောထားတဲ့ သူက မြတ်စွာဘုရား သူ့ကျောင်းသွားတယ်၊ ဘုရားတစ်ပါးတည်းပဲ သွားတယ်၊ ပရိသတ်တွေ ဘာတွေ ခေါ်မသွားဘူး၊ ပရိသတ်တွေ ခေါ်သွားလို့ရှိရင်ဖြင့် နောက်ပါပရိသတ်တွေနဲ့ အနိုင်ကျင့်နေတာလို့ ဖြစ်နေမယ်ဆိုလို့ မြတ်စွာဘုရား တစ်ပါးတည်းပဲ ကြွတယ်။

တစ်ပါးတည်းကြွသွားလို့ သုနက္ခတ္တအရပ်ထဲ လိုက်ပြီးတော့ ကြေညာတယ်၊ သူက ဘုရားတော့ပါဠိကပုတ္တထံသွားပြီ၊ ပါဠိကပုတ္တ ကျောင်းသွားတယ်။ ပရိဗိုဇ်ကျောင်းသွားတယ်၊ အဲဒီတော့ ပညာရှိ ပုဂ္ဂိုလ်အချင်းချင်း ပြောကြဆိုကြတာတွေကို ကြားရနာရအောင် ထွက်ကြစို့ဆိုပြီးတော့ လူတွေကို လိုက်နှိုးဆော်တာကိုး၊ သူကတော့ သူ့စိတ်ထဲမှာ အဲဒီပါဠိကပုတ္တက ပြောလို့ ဟောလို့ရှိရင် နိုင်လိမ့်မယ်လို့၊ သူ့စိတ်ထဲမှာ အောက်မေ့နေတာကိုး၊ အဲဒီလို ထင်နေတာကိုး၊ ဒါနဲ့ သူ့လူတွေ စုထားတာ မနည်းဘူးတဲ့၊ ပရိသတ်တွေ အများကြီး စုထားတယ်။

အဲဒီတုန်းကတော့ မြတ်စွာဘုရား ကြွလာတဲ့သတင်းကြားတော့ ပါဠိက ပုတ္တကတော့မနေဝံ့ဘူး၊ ကျောင်းမှာ ဟုတ်မှ မဟုတ်ဘဲနဲ့၊ အလကား ကြွားထားတာကိုး၊ ဒီတော့ ဘုရားနဲ့ တွေ့နေလို့ရှိရင် ဘာမျှ လုပ်စရာလဲ မရှိဘူး၊ ဘုရားက တစ်ခုပြရင် ငါက ၂–ခုပြမယ်၊ ငါ့မှာ ပြစရာလဲမရှိ၊ ပြစရာ တစ်ခုမှမရှိဘူး၊ ဒီတော့ ငါနေရာမကျဘူး၊ စောစောက ရှောင်မှဆိုပြီးတော့ အခြားနေရာဌာနသို့ သွားပြီးရှောင်နေတယ်၊ ထိုင်နေတော့ ပရိသတ်တွေ အများကြီးစုတဲ့အခါစတော့ မြတ်စွာဘုရားကပြောတယ်၊ ပါဠိကပုတ္တ ငါဘုရားမျက်မှောက် မရောက်ထိုက်ပါဘူးလို့ ပြောတာ၊ အဲဒီမှာ အမတ်ကြီး တစ်ယောက်ရယ်၊ အိုးထိန်းသည် တစ်ယောက်ရယ် ဒီလူတွေက သွားပြီးတော့ တမင်တကာခေါ်ကြတယ်၊ ပါဠိကပုတ္တဆီသွားပြီးတော့၊ ပြီးတော့ ဘယ်မှာ ရှိတယ်ဆိုပြီးတော့ သွားပြီးတော့ခေါ်ကြတော့ အရှင်ပါဠိကပုတ္တတဲ့ အရှင်က အစကပြောထားတာပဲတဲ့၊ ငါလဲ ဉာဏ်အကြောင်း ဟောပြောနေတာပဲ၊ ဂေါတမဘုရားလဲ ဉာဏ်အကြောင်း ဟောနေတာပဲ၊ သူ တစ်ခုပြောရင် ငါ ၂–ခု ပြောနိုင်တယ်၊ သူ တန်ခိုး တစ်ခုပြရင် ငါ နှစ်ခုပြနိုင်တယ်၊ ပြီးတော့ ဒီဂေါတမဘုရားနဲ့ ငါတို့ဟာ တကယ်ယှဉ်ပြောရမယ်ဆိုလို့ရှိရင် သူက လမ်းတစ်ဝက်လာခဲ့ ငါက လမ်းတစ်ဝက်သွားပြီး လမ်းအလယ်မှာဆုံပြီး သကာလ ပြောရဲပါတယ်၊ ဆိုရဲပါတယ်၊ ပြိုင်ရဲပါတယ်ဆိုပြီးတော့ အရှင်ပါဠိကပြောတယ်။

ယခုဟာတော့ လမ်းတစ်ဝက်မဟုတ်ဘူး ကျောင်းကို ရောက်နေပြီ ဂေါတမဘုရား အဲဒါ ဂေါတမဘုရားက ရောက်နေပြီတဲ့၊ သတ္တိရှိလို့ရှိရင် တကယ်ဟုတ်လို့ရှိရင် အရှင်ပါဠိကပုတ္တလာပါတဲ့၊ ပြီးတော့ကို နောက်တစ်ခုက ဘာလဲဆိုတော့ အဲဒီ ဂေါတမဘုရားက ပြောပြန်တယ်၊ ဒီပါဠိက ပုတ္တဟာ ငါရှေ့မျက်မှောက်ကို မရောက်နိုင်ဘူးလို့ ပြောပြန်တယ်တဲ့၊ ဒီတော့ ဝါဒပြိုင်ဖို့ဟာ မလိုဘူးတဲ့၊ တန်ခိုးလဲ ပြဖို့မလိုဘူးတဲ့၊ ရှေ့ရောက်လို့ရှိရင်ကို အရှင်ဘုရား အနိုင်ရပါပြီ ကြွသာကြွပါဆိုပြီး ဒီလိုပင့်ကြတာကိုး။

ဒီတော့ဟိုက (လာပါ့မယ်–၂ နဲ့ မလာနိုင်ဘဲနဲ့ဖြစ်နေတာကိုး၊ ကြာတော့ ဟိုက စောင့်ကြည့်နေတယ်၊ လာဦးမလား ထဦးမလားဆိုပြီး (လာပါ့မယ်–၂) နဲ့ ထလဲမထနိုင်ဘူး၊ လာပါ့မယ်နဲ့ မလာတော့စိတ်ပျက်ပြီးတော့ ပြန်လာကြတာကိုး၊ ဥပမာတွေ ဘာတွေလဲ အရှည်ကြီးပါပဲပြောတာ၊ အဲဒီလို ဟိုဒင်းပြုတဲ့အခါကြတော့ မြတ်စွာဘုရားက ဟောသင့်ဟောထိုက်တဲ့ တရားပရိသတ်တွေဟောပြီးတော့ တန်ခိုးတွေပြပြီးသကာလ ကျောင်းတော်ကို ဝေသာလီက အဲဒီကျောင်းတော်ကို မဟာဝိဟာရ ခေါ်တဲ့ ကျောင်းတော်မှာ အဲဒီကျောင်းတော်ကို ပြန်ပြီးတော့ ကြွလာတော့မှကိုးပြန်တယ်။

သုနက္ခတ္တဘယ်နဲ့လဲ ငါပြောတဲ့အတိုင်းမှန်ရဲ့လား မမှန်ဘူးလားဆိုတော့ အဲဒါတွေလဲ မှန်တဲ့အကြောင်း ဝန်ခံတာပါပဲ၊ ဒါပေမယ်လို့ သူက ယောနိသောမနသိကာရမရှိလို့၊ အယောနိသောမနသိကာရရှိပြီးတော့ သူဟာသူ သာသနာတော်ကနေပြီးတော့ အရှုံးပေးပြီးတော့ ထွက်သွားတာပါပဲတဲ့ ဆိုတဲ့အကြောင်း အဲဒီသုတ်မှာဟောထားတယ်၊ သုတ်မှာဟောထားတဲ့ သုတ်ဒေသနာတွေ ထောက်ရှုသောအားဖြင့် မြတ်စွာဘုရားဟာ တရားတွေကို ကိုယ်တိုင်သိပြီးတော့ ဟောထားတယ်၊ သူတစ်ပါး၏ စိတ်တွေလဲ ကိုယ်တိုင်သိပြီးသကာလ ဟောထားတယ်၊ သူတစ်ပါးတွေလဲ အကျိုးများအောင်လို့မေတ္တာနဲ့ ကရုဏာနဲ့ တရားစောင့်ရှောက်ပြီးသကာလဟောပြော ညွှန်ပြဆုံးမနေတယ်လို့ အာရုံပြုလိုက်တဲ့ အခါကာလမှာ ကြည်ညိုစရာတွေ အင်မတန်ကောင်းပါတယ်။

ဟော–နောက်သုတ်တစ်ခုမှာတော့ ဥဒုဗ္ဗယိက ပရိဗိုဇ်ဆိုတာရှိတယ် သူကလဲတပည့် ပရိသတ်တွေ အမြောက်အများနဲ့ ရာဇဂြိုဟ်ပြည်မှာ ဥဒုဗ္ဗယိက ပရိဗိုဇ်တဲ့၊ သူကလဲတပည့် ပရိသတ်တွေ အမြောက်အမြားနဲ့ တစ်နေ့သောအခါကာလကြတော့

ရာဇဂြိုဟ်ကသန္တာနဆိုတဲ့ ဒကာတစ်ယောက်က ဘုရားလက်ထက်တုန်းကတော့ ဒီအရိယာမဂ်ဖိုလ်ရောက် သောတာပန် သက ဒါဂါမ်တွေ အနာဂါမ်တွေဆိုတာ ဒကာတွေကရှိတယ်၊ ပညာရှိတွေပဲသူတို့က၊ သူတို့ကလဲ ပရိဗိုဇ်ကျောင်းထဲကို တစ်ခါတစ်လဲ သွားတယ်၊ သွားပြီးတော့ ပရိဗိုဇ်တွေနဲ့သွားပြီး တရားဆွေးနွေး ပြောကြတာကိုး၊ တခြားမဟုတ်ပါဘူး၊ ပရိဗိုဇ်တွေများ နည်းနည်းပါးပါးများ ကျွတ်တဲ့ပရိဗိုဇ်များရှိမလားဆိုပြီး တကာတွေက သွားပြီးတော့ဟောတယ်၊ ဒကာတွေကလဲ ဟောနိုင်ပြောနိုင်တွေကို သွားသွားဟောကြတယ်။

သွားသွားဟောလို့တချို့လဲ သူတို့ပြောတာနဲ့ တချို့လဲပဲ တော်တော် သဘောပေါက်လာတာ ရှိပါတယ်၊ စိတ္တသူကြွယ်ကြီးများ ဟောလို့သဘောပေါက်လာတဲ့ ပရိဗိုဇ်ထဲကကျွတ်လာတာတွေရှိတယ်၊ အဲဒါနဲ့ သန္တာနဒကာက တစ်နေ့သောအခါ မြတ်စွာဘုရားကျောင်းတော် သွားမယ်လုပ်တော့ တွေ့သေးတယ်လေ။

ဘုရားကျောင်းတော် ဒီအချိန်လောက်ဆိုရင် ရဟန်းတော် သံဃာတော်တွေရော မြတ်စွာဘုရားရော ခေတ္တခဏကျိန်းစက်နေတဲ့ အခါကာလဖြစ်မှာပဲ၊ ဆိတ်ဆိတ်ငြိမ်ငြိမ် သီတင်းသုံးနေတဲ့အခါပဲ၊ တရားဟောဖို့ရာ အချိန်လဲမဟုတ်သေးဘူး၊ နည်းနည်းစောသေးတယ် ဆိုပြီးတော့ ဥဒုဗ္ဗယိကပရိဗိုဇ်အာရာမ် သွားတာကိုး၊ အဲဒီသွားတော့ အဲဒီမှာ ပရိဗိုဇ်တွေက စုဝေးပြီး သကာလ တောအကြောင်း တောင်အကြောင်း တွေပေါ့လေ။

၃၂–ပါးသော တိရစ္ဆာနကထာတွေဆိုတော့ မြို့အကြောင်း ရွာအကြောင်း အစစအရာရာ အကြောင်းအရာတွေ လျှောက်ပြီးတော့ ပြောနေကြတာကိုး၊ အဲဒီလိုပြောပြီးတော့ ဆူဆူနဲ့တစ်ခါတည်း ငြင်းကြခုန်ကြ ဆူဆဲဖြစ်နေတော့ ဆရာကြီးကနေပြီး တော့ပြောတယ်၊ ဟိုမှာ ဂေါတမဘုရား တပည့်သန္တာနဆိုတဲ့ဒကာကြီး လာနေတယ်တဲ့၊ ဟိုမှာ တိတ်တိတ်နေကြ တိတ်တိတ်နေကြ၊ ဂေါတမဘုရားက တိတ်တိတ်နေဖို့ရာ သွန်သင်ဆုံးမ ထားတယ်တဲ့၊ ဘုရားက–

သန္ဓိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ။

ဘိက္ခဝေ–ရဟန်းတို့၊ သန္ဓိပတိတာနံ–အညီအညွတ် စုဝေးမိကုန်သော ဝေါ–သင်တို့အား ဒွယံ–၂–ပါးကုန်သော အမှုကို၊ ကရဏီယံ–ပြုရမယ်၊ ကိစ္စ–၂–ခုရှိတယ်တဲ့၊ အဲဒီ ၂–ခုထဲက တစ်ခုကိုပြုတဲ့၊ ဓမ္မဝါဒကထာ အရိယော ဝါ တုဏှီဘာ ဝေါ။ ဓမ္မဝါဒကထာ–တရားနှင့် စပ်သော စကားဖြစ်စေ၊ အရိယော ဝါ တုဏှီဘာဝေါ–မြတ်သော ဆိတ်ဆိတ်နေခြင်းဖြစ်စေ၊ ဒွယံ ၂–ပါးသောအမှုကို၊ ကရဏီယံ–ပြုကျင့်အပ်၏တဲ့။

တရားစကား ပြောချင်လဲပြောပါတဲ့၊ အဲဒါလို တရားစကားမပြောနိုင်လို့ရှိရင်လဲ မြတ်သောနေခြင်းဖြင့် ဆိတ်ဆိတ်နေချင်နေပါတဲ့၊ တရားစကား ပြောတယ်ဆိုတာ ဒါကတော့ ထင်ရှားနေပါတယ်၊ တရားနဲ့စပ်တဲ့ စကားပြောတဲ့၊ ပြောလို့ရှိရင် တရားနဲ့စပ်တဲ့စကားတွေ ပြောပါတဲ့၊ ရဟန်းတွေ ဆုံးမတာနော်၊ လူတွေတော့လဲ အကုန်လုံးလိုက်နာရမယ်လို့ မဖြစ်ပေဘူး၊ ဒီတော့ လူတွေတော့ စီးပွားရေးတွေ ကြံစည်လုပ်ကိုင်ရေးတွေ ပြောဦးမှဖြစ်မှာကိုး တရားချည်းပြောနေလို့တော့ မဖြစ်ပေဘူး၊ တရားချည်းပြောနေလို့ရှိရင် ရောင်းရဝယ်ရမှာ မဟုတ်ဘူး၊ အဲဒါ မဖြစ်ပေဘူး။

လူကတော့ ပြောသင့်ပြောထိုက်တာ ပြောရမယ်၊ ရဟန်းကတော့ ဒီပြင်အလုပ်မှ ရှိမှမရှိဘဲ၊ တရားစကားပြောပါတဲ့၊ နောက် တရားစကား မပြောလို့ရှိရင်လဲပဲ မြတ်သော ဆိတ်ဆိတ်နေပါတဲ့။

ဆိတ်ဆိတ်နေတာလဲ ၂–မျိုးရှိတယ်၊ မြတ်သော ဆိတ်ဆိတ်နေခြင်းရှိတယ်၊ မမြတ်သော ဆိတ်ဆိတ်နေခြင်းရှိတယ်၊ မမြတ်သော ဆိတ်ဆိတ်နေခြင်းကတော့ စကားတော့ မပြောဘူးပေါ့လေ၊ စိတ်ကူးနဲ့ လျှောက်ကြံနေမှာ၊ ကာမဝိတက်တွေလဲ ကြံနေမှာပဲ၊ ဗျာပါရဝိတက်တွေနဲ့ ကာမဝိတက်တွေနဲ့ ကာမဂုဏ်အာရုံ တွေကို စဉ်းစားကြံနေမယ်။ ဗျာပါရဝိတက်တွေနဲ့ ဒေါသတွေနဲ့ သူတစ်ပါးတွေ ပြစ်မှားသတ်ဖြတ်ဖို့ ညှဉ်းဆဲဖို့ ဟာတွေ လျှောက်ကြံနေတယ်။

အဲဒါကတော့ မြတ်သော ဆိတ်ဆိတ်နေခြင်း မဟုတ်ဘူး၊ ဆိတ်ဆိတ်နေပေမယ်လို့လဲ အကုသိုလ်တွေက ပွားနေတာပဲ၊ ဒါကတော့ ကောင်းတယ်လို့ ဘုရားက မချီးမွမ်းဘူး၊ ဒါတော့–အရိယော–မြတ်သော ဆိတ်ဆိတ်နေခြင်းဆိုတာ တရားတစ်ခုခုနဲ့ နှလုံးသွင်းနေတာကို ပြောတယ်၊ သမထဖြစ်စေ၊ ဝိပဿနာဖြစ်စေ၊ ကိုယ့်တရားလေးနဲ့ကို ရှုပြီးတော့နေတာကိုး၊ အဲဒါ ၂–ယောက်ရှိရှိ ၃–ယောက်ရှိရှိ၊ ၄–ယောက်ရှိရှိ တရားဟောစရာ ပြောစရာမရှိရင် ကိုယ့်တရားလေးနဲ့ကို ရှုမှတ်ပြီးတော့ နေရတယ်။

ယခုဒီမှာ ယောဂီပုဂ္ဂိုလ်တွေဟာ ဒီလိုနေကြတာပဲ၊ အချိုးကျကျ ယောဂီပုဂ္ဂိုလ်တွေဆိုရင် ဒီလိုနေကြတာပဲ၊ ဆုံစည်းပေမယ်လို့ ပြောစရာအကြောင်းမရှိရင် မပြောဘူး၊ ကိုယ့်ကိုကိုယ် တရားလေးနဲ့ကို မှတ်ပြီးနေတယ်၊ အင်မတန်ကောင်းပါတယ်၊ အဲဒါ ၂–ခု တစ်ခုခုကို ပြုရမယ်တဲ့၊ ဘုရားက ဆိုထားတော့ သူတို့ အဲဒါလဲပဲသိနေတာပဲ။

ဂေါတမဘုရားက ဆိတ်ဆိတ်နေဖို့ရာ သွန်သင်ဆုံးမထားတယ်တဲ့၊ အဲဒါကြောင့် တို့ဆိတ်ဆိတ်နေကြ၊ အေးအေးနေကြ၊ ဘယ်သူဖြစ်ဖြစ်သတိပေးလိုက်တယ်၊ အဲဒီတော့မှ သန္တာနဒကာကြီးကလဲ သွားပြီးတော့ သူတို့လဲ အရိုအသေ ပေးတန်သလောက် ပေးပါလိမ့်ဦးမယ်၊ ပေးတန်သမျှပေးပြီးတော့ သန္တာနမည်တဲ့ဒကာကြီးက သူတို့ကိုပြောတာကိုး၊ ဒီပရိဗိုဒ်အကျင့်တွေကတော့ ဂေါတမဘုရားများ ကျင့်ပုံကျင့်နည်းနဲ့ မတူဘူးတဲ့၊ တစ်မျိုးပဲတဲ့၊ ဘယ်နဲ့ ဆူဆူညံညံနဲ့စကားတွေ အော်ကျယ်–အော်ကျယ်နဲ့ ပြောနေကြတာကိုးတဲ့၊ စုပေးပြီးတော့ ဂေါတမဘုရား တပည့်ပရိသတ်တွေကတော့ ဟိုမှာ တိတ်တိတ်ဆိတ်ဆိတ်ပဲတဲ့၊ တစ်ခါတည်း တရားဟောရင်လဲဟော။ တရားမဟောရင်လဲ နာတဲ့ပုဂ္ဂိုလ်ကနာ၊ ဟောတဲ့ပုဂ္ဂိုလ်က တစ်ယောက်တည်းဟောနေတာပဲ၊ မေးမြန်းစရာရှိရင်လဲ ထပြီးမေးတာပဲ ရှိတာကို၊ ငြင်းခုံနေတာ မဟုတ်ဘူး။

အဲဒီတော့ တရားနာရင်လဲ ဆိတ်ဆိတ်ငြိမ်ငြိမ်ပဲ၊ ဒါမှ မဟုတ်လို့ရှိရင်လဲ ကိုယ့်တရားလေးနဲ့ပဲ နှလုံးသွင်းပြီးတော့ ဆိတ်ဆိတ် တိတ်တိတ်ကလေးနေတာပဲ၊ ဒီ အရှင်ပရိဗိုဒ်တွေကြတော့ အရှင်ဘုရားတို့နေတာက တစ်မျိုးပဲတဲ့၊ မတူဘူးလို့ပြောတော့ သူတို့ တယ်မကြိုက်ဘူး ပေါ့လေ၊ ကဲ့ရဲ့တယ်ဆိုတာ မကြိုက်ဘူး၊ လူတွေကဲ့ရဲ့တယ် ဆိုတာ ဟုတ်ဟုတ်–မဟုတ်ဟုတ် ဘယ်သူမှ တယ်မကြိုက်ဘူး၊ ဟုတ်ပေမယ့်လဲ မကြိုက်ဘူး၊ ချီးမွမ်းရင်တော့ ကြိုက်တယ်၊ သူက ချီးမွမ်းရင်တော့ ဟုတ်ပေမယ်လို့ မဟုတ်မှန်းတော့ သိသားပေါ့လေ။

ဒါပေမယ့် ချီးမွမ်းလို့ရှိရင်တော့ စိတ်မဆိုးဘူး၊ အဲဒီတော့ သန္တာနဒကာကြီးက ပရိဗိုဒ်တွေကို ကဲ့ရဲ့ပြီးပြောတာကို၊ ပြောတော့ တစ်ခါတည်း မကျေနပ်ဘူး၊ ဟိုက ဥဒုဗ္ဗယက ခေါင်းဆောင် ပရိဗိုဒ်ကြီးက ပြောတယ်၊ အဲဒီဆရာကြီးက အရှင်ဂေါတမဟာလေတဲ့ သင်တို့ဆရာ အရှင်ဂေါတမဟာ ပရိသတ်ထဲမှာ မကျက်စားဘဲ ကိုယ့်ဟာကို တစ်ယောက်တည်း ဆိတ်ဆိတ်ငြိမ်ငြိမ် တောထဲတောင်ထဲမှာနေနေတာပဲတဲ့၊ ဒီတော့ ဘာအသိဉာဏ်ပွားမလဲတဲ့၊ ကိုယ့်ဟာကို တစ်ယောက်တည်းနေလို့မပွားဘူး၊ ဟိုတောထဲတောင်ထဲမှာကျင့်သုံးတုန်းက နည်းနည်းပါးပါးပွားထားတဲ့ အသိဉာဏ်ကလေးဟာလဲ တစ်ယောက်တည်းနေနေတော့ ပရိသတ်တွေနဲ့ ဘယ်သူနဲ့မှမတွေ့ရတော့ ဒီစိတ်ကူး ဉာဏ်ကူးလေးတွေဟာလဲ တစ်ဖြည်းဖြည်း ပျောက်ကုန်တာပဲ။

ဘာနဲ့တူနေသလဲဆိုတော့ မျက်စိကန်းနေတဲ့ နွားမနဲ့တူနေတယ်၊ တူတယ်တဲ့၊ သူက ဥပမာပေးတာကို မျက်စိကန်းနေတဲ့နွားမက မျက်စိတစ်ဖက် ကန်းနေတာကိုး၊ တစ်ဖက်ကန်းနေတော့ နောက်တစ်ဖက်လည်း ပုံမတော်တိုက်ရင် ကန်းသွားမှာစိုးလို့ သူဟာ ပရိသတ်ရဲ့ အလယ်ခေါင်မှာမနေဝံ့ဘူးတဲ့၊ အစွန်အဖျားမှာနေတယ်၊ အလယ်ခေါင်မှာနေရင် နွားတွေနဲ့ တိုးဝှေ့ကုန်ရင် ဟိုမျက်စိပါကွယ်သွားရင် ဒုက္ခရောက်ရတော့မှာကိုး၊ ဒါကြောင့်မို့ မျက်စိတစ်ဖက်ကန်းနေတဲ့ နွားမဟာ ပရိသတ်အစွန်အဖျားက လွတ်လွတ်ကင်းကင်းကနေပြီး ကျက်စားနေတာလိုပါပဲတဲ့။

အရှင်ဂေါတမ ပရိသတ်ထဲ မဝင်ဝံ့လို့ သူတောထဲမှာ နေနေတာနဲ့တူပါတယ်၊ ဒီလာခဲ့စမ်းပါတဲ့၊ လာခဲ့လို့ရှိရင်ဖြင့် စကားတစ်ခွန်းတည်းနဲ့ တစ်ခါတည်း ရှေ့ကို မဆက်နိုင်အောင်လို့ ပြတ်သွားအောင် ဒီက ပြောပြစ်လိုက်မယ်၊ ဒီလိုကို သူ့ဉစ္စာတယ်ရယ်စရာ ကောင်းတယ်၊ အချီးနှီး ရေအိုးများကဲ့သို့ ဘာမှကို စကားတစ်ခွန်းမှ စကားတစ်လုံးမှ မပြောနိုင်အောင်လို့ ဒီလိုပြောတာကိုး။

အဲဒီလိုပြောတော့ မြတ်စွာဘုရားကလဲ ဒီအခိုက်အတန့်မှာ ဘုရားက လောကလဲ အမြဲတန်း ကြည့်နေတယ်၊ ကြည့်နေတော့ ဆင်ခြင်နေတော့ သူပြောတဲ့စကား ဟိုက ဒိဗ္ဗသောတအဘိညာဉ်နဲ့ ကြားနေတော့ ပြောတာသိပ်နေရာကျတယ်၊ မြတ်စွာဘုရားက ဒိဗ္ဗသောတ ဒ့ိပြင်ဘုရားတပည့်သားတွေ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်အစရှိသော ပုဂ္ဂိုလ်တွေလဲ ဒီအဘိညာဉ်ရပါတယ်၊ သိပ်နေရာကျတယ်၊ ယခုကာလ ဟို ရေဒီယိုတွေ ဘာတွေကနေ ကြားနေသလို ဝိုင်ယာလက်တွေကနေ မိနေသလိုပဲ၊ သူက နှလုံးသွင်းမိတဲ့ အချိန်နဲ့ဆိုရင် သိတာပဲ၊ နှလုံးမသွင်းမိတဲ့ အချိန်တော့လဲ မကြားရဘူး၊ ဒါကတော့ သမာပတ်ဝင်စားနေတဲ့အချိန် ဒီလိုအချိန်တော့ မကြားရဘူး။

ဒ့ိပြင် တရားတွေဘာတွေ ဟောနေလို့ နှလုံးသွင်းမိတဲ့အချိန် ဒီလိုအချိန်လဲ ကြားမှာမဟုတ်ဘူး၊ အဲ သူက နှလုံးသွင်းမိတဲ့အချိန် သူ့ဘက်ကို ဟိုဒင်းလိုပဲ၊ ယခု ရေဒီယိုမှာ သူ့လိုင်းနဲ့သူ ဝင်သလိုပေါ့၊ အဲ–သူ့ဘက်ကို လှည့်ပြီးသကာလ နှလုံးသွင်းမိတဲ့အချိန် ဆိုလို့ရှိရင် အဲဒီမှာ အကုန်ကြားနေတယ်၊ သူပြောတာ ကြားနေတယ်၊ ကြားတော့ မြတ်စွာဘုရားက အင်း–ဒီဟာက သွားဖို့အချိန်ပဲတဲ့၊ ဒီပရိသတ်တွေ ကျွတ်သည်ဖြစ်စေ၊ မကျွတ်သည်ဖြစ်စေ၊ ပါရမီမှ ရရဆိုပြီးတော့ မြတ်စွာဘုရားဆိုတာ တရားဟောရတယ်၊ မြတ်စွာဘုရား အင်မတန် ကြည်ညိုစရာ ကောင်းပါတယ်။

မိမိဟောတဲ့တရားတွေ အကုန်လုံး လိုက်နာနိုင်လိမ့်မယ်, ဒီလိုမဟုတ်ဘူး၊ သူဟာ မလိုက်နာနိုင်လဲ သွားဟောသေးတာပဲ၊ ဘာမသိ ညာမသိနဲ့ တစ်ခါ တစ်ခါကို မင်းအစည်းအဝေးတွေ, ပုဏ္ဏားအစည်းအဝေးတွေ, သေဋ္ဌေး အစည်းအဝေးတွေ, ရဟန်း အစည်းအဝေးတွေ, နတ်အစည်းအဝေးတွေ သွားပြီး မြတ်စွာဘုရားဟာ တိတ်တိတ်သွားဟောတာ ရှိသေးတယ်၊ အဲဒီမှာ သွားတဲ့အခါကျတော့ ဘယ်လိုလုပ်သွားလဲဆိုတော့ ဘုရားအနေနဲ့ သွားတာမဟုတ်ဘူး၊ ဒီလိုပဲ သာမန်ပုဂ္ဂိုလ် တစ်ယောက်

အနေနဲ့သွားတာ၊ ဟိုရောက်တော့ကို သူတို့ထက်တော့ သာနေတာပေါ့၊ ပရိသတ်ထဲကထက် သာနေတာကိုး၊ ဒီတော့ သူတို့ အထဲက လူကြီးလို့ အောက်မေ့ရတယ်၊ အကြီးအကဲဖြစ်တဲ့ ပုဂ္ဂိုလ်, အောက်မေ့ရတယ်။

ဒါနဲ့ သူတို့ အမြင့်အမြတ်ထားပြီး သူတို့တော့ သင့်တော်တဲ့နေရာမှာ ထိုင်ပြီး တရားစကားတွေ ဟောနေတယ်၊ ဟောတော့လဲ သူတို့အထဲက အကြီးအကဲဖြစ်တဲ့ပုဂ္ဂိုလ်တွေက ဟောပြောနေတယ်အောက်မေ့ပြီး ရိုရိုသေသေ ဟိုက နားထောင်နေကြတယ်၊ နားထောင်နေတော့ ပြန်သွားရော၊ မြတ်စွာဘုရား ပြန်သွားတဲ့ အခါကျတော့ တရားကတော့ ကျန်ရစ်နေတယ်၊ သူတို့ ကြားရနာရတဲ့တရားတွေက နောက်သူတို့။ အင်း–တို့အကြီးအကဲက ယခုမှ လာတယ်၊ အခုနက ပြောသွားတာ တူတော့ အတူသား၊ ဘယ်သူများ ဖြစ်ပါလိမ့်မလဲ ဒီလိုအောက်မေ့ကြတာကိုး၊ ဒီလိုလဲ သွားဟောတဲ့အခါ ရှိတယ်၊ ဘာဖြစ်လို့–ဒီလို ဟောရလဲ ဆိုလို့ရှိရင် ပါရမီဖြစ်အောင်လို့, ဝါသနာဖြစ်အောင်လို့ အစကတည်းက ဘုရားအဖြစ်နဲ့သွားလို့ရှိရင် ဟို ပုဂ္ဂိုလ်တွေက နာချင်မှ နာမှာ၊ နာချင်မှ နာမယ်။

ဒါကြောင့်မို့လို့ ဒီလိုလုပ်ပြီး ဟောရတာ သူဟာ ဒါလဲပဲ တစ်မျိုးပဲ သူလဲတစ်နည်းပေါ့ ဘုန်းကြီးက ဒီက ဟိုအရင်က ဒီမှာ တရားအားထုတ်တဲ့ စတောက်ခိုဆိုတဲ့ စစ်ဗိုလ်တစ်ယောက်ရှိတယ်၊ အရင်က ဟိုဒင်းမှာ စက်ဘူကနေပြီးတော့ အဲဒီက အပြန်မှာ ဒီမှာဝင်ပြီးတော့ တရားအားထုတ်တာ ၁၅–ရက်လောက်နဲ့ တူပါတယ်၊ အားထုတ်သွားပြီးတော့ ဟိုကျတော့ သူအား ထုတ်သွားတဲ့ တရားတွေအကြောင်း သူ စာအုပ်ကလေး တစ်အုပ် ရေးထားတယ်၊ အောင်မယ် သူက တော်တော်ကောင်းတယ်၊ ဘုန်းကြီးလဲ အကုန်လုံးတော့ မဖတ်ရသေးဘူး၊ နည်းနည်း တစ်ချို့တစ်ဝတ်တော့ ဖတ်ပြီးပြီ၊ သူ့ဟာ တော်တော်ကောင်းတယ်။

သူက ဘယ်လိုလုပ်ရေးလဲဆိုတော့ သူကခရစ်ယာန်တစ်ယောက်အနေနဲ့ ရေးထားတယ်၊ ခရစ်ယာန်ပေမယ်လို့ ဗုဒ္ဓဘာသာဝင်ပြီးတော့ စုံစမ်းတဲ့အနေနဲ့ သူကရေးတာ၊ အမှန်ကတော့ ပြန်စစ်ကြည့်လို့ရှိရင် ယခုဗုဒ္ဓဘာသာဖြစ်နေတာကြာပြီ၊ ဒါနဲ့ သူက ခရစ်ယာန် တစ်ယောက်အနေနဲ့ ရေးထားတယ်၊ ဒီမှာ သာသနာ့ရိပ်သာ တရားအားထုတ်ပုံတွေ ဘာတွေ အားထုတ်ကတည်းက (ဘယ်လို–၂) ဖြစ်တတ်တာတွေ အဲဒီ ပထမက သူ့စိတ်တွေ နိုင်ငံခြားသားပုဂ္ဂိုလ်တွေ မကျေနပ်စရာ အချက်တွေ ဘာတွေ, အပြစ်တွေဘာတွေ လျှောက်ပြပြီးတော့ သူကပြန်ပြီးတော့ ဖြေရှင်းပြလို့အောင်မယ် သူ့ဟာ တော်တော်ကောင်းတယ်၊ သူရေးထားတယ်။

ဘာဖြစ်လို့ ဒီလိုရေးလဲဆိုရင် ပထမတည်းက ဗုဒ္ဓဘာသာ တစ်ယောက်အနေနဲ့ ရေးလို့ရှိရင် ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေ ဒီစာအုပ်ကြည့်မှာ မဟုတ်ဘူး၊ သူ့ဟာ ဒီတော့ သူက တခြားပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ရေးထားတယ်၊ ဘယ်သူ မဆိုလာပြီး ဗဟုသုတအဖြစ်ပဲ လာပြီးကြည့်နိုင်တာကိုး၊ သူလဲ စိတ်ကူးတော်တော်ကောင်းတဲ့ ပုဂ္ဂိုလ်ပဲလို့ အောက်မေ့ရတယ်၊ မြတ်စွာဘုရားကလဲ ဒီလိုပဲ၊ ဘုမသိဘမသိလူတွေ သွားပြီးတော့ ဒီအတိုင်း ဟောတယ်၊ ဟိုမှာသိတဲ့အနေနဲ့ ရဟန်းအသွင်ကြီးနဲ့ သွားဟောလို့ရှိရင် ဟာ တို့နဲ့ အသွင်မတူဘူး ဆိုပြီးတော့ရင် နာချင်မှနာမယ်၊ အဲဒီလိုဟာတွေလဲ ရှိပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက ဒီပရိဗိုဇ်တွေကို ဒီလို တရားစကားတွေ သူတို့ဘုရား ကဲ့ရဲ့ပြောနေတာတွေ ကြားတော့ ကြွသွားပြီးတော့ တရားဟောဦးမှပဲလို့ အဲဒီမှာဆင်ခြင်ပြီး မြတ်စွာဘုရားက တန်ခိုးနဲ့ကြွပြီးတော့ သူတို့ မျက်မှောက်အနီးအနီးမှာ မြတ်စွာဘုရား စက်ဘီးလျှောက်နေတော့ ဗြုန်းခနဲ သူတို့မြင်တာပေါ့လေ၊ ဟ ဒီက ကဲ့ရဲ့စကားပြောနေတုန်း ဟိုမှာ မလှမ်းမကမ်းမြင်နေတာကိုး၊ မြင်နေတော့ သူ့တပည့်တွေ ကဲကဲ တိတ်တိတ်နေကြ ဟိုမှာ ဂေါတမဘုရား ဟိုမှာ ရောက်နေတယ်၊ သူက တိတ်တိတ် ဆိတ်ဆိတ် ကြိုက်တယ်၊ တိတ်တိတ်နေလို့ရှိရင် တို့ဆီလာချင်လာမှာပါပဲ။

လာတာတော့လဲ သဘောကျတယ်၊ ဘုရားကြွလာတယ်ဆိုရင် သူတို့နာမည်ရတာပေါ့၊ တို့ဘုရားလဲကြွလာတယ်ဆိုပြီး ဘုရားတပည့်တွေကလဲ သူတို့နည်းနည်းပါးပါး အာရုံပြုသေးတာကိုး၊ အဲဒါနဲ့ တိတ်တိတ်နေကြဆိုတော့ တိတ်တိတ်နေတယ်၊ မြတ်စွာဘုရားက ဒီတော့ ကြွလာတယ်၊ ကြွလာပြီးတော့ ရောက်တဲ့အခါကျတော့ သူတို့နေရာ မြင့်မြတ်တဲ့နေရာ ပေးပါတယ်၊ ပေးတော့ မြတ်စွာဘုရားက ထိုင်ပြီးတော့ မေးတယ်။

အဲ ယခုဘာတွေဘာတွေများ ပြောဆိုနေကြသလဲလို့မေးတော့ မြတ်စွာဘုရားလာလို့ရှိရင် တပည့်တော်တို့ လျှောက်ထားဖို့ပါပဲတဲ့၊ မြတ်စွာဘုရားဟာ၊ ဂေါတမမြတ်စွာဘုရားဟာ မိမိတပည့်သားတွေအပေါ် ဘယ်လို–ဘယ်လိုတရားနှင့်သွန်သင်ဆုံးမထားပါသလဲ၊ အဲဒီသွန်သင်ဆုံးမတဲ့ တရားကို တပည့်တော်တို့က မေးလိုပါတယ်တဲ့ဆိုတော့ မြတ်စွာဘုရားက အဲဒီ သွန်သင်ဆုံးမတဲ့ တရားဆိုတာကတော့ နက်နဲပါတယ်တဲ့၊ သင်တို့က အယူတစ်မျိုးဖြစ်နေပါတယ်။

အဲ အယူတစ်မျိုးဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေကိုငါ ဒီတရားတွေ ဒီလို အားထုတ်ရတယ်၊ ဒီလိုလုပ်ရတယ်ဆိုရင် သဘောပေါက်ဖို့ မလွယ်ဘူးတဲ့၊ ဟုတ်တယ်၊ သူဟာ အယူမတူတဲ့ ပုဂ္ဂိုလ်တွေကို ဒီကတရားတွေ သွားပြလို့ရှိရင် မလွယ်ဘူး၊ အဲဒီ ဘာသာခွဲမပြောနဲ့ အဲဒီဘုန်းကြီးများ ဒီကရှုမှတ်တဲ့ တရားလေး၊ ဒွါရ ၆–ပါးကဖြစ်တဲ့ ရုပ်နာမ်တွေ ရှုမှတ်ရမယ်ဆိုတာကို

အဲဒါကိုး၊ အလေ့အလာမရှိတဲ့ပုဂ္ဂိုလ်တွေ သွားဟောလို့ရှိရင် အောင်မယ် သူဟာတရားမဟုတ်သလို ဖြစ်နေတာပဲ၊ ဘာမှမဟုတ်သလိုဖြစ်နေတာပဲ၊ ဝိပဿနာတဲ့၊ ဘယ်နဲ့ဝိပဿနာလဲလို့ ဒီလိုအောက်မေ့တယ်၊ သူတို့က အဲဒီလိုဖြစ်နေတယ်၊ အဲဒီတော့ အယူမတူတဲ့ပုဂ္ဂိုလ်တွေကို တည့်တိုးကြီးဟောလို့ မဖြစ်ဘူး၊ ဒါနဲ့ မြတ်စွာဘုရားက အဲဒါက အသင်က အယူတစ်မျိုးဖြင့်, သဘောကြတာ တစ်မျိုး ဖြစ်နေပါတယ်တဲ့၊ အယူအကြိုက်တစ်မျိုးဖြစ်နေတော့ ဒီဟာကို ဟောလို့ မဖြစ်သေးဘူး၊ ကဲ အသင် မေးချင်လို့ရှိရင် သင်တို့နဲ့စပ်တဲ့ ခြိုးခြံတဲ့အကျင့်ကို မေးချင် မေးပါတဲ့။

တပေါစ–လို့ခေါ်တယ်၊ ခြိုးခြံတဲ့အကျင့်ပါပဲ၊ အဲဒါကို မေးပါဆိုတော့ အဲဒါကိုမေးတယ်၊ ဒါဟာ ဘယ်လိုလုပ်ကျင့်လို့ရှိရင် ပြည့်စုံပါသလဲလို့၊ မြတ်စွာဘုရားက ခြိုးခြံတဲ့အကျင့်တွေ အဝတ်မဝတ်တာတို့, အစားအသောက် အနေအထိုင်ခြိုးခြံတာတို့ သူတို့အကျင့်တွေရှိပါတယ်၊ ဆွမ်းခံ အလှူခံရာတွေမှာလဲ (ဘယ်လို–၂) ဆွမ်းအလှူခံရမယ်၊ ဘယ်လို–ဘယ်လို မခံရဘူး၊ ဘယ်လိုဟာ ဝတ်ရတယ်ဆိုတာ သူတို့ကျင့်ဝတ်တွေ ရှိပါတယ်၊ အဲဒါကို ဂျိမ်းတွေ၊ ဂျိမ်းလို့ခေါ်တယ်၊ ဟိုတုန်းကတော့ နာဋပုတ္တာတပည့်တွေပေါ့လေ၊ အဲဒီ ပရိဗိုဇ်အကျင့်တွေ ရှိပါတယ်၊ အဲဒီအကျင့်တွေ ဟောပြီးတော့ ဒီအကျင့်တွေကျင့်လို့ရှိရင် ဒါတွေဟာ သင်တို့ပြောတဲ့အတိုင်း ဒါတွေ ကောင်းနေတာပဲမို့လားလို့ဆိုတော့ ဒီအတိုင်းဆိုလို့ရှိရင် ကောင်းပါတယ် ဒါတွေ ပြည့်စုံနေတာပဲ။

ဒါပေမယ်လို့ ဒီအကျင့်တွေမှာ ချွတ်ယွင်းနေတော့ အများကြီးရှိတယ်၊ မြတ်စွာဘုရား ဟောထားတယ်၊ ချွတ်ယွင်းချက်တွေ အများကြီးရှိသေးတယ်၊ ဒီအကျင့်တွေ ပြည့်ပြည့်စုံစုံကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စေကာမူ ပြည့်စုံဖို့ကလဲ သိပ်မလွယ်ဘူး၊ ကြမ်းကြမ်းတမ်းတမ်း သေလုမျောပါးကျင့်ရတယ်၊ သူဟာ အကျင့်တွေက တော်တော်ပြင်းထန်တယ်၊ လွန်လွန်းနေတဲ့ဥစ္စာတွေ, မလိုတဲ့ဥစ္စာတွေလဲလျှောက်ကျင့်နေတာ၊ သူ့ဟာက အဲဒီတော့ ဒီအကျင့်တွေကျင့်ဖို့ဟာ တော်တော်မလွယ်ပါဘူး၊ အဲဒီ အကျင့်တွေ ပြည့်စုံနေသော်လည်း ဒီပုဂ္ဂိုလ်မှာ ချွတ်ယွင်းချက်တွေ ရှိပါတယ်။

ဘာတွေတုန်းဆိုလို့ရှိရင် ဒီအကျင့်ကျင့်နေတဲ့ ပုဂ္ဂိုလ်ဟာ ငါဟာဖြင့် ဒီအကျင့်နဲ့ပြည့်စုံတယ်၊ ငါလို မကျင့်နိုင်တဲ့ ပုဂ္ဂိုလ် တွေက ချွတ်ယွင်းတယ်ဆိုပြီးတော့ ကိုယ့်ကိုပင့်မြှောက်ပြီးတော့ သူများတွေနိမ့်ချပြီး သူများတွေ အထင်သေးတယ်၊ ကိုယ့်ကိုအထင်ကြီးတယ်၊ အဲဒါဟာ အပြစ်တွေပဲ၊ ဒီတော့ ဒီအကျင့် ကျင့်တဲ့သူဟာ ဒီအကျင့် ကျင့်တဲ့အတွက် လာဘသက္ကာရ လောကတွေ လာဘ်လာဘတွေ, ဂုဏ်သီတင်းကြီးမှုတွေ, ဘုန်းကြီးမှုတွေ, အဲဒါတွေ မျှော်လင့်ပြီးတော့ ကျင့်နေတာတွေလဲရှိတယ်စသည်ဖြင့် အဲဒါနဲ့စပ်ပြီး လောဘတွေ, ဒေါသတွေ, မောဟတွေ, မာနတွေ, ကိလေသာတွေ, ဖြစ်နိုင်ပုံတွေလျှောက်ပြီးတော့ဟော ဒါတွေအကုန်လုံးအပြစ်တွေချည်းပဲတဲ့။

ဒါတွေဆိုလို့ရှိရင် အပြစ်တွေမဟုတ်ပေဘူးလားလို့မေးတော့ ဒီတော့ ဟုတ်ပါတယ်လို့ ဝန်ခံတယ်၊ ဝန်ခံပြီးတော့ နောက်တစ်ခါ ဒါနဲ့လဲ မပြည့်စုံသေးဘူးဆိုပြီး နောက်တစ်ခါ ဆက်ပြီးတော့ ပြည့်စုံတဲ့ဟာ ဘယ်လိုဟာတုန်းဆိုတော့ အဲဒီမှာ သမာဓိလုပ်ငန်းတွေ ဟောတာကိုး၊ သမာဓိလုပ်ငန်းတွေ, သမာဓိစျာန်တွေ ဟောတယ်၊ မေတ္တာ, ကရုဏာ, မုဒိတာစျာန်စသည့် စျာန်တွေ ဟောပြီးတော့ ဒီစျာန်တွေကနေပြီးတော့ ပြည့်စုံတဲ့အခါ ကာလကျတော့ အဘိညာဉ်ဟောတာကိုး၊ ပုဗ္ဗေနိဝါသ အဘိညာဉ်–ရှေးရှေးသော ဘဝတွေ သိနိုင်တယ်၊ အဲဒီတော့ ဒိဗ္ဗစက္ခုနဲ့ အမြင်ပေါက်ပုံတွေ အဲဒါအကြားအမြင်တွေပေါက်တဲ့ အဘိညာဉ်ဟောတယ်။

အဲဒါဒီလိုရှိရင်ဖြင့် သင်ချိုးခြံတဲ့ အကျင့်နည်းလမ်းဟာ ပြည့်စုံမယ်မို့လားလို့ဆိုတော့၊ ပြည့်ပါတယ်တဲ့၊ ဒီလောက်ဆို ပြည့်စုံနေပြီ၊ ဒါလောက်ဆိုဆုံးနေပြီ၊ ကုန်နေပြီတဲ့၊ အေး–ငါဘုရားတပည့်သားတွေ သွန်သင်ဆုံးမတဲ့ နည်းနိသရည်း တရားတွေက ဒီလောက်နဲ့ မပြည့်စုံသေးဘူးတဲ့၊ ဒီအထက်မှာ ရှိသေးတယ်တဲ့၊ အဲဒါတွေဟောလို့ မဖြစ်ဘူးတဲ့၊ မြတ်စွာဘုရားက ဒီတော့ ဟုတ်တယ်၊ ဟိုပြောတဲ့ သမထတို့ စျာန်အဘိညာဉ်တွေ ပြည့်စုံရုံနဲ့တော့မပြည့်စုံဘူး ဝိပဿနာဟောရမှာကိုး။

ရုပ်တရား, နာမ်တရားတွေ အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တတွေ ဟောရမှာကိုး၊ အဲဒီအထက်မှာ ရှိသေးတယ်တဲ့၊ ဒါတွေဟောရမှာ၊ သူ့ပရိဗိုဇ်တပည့်တွေ အားလုံးက အင်မတန်ကို အံ့သြအံ့အားသင့်ပြီးတော့ တို့မှာတဲ့ ဒိဗ္ဗသောတ, ဒိဗ္ဗစက္ခု အဘိညာဉ်တွေဆိုလို့ရှိရင် လမ်းဆုံးနေပြီတဲ့၊ တို့နည်းလမ်းတွေမှာ ယခု ဂေါတမမြတ်စွာဘုရားကတော့ ဒီအထက်က တရားတွေတောင်မှ ရှိသေးတယ်လို့ သူဆိုပါကောတဲ့။

အင်မတန် အံ့သြစရာကောင်းတယ်ဆိုပြီး တစ်ခါတည်း ဝမ်းမြောက်ဝမ်းသာနဲ့ ပြောကြဆိုကြတယ်၊ ဆူဆူညံညံနဲ့ အားရပါးရ ပြောကြတာကိုး၊ ပြောတော့မှ ခုနကသန္ဓာနဆိုတဲ့ ဒကာကြီးက ထပြီးတော့ လျှောက်တယ်၊ အားလုံးကတော့ ထောက်ခံကုန်ကြပြီတဲ့၊ အားပေးကုန်ကြ ပြီတဲ့၊ ဒီအချိန်အခါမှာဆိုရင်ဖြင့် ခုနကစကားလေး ဖြေရှင်းမှပဲဆိုပြီးတော့ ခုနက ပရိဗိုဇ်ဆရာတွေပြောထားတာကိုး၊ ဥဒုဗ္ဗယိကဆရာကြီးက ပြောထားတယ်၊ ဂေါတမဘုရားဟာ တောထဲတောင်ထဲ တောကြိုတောကြားမှာနေတယ်၊ အစွန်အဖျားမှာနေတယ်၊ ပရိသတ်ထဲမဝင်ဝံ့ဘူးဆို၊ သူက မျက်စိ တစ်ဖက်ကန်းနေတဲ့ နွားမများလိုပဲ၊ အစွန်အဖျားမှာ သူကျက်စားရတယ်၊ သူပညာအသိလေးတွေဟာ မတိုးပွားဘူး၊ ပျက်စီးနေတယ်ဆိုပြီးတော့ သူပြောထားတာ

လေးကို ပြန်ဖြေတာကိုး၊ အရှင်ဥဒ္ဒယိကပရိဗိုဒ် ခုနက အရှင်ဒီလိုဒီလို ပြောတယ်တဲ့၊ ဂေါတမဘုရားဟာ ပရိသတ်အစွန်အဖျားမှာ ကျက်စားတယ်။

မျက်စိတစ်ဖက်ကန်းတဲ့ နွားမနဲ့တူတယ်၊ ပရိသတ်ထဲ မဝင်ဝံ့ဘူး၊ ဒီလာလို့ရှိရင်ဖြင့် စကားတစ်ခွန်းတည်းနဲ့ တစ်ခါတည်း ရှေ့ကိုမဆက်နိုင်အောင်ပြောမယ်လို့ သင်အခုနက ပြောတယ်မို့လားတဲ့၊ ကိုင်း–ယခု ဂေါတမဘုရား ပရိသတ်ထဲမဝင်နိုင်အောင် ပြောတော်မူပါ၊ ရှေးကစကားကို ဒကာက စပြီးဖြေတာကို၊ ဖြေတော့မှ တစ်ခါတည်း ပရိဗိုဒ်ဆရာကြီးက တစ်ခါတည်း စိတ်မချမ်းမသာ ဖြစ်နေတယ်၊ သူလဲပြန်ပြီးတော့ ချေစရာလဲမရှိဘူး ပြောလဲ မပြောတတ်ဘူး၊ ဘုရားနဲ့မျက်မှောက်ဖြစ်နေတော့ ဒီတော့ သူပြောတာတွေက လွန်နေတာကိုး။

ဒီတော့ မြတ်စွာဘုရားကမေးတယ်၊ ဒီလိုဒီလို ပြောတာဟုတ်သလားလို့ မေးတယ်၊ ဟုတ်တယ်လို့ဆိုတော့မှ ဝန်ခံတော့ မြတ်စွာဘုရားက ထပ်ပြီးတော့မေးတယ်၊ ဥဒ္ဒယိကပရဗိုဒ်တဲ့ စဉ်းစားကြည့်၊ သင်ဘယ်လို ကြားဖူးသလဲတဲ့၊ သင်ရှေးက သင့်ဆရာ့ဆရာတွေက သမ္မာသမ္ဗုद्ध သ မြတ်စွာဘုရားတွေဟာ ပရိသတ်တွေနဲ့ စုဝေးပြီးသကာလ တောအကြောင်းတောင်အကြောင်းတွေ တစ်ခါတည်း တကြော်ကြော်နဲ့ ဟောပြောပြီးတော့ ငြင်းခုံပြီး နေတယ်လို့ ကြားဖူးသလား၊ သို့မဟုတ် ငါကဲ့သို့ ဆိတ်ဆိတ် ငြိမ်ငြိမ်ပဲ တရားတွေနဲ့ နှလုံးသွင်းပြီး ဝမ်းမြောက်နေတာ ကြားဖူးသလား၊ ဘယ်လို ကြားဖူးသလဲ။

ဒီတော့ အဲဒီ ပရိဗိုဒ်ဆရာကြီးက ပြန်ဖြေတယ်၊ တပည့်တော် ကြားဖူးတာကတော့ အဲဒီအတိုင်းပါပဲ၊ ပရိသတ်တွေ ဆူဆူညံညံနေတယ်လို့ မကြားဖူးပါဘူးတဲ့၊ ဒီလိုပဲ ဆိတ်ဆိတ်ငြိမ်ငြိမ်တော့ ကျောင်းတော် ကျောင်းတော်တွေမှာ ဆိတ်ဆိတ်ငြိမ်ငြိမ်နေပြီး ကိုယ့်တရားလေးနဲ့ကိုယ် တရားအားထုတ်နေတယ်လို့ ဒီလိုပဲ ကြားဖူးပါတယ်တဲ့ မြတ်စွာဘုရားက ပြန်ပြီးတော့ မိန့်တော်မူတယ်၊ ဥဒ္ဒယိပရိဗိုဒ်က သင်ဟာ စဉ်းစားကြည့်ပေါ့တဲ့၊ သင်ဟာ ငယ်ရွယ်တဲ့ပုဂ္ဂိုလ်မဟုတ်ဘူး၊ သင်ဟာ ဆရာကြီးလဲ ဖြစ်နေပြီ၊ သင်ပညာရှိ ပုဂ္ဂိုလ်ကြီးတစ်ယောက် မဟုတ်လားတဲ့၊ ဒီလို စဉ်းစားဆင်ခြင်သင့်ပါတယ်။

ဗုद्ध္ဓေါ သောဘဂဝါ ဗောဓယ ဓမ္မံ ဒေသတိ။
သङ္ဃော သောဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။
သङ္ဃော သောဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။
တိဏ္ဏော သောဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။
ပရိနိဗ္ဗုတော သောဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

အဲဒီလို စဉ်းစားသင့်ပါတယ်၊ စာကလေး ကောင်းပါတယ်၊ မြတ်စွာဘုရား ကြည်ညိုစရာ ကောင်းပါတယ်။

သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဗုद्ध္ဓေါ–သစ္စာလေးပါးအမှန်တရားကို ပိုင်းခြား သိမြင်တော်မူပြီးသည် ဖြစ်၍၊ ဗောဓယ–သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်ကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ–သစ္စာလေးတန် တရားမှန်ကို၊ ဒေသေတိ–ဟောကြားတော်မူပါပေ၏။

မြတ်စွာဘုရား တရားဟောတာ ဒီနည်းအတိုင်း ဟောတယ်၊ ကိုယ်တိုင်သိပြီးမှ သူများတွေလဲ ကိုယ့်လိုသိအောင် ဟောတယ်၊ မြတ်စွာဘုရားကိုယ်တိုင် သစ္စာလေးပါးတရားတွေ ကိုယ်တိုင် သိအောင်လို့ ကျင့်ခဲ့တယ်၊ ကိုယ်တိုင် သိအောင်လို့ ကျင့်ပြီး ကိုယ်တိုင် သိပြီးတော့မှ သိသင့် သိထိုက်တဲ့ ဝေနေယျသတ္တဝါတွေလဲပဲ ငါဘုရားကဲ့သို့ သိကြပါစေဟု သိပြီးတော့ အကျိုးများပါစေဟု ရည်ရွယ်ပြီးတော့ မြတ်စွာဘုရား တရားဟောတယ်၊ အဲဒါ နှလုံးသွင်းပြီးတော့ ကျင့်ပါတယ်တဲ့၊ ဒါလေးတွေ စဉ်းစားလို့ရှိရင် အင်မတန် ကြည်ညိုစရာ ကောင်းပါတယ်တဲ့။

ဘုရားနဲ့စပ်ပြီးတော့ ပီတိပါမောဇ္ဇတွေ သိပ်ဖြစ်စရာ ကောင်းတယ်၊ မြတ်စွာဘုရားတရားတွေ တို့ အားထုတ်နေရတာပဲလို့ မြတ်စွာဘုရားက ကိုယ်တိုင်သိပြီးတော့ ဟောထားတယ်တဲ့၊ ကိုယ်တိုင်သိပြီးတော့ ဟောတာလဲ တစ်ခြားကြောင့် မဟုတ်ဘူး၊ သိထိုက်သိသင့်တဲ့ ပုဂ္ဂိုလ်တွေ, ကျွတ်ထိုက် ကျွတ်သင့်တဲ့ ပုဂ္ဂိုလ်တွေ, သစ္စာလေးပါးတရားတွေ အမှန်အတိုင်း သိရအောင်လို့ ဟောတော်မူတယ်၊ အဲဒီလိုဟောတဲ့ တရားတွေ တို့ အားထုတ်နေရပါလားလို့ စဉ်းစားလိုက်ရင် ဝမ်းသာစရာ အင်မတန် ကောင်းတယ်၊ ပီတိပါမောဇ္ဇတွေ ဖြစ်ကို ဖြစ်နိုင်ပါတယ်။

ဗုद्ध္ဓေါ သောဘဂဝါ ဗောဓယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဗုद्ध္ဓေါ–သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည် ဖြစ်၍၊ ဗောဓယ–ဝေနေယျ သတ္တဝါ အပေါင်းတို့အား အလားတူစွာ သိကြပါစေခြင်း အကျိုးငှာ၊ ဗောဓယ–ငါတို့အားလဲ

သစ္စာလေးပါး အမှန်တရားကို ပြင်းခြားထင်ထင် သိမြင်ကြပါစေခြင်းအကျိုးငှာ၊ ဓမ္မံ–သစ္စာလေးတန် တရားအမှန်ကို၊ဒေသေတိ –ဂရုဏာ ရှေ့သွား ပညာအားဖြင့် ဟောကြားတော် မူခဲ့ပါပေ၏။

ဒီလို နလုံးသွင်းပါတယ်တဲ့၊ ဟုတ်လား၊ ကိုင်း–ကိုင်း .... ဒါလေး ဆိုကြဦးစို့၊ အလွန်ကြည်ညိုစရာ ကောင်းပါတယ်။

ဗုဒ္ဓေါ သောဘဂဝါ ဗောဓယ ဓမ္မံ ဒေသေတိ။ (ဆို–၃)

သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ–သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည် ဖြစ်၍၊ ဗောဓယ–ငါလို့အားလဲ အလားတူစွာ သိမြင်ကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ–သစ္စာလေးတန် တရားမှန်ကို ဒေသေတိ– ဂရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူပါပေ၏။

အဲ–မြတ်စွာဘုရားဟာ တရားဟောတယ်ဆိုတာ ကိုယ်တိုင်သိပြီးတဲ့တရား သူများတွေလဲ တို့လိုသိပါစေဟု ရည်ရွယ်ပြီးတော့ မသိသေးသော ပုဂ္ဂိုလ်တွေကို သနားသောအားဖြင့် ကရုဏာနှင့် ရှေ့ရှုပြီးတော့ ဟောထားတယ်၊ ဒီလိုဟောထားတဲ့ တရားတွေကို ငါတို့ အားထုတ်နေရတာပဲလို့ အကျင့်တွေ ကျင့်နေရတာပဲ မဟုတ်လား၊ သူများလို အပြောတွေမဟုတ်ဘူး၊ တို့ကိုယ်တိုင်ကို အားထုတ်နေရတာပဲ၊ အင်မတန် ဝမ်းသာစရာ ကောင်းတယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ၊ ဘုန်းကြီးများ တရားအားထုတ်တုန်းက စဉ်းစားမိတယ်၊ တရားအားထုတ်ပြီးတော့နေတော့ ကျောင်းနားဘာနား လူတွေ တရားအားထုတ်တုန်း လာကြသေးတာကိုး၊ သီချင်း တကြော်ကြော်နဲ့ သွားနေကြတယ်၊ ဒီလိုသွားနေတာလဲ ရှိသေးတာကိုး။

အဲဒါတွေကြားရတော့ ဘုန်းကြီးစိတ်ထဲ အောက်တော့အောက်မေ့ရတယ်၊ သူတို့အဆင့်အတန်း အတော်ကို မြင့်နေတာ ကိုး၊ သူများတွေ သီချင်းတောင် ဆိုနေသေးတယ်၊ တို့တရားတွေ အားထုတ်နေရလို့ သိပ်နေရာကျတာပဲ ဟုတ်လား၊ ဒါပေမယ့် တရားထဲ ဝါသနာမပါတဲ့ ပုဂ္ဂိုလ်တွေက စိတ်ပျက်တတ်တယ်၊ မြတ်စွာဘုရားလက်ထက်တုန်းက အဲဒီ ဝေသာလီပြည်က လိစ္ဆဝီမင်းသားတစ်ယောက် သူရဟန်းပြုပြီးတော့ သူတရားအားထုတ်တော့ ကျောင်းမှာတရားအားထုတ်နေတယ်၊ တရားအား ထုတ်နေတော့ တစ်နေ့သောအခါကာလကျတော့ အဲဒီဝေသာလီပြည်က ပွဲတော်ကြီး ကျင်းပတဲ့အခါကိုး မြန်မာပြည်မှာ တန်ဆောင်မုန်းလပြည့်တို့ ဘာတို့ နေမှာပေါ့၊ နက္ခတ်ပွဲသဘင်ကြီး ကျင်းပတယ်ဆိုတာကိုး။

နက္ခတ်ပွဲသဘင်ကြီးကျင်းပတော့ အဲဒီမှာ အတီး အမှုတ်အကအခုန်တွေ စုံနေမှာပေါ့၊ ဥပမာ အမျိုးသမီး, အမျိုးသား တွေ မိမိတို့ ပစ္စည်းဥစ္စာရှိသလောက် အလှအပ အတင့်အတယ်တွေ ပြုပြင်ပြီးသကာလ သွားကြလာကြ ဒီတော့ ပျော်ပါးကြတဲ့ အချိန်ကာလကြီးကိုး၊ ဆိုင်းသံဗုံသံတွေ တူရိယာအသံတွေ တည်ညံနဲ့ တောကျောင်းဆိုပေမယ့် မြို့နဲ့က သိပ်ဝေးနေပုံ မရဘူး၊ ကြားနေပုံရတယ်၊ အဲဒီတော့ အဲဒီကိုယ်တော်ကြီးက စဉ်းစားတယ်၊ သူကလဲ စဉ်းစားတယ်၊ လကလဲသာလို့၊ ကိုယ့်အရိပ်ကိုယ် ကြည့်ပြီးတော့ သူများတွေတော့ ဆိုင်းသံဗုံသံတွေ တည်ညံနဲ့ ပျော်စရာ ရှေးတုန်းက သူလဲ သွားဖူးလာဖူးတာကိုး၊ သူလဲ သွားဖူးလာဖူးတော့ သူ့မျက်စိထဲ မြင်နေတာကိုး၊ ရှေ့က တွေ့ဖူးကြုံဖူးတာ တွေကို သူကမြင်နေတယ်၊ သူများတွေ ဒီလိုသွား နေတယ်၊ သွားနေကျဆိုတော့ သူသိတယ်၊ အဲ–သူ့ကိုယ်သူကြည့်လိုက်တော့ လရောင်က အရိပ်နဲ့ဆိုတော့ ခေါင်းကလဲ ကတုံး နဲ့၊ ဟိုတုန်းကတော့ ဆံပင်နဲ့၊ အခုတော့ အခုကာလကလူတွေလိုပဲ၊ သိပ်မထူးဘူး၊ အခုကာလဆံပင်ကတော့ သိပ်မရှည်၊ ကတုံးတွေကများနေတော့ သိပ်မထူးလှ၊ ဟိုတုန်းကတော့ သိပ်ထူးတယ်၊ ကတုံးက ဘုန်းကြီးရဟန်းလောက်ရှိတာကိုး၊ လူတွေ ကတော့ ဆံပင်တွေနဲ့၊ အဲ–ခေါင်းကလဲ ကတုံးနဲ့၊ ဝတ်ပြီးတော့ ဝတ်ထားတဲ့အဝတ်ကလဲပဲ သင်္ကန်းနဲ့၊ အရိပ်ထဲကြည့်လိုက် တော့ သူဟာ လူအခြေအနေနဲ့ ကြည့်လို့ရှိရင် သူ့ဟာ ဘာမှ မတင့်တယ်ဘူးလေ၊ သပ်သပ်ရပ်ရပ် မရှိဘူး။

အဲဒါနဲ့ သူကဆိုတယ်၊ တို့ဟာ ဒီလိုပျော်ပွဲကြီးတွေ ကျင်းပနေတဲ့ အချိန်ကာလမှာ ဒီဘယ်သူမှလဲပဲ အဖော်အလှော် မရှိဘူး၊ ရှိတဲ့အနီးအပါးမှာ စောင့်ရှောက်မည့်ပုဂ္ဂိုလ်, ကူညီမဲ့ပုဂ္ဂိုလ်, အားပေးမည့်ပုဂ္ဂိုလ် ဘယ်သူမှလဲ မရှိဘူးတဲ့၊ ဘာနဲ့တူနေ သလဲဆိုတော့ တောထဲမှာ အသုံးမကျလို့ ပစ်ထားတဲ့ ထင်းခြောက်များလိုဖြစ်နေတယ်၊ ဘာမှ နေရာမကျဘူးဆိုပြီးတော့ စိတ်ပျက်ပြီးသကာလ ညည်းတယ်၊ ဒီကိုယ်တော်ကို နတ်ကနေပြီး အားပေးရဖူးတယ်၊ အဲ–အရှင်ဘုရားတို့လို ဥစ္စာဟာ အင်မတန် ကောင်းပါတယ်။

ဒေဝါပိ ပဟီယန္တိ–နတ်တွေက အင်မတန် အားကျနေပါတယ်၊ သူတော်ကောင်းတရားတွေ ကျင့်နေရတာ၊ အင်မတန် ကို အားကျနေတယ်။

နေရယိကာဝိယ သဂ္ဂဂါမိနာ–သတ္တဝါတွေ ငရဲကျနေတဲ့ပုဂ္ဂိုလ်လို ငရဲသားတွေကနေပြီး နတ်ပြည်က နတ်သား, နတ် သမီးတွေ လူ့ပြည်ကို တောင့်တနေသလိုပါပဲတဲ့၊ အရှင်ဘုရားတို့လို တရားအားထုတ် နေရတာဟာဖြင့် တပည့်တော်တို့ အများက နတ်တွေကပါ အင်မတန်ကို အားကျပါတယ်၊ အဲဒီလိုဟာမျိုး ကျင့်ရဲရင် အင်မတန်ကို အားကျစရာကောင်းပါတယ်၊ လိုလားတောင့်တနေပါတယ်၊ နတ်က အားပေးရတယ်၊ အားပေးတော့မှ စိတ်ကလေးတက်သွားတယ်။

အဲဒါ သေချာစွာ စဉ်းစားကြည့်၊ တရားကျင့်သုံးနေရတာ အင်မတန် အားတက်စရာ ကောင်းတယ်၊ သူတစ်ပါးတွေမှာ ဒီလိုကိုတရားတွေ အပိုင်ပိုင်အနိုင်နိုင် နှလုံးမသွင်းနိုင်သေးဘူး၊ စားရေး, သောက်ရေး နေထိုင်ရေးနဲ့ ပျော်ရေး, ပါးရေးဘက်က နေပြီးတော့, အချိန်တွေဖြုန်းပြီးတော့ နေကြတယ်၊ လောကကြီး ထဲမှာ ဒါတွေမလုပ်ဘဲနဲ့ ကိုယ်ရေးကိုယ်တာအလဲတစ်ခါတည်း သံသရာဝဋ္ဋဆင်းရဲမှ ကျွတ်လွတ်ထွက်ရအောင် သံသရာဝဋ္ဋဆင်းရဲတွေ မတွေ့ဘဲနဲ့သံသရာဝဋ္ဋဆင်းရဲမှ ငြိမ်းမည့်နိဗ္ဗာန်ရအောင် အင်မတန်အဆင့်အတန်းမြင့်တဲ့ တရားတွေကျင့်ကြံအားထုတ်ရတယ်၊ မြတ်စွာဘုရား သစ္စာလေးပါးတရားကို ကိုယ်တိုင်သိပြီးတော့ မလွဲနိုင်တဲ့တရားတွေ ဟောထားတယ်၊ အဲဒီ မလွဲနိုင်တဲ့တရားကို ငါတို့ အားထုတ်နေရတာပဲလို့ နှလုံးသွင်းလိုက်ရင် အားထုတ်ရင် ပီတိပါမောဇ္ဇတွေဖြစ်ပြီး အားတက်လာပြီး–

ဗုဒ္ဓေါ သောဘဂဝါ ဗောဓယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ–ထိုဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ–သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည်ဖြစ်၍၊ ဗောဓယ–ငါတို့အားလည်း သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်ကြပါစေခြင်းအကျိုးငှာ၊ ဓမ္မံ–သစ္စာလေးတန်တရားမှန်ကို၊ ဒေသေသိ–ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားဩဝါဒပြုတော်မူခဲ့ပါပေသတည်း။

သန္တော သောဘဂဝါ သမထာယ၊ ဓမ္မံဒေသေတိ။

သောဘဂဝါ–ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည်၊ သန္တော–ကိလေသာ အဆိပ်အတောက်ကင်းဝေးလျက် ယဉ်ကျေးသိမ်မွေ့တော်မူပြီးသည်ဖြစ်၍၊ သမထာယ–ငါတို့အားလည်း အလားတူစွာ ယဉ်ကျေးသိမ်မွေ့ကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ–သစ္စာလေးတန် တရားမှန်ကို၊ ဒေသေတိ–ဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

အဲ–မြတ်စွာဘုရား တရားကျင့်သုံးအားထုတ်လို့ လောဘ, ဒေါသ, မောဟ အစရှိသော မယဉ်ကျေးတဲ့ အကုန်လုံး အဆိပ်အတောက်တွေ၊ လောကမယဉ်ကျေးဘူး ရိုင်းစိုင်းတယ်ဆိုတာ သူတို့ပဲ၊ ဒါတွေအကုန်လုံး ငြိမ်းသွားပြီးတော့ကာ ယဉ်ကျေးသိမ်မွေ့မှုတွေ အကုန်လုံးရှိနေတာကိုး၊ ကိုယ်အမှုအရာ, နှုတ်အမှုအရာ, စိတ်အမှုအရာ ဘယ်ကမှ ရိုင်းတဲ့သဘောမရှိဘူး၊ အကုန်လုံး ယဉ်ကျေးပြီး ပြည့်စုံတဲ့အခါ ကာလကျတော့ မိမိကဲ့သို့ပင် ကိလေသာ အဆိပ်အတောက်တွေ ကင်းပြီးတော့ ယဉ်ကျေးသိမ်မွေ့ ပြီးတော့ မြတ်စွာဘုရား ဒီလို တရားတွေ ဟောထားခဲ့တယ်၊ အဲဒီတရားတွေ တို့အားထုတ်နေရတယ်လို့ နှလုံးသွင်း လိုက်ရင် ဝမ်းမြောက် ဝမ်းသာ ဖြစ်ဖို့ သိပ်ကောင်းတယ်။

သန္တော သောဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ–ငါတို့အများ၏ အားထား ကိုးကွယ်ရာ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ သန္တော–ကိလေသာ အပူမီး ငြိမ်းအေးတော်မူပြီးသည်ဖြစ်၍၊ သမထာယ–ငါတို့အားလည်း အလားတူ ငြိမ်းအေးကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ–။လ။ ကို၊ ဒေသတိ။ပ။သတည်း။

အဲ ကိလေသာတွေ ဆိုတာ မီးတွေပဲတဲ့၊ ကိလေသာတွေကို မီးမှန်းလဲ မသိဘူးပေါ့၊ နေပူထဲမှာ နေထိုင်သွားလာနေရတဲ့ ပုဂ္ဂိုလ်တွေဟာ နေပူလို့ပူမှန်းမသိဘူး၊ အရိပ်ထဲကအအေးထဲကနေတဲ့ ပုဂ္ဂိုလ်အနေနဲ့တော့ ပူမှန်းသိတာပေါ့၊ အဲဒီလိုပဲ ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေ ကိလေသာတွေနဲ့ နေရတာကိုက သူဟာ ကောင်းသလိုလို ဖြစ်နေတယ်၊ ကိလေသာတွေ မရှိလို့ရှိရင် ခြောက်သွေ့သလိုလို၊ လောဘလေးတွေနဲ့ လောဘတွေဖြစ်ပြီး သာယာနေရတာ ကောင်းတယ်လို့ အောက်မေ့နေရတာ၊ ဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်ကလဲ သူ့ဒေါသနဲ့သူ အနေကတော့ ကောင်းသလိုလို ဖြစ်နေတာပဲ၊ အဲ မာနကလဲ သူ့ဟာသူ အထင်အမြင်ကြီးနေတာ ကောင်းသလိုလို ဖြစ်နေတာ။

အဲ ဒီကိလေသာတွေနဲ့ ကောင်းတယ်လို့ အောက်မေ့တယ်၊ မိစ္ဆာဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိကလဲ ကိုယ့်အယူနဲ့ ကိုယ့်ဟာလေး သူကလဲ ကောင်းနေတာပဲ၊ သူ့အယူနဲ့သူ ကောင်းနေတယ်၊ ဒါလေးပျက်သွားမှာ သူက စိုးရိမ်နေတယ်၊ အဲဒီ ကိလေသာတွေဟာ အပူမီးတွေပဲတဲ့၊ လောင်နေတာ လောကတွင်လဲပဲ ပူမှန်းမသိပူနေတယ်၊ နောင်သံသရာဘဝတွေမှာလဲပဲ အပါယ်ငရဲကို ပစ်ချပြီးသကာလ အင်မတန် ပူလောင်စေတတ်တဲ့ တရားတွေတဲ့။

အင်မတန်ဆိုးတဲ့တရားတွေ အဲဒီ ကိလေသာအပူမီးတွေ မြတ်စွာဘုရားက အကုန်လုံး ငြိမ်းအေးအောင်ကျင့်တာ ငြိမ်းအေးပြီး အကုန်လုံးငြိမ်းလို့ အပူမီးတွေငြိမ်းလို့၊ သတ္တဝါတွေမှာ မီးတွေတဟုန်းဟုန်း လောင်နေတယ်၊ မျက်စိကလဲပဲ အာဒိတ္တသုတ်မှာ လာတဲ့အတိုင်းပဲ မျက်စိကလဲပဲ မီးတွေလောင်နေတယ်၊ လောဘ, ဒေါသ, မောဟမီးတွေ ဇာတိ, ဇရာ, ဗျာဓိ, မရဏ အစရှိသော ၁၁–ပါးသောမီးတွေ လောင်ပြီးတော့နေတယ်၊ အဆင်းအာရုံတွေကြောင့်လဲလောင်၊ မြင်မှု, ကြားမှုတွေကြောင့်လဲ

လောင်နေတယ်၊ စက္ခုစသည့် ဒွါရ ၆–ပါးက တစ်ခါတည်း ရာဂ, ဒေါသ, မောဟ အစရှိသော ၁၁–ပါးသော မီးတွေဟာ တည်းညီးနဲ့ တောက်လောင်ပြီးနေတဲ့ လောကကြီးမှာ အဲဒါ ရာဂ, ဒေါသ, မောဟ အစရှိသော ကိလေသာမီးတွေ ငြိမ်းအေး အောင်လို့ မြတ်စွာဘုရားက ဟောထားခဲ့တာကိုး၊ အဲဒီ ဟောထားခဲ့တဲ့ ၁၁–သီးသော မီးတို့၏ ငြိမ်းအေးရာမှန် ပြည်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်ရပါစေလို့ ရေစက်ချတဲ့အထဲမှာပါတယ်၊ ဆရာတော်တွေကလဲ ချ,ချသွားပါတယ်၊ အဲဒီ မီးငြိမ်းအောင်လို့ မြတ်စွာဘုရားဟောထားခဲ့တာ။

သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ သန္တော–ကိလေသာ အပူမီးငြိမ်းအေးတော်မူပြီးသည် ဖြစ်၍၊ သမထာယ–ငါတို့အားလည်း အလားတူစွာ ငြိမ်းအေးပါစေခြင်းအကျိုးငှာ၊ ဓမ္မံ....ကို၊ ဒေသေတိ...သတည်း။

တိဏ္ဏော သောဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ–သည်၊ တိဏ္ဏော–သံသရာဝဋ္ဋဆင်းရဲ ဝဲသြဃရေအယဉ်ကို ကျော်လွန် ကူးမြောက်ပြီးသည်ဖြစ်၍၊ တရဏာယ–ငါတို့အားလည်း အလားတူစွာ ကူးမြောက်နိုင်ကြပါစေခြင်းအကျိုးငှာ၊ ဓမ္မံ–သစ္စာလေးတန်တရားမှန်ကို၊ဒေသေတိ –ကရုဏာရှေ့သွား ပညာအားဖြင့် ဟောပြည္ဆန်ကြားတော်မူခဲ့ပါပေသတည်း၊ သံသရာဝဋ္ဋဆင်းရဲတွေ ကိလေသာတွေ မကင်းသေးရင် သံသရာထဲ ခဏ–ခဏဖြစ်ရမယ် ဖြစ်ရာဘဝမှာ အိုရ–နာရ–သေရ၊ အကြောင်းမည်ညွှတ်လို့ရှိရင် အပါယ်လေးပါးကျ၊ ၎ရဲ့ တိရစ္ဆာန် ပြိတ္တာ အပါယ်လေးပါးတွေ ကျပြီးတော့ ဝဲသြဃရေအယဉ်နဲ့တူတယ်တဲ့၊ အဲဒီ ဝဲသြဃရေအယဉ် ရေထဲကျနေတဲ့ပုဂ္ဂိုလ် ရေပေါ်ကလွန်မြောက် ကုန်းပေါ်ရောက်လို့ရှိရင် အောင်မြင်သွားသလိုပဲ။

သံသရာဝဋ္ဋဆင်းရဲတွေက လွန်မြောက်ပြီး နိဗ္ဗာန်တည်းဟူသော ကုန်းမြတ်စွာဘုရား ရောက်တယ်၊ မြတ်စွာဘုရား ရောက်တော်မူတယ်တဲ့၊ အဲဒီလို ရောက်ပြီးတော့နေတဲ့ မြတ်စွာဘုရားက ငါကဲ့သို့ပဲ ဝေနေယျသတ္တဝါ အပေါင်းတွေ သံသရာ ဝဲသြဃကြီးက လွတ်မြောက်ပြီးတော့၊ နိဗ္ဗာန်–ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်ကြပါစေလို့ ရည်ရွယ်ပြီးတော့ ဒီတရားတွေ ဟောထားခဲ့တာပဲ၊ ဟောထားတဲ့တရားတွေ ငါတို့ ယခုလက်တွေ့အားထုတ်နေရတယ်လို့ အဲဒီလို အာရုံပြုလိုက်ရင် ဝမ်းမြောက်ဝမ်းသာတွေဖြစ်ဖို့ သိပ်ကောင်းပါတယ်၊ ပီတိပါမောဇ္ဇတွေ ဖြစ်နိုင်ပါတယ်။

ပရိနိဗ္ဗုတော သောဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ပရိနိဗ္ဗုတော–ဆင်းရဲခပ်သိမ်းငြိမ်းတော်မူသည်ဖြစ်၍၊ ပရိနိဗ္ဗာနာယ–ပြတ်ငြိမ်းခြင်းအကျိုးငှာ၊ နိဗ္ဗာနာယ–ငါတို့အားလည်း အလားတူစွာ ဆင်းရဲခပ်သိမ်းငြိမ်းကြ ပါစေခြင်းအကျိုးငှာ၊ ဓမ္မံ–သစ္စာလေးတန်တရားမှန်ကို၊ ဒေသေတိ–ကရုဏာ ရှေ့သွား ပညာအားဖြင့် ဟောပြည္ဆန်ကြားတော်မူခဲ့ပါပေသတည်း။

အဲ–မြတ်စွာဘုရားက ကိုယ်တိုင်ကျင့်လို့ ကိလေသာကင်းသဖြင့် ဘဝသံသရာတွေ နောက်မဖြစ်ရအောင်, မအိုရအောင်, မနာရအောင်, မသေရအောင် သံသရာ ဝဋ္ဋဆင်းရဲတွေ ရှိသမျှတွေဟာ အကုန်လုံး ငြိမ်းနေပြီ၊ အဲ–ဘုရားကိုယ်တိုင် ငြိမ်းသလိုပဲ၊ ကျွတ်သင့် ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေ, ဝေနေယျ သတ္တဝါတွေငြိမ်းအောင်လို့ မြတ်စွာဘုရားက တရားတွေ ဟောထားခဲ့တယ်တဲ့၊ သတ္တဝါတွေ သနားတော်မူလို့ နိဗ္ဗာန်ရောက်ပြီးတော့ တရား မဟောဘဲနဲ့ ဒီတိုင်း ပရိနိဗ္ဗာန်ပြုသွားလဲ ပြီးတာပါပဲ၊ ဒါတော့ အဲဒါလို သက်သက်သာသာလေးနဲ့ ပရိနိဗ္ဗာန် မပြုသေးဘဲနဲ့ ၄၅–ဝါ ကာလပတ်လုံး နေ့ရော ညရော မပြတ်မစဲ တရားတွေ ဟောပြီးတော့သွားတယ်။

ဒါဟာ ဘာအတွက်တုံးဆိုလို့ရှိရင် ကျွတ်သင့်ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေ ဒီလိုမှ ဘုရားတရား မဟောလို့ရှိရင် နည်းလမ်းမရတော့ မကျင့်နိုင်ဘူး၊ အဲဒီလိုပုဂ္ဂိုလ်တွေ နည်းလမ်းရပြီးတော့ ကျင့်နိုင်အောင်လို့ မြတ်စွာဘုရားက ၄၅–နှစ်ကာလပတ်လုံး ဟောသွားခဲ့တယ်တဲ့၊ အဲဒီလို ဟောသွားခဲ့တဲ့ တရားတွေကို မိမိကိုယ်တွေ, လက်တွေ့ကျင့်ရတယ်၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့တရားတွေ ဆွေးနွေးရုံ, ပြောဆိုရုံ, ဒီလိုတင် မဟုတ်သေးဘူး၊ ကိုယ်တွေ့လက်တွေ့ကို တကယ်တန်း ကျင့်ပြီးနေရပြီ၊ တို့ကျင့်တဲ့အကျင့် ရောက်နေပြီ၊ တရားမတိုးတက်သေးတာ ကတော့ မတိုးတက်သေးဘူးပေါ့၊ သို့သော်လည်း တက်သလောက်လည်း တက်နေမှာပါပဲ။

အဲဒါ တက်သလောက်ကလေး ပြန်စဉ်းစားလိုက်၊ အင်းဒီတရားတွေ တို့ကျင့်ရကြ၊ရလို့ ဘယ်လောက်တော့ တိုးတက်လာပြီ၊ ဘယ်လိုတော့ ဖြစ်လာပြီ၊ ရှေ့လျှောက်ပြီးသကာလ တရားတွေကတော့ တိုးတက်သွားမှာပဲ၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ တရားတွေ တို့တွေ့ရတော့မှပဲလို့ ယုံကြည်စိတ်ချပြီးသကာလ ဒီမှာ အားထုတ်ရမှာကိုး၊ အဲဒီလို နှလုံးသွင်းရင် ပီတိပါမောဇ္ဇတွေ ဖြစ်နိုင်ပါတယ်၊ ဒါဟာ ကြည်ညိုဖွယ်ဖြစ်တဲ့ သုတ္တန်တွေပဲ၊ အဲ–ခုနက ပရိဗိုဇ်ကို ဒီလိုစဉ်းစားသင့်ပါတယ်လို့ အဲဒါ မေးပြီးတော့ မေးတဲ့အခါ ကာလကျတော့ ပရိဗိုဇ်ကနေပြီး မြတ်စွာဘုရားကို တောင်းပန်ပါတယ်၊ တောင်းပန်ပြီးတော့ မြတ်စွာဘုရားက အားပေးတရားတွေ၊ ဟောပါသေးတယ်၊ အားပေးတရားတွေကတော့ ရှည်နေတော့ အတိုချုပ် ပြောရမယ်ဆိုရင်တော့။

ဧတု ဝိညုပုရိသော အသဒ္ဓော အမာယာဝီ ဥဒုဏာတိကော။

အသဒ္ဓော–စဉ်းလဲခြင်းမရှိသော၊ အမာယာဝီ–လိမ်လည် ကောက်ကျစ်ခြင်း မရှိသော၊ ဥဒုဏာတိကော–ဖြောင့်မတ်သော သဘောရှိသော၊ ဝိညုပုရိသော–ပညာရှိပုဂ္ဂိုလ်သည်၊ ဧတု–လာလှည့်ပါ၊ ယထာနုသိဋ္ဌံကဌာပတိသစ္စ မန္တော–ငါဘုရား ဆုံးမသည့်အတိုင်း ကျင့်ကြံခဲ့သည်ရှိသော်၊ ရသဌာရ ကုလပုတ္တ အနာဂါရသမံ ပဗ္ဗဇ္ဇန္တိ–အကြင်အကျိုးဌာ အမျိုးကောင်းသားတို့သည် အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၍ ရဟန်းပြု၍ ကျင့်သုံးကြလေကုန်၏၊ တဒနုတ္တရဗြဟ္မစရိယံ–အလွန်အကဲ အမြင့်မြတ်ဆုံးဖြစ်သော ထိုမြတ်အကျင့် အဆုံးဖြစ်သော တရားကို၊ အလွန်အကဲ အမြင့်မြတ်ဆုံးဖြစ်သော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်တရားကို၊ သယံ အဘိညာယ–ကိုယ်တိုင်သိ၍၊ သစ္ဆိကတ္တာ–မျက်မှောက်ပြု၍၊ ဥပသမ္ပဇ္ဇ–ဆိုက်ရောက်၍၊ သတ္တဝဿာနိ–၇ နှစ်အတွင်းတွင်၊ သတ္တာယံ ၇–ရက်အတွင်း၌၊ ဝိဟရိဿတိ–နေရပါလိမ့် မည်တဲ့။

မြတ်စွာဘုရားက အားပေးတရား ဟောသွားတယ်၊ လာခဲ့ပါတဲ့၊ အသဒ္ဓော–မကောက်ကျစ်ရဘူး၊ မစဉ်းလဲရဘူး၊ အမာယာဝီ–လိမ်လည် ကောက်ကျစ်ခြင်းမရှိဘူး၊ မာယာနဲ့ သာဒ္ဓေယျဆိုတာ ၂–ခုရှိတယ်၊ ဟိုကောက်ကျစ်တယ်ဆိုတာက စဉ်းလဲတယ်ဆိုတာက ကိုယ့်မရှိတဲ့ ဂုဏ်မဟုတ်ဘဲနဲ့ ဂုဏ်လုပ်ချင်တာက အဲဒါက စဉ်းလဲတယ်လို့ခေါ်တယ်၊ ကောက်ကျစ်တယ်ဆိုတာကတော့ ကိုယ့်မှာရှိတဲ့အပြစ်တွေကို ဖုံးကွယ်ထားတာ၊ မရှိတဲ့ဂုဏ်တွေတော့ ဖော်ချင်တယ်၊ ဒါက သာဒ္ဓေယျ–စဉ်းလဲတာ၊ ဟိုဟာကတော့ လိမ်လည်ကောက်ကျစ်တာ၊ ဟိုဟာက မာယာဆိုတာကတော့ ကိုယ့်မှာရှိတဲ့ အပြစ်တွေကို ဖုံးကွယ်ထားတယ်၊ အပြစ်ရှိရဲ့သားနဲ့ အပြစ်မရှိဟန်ဆောင်နေတယ်။

အဲသလို မဟုတ်ဘဲနဲ့ပေါ့လေ၊ ကိုယ်မရှိတဲ့ဂုဏ်လဲ ဟန်ဆောင်ပြီးသကာလ ပြောလိုတဲ့စိတ်မရှိဘူး၊ ပြလိုတဲ့စိတ်မရှိဘူး၊ ကိုယ့်ရှိတဲ့ အပြစ်လဲ ဖုံးကွယ်လိုတဲ့စိတ် မရှိဘူး၊ အဲဒါ ဖြောင့်မတ်တဲ့ပုဂ္ဂိုလ် စိတ်သဘော ဖြောင့်မတ်တဲ့ပုဂ္ဂိုလ်၊ သူရှားတယ်၊ ဒီလိုဟာ သူတော်ကောင်းတွေမှ ရှိတယ်၊ လူတိုင်း, လူတိုင်း ရှိတာ မဟုတ်ဘူး၊ ဒါ–အင်မတန်ကောင်းတဲ့ဥစ္စာတွေ ဒါ ၂–ခုပြည့်ခဲ့လို့ရှိရင် တရားရမည့် ပုဂ္ဂိုလ်တွေပဲ။

အေး–မဟုတ်တဲ့ဟာကို ကိုယ်မဟုတ်တဲ့ဂုဏ်လုပ်ပြီးသကာလ မပြလိုဘူး၊ ကိုယ့်မှာရှိနေတဲ့ အပြစ်လဲ ဖုံးကွယ်မထားလိုဘူး၊ (လူတိုင်း–၂)တော့ လျှောက်ပြီးတော့ ဘယ်ဖြစ်မလဲ၊ ကိုယ်နဲ့ သီတင်းဖော် သမဂ္ဂပုဂ္ဂိုလ်ကို ပြောရတယ်၊ ရန်သူအဖြစ် ပြုချင်တဲ့ပုဂ္ဂိုလ်ကို သွားပြောလို့ရှိရင် ဒုက္ခဖြစ်ရောပေါ့၊ ကိုယ့်အပြစ်တွေ နေရာတကာပြောဖို့ ပြောတာမဟုတ်ဘူး၊ အပြစ်ဝန်ခံဆိုတာက တွေ့ကရာ လျှောက်ဝန်ခံရမှာ မဟုတ်ဘူး၊ ကိုယ့်ဆရာသမားတွေ, ကိုယ့်မိတ်ဆွေတွေ ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေသာ ဝန်ခံရမှာ၊ ရန်လိုနေတဲ့ပုဂ္ဂိုလ် ကြော်ငြာချင်တဲ့ပုဂ္ဂိုလ် သွားပြောလို့ရှိရင် ခက်ကရော၊ သတင်းစာထဲများထည့်လိုက်ရင် ပြီးပါလေရော၊ သူ့ဥစ္စာကတော့ ယခုကာလ သတင်းစာတွေက ပေါပါဘိသနဲ့ ကြောက်စရာအလွန်ကောင်းတယ်၊ ဒါက ဆရာသမား သတင်းသုံးဖော်တွေ၊ မိတ်ဆွေအချင်းချင်း ပြောဖို့ရာ ပြောသင့်ပြောထိုက်တဲ့ ပုဂ္ဂိုလ်ပြောရမှာ ဒါကိုပြောတာ၊ သီတင်းသုံးဖော်တွေ၊ ဆရာသမားတွေထံမှ အပြစ်ရှိရင် ဒါကိုပြောရတယ်၊ မဟုတ်ရင် မဟုတ်တဲ့အတိုင်း၊ အဲဒါ ဝန်ခံရတယ်။

အဲဒါဟာ ဖြောင့်မတ်တဲ့ ပုဂ္ဂိုလ်ပဲ၊ အဲဒီလို ဖြောင့်မတ်တဲ့ ပုဂ္ဂိုလ်လာခဲ့ပါတဲ့၊ မြတ်စွာဘုရားက ဖြောင့်မတ်တဲ့ ပုဂ္ဂိုလ်လာခဲ့၊ ဒီမှာကြည့်ပါ၊ ယထာနုသိဋ္ဌं–ငါဘုရားဆုံးမတဲ့အတိုင်း၊ ပတိသစ္စမန္တော–ဆုံးမတဲ့အတိုင်း တစ်သဝေမတိမ်းကျင့်ကြည့်ပါတဲ့၊ ကျင့်ရင်ဘာဖြစ်မလဲ အေး–အမျိုးကောင်းသားတွေဟာ အရဟတ္တမဂ် အရဟတ္တဖိုလ် ရည်ရွယ်ပြီးတော့ သာသနာ့ဘောင် ရဟန်းပြုပြီးတော့ တရားကျင့်ပါတယ်၊ အဲဒီ အရဟတ္တမဂ်, အရဟတ္တဖိုလ်ဆိုတဲ့ တရားမြတ်တွေ၊ အမြတ်ဆုံးဖြစ်တဲ့တရားကို ကိုယ်တိုင်ရောက်ပြီး ကိုယ်တိုင်တွေ့ပြီး နေကြရမှာတဲ့။

ဘယ်လောက်ကြာအောင် အားထုတ်ရမလဲဆိုတော့ ခုနစ်နှစ်အားထုတ်ပါတဲ့၊ ခုနစ်နှစ်ဆိုတော့ ကြောက်လိမ့်မယ်၊ ခုနစ်နှစ်မပြောနဲ့ သာသနာ့ရိပ်သာ တစ်လလောက်တောင် တယ်မလာချင်ကြဘူး၊ ဒိန်းမှာ အလုပ်တွေမအားဘူးဆိုပြီး မြတ်စွာဘုရားကလျှော့တယ်၊ ခုနစ်နှစ်မဟုတ်ရင်လဲ ခြောက်နှစ်အားထုတ်ပါတော့၊ ခြောက်နှစ်များရင် ငါးနှစ်, လေးနှစ်, သုံးနှစ်, နှစ်နှစ်, တစ်နှစ်, တိုးလျှော့လာပါတယ်၊ သူတို့က ဈေးလဲဆစ်တယ်၊ ဘုရားကလဲ လျှော့လျှော့ပေးနေရတယ်၊ တစ်နှစ်ဆိုလဲ အများကြီး ရှိသေးတာကိုး၊ ဒါဖြင့် ခုနစ်လတဲ့၊ နောက် ခြောက်လ, ၅–၄–၃–၂–၁–လ၊ တစ်လလဲ များပါသေးတယ်ဆိုတော့ ဘုရားကတော့ ၁၅–ရက်လျှော့လိုက်တယ်၊ ၁၅–ရက်တောင် များသေးတယ်ဆိုတော့ ၇–ရက်ပါပဲ။

ခုနစ်ရက်၊ အဲဒီ ခုနစ်ရက်ကျင့်ပါတဲ့၊ ခုနစ်ရက်တော့ သိပ်မများပါဘူး၊ ခုနစ်ရက်တော့ မများပါဘူး၊ အဲဒါ ခုနစ်ရက်အတွင်းမှာပဲ ရပြီးသကာလ နေနိုင်ပါတယ်တဲ့၊ ဘုရား ဒီသာသနာမှာ ပရိဗိုဇ်တွေဆိုတာ ပရိဗိုဇ်တွေ သူတို့ပရိဗိုဇ်ကျင့်ဝတ်တွေ ကျင့်တာတော့ ကြာလှမှပဲ၊ သူနှစ်ပေါင်းများစွာ ကြာလှပြီး ဘာမျှလဲ ဖြစ်တာ မဟုတ်၊ ကိုယ်တိုင်လဲ ဘာမျှဖြစ်တာ မဟုတ်၊ ဒါပေမယ့် ငယ်ငယ်ကတည်းကစပြီးတော့ သူ့ကို ဆရာသမားအဖြစ်နဲ့ ကိုးကွယ်လာ၊ အယူဝါဒတွေကလဲ စွဲလမ်းလာပြီဆိုတော့ ခဲယဉ်းပါတယ်၊ ဖျောက်ဖို့ရာ အင်မတန်ခဲယဉ်းတယ်၊ ဒီလိုဥစ္စာမျိုးက စွဲလမ်းမိမှုဖြင့် အယူဆိုတာ အင်မတန် ကြောက်စရာ အင်မတန် ကောင်းတယ်၊ သူက စပြီးသကာလ ငယ်ငယ်ကတည်းက စွဲလမ်းမိလျှင် တော်တော့်ကို ဖျောက်လို့မရဘူး။

ကြောက်စရာကောင်းတဲ့ဥစ္စာ မိစ္ဆာဒိဋ္ဌိ ဘေးကြီးဆိုတာ အင်မတန်ကြောက်စရာကောင်းတယ်၊ အဲဒီပုဂ္ဂိုလ်တွေ မြတ်စွာဘုရားက ၇–ရက်ကျင့်ကြည့်ပါတဲ့၊ ကျင့်ကြည့်လို့ရှိရင် ဒီတရားအကြောင်း သိနိုင်ပါတယ်၊ ဒါရောက်မည့်ပုဂ္ဂိုလ်ပေါ့လေ၊ ပုဂ္ဂိုလ်တိုင်း–ပုဂ္ဂိုလ်တိုင်းတော့ ၇–ရက်ရမှာ မဟုတ်ပေဘူး၊ ဒါပေမယ့်လို့ အဲဒီပရိသတ်ထဲတုံးက မြတ်စွာဘုရားဟောတဲ့ တရားတော်မြတ်မည်သူမှ ထွက်ပြီး အားထုတ်မဲ့ပုဂ္ဂိုလ် မရခဲ့ဘူး၊ အဲဒီပရိသတ်မှာ မရဘူး၊ မရပေမယ်လို့ သူတို့အထဲမှာ စွဲမြဲတာတော့ ကျန်သွားတာပေါ့၊ ဒီလို–ဒီလို တရားတွေ ရှိတယ်။

အဲဒီလောက်တော့ ဝါသနာ ပါရမီတော့ ဖြစ်သွားတယ်၊ အဲဒါကြောင့် မြတ်စွာဘုရားက ဟောတယ်၊ မြတ်စွာဘုရားက ဒီတော့မှ သူတို့စိတ်တွေ, အတွင်းစိတ်ဓာတ်တွေ ဆင်ခြင်ကြည့်လိုက်တော့ ဒီသတ္တဝါတွေကတော့ ကိလေသာမာန်ဖြင့် သူတို့အပေါ်မှာ လွှမ်းမိုးနှိပ်စက်နေတာပဲ၊ ကိလေသာမာန်တွေ ကာမ တေ ပဌမာသေနာ–အစရှိတဲ့ မာန်တွေခေါ်တယ်။

ကိလေသာ ကာမစိတ်တွေကစပြီး ကိလေသာတွေဖြစ်တာ အားကြီးနေလို့ရှိရင် တရားဆိုတာ မသက်ဝင်နိုင်ဘူး၊ အဲဒီမာန်စစ်သည်တွေ ကိလေသာ မာန်တွေက လွှမ်းမိုး နှိပ်စက်ပြီးတော့ နေတယ်၊ ဒီသတ္တဝါ တွေဟာ တကယ်ဆိုတော့ ၇–ရက်လောက်ဟာ ဘာမှမကြာဘူး၊ ၇–ရက်လောက်ဖြင့် တို့စမ်းကြည့်ဦးမယ်လို့ ဒီလိုစိတ်ကလေးတောင် မဖြစ်ကြဘူး၊မြတ်စွာဘုရားကဆိုပြီးတော့ မြတ်စွာဘုရား တန်ခိုးပြာဋိဟာတွေ ပြပြီးတော့ ကျောင်းတော်ကို ပြန်သွားပါတယ်။

အဲဒီသုတ်မှာလာတာတဲ့ အဲဒီတော့ အခုဒီမှာ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်၏အနေနဲ့ စဉ်းစားလို့တော့ သြော်–ပထမကတည်းက အယူအဆတွေ တစ်မျိုးတစ်မည် ဖြစ်သွားလို့ရှိရင် မြတ်စွာဘုရား ကိုယ်တော်တိုင် ရဲရဲရင့်ရင့်နှင့် ဝန်ခံပြီးတော့ ဟောတဲ့တရား အားမထုတ်နိုင်ကြဘူး၊ ၇–ရက်လောက်တောင်မှ အစမ်းသဘော အားမထုတ်နိုင်ဘူး၊ အားမထုတ်နိုင်ကြဘူး၊ အဲဒီတော့ ငါတို့မှာ အင်မတန် ကံကောင်းနေတာပဲ၊ ဘယ်သူမှ ဘုရားကိုယ်တိုင်လည်း မတိုက်တွန်းရဘူး၊ ဘယ်သူမှ မတိုက်တွန်းရဘဲနဲ့ ကိုယ့်ဟာကိုယ် အားထုတ်ချင်တဲ့ စိတ်ဆန္ဒတွေလဲ ဖြစ်လာတယ်။

ဒီဆန္ဒတွင် ဖြစ်တာ မဟုတ်ဘူး၊ တကယ်အားထုတ်နေရပြီ၊ အင်မတန်ကို ကံကောင်းတာပဲ၊ ဝမ်းသာစရာ အင်မတန်ကောင်းတာပဲ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ သိပ်အားရစရာကောင်းတယ်၊ ဒါကြောင့် အဲဒီလို ကြည်ညိုဖွယ်ဖြစ်တဲ့ သုတ္တန်တွေဆင်ခြင်ပါတဲ့၊ ဟုတ်လား၊ ကြည်ညိုဖွယ်ဖြစ်တဲ့ သုတ္တန်တွေက မကုန်သေးဘူး၊ နောက်လည်း ပြောရဦးမယ်၊ နာရီကလေးနာရီတောင် ခွဲသွားပြီ၊ ဒီတော့ သိမ်းဦးမှဖြစ်မယ်၊ ကဲ–ကဲ ယနေ့တော့ သိမ်းဦးမှပဲ။

ကြည်ညိုဖွယ် ညွှန်ကြား သုတ္တန်များ စဉ်းစားဆင်ခြင်ပါ။

ကြည်ညိုဖွယ်ညွှန်ကြားတဲ့ သုတ္တန်တွေ ပီတိပါမောဇ္ဇအဖြစ်နဲ့ နေတဲ့အခါမှာ ဆင်ခြင်ကြည့်ပါ၊ ဆင်ခြင်လိုက်တဲ့အခါမှာ ပီတိပါမောဇ္ဇတွေဖြစ်ပြီးတော့ တရားအားထုတ်ချင်တဲ့ စိတ်ဆန္ဒတွေ တက်လာပါလိမ့်မယ်၊ ကိုင်း–ကိုင်း ဆို။

ကြည်ညိုဖွယ် ညွှန်ကြားသုတ္တန်များ စဉ်းစားဆင်ခြင်ပါ။ (ဆို–၃)

ဒီနေ့ ရောက်သွားမလား အောက်မေ့တယ်၊ မရောက်ဘူး၊ ကုန်သွားပြီ၊ ဒီနေ့သိမ်းဦးမှ၊ ဤပီတိသမ္ဗောဇ္ဈင် တရားကို ရှိသေစွာနာခံမှတ်သားရသော ဓမ္မသဝနဥက္ကဋ္ဌကုသိုလ် စေတနာကံ၏ အစွမ်းအာနုဘော်တို့ကြောင့် ယခုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မိမိတို့သန္တာန်၌ ဗောဇ္ဈင်တရားတို့ကို ပွားများအားထုတ်နိုင်ကြ၍ ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု။

ပီတိသမ္ဗောဇ္ဈင် တရားတော်

၁၃၂၃–ခု၊ ဝါခေါင်လဆုတ် ၈–ရက်။

သန္တံဝါ အဗ္ဗတ္တံ ပီတိသမ္ဗောဇ္ဈင်ံ အတ္ထိ မေ အဗ္ဗတ္တံ ပီတိ သမ္ဗောဇ္ဈင်ေါ် ပဇာနာတိ၊ အသန္တံ အဗ္ဗတ္တံ ပီတိသမ္ဗောဇ္ဈင်ံ နတ္ထိမေ အဗ္ဗတ္တံ ပီတိသမ္ဗောဇ္ဈင်ေါ်တိ ပဇာနာတိ၊ ယထာစ အနုပ္ပန္နဿ ပီတိသမ္ဗောဇ္ဈင်ဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာစ ဥပ္ပန္နဿ ပီတိ သမ္ဗောဇ္ဈင်ဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

အဗ္ဗတ္တံ–ကိုယ်တွင်းသန္တာန်၌၊ သန္တံ–ထင်ရှားရှိသော၊ ပီတိသမ္ဗောဇ္ဈင်ံ ဝါ–နှစ်သိမ့်အားရမှု ပီတိသမ္ဗောဇ္ဈင်ကိုလဲ၊ မေ–ငါ၏–သန္တံ–ကိုယ်တွင်းသန္တာန်၌၊ ပီတိသမ္ဗောဇ္ဈင်ေါ်–နှစ်သိမ့်အားရမှု ပီတိသမ္ဗောဇ္ဈင်သည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏။

ပီတိသမ္ဗောဇ္ဈင်ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာမှန်း၊ ဗောဒ္ဓိင်ရှိလျှင်လဲ ရှိမှန်းသိတယ်၊ ပီတိသမ္ဗောဇ္ဈင် ဖြစ်ပေါ်လျှင် မသိလို့လဲ မသိလို့လဲ မရပါဘူး၊ ထင်ထင်ရှားရှားကြီးဖြစ်လာတာပဲ၊ မသိမသာလေးမှ မဟုတ်ဘဲ၊ ထင်ထင်ရှားရှားဖြစ်လာတာပဲ၊ ပီတိသမ္ဗောဇ္ဈင်က လောဘနဲ့ယှဉ်တဲ့ ပီတိဖြစ်လာလျှင်လဲ ထင်ထင်ရှားရှား ဖြစ်လာတာပဲ၊ နှစ်သိမ့်အားရမှု ဝမ်းမြောက်ဝမ်းသာမှုဖြစ်လာလို့ရှိရင် တစ်ခါတည်း ကိုယ်ထဲမှ လှိုက်လှိုက်လှဲလှဲ ဖြစ်လာတာပဲ၊ အသားတွေ, အရေတွေပါ ဆိုးဆိုး ဆတ်ဆတ်ပေမယ့် ခါပြီး သွက်သွက်ခါပြီး ပီတိဖြစ်လာလို့ရှိရင် အင်မတန် ထင်ထင်ရှားရှား ဖြစ်လာတယ်။

ကိုယ်အလိုရှိတဲ့ကိစ္စတွေ အောင်မြင်တဲ့အခါကာလတွင်၊ ကိုယ်အလိုရှိတဲ့ ပစ္စည်းတွေရတဲ့အခါကာလတွင်၊ တွေ့ချင်တဲ့ ပုဂ္ဂိုလ်တွေနဲ့တွေ့ရတဲ့အခါ ကိုယ်သဘောကျတာတွေ ကြားရတဲ့အခါ ကာလတွေမှာ နှစ်သိမ့် အားရမှု ဝမ်းမြောက်ဝမ်းသာတွေ သိပ်ဖြစ်လာတယ်၊ အဲ–မြတ်စွာဘုရား တရားတော်ကြားရတဲ့အခါလဲ တရားတော်တွေ ကြားရတော့ ကြားရတဲ့ ပုဂ္ဂိုလ်တွေမှာလဲ ပီတိတွေ အများကြီးဖြစ်ပါတယ်၊ တရားနုလုံးသွင်း အားထုတ်နေတဲ့ ပုဂ္ဂိုလ်မှာ ဥဒယဗ္ဗယညာဏ်ရောက်တဲ့ အခါကာလကျတော့ အဲဒီတော့လဲ ပီတိတွေဟာ အလှိုင်းတကြီးဖြစ်တာပဲ၊ အဲဒီတော့ ဒီပီတိဖြစ်တာ ယောဂီပုဂ္ဂိုလ်က မသိဘဲနဲ့ မေ့ထားလို့ ဖြစ်ကိုမဖြစ်ဘူး၊ ဒါက ဒါ ပီတိ ဖြစ်လျှင် ဖြစ်မှန်းသိတော့ ဒါပဲတဲ့၊ သို့သော်လဲ တစ်ခုရှိရဲ့၊ ပီတိဖြစ်တဲ့ဥစ္စာကို မရှုဘဲမမှတ်ဘဲ နေလို့ရှိရင် နေလို့ကတော့ သိပ်ပြီးမမြင်ဘူး၊ ပီတိကိုပဲ သာယာနှစ်သက် သဘောကျပြီးနေတယ်၊ ဒါက တရားမတိုးတက်ဘူး။

ပီတိဖြစ်လာလို့ရှိရင် ဝမ်းမြောက်လျှင် ဝမ်းမြောက်တယ်၊ နှစ်သက်လျှင် နှစ်သက်တယ်၊ သဘောကျလျှင် သဘောကျတယ်၊ အဲဒါလေးကို မှတ်ရတယ်၊ အဲဒါလေး ရှုရင်း, မှတ်ရင်းနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ ရောက်သွားနိုင်တယ်၊ ရှေးက ဘုရားဂုဏ်တွေ အာရုံပြုရင်း ပီတိဖြစ်ပြီးတော့၊ အဲဒီ ပီတိရှုရင်း, ရှုရင်းနဲ့ တစ်ခါတည်း မဂ်ဖိုလ်ရောက်သွားတာ (အများကြီးရှိပါတယ်–၂) မထေရ် တစ်ပါးများ မဟာကတိဓမ္မိယ တိဿမထေရ်ဆိုတာ သီဟိုဠ်ကျွန်းကနေပြီးတော့ မဟာဗောဓိကို ဘုရားဖူးလာတယ်၊ သီဟိုဠ်ကနေ မဟာဗောဓိကို ရောက်လာတော့ သဘော်နဲ့ လာရတာကိုး၊ ယခုလဲ သဘော်နဲ့သွားရတာ များပါတယ်၊ လေယာဉ်ပျံမဟုတ်ရင် သဘော်နဲ့ပဲသွားရတယ်၊ ပင်လယ်က သဘော်နဲ့လာတော့ ပင်လယ်ထဲ ရောက်တဲ့အခါကျတော့ ဟိုဘက်ကမ်းလဲ မမြင်ရ၊ ဒီဘက်ကမ်းလဲ မမြင်ရနဲ့ တစ်ခါတည်းရေပြင်ကြီး ပတ်ဝန်းကျင်လှည့်ပြီး ရေပြင်ကို မျက်စိတဆုံးဟာ မျှော်လို့မဆုံးနိုင်အောင် ကျယ်ဝန်းနေတာ တွေ့ရတယ်၊ အဲဒီမှာ လှိုင်းတွေကလဲ လေတွေနဲ့ လှိုင်းတွေ လေထန်တဲ့အခါဆို လှိုင်းကြီးကြီး ရှိတာပေါ့၊ လေမထန်တဲ့အခါတောင်မှ လှိုင်းတွေ အတော်အသင့်ရှိနေတာပဲ၊ တအိအိနဲ့ တစ်ခါတည်း ရေထဲမှာ လှိုင်းတွေတစ်ခုနဲ့တစ်ခု ထပ်ပြီးသကာလ ရေတွေဖြာဖြာပြီးတော့ ဖွေးခနဲ ဖွေးခနဲ သွားတာ ဒီလိုဟာတွေလဲ ရှိတာပဲ။

အဲဒါတွေကြည့်ပြီးတော့ လှိုင်းတွေအဆင့်ဆင့် တစ်ခါတည်း လိမ့်လိမ့်ပြီးတော့ သွားနေတာတွေ၊ ဒါတွေမြင်ရတော့ ပင်လယ်ကြီးဟာ တယ်ကျယ်ပါလားလို့ သူ့စိတ်ထဲမှာ ထင်မြင်လာတယ်၊ ရှေးကလဲ ပင်လယ်ဆိုတာ ကျယ်မှန်းတော့ သိသားပေါ့လေ၊ ဒါပေမယ့်လို့ ပင်လယ်ထဲ ရောက်တဲ့အခါကျတော့မှ ပိုပြီးတော့သိတယ်၊ ဒါတောင်မှ သီဟိုဠ်ကျွန်းကနေပြီး အိန္ဒိယကူးတာက သိပ်ကျယ်မယ်မဟုတ်ပါဘူး၊ မျက်စိနဲ့မမီလို့သာ ကျယ်တယ်ပြောရတာ၊ အမှန်ကတော့ သီဟိုဠ်ကနေ မြန်မာပြည်လာမယ်၊ မြန်မာပြည်ကနေ သီဟိုဠ်သွားမယ်ဆို အဲဒါက သာပြီးတော့ကျယ်သေး၊ အဲဒါထက် သီဟိုဠ်ကနေပြီးတော့ အရှေ့အင်ဒိုနီးရှားတို့ဆီကို, သြစတြေးလျှတို့ဆီကို သွားမယ်, ကူးမယ်ဆိုရင် သာကျယ်တာပေါ့၊ အဲဒီမှာ ပင်လယ် အလယ်ခေါင် အတော်ကျယ်တာ၊ အဲဒါ အင်္ဂလန်ကနေပြီး အမေရိကန် ကူးတဲ့ဥစ္စာတွေ, ဂျပန်ကနေ အမေရိကန်ဘက် ကူးတာတွေ အဲဒါတွေက ပိုပြီးကျယ်တယ်၊ အင်မတန် ကျယ်တာတွေပဲ။

အဲဒါ မျှော်လို့, မှန်းလို့ကို မမြင်နိုင်ဘူး၊ လေယာဉ်ပျံပေါ်ကနေ ကြည့်တာတောင်မှ ပင်လယ်စပ်မမြင်ရဘူး၊ သဘော်ဆိုတာတော့ ပြောစရာမရှိဘူး၊ အဲဒီလောက်ကျယ်ဝန်းတဲ့ ပင်လယ်ရေပြင်ကြီး မြင်ရတဲ့အခါ အဲဒါ သူက စဉ်းစားတယ်တဲ့၊

မြတ်စွာဘုရားဟောထားတဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကို သူစဉ်းစားကြည့်တယ်တဲ့၊ ပဋ္ဌာန်းဒေသနာကလဲ သူက နှုတ်တက် အကုန်လုံးရပြီးတော့ သိနေတော့ ပဋ္ဌာန်းဒေသနာတော်ကြီးကျယ်ဝန်းပုံ အင်မတန်ကျယ်ဝန်းတယ်၊ ပဋ္ဌာန်းဒေသနာတော်ကြီးကလဲ ပင်လယ်ကြီးလိုပဲ၊ သိပ်ကို တစ်ခါတည်း မျှော်လို့ကို မဆုံးနိုင်အောင် ကျယ်တာပဲ၊ သိပ်ကျယ်ဝန်းတာ။

ပဋ္ဌာန်းက နည်း နယ တွေ စဉ်းစားလို့ လိုက်လို့ကို မမီအောင် ကျယ်ကျယ်ဝန်းဝန်း မြတ်စွာဘုရားဟောထားခဲ့တာ အင်မတန် ကို အံ့သြစရာကောင်းတယ်၊ အဲဒီပဋ္ဌာန်းဒေသနာတော်ကြီးကို လျှောက်ပြီး စဉ်းစားလိုက်တဲ့အခါကာလကျတော့ ပဋ္ဌာန်း ဒေသနာတော်ကြီး ကျယ်ဝန်းတာနဲ့ မြတ်စွာဘုရားဉာဏ်တော်တွေ ကျယ်ဝန်းပြီးနေတာနဲ့ တစ်ခါတည်း အဆုံးအစမရှိ ကျယ်ဝန်းတာတွေကို အာရုံပြုပြီးတော့ ပီတိတွေဖြစ်လာတာကိုး၊ ဝမ်းမြောက်ဝမ်းသာပီတိတွေ၊ ပင်လယ်ကမှ ကမ်းတွေရှိသေးတာတဲ့၊ ဒီပဋ္ဌာန်းဒေသနာတော်ကြီးဟာ လိုက်လိုက်မယ်ဆိုလို့ရှိရင် မဆုံးနိုင်အောင်ကို ကျယ်ဝန်းနေတာပဲ၊ မြတ်စွာဘုရား၏ ဉာဏ်တော်တွေကလဲပဲ မဆုံးနိုင်အောင် ကျယ်ဝန်းနေတာပဲလို့ နှလုံးသွင်းလိုက်တဲ့အခါမှာ ပီတိတွေဖြစ်လာတာပဲ၊ တစ်ကိုယ်လုံး ဆိုးဆိုးဆတ်ဆတ်နဲ့ ဖျိုးဖျိုးဖျင်းဖျင်းနဲ့ တုန်လှုပ်ပြီးတော့ ပီတိတွေဖြစ်လာတော့ အဲဒီပီတိတွေကို ရှုရင်း, ရှုရင်းနဲ့ ရဟန္တာဖြစ်သွားတာပဲ၊ သူ့ဟာ တယ်နေရာကျတယ်။

ပင်လယ်ထဲ ခရီးသွားရင်း ရဟန္တာဖြစ်တယ်၊ ဒါတရားအားထုတ်တာ မဟုတ်ဘူး၊ ခရီးသွားရင်းနဲ့ ပီတိဖြစ်လာတာ သိပ်ပြီးတော့ ဘုရားရှိခိုးရင်းလဲ ပီတိဖြစ်လာရင် အဲဒီပီတိ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာရင် ရှုလိုက်ရင် တရားထူးတွေ တွေ့ရတယ်၊ ရောက်တတ်တယ်၊ ယခုလိုတရားနာနေရင်းနဲ့ ဝမ်းမြောက်ဝမ်းသာ ပီတိဆိုတာ တစ်ခါတစ်ခါ ဖြစ်တယ်၊ မြတ်စွာဘုရားတရားတော်တွေ ကြားရတဲ့အခါ နှစ်သက်သဘောကျပြီး တရားသံလေးကြည်ညိုပြီးတော့ ပီတိတွေကဖြစ်တတ်တယ်၊ တစ်ခါတစ်ခါ မျက်ရည်တွေတောင် ကျလာတတ်သေးတယ်၊ လှိုက်လှိုက်လဲလဲတွေ ဖြစ်လာတတ်တယ်။ ဖြစ်ပြီးလာလို့ရှိရင် တစ်ခါတည်းမှတ်ပေတော့ ရှုလိုက်လို့ရှိရင် ဒီအတွင်းမှာ ဝိပဿနာဉာဏ် အစဉ်အတိုင်းတက်ပြီးတော့ တရားထူး ရချင်လဲရသွားမယ်၊ သူက အင်မတန် ကျေးဇူးများပါတယ်၊ အဲဒီလို ပီတိဖြစ်လာတဲ့ အခါကာလ အဲဒီပီတိကို ရှုပြီးတော့ သိတာကိုး၊ ဒါကိုဆိုလိုတယ်။

အဒ္ဓါတ္တံ–ကိုယ်အတွင်းသန္တာန်၌၊ သန္တံ–ထင်ရှားရှိသော၊ ဝါ–ထင်ရှားဖြစ်ပေါ်လာသော၊ ပီတိသမ္ဗောဇ္ဈင်္ဂံ–နှစ်သိမ့်အားရမှု ပီတိသမ္ဗောဇ္ဈင်တရားကိုလည်း၊ မေ–ငါ၏၊ အဒ္ဓါတ္တံ–ကိုယ်တွင်းသန္တာန်၌၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ–နှစ်သိမ့်အားရ ဝမ်းမြောက်ဝမ်းသာမှုသည်၊ အတ္ထိ–ရှိ၏၊ ဝါ–ဖြစ်ပေါ်လာ၏၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏၊ ဒီလိုသိရမှာကိုး။

အဒ္ဓါတ္တံ–ကိုယ်တွင်းသန္တာန်၌၊ အသန္တံ–ထင်ရှား မရှိသော၊ ဝါ–မဖြစ်ပေါ်လာသော၊ ပီတိသမ္ဗောဇ္ဈင်္ဂံ–ဝါ–ပီတိသမ္ဗောဇ္ဈင်ကိုလည်း၊ မေ–ငါ၏၊ အဒ္ဓါတ္တံ–ကိုယ်အတွင်းသန္တာန်၌၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ–နှစ်သက်အားရ ဝမ်းမြောက်ဝမ်းသာ ပီတိသမ္ဗောဇ္ဈင်သည်၊ နတ္ထိ–မရှိ၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏။ ပီတိသမ္ဗောဇ္ဈင်ဖြစ်လို့ မှတ်လိုက်ရင် ပျောက်သွားတတ်တယ်၊ ပျောက်သွားပေမယ်လို့ ဒါ ဝမ်းမနည်းရဘူး၊ ဒီနေရာ ပျောက်တာလဲ ဒီနေရာ သူက တစ်မျိုးဉာဏ် တိုးတက်သွားတာပဲ၊ ဥဒယဗ္ဗယဉာဏ်ကနေ ပီတိသမ္ဗောဇ္ဈင်တွေမှတ်လို့ ပီတိတွေပျောက်သွားရင် နောက်ဘင်ဉာဏ် ရောက်တာပဲ၊ ဉာဏ်တက်သွားတာ သူက၊ အဲဒီတော့ ပီတိတွေမှတ်လို့ မှတ်ရင်း–မှတ်ရင်းနဲ့ ပီတိတွေ ပျောက်သွားတယ်၊ ပျောက်သွားတော့လဲ ပျောက်သွားပြီဆိုတာ သိရတာပဲ၊ ပျောက်သွားရင် ရှေ့ဉာဏ်တစ်ခု တိုးတက်သွားတာပဲ၊ ဉာဏ်ရင့်သွားတယ်။

ယထာစ–အကြင်အကြောင်းကြောင့်လည်း၊ အနုပ္ပဒန္ဓသ–မဖြစ်ပေါ်သေးသော၊ ပီတိသမ္ဗောဇ္ဈင်္ဂ–ပီတိသမ္ဗောဇ္ဈင်၏ ဝမ်းမြောက်ဝမ်းသာမှုဟုဆိုအပ်သော ပီတိသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒေါ–အသစ် ဖြစ်ပေါ်လာခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဉ္စ–ထိုအကြောင်းကိုလည်း၊ ပဇာနာတိ–သိ၏၊ ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းတွေကိုလည်း သိတယ်၊ ဘာကြောင့်ဖြစ်သလဲဆိုတာ ဘုရားဂုဏ် နှလုံးသွင်းလို့ ပီတိဖြစ်ရင် အဲဒီဘုရားဂုဏ်နှလုံးသွင်းမှုကြောင့် ဖြစ်တာပဲ၊ ဝိပဿနာရှုလို့ဖြစ်ရင်လဲပဲ ရှုမှုကြောင့် ဖြစ်တာပါပဲ ဝိပဿနာ ရိုရိုသေသေရှုတော့ အဖြစ်အပျက် ကလေးတွေသိအောင် အဲဒီ ရှုမှု, သိမှုကြောင့် ဖြစ်လာတာ၊ ရှုတိုင်း–ရှုတိုင်း ပီတိတွေ တစ်ခါတည်း ဖြစ်လာတယ်၊ တစ်နေ့က ပြောခဲ့တဲ့အတိုင်း–

ယတော ယတော သမ္မာသတိ ခန္ဓာနံ ဥဒယဗ္ဗယံ လဘတေ။ ပီတိပါမောဇ္ဇံ အမတံ
တံ ဝိဇာနတံ။

ယတော, ယတော–အကြင်အကြင် ရုပ်အဖို့, နာမ်အဖို့မှ၊ ခန္ဓာနံ–ရုပ်ခန္ဓာ နာမ်ခန္ဓာတို့၏၊ ဥဒယဗ္ဗယံ–ဖြစ်ခြင်းပျက်ခြင်းကို၊ သမ္မသတိ–သုံးသပ်၏၊ တတော တတော–ထိုထို ရှုတိုင်း–ရှုတိုင်းသော ရုပ်အဖို့, နာမ်အဖို့မှ၊ ပီတိပါမောဇ္ဇံ–နှစ်သိမ့်အားရမှု ပီတိပါမောဇ္ဇကို၊ လဘတေ–ရလေ၏။

ရှုတိုင်း–ရှုတိုင်း တစ်ခါတည်း ဖောင်းတယ်မှတ်လိုက်ရင် အဲဒီဖောင်းတာလေး မှတ်ရာကနေပြီးတော့ ဖျိုးဖျိုးဖျင်းဖျင်းနဲ့ ပီတိတွေ ဖြစ်လာတယ်၊ ပိန်တယ်မှတ်လိုက်၊ ပိန်ရာကဖြစ်လာတယ်၊ လက်ကလေး လှုပ်လိုက်ရင် လှုပ်ရာကနေပြီးတော့

ဖြစ်တာပဲ ကြွတဲ့အခါများ ကြွတယ် မှတ်လိုက်၊ ကြွရာကနေပြီး ပီတိဖြစ်လာတယ်၊ လှမ်းရာကဖြစ်လိုက်၊ ဆန့်တယ်မှတ်လိုက်၊ ဆန့်ရာကဖြစ်တယ်၊ (မှတ်တိုင်း–၂) မှတ်ရာကနေပြီးတော့ ဖြစ်နေတယ်၊ ပီတိတွေ တစ်ခါတည်း ဖြစ်နေတာ၊ အဲဒီတော့ ဒီပီတိတွေ ဘာကြောင့်ဖြစ်ပါသတုံးဆိုတော့ ရှုလို့ဖြစ်တာပဲ၊ ယောနိသော မနသိကာရဆိုတာပဲ၊ ဝိပဿနာရှုလို့ ယောနိသော မနသိကာရဖြစ်တာ၊ အဲဒီ ပီတိဖြစ်ပုံတွေ, ပီတိဖြစ်ခြင်း၏ အကြောင်းတွေကို အဋ္ဌကထာက ၁၁–ပါးရှိပါတယ်၊ ၁၁–ပါးရှိတယ်တဲ့၊ အဲဒါတွေ ပြောလို့လဲ အတော်စုံခဲ့ပါပြီ၊ ဒါနဲ့ ခေါင်းစဉ်လေး ပြန်ဆိုကြဦးစို့–

နှစ်သိမ့်ရောင့်ရဲ ဝမ်းလဲမြောက်သည်၊
ရုပ်ကောင်းရုပ်သန့် ပျံ့နှံ့စေသည်၊
ကိုယ်စိတ်ပေါ့လျက် ကြွတက်ထင်သည်၊
မြတ်ပီတိ မှတ်သိဗောဇ္ဈင်မည်။

အဲဒီပီတိဆိုတာဟာ နှစ်သိမ့်ရောင့်ရဲခြင်းသဘော, ဝမ်းမြောက်တဲ့သဘောပါပဲ၊ သူ၏သဘာဝလက္ခဏာပဲ၊သမ္ဘိယာယနလက္ခဏာ–နှစ်သိမ့်ခြင်းလက္ခဏာရှိ၏၊ ပီတိဆိုတာ နှစ်သိမ့်ခြင်း, အားရခြင်း, ဝမ်းမြောက်ဝမ်းသာခြင်းဟာ သူ့လက္ခဏာပဲ။

နှစ်သိမ့်ရောင့်ရဲ ဝမ်းလဲမြောက်သည်၊
ရုပ်ကောင်းရုပ်သန့် ပျံ့နှံ့စေသည်။

ဒါပီတိဖြစ်တဲ့အခါ ကိုယ်ထဲမှာ ဖျိုးဖျိုးဖျင်းဖျင်း တစ်ကိုယ်လုံးကို တစ်ခုခုနဲ့ပက်ဖျန်းလိုက်သလို တစ်ခါတည်း ပျံ့ပြီးတော့ အခိုးအငွေ့တွေ ပျံ့သွားသလိုပဲ ကောင်းတာပဲ၊ ပီတိတွေနေ, ရုပ်ကောင်း ရုပ်သန့်တွေ ပျံ့နေတာပဲ၊ များများပျံ့သွားရင် တော်ရုံတန်ရုံရောဂါ ပျောက်တယ်၊ တယ်နေရာကျတာပဲ။

ဖရဏရသ–ပီတိဇရုပ်ကို ပျံ့နှံ့စေခြင်းလျှင်ကိစ္စရှိ၏၊ ပီတိဇရုပ်တွေ ကိုယ်ထဲမှာ ပက်ဖျန်းပေးလိုက်သလို ပျံ့နှံ့စေတတ်သည်၊ ရုပ်ကောင်း ရုပ်သန့်ပျံ့နှံ့စေသည်။

သြဒဂ္ဂိယစ္ဆပ္ပဌာန်–တက်ကြွသော သဘောဟု ယောဂီ၏ ဉာဏ်၌ ဘယ့်နယ်ထင်တုံးဆိုလျှင် ကိုယ်ရောစိတ်ရော ပေါ့တက်ကြွတက်သွားတယ်လို့ ထင်ရတယ်တဲ့၊ ပီတိဖြစ်လာတဲ့အခါ ခပ်ကြွကြွဖြစ်နေတယ်၊ တစ်နေ့က အကျယ်ပြောပြီးပါပြီ၊ အဲဒါကြောင့် ကိုယ်စိတ်ပေါ့လျက် ကြွတက်ထင်သည်၊ အဲဒါဟာ ဘာတုံးဆိုတော့ မြတ်ပီတိ မှတ်သိဗောဇ္ဈင်မည်၊ ပီတိသမ္ဗောဇ္ဈင်တရားပဲ၊ အဲဒီသမ္ဗောဇ္ဈင်တရားဖြစ်ကြောင်း ဖြစ်ခြင်း၏အကြောင်းတရား မြတ်စွာဘုရားက ယောနိသော မနသိကာရပဲ၊ ပီတိဖြစ်အောင်လို့ နှလုံးသွင်းမှုပီတိဖြစ်အောင်လို့ ရှုမှတ်မှု ယောနိသောမနသိကာရကြောင့် ဖြစ်တယ်တဲ့၊ အကြောင်းတစ်ခုပြတယ်၊ အဋ္ဌကထာက ၁၁–ခုပြတယ်။

ရတနာသုံးစုံ သီလဂုဏ် စွန့်ပုံအောက်မေ့ပါ၊ ရတနာသုံးပါးရဲ့ ဂုဏ် ဘုရား, တရား, သံဃာ ရတနာသုံးပါးဂုဏ်၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, နုဿတိ ၃–ပါး သီလဂုဏ်က သီလာနုဿတိ သီလကို နှလုံးသွင်းဆင်ခြင်တာတဲ့ အောက်မေ့ပါတဲ့၊ ရတနာသုံးစုံ၊ သီလဂုဏ် စွန့်ပုံအောက်မေ့ပါ၊ စာဂါနုဿတိ။ စွန့်ကြဲပေးကမ်း လှူဒါန်းတာတွေကို သုံးဖို့စွဲဖို့ရာထဲက မသုံးရက် မစွဲရက်ဘဲနဲ့ ရက်ရက်ရောရော မနမြောဘဲနဲ့ စွန့်ကြဲပေးကမ်း လှူဒါန်းလိုက်တာ၊ အဲဒါတွေ ပြန်စဉ်းစား ဝမ်းသာစရာတွေ သိပ်ကောင်းတယ်၊ လှူလဲလှူနိုင်ခဲတယ်၊ ဒါတွေ အင်မတန်မှ ဝမ်းသာစရာကောင်းတယ်၊ကဲ....ဒါတွေ ဆိုရမယ်။

ရတနာသုံးစုံ သီလဂုဏ် စွန့်ပုံအောက်မေ့ပါ။
နတ်ဖြစ်ဖွယ်စု ငြိမ်းအေးမှု၊ တွေးရှုအောက်မေ့ပါတဲ့။

ဒေဝတာနုဿတိ နတ်ဖြစ်စရာ အကြောင်းတွေ သဒ္ဓါ သီလ သုတ စာဂ ပညာအစရှိသော သူတော်ကောင်းတရားတွေကြောင့် နတ်ပြည်လောကမှာရောက်ပြီး နတ်သား နတ်သမီး နတ်မင်း နတ်မိဖုရားတွေ, နတ်စည်းစိမ်တွေနဲ့ ပျော်ပါးပြီးတော့ နေကြတယ်တဲ့၊ အဲ– သူတို့မှာ နတ် ဖြစ်ကြောင်းတရားတွေ ပြည့်စုံသလိုပဲ ငါ့မှာလဲ ပြည့်စုံနေတယ် သဒ္ဓါ သီလ အစရှိသော သူတော်ကောင်းတရားတွေ ပြည့်စုံနေတယ်။

စဉ်းစားလိုက်တဲ့အခါ ဝမ်းသာစရာကောင်းတယ်။

အဲဒါတွေလဲ ဒေဝတာနုဿတိ ခေါ်တယ်၊ နတ်ဖြစ်ဖွယ် စုတဲ့၊ ငြိမ်းအေးမှုတဲ့၊ မိမိမှာ တရားနှလုံးသွင်းလို့ ငြိမ်းသင့် ငြိမ်းထိုက် ငြိမ်းသင့်သလောက် ငြိမ်းပြီးတော့နေတဲ့ ကိလေသာလေးတွေ ရှိတတ်ပါတယ်၊ အားထုတ်တဲ့ ပုဂ္ဂိုလ်မှ အားမထုတ်

ရင်တော့မသိဘူး၊ အားထုတ်လို့ရှိရင် လောဘ ဒေါသ မောဟအကြမ်းစား အတော်အတန်တော့ ငြိမ်းနေတယ်၊ (၀၊)ငြိမ်းပြီး တော့နေတယ်။

တရားအားမထုတ်ဘဲ တရားနှလုံးမသွင်းဘဲနေတဲ့ အခါကာလကလို မထုတ်ဘဲနဲ့ နှလုံးသွင်းအားထုတ်တဲ့အခါကာလ ကျတော့ ကိလေသာလျော့ပါးမှု နည်းမှုကတော့ သူကရှိရမယ်၊ မလျော့ပါး မနည်းသေးလို့ရှိလျှင် ကိုယ်အားထုတ်တာကို အချိုးမကျသေးဘူး၊ တယ်နေရာ မကျသေးဘူး၊ ငါကြိုးစားဦးမှဖြစ်မှာ၊ ဆေးစားလျှင် ရောဂါဆိုတာပျောက်ရမယ်၊ မပျောက် တောင် သက်သာရမယ်၊ မသက်သာသေးဘူးဆိုလျှင် ဆေးကရင်လဲ မကောင်းလို့ရှိရင်လဲ ဖြစ်ရမယ်၊ ဆေးစားပုံ နေရာမကျလို့ ရင်လဲ ဖြစ်ရမယ်၊ အခုတော့ တရားနှလုံးသွင်း အားထုတ်တာမှ အားထုတ်ပါရဲ့လား ကိလေသာကငြိမ်းမှု မရှိဘူးဆိုလျှင် အားထုတ်တဲ့နည်းက မမှန်ဘဲလဲ ဖြစ်ရမယ်။

အားထုတ်တဲ့နည်းက မှန်နေပြန်ပါသော်လည်း အားထုတ်ပုံက မပြည့်စုံသေးလို့ ဖြစ်မှာပေါ့၊ အချိုးမကျသေးလို့ ဖြစ်မှာပေါ့၊ အဲ–အားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ကိလေသာငြိမ်းအေးမှုကလေးတွေ ထိုက်သည့်အားလျော်စွာ ရှိပါတယ်တဲ့၊ အဲဒီ ငြိမ်းအေးမှုကလေးတွေ ပြန်တွေးလိုက်လျှင် ဝမ်းသာစရာ သိပ်ကောင်းတယ်၊ ရှေ့ကကြမ်းတမ်းတဲ့ စိတ်တွေ သိမ်မွေ့ပြီးနေ တယ်၊ ဒါကြောင့် တွေးရှုအောက်မေ့ပါတဲ့၊ ဆို–

နတ်ဖြစ်ဖွယ်စု ငြိမ်းအေးမှု တွေးရှုအောက်မေ့ပါ၊ (ဆို–၃)

အဲ–အဲဒါက ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ ရတနာသုံးစုံ၊ သီလာနုဿတိ, စာဂါနုဿတိ–သီလဂုဏ် စွန့်ပုံငါးခု၊ ဒုတိယအပိုဒ်က ဒေဝတာနုဿတိ ဥပသမာနုဿတိ–ဒီကနှစ်ပိုဒ်၊ ၇–ပုဒ် ပြီးသွားပြီ။

မွဲခြောက် သူကြဉ် စိုပြေယှဉ်၊ ထိုတွင် စိတ်ညွှတ်ရာ။

မွဲခြောက်–လုခပုဂ္ဂလ ပရိဝဇ္ဇန–လုခ ခေါင်းပါးတဲ့ပုဂ္ဂိုလ်–အဆီအစေးမရှိဘဲနဲ့ ခြောက်နေတဲ့ ဝတ္ထုပစ္စည်းများလိုပဲ၊ အဆီအစေးမရှိဘဲ ခြောက်နေတဲ့ဝတ္ထုပစ္စည်းများ–သူက ဥပမာပေးတော့ မြည်းခေါ်တဲ့ သတ္တဝါကိုး၊ ပုပုကလေးခေါ်တယ်၊ မြင်း လဲမဟုတ်ဘူး၊ မြည်းဆိုတာ ငယ်ငယ်ပဲ၊ အဲဒီမြည်းရဲ့ကျောမှာ မြည်းအညစ်အကြေးတွေနဲ့ ခြောက်သွေ့နေတဲ့ ဥစ္စာတွေရှိတယ်၊ ချေးတွေဖုံးနေမှ ဘယ်မှာ အဆီရှိနိုင်မှာတုန်း၊ ခြောက်နေတဲ့ ဥစ္စာ။

အဲ–အချို့ပုဂ္ဂိုလ်မှာ အဆီအစေးမရှိဘူးတဲ့၊ ဘာအဆီအစေးတုံး ဆိုတော့၊ သဒ္ဓါအဆီအစေးတရားမရှိဘူး၊ သဒ္ဓါတရား မရှိတဲ့အတွက် ဒီလိုပုဂ္ဂိုလ် သဒ္ဓါတရားမဖြစ်တာပေါ့၊ ကြည်ညိုစရာ မကြည်ညိုတတ်ဘူး၊ သူများကြည်ညိုတာတောင် သူက ပျက်အောင်ပြုတတ်တယ်၊ တစ်နေ့ကပြောသလို ရှင်အာနန္ဒာကနေပြီး မြတ်စွာဘုရား၏ အဆုံးအမတွေကြားရတော့ မြတ်စွာ ဘုရားအဆုံးအမတွေ အသံတော်နှင့်စပ်ပြီးတော့ အသံလွင့်တာပါ၊ ဘုရားကအဘိညာဉ်တန်ခိုးနှင့် အသံလွင့်တယ်၊ ခုကာလ အသံလွင့်တာလိုပါပဲ၊ ဗြဟ္မာပြည်ကနေပြီးတော့ အဘိဘူဆိုတဲ့ ရဟန်း ကဿပ မြတ်စွာဘုရား လက်ထက်က အဘိဘူဆိုတဲ့ ရဟန်း ဗြဟ္မာပြည်ကနေပြီးသကာလ အသံလွင့်လိုက်တာ၊ တရားဟောလိုက်တာ၊ လူ့ပြည်လောကကြားအောင်လို့ ဟောလိုက် တာ, အဲဒီတရားကို ကြားအောင်လို့ ဟောလိုက်တာ၊ အဲဒါကတော့ ရေဒီယိုဟာနဲ့ ဖမ်းရအောင် မဖမ်းရဘူး၊ သူ့အလိုလို ကြား ရတယ်၊ အကုန်လုံး တလောကလုံးကြားအောင် တစ်ခါတည်း အဓိဋ္ဌာန်ပြုပြီးတော့ ဟိုကနေပြီး ဂါထာဟောလိုက်တာ။

အာရမ္ဘထ နိဋ္ဌမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနောသေနံ၊ နဠကာရံဝကုဉ္ဇရော။
ယောဂ္ဂမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟိဿတိ။
ပဟာယ ဇာတိ သံသာရံ ဒုက္ခဿန္တံ ကရိဿတိ။

ဒီဂါထာနှစ်ပုဒ်ကို ဗြဟ္မာပြည်ကနေပြီးတော့ ကကုသန္ဒ မြတ်စွာဘုရားလက်ထက်က ဟောကြားတဲ့ အဘိဘူဆိုတဲ့ အဂ္ဂသာဝကရဟန္တာပုဂ္ဂိုလ်ကနေပြီးတော့ တရားဟောတာ၊ လူ့ပြည်လောက ကနေပြီးကြားရတယ်။

အာရမ္ဘထ နိဋ္ဌမထ၊ ယုဉ္ဇထ။

ဗုဒ္ဓသာသနေ–မြတ်စွာဘုရား၏ သာသနာတော်၌၊ အာရမ္ဘထ–အစပြု၍ အားထုတ်ကြပါကုန်လော၊ အားမထုတ်ရသေး တဲ့ ပုဂ္ဂိုလ်တွေ ဘုရားသာသနာတော်တွင်းမှာ စပြီးအားထုတ်ကြ၊ စပြီးအားထုတ်လျှင် တော်ပါကလားလို့ဆိုတော့ နိဋ္ဌမထ–ကိလေသာတွင်းမှ လွတ်ကင်းထွက်မြောက်အောင် အားထုတ်ကြပါကုန်လော၊ ကိလေသာဝဋ်ဆင်းရဲအတွင်းက လွတ်အောင်

အားထုတ်တဲ့တရား အားထုတ်ကာစ တရားဆိုတာကလဲ အားထုတ်ခြင်းကကောင်းတာ မဟုတ်ဘူး၊ မကောင်းတာ ပျင်းတာတွေ ပေါ်တတ်တယ်၊ စိတ်လျော့ရဲတာတွေ ပေါ်တတ်တယ်။

အဲဒီ ပျင်းတာတွေ လျော့ရဲတာတွေနဲ့ ပျင်းလိုက်၊ ပျင်းတာတွေကို (မှတ်လိုက်–၂)နဲ့ တစ်ခါတည်းလွတ်အောင်ကို အားထုတ်ရတာကိုး၊ တော်တော်ကြာတော့ ပျော်လာတယ်၊ မှတ်လို့ကောင်းလာတယ်၊ မှတ်လို့ကောင်းတော့ ပျင်းတာမရှိတော့ဘူး၊ မပျင်းဘူး တစ်ခါတည်း နေ့ရောညရော မှတ်ရတာ၊ ပျော်လို့၊ သူ့တရားလေးနဲ့သူကောင်း၊ အဲဒီလို လွတ်မြောက်သွားအောင် အားထုတ်ပါတဲ့၊ တော်ပြီလားဆိုတော့ မတော်ရသေးဘူး။

ယုဇ္ဈထ–မပြတ်မစဲ အမြဲအားထုတ်ကြပါကုန်လော့ မပြတ်မစဲ အားထုတ်တဲ့ လိုအပ်တဲ့ပန်းတိုင် မရောက်မချင်းပေါ့လေ၊ ပြိုင်ပွဲများမှာ အပြေးတွေပြိုင်တော့ ပန်းတိုင်မရောက်မချင်းပြေးရတာပဲ၊ အစတော့ သူများထက် နောက်မကျအောင်လို့ ကြိုးစားရတယ်၊ သူများ ရှေ့ရောက်အောင်လို့ ကြိုးစားရတယ်၊ သူများနဲ့ နောက်ကျနေရင်လဲ မီအောင်လိုက်ရတယ်။ မီနေလို့ရှိရင် ကျော်အောင်လဲကြိုးစားရတယ်၊ ကျော်ရင်တော်ပြီလားဆို ကျော်လို့ရပ်နေလို့ ဘယ်ဖြစ်မလဲ၊ ပန်းတိုင်ရောက်အောင် ပြေးရမှာပေါ့၊ အရင်ဆုံးရောက်မှ ဖြစ်မယ်၊ ဒါမှသူအောင်မှာကိုး၊ နိုင်မှာ၊ အဲဒီလိုပဲ၊ တရားလမ်းဆုံး မရောက်မချင်း အားထုတ်ပါတဲ့၊ တရားလမ်းဆုံး အနည်းဆုံး အောက်ထစ်ဆုံးအားဖြင့် သောတာပတ္တိမဂ်ဖိုလ်ပေါ့၊ အဲဒီမရောက်မချင်း, နိဗ္ဗာန်မတွေ့မချင်း အားထုတ်ပါတဲ့။

ဗုဒ္ဓသာသနေ–မြတ်စွာဘုရားသခင်၏ သာသနာတော်၌၊ အာရမ္ဘထ–အစပြု၍ အားထုတ်ကြပါကုန်လော့၊ နိဒ္ဒမထ–ကိလေသာလက်တွင်းမှ လွတ်ကင်းအောင် အားထုတ်ကြပါကုန်လော့၊ ယုဇ္ဈထ–မပြတ်မစဲ အမြဲအားထုတ်ကြပါကုန်လော။

သူက အဆင့်လေးသုံးဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် တက်လာတယ် သူ့ စေတနာ တယ်ကောင်းတယ်၊ အဲဒီစေတနာလေးက တယ်ကောင်းတယ်၊ စင်စစ်တော့ ဘုရားဟောတဲ့ဥစ္စာပါပဲ၊ အဲဒီ ရဟန္တာပုဂ္ဂိုလ်က မြတ်စွာဘုရား ဒေသနာကိုယူပြီးတော့ ဟောတာပါပဲ။

ဒုနာထ မစ္စုနော သေနံ၊ နဋ္ဌကာရံဝ ကုဋ္ဌရော၊

ကုဋ္ဌရော–ဆင်ပြောင်ကြီးသည်၊ နဋ္ဌကာရံ–ကြူထရံအိမ်ကို ဓုနာတိ ၈၀ မှုန့်မှုန့်ညက်ညက် နင်းချေဖျက်ဘိသကဲ့သို့၊ ကြူထရံအိမ်၊ ကြူထရံအိမ်ဆိုတာ အိမ်ထဲမှာ အညှံ့ဆုံးပဲ၊ ကြူထရံဆိုတာက ဝါးလောက်မှမကောင်းဘဲ၊ ကြူထရံနဲ့အိမ်ဆောက်ထားတယ်တဲ့၊ ကြူထရံအိမ် ဆောက်ထားတော့ အိမ်လေးက ခနော်ခနဲ့ပဲ၊ အစက ဘာမှခိုင်တာမှမဟုတ်ဘဲ၊ အဲဒါ ဆင်ကြီးက မုန်ရစ်နေတဲ့ ဆင်ကြီး၊ အင်မတန် အားကောင်းနေတဲ့ ဆင်ကြီးလာပြီး နင်းလိုက်လို့ရှိရင် ကြေသွားတာပေါ့၊ ဘာခက်မလဲ၊ ဒီဥစ္စာအလွယ်လေးပဲ၊ ဘာမှမခက်ဘူး၊ အဲဒါလိုပဲတဲ့၊ ဥပမာပေးတာ။

ကုဋ္ဌရော–ဆင်ပြောင်ကြီးသည်၊ နဋ္ဌကာရံ–ကြူထရံအိမ်ကို၊ ဓုနာတိ ၈၀–မှုန့်မှုန့်ညက်ညက် ခြေဖျက်ဘိသကဲ့သို့၊ မစ္စုနော–သေမင်း၏၊ သေနံ–ကိလေသာစစ်သည်အပေါင်းကို၊ ဓုနာထ–မှုန့်မှုန့်ညက်ညက် ခြေဖျက်လိုက်ကြပါကုန်လော၊ (ကိလေသာ–၂) စစ်သည်တွေတဲ့၊ သေမင်း၏ ကိလေသာ စစ်သည်တွေ၊ သေမင်းက သေမင်းဆိုတာ သေခြင်းတရားပါပဲ၊ သေမင်းဆိုတာ မင်းကြီးရှိတာမဟုတ်ဘူး၊ တချို့က အဟုတ်မင်းကြီးရှိတယ် မှတ်နေတယ်။

မင်းကြီးတော့ မရှိတော့ပါဘူး သေမင်းဆိုတာ ဘုန်းကြီးငယ်ငယ်တုန်းက ငြင်းရဘူးတယ်၊ ဒကာကြီးတစ်ယောက်နဲ့၊ ဒကာကြီးတစ်ယောက်က သူက သေမင်းဆိုတာကို တကယ်သေမင်းလို့လုပ်နေတဲ့ မင်းကြီးတစ်ခုရှိတယ်လို့ ယူဆထားတော့၊ ဒကာကြီး သေမင်းဆိုတာမရှိဘူး၊ နို့ဘုရားမရှိရင် ဒီစာတွေက ဘာဖြစ်လို့ ရေးထားသလဲ၊ ရှိရမှာပေါ့၊ ရှိလို့ ရေးထားတာပေါ့၊ မဟုတ်ဘူး ဒကာကြီး သေခြင်းတရားကိုပဲ ဒါကိုသေမင်းလို့ တင်စားပြီး ပြောနေတာဆိုတော့ ငြင်းလို့ကို မရဘူး၊ ဒကာကြီးနဲ့ ဘုန်းကြီးကတောင် အရှုံးပေးရသေးတယ်၊ ငယ်ငယ်တုန်းက ဒီဟာကို ရဟန်းဖြစ်ခါစလောက်က ဖြစ်ပါလိမ့်မယ်၊ ဒကာကြီးက တယ်အငြင်းသန်သကိုး၊ အမှန်တော့လဲ သူက အငြင်းသန်မှာပဲ၊ သူက အရွယ်ကြီးနေမှပဲ၊ ဘုန်းကြီးက အငယ်လေး ရှိသေးတာကို ဒီကိုယ်တော်လေး ဘာမှမသိသေးဘူး အောက်မေ့မှာပဲ၊ အဲ သေခြင်းတရားပါပဲ။

သေခြင်းတရားကို သေမင်းလို့ တင်စားပြီးတော့ ခေါ်ထားတာ၊ (တစ်ခါ–၂) သတင်းစာတွေထဲက ရုပ်ပြောင်တွေဘာတွေရေးထားတယ်၊ သေမင်းကြီးဆိုပြီးတော့ ကလေးတွေက အဟုတ်မှတ်လို့ သူ့အရုပ်ကြီး ရေးထားတာ၊ အဲဒီသေခြင်းတရားပါပဲ၊ အဲ့ဒီသေခြင်းတရားဟာ စစ်သည်တွေ အများကြီးရှိတယ်တဲ့၊ သေခြင်းတရားမှာ ယခုသတ္တဝါတွေ သေရတာဟာ သူ့စစ်သည်တွေနဲ့ လက်နက်တွေနဲ့ တိုက်ပြီးတော့ သေနေတာပဲ၊ စစ်သည်တွေနဲ့ တစ်ချို့က ရေနစ်ပြီးတော့ သေတယ်ဆို၊ ရေကသူ့စစ်သည်ပဲ၊ တစ်ချို့က မီးလောင်ပြီး သေတယ်၊ မီးဟာ သူ့စစ်သည်ပဲ၊ အဆိပ်သင့်ပြီးတော့ သေတယ်ဆိုရင်လဲ အဆိပ်ဟာ သူ့စစ်သည်ပဲ၊ အစားအသောက်မှား သေပြန်ပြီ၊ အဲဒါလဲ သူ့စစ်သည်ပဲ၊ ရေချိုးမှား သေပြန်ပြီ၊ ဒါလဲသူ့စစ်သည်ပဲ၊ ဝမ်း

ရောဂါဖြစ်ပြီး သေပြန်လဲ ဒါလဲ သူ့စစ်သည်ပဲ၊ ကာလရောဂါဖြစ်ပြီး သေတယ်၊ အကုန်လုံးရောဂါတွေ ဟူသမျှတွေဟာ သူ့စစ်သည်တွေပဲ၊ လိမ့်ကျပြီးသေတာလဲ သူ့စစ်သည်ပဲ။

ဘာပဲဖြစ်ဖြစ် သေစရာတွေအကြောင်းတွေ အများကြီးရှိတယ်၊ သို့သော်လည်း ဒါကစစ်သည် အရင်းခံတော့ မဟုတ်ဘူး၊ ဒါကအဖျားအနား ရှိသေးတယ်၊ စစ်သည်အရင်းခံကတော့ ကိလေသာတွေတဲ့၊ သတ္တဝါတွေ သေရတာဟာ ဘာကြောင့် သေရသလဲဆိုရင် ဘဝအသစ်ဖြစ်လာလို့၊ မဖြစ်တဲ့ပုဂ္ဂိုလ်သေပါ့မလား မသေဘူး၊ သူကဖြစ်လို့သေတာ၊ ဖြစ်ရင်တော့ ပျက်ရမှာပဲ၊ ဖြစ်ပြီးရင် ပျက်ရမယ်၊ မဖြစ်ရင်တော့ မပျက်ဘူး၊ ဖြစ်လာလို့ရှိရင် တစ်နေ့ကျရင် ပျက်ရဦးမှာပဲ၊ ဒါမှုချမလွဲဘူး၊ မပျက်လို့ကို ပြီးကိုမပြီးဘူး အမှတ်တမဲ့ နေနေလို့ တော်တော် နေသာ ထိုင်သာအရှိသား။

စဉ်းစားလိုက်တဲ့အခါကျ တယ်နေရာမကျဘူး၊ တစ်နေ့ကျ သေရဦးမှာကိုး၊ သေမှဘဲ အပြီးသတ်မယ်၊ ဘဝအသစ်ဖြစ်လာလို့ရှိရင် ဘယ်ဘဝဖြစ်ဖြစ် ဘယ်လောက် အထက်တန်းကျတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် နောက်ဆုံးတစ်နေ့ကျ သူဟာ သေရမှာဘဲ၊ သေသွားပြန်တာပဲ၊ လူ့ဘဝနဲ့သေရတယ်၊ နတ်ဘဝနဲ့သေရတယ် စသည်အားဖြင့် ဗြဟ္မာဘဝနဲ့လဲ သေရတယ်၊ ဘာဖြစ်လို့ ဖြစ်ရတာလဲဆိုရင် ကိလေသာတွေရှိနေလို့တဲ့၊ ကိုယ့်ဘဝတွေနဲ့ကိုခင်မင်တွယ်တာမှုတွေရှိလို့ ဒါတွေရှိနေတယ်၊ ကိလေသာတွေ မကင်းသေးသမျှ ကာလပတ်လုံး တစ်ဘဝကသေသွားရင် တစ်ဘဝဖြစ်မယ်၊ ဖြစ်ရာဘဝသေရမယ်၊ နောက်တစ်ခါ တစ်ဘဝဖြစ်ဦးမယ်၊ အဲဒီဖြစ်ရာဘဝသေရမယ်၊ နောက်တစ်ခါလည်း ဘဝဖြစ်ဦးမယ်၊ ဖြစ်ရာဘဝ သေရမယ်၊ ဖြစ်လို့လဲမဆုံးဘူး၊ သေလို့လဲမဆုံးဘူး၊ ဒါပေမယ်လို့ အဖြစ်ကောင်းကလေးတွေ ဖြစ်ပြီးနေရင် တော်သေးတာပေါ့လေ၊ လူအဖြစ်, နတ်အဖြစ်ကြီးပဲ ဆိုရင်တော့ နည်းနည်းတော်သေးတာပေါ့၊ ဆောက်တည်ရာလေး နည်းနည်းရရဲ့၊ အဲဒီ ငရဲတို့ တိရစ္ဆာန်တို့ ပြိတ္တာတို့ ဖြစ်ရင်တော့ နေရာမကျတာ၊ ဖြစ်ကတည်းက တယ်နေရာမကျဘူး၊ သေလဲ မကောင်းဘူး၊ ဘယ်ဟာမှ နေရာမကျပါဘူး။

အဲဒီဘဝ သေရခြင်းဟာ လက်သယ်အရင်းခံရှာလိုက်လို့ရှိရင် ကိလေသာကြောင့်ပဲတဲ့၊ ကိလေသာတွေဟာ သေမင်း၏ စစ်သည်တွေတဲ့၊ သူတို့ဟာသေမင်း၏ စစ်သည်ဖြစ်တဲ့ ကိလေသာတွေကို မှန့်မှန့်ညက်ညက်ပျက်အောင်လို့ ခြေဖျက်ကြပါတဲ့၊ သီလတည်းဟူသော လက်နက်နဲ့, သမာဓိတည်းဟူသော လက်နက်နဲ့ ပညာတည်းဟူသော လက်နက်နဲ့ ခြေဖျက်ရမှာကိုး၊ ဝိပဿနာရှုရာတော့ အမှတ်ကလေးတွေနဲ့ ရှုတာလေးတွေ ပညာလက်နက်ကလေးနဲ့ ရှုလိုက်–ရှုလိုက်၊ ရှုတိုင်းရှုတိုင်း ကိလေသာ ငြိမ်းတာပေါ့၊ မရှုရင် ကိလေသာ မငြိမ်းဘူး။

မရှုမိတဲ့အာရုံနဲ့စပ်ပြီးတော့ လောဘလဲဖြစ်နိုင်တယ်၊ ဒေါသလဲဖြစ်နိုင်တယ်၊ မောဟ, မာန, ကိလေသာတွေဖြစ်နိုင်တယ်၊ အဲဒီကိလေသာတွေ အကြောင်းပြုပြီး ဘဝတစ်ခုဖြစ်နိုင်တယ်၊ ဖြစ်ရာဘဝမှာ သေရမယ်၊ အဲ–ရှုမိလို့ရှိရင် ရှုမိတဲ့ အာရုံတိုင်းမှာ ကိလေသာမဖြစ်ဘူး၊ ကိလေသာငြိမ်းတယ်၊ ကိလေသာငြိမ်းတော့ ကံတွေမဖြစ်ဘူး၊ ကံကနေပြီး ဖြစ်မည့်ဘဝလဲ မဖြစ်ရဘူး၊ ဘဝငြိမ်းတယ်၊ ဘဝဖြစ်တော့ကို မအိုရ, မနာရ, မသေရဘူး၊ အဲ–သေပြီး ငြိမ်းတာပေါ့၊ ဒါသေမင်း မနှိပ်စက်နိုင်ဘူး၊ အဲဒါကြောင့်–

မစ္စုနော–သေမင်း၏၊ သေနံ–ကိလေသာ တည်းဟူသော စစ်သည်အပေါင်းကို၊ ဓုနာထ–မှုန့်မှုန့်ညက်ညက် ခြေဖျက်လိုက်ကြပါ ကုန်လော့၊ ဘယ်လို ခြေဖျက်ရမလဲဆို၊ ဥပမာအားဖြင့် ဆင်ပြောင်ကြီးလို ဆင်ပြောင်နဲ့ ကျူထရံအိမ်လိုပေါ့။ ကျူထရံအိမ်ဆိုတာ အမွှေးပဲတဲ့၊ အပျော့လေးပဲတဲ့၊ ဆင်ကြီးနင်းလိုက်ရင် ကြေသွားမှာပေါ့တဲ့၊ အဲဒါလိုပါပဲတဲ့၊ ကိလေသာတွေဟာ တစ်ကယ်အားထုတ်လိုက်လို့ရှိရင် ကြေပျက်သွား မယ်၊ အဲဒီတော့ ယောဂီပုဂ္ဂိုလ်တွေ, တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ စဉ်းစားပေါ့၊ တရားအားထုတ်တဲ့ ယောဂီဟာ ဆင်ကြီးလောက် သန်မှသန်ရဲ့လား၊ ကိလေသာတွေလဲ ကျူထရံလိုမှ ပျော့ပျော့ကလေးမှ ဟုတ်ရဲ့လား စဉ်းစားရဦးမှာကိုး။

အေး–တရားအားထုတ်တဲ့ယောဂီပုဂ္ဂိုလ်က ဆင်ပြောင်ကြီးလိုမသန်ဘဲနဲ့ အပျော့စားဖြစ်နေလို့ရှိရင်တော့ ခါခြင်ကောင်တို့လို ဘာလိုဖြစ်နေလို့ရှိရင် ဟိုကကပ်မယ်၊ ကိလေသာတွေ ကျူထရံမဟုတ်ဘဲနဲ့ တစ်ခါတည်း တိုက်အိမ်ကြီးဖြစ်နေမှ သိပ်မာနေမှဖြစ်တော့ဖြင့် ဘာမှကို ဖျက်လို့ရမှာ မဟုတ်တော့ဘူး၊ အဲဒီလိုပဲ တွေ့နေတတ်တယ်၊ ဒီမှာ ဒေသနာကတော့ သေသေချာချာ ပေးထားတယ်၊ အားရစရာ အားပေးထားတယ်၊ ကျူထရံအိမ်လိုပါပဲတဲ့၊ မခက်ပါဘူးတဲ့။

ကိလေသာတွေဟာ ဘာမှအားမရှိဘူး၊ အေး–တရားလက်နက်တွေကလဲ အားကောင်းပါတယ်၊ ဆင်ပြောင်ကြီးလိုပါတဲ့၊ သိပ် အားကောင်းပါတယ်တဲ့၊ ဥပမာပေးထားတယ်၊ အဲဒီလို သဘောထားပြီး အားထုတ်ရမှာပဲ၊ ဟာ....မဖြစ်နိုင်ပါဘူး ဆိုတဲ့ဘက်ကနေ အားထုတ်လို့တော့မရဘူး၊ ဖြစ်မှာပဲလို့ စိတ်ထဲတစ်ခါတည်းထားပြီး အားထုတ်ရမှာကိုး၊ ဒါက ရဲရဲတင်းတင်း အားထုတ်ဖို့ရာ ဥပမာပေးထားတာ၊ ကုဋ္ဌရော–ဆင်ပြောင် ကြီးသည်၊ နဋ္ဌကာရံကျူထရံအိမ်ကို၊ ဓုနာတိဇ–မှုန့်မှုန့်ညက်ညက် နင်းခြေဖျက်ဘိသကဲ့သို့၊ မစ္စုနော–သေမင်း၏၊ သေနံ–ကိလေသာအပေါင်း တည်းဟူသော စစ်သည်အပေါင်းကို၊ ဓုနာထ–မှုန့်မှုန့်ညက်ညက် ခြေဖျက်လိုက်ကြပါကုန်လော့၊ ဗြဟ္မာပြည်ကနေပြီးတော့ အဘိဘူရဟန်းက ဟောတယ်၊ အဲဒီ လူ့ပြည်ကနေပြီး အားလုံးကြားရတယ်၊ ဟိုတုန်းက....

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟေဿတိ၊
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

ယော–အကြင်ပုဂ္ဂိုလ်သည်၊ ဣမသ္မိံ ဓမ္မဝိနယေ–ဤတရား ဝိနည်းတည်းဟူသော သာသနာတော်၌ ဤတရားဖြင့် ဆုံးမရာ သာသနာတော်၌ အပ္ပမတ္တော–မမေ့ မလျော့သည်ဖြစ်၍၊ ဝိဟေဿတိ–နေသည် ဖြစ်ငြားအံ့။

တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်တဲ့၊ ဒီသာသနာမှာ မမေ့မလျော့နေခဲ့လို့ရှိလျှင် မမေ့မလျော့သတိတရားနှင့် သီလလဲ မချို့ယွင်းရအောင် သမာဓိလဲ မချို့ယွင်းရအောင်၊ ကုသိုလ်ကောင်းမှုတွေ မချို့ယွင်းရအောင် အကုသိုလ်တရားတွေ မပွားရအောင် သတိတရားရှိရမယ်၊အထူး သဖြင့် ဒွါရ ၆–ပါးက ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေကို တစ်ခါတည်း အမှတ်ရပြီး သတိလေးထင်ပြီး အသိတရားလေးနဲ့....

ဣမသ္မိံ ဓမ္မဝိနယေ–ဤမြတ်စွာဘုရား၏ သာသနာတော်၌၊ ယော–အကြင်ပုဂ္ဂိုလ်သည်၊ အပ္ပမတ္တော–မမေ့မလျော့သည်ဖြစ်၍၊ ဝိဟေဿတိ–နေငြားအံ့၊ သော–ထိုပုဂ္ဂိုလ်သည်၊ ဇာတိသံသာရံ–အဖြစ်ပေါင်း များစွာရှိသော သံသရာကြီးကို၊ ပဟာယ–ပယ်စွန့်၍၊ ဒုက္ခဿန္တံ–ဆင်းရဲ၏ အဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကို၊ ကရိဿတိ–ပြုနိုင် ပြီးစီးနိုင်ပါလိမ့်မည်။

အဲ....မမေ့မလျော့နေသွားလို့ရှိရင် ဘဝထပ်ကာထပ်ကာ ဖြစ်ရတဲ့သံသရာကြီး အဲဒီသံသရာကြီးကို ပယ်စွန့် ဘဝသစ်မဖြစ်ရဘဲနဲ့ ဆင်းရဲဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ရောက်သွားပါလိမ့်မယ်တဲ့၊ ဒီဂါထာ ၂–ခု ဟောတယ်၊ အဲဒီ ဂါထာ ၂–ခုဟောတော့ လူ့ပြည်က နေပြီးတော့ အားလုံးကြားရတယ်၊ ကြားရတာနဲ့စပ်လို့ ရှင်အာနန္ဒာက မေးလျှောက်တယ်၊ မြတ်စွာဘုရား ဒီအဘိဘူရဟန်းက ဗြဟ္မာပြည်ကနေပြီးတော့ အသံကြားအောင်လို့ အဓိဋ္ဌာန်ပြီး ဟောတော့ကို အားလုံး လူ့ပြည်ကနေပြီး ကြားရတယ်၊ မြတ်စွာဘုရား ဟောလို့ရှိရင်တော့ ဘယ်လိုနေပါ့မလဲ ဘုရားလို့ လျှောက်တယ်၊ ဟာ–ဟိုဟာက သာဝကရှိသေးတာပဲ၊ ဒါက တပည့် ဟောတာပဲတဲ့၊ ဘာပြောပလောက်သေးသလဲ ဘုရားဟောလို့ရှိရင်တော့ အများကြီးပါပဲတဲ့၊ စကြာဝဠာပေါင်း သိန်းပေါင်းသန်းပေါင်းများစွာ ကြားနိုင်တာပဲတဲ့၊ ပြောတော့ ဒီထက်လဲ ပိုပြီးတော့ ကြားနိုင်တာပါပဲတဲ့၊ အလိုရှိရင် အလိုရှိသလောက် ကြားနိုင်တယ်တဲ့။

ဒီလိုပြောတော့ ရှင်အာနန္ဒာက ဝမ်းမြောက်ဝမ်းသာဖြစ်လို့ တစ်ခါတည်း မြတ်စွာဘုရား အင်မတန် တန်ခိုးကြီးတာပဲ လို့ဆိုပြီးတော့ ချီးကျူးတာကိုး၊ ချီးကျူးတော့ အရင်တစ်နေ့ကပြောတဲ့ ရှင်ဥဒါရီက၊ ဥဒါရီကအမျိုးမျိုးရှိတယ်၊ ရဟန္တာ ဥဒါရီကြီးကရှိသေးတယ်၊ ရဟန္တာဥဒါရီကြီးကတော့ သူက ရဟန္တာဆိုတော့ သူက ဟိုဒင်းမပြုပါဘူး၊ ကာဠဒါရီဆိုတဲ့ ရဟန္တာဥဒါရီ ကရှိတယ်၊ အဲဒီဥဒါရီမဟုတ်ဘူး၊ ဒါကတော့ လာလုဒါရီဆိုတဲ့ ဥဒါရီ တစ်ယောက်ရှိတယ်၊ သူကတော့ခပ်ပေါ့ပေါ့ပဲ၊ သူက နာမည်ပျက်တယ်၊ ဒီဥဒါရီက အဲဒီဥဒါရီကြီးက ထပြီးပြောတယ်၊ ရှင်အာနန္ဒာနဲ့ မြတ်စွာဘုရား တန်ခိုးကြီးတာ ရှင်အာနန္ဒာ ဘာအကျိုးရှိသလဲ၊ သူ့ဟာသူကြီးတာ၊ ဘာမှအကျိုးမရှိဘူး၊ ဒီလိုကိုး၊ သူ့ဥစ္စာက ဘုရားတန်ခိုးကြီးတာ၊ သူ့ဟာသူကြီးနေတာ၊ ကိုယ့်မှာ ဘာအကျိုးရသလဲဆိုတော့မှ ဒီတော့ မြတ်စွာဘုရားက အကျိုးရှိပါတယ်တဲ့။

အဲဒီလိုကြည်ညိုတဲ့ သဒ္ဓါတရားဟာလဲ ကုသိုလ်တွေ ဖြစ်သွားတာပဲတဲ့၊ အကယ်၍သာ အာနန္ဒာဟာ ယခုဘဝမှာ ကိလေသာ မကင်းသေးလို့ ရဟန်းအဖြစ် မရောက်သေးလို့ရှိရင်၊ ဒီကြည်ညိုတဲ့ ကုသိုလ် စေတနာလေးကြောင့် လူ့လောကက ဖြစ်မယ်ဆိုရင်၊ ၇–ကြိမ်တိုင်တိုင် လူ့လောကမှာ မင်းစည်းစိမ် ၇–ကြိမ်တိုင်တိုင် ဖြစ်နိုင်တယ်၊ ဒီစေတနာလေးကြောင့် ဟုတ်လား၊ ဒါ သောတာပန်ဖြစ်နေလို့ သောတာပန် မဖြစ်သေးရင် ဒါလောက် မကသေးဘူး၊ ပုထုဇဉ်ဖြစ်ရင် ဘယ်လောက် သွားမှန်း မသိဘူး။

အဲဒီအချိန်က သောတာပန်ဖြစ်နေတဲ့အချိန်၊ ရှင်အာနန္ဒာက သောတာပန်ဖြစ်တော့ ၇–ဘဝတဲ့၊ ပိုဟောလို့တော့ မဖြစ်ဘူး၊ ၇–ဘဝက ၈–၉ ဘဝသွားဟောလို့ရှိရင် သောတာပန်ဘဝတွေ များသွားမယ်၊ အဲ ၇–ကြိမ်တိုင်တိုင် လူ့ပြည်ဖြစ်မယ်ဆိုရင် ၇–ကြိမ်တိုင်တိုင် သူ မင်းဖြစ်နိုင်တယ်တဲ့၊ နတ်ပြည်ဖြစ်မယ်ဆိုရင် နတ်ပြည်မှာ ၇–ကြိမ်တိုင်တိုင် သူမင်းဖြစ်နိုင်တာပဲတဲ့၊ ဒီစေတနာ ကုသိုလ်၊ ဒီပြင်ကုသိုလ် မဟုတ်ဘူး၊ သူကြည်ညိုတာလေး ဒီတရားလေးကို ကြားရတာနဲ့ မြတ်စွာဘုရား တန်ခိုးကြီးပါပေတယ်ဆိုပြီး ကြည်ညိုတဲ့ စေတနာလေး၊ အဲဒီလောက် အကျိုးရှိပါတယ်လို့ ဒါပေမယ်လို့ရှင်အာနန္ဒာဟာ အဲ–ယခုဘဝပဲ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံမှာတဲ့၊ ဒီကုသိုလ်အကျိုး ဒီတော့ ပေးရမှာ မဟုတ်ဘူး ဆိုပြီးတော့ မြတ်စွာဘုရားက ဟောပါတယ်၊ ရဟန္တာဖြစ်တော့လဲ အကျိုးကမပေးရဘူး၊ အဲဒီလိုသဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်က သူများကြည်ညိုတာလဲ ဝင်ပြီးဖျက်တာပဲ၊ ကြည်ညိုအောင်လို့လဲ မပြောဘူး၊ အဲဒီလို ဖြစ်တယ်။

ဒါကြောင့်မို့ မွဲခြောက်သူကြဉ်တဲ့၊ ဒါလူမွဲကြီးဒါ မွဲခြောက်သူနှင့် မပေါင်းနဲ့တဲ့၊ မွဲခြောက်သူကြဉ်ဆိုတာ လူသာ မဟုတ်ဘူး၊ မွဲခြောက်သူတွေကလဲ ဒါတွေလဲ ကြဉ်နိုင်ရင်တော့ ကောင်းတာပဲ၊ အကယ်၍ ကိုယ်က သတ္တိကောင်းလို့ရှိရင်တော့ ကိစ္စမရှိဘူးပေါ့လေ၊ ကိုယ်က သဒ္ဓါတရား ခိုင်ခိုင်ခန့်ခန့် သဒ္ဓါတရားကောင်းတယ်၊ ငါကဆင်ခြင်နိုင်တဲ့ ပညာရှိတယ်၊ ခိုင်ခန့်

တယ်ဆိုရင်တော့ ကိစ္စမရှိပါဘူး၊ ဘယ်စာကြည့်ကြည့် ရပါတယ်၊ ဒါကတော့ မိစ္ဆာဒိဋ္ဌိ၊ ဗုဒ္ဓဘာသာမဟုတ်တဲ့ ပြင်ဘက်လောကက ရေးထား ရေးချင်တာတွေ ရေးတာတွေ ရေးရေးကြည့်လို့ရပါတယ်၊ ကိုယ်က ခိုင်ခန့်လို့ရှိရင် ခိုင်ခန့်တဲ့ပုဂ္ဂိုလ်က တော့ ကိုယ့်စိတ်တယ်မယုံတဲ့ ပုဂ္ဂိုလ်တော့ သွားမကြည့်နဲ့၊ နေရာမကျဘူး၊ စိတ်နှလုံးခိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘာဘဲဖြစ်ဖြစ် သွားကြည့်လို့ရှိရင် စိတ်နှလုံး မခိုင်တဲ့ပုဂ္ဂိုလ်တွေက ကြောက်စရာ, လန့်စရာတွေ သွားမကြည့်ရဘူး၊ ကြောက်စရာ, လန့်စရာတွေ သွားကြည့်လို့ရှိရင် အဲဒါလန့်ဖျပ်ပြီးတော့ စိတ်တွေ ဖောက်ပြန်ပြီး သွားတတ်တယ်။

တစ်ချို့ အဲဒီလိုဟာတွေ သွားကြည့်ပြီးတော့ စိတ်တွေ ဖောက်ပြန်ကုန်လို့ တကတည်း ဘုန်းကြီးတို့ရွာမှာ လူတစ်ယောက်ရှိတယ်၊ လူတစ်ယောက်ဟာ ခွေးကို လူတစ်ယောက်က ဓားနဲ့ခုတ်လိုက်ဆို ထင်ပါရဲ့၊ ဘုန်းကြီးက နောက်မှ ကြားသိတာပဲ၊ ဓားနဲ့ခုတ်လိုက်တော့ ခွေးကတစ်ခါတည်း အူတွေ ဘာတွေထွက်ပြီးတော့ အော်ပြီးတော့ ပြေးလာတယ်၊ အဲဒီလူကို မြင်တော့ မြင်တဲ့လူကလဲ စိတ်ထဲမှာ တစ်ခါတည်း နောက်သွားတယ်၊ လန့်ဖျပ်ပြီးတော့ စိတ်နောက်သွားတယ်၊ နောက်တွေ့ကရာတွေ လျှောက်ပြောတယ်၊ တစ်နေ့လုံးတစ်ခါတည်း ပြောနေတာ၊ ပါးစပ်က ဘာတွေ ပြောနေမှန်း မသိဘူး၊ တစ်ခါတည်း အကျယ်ကြီးပြောတာ၊ အော်–အော်ပြီးပြောနေတော့ နေ့ရောညရော အံ့သြစရာ ကောင်းပါတယ်။

ဘာဖြစ်လို့တုန်းလို့ ဘုန်းကြီးက မေးတယ်၊ အကြောင်းကတော့ ဒါပါပဲတဲ့ ခွေးကို ဓားနဲ့ခုတ်တာ သွေးသံရဲရဲ မြင်ရတော့ လန့်ပြီးတော့ စိတ်ဖောက်ပြန်သွားတာတဲ့၊ အဲဒီစိတ် ဖောက်ပြန်သွားတာ ဆေးကုလို့လဲမရ ဘာလဲမရ၊ အင်မတန် သနားစရာကောင်းတယ်၊ သူက အဲဒါ စိတ်မခိုင်လို့ရှိရင် မကြည့်ထိုက် မကြည့်အပ်တာတွေ မကြည့်ရဘူး၊ ကြောက်တတ်တဲ့ ပုဂ္ဂိုလ် ကြောက်စရာတွေ မကြည့်ရဘူး၊ လန့်စရာတွေ မကြည့်ရဘူး၊ ကြည့်လို့ရှိရင်ဖြင့် အဲဒါ တော်တော်ကြာရင် စိတ်တွေ ကိုးရိုးကားရားတွေ လျှောက်ဖြစ်သွားတတ်တယ်၊ အဲဒါလိုပဲ မိမိက သဒ္ဓါတို့ပညာတို့မခိုင်တဲ့ ပုဂ္ဂိုလ်တွေက တွေ့ကရာစာအုပ်စာတမ်းတွေဘာတွေ လျှောက်ကြည့်လို့ရှိရင် အဲဒါ ကိုးရိုးကားရားတွေ လျှောက်ဖြစ်သွားတတ်တယ်၊ သတ္တိကောင်းရင်လဲ ကိစ္စမရှိဘူးပေါ့၊ သဒ္ဓါတရားပျက်အောင်လို့ သဒ္ဓါတရားဖြစ်ပြီးသား သဒ္ဓါတရားတွေကို ပျက်အောင်လို့ရေးထားတဲ့ စာတွေဘာတွေ ရှိတယ်၊ အဲဒါတွေလဲ အတူတူပဲ၊ မွဲခြောက်သူကြဉ်ဆိုတာ ဒါလဲမွဲခြောက်သူပဲတဲ့၊ လိုက်ရမှာပဲ ပီတိမဖြစ်ဘူး၊ သူ့ကြည့်လို့ရှိရင် ပီတိမဖြစ်ဘဲနဲ့ ဖြစ်ပြီးသားဟာတွေတောင် တစ်ခါပြန်ပြီး ပျက်သွားတတ်တယ်။

တစ်ချို့ပုဂ္ဂိုလ်တွေက ပထမကို ကုသိုလ်လေးနဲ့ ဒါနသီလကုသိုလ်လေးနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်လို့ တစ်ခါတည်း ဝမ်းမြောက် ဝမ်းသာကုသိုလ်တွေက တော်တော်ပြည့်စုံနေတော့ ဘာဖြစ်မယ်ဆိုပြီး အားရနေတယ်၊ နတ်ပြည်ရောက်ကြောင်း ကုသိုလ်တွေ ငါ့မှာပြည့်စုံနေပြီဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်၊ အဲဒီအထဲကနေပြီးတော့ တစ်ချို့ သဒ္ဓါတရားပျက်အောင် ပြောတတ်တဲ့ပုဂ္ဂိုလ်က ဘယ့်နယ်ပြောသတုန်းဆိုတော့ ဟ–ဒါတွေက သံသရာလည်ကြောင်း တရားတွေပဲ။

ဒါတွေ ခဏပြုတာ မှားတာပဲ၊ ဘဝတွေတော့ ဒုက္ခရောက်တော့မှာပဲ၊ ပြောတာနဲ့ တစ်ချို့က အဟုတ်ကြီးမှတ်ပြီးတော့ ငါဒီကုသိုလ်မျိုးနောက်လဲ မပြုတော့ဘူးဆိုပြီးတော့ စိတ်ပျက်သွားတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ သဒ္ဓါတရား ပျက်သွားတတ်တယ်၊ မွဲခြောက်သူကို ကြဉ်ရမယ်တဲ့။

တရားအားထုတ်နေတာလဲ ဒီအတိုင်းပဲ၊ သဒ္ဓါတရားအားကြီးတဲ့ပုဂ္ဂိုလ်တွေကတော့ တရားအားထုတ်နေရင် ကိုယ်တိုင်လည်း အားထုတ်လိုတဲ့ဆန္ဒရှိတယ်၊ အားလဲထုတ်တယ်၊ သူများလဲ အားထုတ်ဖို့ တိုက်တွန်းတယ်၊ သူများအားထုတ်နေလို့ရှိရင် လဲအားပေးတယ်၊ ဒါသဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်၊ သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်ကျတော့ အားထုတ်နေတာလေးကိုပဲ ဒါဟာမလိုပါဘူး၊ ဒီဥစ္စာက လူပင်ပန်းရုံပါပဲ၊ ဘာလေးညာလေးလုပ် တော်ပါပြီဆိုပြီးတော့ သူကြိုက်တာတွေကို လျှောက်ပြောပြီးတော့ အားထုတ်နေတာစိတ်ပျက်အောင်တော့ ပြောတတ်တယ်၊ ဒါကြောင့် မွဲခြောက်သူကြဉ်၊ စိုပြည်ယှဉ်တဲ့၊ အဲ–သဒ္ဓါတရားဖြင့် စိုစိုပြည်ပြည်ရှိတဲ့ပုဂ္ဂိုလ်, သဒ္ဓါတရားကောင်းတဲ့ ပုဂ္ဂိုလ်တွေကို မှီဝဲပါတဲ့၊ ကိုင်း–ဆိုရမယ်။

မွဲခြောက်သူကြဉ် စိုပြည်ယှဉ် ထိုတွင် စိတ်ညွှတ်ရာ။ (ဆို–၃)
ကြည်ညိုဖွယ်ညွှန်ကြား သုတ္တန်များ စဉ်းစားဆင်ခြင်ပါ။ (ဆို–၃)

ဒါက ယနေ့ဒါကိုဟောရမယ်၊ ပသာဒနိယသုတ္တန္တပစ္စဝေက္ခဏာ–ကြည်ညိုဖွယ်ကိုဆောင်တတ်တဲ့ ကြည်ညိုဖွယ် သဒ္ဓါတရားတွေ ဖြစ်စေတတ်တဲ့ သုတ္တန်တရားတွေ စဉ်းစားဆင်ခြင်ကြည့်ပါတဲ့၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ တရားက မတိုးတက်လို့ အားလျော့ပြီးနေတဲ့အခါမှာ အဲဒီလို အခါကာလမှာ ကြည်ညိုဖွယ် သုတ္တန်တွေကို ဆင်ခြင်ပါတဲ့၊ တစ်နေ့က ဆင်ခြင်ပုံတွေ ဘုန်းကြီးက တစ်နေ့ကပြောပြီးပြီ၊ တော်တော်များသွားပြီ၊ ဒီကနေ့လဲ တော်တော်ပြောရဦးမယ်၊ ပြီးတော့ပြီးကောင်းပါရဲ့ ဒီနေ့ အပြီးသတ်မှဖြစ်မယ်၊ မပြီးနိုင်လို့ဖြစ်နေတယ်၊ သုတ်တွေကလဲတယ်ကောင်း၊ သုတ်တစ်သုတ်လဲ အကြာကြီး အကြာကြီးပြောရတာကိုး၊ သူက တိုတိုလေးပြောလို့ မဖြစ်ဘူး။ ကြည်ညိုဖွယ်ရာ သုတ်တွေ အင်မတန်ကောင်းတယ်။

ယနေ့တော့ မြတ်စွာဘုရား ကိုယ်တော်တိုင် တရားအားထုတ်ခဲ့ပုံ အကြောင်းအရာသုတ်တွေနဲ့ ရှင်အနုရုဒ္ဓါ တရားအားထုတ်ပုံ အကြောင်းအရာသုတ်ကလေး အဲဒါတွေပါပဲ၊ အဲဒါတွေပြောရမယ်၊ အင်မတန် ကောင်းတယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အားကျစရာ အားတက်စရာတွေ၊ မြတ်စွာဘုရား အလောင်းတော်ဟာ ၂၉–နှစ်မှာ တောထွက်တာကိုး၊ ၁၆–နှစ် အရွယ်မှာ ယသော်ဓရာ မင်းသမီးနဲ့ ထိမ်းမြားလက်ထပ်ပြီးတော့ ထီးနန်းစည်းစိမ်တွေ သုံးဆောင်ခံစားပြီးတော့ နေခဲ့တယ်။

နန်းမသုံးဆောင်၊ ဆောင်းဥတုနဲ့ သင့်လျော်တဲ့ နန်းမပြာသာဒ် တစ်ဆောင် ဘုံနန်းပြာသာဒ်၊ ဆောင်းဥတု ဆိုတော့ အေးတာကိုး၊ မအေးအောင်လို့ အဆောက်အအုံလုပ်တယ်၊ နွေဥတုနဲ့ သင့်လျော်တဲ့ ဘုံနန်းပြာသာဒ်က တစ်ဆောင်၊ နွေဥတု ဆိုတော့လဲပဲ ပူအိုက်တာကိုး၊ မပူမအိုက်အောင်လို့ မပူမအိုက်ရအောင်လို့ ဆောက်တယ်၊ တစ်မျိုးဆောက်တယ်၊ မိုးဥတုနှင့် သင့်လျော်တဲ့ နန်းမပြာသာဒ်တစ်ဆောင်တဲ့၊ မိုးတွင်းဆိုတော့လဲ မိုးတွေကရွာတော့ မိုးဒဏ်ကိုခံနိုင်အောင်လို့ ဒီမှာလဲ သင့်လျော်အောင်လို့ ဆောက်တယ်၊ မိုးရွာပြီးတော့လဲ အိုက်တတ်တယ်၊ အဲဒါကြောင့် သင့်လျော်အောင်လို့ ဆောက်တယ်၊ နန်းသုံးဆောင်၊ ဆောင်းဥတုရာသီကြလို့ရှိရင်လဲ ဆောင်းဥတုနှင့်သင့်လျော်တဲ့ ပြာသာဒ်ပေါ်မှာ ပြာသာဒ်ဆိုတာလဲ အဆောက်အအုံကြီးပါပဲ၊ အုတ်တိုက်လဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဟိုအခါတုန်းက သစ်သားအဆောက်အအုံလဲဖြစ်မှာပေါ့၊ ဘာရယ်လို့တော့ မပြောတတ်ဘူး။

အဲဒီမှာနေတာကိုး၊ အဲဒီမှာ အလုပ်အကျွေးဖျော်ဖြေမည့် ပုဂ္ဂိုလ်တွေနဲ့ပေါ့လေ၊ ဟိုတုန်းက မင်းတွေက အင်မတန်စည်းစိမ်ရှိတာတွေပဲ၊ ဟိုတုန်းက မင်းတွေက ယခုကာလလို လူတွေကျေနပ်အောင်လို့ ဘာတွေ ဘာတွေလုပ်နေရတာ မဟုတ်ဘူး၊ သူတို့က တစ်သြဇာတစ်မိန့်ပြီးတာပဲ၊ ဥပမာ ဘာလုပ်ကြဆိုရင်ပြီးတာပဲ၊ သိပ်ဟန်ကျတယ်၊ ဟိုတုန်းက မင်းတွေက လူထုတွေကျေနပ်အောင် သိပ်လုပ်ရတာ တစ်ခါတည်း အင်မတန်လုပ်ရတယ်၊ ဝန်သိပ်လေးပါတယ်၊ ပြီးတော့ ရတဲ့လခလေးနဲ့ မသုံးလောက် သုံးလောက်နဲ့ ဒါလေး သုံးစွဲနေရတာကိုး၊ ဟိုတုန်းက သူတို့အခွန်တော်တွေ အကုန်လုံးဟာ မင်းက အကုန်လုံးပိုင်တယ်၊ လုပ်ထားတာကိုး၊ ရေမြေကို အစိုးရတော်မူသောဆိုတော့ မြေကြီးနဲ့ဆိုင်သော ဥစ္စာတွေလဲသူတို့ပဲ အကုန်လုံးကောက်ယူတာပဲ၊ ရေနဲ့ဆိုင်တာတွေ သစ်တောနဲ့ဆိုင်တာတွေ ဘာတွေအကုန်လုံး အခွန်ကောက်ပြီး အဲဒါတွေအကုန်လုံး သူတို့သိမ်းထားတာပဲ၊ သိမ်းထားပြီးတော့ သူတို့ပေးချင်တဲ့ ပုဂ္ဂိုလ်တွေကို ထိုက်သည့်အားလျော်စွာ ပေးပေါ့လေ၊ ကျန်တာတွေ သူတို့သုံးနေတာပဲ၊ သူအလိုရှိတဲ့အတိုင်း သုံးစွဲနေတာပဲ။

အဲဒီတော့ အစစအရာရာပြည့်စုံပြီးနေတာ၊ အစစအရာရာပြည့်စုံနေတဲ့အပြင် ဘုရားအလောင်းတော်ဆိုတော့ ဘဝပါရမီတွေကလဲပါလာတော့ သူ့မှာ အထူးသဖြင့် ပြည့်စုံနေတာပါ၊ အဲဒီမှာ အမြဲမပြတ် ပွဲလမ်းသဘင် တူရိယာတွေ တခြားဌားရတာမဟုတ်ဘူး၊ သူ့အခြွေအရံ တွေကိုက ဒါတွေကို တစ်ခါတည်း အတီးအမှုတ် အကအခုန်တွေကို လေ့လာထားတာကိုး၊ အဲဒီမှာ ဒါတောင်မှ ယောကျာ်းတွေဆိုရင် မထားရဘူးတဲ့၊ အမျိုးသမီးတွေချည်းပဲ ယောကျာ်းတွေရှိရင် သူက သံသယဖြစ်ဦးမှာကိုး၊ ဟိုလူနဲ့ ရှုပ်ထွေးသလား၊ ဒီလူနဲ့ရှုပ်ထွေးသလား အစရှိသည့် သံသယ ဖြစ်စရာတွေ အများကြီးရှိတယ်၊ ယခု ဘုံနန်းပြာသာဒ်မှာ ယောကျာ်းတွေတစ်ယောက်မှ မထားဘူး၊ အကုန်လုံးတစ်ခါတည်း အတီးအမှုတ် တူရိယာတွေမှစပြီးသကာလ အမျိုးသမီးတွေ တီးမှုတ်ကခုန်ပြီးတော့ ဖြေဖျော်ပြီးတော့နေတယ်၊ အဲဒီလို ဘုံနန်းပြာသာဒ်ပေါ်မှာနေတာဟာ ၄–လပတ်လုံး တစ်ခါတည်း အောက်မှ မဆင်းတော့ဘဲ၊ အဲဒီမှာပဲ နေနေတာ၊ အင်မတန် ချမ်းသာတဲ့မင်းတွေ၊ ဟိုတုန်းက တစ်ခါ နွေဥတုပေါက်လာလို့ ပူလာပြီဆိုရင် နွေဥတုနွေရာသီနဲ့ စံနန်းတော် ပြောင်းပြန်တာကိုး။

အဲဒီမှာလဲ တီးမှုတ်ကခုန်တွေနဲ့ ပျော်ပျော်ပါးပါးကြီး ပြောင်းသွားတာ သူက၊ အဲဒီမှာလဲ ပျော်ပျော်ပါးပါးကြီး ပြောင်းသွားပြီးတော့ ဟိုမှာနေပြန်ရော၊ ၄–လပတ်လုံးမဆင်းဘူး၊ တစ်ခါမိုးကျလာပြီ မိုးဥတုရောက်ပြန်ရင် မိုးဆောင်ကိုရွှေ့ အဲဒီလိုပြောင်းလွဲပြီးတော့ စံနေရာက ၂၉–နှစ်မြောက်ကျတော့ ဥယျာဉ်တော်ကိုထွက်ရင်း ဘုရားဖြစ်ဖို့ရာ အချိန်ကလည်း နီးပြီးလာတော့ နိမိတ်တွေမြင်ရတာကိုး၊ အစတုန်းကဆိုရင် ဘုရားအလောင်းသွားတဲ့လမ်းဟာ သူအို, သူနာ, သူသေတို့ဘာတို့ မကောင်းတဲ့ အနိဋ္ဌာရုံ နိမိတ်တွေ ဘာမှမမြင်ရဘူး၊ အကုန်လုံးရှင်းနေတာ၊ ယခုကာလလဲ ဒီလိုပဲ။

ယခုကာလလဲ အရာရှိကြီးတွေ ဘယ်တွေသွားတော့မယ်ဆိုရင် အဲဒီလမ်းတွေမှာ သန့်ပြန့်စင်ကြယ်နေအောင်လုပ်ထားတယ်၊ အစကဘယ်လိုနေနေ ကောင်းအောင် တတ်နိုင်သမျှလုပ်ကြတယ်၊ ဟိုတုန်းကတော့ သူ့ထက်လုပ်တာပေါ့၊ လမ်းမှာ အရှုပ်အထွေးတွေ အညစ်အကြေးတွေ ဘာမှမရှိရဘူး၊ လူတွေဘာတွေ မရှိရဘူး၊ စိတ်နှလုံးမသာစရာတွေ မရှိရဘူး၊ လူအို လူနာတွေမရှိရဘူး၊ အဲဒီလိုလုပ်ထားတယ်၊ ဒီထဲကနေပြီးတော့ သုဒ္ဓဝါသဗြဟ္မာတွေကနေပြီးတော့ ဆင်းပြတာ၊ သုဒ္ဓါဝါသဗြဟ္မာ့ပြည်ကနေပြီး ဆင်းပြီးပြတယ်၊ သူအိုယောင်ဆောင်ပြီးတော့ပြတယ်၊ သူနာယောင် ဆောင်ပြီးတော့ပြတယ်၊သူသေယောင်ဆောင်ပြတယ်၊ ရဟန်းယောင်ဆောင်ပြီးတော့ ပြတယ်။

အဲဒါတွေမြင်တော့မှ သူမေးမြန်းပြီး စုံစမ်းကြည့်တော့ သတ္တဝါတွေဟာ တစ်နေ့ကျလျှင် ဒီလိုဖြစ်ပြီး ဒီလိုဖြစ်လဲ အိုရတယ်၊ ဒီလိုလဲနာရတယ်၊ ဒီလိုလဲသေရတယ်၊ မသေလို့မပြီးဘူး၊ အို,နာ,သေ ရှိမှုရှိတာပဲ၊ အဲဒါတွေ သူသိရတာကိုး၊ စောစောတုန်းကတော့ တစ်ခါမျှ မမြင်ဖူးဘူးတဲ့၊ အို, နာ, သေတာ တချို့က အဲဒါကို ကဲ့ရဲ့ကြတယ်၊ ဘုရားအလောင်း ဆိုပြီး

တော့နော်၊ အိုတတ်တာ သေတတ်တာ စောစောကမသိဘူး၊ သူများပြမှသိတယ်ဆိုတော့ ဒါ သူက တစ်ခါတည်း ဉာဏ်နည်းတဲ့ အဓိပ္ပာယ်မျိုးနဲ့ တချို့ကကဲ့ရဲ့ကြတယ်၊ အဲဒီတော့ ဗုဒ္ဓဘာသာမဟုတ်တဲ့ပုဂ္ဂိုလ်တွေက ပြောကြတယ်၊ အရင်မှ မြင်မှမမြင်ဖူးဘူးဘဲတဲ့၊ ဘုရားလဲမဖြစ်သေးဘူး၊ သူ့ဥစ္စာ ဒါ သူစဉ်းစားစရာလဲ မလိုဘူး၊ ကလေးငယ်ငယ်လေးတွေ အခု ငယ်ငယ်ကလေးတွေဟာ ဘာမှ မစဉ်းစားဘူး၊ အဲဒါလိုပဲ။

ဘုရားလောင်းဟာလဲ စဉ်းစားစရာအတွက်ကို မရှိဘူး၊ သူ့မှာ အိုတာ နာတာတွေ အစကတည်းက မြင်ကိုမမြင်ရဘူး၊ အဲဒီအိုတတ်နာတတ်တဲ့ သဘော မစဉ်းစားခဲ့ဘူး၊ မဆင်ခြင်ခဲ့ဘူး၊ မမေးမြန်းခဲ့ဘူး၊ ဒီလိုပဲ အမှုမဲ့ အမှတ်မဲ့နေတာ၊ ဒီခါကျမှ တွေ့ရတော့ သြော်...လောကကြီး အိုရတာ မကောင်းဘူး၊ နာရတာ မကောင်းဘူး၊ သေရတာ မကောင်းဘူး၊ မအို မနာ မသေတဲ့ တရားတော့ရှိမှာပဲ၊ ရှာစရာတော့ကောင်းတယ်၊ အဲဒီလို သူစဉ်းစား၊ ကိုယ့်အတွက်လဲမကောင်းဘူး၊ လောကကြီး တစ်ခုလုံး အတွက်လဲ မကောင်းဘူး၊ မအို မနာ မသေတဲ့တရားဟာ ရှိစရာတော့ ကောင်းတယ်၊ ရှာမယ်ဆိုပြီး သူ စဉ်းစားတယ်။

ခုကာလလဲ လူတွေဒုက္ခရောက်တယ်, ဆင်းရဲတယ်ဆိုလျှင်ဖြင့် ချမ်းသာတဲ့နည်းတွေ ရှာနေကြတာပါပဲ၊ မဖြစ်လို့သာဘဲ၊ အားလုံး တစ်လောကလုံး လူတွေဟာ တစ်ခါတည်း အမြဲတမ်း ချမ်းသာနေအောင်လို့ဆိုပြီးတော့ လူတွေ ချမ်းသာတဲ့နည်းဆိုပြီးရှာကြတယ်၊ တချို့ဘုန်းကြီးများဆီတောင် လာလာမေးကြသေးတယ်၊ လူတွေအားလုံး လောကကြီးပြဿနာတွေ ဖြေရှင်းသွားအောင်လို့ ဗုဒ္ဓဘာသာတရားတော်က ဘယ့်နဲ့လုပ်နိုင်မလဲဆိုပြီးတော့ မေးတာပါပဲ၊ အဲဒါလူထုတွေ ဆင်းရဲတဲ့လူရှိတယ်၊ ချမ်းသာတဲ့လူရှိတယ်၊ အဲဒါတွေ တစ်ခါတည်း တစ်တန်း တစ်စားတည်း အကုန်လုံး ညီတူညီမျှ ချမ်းသာအောင် လုပ်ဖို့ရာနည်းကို လာလာပြီးတော့ မေးတယ်။

ဒါကိုတော့ တာဝန်မခံနိုင်ဘူး၊ အဲဒီတော့ ဗုဒ္ဓဘာသာ သူ့ကံနဲ့သူ၊ အဲ–သူ့ကံနဲ့သူ အကျိုးပေးတာတဲ့၊ လူတစ်ယောက်ဟာ သူ့လုံ့လနဲ့ သူ့ဝီရိယနဲ့ အားထုတ်လို့ရှိရင် ကြီးပွားချမ်းသာမှာပဲ၊ လုံ့လဝီရိယ မရှိဘဲနဲ့ ပေတေပြီး အလကားနေတဲ့ပုဂ္ဂိုလ် သူ ဆင်းရဲမှာပဲ၊ ဒါ ဘယ့်နဲ့မှ မတတ်နိုင်ဘူး။

ဥပမာ–မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် ရေမိုးချိုးပြီး သန့်ရှင်းစင်ကြယ်အောင်လုပ်ရင် သူ သန့်သန့်ရှင်းရှင်းရှိမှာပဲတဲ့၊ ကိုယ့်ကိုယ်ကို ရေမိုးတောင်မချိုးဘူး၊ ဘာမှမလုပ်ဘဲနဲ့ ပစ္စလက်ခတ်နေလျှင် အဲဒါ သူ့ဟာသူ မသန့်ရှင်းဘဲနေမှာ၊ ဘာမှမတတ်နိုင်ဘူး၊ ဗုဒ္ဓဘာသာ တရားက ဒီလောက်ထိအောင်တော့ မတတ်နိုင်ဘူး၊ သူက တယ်တောင် မကျေနပ်ဘူး၊ သူက လူတစ်ယောက်ကနေ အားထုတ်လိုက်လျှင် အကုန်လုံး ချမ်းသာသွားလိမ့်မယ်လို့ အောက်မေ့တာကိုး၊ ဒါ ဖြစ်ချင်တာကိုး၊ ဖြစ်မှ မဖြစ်နိုင်တဲ့ ဥစ္စာကြီးပဲ၊ ဘယ့်နဲ့လုပ်မလဲ ဖြစ်လို့ရှိလျှင်လဲ သူ့ဟာနဲ့သူဖြစ်၊ သူ့အကြောင်းနဲ့သူ အကျိုးပေးတယ်၊ အဲဒါ ဘယ့်နဲ့မတတ်နိုင်ဘူး၊ အဲဒီတော့ အခုလဲပဲ သတ္တဝါရှာတော့ ရှာကြံနေကြတာပါပဲ၊ မဖြစ်တဲ့ဥစ္စာတွေ ရှာနေတော့ အချိန်ကုန်ရုံ ရှိတာပါပဲ၊ မဖြစ်ပါဘူး။

အဲ–အိုခြင်းနာခြင်း သေခြင်းတရားတွေ မကောင်းဘူး၊ သည်တရားတွေ ငြိမ်းရာဖြစ်တဲ့တရားကို ရှာသင့်တယ်လို့ စိတ်ကူးပြီးတော့နေတုန်း တစ်ခါရဟန်းတွေပြန်တာကိုး၊ ဒါဘာတုန်း သူများနဲ့လဲ မတူပါဘဲလား သူ့ဥစ္စာကြည့်စမ်း ဒီပုဂ္ဂိုလ်ကဘာလဲ၊ သူ့အဝတ်က သူများအဝတ်နဲ့မတူ၊ သူ့ခေါင်းကလဲ သူများနဲ့မတူ၊ သူအနေအထိုင်အဆန်း သွားတွေ့နေတာကိုး၊ အဲဒီတော့ ဒါက ရဟန်းခေါ်တယ်၊ ဒါက သူက တရားရှာတဲ့ပုဂ္ဂိုလ်၊ ဆင်းရဲတွေကို ငြိမ်းအောင်လို့ ဆင်းရဲငြိမ်းတဲ့ တရားကို ရှာနေတဲ့ပုဂ္ဂိုလ်ဆိုတော့မှ အောင်မယ် ဒါဖြင့်နေရာကျသားပဲ၊ ဒီလိုဆိုလို့ရှိရင် ဆင်းရဲငြိမ်းတဲ့တရားကို ရှာမယ်၊ ကောင်းတာပဲ၊ စိတ်ကူးရပြီးတော့ သူလဲဆင်းရဲငြိမ်းရာရှာဖို့ရာ သဘောပေါက်ပြီးတော့ သံဝေဂရပြီးတော့ သူလဲဆင်းရဲငြိမ်းရာရှာဖို့ရာ သဘောပေါက်ပြီးတော့ သံဝေဂရပြီးတော့ တောထွက်တာ ၂၉–နှစ်မှာ– ၂၉–နှစ်ဆိုတော့ ငယ်ပါသေးတယ်၊ ဟိုတုန်းက ၂၉–နှစ်ဆိုအင်မတန်ငယ်သေးဦးမှာပေါ့၊ ဟိုတုန်းက အသက်တမ်းက အသက်တစ်ရာ ကောင်းကောင်းနေရတာ၊ အခုအသက်တစ်ရာ ရနေရတဲ့ခေတ်တောင်မှ ၂၉–နှစ်ဆိုတာ ဒါမကြီးသေးပါဘူး၊ သိပ်မကြီးသေးဘူး၊ ပျိုပျိုရွယ်ရွယ်ပဲရှိတယ်၊ အဲဒီမှာ တောထွက်ရဟန်းပြု၊ တောထွက် ရဟန်းပြုတော့ ခုကာလ စာအုပ်တွေဘာတွေ ရှိလို့ မဟုတ်ဘူး၊ ရှိပြီးသား စာအုပ်တွေ စာတမ်းတွေနဲ့ ကြည့်ပြီး အဲဒီကျမ်းတွေ အမှီပြုပြီးတော့ကျင့်ဖို့ရာ ထွက်သွားတာ ဘယ်ဟုတ်မလဲ၊ သူ့ဟာရှာရမှာ အသစ်ရှာရမှာ သူ့ဟာသူရှာဖို့ရာထွက်သွား သူ့ဟာသူရှာဖို့ရာ ထွက်သွားတော့ တောထဲရောက်တဲ့အခါ ကာလကျတော့ သူ ဟိုအရပ် ဒီအရပ်တွေ ဆွမ်းခံစား တရားနှလုံးသွင်း ရှာကြံပြီးတော့နေရင်း အာဠာရ–ရသေ့၊ ဥဒကရသေ့ ဆိုတာရှိတယ်၊ အဲဒါတွေ ခဏခဏပြောလို့ တိုတိုပဲ ပြောပါ့မယ်။

အာဠာရ ရသေ့ထံရောက်တော့လဲသမာပတ် ၇–ပါး နည်းနိသရည်းယူပြီး အားထုတ်လို့ရခဲ့တယ်၊ ဒါကို စွန့်လွှတ်ပြီးတော့ တစ်ခါ အားထုတ်ပြန်တယ်၊ ကိုယ့်ဟာကို တရားရှာပြန်တယ်၊ ဥဒက ရသေ့ဆီရောက်၊ ဥဒကရသေ့ဆီရောက်တော့လဲ သူလိုချင်တဲ့တရား မဟုတ်ဘူး၊ ဒါတွေစွန့်ပြီးနောက် ပြန်အားထုတ်ရတယ်။

အားထုတ်တော့ ဘယ်အချိန်ကာလရယ်လို့ အကန့်အသတ် မပါဘူးပေါ့လေ၊ သုတ်တစ်သုတ်မှာ ဟောထားတယ်၊ ရှေးအခါကာလ သူဖြစ်ခဲ့တာတွေ ဟောထားတာ၊ ဘယဘေဒဝသုတ်တဲ့။ ဘယ်အချိန်ကရယ်လို့တော့မပါဘူး၊ အကန့်အသတ် မပါဘူး၊ သို့သော် စောစောပိုင်းက ဖြစ်မှာပဲ၊ ဒုက္ကရစရိယာ မကျင့်ခင်က ဖြစ်မှာပဲ၊ ဒုက္ကရစရိယာကျင့်ပြီးတဲ့နောက်၊ ဒုက္ကရ စရိယာကျင့်ပြီးတော့ ဘုရားဖြစ်တာ မကြာဘူး၊ အဲဒီကနေ ဖြစ်သွားတာ၊ ဒုက္ကရစရိယာ မကျင့်ခင်ကနေမှာဘဲ၊ အဲဒီ ဘယဘေ ဒဝသုတ်မှာ–

ဇာနုသောနိုဆိုတဲ့ ပုဏ္ဏားအမည်ပါပဲ၊ ဟိုတုန်းကအမည်, ဟိုတုန်းက ရာထူးဌာနန္တရ တစ်ဦးပါပဲ၊ အင်း–ဇာနုသောနိ ပုဏ္ဏား ဇာဏုသောနိ ရာထူးဌာနန္တရရှိတဲ့ ပုဏ္ဏားကြီးက မြတ်စွာဘုရားလျှောက်၊ မြတ်စွာဘုရား အားလုံးသော ရဟန်းတော်တွေ လူ့ဘောင်လောကက နေနေပြီးသကာလ ရှင်ရဟန်းပြု၊ ရှင်ရဟန်းပြုပြီး တောထဲတောင်ထဲနေကြ၊ တရားကျင့်သုံးကြတာတွေ ဟာ အရှင်ဂေါတမဟာ ခေါင်းဆောင်ကြီးပဲ၊ တယ် အများသောပုဂ္ဂိုလ်တွေ ကျေးဇူးများ အရှင်ဂေါတမက ခေါင်းဆောင်ပြီး တော့ သာသနာကြီး တီထွင်ခဲ့တယ်ဆိုပြီးတဲ့နောက် မြတ်စွာဘုရားက ဟုတ်မှန်တဲ့ အကြောင်းပြန်ပြီး အမိန့်ရှိတယ်၊ တောထဲ တောင်ထဲ နေဖို့ဆိုတာ အင်မတန် ခက်ပါတယ်ဘုရား။

ဒုရာဘိသမ္ဘဝါနိ အယုကရာနိ အရညဝဏ္ဏပတ္တာနိ သန္တာနိ သေနာနိ။

အရညဝဏ္ဏပတ္တာနိ–တောအုပ်အရပ်တို့၌ တောနက်နက် တောအုပ်အရပ်တို့၌ နေထိုင်ခြင်းတို့ကို၊ ဒုရဘိသမ္ဘဝါနိ–ဖြစ်စေနိုင်ခဲကုန်၏၊ အရညကာနိ–လူနဲ့မနီးသော၊ သေနာသနာနိ–တောကျောင်း တောင်ကျောင်းတို့၌ နေထိုင်ခြင်းတို့ကို ဒုရာဘိသမ္ဘဝါ–ဖြစ်စေနိုင်ခဲလှကုန်၏၊ အဲ ဟိုတုန်းက ရဟန်းတွေက တောထဲမှာနေကြတာ၊ ခုကာလမှ တဖြည်းဖြည်းနဲ့ နောက်မှ မြို့တွေဘာတွေထဲ ရောက်ကုန်၊ တောထဲနေကြတာပဲ၊ တောကျောင်းတွေ မြို့နဲ့ရွာနဲ့ တစ်မိုင်လောက်၊ တစ်မိုင်သာသာ လောက် ဝေးတဲ့နေရာမှာ နေကြတာပဲ၊ တောထဲမှာပဲ၊ အဲဒီတောတွေကလဲ ဟိုတုန်းကတော့ အဟုတ်တောတွေ၊ ခုကာလတော့ လူတွေကလဲ များလာတာနဲ့ အသုံးအဖြုန်းတွေကလဲ များလာတာနဲ့ တောထွက်ခုတ်၊ လယ်လုပ်၊ ထင်းခုတ်ဘာခုတ်နဲ့ သစ်ပင် တွေလဲ အကုန်လုံး ပြုန်းလို့ကုန်ပြီ၊ တစ်ခါတည်းပြောသာ ပြောရတယ်၊ ကွင်းပြင်တွေ ဖြစ်ကုန်ပါပြီ၊ ရှေ့တုန်းက တောဆို အဟုတ်တောကြီးတွေ တကယ့်တောကြီးတွေဆိုတော့ လူတွေနေဘို့မပြောနဲ့ ခဏတစ်ဖြုတ်သွားဖို့တောင် ကြောက်စရာလို့ အောက်မေ့ရတယ်၊ အဲသလို မြို့ရွာနဲ့ဝေးတဲ့တောကျောင်းတွေမှာ ကျောင်းဆိုပေမယ့် ကျောင်းတောင် မရှိသေးပါဘူး၊ ရှေးခေတ် တုန်းက ကျောင်းတောင် ရှိသေးမှာ မဟုတ်ဘူး၊ အစပိုင်းတုန်းကဆိုလျှင် ကျောင်းမရှိသေးပါဘူး၊ ဒီလိုပဲ သစ်ပင်အောက်တို့ ဘာတို့နေကြရ၊ မိုးရွာလို့ရှိရင် မိုးလုံလေလုံဖြစ်အောင်လို့ တော်ရုံသင့်ရုံ သစ်ခက်ပဲ၊ ကျောင်းလေးတွေရှိမှာပေါ့၊ အဲဒါတွေ ဆောက်ပြီးတော့ ကိုယ့်ဟာကို ရာကြံ်ဆောက်ပြီးတော့ ပုံတော်သလိုနေရတယ်၊ အဲသလို ကျောင်းနဲ့နေရတယ်၊ နေနိုင်ခဲ့ပါ တယ်၊ ဒုက္ကရဝိဝေက–အဖော်မမီးပဲနဲ့ တစ်ကိုယ်တည်းနေတဲ့ ဥစ္စာဟာလဲပဲ ပြုနိုင်ခဲပါတယ်၊ တစ်ကိုယ်တည်း တစ်ခုတည်းနေ တဲ့ဥစ္စာ နေနိုင်ခဲတယ်၊ တရားတွေနဲ့အာရုံပြုပြီးတော့ တရားကို ရှိသေလေးစားသောအားဖြင့်သာ ခုသာသနာဘောင် တစ်ကိုယ် တည်း, တစ်ယောက်တည်း နေကြရတာကိုး၊ ဒီလိုမဟုတ်ဘဲနဲ့ဆိုလျှင် တစ်ကိုယ်တည်း, တစ်ယောက်တည်းနေဖို့ ခက်တယ်၊ သူက တစ်ကိုယ်တည်း နေဖို့ခက်တယ်၊ ခက်ပါတယ်၊ အင်း–တစ်ကိုယ်တည်း နေဖို့ရာ အင်မတန်ကို တာဝန်လေးတဲ့ဥစ္စာ။

ဟရန္တိမညေ မနောနာနိ–သမာဓိ အလတမာနသ ဘိက္ခုနော။

သမာဓိမရတဲ့ ရဟန်းမှာဆိုလို့ရှိရင် တောတွေက စိတ်ကိုဆွဲဆောင်သွားသလို ရှိမှာပါဘုရား၊ ကြောက်စရာ အင်မတန် ကောင်းတယ်၊ နေဖို့ရာခဲယဉ်းပါတယ်ဆိုပြီးတော့ သူစိတ်ကူးနဲ့သူ လျှောက်တာကိုး၊ လျှောက်တော့ မြတ်စွာဘုရားကလဲ မှန်ပေ တယ်၊ မှန်ပေတယ် သင်ပုဏ္ဏား လျှောက်တဲ့အတိုင်း ဟုတ်ပေတယ်၊ ငါလဲပဲ ရှေးအခါတုန်းက ဘုရားလောင်း၊ ဘုရားမဖြစ် သေးဘူးတဲ့၊ ဒီတုန်းက ဗောဓိဉာဏ် ဘုရားအဖြစ်ကို မရသေးဘူး၊ ဘုရားအဖြစ်မရောက်သေးခင် အခါကာလက သင်ပြော သလိုပါပဲတဲ့ စဉ်းစားမိတယ်၊ လူနဲ့မနီးတဲ့ တောထဲတောင်ထဲ နေဖို့ဆိုတာဟာ ခဲယဉ်းတယ်၊ တစ်ကိုယ်တည်းနေဖို့ဆိုတာ ခဲယဉ်းတယ်၊ သမာဓိမရလို့ရှိရင် စိတ်တွေဟာ လေလွင့်ပြီးတော့ တစ်မျိုးတစ်မည် ပြောင်းလဲ ဖောက်ပြန်ပြီးသွားနိုင်တယ်၊ ကြောက်စရာ အင်မတန်ကောင်းတဲ့ဌာနတွေပဲ၊ ဒီလိုပဲ စဉ်းစားမိပါတယ်၊ အဲဒီလို စဉ်းစားမိတဲ့အခါကာလမယ် သူဆင်ခြင် ကြည့်တယ်တဲ့၊ ဘုရားလောင်း ဆင်ခြင်ပုံလေး၊ ဆင်ခြင်ပုံ ၁၆–မျိုးရှိတယ်။

တစ်ချို့သော ပုဂ္ဂိုလ်တွေက ရသေ့ ရဟန်းပြု၊ သူတော်သူမြတ်ပြုပြီးတော့ တောထဲမှာနေကြ၊ သူတို့က စောစော ကတည်းက ကာယကံတွေက မစောင့်စည်းခဲ့ကြဘူး။

အပရိသုဒ္ဓကာယ ကမ္မန္တာ။

ကိုယ့်ကံက မကောင်းခဲ့ကြဘူးတဲ့၊ ကာယကံ မကောင်းခဲ့လို့ သူတစ်ပါးအသက်တွေကို သတ်ခဲ့ဖြတ်ခဲ့ကြတယ်၊ သူတစ်ပါးဥစ္စာ ခိုးခဲ့ကြတယ်၊ သူတစ်ပါး၏ သားမယားတွေ ပြစ်မှားကျူးလွန်ခဲ့ကြလို့ ဒီလိုပုဂ္ဂိုလ်တွေရှိတယ်တဲ့၊ အဲဒီပုဂ္ဂိုလ်

တွေဟာ လူ့ပြည်လောကမှာ နေလို့ရှိရင် မင်းပြစ်မင်းဒဏ်တွေ ကြောက်တာနဲ့ တောထဲသွားပြီးသကာလ တောခိုကြတာကိုး၊ ဒါက သူပုန်မဟုတ်ဘူး၊ သူ့ဥစ္စာ ကိုယ့်အပြစ်လွတ်အောင်လို့ တောသွားပြီး နေကြတာကိုး၊ ပြီးတော့ ရွာတွေနေလို့ရှိလျှင် သူ့ဥပဒေကရှိနေတာကိုး၊ သူ့အမှုတွေက သူ့ဟာက သူဘယ်သူ့သတ်တယ်၊ ဘယ်သူ့ ဘယ်သူရိုက်တယ်၊ ဘယ်သူ့ဥစ္စာခိုးတယ်၊ ဘယ်တုန်းက ဓားပြတိုက်တယ်၊ ဘယ်သူ့ သားမယား သူကျူးလွန်တယ်၊ ဘာလုပ်တယ်ဆိုတော့ ဘေးကအစိုးရဘက်ကရော၊ သို့မဟုတ် သူ့ဆွေမျိုးတွေ ဘာတွေ ရှိမှာပေါ့။

ခံရတဲ့ပုဂ္ဂိုလ်က ဆွေမျိုးတွေ ဘာတွေလဲ ရှိသေးတာပဲ၊ အပေါင်းအဖော်တွေလဲ ရှိသေးတာပဲ၊ ဒါတွေကလဲ အခဲမကြေဖြစ်နေတော့ ဒီအရပ်တောင် နေလို့မဖြစ်ဘူးဆိုပြီးတော့ တောထဲတောင်ထဲနေကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ တောထဲတောင်ထဲမှာ လာနေပြီးတော့ ရသေ့ ရဟန်းပြုနေ ဒီပုဂ္ဂိုလ်တွေက ကြောက်ရတယ်တဲ့၊ ဟိုက ချိုးချိုးချွတ်ချွတ်ကြားရင် ကိုယ့်နောက်ကလူတွေ လိုက်တာထင်ပါရဲ့၊ ကြောက်နေမယ်တဲ့၊ သူကတော့ ဟုတ်တယ်၊ သူဟာ သူက အမှုရှိတဲ့ပုဂ္ဂိုလ်ဆိုတော့ မလုံဘူး၊ ဟိုနားနေလို့ သိပ်မလုံဘူး၊ ဒီနားနေလဲ မလုံဘူး၊ အမှုကရှိနေလာကိုး၊ သူ့ဟာက ကြောက်စရာ ရှိနေတော့ မလုံဘူး၊ အဲဒီတော့ ငါက ပရိသုဒ္ဓကမ္မန္တပဲတဲ့ ငါက အဲသလို စဉ်းစား ငါဘာမှအပြစ်မရှိဘူး၊ ကာယကံနဲ့စပ်ပြီး ဘာမှ ချို့ယွင်းချက်မရှိဘူး၊ ဘာကြောက်စရာ ရှိမလဲတဲ့။

အဲဒီလို စဉ်းစားလိုက်တဲ့အခါမှာ ကြောက်စရာတွေ လုံးလုံးမရှိဘူးဆိုတာ ပေါ်ပါတယ်တဲ့၊ ဘယ်လိုနေနေ တောက ဘယ်လို နက်နက် ဘာမှ ကြောက်စရာမရှိဘူးဆိုတာ ပေါ်လာတယ်၊ ရဲရင့်တဲ့စိတ်တွေ ဖြစ်လာတယ်၊ ထို့အတူပဲ တချို့က ဝစီကံတွေ ချို့ယွင်းတယ်တဲ့။

ဝစီကံချို့ယွင်းမှုကြောင့် သူ့မှာလဲ အပြစ်တွေရှိနေတော့ အဲဒီပုဂ္ဂိုလ်မှာလဲ တောထဲတောင်ထဲနေလျှင် သူ့လိပ်ပြာသူ လန့်နေတယ်တဲ့၊ သူ့ဟာသူ မလုံဘဲဖြစ်နေတယ်၊ အဲ–ငါ့မှာတော့ ဒါမရှိဘူး၊ စဉ်းစားလိုက်တဲ့ အခါမှာ သူ့မှာလဲလုံနေတာပဲ၊ ဝစီကံနဲ့စပ်ပြီးတော့ လုံနေတယ်၊ တချို့က မနောကံနဲ့ ပြစ်မှားထားတာတွေ ရှိတယ်တဲ့၊ အဲဒီမနောကံနဲ့ ပြစ်မှားထားတာ ဆိုပေမယ့်လဲ ဒါကလဲ မနောကံပြစ်မှားတာ လူတွေကမသိပေမယ့် နတ်တွေက သိဦးမှာကိုး၊ အဲဒါကြောင့်မို့လဲ သူက ကြောက်လန့်ပြီးနေတာ ရှိပါတယ်တဲ့၊ အဲ–ဘုရားအလောင်းမှာတော့ ငါ့မှာ မနောကံလဲ ဘာမှမရှိဘူး၊ ငါ့မှာ အကောင်းတွေ ချည်းပဲ၊ စိတ်ဟာလုံနေတယ်။

တချို့က အသက်မွေးမှုတဲ့၊ အသက်မွေးဝမ်းကြောင်းမှုတွေ မတော်မတရားတွေ ပြုလာတာရှိတယ်တဲ့၊ ဒါကလဲ သူအပြစ်ရှိနေတာကိုး၊ တောထဲ တောင်ထဲရောက်တော့ သူလဲ လိပ်ပြာမသန့်တော့ လန့်နေတာပေါ့၊ အဲ–ငါ့မှာ အသက်မွေးဝမ်းကြောင်း မဖြောင့်တာလဲ မရှိခဲ့ဘူး၊ ငါ စင်ကြယ်နေတာပဲဆိုတော့ ဘာမှ ကြောက်စရာ လန့်စရာမရှိဘူးလဲ၊ အကြောက်အလန့် ကင်းခဲ့ပါတယ်လို့ဆိုပြီး အဲဒီလို ပြန်ဟောတယ်။

ဒါ သူ ဘုရားအလောင်း အဲဒီအခါကာလတုန်းက တောထဲနေတဲ့အခါ ကာလဖြစ်တဲ့စိတ်တွေ ပြောနေတာ၊ တောထဲဖြစ်တဲ့စိတ်တွေ အင်မတန် တောကြီးတွေထဲမှာ နေစဉ်အခါကာလက စဉ်းစားပြီးဖြစ်တဲ့စိတ်တွေ၊ အင်း–ကြည်ညိုစရာ အင်မတန်ကောင်းတာပေါ့၊ ဒီလိုနေရာမှာ ကြောက်စရာ လန့်စရာ တောကြီးတွေထဲမှာ ရောက်ပြီးနေတော့ ကြောက်စရာ ဌာနတွေပဲလို့ စဉ်းစားလိုက်တဲ့အခါ ကြောက်စရာ လန့်စရာ မရှိဘူးဆိုတဲ့ ဘက်ကနေပြီး စဉ်းစားတယ်။

ခုကာလပုဂ္ဂိုလ်တွေလဲ တရားနှလုံးသွင်းပြီး အားထုတ်နေလို့ရှိလျှင် တောထဲ တောင်ထဲမှာပဲ ဖြစ်ဖြစ် တောတောင်မဟုတ်တဲ့ နေရာမှာပဲဖြစ်ဖြစ် သူ့မှာစင်ကြယ်နေတယ်၊ ဘာမှ ကြောက်စရာမရှိဘူး၊ စင်ကြယ်နေတာကိုး၊ နောက်–

အဘိဏှာ ဗျာပါရ ကာမစ္ဆန္ဒဗျာပါရ–အဲဒါ အဘိဏှာဗျာပါရလို့ ခေါ်တယ်၊ ဒီမှာတော့ ထိနမိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာ နီဝရဏ ငါးပါးပေါ့လေ၊ အကျဉ်းချုပ်ပဲ ချုံးပြီးတော့ ပြောပါမယ်။

အဲဒီ–နီဝရဏငါးပါးရှိတဲ့ ပုဂ္ဂိုလ်တွေကလဲပဲ မိမိစိတ်မှာ နီဝရဏတရားငါးပါး ရှိနေတဲ့အတွက်တဲ့၊ တောထဲတောင်ထဲနေလျှင် ကြောက်စရာလန့်စရာဖြစ်မယ်တဲ့၊ သူ့မှာတော့ နီဝရဏတရား ငါးပါးတွေလဲ ဘာမှမရှိဘူး၊ ဆိုးဆိုးသွမ်းသွမ်း တရားတွေ ဘာမှမရှိဘူး၊ ဒီတော့ ဘာမှ ကြောက်စရာမရှိဘူး၊ ရဲတင်းတဲ့စိတ်တွေ သူ့မှာ ဖြစ်ခဲ့ပါတယ်တဲ့။

အဲဒီတော့ တချို့ ပုဂ္ဂိုလ်က–အတ္တုက္ကံသန ပရဝမ္ဘနတွေ ရှိတယ်တဲ့၊ ကိုယ့်ကိုကိုယ်တော့ ချီးမြှောက်၊ သူများကိုတော့ ကဲ့ရဲ့ရှုတ်ချ ဒီလိုဟာတွေ ရှိပါတယ်တဲ့၊ အရပ်ထဲမှာ ကိုယ်တိုင်တော့ မကဲ့ရဲ့ မြှောက်စားပြီးတော့ ပြောချင်သလိုပြော သူများတွေတော့ ကဲ့ရဲ့ရှုတ်ချပြီးသကာလ နှိပ်နှိပ်စက်စက် ဖိဖိစီးစီးပြော၊ အဲဒါကြောင့် အရပ်ထဲမှာ သူမတည့်ဘူး မတည့်တာနဲ့ ဒီလိုလုပ်ပြီး တောထဲတောင်ထဲ သွားနေရတဲ့ပုဂ္ဂိုလ်ရှိတယ်။

အဲဒီပုဂ္ဂိုလ်တွေလဲ ကြောက်စရာရှိတယ်၊ ဘုရားလောင်းမှာ အဲဒါလဲ မရှိဘူးတဲ့ အဲဒီတော့ တစ်ချို့ပုဂ္ဂိုလ်က ကြောက်တတ်တယ်၊ အဲဒါ–အဲဒါကတော့ ခက်တယ်၊ တချို့ပုဂ္ဂိုလ်က ကြောက်တတ်ဆို အဟုတ်ကို ကြောက်တတ်တာ၊ တချို့ပုဂ္ဂိုလ်က ငယ်ငယ်ကတည်းက ကြောက်တတ်တာ၊ တစ်ယောက်တည်းနေလို့မနေဝံ့ဘူး၊ အိမ်တွင်းတောင်မှ အခန်းထဲက တစ်ယောက်တည်း ခွဲပြီးမအိပ်ဝံ့ဘူး၊ ဒီလိုကြောက်တာကိုး၊ ညအခါကာလဆိုလို့ရှိလျှင် အိမ်ထဲကနေပြီး အိမ်ပြင် တချို့မထုတ်ဝံ့ဘူး၊ ဒါဟာ ဒကာမတွေ မဟုတ်ဘူး၊ တချို့ယောကျ်ားတွေကို ကြောက်နေတာ၊ သူ့ဥစ္စာ အဖော်မပါဘဲနဲ့ မပြင်ဘက်မသွားဝံ့ဘူး၊ အခင်းငယ် သွားစရာရှိလို့တောင် အဖော် လိုက်ရသေးတယ်၊ ကြောက်တတ်တာကိုး။

အဲဒီလို ကြောက်တတ်တဲ့ ပုဂ္ဂိုလ်ရှိတယ်တဲ့၊ အဲဒီ ကြောက်တတ်တဲ့ပုဂ္ဂိုလ်ကတော့ သူက တောနဲ့ဝေးပါရဲ့၊သူကတော့ အရပ်ထဲတောင်မှ ကြောက်နေတာ၊ တောဆိုရင် စိတ်ဖောက်ပြန်လိမ့်မယ်၊ ရူးလိမ့်မယ်၊ ဒီပုဂ္ဂိုလ်ကတော့ အဲဒီဘုရားလောင်းကတော့ ဒီလိုကြောက်တတ် တာကလဲ မရှိဘဲဟာကိုး အဲဒါကြောင့် သူလဲစိတ်လုံနေတာ၊ ကြောက်လဲ မကြောက်တတ်ဘူးတဲ့၊ အဲဒီတော့ တစ်ချို့ပုဂ္ဂိုလ်ကတဲ့ လာဘသက္ကာရသိ လောက အလိုရှိလို့တဲ့၊ တောထဲတောင်ထဲမှာ နေလို့ရှိရင်ဖြင့်ရင် လူတွေက ကြည်ညိုကြမယ်၊ ချီးမွမ်းကြမယ်၊ ပေးလှူမယ်ဆိုပြီးတော့ လာဘ်လာဘတွေ, ချီးမွမ်းကျော်စောမှုတွေ, ဂုဏ်ဒြပ်တွေ အလိုရှိပြီး တောထွက်ပြီးတော့ တောကျောင်းနေတယ် အဲဒါကလဲ စိတ်မသန့်တော့ သူ့ဟာသူ တစ်ခါတည်း လိပ်ပြာမသန့်တော့ကို ကြောက်စရာ, လန့်စရာတွေ သူ့ဟာသူခေါ်ယူသလိုပဲတဲ့။

ဟုတ်တယ်၊ ကြောက်တဲ့ပုဂ္ဂိုလ်တွေက သူ့ဟာသူခေါ်ယူတာ၊ တစ်ချို့တစ္ဆေကြောက်တဲ့ ပုဂ္ဂိုလ်ကလဲ တစ္ဆေမှမချောက်သေးဘူး၊ သူ့ဟာသူချောက်နေ၊ စိတ်ကူးကလဲ မည်းမည်းပေါ်လာတော့မလိုလို၊ ဟိုက ချိုးချိုးချောက်ချောက် ပေါ်လာတော့မလို၊ သူ့ဟာသူ ချောက်နေတာမို့၊ ဒါနဲ့ တစ်ခုခုကြားလို့ရှိရင် တစ္ဆေပါပဲဆိုပြီး လန့်တော့တာပဲ၊ ဒီလိုဖြစ်တာကိုး။

အဲဒါက အဌကထာက ဥဒါဟရဏ် ဝတ္ထုကလေးတစ်ခု ထုတ်ပြထားတယ်၊ ပိယဂါမိကဆိုတဲ့ ရဟန်းတစ်ပါးရှိတယ်၊ ပိယဂါမိကတဲ့၊ ရဟန်းတစ်ပါးက သူကစဉ်းစားဆင်ခြင်ကြည့်တယ်တဲ့၊ သူ့ဒကာတွေမှာ သုသာန်ရူတင် ဆောက်တည်ကြလို့ ဒကာဒကာမတွေက ကြည်ညိုကြတယ်၊ သုသာန်ရူတင် ဆောက်တည်တော့ သူများက ကြည်ညိုကြတာပေါ့၊ သုသာန်ရူတင် ဆောက်တည်တယ်ဆိုတော့ သုသာန်ရူတင်နဲ့နေတယ်ဆိုတော့ အများကကြည်ညိုကြတာပေါ့၊ သုသာန်ဆိုတော့ နေနိုင်ခဲတယ်။

ဟုတ်တယ်၊ သုသာန်ဆိုတာ တော်တော်ကို နေနိုင်ခဲတယ်၊ ဘုန်းကြီးများလဲ အကြောင်းအားလျော်စွာ တစ်ခါက ရောက်သွားတယ်၊ သိပ်မလွယ်ဘူး၊ သုသာန်နေရတာတော့၊ ဒါတောင် ကိုယ်တစ်ပါးတည်း မဟုတ်ဘူး၊ စိတ်က နည်းနည်းတော့ လန့်သေးတာပဲ၊ သုသာန်ရူတင်က ၂၈–နှစ်တုန်းက ပါပဲ၊ ၈–ဝါရတုန်းက တရားရှာရင်းဘာရင်း ထွက်ပြီးတော့သွားရင်းကနေပြီးတော့ ကျိုက်ထီးရိုးတွေလဲရောက်၊ အဲဒီက ပြန်တဲ့အခါကာလမှာ ရွှေရောင်, မြတောင်ဆိုတာ အရင်က ဦးအုံးခိုင်ဆိုတာ ရှိတယ်၊ သူကကြီးမှ ရဟန်းပြုတာပါပဲ၊ သဒ္ဓါတရားတယ်ကောင်း၊ ဒီကိုယ်တော်ကြီးက သူကလဲပဲ ရူတင်တွေ ဆောက်တည်ပြီးနေလို့ ကျော်ကြားလို့ ဒီကိုယ်တော် သူလဲပဲ ဘာတွေ အကောင်းတွေရှိမလဲ မသိဘူး၊ နည်းနိသျများ ကောင်းကောင်း ရှိလို့ရှိရင်လဲ နည်းနိသျယူရအောင်လို့ ဘုန်းကြီးက သွားတယ်၊

ဘုန်းကြီးက ဒီတုန်းကလဲ ဘာမှမပါပါဘူး၊ သင်္ကန်းနဲ့ သပိတ်ပဲ ပါပါတယ်၊ ဖိနပ်တောင် မပါဘူး၊ သင်္ကန်းနဲ့သပိတ်နဲ့ အဲဒီမှာသွားတော့ ကြည်ညိုစရာကောင်းပါတယ်၊ တောင်ခြေရွာတွေနဲ့ဝေးပါတယ်၊ ရွာတွေနဲ့ဆိုလို့ရှိရင် ၃–မိုင်ထက်မနည်းဘူးနဲ့တူတယ်၊ သူ့နေရာဌာနနဲ့က နီးတဲ့ရွာဟာ ၃–မိုင်လောက်ရှိမယ်၊ ၃–၄ မိုင်ဝေးပါတယ်၊ အဲဒီတော့ ကျောင်းမှာ တောင်ခြေရင်းမှာ လမ်းမှာတွေ့တယ်၊ သူကဘယ်သွားမလို့လဲတဲ့၊ ဦးအုန်းခိုင်ကျောင်းသွားမလို့၊ သွားပါတဲ့၊ ဒီကသွားလို့ရှိရင် ရောက်သွားမယ်၊ သူ့ကို ဦးအုန်းခိုင်မှန်းလဲ ဘုန်းကြီးက မသိဘူး၊ သူနဲ့ လမ်းမှာတွေ့နေတာကိုး၊ မသိပါဘူး၊ မသိတာနဲ့ ကိုယ်တော်ကြီး တစ်ပါးပါပဲလို့ ဒီလိုပဲ အောက်မေ့တယ်။

ဒါနဲ့ အရိုအသေပြုပြီးတော့ လျှောက်သွားရော၊ ညနေခင်း ရောက်ပြီးတော့ ဟိုမှာ ဘုန်းကြီးဘယ်သူမှမတွေ့ဘူး၊ ကပ္ပိယဒကာတွေနဲ့ တွေ့တယ်၊ ဘုန်းကြီးတွေ ဘယ်သွားကုန်ကြတုံး ဦးအုန်းခိုင်ဆိုတာ ဘယ်မှာတုံး၊ ယခု ဒီလမ်းက သွားတာပဲ အရှင်ဘုရားလမ်းမှာ မတွေ့ခဲ့ဘူးလားတဲ့၊ လမ်းမှာ တစ်ပါးတော့ တွေ့ခဲ့တယ်၊ အဲဒါ ဦးအုန်းခိုင်ပါပဲတဲ့၊ ဒီက မသိလို့ဘဲ၊ နို့ ဘယ်သွားကုန်ကြတုန်း ဘုန်းကြီးတွေလဲ မတွေ့ရှိပါလား။

ဘုန်းကြီးတွေက ဒီအချိန်တော့ မရှိဘူးတဲ့၊ ညနေပိုင်းဆိုလို့ရှိရင် သူတို့ သုသာန်ရူတင် ဆောက်တည်ရအောင် သုသာန်ကို သွားကြတယ်တဲ့ သုသာန်သွားပြီးတော့ ညဆို သူတို့သုသာန်မှာပဲအိပ်၊ အိပ်ပြီးတော့ အဲဒီက နီးရာ ရွာကနေပြီး ဆွမ်းခံပြီး ပြန်ကြတာကိုး၊ ဆွမ်းခံပြီး ပြန်ကြတော့ မိုးကလဲ ချုပ်နေပြီ၊ ဘုန်းကြီးက တစ်ပါးတည်း ရောက်သွားတယ်။

ဒါဖြင့်လဲ ဒီကနေ့ညတော့ ဒီလိုအိပ်ရမှာဘဲလို့၊ အိပ်ရမှာပဲ ဆိုပေမယ်လို့ အိပ်ရာနေရာတော့ မရှိဘူး၊ ရူတင် ဆောက်တည်ကြတာကိုး၊ ခေါင်းအုံးလဲမရှိဘူး၊ ခေါင်းအုံးချင်အုံး အိပ်ရအောင်ဆိုပြီးတော့ ဟိုလို ခုံကလေးပေါ့လေ၊ ဘာခေါ်မလဲ သူက ခုံကလေး အပြားကလေး ဖင်ထိုင်တဲ့ခုံကလေးမျိုးပါပဲ၊ ခေါင်းအုံးအိပ်ဖို့ရာ ဒါလေးတစ်ခုနဲ့ ဖျာလေးတစ်ချပ်ပေးတယ်။

အဲဒီတော့ ကျောင်းတွေကတော့ သူ့ကျောင်းလေးတွေ ရှိပါတယ်၊ တော်ရုံတန်ရုံ ဖက်မိုးလေးတွေ ကျောင်းလေးတွေပါပဲ၊ ဦးအုန်းခိုင်ကိုက ကျောင်းကောင်းကောင်း မဆောက်ရဘူးတဲ့၊ ကျောင်း ကောင်းကောင်းမဆောက်ရဘူး၊ ဒါကြောင့်မို့လို့ ဒီလိုဟာ ဆောက်ထားတယ်၊ ဖက်မိုးလေးတွေနဲ့ ဖက်ကာလေးတွေနဲ့ တော်ရုံသင့်ရုံ ကျောင်းလေးတွေပါပဲ၊ (တစ်ပါးနေ–၂) ကလေးတဲ့။

အဲဒါ ဘယ်ကျောင်းမဆို တက်နေနိုင်တာပဲ၊ သူကတော့ ဘယ်သူ့ကျောင်းရယ် ဘာရယ်လို့ မဟုတ်ဘူး၊ ဘယ်သူတက်နေနေ ကျောင်းပေါ်မှာလဲပဲ သူ့ပစ္စည်းမှ ဘာမှရှိတာမဟုတ်ဘူး၊ တက်ပြီးနေနိုင်တယ်၊ ကိုယ့်ဟာကိုယ်တက်နေ၊ဟိုအပေါ် တက်သွားလို့ရှိရင်လဲ ဘာမှမရှိဘူး၊ ဖျာလေးတစ်ခုတော့ ခင်းထားမယ်၊ ခုနက ခေါင်းအုံးစရာ ခုံလေးတစ်ခုနဲ့ ဒါပဲ ရှိတာပဲ၊ ဒါပြင်ဘာမှမရှိဘူး၊ အဲဒီမှာနေပြီး နောက်တစ်ရက်ကျတော့ သူတို့ ဆွမ်းခံပြန်လာ၊ ဆွမ်းခံပြန်လာပြီးတော့ ဆွမ်းတွေပေါင်းထား၊ အဲဒီဆွမ်းတွေ အချိန်ကျတော့ကို ခွဲဝေပြီးတော့ ဘုဉ်းပေးကြတာပဲ၊ ကိုယ်တော် သလောက် တော်သလောက် ကိုယ့်သပိတ်ထဲထည့်ပြီးတော့ ကိုယ့်ကျောင်းပေါ်ကို သွားပြီး ကိုယ့်ဟာကို တစ်ပါးတည်း တစ်ပါးချင်း ဘုဉ်းပေးကြတာပဲ။

ရူတင် ဆောက်တည်ပြီး နောက်တစ်နေ့ညနေကျတော့ ဒီလိုပဲ၊ ညနေကျတော့ကို ဒီကလဲပဲ သူများလိုပဲ လိုက်ဦးမှ ဖြစ်မှာပဲ၊ သူများလိုပဲ ဆွမ်းခံလိုက်ဦးမှပဲ၊ သုသာန်ရူတင်လဲပဲ လိုက်နိုင်မှာပဲ၊ ညနေခင်း လိုက်သွားတယ်၊ ညနေ ၃–နာရီ လောက်ကတည်းက သူတို့သွားကြတာကိုး အဖွဲ့က ဦးအုန်းခိုင်က တစ်ပါးလား ၂–ပါးလားမသိပါဘူး၊ သူ့နောက်ကပါတာ၊ အဲ–သူက တစ်ဖွဲ့၊ ဘုန်းကြီးများက တစ်ဖွဲ့ပေါ့၊ ဘုန်းကြီးက ဟိုတုန်းက ၈–ဝါပဲရသေးတယ်။

ဒါပေမယ့် ဘုန်းကြီးက အကြီးဆုံးဖြစ်နေတယ်၊ အဲဒီမှာက ဦးပဉ္စင်းကြီးတွေ ရသေ့တွေ ဘာတွေလောက်ရှိတာကိုး၊ သူ့မှာ ကြီးကြီးမားမားပုဂ္ဂိုလ်ကမရှိဘူး၊ ကိုရင်ကြီးတွေရှိတယ်၊ ဦးပဉ္စင်းကြီးတွေပါတာလဲ ဝါ ၃–၄ ဝါပေါ့လေ ဒါလောက်ပဲ၊ ဘုန်းကြီးက အကြီးဆုံး ဖြစ်နေတယ်၊ ကျောင်းနဲ့ ၄–မိုင်လောက်ဝေးတဲ့ ရွာတစ်ခု ရောက်သွားတယ်၊ အဲဒီရွာတွေမှာ တစ်ရွာတစ်ရွာမှာ ၃–ရက် ၃–ရက်နေတာကိုး၊ သင်္ချိုင်း တစ်ခု–တစ်ခုမှာ ၃–ရက်နေတာကိုး၊ ၂–ရက်တော့ ပြီးပြီးတဲ့၊ ဒါ နောက်ဆုံးရက်ပဲ။

အဲဒီမှာ နေရာလေးဘာလေး ဝင်မယ်လို့လုပ်တော့ ရွာတစ်ရွာက သင်္ချိုင်းတစ်ခုက လာပြီးတော့ ဒကာတွေက လာပြီးပင့်တယ်၊ ဟိုကြွကြပါဘုရားတဲ့၊ ဟိုနေရာကို နောက်တစ်ရက်ဆိုရင်လဲ အဲဒီနေရာကို အလှည့်ကျတာပါပဲ၊ အဲဒီတော့ ကြွကြပါတဲ့၊ ဘာ့ကြောင့်တုန်းဆိုတော့ အကြောင်းရှိပါတယ်တဲ့၊ ကလေးမလေးတစ်ယောက်က ကြိုးဆွဲချသေလို့တဲ့၊ ဒီဥစ္စာကို ကြိုးဆွဲချသေတဲ့ဟာကို မြှုပ်ထားတယ်ပေါ့လေ၊ သင်ဂြိုဟ်ထားတယ်၊ မြှုပ်ထားတယ်၊ ပယောဂဆရာတွေက ရှိသေးတာကိုး၊ တော်တော်ကြာ အရိုးဖော်ယူ ပယောဂဘက်က ရှိသေးတယ်။

အဲဒီတော့ အဲဒါမလုပ်ရအောင်လို့ သူတို့ စောင့်စောင့်နေရတာကိုး၊ ဒီမှာ ဘုန်းကြီးတွေရှိတော့ သူတို့မစောင့်ရဘူး၊ သူတို့ အစောင့်သက်သာမှာကိုး၊ ဒါကြောင့် ဘုန်းကြီးတွေကိုပင့်တယ်၊ ဒါနဲ့ ဒါဖြင့်လဲ မထူးပါဘူးဆိုပြီးတော့ ရွာနဲ့လဲနီးနီးပဲ၊ သပ်မဝေးလှဘူး၊ နံနက်ဆိုရင် မူလရွာကို ပြန်ဆွမ်းခံမယ်ဆိုပြီး ဒါကြောင့် လိုက်သွားကြတယ်၊ လိုက်သွားတော့ သုသာန်ရောက်တဲ့အခါကျတော့ နေရာမှတ်ကြတာကိုး၊ နေရာမှတ်ကြတော့ သူတို့ ကိုယ်ကြိုက်တဲ့ နေရာလေးတွေကို ကောက်ရိုးလေးတွေဘာတွေနဲ့ နေရာလုပ်ထားကြတယ်၊ ကောက်ရိုးခင်းပေါ့လေ၊ ကောက်ရိုးခင်းပေါ်မှာပဲ ကောင်းကောင်းမွန်မွန်တော့ မဟုတ်ဘူး၊ ရေအိုးတော့ တည်ထားတယ်၊ ရေသောက်ချင် သောက်ရအောင်လို့။

အဲဒီမှာ ကိုယ့်နေရာကိုယ်ယူကြတော့ သူတို့နဲ့ခပ်ဝေးဝေးပါပဲ၊ ဘုန်းကြီးက နောက်ဆုံးနေရာရတယ်၊ ဘယ်နေရာတုန်းဆိုတော့ အဲဒီကလေးမလေး မြှုပ်ထားတဲ့နေရာနဲ့ နှစ်တောင်လောက်ဝေးတယ်၊ မြေပုံနဲ့က အနီးဆုံးနေရာရတယ်၊ အဲဒီအနားမှာ သစ်ပင်လေးရှိတယ်၊ အခင်းလေးနဲ့ နေရာကရတော့ စဉ်းစားတယ်၊ ငါလဲ သုသာန်ထဲ တစ်ခါမှမနေဖူးဘူး၊ ဒီမြေပုံနဲ့ကလဲ နီးလွန်းနေတော့ စိတ်ထဲ နည်းနည်းမသန့်ဘဲ ဖြစ်နေတယ်၊ မသန့်ဘဲ ဖြစ်ပေမယ်လို့ ဟိုကိုယ်တော်တွေနဲ့ လဲဖို့ရာခက်တာပဲလို့ ကိုယ်က အကြီးလဲ ဖြစ်နေတယ်၊ အသက်ကတော့ သူတို့က ကြီးပါတယ်၊ ဒါပေမယ့်လို့ ရဟန်းဝါ အနေနဲ့ကျတော့ ကိုယ်က အကြီးဆုံးဖြစ်နေတယ်။

ဗဟုသုတအနေနဲ့ဆိုရင်လဲ ဒီကဗဟုသုတတွေ ဘာတွေရှိပြီး ပုဂ္ဂိုလ်ဖြစ်နေတယ်၊ သူတို့နဲ့လဲ နေရာတော့မကျဘူး၊ ဒီတော့ ဘာပဲဖြစ်ဖြစ်လေကိုယ်ရတဲ့ နေရာနေမှပါပဲဆိုပြီး ဘုန်းကြီးက ဒီနေရာမှာပဲနေပါတယ်၊ ဒီလိုပဲထိုင်ပြီးတော့ အဲဒါ တခြားတော့ မဟုတ်ဘူး၊ စာထဲက ဆိုထားတယ်၊ အသုဘရှုသွားတဲ့ ပုဂ္ဂိုလ်ဟာတဲ့ ဒီလေအောက်က မနေရဘူးတဲ့၊ အလောင်း

လေအောက်က မနေရဘူး၊ ဘာ့ကြောင့်တုန်းဆိုတော့ အလောင်းလေအောက်မှာတဲ့ ဘီလူးတွေဘာတွေက အနံ့ခံပြီးတော့ ဒီမှာ နေတတ်တယ်တဲ့၊ နေလို့ရှိရင် သူတို့နဲ့ တိုက်သွားလိမ့်မယ်တဲ့၊ စိတ်ဆိုးတတ်တယ်တဲ့၊ စာထဲက ဒါကို ဘုန်းကြီးက မှတ်ထားတယ်။

ဒါနဲ့အလောင်းနေရာက ဘုန်းကြီးနဲ့နီးနေတော့ ဒီသေတဲ့ ကလေးမကိုတော့ ဘုန်းကြီးကမကြောက်ပါဘူး၊ ဒါသေတာ ကလေးမလေးပဲ၊ ဒကာမကြီးတွေ ဘာတွေတောင်မှ ဘုန်းကြီးကို ရိုသေနေတာ ဘာမှကြောက်စရာမရှိပါဘူး၊ ဒီအနားမှာ ဘီလူးတွေများလာလို့ တိုက်များသွားလို့ရှိရင်တော့ ကြပ်တာပဲဆိုပြီး ဒါနဲ့ စိတ်ထဲက စနိုးစနောင့် ဖြစ်လာတယ်၊ ဖြစ်ပေမယ်လို့ ကိုယ့်ဟာကိုယ် နေနေတာပဲ၊ သူတို့လဲ ဒီနားရှိမှန်းသိသားပဲ။

ကိုယ်လဲ ထိုင်နေတာပဲလို့ ဒါ မထိုက်တန်ဘူးဆိုပြီးတော့ ဒီလို စွန့်ပြီးတော့ နေရတာကိုး၊ ဘုန်းကြီးထိုင်ပြီးနေတော့ တစ်ညလုံး တခြားပုဂ္ဂိုလ်တွေကတော့ အဲဒီမှာ ညဦးမှာ ဘုရားရှိခိုး ပရိတ်တွေ ဘာတွေ ရွတ်ဖတ် မေတ္တာတွေ ဘာတွေပို့ပြီးတော့ သူတို့အိပ်ကြတာပါပဲ၊ တုံးလုံးလဲ့ပြီးတော့ အိပ်ကြတာပါပဲ။

ဘုန်းကြီးလဲပဲ ဘုရားအာရုံပြု၊ ပရိတ်တွေ ဘာတွေရွတ်ဖတ် မေတ္တာပို့ပြီးတော့ အိပ်တော့ မအိပ်ပါဘူး၊ လဲ့တော့မအိပ်ဘူး၊ သင်္ချိုင်းမှာ လဲ့ချင်စိတ်လဲမရှိတာနဲ့ လဲ့တော့မအိပ်ပါဘူး၊ ဒီတော့ အိပ်လဲမအိပ်ရအောင် နိသဇ္ဇိရူတင်ဆောက်တည်မှပဲ ဆိုပြီးတော့ ထိုင်ပြီးတော့နေတယ်၊ ထိုင်ပြီးတော့နေပေမယ်လို့ သူအိပ်ချိန်တန်တော့ အိပ်သွားတာပါပဲ၊ ဒီတုန်းကလဲ တရားကလဲ ဘာတရားအားထုတ်ရမယ်ဆိုတာ ဒီလိုဆရာသမားနဲ့ နည်းနိသျယူထားတာ မရှိသေးပါဘူး၊ စာထဲ ပေထဲက ဗဟုသုတနဲ့ ကိုယ့်ဟာနဲ့ကိုယ်တော့ ရှိတာပေါ့လေ၊ အဲဒါလောက်ပဲ ရှိပါသေးတယ်။

အဲဒါနဲ့နေတော့ စိတ်ထဲမှာ နေနေကြ မဟုတ်တော့ အစဆိုတော့ နည်းနည်းတော့ ရွံ့ကြောက်ရှိသေးတာပဲ၊ ဒါတောင် ကိုယ်တစ်ယောက်တည်းမဟုတ်ဘူး၊ ဘေးနားမှာ ခပ်ဝေးဝေးမှာတော့ ရှိတယ်၊ ဝါး ၂–ပြန်လောက် ခဲတစ်ပစ်လောက်မှာ ရှိတယ်၊ သို့သော်လည်း အနီးကပ်ရက်တော့ မရှိဘူး၊ ညခွေးတွေဘာတွေ ဟောင်တဲ့အခါရှိသေးတာကိုး၊ ခွေးတွေဘာတွေ ဟောင်တဲ့အခါလဲ အဲဒီစိတ်ထဲက နည်းနည်း အောက်မေ့သေးတာပဲ၊ သူ့ဟာသူ တွေ့ကရာ ဟောင်နေမှာပါပဲဆိုပြီး ဒီလိုပဲ နေတာပဲ ဘာမှတော့ မဖြစ်ပါဘူး၊ အဲဒီတော့ သုသာန်နေတယ်ဆိုတာ သိပ်မလွယ်လှဘူး။

သုသာန်နေတယ်ဆိုတာက ရူတင်ဆောက်တည်တာ သူက တာဝန်တော်တော်လေးတဲ့ဟာပဲ၊ အဲဒီမှာ ဘုန်းကြီးများ နောက်ရက်တွေလဲ ဒီနေရာမှာပဲ ဆက်ဆက်ပြီးနေတာပဲ၊ အဲဒီမှာ ၄–ညတိုင်တိုင် နေတယ်၊ နောက်ရက်တွေတော့ နေနေကျသွားတော့ အချိုးကျသွားပါတယ်၊ ပထမတစ်ရက်ပါပဲ၊ နည်းနည်းအစလေးမို့၊ အဲဒီတော့ သုသာန်ရူတင် ဆောက်တည်တယ်ဆိုတာ လွယ်လွယ်ကူကူ မဆောက်တည်နိုင်ဘူး၊ သုသာန်ရူတင်ဆောက်တည်တဲ့ ပုဂ္ဂိုလ်ဟာ အမြဲတမ်း စင်ကြယ်ရမယ်၊ မစင်ကြယ်လို့ရှိရင် စိတ်က သူ့ဟာသူကို လန့်နေတာပဲ၊ နေနိုင်မှာ မဟုတ်ဘူး။

ဒီတော့ အဲဒီမှာ ဝိယဂါမိကဆိုတဲ့ ရဟန်းက သူက စဉ်းစားတယ်တဲ့၊ သုသာန်ရူတင် သူများတွေ ဆောက်တည်ကြ၊ ဆောက်တည်တဲ့ ပုဂ္ဂိုလ်တွေလဲ ဒကာဒကာမတွေက ကြည်ညိုကြတယ်၊ ငါလဲ ရူတင် ဆောက်တည်ဦးမှပဲ၊ သူက သူများလိုသွားမှပဲဆိုပြီး သွားတယ်တဲ့၊ သွားပြီးတော့ သူက တစ်ပါးတည်းကို အဖော်မပါဘူး၊ သုသာန်ရူတင် ဆောက်တည်နေတော့ ညကျတော့ သူကပထမလာရင်းကလဲ ကုသိုလ်ရအောင်လို့ သဒ္ဓါတရား သက်သက်မှ မဟုတ်ဘဲဟာကိုး၊ သူက သူများ ကြည်ညိုအောင်, လာဘ်လာဘ ပေါများအောင်, သူများချီးမွမ်းရအောင် ဒီလိုကို ရည်ရွယ်ပြီးတော့ လာတာကိုး၊ သူက စိတ်ကမသန့်တော့ အစကတည်းက သူ ခပ်လန့်လန့် ဖြစ်နေပါလိမ့်မယ်။

ညကျလို့ရှိရင် သုသာန်စောင့်နတ်တွေက ငါ့အကြောင်းတော့ သိပြီး နေရာမကျဘူးဆိုပြီးတော့ တစ်ခါတည်း အဲဒီ ရွှတ်ရွှတ် အသံကြားရာဆီကို သူက လက်အုပ်ချီပြီးတော့ အရှင် သုသာန်စောင့် နတ်မင်းကြီး ဒီကနေ့တစ်ညတော့ဖြင့် သည်းခံပါ၊ နောက်တော့ ဒီလိုမလုပ်ပါဘူး၊ တောင်းပန်ပြီး လက်အုပ်ချီပြီးတော့ နေတယ်ဆိုတာကိုး၊ ဒါပေမယ့် ဟိုက ရွှတ်ရွှတ်တွေက အသံကကြားနေတယ်၊ တစ်ညလုံး သူကြောက်ပြီးတော့ အိပ်မပျော်ဘူး၊ နံနက်လင်းလာတော့, ကြည့်လိုက်တော့ ဟိုက နွားကြီး၊ နွားကြီးက တစ်ခါတည်း နွားကြီးက စမြှုပ်ခတ်နေတာကိုး၊ ဒီတော့မှ ဝိယဂါမိကဆိုတဲ့ ကိုယ်တော်ကြီးက ဒီနွားကြီးဟာ ငါ့ တစ်ညလုံး မင်းခြောက်တာပဲကွာ၊ နေရာမကျတာပဲဆိုပြီးတော့ ခဲနဲ့ဘာနဲ့ ပေါက်ပြီးတော့ ထုတ်လိုက်တာပဲ။

အဲဒါ လိုရင်းကတော့ ဒါ ဟိုဒင်းပါပဲ၊ ဘေးဆိုတာ ကိုယ့်ဟာကိုခေါ်ယူတာ ကိုယ်က မလုံခြုံပြီဆိုရင် ကိုယ့်ဟာကိုခေါ်ယူတာ၊ ကိုယ်က အစတည်းကကုသိုလ်ရအောင် သူတော်ကောင်းတရား တိုးတက်အောင် ဒီလိုအနေနဲ့ သူ ရူတင်ဆောက်တည်တာမှမဟုတ်ဘဲ၊ သူက ပထမတည်းက လာဘ်လာဘတွေရအောင်လို့ ရည်ရွယ်ပြီးတော့ သူများ ကြည်ညိုအောင်

ချီးမွမ်းအောင်လုပ်တာကိုး၊ သူ မစင်ကြယ်တော့ ကိုယ့်အမှုနဲ့ကိုယ် ပြန်စဉ်းစားတာ၊ ငါ့အမှုက မကောင်းဘူး၊ ဒါကြောင့် နတ်တွေက ငါ့ ချောက်မှာပဲဆိုပြီးတော့ အစကတည်းက သူ့ဟာသူ လန့်နေတာ။

အဲဒါ ကိုယ်မစင်ကြယ်လို့ရှိရင် ကိုယ့်ဟာကို ဘေးတွေ ခေါ်ယူတယ်တဲ့၊ ကိုယ်က စင်ကြယ်နေရင် ဘာမှဘေးရန်မရှိပါဘူး ဆိုပြီး ဘုရားအလောင်းက ငါ့မှာ ဒီလိုလာဘ်လာဘတွေ ရဖို့ရာအတွက် သူများ ချီးမွမ်း အံ့သြအောင်လို့ ကြည်ညိုဖွယ်ရာဖြစ်ဖို့ရာအတွက်လဲ ဘာမှရည်ရွယ်ချက်မရှိဘူး၊ ငါ စင်စင်ကြယ်ကြယ်ပဲတဲ့၊ တကယ့် သူတော်ကောင်းတရားတွေ ငါကျင့်ကြံနေတာပဲလို့ စဉ်းစားလိုက်တဲ့အခါ ဘာမှ ကြောက်စရာမရှိပါဘူးတဲ့၊ ဒီတော့ တစ်ချို့ပုဂ္ဂိုလ်တွေက သတိမေ့တယ်၊ တစ်ချို့ပုဂ္ဂိုလ်က သမာဓိမရှိဘူး၊ တစ်ချို့ပုဂ္ဂိုလ် ဖျင်းရိတယ်တဲ့၊ တစ်ချို့ ပုဂ္ဂိုလ်က ဉာဏ်ပညာမရှိဘူးတဲ့၊ အဲဒီ ပုဂ္ဂိုလ်တွေမှာလဲ မိမိမပြည့်စုံတဲ့ အကြောင်းအချက်တွေကြောင့် ကြောက်လန့်ခြင်းတွေ ဖြစ်နိုင်ပါတယ်တဲ့။

ဘုရားအလောင်းကတော့ ငါ့မှာ ပျင်းရိခြင်း မရှိဘူးလို့ လုံ့လဝီရိယလဲ ကောင်းတယ်, သတိလဲကောင်းတယ်, သမာဓိလဲကောင်းတယ်, ပညာလဲကောင်းတယ် ဘာမှကြောက်စရာမရှိဘူးလို့ စဉ်းစားတဲ့အခါကာလ ကြောက်စရာတွေ အကုန်လုံးပျောက်နေပါတယ်တဲ့၊ တောကြီးတောင်ကြီး ဖြစ်ပေမယ်လို့ ဘာမှ ကြောက်စရာမရှိဘူးဆိုတဲ့ အကြောင်းကို ၁၆–ဌာနနဲ့ စဉ်းစားပုံတွေကို ဟောပါတယ်၊ အဲဒါပြီးတော့ ကြောက်စရာတွေဟာ ဘယ်လိုဟာတွေ နေမလဲ, ဘယ်လိုနေမလဲ၊ တကယ်ရှိသလား, အမှန်ရှိသလား, မရှိသလား၊ ကြောက်စရာတွေ ငါရှာဦးမှပဲလို့ ကြောက်စရာတွေ ရှာခဲ့ဖူးပါတယ်တဲ့၊ လပြည့်နေ့တို့, လကွယ်နေ့တို့, ၁၄–ရက်နေ့တို့, ၁၅–ရက်နေ့ လဆန်း ၈–ရက် အဲဒီလို သီတင်းနေ့ထူး နေ့မြတ်ကြီးတွေဆိုတာ ရှိပါတယ်တဲ့။

ဟိုတုန်းကတည်းက သာသနာပမာထဲက ဒီဟာတွေဟာ နေ့အထူးတွေပဲ၊ အဲဒီ နေ့ထူးနေ့မြတ်တွေမှာဆိုရင် တောတွေ ဥယျာဉ်တွေတောတွေ တစ်ချို့ဥယျာဉ်တွေ သစ်တောတွေရှိတယ်၊ ဒါတွေကို သူတို့ကိုးကွယ်တဲ့ဟာတွေ ဥယျာဉ်တွေ သစ်တောတွေမှာ နတ်ကြီးတွေ, အရှင်ကြီးတွေရှိတယ်ဆိုပြီးတော့ အဲဒီ ကိုးကွယ်ထားတာရှိတယ်၊ ဒါတွေကို အာရာမစေတီယာနိ–အာရာမစေတီယာနိ စေတီဆိုပေမယ်လို့ ဒီလိုဟုတ်ပုံတော့ မဟုတ်ပါဘူး။

အဲဒီ အာရာမ အရံဥယျာဉ်သည်ပင် ကိုးကွယ်ရာအရှင်ကြီးတွေ နေရာဆိုပြီးတော့ ဒီလို ကိုးကွယ်ကြတာကိုး၊ နတ်တွေ ကိုးကွယ်ကြတာ ယခုလဲရှိပါတယ်၊ တစ်ချို့နေရာတွေမှာ ရှိပါတယ်၊ တောကြီးတွေကို ကိုးကွယ်ကြတယ် သစ်ပင်တွေ ကိုးကွယ်ကြတယ်၊ ရုက္ခစေတီယာနိ ဘုန်းကြီးများတို့ အရပ်ဌာနမှာပဲရှိတာပဲ၊ သစ်ပင်တွေ အဲဒါသစ်ပင်တန်းကြီးတွေ အဲဒါလဲ အရှင်ကြီးတွေ၊ ရှိတယ်ဆိုပြီး ဒီမှာပဲ နတ်တွေ ဘာတွေ သွားပြီးတော့ တင်ကြပြုကြရတယ်။

တစ်ချို့ အပင်ကြီးတွေကျရင် ရိုရိုသေသေလုပ်ရတယ်၊ ကိုင်းတွေ ဘာတွေ မခုတ်ရဘူး၊ တယ်လဲမသွားဝံ့ကြဘူး၊ ဒီအနီးအနား မရိုမသေ မလုပ်ဝံ့ဘူး၊ ဖိနပ်တောင် မစီးရဘူး၊ ကြောက်ရတယ်၊ သူ့ဥစ္စာတွေက ပြောထားတော့ ကလေးတွေက ငယ်ငယ်ကတည်းက ကြောက်လာတာ ကြီးတော့လဲ ကြောက်ရတာပဲ၊ ဒီလိုဖြစ်နေတာကိုး၊ အဲဒီလိုပဲရှိတယ်။

အရပ်တိုင်းအရပ်တိုင်း ဒီလိုရှိကြမှာပါပဲ၊ အဲ–ဘုရားမပွင့်ခင်ကတော့သာပြီး ရှိတာပေါ့၊ ယခု ဘုရားပွင့်ပြီးတာတောင် ဗုဒ္ဓဘာသာ နိုင်ငံတောင် ဒီလိုဟာတွေ ရှိနေတာပဲ၊ အများကြီးပဲ ရှိနေတယ်၊ ဒါလဲ နတ်တွေဘာတွေ တစ်ခါတည်း အရှိအသေ အလေးအမြတ် ပြုတာတွေ ရှိတယ်၊ အဲဒီလိုနေရာဌာနတွေရှိတယ်၊ ဒီလိုနေရာဌာနတွေမှာ အဲဒီနေ့ထူးနေ့မြတ်တွေ ဆိုလို့ရှိရင် ထိုခေတ်အခါတုန်းက နတ်တွေပူဇော်ကြတာကိုး၊ နတ်တွေဆို ဟိုတုန်းကတော့ ဘုရားအနေနဲ့ ပူဇော်ကြတာပဲ၊ ဒါတွေပူဇော်ကြလို့ရှိလျှင် လောကလဲ အကျိုးရှိတယ်၊ ဒီလို ရည်ရွယ်ချက်တွေလဲ ရှိကြမှာပါပဲ။

အဲ–ယဇ်ပူဇော်ကြတာတွေဆိုတာ ဒါတွေပဲ၊ စားသောက်ဖွယ်တွေ သတ္တဝါတွေ သတ်ဖြတ်ပြီးတော့လဲ ပူဇော်ကြတာပဲ၊ အသားတွေဘာတွေ အဲဒီက အသားတွေအသွေးတွေ ကြောက်စရာပဲ၊ အဲဒီလိုနေရာတွေဟာ ညမပြောနဲ့ နေ့အခါကာလတောင်မှ သွားကြည့်ဖို့ရာ အတော်ကြောက်စရာကောင်းတယ်၊ ဒီနေရာ အဲ–စားစရာ သောက်စရာတွေ သွေးသံတွေရဲရဲနှင့်ဒီတော့လဲ အရှင်ကြီးတွေဘာတွေ နေတဲ့နေရာ နတ်ကြီးတွေဘာတွေ သဘောကြီးတဲ့ ပုဂ္ဂိုလ်တွေ နေတဲ့နေရာဆိုတော့ သစ်ပင်ကြီးတွေ ဘာတွေနဲ့အုပ်ပြီးတော့ သွားပြီးတော့ကြည့်ဖို့ရာကို နေ့တောင် အင်မတန် ကြောက်စရာကောင်းတဲ့နေရာတွေ၊ အဲဒီလိုနေရာတွေကို ဘုရားလောင်းက စုံစမ်းတာကိုး၊ ဒီမှာ ကြောက်စရာများ ဘာများရှိမတုံး၊ ဘယ်လိုဘေးတွေနဲ့ တွေ့ဦးမလဲ၊ တွေ့ချင်လို့ ဘေးရှာတာပေါ့၊ သူ့ဥစ္စာ ဘေးရှာတာ ရှာကြည့်တယ်တဲ့။

အဲ–စကြ်ဳလျှောက်ရင်း လျှောက်ပြီး ညတစ်ခါတည်း တစ်ညလုံး ဘာဘေးများ ဘေးများ ပေါ်ဦးမလဲ၊ ကြောက်စရာများ ပေါ်များလာဦးမလား၊ ဘာမှတော့ မလာဘူးတဲ့၊ လိုရင်းကတော့ ဘုရားလောင်းလဲဖြစ်လို့ ဘုရားအလောင်းမို့နဲ့တူတယ်၊ ဒီပြင်ပုဂ္ဂိုလ်ဆိုလျှင် ချောက်ချင်လဲ ချောက်မှာပဲ၊ သူ့ဥစ္စာ ဘုရားအလောင်းက သူက တန်ခိုးရှိနေတာကိုး၊ ဘုရားအလောင်း သာမဟုတ်ဘူး၊ ခုကာလကလဲ တစ်ချို့ပုဂ္ဂိုလ်တွေ တစ္ဆေမှမချောက်ဘူးဘဲ၊ တစ်ချို့ပုဂ္ဂိုလ်တွေက တစ္ဆေ ခဏခဏချောက်

တယ်၊ တစ်ချို့ပုဂ္ဂိုလ်တွေ ကျတော့ မချောက်ဘူး၊ အဲဒါ တစ္ဆေမချောက် နိုင်တဲ့ပုဂ္ဂိုလ် ချောက်နိုင်တဲ့ပုဂ္ဂိုလ် ရှိပုံတော့ပေါ်တယ်၊ အဲ–ဘာမှ မတွေ့ပါဘူးတဲ့၊ တစ်ခါတစ်ရံ သားကောင်တွေပြေးလာတယ်လို့ တောက်တောက် အသံတွေ ကြားလာတယ်။

ညော်–ကြောက်စရာဆိုတာ ဒါများဖြစ်မလားဆိုပြီးတော့ စိတ်ထဲမှာ ပေါ်လာတယ်၊ ပေါ်လာတော့ အဲဒါ သွားနေရင်း ဆိုသွားနေတာပါပဲ၊ ရပ်ပြီးတော့ ကြောက်စရာပဲဆိုပြီး စိတ်က ခြေလှမ်းပျက်မသွားဘူး၊ ခြေလှမ်းမပျက်စေရပါဘူး၊ သွားလျင် သွားနေတာ၊ ရပ်လျှင်လဲ ရပ်နေတာ၊ ထိုင်လျှင်လဲ ထိုင်နေတာပဲ၊ ဣရိယာပုထ် မပျက်စေရဘူး။

ဒါဘာလဲဆိုတာ စုံစမ်းစဉ်းစားကြည့်တယ်တဲ့၊ စဉ်းစားကြည့်တော့ တော်တော်ကြာတော့ အနီးအပါး ရောက်လာတဲ့ အခါကျတော့ သမင်ပဲ၊ ဒါက ဂျီပဲ, ဒါကနွားပဲ ဒါက ဘာပဲဆိုတာ နီးကပ်လာတော့ သေသေချာချာတွေ့ရတာပဲ၊အင်း–ဒါပါပဲ၊ ကြောက်စရာဆိုတာ ဒါမဟုတ်ဘူးဆိုတာ သိရတယ်၊ တစ်ခါတစ်ခါ သစ်ကိုင်းလေးတွေ ဘာလေးတွေ ကျိုးကျတာရှိတယ်၊ ချိုးချိုးချွတ်ချွတ်နဲ့ကျတာ ဖက်ရွက်တွေဘာတွေ ကျတာရှိတယ်တဲ့၊ ဒါကြောက်စရာတွေလားလို့ အောက်မေ့တယ်၊ သေချာ ကြည့်လိုက်တော့ ဘာမှ မဟုတ်ပါဘူး၊ ဒေါင်းကလေးပါ၊ ငှက်ကလေးတွေပဲ၊ ဘာမှ ကြောက်စရာမရှိပါဘူး။

တစ်ခါတစ်ခါသစ်ကိုင်းတွေ လှုပ်လှက်ပြီး သကာလ သွားတာရှိတယ်၊ အဲဒီလိုပါပဲတဲ့၊ ဘာမှတော့ မဟုတ်ဘူးတဲ့၊ သူ့ဥစ္စာ အဲဒါတွေ စုံစမ်းတယ်၊ အကြောင်းတွေ ပြောတယ်၊ ဘုရားအလောင်းဆိုတာ စောစောပိုင်းက ဖြစ်ပါလိမ့်မယ်၊ အဲဒီက နောက်တော့ ဥရုဝေလ တောအုပ်ရောက်၊ ဥရုဝေလတောအုပ် ရောက်တဲ့အခါကာလကျတော့ တောကလဲ သာသာယာယာ ရှိတယ်တဲ့၊ မြစ်ကလဲ ရေသန့်ရှင်းစင်ကြယ်တဲ့ မြစ်ရေကလဲ စီးဆင်းနေတာတွေ တွေ့ရတယ်။

အဲဒီတော့ အနီးအပါးမှာလဲ ဆွမ်းခံဖို့ရာ ဆွမ်းခံရွာကလဲရှိတယ်တဲ့၊ သေနနိဂုံးဆိုတာ သေနရွာ သေနနိဂုံးဆိုတာ ရှိတယ်၊ အဲဒါကလဲရှိတယ်၊ အဲဒီတော့ ဒီနေရာဖြင့်ရင် အားထုတ်ဖို့ရာ သင့်လျော်တဲ့နေရာပဲဆိုပြီး အဲဒီနေရာမှာ သူ တရားအား ထုတ်တယ်တဲ့။

တရားအားထုတ်တော့ ဟိုခေတ်တုန်းက အကျင့်ကောင်းအနေနဲ့ထင်ပြီးနေတော့ အစာ အာဟာရတွေ ဖြတ်ကျင့်တာ ကိုယ်ပင်ပန်းအောင် ကျင့်တဲ့အကျင့်တွေရှိတာကိုး၊ အဲဒီတော့ကို ပထမရှေးဦးစွာ အားနာပါးနာနဲ့ထွက်သက်ဝင်သက်တွေကို ချုပ်ပြီးတော့ ကျင့်တာလဲရှိပါတယ်၊ ဒီထွက်သက်ဝင်သက်တွေ ဘယ်ကမှ မထွက်အောင် ကျင့်ကြတယ်၊ အစာအာဟာရတွေ တဖြည်းဖြည်းဖြတ်ပြီးတော့ လျှော့လျှော့ပြီးတော့ ပဲပြုတ်ရေလက်တစ်ကော်လောက်ရှိအောင် အဲဒီလိုလက်တစ်ကော်ဆိုတော့ ဒါ ၂–ဇွန်း ၃–ဇွန်းလောက် ရှိချင်ရှိမှာပေါ့၊ ဒါပဲ။

အဲဒါလောက်ပဲ တစ်နေ့တစ်နေ့ ဒီလောက်ပဲ သုံးဆောင်ပြီးသကာလ အစာအာဟာရတွေ ဖြတ်ပြီးသကာလ ကျင့်ခဲ့ တယ်၊ ၆–နှစ် ကြာတာကိုး၊ ဒုက္ကရစရိယာ ၆–နှစ်ကျင့်တယ်ဆိုတာ ဒါပဲ၊ အဲဒါ အိုခြင်း, နာခြင်း, သေခြင်း ကင်းတဲ့တရားတွေ့ မလားလို့ ကျင့်တာပဲ၊ သို့သော်လဲ အဲဒါတွေ့မည့်တရားတော့ မဟုတ်ဘူး၊ အဲဒီ ၆–နှစ်တိုင်တိုင် ကျင့်တဲ့အခါကာလ အဲဒီတော့ သူအင်မတန် ပင်ပန်းတယ်၊ ဘယ်လောက် ပင်ပန်းသလဲ ဆိုလို့ရှိရင် ဗိုက်ကနေ စမ်းလျှင် ကျောရိုးတွေ့ရတယ်တဲ့၊ ကျောရိုးက နေစမ်းလျှင် ဗိုက်ကိုတွေ့ရတယ်။

ဒါကြောင့် အရှပ်ကြီးတွေလုပ်ထားတယ်၊ ဒါပဲ ဒုက္ကရစရိယာကျင့်တယ်ဆိုတာ ကျင်ကြီးကျင်ငယ်စွန့်ဖို့ရာ အားထုတ် တဲ့အခါကာလ ပင်ပန်းလို့တစ်ခါတစ်ခါလဲနေ၊ မှောက်ရက်များလဲနေတယ်၊ ဘာမှအင်အားတွေမရှိဘဲ အင်အားတွေကုန်သွား အောင် အင်မတန် ပင်ပင်ပန်းပန်းဖြစ်အောင် ကျင့်ခဲ့တယ်တဲ့။

အဲဒါတွေ ပြန်စဉ်းစားလို့ရှိရင် ခုကာလတရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေက အပုံပဲ သက်သာသေးတာပဲ၊ ပင်ပင်ပန်းပန်း ဘာမှအားမထုတ်ရဘဲ သက်သက်သာသာလေးပဲ၊ ဘယ်လောက် ပင်ပန်းတယ်ဆိုပေမယ်လို့ အဲဒါတွေနဲ့ စာလိုက်လို့ရှိရင် အသက်သာကြီးပဲ၊ ဒီတော့ ပိတိပါမောဇ္ဇဖြစ်စရာပဲ၊ တို့အလွယ်တကူပဲလို့ မြတ်စွာဘုရားကိုယ်တိုင် ရှာမှီးပြီးထားတဲ့တရားတွေ လွယ်လွယ်ကူကူနဲ့ တို့ကျင့်ရတာ၊ သူများချက်ပြုတ်ပြီးလို့ ခူးပြီးလို့ ပန်းကန်ပြားထဲထည့်ပြီးတဲ့ထမင်းကို ကောက်စားရသလို သက်သက်သာသာလေးပဲ၊ အဲဒါတော့ အားရစရာ အားတက်စရာတွေပဲ။

အဲဒီကနေပြီးတော့ ၆–နှစ်တိုင်တိုင် ကျင့်လို့ ဘာမှမဖြစ်တော့မှ ဒါဖြင့် ကိုယ်ပင်ပန်းရုံရှိတာပဲ၊ ကိုယ်အလိုရှိတဲ့ အိုခြင်း, နာခြင်း, သေခြင်း ကင်းတဲ့တရား မတွေ့ရဘူး၊ ဒီနည်းဟာတော့ဖြင့် တရားရနိုင်တဲ့နည်း မဟုတ်သေးဘူးထင်တယ်၊ ငယ်ငယ်ရွယ်ရွယ်တုန်းက သုဒ္ဓေါဓနမင်းကြီး၊ ငယ်ငယ်တုန်းက ကလေးအရွယ်တုန်းက သုဒ္ဓေါဓနမင်းကြီးက လယ်ထွန် မင်္ဂလာလုပ်တာကိုး၊ အဲဒီအခါတုန်းက လယ်ထွန်မင်္ဂလာ အခမ်းအနားမှာ အစောင့်အရှောက်အထိန်းတော်တွေကလဲ သွားပြီး တော့ကြည့်ကြတော့ သူတစ်ယောက်တည်းရှိနေတဲ့အခါမှာ ကန့်လန့်ကာတွင်း သူတစ်ယောက်တည်းရှိပြီးတော့ ထိုင်ပြီးတော့ အာနာပါန ထွက်သက်ဝင်သက်ကို နှလုံးသွင်းတော့ သမာဓိရတယ်၊ ဈာန်ရခဲ့ဖူးတာကိုး။

အဲဒါတွေ ပြန်ပြီးသတိရတော့ ဒါတွေက အင်မတန်ကောင်းတာပဲ၊ ဒါလေးဟာဖြင့် အိုခြင်း, နာခြင်း, သေခြင်းကင်းတဲ့ တရားကို ရရာရကြောင်းဖြစ်တဲ့ အကျင့်ရလိမ့်မယ်လို့ယူဆပြီးတော့ အဲဒီအကျင့်လမ်းကျင့်ဖို့ရာ စဉ်းစားတယ်၊ စဉ်းစားလို့ တစ်ခါတည်း အစာအာဟာရမရှိဘူး၊ ဖောပြီး အင်မတန်ချိန့်နေတယ်၊ အဲဒီအချိန်မှာတော့ အားထုတ်လို့မဖြစ်ဘူး၊ အစာ အာဟာရ ပြန်စားမှပဲလို့ဆင်ခြင်ပြီး အစာအာဟာရ ဖြည်းဖြည်းပြန်စား၊ အစာအာဟာရ တဖြည်းဖြည်း ပြန်စားတော့ ပဠဝဂ္ဂိ ငါးဦးက အဲဒီမှာ ဝတ်ကြီးဝတ်ငယ်ပြုနေကြတာ၊ ဝတ်ကြီးဝတ်ငယ် ပြုနေရာကနေပြီး စိတ်ပျက်သွားတယ်၊ တို့တရားနေရာ မကျဘူး၊ အစက သူအစာမစားဘဲနဲ့ ကျင့်နေတာလဲ ခုအစာစားတော့ တရားထွက်ပြီး ဘာမှလဲ မဖြစ်ဘူး၊ အစတုန်းက သူတို့ တရားရမလားလို့ ဝတ်ကြီးဝတ်ငယ်တွေပြုနေကြတာ၊ ခု သူ အစာတွေ စားကတည်းက တရားထွက်ပြီးတဲ့ သူက အစာ မစား ဘဲနဲ့ နေရင်းနေရင်းနဲ့ တရားတွေ တွေ့လာလိမ့်မယ်လို့ ဒီလို အောက်မေ့တာကိုး။

အစာစားလိုက်လို့ရှိရင်ဖြင့် တရားက ပျက်သွားလိမ့်မယ်လို့ သူတို့ အမြင်က ဒီလိုဖြစ်နေတယ်၊ ဟိုခေတ်တုန်းက အခုလဲပဲ ဒီလိုတော့ရှိတယ်၊ ဟိုမှ ဂျိန်းအယူဝါဒတွေက ဒီလို–ဒီလိုပါပဲ၊ အစာမစားတဲ့အကျင့်တွေကို အကောင်းထင်နေတာ ကိုး၊ အဲဒါနဲ့ သူတို့ စိတ်ပျက်ပြီးတော့ အရှင်ဂေါတမအားကိုးလို့ မဖြစ်ပါဘူး၊ တို့ဟာတို့ရှာကြံပြီး တို့ဟာတို့ရှာမှ ဖြစ်တော့မှာ ပဲဆိုပြီး ပဠဝဂ္ဂိငါးဦးက သူ့ကို စွန့်ပြီးတော့ ထွက်သွားကြတာကိုး၊ ဗာရာဏသီမှာ မိဂဒါဝုန်တောသွားပြီးတော့ နေကြတယ်၊ သူတို့သွားတာလဲ ကောင်းကောင်းပဲ၊ သူတို့ မသွားလို့ရှိရင် သူတို့က အနားနားရှိနေတော့ ဆိတ်ဆိတ်ငြိမ်မှ မရဘဲဟာကိုး။

သူတို့မရှိတော့မှ တဖြည်းဖြည်း အာဟာရနဲ့ဖြည့်တင်းလို့ မကြာခင်ဘဲ အရွယ်ကလဲ ၂၉–နှစ်ကနေပြီး ၆–နှစ်ဆိုတော့ ၃၅–နှစ် ရှိသေးတာကိုး၊ ငယ်သေးတာပဲ၊ အဲဒီတော့ ဘုရားလောင်းဆိုတော့လဲ အစကလဲ ရုပ်ကလဲ ရုပ်ကောင်းဆိုတော့ မကြာခင်ဘဲ ပြန်ပြီး ပကတိအတိုင်း အသားအရေတွေ ပြန်ပြည့်လာတယ်၊ ပြန်ပြီး အားရှိလာတယ်၊ ဒီတော့မှ အားရှိလာတဲ့ အခါကျမှ နှလုံးသွင်း အားထုတ်တော့ ဈာန်တရားတွေရ၊ အဲဒီကနေပြီး နောက်ဆုံး တစ်နေ့ကျတော့ ဗောဓိပင်အောက် ရတနာ ပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေထိုင်နေပြီး တရားနှလုံးသွင်း အားထုတ်လိုက်တော့ ရှေးဦးစွာ ပုဗ္ဗေနိဝါသဉာဏ်ဆိုတာ ရတာကိုး၊ နောက် သန်းခေါင်ယံမှာ ဒိဗ္ဗစက္ခုဉာဏ်ရတာကိုး။

ဒိဗ္ဗစက္ခုအကြောင်း နောက်တစ်ခါ ပြန်ပြောရဦးမယ်၊ လင်းအားကြီးယံကျတော့ ပဋ္ဌိစ္စသမုပ္ပာဒ် နှလုံးသွင်းပြီးတော့ ခန္ဓာငါးပါးတို့၏အဖြစ်အပျက်ကိုရှုပြီးတော့ ခန္ဓာငါးပါးရှုတာမျိုးပါပဲ၊ မကဘူးပေါ့လေ၊ အားလုံး တစ်လောကလုံးကိုပဲ ရှုတာ ပဲ။

သာဝကတွေ သာမာန်ပုဂ္ဂိုလ်တွေက ကိုယ့်သန္တာန်က တရားလေးလောက်က တစ်စိတ်တစ်ဒေသရှုရုံနဲ့လဲ ပြည့်စုံသွား တာပါပဲ၊ ဘုရားအလောင်းဆိုတာကတော့ အကြွင်းမဲ့အကျယ်ရှုရတာကိုး၊ ဒါပေမယ့် အချိန်ကာလကတော့မကြာဘူး၊မနက်ပိုင်း လေးတင်ပဲ မနက်လင်းအားကြီးယံလေးတွင် မနက်မလင်းခင် အာရုံမတက်ခင် အဲဒီအချိန်လေးမှာပဲ သိပြီးတော့ အစဉ်အတိုင်း ဝိပဿနာဉာဏ်တွေတက်ပြီးတော့ အရဟတ္တမဂ်ဉာဏ်ရောက်၊ ဘုရားအဖြစ်ကို ရောက်သွားတာပေါ့၊ အဲဒီမြတ်စွာဘုရား၏ ကျင့်စဉ်တွေကို ပြန်ပြီး နှလုံးသွင်းလိုက်လို့ရှိလျှင် တရားအားထုတ်ရတဲ့ ပုဂ္ဂိုလ်တွေ အင်မတန်ဝမ်းသာစရာကောင်းတယ်။

ဟော–အရှင်အနုရုဒ္ဓါရဲ့ ကျင့်စဉ်ကလေး၊ သူကလဲပဲ နှလုံးသွင်းစရာ အင်မတန်ကောင်းပါတယ်၊ အရှင်အနုရုဒ္ဓါဟာ ပထမက တောထွက်စဉ်အခါကာလတုန်းက အရှင်အာနန္ဒာတို့နဲ့ မင်းသားခြောက်ယောက် တောထွက်လာကြတာကိုး၊ အရှင် ဒေဝဒတ်လဲပါတယ်၊ မင်းသား ခြောက်ယောက် တောထွက်လာကြတယ်။

အရှင်အနုရုဒ္ဓါ၊ အရှင်ဘဒ္ဒိယ၊ အရှင်အာနန္ဒာ၊ အရှင်ကိမိလ၊ အရှင်နန္ဒိယ တောထွက်လာကြတယ်၊ တောထွက်လာပြီး တော့ ပထမနှစ်အတွင်းမှာပဲ အရှင်အနုရုဒ္ဓါ ဒိဗ္ဗစက္ခု အဘိညာဉ်ရတယ်လို့ အဋ္ဌကထာများမှာ ပြထားပါတယ်၊ အဲဒီနှစ်က ဘယ် နှစ်လောက်ဖြစ်မလဲ ဆိုလို့ရှိလျှင် အဲဒီနှစ်က မြတ်စွာဘုရား ဘုရားဖြစ်ပြီးတဲ့နောက် ၁၂–ဝါမြောက်မှာ ကောသမ္ဗီပြည်မှာ သံဃာတွေအချင်းချင်း အငြင်းအခုံဖြစ်လို့ ကွဲပြားပြီးတော့ နေတဲ့အခါကာလမှာ မြတ်စွာဘုရားဆုံးမ သြဝါဒပေးပေမယ့် အဲဒီ ကနေပြီးသကာလ ကြွသွားတာကိုး။

ဒီအငြင်းအခုံတွေဖြစ်နေ ရန်ဖြစ်နေတော့ ရုန်းရင်းဆန်ခတ် ဖြစ်နေလျှင် မသင့်လျော်တာနဲ့ သူ့ဟာသူ တစ်ပါးတည်း ကြွသွား–အဲဒီ တစ်ပါးတည်းကြွသွားတဲ့အခါမှာ အရှင်အနုရုဒ္ဓါ တရားနှလုံးသွင်း အားထုတ်နေတဲ့ အခန်းမှာပြထားတဲ့ မြတ်စွာ ဘုရားကြွသွားတော့ ရှေးဦးစွာ ဘဂုဆိုတဲ့မထေရ် တစ်ပါးတည်းနေတယ်တဲ့၊ အဲဒီမှာ တောကျောင်း မြတ်စွာဘုရား ရှေးဦးစွာ ရောက်၊ အဲဒီကနေပြီးတော့မှ တစ်ဆင့်သွားတော့ အရှင်အနုရုဒ္ဓါရယ်၊ အရှင်ကိမိလရယ်၊ အရှင်နန္ဒိယရယ် ၃–ပါး သူတို့ နေကြတယ်၊ တောကျောင်းလေး ကိုယ့်နေရာလေးတွေနဲ့ကိုယ် ကိုယ့်ဟာကိုယ်နေကြ၊ အဲဒီနေရာ ရောက်သွား။

ဒီနေရာရောက်သွားတော့ မြတ်စွာဘုရားက ကြွလာတယ်ဆိုလျှင် အဲဒီတော့ ဒါယပါလဆိုတဲ့ သစ်တောစောင့် တော စောင့်ရာထူး ခန့်ထားတဲ့ လူတစ်ယောက်က ရှိတာကိုး၊ မြတ်စွာဘုရား ကြွလာတာမြင်တော့ ကောသမ္ဗီနဲ့ကလဲ သိပ်ဝေးပုံမရပါ

ဘူး၊ ကောသမ္ဗီမှာ သံဃာတွေ အဓိကရဏ်း ဖြစ်နေတာလဲ သူ ဟိုကကြားသိတော့ ဟာ–ကိုယ်တော်ကြီးတစ်ပါး ကြွလာပြန်ပြီ၊ ဒီမှာကိုယ်တော်သုံးပါး အေးဆေးနေနေတာ ဒီကိုယ်တော်ကြီးလာတယ်၊ ဒီကိုယ်တော်ကြီးဟာ ကြီးလဲကြီးပုံရတယ်၊ ခန့်ခန့်ညားညားလဲရှိတယ်။

အဲဒီ ကိုယ်တော်လေး ၃–ပါး တော်ကြာလို့ ရှိလျှင်ဖြင့် ဟိုက ကောသမ္ဗီကလာတော့ ဝါဒတွေနဲ့ အငြင်းအခုံတွေများ ဖြစ်ကုန်မလား စိုးရိမ်တာနဲ့ မြတ်စွာဘုရားကို သူကတားတယ်၊ ကိုယ်တော်အရှင်ရဟန်းကြီး၊ ဒီမှာ ရဟန်း ၃–ပါးရှိတယ်တဲ့၊ သူတို့ ကောင်းကောင်းမွန်မွန် အားထုတ်နေကြပါတယ်တဲ့၊ ဒီမကြွပါနဲ့ မလာပါနဲ့တားတာကိုး၊ ဘုရားမှန်း မသိဘူး၊ အဲဒီလိုသွားပြီးတော့ ပြောနေသံကြားတော့ အရှင်အနုရုဒ္ဓါက ထပြီးတော့ကြည့်တော့ တောစောင့်က ဘာများပြောပါလိမ့်တုံး ထကြည့်တော့မှ ဘုရားမှန်းသိတော့မှ တောစောင့်–ဒီဥစ္စာ အခြားပုဂ္ဂိုလ်မဟုတ် တို့ဆရာပဲ၊ မြတ်စွာဘုရားဆိုတာ ဒါပဲဆိုတော့ မြတ်စွာဘုရားကို ကြွပါဘုရား ကြွပါဘုရားလို့ပင့်တယ်၊ ပင့်ပြီးတော့ အရှင်နန္ဒိယတို့ အရှင်ကိမိလတို့ကိုလဲခေါ်၊ မြတ်စွာဘုရား ကြွလာပြီဆိုတော့ သူတို့နေတဲ့နေရာလေးက ထွက်လာပြီးတော့ ဝတ်ကြီး ဝတ်ငယ်တွေ ပြုကြပေါ့လေ၊ ခြေဆေးပေးကြ၊ နေရာခင်းပေးကြ။

ထိုင်ပြီးတော့ သီတင်းသုံးနေတဲ့ အခါကာလကျတော့ မြတ်စွာဘုရားက အနုရုဒ္ဓါတို့ သင်တို့ ဒီမှာနေကြရတာဟာ ကျန်းကျန်းမာမာ–ချမ်းချမ်းသာသာ နေသာထိုင်သာရှိကြရဲ့လားလို့ ပဋ္ဌိသန္ဓာရစကားပြော၊ ကျန်းကျန်းမာမာရှိကြတဲ့အကြောင်း လျှောက်ထားတော့ ဒါဖြင့် ဒီမှာနေရတာ အားလုံးညီညီညွတ်ညွတ် ရှိကြရဲ့လား၊ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ကြည်ညိုဖွယ်ဖြစ်တဲ့ မျက်စိများနဲ့ ကြည့်ပြီးသကာလ နို့နဲ့ရေနဲ့ ရောလို့ရှိလျှင်ဖြင့်နို့ရော ရေရောရောပြီး သွားဘိသကဲ့သို့ ညီညီညွတ်ညွတ်များ ရှိကြရဲ့လား၊ မြတ်စွာဘုရားက မေးတာကိုး၊ မေးတော့ အရှင်အနုရုဒ္ဓါတို့က မှန်ပါအရှင်ဘုရားတဲ့။ တပည့်တော်တို့ ညီညီညွတ်ညွတ်နေတာတော့ ဇကန်အစစ်ပါပဲ၊ အင်မတန်ကိုကောင်းပါတယ်၊ ညီညီညွတ်ညွတ်နေတာ ဘယ်ပုံ–ဘယ်ပုံ ညီညွတ်နေကြသလဲလို့ မေးတယ်၊ တပည့်တော်တို့ ညီညွတ်နေတာကတော့ဘုရား–ဒီလိုပါပဲ။

တပည့်တော် စိတ်ထဲမှာ ဒီလိုအောက်မေ့တယ်တဲ့၊ ဘယ့်နယ်အောက်မေ့လဲဆိုတော့ လာဘာဝတ–အင်မတန်အရတော်တာပဲ၊ အင်မတန် ကံကောင်းတာပဲ၊ တို့သုံးပါး ဒီမှာ ညီညီညွတ်ညွတ်နေရတယ်၊ အဲဒါ ကိုယ့်စိတ်ရဲ့အလိုကို ဖယ်ထားပြီးတော့ ကျန်တဲ့ပုဂ္ဂိုလ် ၂–ပါးရဲ့ စိတ်အလိုအတိုင်းပဲ လိုက်ပြီးသကာလ ပြုလုပ်ဆောင်ရွက်မယ်လို့၊ ဒီလိုလဲ နှလုံးသွင်းထားပါတယ်၊ မျက်မှောက်မှာရော, မျက်ကွယ်မှာရော၊ မေတ္တာကာယကံ, မေတ္တာဝစီကံ, မေတ္တာ မနောကံဖြင့် ဆောင်ရွက်ကြပါတယ်၊ အရှင်အနုရုဒ္ဓါကလဲ ဒီပြင် ပုဂ္ဂိုလ် ၂–ပါးကို မျက်မှောက်မှာရော မျက်ကွယ်မှာရော မေတ္တာစိတ်နဲ့ ကိုယ်ဖြင့် ဆောင်ရွက်ပေးနိုင်တာတွေ ဆောင်ရွက်ပေးတဲ့စိတ်ဖြင့်ပြောပြန်လဲ မေတ္တာစိတ်နဲ့ပေါ့လေ၊ စိတ်မချမ်းသာမည့် ဥစ္စာတွေ, နားမချမ်းသာမည့်ဟာတွေ ဘာမှမပြောဘူး၊ စိတ်ကူးအားဖြင့်လဲ ကျန်းမာပါစေ, ချမ်းသာပါစေ, မေတ္တာစိတ်နဲ့ တစ်ခါတည်းထား၊ မျက်မှောက်ရော မျက်ကွယ်ရောပဲတဲ့၊ မေတ္တာ–ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာတွေ ပွားနေပါတယ်တဲ့၊

ဒီတော့ကာ မိမိစိတ်ကို, မိမိအလိုကို ဖယ်ထားပြီးတော့ တခြားပုဂ္ဂိုလ်၏ စိတ်အလိုကို လိုက်ပြီးတော့ ဆောင်ရွက်မယ်လို့ ဒီလိုလဲ နှလုံးသွင်းထားပါတယ်တဲ့၊ ကိုယ်က သက်နံ့ လျှော်စရာ ရှိနေရင် ဟိုကိုယ်တော်က သူ့သက်နံ့ ချုပ်စရာ ရှိနေတယ်ဆိုရင် ကိုယ့်အလိုကို ဖယ်ထားခုံးပေါ့လေ၊ သူ့အလိုကိုပဲ အရင်လုပ်မယ်၊ ဒီလိုစိတ်ထားပါတယ်၊ အဲဒါ အရေးကြီးတယ်၊ အတူနေတဲ့ ပုဂ္ဂိုလ်တွေမှာ အားလုံးပဲ၊ တစိမ်းတရံစာ ပုဂ္ဂိုလ်တွေ စုပြီးတော့နေတာ အရေးကြီးတာပေါ့၊ သို့တည်းမဟုတ်လဲ ကိုယ့်သွေးရင်း သားရင်းဆိုလဲ အဲဒီလိုပဲ။

အဲဒီလိုစိတ်ထားနိုင်ဖို့ အရေးကြီးတယ်၊ တစ်အိမ်တည်းမှာ ၂–ယောက်ပဲရှိရှိ၊ ၃–ယောက်ပဲရှိရှိ၊ ၄–ယောက်၊ ၅–ယောက်ပဲရှိရှိ၊ အဲဒါ ကိုယ့်စိတ် ကိုယ့်အလိုကို ဖယ်ထားပြီးတော့ သူတစ်ပါးစိတ်အလိုအတိုင်း တို့လိုက်ပြီးတော့ ဆောင်ရွက်မယ်၊ ချမ်းသာပါစေဆိုတဲ့ မေတ္တာစိတ်တဲ့၊ ကိုယ့်အတူနေတဲ့ပုဂ္ဂိုလ် ချမ်းသာပါစေဆိုတဲ့ မေတ္တာစိတ်နဲ့ ဟိုကိုယ်အားရှိသမျှ တစ်ခါတည်းကာယကံနဲ့လဲ ဆောင်ရွက်ပြီးတော့ ဟိုမျက်မှောက်လဲ ဆောင်ရွက်မယ်၊ မျက်ကွယ် သူမသိတဲ့အခါလဲ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်မယ်၊ ဒီလို နှလုံးသွင်းရမှာကိုး။

နှုတ်ဝစီကံအားဖြင့်လဲ မျက်မှောက်လဲပဲ ကောင်းရာကောင်းကြောင်း ချမ်းသာရာ ချမ်းသာကြောင်း စကားကိုသာ ပြောရမယ်၊ နားမသာတဲ့စကားမပြောဘူး၊ မျက်ကွယ်မှာလဲ အကျိုးမဲ့စကားကို မပြောဘူး၊ စိတ်နှလုံးအားဖြင့်လဲပဲ ချမ်းသာရာ ချမ်းသာကြောင်းကိုသာလျှင် နှလုံးသွင်းရမယ်၊ ချမ်းသာပါစေလို့ စိတ်အမြဲထားရမယ်၊ မေတ္တာကာယကံ, မေတ္တာဝစီကံ,မေတ္တာ မနောကံ၊ အဲဒီလိုထားဖို့ရာ အရေးကြီးပါတယ်၊ ဒါက တရားအားထုတ်တဲ့ ပုဂ္ဂိုလ်သာ မဟုတ်ဘူး၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်လဲ အသုံးကျတယ်၊ အိမ်တိုင်း အိမ်တိုင်း အသုံးကျတယ်၊ ကျောင်းတိုင်း ကျောင်းတိုင်း အသုံးကျတယ်၊ အရပ်တိုင်း အရပ်တိုင်းအသုံးကျတယ်၊ မြို့တိုင်း မြို့တိုင်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်း အသုံးကျတယ်၊ ဘယ်မှာဖြစ်ဖြစ် အကုန်လုံး အသုံးကျတယ်၊ စုနေရတဲ့နေရာဆိုလို့ရှိရင် အသုံးကျတာချည်းပဲ၊ တစ်ယောက်တည်း နေရင်တော့ ကိစ္စမရှိဘူးပေါ့၊ နှစ်ယောက်နေရင်ကို ဒီလိုစိတ်ထားမှ ဖြစ်မှာ၊ ဒီပုဂ္ဂိုလ်ဟာလဲပဲ တခြားပုဂ္ဂိုလ်ထက် မေတ္တာကာယကံ, မေတ္တာ ဝစီကံ, မေတ္တာမနောကံနဲ့ဆောင်ရွက်၊

ထိုပုဂ္ဂိုလ်ကလဲပဲ မေတ္တာကာယကံ, မေတ္တာဝစီကံ, မေတ္တာမနောကံနဲ့ ဆောင်ရွက်မယ်ဆိုရင် နှစ်ဦးစလုံး တစ်ခါတည်း တစ်ဦးတစ်ဦး အသာပေးပြီးတော့ ကိုယ်က အလျှော့ပေးပြီးတော့ ဟိုဘက် တခြားဘက်အသာပေးပြီး ဆောင်ရွက်သွားတယ် ဆိုရင် ဘာမှငြင်းခုံစရာ မရှိဘူး၊ ရန်ဖြစ်စရာမရှိဘူး။

ဒီလိုနေ အင်မတန် အကောင်းဆုံးပဲ၊ အဲဒီလိုနေရမှာ ကိုယ့်စိတ် ကိုယ့်အလိုကို ဖယ်ထားပြီးတော့ သူ့စိတ် လူ့အလို တွေ လိုက်ပြီးတော့နေမယ်ဆိုရင် သိပ်ကောင်းမှာပဲ၊ ကိုယ်အလိုရှိရာကို လုပ်ရမယ်၊ သူများတွေကို ဇွတ်အတင်းခိုင်းမယ်ဆိုရင် တော်ကြာရန်ဖြစ်တာပဲ၊ ငြင်းခုံတယ်ဆိုတာ ဒါတွေကစပြီး ဒါတွေက ငြင်းခုံနေကြတာပဲ၊ ကွဲလွဲကြတယ်ဆိုတာ ဒါပဲ၊ ကိုယ့် ဘက်ကို လုလို့ပဲ၊ ကိုယ့်အကျိုးတွေကို လုတဲ့အတွက် တစ်ဘက်က မခံနိုင်တဲ့အခါကျတော့ အဲဒါ ရန်ဖြစ်တာပဲ၊ အဲ ကိုယ်က အရှုံးပေးပြီးတော့ သူ့အလိုပဲလိုက်ပြီးတော့ သူလုပ်ချင်တာလုပ်ပေစေ၊ ကိုယ့်အလုပ်မှမလုပ်ရချင် နေပေစေ ထားလိုက်ဦး၊ သူ ကြိုက်ရာကို လိုက်ပြီးဆောင်ရွက်မယ်၊ လိုက်ဆောင်ရွက်ပေးဦးမယ်လို့ အဲဒီလို စိတ်ထားပြီး ဒါအကောင်းဆုံးပဲ။

အဲဒီတော့ ဘယ့်နှယ်ဖြစ်နေလဲဆိုတော့ အရှင်အနုရုဒ္ဓါတို့က ကိုယ်သာ သုံးကိုယ်ခွဲနေတာပါပဲဘုရား၊ စိတ်က အားလုံးပဲ ဟိုပုဂ္ဂိုလ်ကလဲဒီစိတ်, ဒီပုဂ္ဂိုလ်ကလဲဒီစိတ်ပဲ ဖြစ်နေပါတယ်၊ ကိုယ်ကတော့ ၃–ခုပေါင်းလို့ မဖြစ်ဘူးတဲ့၊ စိတ်က တော့ တစ်စိတ်တည်း တစ်မျိုးတည်းပဲ တူနေပါတယ်၊ တစ်ပါးကနေပြီး ဒီကနေ့ ဘာလုပ်ကြစို့ဆိုရင် ဒီပြင်ပုဂ္ဂိုလ်တွေကလဲ ဘာလုပ်ကြစို့ဆိုပြီး တစ်ခါတည်း ညီနေတယ်၊ အရှင်ဘုရား ဘာလုပ်စရာရှိသလဲ တပည့်တော်က အရေးကြီးတဲ့ ကိစ္စတစ်ခုရှိ တယ်, ဘာနဲ့ဆို အဲဒါကွဲတာပေါ့၊ ဒီလိုဟာမလုပ်ရဘူးတဲ့၊ သူတို့မှာမရှိဘူးတဲ့၊ တစ်ပါးက ဒီနေ့ တပည့်တော် သင်္ကန်းတွေ လျှော်ချင်တယ်ဘုရားဆိုရင် အကုန်လုံး ဝိုင်းပြီးသကာလ လျှော်၊ ရေခပ်စရာရှိလဲခပ်၊ လျှော်တဲ့ပုဂ္ဂိုလ်က လျှော်ပေါ့လေ၊ လှန်း တဲ့ပုဂ္ဂိုလ်ကလှန်း လုပ်စရာတော့ အကုန်လုံးဝိုင်းလုပ်ကြတယ်၊ တညီတညွတ်တည်းပဲ၊ အင်မတန် ကောင်းပါတယ်။

အဲဒီနည်းဟာ အများစုနေတဲ့နေရာမှာ သိပ်နေဖို့ အရေးပါတယ်၊ ဒီလို တပည့်တော်တို့ ၃–ပါး ညီညွတ်နေပါတယ်လို့ ညီညွတ်တဲ့ အကြောင်းပြောတော့ မြတ်စွာဘုရားက သာဓုခေါ်တော်မူတယ်၊ သာဓုခေါ်စရာလဲ တယ်ကောင်းတယ်၊ ကမ္မဋ္ဌာန်း ကျောင်းဆိုတာ အရေးကြီးတယ်၊ ကမ္မဋ္ဌာန်းကျောင်း တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ မညီညွတ်လို့ရှိရင် တရားအားထုတ်တဲ့ ပုဂ္ဂိုလ် အနှောင့်အယှက်သိပ်ဖြစ်တာ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်က စိတ်ကောင်း နှလုံးကောင်းနဲ့ အားထုတ်မလို့လာတာ၊ ဒီမှာ ကိုယ်သဘောမကျတာတွေနဲ့တွေ့နေတော့ စိတ်မချမ်းသာ စရာတွေနဲ့တွေ့တော့ ပြီးပါရော၊ အဲဒီတော့ တရားအားထုတ်မယ် လာတဲ့ ပုဂ္ဂိုလ်တွေကို ယောဂီဟောင်းတွေက အခွင့်အရေးပေးရမယ်၊ အသစ်အသစ် ချင်းကလဲ ကိုယ့်အလိုမကြည့်ဘဲနဲ့ သူများ အလိုလဲ လိုက်ပြီးသကာလပေါ့လေ၊ အဲဒါတွေ အခွင့်အရေးပေးပြီးတော့ နေထိုင်သွားကြလို့ရှိရင် အင်မတန် ကောင်းပါတယ်၊ အကျိုးသိပ်များတယ်။

နောက်တစ်ခါ မြတ်စွာဘုရားက မေးပြန်တယ်၊ အနုရုဒ္ဓါတို့တဲ့၊ မမ့ေမလျော့များ ကြိုးကြိုးစားစား အားထုတ်ကြပါရဲ့ လားလို့ မေးတာကိုး၊ အားထုတ်ပါတယ်ဘုရားတဲ့၊ မမ့ေမလျော့ပါဘူးဘုရား၊ အားထုတ်ပါတယ်တဲ့၊ ဘယ်လို မမ့ေမလျော့ အားထုတ်ကြသလဲ၊ တပည့်တော်တို့ ဘုရားတဲ့ နံနက်ဆွမ်းခံသွားရော၊ ဆွမ်းခံသွားတော့ ကိုယ့်ဟာကိုယ် သူ့ဟာသူ သွားကြ တာပဲ၊ သွားပြီးတော့ ပြန်လာတဲ့ပုဂ္ဂိုလ်က အရင်ရောက်တဲ့ပုဂ္ဂိုလ်က ဒီမှာ တံမြက်တွေဘာတွေ လှဲတယ်၊ အမှိုက်လှဲ သန့်ရှင်း ရေးတွေဘာတွေ ဒီမှာတဲ့၊ ရေတွေဘာတွေ ဆွမ်းစားဖို့နေရာမှာ တည်ထားပြီးလို့ရှိရင် ကိုယ့်ဟာကိုယ် ဒီမှာ ဆွမ်းစားတာပဲ၊ ဆွမ်းစားခါနီး အကယ်၍ ဆွမ်းများ ပိုနေသေးလို့ရှိရင် ဆွမ်းပိုထည့်စရာ ဇလုံကြီးပေါ့လေ။

ရှေးတုန်းကတော့ မြေခွက်ဖြစ်ချင်ဖြစ်မှာပါပဲ၊ အင်တုံကြီး ဖြစ်ချင်ဖြစ်မှာပါပဲ၊ အဲဒါ ဘောဇနပါတ် ခေါ်တယ်၊ ဆွမ်းပို ထည့်စရာဇလုံ၊ အဲ–ဆွမ်းပိုထည့်စရာ ဇလုံကြီးထဲကို စားလောက်ရုံနဲ့ ပိုသေးတယ်ဆိုလို့ရှိရင် အဲဒါတွေ စောစောကနေ ထည့် ထားတယ်၊ ဦးဦးဖျားဖျားပေါ့လေ၊ အကြွင်းအကျန်တွေ မဖြစ်ရအောင် စားကြွင်းစားကျန်ဖြစ်တော့လဲ နေရာမကျဘူး၊ ထည့် ထားပါတယ်၊ နောက်ပုဂ္ဂိုလ် စားချင်စားရအောင်လို့၊ နောက်ပုဂ္ဂိုလ်က ဆွမ်းမရဘဲနဲ့ လာချင်လာဦးမှာကိုး၊ အဲ–ကိုယ်ကများ လို့ရှိရင်ဖြင့် ဒီလိုပဲ ပိုတာလေးတွေ စောစောကတည်းက ထည့်ထားတယ်၊ ထည့်ထားပြီးတော့ ကိုယ်စားသောက်ပြီးလို့ရှိရင် ကိုယ့်သပိတ်ကလေး ကိုယ်ဆေးပြီးတော့ သွားတာပါပဲ။

နောက်ပုဂ္ဂိုလ်က ဒုတိယပုဂ္ဂိုလ်ကလာတယ်၊ ဒုတိယပုဂ္ဂိုလ်က လာတော့ ဒီမှာ ပထမက ပြင်ပြီး ဆင်ပြီးသားဖြစ်တော့ သူကတော့ ဘာမှမလုပ်ရဘူး၊ သူကထိုင်ပြီးတော့ ဆွမ်းစားရုံပဲ၊ အဲ–သူကလဲ ဆွမ်းပိုသေးလို့ရှိရင် ဆွမ်းပိုကို အပိုဇလုံထဲထည့် ထားတယ်၊ အကယ်၍ ဆွမ်းမလောက်ဘူး၊ ရတာနည်းရင် ဟိုအထဲကဟာ ယူပြီးတော့ စားလိုက်သေးတာပဲ၊ ဟိုဟာ ယူစား တယ်၊ ပိုလို့ရှိရင်လဲ ဒီမှာ စောစောကထည့်ထားတယ်၊ စားသောက်ပြီလို့ရှိရင်လဲ သူက ကိုယ့်သပိတ်ကလေး ကိုယ်ဆေးပြီး တော့ သွားတော့တာပဲတဲ့၊ သူကတော့ အလုပ်နည်းတယ်။

နောက်ဆုံး ရောက်တဲ့ပုဂ္ဂိုလ်က ရောက်လာရော၊ ရောက်လာတော့ အရင်ရောက်တဲ့ပုဂ္ဂိုလ် ၂–ပါးသွားပြီဆိုတာ သိတယ်တဲ့၊ ဟိုမှာ နေပုံထိုင်ပုံ အသုံးအဆောင်မြင်တာနဲ့ သူကသိတယ်၊ ၂–ပါးတော့သွားပြီ၊ ငါနောက်ဆုံးပဲ၊ နောက်ဆုံးကျတဲ့

ပုဂ္ဂိုလ်ကလဲ ဆွမ်းပိုသေးလို့ရှိရင် သူကလဲ ခွက်ပိုထဲ ထည့်လိုက်သေးတာပဲတဲ့၊ ဘာပြုလို့တုန်းဆိုတော့ ရုတ်တရက်အချိန်နည်းမှ ရောက်လာတဲ့ပုဂ္ဂိုလ် အာဂန္တုရှိရင်လဲပေးရအောင် အာဂန္တုမရှိရင်လဲ ဒီပြင်ပုဂ္ဂိုလ်တွေ သင့်လျော်တဲ့ပုဂ္ဂိုလ် လာလို့ရှိရင်လဲ လျှုဖို့ပေါ့လေ၊ စားတုန်း သောက်တုန်း အလျှုခံရောက်လာရင်လဲ ပေးဖို့ထည့်ထားပြီးတော့ သူ ဆွမ်းစားတယ်။

အကယ်၍ သူကဆွမ်းနည်းလို့ မလောက်လို့ရှိရင် ဟိုအထဲက ယူပြီးတော့စားပေါ့၊ စားသောက်ပြီးတော့ အကုန်လုံးဆေး၊ ဆေးကြောပြီးတော့ နေရာတွေ ဘာတွေလဲ အမှိုက်လှဲ၊ ခုံလေးဘာလေးရှိလို့ရှိရင်လဲ သိမ်း၊ ရေအိုးတွေဘာတွေလဲ သိမ်းပေါ့လေ၊ အကယ်၍ ဆွမ်းဇလုံက ပိုနေတဲ့ ဆွမ်းတွေ ရှိနေသေးလို့ရှိရင် အဲဒါတွေကို ပိုးမွှားတွေဘာတွေ မရှိတဲ့နေရာမှာ လွတ်လပ်တဲ့နေရာမှာ သွားပြီးတော့ သွန်၊ သွန်ပြီးတော့ အဲဒီခွက်ကြီးလဲ ဆေး၊ ဆေးကြော သိမ်းဆည်းပြီးတော့ သွားတာပဲတဲ့။

ကိုယ့်နေရာကိုယ်သွား တရားအားထုတ်နေကြတာပဲတဲ့၊ တစ်ဦးနဲ့တစ်ဦး စကားမပြောဘူး၊ သူတို့ ဒါပေမယ့် အကြောင်းတစ်ခုခုရှိလို့ရှိရင် ရေတို့ဘာတို့ ခတ်စရာအကြောင်းရှိလာလို့ရှိရင် ကိုယ့်ချည်းမနိုင်လို့ရှိရင်လဲ ဘာလုပ်ရသလဲဆိုလို့ရှိရင် အခြားပုဂ္ဂိုလ်ခေါ်ရတယ်၊ အခြားပုဂ္ဂိုလ်ခေါ်တဲ့ အခါကျတော့ အသံပြုပြီးခေါ်လိုက်ရင် လိုချင်တာက တစ်ပါး၊ ၂–ပါးစလုံး အသံကြားသွားတော့ အဲဒီအလုပ်ပျက်မှာစိုးလို့တဲ့ အသံမပြုဘူးတဲ့၊ သူက ဟိုသစ်ပင်အောက်က တစ်ပါး၊ ဒီသစ်ပင်အောက်က တစ်ပါး၊ ဒီလိုထိုင်ပြီး အားထုတ်နေကြတာကိုး။

အားထုတ်နေတော့ ဒီကခေါ်လိုက်လို့ရှိရင် အရှင်နန္ဒိယလို့ဆိုလို့ရှိရင် အရှင်ကိမိလက ကြားသွားမှာကိုး၊ ဘယ်သူပါလိမ့်မတုံး ဘာအကြောင်းရှိပါလိမ့် စဉ်းစားမှာပေါ့၊ စဉ်းစားကတည်းက အဲဒါ သမာဓိပျက်သွားပြီ၊ အဲဒီလို မပျက်ရအောင်လို့တဲ့ သူက အရှင်နန္ဒိယခေါ်ချင်လို့ရှိရင် အရှင်နန္ဒိယရှေ့သွားပြီးတော့ မတ်တတ်ရပ်လိုက်တယ်တဲ့၊ ရပ်တော့ ဟိုက တရားစိုက်ပြီး နှလုံးသွင်းနေလို့ မမြင်သေးဘူးပေါ့လေ၊ အဲ ခေါင်းထောင်လာတဲ့ အခါကျရင်တော့ ကိုယ်က လက်ရိပ်ကလေးပြလိုက်လို့ရှိရင် ဟိုကိုယ်တော်က ထလိုက်လာလိမ့်မယ်၊ ပါးစပ်က မပြောဘူး၊ လက်ရိပ်ပြပြီးတော့ ခေါ်တာပဲ။

အဲဒါနဲ့ ဟိုရောက်တော့ ရေခတ်ဖို့ရာဆိုလို့ရှိရင် ရေအိုးမနိုင်လို့ရှိရင် တစ်ယောက်တစ်ဖက်စီ မ,ကြတာပေါ့၊ မ,စကားမပြောဘူး၊ မ,ပြီးတော့ ဟို ထားရမည့်နေရာကျထား၊ ထားပြီးတော့လဲ ကိုယ့်နေရာလေး ကိုယ်ပြန်သွားတာပဲ၊ သွားပြီး တရားအားထုတ်ကြတာပဲတဲ့၊ အင်မတန် ကောင်းတယ်။

တစ်ယောက်တစ်ယောက်စောင့်ရှောက်ပုံ၊ သမာဓိမပျက်အောင် စောင့်ရှောက်ပုံ ဒါအရေးကြီးတယ်၊ အဲ ကမ္မဋ္ဌာန်းကျောင်းမှာ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ အကြောင်းပြုပြီးတော့ သူများတွေ သမာဓိမပျက်အောင် စောင့်ရှောက်ပုံ၊ အင်မတန်ကောင်းတယ်၊ အဲဒီလို အားထုတ်ပါတယ်တဲ့၊ တစ်ဦးနဲ့တစ်ဦး စကားမပြောလို့ လုံးလုံးမပြောဘူးလားဆို ဒီလိုလဲ မဟုတ်ပါဘူးတဲ့၊ ၅–ရက်တစ်ကြိမ် ၅–ရက်တစ်ကြိမ် တပည့်တော်တို့ တရား ဆွေးနွေးပါတယ်တဲ့။

၅–ရက်တစ်ကြိမ် ၅–ရက်တစ်ကြိမ် တစ်ပါးကဟောလိုက်၊ ၂–ပါးကနာ၊ နောက်တစ်ပါးက ဟော၊ ဒီပြင် ၂–ပါးကနာ၊ ဒီလို တရားဆွေးနွေးကြပါတယ်တဲ့၊ ၅–ရက်တစ်ကြိမ် ၅–ရက်တစ်ကြိမ် တရားဆွေးနွေးကြပါတယ်တဲ့၊ ဒီလိုပဲ တပည့်တော်တို့ အားထုတ်နေပါတယ်တဲ့၊ ကြည်ညိုစရာကောင်းတယ် ဟုတ်လား၊ အင်း–ယခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲ စဉ်းစားကြည့်လို့ရှိရင် အဲဒါတွေ အကုန်လုံး မတူသော်လည်း တို့ဒီလို အဆင့်အတန်းရောက်နေတာပဲ၊ သိပ်ကောင်းတဲ့ စင်ကြယ်တဲ့ မြင့်မြတ်တဲ့အလုပ်တွေကို တို့ အားထုတ်နေရတာပဲလို့ အာရုံပြုလိုက်ရင် ဝမ်းသာစရာ အင်မတန် ကောင်းပါတယ်၊ အားတက်စရာကောင်းတယ်။

ပြီးတော့ အဲဒီတုန်းက ပုဂ္ဂိုလ်တွေမှာ ဘယ်သူမှ အထောက်အပံ့ အကူအညီမရှိဘူး၊ ယခု အထောက်အပံ့အကူညီတွေ ရပါဘိသနဲ့၊ ဒီတော့ အားထုတ်ရတာ အင်မတန် ချမ်းသာပါတယ်လို့ နှလုံးသွင်းလိုက်ရင် ဝမ်းသာစရာ အားတက်စရာ အလွန်ကောင်းပါတယ်။

ပြီးတော့ မြတ်စွာဘုရားက တစ်ဆင့်မေးတယ်၊ အနုရုဒ္ဓါတို့ သင်တို့ ဒီလို မမ့်မလျော့အားထုတ်နေတော့ တရားထူးကလေးများ တွေ့မြင်ကြပါရဲ့လားလို့ ဘုရားကမေးတော့ တွေ့ပါတယ်ဘုရားတဲ့၊ တရားထူးတော့ တပည့်တော်တို့တွေ တွေ့ပေမယ်လို့ ဒီလိုဘုရား တွေ့တာက အရောင်အလင်းတွေ့တယ်၊ ဒီအရောင်အလင်းကလဲ မကြားဘူး၊ ပျောက်သွားတာပဲ ဘုရားတဲ့၊ ဘာကြောင့်မှန်းလဲ မသိဘူးဘုရား၊ အရောင်အလင်းတွေ ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဒီလိုဖြစ်နေတယ်တဲ့၊ ပြောတယ်၊ ဒါ ပထမအကြိမ်ပါပဲ၊ ပထမအကြိမ်ပဲ။

ဒိဗ္ဗစက္ခုအဘိညာဉ်မရခင် ရှေးဦးစွာ အရောင်အလင်းလေး နည်းနည်းပေါ်ကာစရှိသေးတာပဲ၊ ဒီလိုဖြစ်နေတယ်တဲ့၊ ဒီတော့ မြတ်စွာဘုရားက အနုရုဒ္ဓါ ဒီလိုဖြစ်တတ်တဲ့သဘောပါပဲတဲ့၊ ဟိုတုန်းကလဲ ယခုကမ္မဋ္ဌာန်းဆရာတွေ အားပေးသလိုပါ

ပဲ၊ မြတ်စွာဘုရားက အားပေးရတယ်၊ ယခုလဲ ယောဂီတွေ အချိုးမကျလို့ဆိုလို့ရှိရင် စိတ်စနောင့်စနင်းဖြစ်နေရင်၊ မေးမြန်းပြီး သကာလ ဖြစ်တတ်တာလေးတွေ ဘာလေးတွေ ပြောရတာကိုး အားပေးရတယ်။

အဲဒီ မြတ်စွာဘုရားက ဒီမှာ အားပေးစကားပြောတယ်၊ ဖြစ်မှာပေါ့တဲ့၊ ဖြစ်တတ်တဲ့ သဘောပဲတဲ့၊ ငါဘုရားကိုယ်တိုင်လဲ ဒီလိုဖြစ်ခဲ့ဖူးတာပဲတဲ့ ဘုရားမဖြစ်ခင်က စောစောပိုင်းကပေါ့လေ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ စပ်ပြီးသကာလ ဒီလိုပဲ ဖြစ်ခဲ့ဖူးတယ်တဲ့၊ ဥပက္ကိလေသာ အညစ်အကြေးတွေ ခေါ်တယ်။

ဒါတွေ အရောင်အလင်းကလေး ပေါ်လာတယ်၊ အရောင်အလင်းကလေးပေါ်လာတော့ သူဟာ သွားပြီးတော့ ကြည့်မိတယ်တဲ့၊ ကြည့်မိတော့ ဘာပါလိမ့်မတုန်းဆိုပြီးတော့ သူစဉ်းစားတော့ ဝိစိကိစ္ဆာ ဖြစ်လာတယ်တဲ့၊ ဘာလို–ဘာလို ရိုးတိုးရိပ်တိတ်ဆိုတော့ လူလိုလို နတ်လိုလို ဟုတ်သလား မဟုတ်သလား ဒီလိုဟာတွေဖြစ်လာတယ်၊ ဝိစိကိစ္ဆာ ဖြစ်လာတယ်၊ဝိစိကိစ္ဆာ ဖြစ်လာတာနဲ့ ဟော အရောင်အလင်းတွေ ပျောက်သွားရော၊ မရှိဘူး၊ အင်း–ငါ့ဥစ္စာ အရောင်အလင်းကလေးပေါ်လာ၊ ဘာဖြစ်လို့ ပျောက်သွားပါလိမ့်၊ သြော်–ငါ သွားစဉ်းစားလို့ကိုး၊ ဝိစိကိစ္ဆာဖြစ်တာကိုး၊ ဒီဝိစိကိစ္ဆာကြောင့် ဒီအရောင်လေးပေါ်တာပဲ၊ ဒီတော့ကာ ဒီဝိစိကိစ္ဆာ နောက်မဖြစ်ရအောင် ငါ ဒါတွေကို နှလုံးမသွင်း တော့ဘူးဆိုပြီးတော့ စိတ်ထဲ ဆုံးဖြတ်လိုက်တယ်၊ နှလုံးမသွင်းဘဲနဲ့နေ အရောင်အလင်းလေး ပေါ်လာပေါ်လာ ပျောက်သွားပြန်တယ်၊ ဘာကြောင့်ပါလိမ့်လို့ စဉ်းစားတော့ အပြီးသတ်တော့ စိတ်က နှလုံးမသွင်းဘဲကိုး။

အရောင်အလင်း ပေါ်လာတဲ့ဥစ္စာကို ပေါ်လာတော့ တရားကို နှလုံးမသွင်းဘဲနဲ့ လျစ်လျူပစ်ထားတော့ ပျောက်သွားပြန်တယ်တဲ့၊ ဒါလဲမကောင်းသေးဘူး၊ နှလုံးလဲ သွင်းတန်သမျှ သွင်းဦးမှ၊ ဒီလို အစဉ်ကလေးတွေကို သူ့ဟာက အစကတော့ ဝိစိကိစ္ဆာဖြစ်လို့ နှလုံးမသွင်းဘဲနေ နှလုံးမသွင်းဘဲနေတော့လဲ နှလုံးမသွင်းခြင်းကြောင့်လဲ ပျောက်သွားသေးတာကိုး၊ အရောင်အလင်းက ဒီလိုလဲဖြစ်တယ်တဲ့၊ နောက် အဲဒီလို နှလုံးမသွင်းဘဲနေရာက နောက်နှလုံးသွင်းမယ်လို့ စိတ်ထဲမှာ ဆောက်တည်ပြီးသကာလ တစ်ခါ ထိနမိဒ္ဓဆိုတဲ့ စိတ်ထိုင်းမှိုင်းမှု ဖြစ်လာပြန်တယ်တဲ့၊ အဲဒါကြောင့်လဲ အရောင်အလင်းက ပျောက်သွားတယ်။

ထိနမိဒ္ဓ–စိတ် ထိုင်းမှိုင်းမှု ဖြစ်လာလို့ အဲဒီလိုလဲ ပျောက်သွားတာ ရှိတာပဲတဲ့၊ သူ့ဟာ ၁၁–ခုရှိတယ်တဲ့၊ ပြီးတော့ ထိနမိဒ္ဓမဖြစ်အောင်လို့ နှလုံးသွင်းတဲ့အခါကာလမှာကို တောင့်တမှုတွေလဲ ရှိလာတယ်တဲ့၊ အဲဒီ ကိုယ်တောင့်တမှု ဖြစ်ခြင်းကြောင့်လဲ ဒီအရောင်အလင်းက ပျောက်သွားတယ်တဲ့၊ အဲဒီ ကိုယ်တောင့်တမှုမဖြစ်အောင် နှလုံးပြန်သွင်းတဲ့ အခါကာလကျတော့ အဲဒီကိုယ်တောင့်တင်းမှုတွေ ထိနမိဒ္ဓမဖြစ်အောင်လို့ အာရုံကိုစူးစိုက်ပြီး နှလုံးသွင်းတဲ့အခါကာလမှာ ဒီအရောင်အလင်းထဲမှာ သူက အရောင်အလင်းတွင်မကဘူး၊ ပုံသဏ္ဌာန် အထည်ဒြပ်တွေ ပေါ်လာတယ်၊ ပေါ်လာတော့ အဲဒီမှာ ကြောက်စရာလန့်စရာတွေ ပေါ်လာတယ်တဲ့။

ကြောက်စရာ လန့်စရာတွေ သွားပြီးမြင်တဲ့အခါကာလကျတော့ ဖြုန်းခနဲဆိုတော့ မြင်မြင်ခြင်းဆိုတော့, ဘွားခနဲဆိုတော့ လန့်တဲ့သဘော ဖြစ်တာပေါ့လေ၊ ဥပမာ နဂါးကြီးတွေ ဘာတွေသွားတွေ့တယ်တဲ့၊ ဘီလူးကြီးတွေ သွားတွေ့တယ်၊ ဖြုန်းကနဲဆို ဘွားကနဲ သွားတွေ့လိုက်တော့ ဖြုန်းကနဲ လန့်တဲ့သဘော သွားပြီးတော့ ဖြစ်သွားတယ်၊ အဲဒီလို ဖြစ်ခြင်းကြောင့်လဲ အရောင်အလင်းတွေ ပျောက်ပြီးသွားတယ်တဲ့၊ ဒါကတော့ ဟုတ်မှာပဲ။

ဘုန်းကြီးများ ငယ်ငယ်တုန်းက ကိုရင်တုန်းကပေါ့လေ၊ ကိုရင်တုန်းက မှန်ပျောင်းတစ်ခု သူများလဲကြည့်ကြတာပါပဲ၊ ဒါနဲ့ဘုန်းကြီးက မှန်ပျောင်းကောက်ပြီးတော့ ကြည့်တာကိုး၊ အဲဒီတုန်းက ကိုရင်ပေါ့လေ၊ ၁၈–နှစ်လောက်ရှိမလား၊ ၁၇–နှစ်လောက်လား မပြောတတ်ပါဘူး၊ မှန်ပျောင်းနဲ့ ကြည့်လိုက်တော့ ဟိုမှာ လမ်းလျှောက်နေတဲ့ ဒကာမကြီးဟာ မှန်ပျောင်းနဲ့ဆိုတော့ နီးနီးကလေးဖြစ်နေတာကိုး၊ ဖြုန်းကနဲဆို လန့်သွားတယ်၊ သူ့ကို မှန်ပျောင်းနဲ့ကြည့်တယ်လို့များ အောက်မေ့မလားလို့၊ ဘာဟုတ်မလဲ သူ့ဟာ အဝေးကြီးရိုးရိုးကြည့်ရင်တော့ အဝေးကြီးပဲ၊ မှန်ပျောင်းနဲ့ကြည့်တော့ ဒီမှာ ကပ်နေတာပေါ့၊ သူ့ကို သက်သက်မဲ့ ချိန်ကြည့်သလို ဖြစ်နေတယ်၊ နီးနီးကလေး အောက်မေ့ပြီးတော့ သူများ အပြစ်တင်မလား အောက်မေ့မိတယ်၊ မှန်ပျောင်း ဖြုတ်ကြည့်လိုက်တော့လဲ အဝေးကြီးပါပဲ၊ ဖြုန်းကနဲ ဆိုတော့ အနားနားကပ်ပြီး ကြည့်လိုက်သလို ဖြစ်သွားတာကိုး။

အဲဒီလို ဒီက ဒိဗ္ဗစက္ခု အဘိညာဉ်က ဘွားကနဲ မြင်လိုက်တော့ နဂါးကြီးဆိုတော့ မြွေကြီးပဲ၊ မြွေကြီးအနားနားရောက်သွားသလို ဖြစ်နေတာကိုး၊ ဘီလူးကြီးဆိုရင် ဘီလူးကြီးနားရောက်နေတယ် ထင်တာကိုး၊ ဖြုန်းခနဲဆိုတော့ ဒီဟာ လန့်တဲ့စိတ်ကလေး ဖြစ်သွားတာကိုး၊ အဲဒါကြောင့်လဲ အရောင်အလင်း ပျောက်သွားတယ်တဲ့၊ အဲဒီတော့ ဒါဟာ အမှန်အားဖြင့်တော့မရှိဘူး၊ တရားသဘောနဲ့ နှလုံးသွင်းလို့သာလျှင် ဒီအာရုံတွေထင်တာပဲ၊ တကယ်ဆို ဒီနား ဘာမှမရှိဘဲကိုး၊နှလုံးသွင်းပြီးသကာလ ဖြေဖျောက်ပါတယ်တဲ့၊ ဖြေဖျောက်တဲ့အခါကာလတော့ အဲဒါ ပျောက်သွားတယ်။

ပျောက်သွားတော့ အဲဒီကြောက်နေတဲ့ စိတ်တွေ နောက်မရှိတော့ဘူး၊ မရှိတော့ စိတ်ကတက်ကြွလာတယ်၊ အောင်မယ် ငါသိပ်နေရာကျတာပဲ၊ ဒီလိုကြောက်လန့်တဲ့စိတ်တွေ ငါပျောက်အောင်လို့ နှလုံးသွင်းနိုင်တာ ငါသိပ်နေရာကျတာပဲ၊ငါဆင်ခြင်တတ်တယ်၊ နှလုံးသွင်းတတ်တယ်ဆိုပြီး စိတ်က တစ်ခါတည်းကြွပြီးပီတိတွေနဲ့ တစ်ခါတည်း တက်ကြွလာတယ်၊ ကြွလာခြင်းကြောင့်လဲ အရောင်အလင်းတွေဟာ ပျောက်ကုန်တယ်။

အဲဒီလို အရောင်အလင်း ပျောက်တတ်တာတွေ သူကအများကြီးပါပဲ၊ နောက်ကို တောင့်တင်းပြီးတော့ ပျောက်တာတွေလဲပါတယ်၊ အလွန်အမင်းအားထုတ်လို့ ပျောက်သွားတာတွေလဲပါတယ်၊ လျှော့နေလို့လဲပါတယ် မြင်ရတဲ့အာရုံနဲ့စပ်ပြီး တောင့်တမှုလေးတွေက ရှိသေးတာကိုး၊ တောင့်တမှု သဘောကျမှုကလေးတွေ အဲဒါကြောင့်လဲ ပျောက်သွားတာရှိတယ်၊ စူးစိုက်ကြည့်လွန်းအားကြီးလို့ ပျောက်သွားတာရှိတယ်၊ အားလုံး ၁၁–ပါးရှိတယ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်ရဖို့ရာ အားထုတ်တဲ့ဖြစ်တဲ့အခါမှာ ဖြစ်တဲ့ ရဟန္တာတွေ ၁၆–ပါး ရှိတယ်၊ အဲဒါ မြတ်စွာဘုရားက ဘုရားလောင်း ဖြစ်စဉ်အခါကာလတုန်းက ဒါတွေ အကုန်တွေ့လာတယ်လို့ ဆိုတာပဲ။

အဲဒါ ဘယ်အခါက တွေ့သလဲဆိုတာကို ဒါထောက်ဆကြည့်မယ်ဆိုရင် တိတိကျကျ ပြဆိုတာမရှိဘူး၊ ဘုရားဒိဗ္ဗစက္ခု အဘိညာဉ်ရတာက ဗောဓိမဏ္ဍိုင် ရတနာ ပလ္လင်ပေါ် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီး အားထုတ်တဲ့အခါမှာ ညဉ့်ဦးယံက မရသေးဘူး၊ သန်းခေါင်ယံမှရတာ၊ အဲဒီအချိန်ကလေးဖြစ်မှာပေါ့၊ အဲဒီအချိန်မှာ ဒိဗ္ဗစက္ခုအဘိညာဉ်အားက သန်းခေါင်ယံမှာ သူက ရတာကိုး၊ အဲဒီအချိန်မှာ ဖြစ်မှာပေါ့၊ အဲဒီမှာ ၁၁–ပါးသော တစ်ခုပြီးတစ်ခု ခဏခဏ ပြောင်းလွှဲဖြစ်ပေါ်တာနေမှာပေါ့၊ အတည်တော့ မဟုတ်ဘူး၊ ခဏခဏ ဟိုဟာ ပေါ်လာလိုက် ပျောက်လိုက်၊ ဒီဟာပေါ်လာလိုက် ပျောက်လိုက်၊ ဟိုဒင်းလိုပဲ၊ ဦးကနင်း ပဲ့ကထောင်ဆိုတာလို သူကအကြောင်း မညီညွတ်သေးတော့ အန္တရာယ်ကလေးတွေ ပေါ်နေတာကိုး။

အဲဒါ ရှင်အနုရုဒ္ဓါလဲ ဒီအန္တရာယ်တွေတွေ့တယ်၊ မြတ်စွာဘုရားအလောင်းတော် ကိုယ်တိုင်တောင်မှ ဒါတွေ တွေ့လာတာကိုး၊ ဒါတွေ တွေ့တယ်တဲ့၊ မြတ်စွာဘုရားက ဟောတယ်၊ ဟောတော့ကို ယခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ အဆင်မပြေလို့ အကြောင်းမညီညွတ်တဲ့အခါ ဘာမှ အားငယ်စရာမရှိဘူး၊ သူ့ဟာ တွေ့တတ်တဲ့သဘောတွေ သူတွေ့ရမှာပဲ၊အဲဒါတွေ မတွေ့အောင်လို့ တစ်နည်းနည်းနဲ့ တိမ်းရှောင်ပြီးသကာလ ဒီလို အားထုတ်ရတာပဲ။

တစ်ခါ တစ်ခါကို သဒ္ဓါတရား အားကောင်းလွန်းလို့၊ ဒီလိုပဲ ဖြစ်နေတာရှိတယ်၊ သဒ္ဓါတရားလျော့လို့ ဖြစ်နေတာရှိတယ်၊ လုံ့လဝီရိယ အားကောင်းလို့ ဖြစ်နေတာရှိတယ်၊ လုံ့လဝီရိယလျော့လို့ ဖြစ်နေတာရှိတယ်၊ စူးစိုက်မှုလျော့လို့ဖြစ်နေတာလဲရှိတယ်၊ စူးစိုက်မှုလွန်ကဲပြီးတော့ ပျက်နေတာလဲရှိတယ်၊ အဲဒီလို အမျိုးမျိုးရှိပါတယ်၊ အဲဒါတွေ အကြောင်း မညီညွတ်တာတွေ အကြောင်းညီညွတ်အောင်လို့ ကမ္မဋ္ဌာန်းဆရာတွေက သိလို့ရှိရင်လဲ ပြင်ပြီးတော့ ပေးတာပဲ၊ ကိုယ့်ဟာကိုယ်လဲ စဉ်းစားဆင်ခြင်ပြီးသကာလ ပြင်ပြီးသကာလ သွားရမယ်။

ဒါကြောင့် အကြောင်းမညီညွတ်လို့ တရားမတိုးတက်နိုင်လို့ရှိရင် ဟောဒီလိုသုတ်တွေ စဉ်းစားဆင်ခြင်လို့ရှိရင် အားတက်စရာတွေ အများကြီးရှိပါတယ်၊ အော်–ဒါက တွေ့ရမှာပဲ၊ တရားလမ်းစဉ်သွားလို့ရှိရင် ဥာက္ကိလေသာ ဘေးအန္တရာယ်ဆိုတာတွေဟာ ဖြစ်တတ်တဲ့သဘောတွေပဲလို့ ဘုရားအလောင်းတောင်မှ ဒီလိုတွေ့ရတာပဲ၊ အရှင်အနုရုဒ္ဓါ သူလဲအားထုတ်တွေ့တာပဲ၊ တို့လဲတွေ့မှာပဲ၊ ဒါတွေကို ကျော်လွန်အောင်လို့ တို့အားထုတ်ရမှာပဲလို့ ဒါအားထုတ်တဲ့ပုဂ္ဂိုလ်တွေ တွေ့မှမတွေ့ဘဲ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဘာမျှမတွေ့ဘူး။

အားထုတ်လို့ ဒါတွေတွေ့တာ အားတက်စရာ ရပြီးနောက် အရှင်အနုရုဒ္ဓါက ဒီလိုအားထုတ်နေရင် အဘိညာဉ်တော့ ရပြီးပါပြီ၊ တစ်ချိန်ကျတော့ သူက ရှင်သာရိပုတ္တရာထံသွားပြီး ပြောပြန်တယ်၊ ရှင်သာရိပုတ္တရာတဲ့၊ တပည့်တော်ဟာလေ စကြာဝဠာ ၁၀၀၀–အဘိညာဉ်နဲ့ ကြည့်နိုင်တယ်တဲ့၊ မြင်နိုင်တယ်၊ ဒိဗ္ဗစက္ခုနဲ့ စကြဝဠာ ၁၀၀၀–အခြင်းအရာတွေ အကုန်လုံးတွေ့မြင်နိုင်ပါတယ်တဲ့၊ တပည့်တော် အားလဲထုတ်ပါတယ်၊ လုံ့လ ဝီရိယနဲ့ အားထုတ်တယ်၊ ဝီရိယလဲ ကောင်းကောင်း ပြည့်ပြည့်စုံစုံ အားထုတ်တယ်၊ သတိလဲ ထင်နေတယ်၊ သမာဓိစိတ်ကလဲ၊ တည်ကြည် ငြိမ်သက်ပြီးနေတယ်၊ ကိုယ်ပင်ပန်းမှုတွေလဲ ငြိမ်းနေတာပဲ၊ ဒါပေမယ်လို့ အာသဝေါကုန်ခမ်းတဲ့ ရဟန္တာမဖြစ်သေးဘူးတဲ့၊ ဒါပေမယ့်လို့ ဒီဥစ္စာ အာသဝက္ခယနဲ့ အရဟတ္တမဂ်ဖိုလ်တော့ မရောက်သေးဘူး။

ဘာကြောင့်ပါလိမ့်မလဲ တပည့်တော် စဉ်းစားနေတယ်၊ ပြောတာကိုးဆိုတော့ ရှင်သာရိပုတ္တရာက သူ့ကို ပြောတယ်၊ အနုရုဒ္ဓါတဲ့ သင့်ဥစ္စာက ငါ စကြဝဠာ ၁၀၀၀–မြင်နိုင်တယ်လို့ နှလုံးသွင်းလိုက်ရင် ဒါဘာမှတ်သလဲတဲ့၊ ဒါမာနခေါ်တယ်၊ မာနတွေခံနေတာတဲ့၊ ဒါကြောင့်မို့လို့လဲ ဟိုအာသဝက္ခယဉာဏ်မရောက်ဘဲ နေတာတဲ့၊ ဒါ မာနခံနေတယ်တဲ့၊ ဒီတော့ကာ ငါကတော့ အားထုတ်ပါပြီတဲ့၊ အားထုတ်တာ အစွမ်းတော့ ကုန်နေပါပြီ။

သတိလဲထင်နေတယ်၊ သမာဓိလဲ စိတ်ကြိုမ်သက်နေတယ်၊ ကိုယ့်မှာလဲပဲ ကိုယ်ပင်ပန်းမှုတွေကြိုမ်းပြီးတော့ ငြိမ်းချမ်းမှုလဲ ငါ့မှာ ရနေတာပဲ၊ တရားတွေက အချိုးအစားတွေ ကောင်းနေတာပဲ၊ သင်က ဒီလို စဉ်းစားတယ်တဲ့၊ အဲဒါဘာမှတ်သလဲ၊ ဒါ ဥဒ္ဓစ္စခေါ်တယ်တဲ့၊ စိတ်ပျံ့လွင့် နေတာတဲ့၊ အဲဒါ အလွန်သိမ်မွေ့တယ်၊ အားထုတ်တဲ့ပုဂ္ဂိုလ်တွေ ဒါ စဉ်းစားဖို့ရာ ကိုယ့်မှာ တရားကလေး ကောင်းနေပြီးတော့ ကိုယ်လိုရာက မရောက်လို့ရှိရင် ဘာလို့ မရောက်ပါလိမ့်ဆိုတာ လုပ်သေးတာကိုး၊ ကိုယ့်မှာ ဥဒ္ဓစ္စတွေ ဖြစ်နေတာ၊ ဥဒ္ဓစ္စဖြစ်တယ်ဆိုပြောတော့ သူက တရားကောင်းတွေပဲ၊ ရှင်အနုရုဒ္ဓါပြော တစုံကောင်းတယ်၊ အကောင်းပဲတဲ့၊ သူ အားထုတ်ပါတယ်တဲ့၊ တရားတွေ ပြည့်ဝနေပြီတဲ့၊ သတိကလဲ ထင်နေတာပဲ သတိကောင်းနေတယ်၊ သမာဓိကလဲ သိပ်တည်ကြည်နေတာပဲတဲ့၊ ကိုယ်ပင်ပန်းမှုတွေလဲ ရနေတာပဲတဲ့၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ဥဒ္ဓစ္စဖြစ်နေတာတဲ့၊ စိတ်ပျံ့လွင့်နေတာ။

ဒီတော့ ဒီလိုကောင်းနေပါရက်နဲ့ အာသဝေါကုန်ခန်းတဲ့ရဟန္တာတော့ မဖြစ်ဘူးတဲ့၊ အာသဝက္ခယ အရဟတ္တမဂ်ဉာဏ်တော့လဲ မရောက်ဘူး၊ ဘာကြောင့်ပါလိမ့်မလဲ၊ ဒီဥစ္စာ စဉ်းစားပြန်တယ်တဲ့၊ အဲဒါ ဘာမှတ်တုံး၊ ဒါ ကုက္ကုစ္စခေါ်တယ်၊ ဒါ ကုက္ကုစ္စ သိပ်နုတယ်၊ စိတ်ပူပန်တာတဲ့၊ ဒါလောက်အားထုတ်ရက်နဲ့ ဘာလုပ်မဖြစ်ပါလိမ့်မလဲ စိတ်ပူပန်တာတွေတဲ့၊ အဲဒီတရား ၃–ပါးခန်းနေတာ၊ အခြားမဟုတ်ပါဘူးတဲ့၊ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ စကြဝဠာ ၁၀၀၀–မြင်နိုင်တယ်ဆိုတဲ့ မာနခံတယ်တဲ့၊ နောက်တစ်ခုက ငါအားထုတ်ပါတယ်၊ သမာဓိလဲရှိနေပါပြီ၊ တည်ကြည်နေပါပြီ၊ ငြိမ်းချမ်းနေပါပြီ၊ အားထုတ်မှုတော့ ပြည့်စုံနေပါပြီလို့ စဉ်းစားတဲ့ ဥဒ္ဓစ္စ စိတ်ပျံ့လွင့်နေတာတဲ့၊ ဟုတ်တယ်၊ ဒီစိတ်က ပျံ့လွင့်တတ်တယ်။

ခဏခဏ စဉ်းစားစဉ်းစားနေရင်း စိတ်ပျံ့လွင့်တာပေါ့၊ စိတ်လုံးလုံးမပါဘဲကို စဉ်းစားတာ၊ တရားထဲမပါဘူး၊ ရှုမှတ်တာက တရားထဲပါတယ်၊ စိတ်ကူးစဉ်းစားလို့ရှိရင် ဒါက ဥဒ္ဓစ္စဖြစ်နေတယ်၊ နောက်တစ်ခု ဒီလို အားထုတ်နေရင်း ဒီလိုပြည့်စုံရက်နဲ့ မဂ်ဖိုလ်တော့ ဘာဖြစ်လို့ မရောက်ပါလိမ့်မတုံးဆို ကုက္ကုစ္စ စိတ်ပူပန်တာတဲ့၊ အဲဒီတရား ၃–ပါးကို ပယ်ပြီးတော့ ဒါတွေ မစဉ်းစားပါနဲ့တဲ့၊ ဒီ ၃–ပါး ပယ်ပြီးသကာလ အားထုတ်ပါတဲ့၊ ရှင်သာရိပုတ္တရာ သြဝါဒပေးတယ်၊ အဲဒီသုတ်ကို ထောက်ဆကြည့်လို့ရှိရင်လဲ ယခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အားတက်စရာပဲ။

ကိုယ်အကြောင်းမည်ညွှတ်တာ တစ်ခုခုတော့ ရှိနေတာပဲ၊ ခုနကပြောတဲ့ မာနခံနေမလား စာပေကျမ်းဂန်တတ်တဲ့ ပုဂ္ဂိုလ်ကတော့ စာပေတွေနဲ့ မာနခံနေတယ်၊ ဒိဗ္ဗစက္ခုကတော့ မရလို့ ဒိဗ္ဗစက္ခုနဲ့တော့ မာနမခံဘူး၊ စာပေဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ ငါ စာတွေလဲသင်လာတာပဲ၊ ဒါတွေ ဒါတွေကလဲ သိနေတာပဲ၊ ဘာပြုလို့ တရားဟာ မတက်ပါလိမ့်မတုန်း၊ ဒီလို လုပ်သေးတာကိုး၊ စာပေတွေနဲ့ မာနတွေ လွှတ်ခံနေတယ်။

အားထုတ်မှုတွေနဲ့ စပ်ပြီးတော့ ငါ အားထုတ်ပါတယ်၊ ဒါထက်တော့ပိုပြီး အားထုတ်စရာ မရှိပါဘူး၊ ငါအားထုတ်တာတွေတော့ ကုန်နေပါပြီ၊ ဒါတွေလုပ်နေတာ ဒါတွေက စိတ်ပျံ့လွင့်နေတာပဲ၊ ဥဒ္ဓစ္စတွေ ဖြစ်နေတာ၊ ဒီလောက် အားထုတ်တာတောင် ဘာဖြစ်လို့ မဖြစ်ပါလိမ့်မတုံး ဆိုပြီးတော့ ဒီလိုဟာလဲ ရှိသေးတာပေါ့၊ ခုနက ပြောတဲ့အတိုင်းပဲ၊ ဒါ ကုက္ကုစ္စဖြစ်နေတာပဲ၊ ဒါတွေမဖြစ်တောင် ဒါတွေ မှတ်မှတ်ပြီးသကာလ ပယ်သွားရမယ်၊ အဲဒီတရား ၃–ပါးပယ်ပြီး အားထုတ်ပါလေလို့ ရှင်သာရိပုတ္တရာက ညွှန်ကြားလိုက်တော့ ရှင်အနုရုဒ္ဓါ ဆက်ပြီးတော့ အားထုတ်တာကိုး။

ရဟန္တာဖြစ်အောင် ၁၅–ရက်ပတ်လုံး စက်ြ်ကျော်ကတယ်၊ မအိပ်ဘဲနဲ့ပေါ့လေ၊ ခဏတဖြုတ်များ ထိုင်ဦးမလားတော့ မပြောတတ်ဘူး၊ စက်ြ်ကျော်နေတယ်လို့ စာကတော့ ရေးထားတာပဲ၊ ခဏတဖြုတ် ထိုင်တာရှိချင်လဲရှိမှာပေါ့၊ သို့သော်လဲ အင်မတန်ကျန်းမာတဲ့ ပုဂ္ဂိုလ်ကြီးဆိုတော့ ၁၅–ရက်လုံး ကျော်ကျော်ချင်လဲ ကျော်ကျော်နိုင်မှာပါပဲ။

ဘုန်းကြီးတို့လဲ အားထုတ်တုန်းက အားထုတ်ဖူးပါတယ်၊ တစ်နေ့လုံး တစ်ညလုံး စက်ြ်ကျော်ပြီး အားထုတ်နေတယ်၊ ကျော်ကတော့တော်တော်တော့ ပင်ပန်းတယ်၊ မအိပ်မနေ ဒီလောက်ရှိလှတယ်ဆိုပြီးတော့ကျော်ကျော်ကတော့ ကျော်ကတော့ နည်းနည်းပင်ပန်းလာတော့ ခဏတဖြုတ် နားဦးမှပဲဆို ထိုင်နေတယ်၊ ထိုင်ရင်းနဲ့ အိပ်ပျော်သွားတော့တယ်၊ ပင်ပန်းလာတော့ ဘာမှ မခံနိုင်ဘူး၊ ထိုင်ရင်းနဲ့ သူ့ဟာသူ အိပ်ပျော်သွားပါရော၊ ဘယ်လောက်ကြာသွားမှန်းတောင် မသိဘူး။

တစ်နေ့လုံး တစ်ညလုံး စက်ြ်ကျော်ပြီးတော့ သူလဲပဲ ၁၅–ရက်ပတ်လုံး စက်ြ်ကျော်ပြီး အားထုတ်တယ်တဲ့၊ စက်ြ်ကျော်တဲ့အခါကျတော့ အင်မတန် ပင်ပန်းလာတဲ့အခါမှာ သူက စိတ်ကူးဉာဏ်တွေ ရောက်လာတယ်တဲ့၊ အဲဒီ စိတ်ကူးဉာဏ်တွေ အဖိုးတန်ပါတယ်၊ စိတ်ကူးကောင်းတွေပဲ။

အပိစ္ဆ သာယံဓမ္မော နာယံ ဓမ္မော မဟိစ္ဆသ။

အယံဓမ္မော–ဤလောကုတ္တရာ တရားသည်၊ အပိစ္ဆသ–အလိုနည်းသော ပုဂ္ဂိုလ်၏၊ ဓမ္မော–တရားပေတည်း၊မဟိစ္ဆသ–အလိုကြီးသော ပုဂ္ဂိုလ်၏၊ နဓမ္မော–တရားမဟုတ်ပါ တကား။

အကြံအစည် တစ်ခုပဲ၊ ဤတရားဟာ အလိုနည်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ ထိုက်တန်တဲ့ တရားပဲ၊ အလိုရမက်ကြီးတဲ့ ပုဂ္ဂိုလ်တွေနဲ့တော့ မထိုက်တန်ဘူး၊ တရားကို မြန်မြန်ရချင်တဲ့ ပုဂ္ဂိုလ်တွေ တရားရပြီးသကာလ ကြီးပွားချမ်းသာချင်တဲ့ ပုဂ္ဂိုလ်တွေ အဲဒါတွေ မထိုက်တန်ဘူး၊ တစ်ချို့ကလဲ တရားမြန်မြန်ရချင်တယ်၊ ရပြီးတော့ ဆရာလုပ်မယ်၊ ဘာလုပ်မယ်၊ ညာလုပ်မယ်၊ ဒီလိုဟာတွေ ရှိသေးတာကိုး၊ အဲဒါတွေကလဲ အလိုကြီးနေတာခေါ်တယ်၊ အဲဒါတွေများနေလို့ရှိရင် တရားကမတက်ဘဲနေတတ်တယ်။

ဘာလုပ်မယ် ညာလုပ်မယ်နဲ့ သဒ္ဓါတရားတွေကောင်းပြီး ကောင်းတော့ အကောင်းတွေပါပဲ၊ အဆိုးတွေတော့ မဟုတ်ဘူး၊ ဒါပေမယ်လို့ သူက ခုနေတယ်၊ အယံဓမ္မော–ဤတရားသည်, ဤလောကုတ္တရာ တရားသည်၊ အပိစ္ဆသ–အလိုနည်းသော ပုဂ္ဂိုလ်၏၊ ဓမ္မော–တရားပါပေတည်း၊ အယံ ဓမ္မော–ဤတရားသည်၊ မဟိစ္ဆသ–အလိုကြီးသော ပုဂ္ဂိုလ်၏၊ နဓမ္မော–တရားမဟုတ်ပါတကား၊ သူတရားမရနိုင်လို့ စဉ်းစားနေတယ်၊ ငါအလိုကြီးတာတွေ ရှိနေတယ်၊ ဒါကြောင့် ငါတရားမတက်ဘူးဆိုပြီးတော့ စဉ်းစားတယ်။

သန္တုဋ္ဌသာယံ ဓမ္မော အသန္တုဋ္ဌသ နာယံဓမ္မော

အယံဓမ္မော–ဤတရားသည်၊ သန္တုဋ္ဌသ–ရောင့်ရဲလွယ်သောပုဂ္ဂိုလ်၏ ဓမ္မော–တရားပါတကား၊ အယံဓမ္မော–ဤတရားသည်၊ အသန္တုဋ္ဌသ–မရောင့်ရဲသော ပုဂ္ဂိုလ်၏၊ နဓမ္မော–တရားမဟုတ်ပါတကား။

ဒီတရားက ရောင့်ရဲလွယ်တဲ့ ပုဂ္ဂိုလ်ရဲ့ တရားပဲ၊ မရောင့်ရဲနိုင်လို့ရှိလျှင်, ဟိုဟာရလဲ မရောင့်ရဲ၊ ဒီဟာရလဲ မရောင့်ရဲ၊ ဟိုဟာဖြစ်ဘို့လဲ မရောင့်ရဲ၊ ဒါဖြစ်လို့လဲ မရောင့်ရဲ၊ ဒါမပြည့်စုံနိုင်တဲ့ တရားပဲ၊ လောကကြီးဟာမပြောနဲ့၊ တရားရေးရာနဲ့ စပ်ပြီးတော့ကို ကိုယ်ဖြစ်သမျှလေးနဲ့ အားရကျေနပ်မှ သူတရားသဘောအတိုင်း သူ့ဟာသူ ဖြစ်ချင်ရာဖြစ်၊ ကိုယ့်အလုပ်ကလေးကို မှန်မှန်လေးသာလုပ်နေလို့ သူကဟိုလိုဖြစ်ချင်၊ ဒီလိုဖြစ်ချင် ဟိုတောင့်တ, ဒီတောင့်တဆိုရင် တရားက မတက်ဘူး၊ အင်မတန် သိမ်မွေ့တယ်၊ အင်မတန်နူးညံ့တဲ့ တရားတွေ။

ရောင့်ရဲတဲ့ ပုဂ္ဂိုလ်မှ ရနိုင်တဲ့ တရားပဲလဲ၊ မရောင့်ရဲတဲ့ပုဂ္ဂိုလ်ဆို မရနိုင်ဘူးတဲ့၊ အဲဒါ အကုန်လုံး ၈–ခုရှိပါတယ်၊ အဲဒီ ၈–ခု မဆိုရတာလဲ တော်တော်ကြာသွားပြီ၊ ကဲ–ဆိုကြအုံးစို့၊ ဆိုအုံးမှ ဖြစ်မယ်၊ ဒါလေးကတော့–

လိုနည်းရောင့်ရဲ၊ ဖော်ဆိတ်စဲ၊ အားခဲမမှေ့သူ။ (ဆို–၃)

အဲ–အဲဒီပုဂ္ဂိုလ်တွေ အလိုနည်းတဲ့ပုဂ္ဂိုလ်, ရောင့်ရဲတဲ့ပုဂ္ဂိုလ်၊ ဖော်စိတ်စဲ၊ ပဝိဝိတ္တသ–ပုဂ္ဂိုလ်အဖော် ကိလေသာအဖော်တွေနဲ့ဆိတ်ပြီး တစ်ကိုယ်တည်း၊ ကိလေသာ အဖော်တွေမရှိ၊ တစ်စိတ်တည်း ဘာဝနာစိတ် တစ်စိတ်တည်း ဒီလိုနေနိုင်တဲ့ ပုဂ္ဂိုလ်၊ ဒါကို အဖော်ဆိတ်စဲ အဖော်တွေ သိပ်ပြီးတော့စွဲနေတာ၊ အဖော်တွေ ကင်းနေတာခေါ်တယ်၊ ကာရန်လည်း ရအောင်ဘို့ ဆိုရတာ နည်းနည်းခက်တယ်၊ ကဲ–ဆနဲ့ စနဲ့ နီးနေတော့ နည်းနည်းခက်တယ်၊ ဖော်ဆိတ်စဲအားခဲ၊ အာရဒ္ဓဝီရိယ–ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်မှ ရနိုင်တဲ့ တရားတဲ့၊ ပေါ့ပေါ့လျော့လျော့ လွယ်လွယ်လေးနဲ့တော့ မရဘူး။

တစ်ချို့က တရားလွယ်လွယ်လေးနဲ့ ရချင်တာ၊ လွယ်လွယ်လေးနဲ့ ရချင်တော့ လွယ်လွယ်လေးနဲ့ ပေါ့ပေါ့လေး ရလိမ့်မယ်၊ အောက်မေ့နေတာကိုး၊ ဒီလိုတော့ မဟုတ်ဘူး၊ ကြိုးတော့ ကြိုးစားရတယ်၊ ကြိုးကြိုးစားစား အားထုတ်မှ စိတ်ကပျော့ပျော့ နည်းနည်းဆိုရင် တယ်ပြီးတော့ မဖြစ်ဘူး၊ စိတ်တင်းတင်းရင်းရင်း ထားမှဖြစ်မှာ၊ ဘာနဲ့တူနေတုန်းဆိုလို့ရှိရင် ဒီရော်ဘာတို့ ဘာတို့ဆိုတာရှိတယ်၊ ပျော့နေတယ်၊ ထုလို့လဲမပေါက်ဘူး၊ မပျက်ဘူး၊ သူက ပျော့နေပြီး ခံနေတာကိုး ဘောလုံးပျော့ပြီး ခံနေတယ်၊ အိုးများကြည့် မာတော့ မာတာပဲ၊ ဒါပေမယ့် တိုက်လိုက်လျှင် ကွဲတာပဲ အဲဒါလိုပဲ။

တစ်ချို့စိတ်ကလေးက နူးညံ့နေတယ်၊ သူတော်ကောင်း စိတ်တော့ ကောင်းရှာပါတယ်၊ ဒါပေမယ့် စိတ်ပျော့နေတော့ တရားအားထုတ်ရာကျ မတက်ဘဲနေတတ်တယ်၊ စိတ်ကလျော့နေတော့၊ တစ်ချို့ ပုဂ္ဂိုလ်က ခပ်ကြမ်းကြမ်းပဲ၊ ဒီ လူကတော့ အင်မတန်ကြမ်းတဲ့ ပုဂ္ဂိုလ်ပဲလို့ အထင်သေးတတ်တယ်၊ တရားအားထုတ်တဲ့အခါကျ ကြမ်းကြမ်းဆိုတော့ စိတ်ကြမ်း ကိုယ်ကြမ်းနဲ့ နင်းကန်ပြီး အားထုတ်တာကိုး၊ ဖြစ်ချင်တာဖြစ်ရောဆိုပြီးတော့ အဲဒီပုဂ္ဂိုလ်က တော်တော်တိုးတက်တယ်၊ တရားအားထုတ်တဲ့အခါ စိတ်ကလေး ခပ်ဆတ်ဆတ်ကလေး အားထုတ်မှ–

အာရဒ္ဓ ဝီရိယသ၊ အယံ ဓမ္မော–ဤတရားသည်၊ အာရဒ္ဓ ဝီရိယသ–ပြင်းပြင်းထန်ထန် အားထုတ်သော ပုဂ္ဂိုလ်၏၊ ဓမ္မော–တရားပဲ၊ ပျင်းရိနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ တရားမဟုတ်ဘူးတဲ့၊ လိုနည်းရောင့်ရဲ ဖော်ဆိတ်စဲ အားခဲမမှေ့သူတဲ့၊ သတိမမေ့တဲ့ သူ၏ တရားပဲတဲ့။

ဥပဋ္ဌိတသတိသ ဥပဋ္ဌိတသာယံ ဓမ္မော နယံ ဓမ္မော မုဋ္ဌသတိ စ။

သတိမေ့တဲ့ပုဂ္ဂိုလ် အမှတ်မရှိတဲ့ပုဂ္ဂိုလ်ရဲ့ တရားမဟုတ်ဘူးတဲ့၊ သတိမမေ့ဘဲနဲ့ အချက်တိုင်း အချက်တိုင်းကို မှတ်ရပြီးတော့ သွားနေတဲ့ ပုဂ္ဂိုလ်မှ ရနိုင်တဲ့တရားပဲတဲ့၊ စဉ်းစားတာကို ဘယ်နှစ်ခုရှိတုန်းဆို–အလိုနည်းသောပုဂ္ဂိုလ် ရောင့်ရဲတယ်၊ ရောင့်ရဲသောပုဂ္ဂိုလ် ဖော်ဆိတ်စဲ အဖော်ဆိတ်ပြီးတော့ တစ်ကိုယ်တည်း ကိုယ်ကလဲ တစ်ကိုယ်တည်း သူများနဲ့ မရောဘဲနဲ့ပေါ့၊ သူများနဲ့ ရောနေတောင်မှ စိတ်က သူများနဲ့မရောဘဲ ကိုယ့်တရားသေးနဲ့ကိုယ် နှလုံးသွင်းနေတာ အဲဒီလိုဟာ ခေါ်တယ်၊ကာယဝိဝေက စိတ္တဝိဝေက ခေါ်တယ်၊ အဲဒါ အားထုတ်နေလျှင် ဥပဓိဝိဝေကခေါ်တဲ့ နိဗ္ဗာန်တွေ့သွားတာပဲ။

ဖော်ဆိတ်စဲ အားခဲအားထုတ်တဲ့လူ ပြင်းပြင်းထန်ထန် မမှေ့သူ၊ ငါးယောက်ရှိပြီ၊ အဲ–ငါးယောက် နောက်တစ်ခါ သမာဓိရယ်၊ ပညာရယ်၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်မှ ရနိုင်တဲ့တရားပဲ၊ စိတ်တည်ကြည်မှ ပညာဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှ ရနိုင်တဲ့တရား ပညာမဲ့ပုဂ္ဂိုလ်မရနိုင်ဘူး၊ ဒါက နှစ်ခု အဲဒါ အရှင်အနုရုဒ္ဓါ စဉ်းစားတာ ဒီလောက်ပါပဲ၊ အဲဒီ ၇–ခုကို စဉ်းစားတော့ အဲဒီလို စဉ်းစားနေရင်း မြတ်စွာဘုရားက ကြွသွား၊ ကြွသွားပြီးတော့ မေးမြန်းတဲ့အခါကာလကျတော့ သူက လျှောက်တယ်။

ဒီလို–ဒီလိုပါဘုရား၊ ဒီမှာ တရားအားထုတ်ရင်း ဒီလိုဖြစ်လာတယ်၊ ဒီလို–ဒီလို စိတ်ကူးတွေပေါက်လာပါတယ် ဘုရား၊ စိတ်ကူး ၇–ခုလျှောက်တော့မှ မြတ်စွာဘုရားက သာဓု–ကောင်းတယ်တဲ့၊ မဟာပုရိသဝိတက်ခေါ်တယ်၊ ယောကျ်ားကောင်း ပုဂ္ဂိုလ်မြတ်တွေ စဉ်းစားကြံစည်တဲ့ ဝိတက်ပဲတဲ့၊ ဝိတက်ကောင်းပဲ၊ အဖိုးတန်တဲ့ ဝိတက်ပဲတဲ့၊ ဒါပေမယ့် နောက်တစ်ခုတော့ လိုသေးတယ်၊ ငါတစ်ခု ထည့်ပေးမယ်တဲ့၊ မြတ်စွာဘုရား နောက်တစ်ခု ထည့်ပေးတယ်။

နိပ္ပပ္ဍာရ မသာယံ ဓမ္မော နာယံ ဓမ္မော ပပ္ဍာရမသ။

အယံ ဓမ္မော–ဤလောကုတ္တရာ တရားသည်၊ နိပ္ပပ္ဍာရမသ–အကျယ်မကြိုက် အကျဉ်းလိုက်သော ပုဂ္ဂိုလ်၏၊ ဓမ္မော–တရားတည်း၊ ပပ္ဍာရမသ–အကျဉ်းမကြိုက် အကျယ်လိုက်သော ပုဂ္ဂိုလ်၏၊ နဓမ္မော–တရား မဟုတ်ပါတကား။

အဲဒီလိုစဉ်းစားရမယ်၊ အကျယ်ကြိုက်တဲ့ပုဂ္ဂိုလ် မရနိုင်ဘူး၊ အကျယ်ပွားနေတဲ့ပုဂ္ဂိုလ် တဏှာနဲ့ သာယာတောင့်တမှုတွေနဲ့ ဟိုဟာလဲ အလိုရှိ၊ ဒီဟာလဲအလိုရှိ အလိုဖြစ်ချင်တယ်၊ ဒီလိုလဲဖြစ်ချင်တယ်၊ တဏှာနောက် လိုက်ပြီး ချဲ့ချဲ့သွားတာပဲ၊ တဏှာဆိုတာ လမ်းမှမဆုံးဘဲ၊ ဒီလိုတစ်ခုဖြစ်လျှင် ဟိုလိုနှစ်ခုလိုချင်တာ၊ တချို့က ၃–ခု၊ ၄–ခု၊ ၅–ခု စသည်ဖြင့် နေရာတကာမှာပဲ သူက ကျယ်တယ်၊ တဏှာက ဘဝတွေလဲချဲ့၊ သံသရာတွေလဲ ချဲ့ချဲ့နေတာဘဲ။

ဒါပြောလို့ရှိလျှင် မပြီးဘူး၊ အချိန်လဲ တော်တော် ကြာသွားပြီ၊ အကျဉ်းချုပ်ပဲ ပြောရတော့မှာပဲ၊ သူ့ဟာ ကောင်းတော့ အင်မတန်ကောင်းတဲ့ဥစ္စာ၊ ဒိဋ္ဌိနဲ့လဲ ချဲ့တာပဲ၊ ဝါဒဖြန့်ပြီးသကာလ သိပ်ချဲ့တယ်၊ ဒိဋ္ဌိအယူရှိတဲ့ပုဂ္ဂိုလ်တွေက သူတို့ဝါဒသိပ်ချဲ့တယ်၊ သာသနာပြုတယ်၊ မာနတဲ့၊ မာနကလဲ တချို့ပုဂ္ဂိုလ်တို့က ကိုယ့်ကိုကိုယ်တော့ အထင်ကြီးပြီး သူက တယ်ပြီးတော့ နေရာတကာမှာ တွင်ကျယ်ချင်တာကိုး။

သူကလဲပဲ အဲ–တဏှာ မာန ဒိဋ္ဌိနဲ့ အကျယ်ချဲ့ပွားနေတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဒီတရားနဲ့ လားလားမှ မထိုက်တန်ဘူး၊တဏှာ, မာန, ဒိဋ္ဌိတွေ ပယ်ပြီးတော့ တဏှာနဲ့ သာယာမှုတွေကို အကုန်လုံးပယ်ချဖို့ မာနနဲ့အထင်ကြီးမှုတွေ ပယ်ချလို့ မာနအထင်ကြီးမှုတက်ကြွမှုတွေကို ပယ်ချလို့ မာနထောင်လွှားမှုတွေ ပယ်ချလို့ ဒိဋ္ဌိနဲ့ကိုယ့်အယူ ကိုယ့်အစွဲလေးတွေကို ပယ်ချလို့ တရားသဘောလေးသက်သက် နှလုံးသွင်းတော့မှ ရနိုင်တာပဲ။

နိပ္ပပ္ဍာ ရာမသ (လ) ပပ္ဍာရာမသ။

အယံဓမ္မော–ဤလောကုတ္တရာတရားသည်၊ နိပ္ပပ္ဍ ရာမသ–အကျယ်မကြိုက် အကျဉ်းလိုက်သောပုဂ္ဂိုလ်၏၊ ဓမ္မော–တရား၊ ပပ္ဍာ ရာမသ–အကျဉ်းမလိုက် အကျယ်ကြိုက်သော ပုဂ္ဂိုလ်၏၊ နဓမ္မော–တရား မဟုတ်ပါတကား။ အဲ–ဒါလေးလဲ တစ်ခုထည့်ပြီး စဉ်းစားရမယ်တဲ့၊ မြတ်စွာဘုရားကပေးတယ်၊ အားလုံး ၃–ခုနော်၊ အဲဒီ ၃–ခုလဲ ဆိုရမယ်။

စိတ်တည်ဉာဏ်များ ကျယ်မပွား တရားရထိုက်သူ၊ (ဆို–၃)

အဲဒါ မဟာပုရိသဝိတက် (၈) ပါးတဲ့၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ သိပ်အဖိုးတန်ပါတယ်၊ အဲဒီ မဟာပုရိသဝိတက် ရှစ်ပါး ဒီတိုင်း နှလုံးသွင်းပြီးသကာလ အားထုတ်ပါ၊ အားထုတ်လို့ရှိရင် အကျိုးတွေတော့ အများကြီးပါ၊ မြတ်စွာဘုရား ဟောထားပါတယ်၊ အဲဒီတိုင်း အားထုတ်တော့ မကြာမီမှာပဲ ရဟန္တာဖြစ်သွားပါတယ်၊ အရှင်အနုရုဒ္ဓါ ဒီတော့ ခုကာလ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ တရားမတက်ပေမယ့် ဘာမှ အားငယ်စရာမရှိဘူး။

မြတ်စွာဘုရားသခင်လက်ထက်က ဘုရားလက်ထက်၊ ဘုရားကိုယ်တိုင်ပဲ ကမ္မဋ္ဌာန်းတွေ ကိုယ်တိုင်ပြပြီးနေတာကိုး၊ သာမာန်ပုဂ္ဂိုလ် ပြတာမဟုတ်ဘူး၊ ဘုရားကိုယ်တိုင်ပဲ ပြနေတာ၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ ဘုရားကို အမှီပြုပြီးအားထုတ်နေတာ၊ အားထုတ်တဲ့ပုဂ္ဂိုလ်လဲ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ ဒိဗ္ဗစက္ခုအရာမှာ ဧတဒဂ်ရ ရှေးက ပါရမီဆုတောင်းနဲ့ လာတဲ့ ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်ကြီးတောင်မှ တရားအားထုတ်တဲ့အခါ ဒီလို အနှောက်အယှက်တွေကြောင့် ရုတ်တရက် တရားမတက်ဘဲနေသေးတာပဲ၊ ဒါ ဘယ်လောက် ကြာမှန်းမသိဘူး၊ ဟိုအစပိုင်းကရောဆို ဘယ်လောက်ကြာမှန်းမသိဘူး၊ အချိန်ကာလမပါဘူး။

ခုနက စာထဲတိုက်ရိုက်ပါတာတွေ ၁၅–ရက် စက်ြ်ကျော်ပြီး အားထုတ်တယ်ဆိုတာဟာ ရှေးကလဲ ဘယ်လောက် အားထုတ်လာမှန်း မသိဘူး၊ အဲဒီက နောက်ကို အခုမဟာပုရိသဝိတက်ရှစ်ပါးကို မြတ်စွာဘုရားအားပေးပြီး၊ ဟောလိုက်တော့မှ နောက်များမကြာခင် ရဟန္တာဖြစ်သွားတယ်၊ အဲဒါလဲ ရက်မပါဘူး ဘယ်နှစ်နာရီရှိတယ်၊ ဘယ်နှစ်ရက်ရှိတယ်၊ အဲဒါလဲ အပိုင်းအခြားမရှိဘူး၊ အဲဒါ ဘယ်လောက်ကြာမှန်းမသိဘူး။

အဲဒီတော့ အဲဒါတွေ စဉ်းစားကြည့်လို့ရှိရင် ဒီတရားအားထုတ်ရတဲ့ပုဂ္ဂိုလ်တွေ တရားမတက်လို့ဘဲ၊ တရားမတက်တဲ့ အခါလဲ ဘာမှစိတ်ပျက်စရာမရှိဘူး၊ ရှေ့ကကိုယ်တော်တွေ ဒီလိုပဲအားထုတ်ရတာပဲ၊ ရှေးကပုဂ္ဂိုလ်တွေ အားထုတ်တဲ့ပုဂ္ဂိုလ်တွေ အားထုတ်နေတဲ့ အခြေအနေမျိုးတွေ တို့ရောက်တော့မှာပဲလို့ နှလုံးသွင်းလိုက်တဲ့အခါမှာ တရားတက်စရာတွေ အများကြီးရှိပါတယ်၊ ပီတိပါမောဇ္ဇတွေ ဖြစ်လာနိုင်ပါတယ်။

ရှေးက တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ, ရဟန္တာပုဂ္ဂိုလ်တွေ, ဘုရားရဟန္တာပုဂ္ဂိုလ်တွေလို အခုအားထုတ်တဲ့ အကျင့်ပဋိပတ်ဖြင့် ပူဇော်နေရတာပဲ၊ ဟိုပုဂ္ဂိုလ်တွေ သွားတဲ့လမ်း သွားနေရတာပဲလို့ နှလုံးသွင်းရင် ဝမ်းသာစရာ အားတက်စရာတွေ အများကြီးရှိပါတယ်၊ ဒါကြောင့် အဲဒီလို ကြည်ညိုဖွယ်ကောင်းတဲ့ သုတ္တန်တွေကို ဆင်ခြင်ပါတဲ့၊ ပီတိပါမောဇ္ဇ ဖြစ်တတ်ပါတယ်တဲ့၊ ပီတိပါမောဇ္ဇဖြစ်တဲ့အခါ ပီတိပါမောဇ္ဇတွေကို စပြီးတော့ ရှုသွားပေါ့လေ၊ တစ်ခဏခြင်းလဲ မဂ်ဖိုလ်တရားတွေ ရချင်လဲ ရသွားနိုင်တယ် ကိုင်းဆိုရမည်။

ကြည်ညိုဖွယ် ညွှန်ကြား သုတ္တန်များ စဉ်းစားဆင်ခြင်ပါ။
ပီတိပွားရန် ဆယ့်တစ်တန် ထုတ်ပြန်ဌကထာ။

အဲဒီ ၁၁–ပါးသော အကြောင်းတရားတွေဖြင့် ပီတိဖြစ်အောင် အားထုတ်ပါတဲ့၊ အဲသလို အားထုတ်လျှင်ဖြင့် အစဉ်အတိုင်း ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီးတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်တဲ့ အခါကာလကျတော့ ပီတိပွားများမှုကိစ္စ လမ်းဆုံး ပြည့်စုံသွားပါတယ်တဲ့၊ အဲဒီအခါကျတော့ ကိုယ်တိုင် သိရမှာပေါ့။

ယထာစ ဥပ္ပန္နသ ပီတိသမ္ဘောဇ္ဈင်္ဂသ ဘာဝနာယ ပါရိပူရိ ဟောတိ တဋ္ဌ ပဇာနာ
တိ။

ယထာစ–အကြင်အကြောင်းကြောင့်လဲ၊ ဥပ္ပန္နသ–ဖြစ်ပေါ်ပြီးသော၊ ပီတိသမ္ဘောဇ္ဈင်္ဂသ–နှစ်သိမ့်အားရမှု ဝမ်းမြောက်ဝမ်းသာမှု ပီတိသမ္ဘောဇ္ဈင်တရား၏၊ ဘာဝနာယ ပါရိပူရိ–ပွားများမှု၏ ပြည့်စုံခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဋ္ဌ–ထိ အကြောင်းကိုလည်း၊ ပဇာနာတိ–သိ၏။

အဲ–ပီတိပါမောဇ္ဇ ပွားများမှု ပီတိသမ္ဘောဇ္ဈင် ပွားများမှုဟာ ပြည့်စုံသွားတဲ့အဆင့်ရှိပါတယ်တဲ့ အဲဒီပြည့်စုံတာ ဘာကြောင့်တုံးဆိုရင် အရဟတ္တမဂ်ရောက်တဲ့အခါမှာ ပြည့်စုံသွားတာပဲ၊ အဲဒါရောက်ပြီးတော့မှ သြော်–လမ်းဆုံးပါလား, ပြည့်စုံပါလားလို့ ကိုယ်တိုင်သိသွားပါ လိမ့်မယ်တဲ့၊ ဒါပီတိသမ္ဘောဇ္ဈင် စုံပါပြီ။

နောက်တစ်ခါ ပဿဒ္ဓိ–အစဉ်အတိုင်း ရောက်ရာရာတွေ လျှောက်ပြီးတော့ ဟောရမှာပဲ၊ ဒီနေ့တော့ ပီတိသမ္ဘောဇ္ဈင် အပြီးသတ်မှပဲ၊ ဤပီတိသမ္ဘောဇ္ဈင်တရားကို ရိုသေစွာ နာခံမှတ်သားရသော ဓမ္မဝသနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် မိမိတို့ သန္တာန်၌ ဗောဇ္ဈင်တရားတို့ကို ပြည့်စုံအောင် ပွားများ အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ် အဆင့်ဆင့် အစဉ်အတိုင်း တိုးတက်ကြ၍ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို မိမိတို့ လိုလားအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင် ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု။

ပဿဒ္ဓိသမ္ဗောဇ္ဈင် တရားတော်

၁၃၂၃–ခု၊ ဝါခေါင်လကွယ်နေ့ဟောသည်။

ဓမ္မာနုပဿနာ ငါးပိုင်းထဲမှာ ဗောဇ္ဈင်ပိုင်းက ဟောလာတာ သတိသမ္ဗောဇ္ဈင် ပြီးသွားပြီ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ပြီးသွားပါပြီ၊ ဝီရိယသဗ္ဗောဇ္ဈင်ပြီးသွားပြီ၊ ပီတိသမ္ဗောဇ္ဈင် တစ်နေ့က သီတင်းနေ့ အပြီးသတ်လိုက်ပြီ၊ မ္ဗောဇ္ဈင်လေးခု ပြီးသွားပြီ၊ ၃–ခု ကျန်တော့တယ်၊ နောက် ၃–ခုကတော့ ပြီးလွယ်မယ်၊ မ္ဗောဇ္ဈင်တွေများပါတယ်၊ ဘာပြုလို့တုံးဆိုတော့ တစ်ချို့ဟာတွေလဲ အဓိပ္ပာယ်တွေ နည်းနည်းထပ်နေတယ်၊ ယနေ့ဟောရမည့် ဗောဇ္ဈင်ကတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်တဲ့။

> သန္တံ ဝါ အဗ္ဘန္တရံ ပဿဒ္ဓိသမ္ဗောဇ္झံ အတ္ထိမေ အဗ္ဘန္တရံ ပဿဒ္ဓိသမ္ဗောဇ္ဈဂေါ်တိ ပဇာနာတိ။ အသန္တံ ဝါ အဗ္ဘန္တရံ ပဿဒ္ဓိသမ္ဗောဇ္ झံ နတ္ထိ မေ အဗ္ဘန္တရံ ပဿဒ္ဓိသမ္ဗောဇ္ဈဂေါ်တိ ပဇာနာတိ။
>
> ယထာ စ အနုပ္ပန္နသ ပဿဒ္ဓိသမ္ဗောဇ္ဈဂ်သ ဥပ္ပာဒေါ ဟောတိ တဉ္စ ပဇာနာတိ ယထာ စ ဥပ္ပန္နသ ပဿဒ္ဓိသမ္ဗောဇ္ဈဂ်သံ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။

အဗ္ဘန္တံ–ကိုယ်တွင်းသန္တာန်၌၊ ထင်ရှားရှိသော၊ ပဿဒ္ဓိသမ္ဗော်ံ ဝါ–ငြိမ်းအေးခြင်းဟု ဆိုအပ်သော ပဿဒ္ဓိသမ္ဗောဇ္ဈင် တရားကိုလည်း၊ မေ–ငါ၏၊ အဗ္ဘန္တံ–ကိုယ်တွင်း သန္တာန်၌၊ ပဿဒ္ဓိသမ္ဗောဇ္ဈဂေါ် ပဿဒ္ဓိသမ္ဗောဇ္ဈင်သည်၊ ဝါ–ငြိမ်းအေးသော ဗောဇ္ဈင်တရားသည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏။

ပဿဒ္ဓိဆိုတာ တိုတိုအနက်ပြန်လျှင် ပြီးခြင်း၊ ငြိမ်းခြင်းကို ဂုဏ်မြောက်အောင်လို့ အေးခြင်းလို့ထပ်ထည့် ထားတယ်။ ငြိမ်းတာပါပဲ၊ ငြိမ်းအေးခြင်းဟာ ပဿဒ္ဓိ၊ အဲဒီငြိမ်းအေးခြင်းကိုပဲ ဗောဇ္ဈင်တရားပဲ၊ ငြိမ်းအေးခြင်းရှိမှ ကိုယ်၏ ငြိမ်းအေးမှု၊ စိတ်၏ငြိမ်းအေးမှုရှိမယ်၊ ငြိမ်းအေးမှုရှိမှလည်း သစ္စာလေးပါးတရားတွေ အမှန်အတိုင်းသိနိုင်တယ်၊ ငြိမ်းအေးမှု မရှိလို့ရှိလျှင် သစ္စာလေးပါးတရားတွေ အမှန်အတိုင်းမသိနိုင်ဘူး၊ ဒါကြောင့် ငြိမ်းအေးခြင်းတရားဟာလဲ ဗောဇ္ဈင်တရားပဲ၊ အဲဒီငြိမ်းအေးတဲ့ ဗောဇ္ဈင်တရားဟာလဲ ဘယ်က စဖြစ်တုံးဆိုတာ တစ်နေ့ကဟောခဲ့တဲ့ အတိုင်းပါပဲ၊ ဥဒယဗ္ဗယဉာဏ်က စဖြစ်တယ်၊ ပီတိကမှ လောဘနဲ့စပ်ပြီးဖြစ်တဲ့ ပီတိတွေရှိတယ်၊ ပဿဒ္ဓိကတော့ အဲဒီလို လောဘနဲ့စပ်ပြီးဖြစ်တဲ့ ပဿဒ္ဓိမရှိဘူး၊ ပီတိကတော့ လောဘစိတ်ထဲမှာ သောမနဿ–သဟဂုတ်ဆိုတဲ့ ဝမ်းမြောက် ဝမ်းသာတဲ့ စိတ်တော့ ရှိတယ်။

အဲဒီစိတ်တွေနဲ့ ပူးတွဲပြီးတော့ နှစ်သိမ့်အားရမှု ဝမ်းမြောက်မှုတွေ ဖြစ်တာကိုး၊ ကိုယ်လိုချင်တဲ့ ဥစ္စာတွေရတယ်၊ ကိုယ်တွေ့ချင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ရတယ်၊ ကိုယ်အလိုရှိတဲ့ ကိစ္စတွေ အောင်မြင်တယ်၊ ဆောင်ရွက်တာတွေ အောင်မြင်တယ်၊ လုပ်ငန်းဆောင်တာတွေ ကြီးပွားတယ် ဆိုရင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတာပေါ့။ အဲဒါ ပီတိတွေပဲ အဲဒါ လောဘနဲ့ယှဉ်တဲ့ ပီတိတွေပဲ၊ ဒါကတော့ ဗောဇ္ဈင်မဟုတ်ဘူး၊ ပဿဒ္ဓိကတော့ အဲဒီလိုဟာကိုမရှိဘူး၊ ပဿဒ္ဓိကလောကနဲ့ တွဲပြီးမဖြစ်ဘူး ဒေါသ ဆိုတာတော့ ပြောစရာမရှိဘူး၊ မောဟနဲ့တွဲပြီးတော့လဲ ပဿဒ္ဓိမဖြစ်ဘူး၊ ပဿဒ္ဓိကဖြစ်ရင် ကုသိုလ်တရားတွေမှဖြစ်တယ်၊ ဝိပါက်ကြိယာ အဗျာကတတရားတွေနဲ့လဲ ယှဉ်ပြီးတော့မဖြစ်ဘူး ဒါကတော့ ဝိပါက်ဆိုက်တာကတော့ သိပ်မထင်ရှားဘူး၊ ကြိယာကတော့လဲ၊ ရဟန္တာပုဂ္ဂိုလ်သန္တာန်မှာ ဖြစ်တယ်၊ ဒါကတော့ အများပုဂ္ဂိုလ်နဲ့မဆိုင်ဘူး၊ အများပုဂ္ဂိုလ်တွေနဲ့ ဆိုင်တာက တော့ ကုသိုလ်တရားတွေပဲ၊ ကုသိုလ်တရားတွေနဲ့ တွဲပြီးတော့ ဖြစ်တယ်။

ကုသိုလ်တရားတွေနဲ့ တွဲပြီးဖြစ်တဲ့ တရားတွေ၊ ပဿဒ္ဓိ၊ ဒီပဿဒ္ဓိဟာလဲ ကုသိုလ်တရားတွေ ဖြစ်လျှင် သူ ပါတာ ချည်းပါပဲ၊ အဲ–မပါတာမရှိဘူး၊ ကုသိုလ်ဖြစ်တိုင်း သူပါတယ်၊ ဘာကုသိုလ်ဖြစ်ဖြစ် သူပါတယ်၊ ဒါနကုသိုလ်တွေပြု သေးသေး ကြီးကြီး ပြုတိုင်းပြုတိုင်း ပဿဒ္ဓိ ပါတယ်၊ ကိုယ်၏ငြိမ်းအေးမှု စိတ်၏ငြိမ်းအေးမှု ပါနေတာပဲ၊ သို့သော်လဲပဲ အခါခပ်သိမ်း မထင်ရှားဘူး၊ ပဿဒ္ဓိက ထင်ရှားခဲတယ်၊ ပီတိက ထင်ရှားတယ်။

ပဿဒ္ဓိက တော်တော်ကို မထင်ရှားတဲ့တရား၊ တော်တော် သိမ်မွေ့နေတယ်၊ နူးညံ့နေတယ်၊ ကိုယ်၏အေးငြိမ်းခြင်းဆို တာကလဲ တရားကိုယ်အစစ်ကောက်လိုက်မယ်ဆိုလျှင် ကိုယ်ဆိုတာ ရုပ်ကိုယ်ကြီးတော့မဟုတ်ဘူး၊ စေတသိက်တရားတွေပဲတဲ့၊ နာမ်တရားအပေါင်းကို ကိုယ်ခေါ်တယ်၊ စိတ်၏ ငြိမ်းအေးခြင်းဆိုတာ စိတ်ငြိမ်းအေးတာ၊ စိတ်ငြိမ်းအေးတော့ စိတ်နဲ့ တွဲဖြစ်တဲ့ စေတသိက် နာမ်တရားတွေဆိုတာ ရှိတယ်။

သဒ္ဓါ သတိ ဟီရိ ဩတ္တပ္ပ ဖဿဝေဒနာ အစရှိသောတရားတွေပေါ့၊ အဲဒီ သူနဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ စေတသိက် နာမ်တရားတွေ၊ အဲဒီစေတသိက် နာမ်တရားတွေ ငြိမ်းအေးချင်တဲ့ ကြောင့်ကြဗျာပါရဲ့ လှုပ်ရှားနေခြင်းမရှိဘဲနဲ့ ငြိမ်းပြီး ငြိမ်သက်နေတဲ့ သဘောလေးကို ပဿဒ္ဓိ ခေါ်တာပဲ။

ဒါနကုသိုလ်ပြုတဲ့ အခါကာလတွေမှာ ပဿဒ္ဓိပါတာပဲ၊ သီလဆောက်တည်တဲ့အခါလဲ ပါတာပဲ၊ ဘုရားရှိခိုးတဲ့အခါလဲ ပါတာပဲ၊ စာပေ ကျမ်းဂန်ရွတ်ဖတ်သရဇ္ဈာယ်တဲ့အခါ ပဿဒ္ဓိပါတာပဲ၊ ငြိမ်းအေးတဲ့သဘောက ပါတယ်၊ ဘာကုသိုလ်ပဲဖြစ်ဖြစ် ကုသိုလ်ဖြစ်တိုင်းဖြစ်တိုင်း သူပါတယ်။

သတ္တဝါတစ်ဦးတစ်ယောက်အပေါ်မှာ သနားတဲ့စိတ်ကလေးဖြစ်ရင် အဲဒီမှာလဲ ပဿဒ္ဓိပါတာပဲ၊ ချမ်းသာပါစေလို့ နှလုံးသွင်းတဲ့စိတ်မျိုး ပေါ်လာရင်လဲ အဲဒီမှာလဲ ပဿဒ္ဓိပါတာပဲ၊ ကုသိုလ်စိတ်ဖြစ်တိုင်းဖြစ်တိုင်း ပဿဒ္ဓိကပါတယ်၊ ဒါပေမယ့်လို့ ဒီပဿဒ္ဓိက မထင်ရှားဘူး၊ ထင်ရှားခဲတယ်၊ ဘာဝနာကို ကျကျနန အားမထုတ်ဘူးဆိုလျှင် ပဿဒ္ဓိဆိုတာ ဘယ်လို ဖြစ်တယ်ဆိုတာ ကိုယ်တိုင်တွေ့အားဖြင့် သိကိုမသိရဘူး။

ပြောလို့သာပြောနေရ၊ ဒီပဿဒ္ဓိက တော်တော့ကို မထင်ရှားတဲ့တရား၊ တော်တော် သိမ်မွေ့တဲ့တရား၊ ဘာဝနာတရား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှ ထက်ရှားတာကိုး၊ ထင်ရှားပြန်တော့လဲ ဝိပဿနာမှာဆိုရင် ဥဒယဗ္ဗယဉာဏ်က စထင်ရှားတယ်၊ သမထဆိုရင် ပဋ္ဌာဘာဂနိမိတ်ဖြစ်ရင် ထင်ရှားပါတယ်၊ သမထမှာလဲ ပဋ္ဌာဘာဂနိမိတ်တွေထင်လာတော့ ကြောင့်ကျ ဗျာပါရတွေ ငြိမ်းအေးပြီး သက်သာမှုရပြီး အဲဒီကစပြီး ထင်ရှားတယ်၊ ဝိပဿနာမှာတော့ ဥဒယဗ္ဗယဉာဏ်ကစပြီးတော့ ထင်ရှားတယ်။

ပထမ စောစောပိုင်းကဆိုရင် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က မငြိမ်းအေးဘူး၊ အင်မတန် ကြောင့်ကျစိုက်ရတယ်၊ စပြီး အားထုတ်ကာစကများ ဘာမသိညာမသိနဲ့ တော်တော်ကြောင့်ကျစိုက်ရတယ်၊ အချိုးအစား မတည့်နိုင်တဲ့ ပုဂ္ဂိုလ်တွေများဆိုရင် တော်တော့ကို ကြောင့်ကျစိုက်ရတယ်၊ ပူပန်ပင်ပန်းမှုတွေဖြစ်နေတယ်၊ သို့သော် လောဘ ဒေါသ ပင်ပန်းတာမျိုးတော့ မဟုတ်ဘူး၊ ဝီရိယတွေနဲ့လွန်ပြီးတော့ ဝီရိယတွေနဲ့ တိုက်တွန်းပြီးတော့ ကြောင့်ကျဗျာပါရတွေများတော့ ပင်ပန်းမှုတွေများပြီးတော့ မသက်သာဘူး။

အားထုတ်ကာစမှာ မသက်သာဘူး၊ မသက်သာတာမှ ဘယ်လောက်ထိအောင် မသက်သာလဲဆိုရင် တစ်ချို့ပုဂ္ဂိုလ်များ ကိုယ်ထဲက အခိုးတွေ ထောင်းထောင်းထွက်သလို ဖူတတ်တယ်၊ ချွေးတွေလဲ ကျတတ်တယ်၊ ခေါင်းကလဲ အခိုးတွေ ထွက်နေတယ်လို့ ထင်ရတတ်တယ်၊ တစ်ကိုယ်လုံး တစ်ခါတည်း မနေသာ မထိုင်သာ ပူလောင်ပြီးလဲ နေတတ်ပါတယ်၊ ဝိပဿနာ အားထုတ်တဲ့ပုဂ္ဂိုလ် ဒါက အဌကထာက ပြောတာ၊ ဘုန်းကြီးက ပြောတာ မဟုတ်ပါဘူး။

အဌကထာ ရေးတာက အရှင်ဗုဒ္ဓဃောသ ရေးတာကိုက သာသနာနှစ် ၉၀၀–ကျော်လောက်က ရေးခဲ့တာကိုး၊ ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် ၉၀၀ လောက် အနှစ်တစ်ထောင်အတွင်းလောက်က ရေးခဲ့တာ၊ အဲဒီ အဌကထာ မရေးခင်ကတည်းက ဘယ်လောက်စပြီး ရေးထားမှန်း မသိဘူး၊ သူကလဲ တစ်ဆင့်ကူးရေးတာ၊ သူကိုယ်တိုင် သူ့ဉာဏ်နဲ့ရေးတာ မဟုတ်ပါဘူး၊ ရှေးက သီဟိုဠ်ဆရာတွေရေးတာ ဖြစ်ချင်လဲဖြစ်မှာပေါ့။

အဲ–အစောဆုံးဆိုလို့ရှိရင်တော့ ရှင်မဟာကဿပအစရှိသော သင်္ဂါယနာတင်မထေရ်မြတ်တွေ လက်ထက်ကတည်းက ရှိတယ်ဆိုတဲ့ အစဉ်အလာတော့ ပြောဆိုနေကြတာပဲ၊ ဘုရားလက်ထက်ကတည်းက ရှိတယ်ဆိုတဲ့အဓိပ္ပာယ်ရောက်နေပါတယ်၊ ဒါပေမယ့် အဲဒီတုန်းက မဟုတ်တောင်မှ သီဟိုဠ်ဆရာတွေ လက်ထက်က ရှင်ဗုဒ္ဓဃောသထက်ရှေးကျ၍ ပုဂ္ဂိုလ်တွေ အဲဒီထဲက ရေးထားတာ၊ တရားအားထုတ်ကာစပုဂ္ဂိုလ်မှာ သမာဓိကလဲ နုသေးတယ်ဆိုရင်တဲ့ ဝိပဿနာဉာဏ်ကလဲ နုသေးတယ်ဆိုရင် ကိုယ်ပင်ပန်း, စိတ်ပင်ပန်းတွေ ဖြစ်တတ်တယ်တဲ့၊ လူတစ်ကိုယ်လုံး ပူလောင်နေသလို ထင်လဲထင်တတ်တယ်တဲ့၊ ချွေးတွေလဲ ကျတတ်တယ်တဲ့၊ ခေါင်းထဲကလဲ အခိုးအငွေ့တွေ ထောင်းထောင်းထွက်နေတယ်လို့ ထင်ရတတ်တယ်တဲ့၊ မနေသာ မထိုင်သာ ဖြစ်တတ်တယ်တဲ့၊ အင်မတန် ပင်ပန်းတတ်တယ်တဲ့။

ဘာလုပ်ရမလဲဆိုရင် ပင်ပန်းလာရင် ကိုယ်ရှေးက လေ့လာထားတဲ့ သမထစျာန်ရှိတဲ့ပုဂ္ဂိုလ် ဖြစ်ခဲ့လို့ရှိရင်တော့ အဲဒီစျာန်တရားလေး နှလုံးသွင်းလိုက်ရမယ်၊ သမထအာရုံလေး ပြန်နှလုံးသွင်းလိုက်တဲ့ ဝိပဿနာ ပင်ပန်းနေရင် သမထ ပြန်နှလုံးသွင်း၊ သမထ ပြန်နှလုံးသွင်းတော့ ရှေးကလေ့လာထားပြီး ကြေပြီးသားတရားတွေဆို အဲဒီတော့ သက်သာခွင့်ရတာပေါ့၊ အဲဒီမှာ စိတ်ရောကိုယ်ရော အေးချမ်းပြီးသွားတယ်တဲ့၊ ငါးမိနစ်ဖြစ်ဖြစ် ၁၀–မိနစ်ဖြစ်ဖြစ် နာရီဝက်ဖြစ်ဖြစ် နှလုံးသွင်းလိုက်ရင် အေးချမ်းသွားတာပဲ။

အေးချမ်းသွားပြီး နေသာထိုင်သာရှိနေပြီဆိုတော့ ဘာလုပ်ရမလဲဆို ဝိပဿနာပြန်ရှုပါတဲ့၊ တစ်ခါ ပင်ပန်းလာပြန်ပြီ ဆိုရင် ဒီလိုပဲ စျာန်ပြန်ဝင်စားလိုက်ပါတဲ့၊ စျာန်ရှိတဲ့ ပုဂ္ဂိုလ်ပြောတာပေါ့၊ ဘာနဲ့တူနေတုံးဆိုရင် စာပြန်ရတာနဲ့, ရွတ်ဖတ်

သဒ္ဓာယ်ရတာနဲ့ တူတယ်၊ မကြေသေးတဲ့ စာနဲ့ ကြေပြီးသားစာလို နှစ်မျိုးမကြေသေးတဲ့ စာအသစ်တွေကို ရွတ်ရဖတ်ရတာ မသက်သာဘူး၊ စာအုပ်နဲ့ကြည့်ဖတ်လဲ မသက်သာဘူး ရပြီးသားတရားပဲဆိုပြီးတော့ ပြန်ပြီးတော့ ရွတ်ဖတ်နေရတာပဲ စဉ်းစားပြီးတော့ ရွတ်နေတာကိုး။

နှုတ်လဲ ကောင်းကောင်းမတက်ဘူး စိတ်ကလဲ မှန်းဆပြီး ရွတ်နေရတာကိုး၊ ဘာမှအတိမ်းအစောင်းမခံဘူး၊ အမြဲတမ်း ဂရုစိုက်နေရတာ၊ မသက်သာဘူး၊ ရပြီးသား စာရွတ်ရတာတော့ တယ်သက်သာတယ်၊ ရပြီးသား စာရွတ်တာ ဘာမှ အားမစိုက်ရဘူး ဒီတော့ စာပြန်နေတဲ့ပုဂ္ဂိုလ် ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့ပုဂ္ဂိုလ် အသံမဆိတ်ကလဲ မြည်စေချင်တယ်ဆိုလို့ရှိရင် တစ်ခါ အသစ်တွေ ရွတ်ရတာလဲပင်ပန်းလာပြီး တစ်ခါဘယ့်နဲ့လုပ်ရမတုံးဆိုတော့ ရပြီးသားစာ အောက်မေ့ရွတ်ပေါ့၊ သက်သာတာပေါ့၊ ဘာမှကြောင့်ကြမစိုက်ရဘူး၊ ဥပမာ ဆိုပါတော့ မင်္ဂလသုတ်တို့လို, ပရိတ်ကြီးတို့လို ဒီလိုစာတွေရှိတယ်၊ ကြေနေတာကိုး၊ အဲဒီစာတွေကတော့ ဘာမှမစဉ်းစားရဘဲ သူနှုတ်တက်နေတဲ့အတိုင်း သူ့ဟာသူသွားတာပဲ၊ အခု သြကာသတို့ ဘုရားရှိခိုးတွေ များရနေကြတယ်၊ အဲဒါ သူ့ဟာသူ သွားနေတာပဲ၊ စက်ဖွင့်ထားတာလို သွားနေတာပဲ၊ ဘာမှကြောင့်ကြမစိုက်ရဘူး သက်သာတယ်။

အဲဒီလို သက်သာလို့ နေသာထိုင်သာရှိတဲ့အခါကျတော့ တစ်ခါ စာအသစ်ကလေး ပြန်ချင်လို့ရှိလျှင် ပြန်လိုက်တာပေါ့၊ ရသွားတော့ နည်းနည်း တော်တာပေါ့၊ အဲဒါလိုပဲ အခု ဝိပဿနာရှုလို့ ပင်ပန်းရင်ဖြင့် သမထအာရုံကို ပြန်နှလုံးသွင်းသက်သာခွင့်ရတဲ့အခါ ဝိပဿနာပြန်ရှု၊ နောက်တစ်ခါ ဝိပဿနာရှုလို့ ပင်ပန်းလာလျှင် သမထအာရုံ ပြန်နှလုံးသွင်း သက်သာလို့ရှိလျှင်ဝိပဿနာပြန်ရှု၊ ဒီလိုအစဉ်အတိုင်း အားထုတ်ရတယ်၊ အားထုတ်လို့ ဝိပဿနာသမာဓိဉာဏ် ရင့်လာတဲ့အခါ ပင်ပန်းခြင်း မရှိပါဘူးတဲ့၊ ဒီကျတော့မှ မပင်ပန်းတော့ဘူး၊ သက်သက်သာသာလေးနဲ့ သွားတယ်။

အဲဒါ ဥဒယဗ္ဗယဉာဏ် ရောက်လာတဲ့အခါ သက်သာတာပဲ၊ ယခု ဝိပဿနာသက်သက် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ သမထ လမ်းကလဲ စောစောက အားထုတ်တာ မဟုတ်ဘဲဟာကိုး၊ တစ်ချို့ နည်းနည်းပါးပါး အားထုတ်ကြပါတယ်၊ ဒါကလဲ ဖြစ်ဖြစ်မြောက်မြောက် မဟုတ်တော့ဘူး၊ ဈာန်ဝင်စားလောက်အောင်လဲ သူက ခိုင်ခိုင်မြဲမြဲမရှိဘူး၊ သမာဓိကောင်းကောင်းဖြစ်တာ မဟုတ်တော့ ဈာန်ဝင်စားလို့ မဖြစ်ပေဘူး။

ဒါက အဲဒီတော့ ယခုပုဂ္ဂိုလ်တွေတော့ ဘယ်နဲ့လုပ်မလဲဆိုရင် ယခုတော့ သက်သာတဲ့နည်းက ဒီလိုလုပ်ရတယ်၊ ရှုနေကျမှတ်နေကျအာရုံ လေ့လာထားတာရှိရတယ်၊ ဘုန်းကြီးများဆီမှာတော့ ဗိုက်ကလှုပ်ရှားတာလေးကို အစဉ်လုပ်ထားရတယ်၊ ဒါအားထုတ်ခါစ ပုဂ္ဂိုလ်တွေ မမှတ်တတ်ဘူး၊ နှလုံးမသွင်းတတ်ဘူး၊ ရှုစရာ မှတ်စရာအာရုံ ဘာရှုရမလဲ၊ ဘယ်ဟာ ရှုရမလဲလို့ ရှာမနေရတော့ဘူး၊ မမှတ်တတ်ဘူးလို့လဲ မရှိတော့ဘူး၊ ဒါပဲရှုရမယ်ဆိုတော့ ဒါပဲရှုရတာ လွယ်တယ်ပေါ့။ ဒါ လွယ်လွယ်လေး အစက ပေးထားတယ်။

အဲဒါလေး လေ့လာပြီးနေ ဖောင်းစကနေ ဖောင်းဆုံးတိုင်အောင် ဘာမှ မခက်ဘူး၊ သူက ဗိုက်က ဖောင်းတာ ပိန်တာ ကလေး ဗိုက်ထဲကနေပြီး ဖောင်းလက်လာလိုက်၊ ဖောင်းဆုံးတိုင်အောင် နှလုံးသွင်းပြီးတော့ ပိန်စကနေ ပိန်ဆုံးတိုင်အောင် ပိန်တာလေး နှလုံးသွင်းတာကိုး၊ အလွယ်လေးပဲ၊ ဖောင်းတယ်–ပိန်တယ် ဒါလေး မှတ်နေရတယ်။

မှတ်တယ်ဆိုတာ မျက်စိက ဝေါဟာရပဲ၊ မျက်စိက ကြည့်နေတဲ့ ဝေါဟာရကို စိတ်မှာအသုံးပြုထားတယ်၊ နှလုံးသွင်းတာကို ရှုတယ်လို့ ပါဠိဝေါဟာရနဲ့ ပဿတိ–ရှုတယ်လို့, ဝိပဿတိ ရှုတယ်လို့ သမနုပဿတိရှုတယ်၊ ဒါတွေသုံးထားတယ်၊ အဲဒါ မှတ်တယ်ဆိုတာကတော့ သလ္လက္ခတိ၊ ဒါကလဲ ပါဠိယူသုံးထားတယ်။

အဲ ရှုတယ်၊ မှတ်တယ်၊ တစ်ခါ မနသိကရောတိ–နှလုံးသွင်းတယ်တဲ့၊ သူကလဲ အတူတူပဲ၊ ရှုတာပါပဲ၊ ဒါဝေါဟာရတွေ ဒါက ဆိုလိုတဲ့ ပုဂ္ဂိုလ်ရဲ့ ရည်ရွယ်ချက်အတိုင်း သမထမှာလဲ ရှုတယ်ပြောရင်, မှတ်တယ်ပြောရင် နှလုံးသွင်းတယ်ပြောရင် သမထပဲ၊ ဝိပဿနာအနေနဲ့ ရုပ်တရား နာမ်တရားတွေကို ရှုတယ်, မှတ်တယ်, နှလုံးသွင်းတယ်လို့ ပြောလို့ရှိရင်တော့ ဝိပဿနာပဲ။

တစ်ချို့က ဝေါဟာရအမည်ကလေးကို လိုက်ပြီးတော့ စကားလိုက်ပြီး ကပ်နေတာရှိတာကိုး၊ ရှုတယ်ဆိုရင်ဘာ, မှတ်တယ်ဆိုရင်ဘာ, နှလုံးသွင်းတယ်ဆိုရင်ဘာ, ပွားတယ်ဆိုရင်ဘာ စသည်ဖြင့် ပေါ့လေ၊ ဒါက ဝေါဟာရတွေပဲ၊ အေး–ရှုတဲ့အာရုံက အရေးကြီးတယ်၊ ရှုတဲ့အာရုံက ပုံကလေးက အရေးကြီးတယ်၊ ရှုအာရုံက သမထအာရုံကို ရှုတယ်ဆိုဆို, ပွားတယ်ဆိုဆို, နှလုံးသွင်းတယ်ဆိုဆို ဘာဆိုဆို သမထပဲ။

ပထဝီ–ပထပဲလို့ ရှုနေတယ်ပြောပြော, ပထဝီ–ပထဝီလို့ မှတ်နေတယ်ပြောပြော နှလုံးသွင်းနေတယ်ပြောပြော ဆင်ခြင်နေတယ်ပြောပြော ဘာပဲပြောပြော ဒါဟာသမထပဲ၊ သမာဓိဖြစ်အောင် ဒီတစ်အာရုံတည်းနှလုံးသွင်းနေတာကိုး၊ ဒီတစ်အာရုံတည်း ထပ်ကာ ထပ်ကာ နှလုံးသွင်းနေတော့ ဒီတစ်အာရုံထဲမှာ စူးစိုက်ပြီး တည်နေတဲ့စိတ်ကလေးဖြစ်တာပေါ့။

အဲဒီစိတ်ကလေး တည်နေတာကို သမာဓိ ခေါ်တာပဲ၊ ဒါသမထပဲ၊ ဌါရ ၆–ပါးက ဖြစ်ခိုက် ရုပ်နာမ်ကလေးတွေ လိုက်ပြီးရှုတဲ့မျက်စိက မြင်တဲ့အခါမြင်တာရှု၊ နားကကြားတဲ့အခါ ကြားတာရှု၊ နှာခေါင်းကနံတဲ့အခါ နံတာရှု၊ လျှာက အရသာသိတဲ့အခါ သိတာရှု၊ တွေ့ထိတဲ့အခါ တွေ့သိတာရှု၊ ဌါရ ၆–ပါးကဖြစ်ခိုက် ရုပ်နာမ်ကလေးတွေသာ ဖြစ်တဲ့အတိုင်း သာလိုက်ပြီးရှုနေ၊ အဲဒါ ရှုတယ်လို့ပြောပြော၊ မှတ်တယ်လို့ပြောပြော၊ နှလုံးသွင်းတယ်လို့ ပြောပြော ပွားတယ်လို့ပြောပြော၊ ဘာပဲပြောပြော ဒီဟာ ဝိပဿနာပဲ။

ဘာပြုလို့တုံးဆို ဝိပဿနာရှုရမည့်အာရုံတွေ လိုက်သိနေတာပဲ၊ ရုပ်တရား, နာမ်တရားတွေ ဖြစ်တာကို လိုက်သိနေတာ၊ ပထမရှုခါစက ဘာသိသလဲဆို သူ့ရဲ့ ပင်ကိုယ်ရင်း သဘောလက္ခဏာကိုသိတယ်တဲ့၊ ပင်ကိုယ်ရင်း သဘောတရားတွေ သဘောတရားဆိုတာ အခြေခံကို ရှေးဦးစွာ သိရတယ်၊ သဘောတရားမသိဘဲနဲ့ အနိစ္စ, ဒုက္ခ, အနတ္တ သွားလုပ်လို့ မဖြစ်ဘူး၊ ဒီဟာ ခဏခဏပြောနေတာကြာပါပြီ၊ ပန်းချီဆေးရေးတော့မယ်ဆိုရင် ရှေးဦးစွာ ကားထောင်ရာကစရတယ်၊ ကားထောင်ပြီးတော့မှ စက္ကူဖြစ်ဖြစ်, ပိတ်ဖြစ်ဖြစ် ကပ်ရတယ်၊ ကပ်ပြီးတော့မှ အဖြူခြယ်ရတာကိုး၊ ဒီအတိုင်း ဆေးရေးလို့ မဖြစ်သေးဘူး၊ ပြီးတော့မှ အဲဒီမှာ ထောင့်လေးဘာလေး သပ်ပြီးတော့ အလယ်ခေါင်မှာ အရုပ်ပဲရေးရေး, ပန်းပင်ပဲရေးရေး, စားပွဲ ကုလားထိုင်ပဲရေးရေး, အိမ်ပဲရေးရေး, အလယ်ခေါင် ရေးရတာကိုး၊ ဒီလိုလုပ်ရတယ်။

အဲဒီလို မလုပ်ပါဘဲနဲ့ ပန်းချီဆေးရေးတဲ့ပုဂ္ဂိုလ်က စ စခြင်း စုတ်တံနဲ့ မင်နဲ့ကိုင်ပြီးတော့ ရေးလို့တော့ ဖြစ်ပါ့မလား၊ မဖြစ်နိုင်ဘူး၊ ဒါရေးစရာမရှိမှ မရှိဘဲနဲ့၊ မဖြစ်သေးဘူး၊ ကားဘောင်လဲ မရှိသေးဘူး၊ အဖြူထည် ကြက်ထားတာလဲ မရှိသေးဘူး၊ အဖြူထည် ဆေးခြယ်ပြီးသားလဲ မရှိသေးဘဲနဲ့ ဒီတိုင်း မှင်နဲ့စုတ်တံလေးကို ကိုင်ပြီးရေးလို့ မဖြစ်ဘူး။

အဲဒါလိုပဲ ရုပ်တရား နာမ်တရားတွေ သဘော သဘာဝအားဖြင့် မိမှမမိသေး, သိမှမသိသေးဘဲနဲ့ အနိစ္စ, ဒုက္ခ, အနတ္တကစပြီး နှလုံးသွင်းလို့ကတော့ ဒါက သဘာဝမကျတဲ့ဥစ္စာဘဲ၊ သို့သော်မလုပ်ကောင်းဘူးလားလို့တော့ မေးစရာရှိပါတယ်၊ လုပ်ကောင်းပါတယ်၊ မလုပ်ကောင်း တာတော့ မဟုတ်ဘူး၊ ဒီလိုလုပ်တဲ့အခါ အကုသိုလ်ဖြစ်သလား၊ အကုသိုလ်တော့ မဖြစ်ပါဘူး၊ ဘာဖြစ်သလဲ ကုသိုလ်ဖြစ်ပါတယ်၊ ဒါပေမယ့်လို့ မဂ်ရောက်ကြောင်း တကယ်နီးစပ်တဲ့ ဝိပဿနာဖြစ်ပါ့မလားဆိုတော့ အဲဒါတော့ တာဝန်မခံဘူး၊ ဘာပြုလို့လဲဆိုတော့ အခြေခံမရှိဘဲနဲ့ လုပ်နေလို့ မဂ်ဖိုလ် တကယ် ရောက်အောင် အားထုတ်တဲ့ ဝိပဿနာဆိုရင် သူက အစဉ်အတိုင်း အားထုတ်ရတယ်။

အစဉ်အတိုင်း ရုပ်တရား နာမ်တရားတွေ ရှေးဦးစွာ ရှုရတယ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်တဲ့၊ ဝိပဿနာဉာဏ်အစ အခြေခံက နာမ်နဲ့ရုပ်ကို ရှေးဦးစွာ ရှုရမယ်တဲ့၊ ရုပ်နာမ်တရားရဲ့ သဘောသဘာဝ ရှေးဦးစွာရှုရမယ်၊ ရုပ်ရယ် နာမ်ရယ် ဒါပဲရှိတယ်ဆိုတာ ရှေးဦးစွာသိရမယ်၊ ပကတိပုဂ္ဂိုလ်တွေ သိနေတာကတော့ ဘာသိနေသလဲဆိုတော့ ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်ကြီးလိုက်တည်နေတယ်လို့ ထင်နေကြတယ်၊ သူကောင်, ငါကောင်, ယောကျ်ားကောင်, မိန်းမကောင် ထင်နေတယ်၊ သတ္တဝါကောင်ကြီးအနေနဲ့ ဒီလိုထင်နေကြတယ်၊ အဲဒီလို သတ္တဝါကောင်ကြီးအနေနဲ့ ထင်နေတာဟာ တကယ်ဟုတ်သလားဆိုတော့ တကယ် မဟုတ်ဘူး၊ ဘာတွေ ဟုတ်နေသလဲ၊ ရုပ်တရား, နာမ်တရားပဲ ရှိတယ်တဲ့။

အဲဒီ ရုပ်တရား နာမ်တရားကို ဘယ်လိုလုပ်ပြီးသိမလဲဆိုရင် သူဖြစ်ခိုက်, ပျက်ခိုင်မှာ လိုက်ရှုမှ သိမှာပဲ၊ ရုပ်တရား, နာမ်တရားတွေက ဖြစ်ခိုက်မှာ ထင်ရှားတာပဲ၊ ဖြစ်ပြီးသား တရားတွေက ဖြစ်ပြီးတော့ ပျက်ကုန်ပြီ၊ မရှိဘူး၊ ဥပမာ ဆိုပါတော့ အထင်ရှားဆုံးဟာနဲ့ စဉ်းစားမယ်ဆိုရင် ဟိုဘဝက ရုပ်နာမ်တွေ စဉ်းစားကြည့်စမ်းပါလား၊ ရှေးဘဝက ဘာရုပ်တွေ ဘယ်လိုဖြစ်ခဲ့မလဲ၊ ဘယ်နာမ်တွေ ဘယ်လိုဖြစ်ခဲ့မလဲ၊ ရှေးဘဝ ရှိမှန်းတောင်မှ မသိကြဘူး၊ အများအားဖြင့် မသိကြဘူး။

ဟိုဘဝဟောင်းကပြန်ပြီး ဇာတိသရဉာဏ် ရတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ လူဝင်စားလို့ ခေါ်ရတာပေါ့လေ၊ အဲဒီပုဂ္ဂိုလ်တွေ အနည်းငယ်လောက်ပဲသိတယ်၊ လူဝင်စားတာ မဟုတ်ဘူး၊ နတ်ဝင်စားလဲရှိတယ်၊ နတ်က လူဖြစ်လာတာလဲရှိတယ်၊ လူကနတ်ဖြစ်လာတာလဲရှိတယ်၊ တိရစ္ဆာန်ကလူဖြစ်လာတာလဲရှိတယ်၊ အဲဒီဟာတွေ မှတ်မိတာတွေရှိတယ်၊ ဒီပြင် နည်းနည်းပါးပါးရှိတယ်၊ များသောအားဖြင့် ရှေးဘဝကို လုံးလုံး မမှတ်မိတာက များတယ်၊ ရှေးဘဝမပြောနဲ့ ၃–၄ နှစ်အရွယ်လောက်က ၃–၄ နှစ်တဲ့အောက်ငယ်တဲ့ ကလေးဘဝတုန်းကဟာ ကိုယ့်ဟာကိုပြန်ပြီးတော့ မသိဘူး၊ ဘယ်သူမှ တာဝန်ခံနိုင်မှာ မဟုတ်ဘူး၊ ၃–၄ နှစ်တုန်းက ဘာလုပ်ခဲ့တယ်၊ ဘယ်သွားခဲ့တယ်၊ ဘာမှမသိဘူး၊ အဲဒါတွေ စဉ်းစားလို့ဖြစ်တာ မဟုတ်ဘူး။

ဒီတော့ အတိတ်တရားတွေဆိုတာ အခု မရှိတော့ဘူး၊ မရှိတဲ့အတွက် အဲဒါတွေကို ပ[illegible]စဉ်းစားဆင်ခြင်လို့ သဘာဝအတိုင်း မပေါ်တော့ဘူးတဲ့၊ ရှေးက မှတ်မိတာလေးတွေ ရှိပါတယ်၊ ရှေးက မြင်ခဲ့ဖူးတာတွေ ကြားခဲ့ဖူးတာတွေ နံခဲ့ဖူး, စားခဲ့ဖူး

တွေ့ထိခဲ့ဖူးတာတွေ ဒါတွေ မှတ်မိတာတွေရှိပါတယ်၊ မှတ်မိတာတွေ ရှိပြန်တော့လဲ အဲဒီမှတ်မိတာတွေဟာလဲ ရုပ်နာမ်အနေ မဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါအနေ ဖြစ်နေတယ်၊ ပြန်ပြီး စဉ်းစားဆင်ခြင်လိုက်ရင် ငါအနေကြီးနဲ့လာထင်တယ်၊ ငါမြင်ခဲ့တယ်၊ ငါကြားခဲ့တယ်၊ ငါသိခဲ့တယ်၊ ငါစားခဲ့တယ်၊ ငါလုပ်ကိုင်ခဲ့တယ်၊ ဘယ်သူနဲ့ တွေ့ခဲ့တယ်၊ ဘယ်သူပဲ ဘယ်ဝါပဲဆိုတဲ့ ပညက် ပုဂ္ဂိုလ် သတ္တဝါအထည်ကိုယ်ကြီးတွေနှင့် ဉာဏ်ထဲထင်နေတယ်။

ဒီတော့ အဲဒါကို ရုပ်ပဲနာမ်ပဲလို့ ဒီလိုဆိုနေပေမယ့်လဲ ဆိုရုံရှိမှာပဲ၊ တစ်ကယ်တော့ မထင်ဘူး၊ ဟိုတုန်းက ငါက ဟုတ်နေတာပဲ၊ အတိတ်တရားတွေဆိုတာဟာ ယခုရှိတာမဟုတ်လို့ သူတို့ရဲ့ ပင်ကိုသဘာဝလက္ခဏာ မပေါ်ပါဘူးတဲ့၊ သူတို့ ရှုလို့မဖြစ်ဘူး။

အနာဂတ်တရားတွေဆိုတာ ယခုမရှိသေးဘူး၊ နောက်မှဖြစ်မည့်ဥစ္စာ၊ ယခုကနေပြီးတော့ နှလုံးသွင်းလို့ ဘယ်မှန်မှန်ရ မလဲ၊ မရနိုင်ဘူး၊ နက်ဖြန်ခါကျရင် ဘယ်သွားမယ်၊ ဘာလုပ်မယ်လို့ မှန်းထားပေမယ့် ဟုတ်ချင်မှဟုတ်တာ၊ သွားချင်မှသွား တာ၊ မသွားချင်လဲမသွားရဘူး၊ နက်ဖြန်ခါကျရင် ပျော်ပျော်ပါးပါး နေရလိမ့်မယ်လို့ ထင်ပေမယ့် ပုံမတော်လို့ရှိရင် စိတ်ညစ် နေရတာ၊ မှန်းလို့ မဖြစ်ဘူး၊ နက်ဖြန်ခါ နေကောင်း ထိုင်သာ ရှိမယ်လို့ကိုယ်က အောက်မေ့ထား၊ ပုံမတော် နေမကောင်းတာနဲ့ တွေ့နေတာ ဝမ်းမြောက်ဝမ်းသာ နေရလိမ့်မယ်အောက်မေ့၊ စိတ်ပူစရာ စိတ်ညစ်စရာတွေနဲ့တွေ့လို့ ဒုက္ခရောက်နေဟုတ်လား၊ အဲဒါတွေ အများကြီး၊ သူ့ဥစ္စာ မှန်းလို့မဖြစ်ဘူး၊ နက်ဖြန်ခါမှ မဟုတ်၊ တော်တော်ကြာလဲ အတူတူပဲ၊ နောက်နှစ် နောက်လ နောက်ဘဝတွေဆိုတာ သာပြီး မသိသေးတဲ့။

အဲဒီတော့ အနာဂတ်တွေကို ခုနေကနေပြီးတော့ ရုပ်နာမ်တရားတွေပဲ ဆိုပြီးရှုလို့ ဒီဟာလဲ သဘာဝမကျဘူး၊ တကယ် ဖြစ်မည့် ရုပ်နာမ်တွေ မဟုတ်ဘူး၊ ဥပမာဆိုပါတော့ ညာဘက်က ခြေလှမ်းလှမ်းနေတုန်း ဘယ်ဘက်ကခြေလှမ်းလှမ်းတဲ့အခါ ဝမ်းမြောက်ဝမ်းသာ သောမနဿသဟဂုတ်စိတ် ဖြစ်လိမ့်မယ်လို့ မှန်းထားပေမယ့် ဟုတ်ချင်မှဟုတ်တာ၊ ဘယ်ဘက်က လှမ်းတဲ့အခါကတော့ စိတ်ညစ်စရာဒေါမနဿ ဖြစ်ချင်လဲဖြစ်တယ်၊ ညာဘက်က လှမ်းပြီးကာရှိသေး ဟိုကဘေးနားက ပုဂ္ဂိုလ် တစ်ယောက်က ဆဲလိုက်လို့ဖြစ်စေပေါ့လေ၊ ကြားတော့ စိတ်ဆိုးသွားလိုက်တာ တစ်ခါတည်း ဒေါမနဿဖြစ်တယ်၊ အဲဒီလိုဖြစ် နိုင်တယ်။

အဲဒီတော့ အနာဂတ်ဆိုတာကတော့ မှန်းထားလို့ မှန်နိုင်တာမဟုတ်ဘူး၊ ဒါကြောင့် အနာဂတ်တရားဆိုတာ ထင်ရှား မရှိဘူး၊ ပစ္စုပ္ပန် တရားလေးရှိတယ်ကိုး၊ ပစ္စုပ္ပန်တရား၊ ပစ္စုပ္ပန်ဆိုတာ အကြောင်းတရားကို စွဲမှီ၍၊ ဖြစ်သောတရား ဖြစ်ဆဲ– ဖြစ်ဆဲတရားလေးကို ပစ္စုပ္ပန္နတရားခေါ်တယ်၊ အဲဒီဖြစ်ဆဲတရားလေးက ထင်ရှားရှိတယ်၊ ပြီးတော့ ဒီပစ္စုပ္ပန် တရားလေးဟာ အသစ်စက်စက်ကလေး၊ သူက အဟောင်းမဟုတ်ဘူး။

ဟိုအတိတ်တရားတွေက အဟောင်းအဟောင်းတွေဆိုတော့ ကိလေသာက စွဲပြီးသား ဖြစ်နေတယ်၊ ဥပမာ–ဝတ်ပြီး သားအဝတ်များလိုပေါ့ ဝတ်ပြီးသားအဝတ်တွေက ညစ်နွမ်းကုန်ပြီ၊ ချေးတွေဘာတွေစွဲကုန်ပြီး သူများဝတ်ပြီးသားအဝတ်ဆိုရင် သူများရဲ့ ချေးညှော်တွေစွဲကုန်ပြီ၊ ပုံမတော်ရောဂါရှိတဲ့ပုဂ္ဂိုလ်ကဝတ်ထားရင် ပိုးမွှားတွေဘာတွေ အခုဆရာဝန်တွေ အပြောနဲ့ဆို ရင် ရောဂါပိုးတွေ ဘာတွေ ဒီအဝတ်ထဲ ဝင်နေပြီးပုံ၊ မတော်လို့ရှိရင် ရောဂါတွေ ကူးလိမ့်မယ်။

အဲဒီတော့ အတိတ်တရားတွေဆိုတာ ကိလေသာတည်းဟူသော ပိုးမွှားတွေက စွဲပြီးသားဖြစ်နေတယ်၊ အတိတ်တရား တွေကို လွန်ပြီးသားတရားတွေဆိုတာ အရင်ကမြင်ခဲ့တာတွေ ကြားခဲ့တာတွေဆိုတာ ငါမြင်ခဲ့တယ်၊ ငါကြားခဲ့တယ်၊ သူ့ကိုမြင် ခဲ့တယ်၊ ချစ်စရာကောင်းတယ်၊ မုန်းစရာကောင်းတယ်စသည်ဖြင့် စွဲပြီးသားဖြစ်နေတာ၊ ကိလေသာက ပစ္စုပ္ပန်ကျကျမြင်တုန်း ဆဲဆဲ ကြားတုန်းဆဲဆဲ တရားကလေးတွေကတော့ စွဲလမ်းမှု မရှိသေးဘူးတဲ့၊ သူက အသစ်စက်စက်ကလေးတွေပဲတဲ့၊ အဲဒါ ကလေးကို ဝိပဿနာဉာဏ်က မှန်အောင်သိလိုက်လို့ရှိရင် ကိလေသာတွေ မစွဲလမ်းဘူး၊ ကိလေသာတွေက လက်မဦးခင်ပေါ့ လေ၊ ကိလေသာတွေက မသိမ်းပိုက်သေးခင် ကိုယ်ကရှိရင်သိမ်းပိုက်ရတာ၊ ဟိုတောထဲ တောင်ထဲများမှာ မှိုထွက်ရှာကြတာရှိ တယ်၊ တောအရပ်မှာ၊ တောအရပ်က ပုဂ္ဂိုလ်တွေဟာ မှိုတွေဘာတွေ ထွက်အောကြ၊ ထွက်ရှာကြတော့ အရင်ဦးအောင် ရှာရ တယ်၊ ကိုယ်အရင်တွေ့လို့ရှိရင် အဲဒါ ကိုယ်ပိုင်တာပဲ၊ သူအရင်တွေ့သွားရင် သူပိုင်တာပဲ။

အဲဒီတော့ သူများအရင်မတွေ့သေးခင် ကိုယ်က အရင်တွေ့အောင်ရှာရတာကိုး၊ ဟင်းသီးဟင်းရွက်ခူးတာတွေလဲ ဒီလိုပဲ၊ တောထဲမှာ လျှောက်ပြီးတော့ ပိုင်ရှင်မရှိတဲ့ တောထဲမှာ လိုက်ပြီးတော့ ခူးကြလို့ရှိရင်ဖြင့် အဲဒီတောသူတောသားတွေမှာ ကိုယ်အရင်ဦးအောင်လို့ပဲ လိုက်ရှာနေရတယ်၊ အဲဒါလိုပဲ၊ ဒွါရ ၆–ပါးက ဖြစ်ခိုက် ရုပ်နာမ်ကလေးတွေက အခုမှ အသစ်ပေါ် လာကာစ ရှိသေးတယ်၊ ပေါ်ပေါ်ခြင်းဟာ ဝိပဿနာတရားက မရှုမိလို့ အမှန်အတိုင်း မသိရင် ကိလေသာက စွဲလမ်းသွား တယ်၊ ကိလေသာက ချစ်စရာကောင်းတယ်၊ မုန်းစရာ ကောင်းတယ်၊ မြတယ်၊ ချမ်းသာတယ်၊ ပုဂ္ဂိုလ် သတ္တဝါကောင်ပဲလို့ လောဘ–ဒေါသ–မောဟ–မာန အစရှိသော ကိလေသာ တရားတွေက စွဲလမ်းပြီးသွားတယ်။

အဲဒီ ကိလေသာတွေ မစွဲလမ်းရအောင်ကို ရုပ်နာမ်သဘောတရားအမှန်လေးကို ရုပ်တရားပဲ, နာမ်တရားပဲ, သဘောတရားပဲ ဆိုတာလေးကို သိအောင်လို့ဟာ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးရှုရတယ်၊ အဲဒီ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးတော့ သဘောမှန်လေးသိအောင် ရှုနေတာကို နာမရူပပရိစ္ဆေဒဉာဏ်လို့ခေါ်တယ်၊ နာမရူပ–ပိုင်းခြားသိတာ၊ နာမ်ရုပ်ကို သိမ်းဆည်းတာ၊ အဲဒီနာမ်ရုပ်သိမ်းဆည်းတော့ ဘယ်လိုသိမ်းဆည်းရမလဲဆိုတော့ လက္ခဏာရသစသည်တို့ဖြင့် သိမ်းဆည်းရမယ်တဲ့၊ဝိသုဒ္ဓိမဂ်က ဟောထားတယ်။

လက္ခဏာရသာဒိဝသေန ပရိဂ္ဂဟေတဗ္ဗာ– ကွဏာရသ စသည်တို့၏ အလိုအားဖြင့် သိမ်းဆည်းရမည်။

လက္ခဏာဆိုတော့ သူ့ပင်ကိုယ်ရင်းသဘောပဲ၊ ရသဆိုတာ သူ့ကိစ္စပဲ၊ ပစ္စုပ္ပဋ္ဌာန်ဆိုတာ သူ့ရဲ့ထင်ပေါ်တဲ့ အခြင်းအရာ အဲဒါလေးတွေနဲ့ သိအောင်ရှုပါတဲ့၊ ဒါပဲရှိသေးတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ စဉ်းစားရမယ်လို့ မပါသေးဘူး၊ သူ့ပင်ကိုယ်ရင်းသဘောလေး၊ ဥပမာ ဆင်ဆိုရင်ဖြင့် ဆင်ရဲ့လက္ခဏာရှိတယ်၊ ဆင်ဆိုတာဟာ ခြေထောက်လေးချောင်းနဲ့ ကိုယ်ထည်ကြီးနဲ့၊ အမြီးနဲ့ ခေါင်းနဲ့၊ နှာမောင်းနဲ့၊ နားရွက်နဲ့၊ ဆင်ကြီးဆိုတာ ဒီလိုနေတာကိုး၊ အဲဒါသူ့ရဲ့ လက္ခဏာပဲ၊ ဒီကိုယ်ထည်ကြီးတစ်ခုလုံးဟာ သူ့ရဲ့ လက္ခဏာပဲ။

ဆင်ဟာ အားကောင်းတယ်၊ ဝန်လေးတွေကို ဆွဲနိုင်တယ်၊ အလုပ်လုပ်နိုင်တယ်။ အစွမ်းသတ္တိရှိတယ်၊ အဲဒါ သူ့ရဲ့ ကိစ္စပဲ၊ သူ့ရဲ့ ရသပဲ၊ ပစ္စုပ္ပဋ္ဌာန်ဆိုတာကတော့ အဲဒီပုံသဏ္ဌာန်အထည်ဒြပ်ကြီးနဲ့ ဆင်ဆိုတာ ဘယ်လိုဟာတုံးဆိုတော့ အကောင်ကြီးနဲ့ အထည်ဒြပ်ကြီး လာပြီးတော့ ထင်တယ်၊ အဲဒါမျိုးလိုကို သူက နာမ်တရား, ရုပ်တရားတွေကို ရှုလိုက်လို့ရှိရင် အဲဒီ လက္ခဏာရသ ပစ္စုပ္ပဋ္ဌာန်နဲ့ တစ်ခုခုက ထင်တာပဲ။

ဒါပေမယ့် မထင်လို့ကို မရဘူး၊ ရုပ်–နာမ် တရားလေးတွေ သိရင် လက္ခဏာနဲ့ရင်လဲ သိရမယ်၊ ရသနဲ့ရင်လဲ သိရမယ်၊ ပစ္စုပ္ပဋ္ဌာန်နဲ့ရင်လဲ တွေ့ရမယ်၊ ဒီတွေ့ရအောင်လို့ ဒွါရ ၆–ပါးက ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်ကလေတွေကို လိုက်ပြီးရှုရတာကိုး၊ အဲဒါ နာမရူပပရိစ္ဆေဒဉာဏ်–ဒီကစတာ ဝိပဿနာ၊ ဖောင်းတယ်–ပိန်တယ် ဒီကစရမယ်။

အဲဒါ ဒွါရ ၆–ပါးက ဖြစ်တိုင်းဖြစ်တိုင်းတွေ လိုက်ပြီးရှုရမယ် ဆိုရင် စခါက ပုဂ္ဂိုလ်က ဘယ်ရှုမှန်း သိအုံးမတုံး၊ ဒွါရ ၆–ပါးဆိုတာလဲ ယခုမှ ကြားရကာရှိသေးတယ်၊ အိမ်နေတုန်းက မကြားသေးဘူး၊ ကျောင်းရောက်မှကြားရတာ၊ သူက ကမ္မဋ္ဌာန်းကျောင်း တရားဝင်မယ်လုပ်မှကြားတာ၊ ယခု ကြားကာရှိသေးတယ်၊ ဒွါရဆိုတာလဲ ဘာမှန်းမသိသေးဘူး၊ခြောက်ပါးဆိုတာလဲ ဘာမှန်းမသိသေးဘူး၊ အဲဒီတော့ ဘာတွေ ရှုရမှန်းမသိဘူး၊ ခက်နေ၊ သို့သော်လဲ ဘုန်းကြီးက ပြောစရာမရှိလို့ ဒါပဲ ပြောရတာ၊ ဒီပြင် စကားလဲပြောလို့မဖြစ်ဘူး၊ ဒီအတိုင်းပြောမှဖြစ်မယ်၊ ဒီလိုတော့ ပြောရတယ်၊ ကြာတော့လဲ နားလည်သွားတာပဲ။

လွယ်လွယ်နဲ့ ရှုရ–မှတ်ရအောင်လို့ အတွေ့အထိ ဗိုက်ထဲကအတွေ့အထိ ဖောင်းတာ, ပိန်တာလေးသာမှတ်ပါ၊ ဘုန်းကြီးများက ပြောတယ်၊ ဒီလိုပဲမှတ်ကြရပါတယ်၊ ဒီလိုမှတ်တော့လဲ သူ့ဟာ နေရာကျသားပဲ၊ စာတွေဘာတွေ သင်နေတာကမှ ကြာနေသေးတယ်၊ တယ်မကြာဘူး၊ သူက တစ်ရက်နှစ်ရက်တောက်နေလျှင် ဟန်ကျလာတာပဲ၊ အင်မတန်နေရာကျတယ်၊ ဖောင်းတယ်–ပိန်တယ်၊ ဖောင်းတက်လာတာလေး၊ ဖောင်းစက ဖောင်းဆုံးတိုင်အောင် ပိန်ကျသွားတာလေး၊ ပိန်စက ပိန်ဆုံးတိုင်အောင် ဒါလေးပဲစိုက်မှတ်နေရတယ်၊ ဗိုက်ထဲကနေပြီး တောင့်တင်းနေတဲ့ သဘော လှုပ်ရှားတဲ့သဘောလေးကို သူ့ဟာသူ သိလာတယ်။

အဲဒါတွေ လက္ခဏာ ရသတွေဆိုတာ ဒါတွေပဲ၊ ဖောင်းတယ်၊ ပိန်တယ်ဆိုတာ ဝါယောဓာတ်ပဲ၊ ဝါယောဓာတ်ဘာဝိတ္ထမ္ဘဏလက္ခဏာ တောင့်တင်းခြင်းဟာ သူ့လက္ခဏာပဲ၊ ဝိတ္ထမ္ဘဏလက္ခဏာ ဝါယောဓာတု သမုဒီရဏ ရသ လှုပ်ရှားခြင်းဟာ ဖြင့် သူ့ကိစ္စပါပဲတဲ့၊ သူက လှုပ်တတ်တယ်တဲ့၊ အားကောင်းရင် လှုပ်တယ်၊ အားမကောင်းရင်တော့ မလှုပ်ဘူး၊ အဘိနီဟာရ ပစ္စုပ္ပဋ္ဌာနာ–ရှေးရှုဆောင်ရွက်ခြင်းဟာဖြင့် သူ့ရဲ့ပစ္စုဋ္ဌာန်ပါပဲ့တဲ့၊ တစ်နေရာက တစ်နေရာဆွဲသွားသလို၊ ဆောင်သွားသလို၊ တွန်းသွားသလို ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ထဲမှာ ထင်ရပါတယ်တဲ့၊ အဲဒါလေးကို ဒီတရားနာတဲ့ ပုဂ္ဂိုလ်တွေကလဲ ယောဂီပုဂ္ဂိုလ်တွေများလို့ သိပါတယ်၊ ဒါပေမယ်လို့ သူ့နေရာလေးရောက်လာတော့ သူက ဆောင်ပုဒ်ကလေးဆိုဦးမှပဲ၊ ဝါယောဓာတ်ရဲ့ လက္ခဏာ ရသ ပစ္စုပ္ပဋ္ဌာန်၊ အင်မတန်ကောင်းတယ်၊ ဆောင်ပုဒ်ဆိုတာ အရေးကြီးတာ၊ သတိပဋ္ဌာနသုတ်မှာ အဋ္ဌကထာက ကာယာနုဿနာ ရှုပုံတွေကျတော့ ဝါယောဓာတ်ချည်းပဲ ရှုနေရတယ်၊ ဝါယောဓာတ်ရှုတယ်လို့ ဆိုပြီး ရှုတိုင်း–ရှုတိုင်း ဂဒ္ဓန္ဟော ဝါ ဂဒ္ဓာမီတိ ပဇာနာတိ–သွားလျှင် သွားတယ်လို့သိ ဆိုတာ ဒါပြောတာ၊ ဝါယောဓာတ်ကို ရှုသွားချင်တဲ့စိတ် ဖြစ်လာတာ၊ သွားချင်တဲ့စိတ်ကြောင့် ဝါယောဓာတ်ဖြစ်လာတာသိ၊ ဝါယောဓာတ်လှုပ်ရှားခြင်းကြောင့် တရွေ့ရွေ့ ရွေ့သွားတာကိုပဲ ငါသူလို့ ခေါ်ရတယ်။

အမှန်အားဖြင့် ငါသူမရှိ၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘူး၊ သူလို အခိုက်အတန့်မှာ တောင့်တင်းလှုပ်ရှားမှုလေးတွေ ဖြစ်သွားတာဟာ မမြဲတာဘဲဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ သိသွားတယ်၊ အဌကထာက ဒီလို ဖွင့်ထားတယ်၊ ယောဂီပုဂ္ဂိုလ်သိပုံကလေး ဒါက အရေးကြီးတယ်၊ ဝါယောဓာတ် ဆောင်ပုဒ်ကလေး ဘုန်းကြီးက ပေးထားတယ်၊ ယောဂီပုဂ္ဂိုလ်တွေက ရတာတော့ များနေပါလိမ့်မယ်၊ ဒါပေမယ့် ရောက်တဲ့အခါ ဆိုကြပါဦး။

ထောက်ကန်တောင့်တင်း လျော့ခြင်းတမည်၊
ယိမ်းယိုင်လှုပ်ရှား ရွှေ့သွားတတ်သည်၊
သူလိုရာဘက် တွန်းလျက်ဆောင်သည်၊
ဝါယောဓာတ် သိမှတ်မြတ်ယောဂီ။

ဝါယောဓာတ်လိုသိလျှင် ယောဂီပုဂ္ဂိုလ်ဟာ ဒီနည်းအတိုင်းသိရမယ်၊ လက္ခဏာနဲ့သိရမယ်၊ ရသနဲ့သိရမယ်၊ ပစ္စုပ္ဌာန်နဲ့ သိရမယ်၊ ဝါယောဓာတ်သိရင် လက္ခဏာနဲ့ ဘယ်လိုသိမလဲ၊ ထောက်ကန်တောင့်တင်း၊ လျော့ခြင်းတမည်၊ တောင့်တာတို့၊ တင်းတာတို့ လျော့တာတို့ ဒါတွေပဲ၊ ရသနဲ့သိလို့ရှိလျှင် ဘယ်လိုသိမသိ၊ ယိမ်းယိုင်လှုပ်ရှား ရွှေ့သွားတတ်သည်၊ ယိမ်းတယ်, ယိုင်တယ်, လှုပ်ရှားတယ်, ရွှေ့တယ်, သွားတယ် ဒီလိုသိရမှာပဲ၊ ပစ္စုပ္ပန်ဌာန်နဲ့သိရင် ဘယ်လိုသိမလဲ သူလိုရာဘက် တွန်းလျက်ဆောင်သည်၊ အလိုရှိရာဘက် တွန်းတယ်၊ ဆွဲဆောင်နေတယ် တွန်းပို့နေတယ်၊ ဆွဲပို့နေသလို ဒီလိုပဲထင်ရမယ်တဲ့၊ ဒါထင်လဲထင်တာပါပဲ၊ မထင်မရှိပါဘူး၊ ဒီလိုထင်တာပဲ။

အဲဒီလိုသိရအောင်ဟာ ဗိုက်ဖောင်းတိုင်း–ပိန်တိုင်း ဒါလေးက စပြီး ဘုန်းကြီးက မှတ်ခိုင်းတာပဲ၊ ကမ္မဋ္ဌာန်းဝင်ဝင်ခြင်း ဘုန်းကြီးက ခိုင်းတယ်၊ ဖောင်းတယ်–ပိန်တယ်၊ ဒါလေးက စမှတ်ရတယ်၊ ဒါလေးမှတ်တော့ လွယ်လဲလွယ်တယ်၊ အစက အမျိုးမျိုးတွေ လျှောက်ပေးထား၊ ဘယ်လွယ်မလဲ၊ အမျိုးမျိုးတွေ မှတ်စရာတွေလဲ ပြောတော့ပြောထားတယ်၊ မလိုလဲလိုလဲ မှတ်ချင်ရအောင် ပြောတော့ ပြောထားတာပဲ၊ လိုရင်းကတော့ ဒါလေးက လိုရင်းပဲ ချည်တိုင်လုပ်ထားရတာကိုး၊ ဘာမှ ရှုစရာမရှိဘူးဆိုရင် ရှာမနေနဲ့၊ ဒါပဲမှတ်၊ အဲဒီလိုမှတ်ပြီးတော့ နေလိုက်တော့ ဘယ့်နဲ့ဖြစ်လာတုန်းဆိုရင် သူကသွားနေကျလမ်းဆိုတော့ အချိုးကျလာတယ်၊ ဖောင်းတာ ပိန်တာ ယိုင်နေရင်သာပဲ သိပ်ပြီးတော့ သမာဓိအား မကောင်းသေးတော့ ဝိပဿနာ သိပ် ထူးထူးခြားခြား မဖြစ်နဲ့ဦး၊ ဒီတိုင်း ငြိမ်နေလို့ရှိရင် စိတ်က ဗိုက်ရောက်နေတာပဲ၊ သူက အမှတ်ရှိတဲ့ဗိုက်ကို ရောက်လာတာပဲ၊ အမှတ်က ဒီရောက်နေတာပဲ၊ ဒီပြင်နေရာမရှိဘူး၊ ဖောင်းလိုက်–ပိန်လိုက်၊ ဖောင်းလိုက်–ပိန်လိုက် ဒါလေးရောက်နေတာပဲ၊ တော်တော်ဟန်ကျနေပဲ။

အားမထုတ်ဘဲနဲ့ သူ့အလိုလိုစိတ်ကရောက်နေပြီး တော်တော် နေရာကျတယ်၊ ဖောင်းလိုက်–ပိန်လိုက်မှတ်နေရင် နောက်ကျတော့ တွဲရသေးတာကိုး၊ ဒွါရ ၆–ပါးက ပေါ်တိုင်း–ပေါ်တိုင်း လိုက်ပြီးမှတ်ရတာပဲ၊ ပေါ်တိုင်း ပေါ်တိုင်း လျှောက်ပြီး မှတ်ရတယ်၊ လျှောက်ပြီးရှုတဲ့အတွက် တစ်ခါတရံ ပင်ပန်းတယ်၊ ရှုနေကျမှ စိတ်ပန်းသွားတဲ့အခါကျ ဘယ့်နဲ့လုပ်ရတုန်းဆိုတော့ ရှေးကဟာလေး ကိုယ့်နေရာဟောင်းလေး ပြန်ဦးမှပဲဆိုပြီး ဖောင်းတာ–ပိန်တာလေး ပြန်မှတ်ရတယ်၊ ဒီဟာလေး နှစ်ခုထဲ မှတ်၊ ဘာမှ ကြောင့်ကျမစိုက်နဲ့၊ ဖောင်းတယ်–ပိန်တယ်၊ ဖောင်းတယ်–ပိန်တယ်၊ အေးချမ်းပြီး ငြိမ်သက်သွားတာပဲ၊ ပင်ပန်းမှုတွေ ပြေသွားတယ်၊ ဈာန်ဝင်စားတာလိုပဲ၊ ဈာန်ရတဲ့ပုဂ္ဂိုလ်က ဈာန်ပြန်ဝင်စားသွားတာကိုး၊ အဲဒါလိုပဲ။

ခုဒွါရ ၆–ပါး ပေါ်တိုင်းပေါ်တိုင်း ရုပ်နာမ်တွေ လိုက်မှတ်လို့ ပန်းလာရင် ဖောင်းတာ ပိန်တာမှတ်ပေါ့၊ မှတ်နေကျ နှစ်ခုထဲ ပြန်မှတ်လိုက်၊ သက်သာ အေးချမ်းသွားတယ်၊ တစ်ခါ ဒွါရ ၆–ပါးပေါ်တိုင်း လိုက်မှတ်လိုက်၊ ပင်ပန်းလာပြန်ရင် ဖောင်းတာ–ပိန်တာ ပြန်မှတ်လိုက်၊ ဒီလိုလုပ်ရတာကိုး၊ ဒါဈာန်မရှိလို့ ဈာန်အစားထိုးထားရတာ၊ ဈာန်မရှိဘဲကိုး၊ ဈာန်ရှိအောင်လုပ်ပါဆိုတော့ ပြန်ကိုလုပ်ရမှာ၊ အဲဒါက အင်မတန် တာဝန်လေးတယ်၊ ဈာန်မလုပ်ဘဲ ဝိပဿနာထဲကပဲ ဈာန်လေးတွေ လုပ်ပြီးပေးထားတယ်၊ အဲဒီလိုမှတ်တော့ သက်သာမှုရပါတယ်၊ အဲဒီလို သက်သာခွင့်ရတဲ့အခါမှာ ငြိမ်းအေးမှုလေး ရလာတယ်၊ အဲ–ဥဒယဗ္ဗယညာဏ်တွေ ရောက်လာတဲ့အခါကျတော့ တော်တော်ဟန်ကျသွားပါတယ်၊ ငြိမ်းအေးသွားပြီတဲ့၊ တစ်ခါတည်း ကြောင့်ကျမှုမစိုက်ရဘဲ မှတ်စိတ်အာရုံလေးတွေက မှတ်သိတဲ့အာရုံကလေးတွေကလဲပေါ်လို့, မှတ်သိတဲ့ စိတ်ကလေးတွေကလဲ ရှိလို့ ပေါ်လာလိုက်, ပျောက်လိုက်နဲ့ မမှတ်နိုင်တာလည်း မရှိဘူး။

သြဘာသဗ္ဗေ ဉာဏော စ ဝိတိယာစ ဝိကမတိ။

ဥပက္ကိလေသတွေဖြစ်တယ်။ ဥပက္ကိလေသဆိုပေမယ့် သူဟာ အကောင်းတွေမကောင်းတာတွေ မဟုတ်ဘူး၊ သာယာနေရင်တော့ မကောင်းဘူး၊ မသာယာရင် ကောင်းတယ်၊ အရောင်အလင်းတွေ ပေါ်လာတယ်၊ ဘယ်တော့မှမလင်းဘူး၊ ဒါတွေ ဒီဥစ္စာကဖြစ်တာပဲ၊ ကောင်းတဲ့ ဥစ္စာတွေ သာယာနေရင် ရှေ့မတိုးဘူး၊ မသာယာနဲ့ ဘာမှ အလွန် ကြီးကြီးကျယ်ကျယ်ဖြစ်တာ မရှိပါဘူး၊ ရှေ့မတိုးတက်တာရှိတာပဲ၊ ရှေ့မတိုးတက်ဘူး၊ အားမထုတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ အပုံပဲ သာနေတာပေါ့၊ ဒါပေမယ့်လို့ ရှေ့မတိုးတာဘဲ ရှိတာပဲ၊ အားထုတ်ခါစ ပုဂ္ဂိုလ်တွေထက်တော့ သက်သာတာပဲ၊ အဲ–ဉာဏ်မရောက်သေးတဲ့

ပုဂ္ဂိုလ်တွေထက်တော့ အများကြီးသာနေတာပဲ၊ သို့သော်လဲ ရှေ့မတိုးဘူး၊ သာယာနေရင်တော့ အေး–မသာယာဘဲနဲ့ ဆက်မှတ်သွားလို့ ရှိရင် သြဘာသဏ္ဌေ ဥဏှော စ ဝီတိယာစ ဝိကမတိ။

ဥဏှာတွေကလည်း လျင်မြန်တယ်တဲ့၊ မသိနိုင်တာကိုမရှိဘူး၊ ဘယ်ကပဲ လာလာရှုတာပဲ၊ တစ်ခုမှတ်လိုက်လို့ရှိရင်လဲ အပြတ်အပြတ် အပိုင်းအပိုင်းကလေးတွေဖြစ်ပြီးတော့ မမြဲတဲ့သဘောကလေးတွေ ထင်နေတာကိုး၊ စဉ်းမှမစဉ်းစားရဘဲ၊ ဒီတိုင်းဆိုရင်တော့ စဉ်းစားရတာနဲ့ ဘာနဲ့ဆိုရင် ရုပ်နာမ်တွေမမြဲအောင်လို့ တစ်ခါတည်း ဖျက်ကြည့်နေရတာပဲ၊ အမှန့်ခြေကြည့်လိုက်၊ ဟာ–ရာသီဥတုနဲ့ ပြောင်းကြည့်လိုက်၊ ဟာ–အင်မတန်လုပ်ရတယ်၊ တစ်ချို့ဆရာတော်ကြီးတွေ အင်မတန်လုပ်ရတယ်၊ ဥဏှာကြီးကြီးနဲ့ တစ်ခါတည်း ကြံ့ဖန်ပြီးတော့ ထင်အောင်လို့ တပည့်တွေ ဟောရ ပြောရတာကိုး။

အဲဒီဆရာတော်ကြီးက ဥဏှာကြီးလို့ ဟောလို့ ပြောလို့ လွယ်ပါရဲ့၊ တပည့်တွေက လိုက်ဖို့ခက်တယ် သူဟာ အခက်ကြီးပဲ၊ သူ့ဥဏှာလောက်မှ လိုက်မှမလိုက်နိုင်ဘဲ ဒီတော့ခက်နေတာပေါ့၊ ဒီဥစ္စာက မလိုပါဘူး၊ ဒွါရ ၆–ပါး ပေါ်ခိုက်,ပေါ်ခိုက်ကလေးမှာ ရှုနေရုံပါပဲ၊ ပေါ်တိုင်း သိလာတာ ဘာမှ ဥဏှာနဲ့အကြီးအကျယ်ထုတ်စရာမလိုဘူး၊ ရှုရုံ မှတ်ရုံလေးနဲ့ပဲ ဖြစ်ပြီးရင် ပျောက်သွားတာလေးတွေ တွေ့ရတယ်။

အဲဒီတော့ ဒါကဘာလဲဆိုရင် ဒါက သူ့ဥစ္စာ အင်မတန်ကို သန့်ရှင်းစင်ကြယ်ပါတယ်၊ သူ့သဘာဝတိုင်းဖြစ်တဲ့ ဥဏှာကလေးပဲ ကိုယ်က ဘာမှ ထွေထွေလာလာ ဥဏှာကူယူရတာ မဟုတ်ဘူး။ အနိစ္စ မမြဲတာကို မမြဲဘူးလို့ ထင်အောင်ဟာ ဘာမှ သွေးဆောင်ပြီးတော့ မယူရဘူး။ စိတ်ကို ဆွဲဆောင်ပြီးတော့ မယူရဘူး သဘာဝကိုး၊ နဂိုက မမြဲတာကိုး၊ ကိုယ်တိုင် တွေ့လို့ မမြဲဘူးလို့ သိတာပဲ၊ ရှေမဟုတ်တဲ့ ကြေးတွေကို အရောင်တင်ထားတော့ ရှေရောင်တော့ တောက်တော့ တောက်ပါရဲ့၊ ရွှေနဲ့တွဲပြီးတော့ ရွှေရောင်ကလေး တင်ထားတာပေါ့၊ ဒီလိုအောက်မေ့ရတယ်၊ တော်ကြာတော့ အဲဒီအရောင်ကလေးပြယ်သွားတော့နေရာမကျဘူး၊ အဲဒီလိုပဲ သဘာဝတိုင်းဖြစ်တဲ့ ဥဏှာမဟုတ်လို့ရှိလျှင် စဉ်းစားဆင်ခြင်လို့ရှိလျှင် စဉ်းစားဆင်ခြင်တုန်းတော့ဟုတ်တာပေါ့၊ တော်ကြာတော့ စဉ်းစားတာပျောက်သွားတော့ ဟော–ပျောက်သွားရော အဲဒီတော့ မူလပြန်တာပဲ၊ ရှေမဟုတ်တော့ဘူး၊ ကြေးပြန်ဖြစ်တယ်။

အဲ–အခုဟာက သဘာဝအတိုင်း ပေါ်တိုင်းပေါ်တိုင်း သိနေတဲ့ ပေါ်တာလေးတွေရှု၊ ရှုတော့ကို သူ့ဟာသူ အပိုင်းအပိုင်းကလေးတွေ ပြတ်နေတာကို တွေ့ရပါတယ်၊ အနိစ္စလက္ခဏာကို သန္တတိက ဖုံးလွှမ်းသည်။ အနိစ္စ–လက္ခဏာ–မမြဲတာကို ခေါ်တယ်၊ ဘာဖြစ်လို့ မမြဲဘူးလို့သိသလဲ၊ ရုပ်နာမ်တွေက မမြဲနေတာ ဟုတ်ရဲ့သားနဲ့ သတ္တဝါတွေက ဘာဖြစ်လို့ မြဲတယ် ထင်နေရသလဲ သန္တတိက ဖုံးနေလို့တဲ့၊ သန္တတိကဖုံးနေ၊ သန္တတိဆိုတာ ဘာလဲ၊ ရှေ့နောက်ဆက်စပ်ပြီးတော့ ဖြစ်နေတဲ့ ရုပ်နာမ်တွေကို မခွဲခြားနိုင်လို့ပဲ၊ တစ်ဆက်တည်းဖြစ်နေတာကိုး၊ ပုတီးစေ့ကလေးတွေ တစ်လုံးနဲ့တစ်လုံး ဆက်နေတယ်၊မျက်စိနဲ့ကြည့်လို့တော့ ဘယ်အပေါက်အကြားမြင်ရမလဲ တစ်ဆက်တည်း ဖြစ်နေတာပဲ၊ တစ်လုံးနဲ့တစ်လုံးကြားထဲ ခါးနည်းနည်းသပ်တာလေးပဲ ရှိတယ်၊ အပြတ်မရှိဘူး၊ အဲဒီလို တစ်ဆက်တည်း ဖြစ်နေတယ်၊ အဲဒါ ပုတီးကြီးကို ကိုယ်ကလဲ ကိုင်နေကျ ပုတီးမို့လို့ တစ်ခုနဲ့တစ်ခု မရောဘူးဆိုတာ သိရတယ်၊ ပုတီးဆိုတာ တော်သေးတာကိုး၊ အဲဒီလိုမဟုတ်ဘူး၊ သူ့ဥစ္စာ မြစ်ရေအယဉ်အစရှိတဲ့ မြစ်ရေတွေချောင်းရေတွေ စီးနေတဲ့အခါ ဟိုရေနဲ့ဒီရေနဲ့ ခွဲလို့ ဘယ်ရလိမ့်မတုန်း တစ်ဆက်တည်း ဖြစ်နေတာပဲ။

အုန်းဆံကြိုးကြိုး စမ်းကြည့်ကြပါဦး၊ အုန်းဆံကြိုး ဆိုတာဟာ အုန်းမျှင်ကလေးတွေ ဆက်ထားတာပါပဲ၊ ဒါပေမယ့် အပြတ်အကြား ရှာလို့မရဘူး၊ သူဟာ အရှည်ကြီးဖြစ်နေတာပဲ၊ အုန်းဆံကြိုးကြီးက ပေ ၁၀၀ ရှည်တယ်၊ ပေ ၂၀၀–ရှည်တယ် ရှိနိုင်တယ်၊ နို့–အုန်းဆံက ပေ ၁၀၀–ရှိနိုင်ပါ့မလားဆို ဘယ့်နဲ့လုပ်မတုံး၊ တစ်ပေတောင်ရှိတာ မဟုတ်ဘူး၊ တိုတိုလေးတွေပေါ့၊ အဲဒါလေးတွေ ဆက်ဆက်သွားတော့ ကြိုးအရှည်ကြီး ဖြစ်နေ၊ အဲ–သဲချောင်းကြီးတွေ သဲတွေတစ်ခါတည်း လမ်းမှာ သဲတွေ စီတန်းပြီးတော့ တစ်လုံးနဲ့တစ်လုံး သဲချောင်း အရှည်ကြီးလို့ အောက်မေ့ရတယ်၊ အကယ်၍ သဲအိတ်ထဲကနေပြီးတော့ သွန်ချလိုက်မယ်ဆိုလျှင် သဲအတန်းကြီးလို အောက်မေ့ရတယ်။ ဘယ်အတန်းကြီး ရှိမှာတုံး၊ တစ်လုံးချင်း တစ်လုံးချင်း ကျနေတာပဲ၊ ဒါပေမယ့် ဟိုတစ်လုံးနဲ့ ဒီတစ်လုံးနဲ့ တစ်ဆက်တည်းကျနေတော့ အတန်းကြီးလို့ အောက်မေ့ရတယ်၊ တစ်ဆက်တည်းလို ထင်ရတယ်၊ အဲဒါလိုပဲ။

မိမိတို့ သန္တာန်ဖြစ်နေတဲ့ ရုပ်နာမ်တွေဟာလဲ ပဋ္ဌိသန္ဓေက စပြီးတော့ ယခုထက်တိုင်ပေါ့လေ၊ နောင်လဲ စုတေတိုင်အောင် အစဉ်အတိုင်း စိတ်တွေ, ရုပ်တွေက မပြတ်ဖြစ်နေတာပဲ, ရှေ့နောက်ပုံ့နှံ့နေတာပဲ၊ မြင်ပြီးလျှင် စဉ်းစား, စဉ်းစားပြီးလျှင် မြင်, မြင်ပြီးလျှင် စဉ်းစား, စဉ်းစားပြီးလျှင်မြင်၊ မြင်တာနဲ့, စဉ်းစားတာနဲ့, ဆင်ခြင်တာနဲ့, ဒီထဲက သာယာနှစ်သက်တာနဲ့ အဲဒါတွေ, ဟာဆက်လို့ရတာ မဟုတ်ဘဲ၊ မြင်တာကတစ်ခု, စဉ်းစားတာကတစ်ခု, ကြားတာကတစ်ခု, စဉ်းစားတာကတစ်ခု၊ ဒီလို ဘယ်သူခွဲနိုင်သလဲ၊ မခွဲနိုင်ဘူး၊ တစ်ဆက်တည်း ဖြစ်နေတာကိုး။

ရှေ့အမြင်နဲ့ နောက်အမြင်နဲ့လဲ မခွဲနိုင်ဘူး၊ ရှေ့ကြားနဲ့ နောက်ကြားတာနဲ့လဲ မခွဲနိုင်ဘူး၊ အဲဒါလို တစ်စပ်တည်း ဖြစ်နေတာလဲလို့ဆိုလျှင် အဲဒါ သန္တာန် ခေါ်တယ်၊ အဲဒီ သန္တာန် ဖုံးလွှမ်းနေလို့တဲ့၊ အနိစ္စလက္ခဏာ မထင်ကြတာပဲ။

အဲဒီလို သန္တာန်ဖုံးလွှမ်းတာလဲ ဘာကြောင့်လဲဆိုလျှင် ဖြစ်မှု, ပျက်မှုကလေး နှလုံးမသွင်းလို့ပါတဲ့၊ ရုပ်နာမ်တွေက သူတို့ကတော့ ဖြစ်နေကြတာပဲ၊ ဖြစ်ပြီးတော့ ပျောက်နေပါတယ်တဲ့၊ နှလုံးမသွင်းလို့ ဥပမာ–ဘာလိုတုံးဆိုလျှင် ခြံများ,ဝင်းများမှာ ဝင်းခတ်ထားတာရှိတယ်၊ တစ်ချို့နေရာတွေမှာ သစ်သားချောင်းလေးတွေ ထောင်ပြီးတော့ ရိုက်ထားပါတယ်၊ အဲဒါ အနားနားမှာ သွားကြည့်လျှင်တော့ နှစ်လက်မ သုံးလက်မ စသည်ဖြင့် ခြားနေပါတယ်၊ ဒါပေမယ့် အဝေးကနေကြည့်လျှင် မကွဲဘူး၊ အနားနား သွားကြည့်တော့မှ နီးလာလေ ကျဲလာလေလေ အနားက သေသေချာချာ သွားကြည့်တော့ ၂–လက်မ ၃–လက်မ ခြားနေတာ တွေ့ရတယ်၊ တစ်ခုနဲ့ တစ်ခုနဲ့ ဘာမှမဆက်ဘူး၊ အဲဒါလိုပဲ ရုပ်နာမ်တွေက မရှုတော့ ရှေ့ရုပ်နဲ့နောက်ရုပ်နဲ့, ရှေ့နာမ်နဲ့ နောက်နာမ်နဲ့ တစ်စပ်တည်း ဖြစ်နေပြီး ထင်နေပါတယ်။

စဖြစ်ပေါ်လာတာလဲမသိ, ဆုံးသွားတော့လဲ မသိ၊ ဒီလိုဖြစ်နေတာပဲ၊

ဥဒယဗ္ဗယံ–ဖြစ်မှုပျက်မှုကို၊ အမနသိကာရာ–နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ သန္တာယာ–ရှေ့နောက်ဆက်စပ်လျက်ဖြစ်သော ရုပ်နာမ် အစဉ်အတန်းက ပဋ္ဌာန္ဓကွား ဖုံးကွယ်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အနိစ္စလက္ခဏံ–မမြဟု မှတ်သိရသော အနိစ္စ လက္ခဏာသည်။ နဥပဌာတိ–မထင်ဘဲ ရှိလေတော့၏။

ဒါဝိသုဒ္ဓိမဂ်က ဒီပြင် အဋ္ဌကထာတွေလဲ ဒီအတိုင်းပါပဲ၊ အနိစ္စလက္ခဏာ မမြဘူးလို့ မသိရတာ ဘာကြောင့်လဲဆိုလျှင် ဖြစ်ပျက်နေတဲ့သဘောလေးတွေ နှလုံးမသွင်းလို့၊ ရှေ့နောက် ရုပ်နာမ်တွေ တစ်စပ်တည်း ဖြစ်ပြီးတော့ ထင်တယ်၊ ရှေ့နောက် ရုပ်နာမ်တွေ တစ်စပ်တည်းဖြစ်ပြီးတော့ထင်တော့ သန္တာတိက ဖုံးလွှမ်းသွားတာပေါ့တဲ့၊ ရှေ့နောက်စပ်နေတာ၊ ရှေ့က ဖုံးဆိုတာ အပြတ်အပြတ်ထင်နေရမှာ၊ အပြတ်အပြတ် မထင်ဘဲနဲ့ တစ်ဆက်တည်းက ထင်တာဟာ ဖုံးတာပါပဲ၊ အဝတ်နဲ့ ဘာနဲ့ ဖုံးတာ မဟုတ်ဘူး၊ အဲဒီ သန္တာတိကဖုံးတဲ့အတွက် မြဲတယ်လို့ထင်သွားတယ်၊ မမြဲဘူးလို့ မထင်ဘဲ အဲသလိုထင်ပါတယ်တဲ့၊ အဲဒီတော့ မမြဲဘူးလို့ထင်တာ ဘာလုပ်ရမလဲ၊ ဥဒယဗ္ဗယကို နှလုံးသွင်းရမယ်၊ တဲ့....။

ဥဒယဗ္ဗယံ ပန မနသိကတွာ–ဥဒယဗ္ဗယကို နှလုံးသွင်း၍၊ သန္တာယာ–ရှေ့နောက် ဆက်စပ်၍ ရှေ့နောက်ဆက်စပ်လျက် အစဉ်မပြတ်ဖြစ်နေသော သန္တာတိကို၊ ဝိကောပိတာယ–ဖြစ်လိုက်သည်ရှိသော်၊ အနိစ္စလက္ခဏံ–မမြဟု မှတ်သိအပ်သောကြောင့် အနိစ္စလက္ခဏာကို၊ ယထဝတော–ဟုတ်မှန်သော သဘောအားဖြင့် စ၍ ထင်လေတော့၏။

သူ့သဘောအတိုင်း သူ့ဟာသူထင်လာတာတဲ့၊ ယောဂီက လုပ်ယူရတာ မဟုတ်ဘူး၊ မပြတ်တာတွေ တမင်ဆင်ခြင်ယူရတာမဟုတ်ဘူး၊ ရုပ်နာမ်တွေမမြဘူးလို့ တမင်တကာ ဉာဏ်ကူပြီးတော့ ဆင်ခြင်ယူရတာ မဟုတ်ဘူး၊ သူ့ဟာသူကို မမြြတာ၊ ပေါ်လာ ပြတ်ပြတ်ပြီးထင်လာတယ်၊ ဝင်းခြံဟာ အဝေးကနေကြည့်ရင် တစ်ဆက်တည်းပဲ၊ အနားနား သွားကြည့်တော့ ကျဲနေတာ ကိုယ်ကကွဲအောင်လို့ တမင်တကာ ခွဲမယူရပါဘူး၊ သူ့ကိုက ကွဲနေတာ၊ အဲဒါလိုပဲ ဒွါရ ၆–ပါးက ဖြစ်ခိုက်ရုပ်နာမ်ကလေးတွေ မှတ်လို့ရှုလို့ သမာဓိဉာဏ် အားကောင်းလာတဲ့အခါကျတော့ ရုပ်နာမ်တွေဟာ သူ့ဟာသူ အပြတ်အပြတ်တွေပဲ ပေါ်လာလိုက် ပျောက်သွားလိုက် သူ့ဟာသူ အပိုင်းအပိုင်း ကလေးတွေနှင့် သိလာတယ်။

အဲဒီလို အပိုင်းအပိုင်းကလေးတွေ သိတာကို ဉာဏ်လို့ ခေါ်တယ်၊ ဒါ မစဉ်းစားရဘူး၊ မဆင်ခြင်ရဘူး၊ သူ့သဘောအတိုင်း ဖြစ်တာ၊ တစ်ချို့အပြင်ကနေပြီး ဗုဒ္ဓဘာသာကို စူးစမ်းဆင်ခြင်တဲ့ ပုဂ္ဂိုလ်တွေက သူတို့ကရောတဲ့ အတ္တကို အနိစ္စ ဒုက္ခတော့ တစ်ချို့တစ်ဝက်တော့ လက်ခံပါတယ်၊ ဒါပေမယ့်သူတို့က အတ္တ, ဗုဒ္ဓဘာသာတွေက အနိစ္စ, ဒုက္ခ, အနတ္တ ထင်နေတာဟာ တရားကျမ်းဂန်တွေအရ ယုံကြည်ပြီးတော့ စိတ်ကမှန်းပြီးတော့ ရှုလို့ ထင်တာပဲလို့ တစ်ချို့က အောက်မေ့တယ်။

အောက်မေ့လဲအောက်မေ့စရာပဲ၊ ဘာဖြစ်လို့တုံးဆိုတော့ တရားက ဒီလို ဟောထားတာကိုး၊ အနိစ္စ, ဒုက္ခ, အနတ္တ နှလုံးသွင်းရမယ်လို့ဆိုတော့ သူက မှန်းကြည့်၊ ဒါနဲ့ မှန်းတဲ့အတိုင်း မှန်းလို့ ထင်နေတာပဲလို့ ဒီလိုထင်နေကြတာ။

သူတို့က ဒီလိုမဟုတ်ဘူး၊ ယခုဟာ ဘာမှမမှန်းရဘူး၊ ယောဂီပုဂ္ဂိုလ်က အနိစ္စရယ်, ဒုက္ခရယ်, အနတ္တရယ် ဘာမှ မမှန်းရဘူး၊ သို့သော်လဲ အနိစ္စရယ်, ဒုက္ခရယ်, အနတ္တရယ် စောစောကတော့ ကြားသိတော့ သိတာပဲ၊ ဒါပေမယ့်လို့ ဘာမှ မှန်းစရာမလိုပါဘူး၊ ဖြစ်ပေါ်လိုက်ကလေး လိုက်ပြီးတော့ ရှု၊ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ရှု၊ တော်တော်ကြာတော့ အစကလေး ပေါ်လာတာပဲ၊ တော်တော်ကြာ ဆုံးသွားအောင် ဖောင်းတာ လေး မှတ်လိုက်၊ ဖောင်းတာလေး စလာလိုက်ပြီးတော့ ဆုံးသွားလိုက်၊ ပိန်တာလေး ပေါ်လာလိုက်, ပြီးတော့ ဆုံးသွားလိုက်၊ ဖောင်းတာ အဆင့်ဆင့် ပေါ်လိုက်–ပေါ်လိုက်–ဆုံးလိုက် ဒါတွေ တွေ့တယ်၊ စိတ်ကလေးတွေ အဆင့်ဆင့် ပေါ်လိုက် တိုးလိုက် ဒါတွေ့တယ်၊ ဝေဒနာလေးတွေများ ညောင်းတာ ပူတာ စသည်ဖြင့် မှတ်နေရင်း ညောင်းလိုက်–ပျောက်လိုက်၊ ပူတာမှတ်နေရင်း ပူလိုက်–ပျောက်လိုက်ဆို သိပ်ထင်တာ။

အဲဒီလို ဖြစ်ပြီးပျောက်နေတဲ့ သဘောလေးတွေကို ပိုင်းခြားပြီးတော့ သိတာဟာ ဘာမှ မှန်းဆယူရတာ မဟုတ်ဘူး၊ အမှန်းအဆ မပါဘူး၊ ဥပမာ ဥပမေယျတွေနဲ့ ယှဉ်ကြည့်ရတာမဟုတ်ဘူး၊ ရှုမှတ်နေရုံနဲ့ လက်နဲ့ ကိုင်ကြည့်သလိုကို ဖြစ်ပြီး ပျက်သွားလို့ မမြဲဘူးဆိုတာ သေသေချာချာသိရတာ၊ အဲဒီလို သိတာကို ဉာဏ်သိလို့ခေါ်တယ်၊ ဥဒယဗ္ဗယဉာဏ် အဖြစ်အပျက် သိတဲ့ဉာဏ်၊ အဲဒီဉာဏ်ကလဲ ကောင်းတယ်၊ ဖြစ်တိုင်းဖြစ်တိုင်းကို မှတ်နိုင်နေတာပဲ၊ မမှတ်နိုင်တာကို မရှိဘူး၊ ဥဒယဗ္ဗယဉာဏ် ရောက်တော့ ဘာမှမမှတ်နိုင်တာ မရှိဘူး၊ သူ့ဟာသူဖြစ်ချင်ရာဖြစ်၊ အကုန်လုံး တစ်ခါတည်း မှတ်မိနေတာပဲ၊ အလွတ်မရှိဘူး၊ အဲဒီအခါကျတော့ သက်သာခွင့်ရနေတာကိုး။

ဒီမှာ ပဿဒ္ဓိ–စိတ်ငြိမ်း၍သွားတယ်တဲ့၊ စ,အားထုတ်ခါစက လေးလေးပင်ပင် အင်မတန်အားထုတ်ရတာ၊ ဟိုဟာမှတ်ရ ဒီဟာမှတ်ရ, ဖောင်းတာ မှတ်မိအောင်, ပိန်တာမှတ်မိအောင်, ကြားထဲ စိတ်ကူးချင်ရင်လဲ မှတ်မိအောင် ဘယ်ဟာမှတ်ရမှန်း မသိ ကြောင့်ကြတွေက များနေတာကိုး၊ ကြောင့်ကြဗျာပါရတွေများတော့ ပင်ပန်းနေတာ၊ အဲဒီ ဥဒယဗ္ဗယဉာဏ်ရောက်တော့ သက်သာသွားပြီး ငြိမ်းချမ်းသွားတယ်၊ တစ်ခါတည်း အင်မတန် ဟန်ကျသွားတယ်။

ကာယ ပဿဒ္ဓိ, စိတ္တ ပဿဒ္ဓိ၊ အဲဒီပဿဒ္ဓိဟာ သူ့လက္ခဏာက ဘာတုံးဆိုတော့ ဥပသမာလက္ခဏာ–ငြိမ်သက်ခြင်း လက္ခဏာရှိပါသည်တဲ့၊ ငြိမ်းအေးတဲ့ လက္ခဏာတွေပဲတဲ့၊ ပူပန်ပင်ပန်းမှုတွေ ငြိမ်းသွားတာတဲ့၊ စိတ်၏ ကြောင့်ကြမှု ပင်ပန်းမှုတွေ ငြိမ်းသွားတယ်၊ အစတုန်းက ပင်ပင်ပန်းပန်းတွေ လုပ်လာခဲ့ရတာတွေ ငြိမ်းပြီး အေးပြီးသွားတာကိုး။

ဘာနဲ့တူသလဲဆိုတော့ တောင်တက်တဲ့ ပုဂ္ဂိုလ်များလို နေကလဲ ပူပူ၊ တောင်ကလဲ မတ်စောက်နေတဲ့ တောင်ကြီးကို တစ်ခါတည်း တစ်အားခဲပြီး တက်ရတာကိုး၊ ရှေ့ကဣက်ထီးရိုးတောင်တို့ ဘာတို့ဆိုတာ တယ်သွားကြတယ်၊ အတော်တက်ရတယ်၊ ဘုန်းကြီးများလဲ တစ်ခေါက်သွားဖူးလို့ တက်ရတာ တယ်ပင်ပန်းတာပဲ၊ ညမို့တော်ပါသေးရဲ့၊ ဘုန်းကြီးများ သွားတာကတော့ ဘုန်းကြီးများ ညနေခင်းသွားတယ်၊ ဒါတောင်မှ တော်တော်ကြိုးစားရပါတယ်၊ တော်တော် ပင်ပန်းတာပဲ၊ တောင်ထိပ်ကို ၁၂–နာရီကျော်ကျော်လောက်မှ ရောက်တယ်၊ တော်တော်သွားရတယ်၊ ဒါ ညမို့ တော်သေးတာ၊ နေ့ဆိုရင် အင်မတန် ပင်ပန်းမှာပေါ့၊ သူက နေ့ဆိုတော့ တော်တော်လေးမြင့်ရင်ကို တော်တော်ပင်ပန်းတာ၊ ခပ်နိမ့်နိမ့်တောင်တွေ ဒီလိုပဲ တက်ဖူးပါတယ်၊ အင်မတန် ပင်ပန်းတယ်၊ လမ်းမှာ နားရသေးတယ်။

အဲဒီတော့ အဲဒီလို တောင်တက်တဲ့ ပုဂ္ဂိုလ်တွေဟာ ပင်ပန်းလာပြီဆိုတဲ့ အခါကျတော့ လမ်းမှာ နားစရာလေး တစ်ခုနှစ်ခုရှိတယ်၊ သစ်ပင်အောက်တို့ ဘာတို့ သစ်ပင်ဖြစ်ရင်လဲ သစ်ပင်အောက်မှာ အရိပ်ကောင်းကောင်းလေးနဲ့ တောင်စောင်းဆိုတော့ လေလေးက တယ်ကောင်းတယ်၊ အေးအေးနဲ့ အဲဒီမှာ တောင်ကမ်းပါးယံမှာ နားလိုက်တဲ့အခါကျတော့ သက်သာပြီးတော့သွားတယ်၊ ခုနက လမ်းကတက်လာမို့ ပန်းလာတာတွေ အမောအပန်းတွေ ပြေတော့ နေသာထိုင်သာရှိသွားတာလိုပဲ၊ ဒီဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါကျတော့ တရားအားထုတ်တဲ့ပုဂ္ဂိုလ် သိပ်သက်သာသွားတာ၊ ပင်ပန်းမှုတွေ ဘာမှမရှိတော့ဘူး၊ တစ်ခါတည်း ရှေ့ကပင်ပန်းလာတာတွေ အကုန်လုံးပျောက်ပြီး ငြိမ်းသွားတော့ အင်မတန် ကောင်းနေတာကိုး၊ ဥပသမလက္ခဏာ ငြိမ်းအေးခြင်းဟာ သူ့လက္ခဏာပါပဲတဲ့၊ ပဿဒ္ဓိလက္ခဏာနော်၊ အဲဒီပဿဒ္ဓိလက္ခဏာက အားထုတ်တဲ့ပုဂ္ဂိုလ် ကိုယ်တိုင်တွေ့ရတယ်။

ယခုဟာကတော့ ဘုန်းကြီး ပြောတာပဲရှိတယ်၊ သို့သော် ယောဂီတွေကတော့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ များပါတယ်၊ တွေ့ဖူးတဲ့ ပုဂ္ဂိုလ်များပါတယ်၊ ကြောင့်ကြပူရေး ငြိမ်းအေးနေသည်တဲ့၊ ယောဂီပုဂ္ဂိုလ်မှာ ဒါအားမထုတ်ဘဲနဲ့ မတွေ့ဘူး၊ ကိုယ်သန္တာန် ဖြစ်ဖူးတာမဟုတ်ဘဲ၊ စာတွေ့ပြောတာ၊ ယခု စာရေးထားတဲ့ ကြောင့်ကြပူရေး ငြိမ်းအေးသည်ဆိုတာ ဘယ်သူသိမှာလဲ ကိုယ့်သန္တာန်မှာ ဖြစ်ဖူးတာမှ မဟုတ်ဘဲ၊ ကြောင့်ကြ ပူရေး ဘယ်လိုငြိမ်းတယ်ဆိုတာ ဘယ်လိုအားထုတ်တုန်း၊ ဘယ်လိုငြိမ်းတယ်ဆိုတာ ကိုယ်တိုင်တွေ့မှ ဒါလေးကလဲ စာတတ်သည်ဖြစ်စေ မတတ်သည်ဖြစ်စေ အားထုတ်လို့ရှိရင် ယောဂီ ငြိမ်းအေးတာလေး တွေ့တယ်၊ ဒါ သိပ်နေရာကျတယ်။

ဒါ ဘာမှတရားသဘောအနေအားဖြင့် လောကုတ္တရာတရားလဲ မဟုတ်သေးဘူး၊ ဘာမှကြီးကျယ်တဲ့တရား မဟုတ်ဘူး၊ အဲဒါဟာ တရားအားထုတ်မှပဲ တွေ့တယ်၊ ဒါန သီလတွေ ပြုတဲ့အခါလဲ ဒီလို ငြိမ်းအေးတာပါပဲ၊ သို့သော် မထင်ရှားဘူး၊ တရားအားထုတ်တဲ့အခါမှာ ဒါလေးက တွေ့ရတယ်၊ သိပ်နေရာကျတယ်၊ ကိုင်း–ဆိုရမယ်။

ကြောင့်ကြပူရေး ငြိမ်းအေးနေသည်။ (ဆို–၃)

ကြောင့်ကြစိုက်ပြီးတော့ ပူပန်တဲ့ဟာတွေဟာ ငြိမ်းအေးသွားပါတယ်တဲ့။ သူက ဥဒယဗ္ဗယဉာဏ် ရောက်ဖူးတဲ့ပုဂ္ဂိုလ်တွေကိုယ်တိုင် တွေ့ပေါ့၊ ဒါတွေဟာ ရောက်ပြီးတော့ ငြိမ်းလို့၊ ကာယပဿဒ္ဓိ ကိုယ်၏ ငြိမ်းအေးခြင်း၊ စိတ္တပဿဒ္ဓိ–စိတ်ငြိမ်းအေးခြင်း၊ စိတ်၏ငြိမ်းအေးစိတ်နဲ့တွဲပြီးဖြစ်တဲ့ စေတသိက်နဲ့ တရားအပေါင်း ငြိမ်းတာ ကာယ ခေါ်တယ်၊ အဲဒီကာယတွေ ငြိမ်းသွားတယ်၊ အဲဒီ စိတ် နာမ်အပေါင်း ငြိမ်းအေးသဖြင့် ရုပ်ကိုယ်ကြီးလဲ အေးသွားတယ်၊ ရုပ်ကိုယ်လဲ တော်တော်ကိုအေး

ငြိမ်းသွားတယ်၊ အစက ညောင်းကိုက်ပူပန်နေတာတွေ အဲဒါတွေ အကုန်လုံးပျောက်တယ်၊ ဒီမှာ ရုပ်ကိုယ်လဲ အကုန်လုံးငြိမ်းတာ။

ဒါကြောင့် ဒီမှာ စေတသိက်ပဿဒ္ဓိလို့ ဘုရားက မဟောဘဲနဲ့ ကာယပဿဒ္ဓိလို့ ဟောထားတာ၊ စေတသိက်နာမ်အပေါင်း ကာယငြိမ်းတယ် ဆိုပေမယ်လို့ စိတ်နာမ်အပေါင်းသာ မဟုတ်ဘူး၊ ရူပကာယ–ရုပ်ကိုယ်ကြီးလိုပါ ငြိမ်းအေးသွားတာ အင်မတန်ထင်ရှားပါတယ်၊ ယောဂီပုဂ္ဂိုလ်တွေအားထုတ်တဲ့အခါမှာ အင်မတန်ထင်ရှားတယ်၊ ကိုယ်ရော စိတ်ရော အေးငြိမ်းပြီး ငြိမ်းပြီးတော့နေတာ ယောဂီက သိပ်လဲသဘောကျတယ်၊ ဒီငြိမ်းအေးတာ နိဗ္ဗာန်ရောက်နေတယ်လို့ အောက်မေ့တယ်၊ နိဗ္ဗာန်နဲ့ လဲတူလဲတူတယ်၊ နိဗ္ဗာန်နဲ့တော့ ဆင်လဲဆင်တယ်၊ သိပ်သာယာစရာ ကောင်းတယ်၊ ငြိမ်းအေးမှုကို ရောက်တယ်။

ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ နှစ်ခုရှိတယ်၊ အဲဒါ နှစ်ခုကို ဒီမှာတော့ ဗောဒ္ဓေါင်အနေအားဖြင့် ခွဲလိုက်တဲ့အခါကျတော့ သူ့ကို တစ်ခုပဲယူတယ်၊ နို့မို့ရင် ဗောဒ္ဓေါင် ၈–ပါး ဖြစ်နေတယ်၊ ဗောဒ္ဓေါင် ၇–ပါး ရှိတာကိုး၊ သတိသမ္ဗောဇ္ဈင်ကတစ်ခု ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကတစ်ခု ဝီရိယကလဲတစ်ခု ပီတိကလဲ တစ်ခု သူ့ကျော်ပြီးတော့ သမာဓိကတစ်ခု ဥပေက္ခာကတစ်ခု ကျန်တာ ၆–ခု ရှိတာကိုး၊ အဲ–ပဿဒ္ဓိကရော တစ်ခုပဲ ထည့်ရတယ်၊ ပဿဒ္ဓိက ကာယ ပဿဒ္ဓိ သမ္ဗောဇ္ဈင်တစ်ခု၊ စိတ္တပဿဒ္ဓိ ဗောဒ္ဓေါင်က ဒီလိုနှစ်ခုတွဲလိုက်ရင်ဖြင့် ဗောဒ္ဓေါင် ၈–ပါး ဖြစ်သွားမှာပေါ့၊ ၈–ပါး မလုပ်ရဘူး၊ ဒီမှာ ၂–ခု စလုံးပေါင်းပြီးတော့ တစ်မျိုးတည်း ယူရတယ်၊ ဗောဓိပက္ခိယတရား ၃၇–ပါး ဆိုရာမှာလဲ သူတို့ကို ၂–ခုမခွဲရဘူး၊ သူတို့ တစ်ခုပဲ ယူရတယ်။

အကယ်၍ သူ့ကို နှစ်ခုခွဲလိုက်လို့ရှိရင် ဗောဓိပက္ခိယတရား ၃၈–ပါး ဖြစ်ကရောပဲ၊ အဲဒီလို မခွဲရဘူး၊ သူက တစ်ခုပဲ ယူရမယ်၊ အဲဒီ ပဿဒ္ဓိသမ္ဗောဇ္ဈင်က ငြိမ်းအေးခြင်းဟာ သူ့လက္ခဏာပဲတဲ့၊ ငြိမ်းအေးပြီး ငြိမ်းချမ်းနေတာ၊ စိတ်တစ်ခါတည်း ပူပန်ပင်ပန်းမှုတွေ အဲ–စိတ်ထဲက ပူပန်ပင်ပန်းမှုငြိမ်းအေးသလို ကိုယ်ထဲမှာလဲ ပူပန် ပင်ပန်းမှုတွေ ငြိမ်းလို့ သက်သာခွင့်ရပြီး အေးနေတာကိုး၊ အားထုတ်တဲ့အခါ ကိုယ်တိုင် သိရမယ်၊ ဒီဗောဇ္ဈင်တရား အင်မတန်ကောင်းတဲ့တရား၊ နောက် သူ့ရဲ့ လက္ခဏာ၊ ပြီးတော့ သူ့ရသက ဘာရသလဲဆို ကာယစိတ္တ ဒရထနိမ္မဒ္ဓန ရသာ တဲ့။

ပဿဒ္ဓိ–ပဿဒ္ဓိသည်၊ ကာယစိတ္တ ဒရထနိဒ္ဓနရသ–ကိုယ်စိတ်တို့၏ ပူပန်ပင်ပန်းခြင်းကို နင်းနယ် ချေမှုန်းခြင်းလျှင် သူ့ကိစ္စရှိ၏တဲ့၊ ဆင်များ ဘေးရန်အန္တရာယ် နင်းပြီးသကာလ ချေမှုန်းပစ်သလို ကိုယ်မှာ ပိုးကောင်လေးတွေ ဘာလေးတွေ တက်လာလို့ရှိရင် ကလေးတွေ ဘာတွေ မစောင့်စည်းတဲ့ ပုဂ္ဂိုလ် ဆိုလို့ရှိရင်ပေါ့လေ၊ ကိုယ်ပေါ် လာကိုက်ရမလား ဆိုပြီးတော့ ငါချုပစ်လိုက်တာ၊ ဒါလဲ လုပ်ကောင်းတဲ့ဟာတော့ မဟုတ်ဘူးပေါ့လေ၊ ဒါ ဥပမာ ပြောရတာ အဲဒါလိုပဲ။

ဒီအသုံးက ဒီလိုသုံးထားတယ်၊ ချေမှုန်းတဲ့သဘော ချေဖျောက်ပစ်တယ်၊ ချေပြီးသကာလ ပစ်လိုက်တယ်၊ကိုယ်ပင်ပန်းမှု စိတ်ပင်ပန်းမှုတွေကို ချေဖျက်ပြီးသကာလ ပစ်လိုက်တယ်တဲ့၊ ဒီတရားတွေက အစတုန်းက ကိုယ်ရော စိတ်ရောပင်ပန်းနေ၊ ကြောင့်ကြစိုက်ရလို့ နှလုံးသွင်း အားထုတ်ရလို့ ပူပန်ပင်ပန်းနေတာတွေဟာ ဒီရောက်တော့ တစ်ခါတည်း ပျောက်ပြီးသွားတာကိုး။ ငြိမ်းအေးမှုတွေ ယူပစ်လိုက်သလိုပဲ။ တစ်ခါတည်း ဖြုန်းကနဲဆို ပျောက်သွားတာကိုး။ အပူထဲကလာ အအေးထဲ ဖြုတ်ခနဲ ရောက်သွားသလို တစ်ခါတည်း ပူပန်ပင်ပန်းမှုတွေ တစ်ခါတည်း လုံးလုံးပျောက်သွားတာကိုး။

ဒါကြောင့် ကိုယ်စိတ်ပင်ပန်းမှုကို နင်းနယ်ချေမှုန်းခြင်း ပပျောက်စေခြင်းဟာ သူ့ရဲ့ကိစ္စပဲတဲ့၊ သူ့အလုပ်ပါပဲတဲ့။ သူဖြစ်လာလို့ရှိရင် ကိုယ်ပင်ပန်းမှု စိတ်ပင်ပန်းမှုတွေဟာ တစ်ခါတည်း ပျောက်ငြိမ်းသွားတယ်၊ အဲဒီကိုယ်ပင်ပန်း, စိတ်ပင်ပန်းတာတွေ ဒီနေရာ ဘယ်လိုဖြစ်သွားသလဲဆို ကြောင့်ကြစိုက်ပြီးတော့ ပူပန်ပင်ပန်းတာတွေ တရားအားထုတ်ရလို့ ကြောင့်ကြစိုက်ပြီး ပူပန်ပင်ပန်းတာတွေ ဒါန သီလမှုတွေမှာတော့ ဒါတွေက သိပ်မထင်ရှားဘူး။ ဒါနဆိုတာက ကြောင့်ကြစိုက် လုပ်ရတာကိုး။ လုပ်နေတော့ ပူပန်ပင်ပန်းမှုတွေ မပျောက်ဘဲနဲ့ တိုးဖြစ်နေတတ်ပါတယ်။

သို့ပေမယ့် မထင်ရှားဘူး။ သူက သီလစောင့်ထိန်းရတာလဲ ဒီလိုပဲ။ သီလသိက္ခာပုဒ်တွေ ခဲခဲယဉ်းယဉ်းတွေ မစောင့်ချင်ပေမယ့် ပေပြီးစောင့်နေရတာ သူကလဲ ပင်ပန်းသား ကိုယ်ကလုပ်ချင်တာတွေ မလုပ်ရဘူး၊ ဒါပင်ပန်းနေတာပေါ့၊ ဥပမာ–ပွဲကကြည့်ချင်နေတယ်၊ မကြည့်ရဘူးဆိုတော့ ပွဲကြိုက်တဲ့ လူအဖို့ခက်တာပေါ့၊ ပင်ပန်းမှုတွေ မအေးဘူး၊ ဒါပေမယ့် ကိုယ် အကျိုးကျတော့ အေးပါတယ်။ ပွဲမကြည့်ရတဲ့အတွက် အိပ်ရေး မပျက်ဘူး။ သို့သော်လဲ သူ အောင့်ရတာတော့ သူ တယ် မသက်သာလှဘူး၊ ယခုဘာဝနာကဖြစ်တဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကလဲ အဲဒီပူပန်ပင်ပန်းမှုတွေ ငြိမ်းအေးတာ သိပ်ကို ထင်ရှားတယ်။

တရားအားထုတ်ကာစက ခုနကပြောခဲ့တဲ့ ပူပန်ကြောင့်ကြဗျာပါရစိုက်ပြီးတော့ ရှုမှတ်ရတာတွေဟာ ဒီကျတော့ ကြောင့်ကြမစိုက်ရဘဲနဲ့ သက်သက်သာသာကလေး အမှတ်ကလေးသွားပြီးတော့ ငြိမ်းအေးနေတာကိုး၊ ကိုယ်စိတ်ကြောင့်ကြ ပင်ပန်းမှုတွေဟာ တစ်ခါတည်း ပျောက်ပြီးတော့ သွားပါတယ်တဲ့၊ အဲဒီ ပျောက်ငြိမ်းနေတာဟာ သူ့ရဲ့ အလုပ်ပါပဲတဲ့၊ ကိုင်း–ဆိုရမယ်။

ကြောင့်ကြပူခြင်း နှိမ်နင်းပယ်သည်။ (ဆို–၃)

အဲ–ကြောင့်ကြပြီးတော့ စိတ်ထဲမှာ ကြောင့်ကြစိုက်ပြီးတော့ ပူပန်ပြီးနေတာတွေကို မင်းတို့သွားကြရော့ဆိုပြီးတော့ ပယ်ထုတ်လိုက်သလိုပဲ၊ တစ်ခါတည်း ချေဖျက်လိုက်သလို တစ်ခါတည်း အေးသွားတယ်။ အင်မတန် ကောင်းတယ်၊ ဒီဥဏှာ်ရောက်လို့ရှိရင် ရောက်လဲရောက်ပါတယ်။ ကြိုးကြိုးစားစား အားထုတ်လို့ရှိရင် ဒါ ကြိုးကြိုးစားစား အားထုတ်ရင် ၃–၄ ရက်ဆိုရင် ရောက်တာပဲ။ မကြိုးစားတဲ့ပုဂ္ဂိုလ်တွေတော့ ၇–ရက် နဲ့မရောက်တာလဲရှိတာပဲ။ ၁၅–ရက် မရောက်တာလဲရှိတယ်၊ တစ်လတောင် တချို့မရောက်ဘူး၊ ဒါတွေလဲရှိတာပဲ ပြောလို့တော့ မဖြစ်ဘူး။ ကြိုးစားပြီး တင်းတင်းရင်းရင်းသာ အားထုတ်လို့ရှိရင် ၃–၄ ၅ ရက်ဆိုရင် ဒါရောက်ပြီးတော့ အေးငြိမ်းမှုတွေ ရပြီးတော့နေတာ၊ အင်မတန် ကောင်းတယ်။

နောက်တစ်ခုက လက္ခဏာ ရသ ပစ္စုပ္ပဋ္ဌာန်ကတော့ ဘာတုံးဆိုတော့ ကာယစိတ္တာနံ အပရိဖန္ဒ နာဘူတပီတိဘာဝ ပစ္စုပ္ပဋ္ဌာနံ။ ကာယစိတ္တာနံ–ကိုယ်စိတ်နှစ်ပါးတို့၏ အပရိဖန္ဒနဘူတာ ပီတိဘာဝ ပစ္စုပဋ္ဌာနာ–မတုန်လှုပ်ခြင်း, မတုန်လှုပ်သည် ဖြစ်၍ဖြစ်ခြင်း, ငြိမ်အေးခြင်းလျှင် ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဌာ်ထင်သော အခြင်းအရာရှိ၏၊ မတုန်လှုပ်တဲ့သဘောပဲ၊ ကိုယ်ရော, စိတ်ရောလှုပ်ရှားခြင်းမရှိဘူး၊ ငြိမ်လို့ ငြိမ်သက်ပြီးနေတယ်၊ အစတုန်းကဆိုလျှင် ဟိုသွားရဦးမလိုလို ဒီသွားရဦးမလိုလို၊ ဟိုဟာလုပ်ရဦးမလိုလို ဒီဟာလုပ်ရမလိုလို စိတ်က တယ်ငြိမ်တာ မဟုတ်ဘူး၊ အင်မတန် ထိန်းရတယ်။ ယခုတစ်ခါတည်း ငြိမ်းပြီးတော့ အဲဒီလို ဖြစ်နေတာကိုး၊ ကိုယ်ရော, စိတ်ရော ငြိမ်သက်ပြီး နေခြင်းတဲ့။

အဲဒီ ခုနက စေတသိက်ရုပ်အပေါင်းကို စေတသိက်နာမ်အပေါင်းကို ငြိမ်နေသလိုပဲ၊ ရုပ်ကြီးကလဲ ငြိမ်းသက်ပြီးတော့ တစ်ခါတည်း ထိုင်လဲငြိမ်နေတာပဲ၊ လဲ့နေထဲ ငြိမ်းနေတာပဲ၊ မလှုပ်ဘူး၊ သူက ကိုယ်က ငြိမ်သက်နေတာ၊ ညောင်းညာပင်ပန်းခြင်းတွေကလဲ မရှိဘဲဟာကိုး၊ ငြိမ်သက်နိုင်တာပေါ့၊ အစတုန်းက တလွန့်လွန့်တလက်လက်တွေ ဖြစ်နေတာ ငြိမ်းပြီးတော့ ကိုယ်ရော, စိတ်ရော တစ်ခါတည်းငြိမ်သက်နေတာ၊ ပီတိဘာဝ–အေးတဲ့သဘောပဲတဲ့၊ အေးနေတဲ့သဘောလို့ အစက ပူပန်နေတဲ့သဘောထဲက အအေးထဲ ရောက်သွားတာ သူက ကိုယ်ရော စိတ်ရော အေးခြင်း သဘောဟာဖြင့် ယောဂုပုဂ္ဂိုလ်ဉာဏ်ဖြင့် ထင်ပါတယ်တဲ့ အေးနေတဲ့သဘောဟာ ဒါကြောင့် ဒီဥစ္စာနိဗ္ဗာန်ထင်တာ၊ တချို့က နိဗ္ဗာန်လို့ထင်တတ်တယ်၊ ဒီရောက်ရင် ငါ ဒီနေရာရောက်လို့ရှိရင် ငါ နိဗ္ဗာန်ရောက်နေတာပဲ ထင်တတ်တယ်။

လှုပ်ရှားမှုကင်း အေးခြင်းထင်သည်၊ လှုပ်ရှားမှုကင်းနေတဲ့ အနေအားဖြင့်လဲ ယောဂီပုဂ္ဂိုလ် ထင်ပါတယ်တဲ့၊ အေးငြိမ်းတဲ့အနေအားဖြင့် အေးနေတဲ့ အနေအားဖြင့်လဲ ယောဂီပုဂ္ဂိုလ်မှာ ထင်ပါတယ်တဲ့၊ ကိုင်း ဆိုရမယ်။

လှုပ်ရှားမှုကင်း အေးခြင်းထင်သည်။ (ဆို–၃)

အဲ လှုပ်ရှားမှုကင်းတဲ့ အနေအားဖြင့်လဲ ထင်တယ်၊ ဒါက ပစ္စုပ္ပဋ္ဌာန်တစ်ခု၊ အေးတဲ့ အနေအားဖြင့်လဲ ထင်တယ်၊ ပီတိဘာဝကို အေးပြီးတော့ ကိုယ်ထဲမှာ တစ်ခါတည်းအေးပြီးနေတဲ့ နေရာလေး ဒီလိုလဲပဲ ထင်တယ်၊ ဒါကြောင့် သူက နိဗ္ဗာန်လို့ထင်ရတယ်၊ အဲဒါဟာ ပဿဒ္ဓိသမ္ဘောဇ္ဈင်ပဲလို့၊ ပဿဒ္ဓိသမ္ဘောဇ္ဈင် သိလို့ရှိရင် ဒီတိုင်းသိရမယ်၊ လက္ခဏာအားဖြင့် ကြောင့်ကြပူရေး ငြိမ်းအေးစေသည့် လက္ခဏာရသအားဖြင့် ကြောင့်ကြပူခြင်း နှိမ်နင်းပယ်ပျက်သည့်လက္ခဏာ ကြောင့်ကြအပူတွေ ယူပစ်လိုက်သလို ပယ်ဖျောက်တတ်တဲ့ တရားပဲ၊ ဟော ပစ္စုပ္ပဋ္ဌာန်အားဖြင့် ဆိုရင်ဖြင့် လှုပ်ရှားမှုကင်းနေတယ်။

ကိုယ်ရောစိတ်ရော လှုပ်ရှားမှုမရှိဘဲနဲ့ ငြိမ်သက်နေတယ်၊ အပူအပန်တွေမရှိဘဲနဲ့ အေးနေတဲ့သဘော အဲဒီလိုအနေအားဖြင့် ယောဂီပုဂ္ဂိုလ်ဉာဏ်အားဖြင့် ထင်ရှားပါတယ်၊ ဒီလိုသိရပါတယ်၊ အဲဒါကြောင့် ပဿဒ္ဓိ မှတ်သိသမ္ဘောဇ္ဈင် မည်တဲ့။ နောက်ဆုံးက နိဂုံးချုပ်ကလေး ဆိုရမယ်၊ ပဿဒ္ဓိ မှတ်သိ သမ္ဘောဇ္ဈင်တည်း၊ ပဿဒ္ဓိမ္ဘောဇ္ဈင် မည်ပါတယ်တဲ့၊ ယောဂီပုဂ္ဂိုလ် ပဿဒ္ဓိဗောဇ္ဈင်မည်တယ်လို့ မှတ်ပါတယ်တဲ့၊ ဒီလိုဆိုပါတယ်၊ အဲဒီ ပဿဒ္ဓိဗောဇ္ဈင် ပြီးသွားပြီ။ ပဿဒ္ဓိဗောဇ္ဈင်ပြီးသွားတော့–

အသန္ဓံ ဝါ အဗ္ဗျတ္တံ ပဿဒ္ဓိ သမ္ဘောဇ္ဈင်ံ နတ္ထိ မေ အဗ္ဗျတ္တံ ပဿဒ္ဓိ ဆ ဗောဇ္ဈင်ဂေါတိ ပဇာနာတိ။

အဗ္ဗျတ္တံ–ကိုယ်တွင်းသန္တာန်၌၊ အသန္ဓံ–ထင်ရှားမရှိသော၊ ပဿဒ္ဓိ သမ္ဘောဇ္ဈင်ံ ဝါ–ပဿဒ္ဓိသမ္ဘောဇ္ဈင်ကိုလည်း၊ မေ–ငါ၏၊ သန္ဓံ–ကိုယ်တွင်းသန္တာန်၌၊ ပဿဒ္ဓိသမ္ဘောဇ္ဈင်ေါ–ပဿဒ္ဓိသမ္ဘောဇ္ဈင်သည်၊ နတ္ထိ–မရှိ၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏။

ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဘောဇ္ဈင်မရှိရင်လဲ မရှိမှန်းသိတယ်၊ အားထုတ်ခါစ ပုဂ္ဂိုလ်ကတော့ မရှိနေတာပါပဲ၊ အဲဒီ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ ကျတော့ရှိနေတာပဲ၊ ရှိတဲ့ကာလကြတော့ တချို့ပုဂ္ဂိုလ်က ဒါပဲ သဘောကျနေတော့တာပဲ၊ နိဗ္ဗာန်ရောက်နေတယ်လို့ အောက်မေ့နေတယ် သဘောကျပြီး ဒါဆိုရင် တရားမတက်တော့ဘူး၊ ဒီတော့ ကမ္မဋ္ဌာန်းဆရာတွေက

တယ်တိုက်တွန်းရတယ်၊ ဒါလေး အမှတ်ခိုင်းရတယ်၊ ငြိမ်းရင်လဲငြိမ်းတယ်၊ အေးရင်လဲအေးတယ်၊ အဲဒါလေးမှတ်ရတယ်၊ ရပ်နေလို့မဖြစ်ဘူး၊ အဲဒါလေးကို ကောင်းနေတဲ့သဘောလေးကိုမှတ်ရတယ်၊ မှတ်ပါများတော့ သူက ပျောက်သွားတယ်။

ပျောက်သွားလို့ ဝမ်းနည်းစရာတော့ မကောင်းပါဘူး၊ သူ ပျောက်သွားတာနဲ့ ရှေ့ကို တိုးတက်ပြီး ကောင်းလာတာပဲ၊ ငြိမ်းအေးမှုကလေး ကင်းသွားတဲ့အခါ ရှုမှတ်လို့ပျောက်သွားတဲ့အခါလဲ ပျောက်သွားတယ်၊ ပျောက်တာသိပါတယ် သိပါတယ်၊ ယောဂီတွေက ပြောတာတော့ အရင်တစ်နေ့ကဟာတွေ ရှိသေးသလား မရှိဘူးလား၊ မရှိဘူး၊ သူ့ဟာသူ ပျောက်လာတယ်၊ ဟိုဟာတွေ ပျောက်ကုန်ပြီမရှိဘူး၊ သူတို့ကပြောတာ၊ မရှိရင်လဲ မရှိမှန်းသိတာပဲ၊ ရှိရင်ရှိမှန်းသိတယ်၊ ကိုယ့်သန္တာန်မှာ ဖြစ်နေတာပဲ၊ အဲဒါ သိပါတယ်။

ယထာစ–အကြင်အကြောင်းကြောင့်လဲ၊ အနုပ္ပန္နသ–မဖြစ်ပေါ်သေးသော၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂသ–ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂ၏၊ ဥပ္ပာဒေါ–ဖြစ်ပေါ်လာခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဉ္စ–ထိုအကြောင်းကိုလည်း၊ ပဇာနာတိ–သိ၏။

ပဿဒ္ဓိ–မဖြစ်ပေါ်သေးတဲ့ ပဿဒ္ဓိ–အသစ်ဖြစ်လာရင် ဘာကြောင့်ဖြစ်တယ်ဆိုတဲ့ အကြောင်းလေးရှိရတယ်၊ အဲဒီအကြောင်းလေးကိုလဲ သိပါစေ၊ ဒီအကြောင်းလေးက ဘာတုန်းလို့ မြတ်စွာဘုရားက ယောနိသော မနသိကာရ ပါပဲတဲ့၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်း၏ အကြောင်းက ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ ဆိုတာ ရှိတယ်၊ အဲဒီ ပဿဒ္ဓိတွေဖြစ်ဖို့ရန်အတွက် ယောနိသော မနသိကာရရှိတယ်တဲ့၊ ပဿဒ္ဓိဖြစ်အောင်လို့ နှလုံးသွင်းတယ်ဆိုတဲ့ ယောနိသော မနသိကာရ၊ ပဿဒ္ဓိဖြစ်လောက်အောင်လို့ ရှုမှတ်တဲ့ ဝိပဿနာ ယောနိသော မနသိကာရ စိတ်အကြောင်း ပြုပြီးတော့ ဖြစ်တာပဲတဲ့၊ အဲဒါကတော့ လိုရင်းပါပဲ။

ဒါပေမယ့်လဲ အဋ္ဌကထာဆရာကတော့ကို ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်း ၇–ပါး ထုတ်ပြထားတယ်၊ အဲဒီ ၇–ပါးထဲက ဆောင်ပုဒ်ကလေး ဒီမှာရေးထားတယ်၊ ပဿဒ္ဓိဖြစ်ခြင်းအကြောင်း ၇–ပါး မ္မောဇ္ဈင်ဥတု နေထိုင်မှု မှီပြု သင့်မြတ်ရာတဲ့။

ဗောဇ္ဈင်ရယ်, ဥတုရယ်, နေထိုင်မှုရယ်၊ အဲဒါ ၃–ခုပေါ့လေ၊ သင့်မြတ်ရာကို မှီရမယ်တဲ့။

ပဏီတတောဇနသေဝိတာ–မွန်မြတ်သော ဗောဇ္ဈင်ကို သုံးဆောင်ရမယ်တဲ့၊ ဒါ တယ်နေရာကျတယ်၊ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ချင်လို့ ရှိရင် အစားကိုကောင်းကောင်းစားပေးရတယ်၊ ဟန်ကျတဲ့ဥစ္စာပဲ၊ ကောင်းကောင်းမစားရင် ဖြစ်မှာတော့ မဟုတ်ဘူး၊ တရားလဲအားထုတ်ဦးမှဖြစ်မှာ ကောင်းကောင်းလဲ စားချင်သေး၊ အိပ်နေလို့ဘာမှ ဖြစ်မှာမဟုတ်ဘူး၊ အားလဲထုတ်ဦးမှ ဖြစ်မှာ ပဏီတဘောဇန–မွန်မြတ်တဲ့ ဘောဇဉ်ကို မှီဝဲသုံးဆောင်လို့ရှိရင် ကောင်းတဲ့အစာအာဟာရလေးတွေစား၊ ကိုယ်နဲ့ သင့်မြတ်တဲ့ အစာအာဟာရလေးတွေ စားနေရမယ်ဆိုလျှင် သင့်မြတ်တဲ့ အစာအာဟာရ စားမယ်ဆိုပြီး ဗောဇ္ဈင်တွေဖြစ်ပြီးတော့ တရားထူးရဖူးတာကတော့ မာတိကာဒါယိကာမကြီး ဝတ္ထုဖြင့် အတော်ထင်ရှားပါတယ်၊ အဲဒါပဲကြားဖူးနေကျ ဖြစ်မှာပါပဲ၊ ဘုန်းကြီးလဲ ဟောဖူးတာတွေ တော်တော်များနေပါပြီ၊ ဒါပေမယ်လို့ ဒီနေရာမှာ သာဓကအဖြစ်နဲ့ ထုတ်ပြီးပြရမှာပေါ့၊ ထုတ်ပြဖို့ရာ လိုနေပါတယ်၊ မကြားဖူးတဲ့ပုဂ္ဂိုလ်တွေလဲ မှတ်ရတာပေါ့၊ မာတိကာဒါယိကာမကြီးဝတ္ထု သို့သော်လဲ ဆောင်ပုဒ်ကလေးက အရင်ဆုံးဆိုဦးမှဖြစ်မှာ၊ ဘောဇဉ်ဥတု နေထိုင်မှု မှီပြုသင့်မြတ်ရာတဲ့၊ ၃–ခု၊ ကဲ–ဆိုရမယ်။

ဘောဇဉ် ဥတု နေထိုင်မှု မှီပြုသင့်မြတ်ရာ။ (ဆို–၃)

အဲ–ဘောဇဉ်၊ သင့်မြတ်တဲ့ ဘောဇဉ် ကောင်းမြတ်တဲ့ ဘောဇဉ် မှီဝဲရမယ်၊ ဥတု အအေးအပူမှာပဲ ကိုယ်နဲ့သင့်လျော်တဲ့ ဥတုကို မှီဝဲရမယ်၊ နေထိုင်မှုတဲ့၊ ဣရိယာပုထ်၊ သင့်လျော်တဲ့ ဣရိယာပုထ်နဲ့ နေထိုင်ရမယ်၊ ဒီလိုဆိုတာပါပဲ၊ ကိုယ်ကထိုင်နေတာဖြစ်ရင် ထိုင်ရမယ်၊ စင်္ကြံသွားနေတာဖြစ်ရင် စင်္ကြံသွားရမယ်၊ သင့်လျော်အောင် စင်္ကြံသွားရမယ်၊ ထိုင်ချင်ထိုင်သွားချင်သွားပေါ့၊ လဲအိပ်နေလို့ရှိရင်လဲ ခဏတဖြုတ်လဲအိပ် ဒီလိုလုပ်မှပေါ့၊ ထိုင်ရာမှာလဲ တင်ပျဉ်ခွေ ထိုင်နေရင် တင်ပျဉ်ခွေ ထိုင်ရမှာပေါ့၊ ခြေထောက်ဆင်းထိုင်လို့တော်ရင်လဲ ခြေထောက်ဆင်းထိုင်ရမယ်၊ ကိုယ်သဘောကျသလို ထိုင်ရမယ်၊ တစ်ချို့ပုဂ္ဂိုလ်ကဒူးကွေးလို့ မရဘူး၊ ဒူးကွေးလို့ မရတဲ့ဥစ္စာ ကွေးထိုင်ရမယ်ရင်၊ ဘယ်ဖြစ်လိမ့်မလဲ၊ ဆန့်ထိုင်လို့ဖြစ်ရင် ဆန့်ထိုင်ရမှာပဲ၊ ပုံတော်သလိုသင့်လျော်တဲ့ ဣရိယာပုထ်နဲ့ နေရမယ်၊ သင့်လျော်တဲ့ ဣရိယာပုထ်နဲ့နေမှ ကိုယ်စိတ်ချမ်းသာပြီးတော့ ဒီပဿဒ္ဓိက ဖြစ်မှာ။

မသင့်လျော်တဲ့ ဣရိယာပုထ်နဲ့နေလို့ရှိလျှင် လက်တွေဘာတွေ ကောက်ကွေးနာကျင်ပြီးတော့ ဒီဟာလိုက ကိုယ်ပင်ပန်း စိတ်ပင်ပန်းတွေ ဖြစ်နေတာပဲ၊ ပဿဒ္ဓိ ဘယ်ဖြစ်နိုင်မလဲ။ ဘောဇဉ်ဥတု နေထိုင်မှု မှီမှုသင့်မြတ်ရာ။

အဲဒါ အမှီပြုရမှာ ဒါတွေကတော့ သိပ်မနက်နဲပါဘူး၊ လွယ်လွယ်ကလေးပါပဲ၊ ဒါပေမယ့် ခုနက ဘောဇဉ် သင့်လျော်တဲ့ ဘောဇဉ် မှီဝဲရတဲ့အတွက် တရားထူး ရသွားကြတယ်ဆိုတဲ့ အတ္ထုပ္ပတ္တိကတော့ ခုနက ပြောခဲ့တဲ့ မာတိကာ ဒါယိကာမကြီး

ဝတ္ထု၊ သူက မှတ်သားစရာလဲကောင်း ကြည်ညိုစရာလဲ ကောင်းပါတယ်၊ အတုယူစရာလဲ ကောင်းပါတယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အားတက်စရာ ကောင်းရဲ့၊ သူက တယ် နေရာကျတယ်၊ မြတ်စွာဘုရားလက်ထက် အခါကာလက ရဟန်း ဖဂ္ဂိုပ် ခြောက်ဆယ်ပေါ့လေ၊ ဝါဆိုဦးဆိုတော့ မြတ်စွာဘုရားဆီက ကမ္မဋ္ဌာန်းယူပြီးတော့ သင့်လျော်ရာဌာနမှာဝါဆိုပြီး တရားအား ထုတ်ကြတယ်၊ ရှေးတုန်းက ဒီလိုအားထုတ်ကြတာပဲ။

ဘုရားလက်ထက်တုန်းကလဲ များသောအားဖြင့် တရားအားထုတ်ကြတာပဲ၊ သာသနာဘောင် ဝင်လာကတည်းက အားထုတ်ဖို့ဝင်လာကြတာပဲ။ အခု အဲဒီက စည်းစနစ်ကိုယူပြီးတော့ သက်နိုးဝတ်တဲ့အခါကာလ ဘာပြောသလဲဆိုရင် သကလ ဝန္ဒ ဒုက္ခ နိဿရဏ နိဗ္ဗာနသ သစ္ဆိကရဏတ္ထာယဆိုတာ ဆိုရတာပဲ၊ အဲဒါ တကယ့် စိတ်ပါလက်ပါ အလုပ်လုပ်ဖို့၊ ဒါက သတိရအောင်လို့ ဆိုပေးရတာ၊ ခုတော့ ဘာရယ်မဟုတ်ပါဘူး၊ ဒါတွေဆိုရမယ်ဆိုပြီး ဆိုကြတာပဲ၊ စိတ်က ဟုတ်ချင်မှဟုတ် မယ်၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်းအကျိုးငှာ ရှင်သာမဏေပြုပေးပါ၊ ဒီလို တောင်းပန်ရတာကိုး၊ ဒါနဲ့ ဝဋ်ဆင်းရဲမှလွတ်မြောက်၍ နိဗ္ဗာန်မျက်မှောက်ပြုဖို့ရာအတွက် သာမဏေပြုပေးပါတဲ့၊ စိတ်ပါလက်ပါနဲ့ တကယ်တောင်း ပန်ပြီးတော့ တကယ် သက်နိုးဝတ်တဲ့အခါကျတော့လဲ တကယ် ကျင့်ရမှာကိုး။

တောင်းပန်တုန်းက တောင်းပန်ပြီး ပြီးတော့လဲ ပြီးပြီးသား ပြီးပြီးပျောက်ပျောက်တော့လဲ နေရာမကျဘူး၊ တကယ် တောင်းပန်ပြီးတော့ တကယ်သက်နိုးဝတ်ပြီး တကယ်ကျင့်ရတယ်၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ဖို့ရာ သီလ–သိက္ခာပုဒ် တွေ ဘုရားပညတ်တော်မူတဲ့အတိုင်း မကျိုးမလွန်အောင် စင်ကြယ်အောင်ကျင့်ရမယ်၊ သမာဓိဘာဝနာတွေ တတ်နိုင်သလောက် ပွားများအားထုတ်ရမယ်၊ ကြိုးစားရမယ်၊ ပညာဘာဝနာ ဝိပဿနာ ဘာဝနာတွေ တရားတွေကို အားထုတ်ရမယ်၊ ကြိုးစားပြီး ဖြည့်ကျင့်အားထုတ်ရမယ်၊ ဒီလိုလုပ်ရမှာကိုး၊ ပေါ့ပေါ့ဆဆ နေရမှာ မဟုတ်ဘူး။

ဘုရားလက်ထက်ကတော့ အဲဒီလိုစိတ်တွေနဲ့ အစကတည်းက လာကြတာကိုး၊ မြတ်စွာဘုရား တရားဟောလိုက်တယ် ဆိုရင်ဖြင့် ဘဝဘဝတွေကလဲ ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ စဉ်းစားဉာဏ်လေးတွေ သံဝေဂတွေဖြစ်ကြတယ်၊ စောစောတည်း က အပြစ်မြင်ကြတဲ့ သံသရာ လောကရဲ့ အပြစ်သံသရာလောကမှာ နေရတာ ဘာအကျိုးရှိသလဲ၊ နည်းနည်းပါးပါး စဉ်းစား ထားကြတယ်၊ တစ်ချို့က စောစောက မစဉ်းစားပေမယ့် တရားဟောတဲ့အခါကျ စဉ်းစားကြည့်၊ ဘာရသလဲ၊ တို့အသက် ဒီ အရွယ်ရောက်အောင် ဘာတွေရလာလဲ၊ ဘာတွေခံစားရသလဲ ဘာတွေကကောင်းသလဲ စဉ်းစားမှာပေါ့၊ ငယ်ငယ်ပုဂ္ဂိုလ်တွေက တော့ ငယ်သေးလို့ မသိသေးဘူး၊ ကြီးရင်ကောင်းဦးမယ်လို့ အောက်မေ့နေကြတယ်။

ဒီလိုအရွယ်တွေအများကြီးရှိတာပဲ၊ ကြီးတဲ့ပုဂ္ဂိုလ်တွေက စဉ်းစားကြည့်မှ ကြီးတဲ့ပုဂ္ဂိုလ်တွေက စဉ်းစားကြည့်တယ်၊ ဒီအသက် ဒီအရွယ်ရှိအောင်လဲ ဘာတွေများ ရလာသလဲ၊ ဘာတွေခံစားလို့ ဘာတွေများ အားကိုးစရာ ဘာတွေရှိနေသလဲ၊ ဘာမှမရှိဘူး၊ ပြီးပြီးပျောက်ပျောက်တွေပဲ။

မနေ့က စားခဲ့သောက်ခဲ့လို့ အရသာကောင်းတာတွေ ဒီနေ့စဉ်းစားကြည့်၊ ဘာမှမရှိဘူး၊ မနက်က နေထိုင်ကောင်းခဲ့ တာ ညကအိပ်လို့ကောင်းခဲ့တာ ဘာမှမရှိတော့ဘူး၊ ပြန်စဉ်းစားရင် အကုန်လုံးကုန်နေပြီ၊ အရင့်အရင်နေ့တွေကဟာတွေဆို တော့ ပြောစရာမရှိဘူး၊ ကုန်နေပြီ၊ နောက်နေ့တွေကျတော့လဲ ဒီလိုနေမှာပဲ၊ ရှေ့ကတော့လဲ ဒီလိုပဲ၊ ဘာမှ အနှစ်အသား မကျန် တော့ဘဲနဲ့ ဘာမှကျန်မှာမဟုတ်ဘူး၊ ဒီလို–ဒီလိုနဲ့ ကုန်မှာပဲ။

အဆင်မသင့်တဲ့အခါ မကျန်းမာ လာဖြစ်ရသေးတယ်၊ ရောဂါဝေဒနာတွေတွေ့တယ် တော်ကြာတော့ အိုးကြီးအိုလာ တဲ့အခါကျတော့ အိုမင်းတဲ့ဒုက္ခတွေနဲ့ တွေ့ရတယ်၊ တော်ကြာ တစ်နေ့ကြလို့ရှိရင်ဖြင့်တော့ ချစ်ခင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ အတူမနေရဘဲနဲ့ သူကကွဲသွားပြန်တော့ သူဟာသေပြီးတာ ကိစ္စမရှိဘူး၊ သေပြီးတော့ ဘယ်သွားရမှန်းမသိဘူး၊ အဲဒါကအရေး ကြီးတယ်၊ သေပြီးရင်အပယ်လေးပါးသွားရင် ခက်ရတော့မယ်၊ အဲဒါအရေးကြီးပါတယ်။

အဲဒီလို သံသရာထဲမှာ ဖြစ်နေတဲ့ဟာတွေ ဘာမှ အနှစ်အသားမရှိဘူး။ ဟိုဒင်းနဲ့တူနေတယ်၊ ကူလီလုပ်ရသလို၊ ကူလီ လုပ်ရတဲ့ ပုဂ္ဂိုလ်ဟာ ပင်ပင်ပန်းပန်း လုပ်ကိုင်ပြီးဆိုရင်တော့ စားဖို့သောက်ဖို့လေး နေ့တွက်ကလေးရတာပေါ့၊ တနေ့လုပ် တစ်နေ့စာလေးရတယ်၊ လုပ်တဲ့အတွက် အဲဒါလေးကို အိမ်ပြန်ပြီးတော့ ချက်ပြုတ်ပြီးစားရမယ်၊ နေစရာ ထိုင်စရာလေး အသင့် အတင့်ရှိရမယ်၊ ဒါလဲနေထိုင်ဖြစ်ရုံလောက်ကလေးပဲ၊ ဒါလဲပဲ ဖြစ်အောင်လို့ ကြည့်ပြီး နေရတော့တာပေါ့လေ၊ နေဖြစ်ရုံကလေး ပဲ၊ ဒီထဲကနေပြီးတော့ နေမဖြစ်လောက်တဲ့ ဒုက္ခတွေ တွေ့တော့ ပုံတော်သလို ကြိတ်မိုတ်ပြီး ခံရတာပဲ။

အဲဒါလိုပဲ သံသရာထဲမှာ ဖြစ်နေရတဲ့သတ္တဝါတွေဟာ ခုလို အကျိုးပေးလို့ ကံကောင်းတဲ့အခါမှာဖြင့် ပစ္စည်းဥစ္စာ ကလေးတွေနဲ့ အဆင့်အတန်းနဲ့ တင့်တင့်တယ်တယ်လေးဖြစ်ပြီး နေသာထိုင်သာလေးတော့ရှိပါမှ၊ ဒီထဲက မကျန်းမာ ရောဂါ ဝေဒနာတွေလဲ ရှိတာပေါ့၊ ကံမကောင်း အကြောင်းမလုတဲ့အခါကျတော့ အပါယ်လေးပါးသို့ကျ၊ ဒုက္ခရောက်ရတယ်၊ အပါယ် လေးပါးတွင် မပြောနဲ့ လူ့ပြည်လောကတွင် ဒုက္ခရောက်တာတွေ အများကြီးပဲ။

တစ်ချို့များ ဒုက္ခတွေ သိပ်ရောက်နေတာ၊ သနားစရာကောင်းတယ်၊ ဘာမှကို စိတ်အေးချမ်းသာမှု မရှိရဘူး၊ဒါကြောင့် တစ်ချို့လဲ စိတ်ညစ်ပြီး သေချင်လဲသေရော့ဆိုပြီး သေအောင်လို့ သေကြောင်းကြံတဲ့ ပုဂ္ဂိုလ်တွေလဲရှိတာပဲ၊ သံသရာထဲဖြစ်ပြီး နေရတာဟာ ဘာမှအနှစ်အသားမရှိဘူး၊ ဆင်းရဲတွေနဲ့ တွေ့နေရတာပဲ၊ ဒီလိုဖြစ်လိုက် ဒီလိုနေလိုက်ထိုင်လိုက်၊ ဒီလိုသေလိုက်၊ ဟိုဘဝသွားလိုက် ဒီဘဝသွားလိုက်နဲ့ ဒီလိုနဲ့တော့ နေရာမကျဘူး။

မအိုမနာ မသေဘဲဆင်းရဲခပ်သိမ်းငြိမ်းတဲ့ တရားတော့ရှာဖို့ရန် သင့်ပြီလိုလို သဘောပေါက်ကြတာကိုး၊မြတ်စွာဘုရား ဟောတော့ ပိုသဘောပေါက်တာကိုး၊ သံသရာဝဋ္ဋဆင်းရဲက ထွက်မြောက်အောင် မြတ်စွာဘုရား သွန်သင်ဆုံးမတဲ့အတိုင်း တရားကို အားထုတ်ကျင့်ရင်တော့ ဖြစ်မှာပဲဟု ယုံကြည်ပြီးတော့ ကျင့်တာ သဒ္ဓါတရားခေါ်တယ်၊ သဒ္ဓါပဗ္ဗဇ္ဇိတ–ရဟန်းပြုပြီး တော့ တရားအားထုတ်ကြတာပဲ၊ မဖြစ်မနေအားထုတ်ကြတာ၊ ကုသိုလ်ရရုံလေးမဟုတ်ဘူး၊ နောင်အခါကျတော့ မဂ်ဖိုလ်နိဗ္ဗာန် ရအောင် ပါရမီဖြစ်ဖို့ရာ ဒီလိုမဟုတ်ဘူး၊ တစ်ကယ့်ကို ခုလက်ငင်းကို မဂ်ဖိုလ်နိဗ္ဗာန် ရအောင် အားထုတ်တာ။

ဒါကြောင့် အဲဒီရဟန်း ၆၀က စိတ်တူသဘောတူ တိုင်ပင်ပြီးတော့ သင့်လျော်တဲ့ ဌာနလိုက်ရှာတော့ ကောသလတိုင်း ထဲက ရွာကြီးတစ်ရွာရှိတယ်၊ တောက တောင်ပိုင်းနည်းနည်းကျပုံပေါ်ပါရဲ့၊ အဲဒီရွာကြီးတစ်ရွာမှာ အကြီးအကဲဖြစ်တဲ့ပုဂ္ဂိုလ်က မာတိက၊ သူ့ရဲ့အမေကလဲ မာတိကာလို့ခေါ်တယ်၊ မာတိကာရွာကြီးတဲ့၊ အကြီးအကဲဖြစ်တဲ့ပုဂ္ဂိုလ်၏ အမေကလဲ မာတိကာဆိုတဲ့ ဒါယိကာမကြီးရှိတာကိုး၊ အဲဒီမှာ ရောက်သွားတော့ မာတိကာ ဒါယိကာမကြီးက သဒ္ဓါတရားကောင်းကောင်း နဲ့ ရဟန်းတော်တွေကို ဆွမ်းတွေဘာတွေ ကပ်ပြီးတော့ ဘယ်ကြွကြမလဲလို့ မေးတော့ သူတို့ဒီလိုပါပဲတဲ့၊ သင့်လျော်တဲ့နေရာ လိုက်ကြည့်တာပါပဲ။

အဲဒီတော့ ဒါယိကာမကြီးက ဝါဆိုဖို့ရာ နေရာ ရှာနေကြတာပဲလို့ သိတဲ့အတွက် သီတင်းသုံးကြပါဘုရား၊ ဒီမှာ သီတင်းသုံးကြပါဘုရား၊ တည့်တော်တို့လဲ ကုသိုလ်ရပါတယ်၊ ဥပုသ်သီတင်းလဲ ဆောက်တည်ရမယ်၊ တရားလဲ နာရမယ်၊ဒီမှာ သီတင်းသုံးကြပါ၊ တပည့်တော်တို့ နေရာ ထိုင်ခင်းနဲ့ ပြင်ဆင်ပေးပါ့မယ်ဆိုပြီးတော့ အဲဒီမှာ ကျောင်းအဆောက်အအုံလေးတွေ နေခင်းထိုင်ခင်းဖြစ်အောင် တော်ရုံသင့်ရုံ ထန်းရွက်မိုး ကျောင်းလေးတွေ နေမှာပေါ့။ အဲဒီမှာ ဆောက်ပေးတော့ ရဟန်းတော် တွေလဲ သဘောကျတာနဲ့ နေနေကြတယ်၊ ဝါတွင်းဝါကပ် နေကြတယ်။

ဝါကပ်တဲ့အခါ မထေရ်ကြီးကနေပြီး သြဝါဒပေးလိုက်တယ်တဲ့။ ဘယ့်နဲ့ပေးတုန်းဆိုတော့ ငါရှင်တို့၊ ငါတို့က မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်းယူလာကြတယ်၊ သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ မြတ်စွာဘုရားထံက ယူလာကြတာ၊ဘုရားထံက မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းတရားတွေ ဟောပါဆိုလို့ ဘုရားက အားထုတ်လိမ့်မယ်ယုံကြည်ပြီးတော့ ကမ္မဋ္ဌာန်းတွေဘာတွေ ပေးလိုက်တယ်၊ အားထုတ်ကြလေလို့ ဟောထားတယ်၊ အဲ–ယူလာတဲ့ ကမ္မဋ္ဌာန်း မေ့မေ့လျော့လျော့ နေလို့မဖြစ်ဘူး၊ မြတ်စွာ ဘုရားက မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆ နေလို့တော့ အားရမှာမဟုတ်ဘူး၊ ဘုရားကျေနပ်အောင် တရားအားထုတ်မှ၊ လောက တော့ ဆရာသမားတွေဆိုတာက ဒီပြင်နည်းနဲ့ ကျေနပ်အောင်လုပ်လို့ ရပါတယ်၊ လှုံ့စရာ တန်းစရာလေးလှုံ့လိုက်ရင် သဘော ကျချင်ကျနေတာပဲ၊ ခုတော့လွယ်ပါတယ်၊ ဘုရားက ဒီလိုလုပ်လို့ မရဘူး၊ ဘုရားက သင်္ကန်း သပိတ်တွေသွားလှုံ့လို့ ကျေနပ် မှာမဟုတ်ဘူး၊ အဲဒီတော့ တရားအားထုတ်မှပဲ၊ သူ့သာသနာထဲနေရင် တရားအားထုတ်ရမယ်၊ မဂ်ဖိုလ်ရမယ်၊ တရားအားထုတ် ကျင့်ကြံလို့ မဂ်ဖိုလ်ရရင် အဲဒါသဘောကျတာပဲ။

ငါတို့ အပါယ်လေးပါးဆိုတာလဲ မေ့မေ့လျော့လျော့နေတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာတော့ တံခါးကပွင့်နေတယ်၊ အပါယ် လေးပါးဟာ မိမိတို့နေအိမ်ကြီးများနဲ့ တူတယ်၊ နေအိမ်ဆိုတာ အမြဲနေရတာပဲ၊ သူများအိမ်ကို အကြောင်းရှိရင်တော့ တစ်ခါ တစ်ခါ သွားရတာပေါ့၊ ပြီးတော့ ကိုယ့်အိမ်ပြန်လာရတာပဲ၊ ပုထုဇဉ် မေ့လျော့နေတဲ့ ပုထုဇဉ်မှာတော့ အမြဲနေရတာက ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးဘုံပဲ၊ အဲဒီမှာ အမြဲနေရတယ်၊ လူ့ပြည်တို့ နတ်ပြည်တို့က ခဏတဖြုတ် အလည် လာတာပေါ့လေ၊ တော်တော်ကြာပြန်သွား၊ ဟုတ်တယ်၊ မေ့လျော့တဲ့ပုဂ္ဂိုလ် အဲဒါ မပြောနဲ့တော့။

ခု လောကတွင်တောင်မှ ရာဇဝတ်မှု ကျူးလွန်တဲ့ပုဂ္ဂိုလ်တွေ ရှိတယ်၊ ထောင်ထဲကနေပြီး တော်ကြာ ထွက်လာလိုက်၊ တော်ကြာ ပြန်ကျူးလွန်လိုက် အင်မတန် အံ့သြစရာကောင်းတယ်၊ ဗုဒ္ဓဘာသာ နိုင်ငံတော်ဘာသာပြုလို့ အောင်မြင်ရေးနဲ့ စပ်ပြီးတော့ သူတို့လွှတ်လိုက်ပါရော၊ အပြင်ဘက်ရောက်တော့ ရာဇဝတ်မှု ကျူးလွန်၊ ပြန်ရောက်တော့ သာမှမကြာဘူး၊ သူတို့ က အဲဒီက နေအိမ်ဖြစ်နေတာကိုး၊ သူတို့နေအိမ်ဖြစ်နေတာ။

ပမတ္တသ–မေ့လျော့တယ်ဆိုတာ သူတို့မှမဟုတ်တာ အဲဒီလိုသံသရာထဲ နေတဲ့ပုဂ္ဂိုလ် မေ့မေ့လျော့လျော့နေတဲ့ ပုဂ္ဂိုလ် တွေ အပါယ်လေးဘုံပြန်သွားတယ်၊ လူ့ပြည်နတ်ပြည် တစ်ခါတစ်ခါလာဖြစ် ပြီးတော့ပြန်သွား၊ အဲဒီလိုဖြစ်နေ ဒါကြောင့်မို့ မေ့မေ့လျော့လျော့နေတဲ့ ပုဂ္ဂိုလ်တွေမှာဆိုရင် အပါယ်လေးဘုံဟာ နေအိမ်ကြီးများနဲ့တူတယ်၊ ငါရှင်တို့ မမေ့ကြနဲ့၊ မပေါ့ကြနဲ့ သြဝါဒပေးတယ်၊ သြဝါဒပေးပြီးတော့ တရားလဲ အမြဲတမ်း အားထုတ်နေရမယ်။

မထေရ်ကြီးကို ဆည်းကပ်တဲ့အခါကာလတွေ သံဃာစည်းဝေးတဲ့အခါကာလတွေ၊ ဒီလိုအခါကာလတွေမှာ တစ်ပါးဆိုလျှင် ဒီပြင်အခါကာလဆိုရင် ၂-ပါး ၃-ပါးရောပြီး စုဆုံပြီးတော့ စကားပြောနေတာ မရှိရဘူး။ ကိုယ့်တရားကိုယ် တစ်ပါးစီ တစ်ပါးစီ အားထုတ်နေရမယ်လို့ ဩဝါဒပေးတော့ ဒီလို အားထုတ်နေကြတယ်။

တစ်နေ့သော အခါကာလကျတော့ ဒီမာတိကာဆိုတဲ့ ဒါယိကာမကြီးက ကျောင်းကို ထောပတ်တို့ တင်လဲတို့စသည်ပေါ့လေ၊ ရဟန်းတော်များ သုံးဆောင်ကောင်းတဲ့ ဖျော်ရည်တို့ ဘာတို့ ယူပြီးသကာလ ကျောင်းလာ အာဘာတွေနဲ့ ကျောင်းလာတဲ့အခါကျတော့ ကျောင်းကြတော့ ရဟန်းတော်တွေ မတွေ့ဘူး၊ အဲဒီတော့ မေးကြည့်၊ ရဟန်းတော်တွေ ဘယ်ကြွကုန်ကြသလဲ၊ အဲဒါ သိတဲ့ ဒကာတစ်ဦးကပြော၊ ရဟန်းတွေ ဒီလိုပဲနေတော့ ကိုယ့်နေရာလေးနဲ့ ကိုယ်နေတာပဲ၊ တစ်ပါးစီ တစ်ပါးစီ သူ့ဟာနဲ့သူနေကြတာပဲ၊ နို့ ဒီရဟန်းတွေတွေ့ချင်လျှင် ဘယ့်နဲ့လုပ်ရမလဲ၊ တုံးခေါက်လိုက်ရင်တော့ အကုန်လုံး စုလာကြတာပဲ။

တုံးခေါက်လိုက်ရင် ဟိုကအကြောင်းရှိလျှင် တုံးခေါက်ရမှာကိုး။ ကတိကဝတ်လုပ်ထားကြတယ်။ တုံးခေါက်ရင် အကုန်စုကြတယ်၊ စုပြီးတော့ ကိစ္စရှိတာ အကုန်လုံး ဝိုင်းဝန်ဆောင်ရွက်ရမှာကိုး၊ အဲဒီတော့ တုံးခေါက်ရမလားဆိုပြီးတော့ လူတစ်ယောက်က တုံးခေါက်လိုက်တော့ ရဟန်းတော်တွေ ထလာကြတယ်၊ ဟိုကတစ်ပါး ဒီကတစ်ပါး၊ ဟိုသစ်ပင်အောက်ကထွက်လာ၊ ဒီသစ်ပင်အောက်ကထွက်လာ၊ ဟိုချုံထဲကထွက်လာ၊ ဒီချုံထဲက ထွက်လာ၊ ဒကာမကြီးက ကြည့်နေ။

ဒီကိုယ်တော်တွေ ဘယ့်နဲ့ဖြစ်လာကြတာတုန်း၊ အိမ်လာတဲ့ အခါကျတော့ ဆွမ်းခံကြွလာ တစ်စုတစ်ဝေးတည်း ညီညီညွတ်ညွတ်လာကြတာကိုး၊ အခုဒီမှာတော့ တစ်ပါးစီ တစ်ပါးစီနေကြတယ်၊ ကိုယ်တော်တွေ တစ်ပါးနဲ့တစ်ပါးရန်ဖြစ်လာကြသလား၊ ဘာများဖြစ်လာကြတုန်း သူကစဉ်းစား၊ စဉ်းစားပြီးတော့ စဉ်းစားရုံတွင်မကဘူး၊ အရှင်ဘုရားတို့ ဘယ့်နဲ့လဲ တပည့်တော်အိမ်လာတော့ အရှင်ဘုရားတို့ ညီညီညွတ်ညွတ် ကြွလာပါတယ်၊ ခု ဒီမှာ တစ်ပါးစီ တစ်ပါးစီနဲ့ ဘာများဖြစ်ကြတုန်း၊ ဒကာမကြီး ဘာမှမဖြစ်ပါဘူးတဲ့၊ နို့-ဘုရား ဘာမှမဖြစ်ရင် အတူတူလဲ မနေကြဘူး၊ ဟိုတစ်ပါးဒီတစ်ပါး ဘယ့်နဲ့နေကြတာတုန်း။

လူ့လောကမှာတော့ ဒီလိုစုနေကြတာကိုး၊ စုနေတာကိုပဲ အရသာရှိတယ် အောက်မေ့နေတာကိုး၊ တစ်ယောက်စီနေလျှင် ပျင်းစရာကြီး ဖြစ်နေတယ်၊ စုနေလဲ ကောင်းလဲကောင်းနေတာကိုး၊ ဒီလိုပဲစုနေကြတယ်၊ အဲဒီတော့ ဘယ့်နဲ့ကြောင့် တစ်ပါးစီတစ်ပါးစီ နေရသလဲဆိုတော့ ဒကာမကြီးတဲ့ ရဟန်းများ ရဟန်းကျင့်ဝတ် ကျင့်ရတယ်၊ ရဟန်းတရား အားထုတ်ရတယ်၊ ဒကာမကြီးကလဲ ဗဟုသုတ ဘာမှမရှိဘူး၊ ဘာမှမရှိဘူးဆို ခုမှ ရဟန်းသံဃာကိုးကွယ်ရတာကိုး၊ အစက ဗုဒ္ဓဘာသာ ဟုတ်ချင်မှဟုတ်မှာ၊ အဲဒီတော့ ခု ဒကာ၊ ဒကာမတွေ သိပ်ပြီးတော့ နေရာကျတာ၊ စောစောကတည်းက တရားတွေ အင်မတန် သိနေတယ်၊ အဲ-ဘာမှ သူက ဗဟုသုတရှိတာမဟုတ်ဘူး။

ရဟန်းတရား အားထုတ်ရတယ်ဆိုတာ သူမသိဘူး၊ ရဟန်းတရားဆိုတာ ဘာတုန်းဘုရား, ဘာလုပ်ရတာလဲ၊ ရဟန်းတရားဆိုတာ ဒီလိုပဲ၊ ၃၂-ကောဋ္ဌာသတွေ နှလုံးသွင်းရတာပဲ၊ အဲ-ကိုယ်ထဲမှာ ကုန်ခြင်း၊ ပျက်ခြင်းတရားတွေ၊ ခယ ဝယ-ကုန်ခြင်း, ပျက်ခြင်းတရားတွေ ထင်အောင်လို့ရှုရတယ်၊ ဝိပဿနာကို အဲဒါဘာဖြစ်လို့တုန်းဆိုတော့ သံသရာဝဋ်ဆင်းရဲက ထွက်မြောက်အောင်လို့ ဒါက ရဟန်းများအတွက် သီးသန့်တရားလား, လူတော့ အားမထုတ်ကောင်းဘူးလား၊ ဒကာမကြီးက မေး၊ ဗဟုသုတတော့ တော်တော်မရှိတာဘဲ ဒကာမကြီးနှယ်၊ ဘယ့်နဲ့ ရဟန်းပဲရမယ်လို့ ဘယ်ဟုတ်မလဲ၊ မြတ်စွာဘုရားတရား ဘယ်သူမှအကန့်အကွက်မရှိဘူး၊ ဘယ်သူတော့ အားမထုတ်ရဘူး၊ ဘယ်သူတွင် အားထုတ်ရမယ်, ဒီလိုအကန့်အသတ်မရှိပါဘူး၊ ဘယ်သူမဆို သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တွေ အားထုတ်နိုင်တာပဲ။

ဒါဖြင့် တပည့်တော်လဲ အားထုတ်စမ်းချင်တယ်၊ အရှင်ဘုရားတို့ နည်းပေးပါဦး၊ ရဟန်းတော်တွေက သူတို့အားထုတ်တဲ့နည်းတွေ ဟောကြပြောကြတာပေါ့၊ အဲဒီတော့ ဒကာမကြီး မှတ်သားပြီးတော့ အားထုတ်တယ်၊ အားထုတ်တော့ ဒကာမကြီး သူအဆင့်သင့်ချင်တော့ အဆင့်သင့်အားထုတ်လိုက်တာ၊ ဝိပဿနာဉာဏ် အစဉ်အတိုင်း တက်ပြီးတော့ သောတာပန် သကဒါဂါမ်၊ အနာဂါမ် ဖြစ်သွားတယ်။

ဒကာမကြီးက အိမ်တွင်အားထုတ်တာ၊ ခုလို ကမ္မဋ္ဌာန်းကျောင်းတောင် လာအားထုတ်တာမဟုတ်ဘူး၊ အနာဂါမ်ဖြစ်သွား၊ ဒါပေမယ့် သူ့ဟာ ရိုးရိုးအနာဂါမ်မဟုတ်ဘူး၊ ပဋိသမ္ဘိဒါတွေလဲ ရတယ်တဲ့၊ ပဋိသမ္ဘိဒါဆိုတာ အင်မတန် ရခဲတယ်၊ ရဟန္တာဖြစ်တိုင်း ပဋိသမ္ဘိဒါ ရတာမဟုတ်ဘူး၊ အနာဂါမ်ရဟန္တာ ပဋိသမ္ဘိဒါအဘိဉာဏ်တွေလဲ သူကရ၊ အဘိဉာဏ်လဲ တချို့, ရဟန္တာတွေ မရဘူး၊ သူက ရနေတယ်၊ အနာဂါမ် ဖြစ်တာနဲ့ အဘိဉာဏ်ရ၊ အဘိဉာဏ်ရတယ်ဆိုတာ ဘာတုန်း၊ အဘိဉာဏ်ရတယ်ဆိုတာ တစ်နေ့ကလဲ ပြောခဲ့ပြီ။

အဘိညာဏ်ရတယ်ဆိုတာ အမြင်အကြားတွေ ပေါက်တာ၊ စိတ်နဲ့ မှန်းကြည့်လျှင် မြင်တယ်၊ ဟိုမှာကျောင်းက ပုဂ္ဂိုလ်တွေရော နတ်ပြည်တွေရော ကြည့်လို့ရတယ်၊ သိပ်နေရာကျတယ်၊ အကြားကလဲ နားထောင်လိုက်ရင် သူများပြောနေတာတွေ အဝေးကပြောနေတာတွေ ကြားတတ်၊ တခြားက သူတို့က ပြောနေတာတွေ လူ့ပြည်လောကက ပြောနေတာတွေ နတ်ပြည်လောကက ပြောနေတာတွေ ငရဲပြည်လောကက ပြောနေတာတွေ အကုန်လုံးသူက ကြားတယ်၊ ကြားချင်ရင် ကြားလို့ရတယ်၊ သူများစိတ်တွေလဲ သိပြန်တယ်၊ စိတ်တွေက ဘယ်လို ဘယ်လို ဘယ်သူ ဘယ်သူ ဘာတွေ စိတ်ကူးနေတယ်ဆိုတာ ဒါတွေလဲ သိတယ်။

အဲဒီအဘိညာဏ်တွေရတာကိုး၊ ရတော့ သူက သူတရားတွေ နှလုံးသွင်းတော့ အင်မတန်အဖိုးတန်တဲ့ တရားတွေရတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်တာပေါ့၊ တစ်ခါတည်း အင်မတန်ကောင်းတဲ့ တရားတွေပဲ၊ အင်မတန်ကို အဖိုးတန်တဲ့တရားတွေ အင်မတန်ကိုကောင်းတဲ့ တရားတွေရတာ၊ ကောင်းပါသော်ကော၊ အနာဂါမ်ဖြစ်သွားတော့ အင်မတန်ကောင်းတာ၊ ကာမ, ရာဂ ဆိုတဲ့ ကာမအာရုံတွေ နှစ်သက်တွယ်တာမှုတွေ ဘာမှ မရှိတော့ဘဲ၊ အစက ဘာမှမရှိဘဲနဲ့ ဒီကာမရာဂနဲ့ ဒါလေးနဲ့သာယာလို့ ကာမအာရုံတွေနောက် တကောက်ကောက်လိုက်ပြီးတော့ ရှာကြံနေလို့ ဒုက္ခရောက်နေတာ၊ ဗျာပါရဆိုတာက စိတ်ဆိုးလိုက်သေးတယ်၊ စိတ်ဆိုးတဲ့အခါ ဖြစ်လိုက်သေးတယ်၊ အဲဒါတွေကလဲ မရှိဘူး၊ နှလုံးမသာခြင်း စိတ်ပင်ပန်းခြင်း ဘာမှမရှိတော့ဘူး၊ သိပ်နေရာကျတာ၊ ဒါလေးနှစ်ခု နတ်ပစ်လိုက်ရင် အင်မတန်ကို ချမ်းသာသွားတယ်။

အဲဒီတော့ အင်မတန်ကောင်းတဲ့ တရားပဲလို့။ ကိုယ်တော်တွေများ ဒီတရား ဘယ်တုန်းကများ ရနေပါလိမ့်မတုန်း၊ အင်မတန်ကောင်းတဲ့ တရားတွေပဲဆိုပြီးတော့ ကိုယ်တော်တွေက စောစောအားထုတ်ပြီးတော့ သိနေရမယ် အောက်မေ့တာကိုး။ ဒီတော့ သူကလျှောက်ပြီး ကြည့်လိုက်တော့ စိတ်ထဲသိနေတာကိုး၊ မြင်ရုံနဲ့မဟုတ်ဘူး၊ ကိုယ်တော်တွေ ထိုင်နေရာမှာ ကြည့်လိုက်လို့ထင်နေတာ၊ အားထုတ်နေတာ မြင်တာပဲ၊ တရားအားထုတ်နေတာတွေ မြင်တာပဲ၊ မြင်ရုံတွင် မဟုတ်သေးဘူး၊ သူက အတွင်းစိတ်ထိအောင် သူကသိနေတာကိုး၊ အတွင်းစိတ်က ဘယ်လိုရှိနေတယ်၊ တရားရတဲ့ အဆင့်အတန်းများ ရှိသလားလို့ ကြည့်လိုက်တော့ တရားရတဲ့ အဆင့်အတန်းထိအောင် ရှိသလားလို့ကြည့်တော့ တရားမရတာတွေ သူတွေ့သွားတော့ တစ်ပါးမှ တရားက မရသေးဘူးဆိုတာကိုး။

မရတာတွေ့မှာပေါ့၊ စိတ်က တချို့က ကာမဝိတက်တွေ, ကြံတာတွေရှိမှာပဲ၊ မကြံဘူးလို့မပြောနိုင်ဘူး၊ ဗျာပါရကလဲ နှလုံးမသာမှု ဖြစ်မှာပဲ၊ တောင့်တမှု, ကြောင့်ကြမှုတွေဖြစ်မှာပါ။ အဲဒီလိုကိစ္စတွေ သူသွားတွေ့မှာကိုး၊ တွေ့ကတည်းက ဒါမပြည့်စုံသေးဘူး၊ ဒီကိုယ်တော်ကြည့်လဲ မပြည့်စုံသေးဘူး။ အကုန်လုံး ဘယ်သူမှ မပြည့်စုံသေးဘူးဆိုပဲ၊ အဲဒီတော့ ထားပါဦးတော့။ လောကုတ္တရာတရား မပြည့်စုံဘူး ထားဦးတော့၊ လောကီတရား စျာန်သမာပတ်များ ရလိမ့်မလားလို့၊ စျာန်သမာပတ် ဘက်ကလဲပဲ သမာဓိ တည်ငြိမ်နေတာကို မတွေ့ဘူး။

ဒီကိုယ်တော်တွေ တရားအားထုတ်လဲ ထုတ်ကြသားပဲ၊ ဘာပြုလို့ မပြည့်စုံပါလိမ့်မတုန်းလို့ သူ စဉ်းစားတော့ကြည့်–လျှောက်ပြီးတော့ကြည့်တော့ ဘာများလိုနေသလဲ၊ ပုဂ္ဂိုလ်အချင်းချင်း နေထိုင်လို့ ပုဂ္ဂလထပ္ပာယ မဖြစ်ရင်လဲဘဲ တရားဆိုတာ မဖြစ်ဘူး၊ ယောဂီပုဂ္ဂိုလ်တွေ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အချင်းချင်း ဟိုဘက်ကပုဂ္ဂိုလ်နဲ့ ဒီဘက်ကပုဂ္ဂိုလ်နဲ့ စိတ်ချင်း, စိတ်ချင်းတယ်မကိုက်ဘူး၊ နေပုံထိုင်ပုံတွေ သဘောမကျဘူးဆို တစ်ယောက်, တစ်ယောက် စိတ်က ပြစ်မှားနေတာနဲ့ အဲဒီတော့ စိတ်ကိုမကြည်လင်ဘူး၊ သမာဓိမရဘူး၊ တစ်ဘက်က ပုဂ္ဂိုလ်က ဂျိုးဂျိုး ဂျောင်းဂျောင်းတွေလုပ်၊ ဟိုက တရားအားထုတ်နေ, အဲဒါပျက်စီးတာပဲ၊ အဲဒီတော့ ပုဂ္ဂလသပ္ပယ မဖြစ်ဘူး၊ အားထုတ်လို့မရဘူး၊ အာဝါသ သပ္ပါယ နေရာထိုင်ခင်းတွေ၊ နေရာထိုင်ခင်းကလဲ မိုးယိုလို့ဆိုရင်လဲ အဲဒါလဲ နေရာမကျတာဘဲ။ တရားအားထုတ်တဲ့ပုဂ္ဂိုလ် အနှောက်အယှက်တွေ အင်မတန် ဖြစ်တာပဲ၊ အဲဒါတွေ လျှောက်ပြီးကြည့်တော့ ပုဂ္ဂိုလ် အနေအထိုင်အားဖြင့်လဲ သပ္ပါယ ဖြစ်နေတာပဲ၊ အဲဒါတွေ လျှောက်ပြီးကြည့်တော့ ပုဂ္ဂိုလ် အနေအထိုင်အားဖြင့်လဲ သပ္ပာယ ဖြစ်နေတာပဲတဲ့၊ ဘာမျှ ပြောစရာမရှိဘူး၊ နေရာထိုင်ခင်းမှာလဲ သပ္ပါယဖြစ်နေတတ်။

ဘယ်လိုနေပါလိမ့်မလဲကြည့်လိုက်တော့ အာဟာရ စားစရာသောက်စရာ အစာအာဟာရက ဟိုတုန်းက ဆွမ်းခံပြီးတော့ စားရတော့ ဟိုတုန်းကလဲပဲ ဒကာဒကာမတွေ ကြည်ညိုကြတယ်ဆိုပေမယ့် ယခုလို ဗုဒ္ဓဘာသာတွေချည်းပဲ ဟုတ်မှ မဟုတ်ဘဲ၊ ဘုရားက နောက်မှပွင့်လာရတော့ သူတို့ စောစောက ဗြဟ္မဏဝါဒတွေဆိုတော့ ဗုဒ္ဓဘာသာ လေးလေးနက်နက် ယူတဲ့ ပုဂ္ဂိုလ်က ဘယ်လောက်ရှိမှန်းမသိဘူး နည်းနည်းရှိမှာ၊ ဒီပြင်ဟာတွေက များနေမှာ၊ ကံ–ကံ၏အကျိုး ယုံကြည်တာတွေ, သံသရာအကြောင်း ယုံကြည်တာတွေ, သဒ္ဓါတရားရှိတာတွေကလဲ ဘယ်လောက်များများ ရှိမယ်၊ သိပ်များများ ရှိချင်မှ ရှိတာ၊ ယခုကာလလို နှစ်နှစ်ကာကာတွေ မဟုတ်ဘူး၊ ဒီတော့ ရဟန်းတော်တွေမှာ သင့်တော်လောက်တဲ့ အစာအာဟာရတွေ မပြည့်စုံဘဲ ဖြစ်နေတာ သူတွေ့တာကိုး၊ တွေ့တော့ ဒါလိုနေတာပဲ။

ဒါကြောင့် ဒီကိုယ်တော်တွေ တရားမရဘူးဆိုပြီးတော့ သူက သင့်လျော်အောင် အာဟာရတွေ စီရင်ပြုပြီးသကာလ သူက ပစ္စည်းကလဲရှိတာကိုး၊ တတ်လဲတတ်နိုင်တယ်၊ အဲဒီတော့ ကိုယ်တော်တွေ အလိုရှိတာ ဘုဉ်းပေးဖို့ရာဆိုပြီး သင့်လျော်လိမ့်မယ်လို့ ထင်မြင်ရတဲ့ အစာအာဟာရတွေ သူကျွေးပြုပြင်ပြီးသကာလ ကပ်လှူတာကိုး၊ ဒီလို သင့်လျော်တဲ့ အစာအာဟာရ

တွေ ဘုံးပေးသုံးဆောင်ရတော့ မကြာခင်အတွင်းပဲ သမာဓိတွေ, ဉာဏ်တွေ အစဉ်အတိုင်း တက်ပြီးတော့ ဗောဒ္ဓိ ၇-ပါးတွေ ပေါ့၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်လဲ ပါတာပေါ့၊ အဲဒါတွေပြည့်စုံပြီးတော့ တစ်ခါတည်း ရဟန္တာတွေ ဖြစ်ကုန်ကြတာ။

ဝါတွင်း ၃-လအတွင်းမှာပဲ ဖြစ်မည့်ဖြစ်တော့ သူတို့က ရဟန္တာ ဖြစ်တာကိုး၊ ဒကာမကြီးကတော့ အနာဂါမ်လောက် ဖြစ်တယ်၊ သူတို့ကတော့ ရဟန္တာဖြစ်တယ် ရဟန်း ၆-ကျိပ်လုံး အကုန်လုံးပဲ ရဟန္တာတွေ အကုန်လုံးဖြစ်ကြတယ်၊ အဲဒီလို မာတိကာဒကာမကြီးဝတ္ထုမှာ လာပါတယ်။

အဲဒါကြောင့် သင့်လျော်တဲ့ အစာအာဟာရကို စားရခြင်းဟာလဲပဲ တရားအားထုတ်ရာမှာ ကျေးဇူးပြုပါတယ်တဲ့၊ သူလဲ ပဿဒ္ဓိသမ္ဗောဇ္ဈင် ကိုယ်စိတ်ငြိမ်းအေးမှု ဖြစ်စေတတ်ပါတယ်တဲ့၊ တော်ဦးမှ၊ အချိန်က တော်တော်ကုန်သွားပြီ၊ ဥတုတဲ့၊ သင့်လျော်တဲ့ ဥတု၊ ဒါလဲ ထင်ရှားပါတယ်၊ အအေးအပူလွယ်ပါတယ်၊ ဒါကတော့ အနေအထိုင်က ပြောပြီးပြီ၊ ကိုယ်အနေ အထိုင်သင့်လျော်နေရာမှ၊ ကိုယ်ပင်ပန်းဆင်းရဲဖို့ အနေအထိုင်မျိုးတွေ သွားလို့ရှိရင် ခက်တာပေါ့။

ဂျပန်က မဟာနာယဂိုဏ်းက ဗျင်ဂိုဏ်းဆိုတာ ရှိတယ်၊ ဗျာန်ဂိုဏ်းပေါ့လေ၊ သူကတော့ စာနဲ့ပေနဲ့တော့ စာနဲ့ပေနဲ့ပါပဲ၊ ပလ္လင်ံ အာဘုဇိတ္တာဆိုတဲ့ အတိုင်း ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတာကိုး၊ တရားအားထုတ်ရင်း ထက်ဝယ်ဖွဲ့ခွေနေရတယ်၊ ထက်ဝယ်ဖွဲ့ခွေထိုင်တာလဲ ကျကျနန ထက်ဝယ်ဖွဲ့ခွေ ထိုင်ဆိုတာက ဘုရားထိုင်သလို ထိုင်ရတာပေါ့၊ ဘုရားမှာ များသောအားဖြင့် မြန်မာပြည်မှာရှိတဲ့ ဆင်းတုတော်တွေကြည့်၊ တင်ပျဉ်ခွေလေး၊ ခြေထောက် ကြက်ခြေခတ်ပြီးတော့ ထိုင်ရတယ်၊ ဘယ်ဘက်ခြေ သလုံးပေါ်မှာ ညာဘက်ခြေများတင်ပြီးတော့ ဘယ်ဘက်ပေါင်ပေါ်မှာ ညာဘက်ခြေဖျားတင်ပြီးတော့ တစ်ခါ ညာဘက် ခြေ သလုံးပေါ်မှာ ဘယ်ဘက်ခြေထောက်တင်ပြီးတော့ ထိုင်ထားတာကိုး၊ အဲဒီလို ထိုင်လိုက်ရတာကိုး။

မြန်မာတွေ တင်ပျဉ်ခွေထိုင်တယ်ဆိုတာက ရိုးရိုးပဲ၊ ဒါက ထိုင်လို့မခက်ပါဘူး၊ ဟိုဟာ သိပ်မလွယ်လှဘူး၊ ဟိုဟာက ခြေထောက်တွေ ကန့်လန့်ဖြတ်တစ်ခါတည်း ချိတ်ပြီးတော့နေအောင် ထိုင်ရတာကိုး၊ တင်ပျဉ်ချိတ်တယ်ဆိုတာ ဒါမှ တင်ပျဉ် ချိတ်တာ၊ အဲဒီလိုထိုင်ရင်တော့ အာရှတိုက်က လူတွေအတွက်ကတော့ ဝန်မလေးပါဘူး၊ ဒီကပုဂ္ဂိုလ်တွေက ဒီလိုထိုင်နေကြတာ ကိုး၊ လွယ်လွယ်ပါပဲ၊ ထိုင်လို့ရပါတယ်။

ဂျပန်မှာ တရားအားထုတ်ရင် သူတို့ဒီအတိုင်းထိုင်ရတယ်၊ ကျကျနနထိုင်ရတယ်၊ အချိုးမကျဘဲနဲ့ ထိုင်လို့ရင် သူတို့ သဘောမကြဘူး သူတို့ တရားလိုအားထုတ်ရင် မရဘူး၊ ဒီလိုထိုင်ရတယ်၊ ပလ္လင်ံ အာဘုဇိတ္တာ ဆိုတဲ့အတိုင်း တင်ပျဉ်ခွေထိုင်လျက်၊ ဒီလိုဆိုတော့ ဥရောပတို့ အမေရိကတို့ဆိုတဲ့ လူတွေကခက်တာပေါ့၊ တင်ပျဉ်ခွေဖို့ ခက်တာကိုး၊ တင်ပျဉ်ခွေဖို့ခက်တော့ သူတို့ ဒီတရား အားထုတ်မယ်ဆိုရင် တင်ပျဉ်ခွေမထိုင်နိုင်တာနဲ့ကို တရားအားမထုတ်ရဘူး၊ ခက်နေတာကတော့ ဒီက ဝန်ကြီးချုပ်တွေသွားတုန်းက မေးတယ်တဲ့၊ ဒီတရားအားထုတ်တော့ ဒီလိုပဲ ဗျင်ဂိုဏ်းကလိုပဲ တင်ပျဉ်ခွေရဦးမှာလားလို့ မေး တယ်တဲ့၊ ဟာ ဒါမထိုင်ရပါဘူး၊ ကိုယ်သဘောကျသလို ထိုင်နိုင်ပါတယ်၊ ဘယ်လို ထိုင်ထိုင် ခင်ဗျားတို့ ကုလားထိုင်လဲနဲ့ ထိုင်နိုင်တယ်၊ ဒီက ဒီလို ပြောရတယ်ဆိုတာကိုး။

ဟုတ်လဲ ဟုတ်ပါတယ်၊ ဒီက ကုလားထိုင်နဲ့လဲ ထိုင်နိုင်ပါတယ်၊ သင့်လျော်တဲ့ ဥတုနဲ့ ဒါကအရေးကြီးတယ်၊ အဲဒါပဲ နေထိုင်မှု သင့်မြတ်ရာကို အမှီပြုရမယ်တဲ့၊ ဣရိယပထ သုခသေဝနတာ-ချမ်းသာတဲ့ သင့်လျော်တဲ့ ဣရိယာပုတ်ကိုမှီဝဲရမယ် တဲ့၊ သပ္ပာယဣရိယာပုတ်မှီဝဲရမယ်၊ အဲဒီလို မှီဝဲသောအားဖြင့် သင့်တော်သလို နေထိုင်ပြီး ရှုမှတ်နေလို့ရှိရင် ပဿဒ္ဓိသမ္ဗောဇ္ဈင် ကိုယ်စိတ်၏ ငြိမ်းခြင်း ဖြစ်တတ်ပါသည်တဲ့၊ သုံးခု။

ဗောဒ္ဓိင် ဥတု နေထိုင်မှု မှီပြုသင့်မြတ်ရာ။ ဒါပြီးသွားပြီ။

မလွန်မယုတ် မဗ္ဗတ္တ ပယောဂ-အလယ်အလတ် ပယောဂ၊ ပယောဂဆိုတာ လုံ့လပဲ၊ အလယ်အလတ်ပယောဂရှိရမယ်၊ အလယ်အလတ် လုံ့လရှိရမယ်၊ အလယ် အလတ် လုံ့လဆိုတာဟာ ဘာတုန်းဆိုတော့ အဌကထာ အကျယ်ဖွင့်တဲ့အခါ ကျတော့ ကံ-ကံ၏အကျိုးကို နှလုံးသွင်း ဆင်ခြင်တယ်တဲ့ ဆိုပြီးတော့ ထုတ်ပါတယ်၊ ကံ-ကံ၏အကျိုးကို နှလုံးသွင်း ဆင်ခြင်တာနဲ့ အလယ်အလတ် လုံ့လထုတ်တာနဲ့ကတော့ တော်တော်ဝေးနေတယ်၊ ဘာမှမစပ်သလိုတော့ ဖြစ်နေတယ်၊ စပ်အောင်လို့ ယူရမှာပေါ့လေ၊ စပ်အောင်ယူမှဖြစ်မယ်။

ဒီမှာတော့ ဘုန်းကြီး သဒ္ဒါနက်တော့ ပြန်ထားပါတယ်၊ သူက မဗ္ဗတ္တ ပယောဂဆိုတော့ မဗ္ဗတ္တက အလယ်အလတ်ပဲ၊ ပယောဂက အားထုတ်တာပဲ အလယ်အလတ် အားထုတ်ရမယ်၊ အလယ်အလတ် အားထုတ်မယ် ဆိုတော့၊ တင်းတင်းရင်းရင်း အလွန်တင်းတင်း ရင်းရင်း အားမထုတ်နဲ့၊ လျော့လျော့လဲ အားမထုတ်နဲ့၊ အလယ်အလတ် မှန်မှန်ပဲ အားထုတ်၊ ဒီအဓိပ္ပာယ်ကို မှန်မှန်အားထုတ်လို့ရှိရင် ငြိမ်းအေးတာလဲမှန်တယ်၊ ပြင်းပြင်း အားထုတ်လို့ရှိရင် ကိုယ့်စိတ် မငြိမ်းအေးနိုင်ဘူး၊ လျော့လွန်းနေ လို့ရှိရင်လဲ သမာဓိ မဖြစ်ဘဲ ဘယ်က ငြိမ်းအေးမှု ပဿဒ္ဓိ ဖြစ်မလဲ၊ မဖြစ်နိုင်ဘူး။

အဲဒီတော့ သူ့သဒ္ဒါအနက် အတိုင်းဆိုရင် တော်တော့ တော်နေတာပါပဲ၊ ဒါပေမယ့် အဋ္ဌကထာမှာ ဖွင့်ထားတာက တော့ အလယ်အလတ် အားထုတ်မှုဆိုတာဟာတဲ့ ကံ–ကံ၏ အကျိုးကို ဆင်ခြင်တာတဲ့၊ တော်တော်တော့ စပ်လို့မရဘူး၊ ဒီဥစ္စာဟာ၊ ဒါပေမယ်လို့ ဘုန်းကြီးက စပ်တော့ပြပါတယ်၊ ကံ–ကံ၏ အကျိုး ဆင်ခြင်တယ်ဆိုတာက ကံဆိုတာ အမှုပဲ၊ ကံ၏ အကျိုးဆိုတာက အဲဒီအမှုရဲ့အကျိုး ကောင်းသောမှုပြုရင် ကောင်းသောအကျိုး ရှိမယ်၊ မကောင်းသော အမှုပြုရင် မကောင်းသော အကျိုးရမယ်၊ ဒါကို ဆင်ခြင်ရမယ်။

ဒီတော့ ကောင်းသောအမှုကို ပြုရမယ်။ ကောင်းသောအမှု ပြုရင်ကောင်းကျိုးရမယ်။ ကောင်းကျိုးရသထက်ကို ပိုပြီး သကာလ မျှော်လင့်လို့မဖြစ်ဘူး။ ကိုယ့်ကံရှိသလောက်ပဲ ကိုယ်အကျိုးပေးမှာပဲ။ တရားအားထုတ်ရာမှာလဲ ဒီအတိုင်းပဲ။ ကိုယ်က ကောင်းသောအမှုပြုလို့, ကောင်းသော အားထုတ်မှုရှိရင်၊ ကိုယ်အားထုတ်သလောက် သမာဓိတွေ ဉာဏ်တွေ တက်မှာပဲ။ ကိုယ်အားထုတ်တာထက် ပိုပြီး မလိုချင်နဲ့။ တချို့က ရှိသေးတယ်၊ တရားနည်းနည်း အားထုတ်ကာရှိသေးတယ်၊ တရားက ကောင်းချင်တာကိုး။ တရားအားထုတ်တာ ၂–၃–ရက် ၄–၅ ရက်ရှိသေး၊ သူများတွေလို ဉာဏ်စဉ်တရားနာချင်ရတာနဲ့ ဒီလိုဟာ ရှိသေးတာကိုး။ သူ့ဟာ အဲဒီလို လုပ်လို့တော့ မဖြစ်ဘူး။ ကိုယ့်ကံနဲ့ကိုယ်အကျိုး ဒီလိုဆင်ခြင်မှ ဖြစ်မှာ။ ကိုယ်က နည်းနည်း အားထုတ်ကာရှိသေးရင် နည်းနည်းဖြစ်မှာပဲ။ များများအားထုတ်ရင် များများဖြစ်မှာပဲ။ သူ့အကြောင်းအားလျော်စွာ သူအားထုတ်သလောက် သူ့အကျိုးဖြစ်မှာပဲလို့ နှလုံးသွင်းပြီးတော့ ကိုယ်ကအားလျော်စွာပေါ့။ ကိုယ်အားထုတ်သည့် အားလျော်စွာ အကျိုးရမှာပဲလို့ စဉ်းစားလိုက်ရင် စိတ်အေးချမ်းပါတယ်။ အဲဒါကိုပဲယူရမှာပဲ။ ဒီလိုဆိုတော့ အဓိပ္ပာယ်ရှိတယ်။ နို့မို့ရင် တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ ကိုယ်က နည်းနည်းအားထုတ်ပြီး များများကြီးလိုချင်နေရင် အဲဒါခက်တာပဲ။ တရားမရနိုင်လို့ တော်ကြာလို့ရှိရင် ကမ္မဋ္ဌာန်းဆရာတွေ ဒုက္ခရောက်တယ်၊ ရှုပ်ကလဲရှုပ် တော်တော်ကြာနေ သူတို့ကလဲ အားထုတ်တာကလျော့နေ သူများတွေက ဉာဏ်စဉ်တရားနာသူက ဉာဏ်စဉ်တရားလဲ မထည့်တော့ ကမ္မဋ္ဌာန်းဆရာကပဲ မထည့်ချင်ဘူးလိုလို, သူ့မျက်နှာလိုက်တာလိုလို ဘာလိုလို, သူ့ကိုသနားတာလိုလို ဖြစ်ပြီးတော့ ကမ္မဋ္ဌာန်းဆရာတွေ တာဝန်လေးတယ်။ ဒါ သူတို့ကို ကျေနပ်အောင်လို့ ဟောရသေးတယ်။

အဲဒါက အလုပ်ပိုတစ်ခုလုပ်နေရတယ်။ အဲဒီတော့ မဏ္ဍိတ္တ ပယောဂအလယ်အလတ်ပဲ အားထုတ်ရမယ်တဲ့။ ကံ–ကံ၏ အကျိုး နှလုံးသွင်းရမယ်တဲ့၊ ကိုယ်အားထုတ်သလောက် ကိုယ်ဖြစ်မှာပဲတဲ့။ ကိုယ့်သမာဓိဉာဏ်တွေဟာ ကိုယ်အားထုတ်သလောက်ဖြစ်မယ်။ နည်းနည်းအားထုတ်ရင် နည်းနည်းဖြစ်မယ်။ များများအားထုတ်ရင် များများဖြစ်မယ်။ ငါနည်းနည်းဖြစ်ရင် ငါနည်းနည်းအားထုတ်လို့ပဲ။ ငါများများဖြစ်လို့ရှိရင် များများအားထုတ်လို့ပဲ။ သူများတွေ များများဖြစ်နေတယ်။ များများစားစား ပြည့်စုံနေတယ်။ ကြီးကြီးစားစား အားထုတ်လို့။ အဲဒီတော့ ငါ့မှာ သူများလောက် မဖြစ်သေးဘူးဆိုရင် သူများလောက် ငါ အားမထုတ်လို့ပဲ။ ဒီလို လုပ်ရမှာကိုး။ ဒါ အဓိပ္ပာယ်ရှိပါတယ်။ သူ့ဟာ အဓိပ္ပာယ် ရှိပါတယ်။ ဒါပေမယ့်လို့ အဓိပ္ပာယ် မစပ်တတ်ဘူး။ ဒီဥစ္စာစပ်လို့ကို မရဘူး။ ဒါ တော်တော်ခက်နေတယ်လို့ သူ့ဟာ မစပ်တတ်လို့ရှိရင် ခက်မယ်။

ဘုန်းကြီးက စဉ်းစားတယ်။ ဘုန်းကြီး သဒ္ဒါနက်ရေးထားတယ်၊ (မလွန်မယုတ် လုံ့လထုတ်–၂) ဆိုပေမယ့် အနက် အဓိပ္ပာယ်ကတော့ ခုနကအတိုင်းပဲ၊ ကံ–ကံ၏အကျိုး၊ ကံ၏အကျိုးဆိုတာလဲ ကိုယ်အားထုတ်မှ ကိုယ်အကျိုးရမယ်၊ သူများတွေအကျိုးရတယ်၊ ဉာဏ်တွေ တက်နေတယ်, သိနေတယ်။ သူများတွေ တကတည်း ထူးထူးခြားခြားတွေ ပြောနေတယ်။ ကမ္မဋ္ဌာန်းစစ်ရာမှာ သူများတွေကပြောကြတယ်။ ဘာတွေ ဘာတွေ ဘယ်လိုဖြစ်တယ်။ ဘယ်လိုရှိတယ်၊ အားရစရာ အင်မတန်ကောင်းတယ်။ တချို့ ကိုယ်က သိပ်အားမထုတ်တော့ ပြောစရာလဲ မရှိဘူး၊ ဘာမှမရှိဘူး၊ ဒီလို ဒီလိုဖြစ်နေတယ်။ အိမ်ကလာတဲ့အတိုင်းပဲ၊ မိမွေးတိုင်း ဖမွေးတိုင်းဆိုတာလို ဒီလိုဖြစ်နေတယ်။ ပြောစရာမရှိဘူး၊ ပြောစရာမရှိတော့ သူများတွေတော့ ပြောစရာရှိတယ်၊ ငါပြောစရာမရှိဘူးဆိုရင် ဘာတုံးဆိုရင် ငါအားမထုတ်လို့ဘဲ၊ ငါ အားထုတ်မှုလိုနေလို့ ဒီလိုနှလုံးသွင်းရမှာကိုး။ ဒီတော့ စိတ်အေးတာပေါ့။ နို့မို့ ငါလဲ ကမ္မဋ္ဌာန်းကျောင်း ရောက်လာတာကြာလှပြီ။ သူများတွေတက်နေတယ်။ ငါမတက်ဘူး။ စိတ်မချမ်းသာဘူး၊ ဘယ် စိတ်အေးချမ်းနိုင်မလဲ။ မအေးချမ်းနိုင်ဘူး။ သူများတွေ အားထုတ်လို့ သူများတွေ တက်တဲ့ဟာ သူတို့တွေ အားထုတ်လို့ပဲ၊ ငါကတော့ကို မတက်သေးတာ အားမထုတ်လို့ဘဲ၊ အားထုတ်ဦးမှပဲလို့ ဒီလိုနှလုံးသွင်းလိုက်တော့ သက်သာခွင့်ရသွားတယ်၊ အဲဒါကိုဆိုတာတဲ့၊ မလွန်မယုတ် လုံ့လထုတ်တဲ့၊ ကြမ်းကြုတ်ကြဉ်ရှောင်ပါတဲ့၊ တစ်ချို့က ကိုယ်ကြမ်း စိတ်ကြမ်းတွေရှိတယ်၊ ဒိုင်းဒိုင်း ဟိုဟာညှဉ်းဆဲ၊ ဒီဟာညှဉ်းဆဲ၊ နှုတ်ကလဲ ပြောချင်ရာတွေပြော ကြိုးတို့ကြမ်းတမ်းတွေရှိတယ်၊ အဲဒီပုဂ္ဂိုလ်တွေကို မပေါင်းနဲ့တဲ့၊ ဒီပုဂ္ဂိုလ်တွေက စိတ်မအေးဘူး၊ သူတို့အလိုလိုက် သူတို့လိုပဲ အတုလိုက်သွားလို့ရှိရင် မနှုးညံ့ဘဲ မငြိမ်းအေးဘဲနဲ့ ဖြစ်လာနိုင်တယ်တဲ့၊ ကြမ်းကြုတ်တဲ့လူကို ရှောင်ပါတဲ့။ ကိုင်း–ဆိုရမယ်။

မလွန်မယုတ် လုံ့လထုတ် ကြမ်းကြုတ်သူရှောင်ပါ။ (ဆို–၃)

ကိုယ်ကြမ်း နှုတ်ကြမ်း၊ ကြမ်းကြမ်းတမ်းတမ်း နေတတ် ထိုင်တတ် ပြောတတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ မမှီဝဲနဲ့၊ ရောမနေဘဲနဲ့၊ ငြိမ်းအေးတဲ့လူ ကိုယ်မကြမ်းကြုတ်ဘဲနဲ့၊ ငြိမ်ငြိမ်သက်သက် သိမ်သိမ်မွေ့မွေ့ရှိတဲ့ပုဂ္ဂိုလ်ပဲ၊ ဒီလို ပုဂ္ဂိုလ်ကို မှီဝဲရမယ်တဲ့။ ကိုယ်စိတ်ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ဖို့ရာလဲ စိတ်ထဲ အမြဲတန်းညွှတ်ထားရမယ်တဲ့။ ဒီပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်အောင်ဟာ ကို နှလုံးသွင်းမယ်၊ အားထုတ်မယ်လို့ စိတ်ဆန္ဒဖြစ်ပြီးတော့ နှလုံးသွင်းထားရမယ်တဲ့၊ ဒါလဲ လွယ်လွယ်ပါပဲ။

ငြိမ်းအေးသူတွင် မှီဝဲယှဉ် ထိုတွင် စိတ်ညွှတ်ရာ။ (ဆို–၃)

ငြိမ်းအေးတဲ့ ပုဂ္ဂိုလ်၊ ကာယစိတ္တ ပဿဒ္ဓိ၊ ပဿဒ္ဓိ ပုဂ္ဂိုလ်၊ ငြိမ်းငြိမ်းချမ်းချမ်း နေတတ်တဲ့ ပုဂ္ဂိုလ်၊ ကိုယ်ရောစိတ်ရော အကုန်လုံး ငြိမ်းချမ်းတဲ့ပုဂ္ဂိုလ်၊ အဲဒီလိုပုဂ္ဂိုလ် မှီဝဲဆည်းကပ်ရမယ်တဲ့၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ အတူတူနေတဲ့ပုဂ္ဂိုလ်နဲ့ ငြိမ်းအေးတဲ့ ပုဂ္ဂိုလ်နဲ့ ရောနေလို့ရှိရင် ကိုယ်စိတ်ငြိမ်းအေးမှု ပဿဒ္ဓိဟာ ဖြစ်လွယ်တာပေါ့၊ ပဿဒ္ဓိ ဗောဒ္ဓေါင် ဖြစ်ဖို့ရာလဲ စိတ်ထဲမှာ ညွှတ်ရမယ်တဲ့၊ ဒါသူတစ်ခုတည်းရယ် မဟုတ်ပါဘူး၊ တရားကောင်းအောင်လို့ စိတ်ညွှတ်ရတာပဲ၊ ပဿဒ္ဓိ တစ်ခုတည်းလဲ မဟုတ်ပါဘူး၊ အဲ–တရားကောင်းအောင် ရှုမယ်, မှတ်မယ်, အားထုတ်မယ်, နှလုံးသွင်းမယ်၊ ဒီလို စိတ်ညွှတ်ထားလို့ ရှိရင် ပြီးတာပါပဲ၊ ကိုယ်တွင် စိတ်ညွှတ်ရာ ပဿဒ္ဓိဖြစ်ရာအတွက်ပေါ့လေ၊ ပဿဒ္ဓိဖြစ်ဖို့ရာမှာ စိတ်ကလေး ကိုင်းညွှတ်ပြီးထားရမယ်တဲ့၊ အဲဒီတော့ ဘယ်နှစ်ခုရှိသွား ၇–ပါးရှိသွားပြီ။ ဗောဒ္ဓေါင် သင့်မြတ်တဲ့ ဗောဒ္ဓေါင်မှီဝဲ၊ သင့်မြတ်တဲ့ ဥတုမှီဝဲ၊ သင့်မြတ်တဲ့ နေထိုင်မှု ဣရိယာပုတ်ကို မှီမှု သုံးခု၊ ပထမပုဒ်က၊ ဒုတိယပုဒ်က မလွန် မယုတ် အားထုတ်ဖို့ ကြမ်းကြုတ်သူကို ရှောင်၊ အဲဒါနဲ့ဆိုတော့ ၅–ခုရှိသွားပြီ၊ ငြိမ်းအေးသူကိုမှီ၊ ကိုယ်စိတ်ငြိမ်းအေးသူ ငြိမ်းအေးတဲ့သူကိုမှီ၊ ပဿဒ္ဓိ ဖြစ်ဖို့ရာအတွက် စိတ်ကိုင်းညွှတ်ထားရမယ်၊ ဒီကနေ နှစ်ခုထည့်လိုက်တော့ ၇–ခု ရှိသွားပြီ၊ အဲဒါ ပဿဒ္ဓိဖြစ်ကြောင်းတရားပဲ၊ ပဿဒ္ဓိ ၇–ပါး ညွှန်ကြား ဌကထာ၊ အဲဒါ အဋ္ဌကထာက ပြတဲ့ ပဿဒ္ဓိဖြစ်ပွားကြောင်း တရား ၇–ပါးပါပဲ ဆိုရမယ်။

ပဿဒ္ဓိပွား ခုနစ်ပါး ညွှန်ကြားအဋ္ဌကထာ။ (ဆို–၃)။

အဲဒီ ၇–ပါးသော တရားတွေ ပြည့်စုံအောင် အားထုတ်ရင် ပဿဒ္ဓိတရား ပြည့်စုံတယ်။

ယထာစ ဥပ္ပန္နသ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဃသ ဘာဝနာယ ပါရိပူရိဟောတိ၊ တဉ္စ ပဏာနာ
သိ။

ယထာစ–အကြင်အကြောင်းကြောင့်လည်း၊ ဥပ္ပန္နသ–ဖြစ်ပေါ်ပြီးသော၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဃသ–ပဿဒ္ဓိသမ္ဗောဇ္ဈင်၏၊ ဘာဝနာယ ပါရိပူရီ ပွားစည်းမှု၏ ပြည့်စုံခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဉ္စ–ထိုအကြောင်းကိုလည်း၊ ပဏာနာတိ–သိ၏။

ပဿဒ္ဓိ–ပွားစေမှုက ဘယ်ကျမှပြည့်စုံသလဲဆိုတော့ အရဟတ္တဖိုလ်ကျမှ ပြည့်စုံတယ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် တည်းဟူသော အကြောင်းကိုလဲပဲ ယောဂီပုဂ္ဂိုလ်က သိပါတယ်တဲ့၊ အစဉ်အတိုင်း ပွားများ အားထုတ်တဲ့ကာလ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်တဲ့ကာလ ပွားစရာမရှိဘူး၊ လမ်းဆုံးသွားတယ်ဆိုတာ သိတာပဲ၊ အဲဒီတော့ ပဿဒ္ဓိပွားမှု ဘယ်မှာဆုံးသလဲ၊ ဘာကြောင့် ဘယ်တရားကြောင့် ပြည့်စုံသွားသလဲ၊ အရဟတ်ဖိုလ်တရားကြောင့် ဒီရောက်တဲ့အခါမှာ ရှုရင်းရှုရင်းကနေပြီး နိဗ္ဗာန်ကို ရောက်သွားတယ်၊ သောတာပတ္တိမဂ်ဖိုလ် ရောက်သွားတာပဲ၊ ပဿဒ္ဓိတစ်စိတ် တစ်ပိုင်းတော့ ပြည့်စုံသွားတာပဲ၊ သကဒါဂါမ်မိဖိုလ်ရောက်လဲ တစ်စိတ်တစ်ပိုင်းတော့ ပြည့်စုံသွားတာပဲ၊ အနာဂါမိဖိုလ် ရောက်တဲ့အခါလဲ ပြည့်စုံတာပဲ၊ အရဟတ္တမဂ်ဖိုလ် ရောက်တဲ့အခါကြတော့ အကုန်လုံးပြည့်စုံသွားတာပဲ၊ နောက်ထပ်မှာစရာ မလိုဘူး၊ ပြည့်စုံသွားတာ။

ဒါကြောင့် အကြင်အရဟတ္တမဂ်ဖိုလ်တည်းဟူသော အကြောင်းကြောင့် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားများမှ ပြည့်စုံတယ်၊ အရဟတ္တမဂ်အရဟတ္တဖိုလ်တည်းဟူသော အကြောင်းကိုလည်း ယောဂီပုဂ္ဂိုလ်က ကိုယ်တိုင် တွေ့သိ သွားပါတယ်၊ ဒီနေရာလေးရောက် ဒါလေးနဲ့ပြည့်ဝခြင်းကြောင့် ပဿဒ္ဓိတရားတွေ နောက်ထပ် ပွားစရာမလိုဘဲနဲ့ ကိစ္စပြီးသွားတာပဲတဲ့၊ ကိုယ်တိုင် သိနိုင်ပါတယ်တဲ့၊ ရောက်မှ သိရမှာ၊ အဲဒီလိုအစဉ်အတိုင်း သိဖို့ရာကို ရှေးကနေပြီး ညွှန်ကြားထားရတယ်၊ ဒီနေ့ ပဿဒ္ဓိသမ္ဗောဇ္ဈင်လဲ ပြီးသွားပြီ၊ နာရီကလဲ ၄ နာရီ တီးသွားပြီ၊ သမိသမ္ဗောဇ္ဈင်နဲ့ ဥပေက္ခာသမ္ဗောဇ္ဈင် ၂–ခုပဲ ရှိတော့တယ်၊ နောက်သီတင်းတွေကျတော့ ဆက်ဟောမယ်၊ ရပ်ဦးမှ။

ဤ ပဿဒ္ဓိသမ္ဗောဇ္ဈင်တရားတော်ကို ရှိသေစွာ နာခံမှတ်သားရသော ဓမ္မသဝနကုသိုလ်စေတနာ၏ အစွမ်းအာနုဘော်ကြောင့် ပရိသတ်အပေါင်းသူတော်ကောင်းတို့သည် မိမိတို့သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်နှင့်တကွ ကြွင်းသော ဗောဒ္ဓေါင်တရားတို့ကို ဖြစ်ပွားပြည့်စုံအောင် အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယာမဂ်ဉာဏ်အစဉ်သို့ ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန် ချမ်းသာမြတ်သို့ လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု။

သမာဓိသမ္ဗောဇ္ဈင် တရားတော်

၁၃၂၃–ခု၊ တော်သလင်းလဆန်း ၈–ရက်နေ့ ဟောသည်။

သန္တံ ဝါ အဗ္ဈတ္တံ သမာဓိသမ္ဗောဇ္ဈံ အတ္ထိ မေ အဗ္ဈတ္တံ သမာဓိ သမ္ဗောဇ္ဈဝေါတိ ပဇာနတိ။

အသန္တံ ဝါ အဗ္ဈတ္တံ သမာဓိသမ္ဗောဇ္ဈံ အတ္ထိ မေ အဗ္ဈတ္တံ သမာဓိ သမ္ဗောဇ္ဈဝေါတိ ပဇာနာတိ။

ယထာ စ အနုပ္ပန္နဿ သမာဓိ သမ္ဗောဇ္ဈဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ ယထာ စ ဥပ္ပန္နဿ သမာဓိသမ္ဗောဇ္ဈဿ ဘာဝနာယ ပါရိပူရိ ဟောတိ တဉ္စ ပဇာနာတိ။

ဒီနေ့ သမာဓိသမ္ဗောဇ္ဈင်ကို ဟောဖို့ အလှည့်ရောက်လာတယ်၊ အဲဒီသမ္ဗောဇ္ဈင်ကို သိပုံကို မြတ်စွာဘုရားက ခုနရွတ်တဲ့အတိုင်း ဘာဟောသွားတယ်၊ ဒါ ပါဠိဘာသာနဲ့ဟောတာ၊ ဘုရားဟောတဲ့အတိုင်း ကြည်ညိုရအောင်လို့ ရွတ်လိုက်တာ။ ဒါကတော့ ဒါကြားလို့ နားလည်တဲ့ပုဂ္ဂိုလ်လဲ နည်းနည်းပါးပါးရှိမယ်။ များသောအားဖြင့်တော့ ပါဠိဆိုတာ နားမလည်ဘူး။ မြန်မာပြန်ပြီး ပြောရဦးမယ်။

အဗ္ဈတ္တံ–ကိုယ်တွင်း သန္တာန်၌၊ သန္တံ–ထင်ရှားရှိသော၊ သမာဓိသမ္ဗောဇ္ဈံ ဝါ–သမာဓိသမ္ဗောဇ္ဈင် တရားကိုလည်း၊ မေ–ငါ၏၊ အဗ္ဈတ္တံ–ကိုယ်တွင်းသန္တာန်၌၊ သမာဓိသမ္ဗောဇ္ဈဝေါ သမာဓိသမ္ဗောဇ္ဈင်သည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏ ။

သမာဓိသမ္ဗောဇ္ဈင်တရား ရှိလျှင်လဲ ရှိမှန်းသိပါတယ်တဲ့။ သမ္ဗောဇ္ဈင်တရား မိမိသန္တာန်မှာ ဖြစ်နေလို့ရှိလျှင် ဖြစ်နေမှန်း ယောဂီပုဂ္ဂိုလ်ကသိတယ်သိရမှာပေါ့ ကိုယ့်သန္တာန်ဖြစ်တာကိုး၊ သမာဓိသမ္ဗောဇ္ဈင်ဖြစ်နေတာ ဖြစ်မှန်း သိတော့သိတာပေါ့။ ဖြစ်မှလဲသိတာ၊ မဖြစ်ရင်လဲ မသိဘူး။ သမာဓိသမ္ဗောဇ္ဈင်က မဖြစ်တဲ့ပုဂ္ဂိုလ်တွေ သမာဓိသမ္ဗောဇ္ဈင်ဟာ၊ စာပေအရကတော့ ကိုယ်ကြားနာပြီး မှတ်သားထားရတော့ ကိုယ်တိုင်တွေ့တော့၊ ကိုယ်တိုင် တွေ့သိဖို့ရာကတော့ ကိုယ့်သန္တာန်ဖြစ်မှပဲ သိမှာပဲ၊ ခုဟာက ယောဂီပုဂ္ဂိုလ်က အစဉ်အတိုင်း တရားအားထုတ်နေတော့ ဥဒယဗ္ဗယညာဏ်ရောက်တဲ့ အခါကာလကစပြီးတော့ ရှုတိုင်း မှတ်တိုင်း သမာဓိသမ္ဗောဇ္ဈင်ဖြစ်တယ်၊ ဖြစ်နေတာကို ကိုယ်တိုင်တွေ့ပြီးတော့ သိရပါတယ်တဲ့။

အသန္တံ ဝါ အဗ္ဈတ္တံ သမာဓိသမ္ဗောဇ္ဈံ။

အဗ္ဈတ္တံ–ကိုယ်တွင်းသန္တာန်၌၊ အသန္တံ–ထင်ရှားမရှိသော၊ သမာဓိသမ္ဗောဇ္ဈံ ဝါ–သမာဓိသမ္ဗောဇ္ဈင်တရားကိုလဲ၊ မေ–ငါ၏၊ အဗ္ဈတ္တံ–ကိုယ်တွင်းသန္တာန်၊ သမာဓိသမ္ဗောဇ္ဈဝေါ–သမာဓိသမ္ဗောဇ္ဈင်သည်၊ နတ္ထိ–မရှိ၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏ ။

သမာဓိသမ္ဗောဇ္ဈင် တရားမရှိရင်လဲ မရှိမှန်းသိပါတယ်တဲ့၊ တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်မှာ သမာဓိသမ္ဗောဇ္ဈင်ရောက်ပြီး ရပြီးနေတဲ့အခါကာလ အကြောင်းမညီညွတ်တဲ့ အခါကျတော့ သမာဓိက မဖြစ်ပြန်ဘူး။ အဲဒီလိုမဖြစ်တဲ့အခါလဲ မဖြစ်ဘူး။ သမာဓိမရှိဘူး သိနေတာတော့၊ အဲဒါတော့ အဲဒီလိုသိရုံနဲ့လဲပဲ သတိပဋ္ဌာန်ဘာဝနာလဲမဖြစ်ပါဘူး။ ဒီလိုဆိုလို့ရှိရင် တရားအားမထုတ်တဲ့ပုဂ္ဂိုလ် သမာဓိသမ္ဗောဇ္ဈင်မရှိရင်လဲ မရှိမှန်းသိနေတာနဲ့ ဘာဝနာတွေ ဖြစ်ကုန်မှာပေါ့။ တရားအားမထုတ်ဘဲနဲ့ သမာဓိကျနေပြီး သမာဓိမရှိဘူးလို့သိရုံနဲ့လဲ သတိပဋ္ဌာန်ဘာဝနာမဖြစ်ဘူး။အားထုတ်တဲ့ပုဂ္ဂိုလ်မှာလဲပဲ သမာဓိသမ္ဗောဇ္ဈင် မရောက်သေးခင် သမာဓိသမ္ဗောဇ္ဈင် မရှိမှန်းသိနေရုံနဲ့ အဲဒါလဲပဲ သတိပဋ္ဌာန်ဘာဝနာ တည်တယ်လို့ မဆိုနိုင်ဘူး။

ခုဟာကတော့ သမာဓိသမ္ဗောဇ္ဈင် ရောက်နေတာကိုး၊ သမာဓိသမ္ဗောဇ္ဈင် ကိုယ့်သန္တာန် ဖြစ်နေတာ၊ ဖြစ်နေတဲ့ခါ ဖြစ်မှန်းလဲသိတယ်၊ အကြောင်းမညီညွတ်တဲ့အခါ အဲဒီဥစ္စာက မဖြစ်ပြန်ဘူး၊ ဝိပဿနာ သမာဓိဆိုတာက မပျက်စီးနိုင်တဲ့ တရားမဟုတ်ဘူး၊ ပျက်စီးနိုင်တဲ့တရားပဲ၊ မပျက်စီးနိုင်တဲ့တရားက အကုပ္ပ မေ ဝိမုတ္တိ၊ အရဟတ္တမဂ်, အရဟတ္တဖိုလ် ရောက်သွားတဲ့အခါကျတော့ ရဟန္တာပုဂ္ဂိုလ်တွေ တရားဆင်ခြင်တဲ့ ပစ္စဝေက္ခဏာညာဏ်ရှိတယ်။ အကုပ္ပာ မေ ဝိမုတ္တိ၊ မေ–ငါ၏၊ ဝိမုတ္တိ–ကိလေသာမှ လွတ်ခြင်းသည်၊ အကုပ္ပာ–မပျက်စီးနိုင်တော့ပြီ၊ ရဟန္တာဖြစ်တဲ့အခါကာလကျတော့ ကိလေသာမှ လွတ်မြောက်တဲ့စိတ်ဟာ ဘယ်တော့မှ မပျက်စီးတော့ဘူး၊ သမာဓိကလဲ ဘယ်တော့မှ မပျက်စီးတော့ဘူး၊ အဲဒီသမာဓိကတော့ အဲဒါသာ မဟုတ်ဘူး။

အနာဂါမ်ပုဂ္ဂိုလ်မှာလဲ သမာဓိသို့ ပရိပူရကာရီဆိုတော့ အနာဂါမ်ပုဂ္ဂိုလ်လဲ အနာဂါမိမဂ်ဖိုလ် ရောက်သွားလို့ရှိရင် သူလဲ သမာဓိမပျက်ဘူး၊ အနာဂါမ် ရဟန္တာကမှ သမာဓိကမပျက်ဘဲနဲ့ ဒိပြင် ပုဂ္ဂိုလ်တွေမှာတော့ သမာဓိကောင်းတဲ့အခါလဲ ကောင်းမှာပဲ၊ ပျက်တဲ့အခါလဲ ပျက်မှာပဲ၊ အဲဒီတော့ အခါကောင်းတဲ့ခါ ကောင်းတဲ့သမာဓိကိုလဲ သိတယ်၊ ပျက်တဲ့အခါလဲ ပျက်တဲ့သမာဓိကိုသိတယ်၊ ဒီလိုသိရမယ်တဲ့၊ သမာဓိဆိုတာဟာ မြတ်စွာဘုရား၏ သာသနာတော်မှာ သာသနာသုံးရပ်ထဲက အလယ်ပိုင်းပဲ သီလတဲ့, သမာဓိတဲ့, ပညာတဲ့, မြတ်စွာဘုရား၏ သာသနာတော်မှာ အရေးအကြီးဆုံး သာသနာကြီးသုံးရပ်၊ သာသနာဆိုတာ ဆုံးမညွှန်ကြားချက်ကို သာသနာခေါ်တာပဲ၊ သာသနာဆိုတာ ဆုံးမခြင်းလို့ အဓိပ္ပာယ်ရှိတယ်၊ ဆုံးမတဲ့ စကားရပ်တွေဟာ သာသနာတွေပဲ။

ဒါပေမယ့် ဆိုဆုံးမချက်ဒေသနာအရအားဖြင့် ကျင့်သုံးပြီးတော့ ပြည့်စုံတဲ့တရားတွေကိုလဲ သာသနာလို့ပဲခေါ်ရတယ်၊ မြတ်စွာဘုရား ညွှန်ကြားဆုံးမထားတဲ့ ဝိနည်းသုတ္တန် အဘိဓမ္မာတရား ဒေသနာတော်တွေရှိတယ်၊ အဲဒါတွေဟာ မြတ်စွာဘုရား သွန်သင်ဆုံးမထားတဲ့ တရားတော်တွေ ဖြစ်ခြင်းကြောင့် ဒါတွေဟာ သာသနာတွေပဲ၊ ဒါတွေက ပရိယတ္တိသာသနာ ခေါ်တယ်၊ ပရိယတ္တိသာသနာတွေတဲ့၊ အဲဒါတွေက သင်ကြားရတယ်၊ မကြားဘူး မနာဘူးသေးတဲ့ပုဂ္ဂိုလ်တွေ ကြားရနာရတယ်၊ မသိတဲ့ ပုဂ္ဂိုလ်တွေသိအောင်လို့ သိတဲ့ပုဂ္ဂိုလ်တွေက ဟောကြားရတယ်၊ ခုခေတ်ကာလတော့ အင်မတန်လွယ်တာပဲ၊ ခုတော့ စာအုပ်တွေ ကရှိတာကိုး၊ အဲဒီစာအုပ်တွေကြည့်ပြီးတော့ လေ့လာရင်ကို ဒီတရားတော်တွေ အဆုံးအမတွေ ရနိုင်တာပဲ။

မြတ်စွာဘုရားလက်ထက်တော် အခါကာလတုန်းကဆိုရင် ဒီလိုစာအုပ်တွေ မရှိသေးဘူး၊ ဘုရားကလဲ အကြောင်းအားလျော်စွာကြုံတဲ့အခါ ဟောသွားတာပဲ၊ အကြောင်းအားလျော်စွာ ကြည့်ပြီးတော့ ပရိသတ်နဲ့ ဒီတရားနဲ့ သင့်လျော်တယ်ဆိုရင် အဲဒီပရိသတ် အဲဒီတရားဟော သွားတယ်၊ ဘုရားဆိုတော့လဲ တရားက အထူး နှလုံးသွင်းနေရတာမဟုတ်ဘူး၊ ပရိသတ် ကြည့်ပြီး ဟောသင့်ဟောထိုက်တဲ့တရား ဟောသွားတာပဲ၊ အဲဒီ ဟောသွားတဲ့ တရားတွေကို ကြားနာတဲ့ပုဂ္ဂိုလ်တွေက မှတ်သားထားရတယ်၊ ဟိုတုန်းက ပုဂ္ဂိုလ်တွေ ဉာဏ်သိပ်ကောင်းလို့ပေါ့၊ ဘုရားကတစ်ခေါက် ဟောသွားတာပဲ၊ တစ်ခေါက် လျှောက်တန်း ဟောသွားတာ အကုန်လုံး နောက်က လိုက်မှတ်ရတာကိုး။ ဆောင်ထားရတာ။

ဒီဆောင်ထားလို့ရတဲ့ပုဂ္ဂိုလ်တွေကလဲ မြတ်စွာဘုရားက ဘယ်ခါတုန်းက ဘယ်ပုဂ္ဂိုလ်အကြောင်းပြုပြီးတော့ ဘယ်လို ပရိသတ်တွေ အကြောင်းပြုပြီးတော့ ဘယ်လိုတရားတွေဟောတယ်၊ ဘယ်–ဘယ်လိုပဲ ဒါတွေ လျှောက်ပြီးတော့ အဆင့်ဆင့် ညွှန်ကြားပေးရတာပေါ့၊ အဲဒါတွေ ဆောင်ထားရတယ်၊ ဒီတော့ မြတ်စွာဘုရား၏ အဆုံးအမတွေကို လေ့လာချင်လို့ရှိရင် အဲဒီ တတ်သိတဲ့ပုဂ္ဂိုလ်တွေက ဟောမှပဲသိနိုင်တယ်၊ မဟောရင် မသိနိုင်ဘူး၊ စာအုပ်စာတမ်းတွေလဲ ရေးမထားကြသေးဘူး၊ ဟိုတုန်း ကမရေးကြသေးဘူး၊ နောက်မှ ပေခေတ်တွေပေါ်လာတော့မှ သာသနာ ၄၅၀–လောက်ကျမှ ပေနဲ့ရေးပြီးတော့ ပိဋကတ်တွေဖြစ်လာတယ်၊ ပေဆိုတောင်မှ တော်တော်ရှားသေးတယ်။

ခုခေတ်ကျတော့ စာအုပ်တွေဖြစ်လာတာကိုး၊ စာအုပ်တွေကတော့ ပေါပါတယ်၊ စာအုပ်တွေက အင်မတန်ပေါ၊ဟိုတုန်း က စာကြည့်ချင်လို့ရှိရင် ပေထုပ်တစ်ထုပ်ထမ်းရဖို့ရာ တယ်မလွယ်ဘူး၊ ဘုန်းကြီးကျောင်းတွေမှရှိတယ်၊ အဲဒါတွေက သွားငှား ဖို့ရာ တယ်မလွယ်ဘူး၊ ဘုန်းကြီးတွေကလဲ ပျောက်သွားမှာစိုးလို့ တယ်မငှားချင်ကြဘူး၊ တစ်ထုပ်လုံးများ မငှားဘူး၊ အပိုင်း အပိုင်းလေးတွေနဲ့ ဘုန်းကြီးများ ငယ်ငယ်တုန်းက စာအုပ်ကလဲမရှိတော့ အဲဒီစာကို ကျောင်းတစ်ကျောင်းမှာ သွားပြီးတော့ ပေထုပ်ရတာ၊ ပေထုပ်တဲ့ခါမှာ ဆရာတော်ကြီးက ဘယ့်နဲ့လဲတဲ့၊ စာပုလွေလေးဘာလေး မပါးဘူးလားတဲ့၊ အထုပ်လိုက် ငှား လို့ရလိမ့်မယ်လို့ အောက်မေ့တာကိုး၊ ဟာ ဒီလိုမလုပ်ရဘူး၊ စာပုလွေလေးယူခဲ့ရတယ်တဲ့၊ ပေတွေ ဘာတွေ ထုပ်ရတာကလေး။

အဲဒါလေးက ဝါးခြမ်းတွေနဲ့ အဝတ်နဲ့ ကပ်ထုပ်ထားတာလေး၊ အဲဒါလေးနဲ့ယူသွားမှ တစ်အင်္ဂါ နှစ်အင်္ဂါချင်း ထုတ်ပေးတာကိုး၊ စာသင်ပြီးလို့တက်ပြီးရင် ပြန်ပို့ရတယ်၊ ပြန်ပို့ နောက်အသစ်ထုတ် ဒီလို လုပ်ရတာကိုး၊ မလွယ်ဘူး ရှေးတုန်းက အခုတော့ တော်တော်တော့ ကြာသွားပါပြီ၊ စာအုပ်တွေပေါ်လာတာ စာအုပ်ပေါ်တဲ့ခေတ်က စပြီးတော့ စာအုပ်တွေကပေါပါရဲ့၊ ဒါပေမယ်လို့ ဘုန်းကြီးများ ငယ်ငယ်တုန်းကတော့ ကြည့်တော့လဲကြည့်ပါရဲ့ နေရာတိုင်းတော့ မပေါသေးဘူး၊ ခုတော့ ပေါ ကုန်ပါပြီ၊ ဆဋ္ဌသင်္ဂါယနာ ဗုဒ္ဓသာသနာ အဖွဲ့ကနေပြီးတော့ စာအုပ်တွေ ရိုက်လိုက်တာမှ အင်မတန်ကို ပေါသွားတယ်၊ ထိုထို ဆရာတွေ ရေးပြီးထုတ်တဲ့ အမျိုးမျိုးသော တရားစာအုပ်တွေကလဲ ခုကာလ အင်မတန် ပေါပါတယ်၊ လေ့လာချင်လို့ရှိရင် တရားတော့ အင်မတန် လေ့လာဖို့လွယ်တယ်၊ အဲဒီလို လေ့လာသင်ကြားပြီး ယူရတဲ့တရားကို ပရိယတ္တိ သာသနာတွေတဲ့။

ပရိယတ္တိ သာသနာ၊ အဲဒီ ပရိယတ္တိ သာသနာတော်က ညွှန်ကြားထားတဲ့အတိုင်း ကျင့်ကြံအားထုတ်တော့ ဖြစ်ပေါ်လာတာတွေ၊ အဲဒါတွေက ပဋ္ဌိပတ်တွေ ကျင့်ကြံအားထုတ်တဲ့ကာလဖြစ်ပေါ်တာတွေ၊ ပဋ္ဌိပတ် သီလ အကျင့် ကျင့်တယ်၊ သမာဓိအကျင့်ကျင့်တယ်၊ ဒါပဋ္ဌိပတ်အကျင့်တွေ၊ အဲဒီလို အကျင့်တွေ ကျင့်လို့ ပြည့်စုံတဲ့အခါကျမှ ပဋ္ဌိဝေဓလို့ ခေါ်တာကိုး၊ ပဋ္ဌိဝေဓဆိုတာ တရားထူးတရားမြတ်တွေ ရသွားတာကိုခေါ်တယ်၊ ပဋ္ဌိဝေဓ ထိုးထွင်းပြီး သိသွားတယ်တဲ့၊ အဲဒီရောက်အောင် အားထုတ်ရတာ။

အဲဒီလို အားထုတ်တဲ့ထဲမှာ သီလဆိုတဲ့ ကျင့်သုံးရတဲ့သာသနာက တစ်ခု၊ သမာဓိဆိုတာ တစ်ခု၊ ပညာဆိုတာ တစ်ခု၊ သုံးခု၊ အဲဒီ ၃–ခုထဲမှာ သမာဓိသမ္ဗောဇ္ဈင်ဆိုတာက အလယ်ပိုင်း၊ အလယ်ပိုင်းကျတယ်၊ အလယ်ပိုင်းထဲမှာ ပါဝင်နေတယ်၊အဲဒီ သမာဓိတရား၊ သမာဓိကလဲ အမျိုးမျိုး ရှိပါတယ်၊ သမာဓိကလဲ ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ ဆိုတဲ့ အဘိဓမ္မာဒေသနာ၊ ပထမဆုံးတိတ်နဲ့ တွဲလိုက်လို့ရှိရင် ကုသိုလ်သမာဓိလဲရှိတာပဲ၊ အကုသိုလ်သမာဓိလဲရှိတာပဲ၊ အဗျာကတ သမာဓိလဲ ရှိတာပဲ၊ အမျိုးမျိုးရှိတယ်၊ အကောင်းလဲရှိတယ်၊ အဆိုးလဲရှိတယ်၊ သမာဓိအကုသိုလ် မကောင်းမှုတွေ ပြုနေတဲ့ ပုဂ္ဂိုလ်တွေလဲ သူတို့အထိုက်အလိုက် သူတို့လဲ သမာဓိနဲ့ပဲ၊ သူတို့လဲ သမာဓိ စိတ်တည်ကြည်မှု ရှိတန်သလောက်ရှိလို့ အလုပ်လုပ်လို့ဖြစ်တာ၊ လောကဘက်ကနေပြီး စူးစူးစမ်းစမ်းတွေ ကြံ့စည်ပြီးသကာလ အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေရဲ့ သမာဓိတွေကလဲ သူတို့လဲ သမာဓိတွေနဲ့ပဲ လောကဘက်ကနေ ကျမ်းစာအုပ်တွေရေး, ဘာသာရေးဝါဒတွေရေး, ဟောဒီလိုလုပ်နေတာတွေ သူတို့လဲ သမာဓိတွေနဲ့ သူတို့သမာဓိနဲ့ လုပ်နေတာ စက်မှုလက်မှုစသည်တွေ ကြံ့စည်တည်ထွင်တဲ့နေရာတွေ သူတို့လဲ သမာဓိတွေ ပါတယ်။

သမာဓိမရှိရင် ဘယ်ဖြစ်လိမ့်မတုန်း၊ သူတို့လဲ တော်တော်ကြီးတဲ့သမာဓိနဲ့ လုပ်ရတာ။ သို့သော်လဲ ဒီသမာဓိတွေက တော့ ကုသိုလ်သမာဓိလို့ မဆိုနိုင်ဘူး၊ လောဘဦးစီးပြီးတော့ ကြံ့စည်နေတဲ့ သမာဓိလဲဖြစ်နိုင်တယ်၊ ဒေါသဦးစီးပြီးတော့ လက်နက်တွေ, ဘာတွေလုပ်တယ် ဆိုတာ သေရာသေကြောင်းတွေ လျှောက်လုပ်နေတာကိုး၊ ဒေါသဦးစီးပြီးတော့ ကြံ့စည်နေတဲ့ သမာဓိလဲဖြစ်နိုင်တယ်၊ မောဟတို့, မာနတို့, ဒိဋ္ဌိတို့ အဲဒါတွေ ဦးစီးပြီးသကာလ ကြံ့စည်ပြီးနေတဲ့ သမာဓိတွေလဲ ဖြစ်နိုင်တယ်၊ အကုသိုလ် သမာဓိတွေပဲ။

ကုသိုလ်ကောင်းမှုနဲ့စပ်ပြီးတော့ တည်ကြည်နေတဲ့ စိတ်တည်ကြည်မှုက ကုသိုလ်သမာဓိပဲ၊ ဒါက ဒါနပေးကမ်းလှူဒါန်းခြင်းနဲ့ ဆက်စပ်ပြီးတော့ ဖြစ်တယ်၊ သီလစောင့်ထိန်းမှုနဲ့ စပ်ပြီးဖြစ်တယ်၊ သမထဝိပဿနာ ဘာဝနာ အားထုတ်မှုနဲ့ စပ်ပြီးတော့ဖြစ်တယ်၊ အဲဒီသမာဓိဟာ သူ့ရဲ့အမည်ကို လိုက်ပြီးတော့ ပြောရမယ်ဆိုရင် သမာဓိဆိုတာ ကောင်းစွာထားတတ်တဲ့တရားပဲ၊ ယှဉ်ဖော်ယှဉ်ဖက် တရားတွေကို စေတသိက် တရားတွေကို တစ်ခုတည်းသော အာရုံ၌ ကောင်းစွာ ထားတတ်တဲ့ တရား, တည်ကြည်စေတတ်တဲ့တရားလို့ ဆိုလိုပါတယ်၊ စူးစိုက်ပြီး တည်ကြည်တတ်တဲ့ တရား၊ အကုသိုလ်သမာဓိကလဲ အကုသိုလ်အာရုံမှာထားမှာပေါ့၊ ကုသိုလ်သမာဓိကလဲ ကုသိုလ်အာရုံမှာထားမှာပေါ့၊ တည်ကြည်စေတတ်တဲ့တရား၊ ခု ဘာဝနာနဲ့ စပ်တဲ့နေရာမှာတော့ ကုသိုလ်သမာဓိလို့ ပြောရလိမ့်မယ်၊ အကုသိုလ် သမာဓိတော့ ပြောလို့ မဖြစ်ဘူး။

ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ သမာဓိခန်းဖွင့်တော့မယ်ဆိုတော့ သမာဓိဆိုတာဘာလဲလို့ မေးခွန်းထုတ်လိုက်တယ်၊ရှေးဦးစွာ မေးခွန်းထုတ်ပြီးဖြေတော့ သမာဓိအမျိုးမျိုးအစားစားတွေ ရှိနေတာတဲ့၊ အဲဒီ သမာဓိအမျိုးမျိုးအစားစားရှိနေတာတွေ လျှောက်ပြောနေရင် ဒီမှာလိုအပ်တဲ့သမာဓိတွေ ရောက်မှာမဟုတ်ဘူးတဲ့၊ ဒီတော့ အတိုချုပ် မြန်မာလို သမာဓိပြောရမယ် ဆိုလို့ရှိရင် တော့ ကုသိုလ်နဲ့ယှဉ်တဲ့စိတ် ဇကဂ္ဂတာပါပဲတဲ့၊ ကုသိုလ်နဲ့ ယှဉ်ပြီးဖြစ်တဲ့စိတ် ဇကဂ္ဂတာ၊ စိတ္တက–စိတ်၊ ဇကဂ္ဂတာက–တစ်ခုတည်းသော အာရုံမှာတည်ပြီးတော့နေတာ၊ တစ်ခုတည်းသော အာရုံမှာတည်တဲ့ စိတ်ပါပဲတဲ့၊ စိတ်၏ တစ်ခုတည်းသော အာရုံမှာ တည်တဲ့သဘောပါပဲတဲ့၊ ဒါကုသိုလ်နဲ့ ယှဉ်ပြီးဖြစ်တာပဲ၊ အကုသိုလ်နဲ့ယှဉ်တာမဟုတ်ဘူး၊ အဗျာတကနဲ့ ယှဉ်တာမဟုတ်ဘူး၊ ဘာဝနာနဲ့စပ်တော့ ကုသိုလ်သမာဓိလို့ ပြောရတယ်၊ အဲဒီ ကုသိုလ်သမာဓိက ခုနကပြောတဲ့အတိုင်း ဒါနသီလနဲ့လဲ စပ်ပြီးတော့ ဖြစ်တာလဲရှိပါတယ်။

ဒါပေမယ်လို့ ဒါတွေက သိပ်မထင်ရှားဘူး၊ ဒါနသီလနဲ့ စပ်ဖြစ်တာတွေက မထင်ရှားဘူး၊ ဘာဝနာနဲ့စပ်ဖြစ်တဲ့ သမာဓိက ထင်ရှားတယ်၊ ဘာဝနာနဲ့စပ်ပြီးဖြစ်တဲ့သမာဓိမှာလဲ ဥပစာရသမာဓိ, အပ္ပနာသမာဓိ, ခဏိကသမာဓိ, မဂ်သမာဓိ, ဖိုလ်သမာဓိ, ဒီလိုသမာဓိတွေ အမျိုးမျိုး အစားစားရှိပါတယ်၊ ဥပစာရသမာဓိဆိုတာ သမထဘာဝနာ အားထုတ်တော့ သမထဘာဝနာမပြည့်စုံသေးခင် စျာန်သမာပတ် မရောက်သေးခင် ဖြစ်ပေါ်နေတဲ့ စိတ်တည်ကြည်မှုတွေ ဥပစာရသမာဓိခေါ်တယ်၊ ဥပစာရ–အနီးကပ်ဖြစ်တဲ့ သမာဓိတွေ၊ စျာန်အပ္ပနာသမာဓိတွေရဲ့ အနီးအပါးဖြစ်တဲ့ သမာဓိတွေ ဒီလိုဆိုလိုတယ်၊ ဒါကလဲ တော်တော်လေးနီးသွားမှ ခေါ်တယ်၊ စ, ကာစ လက်ဦးစတော့ မခေါ်သေးဘူး၊ သာမည်တော့ သမာဓိပဲဖြစ်တယ်၊ စ, ကာစ တော့ သူက သိပ်ပြီးတော့ စာရင်းမဝင်သေးဘူး၊ ဥပစာရ သမာဓိဆိုတာ ပဋ္ဌိဘာဂနိမိတ်။

ထူးထူးခြားခြား နိမိတ်တွေ, အာရုံတွေ, တင်လာပြီဆိုတဲ့ အခါကစပြီးတော့ ဥပစာရသမာဓိဖြစ်တယ်၊ ဥပစာရသမာဓိဖြစ်တဲ့အခါကာလမှာ နီဝရဏစိတ်တွေလဲ ကင်းစင်ပြီးတော့သွားတယ်၊ နီဝရဏစိတ်တွေ မကင်းစင်သေးလို့ရှိရင် ဥပစာရသမာဓိမဖြစ်သေးဘူး၊ နီဝရဏစိတ်တွေက ဘာတုံးဆိုရင် ကာမစ္ဆန္ဒနီဝရဏတဲ့၊ ဗျာပါရနီဝရဏ, ထိနမိဒ္ဓနီဝရဏတဲ့၊ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆ နီဝရဏတဲ့၊ ကိလေသာနီဝရဏတဲ့ အကျဉ်းချုပ် အားဖြင့် ၅–ခုရှိတယ်၊ အကျယ်ဆိုရင်တော့ ၈–ခု ရှိပါတယ်။

ကာမအာရုံတွေကို စဉ်းစားကြံ့စည်နေတာလေးတွေဟာ ကာမစ္ဆန္ဒ နီဝရဏခေါ်တယ်၊ ကာမဘုံက ပုဂ္ဂိုလ်တွေက အမြဲတမ်းလိုပဲ ဒီကာမအာရုံတွေကို ကြံ့စည်နေကြတာပဲ၊ ကာမအာရုံတွေ မရသေးတာတွေရဖို့ ရပြီးတာတွေ သိမ်းပိုက်ပြီးထားဖို့၊ မြင်စရာအာရုံတွေ, အကောင်းတွေကို ရဖို့မြင်ဖို့၊ ကြားစရာအာရုံတွေ အကောင်းတွေကို ရဖို့ကြားဖို့၊ နံစရာအာရုံတွေ

အကောင်းတွေကို စားစရာအာရုံတွေ အကောင်းတွေကို ရဖို့, စားဖို့၊ တွေ့ထိစရာ အာရုံအကောင်းတွေကို ရဖို့တွေ့ထိဖို့၊ အသုံး အဆောင် အမျိုးမျိုးတွေကိုရဖို့၊ အပေါင်းအဖော် ပရိသတ်တွေ, အခြံအရံတွေရဖို့၊ လောကဂုဏ်သတင်း ကျက်သရေတွေရဖို့, ကြီးပွားဖို့, ချမ်းသာဖို့ အဲဒါတွေ လျှောက်စဉ်းစားနေတာ၊ ကာမစ္ဆန္ဒနီဝရဏလို့ ခေါ်တယ်၊ ကာမ အလိုဆန္ဒတွေတဲ့၊ လောက ရေးရာနဲ့စပ်ပြီးတော့ ကောင်းစားဖို့, ကြီးပွားချမ်းသာဖို့, ချမ်းသာဖို့ရာတွေ လျှောက်ကြံနေတာ။ အကုန်လုံး ကာမစ္ဆန္ဒချည်းပဲတဲ့၊ အဲဒီလို စိတ်မျိုးတွေ ကင်းနေရမယ်။

ဥပစာရသမာဓိ ရောက်တဲ့အခါကျတော့ ဒီစိတ်မျိုးတွေ မရှိတော့ဘူး၊ ခုဒီမှာ ကမ္မဋ္ဌာန်းအားထုတ်တဲ့အခါမှာ ရှုရမည့်တရားလေး တွေရှုမှတ်နေတာပဲ၊ ဖောင်းတယ်, ပိန်တယ်စသည်ဖြင့် ရှုမှတ်နေရင်း ကြားထဲကနေ ဒီစိတ်ကလေးတွေဘယ်သွားလဲ ထွက်ထွက်သွားတယ် မမိဘူး၊ သူက ကာမအာရုံတွေ ပြန်ပြန်သွားတယ်၊ သူနေနေကျ နေရာလေးကို သူက ကာမအာရုံတွေမှာ နေရတာက ချောင်ချောင်ချိချိရှိတယ်၊ လွတ်လွတ်လပ်လပ်ရှိတယ်၊ သမထအာရုံ ဝိပဿနာအာရုံတွေမှာ နေရတာက သိပ်ပြီးတော့ မလွတ်လပ်ဘူး၊ အမြဲတန်းကြောင့်ကြစိုက်နေရတာပဲ၊ သူ့ကို မသွားအောင်ဟာ ဒီအာရုံနဲ့ စိတ်နဲ့ဟာ အမြဲတမ်းကပ်ပေးနေရ တာပဲ၊ တစ်ခုပြီးတစ်ခုအမြဲတမ်းကပ်ပေးနေရတယ်၊ ကြောင့်ကြစိုက်ပေးနေရတယ်၊ လွတ်လပ်ခြင်းမရှိဘူး၊ အဲ–သူ့အလိုလို့ သွားနေတဲ့ ကာမအာရုံတွေကတော့ လွတ်လပ်တယ်၊ ကိုယ်လဲ ဘာမှကြောင့်ကြမစိုက်ရဘူး၊ သူ့ဟာသူ သွားနေတာပဲ၊ ဘာမှ ကြောင့်ကြမစိုက်ရဘူး၊ တစ်နေ့လုံး တစ်ညလုံးသွားနေတာ၊ တယ်သက်သာတာပဲ၊ သွားနေတာလဲ တယ်ပျော်စရာကောင်း တယ်၊ သူက ဟိုဟာစဉ်းစား ဒီဟာစဉ်းစား စဉ်းစားတိုင်း စဉ်းစားတိုင်းဟာ ကောင်းနေတာပဲ၊ အဲဒါ ကာမစ္ဆန္ဒနီဝရဏတွေ ခေါ် တယ်တဲ့။

ဒီကာမစ္ဆန္ဒတရားတွေ ဖြစ်နေသမျှ ကာလပတ်လုံး ဘာဝနာတွေပျက်၊ လုံးလုံးအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေ လုံးလုံး တစ်ခုမှမဖြစ်ဘဲ အရပ်ထဲမှာနေကြတယ်၊ ဘာဝနာတွေ ဘာမှမဖြစ်ဘူး၊ အရပ်ထဲနေတဲ့ ပုဂ္ဂိုလ်တွေ တရားအားမထုတ်တဲ့ပုဂ္ဂိုလ် တွေပေါ့၊ အရပ်ထဲလဲ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ ရှိနေလို့ အဲဒါတွေတော့ မပါဘူးပေါ့၊ တရားလဲအားမထုတ်ဘဲနဲ့ အလွတ် နေတဲ့ ပုဂ္ဂိုလ်တွေ ဘာမှ သူ့မှာ ဘာဝနာတစ်ခုမှ မဖြစ်ရဘူး၊ ဘာပြုလို့တုန်း ဆိုတော့ ကာမစ္ဆန္ဒနီဝရဏတွေ ဖြစ်နေတာပဲ၊ တချို့ တရားနှလုံးသွင်းတဲ့ စိတ်တောင်မဖြစ်ဘူး၊ တချို့ ပုဂ္ဂိုလ်က တရားနှလုံးသွင်းတဲ့ စိတ်ကလေးတွေဖြစ်လာတယ်။

အဲဒီမှာ ကာမစ္ဆန္ဒနီဝရဏလေး ကွာသွားတယ်၊ တချို့ တရားနှလုံးသွင်းဖို့ တရားနာဖို့ စိတ်ကူးလိုက်တာနဲ့ ကာမစ္ဆန္ဒ က လာပြီးတားတယ်၊ နေဦး တယ်မသွားနဲ့ဦး၊ မင်း ဟိုအလုပ်ကလေးက ရှိသေးတယ်၊ ဘယ်သူနဲ့က တွေ့ရဦးမယ်၊ ဘာလုပ်ရ ဦးမယ်၊ ဒါလေးမရဘဲ ဖြစ်သွားလိမ့်မယ်၊ ဒီကနေ့က အရေးကြီးတယ်၊ မသွားနဲ့ဦး ဒီလိုလုပ်တာကိုး၊ သူက အဲဒါဟာတားနေ တာ၊ တားလိုက်တာ၊ တရားနာပြီးတော့ ကုသိုလ်ဖြစ်မယ့်ဟာတွေကို မတွေ့ရအောင်လို့တားလိုက်တာ၊ မသွားနဲ့ဦးလို့တား လိုက်တယ်၊ အဲဒါ နီဝရဏပဲ၊ နီဝရဏဆိုတာ အဓိပ္ပာယ်ရှိတယ်၊ တကယ် တားနေတာ၊ တရားအားထုတ်ဖို့ရာကြံတဲ့ပုဂ္ဂိုလ်မှာ သာပြီးတော့ တားတာပေါ့၊ သူ တရားအားထုတ်မယ်လို့ဆိုတော့ တရားအားထုတ်မယ် ဆိုလို့ရှိရင် တရားအားထုတ်တာကလဲ တစ်နာရီ ၂–နာရီနဲ့ ပြီးတာမှ မဟုတ်ဘဲဟာကိုး၊ တကယ် အားထုတ်ရမှာဆိုတော့ မဂ်ဖိုလ်ရအောင် အားထုတ်မယ်ဆိုတော့ တော်တော်ကြာအောင် အားထုတ်ရမှာ၊ အဲဒီမှာ ယခုနေတော့ သွားလို့မဖြစ်သေးဘူး၊ အေးလေ၊ ယခု ငယ်ငယ်ရှိသေးတာပဲ၊ ကြီးတဲ့အခါကျတော့မှ အားထုတ်ရမှာ ဒီလိုရှိပါတယ်။

တချို့လဲ အလုပ်အကိုင်တွေနဲ့ ပတ်သက်ပြီးသကာလဖြစ်စေ၊ တစ်ခုသော ကိစ္စနဲ့ပတ်သက်ပြီး သကာလဖြစ်စေ သူက ရွှေ့တယ်၊ သူဟာက ဒီနှစ်တော့ အကြောင်းမညီညွှတ်သေးပါဘူး၊ နောက်နှစ်မှဆိုပြီး ရွှေ့လိုက်ပြန်ရော၊ သူ့ဥစ္စာ ဒီလ အကြောင်းမညီညွှတ်ဘူးဆို နောက်လ၊ ဒီတစ်ခါ မအားသေးဘူး၊ ဘယ်တော့မှဆိုပြီး ဒီလို ရွှေ့သွားတယ်၊ ဒါနဲ့ အချိန်တွေ ကုန်ချင်လဲကုန်သွားတာပဲ။

အဲဒါ ဘာကြောင့်တုံးဆို ကာမစ္ဆန္ဒကနေ သူတားမြစ်နေတာပဲ၊ အဲဒါ အားမထုတ်ခင်ကနေပြီးတော့ တားမြစ်တာ၊ အားထုတ်တဲ့ အခါကာလကျတော့ (အားထုတ်ရင်း–၂) ရှုလို့မှတ်လို့ ဘာဝနာဖြစ်အောင် အင်မတန်ကြောင့်ကြစိုက်နေတဲ့ကြား ထဲက သူကထွက်ထွက်ပြီးတော့ ကာမအာရုံတွေ သွားနေတာ၊ အခွင့်အရေးယူနေတာကိုး၊ ဒီမှာ တရားအားထုတ်တဲ့အချိန်လေး မှာ ဝင်ပြီးတော့ ကာမစ္ဆန္ဒအာရုံတွေ, ကာမအာရုံတွေဆီကို စိတ်ကသွားတာ၊ စိတ်ကသွားတယ်ဆိုရင် ပျက်တာပေါ့၊ ဟိုမှာ ၅–မိနစ်လောက်စိတ်ကူးနေရင် ၅–မိနစ်လောက်ပျက်သွားတာပဲ၊ ၁၀–မိနစ်လောက် စိတ်ကူးနေမယ်ဆိုရင် ၁၀–မိနစ်လောက် ဘာဝနာတွေ ပျက်သွားတာပဲ။

အဲဒါ မင်းနိဗ္ဗာန်မသွားနဲ့ဦး မဆိုသော်လည်း ဆိုသလိုပဲ၊ သူ့ဟာ တားနေတာ၊ ဒါကြောင့် နီဝရဏတရားတွေလို့ခေါ် တယ်၊ ကာမစ္ဆန္ဒလိုပဲ၊ ဗျာပါရဆိုတဲ့ စိတ်ဆိုးမှုတွေလဲရှိတယ်၊ အဲဒီ ဗျာပါရဆိုတဲ့ စိတ်ဆိုးမှုတွေဖြစ်နေပြန်လဲ ဘာဝနာတွေ ပျက်နေတာပဲ၊ ထိနမိဒ္ဓတဲ့၊ ပျင်းရိတာတဲ့၊ သူကလဲ တားတယ်၊ ထိနမိဒ္ဓက သူက တယ်ပျင်းတာကိုး၊ တရားနဲ့စပ်ပြီးတော့ ပျင်း တယ်၊ သူက တရားနာရမှာလဲပျင်းတယ်၊ တရားစာအုပ်ဖတ်ရမှာလဲပျင်းတယ်၊ တရားနှလုံးသွင်း ဆင်ခြင်ရမှာပျင်းတယ်၊ အား ထုတ်ရမှာပျင်းတယ်၊ ပျင်းတတ်ပါတယ်၊ သူက တော်တော်ကို ပျင်းတယ်။

ဒီအထဲကနေပြီးတော့ တချို့ တရားအားထုတ်ချင်တဲ့ စိတ်ဆန္ဒတွေ ပေါ်လာတာ အံ့သြစရာကောင်းတယ်၊ ကျေးဇူး တင်စရာ ကောင်းတယ်၊ အများအားဖြင့် ပျင်းကြတယ်၊ အားလုံးသောပုဂ္ဂိုလ်တွေ လူရော, ရှင်ရော, ရဟန်းရောပဲ၊ အကုန်လုံးပဲ ပျင်းကြတယ်၊ တရားအားထုတ် ရမှာ ဆိုလို့ရှိရင် ပျင်းတယ်၊ တချို့ ကိုယ်အားထုတ်ဖို့မပြောနဲ့ သူများ အားထုတ်တာတောင် သူက ဝင်ပြီးတော့ ပျင်းနေသေးတယ်၊ ကိုယ်နဲ့စပ်တဲ့ပုဂ္ဂိုလ် အားထုတ်နေတော့ အောင်မယ်လေး ပျင်းစရာ ကောင်းလိုက်တာမှ တကထဲမှပဲ၊ သူ အားမထုတ်ဘဲ ဘေးကနေပြီးတော့ ပျင်းပေးနေလို့ရှိရင်တော့ တရားကမဖြစ်ဘူး၊ လုံးလုံးကို အားမထုတ်ချင် ဘူး၊ အားထုတ်ပြန်လဲ ပျင်းပျင်းရိရိ အားထုတ်နေရင် တရားက မတိုးဘူး၊ ပျင်းပျင်းရိရိ အားထုတ်နေလို့ကတော့ တရားက ဘာမှမဖြစ်ဘူး၊ ဘာမှမထူးဘူး၊ မတက်ဘူး၊ အသားမတက်ဘူး၊ ဥဒ္ဓစ္စ ကုက္ကုစ္စတဲ့၊ ဥဒ္ဓစ္စဆိုတာ ပျံ့လွင့်တယ်၊ ကုက္ကုစ္စ ပူပန်တာ၊ ပျံ့လွင့် ပူပန်နေတာရှိတယ်၊ အဲဒါဆိုလဲ တရားမတက်တော့ဘူး၊ သူကလဲ တားမြစ်တာပဲ၊ ဝိစိကိစ္ဆာတဲ့ ယုံမှားတာ အဲဒါလဲ၊ အရေးကြီးတယ်။

တရားအားထုတ်လို့ရှိရင် တရားကို ရနိုင်တယ်ဆိုတာလေးဟာ မယုံကြည်လို့ရှိရင် ဟုတ်မှဟုတ်ပါ့မလား၊ ဝိစိကိစ္ဆာ ဖြစ်နေရင် အားမထုတ်ဖြစ်ဘူး၊ တကယ်ဟုတ်မယ်, တကယ်ဖြစ်တယ်, တကယ်ရမယ်၊ ဒီလိုစိတ်ထဲမှာ ယုံကြည်မှ လေးလေး နက်နက် ယုံကြည်မှ တရားဆိုတာ တက်တာကိုး၊ အခုက ဟုတ်မှဟုတ်ပါ့မလားဆိုရင် တရားအားမထုတ်ဘူး၊ အားထုတ်ရင်း, အားထုတ်ရင်း ဟုတ်မှဟုတ်ပါ့မလား, ဖြစ်မှဖြစ်ပါ့မလား ဆိုတဲ့ စိတ်တွေက ဝင်နေလို့ရှိရင် အဲဒီစိတ်တွေဟာ ပျက်နေတာပဲ၊ ရှေ့လဲပဲ တယ်မတိုးတက်ဘူး၊ အဲဒါကြောင့် သူကလဲတားမြစ်တဲ့ နီဝရဏပဲတဲ့၊ အဲဒီနီဝရဏ တရားတွေ ကင်းစင်ပြီးသွားတဲ့ အခါမှာ ဥပစာရသမာဓိဖြစ်တယ်တဲ့၊ ဥပစာရ သမာဓိဖြစ်တဲ့အခါကျတော့ စိတ်ကလေးဟာ ဘယ်မှမသွားဘူး၊ ဥပစာရသမာဓိ မှာ ပဋ္ဌိသမ္ဘိဒါမဂ်က ၃–မျိုးလောက်ခွဲပြီးတော့ ပြထားပါတယ်။

ဥပစာရသမာဓိတဲ့၊ ဇကတ္တ ၄–မျိုးရှိရာမှာ ဇကတ္တ ၃–မျိုးက ဥပစာရသမာဓိနဲ့ ဆိုင်ပါတယ်၊ သမာဓိနိမိတ္တုကဌာနေ ကတ္တာ သမာဓိနိမိတ်ထင်ပြီးတော့နေတဲ့ ဇကတ္တက တစ်ခု၊ ဇကတ္တ–တစ်ခုတည်းသော သဘောကိလေသာတွေနှင့် မရောယှက် ဘဲနဲ့၊ ကိလေသာ အာဘော်တွေနဲ့ မရောဘဲနဲ့၊ တစ်ကိုယ်ချင်း, တစ်ခုချင်း တည်နေတာတဲ့၊ တရားအားထုတ်တယ်ဆိုတာ စိတ် ကိုတည်အောင် အားထုတ်ရတာ၊ စိတ်ကူးက သူက အဖော်တွေနဲ့ပဲ၊ အမြဲတန်း သူက ရာဂနဲ့ ပေါင်းပြီးတော့ဖြစ်လိုက်, ဒေါသ နဲ့ပေါင်းပြီးတော့ဖြစ်လိုက်, မောဟနဲ့ပေါင်းပြီးတော့ ဖြစ်လိုက်, မာနနဲ့ပေါင်းပြီးတော့ ဖြစ်လိုက်, ဒိဋ္ဌိနဲ့ ပေါင်းပြီးတော့ဖြစ် လိုက်, ဝိစိကိစ္ဆာနဲ့ ပေါင်းပြီးတော့ ဖြစ်လိုက်, သူ့မှာ ကိလေသာ အဖော်တွေ အများကြီးရှိတယ်။

ကိလေသာ အဖော်တွေနဲ့ နေရလို့ စိတ်ကပျော်တယ်၊ ကိလေသာအဖော်တွေနဲ့ပဲ၊ စိတ်ကူးပြီးတော့နေရတာ ပျော်နေ တယ်၊ အဲဒီအဖော်တွေနဲ့ခွဲပြီး စိတ်ကလေးတစ်ကိုယ်ချင်းတည်အောင် အားထုတ်ရတာကို စိတ်ကလေးတည်နေအောင် သမထ ဘာဝနာ အားမထုတ်တဲ့ ပုဂ္ဂိုလ်ကလဲ သမထအာရုံမှာ စိတ်ကလေးတစ်ကိုယ်ချင်းတည်အောင် အားထုတ်ရမယ်၊ အဲဒါသမထ နိမိတ္တုကဌာနေကတ္တာ–သမထနိမိတ်ထင်ပြီးတော့ စိတ်တစ်ကိုယ်ချင်းတည်နေတဲ့ ဇကတ္တကတစ်ခုတည်း၊ ပထဝီကသိုဏ်းရှု တယ်ဆိုလို့ရှိရင် မြေပုံသဏ္ဌာန်လုပ်ပြီး အဲဒီမှာယူရတာကိုး၊ ပထဝီ, ပထဝီ စသည်ဖြင့် ရှုပြီးတော့ နေတာ၊ ပါဠိလို၊ မြန်မာလို တော့ မြေမြေဆိုရင်လဲ ပြီးတာပါပဲ၊ လိုရင်းတော့ အဲဒီမြေကသိုဏ်းဝန်းထဲမှာစိတ်ကလေးဝင်နေတာပဲ လိုရင်းပါပဲ၊ စိတ်အာရုံရှိ နေတယ်၊ ဘယ်မှစိတ်မသွားဘူး၊ ဒီထဲက ကြားထဲကနေပြီးပြောခဲ့တဲ့ ကာမစ္ဆန္ဒတို့ ဘာတို့ ဝင်ချင်လဲဝင်မှာပေါ့၊ ဝင်လာလို့ရှိရင် လဲ ဒီအာရုံပြန်ပြီး နှလုံးသွင်း၊ ဒီလိုလုပ်ရတယ်၊ အဲဒီလိုလုပ်လို့ကြာတော့ စိတ်ကတခြားကို မသွားဘူး။

ဒီကသိုဏ်း အာရုံထဲမှာပဲ စိတ်ကလေး တည်နေတော့ ကသိုဏ်းအာရုံထဲမှာ အဲဒါဟာ သမထနိမိတ်ထင်ပြီးတော့ နေတဲ့ ဇကတ္တာပဲတဲ့၊ စိတ်ကလေး တစ်ကိုယ်တည်း တည်နေတာတဲ့၊ ဗုဒ္ဓါနုဿတိ–ဘုရားဂုဏ် အာရုံပြုနေတာ၊ ဗုဒ္ဓါနုဿတိ–ဘုရားဂုဏ်ကို အာရုံပြုတာပဲဆိုရင် အများအားဖြင့် လွယ်လွယ်ကူကူ အာရုံပြုတတ်တာကတော့ ဘုရားပုံတော်ပဲ အာရုံပြုတတ် ကြတယ်၊ ဘုရားပုံတော်ထဲ ထားပါတော့၊ အများ နားလည်တာက စပြောမှ၊ ဘုရားပုံတော်ပဲ အာရုံပြုပြီး မြတ်စွာဘုရား ၃၂–ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီးတွေနဲ့ သက်နီး သပ္ပါယ်ထားပုံနဲ့ တင့်တင့်တယ်တယ် ထက်ဝယ်ဖွဲ့ခွေထိုင် နေပုံနဲ့၊ ဘုရားပုံတော် စိတ်ထဲကမှန်းပြီး အာရုံပြုရမယ်၊ ဘုရားပုံတော်ထဲ စိတ်ကလေးက တည်နေတယ်၊ သမာဓိအာရုံရတယ်၊ ဘုရားနိမိတ်တည်းဟူသော သမာဓိအာရုံ တစ်ခုတည်း တည်နေတာကိုး။

သမထ နိမိတ္တုကဌာနေကတ္တာ–စိတ်တစ်ခုတည်း တည်နေတာကိုး၊ ဒါကတော့ကို အများပုဂ္ဂိုလ်တွေ နားလည်လွယ် တာပြောရတာ၊ အမှန်အားဖြင့် မြတ်စွာဘုရားအလိုရှိတဲ့ ဗုဒ္ဓါနုဿတိကလဲ အဲဒါကတော့ သိပ်ပြီးတော့ ပဓာနမဟုတ်ဘူး၊ပဓာန အလိုရှိတာကတော့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေ အလိုရှိတယ်။

တစ်နေ့က ပီတိသမ္ဗောဇ္ဈင်တုံးက တော်တော်ပြောပြီးသွားပြီ၊ အရဟံ–ကိလေသာကင်းဝေး စင်ကြယ်တော်မူပါပေ တယ်တဲ့၊ သူတကာ, လူတကာတွေ လောဘ, ဒေါသ, မောဟ ကိလေသာတွေနဲ့နေကြ၊ မြတ်စွာဘုရားမှာ ကိလေသာတွေ အကုန်လုံး စင်ကြယ်တော်မူပါပေတယ်၊ ကင်းတော်မူပါပေတယ်၊ အလုံးစုံသော တရားတွေ မြတ်စွာဘုရား သိတော်မူပါပေ တယ်စသည်ဖြင့် ဘုရားဂုဏ်တွေကို သိသမျှလျှောက်ပြီး နှလုံးသွင်းနေတော့ အစတော့လဲ ဘုရားဂုဏ်နှလုံးသွင်းရင်း ဟိုအရေး

ဒီအရေး, ဟိုကိစ္စ ဒီကိစ္စတွေ စိတ်က သွားဦးမှာပဲ၊ နှလုံးသွင်းပါ မျှားလာတဲ့အခါကျတော့ အဲဒီစိတ်ကလေး ဘုရားဂုဏ်ထဲမှာ စိတ်ကလေးတည်ပြီးတော့ နေတာကိုး၊ မြတ်စွာဘုရား ကိလေသာကင်းတော်မူပုံ၊ လောဘကင်းတော်မူတယ်၊ ဒေါသကင်းတော်မူတယ်၊ မောဟကင်းတော်မူတယ်၊ မာနကင်းတော်မူတယ်၊ အလုံးစုံသောတရားတွေ သိတော်မူတယ်။

ဈာန်အဘိညာဉ် တရားတွေနဲ့ ပြည့်စုံတော်မူပုံ စသည့် ကိုယ်သိသမျှတွေ လျှောက်နှလုံးသွင်း၊ ဘုရားဂုဏ်တွေကြည့် လျှောက်ပြီးတော့ ဆက်ပေါ်နေတဲ့အခါ ဒါဆို သမထနိမိတ်တွေ ထင်နေတာပါပဲ၊ ပြီးတော့ မေတ္တာ ဘာဝနာ ပွားများတယ်ဆိုပါတော့၊ မေတ္တာဘာဝနာ ပွားများတဲ့အခါ ကာလမှာ တစ်စုံတစ်ယောက်ကို ရည်စူးပြီးတော့ မေတ္တာပို့လို့ရှိရင် မည်သူမည်ဝါ ချမ်းသာပါစေ၊ ဘေးကင်းပါစေ၊ ရန်ကင်းပါစေ၊ အန္တရာယ်ကင်းပါစေ နှလုံးသွင်းပြီးတော့ အဲဒီပုဂ္ဂိုလ် ချမ်းသာစေလိုတဲ့စိတ်၊ ဘေးအန္တရာယ် ကင်းစေလိုတဲ့စိတ်ချည်း ဆက်ပြီးတော့ဖြစ်နေရင် အဲဒါလဲ သမာဓိနိမိတ်မှာ တည်နေတာပဲ၊ နောက်အများစု အနေအားဖြင့် အလုံးစုံသော သတ္တဝါတွေ ချမ်းသာပါစေလို့ မေတ္တာပို့လို့ရှိရင်လဲ အလုံးစုံသော သတ္တဝါတွေ ချမ်းသာစေလိုသောစိတ်ချည်း ဖြစ်နေတဲ့အခါမှာ သမာဓိနိမိတ်တည်နေတယ် ဆိုရမှာပေါ့။

ထွက်သက် ဝင်သက် နှလုံးသွင်းနေတယ် ဆိုပါတော့၊ အာနာပါနကမ္မဋ္ဌာန်း ရောက်လာပြီ၊ ကမ္မဋ္ဌာန်းနှာခေါင်းမှာ တိုက်ပြီး သကာလ နှာသီးဖျား၊ နှာခေါင်းဖျား တိုက်ပြီးတော့ ဝင်လိုက် ထွက်လိုက်၊ ဒါလေး စူးစိုက်နေတာ၊ (ဝင်တယ်–ထွက်တယ် ၂) ဒါလေး နှလုံးသွင်းပြီးတော့ အစကတော့ ဟိုဟိုဒီဒီစိတ်တွေ သွားဦးမှာပဲ၊ နောက် ရှုပါများတဲ့အခါ ဘယ်မှ မသွားဘဲနဲ့ ဝင်လိုက်–ထွက်လိုက်၊ ဒီတွင်ပဲ တည်နေတယ်၊ အဲဒါဟာ သမာဓိနိမိတ် တည်နေတာပဲ၊ စိတ်တစ်ခုချင်းတည်နေတာ၊ အဲဒါလဲပဲ ဧကတ္တပဲ၊ အဲဒါက သမာဓိနိမိတ် တည်တယ်ဆိုတာ ကတော့ ဥပစာ သမာဓိလဲရှိတယ်၊ အပွနာသမာဓိလဲရှိတယ်၊ နှစ်မျိုးရှိပါတယ်။

စောစောပိုင်းက ဥပစာသမာဓိပေါ့၊ ဈာန်ရောက်သွားတဲ့အခါကျတော့ အပွနာသမာဓိရောက်သွားတယ်၊ ဒါနဝေါသက္ကျ ပဌာနေ မတ္တ ဒါန ဝေါ သက္ကေ–စွန့်ကြေးကမ်းလှူဒါန်းနေတဲ့ အနေအားဖြင့် အာရုံထင်ပြီးတော့နေတဲ့ ဧကတ္တပဲတဲ့၊ စိတ်တစ်ခု တည်းတည်နေတာ၊ ဒါက စာဂါနုဿတိ–စာဂါနုဿတိကမ္မဋ္ဌာန်း နှလုံးသွင်းတဲ့ပုဂ္ဂိုလ်တွေ စွန့်ကြေးကမ်းလှူဒါန်းမှုပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေက မိမိတို့ စွန့်ကြေးကမ်း လှူဒါန်းတာတွေ ရက်ရက်ရောရော လှူဒါန်းတာတွေ, ပစ္စည်းကို မတွယ်တာဘဲနဲ့ လှူဒါန်းခဲ့တာတွေ, အလှူခံပုဂ္ဂိုလ်ကို အလိုရှိတိုင်း–ရှိတိုင်း လှူဒါန်းပေးကမ်းခဲ့တာတွေ, အဲဒါလေးတွေ ပြန်စဉ်းစားလိုက်၊ နှလုံးသွင်းပြီးတော့ ဆင်ခြင်လိုက်တဲ့အခါကာလ တစ်ခြားတစ်ပါးစိတ်တွေ မဝင်ဘဲနဲ့ စွန့်ကြေးကမ်း လှူဒါန်းမှုကလေးထဲမှာ စိတ်ကလေးငြိမ်ပြီးတော့ တည်နေတာ၊ စိတ်တစ်ကိုယ်တည်းဖြစ်နေတာ။

အဲဒါ ဒါနဝေါသက္ကေ နောက် ဝယဝေါသက္ကျပဌာနေ ကတ္တ ဒါက ဝိပဿနာယောဂီနဲ့ ဆိုင်တယ်၊ ဝယလက္ခဏာ ကဋ္ဌနေကတ္တ–အပျက်လက္ခဏာတွေ ထင်နေတာ၊ ဥပသက္ကေ ယောဂီပုဂ္ဂိုလ်တွေ ဝိပဿနာရှုတဲ့ယောဂီပုဂ္ဂိုလ်တို့ရဲ့ ဧကတ္တပဲတဲ့၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ဟာ အစတော့ ဒွါရ ၆–ပါးက ဖြစ်တိုင်း–ဖြစ်တိုင်း ရုပ်နာမ်ရှုနေတာပဲ၊ ဖြစ်တာ ပျက်တာတွေ ဘယ်သိဦးမလဲ၊ ဘာမှမသိသေးဘူး၊ ဖောင်းတယ်–ပိန်တယ် စသည်ဖြင့် ဖြစ်ခိုက် ရုပ်နာမ်ကလေးတွေ ရှုနေရတာပဲ၊ ဖြစ်တိုင်း–ဖြစ်တိုင်း လိုက်ရှုနေရတာ၊ ဒီအထဲကနေပြီး စိတ်တွေက တခြားထွက်ထွက်သွားလိုက်သေး၊ အဲဒါ နီဝရဏတွေပဲ၊ အဲဒါတွေကို မှတ်မှတ်ပြီး ပယ်ဖျောက်ရတယ်၊ ပယ်ဖျောက်လို့ နောက်တခြားတပါး စိတ်မသွားဘူးဆိုတဲ့ အခါကာလကျတော့ (မှတ်တိုင်း–၂) အာရုံကလေးတွေ ရုပ်နဲ့နာမ်ကလေးတွေ ပိုင်းခြားသိတယ်၊ ပိုင်းခြားသိရာက နေပြီးတော့ နောက်တော့ အပျက်အပျက်တွေချည်း ထင်လာတယ်။

ဒါ မှတ်တိုင်းမှတ်တိုင်း ပျောက်ပျောက်သွားတာချည်းပဲ၊ တည်နေတာမရှိဘူး၊ ပုံသဏ္ဌာန် အထည်ဒြပ်မရှိဘူး၊ ဖောင်းတာပိန်တာ မှတ်လိုက်လဲ ပျောက်သွား, ပိန်တာမှတ်လိုက်လဲ ပိန်တာပျောက်သွား၊ ကွေးတာဆန့်တာ မှတ်ရင် ကွေးတာဆန့်တာလေးတွေ ရိပ်ရိပ်နဲ့ပျောက်သွား၊ မြင်တာကြားတာတွေ မှတ်လဲပျောက်သွား၊ စိတ်ကူးစဉ်းစားတာတွေမှတ်လည်း ပျောက်သွားတာပဲ၊ ညောင်းတာ, ကျင်တာ, ကိုက်ခဲတဲ့ ဝေဒနာတွေ မှတ်ရင်လဲ ဝေဒနာတွေဟာ ပျောက်သွားတာပဲ၊ ရှုတဲ့စိတ်တွေလဲ ပျောက်နေတာပဲ၊ ဘာမှ အထည်ဒြပ်ရှာလို့မရဘူး၊ ဖြစ်တိုင်း–ဖြစ်တိုင်း၊ ရှုတိုင်း–ရှုတိုင်း၊ မှတ်တိုင်း–မှတ်တိုင်းဟာ အာရုံရော, စိတ်ရော ပျောက်ပျောက်နေတာချည်းပဲတွေ့တယ်။

အဲဒါ ဝယလက္ခဏာ အပျက်လက္ခဏာထင်နေတာတဲ့၊ ဘင်ဘာဏ်ကျမှ ထင်တယ်၊ အစနားမှာ ထင်တာမဟုတ်သေးဘူး၊ တော်တော်လေး ရောက်လာမှ အဲဒါလဲ စိတ်တစ်ကိုယ်တည်း တည်နေတာပဲတဲ့၊ ဒီကာလမှာ အဲဒီလိုတည်နေတဲ့ သမာဓိတွေဟာ ဒါ ဥပစာရ သမာဓိလက္ခဏာရှိပါတယ်၊ အပွနာဈာန် မဟုတ်သေးဘူး၊ အပွနာဈာန် မရောက်သေးခင် အဲဒါ ဥပစာရသမာဓိတဲ့၊ နီဝရဏတရားတွေ ကင်းစင်နေပြီတဲ့၊ ဥပစာရသမာဓိတွေ၊ အပွနာသမာဓိဆိုတာကတော့ ကသိဏ်း အစရှိသော အာရုံနိမိတ်တွေထဲမှာ စိတ်ကလေးဝင်ပြီးတော့ တည်နေသလို ကြောင့်ကြ မစိုက်ရဘဲနဲ့ သူ့အာရုံနဲ့သူ တည်ပြီးနေတာ၊ ဈာန်စိတ်ကလေးပဲ၊ ဈာန်ဆိုတာလဲ စိတ်ကလေးပါပဲ တည်တံ့နေတဲ့ စိတ်ကလေးပဲ၊ အဲဒါ အပွနာသမာဓိခေါ်တယ်။

အဲဒီ ဥပစာသမာဓိ, အပွနာသမာဓိ, နောက် ခဏိကသမာဓိတဲ့၊ ခဏိက သမာဓိဆိုတာ အခုန ဝယလက္ခဏာထင်တဲ့ သမာဓိမျိုးပဲ၊ ဒါက ဝိပဿနာသမာဓိပဲ၊ ဝိပဿနာရှုတဲ့အခါကာလမှာ အခိုက်အတန့်မျှတည်တယ်၊ စျာန်သမာဓိများလို သူက တစ်တန်းကြီး တစ်စဉ်ကြီး အကြာကြီး တည်နေတာ မဟုတ်ဘူး၊ ရှုတိုင်း ရှုတိုင်း အာရုံလေးမှာ တစ်အာရုံမှာ တစ်ခါ, တစ်အာရုံတစ်ခါ ဒီလို တည်တာကိုး၊ အဲဒါကို ခဏိကသမာဓိခေါ်တယ်။

ခဏမတ္တဋ္ဌိတိကော သမာဓိတဲ့၊ ခဏမတ္တဋ္ဌိတိကော–စိတ်၏ ခဏမျှကလေးတည်တဲ့ သမာဓိပဲတဲ့၊ စိတ်ခဏလေးစိတ် ဖြစ်ခိုက် ခဏလေးပဲ တည်တယ်တဲ့၊ သူက ဒါပေမယ်လို့ သူကလဲပဲ အားကောင်းနေတဲ့ အခါကျတော့ စျာန်သမာဓိလိုပါပဲ၊ ဒီစိတ်ဖြစ်တဲ့အခါ ဒီတစ်ခါရှုလိုက်တဲ့ စိတ်ကလေးဖြစ်တဲ့အခါမှာ အဲဒီစိတ်ကလေး အခိုက်အတံ့တည်နေတာ၊ ဒီလိုတည်နေတာ၊ သူဟာ အပြောင်းအလဲမရှိဘူး၊ အာရုံတွေ ပြောင်းသွားပေမယ်လို့ တည်ကြည်ပုံကတော့ မပြောင်းဘူး၊ တစ်မျိုးတည်းပဲ တည်နေတာပဲ၊ သမာဓိကောင်းလာတဲ့ခါကြ ဒီအတိုင်းဖြစ်နေတယ်၊ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်က အဲဒီသမာဓိမျိုး ကိုယ့်မှာမဖြစ်ဘူးသေးဘူး၊ ဒီသမာဓိမျိုးဖြစ်ပုံကိုလဲ မစဉ်းစားမဆင်ခြင်သေးဘူး၊ တချို့ကတော့ ဝိပဿနာရှုတာဟာ ဒွါရ ၆–ပါးက ဖြစ်တိုင်း ဖြစ်တိုင်းတွေ လျှောက်သိနေတာ သမာဓိဖြစ်မှာ မဟုတ်ဘူး။

ဒါတွေ ပျံ့လွင့်နေတယ်လို့ တချို့က ပြောတယ်၊ ပျံ့လွင့်နေတာပဲ၊ သမာဓိမဖြစ်ဘူးတဲ့၊ မြင်တာရှုလိုက်, ကြားတာရှုလိုက်, ဟိုအာရုံရှု၊ ဒီအာရုံရှုနဲ့ သမာဓိမဖြစ်ဘူးဆိုပြီးတော့ တချို့က ပြောကြတာကိုး၊ သူက သမာဓိမှ မဖြစ်ဘူးသေးဘဲဟာကိုး၊ မဖြစ်ဘူးသေးတော့ သမာဓိကို ကောင်းကောင်းမသိဘူး၊ သမာဓိဆိုတာ တစ်ခါတည်း တစ်အာရုံတည်းမှာ တည်နေမှ သမာဓိ၊ ဒီလို အောက်မေ့တာကိုး။

စာပေကျမ်းဂန်အရအားဖြင့်ဆိုရင်လဲ သူပြောတာ ခပ်ကိုက်ကိုက်ပါပဲ၊ ဧကဂ္ဂတာလို့ ဆိုထားတာကိုး၊ ဧက–တစ်ခု၊ အဂ္ဂ–က အာရုံအဖို့၊ တစ်ခုတည်းသော အာရုံအဖို့ ရှိတယ်လို့ သူက ဆိုထားတာကိုး၊ အဲဒါနဲ့ သမာဓိဆိုလျှင် တစ်ခုတည်းသော အာရုံအဖို့ရှိရမယ်၊ အာရုံနှစ်ခုရှိနေရင် သမာဓိ မဖြစ်ဘူး၊ ဒီတော့ (ဖြစ်တိုင်း, ကြားတိုင်း) ဒွါရ ၆–ပါးက ပေါ်တိုင်း ပေါ်တိုင်းဟာတွေ လျှောက်ပြီးသိနေရင် အာရုံတွေများ နေတာကိုး၊ အဲဒီတော့ သမာဓိမဖြစ်ဘူးတဲ့၊ ဒီလို အပြစ်တင်ပြီး ပြောကြတယ်၊ ဒါက သမာဓိအကြောင်း ကောင်းကောင်းမသိလို့ ပြောကြတာပါ၊ အဲဒီ စျာန်သမာဓိဟာ ပဗန္ဓသမာဓိခေါ်တယ်၊ ကသိဏ်းအစရှိသော အာရုံမှာ တကျုံ့တည်းပြုပြီးတည်နေတယ်၊ ပထဝီ–ပထဝီ စသည်ဖြင့် ရှုလိုက်တာ၊ အဲဒီ မြေကသိဏ်းနိမိတ်ဟာ တကျုံ့တည်းတည်နေတာ အဖြစ်အပျက်မရှိဘူး၊ မြဲပြီးတော့ တည်နေတာ၊ ထွက်သက်ဝင်သက် ရှုတဲ့ပုဂ္ဂိုလ်ကလဲ ထွက်သက်ဝင်သက် နိမိတ်ထင်လာတဲ့အခါကျတော့လဲ ထွက်လိုက်ဝင်လိုက်တော့လဲအတွင်းဝင်သွားလိုက် အပြင်ထွက်သွားလိုက်၊ ဒီလို တည်နေတာကိုး အာရုံကတော့ တစ်ကျုံ့တည်းပဲ၊ အပြတ်မရှိဘူး၊ ကျန်ပြီးတော့ အပြတ်အခြား မရှိဘူး၊ ကြိုးဟာ တစ်ခါတည်း ဆွဲလိုက်, ထုတ်လိုက်ဆိုသလို၊ အဲဒီ သဘောမျိုးပဲ၊ အထည်ဝတ္ထု တစ်ခုတည်း အနေအားဖြင့် ထင်တာ၊ အဲဒါက ပဗန္ဓသမာဓိခေါ်တယ်၊ ဒါကမြဲနေတယ်၊ ဒါဝိပဿနာမဖြစ်ဘူး၊ အဲဒါ ပဗန္ဓသမာဓိမျိုး, စျာန်သမာဓိမျိုးဖြစ်နေရင် ဝိပဿနာကို မဖြစ်နိုင်ဘူး။

ဒါကြောင့်မို့ သာသနာပစျာန်ရဟုဂ္ဂိုလ်တွေဟာ ဝိပဿနာဉာဏ် မဖြစ်တာတော့ သူတို့မှာ မြဲတဲ့အနေအားဖြင့် အာရုံရနေတာကိုး၊ မမြဲတဲ့အနေအားဖြင့် အာရုံကိုမရဘဲနဲ့ ဝိပဿနာ သမာဓိဆိုတာကတော့ မြဲတဲ့အာရုံ ဆင်ခြင်နေရင် ဝိပဿနာ သမာဓိမဖြစ်နိုင်ဘူး၊ အာရုံက တစ်ခုတည်းအနေအားဖြင့်တည်ပြီးတော့ ဒီအာရုံကိုစိုက်ပြီး ထပ်ကာ ထပ်ကာနှလုံးသွင်းနေရ သလိုထင်ရင် အဲဒါ ဝိပဿနာကိုမဖြစ်ဘူး၊ မဖြစ်သေးဘူး၊ (အဟောင်း–၂) ပညတ်၊ (အသစ်–၂) ပရမတ် အဟောင်းအဟောင်းတွေပဲ တွေ့နေရလို့ရှိရင် အဲဒါပညတ်ပဲ၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ဟာ အဟောင်းတွေ ထပ်ကာထပ်ကာတွေ့နေရင်လဲ အဲဒီဝိပဿနာ မစင်ကြယ်သေးဘူး၊ တက်လမ်းမကျသေးဘူး။

အသစ်အသစ်တွေတင်မှ မြင်တိုင်း, မြင်တိုင်း, အသစ်ကြားတိုင်း, အသစ်တွေ့တိုင်း, တွေ့တိုင်း, အသစ်အသစ်ကြီးပဲ၊ တစ်ခါတည်းမြင်ပြီးရင်း ပျောက်သွား၊ အသစ်ကြီးပဲ ထင်နေမှ၊ ဒီမှ ပရမတ်အစစ်ကို မြင်တယ်၊ အမှန် ရုပ်နာမ်တရားတွေဆိုတာ ၂–ကြိမ်အာရုံပြုလို့မရဘူး၊ တစ်ကြိမ်တည်း အာရုံပြုရတယ်၊ ရုပ်နာမ်တရားတွေဟာ တခဏဖြစ်တာပဲ၊ လျှပ်စီး လက်သလိုပဲ၊ လျှပ်စီးလက်တာ တစ်ခါလက်လိုက်တာ နောက်တစ်ခါ ဒါကပြန်ပေါ်တာမဟုတ်ဘူး၊ နောက်တစ်ခါ လက်တာကအသစ် အဲဒါလိုပဲ၊ ဒွါရ ၆–ပါးမှာ ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တွေဟာ အသစ်ချည်းပဲ၊ မြင်တာလဲ အသစ်၊ ကြားတာလဲအသစ်၊ အကုန်လုံးအသစ်အသစ်ကြီးပဲ၊ ခုလိုပြောဆိုနေတဲ့ အသံတွေလဲ အသစ်ချည်းပဲ၊ ပြောဖို့ရာ ကြံတဲ့ စိတ်တွေလဲ အသစ်အသစ်တွေချည်းပဲ၊ နာကြားနေတဲ့ ပုဂ္ဂိုလ်တွေကလဲ အသစ်တွေချည်းပဲ။

ကြားပြီးရင်း, ပျောက်သွားရင်း, ပျောက်လိုက်နေတာပဲ၊ အဲဒါတွေဟာ အသစ်အသစ်တွေချည်းပဲ၊ အဲသလို အသစ်တရားတွေကို အသစ်အသစ်တရားတွေအနေအားဖြင့် သိပြီးတော့ တစ်အာရုံချင်း ပိုင်းခြားပြီးတော့ အဖြစ်အပျက်တွေ ထင်နေမှ ဝိပဿနာဆိုတာ ဖြစ်တာ၊ ဝိပဿနာဆိုတာကတော့ ပဗန္ဓသမာဓိမဟုတ်ဘူး၊ ခဏိကသမာဓိတဲ့၊ တခဏမျှပဲ တည်တယ်၊ဥပမာ ဖောင်းတယ်လို့ မှတ်တဲ့အခါကာလ စိတ်ကလေးက တခဏမျှပဲ၊ ဖောင်းတဲ့အာရုံပေါ်မှာပဲ ခဏမျှထင်သွားတယ်၊ ပိန်တယ်လို့

မှတ်တဲ့အခါကာလမှာ ပိန်တဲ့အာရုံပေါ်မှာ ကပ်တည်သွားတယ်၊ ညောင်းတယ်လို့ မှတ်လိုက်ရင် ညောင်းတဲ့အာရုံပေါ်မှာ ကပ်တည်သွားတယ်။

နောက်တစ်ခါ ညောင်းတယ်လို့ မှတ်ရင်လဲ နောက်တစ်ခါ အာရုံပေါ်မှာ ကပ်တည်သွားတာပဲ၊ နာတယ်လို့မှတ်ရင်လဲ ပထမ တစ်နာ၊ အာရုံပေါ်မှာ စိတ်စွဲကပ်ပြီးနေတယ်၊ နောက်တစ်ခါ နာတယ်လို့ မှတ်ရင်လဲ နောက်တစ်ခါ နာတဲ့အနာပေါ်မှ စိတ်ကလေးကပ်ပြီး တည်သွားတာပဲ၊ တစ်အာရုံတစ်အာရုံမှာ တစ်ခါတစ်ခါ တည်တည်သွားတာ၊ ဒါက ခဏိက သမာဓိပဲတဲ့၊ ဒီ ခဏိကာသမာဓိနဲ့မှ ဝိပဿနာဉာဏ်ဖြစ်တယ်၊ ခဏိကသမာဓိနဲ့ ဝိပဿနာဉာဏ်ဖြစ်ပြီးတော့ အစဉ်အတိုင်းတက်သွားမှ အရိယာမဂ်ရောက်ပြီးတော့ မဂ်သမာဓိ, ဖိုလ်သမာဓိတွေ ဖြစ်ရမှာကိုး၊ ဒီအတိုင်းသွားရမှာ၊ အဲဒီ သမာဓိ ဘယ်လိုလက္ခဏာရှိသလဲဆိုရင် သမာဓိဟာ အဝိက္ခေပလက္ခဏာရှိတယ်၊ မပျံ့မလွင့်ခြင်း လက္ခဏာရှိတယ်၊ အဝိသာရလက္ခဏာရှိတယ်တဲ့၊ ပြန့်ကြဲမသွားခြင်း လက္ခဏာလဲရှိပါတယ်တဲ့၊ အတူတူပါပဲ၊ ပျံ့လွင့်သွားတယ်ဆိုတာနဲ့ ပြန့်ကြဲသွားတယ်ဆိုတာ ဝေါဟာရလေး နည်းနည်းပါးပါးလောက်ပဲ ထူးပါတယ်၊ ပြန့်လွင့်ပြီးမသွားဘဲနဲ့ ရှုရာရှုရာအာရုံမှာ ကပ်ပြီးသကာလတည်တာ၊ သမထ သမာဓိဆိုရင်တော့ တစ်ခုတည်းသောအာရုံမှာ တည်ရှိနေတာ ပထဝီကသိုဏ်းပေါ်မှာ တစ်ခါတည်း တစ်ကျုံ့တည်းတည်နေတယ်။

ဝိပဿနာ သမာဓိဆိုရင်တော့ ဝိပဿနာရှုအပ်တဲ့ အာရုံလေးပေါ်မှာ ရှုရာရှုရာအာရုံပေါ်မှာ ကပ်ခနဲကပ်ခနဲတည်နေတာပဲ၊ ဖောင်းတာပေါ်လာတဲ့အခါဖောင်းတာရှု၊ ဖောင်းတာမှာတည်တာပဲ၊ နောက်တစ်ခါ ဖောင်းတာပေါ်လာရင်လဲ အဲဒီပေါ် တည်တာပဲ၊ စိတ်ကူးစဉ်းစားတာလေးပေါ်ရင်လဲ စိတ်ကူးစဉ်းစားတဲ့အပေါ်မှာ တည်တာပဲ၊ လက်ကွေးလိုက်ရင် ကွေးတာပေါ်မှာတည်တယ်၊ ဆန့်လိုက်ရင် ဆန့်တာပေါ်မှာတည်တယ်၊ ပေါ်ရာ ပေါ်ရာပေါ်မှာ ဖြစ်ရာဖြစ်ရာအာရုံပေါ်မှာလိုက်ပြီး ရှုရာရှုရာ အာရုံပေါ်မှာ စိတ်ကလေးက ဆပ်ခနဲရောက်ပြီး တည်သွားတာကိုး၊ ခဏိကသမာဓိခေါ်တယ်။

ဒီသမာဓိကလဲပဲ၊ စပြီးအားထုတ်ခါစမှာ ကောင်းကောင်း မထင်ရှားသေးဘူး၊ အားမကောင်းသေးဘူး၊ ခုနကပြောတဲ့ ဟိုပြေး ဒီပြေး ပြေးနေတဲ့ နီဝရဏအာရုံတွေ နီဝရဏစိတ်တွေ ကင်းပြီးသွားတဲ့ခါကျတော့မှ စိတ်ကလေး တစ်ကိုယ်တည်းချင်း တည်နေတဲ့ခါကျတော့မှ အာရုံနဲ့မှတ်စိတ်ကပ်ပြီး အဲဒီတော့မှ သမာဓိအားကကောင်းတယ်၊ တစ်ခါတည်း ပစ်ပြီး ချလိုက်သလိုပဲ၊ မှတ်တိုင်း–မှတ်တိုင်း မှတ်ရာအာရုံလေးပေါ်မှာ ပစ်ချလိုက်သလို ပစ်ချလိုက်တော့ တစ်ခါတည်း ကပ်ကပ်သွားတာပေါ့၊ ဥပမာဆိုပါတော့ မြေပျော့ပျော့မှာဆိုရင် ချွန်ချွန်အရာဝတ္ထုနဲ့ လုံ့စသည်တို့နဲ့ စိုက်လိုက်ရင် ဘယ်မှမသွားဘူး တစ်ခါတည်း တန်းခနဲကျသွားတာပဲ၊ ဥပမာ အလွန်လေးလံတဲ့ ဆန်အိတ်ကြီးတွေကိုချလိုက်ရာ ကျရာတွင် တစ်ခါတည်းကပ်နေတာပဲ၊ ဘယ်မှ လိမ့်မသွားဘူး။

ကလေးတွေကစားတာရှိတယ်၊ ကော်စီးတွေ၊ ကော်စီးတွေနဲ့ပစ်လိုက်ရင် နံရံပစ်လိုက်၊ နံရံဖတ်ခနဲဆို ကပ်နေတာပဲ၊ တိုင်ပစ်လိုက်လဲ တိုင်မှာ ဖတ်ခနဲကပ်နေတာပဲ မရွှေ့ဘူး၊ အဲဒီလိုရှုရာရှုရာ အာရုံမှာ ကပ်ကပ်ပြီးတော့သွားတဲ့ သဘောလေးပဲ၊ ဝိပဿနာအရာမှာ ခဏိကသမာဓိပဲတဲ့၊ အဲဒီသမာဓိကို လက္ခဏာနဲ့ဆောင်ပုဒ်ကလေးက ဆိုထားတယ်၊ လိုက်ဆိုရမယ်။

ပျံ့လွင့်မထွက်၊ ကပ်လျက်တည်သည်။ (ဆို–၃)

ပျံ့လွင့်ပြီးတော့ တခြားတပါးထွက်မသွားဘဲ၊ အာရုံနဲ့စိတ် ကပ်ကပ်ပြီးသကာလ အာရုံပေါ်မှာ စိတ်ကလေးက ကပ်ကပ်ပြီး တည်တည်သွားသလိုပဲ။ ဒါကလဲ အဲဒီသမာဓိမျိုး ဖြစ်ဖူးမှသိတယ်၊ မဖြစ်ဘူးရင် သိပ်မသိသေးဘူး၊ မဖြစ်ဘူးရင် ပဗန္ဓသမာဓိကတော့ တွေးကြည့်ရင်ရတယ်၊ ဒီခဏိကာသမာဓိက တွေးလို့မရဘူး၊ (သူကတစ်ခါမှတ်လို့ တစ်ခါ ကပ်ခနဲသွားလိုက်–၂) သူ့ဟာနဲ့သူ အံကျတစ်ခါတည်း ကိုက်ပြီးသွားနေတာ၊ အင်မတန်ကောင်းတဲ့ သမာဓိလေးပဲ ဆိုရမယ်။

ပျံ့လွင့်မထွက်၊ ကပ်လျက်တည်သည်။ (ဆို–၃)

အဲ–အဲဒီ သမာဓိအားကောင်းလာတဲ့ခါ ဝိပဿနာ သမာဓိက အဲဒီလိုဖြစ်တာပဲ၊ ပေါ်တိုင်းပေါ်တိုင်း အာရုံပေါ်မှာ မှတ်တိုင်းမှတ်တိုင်း အာရုံဆီကို ပြေးပြေးပြီးတော့ ကပ်ကပ်သွားတာပါပဲ၊ တခြားကို ဘာမှပျံ့မသွားဘူး သမာဓိမဖြစ်ခင်ကတော့ ဒီအာရုံတစ်ခုရှုနေရင် ဟိုအာရုံတစ်ခု သွားတော့မလိုလိုဘဲ၊ ဂဏာမငြိမ်သလိုဖြစ်နေတယ်၊ မတည်တန့်ဘူး၊ သမာဓိဖြစ်လာတဲ့အခါတော့ မှတ်ရာ မှတ်ရာပေါ်မှာ ကပ်ခနဲ ကပ်ခနဲကျသွားတာကိုး၊ မှတ်လို့လဲ ကောင်းတယ် စီးစီးပိုင်ပိုင်၊ အဲဒါ ခဏိကာသမာဓိပဲ၊ ပျံ့လွင့်မထွက် ကပ်လျက်တည်သည်၊ နောက် သမ္မိန္ဒနရသရှိတယ်တဲ့၊ စိတ္တံ စေတသိကာနံ သမ္မိန္ဒနရသော စိတ်တရားတွေကို ပေါင်းစည်းစေခြင်းဟာ သူ့ကိစ္စပဲတဲ့။

အစတုန်းကတော့ ဟိုအာရုံပြုလိုက်၊ ဒီအာရုံပြုလိုက်၊ ဟိုသွားလိုက် ဒီသွားလိုက် စိတ်တွေဟာ ကစင့်ကရဲဖြစ်နေတဲ့ သဘောရှိတာကိုး၊ အဲဒါတွေဟာ သမာဓိဖြစ်လာတဲ့အခါကျတော့ စိတ်ကလေးက တစ်ခါတည်းစုပြီးတော့ အာရုံဆီကိုစူးဝင်

သွားသလိုပဲ၊ ဘယ်မှမသွားဘူး၊ မပြန့်ကြဘူး၊ တစ်ခုတည်းသော အာရုံထဲမှာ စုပေါင်းပြီးတော့ လုံးပေးသလို ဘာနဲ့တူသလဲဆိုရင် ဆန်မှုန့်တွေ ဂျုံမှုန့်တွေ တစ်မှုန့်စီတစ်မှုန့်စီ သူ့ဟာသူနေရင် ပြန့်ကြနေတယ်၊ ဒါတွေကို ရေလေးနဲ့ စွတ်လိုက်တဲ့အခါကျတော့ အမှုန့်တွေ တစ်ခုနဲ့တစ်ခု ကပ်သွား လုံးသွားတယ်၊ အလုံးအခဲဖြစ်သွား အဲဒါမျိုးလိုပဲတဲ့။

သမ္မယုတ်တရား စိတ်စေတသိက်တရားတွေ ထိုထိုအာရုံဆီကို ပျံ့ပြီး မပြေးသွားရအောင် ဒီသမာဓိကနေ စုပြီးလုံးပေးသလိုပါပဲတဲ့၊ မှတ်ရာမှတ်ရာ အာရုံကလေးမှာ စုစုပြီးသွားတော့၊ ညအခါကာလမှာ လက်နှိပ်ဓာတ်မီးရှိတယ်၊ လက်နှိပ်ဓာတ်မီးနဲ့ ပြန့်ကျယ်ကြီးဖြစ်အောင်ထိုးရင် ပြန့်ကျယ်ကြီးဖြစ်တယ်၊ စုအောင်လုပ်ရင်လဲစုလို့ရတယ်၊ စုပြီးတော့ထိုးလိုက်တဲ့အခါကျတော့ ရှေ့တည့်တည့်ဟာလေးက ဝီဝီသသမြင်ရတယ်၊ ပြန့်ကျယ်ကြီးဆိုတဲ့ အခါကြတော့ တယ်ပြီး မဝီသဘူး၊ ပြားပြားကြီးပဲ၊ အဲဒါလိုပဲ။

ခု သမာဓိအား ကောင်းလာတဲ့အခါကျတော့ ဓာတ်မီးဟာ စုထိုးလိုက်သလိုပဲ၊ စိတ်စေတသိက်တွေဟာ တခြားအာရုံဆီမှာ ဘယ်မှမသွားဘဲ ရှုရာရှုရာ အာရုံကလေးပေါ်မှာ တစ်ခါတည်း တန်းခနဲတန်းခနဲ ကျသွားတာကိုး၊ အင်မတန်ကောင်းတယ်၊ အဲဒါ ကိုယ်တိုင်တွေ့မှ ဖြစ်မှာ၊ မတွေ့ရင်တော့မသိဘူး၊ ရှုရာရှုရာ အာရုံလေးမှာ ချိန်ထားသလိုပဲ၊ တစ်ခါတည်းပေါ်လိုက်, ပေါ်ရာလေးမှာ စိတ်ကလေး တစ်ခါတည်း အဲဒီမှာပဲ တန်းသွားတာပဲ၊ ဒီပြင်နေရာ မသွားဘူး၊ အဲဒီသမာဓိမျိုးမတွေ့ဘူးသေးတဲ့ ပုဂ္ဂိုလ်တွေက ရှုမှတ်နေတဲ့ဥစ္စာ ပုံသဏ္ဌာန် အထည်ဒြပ်တွေ ဒီရောက်နေမှာပေါ့၊ ဒီလို ပြောကြတယ်။

သူ့ဟာ ဒီသမာဓိမှမရောက်ဘဲနဲ့၊ ဒီသမာဓိ ရောက်တဲ့အခါကျတော့ သဘောတရားလေးတွေ သက်ရောက်တာ၊ ဘေးအကျယ်အပြန့်တွေ သွားနေတာမဟုတ်ဘူး၊ ခု ဘေးအကျယ်အပြန့်တွေသွားပြီးတော့ မြင်တယ်ဆိုရင်, ဘာပဲ ကြားတယ်ဆိုရင်, ဘာပဲ စသည်ဖြင့် ပုံသဏ္ဌာန်အထည်ဒြပ်တွေကို လျှောက်ပြီးသိနေတာ၊ ပြန့်ကြပြီး ဘေးသွားနေတာ၊ ဘေးကို အရှာသွားနေတာ၊ အဲသလိုမသွားဘဲနဲ့ မှတ်ရာအာရုံကလေးမှာ တစ်ခါတည်း စိုက်ခနဲ စိုက်ခနဲ ကြနေတာကိုး၊ အဲဒီသမာဓိဟာ သူ့ရဲ့ကိစ္စကတော့ သမ္မယုတ်တရားတွေကို၊ တစ်ခြားတစ်ပါး၊ ပြန့်ကြပြီးမသွားစေဘဲနဲ့ တစ်ခုတည်းသော အာရုံမှာ ပေါင်းစုပေးခြင်းဟာ ဖြင့် သူ့ရဲ့ကိစ္စပါပဲတဲ့၊ တစ်ခုတည်းတစ်လုံးတည်းဖြစ်ပြီး အာရုံမှာရှုမိတာကိုး၊ တစ်အာရုံပြီး ပေါင်းစည်းစေသည်၊သမ္မယုတ္တာနံ စိတ္တစေတသိကာနံ–သမ္မယုတ်ဖြစ်သော စိတ်စေတသိက်တရားတို့ကို၊ သမ္မိန္ဓနရသော–ပေါင်းခြင်းဟာ သူ့ကိစ္စပါပဲ၊ပေါင်းစည်းခြင်း, လုံးပေးခြင်းဟာ သူ့ကိစ္စပါပဲ၊ ဆိုရမယ်။

တစ်အာရုံတည်း ပေါင်းစည်းစေသည်။ (ဆို–၃)

ဥပသမပစ္စုပဋ္ဌာနံ–ငြိမ်သက်နေတဲ့ သဘောအားဖြင့်လဲ ယောဂီပုဂ္ဂိုလ်ဉာဏ်မှာထင်ပါတယ်တဲ့၊ စိတ္တဌိတိ ပစ္စုပဋ္ဌာနာ–အဌကထာတွေက စိတ်တည်တံ့နေတဲ့ သဘောအနေထားအားဖြင့်လဲ ထင်ပါတယ်တဲ့၊ လေငြိမ်တဲ့နေရာမှာ ထွန်းထားတဲ့ မီးကလေးများ ငြိမ်နေသလိုပေါ့၊ ပဗန္ဓသမာဓိ နေရာမှာလဲ ဒီတိုင်းပဲ၊ ဈာန်သမာဓိ နေရာမှာ တစ်ခုတည်းသော အာရုံမှာ စိတ်ကလေးက တည်နေတာပဲ၊ ဘယ်မှ မသွားဘူး၊ ပထဝီ–ပထဝီ တစ်ခုတည်းသော အာရုံထဲမှာ တည်နေတယ်။

အဲဒီရှုမှတ်တဲ့ ဝိပဿနာမှာလဲ ဒွါရ ၆–ပါးပေါ်ခိုက်, ပေါ်ခိုက်, ရှုတော့ အာရုံသာပြောင်းတာ၊ တည်ပုံတော့ ဒီအတိုင်းပဲ၊ မှတ်ရာ, မှတ်ရာ အာရုံကလေးထဲမှာ ကပ်ခနဲ, ကပ်ခနဲ တည်နေတာ၊ ငြိမ်ပြီးတော့ တည်နေတာ၊ တည်တံ့ပုံခြင်းဟာ မကွဲဘူး၊ ရှေ့စိတ်တည်တံ့ပုံ၊ ဒီနောက်စိတ်က တည်တံ့ပုံနဲ့ (မှတ်တိုင်း–၂) တစ်ကျုံ့တည်း တည်တံ့ပြီးနေတဲ့ သမာဓိ၊ အဲဒါ စိတ္တဌိတိပစ္စုပဋ္ဌာနာ–စိတ်၏ တည်တံ့တဲ့သဘောဆိုရင် ငြိမ်သက်နေတဲ့သဘောပါပဲ၊ ဒီလိုယောဂီပုဂ္ဂိုလ်ဉာဏ်မှာ ထင်ရှားပါတယ်တဲ့၊ ဒီမှာတော့ ဥပသမာပစ္စုဋ္ဌာနာဆိုတဲ့ အဌကထာ စကားကို ယူပြီးတော့ ဘာသာပြန်ထားတယ်၊ ငြိမ်သက်တည်မှု ရှေးရှုထင်သည်၊ လေငြိမ်ရာ နေရာမှာ ထွန်းထားတဲ့ မီးလေးလို မှတ်ရာ, မှတ်ရာအာရုံမှာ ဝပ်ပြီး တည်နေတဲ့ သဘော, ကပ်ပြီး တည်နေတဲ့သဘော, ငြိမ်သက်ပြီးတည်နေတဲ့ သဘောအားဖြင့် ယောဂီပုဂ္ဂိုလ်ဉာဏ်မှာ ထင်ရှားပါတယ်တဲ့၊ ဆိုရမယ်။

ငြိမ်သက်တည်မှု ရှေးရှုထင်သည်။
သမာဓိ မှတ်သိဗောဇ္ဈင်မည်။ (ဆို–၃)

သမာဓိဗောဇ္ဈင် မည်ပါတယ်လို့ မှတ်ရမယ်၊ လက္ခဏာနဲ့, ရသနဲ့, ပစ္စုဋ္ဌာန်နဲ့ လက္ခဏာက ဘာလဲ စိတ်မပျံ့လွင့်ခြင်း၊ ပျံ့လွင့်မထွက် ကပ်လျက်တည်သည်၊ တခြား တစ်ပါးက အာရုံတွေမှာ ပျံ့လွင့်မထွက်ဘဲနဲ့ မှတ်ရာ, မှတ်ရာအာရုံမှာ ကပ်ခနဲ, ကပ်ခနဲ တည်နေတာ၊ သူ့လက္ခဏာပဲ၊ တစ်အာရုံတည်း ပေါင်းစည်းစေသည်၊ ဒီလိုအာရုံတွေဟာ စိတ်တွေဟာ မပြေးသွားဘဲနဲ့ တစ်အာရုံတည်းမှာ နေပြီးတော့, လုံးပြီးတော့ အာရုံပြုလိုက်သလို၊ လုံးပြီး အာရုံပြုတာဟုတ်လဲဟုတ်တယ်၊ ပြောစရာမရှိလို့သာ ပြောတာ အာရုံထဲမှာ စုပြီးတော့ ကပ်ရောက်ပြီး သွားတာပဲ။

အဲဒီအနေအားဖြင့် စိတ်စေတသိက်တွေကို ပေါင်းစုပေးသလိုပဲ၊ သူ့ကိစ္စရှိပါတယ်။ နောက်လေဇြီမ်ရာနေရာမှာ ထွန်းထားတဲ့မီးလေးလိုပဲ၊ ဇြီမ်လို့ ထိုထိုအာရုံတွေဆီကို ဘယ်မှ ခြေလှမ်းမပြင်ဘူး၊ တစ်ခါတည်း လှုပ်ရှားခြင်းမရှိဘူး၊ ဇြီမ်သက်နေတဲ့ သဘောအားဖြင့်လဲ ယောဂီပုဂ္ဂိုလ်ဉာဏ် ထင်ပါတယ်တဲ့၊ အဲဒီလို လက္ခဏာနဲ့, ရသနဲ့, ပစ္စုဋ္ဌာန်နဲ့ ပြည့်စုံတဲ့ တရားဟာဖြင့် သမာဓိသမ္ဗောဇ္ဈင် မည်တယ်လို့ မှတ်ရမယ်၊ ဒီလိုဆိုပါတယ်၊ သမာဓိသမ္ဗောဇ္ဈင်တရားက ဥဒယဗ္ဗယဉာဏ်က ဖြစ်တယ်၊ ဒီရှေ့ကလဲဖြစ်ပါတယ်၊ နာမရူပပရိစ္ဆေဒဉာဏ်လောက်ကလဲ စပြီးတော့ ဖြစ်တယ်။

ခုန နီဝရဏတွေ ကင်းသွားတယ်ဆိုတာ အဲဒီကနေ ကင်းသွားတာ၊ နီဝရဏတွေ မကင်းသေးလို့ရှိရင် ဒီသမာဓိ ကောင်းကောင်း မဖြစ်သေးဘူး၊ ပထမရှုကာစပုဂ္ဂိုလ်က နီဝရဏတွေက ရှိတာကိုး၊ ဟိုအာရုံပြေး, ဒီအာရုံပြေး, ဟိုထွက်လိုက်, ဒီထွက်လိုက်၊ ဒါတွေက အင်မတန် ထိန်းပေးနေရတယ်၊ အဲဒီလိုထိန်းပေးနေသမျှကာလပတ်လုံးဟာ ဒီသမာဓိဟာ ကောင်းကောင်း အားမကောင်းသေးဘူး၊ သမာဓိအားကောင်းလာတဲ့ အခါကျတော့ ဘယ်မှ မပြေးတော့ဘူး၊ စိတ်ကလေး တစ်စိတ်တည်းတည်နေတာ၊ ဝိပဿနာစိတ်ကလေး တစ်စိတ်တည်း ရှေ့စိတ်ကလဲ မှတ်စိတ်, နောက်စိတ်ကလဲမှတ်စိတ်နဲ့, မှတ်စိတ်နဲ့ ချည်းပဲ မှတ်ရာ, မှတ်ရာ အာရုံကလေးမှာ မှတ်စိတ်ချည်းပဲ ကျနေတာပဲ၊ အဲဒီမှာ နီဝရဏ ကင်းသွားတာပဲ၊ အဲဒီအချိန်ကစပြီး နာမ်ရုပ်တွေလဲ ပိုင်းခြားပြီး သိလာတာ၊ စိတ္တဝိသုဒ္ဓိဖြစ်ရင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်တယ်၊ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီး အစဉ်အတိုင်းတက်လာတော့ ဘင်္ဂဉာဏ်ရောက်တဲ့အခါကျတော့ ခုန–

ဝယလက္ခဏာပဋ္ဌာနေကတ္တာ ဝိပဿကာနံ၊ ဝယလက္ခဏာပဋ္ဌာနေကတ္တာ။

အပျက်လက္ခဏာထင်သော စိတ်တစ်ခုခြင်းတည်းသော ဧကတ္တာသည်၊ ဝိပဿကာနံ–ဝိနသနာ ယောဂီပုဂ္ဂိုလ်တို့၏၊ ဧကတ္တံ–စိတ်တစ်ခုခြင်းအဖြစ်တည်သော ဧကတ္တပေတည်း၊ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေ ဒီဧကတ္တနဲ့ ရှုမှစိတ်တစ်ခုတည်းတည်နေရမယ်၊ ဒီပြင်ဟာတွေနဲ့ မရောရဘူး၊ ရာဂ, ဒေါသ, မောဟစသည်တို့နဲ့ မရောရဘူး၊ စိတ်တစ်ခုတည်း တည်နေရမယ်၊ ဘယ်လိုလုပ်တည်သလဲဆို အပျက်လက္ခဏာလေးထပ်ပြီး တည်နေရမယ်၊ မှတ်တိုင်း–မှတ်တိုင်း အာရုံလေးတွေဟာ ပျက်သွားတယ်၊ ပျောက်သွားတယ်၊ ကုန်သွားတယ်၊ ဆုံးသွားတယ်။

အဲဒါတွေဟာ အမြဲသိနေရမယ်၊ (တစ်ခါမှတ်ရင်းပျောက်သွားရင်း–၂) နောက်တစ်ခါမှတ်ရင်း ပျောက်သွားရင်း၊ ရှေ့ဆင့်နောက်ဆင့် အပျောက်ကြီးပဲ ထင်နေတာပဲ၊ မှတ်တဲ့စိတ်ရော ပျောက်နေတာ၊ မှတ်တဲ့စိတ်ရော တစ်ခါတည်း ပျောက်နေတာ၊ ဖောင်းတယ်မှတ်လိုက်ရင် ဖောင်းတာတွင်မဟုတ်ဘူး၊ မှတ်တဲ့စိတ်ကလေးပါ ပျောက်သွားတာ၊ ပိန်တာမှတ်လိုက်ရင် ပိန်တာတင်မဟုတ်ဘူး၊ မှတ်တဲ့စိတ်ကလေးပါ ပျောက်သွားတာ၊ နာတာမှတ်ရင် နာတာလေးလဲပျောက်၊ မှတ်တာလေးလဲ ပျောက်ပဲ၊ လက်ကလေးလှုပ်လိုက်ရင် လှုပ်တာမှတ်လိုက်၊ လှုပ်တာလဲပျောက်၊ မှတ်တာလဲပျောက်၊ မှတ်တာက တစ်ခါတည်း ပျောက်ပျောက်သွားတာ တစ်ခါမှ တည်နေတာမရှိဘူး။

ဒီတော့ မှတ်တိုင်း–မှတ်တိုင်း ပျောက်ပျောက်သွားတာချည်းပဲ သိနေတဲ့အတွက် ဒီပုဂ္ဂိုလ်က အနိစ္စမမြဲဘူးဆိုတာ ပိုင်ပိုင်နိုင်နိုင်သိတာပေါ့၊ အနိစ္စာနုပဿနာဉာဏ် ကောင်းကောင်းကြီးဖြစ်လာတယ်၊ အဲဒီ အနိစ္စာနုပဿနာဉာဏ်ဖြစ်သလိုပဲ ဒုက္ခဆင်းရဲတွေချည်းပဲဆိုတာလဲ ထင်လာတယ်၊ ဒီတိုင်းနေတဲ့ပုဂ္ဂိုလ်တွေတော့ မြဲနေတယ်ထင်တော့ ချမ်းသာတွေ အကောင်းတွေ အများကြီးရှိတယ်ထင်နေတာကိုး၊ ခဏမစဲဖြစ်ပျက်နေတဲ့ တရားတွေ ဘာမှချမ်းသာတာ မရှိဘူး၊ အားကိုးစရာဘာမှ မရှိဘူး၊ ဖြစ်ပျက်နေတာတွေ ခဏမစဲတွေ့ပြီးနေရတော့ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ ဘယ်ရှိမလဲ၊ သူ့သဘောနဲ့သူ ဖြစ်နေတဲ့ တရားချည်းပဲ၊ အနတ္တလက္ခဏာတရားချည်းပဲ ဆိုတာ ယောဂီ ပုဂ္ဂိုလ်ဉာဏ်ထဲ ရှင်းပြီးတော့ သိလာတာ၊ အဲဒီလိုသိရမှာပေါ့။

အဲဒီလို သိအောင်လို့ ဒီသမာဓိက ကျေးဇူးပြုပေးတာ၊ သမာဓိ ဘိက္ခဝေ ဘာဝေထ သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ ပဿတိ။

ဘိက္ခဝေ–ရဟန်းတို့၊ သမာဓိ–စူးစိုက်တည်ကြည်မှု သမာဓိကို၊ ဘာဝေထ–ဖြစ်ပွားစေကြပါကုန်လော့၊ သမာဓိ ဖြစ်စေရမယ်၊ သမာဟိတော–စူးစိုက်တည်ကြည်သောပုဂ္ဂိုလ်သည်၊ ယထာဘူတံ–ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ–သိ၏၊ ပဿတိ–မြင်၏။

သမာဓိဖြစ်လို့ စိတ်တည်ကြည်လာရင် ဟုတ်တိုင်းမှန်စွာ မြင်ပါတယ်တဲ့၊ ဘာတွေသိသလဲ။

အနိစ္စန္တိ ပဇာနာတိ–မမြဲဘူးလို့လဲ သိပါတယ်တဲ့၊ ဒုက္ခန္တိ ပဇာနာတိ–ဆင်းရဲလို့လဲ
သိပါတယ်တဲ့၊ အနတ္တာတိ ပဇာနာတိ–အတ္တံ မဟုတ် သဘောမျှလို့လဲ သိပါတယ်တဲ့။

ဘုန်းကြီးများ၊ ရှေးက ခပ်ငယ်ငယ်တုံးက စဉ်းစားဖူးတယ်၊ သမာဓိဖြစ်ရင်၊ ယထာဘူတ–အမှန်အတိုင်း သိတဲ့ဉာဏ် ဖြစ်တယ်တဲ့၊ ဒီဒေသနာ ဟောထားတာအားလုံး စာပေဗဟုသုတလိုက်စားတဲ့ပုဂ္ဂိုလ်တွေ အကုန်လုံးသိနေတာပါ၊ ဒီအဓိပ္ပာယ်က တော့ သမာဓိဖြစ်ရင် ဉာဏ်ဖြစ်တယ်ဆိုတာ သိနေတယ်၊ ဒီတော့ သမာဓိဖြစ်ရင် ဉာဏ်ဖြစ်တယ်လို့တော့ ဆိုတယ်၊ သာသနာပက ပုဂ္ဂိုလ်တွေ ဈာန်ရရသေ့တွေရှိတာကိုး၊ သူတို့ သမာဓိတွေတော့ ဖြစ်နေတယ်၊ ဈာန်ရရသေ့သမာဓိဖြစ်နေတယ်၊ ဈာန်လဲရတယ်၊ အဘိညာဉ်တွေရလို့ ကောင်းကင်တွေဘာတွေတောင် သွားနိုင်နေတာပဲ၊ အဲဒီရသေ့တွေဟာ သမာဓိတော့ ဖြစ်နေတာ၊ ဘာမှ ငြင်းစရာမရှိဘူး၊ သူက သမာဓိ သေသေချာချာ ဖြစ်နေတယ်။

သမာဓိဖြစ်ပေမယ်လို့ အဲဒီ ရသေ့တော့ အနိစ္စ, ဒုက္ခ, အနတ္တတွေမသိဘူး၊ သမာဓိဖြစ်ရဲ့သားနဲ့ ဘာဖြစ်လို့ မသိရလဲ၊ သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ–သမာဓိဖြစ်ရင် ဉာဏ်ဖြစ်ရမယ်ဆိုပြီး သမာဓိဖြစ်ပြီး ဘာဖြစ်လို့ ဉာဏ်မဖြစ်သလဲ၊ ဘုန်းကြီးများ ငယ်ငယ်တုန်းက ကိုယ့်ဟာကိုယ် စဉ်းစားဖူးတာပေါ့၊ သူများနဲ့တော့ မဆွေးနွေးဖူးပါဘူး၊ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်တာ သဘောမပေါက်ဘူး နောက် ဝိပဿနာတရားနဲ့ စဉ်းစားတော့မှ တော်တော်ကြီးလာမှ ဝိပဿနာတရားတွေလဲ အားထုတ်ပြီးတော့မှ ဝိပဿနာနဲ့စဉ်းစားမှ သဘောပေါက်တယ်၊ သာသနာပက ပုဂ္ဂိုလ်တွေက သမာဓိဖြစ်ရင် သမာဓိသက်သက် ဖြစ်နေတာကိုး၊ ဝိပဿနာ ရှုနည်းမှ ရှိမှ မရှိဘဲ။

ရုပ်နာမ်တွေဟာ ခဏမစဲဖြစ်ပျက်နေတာ၊ မမြဲတဲ့တရားလို့ သူတို့မှာ စောစောကလဲ သိမထားဘူး၊ ဒုက္ခ, အနတ္တတရားတွေ စောစောကလဲ သိမထားဘူး၊ ဒါတွေသိအောင် ရှုရမယ်လို့ဆိုတာ သူတို့မသိဘူး၊ မသိတော့ သမာဓိဖြစ်ရင် သမာဓိဖြစ်ရုံပဲရှိတယ်၊ ဒါပဲ ရုပ်နာမ်တရားတွေ အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တကို မသိဘူး၊ သာသနာတွင်းပုဂ္ဂိုလ်တွေသိတော့ သမာဓိဖြစ်လာလို့ရှိရင် ရုပ်နာမ်တရားတွေပဲလို့၊ အနိစ္စ, ဒုက္ခ, အနတ္တတွေပဲ စောစောကလဲ ကြားသိထားတဲ့ ဗဟုသုတရှိလို့ သမာဓိဖြစ်နေတဲ့ပုဂ္ဂိုလ်က ကိုယ့်သန္တာန်မှာ ဒွါရ ၆–ပါးက ဖြစ်နေတဲ့ တရားတွေကို စိတ်စိုက်လိုက်လို့ရှိရင် စိုက်ရာ–စိုက်ရာမှာ အပိုင်း–အပိုင်းနှင့် အဖြစ်အပျက်ကလေးတွေ ထင်လာတာကိုး၊ ဒါကြောင့် သမာဓိဖြစ်ရင် ဉာဏ်ဖြစ်တယ်လို့ ဘုရားက ဟောထားတယ်၊ ဟောတဲ့အတိုင်းလဲ ဟုတ်တယ်။

သမာဓိကောင်းကောင်းသာဖြစ်၊ ဖြစ်လို့ရှိရင် ကိုယ်ထဲမှာ စိုက်၊ ဘယ်နေရာက စိုက်စိုက် စိုက်ပြီး ရှုလိုက်လို့ရှိရင် ရှုရာကနေပြီးတော့ တစ်ခုခြင်း တစ်ခုခြင်း၊ တစ်ပိုင်းစီ တစ်ပိုင်းစီ ပိုင်းခြားပြီး သိရမှာပဲ၊ ယခု ဒီမှာ ဒွါရ ၆–ပါးက ဖြစ်ခိုက် ရုပ်နာမ်တွေ ရှုနေကြတယ်၊ ဖောင်းတာ ပိန်တာက စပြီးတော့ ဒွါရ ၆–ပါးဖြစ်ခိုက် ရုပ်နာမ်တွေ သမာဓိ မဖြစ်သေးခင်ကတော့ ရုပ်နာမ်တွေ ဘယ်သိဦးမလဲ၊ သမာဓိဖြစ်လာတော့ မှတ်တိုင်း–မှတ်တိုင်း ရုပ်တရားနဲ့ နာမ်တရားတွေ ပိုင်းခြားသိတယ်။

ရုပ်တရား, နာမ်တရား ပိုင်းခြားသိရုံမကဘူး၊ မှတ်တိုင်း မှတ်တိုင်း အာရုံကလေးတွေဟာ တစ်ခါသိလိုက် တစ်ခါပျောက်သွားလိုက်၊ နောက်တစ်ခါသိလိုက် တစ်ခါပျောက်သွားလိုက်၊ တစ်ပိုင်းစီ တစ်ပိုင်းစီဖြစ်ပြီးတော့ ထင်လာတာကိုး၊ ဘယ်အပိုင်းကနေပြီး ရှုရှု ဒီလိုပဲ၊ တရားအားထုတ်လို့ အချိုးအစားကျနေတဲ့ပုဂ္ဂိုလ်မှာ ရှုချင်ရာကရှုပဲ၊ ဘယ်ကရှုရှု ရတယ်၊ ဖောင်းတာ ပိန်တာသာ မဟုတ်ဘူး၊ တွေ့ထိရာကနေပြီး ဘယ်နေရာကနေ ရှုရှုပဲ၊ မြင်ရာကနေ စရှုလဲ ရတယ်၊ ကြားရာကနေ စရှုလဲရတာပဲ၊ စိတ်ကူးရာကနေ စရှုလဲရတာပဲ၊ ဘယ်ကနေပြီးတော့ပဲရှုရှုပဲ၊ ပေါ်ရာ ပေါ်ရာက နေပြီးတော့ လျှောက်ရှုသွားရှုလို့ရှိရင် အဲဒီမှာ အပိုင်း အပိုင်းတွေ၊ တစ်ခုစီ တစ်ခုစီလေးတွေ ပိုင်းခြားသိတယ်၊ ဒီလို သိရတယ်။

အဲဒါကြောင့် သမာဓိဖြစ်လို့ရှိရင် သမာဓိရှိတဲ့ ပုဂ္ဂိုလ်ဟာ ယထာဘူတာ–ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ–သိတယ်၊ မြင်တယ်တဲ့၊ တကယ်ကို သိတာ၊ အဲဒီ သမာဓိသမ္မောဇ္ဈင်ဖြစ်လာတဲ့အခါ ပညာဖြစ်လာတာပေါ့၊ သီလ သမာဓိ, ပညာ ၃–ခုထဲမှာ အဲ–ယခု သမာဓိသမ္မောဇ္ဈင် (အလယ်ပိုင်း–၂) သမာဓိသမ္မောဇ္ဈင်ပြည့်စုံလာရင် အဆုံးပိုင်းပညာက ပြည့်စုံလာတယ်၊ ပညာကဟောခဲ့ပြီ၊ ပညာက ဓမ္မဝိစယ သမ္မောဇ္ဈင်အစနားက ပြီးခဲ့ပြီ၊ အဲဒါ ဟောခဲ့ပြီ၊ အဲဒီ သမာဓိသမ္မောဇ္ဈင်ဟာ သူဖြစ်ပွားခြင်း အကြောင်းတရားတွေလဲရှိတယ်၊ အဲဒီအကြောင်းတရားတွေ သိရမယ်ဆိုတဲ့ အကြောင်း မြတ်စွာဘုရား ဟောထားတယ်၊ ယထာစ–အကြင်အကြောင်းကြောင့်လည်း၊ အနုပ္ပန္နသ–မဖြစ်ပေါ်သေးသော၊ သမာဓိသမ္မောဇ္ဈင်္ဃ–သမာဓိသမ္မောဇ္ဈင်၏၊ ဥပ္ပါဒေါ–ဖြစ်ပေါ်၍လာခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဉ္စ–ထိုအကြောင်းကိုလည်း၊ ပဇာနာတိ–သိ၏၊ သမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းကိုလည်း သူသိပါတယ်တဲ့၊ သမာဓိသမ္မောဇ္ဈင်ဖြစ်ပေါ်ခြင်း၏ အကြောင်းက ဘာလဲဆိုရင် သမထနိမိတ်, သမာဓိနိမိတ်ရှိတယ်၊ အဲဒီ သမာဓိနိမိတ်ကို သင့်တင့်စွာ နှလုံးသွင်းလို့ရှိရင် သမာဓိဖြစ်ပါတယ်တဲ့၊ သမာဓိနိမိတ်ဆိုတာဟာ သမထအာရုံနိမိတ်တွေပဲတဲ့၊ သမထအာရုံနိမိတ်တွေကို နှလုံးသွင်းမှု နှလုံးသွင်းတတ်ရမယ်လို့ ဆိုလိုတယ်၊ နှလုံးသွင်းတတ်လို့ရှိရင် သမာဓိဖြစ်အောင် နှလုံးသွင်းတတ်ရင် သမာဓိသမ္မောဇ္ဈင်ဖြစ်တယ်လို့ အဲဒီလိုဆိုပါတယ်။

ယခု ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်မှာ ဝိပဿနာသမာဓိပေါ့၊ ဝိပဿနာ ရှုပုံရှုနည်းကလေး နားလည်နေလို့ရှိရင် အဲဒီနည်းအတိုင်း စူးစိုက်ရှုလိုက်လို့ရှိရင် သမာဓိဖြစ်တာပဲ၊ ဆရာသမားတွေက ညွှန်ကြားထားတဲ့အတိုင်း ပေါ်ရာပေါ်ရာလေး စူးစိုက်ပြီးတော့ရှု၊ စိတ်တွေ ပျံ့လွင့်သွားရင် ပျံ့လွင့်တဲ့ စိတ်ကလေး ရှုလိုက်၊ ရှုပြီးလို့ရှိရင် ရှုနေကြ အာရုံကလေး ပြန်ပြီးရှုလိုက်တော့

တော်တော်ကြာတော့ ငြိမ်နေတယ်၊ စိတ်ကလေးက တည်သွားတယ်၊ သမာဓိဖြစ်သွားတယ်၊ အဲဒါ သမာဓိဖြစ်ကြောင်းတရား ဟာ သမာဓိဖြစ်အောင်လို့ နှလုံးသွင်းမှုပဲတဲ့၊ အဋ္ဌကထာဆရာက ဒီနေရာမှာ အကြောင်း ၁၁–ခု ပြထားတယ်။

ဧကာဒသ ၁၁–ပါးသော တရားတွေဟာ သမာဓိသမ္ဘောဇ္ဈင် ဖြစ်ခြင်း၏အကြောင်းတရားတွေပဲ ဆိုပြီးတော့ ပြထား တယ်၊ အဲဒီသမာဓိဖြစ်ခြင်းအကြောင်းတွေ ဒီမှာ ဆောင်ပုဒ်အနေနဲ့ ၁၁–ခု မှတ်ရအောင် လက်ီလေးရေးထားတယ်။

ဝတ္ထုသန့်စင် ညီမျှယှဉ် ကျွမ်းကျင်နိမိတ်မှာ၊ အဲဒါ ၃–ခုရှိတယ်၊ ဝတ္ထုသန့်စင်ရမယ်၊ ပြီးတော့ ဣန္ဒြေညီမျှရမယ်၊ နိမိတ္တကုသလ သမာဓိ နိမိတ်မှာ ကျွမ်းကျင်နားလည်ရမယ်၊ အဲဒီ ၃–ခု၊ ကဲ ကဲ ဒါလေး ဆိုရဦးမယ်၊ တစ်နေ့ကလဲ ပြောပြီး သားတွေပါ၊ ဒါတွေက–

ဝတ္ထုသန့်စင် ညီမျှယှဉ် ကျွမ်းကျင်နိမိတ်မှာ။ (ဆို–၃)။

ဝတ္ထုဝိသဒ ကြိယာဝတ္ထု သန့်ရှင်းစင်ကြယ်ခြင်းကိုပြုခြင်း၊ ဒါတစ်နေ့က ဓမ္မဝိစယ သမ္ဘောဇ္ဈင်အခန်းက ပြောခဲ့ပြီးပါ ပြီ၊ ဝတ္ထုဆိုတာမိမိကိုယ်ပဲ၊ မိမိကိုယ်ကိုယ် သန့်ရှင်းစင်ကြယ်ရဖို့ ရဟန်းဆိုလို့ရှိရင် လက်သည်း, ခြေသည်းတွေရှည်နေရင် ဖြတ်ပစ်၊ ခေါင်းက ဆံပင်ရှည်နေရင် ရိတ်ပစ်၊ ရေမိုးချိုးသန့်ရှင်းစင်ကြယ်အောင် လုပ်ရမှာကိုး၊ အဝတ်တွေ, ဘာတွေ ညစ်နွမ်း နေလို့ရှိရင် အဝတ်တွေလျှော်၊ အခန်းတွေဘာတွေ မသန့်မရှင်းဖြစ်နေရင်လဲ အမှိုက်တွေဘာတွေလဲ သန့်ရှင်းအောင်လုပ်၊ အဲဒီလို မိမိကိုယ် အသုံးအဆောင်တွေ သန့်ပြန့်အောင်လို့ လုပ်ပေးခြင်းဟာ ဝတ္ထုသန့်စင်တာပဲ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ တရားမတက်တဲ့အခါကျရင် ဒါလေးတွေလုပ်ရတယ်၊ ဒါတွေ ရှုပ်နေလို့လဲပဲ တရားက မတက်ဘဲနဲ့နေတယ်၊ သန့်ရှင်းစင်ကြယ် တော့ စိတ်ကြည်လင်ပြီးတော့ သမာဓိလဲဖြစ်တယ်၊ ဉာဏ်လဲဖြစ်တယ်။

ဒါကြောင့် ဒါလုပ်ရမယ်တဲ့၊ ဘာနဲ့တူတုန်းဆိုရင် ရေးကဆီမီးခွက်တို့, ရေနံဆီမီးခွက်တို့ဆိုတာ ရှိတယ်၊ ယခုတော့ ယခုလူတွေ နောက်မှကြီးလာတဲ့ ကလေးတွေက သိတောင်သိမှာမဟုတ်ဘူး၊ မီးခွက်မရှိတော့ဘူး၊ ဓာတ်မီးတွေချည်းဖြစ်နေလို့၊ အဲဒီ ဆီမီးခွက်, ရေနံဆီမီးခွက်တွေ အဟောင်းဆိုလို့ရှိရင် သိပ်မသန့်ရှင်းဘူး၊ မီးခွက်ကအဟောင်း ပွတ်တိုက်ထားတာ မဟုတ် ဘူး၊ ဂျီးတွေ ညှော်တွေနဲ့၊ ဆီတွေကလဲ အဟောင်းတွေ၊ ဂျီးတွေညှော်တွေနဲ့ မီးစာကလဲ အဟောင်းနဲ့ဆိုရင် အဲဒီမီးတောက်ဟာ ကောင်းကောင်း ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း မလင်းဘူး၊ သန့်သန့်ရှင်းရှင်းမလင်းဘူး၊ ယခု နားလည်ရမှာကတော့ ဖန်သီး ဂျီးတွေဘာတွေ ပေနေလို့ရှိရင် မလင်းဘူးပေါ့၊ အဲဒါနဲ့လဲ အတူတူပါပဲ၊ မီးခွက်ကိုလဲ ဆေးကြော သုတ်သင် သန့်ရှင်း အောင်လုပ်၊ အသစ်ရင်လဲလဲပေါ့လေ၊ ဆီလဲအသစ်ထည့်၊ မီးစာလဲအသစ်ထည့်၊ ထည့်ပြီးထွန်းလို့ရှိရင် ကြည်ကြည်လင်လင်နဲ့ သန့်သန့်ရှင်းရှင်း လင်းတယ်။

ယခုလဲ ဖန်သီး ဂျီးတွေ ဘာတွေပေနေလို့ရှိရင်ဆေး၊ ဒါမှမဟုတ်ရင် အသစ်ရင်လဲ လဲတပ်လိုက်ပေါ့၊ အဲဒါလိုပဲ သမာဓိတွေ ဉာဏ်တွေမဖြစ်တဲ့အခါကာလမှာ သမာဓိတွေ ဉာဏ်တွေ မတိုးတက်နိုင်တဲ့အခါကာလမှာ မိမိကိုယ် မသန့်ရှင်းလဲ သန့်ရှင်းအောင်လုပ် အဝတ်အစားစသည်တို့ လျှော်တန်လျှော်၊ အခန်းတွေဘာတွေ သန့်သန့်ရှင်းရှင်းလုပ်၊ အဲဒီလိုလုပ်ခြင်း ကြောင့်လဲ စိတ်ကြည်လင်ပြီးတော့ ပြောခဲ့တဲ့ မီးစာတို့, ဆီတို့, မီးခွက်တို့ သန့်ရှင်းတဲ့အခါ မီးဟာ ကြည်ကြည်လင်လင် တောက်သလိုပဲ၊ သမာဓိဉာဏ်တွေ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း ဖြစ်တတ်ပါတယ်တဲ့၊ ဒါလေးကလဲပဲ နည်းနည်း ပါးပါး အကူအညီလိုလို့ အဲဒါလဲပဲ အကြောင်းတစ်ခုပဲတဲ့၊ သမာဓိဖြစ်ဖြစ် အကြောင်းတစ်ခုပဲတဲ့။

ဣန္ဒြေယသမတ္တပဋိဘာနတဲ့–ဣန္ဒြေညီမျှခြင်းကို ပြီးစေရမယ်တဲ့၊ ဒါလဲ ပြောပြီးသားပါပဲ၊ ဒါပြောမယ်ဆိုရင် ဒါက အကျယ်ကြီး၊ ဣန္ဒြေတစ်ခုနဲ့ တစ်ခုနဲ့ မညီမျှဘဲနဲ့ လွန်ကဲနေလို့ရှိရင် တစ်ခုခုကလွန်ကဲနေလို့ရှိရင် လုပ်လို့ကိုမဖြစ်ဘူး၊ အညီအမျှလုပ်ရတဲ့အလုပ်ဟာ တစ်ခုခုကနေပြီးတော့ လွန်ကဲနေလို့ရှိရင် အလုပ်လုပ်လို့မဖြစ်ဘူးတဲ့၊ အညီအမျှလုပ်ရတယ်၊ ဥပမာအားဖြင့် ဝတ္ထုပစ္စည်းတစ်ခုကို လူလေးယောက် ဝိုင်းပြီးတော့ မ, ရမည့်ဥစ္စာတစ်ယောက်ကနေပြီး နင်းကန်ပြီး မ, ထား လို့ရှိရင် ဟိုဘက်က ပုဂ္ဂိုလ်တွေပိတ်နေရင် အဲဒါ မ,လို့မဖြစ်ဘူး၊ ညီညီမျှမျှလုပ်ရတယ်။

သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဣန္ဒြေ ၅–ပါးရှိတယ်၊ အဲဒီ ဣန္ဒြေ ၅–ပါးဟာ အညီအမျှဖြစ်မှတဲ့၊ သဒ္ဓါက အားကောင်းနေလို့ ယုံကြည်မှုတွေ သဒ္ဓါတွေကများလွန်းနေရင်လဲ တရားမတက်ဘူးတဲ့၊ တချို့ယောဂီပုဂ္ဂိုလ်တွေဟာ တချို့ သဒ္ဓါတရားသိပ်ကောင်း၊ သဒ္ဓါတရားသိပ်ကောင်းနေတာနဲ့၊ သဒ္ဓါတရားတွေ သိပ်များနေတာနဲ့ သမာဓိတွေ ဉာဏ်တွေ မဖြစ်ဘူး ကောင်းတော့လဲကောင်းနေတယ်၊ မတက်ဘဲနဲ့ဖြစ်နေတယ်၊ တချို့က ဝီရိယတွေကလွန်ကဲနေတယ်၊ သိပ်အားထုတ် တယ်၊ အားထုတ်လွန်းအားကြီးတော့လဲ စိတ်ပျံ့လွင့်နေတယ်၊ မတက်ပြန်ဘူး။

တချို့က သမာဓိတစ်ခုတည်းသောအာရုံမှာ စူးစိုက်ပြီး စိုက်လွန်းအားကြီးနေလို့ တရားမတက်တာလဲရှိတယ်၊ သမာဓိ လွန်နေလို့ တချို့ကပညာ၊ ပညာဆိုပေမယ်လို့ သူက ဝိပဿနာပညာတော့ မဟုတ်ပါဘူး၊ စူးစမ်း ဆင်ခြင်တဲ့ ပညာတွေများ

တယ်၊ ဟိုဟာစဉ်းစား ဒီဟာစဉ်းစားနဲ့ ဆင်ခြင်သုံးသပ်နေတာနဲ့ တရားကမတက်ဘူး၊ အဲဒါ ပညာလွန်နေလို့ အဲဒါတွေ မလွန်စေနဲ့တဲ့၊ ဒါတွေအညီအမျှလုပ်ပေးရမယ်တဲ့၊ သဒ္ဓါနဲ့ပညာကို ညီမျှအောင်လုပ် သဒ္ဓါအားမကြီးအောင် ပညာကလဲအားမနည်းအောင်။ ပညာအားမကြီးအောင် သဒ္ဓါကလဲအားမနည်းအောင် ညီမျှပြီးပေးရမယ်၊ မမျှလို့ရှိရင် မျှအောင်လုပ်၊ ကမ္မဋ္ဌာန်းဆရာတွေက ဟောပေးရတာပေါ့။

သမာဓိနဲ့ ဝီရိယကလဲ သမာဓိအားကြီးနေလို့ရှိရင် ဝီရိယက အားမထုတ်ဘူး၊ ဝီရိယကအားကြီးလို့ရှိရင် အားထုတ်နေပေမယ့် သမာဓိကသိပ်မဖြစ်ဘူး၊ အဲဒါလဲ ညီမျှအောင်လုပ်ပေးရတယ်၊ ရှင်သောနမထေရ်တို့ ဝီရိယလွန်ပြီးတော့ လျှော့ရတယ်၊ ရှင်အာနန္ဒာမထေရ်လဲ စက််ကြောက်ပြီးတော့ တရားအားထုတ်လွန်းအားကြီးလို့ လျှော့ရတယ်၊ ဝီရိယများနေလို့ အဲဒီလို လျှော့လိုက်တဲ့အခါကျမှ သူက ညီမျှပြီးတော့သွားတယ်၊ ညီမျှသွားမှ တရားတက်သွားတယ်၊ ဒါကြောင့် သဒ္ဓါနှင့်ပညာ ဝီရိယနဲ့ သမာဓိ၊ အထူးအားဖြင့် အဲဒီတရားတွေကို ညီမျှအောင် လုပ်ပေးရမယ်တဲ့၊ တစ်ခုခု လွန်နေလို့ရှိရင် လွန်တဲ့ဟာ လျှော့ပစ်ရုံပါပဲ။

နည်းတဲ့ဟာလဲပဲ အားတက်လာအောင် အားပေးပေါ့လေ၊ အားပေးပြီးတော့ နှလုံးသွင်းဆင်ခြင်ရမယ်၊ အဲဒီလိုဆိုရင် သမာဓိတိုးတက်ပြီးတော့ လာတတ်ပါတယ်၊ ကျွမ်းကျင်နိမိတ်မှာတဲ့၊ သမာဓိ နိမိတ်ကို နားလည်ရမယ်တဲ့၊ အဲဒီတော့ သမာဓိဖြစ်အောင်လို့ နှလုံးသွင်းမှုကလေး သမထသမာဓိဆိုရင် သမထအာရုံကိုရှုဖို့ အားထုတ်ပုံ နှလုံးသွင်းပုံကလေးကို နားလည်ထားရမယ်၊ နားလည်ထားရင်တော့ သမာဓိအားနည်းနေတဲ့အခါကို နားလည်ထားတဲ့ သမာဓိ ကမ္မဋ္ဌာန်းလေး နှလုံးသွင်းလိုက်ရုံပဲ၊ နှလုံးသွင်းလိုက်ရင် သမာဓိတွေ ဖြစ်လာတယ်၊ ယခု သမာဓိကမ္မဋ္ဌာန်း နှလုံးမသွင်းချင်လို့ရှိရင်လဲ ဝိပဿနာ ကမ္မဋ္ဌာန်းမှာလဲ သမာဓိဖြစ်အောင် ရှုပုံတွေ စူးစူးစိုက်စိုက် ရှုပုံကလေး နားလည်ထားရမှာကိုး၊ နားလည်ထားလို့ရှိရင် စူးစူး စိုက်စိုက် ရှုလိုက်လို့ရှိရင် သမာဓိလေး ဖြစ်ပြီးတော့ သွားပါတယ်။

ဝတ္ထု သန့်စင် ညီမျှယှဉ် ကျွမ်းကျင်နိမိတ်မှာတဲ့၊ သမာဓိ သမ္မောဒ္ဓေါ်ဖြစ်ကြောင်းတရား ၃-ပါးတဲ့၊ ကြွလျှင် နှိမ်လင့် ကျလျှင်ပင့် ရှင်သင့်ရှင်စေရာ၊ သမယေ စိတ္တသပဂ္ဂဏှတာ–တစ်ရံတစ်ခါ စိတ်ကတက်ကြွနေလို့ရှိရင် နှိမ်ပေးရမယ်တဲ့၊စိတ်ကတစ်ခါတစ်ခါ အားတက်လွန်းနေတဲ့ အခါရှိတယ်၊ လျှော့ပေးရတယ်၊ ကြွလျှင် နှိမ့်လင့်၊ ကျလျှင်ပင့်၊ တစ်ခါတစ်ခါ စိတ်ကကျနေတယ်၊ သမယေ စိတ္တသ ပဂ္ဂဏှတာ–တစ်ခါတစ်ရံကျ အဲဒီစိတ်ကို မြှင့်မြှောက်ပြီးတော့ ပေးရမယ်၊ အောက်ကမြေတောင်မြှောက်ပေးတာလို စိတ်ဓာတ်မြှောက်ပြီးတော့ ပေးရမယ်တဲ့၊ သမယေစိတ္တသ သမ္မဒ္ဓနာ–တစ်ခါတရံ စိတ်ကအရသာကင်းမဲ့ပြီးတော့ နေတဲ့အခါရှိတယ်တဲ့၊ အားမတက်ဘဲနေတာပေါ့လေ၊ အဲဒီအခါမှာ စိတ်ကို ရွှင်လန်းစေရမယ်တဲ့၊ ဒီလိုဆိုပါတယ်၊ ဒါလေး ဆိုရဦးမယ်။

ကြွလျှင်နှိမ်လင့် ကျလျှင်ပင့် ရှင်သင့်ရှင်စေရာ။ (ဆို–၃)

တစ်ခါတစ်ခါကျတော့ တရားက တိုးတက်လို့၊ တရားက တိုးတက်လာတော့ စိတ်တွေက သိပ်ပြီးတော့ မြှောက်ပြီးကြွနေတဲ့အခါရှိတယ်၊ သိပ်ကြွတယ်၊ ဝမ်းမြှောက် ဝမ်းသာတွေ သိပ်ပြီးတော့ အားတက်နေတာလဲ ရှိတယ်၊ တစ်ချို့ကလဲပဲ လုံ့လ ဝီရိယတွေ နင်းကန်ပြီးတော့ အားထုတ်နေတာ၊ တရားတွေ အလွန်အကဲ သိပ်အားထုတ်နေတာလဲ ရှိတယ်၊ အဲဒီလိုကြွလွန်းနေတဲ့အခါကျတော့ နှိမ်ပေးရမယ်တဲ့၊ ကြွလွန်းလို့ မနှိမ်တော့ မနှိမ်လို့ရှိရင်လဲ သိပ်နေရာမကျဘူး၊ တရားမတက်ဘူး၊ တရား မတက်ရုံတင် မဟုတ်ဘူး၊ ပျက်ကုန်တတ်တယ်၊ သူက–

ဒါကြောင့် ကမ္မဋ္ဌာန်းဆရာတွေ နှိမ်ပြီးတော့ ဟောရတယ်၊ ဒီလိုပုဂ္ဂိုလ် စိတ်ကြွနေတဲ့ ပုဂ္ဂိုလ်ကျရင် နှိမ်ပေးရတယ်၊ နှိမ်ပြီးတော့ဟောရတယ်၊ အဲဒီလို ကြွနေတဲ့ပုဂ္ဂိုလ် မြှောက်ပေးရင်တော့ သွားရောပဲ၊ တစ်ခါတည်း တိုးပြီးတော့ ကိုးယိုးကားယားတွေ လျှောက်ဖြစ်ကုန်တတ်တယ်၊ ကြွတာတော့ မမြှောက်ရဘူး၊ ကြွလျှင် နှိမ်လင့်တဲ့၊ အဲဒါ ဘယ်လို နှိမ်မလဲဆိုရင် ကြွနေတဲ့အခါကာလကျတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တွေကို ပွားပေးရမယ်၊ ပဿဒ္ဓိ–စိတ်ငြိမ်းအေးမှုပေါ့လေ၊ ကြောင့်ကြဗျာပါရတွေမစိုက်ဘဲ ကြောင့်ကြဗျာပါရတွေ စွန့်လွှတ်ပြီးတော့ အေးအေးချမ်းချမ်းကလေး ခပ်လျှော့လျှော့လေးပေါ့လေ၊ အားထုတ်ခိုင်းရတယ်၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ပွားများပေးရတယ်၊ ဥပေက္ခာကလဲ လစ်လျူရှုရတယ်။

ဥပေက္ခာကလဲ လစ်လျူရှုပြီးတော့ စိတ်တိုးတက်အောင်, ဘာဖြစ်အောင်, ညာဖြစ်အောင်တွေ မမျှော်လင့်ဘဲနဲ့ မှန်မှန်ကလေးပဲ မလွတ်တမ်းလေးဘဲ အားထုတ်ပြီးနေလို့ ဥပေက္ခာသမ္ဗောဇ္ဈင် သမာဓိကတော့လဲပဲ စိတ်ငြိမ်သက်ရုံလောက်ပဲ၊ ငြိမ်သက်မှု သမာဓိဖြစ်အောင် ထိုထိုအာရုံတွေကို များများလျှောက်ပြီး ရှုမှတ်မနေဘဲနဲ့ အာဓိတစ်ခုတည်းပေမယ်လို့ ရှုပေါ့လေ၊ အာရုံနည်းနည်း–နည်းပြီး သကာလ စိတ်တည်ကြည်အောင်, ငြိမ်သက်အောင်လို့ သမာဓိဖြစ်အောင်လို့ပဲ၊ အဲဒီလို ရှုဖို့ရာလေး အားထုတ်ခိုင်းရတာပဲ၊ အဲဒီလိုအားထုတ်လိုက်လို့ရှိရင် သူကတော့ လွယ်ပါတယ်၊ ကြွနေတဲ့ဟာကို နှိမ်ပေးတာ လွယ်တယ်၊ မခက်ဘူး၊ သူကတော့ ကြွနေတာ လျှော့ဖို့ရာကတော့ တော်တော်လွယ်ပါတယ်။

အဲဒီလို ကြွနေတာ လျှော့လိုက်တဲ့အခါကျတော့ အနေတော်ကျသွားတဲ့အခါမှာ သမာဓိ ဖြစ်လာတယ်တဲ့၊ သမာဓိ ဖြစ်ပြီးတော့ ဉာဏ်တွေဖြစ်၊ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်သွားတယ်၊ ကြွလျှင် နှိမ်လင့် ကျလျှင်ပင့်၊ တစ်ခါတစ်ခါ စိတ်တွေကကျနေတယ်တဲ့၊ တရားက မတိုးတက်နိုင်တော့ စိတ်တွေက လျှော့ပြီး စိတ်ပျက်ပျက် စိတ်တွေ အားလျော့နေတယ်၊ တစ်ချို့တော်တော်ပျက်တယ်၊ တရားကို အားမထုတ်ချင်အောင် ကမ္မဋ္ဌာန်းကျောင်းက ထွက်ချင်အောင်လို့ကို စိတ်တွေက ပျက်သွားတတ်တယ်။

အဲဒီလိုအခါကာလကျတော့လဲ စိတ်ကိုမကျရအောင်လို့ ပင့်မြှောက်ပြီး သကာလပေးရတယ်၊ ဘာလဲမြှောက်ပေးရမယ် ဆိုရင် ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရားတွေ နလုံးသွင်းပြီး ရှေးကလဲဟောခဲ့ပါပြီ၊ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရားတွေ နလုံးသွင်းပြီးတော့ ဝီရိယဖြစ်အောင်, ဝီရိယ တိုက်တွန်းပေးရတာ၊ ဝီရိယနဲ့ တိုက်တွန်းပြီး အားထုတ်တဲ့အခါကျတော့ သူကနည်းနည်း ခက်တယ်၊ ကျနေတာကို ပင့်ဖို့ရာခက်တယ်၊ ဝီရိယချဖို့ရာလွယ်တယ်၊ အဲဒါ လောကမှာလဲ ဒီအတိုင်းပဲ။

မြင့်ရာက အောက်ဆင်းရင် လွယ်တယ်၊ အောက်ကနေ အထက်တက်ဖို့ အင်မတန်ခက်တယ်၊ လွန်နေတဲ့ဥစ္စာက ပြန်လျှော့ဖို့ရာ မခဲယဉ်းဘူး၊ လွယ်လွယ်ပဲ၊ လျှော့နေတာက တင်းဖို့ရာနည်းနည်းခက်တယ်၊ သူက နည်းနည်းခက်တယ်၊ဒါပေမယ့် ကြိုးစားပြီး အားထုတ်ရတာကိုး၊ ဝီရိယနဲ့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရားတွေ နလုံးသွင်းဆင်ခြင်ပြီးတော့ စိတ်ကို မြင့်တက်လာအောင် အားပေးရတယ်၊ တရားဟောတဲ့ ကမ္မဋ္ဌာန်းဆရာတွေကလဲ ဒီလိုပဲအားပေးရတယ်၊ ကြွလျှင်နှိမ်လင့်၊ ကျလျှင်ပင့်၊ ရွှင်သင့်ရွှင်စေရာ၊ တစ်ခါတရံကျတော့ တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ တရားရသွားပြီ၊ မပေါ့ဘဲ ဖြစ်မှာစိုးလို့ စိတ်က မရွှင်မလန်းဖြစ်နေမှာကိုး၊ စိတ်ကကျတာလဲ မဟုတ်ဘူး၊ မတိုးတက်ဘဲဖြစ်ပြီး စိတ်မရွှင်မလန်းနဲ့ ဖြစ်နေတာ၊ အဲဒီခါကျတော့ စိတ်ရွှင်လန်းစရာပဲ၊ စိတ်ရွှင်လန်းပုံက နှစ်မျိုးရှိတယ်၊ စိတ်ကို ခြောက်လှန့်ပြီးတော့ သံဝေဂဖြစ်ပြီး ရွှင်လန်းစေတာ တစ်မျိုးပဲ၊ ပီတိပါမောဇ္ဇတွေဖြစ်ပြီး ရွှင်လန်းစေတာ တစ်မျိုးပဲ၊ နှစ်မျိုးရှိပါတယ်၊ အဲဒီ ၂–မျိုးထဲမှာ စိတ်ကို ခြောက်လှန့်ပြီး ရွှင်တာ သံဝေဂဖြစ်အောင် နလုံးသွင်းဆင်ခြင်တာကတော့ သံဝေဂ ဝတ္ထု ၈–ပါး နလုံးသွင်းရမယ်။ သံဝေဂဝတ္ထု ၈–ပါး သံဝေဂဖြစ်ကြောင်းတရား ၈–ခု ရှိတယ်တဲ့။

သံဝေဂဝတ္ထု ဒီပနီဆိုပြီးတော့ ရှေးက ဆရာတော်ကြီး တစ်ပါးရေးထားတာ ကောင်းပါရဲ့၊ ခပ်ငယ်ငယ်တုန်းက ဖတ်ဖူးတယ်၊ သံဝေဂဝတ္ထုဒီပနီဆိုတာ တယ်သံဝေဂရတယ်၊ သံဝေဂနည်းတဲ့ပုဂ္ဂိုလ်တွေ အဲဒီ စာအုပ်ကြီး ကြည့်စရာကောင်းတယ်၊ အခုတော့ နောက်ထပ် ရိုက်ပုံမရဘူး၊ သံဝေဂ ဝတ္ထု ဒီပနီ။ သံဝေဂဝတ္ထု ၈–ပါး၊ သံဝေဂဝတ္ထု ၈–ပါး ဆိုတာကတော့ ဇာတိ ဇရာ, ဗျာဓိ မရဏ အများသိနေတာပဲ၊ ၄–ခု ဒါက နှုတ်တက်ရနေပါပြီ၊ ဓမ္မစက္ကြာထဲလဲပါတယ်၊ နောက် အတီတဝဋ္ဋ မူလက ဒုက္ခ၊ အပါယဒုက္ခ အပါယ်ဆင်းရဲက ငါးခု၊ အတီတဝဋ္ဋမူလကဒုက္ခံ အနာဂတဝဋ္ဋ မူလကဒုက္ခ အာဟာရ ပရိယေသနဒုက္ခ၊ အဲဒါက ၃–ခု၊ အားလုံး ၈–ခုရှိတယ်၊ အဲဒီ ၈–ခုနဲ့ ဆင်ခြင်ပြီးတော့ သံဝေဂဖြစ်စေရမယ်၊ ဇာတိ–ပဋ္ဌိသန္ဓေနေခြင်းဒုက္ခနဲ့ ရောက်၊ ပြီးနေတဲ့ပုဂ္ဂိုလ်၊ ယခုလောလောဆယ် ပဋ္ဌိသန္ဓေနေနေရတဲ့ ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်တွေချည်းပဲတဲ့။

အဲဒီပုဂ္ဂိုလ်တွေဟာ အခုတရားအားထုတ်ဖို့ရာ အခွင့်ဘယ်ရမလဲ၊ တရားနာဖို့ရာ ဘယ်ရမလဲ၊ ပဋ္ဌိသန္ဓေ ဒုက္ခကြောင့် ပဋ္ဌိသန္ဓေ အဆင့်ဆင့်ပဋ္ဌိသန္ဓေ တည်ပြီးနေတဲ့ ပုဂ္ဂိုလ်တွေ မွေးဖွားဆဲဖြစ်ပြီးနေတဲ့ ပုဂ္ဂိုလ်တွေ မွေးဖွားတဲ့ပုဂ္ဂိုလ်တွင် မကဘူး၊ မိခင်ရော ဘာရော ဒုက္ခတွေရောက်ပြီးနေတာတွေ၊ ဘယ် တရား အားထုတ်ဖို့ရာ, တရားနာဖို့ရာ ဘယ်တတ်နိုင်မှာလဲ၊ ဒီတော့ ငါတို့မှာ ဇာတိဒုက္ခက လွတ်နေတဲ့ အခိုက်အတံ့ အကြောင်းညီညွတ်လို့ တရားနလုံးသွင်းရတယ်, အားထုတ်ရတယ်လို့ နလုံးသွင်းပေးရမယ်၊ ဒီလို စိတ်ကလေးက နည်းနည်း အားတက်လာတယ်၊ ရွှင်လန်းမှု ရလာတယ်၊ ဇရာ ဒုက္ခနဲ့ တွေ့နေတဲ့ ပုဂ္ဂိုလ်တွေ တချို့က ဇရာတွေနဲ့ အလွန်အလွန် အိုလာပြီဆိုတော့ကို သွားချင်တိုင်း မသွားနိုင်၊ ကိုယ်စားချင်တိုင်း မစားနိုင်ဘူး၊ နေချင်လဲမနေနိုင်ဘူး၊ ထိုင်ချင်လဲ မထိုင်နိုင်ဘူး၊ အိပ်ချင်လို့လဲ မအိပ်နိုင်ဘူး။

ဒုက္ခတွေရောက်နေလိုက်တာ၊ ဒီလိုတော့ရှိတာပေါ့၊ အိုနာ ဖြစ်နေတယ်၊ အိုနာဖြစ်နေတဲ့ ပုဂ္ဂိုလ်ဆိုတာ အရပ်ထဲဘာထဲ ရှိနေတာပဲ၊ ဟိုနား ဒီနားရှိကြပါတယ်၊ ဒုက္ခရောက်နေတာပဲလို့ အိုကြီး, အိုပြီးတော့ အိုနာကြီး ဖြစ်ပြီးနေတဲ့ပုဂ္ဂိုလ်ဟာလဲပဲ တရားနလုံးသွင်း အားထုတ်ဖို့က မဖြစ်နိုင်ဘူးတဲ့၊ တစ်ချို့ စောစောစီးစီး တရားအားထုတ်ဖို့ရာ စိတ်မဝင်စားခဲ့လို့ပေါ့လေ၊ ခုနက ပြောခဲ့တဲ့နည်းအတိုင်း ကာမစ္ဆန္ဒတွေ တွေ့လာတဲ့အချိန် ကာမစ္ဆန္ဒက ငယ်ပါတယ်၊ (ကြီးမှအားထုတ်မယ်–၂) ကြီးတော့ သိပြီး အိုလို့ ဘာမှ မတတ်နိုင်ဘူး၊ အဲဒီကျမှ တရားအားထုတ်ချင်တဲ့ စိတ်တွေက ပေါ်ပြီး နေတော့မတုံး။

အဲဒီ အိုကြီးအိုပြီးနေတဲ့အခါ၊ အဲဒီပုဂ္ဂိုလ်တွေနဲ့ နှိုင်းစာပြီးတော့ ကြည့်လို့ရှိရင် ငါတို့မှာ အိုမင်းခြင်း ဇရာကလဲ မနှိပ်စက်သေးလို့ လွတ်လွတ်လပ်လပ်နဲ့ အားထုတ်ခွင့်ရတယ်၊ အင်မတန်ကောင်းတာပဲ၊ ကံကောင်းတာပဲလို့ နလုံးသွင်း ဆင်ခြင်ပေးလိုက်လို့ရှိရင် စိတ်ကရွှင်လန်းပြီး လာနိုင်ပါတယ်၊ ဗျာဓိ–မကျန်းမမာ နာနေတဲ့ ပုဂ္ဂိုလ်ဟာ၊ အဲဒါကတော့ အထင်ရှားဆုံးပါပဲ၊ ဒုက္ခဝေဒနာဖြစ်နေတဲ့ပုဂ္ဂိုလ်ဟာ ဘာမှသက်သာရာမရဘူး၊ ရောဂါဝေဒနာတစ်ခုရှိနေရင် ဆေးကုရတာ ရောဂါဖြစ်လာလို့

ရှိရင် ဘာမှနေရာမကျဘူး၊ မဖြစ်လောက်ကတော့ ကိစ္စမရှိဘူးပေါ့၊ တော်တော်လေး ကြီးလာရင်တော့ သေးသေး မပြောပ လောက်တဲ့ရောဂါပေမယ့် အားကောင်းလာလို့ရှိရင် မနေနိုင်, မထိုင်နိုင် ဖြစ်လာတယ်၊ ဘာမှအားမထုတ်နိုင်တော့ဘူး၊ တရား နှလုံး မသွင်းနိုင်တော့ဘူး၊ ဘာကိုမှ မလုပ်ချင်တော့ဘူး၊ စိတ်အားတွေ ကုန်သွားတာပေါ့၊ အားမထုတ်နိုင်ဘူး။

အဲဒီတော့ ခုလောလောဆယ် ဗျာဓိဒုက္ခနဲ့ မကျန်းမာ ရောဂါဝေဒနာ အသည်းအသန်တွေ ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေ တရားအားမထုတ်နိုင်ဘူး၊ အဲဒီ မကျန်းမာတဲ့ပုဂ္ဂိုလ်သာ မဟုတ်ဘူး၊ အဲဒီပုဂ္ဂိုလ်နဲ့စပ်ပြီး ကျန်းမာနေတဲ့ပုဂ္ဂိုလ်, ပြုစုနေရတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိသေးတာကိုး၊ အဲဒီ ပုဂ္ဂိုလ်တွေကတော့ ဘယ်တရားအားထုတ်နိုင်မှာလဲ၊ သူတို့လဲ ပြုစုနေရတာနဲ့ အတော်ပဲ၊ ဒုက္ခရောက်နေရတာ၊ အဲဒီတော့ တို့မှာ ကိုယ်တိုင်ကလဲ ကျန်းမာနေလို့ ကိုယ်နဲ့စပ်တဲ့ ပုဂ္ဂိုလ်တွေလဲ ကျန်းကျန်းမာမာရှိလို့ ဒီလိုကျန်းမာနေလို့ တရားအားထုတ်နေရတာပဲ၊ ဒီလိုနှလုံးသွင်းပြီးတော့ စိတ်တွေဟာ ရွှင်လန်းပြီး လာနိုင်ပါတယ်၊ မရဏဒုက္ခ –သေလုဆဲဆဲဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေ ကိုယ်က မသေသော်လဲ ကိုယ်နဲ့စပ်တဲ့ပုဂ္ဂိုလ်က သေနေရင် အဲဒါလဲ တရားအားထုတ်လို့ မဖြစ်ဘူး။

အဲဒီလိုဒုက္ခတွေကကင်းနေလို့ တရားအားထုတ်နေရတာ၊ အဲဒီလို နှလုံးသွင်းဆင်ခြင်လို့ရှိရင် စိတ်ရွှင်လန်းစရာပါပဲ၊ အပါယဒုက္ခ–အပါယ်ကျနေတဲ့ပုဂ္ဂိုလ်တဲ့၊ အဲဒါမှသာဆိုးတာ၊ ငရဲရောက်နေတဲ့ပုဂ္ဂိုလ် အထူးပြောစရာမလိုဘူး၊ ဒုက္ခတွေက တော့ရောက်နေတာ၊ တိရစ္ဆာန်ဖြစ်နေတယ်၊ အဲဒါတွေ မြင်နေရတာ ငရဲကမြင်ရာဘူး ထားဦးတော့၊ ငရဲက မမြင်ရလို့ တယ်မ ကြောက်ဘူးထားဦးတော့၊ သူကတော်သေးရဲ့၊ မမြင်ရလို့၊ တိရစ္ဆာန်တွေက မြင်ရတယ်။

တိရစ္ဆာန်တွေက နွားတွေ, ခွေးတွေ, ငှက်တွေ, ဝက်တွေ, အသေးစားအကောင်တွေ ပြေးနေတာပဲ၊ ပုရွက်ဆိတ်တွေက စပြီးတော့ အများကြီးပဲ၊ သတ္တဝါတွေကတော့ အဲဒီသတ္တဝါဟာ တချို့သတ္တဝါတွေက တရားမှန်းဘာမှန်း ဘယ်သိမှာလဲ၊တချို့ နည်းနည်းပါးပါး သိခြင်လဲသိမှာပေါ့၊ တချို့ပုဂ္ဂိုလ်တွေကနည်းတယ်၊ တိရစ္ဆာန်တွေကတော့ မသိတာများမှာပါပဲ၊ တရားအား ထုတ်ဖို့ဆိုတာ ဘယ်ဖြစ်မှာတုံး တရားအားထုတ်ဖို့ အခွင့်အရေးဘယ်ရမှမတုံး၊ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ရာ ဒီပုဂ္ဂိုလ်တွေ ဘယ်တော့ များ ရမယ်မပြောတတ်ဘူး၊ စဉ်းစားလို့ မပေါ်နိုင်ဘူး၊ မျှော်လင့်စရာလဲမရှိဘူး၊ တချို့သတ္တဝါတွေက ဘာမှမသိတတ်တဲ့ သတ္တဝါတွေကများတယ်၊ တချို့ သတ္တဝါတွေက နည်းနည်းပါးပါးသိတယ်၊ လူနဲ့ဘာနဲ့စပ်နေတဲ့ သတ္တဝါတွေက နည်းနည်းသိ ပုံပေါ်တယ်၊ အငယ်အသေးအကွေးတွေက ဘာမှသိပုံမရဘူး၊ အဲဒီလို သတ္တဝါတွေဖြစ်နေရင် ဒုက္ခပေါ့၊ သိပ်ကြောက်စရာ ကောင်းတယ်။

အဲဒီလို အပါယ်လေးဘုံက လွတ်ပြီးတော့နေလို့ ငါတို့မှာ အခွင့်ကောင်း အခါကောင်းရပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန် ရရာ ရကြောင်းဖြစ်တဲ့ သူတော်ကောင်းတရားတွေ ပွားများပြီးနေရတာပဲ၊ ဒီလို နှလုံးသွင်းလိုက်တဲ့အခါ ဝမ်းမြောက်စရာ သိပ် ကောင်းပါတယ်၊ စိတ်ရွှင်လန်းစရာပါပဲ၊ အတီတေဝဋ္ဋ မူလကဒုက္ခတဲ့၊ အတိတ်ကာလက လွန်ခဲ့ပြီးသော ဘဝ, ဘဝတွေကပေါ့ လေ၊ ဝဋ္ဋဆင်းရဲအကြောင်းပြုပြီး ဖြစ်ခဲ့တဲ့ဆင်းရဲတွေ ဒါတွေကလဲ ဘဝတိုင်း ဘဝတိုင်းက အမျိုးမျိုးဒုက္ခတွေ တွေ့လာတာပေါ့၊ ဝဋ္ဋဆင်းရဲတွေ တစ်ဘဝ တစ်ဘဝတွင် နည်းတာမဟုတ်ဘူး၊ ခုနကပြောတဲ့ ဇာတိဇရာ ဗျာဓိမရဏဆိုတာ ခုဘဝအတွက် ပြော နေတာ၊ အပါယ်ဘေးနဲ့ တွေ့ကြုံနေတာလဲ ခုလောလောဆယ် တွေ့ကြုံနေတော့ ခုပြောတာ ကိုယ်အတွက် မဟုတ်ဘူး၊ ခုအတီတေဝဋ္ဋ မူလကဒုက္ခဆိုတာ အတိတ် အတိတ်ဖြစ်ပြီး သားဘဝတွေက ကိုယ်ကိုယ်တိုင်ဒုက္ခရောက်လာခဲ့တာ ပြောတာ၊ အဲဒါတွေ ပြန်စဉ်းစားဖို့ အများကြီးပေါ့။

မမြင်ရလို့ဘဲ ကိုယ်ဖြစ်ခဲ့တဲ့ဘဝတွေကို ရုပ်ပုံနဲ့ ရေးပြီးတော့ ကြောက်စရာ အင်မတန် ကောင်းတယ်၊ တစ်ခါတစ်ခါ လူဖြစ်နေတာလဲ ရှိမှာပဲ၊ လူဖြစ်နေတဲ့အခါလဲအများကြီးပဲ၊ ဒုက္ခတွေ ရောက်နေတာ၊ သူများတွေက နှိပ်စက်နေလို့ ညှဉ်းဆဲ နေလို့, ခံနေရတာလဲရှိမယ်၊ အများကြီးနေမယ်၊ ခုနပြောတဲ့ ရောဂါဝေဒနာတွေဖြစ်ပြီးတော့ အကြီးအကျယ် ဒုက္ခ ရောက်နေ တာလဲ အများကြီးရှိမယ်၊ အစစအရာရာ မပြည့်စုံလို့ ဒုက္ခရောက်နေတာလဲ အများကြီးရှိတာပဲ၊ ဒီထဲက လူမဟုတ်လို့ တိရစ္ဆာန် တွေဖြစ်နေတဲ့ အခါလဲရှိမယ်၊ ပြိတ္တာဖြစ်နေတဲ့အခါလဲရှိမယ်၊ ငရဲကျနေတဲ့အခါလဲရှိမယ်၊ အဲဒါတွေကို ဇာတ်လမ်းရေးပြီး ကြည့်လိုက်မယ်ဆိုရင် အလွန် ကြောက်စရာကောင်းမယ်။

ကိုယ်ကကိုယ် သိပ်ကြောက်စရာကောင်းမယ်၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဆိုတာရှိတယ်၊ အဲဒီ ကိုယ့်ဖြစ်စဉ်တွေ အကုန်လုံး လျှောက်ပြီးသိတာပဲ၊ ကြောက်စရာ ဘဝတွေလဲ အများကြီးပါတယ်၊ ရှေးရှေးသော သံသရာဘဝတွေက မရေမတွက် နိုင်သော ဆင်းရဲတွေ ခံစားခဲ့ရပြီးလို့ အမျိုးမျိုး ဒုက္ခတွေ တွေ့ခဲ့ပြီး, အမျိုးမျိုးသေခဲ့ပြီ၊ အမျိုးမျိုးညှဉ်းဆဲနှိပ်စက်ခံခဲ့ရပြီ၊ သမင်တို့ ဖားတို့ ဘာတို့ဖြစ်ပြီးတော့ ကျားတွေ မြွေတွေ စားတာလဲ အကြိမ်များစွာ ခံခဲ့ရပြီ၊ သွေးသံအမျိုးမျိုးတွေဖြစ်ပြီးတော့ လူတွေ သတ်ဖြတ်စားတာလဲခံခဲ့ရပြီ၊ ငါးတွေ ဘာတွေ ဖြစ်ပြီးသကာလ တစ်ခြားသော သတ္တဝါတွေက ဒီဟာတွေလဲ မရှုမလှ ခံခဲ့ရပြီ၊ ဘဝတွေ ပြန်စဉ်းစားလိုက်မယ် ဆိုရင် ကြောက်စရာ အင်မတန်ကောင်းပါတယ်။

ခုနေခါကာလဆိုရင် အဲဒီလိုဆင်းရဲတွေလွတ်မြောက်အောင်လို့ အားထုတ်နေရတာပဲလို့ နလုံးသွင်းလိုက်ရင် စိတ်ရှင်လန်းစရာအကြောင်းပါပဲ၊ အနာဂတေ ဝဋ္ဋမူလေကဒုက္ခ၊ အဲဒါက အရေးကြီးတယ်၊ အတီတေက ပြီးပြီးသားမို့ ကိစ္စမရှိဘူး၊ ပြီးပြီးသား ဆင်းရဲတွေက ပြီးနေပြီ၊ ဒါက အရေးမကြီးဘူး၊ အောင်ခဲ့ပြီလို့ ဆိုရမှာပေါ့လေ၊ မကောင်းတာ မကောင်းတယ်၊ အောင်လာခဲ့ပြီးပြီ၊ အနာဂတေ နောင်ခါက ခက်တယ်၊ နောင်ရေးက ခက်တယ်၊ နောင်ရေးကတော့ ကိုယ်တိုင်တွေ့ရမှာ၊ ယခုဘဝတွင် စဉ်းစားကြည့်ပါလား၊ ပြီးခဲ့တဲ့ အချိန်ကာလတွေက နေမကောင်း ထိုင်မကောင်းခဲ့တာ အရေးမကြီး၊ ယနေ့ နက်ဖြန် နောင်ခါကာလတွေမှာ နေမကောင်း ထိုင်မကောင်းဖြစ်မှာ အရေးကြီးတယ်။

ဒုက္ခတွေရောက်မှာ နောင်အနာဂတ်က အရေးကြီးတယ်၊ အနာဂတေဝဋ္ဋ မူလကဒုက္ခတဲ့၊ နောင်အနာဂတ်ဘဝတွေမှာ ရှေးရှေးသော ဘဝတွေကလိုပဲ၊ အပါယ်လေးပါး ကျပြီးတော့ ဒုက္ခတွေ ရောက်သွားနိုင်တယ်၊ ငရဲတိရစ္ဆာန် ပြိတ္တာတွေဖြစ်ပြီး ဒုက္ခတွေ ရောက်သွားနိုင်တယ်၊ လူ့ဘဝ လူဆင်းရဲတွေဖြစ်ပြီး ဒုက္ခရောက်သွားနိုင်တယ်၊ အဲဒါတွေက တစ်ဘဝတည်းလဲ မဟုတ်ဘူး၊ ဘဝဘဝတွေ ယခုဘဝမှာ တရားကျင့် အားထုတ်လို့ မဂ်ဖိုလ်တရားမရဘူး၊ သောတာပန်အဖြစ်မရောက်သေးဘူး ဆိုရင် သိပြီးတဲ့အခါ ဘယ်သွားမလဲ မည်သူမှတာဝန်မခံနိုင်ဘူး၊ သေပြီးတဲ့အခါကျတော့ ဘယ်လိုဘဝရပါလိမ့်မယ်လို့ ဘယ်သူမှ တာဝန်မခံနိုင်ဘူး။

အဲဒီနောက်ဘဝကျ ဘယ်သွားမယ်၊ နောက်ဘဝကျ ထားပါဦးတော့၊ ခုဘဝ ဒါန သီလကုသိုလ် ကောင်းမှုတွေပြုလို့ နောက်ဘဝမှာ ကောင်းရာရောက်မယ်ဆိုတာ တော်တော် သေချာပါတယ်၊ ဒါကတော့ နောက်တစ်ခါ တတိယဘဝကျတော့ ဘယ်သွားမလဲ၊ အဲဒါရှိသေးတာကိုး၊ ဒုတိယဘဝကတော့ ခုဘဝက ကုသိုလ်ကောင်းမှုတွေ နောင်ဘဝမှာ ချမ်းသာတဲ့ ဘဝတော့ဖြစ်ပါပြီ၊ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ကောင်းနေတာပဲ၊ သို့သော်လဲ အဲဒီဘဝမှာ သူတော်ကောင်းတွေနဲ့ ပေါင်းမိမလား၊ သူယုတ်မာတွေနဲ့ပေါင်းမိမလား၊ ဘယ်လိုမိတ်ဆွေတွေနဲ့ပေါင်းလို့ ဘယ်လိုမိဘတွေနဲ့ ဘယ်လိုဆွေမျိုးတွေနဲ့ အပေါင်းအသင်းတွေနဲ့ တွေ့ပြီးတော့ ဘာအယူဝါဒတွေယူပြီးတော့ ဘာတွေလုပ်မလဲဆိုတာ ဘယ်သူမှ တာဝန်မခံနိုင်ဘူး။

ခု–ဒီကနေပြီးတော့ ဗုဒ္ဓဘာသာ သူတော်ကောင်း ပုဂ္ဂိုလ်ကြီးတစ်ယောက်ကနေပြီးတော့ တစ်ခြားဘာသာဝင်ပုဂ္ဂိုလ်တွေထဲ သွားပြီးတော့ အဲဒီဘာသာဝင်ဖြစ်မှာပဲ၊ ဘာသာမရှိတဲ့ ပုဂ္ဂိုလ်တွေထဲ သွားဖြစ်ရင်လဲ အဲဒီလိုဖြစ်မှာပဲ၊ ဒီလိုဖြစ်တဲ့အခါကာလကျတော့ အပေါင်းအသင်းတွေ အဆွေအမျိုးတွေ အားလုံး အယူဝါဒတွေအတိုင်း ယူပြီးတော့ အဲဒီလူတွေလိုပဲ လုပ်ချင်တာတွေ လျှောက်လုပ်မှာ၊ အဲဒီလို မကောင်းမှု အကုသိုလ်ဖြစ်မှာ၊ အကုသိုလ်မဖြစ်ဘူးလို့လဲ ဘယ့်နဲ့မှတာဝန်မခံနိုင်ဘူး၊ အဲဒီတော့ ဒီမကောင်းမှု အကုသိုလ်တွေရ၊ အဲဒီက သေတဲ့အခါကျရင် နောင်ဘဝကျတော့ ကောင်းရာ ရောက်ပါလိမ့်မယ်လို့ တာဝန်မခံနိုင်ဘူး၊ မသေချာပါဘူး၊ နောင်သံသရာဘဝတွေ အများကြီး သွားဦးမယ်။

အဲဒီတော့ နောင် သံသရာဘဝတွေ မရေမတွက်နိုင်အောင် ဆင်းရဲတွေ တစ်ဘဝပြီးတစ်ဘဝ ဖြစ်သွားနိုင်တယ်ဆိုတာ လျှောက်တွေးလိုက်လို့ရှိရင် ခုနေကာလ တရားအားထုတ်ဆို့ရာ အခွင့်ကောင်း အခါကောင်းကြီးပေါ့၊ အဲဒီတော့ ဒီကာလကနေပြီးတော့ တရားအားထုတ်လိုက်လို့ တရားထူးတရားမြတ်နဲ့ ပြည့်စုံသွားမယ်ဆိုလို့ရှိရင် အဲဒီလို ဘဝဆိုးတွေ မဖြစ်ရတော့ဘူး၊ မကြောက်ရတော့ဘူး၊ စိတ်ချရပြီး သေချင်သေ၊ ကြေချင်ကြေ၊ ဘာမှ စိတ်ပူစရာ မလိုတော့ဘူး၊ အဲဒီတော့ စိတ်ကလေးက အားတက်ပြီးတော့လာတယ်၊ အားတက်ပြီးသွားတော့ တရားက တကယ်အားထုတ်ရမယ်၊ ကံကောင်းလို့ အခွင့်သာလို့ အားထုတ်နေရတာပဲလို့၊ စိတ်ကလေးက တစ်ခါတည်း ကြွပြီး ရွှင်လန်းလာပါတယ်။

ဒါကြောင့်မို့ အနာဂတေဝဋ္ဋမူလကဒုက္ခ–အနာဂတ် ဆင်းရဲတွေ အနာဂတ်ဘဝတွေ ဝဋ်ဆင်းရဲအမှိုပ္ပြုဖြစ်တဲ့ အနာဂတ် ဆင်းရဲတွေလဲ စဉ်းစားဆင်ခြင်ပါ၊ အာဟာရ ပရိယေသနဒုက္ခ–ရှာမှီးရတဲ့ ဒုက္ခ၊ ဒါကလဲ အရေးကြီးတယ်၊ ရှာမှီးရတာကတော့ အာဟာရကို ခေါင်တတ်ထားတာ၊ အာဟာရတွင် မကဘူး၊ အကုန်လုံး ရှာနေရတာပဲ၊ အာဟာရ ဆိုတာ သိပ်ရှာနေရတယ်၊ စားစရာ ဘဝတိုင်း, ဘဝတိုင်း စားစရာ ရှာနေရတာပဲ၊ အခုလူဖြစ်လာတယ်ဆိုရင် ငယ်ငယ် မွေးကတည်းက စပြီးတော့ မိဘတွေကနေပြီး နို့တိုက်ပြီး ကျွေးလာခဲ့ရတာကိုး၊ ငိုတိုင်း ငိုတိုင်း နို့တိုက်ပြီး ကျွေးလာခဲ့ရတာ၊ တော်ပါသေးရဲ့၊ မိဘတွေက ကျွေးမည့်ပုဂ္ဂိုလ်ရှိလို့ ကျွေးမယ့်ပုဂ္ဂိုလ်မရှိရင် သေဖို့ပဲ၊ နောက်ပြီး ကြီးပြင်းလာတဲ့အခါကျ မိဘတွေက မကျွေးနိုင်တော့ ကိုယ့်ဟာကိုယ် ရှာပြီးစားရတယ်၊ ဒါပေမယ်လို့ ဒီမှာ ဒီပြည်ကတော့ တော်ပါရဲ့၊ မိဘတွေက သားသမီးတွေ တတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေက ကျွေးနေတာပါပဲ၊ ဘာမှမလုပ်လဲ ကျွေးနေတာပဲ၊ လုပ်တဲ့ပုဂ္ဂိုလ်လဲ များတော့ များပါရဲ့၊ ဒါပေမယ်လို့ မလုပ်မကိုင်လဲ မိဘတွေက ကျွေးနေတာပဲ၊ မြန်မာပြည်မှာ နေရာကျတယ်၊ တခြားနိုင်ငံတွေများ ဒီလိုမဟုတ်ဘူးလို့ ကြားတယ်၊ သေချာတော့ မသိဘူးပေါ့၊ ဒီလိုပြောကြတယ်။

အနောက်နိုင်ငံတွေများမှာ တော်တော်ကြီးလာရင် မိဘတွေက မကျွေးဘူးဆိုတာပဲ၊ အရွယ်ရောက်လာရင် ဥပမာ ၁၈–နှစ်လောက်ဆိုရင် ကိုယ့်ဟာကို ရှာဖွေစားရတယ်ဆိုတာကိုး၊ ကိုယ့်ဟာကိုယ်ရှာဖွေစား၊ ကိုယ့်ဟာကိုယ် ပုံတော်သလိုနေ၊ ဒီအရွယ်ဆိုတော့ မိဘတွေကလဲ ကြောင့်ကြမစိုက်ဘူး၊ အဲဒီလိုနေရတယ်၊ အဲဒါတွေနဲ့ဆိုရင် မြန်မာပြည်က ပုဂ္ဂိုလ်တွေ အများ

ကြီး ကံကောင်းတယ်လို့ ဆိုရမှာပဲ၊ အဲဒါလဲပဲ ရှာမှီးရတာပဲ၊ မြန်မာပြည်မှာလဲ အားလုံး ရှာမှီးရတယ်၊ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးတွေဟာ တစ်ခါတည်း နေ့မအား ညမအားရှာနေကြတာပဲ၊ ရှာမှီးနေကြတယ်။

တစ်ချို့ ဆင်းဆင်းရဲရဲရှာရတယ်၊ တောထဲ တောင်ထဲ၊ လယ်ယာကိုင်းကျွန်းစသည့် လုပ်နေတဲ့ပုဂ္ဂိုလ်တွေ အင်မတန်ကို ဆင်းဆင်းရဲရဲ မြွေဘေး ကင်းဘေး အသက်ဘေးကိုစွန့်ပြီးတော့ အားထုတ်ရှာကြရတယ်၊ ဒီထဲကနေပြီး ကံမကောင်း အကြောင်းမသင့်လို့ရှိရင် ပုံမတော် သေကုန်ကြတာပဲ၊ ရှာမှီးရင်း ရှာမှီးရင်းနဲ့ရှာရတယ်၊ မြို့တွေဘာတွေနေတဲ့ ပုဂ္ဂိုလ်တွေမှာ မိမိတို့ စားရေးသောက်ရေး၊ နေရေးထိုင်ရေး အမြဲတန်းရှာနေရတယ်၊ ဒီဘဝထဲ ရှာရတာလား ဘာဟုတ်မလဲ၊ ဘဝတိုင်းဘဝတိုင်း ဒီလိုရှာနေရတာ ရှေးကလဲ ဒီလိုပဲ၊ ရှေးက လူဖြစ်ခဲ့ရင် ဒီဘဝလိုပဲ ရှာရတာပဲ၊ နောက်ဘဝတွေလဲ လူတွေဖြစ်သွား၊ ဒီလိုရှာရမှာပဲ၊ လူမဖြစ်လို့ တိရစ္ဆာန်တွေဖြစ်တော့ သက်သာမလား၊ တိရစ္ဆာန်တွေလဲ ရှာနေရတာပဲ၊ စားရေး သောက်ရေး အဲဒါ ပဋ္ဌိသန္ဓေမှာ စဉ်းစားကြည့်ရင် အတော် ကြောက်စရာကောင်းတယ်။

လူတွေကတော့ စားစရာ သောက်စရာတွေ အစစအရာရာကို သိမ်းဆည်းထားတတ်တာကိုး၊ အသုံးကျတဲ့ခါမှာ အလွယ်တကူ စားဖို့သောက်ဖို့ သုံးဖို့က ရတယ်၊ တိရစ္ဆာန်တွေမှာ သိုမှီးထားတာလဲမရှိဘူး၊ တစ်နေ့တစ်နေ့ အသစ်အသစ် ရှာစားနေရတာ၊ ဘုန်းကြီးက စဉ်းစားကြည့်၊ ဒီသတ္တဝါတွေက အစာမစားရဘူးထင်တယ်၊ ဒီကောင်တွေဟာ သူတို့ကို တစ်ချို့ကလဲ လိုက်ဖမ်းစားရတာကိုး၊ တစ်ကောင်ကောင် လိုက်စားနေတာပဲ၊ တစ်ကောင်ကောင် လိုက်စားနေတော့ စ,စားစရာ အကောင်တ ကိုယ့်နားအနီးအနားမရရင် အခက်သားပဲ၊ ဘာများစားနေသလဲမသိဘူး၊ တစ်ချို့မစားရဘဲနဲ့ ငတ်နေတဲ့အခါတွေ ရှိမှာပေါ့၊ ဒုက္ခတွေ အများကြီး ရောက်နေမှာပေါ့၊ သူ့ဥစ္စာ သနားစရာ ကောင်းတယ်၊ စဉ်းစားကြည့်တယ်၊ အဲဒီ သနားစရာ ကောင်းတာတွေဟာ သူများတွေ မဟုတ်ဘူး၊ တော်တော့ကြာ ကိုယ်လဲ ဒီလို ပုံမတော် ဖြစ်ချင်ဖြစ်နေမှာ၊ တော်တော် ကြောက်စရာ ကောင်းတယ်။

ပြီးတော့ အဲဒီတစ်သံသရာလုံးလုံး ရှေးရှေးကဟာတွေကတော့ ရှာမှီးပြီးသားမို့ ထားပါတော့၊ ယခုဘဝလဲ ရှာမှီးကြရတယ်၊ ယခုဘဝ ကံကောင်းလို့ သက်သက်သာသာနဲ့ လှုပ်ခါလှုက်ခါ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိပါတယ်၊ အဲ ဒါပေမယ့် သူလဲ ကြောင့်ကြတော့ စိုက်ရတာပဲ၊ သူလဲပဲ မအေးဘူး၊ နောက်နောက်သော သံသရာဘဝတွေကျတော့ ဒီလိုရှာသွားရဦးမှာ၊ တစ်ဘဝထဲလဲမဟုတ် မပြီးနိုင်ဘူး၊ ဘယ်တော့မှ ပြီးတယ်လို့လဲ မရှိဘူး၊ နိဗ္ဗာန်မရမချင်း ဒီလိုပဲ ရှာသွားနေရမှာပဲ၊ အဲဒီတော့ ရှာမှီးရတဲ့ဒုက္ခကြီးကလဲ တယ်ကြီးပါလားလို့ တစ်သံသရာလုံး လျှောက်ပြီးတော့ မျှော်ကြည့်လိုက်တဲ့ခါမှာ ကြောက်စရာ အင်မတန်ကောင်းတယ်။

ဒီကြောက်စရာကောင်းလဲ ရှာမှီးရတဲ့ ဘေးဒုက္ခကြီးက ကင်းလွတ်အောင်ဟာ ယခုတရားအားထုတ်ရတာဖြင့် အကောင်းဆုံးပဲလို့ တို့အကြောင်းညီညွှတ်လို့ အားထုတ်ရတာ၊ တရားအားထုတ်ပြီးတော့ အဖျင်းဆုံး သောတာပတ္တိမဂ်ဖိုလ် လောက် ရသွားတယ်ဆိုရင် ရှာမှီးရတဲ့ဘဝဟာ အလွန် ၇–ဘဝပဲ ရှာရတော့မပေါ့၊ ၇–ဘဝလဲ သက်သက်သာသာနဲ့ ရှာရတာပေါ့၊ ဆင်းဆင်းရဲရဲမဟုတ်ဘူး၊ ၇–ဘဝထက် ပိုလွန်ပြီးတော့ ရှာမှီးတဲ့ဘဝတွေက ငြိမ်းလို့သွားမှာပါပဲ။

ဒီတော့ စဉ်းစားလို့ တရားအားထုတ်စရာ အားတက်စရာ အင်မတန်ကောင်းပါတယ်၊ တစ်သံသရာလုံး ဆင်းရဲငြိမ်းသွားစေနိုင်တဲ့ အလုပ်အကောင်းဆုံးအလုပ်ကို လုပ်နေရတာပဲ၊ စဉ်းစားလိုက်ရင် အားတက်စရာ အင်မတန် ကောင်းပါတယ်၊ အဲဒါကြောင့် အဲဒီ သံဝေဂဝတ္ထု ၈–ပါးစဉ်းစားရမယ်၊ များများစဉ်းစားနိုင်ရင် များများကောင်းတာပဲ၊ သိပ်ကောင်းတာပဲ၊ ဘုန်းကြီးက ကျောင်းသားအရွယ်လောက်တုန်းက သံဝေဂ ဝတ္ထု ၁၁–ပါး ဖတ်ဖူးတယ်၊ အဲဒီတုန်းကတည်းက သဘောကျတယ်၊ ဘာမှ တရားတွေဘာတွေ သိပ်သိတာမဟုတ်ဘူး၊ ကျောင်းသားဆိုတော့ ၁၂–နှစ်က သက်နီးဝတ်တာကိုး၊ အဲဒီအချိန်ကပေါ့၊ ငယ်ပါသေးတယ်၊ တော်တော် သဘောကျတယ်။

ဒီစာအုပ်ကလေးက သံဝေဂ ဝတ္ထုဖြစ်ပါတယ်၊ ယခုဟာကတော့ အကျဉ်းချုပ်ကလေးပြောတာ၊ ဘာမှ မစုံသေးပါဘူး၊ ဟိုမှာ အများကြီးစုံတယ်၊ အဲဒီ သံဝေဂ ဝတ္ထု ၈–ပါး ခေါင်းစဉ်ကလေး ဆိုကြဦးစို့၊ ဆောင်ပုဒ်တော့ မပါဘူး၊ ဒီအတိုင်း အလွတ်ဆိုမှပဲ။

> ပဋ္ဌိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ အပါယ်လေးပါး၌ဆင်းရဲရခြင်း၊ ရှေးရှေးသောဘဝ၌ ဆင်းရဲခဲ့ရခြင်း၊ နောက်နောက်သောဘဝ၌ တွေ့ရမည့် ဆင်းရဲတွေ, စားဖွယ်သောက်ဖွယ် စသည်ကိုရှာတဲ့ ဆင်းရဲတွေ၊ ဤ ၈–ပါးသည် သံဝေဂ ဝတ္ထု ၈–ပါးမည်၏ ။

အဲဒီ သံဝေဂ ဝတ္ထု ၈–ပါး၊ မှတ်မိလောက်ပါပြီ၊ ပဋ္ဌိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း သူကတော့ မှတ်မိ လောက်ပါပြီ။

နောက်အပါယ်လေးပါးနှင့် တွေ့ကြုံရတဲ့ ဆင်းရဲတဲ့၊ ယခုရောက်နေတဲ့ပုဂ္ဂိုလ်တွေကို တွေ့ရတာ မဟုတ်သေးပါဘူး၊ အပါယ်ဘုံရောက်ပြီးတော့ ငရဲရောက်နေ၊ ဒုက္ခရောက်နေ၊ တစ်ချို့ ပြိတ္တာဖြစ်၊ တိရစ္ဆာန်ဖြစ်ပြီးတော့ ဒုက္ခရောက်နေကြတယ်၊ အဲဒီပုဂ္ဂိုလ်တွေ, ဆင်းရဲတွေ၊ အဲဒီတော့ ရှေးရှေးသော ဘဝတွေက တွေ့ကြုံခဲ့ရတဲ့ဆင်းရဲတဲ့၊ ဒါကတော့ ကိုယ်တိုင်တွေ့လာခဲ့တာပြီးခဲ့ပြီ၊ ပြီးလို့ တော်ပါသေးတယ်၊ ကိစ္စမရှိဘူး၊ နောက်နောက်သော ဘဝတွေမှာ ကြုံရမည့်ဆင်းရဲ၊ ဒါကတော့ မတွေ့ရသေးဘူး၊ အဲဒါ ယခုဘဝ မဂ်ဖိုလ်ရအောင် အားမထုတ်နိုင်ရင်တော့ တွေ့သွားမှာ၊ ဒီဒုက္ခတွေ တွေ့ရမှာ ပြေးလို့မလွတ်ဘူး၊ ဒါတွေ့ရမှာ၊ အဲဒါတွေ အရေးကြီးတယ်။

စားဖွယ်သောက်ဖွယ် စသည်ကို ရှာမှီးရတဲ့ ဆင်းရဲတဲ့၊ ဒါကတော့ လက်ငင်းတွေ့နေတာ, ယခု ရှာနေရတာ, ဒုက္ခရောက်နေရတာ တစ်ချို့ သက်သက်သာသာနဲ့ တော်သေးရဲ့၊ ကံကောင်းလို့၊ မသက်သာတဲ့ ပုဂ္ဂိုလ်တွေက အများကြီးပဲ၊ ဒုက္ခတွေရောက်၊ သတင်းစာတွေ ဘာတွေက ကြားရတယ်၊ ရေဘေးသင့်ရတာနဲ့, ဘာသင့်ရတာနဲ့ ဒုက္ခတွေ သိပ်ရောက်တယ်၊ ရှာမှီးရတဲ့ဆင်းရဲတွေအများကြီး၊ အထူးအားဖြင့်ဆင်းရဲတယ်၊ အဲဒါနောက် တစ်သံသရာလုံးလဲ ဒီလိုပဲသွားမှာ၊ နောက်နောက်က ဘဝတွေလဲ စားဖွယ် သောက်ဖွယ် စသည် ရှာမှီးရတဲ့ဘဝ တွေ့သွားရဦးမှာ၊ နောက်လဲ တွေ့သွားဦးမှာ၊ အေးမှာ မဟုတ်ဘူး။

ဒီဘဝက ဘယ်လောက် ရှာထားပေမယ်လို့ ပြည့်စုံမှာ မဟုတ်ဘူး၊ ဒီဘဝက ရှာတာတွေ, ဒီဘဝတွင် ထားခဲ့ရမှာတွေ ယခုဘဝ ပြုတဲ့ကုသိုလ်ကောင်းမှုလောက်လေး ပါသွားမယ်၊ အဲဒီကုသိုလ်ကောင်းမှုလေး ပါသွားတဲ့ပုဂ္ဂိုလ်တွေတော့ နောက်ဘဝ အရှာသက်သာပေါ့လေ၊ တော်ပါသေးရဲ့၊ သူကတော့ နောက်ဘဝ အရှာသက်သာလို့၊ ယခုဘဝ ဒါန, သီလ စသည် ကုသိုလ်ကောင်းမှုတွေ ပြုထားလဲ ပုဂ္ဂိုလ်တွေက နောက်ဘဝ သက်သက် သာသာနဲ့ ရှာရမယ်၊ ဒီလိုပြုထားတာတွေ မရှိရင်တော့ နောက်ဘဝလဲ အဲဒီလို ဒုက္ခရောက်ပြီးတော့ ဆင်းဆင်းရဲရဲနဲ့ရှာပြီး သွားရမှာတွေ၊ တစ်သံသရာလုံး သက်သက်သာသာနဲ့ လွယ်လွယ်ကူကူနဲ့ ရှာမှီးရအောင်လို့, ရနိုင်အောင်လို့ ကုသိုလ်ကောင်းမှုတွေ ပြည့်စုံအောင် ပြုသွားဖို့ဆိုတာ မလွယ်ဘူး၊ ဒါကလဲပဲ မလွယ်ဘူး။

ဒီတော့ အကောင်းဆုံးက တရားအားထုတ်တာ အကောင်းဆုံးပဲ၊ တရားအားထုတ်လို့ သောတာပတ္တိမဂ်ဖိုလ် ရောက်သွားပြီဆိုရင် အလွန်ဆုံး ၇–ဘဝပဲ၊ ရှာရမယ်တဲ့၊ ဒီ ၇–ဘဝအတွင်း ဆင်းဆင်းရဲရဲ မရှာရဘူး၊ လွယ်လွယ်ကူကူ ချမ်းချမ်းသာသာနဲ့ ပြည့်စုံပြီးတော့ သွားမှာကိုး၊ ဘဝကောင်း ဘဝမြတ်ချည်း ဖြစ်သွားမယ်၊ အဲဒီ ၇–ဘဝအတွင်းမှာပဲ ပါရမီတွေရင့်ပြီးတော့ တရားတွေ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ပြီး ရဟန္တာဖြစ်၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန် ရောက်သွားမှာကိုး၊ တစ်ခါတည်း ဆင်းရဲ ငြိမ်းသွားမယ်၊ အဲဒါ အကောင်းဆုံးပဲ။

မိမိ ယခု တရားအားထုတ်ခွင့်ရနေတာဟာဖြင့် အင်မတန် ကံကောင်းတာပဲလို့ စဉ်းစားလိုက်ရင် စိတ်ကလေးဟာ ရှင်းပြီးတော့ တက်လာနိုင်ပါတယ်၊ အားထုတ်စရာကောင်းတယ်၊ စိတ်ကျနေတဲ့ စိတ်က တက်လာနိုင်တယ်၊ ဒါကြောင့် သံဝေဂ–ဝတ္ထု ၈–ပါး စဉ်းစား ဆင်ခြင်ရမယ်၊ နောက်ဘုရားဂုဏ် စသည်ကို စဉ်းစားဆင်ခြင်ပြီးတော့လဲ စိတ်ရွင်လန်းစေရမယ်၊ ဒါတစ်နေ့က ပြောခဲ့ပါပြီ၊ ဒါကတော့ ပိတိသမ္ဗောဇ္ဈင် ဖြစ်စေတတ်တဲ့တရားတွေ ရတနာသုံးစုံ သီလဂုဏ် စွန့်ပုံအောက်မေ့ပါတဲ့၊ တစ်နေ့က ဟောခဲ့တာ၊ အဲဒါမျိုးတွေပါပဲ၊ ပိတိပါမောဇ္ဇ ဖြစ်စရာတွေ မြင်လိုက်တော့ တစ်ခါတည်း ပိတိပါမောဇ္ဇတွေ ဖြစ်သွားတာပေါ့၊ ပိတိတွေဖြစ်လာရင် စိတ်တွေ တက်ကြွလာတာကိုး။

အဲဒီလိုလဲပဲ အားပေးရမယ်တဲ့၊ အားပေးလို့ရှိရင်လဲ ရွှင်သင့်စေရာ စိတ်ရွင်လန်းပြီးတော့ သမာဓိဖြစ်လာနိုင်ပါတယ်တဲ့၊ ကြွလျှင်နိမ်လင့် ကျလျှင်ပင့်၊ ရွှင်သင့် ရွှင်စေရာတဲ့၊ သူက ပြီးသွားပြီ၊ ညီနေလျှင် ရှုမြဲပင်၊ ထိုတွင် စိတ်ညွှတ်ရာတဲ့၊ ဒါကလွယ်တယ်ဆိုရမယ်၊ အလုပ် မလုပ်ရဘူး၊ သိပ်နေရာကျတယ်။

ညီမျှနေလျှင် ရှုမြဲပင် ထိုတွင်စိတ်ညွှတ်ရာ။ (ဆို–၃)။

အဲ–တစ်ခါတရံ ကျတော့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်မှာ အစစအရာရာ ညီမျှနေတယ်၊ မယုတ်မလွန် ညီနေတယ်၊ ဘာများလို့တုန်းဆိုရင် မြင်းရထားနဲ့ ဥပမာ ပေးထားတယ်၊ မြင်းနှစ်ကောင်က ခြေညီနေတယ်ပေါ့လေ၊ မြင်းလိမ်မာတွေ ခြေညီနေတယ်၊ အသွားညီတယ်၊ ဘယ်မြင်းကမှ မမြန်ဘူး၊ ဘယ်မြင်းကမှ မနှေးဘူး၊ ခြေလှမ်း တစ်ခါတည်း ခြေလှမ်း စုံပြီးတော့ ကျနေတယ်၊ ဒီလိုအခါကာလမှာ ရထားမောင်းတဲ့ ပုဂ္ဂိုလ်က ဘာမှ မလုပ်ရတော့ဘူး၊ ဘာမှလုပ်စရာ မလိုဘူး၊ မြင်းကို သွားပြီး နှင်တံနဲ့တို့ဖို့ကလဲမလိုဘူး၊ ဒီမြင်းတို့ဖို့ကလဲ မလိုဘူး၊ ဟိုမြင်းဆွဲဖို့ရာလဲ မလိုဘူး၊ တစ်ခုခုသွားလုပ်လိုက်ရင် ခြေလှမ်းပျက်ကုန်မှာပေါ့၊ သူဟာ အဲဒီအခါမှာ ရထားမောင်းတဲ့ပုဂ္ဂိုလ်က အသာလေး ငြိမ်ငြိမ်ကလေး နေသွားရုံပဲ၊ ဆေးလိပ်သောက်ချင် သောက်နိုင်သေးတယ်၊ သူက နေရာကျတယ်၊ အဲဒီလိုပဲတဲ့၊ ရှေးတုန်း မြင်းရထားခေတ်ကိုး၊ မြင်းရထားခေတ်ဆိုတော့ မြင်းရထားနဲ့ ပေးရတယ်၊ မြင်းရထားတောင်မှ အတော်နည်းကုန်ပြီ၊ နောက်ကျလို့ရှိရင် ဒီစာတွေတောင် အဓိပ္ပာယ်ပြောဖို့ခက်လိမ့်မယ် ထင်တယ်၊ မြင်းရထားတွေ ပျောက်ကုန်တာနှင့် မော်တော်ကားနဲ့ ပြောရမှာပဲ၊ ဒီဥစ္စာ ကားကလဲ ပထမ

အချိုးမကျခင်တော့ တစ်ခါတရံ တစ်ချို့တစ်ချို့ မော်တော်ကားတွေက နှိုးလို့မရနိုင်တာနဲ့ မောင်းတဲ့ပုဂ္ဂိုလ် တော်တော်ဒုက္ခ ရောက်တယ်။

အဲ လမ်းကလဲကောင်းလို့၊ စက်ကလဲ အချိုးကျပြီး သွားနေတဲ့အခါ တိမ်းစရာ ရှောင်စရာကလဲမရှိဘူး၊ လမ်းဖြောင့် နေလို့ရှိရင် မော်တော်ကားမောင်းတဲ့ပုဂ္ဂိုလ်လဲ သက်သာပါတယ်၊ အဲဒါလိုပဲ အသာလေး မှေးလိုက်သွားရုံပဲ။

အဲဒါလိုပဲတဲ့၊ ရှုမှတ်နေတာ အချိုးကျနေတဲ့အခါ ရှိတယ်၊ အချိုးကျနေတဲ့အခါ သူ့ဟာသူ သွားနေတာပဲ၊ လူက ထိုင်ရုံထိုင်နေရသလိုပဲ၊ အမှတ်ကလေးတွေက သူ့ဟာသူသွားနေတယ်၊ သိပ်နေရာကျတာပဲ၊ ဒါရောက်ဖူးမှလဲသိတယ်၊ မရောက်ဘူးရင် ဘာမှမသိနိုင်ဘူး၊ ဒါကတော့ ရောက်ဖူးမှ သိတယ်၊ ဒါစဉ်းစားလို့လဲမရဘူး၊ သိစရာလေးတွေ သူ့ဟာသူသိ နေတယ်၊ အာရုံကလေးတွေကလဲ သူ့ဟာသူပေါ်လိုက်၊ ပေါ်တာလေးတွေ သိပြီးတော့လဲ နောက်တစ်ခါ အာရုံကလေးတွေ သူ့ဟာသူပေါ်လာတယ်၊ ဒီကလဲ သိစရာလေးကလဲ သူ့ဟာသူသိသွားတယ်၊ ဘာမှလုပ်နေရတာ မဟုတ်ဘူး၊ အစလောက်ပဲ နည်းနည်း ကြောင့်ကြစိုက်ပေးရတာကိုး။

နောက်ပိုင်းကျတော့ သူ့အရှိန်နဲ့သူသွားနေတာ၊ သိပ်ကောင်းတယ်၊ အဲဒါကတော့ အားထုတ်လို့ ရောက်မှပဲသိမှာပဲ၊ မရောက်ရင်တော့ မသိဘူးလေ၊ ဒီဥစ္စာ ညီမျှနေတာတဲ့၊ ညီမျှနေတဲ့အခါတော့ ဘာလုပ်ရမလဲ၊ ဘာမှမလုပ်နဲ့၊သွားလုပ်လိုက်လို့ ရှိရင် တရားတိုးပြီးတော့ အားထုတ်လိုက်ရင် အဲဒါပျက်ကရော၊ ဒါတော့ သူ့ဟာ မှန်မှန်လေးသာလိုက်တဲ့၊ ညီမျှနေရင် ရှုမြဲ ပင်၊ ထိုတွင် စိတ်ညွှတ်ရာဆိုတာက အဲဒီသမာဓိမဖြစ်ရင် ဖြစ်အောင်လို့ပေါ့လေ၊ သမာဓိသမ္ဘောဇ္ဈင်ဖြစ်အောင် စိတ်ညွှတ်ပြီး တော့ အားထုတ်ပါတဲ့၊ ပျံ့လွင့်သူကြဉ် တည်သူယှဉ် ဆင်ခြင်စျာန်မောက္ခတဲ့၊ ပျံ့လွင့်တဲ့ပုဂ္ဂိုလ် သမာဓိမရှိတဲ့ ပုဂ္ဂိုလ်တွေ ပျံ့လွင့်တဲ့ပုဂ္ဂိုလ်တွေနဲ့ မပေါင်းသင်းပါနဲ့တဲ့၊ အဲဒီ ပုဂ္ဂိုလ်ဆရာသမားအဖြစ်နဲ့ မပေါင်းသင်းနဲ့၊ မိတ်ဆွေအဖြစ်နဲ့ မပေါင်းသင်း နဲ့၊ အထူးအားဖြင့်တော့ တရားအားထုတ်တဲ့အခါကာလမှာ ရောပြီးသကာလနေရင် မကောင်းဘူးပေါ့တဲ့၊ ရှောင်နိုင်သမျှရှောင်ရ မှာပေါ့၊ မရှောင်နိုင်ရင်တော့လဲ မတတ်နိုင်ဘူး။

အဲဒီ ပုဂ္ဂိုလ်တွေနဲ့ ရောနှောမနေနဲ့တဲ့၊ ရောနှောနေရင် သူ့လိုပဲ သူက တရားကို စူးစူးစိုက်စိုက်ရှုတာမဟုတ်တော့ ပျံ့လွင့်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ သူ့ကိုအတုလိုက်သွားရင် ကိုယ်လဲ သမာဓိတွေ ပျက်ကုန်မှာပေါ့၊ ဒါကြောင့် ပျံ့လွင့်တဲ့ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ပါတဲ့၊ သမာဓိရ တည်ကြည်နေတဲ့ ပုဂ္ဂိုလ်လဲရှိတယ်၊ အဲဒီပုဂ္ဂိုလ်များမှီဝဲပါတဲ့၊ ဆရာသမားတွေ အဲဒီပုဂ္ဂိုလ် မှီဝဲ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အချင်းချင်း အဲဒီပုဂ္ဂိုလ်တွေနဲ့ ရောပြီးနေလို့ရှိရင် သမာဓိတွေ ဖြစ်တတ်ပါတယ်၊ ဒါကြောင့် ကဲ ဆို–ဆို။

ပျံ့လွင့်သူကြဉ်၊ တည်သူယှဉ်၊ ဆင်ခြင်စျာန်မောက္ခ။ (ဆို–၃)

အဲ သမာဓိမရတဲ့ပုဂ္ဂိုလ်တဲ့၊ ဥပစာသမာဓိ၊ အပ္ပနာသမာဓိမှ ကင်းလွတ်နေတဲ့ ပုဂ္ဂိုလ်တွေတဲ့၊ အဲဒီပုဂ္ဂိုလ်တွေကို အလေးအမြတ်ပြုပြီးတော့ မပေါင်းနဲ့၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဥပစာရသမာဓိလောက်ကတော့ ရောက်နေတာ၊ သူ့ဟာ အမှတ်ကောင်းရင် ရောက်နေတာပဲ၊ အပ္ပနာသမာဓိကတော့ စျာန်ရနေတဲ့ပုဂ္ဂိုလ်တွေပေါ့၊ အရိယာမဂ်ဖိုလ်ရနေတဲ့ ပုဂ္ဂိုလ်တွေလဲ အရိယာမဂ်ကို အပ္ပနာသမာဓိနဲ့ပြည့်စုံနေတာ၊ အဲဒီလို ပုဂ္ဂိုလ်တွေ မှီဝဲရမယ်တဲ့။

ဒါက အချို့ အဋ္ဌကထာတွေမှာပါတယ်၊ စျာန်ဝိမောက္ခတွေ ဆင်ခြင်တာလဲ သမာဓိဖြစ်ခြင်း အကြောင်းပဲတဲ့၊ အချို့, အချို့ အဋ္ဌကထာတွေကျတော့ အဲဒီအပိုဒ်မပါဘူး၊ ဒါပေမယ်လို့ စျာန်ဝိမောက္ခ ဆင်ခြင်ပုံလဲ အကျယ်တဝင့် ထုတ်ပြထားတော့ ဘယ်အဋ္ဌကထာမှလဲ မပါဘူး၊ ဒီစာပိုဒ်ကလေးဟာ ပိုသလိုလိုတော့ ရှိနေတာပဲ၊ သူ့နုတ်လိုက်လို့ရှိရင်လဲ ၁၁–ပါးတောင် မရှိဘူး၊ ၁၀–ပါးရှိတာပေါ့၊ ယခုတော့ သတိပဋ္ဌာန် အဋ္ဌကထာက တော့ပါတယ်၊ ပါတော့ ဒီမှာထည့်ပြီးတော့ ပြောရမှာပဲ၊ အဋ္ဌကထာထဲမှာ အကျယ်ချဲ့ထားတာမပါဘူး၊ မပါလဲ ဘုန်းကြီးကပြောရမှာပဲ၊ စျာန်ဝိမောက္ခတရားတွေက ကိုယ်မှာရှိရင်တော့ အထူးပြောစရာ မလိုဘူးပေါ့လေ၊ ကိုယ့်ရှိရင်တော့ ကိုယ့်ရဲ့ ရှိတဲ့တရား နှလုံးသွင်းလိုက်ရင် သမာဓိ ဖြစ်တတ်ပါတယ်၊သမာဓိ ဖြစ်မှာပဲ၊ ယခုဟာကတော့ ကိုယ့်မရှိတာ ဆင်ခြင်မှ ဖြစ်တယ်၊ ကိုယ့်မရှိပေမယ့်လို့ သူများမှာ ရှိဖူးတဲ့, သူများ သန္တာန်မှာ ဖြစ်ဖူးတဲ့ စျာန်တရား ဝိမောက္ခတွေရဲ့ ဂုဏ်ကျေးဇူးကို ဆင်ခြင်လိုက်ရင်လဲ စျာန်ဝိမောက္ခတရားတွေဖြစ်အောင် အားထုတ်လို တဲ့ စိတ်ဆန္ဒတွေ တိုးတက်လာမှာပါပဲ၊ အဲဒီတော့ စျာန်ဝိမောက္ခတရားတွေ ဆိုတာ အင်မတန်ကောင်းတယ်၊ စျာန်တရားတွေ အင်မတန်ကို ကောင်းတဲ့ တရားတွေ၊ အဲဒီတော့ ကြည်ညိုစရာဖြစ်အောင်လို့ ဘုန်းကြီးက မြတ်စွာဘုရား ကိုယ်တိုင် သမာဓိ ဖြစ်ပုံလေးတစ်ခုကို ကိုယ်တိုင် ဟောထားတာလေး ရှိပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး ပရိနိဗ္ဗာန်စံမည့် နေ့ရက်ဆိုပါတော့ ပါဝါ–ပြည်က ဆွမ်းဘုဉ်းပေးပြီးတော့ ကုသိနာရုံ ကို ကြွလာတယ်၊ ပါဝါပြည်က နံနက်ဆွမ်းဘုဉ်းပေးပြီးတော့ ကုသိနာရုံကြွတယ်၊ ၃–ဂါဝုတ်ဝေးတယ်၊ ၄–ဂါဝုတ် တစ်ယူဇနာ ရှိတယ်၊ တစ်ယူဇနာကို ယခုကာလ မိုင်နဲ့တွက်ကြည့်လို့ရှိရင် ၇–၈–မိုင်ရှိတယ်၊ ဒါ ဒေသန္တရဗဟုသုတ လိုက်စားတဲ့

ပုဂ္ဂိုလ်တွေက ယူဆကြတယ်၊ ၈-မိုင်ထားပါတော့ တစ်ယူဇနာ ၈-မိုင်ဆိုတော့ အဲဒါ ၄-ဂါဝုတ်မှ ၈-မိုင်ရှိမှာကိုး၊ တစ်ဂါဝုတ် ၂-မိုင်လောက် ရှိနေတာ၊ ၃-ဂါဝုတ် ဝေးတယ်ဆိုတော့ ၆-မိုင်လောက် ရှိမှာပေါ့၊ ပါဝါနဲ့ ကုသိနာရုံဆိုရင် ၆-မိုင်လောက် ဝေးမှာပေါ့၊ မြတ်စွာဘုရားပရိနိဗ္ဗာန် စံမည့်နေရာ ကြွလာတယ်။

ခရီးစဉ် ဘယ်လောက်ဝေးသလဲဆိုတာ နံနက်ဆွမ်းဘုဉ်းပေးပြီးတော့ ၆-မိုင်ခရီးကြွလာတာဆွမ်းဘုဉ်းပေးပြီးကတည်းက ရောဂါဝေဒနာလဲ တစ်ခါတည်း အရင်က ရောဂါဟောင်းပေါ့လေ ထလာတယ်၊ ပရိနိဗ္ဗာန်စံလောက်အောင်ဖြစ်လာတယ်၊ ရောဂါဟောင်းထတယ်၊ ထလာပေမယ်လို့ မြတ်စွာဘုရား ဒီအတိုင်းကြွတာပဲ၊ ခြေကျင်၊ ဟိုတုန်းက ယခုအခါများလို ဘယ်ယာဉ်ရထားတွေ ရှိတာမှမဟုတ်ဘဲ၊ ဟိုတုန်းက ယာဉ်ရထားတွေက မြင်းရထားတွေ, ဘာတွေဆိုတာ မစီးကောင်းဘူး၊ ဂိုလာနမှ စီးရတယ်၊ ခြေကျင်ကြွတာပဲ၊ နောက်က တပည့်သံဃာတော် ပရိသတ်တွေနဲ့ ဒီအတိုင်းခြေကျင်ကြွတယ်။

သပိတ်တွေ, သင်္ကန်းတွေနဲ့ တစ်ခါတည်း ဘုရားတော့ သပိတ်လွယ်ရပုံ မပေါ်ပါဘူး၊ နောက်က ဝတ်ကြီးဝတ်ငယ် ပြုတဲ့ ပုဂ္ဂိုလ်က လွယ်လာတယ်၊ အခြားပုဂ္ဂိုလ်တွေက သပိတ်နဲ့ကိုး၊ သင်္ကန်းတွေနဲ့ လွယ်ပြီးတော့ ကြွရတာကိုး၊ ပါဝါပြည်ကဆွမ်းဘုဉ်းပေးပြီး ကြွတယ်၊ ဆွမ်းဘုဉ်းပေးပြီးကြွလာတော့ အဲဒီက ရောဂါထလို့ အပြင်းအထန်, အသည်းအသန်ကို ထတာပဲ၊ ဝမ်းတွေ ဘာတွေသွားလို့ သွေးဝမ်းတွေသွားတယ်၊ အားတွေ အင်မတန်ကုန်သွားတယ်၊ ဝမ်းသွားတယ်ဆိုတာ အင်မတန်အားကုန်တယ်၊ ရောဂါဖြစ်တာမပြောနဲ့ ဝမ်းနုတ်ဆေးစားတာတောင် အတော်အားကုန်သွားတာ။

အဲဒီတော့ အဲဒီက ကြွပြီးလာလို့ တစ်နေရာ ရောက်တဲ့အခါ မြတ်စွာဘုရား မောပန်းတာနဲ့ လမ်းဘေးဖယ်ပြီးတော့ သစ်ပင်တစ်ပင်အောက်မှာ သီတင်းသုံးဖို့ အရှင်အာနန္ဒာကို သင်္ကန်းကြီး ခင်းပြီးတော့ ပေးခိုင်းတယ်၊ နှစ်ထပ် သင်္ကန်းကြီး ခေါက်ပြီး သကာလခင်းပြီးပေးတယ်၊ အဲဒီအပေါ်မှာ မြတ်စွာဘုရား သီတင်းသုံးတယ်၊ ယခုနေအခါ ဆိုလို့ရှိရင်တော့ မြတ်စွာဘုရားမပြောနဲ့တော့ အင်မတန်လေးစားလောက်တဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင် နောက်က ဝတ်ကြီးဝတ်ငယ်ပြုမည့် ပုဂ္ဂိုလ်တွေ အများကြီးနေမှာပေါ့၊ ယခုဟာ ပရိနိဗ္ဗာန် စံခါနီးရောက်နေပြီ ဒါတောင် ဘယ်သူမှတောင် လိုက်ပြုစုမည့် ပုဂ္ဂိုလ်မရှိဘူး ဟိုခေတ်တုန်းက ဘယ်လိုနေသလဲ မပြောတတ်ဘူးပေါ့လေ၊ အဲ-ရဟန်းတော်တွေပဲ ဝတ်ကြီးဝတ်ငယ် ပြုတယ်၊ တိုင်ဖို့ရာကလဲ ဘာမှ ထူးထူးဆန်းဆန်း ရှိတာမဟုတ်ဘူး၊ နှစ်ထပ်သင်္ကန်းကြီး ခင်းပြီးတော့ ထိုင်ရတာကိုး။

ထိုင်ပြီးတော့ အတော် ပင်ပန်းတယ်၊ ပင်ပန်းတော့ မြတ်စွာဘုရားက ရေ ဘုဉ်းပေးချင်လို့ ရှင်အာနန္ဒာကို ရေခပ်ခိုင်းတယ်၊ ရေခပ်ခိုင်းတော့ အဲဒီအခိုက်အတန့်မှာ ဒီအနား ချောင်းကလဲ ရှိတာကိုး၊ နဒီ-မြစ်လို့လဲ ပြောတယ်၊ မြစ်ဆိုပေမယ့် ချောင်းပါပဲ၊ ချောင်းကလေးပေါ့လေ၊ ချောင်းတော့ကြီးကြီးကျယ်ကျယ် ဟုတ်ပုံမရပါဘူး၊ တော်ရုံ တန်ရုံဟာနဲ့ တူပါတယ်၊ အဲဒီမှာ ရေသွားပြီး ခပ်ဖို့ရာပြောတော့ လှည်းကလဲ ဒီမှာ လှည်း ၅၀၀-ကလဲ ဖြတ်ပြီးတော့ ကူးထားတယ်၊ လှည်းလမ်းကြောင်း ရေတွေက နောက်နေတယ်။

ရှင်အာနန္ဒာက လျှောက်တယ်၊ အရှင်ဘုရားတဲ့၊ ယခုတွင်ပဲ လှည်း ၅၀၀-လဲ ဖြတ်သွားပါတယ်တဲ့၊ ဒီတော့ ရေတွေလဲ နောက်နေပါတယ်တဲ့၊ မကောင်းပါဘူးတဲ့၊ တော်တော်ကြာရင် ဒီက လျှောက်သွားပြီးရင် တယ်မဝေးပါဘူးတဲ့၊ ကကုဒါဆိုတဲ့ မြစ်ကလေးတစ်ခု ရောက်ပါလိမ့်မယ်၊ ဒါလဲ ချောင်းလေးနေမှာပါပဲ၊ သူက နည်းနည်းကြီးပုံပဲ ပေါ်ပါတယ်၊ အဲဒီက ရေလဲကြည်ပါတယ်တဲ့၊ ဆိပ်ကမ်းလဲကောင်းပါတယ်၊ သာယာပါတယ်၊ အဲဒီကျမှ မြတ်စွာဘုရား ဘုဉ်းပေးတော်မူပါလို့ ရှင်အာနန္ဒာက လျှောက်တယ်။

မြတ်စွာဘုရား ဟိုမှာတကတဲ့မှ သွေးဝမ်းတွေသက်ပြီးတော့ အင်မတန်ကို တကထဲ အားတွေ လျှော့ပြီးတော့နေတော့ ရေဘုဉ်းပေးချင်လို့ ရေအခပ်ခိုင်းတာ ရှင်အာနန္ဒာကနေပြီးတော့ ရေမကောင်းလို့ တားမြစ်နေတယ်၊ ဆိုင်းင့်ဖို့ရာ လျှောက်နေတယ်၊ မြတ်စွာဘုရားက နှစ်ခါပြော၊ နှစ်ခါပြောလဲပဲ ရှင်အာနန္ဒာကတားမြစ်၊ ဒီလိုပဲ ဆိုင်းင့်တော်မူပါဦးဆိုပြီးတော့ လျှောက်နေတယ်၊ သုံးခါပြောတော့မှ ရှင်အာနန္ဒာက သွားပြီးခပ်တာကိုး၊ သွားတော့ မြတ်စွာဘုရားဘုန်းကံအားလျော်စွာ သူသွားတော့ ရေတွေက ကြည်နေတယ်၊ သူထင်တဲ့အတိုင်းမဟုတ်ဘူး၊ လှည်း ၅၀၀-ဖြတ်ကူးသွားတဲ့ဟာ ရေတွေ နောက်နေရမှာပဲ၊ ဒါပေမယ်လို့ ဘုရားဘုန်းကံတော်အရနဲ့သွားတော့ ရေတွေက ကြည်လို့တဲ့၊ တစ်ခါတည်း အံ့ဩတယ်၊ မြတ်စွာဘုရား သိပ်ပြီးတော့ ဘုန်းတန်ခိုးကြီးတာပဲ၊ ကြည့်စမ်း လှည်းတွေမောင်းသွားတာ ရေနောက်နေရမှာမနောက်ဘူး၊ ရေကများပုံ မပေါ်ပါဘူး၊ နည်းနည်းနဲ့ တူပါတယ်။

ဒါနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး တစ်ခါတည်း သပိတ်နဲ့ ရေခပ်ပြီးတော့လာတော့ မြတ်စွာဘုရား ရေကပ်တယ်၊ ရေကပ်ပြီးတော့ ရေဘုဉ်းပေးတယ်၊ ရေဘုဉ်းပေးပြီး အဲဒီအခါမှာ လှည်းကုန်သည်ထဲက မလ္လအမျိုးသား၊ ပုက္ကုသဆိုတဲ့ လှည်းကုန်သည် ကုန်သူကြီးပေါ့လေ၊ ရှေးကတော့ ကုန်သည်တွေဟာ တစ်နေရာက တစ်နေရာ, တစ်ရွာကတစ်ရွာ, တစ်မြို့က တစ်မြို့ လှည်းတွေနဲ့ သွားကြပြီးတော့ အကြီးအကျယ် ရောင်းကြတာပဲ၊ လှည်းငါးရာ သွားကြတာကိုး၊ ဒီကကုန်တွေတင်သွား၊ ဟိုက ကုန်တွေ ယူလာပြီး ဒီလိုလုပ်ကြတာပေါ့၊ ကုန်သည်ကြီးတွေပါပဲ။

ဒါကို ဟိုတုန်းက သူဌေးသူကြွယ်တွေနေမှာပေါ့၊ အဲဒီ ပုက္ကုသဆိုတဲ့ မလ္လအမျိုးသား၊ မင်းမျိုးထဲကနေမှာပေါ့၊ မလ္လအမျိုးသားဆိုတော့ သူက ကုန်သည်လုပ်နေသူ မြတ်စွာဘုရားထံ ဝင်ရောက်ပြီးတော့ ဆည်းကပ်ကန်တော့၊ ကန်တော့တော့ စပ်မိစပ်ရာ မြတ်စွာဘုရားကို လျှောက်တယ်၊ မြတ်စွာဘုရားတဲ့ တပည့်တော် တွေ့ဖူးကြုံဖူးတာလေးတစ်ခု လျှောက်ချင်ပါတယ်တဲ့၊ ရသေ့ ရဟန်းတော်တွေဟာ အင်မတန်သိမ်မွေ့တဲ့ ဝိဟာရ၊ အင်မတန် သိမ်မွေ့တဲ့ သမာပတ်တွေနဲ့နေကြတာ သိပ်အံ့သြစရာကောင်းတယ် ဘုရားတဲ့၊ ဘယ်လိုကြားဖူးတွေ့ဖူး ပါသလဲဆိုလို့ရှိရင် တစ်ခါက လှည်းကုန်သည်တွေ လှည်းအစီး ၅၀၀–နဲ့သွားကြတော့ တစ်နေရာမှာ အာဠာရရသေ့ကြီး သီတင်းသုံးနေတယ်၊ အာဠာရရသေ့ကြီးက သူ့ဆရာပဲ၊ သူကိုးကွယ်တာကိုး၊ ဘုရားအလောင်းတော် တောထွက်ခါစတုန်းက အာဠာရရသေ့ကြီးထံမှာ စျာန်သမာပတ်နည်းတွေယူဖူးတာပဲ။

အဲဒီမှာ တရားတောင် အားထုတ်ဖူးသေးတာပဲ၊ ဒီကနည်းတွေနဲ့ အားထုတ်ဖူးသေးတယ်၊ လောကီသမာပတ်တွေ သူက ရူပစျာန် ၄–ပါးနဲ့ အရူပစျာန် ၃–ပါး၊ စျာန်သမာပတ် ၇–ပါးတိုင်အောင် ပြည့်စုံတယ်၊ ပြည့်စုံတဲ့ပုဂ္ဂိုလ်ပါပဲ၊ ပုဂ္ဂိုလ်ထူးကြီးပါပဲ၊ ထိုခေတ်တုန်းကတော့ လေးစားလောက်တဲ့ ပုဂ္ဂိုလ်ပါပဲ၊ ဘုရားမပွင့်ခင်ကဆိုတော့ ဒီလိုပုဂ္ဂိုလ်က အရှားသားပဲ၊ အင်မတန်ကို လေးစားလောက်တဲ့ ပုဂ္ဂိုလ်ကြီးပါ၊ အဲဒီ အာဠာရဆရာကြီးက တပည့်တော်တို့ဆရာပဲ၊ ဆရာရသေ့ကြီးဟာ အဲဒီ လှည်းလမ်းဘေးမှာ သီတင်းသုံးနေပါတယ်တဲ့၊ လှည်းအစီး ငါးရာ မောင်းသွားတာ သူ့နားက ကပ်ပြီး မောင်းသွားတာပဲ။

လှည်းအစီးငါးရာ မောင်းသွားတယ်၊ နောက်ဆုံးက လိုက်လာတဲ့ လူတစ်ယောက်က ရသေ့ကြီးတွေတော့ ရသေ့ကြီးထံ ဝတ်ကြီး ဝတ်ငယ် ပြုစုပြီးတော့ မေးမြန်းတယ်၊ အရှင်ဘုရား ဒီမှာ လှည်းအစီးငါးရာ မောင်းသွားတာ မတွေ့လိုက်ဖူးလား၊ ဟာမတွေ့ဘူး၊ နို့ဘုရား ဒီနားကမောင်းသွားတာပဲ၊ လှည်းအစီးငါးရာ မောင်းသွားတာ အသံများမကြားဘူးလား၊ လှည်းသံ လူသံကြားရမှာပေါ့၊ ဒါလဲ မကြားလိုက်ဘူး၊ နို့ အရှင်ဘုရား အိပ်ပျော်နေတာလား၊ အိပ်လဲမပျော်ပါဘူး၊ ဒါဖြင့် အရှင်ဘုရား သတိမှရှိတာဟုတ်ရဲ့လား၊ သညာများရှိရဲ့လား၊ သညာလဲရှိပါတယ်၊ မေ့နေတာ မဟုတ်ပါဘူး။

ဒီတော့မှ သူက အံ့သြတယ်တဲ့၊ အဲဒီယောဂျားက ရသေ့ ရဟန်းတော်တွေဟာ အင်မတန် သိမ်မွေ့တဲ့ သမာပတ် ဝိဟာရတွေနဲ့နေကြတာပဲ၊ ကြည့်စမ်းပါ၊ အံ့သြစရာသိပ်ကောင်းတာ၊ ဒီနား လှည်းအစီးငါးရာ သူ့နားက ကပ်မောင်းသွားတာ ဒါတွေ မြင်လဲမမြင်လိုက်ဘူး၊ ကြားလဲ မကြားဘူးလို့ဆိုတယ်၊ အိပ်ပျော်နေတာလဲ မဟုတ်ဘူး၊ ဒီတော့ မေ့နေတာ၊ သတိမရဘဲနေတာ၊ မှတ်သိဉာဏ် ကင်းမဲ့တာ ဒီလိုလဲ မဟုတ်ဘူး၊ သူ့သက်နံ့မှာ လှည်းက ဖုံတွေကပ်လို့ ဒီမှာ ဖုံတွေကလဲပေနေ၊ တော်တော်နီးပုံ ရပါတယ်၊ ကပ်မောင်းသွားတာ ဖုံတွေကလဲကပ်နေတယ်၊ အရှင်ဘုရား ဒါလဲသတိမရဘူးဆိုတာ သိပ်အံ့သြစရာကောင်းတာပဲ။

အဲဒီပုဂ္ဂိုလ်က အာဠာရရသေ့ကြီးပေါ်မှာ အများကြီး ကြည်ညိုသဒ္ဓါပေါက်ပြီးတော့ မိမိကြည်ညိုသဒ္ဓါပေါက်တာတွေ လျှောက်ထားပြီးတော့ သွားပါတယ်တဲ့၊ တပည့်တော် ကြားဖူးတွေ့ဖူးတာဟာဖြင့် အင်မတန် အံ့သြစရာကောင်းလို့ ဆိုပြီးတော့ သူက လျှောက်တယ်၊ လျှောက်တော့ မြတ်စွာဘုရားက အဲဒီ ပုက္ကုသကီ မေးတယ်။ ပုက္ကုသတဲ့၊ သင် စဉ်းစားကြည့်ပါလားတဲ့ လှည်းအစီး ငါးရာကို မသိတာနဲ့ မိုးကြိုးပစ်လို့ရှိရင် မသိတာနဲ့ ဘယ်ဟာကများ ပိုပြီးတော့ ထူးကဲမလဲလို့ မေးတော့ ဟာ–မိုးကြိုးပစ်တာမှ မသိလို့ရှိရင်တော့ လှည်းအစီးငါးရာ မပြောပလောက်ပါဘူးတဲ့၊ ဒါတော့ မပြောပလောက်တော့ဘူးတဲ့၊ မိုးကြိုးပစ်တာတောင် မသိတဲ့ဥစ္စာ။

ငါဟာ တစ်ခါက မြတ်စွာဘုရားက သူကိုယ်တိုင် အတွေ့ကို ပြောတယ်၊ ငါဟာ တစ်ခါက ဒီကောက်ရိုးတဲတစ်ခုမှာ နေတယ်တဲ့၊ လယ်သမားတွေ တဲလေးမှာနေမှာပေါ့၊ ကောက်ရိုးနဲ့လုပ်ထားတဲ့ ကောက်ရိုးတဲလေးတစ်ခုမှာ သီတင်းသုံးနေပါတယ်တဲ့။ အဲဒီအခါမှာ မိုးကရွာတယ်တဲ့။ မိုးရွာတော့ မိုးကြိုးပစ်တယ်တဲ့၊ မိုးကြိုးပစ်တော့ လယ်သမား ညီနောင် နှစ်ယောက်လဲ မိုးကြိုးပစ်လို့သေရှာတယ်၊ နွားလေးကောင်လဲသေရော၊ ဒါနဲ့ လယ်သမားညီနောင် နှစ်ယောက်လဲဆုံး၊ နွားလေးကောင်လဲသေ၊ ဒါနဲ့ စပ်ရာဆိုင်ရာ ဆွေမျိုးမိတ်ဆွေက လာပြီး ကြည့်ကြ ရှုကြပေါ့လေ၊ သူတို့ လုပ်သင့်တဲ့ တာဝန်ဝတ္တရားတွေ ထုပ်ကြ ကိုင်ကြ စုစုနဲ့ လုပ်နေကြတယ်။

အဲဒါ မြတ်စွာဘုရားသီတင်းသုံးတဲ့ ကောက်ရိုးတဲနဲ့ နီးနီး မလှမ်းမကမ်းမယ်၊ အဲဒီထဲက လူတစ်ယောက်က မြတ်စွာဘုရားဆီ ရောက်လာတယ်တဲ့၊ မြတ်စွာဘုရားကလဲကောက်ရိုးတဲ အပြင်ဘက်မှာထွက်ပြီး ဒီခါမှာလမ်းလျှောက်နေတယ်၊ မြတ်စွာဘုရားရှေ့ကိုရောက်လာတယ်၊ ရောက်လာတဲ့အခါ မြတ်စွာဘုရားက မေးတယ်၊ သိတော့ သိတာပေါ့၊ ဘုရားဆိုတာ ဆင်ခြင်လိုက်ရင် သိနေတာကိုး၊ ဒါပေမယ်လို့ အကြောင်းပေါ်လာအောင်လို့ ဟေ့ ဟိုလူတွေ စုစုနဲ့ ဘာလုပ်ကြတာတုန်း၊ နို့ဘုရားဒီမှာ မိုးကြိုးပစ်လို့တဲ့၊ ဟိုမှာ လယ်သမားနှစ်ယောက် သေရှာတယ်၊ နွားလေးကောင်လဲ သေရောတဲ့၊ အဲဒါကြောင့်မို့ ဒီမှာ လူတွေစုနေတာ၊ အရှင်ဘုရား ခုနက ဘယ်မှာ ရှိနေလဲ ဒီမှာပဲ သီတင်းသုံး ရှိနေတာပဲ၊ ကောက်ရိုးတဲထဲမှာ ရှိနေတာပဲ၊ နို့ အရှင်ဘုရား အိပ်ပျော်နေသလား၊ အိပ်ပျော်တာလဲ မဟုတ်ဘူး၊ မိုးကြိုးပစ်တာလဲမြင်လဲ မမြင်လိုက်ဘူးလား၊ မမြင်လိုက်ဘူး၊ ကြားလဲ မကြားလိုက်ဘူးလား၊ မကြားလိုက်ဘူး၊ အိပ်ပျော်နေတာလဲ မဟုတ်ဘူး၊ နို့ အမှတ်သညာများရှိဘဲနဲ့ ဖြစ်နေ

သလား၊ မေးမြန်းကြည့်တော့ ဒီလိုလဲ မဟုတ်ဘူး၊ အမှတ်သညာလဲ မယုတ်ဘူး၊ အမှတ်သညာလဲ ရှိတယ်၊ အဲဒီတော့ ဒီနေရာမှာ ဒီလူက အင်မတန်အံ့ဩတယ်။

ရဟန်းတော်များ အင်မတန်သိမ်မွေ့တဲ့ ဝိဟာရသမာပတ်တွေနဲ့ နေကြတာပဲလို့ ချီးကျူးပြီးသကာလ သွားတယ်၊ အဲဒီအကြောင်းကို ပြောပါတယ်၊ ပြောတော့မှ ခုနက ပုဏ္ဏသထိုတဲ့ မလ္လအမျိုးသားက အင်မတန်ကို အံ့ဩတယ်၊ ကြည်ညိုပြီးတော့ သွားတယ်၊ တပည့်တော်အရင်က အာဠာရဆရာကြီး ကြည်ညိုတဲ့ဥစ္စာ အဲဒါတွေကုန်သွားပါပြီ၊ မြတ်စွာဘုရား ဟောလိုက်တာနဲ့ မိုးကြိုးတောင် မကြားလို့ရှိရင်တော့ အဲဒါက ပိုပြီးတော့ လွန်ကဲနေတာပဲ၊ သမာပတ်က ပိုလွန်ကဲနေတာပဲ၊ သမာပတ်မှာဖြင့် အာနဉ္စသမာပတ်ဆိုတာရှိတယ်၊ အာနဉ္စသမာပတ်ဆိုတာ စတုတ္ထစျာန် သမာပတ်တွေ၊ ဒီစျာန်သမာပတ်တွေ ဝင်စားနေလို့ရှိရင် မိုးကြိုး ပစ်တာတောင် မကြားဘူး၊ သူ့အာရုံမို့ သူတော့ ရှိနေတာပဲ။

မေ့တာလဲမဟုတ်ဘူး၊ အိပ်ပျော်နေတာလဲမဟုတ်ဘူးဆိုတာ သေချာနေတာပဲ၊ သမာပတ်ဝင်စားနေတာအိပ်ပျော်တာလဲ မဟုတ်ဘူး၊ အမှတ်သညာလဲ သူ့ဟာနဲ့သူရှိနေတာပဲ၊ ပထဝီကသိုဏ်းနဲ့ဆို ပထဝီကသိုဏ်း အာရုံပဲ၊ အာကာသနဉ္စာယတနစျာန်ဆိုရင် ကောင်းကင် ပညတ်အာရုံ၊ ဝိညာဏဉ္စာယတနစျာန်ဆိုရင် အာကာသနဉ္စာယတနစျာန်စိတ်ကလေးကို အာရုံပြု၊သူက အင်မတန်သိမ်မွေ့တဲ့စိတ်ကလေး ဝိညာဏဉ္စာယတန အာကိဉ္စညာယတန ဆိုလို့ရှိရင်လဲပဲ အဲဒီစျာန်စိတ်မရှိတဲ့ သဘော နတ္ထိဘောပညတ်လို့ခေါ်တဲ့ စျာန်စိတ်ကလေး အာကာသနဉ္စာယတန စျာန်စိတ်လေး မရှိတော့ဘူးဆိုတာ နှလုံးသွင်း၊ နေဝသညာနာသညာယတန စျာန်ဆိုရင်တော့ အာကိဉ္စညာယတန စျာန်စိတ်ကလေး သိမ်မွေ့တာကို နှလုံးသွင်းပြီးတော့ သိမ်မွေ့တယ်, သိမ်မွေ့တယ်စသည်ဖြင့် နှလုံးသွင်းနေတာ၊ အဲဒါ လောကီစျာန်သမာပတ်ထဲ အာနဉ္စသမာပတ်၊ လောကုတ္တရာမှာလဲပဲ အဲဒီအာနဉ္စသမာပတ်က တက်လာပြီးတော့ ဝိပဿနာရှုပြီး ဖလသမာပတ် ရောက်နေတာ ရှိတယ်၊ အရဟတ္တ ဖလသမာပတ်ကိုပဲ ပမာနပြုပြီးတော့ ပြတယ်၊ အရဟတ္တ ဖလသမာပတ်၊ မြတ်စွာဘုရားကလဲ အဲဒီ အရဟတ္တဖလသမာပတ် ရောက်နေတာပါ၊ အရဟတ္တဖလသမာပတ်ရောက်နေ၊ စတုတ္တစျာန် အရဟတ္တ ဖလသမာပတ် ရောက်နေတာ၊ အဲဒီအခါကာလမှာ နိဗ္ဗာန်အာရုံပြုနေတယ်၊ ဒီကတော့ ဘယ်မှ မရောက်ဘူး။

အဲဒါ ဒီလို သမာပတ်ဝင်စားနေတဲ့ အခါကာလမှာ မြင်စရာ ရှိပေမယ်လို့ မြင်စရာတွေလဲ မမြင်ဘူး၊ ကြားစရာ ရှိနေပေမယ်လို့ မကြားဘူး၊ မိုးကြိုးပစ်တာတွေလဲ မကြားဘူး၊ သမာပတ်လဲ မပျက်ဘူး၊ အိပ်ပျော်နေတာလဲ မဟုတ်ဘူး၊ သညာမရှိဘဲနဲ့ အမှတ်မရှိဘဲနဲ့လဲ မယုတ်ဘူး၊ သူ့အာရုံနဲ့သူ ရှိနေတာပဲ၊ အဲဒါဟာ သမာဓိတရား၏ အစွမ်း သတ္တိပဲ၊ အဲဒီလိုဟာတွေ ခေါ်တယ်၊ စျာန်သမာပတ်ရဲ့ အစွမ်းသတ္တိတွေဟာ တကယ် ပြည့်စုံလာလို့ရှိရင် တကယ်ဖြစ်နိုင်တယ်၊ ဒါတွေကို နှလုံးသွင်းရမှာပဲ၊ နှလုံးသွင်းတော့ စျာန်သမာပတ်တွေရအောင်, သမာဓိဖြစ်အောင်, အားထုတ်ဖို့ရာ စိတ်တွေဟာ တက်ကြွပြီးတော့လာမှာပေါ့၊ ဒါကြောင့် စျာန်ဝိမောက္ခတရားတွေလဲ ဆင်ခြင်ရမယ်လို့ ပြောထားတာ။

အဲဒီတော့ တော်တော်စုံသွားပါပြီ၊ တော်တော်စုံသွားတော့ တရားသိမ်းဦးမှပဲ၊ သမာဓိပွား ဆယ့်တစ်ပါး ညွှန်ကြားအဋ္ဌကထာတဲ့၊ ဝတ္ထု သန့်စင်ညီမျှယှဉ် ကျွမ်းကျင်နိမိတ်မှာ၊ ကြွလျှင်နှိမ်လင့် ကျလျှင်ပင့်၊ ရွှင်သင့် ရွှင်စေရာ၊ ၆-ခုရှိသွားပြီ၊ ညီမျှနေလျှင် ရှိမြဲပင် ထိုတွင်စိတ်ညွှတ်ရာ၊ ဒီက ၂-ခု၊ ၈-ခုရှိပြီ၊ ပျံ့ထွင့်သူကြည့်၊ တည်သူယှဉ်၊ ဆင်ခြင်စျာန်မောက္ခာ၊ ဒီက ၃-ခု၊ ၁၁-ခုရှိသွားပြီ၊ သမာဓိပွား ဆယ့်တစ်ပါး ညွှန်ကြားဋ္ဌကထာ၊ သမာဓိပွားကြောင်းဖြစ်တဲ့အင်္ဂါတွေ အကြောင်းအရာတွေ ၁၁-ပါးရှိပါတယ်တဲ့၊ အဋ္ဌကထာဆရာတွေက ညွှန်ကြားပြီးထားပါတယ်၊ ကဲ-ဆိုကြရမယ်။

သမာဓိပွား ဆယ့်တစ်ပါး ညွှန်ကြားအဋ္ဌကထာ။ (ဆို-၃)

အဲဒီ ၁၁-ပါးသော အကြောင်းအင်္ဂါတွေနဲ့ သမာဓိဖြစ်အောင် အားထုတ်တဲ့ သမာဓိသမ္ဘောဇ္ဈင်တွေ တစ်စတစ်စ ရင့်ပြီးတော့ သွားလို့ရှိရင် သောတာပတ္တိမဂ်ဖိုလ်ရောက်၊ နောက် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်ဖိုလ်ရောက်၊ အရဟတ္တဖိုလ်ရောက်တဲ့အခါကျရင် ဒီသမာဓိဟာ ပွားများခြင်းကိစ္စ ပြည့်စုံသွားတယ်တဲ့။

ယထာစ-အကြင် အကြောင်းကြောင့်လဲ၊ ဥပ္ပန္နသ-ဖြစ်ပေါ်ပြီးသော၊ သမာဓိသမ္ဘောဇ္ဈင်္ဂသ-သမာဓိသမ္ဘောဇ္ဈင်တရား၏၊ ဘာဝနာယ ပါရိပူရိ-ပွားများမှု ပြည့်စုံခြင်းသည်၊ ဟောတိ-ဖြစ်၏၊ တဉ္စ-ထိုအကြောင်းကိုလည်း၊ ပဇာနာတိ-သိ၏။

သမာဓိပြည့်စုံတဲ့ အရဟတ္တဖိုလ်ရောက်တဲ့ အခါကာလကျတော့ သမာဓိပွားများမှုနဲ့ ပြည့်စုံသွားပါပြီလို့ ကတံ ကရဏီယံ၊ ကရဏီယံ-ပြုဖွယ်ကိစ္စကို၊ ကတံ-ပြုအပ်ပေပြီ။

အနာပရံ ဣတ္ထတ္တာယ၊ ဣတ္ထတ္တာယ-ဤကိစ္စအလို့ငှာ၊ အပရံ-တစ်ပါးသော ပြုဖွယ်ကိစ္စသည်၊ နတ္ထိ-မရှိတော့ပြီ။

အဲဒီ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က ဒီလို သိရမှာကိုး၊ အရဟတ္တဖိုလ်ရောက်တဲ့အခါ သမာဓိသမ္ဘောဇ္ဈင်တွင်မကဘူး၊ အားလုံးသော သမ္ဘောဇ္ဈင်တရားတွေ ဒီမှာပြည့်စုံတာပါပဲ။ ခုတော့ သမာဓိခေါင်းတပ်ပြီးတော့ ပြောနေရတာ၊ သမာဓိခန်းမို့ သမာဓိ ပြောနေရတာ၊ အဲဒီ သမာဓိအစရှိတဲ့ ဗောဒ္ဓိင်တရားတွေ ပွားများခြင်းကိစ္စဖြင့် ပြည့်စုံသွားပြီ၊ ဒီဗောဒ္ဓိင်တရားတွေ ဒီတရားထူးတွေကို ပွားများဖို့ရာ လုပ်ငန်းဆောင်တာ နောက်ထပ်ပြီး လုပ်စရာ မလိုတော့ဘူး။

အစစအရာရာ ပြည့်စုံသွားပြီလို့ဆိုတာ၊ ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်ပြီးသကာလ သိနိုင်ပါတယ်တဲ့၊ နောက်သီတင်းကျတော့ ဥပေက္ခာသမ္ဘောဇ္ဈင်ဟောရမယ်၊ သမာဓိသမ္ဘောဇ္ဈင်တရားကို ရိုသေစွာ နာခံမှတ်သားရသော ဓမ္မသဝနကုသိုလ်ကံ စေတနာ၏ အစွမ်းအာနုဘော်တော် တို့ကြောင့်၊ ယခုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မိမိတို့သန္တာန်၌၊ သမာဓိသမ္ဘောဇ္ဈင်အစရှိသော ဗောဒ္ဓိင်တရား၊ ထိုမှတစ်ပါး မဂ်လာတရားတို့ကိုလည်းပွားများအားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အဆင့်ဆင့်တိုးတက်၍ ကိလေသာချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု....သာဓု....သာဓု....။

ဥပေက္ခာသမ္ဗောဇ္झင် တရားတော်

၁၃၂၃–ခု၊ တော်သလင်းလပြည့်နေ့ဟောကြားသည်။

ဒီကနေ့တော့ သတိပဋ္ဌာန်ဓမ္မာနုပဿနာ ၅–ပိုင်းထဲက ဗောဒ္ဓိင်ပဗ္ဗဗောဒ္ဓိင်ပိုင်း နောက်ဆုံးဟောဖို့ရာအလှည့်ပါပဲ၊ ဒီနေ့ ဥပေက္ခာသမ္ဗောဇ္झင်ဟောဖို့ အလှည့်ကျတယ်။

သန္တံ ဝါ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္झံ ဝါ အတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္झေါတိ ပဇာနာတိ။

အသန္တံ ဝါ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္झံ နတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္झေါတိ ပဇာနာတိ။

ယထာစ အနုပ္ပန္နသ ဥပေက္ခာသမ္ဗောဇ္झဿ ဥပ္ပေါဒါ ဟောတိ တဉ္စ ပဇာနာတိ။

ယထာစ အနုပ္ပန္နသ ဥပေက္ခာသမ္ဗောဇ္झဿ ဘာဝနာယပါရိပူရီ ဟောတိ တဉ္စ ပဇာနာတိ။

အဇ္ဈတ္တံ–ကိုယ်တွင်းသန္တာန်ထင်ရှားရှိသော၊ ဥပေက္ခာသမ္ဗောဇ္झံ ဝါ–ဥပေက္ခာသမ္ဗောဇ္ဈင်တရားကိုလည်း၊ မေ–ငါ၏၊ အဇ္ဈတ္တံ–ကိုယ်တွင်းသန္တာန်၌။ ဥပေက္ခာသမ္ဗောဇ္झေါ–ဥပေက္ခာသမ္ဗောဇ္ဈင်သည်၊ နတ္ထိ–ရှိ၏၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏၊ အဇ္ဈတ္တံ–ကိုယ်တွင်းသန္တာန်၌၊ အသန္တံ–ထင်ရှားမရှိသော၊ ဥပေက္ခာသမ္ဗောဇ္झံ ဝါ–ကိုလည်း၊ မေ–ငါ၏၊ အဇ္ဈတ္တံ–ကိုယ်တွင်းသန္တာန်၌၊ ဥပေက္ခာသမ္ဗောဇ္झေါ–သည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ဤသို့၊ ပဇာနာတိ–သိ၏။

ဥပေက္ခာသမ္ဗောဇ္ဈင်တရား၊ မိမိသန္တာန် ဖြစ်ပေါ်လာရင် ဖြစ်ပေါ်လာမှန်းသိတယ်တဲ့၊ မဖြစ်ပေါ်ရင်လဲ မဖြစ်ပေါ်မှန်းသိ၊ မဖြစ်ပေါ်မှန်းသိတာကတော့ စောစောက လုံးလုံးမဖြစ်လို့ ဥပေက္ခာသမ္ဗောဇ္ဈင် လုံးလုံးမရှိတဲ့ ပုဂ္ဂိုလ်က ငါ့မှာဥပေက္ခာသမ္ဗောဇ္ဈင်မရှိဘူးလို့ သိတာ၊ ဒါမျိုးကိုတော့ ဆိုလိုတာမဟုတ်ဘူး၊ အဲဒါကတော့ ကိုယ်လုံးလုံးမရှိတာနဲ့ မသိတာနဲ့ ဗောဒ္ဓိ်ဓမ္မာနုပဿနာ သတိပဋ္ဌာန်တော့ မဖြစ်နိုင်ဘူး။

အရင် အရင်နေ့တွေက ပြောခဲ့သည့်အတိုင်း ဝိပဿနာ အစဉ်အတိုင်းရှုလို့ ဥဒယဗ္ဗယညာဏ်ရောက်တော့ ရုပ်နာမ်ကလေးတွေ ဖြစ်လိုက် ပျက်လိုက် ပေါ်လိုက် ပျောက်လိုက် ဖြစ်ပျက်စလေးတွေ မြင်တဲ့အချိန်ကာလကစပြီး ဒီဗောဇ္झင် ၇–ပါး တရားတွေကဖြစ်တာ၊ အဲဒီ ဗောဇ္झင် ၇–ပါး တရားတွေ ဖြစ်တဲ့အခါမယ် မိမိသန္တာန် ဗောဇ္झင် ၇–ပါးတွေကဖြစ်လာတော့ ဖြစ်လာမှန်း သိတာပဲ။

ဒီအထဲကနေပြီး အကြောင်းမညီညွှတ်တဲ့အခါကျတော့ ဗောဇ္झင်တွေက မဖြစ်ပြန်ဘူး၊ ဝိပဿနာ လျော့သွားတဲ့အခါမှ ဗောဇ္झင်တရားတွေ အဆင့်အတန်းမြင့်တဲ့ ဗောဇ္झင်တရားထိအောင် မရောက်တော့ဘူး၊ ဝိပဿနာရှုတော့ ရှုနေတာပဲ၊ ဒါပေမယ်လို့ အောက်လျှောသွားတဲ့အခါကျတော့ အဲဒီအခါကျတော့ ဗောဇ္झင်တရားတွေမရှိဘူး၊ မရှိတော့လဲ မရှိမှန်းသိတယ်၊ အတိုချုပ် အားဖြင့်ဆိုရင်တော့ ရှုမှတ်လို့ကောင်းနေတာလေးရှိတယ်၊ မကောင်းတာရှိတယ်၊ ကောင်းတဲ့နေရာက မကောင်းသွားတဲ့အခါမှာ ကောင်းနေရင် ကောင်းနေမှန်းသိတယ်၊ မကောင်းရင် မကောင်းမှန်း သိတယ်၊ အဲဒါ အတိုချုပ် ဒါပါပဲ။

ဥပေက္ခာသမ္ဗောဇ္ဈင်လေးဖြစ်နေရင် ဖြစ်မှန်းသိတယ်တဲ့၊ ဖြစ်နေရာက နေပြီး အကြောင်းမညီညွှတ်လို့ မဖြစ်တဲ့အခါရှိတယ်၊ မဖြစ်တော့ မဖြစ်မှန်းသိတယ်တဲ့၊ ဒါကတော့ ဖြစ်ရင်လဲဖြစ်မှန်းသိတော့မှာပဲ၊ ယောဂီပုဂ္ဂိုလ်က မိမိသန္တာန်မှာ ဖြစ်ပေါ်တိုင်းသောတရားတွေ အမြဲရှုနေတော့ ဝိပဿနာ အထူးကောင်းပြီးတော့ ဗောဇ္झင်တရားတွေနဲ့ ပြည့်စုံနေတဲ့အခါမှာ ဗောဇ္झင်တရားမှန်းသိတာပေါ့၊ မသိဘဲဘယ်နေမလဲ၊ တော်တော်ကြာတော့ ဒီအထဲကနေပြီး မကောင်းပြန်တော့ မကောင်းလို့ မဖြစ်မှန်းသိပြန်တယ်၊ မသိဘဲနဲ့မနေနိုင်ဘူး၊ သူကတော့ သိရမှာပဲ၊ အဲဒါကို ဆိုလိုပါတယ်။

အဲဒီတော့ ဗောဇ္झင်ဆိုတာဟာ ပထမ ဟောကာစတုန်းက တစ်ကြိမ် နှစ်ကြိမ် ဗောဇ္झင်အကြောင်းကို ရှင်းပြီးတော့ ပြောဖူးပါပြီ၊ ဒီနေ့တော့ နောက်ဆုံးကိုး၊ ပြီးတော့ ပြီးကောင်းပါရဲ့၊ ပြီးပါ့မလားတော့ မပြောတတ်ဘူး၊ နောက်ဆုံးလို ဖြစ်နေတဲ့အတွက်ကြောင့် ဗောဇ္झင်အကြောင်း ပြန်ပြောရဦးမယ်၊ ဗောဇ္झင်ဆိုတာ ဗောဓိအင်္ဂ၊ ဗောဓိ–သစ္စာလေးပါးကို သိသော ပုဂ္ဂိုလ်၊ အင်္ဂ–အကြောင်းအင်္ဂါသစ္စာလေးပါး သိသောအကြောင်းပဲ၊ အကြောင်းအင်္ဂလို့ ပေါ်တယ်၊ ဗောဓိအင်္ဂ–ဗောဇ္झင် တစ်နည်းအား

ဖြင့် ဗောဓိ–သစ္စာလေးပါးကိုသိသော တရားအပေါင်း သစ္စာလေးပါးသိမှု၊ အင်္ဂ၏ အစိတ်အပိုင်းရှိတာ၊ သစ္စာလေးပါး သိမှုထဲက တရားအပေါင်းထဲက အစိတ်အပိုင်း အင်္ဂါလေးတစ်ခုပါပဲတဲ့။

ဗောဒ္ဓေါင်ဆိုတာ သစ္စာတရားလေးပါး တရားသိဖို့ရဲ့ အစိတ်အပိုင်း အင်္ဂါလေးတစ်ခုပါပဲတဲ့၊ အဲဒါလေးတွေ ပထမ ဆောင်ပုဒ် ကလေးတွေနဲ့ အဆိုခိုင်းထားတယ်၊ ဒီနေ့ဆိုကြဦးစို့၊ နောက်ဆုံး ဒီကနေ့ ပြီးကောင်းပါရဲ့၊ မပြီးလဲဘဲ ဆက်ဟော ရမှာပေါ့လေ၊ သစ္စာလေးပါးကိုသိသူ၏ အကြောင်းအင်္ဂါကို ဗောဒ္ဓေါင်ဟုခေါ်သည်တဲ့ဆိုတာ ဗောဒ္ဓေါင်ဆိုတဲ့ပုဒ်ရဲ့အနက် ဗောဒ္ဓေါင် ဆိုတာ ဘာတုံးလို့မေးရင် သစ္စာလေးပါးကိုသိသူ၏ အကြောင်းအင်္ဂါကို ဗောဒ္ဓေါင်ဟု ခေါ်သည်၊ ကိုင်း ဆိုရမယ်။

သစ္စာလေးပါးကို သိသူ၏ အကြောင်းအင်္ဂါကို ဗောဒ္ဓေါင်ဟု ခေါ်သည်။ (ဆို–၃)။

အဲ သစ္စာလေးပါးကို သိတဲ့သူရဲ့ အကြောင်းအင်္ဂါပဲတဲ့၊ ဝိပဿနာ အစဉ်အတိုင်းရှုလို့ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ ကာလကျတော့ ဒီဗောဒ္ဓေါင်ခေါ်တဲ့ ၇–ပါးသော တရားတွေကိုတွေ့တယ်၊ အဲဒီ အခါကာလကစပြီးတော့ သစ္စာလေးပါး တရား တွေကို ထိုက်သည့်အားလျော်စွာ သိသွားတယ်၊ အရင်ကလဲပဲ သစ္စာလေးပါးဆိုင်ရာဖြစ်တဲ့ ဒုက္ခသစ္စာတွေ သိတော့သိနေတာပဲ၊ ဒါပေမယ်လို့ သူက အဆင့်အတန်းမြင့်မြင့် မသိသေးဘူးပေါ့လေ၊ ရှေ့နားက နာမ်ရုပ် ပိုင်းခြားသိတဲ့ဉာဏ်လဲ ရှိပါတယ်၊ အကြောင်းနဲ့အကျိုး ဆင်ခြင်ပြီးသိတဲ့ ဉာဏ်လဲရှိပါတယ်၊ အဲဒါတွေကတော့ အဆင့်အတန်း မမြင့်သေးဘူး၊ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့ အခါကာလကျတော့ ရှုတိုင်း မှတ်တိုင်း ရုပ်နာမ်ကလေးတွေ အပိုင်းအပိုင်းနဲ့ ပိုင်းခြားပြီးတော့ သိတော့ အဲဒီ ရုပ်နာမ်လေးတွေဟာ ဆင်းရဲတရားပဲလို့ ဒုက္ခသစ္စာတရားတွေပဲဆိုတာ ပိုင်းပိုင်းခြားခြားသိတယ်၊ ဒုက္ခသစ္စာတရားတွေမှန်းသိ တော့ ဒီဒုက္ခသစ္စာ တရားတွေအပေါ်မှာ သာယာမည့်တဏှာဟာလဲ ငြိမ်းသင့်သလောက် ငြိမ်းသွားတယ်၊ သမုဒယသစ္စာကိုလဲ ပယ်ခြင်းကိစ္စပြီးတယ်၊ အဲ သမုဒယသစ္စာ ငြိမ်းသွားသဖြင့် ကိလေသာတွေ, ကံတွေ, ဆက်ဖြစ်ရမှာတွေ မဖြစ်ဘဲနဲ့ ငြိမ်းသွား တာ၊ ဒါက နိရောဓသစ္စာကို မှတ်တိုင်းမှတ်တိုင်း ဆိုက်ရောက်နေတယ်၊ ရှုတိုင်းရှုတိုင်း အဖြစ်အပျက်ကလေးတွေ သိနေတာက ဝိပဿနာ မဂ္ဂသစ္စာပဲတဲ့။

ဒါကြောင့် ဥဒယဗ္ဗယဉာဏ်ကစပြီး သစ္စာလေးပါးတရား ထိုက်သည့်အားလျော်စွာ သိတယ်တဲ့၊ ဒီလိုသိတာဟာ ဘာကြောင့် သိသလဲဆိုရင် သတိသမ္ဗောဇ္ဈင် အစရှိသော ၇–ပါးသော တရားတွေနှင့် ပြည့်စုံလို့တဲ့၊ ဒီအစိတ်အပိုင်းတွေနှင့် ပြည့်စုံမှသိတယ်၊ လူမှာ မျက်စိတည်း ဟူသော အင်္ဂါရှိသည့်အတွက် အဆင်းကိုမြင်ရတယ်၊ မျက်စိအင်္ဂါမရှိရင် အဆင်းမမြင် နိုင်ဘူး၊ နားကိုယ့်မှာရှိတဲ့အတွက် အသံကိုကြားရတယ်၊ နားမရှိရင် မကြားနိုင်ဘူး၊ အဲဒါလိုပဲ ဗောဒ္ဓေါင် ၇–ပါး တရားတည်းဟူ သော အစိတ်အပိုင်း အင်္ဂါနဲ့မပြည့်စုံခဲ့လို့ရှိရင် ဒီသစ္စာလေးပါး တရားတွေကို မသိနိုင်ဘူး၊ ဥဒယဗ္ဗယဉာဏ်မရောက်ခင်က ရှေ့အဖို့ဆိုလို့ရှိရင် ဒီဗောဒ္ဓေါင် ၇–ပါးတရားတွေနဲ့ မပြည့်စုံဘူး၊ အစိတ်အပိုင်းအင်္ဂါတွေ ကောင်းကောင်း မပြည့်စုံသေးဘူး၊ ဒါကြောင့် သစ္စာလေးပါးတရားတွေကို ပြည့်ပြည့်စုံစုံ မသိရသေးဘူး၊ ဥဒယဗ္ဗယဉာဏ်စပြီးတော့ ဗောဒ္ဓေါင် ၇–ပါးတရားတွေနဲ့ ပြည့်စုံတဲ့အတွက်ကြောင့် သစ္စာလေးပါးတရားတွေ သိရတယ်တဲ့။

ဒါကြောင့်မို့ အဲဒီ ဗောဒ္ဓေါင် ၇–ပါးတရားတွေက သစ္စာ လေးပါးတရားကို သိတဲ့သူရဲ့ အကြောင်းအင်္ဂါတရားတွေပါပဲ တဲ့၊ ဒါကြောင့် သူ့ဗောဒ္ဓေါင်လို့ ခေါ်တယ်၊ သစ္စာလေးပါးကို သိသူ၏ အကြောင်း အင်္ဂါကို ဗောဒ္ဓေါင်ဟု ခေါ်သည်၊ ဆောင်ပုဒ်က နောက်တစ်ခုက သစ္စာလေးပါး သိမှု၏ အစိတ်အပိုင်းကိုလဲ ဗောဒ္ဓေါင်ဟုခေါ်သည်၊ သစ္စာလေးပါး သိမှု၏ အစိတ်အပိုင်း ခုနက သိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ ယခုဟာကတော့ သစ္စာလေးပါးသိမှု၏ အစိတ်အပိုင်း ဒါပါပဲ၊ ဗောဓိပုဒ်က အနက် ၂–မျိုး ရပြီးနေလို့ အဋ္ဌကထာဆရာများက နည်းနည်းဖွင့်ထားတယ်၊ ကဲ–ဆိုရမယ်။

သစ္စာလေးပါး သိမှု၏ အစိတ်အပိုင်းကိုလည်း ဗောဒ္ဓေါင်ဟုခေါ်သည်။ (ဆို–၃)။

ဗောဒ္ဓေါင်ဆိုတာဟာ သစ္စာလေးပါး သိတဲ့ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၊ တစ်နည်းအားဖြင့် သစ္စာလေးပါးကို သိမှုထဲက အစိတ်အပိုင်း အင်္ဂါလေးတစ်ခုတဲ့၊ ဒီလိုဆိုလိုရပါတယ်၊ အဲဒီ အစိတ်အပိုင်းအင်္ဂါဟာ ဘယ်နှစ်ခု ရှိသလဲဆို ၇–ခုရှိတယ်၊ အဲဒီ ၇–ခုကို ဗောဒ္ဓေါင် ၇–ပါးလို့ခေါ်တာပဲ၊ အဲဒီ ၇–ခုသော ဗောဒ္ဓေါင် ၇–ပါး တရားထဲက ရှေ့ ၆–ပါးကတော့ ဟောပြီးပါပြီ၊ ဒီနေ့ ဥပေက္ခာသမ္ဗောဇ္ဈင် မိမိသန္တာန်ရှိရင် ရှိမှန်းသိတယ်၊ မဖြစ်ရင်လဲ မဖြစ်မှန်းသိတယ်။

အဲဒီ ဥပေက္ခာ သမ္ဗောဇ္ဈင်ဟာ ဘယ်လိုသဘော ရှိပါသလဲဆိုတော့ ဥပေက္ခာသမ္ဗောဇ္ဈင်က လက္ခဏာအားဖြင့် သမဝါ ဟိတလက္ခဏာ အညီအမျှဆောင်ခြင်း, အညီအမျှဖြစ်စေခြင်း လက္ခဏာ ရှိပါတယ်တဲ့၊ အတူတကွ ပူးပေါင်းပြီးတော့ ဖြစ်တဲ့ တရားတွေကို ညီမျှစေတယ်တဲ့၊ သူက အလယ်ကြားကနေပြီးတော့ အလေးချိန် ဟိုဘက်မသာရအောင် ဒီဘက် မသာရအောင် မျှပြီးတော့ ပေးတဲ့သဘော။

ဥပမာအားဖြင့် ကလေးတွေကစားတာလဲ ရှိတတ်ပါတယ်၊ ဘားဆပ်ကတွေ ပြတဲ့နေရာမှာလဲရှိတတ်ပါတယ်၊ တုတ်ချောင်းတစ်ခုကို တုတ်တန်းတစ်ခုပေါ် တန်းပေါ်မှာ ရပ်ပြီးနေတော့ ဟိုဘက်က လေးသွားရင်လဲ ဒီဘက်ကိုတစ်ခါ အားပြုလိုက်ရတာကိုး၊ ကျ–မသွားအောင် ဒီဘက်က လေးသွားပြန်လို့ရှိရင်လဲ ဟိုဘက်ကိုအားပြုရတယ်၊ အဲဒီလူက အလယ်ခေါင်ကလူကနေပြီး ထိန်းထားတယ်၊ ဘေးအစွန်ကနေပြီးတော့ လူနှစ်ယောက်ထိုင်နေရင် ဘေးအစွန်က လူနှစ်ယောက်ထိုင်နေ၊ ဟိုဘက်က လေးသွားတဲ့အခါ ဟိုဘက်စောင်းသွားတော့ ပေါ့တဲ့ဘက်က နေပြီး လူတစ်ယောက်ကနေပြီး ဖိနင်းပေးရတာကို မျှနေအောင်, လိမ့်မသွားအောင် လုပ်ရတယ်၊ ကလေးတွေ ကစားတဲ့အခါမှာလဲ ရှိကြပါတယ်၊ ဘားဆပ်ကတွေ ဘာတွေ ပြတဲ့နေရာမှာလဲရှိတတ်တယ်၊ အဲဒါမျိုးလိုပဲ အလယ်ခေါင်ကနေပြီးတော့ ဟိုဘက်ဒီဘက်မလွန်ရအောင်, မလျှောရ, မလွန်ရအောင် မျှပေးတဲ့ သဘောကို ဥပေက္ခာသမ္ဘောဇ္ဈင် ခေါ်တယ်တဲ့။

သမဝါဟိတ လက္ခဏာ–အညီအမျှ အညီအမျှဖြစ်ခြင်းဟာ သူ့သဘောပါပဲတဲ့၊ အညီအမျှ မဖြစ်သေးသမျှ ကာလပတ်လုံး တရား အားထုတ်လို့ မကောင်းဘူး၊ အားထုတ်ခါစ ပုဂ္ဂိုလ်တွေကို အညီအမျှ မဖြစ်နိုင်ဘူး၊ ဝီရိယ လျော့နေတဲ့အခါလဲ ရှိတယ်၊ လွန်တဲ့အခါလဲရှိတယ်၊ သမာဓိကလဲ လျော့တာရှိတယ်၊ လွန်တာရှိတယ်။ သဒ္ဓါကလဲ လျော့တဲ့အခါရှိတယ်၊ လွန်နေတဲ့အခါရှိတယ်၊ စဉ်းစားဆင်ခြင်မှုတွေ ပညာလို့ ခေါ်ရတာပေါ့လေ၊ ပညာအစစ်ဟုတ်ချင်မှလဲ ဟုတ်မယ်၊ အဲဒါတွေကလဲ လျော့နေတဲ့အခါရှိတယ်၊ လွန်နေတဲ့အခါရှိတယ်၊ အဲဒီတရားတွေ မညီမျှသေးသမျှကာလပတ်လုံး ရှုမှတ်တာလေးက အချိုးမကျဘူး ရပ်တရား, နာမ်တရားလေးတွေ ပိုင်းခြားပြီးတော့ တည့်တည့်မတ်မတ် မသိဘူး၊ ရပ်တရား နာမ်တရားလေးတွေရဲ့အဖြစ်အပျက်ကို ပိုင်းပိုင်းခြားခြား သူမသိသေးဘူး၊ ညီမျှသွားတဲ့အခါကျတော့မှ အပိုင်းပိုင်းအခြားခြား သူသိတယ်၊ ညီမျှသွားတဲ့အခါကျတော့ ကြောင့်ကြလဲ မစိုက်ရဘူး၊ မှတ်ရတာကလေးတွေက အချိုးကျနေတယ်။

ဒီနေ့တော့ ညီမျှတဲ့ သဘောလေးတွေ ပြောရမယ်၊ သရုပ်တရားကိုယ်အားဖြင့်ဆိုရင် အဘိဓမ္မာကျမ်းဂန်တွေမှာ ပြထားတာက စေတသိက် ၅၂–ပါးတဲ့၊ အဲဒီ ၅၂–ပါးထဲက ဒီညီမျှစေတဲ့ စေတသိက်ကလေးက တစ်ခုရှိတယ်၊ တတြမ္ဇျတ္တတာ စေတသိက်တစ်ခုရယ်၊ တတြမ္ဇျတ္တတာ ခေါ်တယ်၊ တတြမ္ဇျတ္တတာ–ထိုထိုသမ္ပယုတ်တရားတွေထဲမှာဖြင့်ရင် အလယ်အလတ်ဖြစ်နေတဲ့ သဘောပဲတဲ့၊ ညီမျှနေတဲ့ သဘောပဲတဲ့၊ ညီမျှတဲ့အပိုင်းကလေး ရောက်လာတဲ့အခါကျရင် ရှုမှတ်တာလေးတွေ ကောင်းလာတာပဲ၊ ညီမျှတာလေးကလဲတရားအားထုတ်မှသိတယ်၊ တရားအားမထုတ်လို့ရှိရင် ဒီဟာလေး မသိဘူး၊ ဒါပေမယ်လို့ တတြမ္ဇျတ္တတာဆိုတဲ့ ညီမျှတာလေးဟာ ကုသိုလ်စိတ်တိုင်းစိတ်တိုင်းမှာ ပါပါတယ်၊ ဘုရားရှိခိုးလဲ သူပါတာပဲ၊ ဒါနကုသိုလ်ပြုရင်လဲ ပါတာပါပဲ၊ ကောင်းသော အလုပ်လုပ်ရင်လဲပါတာပါပဲ အရိုအသေပေးရင်လဲ ပါတာပဲ၊ ဘယ်အချိန်မဆို ကုသိုလ်စိတ်ကလေး ဖြစ်တိုင်း ဖြစ်တိုင်းမှာ ဒီ မျှတတဲ့ သဘောလေးဟာ ပါတော့ ပါတယ်။

ဒါပေမယ့်လို့ သူက မထင်ရှားဘူး၊ သူက အသိခက်တဲ့ ဟာလေးပဲ၊ တရားအားထုတ်တဲ့ အခါကာလမှာ ညီမျှတာလေးကထင်ရှားတယ်၊ တရားအမှတ်ကောင်းနေတဲ့အခါကျတော့ ကြောင့်ကြမစိုက်ရဘဲနဲ့ သူ့အချိုးအတိုင်းသွားနေတာ အချိန်မှန်ပြီး သွားနေတာရှိတယ်၊ ညီမျှတဲ့သဘောလေး၊ အဲဒါ တတြမ္ဇျတ္တတာ ခေါ်တဲ့သဘောလေးပဲ၊ အဲဒါလေးကို ဥပေက္ခာသမ္ဘောဇ္ဈင်လို့ခေါ်တာ၊ သူခေါ်တာ ဥပေက္ခာက ညီမျှစေသည်တဲ့၊ သမဝါဟိတလက္ခဏာဥပေက္ခာ၊ ဥပေက္ခာ–ဥပေက္ခာသည်၊ သမဝါဟိတလက္ခဏာ–အညီအမျှဆောင်ခြင်း အညီအမျှဖြစ်စေခြင်း လက္ခဏာရှိ၏တဲ့၊ သူနဲ့ ယှဉ်ဖော်ယှဉ်ဖက် တရားတွေကို မယုတ်မလွန်ရအောင်လို့ ညီမျှစေပါတယ်တဲ့၊ ကိုင်း–ဆိုရမယ်။

ဥပေက္ခာက ညီမျှစေသည်။
တစ်ဖက်လိုက်ခြင်း ပါယ်ခွင်းတတ်သည်။

တစ်ဖက်သတ်မလိုက်ဘူးတဲ့၊ သူက ဟိုဘက်ဒီဘက်တစ်ဖက်သတ်လိုက်ပြီးတော့ မသွားပါဘူးတဲ့၊ သူက ပြောခဲ့တဲ့အတိုင်း အလယ်ခေါင်ကနေ ညီမျှပေးနေတာကိုး၊ ဟိုဘက်မလွန်ရအောင်, ဒီဘက်မလွန်ရအောင် ဟိုတရားက လွန်သွားလို့ရှိရင် အဲဒီတရားမလွန်ရအောင်လို့ သူက လျော့ပေးတယ်၊ ဒီတရားက လျှော့သွားလို့ရှိရင် မလျှော့ရအောင်ဖြည့်ပေးတယ်၊ သူက အလယ်ခေါင်က နေပြီးတော့ မျှပေးနေတဲ့သဘောပဲတဲ့၊ အဲဒီဟာက ဘက်လိုက်ခြင်း တစ်ဖက်သတ်လိုက်ခြင်းကို ပယ်တတ်တဲ့ သဘောရှိပါတယ်တဲ့။

ပက္ခပါတုပဏ္ဍေ ရသာ–ပက္ခပါတဆိုတာ တစ်ဖက်သတ် လိုက်ခြင်းကို ပက္ခပါတလို့ ပါဠိလိုခေါ်တယ်၊ ပက္ခက–တစ်ဖက်၊ ပါတဆိုတာ–ကျတယ်လိုက်တယ်၊ တဖက်သတ် လိုက်ခြင်းကိုး၊ ဥပဏ္ဍေ–ပယ်ဖြတ်ခြင်းဟာ သူ့ကိစ္စပါပဲတဲ့၊ သူ့အလုပ်ကဒါပဲ၊ တစ်ဖက်သတ်လိုက်ခြင်းကို ပယ်ဖို့ရာပဲသူ့အလုပ်ပဲ၊ ဥပမာပြောခဲ့တာထဲမှာ ဒါန်းစီးတဲ့နေရာမှာ အလယ်ခေါင်ကနေပြီး မျှပေးတဲ့ပုဂ္ဂိုလ်၊ သူ့အလုပ်ကဘာတုံး၊ မျှပေးဖို့က သူ့အလုပ်ပဲ၊ ဟိုဘက်ထောင်မသွားအောင် ဒီဘက်ထိုးကျမသွားအောင် ဒါသူ့အလုပ်ပဲ၊ ဒါလုပ်နေရတာတဲ့၊ သူကအဲဒါလိုပဲ၊ သမ္ဘယုတ်တရားတွေထဲမှာ မလွန်ရအောင်လို့ ညီမျှအောင် ဆောင်ရွက်ပေးနေတာဟာ သူ့အလုပ်ပဲ၊ ညီမျှအောင်ဆောင်ရွက်ပေးတဲ့ ဥပေက္ခာအားကောင်းတဲ့အခါမှာ အမှတ်ကလေးတွေက ကောင်းလာတာပဲ။

ဒါဘယ်လိုလုပ်ရမလဲလို့ စောစောကတော့ ဖြစ်တော့မဖြစ်ဘူး၊ အစဉ်အတိုင်း ရှုပြီးသွားလို့ရှိရင် သူ့အချိန်ကတော့ ညီမျှတာလေး ဖြစ်လာတယ်၊ အဲ ညီမျှတဲ့အချိန်လေးမှာ မှတ်ရတယ်၊ ဆွဲတင်လိုက်သလိုကို သူက ကောင်းလာတာ၊ အစက အာရုံတွေဖမ်းလို့မမိဘူး၊ စိတ်တွေက ပြေးချင်တိုင်းပြေးနေတာတွေ ညီမျှတဲ့အချိန်လေးကျတော့ တစ်ခါတည်း မှတ်စရာအာရုံနဲ့ အသိနဲ့ မှတ်စရာအာရုံနဲ့အသိနဲ့၊ တစ်ခါတည်း ကပ်ပြီးတော့ (ကပ်ခနဲ–၂) ကျသွားလိုက်တာ၊ သူ့အရှိန်လေးနဲ့သူ သွားနေလိုက်တာ နာရီစက်ကလေး သွားနေသလို အင်မတန်ဟန်ကျတယ်၊ အဲဒီလို ညီမျှပြီးသွားတဲ့ဟာ ဒါဥပေက္ခာသမ္ဗောဇ္ဈင်တဲ့၊ တစ်ဖက်လိုက်ခြင်း ပယ်ခွင်းတတ်သည်တဲ့။

အဒ္ဓိတ္တ ဘာဝ ပစ္စုပ္ပဋ္ဌာနံ–အလယ်အလတ် သဘောအနေအားဖြင့် ယောဂီပုဂ္ဂိုလ်ဉာဏ်ထဲမှာ ထင်ရှားပါတယ်တဲ့၊ မလွန်မယုတ်ဘဲနဲ့ လွန်လဲမလွန် ယုတ်လဲမယုတ်ဘူး သဒ္ဓါအားဖြင့် ကြည်ညိုမှုတွေ ယုံကြည်မှုတွေ အဲဒါတွေလဲ လွန်ကဲပြီးတော့ မနေဘူးတဲ့၊ ပညာအားဖြင့် စဉ်းစားဆင်ခြင်မှုတွေ ဒါတွေလဲ လွန်ကဲပြီးတော့ မနေဘူး၊ သဒ္ဓါလျှော့ပြီးတော့လဲ မနေဘူး၊ စူးစမ်းဆင်ခြင်မှုတွေလဲ လျှော့ပြီးတော့ မနေဘူး၊ ဝီရိယတွေဟာ လွန်လဲမနေဘူး၊ လျှော့လဲ မနေဘူး၊ အားထုတ်မှု ဝီရိယတွေ သမာဓိ စူးစိုက်တည်ကြည်မှုဟာလဲ လွန်မနေဘူး၊ လျှော့လဲမနေဘူး၊ ညီမျှပြီးတော့နေတယ်၊ အဲဒီလို အလယ်အလတ်သဘောအားဖြင့် ယောဂီပုဂ္ဂိုလ်ဉာဏ်ထဲမှာ ထင်ပါတယ်တဲ့၊ ဒါပစ္စုပ္ပဋ္ဌာန်ခေါ်တယ်၊ ဆိုရမယ်။

အလယ်ဗဟိုမှု ချိန်ကြနေသည်။

အလယ်ဗဟို ချိန်ခွင်လျှာများ အလယ်မှာတည့်မတ်ပြီး နေသလိုပဲတဲ့၊ ဟိုဘက်မလိုက်၊ ဒီဘက်မလိုက် အလယ်ခေါင်ကနေပြီးတော့ ချိန်ခွင်လျှာသဘောအားဖြင့် ညီမျှပြီးတော့ နေပါတယ်တဲ့၊ လယ်ဗဟိုမှ ချိန်ကျနေသည်၊ အဲဒါ ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာထင်တဲ့ အခြင်းအရာပဲ၊ အဲဒါ ပစ္စုပ္ပဋ္ဌာန်ခေါ်တယ်၊ ယောဂီပုဂ္ဂိုလ်မှာ ဒီအမှတ်ကလေး ရောက်လာတော့ တစ်ခါတည်းလျှော့လဲမလျှော့ လွန်လဲမလွန် ဘယ်ဘက်မှမလိုက်ဘဲနဲ့ အမှတ်ကလေးဟာ တစ်ခါတည်း ငြိမ်ပြီးတော့ သွားနေတာ ညီမျှပြီး သွားနေတယ်တဲ့၊ ယောဂီဉာဏ်ထင်ရှားတယ်။

ဘာနဲ့ဥပမာအားဖြင့်တူသလဲဆိုရင် သမပဝတ္တာနံ အဿာနံ သာရထိဝိယ ဒါတဗ္ဗံ၊ သမပဝတ္တာနံ–အညီအမျှပြေးသွား၍နေကုန်သော၊ အဿာနံ–မြင်းတို့အား၊ အဒ္ဓုပဋ္ဌာကာသာရထိဝိယ–လျှစ်လျှူ ရှုနေသော ရထားထိန်းကဲ့သို့၊ ဒဋ္ဌဗ္ဗာ–မှတ်အပ်၏တဲ့၊ ရှေးတုန်းက မြင်းရထားတွေ ၂ ကောင်ဆွဲ မြင်းတွေကို မြန်မာပြည်မှာ တယ်မရှိဘူး၊ ဘုန်းကြီးကတော့ လှည်းနဲ့ပဲ ဥပမာ ပေးထားတယ်၊ နွားနဲ့ လှည်းနဲ့ ဒါကတော့ လူတိုင်း လူတိုင်း မြင်ဖူးတယ်၊ နွားနှစ်ကောင်ကတဲ့လှည်း မြန်မာပြည်မှာ ထင်ရှားတယ်၊ မြင်းနှစ်ကောင်ကပြီး မောင်းတဲ့ရထား နည်းနည်းပါးပါးတော့ ရှိပါတယ်။

ယခုခေတ်ဆိုရင် မြင်းတောင် မမြင်ရတော့ဘူး၊ ဒါ ဥပမာပေးလို့ရှိရင် သဘောပေါက်မှာ မဟုတ်ဘူး၊ အဲဒီထဲကတော့ မြင်းနဲ့ဥပမာပေးတယ်၊ ဘုန်းကြီးက နွားနဲ့ပဲ ဥပမာပေးရတယ်၊ အဲ နွား ၂ ကောင်က အညီအမျှသွားနေတဲ့အခါ လှည်းမောင်းတဲ့ပုဂ္ဂိုလ်က ဘယ်နွားမှလဲ မမောင်းရဘူး၊ ဘယ်နွားမှလဲ မဆွဲရဘူး၊ အသာလေးမှေးလိုက်၊ မှေးလိုက်တဲ့ပုဂ္ဂိုလ်ပါဦးမှဖြစ်မယ်၊ မပါလို့ရှိရင် နွားက တစ်ဖက်က လွန်သွားရင်လဲ သွားမယ်၊ တစ်ကောင်က မသွားဘဲနဲ့နေချင်လဲနေမယ်၊ မဟုတ်ရာတွေလဲ လှည်းသွားချင်သွားမယ်၊ လူကတော့ ပါဦးမှဖြစ်မယ်။

အဲဒီလိုပဲ သမုဒယရပ်တရားတွေ, စိတ်စေတသိက်တရားတွေ ဝိပဿနာရှုပြီးနေတဲ့ တရားတွေ, အညီအမျှဖြစ်ပြီးနေတဲ့ အခါကာလ ဥပေက္ခာသမ္ဗောဇ္ဈင်ဆိုတဲ့တရားလေးက လှည်းမောင်းတဲ့ပုဂ္ဂိုလ်လိုပဲ၊ နွားနှစ်ကောင် ဟိုဘက်လဲမလွန်, ဒီဘက်ကလဲမလွန်၊ ဟိုဘက်ကလဲမလျော့, ဒီဘက်ကလဲမလျော့ဖြစ်ပြီးနေတော့ အညီအမျှဖြစ်ပြီးနေတော့ အသာလေးမှေးပြီးတော့ လိုက်သွားသလိုပဲ။ အဲဒါနဲ့တူပါတယ်တဲ့။

တရားအားထုတ်လို့ အမှတ်ကောင်းတဲ့အခါကျတော့ အဲဒါလေးရောက်လာတယ်၊ ဒါလေး ရောက်ဖို့ရာလဲ ကြိုးစားနေရတာ၊ ဒီဟာလေးရောက်နေလို့ရှိရင်ဖြင့် တစ်ဉာဏ်ပြီးတစ်ဉာဏ်တက်သွားတာပဲ၊ ဒါအဆင်လေးမသင့်တဲ့အခါလဲ ကျသွားတာပဲ ဒါလေး အဆင်သင့်တဲ့အခါ တက်သွားပြန်တာပဲ၊ ဒီလို ဒီလိုနဲ့ တက်သွားလိုက်တာ တစ်ခါတည်း သခ်ါရပေက္ခာကတော့ အကောင်းဆုံးပေါ့၊ အဲဒါတွေ ညီမျှနေတာပဲ၊ အဲဒီကနေပြီး ကောင်းသွားတာ အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ တစ်ခါတည်း တက်သွားတာ တန်းပြီးတော့ ဒါကြောင့်–

နွားစုံကောင်း နှင်မောင်းတူပေသည်။

ရှုတဲ့ပုဂ္ဂိုလ်တွေမှာ နွားစုံကောင်းနေတဲ့ နွားလှည်းများ မောင်းနေရတာနဲ့တူတယ်၊ မောင်းတဲ့ပုဂ္ဂိုလ် ဘာမှ မလုပ်ရဘူး အသာလေး မှေးလိုက်နေရုံပဲ၊ ကိုင်းဆိုရမယ်။

နွားစုံကောင်း နှင်မောင်းတူပေသည်။ (ဆို–၃)။

နွားစုံကောင်း၊ စုံလုံးကောင်းတဲ့ နွားတစ်ကောင်ကောင်ကနေ ညှံ့နေရင်လဲ အဲဒါ မောင်းရတယ်၊ တစ်ကောင်ကောင်က နေပြီးတော့ လွန်သွားနေရင်လဲ အဲဒါ ဆွဲထားရတယ်၊ အဲ–နွားတစ်စုံ နှစ်ကောင်လုံးညီနေရင် ညီပြီးသွားနေရင် နွားမောင်းတဲ့ ပုဂ္ဂိုလ်က ဘာမှ ကြောင့်ကြ မစိုက်ရဘူး၊ မှေးလိုက်နေတယ်၊ အဲဒါလိုပဲ။

အမှတ်ကလေးက အချိုးကျနေတဲ့အခါကျတော့ မယုတ်မလွန်သွားနေတာပဲ၊ ကြောင့်ကြကို မစိုက်ရဘူး၊ သူ့ဟာသူ သွားနေတာပဲ၊ တရိန်တည်းသွားနေပြီးတော့ အဲဒါနဲ့တူပါတယ်၊ နို့ ဒီဥပေက္ခာဆိုတော့ ဥပေက္ခာလဲအမျိုးမျိုးရှိတယ်၊ ဥပေက္ခာ သမ္ဘောဒ္ဓေါင်ပြောတော့ ဥပေက္ခာသရုပ်လဲ ဖော်ဦးမှဖြစ်မှာ၊ ဆယ်မျိုးတောင်ရှိတယ်၊ ဥပေက္ခာက ဥပေက္ခာဆိုတာ ဆယ်မျိုးရှိတယ်တဲ့၊ အဋ္ဌကထာများမှာ ဖွင့်ထားတယ်။

ပိဋ္ဌကတ်သုံးပုံမှာ ဘုရားဟောတဲ့ ဥပေက္ခာတွေဟာ အမျိုးပေါင်း ၁၀–ခုရှိတယ်၊ ဆယ်ခုဆိုတော့ ဒါကလဲ ဆောင်ပုဒ်နဲ့ မှတ်လို့ရမှာ၊ ဆယ်ခုဆိုတော့ ဒီအတိုင်းကတော့ မှတ်ထားလို့ ထပ်မေ့မှာပဲ၊ လွယ်လဲမလွယ်ဘူး၊ ဒါ ဗဟုသုတ အလေ့အလာမရှိတဲ့ပုဂ္ဂိုလ်တွေ ဆယ်ခုမှတ်ဖို့ တော်တော်မလွယ်ပါဘူး၊ ဒီဆယ်ခုလဲ ကျကျနန မှတ်ဖူးတဲ့ပုဂ္ဂိုလ်လဲ အင်မတန်ကိုနည်းပါလိမ့်မယ်၊ စာပေကျမ်းဂန် သင်ကြားထားတဲ့ ပုဂ္ဂိုလ်တွေလဲ စာထဲတော့လဲသိနေတာပေါ့၊ စာကြည့်ရနေတာ၊ အဲဒါလဲပဲ အဲဒါတွေလဲ မှတ်မထားဘူး၊ သူက တော်တော် မှတ်မိခဲတယ်၊ ဒါလေး ဆောင်ပုဒ်ကလေး ပေးထားမှ၊ ဆောင်ပုဒ်ကလေးက ဘုန်းကြီးကတော့ ရေးထားတယ်၊ ဆောင်ပုဒ်ဥပေက္ခာ ဆယ်ခု မှတ်စရာလဲ ကောင်းပါတယ်။

ဒီဥပေက္ခာ ဆယ်ခုကလဲ ဆဋ္ဌင် ဥပေက္ခာ အင်္ဂါ ၆–ပါး၊ အနေအားဖြင့် ဟောထားတဲ့ ဒေသနာမှာ လာတဲ့ ဥပေက္ခာက တစ်မျိုး၊ ဗြဟ္မဝိဟာရ ဥပေက္ခာ မေတ္တာ, ကရုဏာ, မုဒိတာ ဥပေက္ခာလို့ ဗြဟ္မဝိဟာရတရားထဲလဲ လာတဲ့ ဥပေက္ခာတစ်မျိုး၊ ဗောဒ္ဓေါင် ဥပေက္ခာတဲ့၊ ခုဒီဥပေက္ခာပေါ့၊ ဥပေက္ခာလို့ ခေါ်တယ်၊ ဗောဒ္ဓေါင် ဥပေက္ခာကတော့ ဆဋ္ဌင်ဗြဟ္မ ဗောဒ္ဓေါင်ဂ်–ဆောင်ပုဒ်က ဒီလိုစီသွားရမယ်၊ တတြမေ္ဗတ္တတာ ဥပေက္ခာတဲ့၊ ဒီဗောဒ္ဓေါင်ဥပေက္ခာနဲ့ အတူတူပါပဲ၊ တရားကိုယ်က တတြမေ္ဗတ္တတာ ဆိုသည်ကတော့ အဘိဓမ္မာကျမ်းဂန်တွေမှာ ဝေါဟာရကိုး သူက အဘိဓမ္မာကျမ်းဂန်တွေမှာ တတြမေ္ဗတ္တတာလို့ ဟောတယ်။

ဒါက စေတသိက် နာမည်ပဲ သူတော့၊ သူက သုတ္တန် ဒေသနာတော်တွေမှာ အထူးဟောထားတာကတော့ မဟုတ်ဘူး၊ စျာန ဥပေက္ခာတဲ့၊ စျာန်ထဲမှာပါတဲ့ ဥပေက္ခာ၊ ပါရိသုဒ္ဓိ ဥပေက္ခာတဲ့၊ ဒါကလဲစျာန်ထဲပါတာပဲ၊ ဒါပေမယ့် ပါရိသုဒ္ဓိနဲ့ ဟောထားတယ်၊ ပါရိသုဒ္ဓိ ဥပေက္ခာကို ကွဲနေတယ်၊ အဲဒီ ဥပေက္ခာ ၆–ခုရှိတယ်၊ ဒီ ၆–ခုက တစ်မျိုးတည်းပါပဲ၊ တတြမေ္ဗတ္တတာ ခေါ်တဲ့ စေတသိက်အရပါပဲ၊ အဲဒါလေး ခေါင်းစဉ်လေး ရှေးဦးစွာ ဘုန်းကြီးပြောမယ်၊ ဆဋ္ဌင်ဗြဟ္မဗောဒ္ဓေါင်ဂ် ဆဋ္ဌင်ဗြဟ္မ ဒါကတော့ ဆောင်ပုဒ်မရှိဘူး၊ ဒါစာလုံးကြီးကြီးနဲ့ ရေးထားမှဖြစ်မယ်၊ ဒါက ဆောင်ပုဒ်မပါဘူး၊ ဆဋ္ဌင်ဗြဟ္မ ဗောဒ္ဓေါင်ဂ် တတြစျာန်ပါရီ၊ တတြရယ်၊ စျာန်ရယ်၊ ပါရီ၊ ပါရိသုဒ္ဓိဥပေက္ခာလို့ ခေါ်တယ်၊ ကိုင်း–ဆိုရမယ်၊ သူက ရှည်တယ်။

ဆဋ္ဌင်ဗြဟ္မ ဗောဒ္ဓေါင်ဂ် တတြစျာန်ပါရီ။ (ဆို–၃)။

အဲ–ဆဋ္ဌင်ဥပေက္ခာ သူက ကျယ်ဝန်းတယ် နောက်ဆုံးမှ ပြောမှ၊ ဝိပဿနာမှာ သူကလဲ အရေးကြီးပါတယ်၊ သူတို့ နောက်ဆုံးမှ ပြောမှ ဖြစ်မယ်၊ ကားလိုက်ဦးမှ သူ့ပြောနေ ဒ့ီပြင်ဟာတွေ အကုန်လုံး ပြောရမှာ မဟုတ်ဘူး၊ ဆဋ္ဌင်ဗြဟ္မဝိဟာရ ဥပေက္ခာတဲ့၊ ဗြဟ္မာဝိဟာရ ဥပေက္ခာ ဆဋ္ဌင်ဗြဟ္မ ဗြဟ္မဝိဟာရ ဥပေက္ခာဆိုတာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတာ ဒါတွေရနေကြတာပါပဲ၊ သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု လို့ မေတ္တာပို့ကြတယ်။

အဲဒီရှေ့ပုဒ်က မေတ္တာကိုသဗ္ဗေသတ္တာ–အလုံးစုံသော သတ္တဝါတို့သည်၊ အဝေရာ–ရန်ကင်းကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း၊ မေတ္တာပို့တာ အားလုံးသောသတ္တဝါတွေ ဘေးရန်ကင်းကြပါစေတဲ့၊ တစ်ယောက်တည်းလဲ ပို့လို့ရပါတယ်၊ ကိုယ်နဲ့စပ်တဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို အာရုံပြုပြီးတော့ ရန်ကင်းပါစေလို့ အဝေးတွေ ဘယ်တွေရောက်ပြီးနေတဲ့ ပုဂ္ဂိုလ်, သွားနေတဲ့ပုဂ္ဂိုလ်တွေ အာရုံပြုပြီးတော့ သွားလေရာရာမှာ ဘေးကင်းပါစေ၊ ရန်ကင်းပါစေလို့ နှလုံးသွင်းရင်း ဒါမေတ္တာဖြစ်နေတာပဲ၊ မေတ္တာပို့ရစ်ပါဆိုတာ အဲဒါပဲ၊ မေတ္တာပို့နေပါတယ်ဆိုတာ ဒါပဲ။

ဒီလို နှလုံးသွင်းပြီးတော့ နှလုံးသွင်းပြီးနေတဲ့ ပုဂ္ဂိုလ်ဟာ မေတ္တာပို့နေတာပဲ၊ ပါးစပ်က ဆိုရင်လဲဆို မဆိုရင်လဲ စိတ်ထဲက ဒီလိုဆင်ခြင်တာ မေတ္တာပို့နေတာပဲ၊ အဝေရာဟောန္တု၊ (အဗျာပဇ္ဇာ–၂) ဆင်းရဲကင်းကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း၊ သဗ္ဗေသတ္တာ–အလုံးစုံသော သတ္တဝါတို့သည်၊ အဗျာပဇ္ဇ–စိတ်ဆင်းရဲကင်းကြကုန်သည် ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း၊ အားလုံးသတ္တဝါတွေ စိတ်ဆင်းရဲကင်းကြပါစေ၊ နှလုံးမသာ မဖြစ်ကြပါစေနဲ့ ဒါမေတ္တာပို့တာပဲ၊ ကိုယ်နဲ့စပ်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အများဖြစ်စေ၊ ဘဝတစ်ပါးရောက်နေတဲ့ ပုဂ္ဂိုလ်ဖြစ်စေ၊ အဲဒါ အဲဒီပုဂ္ဂိုလ်ကို အာရုံပြုပြီး

တော့ သွားလေရာရာ ရောက်လေရာရာ ဘယ်နေရာမှ စိတ်ဆင်းရဲမရှိပါစေနဲ့၊ ချမ်းချမ်းသာသာ ရှိပါစေလို့ ဒီလိုနှလုံးသွင်းနေတာ၊ ဒါ မေတ္တာပို့နေတာပဲ။

အနီဃာဟောန္တု–သဗ္ဗေသတ္တာ အလုံးစုံသော သတ္တဝါ အပေါင်းတို့သည်၊ အနီဃာ–ကိုယ်ဆင်းရဲ မရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း၊ ကိုယ်ဆင်းရဲ၊ ကိုယ်ထဲမှ ပင်ပန်းမှု, ဆင်းရဲမှု, ရောဂါဝေဒနာဖြစ်မှုတွေ, အနေအထိုင်ခက်မှုတွေ, ကိုယ်ဆင်းရဲတွေ အဲဒီ ကိုယ်ဆင်းရဲ ကင်းကြပါစေလို့ အားလုံးသတ္တဝါတွေအား အာရုံပြုပြီးတော့ မေတ္တာပို့တယ်၊ ကိုယ်နဲ့စပ်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်လဲ အာရုံပြုပြီးတော့ ပို့လို့ရတာပါပဲ၊ မည်သူမည်ဝါဟာ ကိုယ်ဆင်းရဲကင်းပါစေ၊ ဆင်းရဲမရှိပါစေနဲ့ ဆင်းရဲကင်းပါစေလို့ နှလုံးသွင်းဆင်ခြင်၊ နှလုံးသွင်းတိုင်း သွင်းတိုင်း မေတ္တာဖြစ်နေတာပဲ။

သုခိအတ္တာနံ ပရိဟရန္တု–သုခိ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည်ဖြစ်၍၊ အတ္တာနံ–မိမိကိုယ်ကို၊ ပရိဟရန္တု–ဆောင်နိုင်ကြပါ စေကုန်သတည်း၊ ကိုယ်ရောစိတ်ပါချမ်းသာပြီး မိမိကိုယ်ကိုချမ်းသာနဲ့ဆောင်နိုင်ပါစေလို့၊ ခန္ဓာဝန်ကောင်ဆိုတာဟာ သေသေချာချာ စဉ်းစားကြည့်ရင် ဆောင်ရတာ တယ်မသက်သာဘူး၊ ရောဂါဝေဒနာတွေ အမျိုးမျိုးလဲဖြစ်တတ်တယ်၊ ပုံမတော်လို့ရှိရင်ဖြင့် ခလုတ်တိုက်တာကစပြီးတော့ နာတတ်ကျင်တတ်တဲ့ဥစ္စာတွေကို ကိုယ်ကြီးက ဘာမှ ခိုင်ခံ့တဲ့သဘောမရှိဘူး။

အကြောင်းမည်ညှတ်ရင် ဥတုအဆင်မသင့်ရင် နေမကောင်း ထိုင်မကောင်းလဲဖြစ်တာပဲ၊ အစားမှားပြီးနေမကောင်း ထိုင်မကောင်းလဲဖြစ်တာပဲ၊ ခန္ဓာကိုယ်ကြီးဆောင်ရတာ သက်သက်သာသာမဟုတ်ဘူး၊ သေချာ စဉ်းစားပြီးတော့ ကြည့်လို့ရှိရင် မသက်သာဘူး၊ အရွယ်ကြီးလာလေလေ မသက်သာမှန်း သိလေလေပဲ၊ ငယ်သေးရင် သိပ်မသိသေးဘူး၊ အဲဒီလို ဆောင်ရွက်ဖို့ရာ တာဝန်လေးပြီးတော့နေတဲ့ ခန္ဓာ၊ ခန္ဓာဝန် နေ့တိုင်း နေ့တိုင်း အစာရှာပြီး ကျွေးရတယ်၊ နေ့တိုင်းနေ့တိုင်း ကျွေးနေရ, ရေမိုးချိုးပေးရ, နေကောင်းထိုင်ကောင်း ကျန်းမာရှိအောင်လို့လဲ ဆောင်ရွက်ပြီးတော့ နေရတယ်၊ ဒီခန္ဓာကြီး အင်မတန် တာဝန်လေးတဲ့ခန္ဓာကြီး၊ ဒီခန္ဓာကြီးက ဝန်ထုပ်ဝန်ပိုးကြီးများ ထမ်းနေရသလိုပဲ။

ဝန်ထုပ်ဝန်ပိုးကြီး ထမ်းနေရတာများတော့ စဉ်းစားလိုက်ရင် ဒါကတော့ ထင်ရှားတယ်၊ ဆန်အိတ်ကြီးတစ်အိတ် လောက်ကျောပေါ်မှာ ထမ်းထားရသလို ကြောက်စရာကြီး၊ ခေါင်းပေါ်မှာ ရွက်ထားရမယ်ဆိုလဲ ကြောက်စရာကြီး၊ ဒါအင်မတန် ဝန်လေးတယ်၊ အဲဒါလိုပဲ၊ မိမိတို့၏ ခန္ဓာဝန်ဟာ ရလာကတည်းက စပြီးတော့ ခန္ဓာဝန်ကြီးကို ထမ်းဆောင်ပြီး နေကြရတယ်၊ လွယ်လွယ်ကူကူမဟုတ်ဘူး။

ဒါကြောင့်မို့ မိမိတို့ခန္ဓာဝန်ကို ကိုယ်ရောစိတ်ရော ချမ်းသာပြီးတော့ ချမ်းချမ်းသာသာနဲ့ ဆောင်ရွက်နိုင်ကြပါစေ၊ ကိုယ်လဲ ချမ်းသာချင်တယ်၊ သူများတွေ ချမ်းသာကြပါစေလို့ မေတ္တာပို့ရတာပါ၊ အဲဒါက မေတ္တာရှိသေးတာ၊ ဒီမေတ္တာက စပြောမှ နောက်ဥပေက္ခာကပေါ်မှာကိုး။

ဒါကြောင့် မေတ္တာကစပြောတာ၊ ဗြဟ္မဝိဟာရထဲက သူကတစ်ပါး၊ ကရုဏာ၊ ကရုဏာကတော့ ဒုက္ခာမုဉ္စန္တု–မေတ္တာပို့ထဲပါတယ်၊ ဒုက္ခာ–ဆင်းရဲမှု၊ မုဉ္စန္တု–လွတ်ကြပါစေကုန်သတည်း၊ သဗ္ဗေသတ္တာ–အလုံးစုံသောသတ္တဝါတို့သည်၊ ဒုက္ခာ–ဆင်းရဲမှု၊ မုဉ္စန္တု–လွတ်ကြပါစေ ကုန်သတည်း၊ အားလုံးသတ္တဝါတွေဟာ ဆင်းရဲမှု လွတ်ကြပါစေလို့ ဆင်းရဲရောက်နေတဲ့ ပုဂ္ဂိုလ်တွေ အာရုံပြုပြီးတော့ ဆင်းရဲမှုလွတ်ကြပါစေ၊ ဒီလိုနှလုံးသွင်းပြီးတော့ ကရုဏာကတော့ သနားတာ၊ ကရုဏာပိုတယ်လို့တော့ မည်သူမှ မပြောကြဘူး၊ ဒါတော့ သနားတာပဲ။

အဲဒီလို သနားတိုင်းသနားစရာပုဂ္ဂိုလ်တွေ တွေ့တိုင်းတွေ့တိုင်း ဆင်းရဲဒုက္ခကင်းကြပါစေ၊ ဆင်းရဲလွတ်စေချင်တဲ့ စေတနာတွေနဲ့ ပို့တိုင်းပို့တိုင်းကရုဏာတွေဖြစ်တယ်၊ အဲဒါလဲဗြဟ္မာဝိဟာရပါပဲ၊ မုဒိတာတဲ့၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော–အကြင် ရအပ်သော စည်းစိမ်ချမ်းသာမှ ရှုမြဲတိုင်းဖြစ်သော စည်းစိမ်ချမ်းသာမှ၊ မာဝိဂစ္ဆန္တု–မကွာမကင်းကြပါစေကုန်သတည်း။

ရရှိမြဲတိုင်းဖြစ်တဲ့ စည်းစိမ်ချမ်းသာတွေ မကွာမကင်းဘဲနဲ့ရမြဲရနေကြပါစေ၊ ချမ်းသာမြဲချမ်းသာနေကြပါစေ၊ ကြီးပွားမြဲ ကြီးပွားနေကြပါစေလို့ ဒီလိုနှလုံးသွင်းရမှာကိုး၊ ကောင်းတယ် သူ့ဟာ အင်မတန်ကောင်းတဲ့ ဥစ္စာတွေပဲ၊ သူများချမ်းသာနေတာ၊ ကိုယ်က သူ့စီးပွားလေးနဲ့သူ ကြီးပွားမြဲ ကြီးပွားပါစေ၊ ချမ်းသာနေပါစေလို့ နှလုံးသွင်းတာ တော်တော် ကောင်းတယ်၊ ဘာမှစရိတ်လဲမကုန်ဘူး၊ သူ့ဟာ ကုသိုလ်ရတယ်၊ တယ်ဟန်ကျတယ်၊ လောကလူတွေက အဲသလိုဟာ သိပ်မအောက်မေ့နိုင်ဘူး၊ ကိုယ့်ထက်သာရင် မနာလိုဖြစ်ကြတယ်၊ မုဒိတာဖြစ်ဖို့ရာ မုဒိတာမဖြစ်ဘဲနဲ့ မနာလိုတဲ့ ဣဿာရောက်ရောက်သွားတတ်တယ်၊ အရေးကြီးတယ်၊ ဒါ ကိုယ်နဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်တွေ ကိုယ်နဲ့အစတုန်းက တန်းတူဖြစ်နေတယ်၊ သူက တိုးတက်သွားပြီဆိုရင်တယ်ပြီးတော့ မကြိုက်ချင်ကြဘူး ဖြစ်တတ်တယ်၊ ကိုယ့်ထက်သာသွားပြီဆိုရင် မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မတွေ့ချင်ဘူး၊ ကိုယ်က သာချင်နေတာကိုး၊ ဒီလိုစိတ်ကလေးတွေက ရှိတတ်တယ်။

အဲဒီလို စိတ်ကလေးတွေ ပယ်ပြီးတော့ကို သူ့အကြောင်း ကံအားလျော်စွာ သူကြီးပွားပြီးတော့နေတာ ကြီးပွားမြဲ ကြီးပွားနေကြပါစေ၊ ချမ်းသာမြဲ ချမ်းသာနေကြပါစေ၊ ဒီလို နှလုံးသွင်းတာ မုဒိတာခေါ်တယ်၊ အင်မတန် ကောင်းတယ်၊ မုဒိတာအားကြီးတဲ့ပုဂ္ဂိုလ်ဟာ လောကတွင်လဲ ကြီးပွားတယ်၊ သံသရာမှာလဲကြီးပွားတယ်၊ အနှောက်အယှက် ဘေးအန္တရာယ် မရှိဘူး၊ အင်မတန်ကောင်းတယ်၊ သူက မုဒိတာခေါ်တယ်၊ အဲ မေတ္တာ, ကရုဏာ, မုဒိတာ ပြီးတော့ အဆုံးက ဥပေက္ခာလို့ခေါ်တယ်၊ ဥပေက္ခာကတော့ သဗ္ဗေသတ္တာ ကမ္မသကာ၊ သဗ္ဗေသတ္တာ–အလုံးစုံသော သတ္တဝါအပေါင်းတို့သည်၊ ကမ္မသကာ–ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏၊ ကံအတိုင်းပဲ, ကံတရားအတိုင်းပဲ၊ သူကံကောင်းရင်လဲ သူချမ်းသာမှာပဲ၊ သူကံမကောင်းရင်လဲ သူဆင်းရဲမှာပဲ၊ မတတ်နိုင်ဘူးဆိုပြီးတော့ ဒီလိုနှလုံးသွင်းရတာကိုး။

ဒါကလဲ စစခြင်း နှလုံးသွင်းရတာ မဟုတ်ဘူး၊ စစခြင်းဆိုရင် ဥပေက္ခာက အလွယ်ဆုံးဖြစ်နေတယ်၊ အဲဒါ ဏာက အနေနဲ့ ကြည့်မယ်ဆို ဒီပုဂ္ဂိုလ်ကတော့ သူများကို ဘာမှမင့်တဲ့ ပုဂ္ဂိုလ်ပဲဆိုပြီး အပြစ်တင်စရာရှိလာတယ်၊ ဒါက စစခြင်း လုပ်ရတာမဟုတ်ဘူး၊ ဗျာန်ထဲမှာဆိုရင် မေတ္တာနဲ့ပွားများ၊ မေတ္တာနဲ့ပွားများပြီးတော့ မေတ္တာစျာန်တွေရတယ်၊ ကရုဏာနဲ့ပွားပြီး ကရုဏာစျာန်တွေရတယ်၊ မုဒိတာနဲ့ပွားများပြီး မုဒိတာစျာန်တွေရတယ်၊ မေတ္တာ, ကရုဏာ, မုဒိတာ ဒီ ၃–ပါး ပြည့်စုံသွားပြီးတဲ့နောက် တစ်ဆင့်တက်ချင်တဲ့အခါကျတော့ ဥပေက္ခာနဲ့ လုပ်ရတယ်။

အဲဒါ နောက်တစ်ဆင့်တက်ချင်ရင် ဥပေက္ခာနဲ့ ပွားမှ ရတော့တယ်၊ မေတ္တာကရုဏာနဲ့ တက်လို့တော့မရဘူး၊ ဒါကြောင့်မို့ အဲဒီကျတော့ သဗ္ဗေသတ္တာ ကမ္မသကာနဲ့ပဲ တက်ရတယ်၊ ကံအတိုင်းပဲဆိုပြီး နှလုံးသွင်းရတယ်၊ အဲ မေတ္တာက သတ္တဝါတွေ ချမ်းသာပါစေဆိုတာလဲ သတ္တဝါတွေအတွက် ကြောင့်ကြစိုက်နေရတယ်၊ တယ်မငြိမ်သက်ဘူး၊ ကရုဏာက သတ္တဝါတွေ သနားနေတာနဲ့ သူကလဲ မငြိမ်သက်ဘူး၊ မုဒိတာက သတ္တဝါတွေ ချမ်းသာနေတာအာရုံပြုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေတာလဲ သူကလဲ သိပ်ပြီးတော့ မငြိမ်းဘူး၊ ကောင်းတော့ကောင်းတာပဲ၊ ဥပေက္ခာကတော့ သူ့ကံနဲ့သူ၊ သူ့အကြောင်းနဲ့ သူ ဖြစ်နေတာပဲဆိုပြီး ငြိမ်ငြိမ်သက်သက်သဘော သိမ်မွေ့နေတယ်။

အဲဒါကြောင့် အဲဒီ သိမ်မွေ့တဲ့သဘောကလေးနဲ့ နှလုံးသွင်းလိုက်မှ စျာန်အဆင့်အတန်း တက်သွားတယ်၊ ဒါက ဥပေက္ခာဗြဟ္မဝိဟာရလို့ ခေါ်တယ်၊ အဲဒါ ဥပေက္ခာဗြဟ္မဝိဟာရ၊ ဥပေက္ခာဆယ်မျိုးထဲက တစ်မျိုးပဲတဲ့၊ ဆဋ္ဌင်ဗြဟ္မ ဝိဟာရဥပေက္ခာ အားလုံးသော သတ္တဝါတွေ ကံတရားအတိုင်းပဲ နှလုံးသွင်းရတယ်၊ ဒါပဲ နှလုံးသွင်းရတယ်၊ ဒါက မဖြစ်လှတဲ့ခါ ဒီလိုနှလုံးသွင်းရတယ်၊ ကိုယ်ကတတ်နိုင်ရင်တော့ ချမ်းသာအောင် ဆောင်ရွက်နိုင်ရင်တော့ ချမ်းသာအောင် ဆောင်ရွက်ပေးရတယ်၊ ဆင်းရဲဒုက္ခ ရောက်နေတဲ့ပုဂ္ဂိုလ်တွေ ဆင်းရဲကထွက်မြောက်အောင် ဆောင်ရွက်ပေးနိုင်ရင်လဲ ဆောင်ရွက်ပေးရတယ်၊ သူတစ်ပါးတွေ ကြီးပွားချမ်းသာတာတွေ အာရုံပြုပြီးသကာလ မုဒိတာနဲ့လဲ နှလုံးသွင်းရတယ်။

ဒါပေမယ်လို့ ကိုယ်လဲဘာမှမတတ်နိုင်ဘူးဆိုတဲ့ ကိစ္စတစ်ခုကျတော့ ကမ္မသကာပဲ နှလုံးသွင်းရတယ်၊ ဒါမှ သက်သာတော့တယ်၊ နို့မို့ဖြင့် ဆင်းရဲနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ဆင်းရဲကလွတ်စေချင်တဲ့စိတ်ကြောင့် ကိုယ်ကလဲ လွတ်အောင်လို့ မတတ်နိုင်ဘူး၊ ဆင်းရဲနေတာတွေ တွေ့တိုင်းတွေ့တိုင်း နှလုံးမသာယာမှုတွေ ဖြစ်လာတတ်တယ်၊ အစကတော့ ကရုဏာပဲ၊ တော်တော်ကြာ ဘာဖြစ်လာတုံးဆိုတော့ ဒေါမနဿ ရောက်လာတယ်၊ နှလုံးမသာမှု ရောက်လာတယ်၊ စိတ်ပင်ပန်းမှုတွေ ရောက်လာတယ်၊ အဲဒီအရောက်ခံလို့ မဖြစ်ဘူး။

အဲဒီတော့ မရောက်ရအောင် ဘာလုပ်ရတုံးဆိုရင် ကမ္မသကာပဲ၊ သူ့ကံနဲ့သူပဲ၊ သူ့အကြောင်းနဲ့သူပဲလို့ နှလုံးသွင်းလိုက်ရတယ်၊ အဲဒီမှာ နည်းနည်း သက်သာရာ ရသွားတယ်၊ ဒါ သူများအတွက်နဲ့ စပ်ပြီးတော့ ကိုယ်လဲ ဘာမှမတတ်ဘဲနဲ့ ကြားထဲကနေပြီး စိတ်ဆင်းရဲနေရင် အဲဒီဥပေက္ခာဟာ တော်တော်အသုံးကျတယ်၊ ဥပေက္ခာ နှလုံးသွင်းရတယ်၊ ကောင်းတယ်၊ လောကနဲ့စပ်ပြီးတော့ နှလုံးသွင်းရတယ်၊ ကိုယ်တတ်နိုင်သလောက်တော့ ကောင်းအောင်လို့တော့ ဆောင်ရွက်ရတာပဲ၊ မတတ်နိုင်ဘူးဆိုတဲ့ တစ်နေ့ကျတော့ သက်သက်မဲ့ စိတ်ဆင်းရဲခံလို့ မဖြစ်ဘူး၊ ဥပေက္ခာပဲ နှလုံးသွင်းလိုက်ရတာပဲ၊ မတတ်နိုင်ဘူး။

အဲဒီတော့ အဲဒါ ဗြဟ္မဝိဟာရဥပေက္ခာတဲ့၊ ဥပေက္ခာ ဆယ်မျိုးထဲက တစ်မျိုးပေါ့လေ၊ ဆဋ္ဌင်ဗြဟ္မဗောဒ္ဓေါင်က ဗောဒ္ဓေါ်ပါပဲ၊ ဥဒယဗ္ဗယဉာဏ်ကနေပြီး အညီအမျှဖြစ်နေတဲ့ သဘောကလေး၊ ဗေဒ္ဓာဒ္ဓေါင်ဥဟေ ဒါကတော့ နားလည်ပြီး ဆဋ္ဌင်ဗြဟ္မဗောဒ္ဓေါ် တတြ မဒ္ဓေတ္တာတာတဲ့၊ တတြမဒ္ဓေတ္တာတာဆိုတာလဲပဲ ဒီဗောဒ္ဓေါင်နှင့် အတူတူပဲ၊ ကုသိုလ်စိတ် ဖြစ်တိုင်း ဖြစ်တိုင်းမှာပါတယ်၊ သမ္ပယုတ္တတရားတွေ မယုတ်မလွန် ညီမျှစေတဲ့ သဘောလေးပဲတဲ့၊ တတြမဒ္ဓေတ္တာတာ ဆဋ္ဌင်ဗြဟ္မဗောဒ္ဓေါင်က တတြစျာန်ပါရိစျာန် ဥပေက္ခာစျာန် ဥပေက္ခာတစ်မျိုး၊ ဒါ တတိယစျာန်မှာရှိတယ်၊ ပထမစျာန်မှာ စျာန်အင်္ဂါ ၅–ပါးရှိတယ်၊ ဝိတက်, ဝိစာရ, ပီတိ, သုခ၊ ဧကဂ္ဂတာ ၅–ခုရှိတယ်။

ဒုတိယစျာန်ကျတော့ သုတ္တန်နည်းတွေမှာ စျာန်က ၃–ခုပဲ ခွဲတယ်၊ ၅–ခု မခွဲဘူး၊ အဘိမ္မတ္တသင်္ဂဟကျမ်းတို့မှာတော့ ၅–ခုခွဲတယ်၊ သုတ္တန်နည်းတွေကတော့ ၃–ခုပဲ ခွဲတယ်၊ ဝိတက် ဝိစာရ မပါဘူး၊ ဒုတိယစျာန်ကျရင် ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၃–ပါး၊ တတိယစျာန်ကတော့ ပီတိမပါဘူး၊ သုခ, ဧကဂ္ဂတာစျာန် အင်္ဂါ ၂–ပါး၊ အဲဒီ သုခနဲ့ ဧကဂ္ဂတာစျာန်အင်္ဂါ

၂–ပါးနဲ့ ဖြစ်တဲ့အခါမှာ သုခက အင်မတန် ကောင်းတယ်တဲ့၊ ချမ်းသာတယ်။ အင်မတန်ကို ချမ်းသာတယ်တဲ့၊ ပီတိနဲ့ ဖြစ်တုန်းကလဲပဲ နှစ်သက်ဝမ်းမြောက်ပြီးတော့ သုခနဲ့ ချမ်းသာနေတာပါပဲ။

ဒါပေမယ်လို့ ပီတိနဲ့ရောနေလို့ သုခဟာ အရသာ ပေါ်သင့်သလောက် မပေါ်ဘူး၊ တတိယစျာန်ကျတော့ ပီတိနဲ့ကွဲ သွားတဲ့အခါမှာ သုခသက်သက်ဖြစ်တာ၊ အင်မတန် ကောင်းတယ်တဲ့၊ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ တစ်ခါတစ်ခါ ပြောတယ်၊ သူတို့ သုခတွေ တစ်ခါတစ်ခါ ဖြစ်နေတာဘယ်လိုကောင်းမှန်း မသိဘူး၊ ကောင်းမှန်းမသိ ကောင်းနေတာ၊ သူ့ဟာ ပီတိနဲ့လဲမရောဘူး၊ ပီတိနဲ့ရောပြီး ဝမ်းမြောက်နေတာ တက်ကြွနေတာ ဒီလိုလဲမဟုတ်ဘူး၊ သူ့ဟာ ကောင်းနေတာ၊ ထိုင်နေလဲ ကောင်း၊ ထနေလဲကောင်း၊ လမ်းလျှောက်နေလဲကောင်း၊ ဘယ်လို ကောင်းမှန်း မသိဘူး၊ ကောင်းပုံကောင်းနည်းကို ပြောလို့ မဖြစ်အောင် ကောင်းနေတာရှိတယ်၊ ဒါ ချမ်းသာနေတာ၊ အဲဒါ သုခတွေဖြစ်နေတာ၊ အဲဒီသုခတွေ မမှတ်နိုင်ရင်တော့ ဥဏ္ဏ် မတက်ဘူးပေါ့၊ အဲဒါ ရှုရမှတ်ရတယ်၊ အဲဒါ တတိယစျာန်က သုခမျိုး၊ အဲဒီသုခမျိုးနဲ့တွေ့ပင် တွေ့ငြားသော်လည်း ဒီဥပေက္ခာ ကလဲ အဲဒီမှာ ကောင်းနေတယ်၊ ဥပေက္ခာ မကောင်းလို့ရှိရင် ဒီစျာန်က မတည်နိုင်ဘူး။

ဒါကြောင့် ပီတိယာစ ဝိရာဂါ ဥပေက္ခာကောစ ဝိဟာရတိ၊ သိတောသမ္မဇာနော ယန္တံ အာရိယာအစိက္ခံတိဥပေက္ခကော သတိမာ သုခ ဝိဟာရတိ၊ တတိယစျာန ဥပသမ္မဇ္ဇ ဝိဟာရတိ–ဒီဒေသနာမှာ ဒီလိုဟောတာကိုး။

ပီတိယာစ–နှစ်သိမ့်ဝမ်းမြောက်ခြင်း ပီတိ၏လည်း၊ ဝိရာဂါ–ကင်းခြင်းကြောင့်၊ ဥပေက္ခကောစ–အညီအမျှ ရှုသည် ဖြစ်၍လည်း၊ ဝိဟရတိ–နေ၏။ သတော–အမှတ်ရသည်ဖြစ်၍။ သမ္မဇာနော–သိသည်ဖြစ်၍၊ ဝိဟရတိ–နေ၏၊ ယန္တံ– အကြင်ပုဂ္ဂိုလ်ကို၊ အရိယာ–အရိယာသူမြတ် တို့သည်၊ ဥက္ခေကော–လျစ်လျူရှုနိုင်ပါပေသည်ဟူ၍၊ သတိမာ–သတိထင်နိုင်ပါ ပေဟူ၍၊ သမ္မဇာနော–သိနိုင်ပါပေသည်ဟူ၍၊ အာစိက္ခတိ–ချီးမွမ်း ပြောကြားကြလေ ကုန်၏၊ တတိယစျာနံ–ထိုကဲ့သို့သော တတိယစျာန်ကို၊ ဥသမ္မဇ္ဇ–ကပ်ရောက်၍၊ ဝိဟရတိ–နေ၏၊ စျာန်အစဉ် အတိုင်းတက်သွားတာ၊ အဲဒီစျာန်တွေ ရောက်သွားတာ ကိုး။

အဲဒီစျာန် ရောက်တဲ့အခါမှာ သုခ ချမ်းသာက သိပ်ကောင်းတယ်တဲ့၊ သိပ်သိမ်မွေ့တယ်၊ တစ်ကိုယ်လုံး တစ်ခါတည်း ဘယ်လိုချမ်းသာနေမှန်းမသိဘူးတဲ့၊ ယောဂီပုဂ္ဂိုလ်တွေ, တစ်ချို့ ပုဂ္ဂိုလ်တွေ ပြောတတ်ပါတယ်၊ (ပုဂ္ဂိုလ်တိုင်း–၂)တော့ မဟုတ် ဘူး၊ တော်တော်ကို ပြောတယ်၊ အဲဒါတွေဖြစ်နေရင် ဘယ်လိုကောင်းနေမှန်း မသိဘူးတဲ့၊ ဘာဖြစ်နေတယ်လို့ကို မပြောတတ် ဘူးတဲ့။ ကောင်းနေတာ၊ သိပ်ကောင်းနေတာ၊ အဲဒီသုခတွေဖြစ်နေတာ၊ အတွေ့အထိတွေရော ဘာတွေရော နေတကာကနေဖြစ် နေတာ ကောင်းနေတာ အဲဒါ သုခတွေ ဖြစ်နေတာ။

အဲဒီ သုခတွေ ဖြစ်နေပေမယ်လို့ ဥပေက္ခာကလေးကလဲ ထင်နေတယ်တဲ့၊ လျစ်လျူရှုပြီးနေတယ်၊ ဥပေက္ခာကလေး၊ ဒီသုခတွေ ကောင်းနေပေမယ်လို့ ကောင်းတာလေးကို သာယာလိုက်တာ ကောင်းလိုက်တာ ဆိုပြီးတော့ စိတ်ထဲက နှစ်သက်မှု, သာယာမှုတွေ နောက်ကလိုက်နေတာကိုး၊ သတိလေးကလဲ ထင်နေတယ်တဲ့၊ သိလဲသိနေတယ်၊ ယောဂီပုဂ္ဂိုလ်တွေလဲ ဒီအတိုင်း ပဲ ဥပေက္ခာ သုခတွေဖြစ်နေတဲ့အခါ အမှတ်ကလေးက ကောင်းပြီးနေတော့ သတိနဲ့လျစ်လျူရှုပြီးတော့ သွားနေတာ၊ ကောင်းနေ တာပဲ၊ သူက မပျက်ဘူး၊ နို့မို့၊ သာယာမှုတွေ ရောက်သွားရင် ပျက်ကျသွားတယ်၊ လျှောကျသွားတယ် ဒီနေရာကနေပြီးတော့ ဘယ်....သူက အလှုပ်မခံဘူး။

အဲဒါကြောင့် အဲဒီလို သုခနဲ့ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်၊ ဥပေက္ခာနဲ့လျစ်လျူရှုပြီးနေတဲ့ပုဂ္ဂိုလ်ကို အရိယာ ဃာရှ သူတော် ကောင်းတွေက ချီးကျူးကြပါတယ်တဲ့၊ ဒီလောက်ကောင်းတဲ့ ချမ်းသာကို တစ်ခါတည်း မသာယာဘဲ၊ မတပ်မက်ဘဲ မစွဲလန်းဘဲနဲ့ သတိကလေးနဲ့သတိရပြီး သိပြီးတော့ လျစ်လျူရှုပြီးတော့ နေနိုင်ပါပေတယ်၊ တော်လဲတော်ပါပေတယ်ဆိုပြီး တော့ ချီးကျူးကြတယ်၊ ဒါ ကိုယ်တိုင်တွေ့ဖူးမှ ပိုပြီးကောင်းတယ်၊ ဝိပဿနာကလဲ ရှိပါတယ်၊ စျာန်ရယ်လို့ ပြောလို့မဖြစ်ပေ မယ့် စျာန်နဲ့တူနေတယ်၊ တစ်ချို့ ပုဂ္ဂိုလ်မှာ တွေ့တယ်။

အဲဒီ သုခကောင်းနေတဲ့ဟာလေး မသာယာဘဲနဲ့ အမှတ်ကလေးထင်ပြီးတော့ သွားနေတာရှိတယ်၊ အဲဒီလိုအခါကာလ မှာ အင်မတန် ကောင်းတဲ့သုခကိုလည်း စွဲလမ်းခြင်း, မက်မောခြင်း, သာယာတွယ်တာခြင်း မရှိဘဲနဲ့ လျစ်လျူရှုပြီးတော့ မှတ်မြဲတိုင်းမှတ်သွားနိုင်တဲ့ သဘောလေးဟာ စျာနုပက္ခာခေါ်တယ်၊ အဲဒါ စျာနုပက္ခာလေး၊ ဒါ ဝိပဿနာထဲမှာလဲ ဟောပြီး တော့ပါနေတယ်၊ စျာနုပက္ခာလေး၊ (ပါရိသုဒ္ဓိ–၂) ဥပေက္ခကတော့ စတုတ္ထစျာန်ထဲကပဲ၊ အလုံးစုံသော စိတ်အညစ်အကြေးတွေ ကင်းပြီးနေတဲ့အတွက်ကြောင့် သူကလဲ လျစ်လျူရှုတာ တစ်မျိုးပဲတဲ့၊ အဲဒါ စတုတ္ထစျာန်မှာရှိတယ်။

အဲဒီ ဥပေက္ခာတွေ ဘယ်နှစ်မျိုးရသွားမလဲ၊ ဗြဟ္မဝိဟာရ ဥပေက္ခာဗောဇ္ဈင် ဥပေက္ခာ၊ တတြမဇ္ဈတ္တတာ ဥပေက္ခာ စျာန ဥပေက္ခာ၊ ပါရိသုဒ္ဓိဥပေက္ခာ၊ ပါရိသုဒ္ဓိ–ထက်ဝန်းကျင် စင်ကြယ်တာ၊ ဥပေက္ခာ သတိ–ပါရိသုဒ္ဓိ သတိ၏ ထက်ဝန်းကျင်

စင်ကြယ်ခြင်းကြောင့်ဖြစ်တဲ့ ဥပေက္ခာပဲတဲ့၊ သတိကောင်းလွန်းလို့ လျစ်လျူရှုမှုကလေး အညီအမျှရှုမှုကလေးဟာ အထူးသဖြင့် သန့်ရှင်းစင်ကြယ်ပြီးသကာလ နေပါတယ်တဲ့။

အဲဒါလေးက စတုတ္ထစျာန်မှာရှိတယ်၊ ယောဂီ ပုဂ္ဂိုလ်တွေမှာတော့ ပြောခဲ့တဲ့ သုခမပါဘဲနဲ့ အမှတ်ကလေး ကောင်းနေတာရှိတယ်၊ လျစ်လျူရှုပြီးနေတယ်၊ အထူးအားဖြင့် သခ်ါရုပက္ခာဉာဏ်မှာရှိတယ်၊ ခုနကလို သုခတွေမပါတော့ဘူး၊ခုနကတော့ သုခတွေနဲ့ကောင်း နေတာကိုး၊ ဟိုကကောင်း၊ ဒီကကောင်း တစ်ခါတည်း အင်မတန်ကိုကောင်းနေတာ၊ ခုတော့ ဒီလိုကောင်းတာမပါဘူး၊ အဲဒီလို ကောင်းတာမပါဘဲနဲ့ သိမ်သိမ်မွေ့မွေ့ကလေးဖြစ်ပြီးတော့ အရှုအမှတ်သတိကလေးကောင်းပြီးတော့ အသိကလေးချည်းကောင်းနေတာ ဒါကတော့ အဲဒီဟာ အထက်ပိုင်း ဉာဏ်တွေမှာ ရှိပါတယ်၊ အထူးအားဖြင့် သခ်ါရုပေက္ခာဉာဏ်မှာရှိတယ်၊ ဒါလေးဖြစ်ပြီးတော့နေတယ်၊ ဒီက ၅–ခုပေါ့လေ၊ နောက်တစ်ခုက ဆဋ္ဌဂုံပေက္ခာ ၆–ခုရှိတယ်၊ အဲဒီ ၆–ခု၊ ဒါလေး ဆိုကြဦးစို့၊ သူက ၆–ခုရှိတယ်။

ဆဋ္ဌင်ဗြဟ္မ ဗောဒ္ဓိ် တတြစျာန်ပါရီ။

ဆဋ္ဌဂုံဥပေက္ခာ–ဒါက တစ်မျိုး၊ မပြောရသေးဘူး၊ တော်တော်ကြာမှ ပြောရမယ်၊ ဗြဟ္မဝိဟာရဥပေက္ခာ ဗောဒ္ဓေါင်ကဥပေက္ခာကိုး။

တတြမဇ္ဈတ္တတာ ဒါလေးက ဆိုရမယ်၊ ဒါကတော့ ခေါင်းစဉ်ကလေးတွေ တိုတိုလုပ်ရတာကိုး၊ အရှည်တွေ လျှောက်ဆိုလို့ရှိ ရင်လဲ ပုဒ်တွေများကုန်မယ်၊ တတြမဇ္ဈတ္တတာ ဥပေက္ခာကတစ်မျိုး၊ တတြမဇ္ဈတ္တတာ သူက စေတသိက်နာမည်ပဲ၊ စျာနဥပေက္ခာ သူက တစ်မျိုး၊ ပါရီက ပါရိသုဒ္ဓိဥပေက္ခာ သူကလဲ နည်းနည်းရှည်တယ်၊ ပါရိသုဒ္ဓိဥပေက္ခာတဲ့၊ သူက အဲဒါ ၆–ခုရှိတယ်၊ အဲဒီ ၆–ခုထဲမှာ ယခု ဆဋ္ဌဂုံဥပေက္ခာပြောမယ်၊ ဆဋ္ဌဂုံဥပေက္ခာက သူက တော်တော် ကျယ်ဝန်းတယ်၊ ဈာသနာနဲ့လဲဆိုင်တယ်၊ ယောဂီပုဂ္ဂိုလ်တွေနဲ့လဲ ဆိုင်တယ်။

ကထဉ္စ ဘိက္ခဝေ ဘိက္ခု ဆဋ္ဌင်သမ္ဘန္နာဂတော ဟောတိ။

ဘိက္ခဝေ–ရဟန်းတို့၊ ကထဉ္စ–ဘယ်ပုံဘယ်နည်းဖြင့်၊ ဘိက္ခု–ရဟန်းသည်၊ ဆဋ္ဌင်သမ္ဘန္နာဂတော–ဖေါ်းသော အင်္ဂါနှင့် ပြည့်စုံသည်၊ ဟောတိ–ဖြစ်ပါသနည်း၊ အင်္ဂါ ၆–ပါးနဲ့ ပြည့်စုံရမယ်၊ အင်္ဂါ ၆–ပါးနှင့် ဘယ်လိုပြည့်စုံရမလဲလို့၊ အင်္ဂါ ၆–ပါးရှိတယ်၊ ပြည့်စုံပုံ ဆဋ္ဌင်္ဂက ဥပေက္ခာနဲ့ ပြည့်စုံပုံ။

ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာနေဝ သုမနော ဟောတိ၊ နေဝ ဒုမ္မနော ဥပေက္ခာကာ ဝိဟရတိ သတော သမ္မဇာနော။

ဘိက္ခဝေ–ရဟန်းတို့၊ ဣဓ–ဤသာသနာတော်၌၊ ဘိက္ခု–ရဟန်းသည်၊ စက္ခုနာ–မျက်စိဖြင့်၊ ရူပံ–အဆင်းကို၊ ဒိသွာ–မြင်ပြီး၍၊ မြင်ပြီးလတ်သော်၊ နေဝ သုမနော ဟောတိ–ဝမ်းမြောက်ဝမ်းသာလည်းမဖြစ်။

မျက်စိဖြင့်အဆင်းမြင်ပြီးတဲ့အခါ ကိုယ်မြင်ချင်တာတွေမြင်ရလို့ လှလှပပ တင့်တင့်တယ်တယ် တွေမြင်ရလို့လဲ ဝမ်းမြောက်ဝမ်းသာ မဖြစ်ရဘူးတဲ့၊ လောကလူတွေကတော့ ကိုယ်မြင်ချင်တာတွေ မြင်နေရရင် ဝမ်းသာနေတာပဲ၊ တမင်တကာ အကောင်းတွေမြင်ရအောင်လဲ လိုက်ရှာကြတယ်၊ မြင်လို့ရှိရင် ကြည့်ရလို့ရှိရင် သူက သဘောလဲကျတယ်။

နေဝ သုမနောဟောတိ–ဝမ်းမြောက် ဝမ်းသာလဲမဖြစ်၊ န ဒုမ္မနော–ဟောတိ–နှလုံးမသာယာခြင်းသည်လည်း မဖြစ်၊ မကောင်းတာတွေ မြင်ရလို့လဲ နှလုံးမသာခြင်းမဖြစ်ပါဘူးတဲ့၊ နှလုံးမသာခြင်း၊ စိတ်ပျက်ခြင်း၊ စိတ်ဆိုးခြင်း၊ ဝမ်းနည်းခြင်း၊ ကြောက်ခြင်း၊ လန့်ခြင်း၊ ရွံ့ခြင်း၊ အဲဒါတွေလဲ မဖြစ်ဘူးတဲ့၊ ဘာဖြစ်နေတုန်းဆိုတော့ ဥပေက္ခကောဝိဟရတိ–၊ ဥပက္ခကော–အညီအမျှလျစ်လျူရှုလျက်၊ ဝိဟရတိ–နေ၏တဲ့၊ မချစ်မမုန်းပေါ့လေ၊ ဝမ်းသာဝမ်းနည်းခြင်းလဲ မရှိ၊ မချစ်မမုန်းဘဲနဲ့ အညီအမျှပဲတဲ့။

ဒီအာရုံနဲ့စပ်ပြီး ဘာမျှမဖြစ်သိရုံတစ်ဘူး၊ လေးပဲတဲ့၊ ဘာကြောင့်တုန်းဆိုရင် ထဘောသမ္ဘဇာနော၊ သဘော–အမှတ်ရသည်ဖြစ်၍၊ သမ္ဘဇာနော–သိသည်ဖြစ်၍၊ ဝိဟရတိ–နေ၏တဲ့၊ အမှတ်ရပြီးတော့ သိနေပါ၏လို့ပါပဲ၊ မျက်စိဖြင့် မြင်ခိုက်မှာ ထင်ရှားရှိတဲ့ တရားလေးအမှတ်ရတယ်၊ အမှတ်ပြီးတော့ မြင်ပြီး ပျောက်သွားတာလေးသိတယ်၊ ဒါပဲသိတာကိုး၊ (ပေါ်ပြီးရင်း ပျောက်သွားရင်း–၂) ဒါလေးအမှတ်ရပြီး သိနေရုံကလေးပဲ သိလိုက်နေတယ်၊ အဲဒီ အာရုံကလေးကောင်းလို့လဲပဲ ကောင်းတာလေး မြင်ရလို့လဲ ဝမ်းသာခြင်း မဖြစ်ဘူးတဲ့၊ မကောင်းတာ မြင်ရလို့လဲ စိတ်ပျက် နှလုံးမသာခြင်း မဖြစ်ဘူး၊ အရေးကြီးတယ်၊ ဒါကတော့ လူတွေအနေအားဖြင့်တော့ ကောင်းတာမြင်ရင် ဝမ်းသာရမှာပဲ။

ဒါသာယာရမှာ သဘောကျရမှာပဲ၊ မကောင်းတာ မြင်လဲ စိတ်ညစ်နှလုံးမသာရမှာပဲ၊ အဲဒါတွေ မဖြစ်ဘဲနဲ့ နေတာကိုး၊ ဒါသေသေချာချာပြည့်စုံတာကတော့ ဘယ်သူ ပြည့်စုံလဲဆိုတော့ ရဟန္တာမှပဲ ပြည့်စုံတယ်၊ ရဟန္တာမှာ (မြင်တိုင်း–၂) ဘယ်လို ကောင်းတဲ့ အာရုံတွေ မြင်ရလို့လဲ ဘာမှမဖြစ်ဘူး၊ သူက မကောင်းတဲ့ အာရုံတွေ မြင်ရလို့လဲ ဘာမှမဖြစ်ဘူး၊ မြင်ရုံပဲရှိတယ်၊ မြင်ရုံမျှပဲ ရှိတယ်၊ မြင်ရုံမျှ, သိရုံမျှပဲရှိတယ်။

အဲဒါလိုပဲ ယခုတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်မှာလဲပဲ ဒီအဆင့်အတန်းအရောက်ရမှာကို ဆဋ္ဌဂ်ဥပေက္ခာခေါ်တယ်၊ မြင်ရာကနေပြီးတော့ ဥပေက္ခာလေး ဖြစ်ရမယ်တဲ့၊ မချစ်မမုန်း, ဝမ်းသာ ဝမ်းနည်းမရှိ, ကောင်းတယ်ဆိုးတယ်လို့လဲမရှိ၊ ကောင်းတယ်လို့လဲ မထင်, ဆိုးတယ်လို့လဲ မထင်၊ သဘောတရားမျှကလေး, အဖြစ်အပျက်ကလေး သိပြီး သက်သာနေရမယ်တဲ့၊ ကိုင်း–ဒါလေးကတော့ ဆောင်ပုဒ်ဆိုရမယ်။

အဆင်းမြင်ရာ ရှုမှတ်ပါ၊ မှန်စွာသိပါစေ။ (ဆို–၃)

စက္ခုနှာရှုပ်၊ ဒိသွာကို စက္ခုနှာ–မျက်စိဖြင့်၊ ရှုပ်–အဆင်းကို၊ ဒိသွာ–မြင်ရ၍၊ အဆင်းမြင်ရာ ရှုမှတ်ခါ မှန်စွာသိပါစေ ဆိုတာကတော့–သတောသမ္ဘဏနော သညိတော–အမှတ်ရသည်ဖြစ်၍၊ သမ္ဘဏနော–သိသည်ဖြစ်၍၊ ရှုမှတ်ပြီးတော့၊ သဘော–အမှတ်ရမယ်၊ ရှုရမယ်၊ သမ္ဘဏနော–သိရမယ်တဲ့၊ ဒါကို ဆိုလိုပါတယ်၊ အဆင်းမြင်ရာ ရှုမှတ်ကာ မှန်စွာသိပါစေ၊ ဝမ်းသာ မဖက် စိတ်မပျက်၊ ရှုလျက်လျစ်လျူနေ–ဝမ်းမသာရဘူးတဲ့။

ဝမ်းသာခြင်း မဖြစ်စေရဘူး၊ မကောင်းလို့လဲ စိတ်ပျက်ခြင်း, နှလုံးမသာယာခြင်း မဖြစ်စေရဘူး၊ ဘာဖြစ်ရမလဲ လျစ်လျူရှုပြီးတော့နေရမယ်တဲ့၊ ဒါက သူ့အဆင့်အတန်း မရောက်ဘဲနဲ့တော့ မဖြစ်သေးဘူး၊ ဒီတိုင်း ဘာမှလေ့လာမှုမရှိဘဲနဲ့ (ရှုတိုင်း–၂) ဒီလိုချည်းလျစ်လျူရှုနေလို့ ဘယ်ဖြစ်လိမ့်မတုန်း၊ သူက အစဉ်အတိုင်း အားထုတ်သွားမှ ဖြစ်တယ်၊ အစဉ်အတိုင်း အားထုတ်ပြီးရောက်နေတာ အဆင့်ကိုပြောတာ၊ ဝမ်းသာမဖက် စိတ်မပျက် ရှုလျက် လျစ်လျူနေ–ဆိုရမယ်။

ဝမ်းသာမဖက် စိတ်မပျက် ရှုလျက်လျစ်လျူနေ၊ (ဆို–၃)

ဝမ်းမသာရဘူး၊ နေဝသုမနော–ဟောတိ၊ ဝမ်းသာခြင်းလဲ မဖြစ်ရဘူး၊ နဒုမ္မနော ဟောတိ–နှလုံးမသာခြင်းလဲ မဖြစ်ရဘူး၊ ဝမ်းသာမဖက်စိတ်မပျက်ဆိုတာ ရှုလျက်လျစ်လျူနေ၊ ဥပေက္ခကော ဝိဟရတိ၊ ဥပေက္ခကော–လျစ်လျူရှုသည်ဖြစ်၍၊ ဝိဟရတိ–နေ၏၊ ဒီဒေသနာ အရကိုး၊ ဒါက ဘုန်းကြီး ဆောင်ပုဒ်ကလေး ပေးထားတယ်၊ ပါဠိလိုဆိုတော့ ကျက်ဖို့ဟာလဲ မလွယ်ဘူး၊ ကျက်ပြီးလဲ အနက် အဓိပ္ပာယ် သိဖို့ရာလဲ မလွယ်ဘူး၊ ဆောင်ပုဒ်ကလေးက လွယ်တယ်၊ အဆင်းမြင်ရာ ရှုမှတ်ခါ မှန်စွာသိပါစေ၊ ဝမ်းသာမဖက် စိတ်မပျက် ရှုလျက်လျစ်လျူနေ၊ နားလည်ရောပေါ့၊ ဒါတော့နားလည်မှာပါပဲ၊ အဆင်းမြင်လို့ရှိရင် ရှုမှတ်ပြီးတော့ အမှန်အတိုင်းသိရမယ်၊ အမှန်အတိုင်းသိအောင် ရှုမှတ်ရမယ်၊ အမှန်အတိုင်းသိအောင် ရှုမှတ်ပြီးတော့ ဝမ်းသာမှုလဲ မရောက်စေရဘူး၊ ဝမ်းနည်း နှလုံးမသာမှုလဲ မဖြစ်စေရဘူး၊ အမှန်အတိုင်း သိနေလို့ရှိရင် ဝမ်းသာဝမ်းနည်း မဖြစ်ပါဘူး၊ မသိလို့ ဖြစ်နေတာ၊ ဘယ်မှာတည်ရမလဲဆိုရင်ဗ ျ လျစ်လျူရှုပြီးတော့ နေရမယ်၊ ဒါကို ဆိုတာကိုး။

အဆင်းမြင်ရာ ရှုမှတ်ခါ မှန်စွာသိပါစေ။
ဝမ်းသာမဖက် စိတ်မပျက် ရှုလျက်လျစ်လျူနေ။

ဒါတော့ ဘယ်ပုဂ္ဂိုလ် ပြည့်စုံမလဲ၊ ရဟန္တာမှ ပြည့်စုံမှာ သေသေချာချာ ဆိုတော့ ရဟန္တာမှ ပြည့်စုံတာ၊ ရဟန္တာမှ ပြည့်စုံလို့ရှိရင်တော့ သာမန်ပုဂ္ဂိုလ်တွေ ဖြစ်ပါ့မလားလို့ဆိုရင် ဖြစ်ပါတယ်၊ တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ကျတော့ ဖြစ်တယ်၊ ရဟန္တာအသွင် ယောဂီရှင် ရှုလျှင်ဖြစ်နိုင်သည်၊ ရှုရင်ဖြစ်မယ် မရှုရင်တော့ မဖြစ်ဘူးပေါ့၊ အစဉ်အတိုင်းသာ ရှုသွားဒွါရ ၆–ပါးက ပေါ်ခိုက်, ပေါ်ခိုက်ကလေးသာ လိုက်ပြီးတော့ ရှုသွားလို့ရှိရင် သူ့အဆင့်အတန်း မှီလာတဲ့အခါကျတော့ ဒီအတိုင်း ဖြစ်မှာပဲ၊ ဒါ ကိုယ်တိုင်တွေ့ရမှာပဲ။

ဒါဖြစ်နိုင်တဲ့ဟာတွေပဲ၊ ရဟန္တာအသွင် ယောဂီရှင် ရှုလျှင်ဖြစ်နိုင်သည်၊ ရဟန္တာများလိုပါပဲတဲ့၊ ယောဂီပုဂ္ဂိုလ်မှာ ရဟန္တာအသွင် ယောဂီရှင်၊ အဌကထာကပြောတယ်၊ ဝိပဿကော ကာတုံ သက္ကောတိ၊ ဝိပဿကော–ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်လည်း တတ်နိုင်ပါတယ်တဲ့၊ ဒါကို ဒါမျိုးဖြစ်အောင် လုပ်နိုင်ပါတယ်၊ ဒါကြောင့် ရဟန္တာအသွင် ယောဂီရှင် ရှုလျှင်ဖြစ်နိုင်ပေ။

ရဟန္တာအသွင် ယောဂီရှင် ရှုလျှင်ဖြစ်နိုင်ပေ။

ဆဋ္ဌဂ်ဥပေက္ခာထဲက ဒါတစ်ခု၊ ဥပေက္ခာတစ်ခုပဲ၊ ၆–ခုရှိရမှာကိုး၊ သူ့ဥစ္စာက မျက်စိထဲက အဆင်းမြင်တဲ့ကာလ ဥပေက္ခာဖြစ်ရမယ်၊ မြင်တိုင်း မြင်တိုင်း ရှုမှတ်ပြီးတော့သိရမယ်၊ သိပြီးတော့ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း, ဝမ်းသာခြင်းလဲ

မဖြစ်၊ စိတ်ပျက်, စိတ်ဆိုးခြင်းလဲမဖြစ်, ဝမ်းသာမှုလဲမဖြစ်ဘဲနဲ့ (သိရုံ–၂)မျှ လျစ်လျူရှုပြီး နေနိုင်ရမယ်၊ မြင်ရာမှာ ဥပေက္ခာ ဖြစ်ပုံ၊ ထို့အတူ ကြားရာတွေမှာလဲ ဒီအတိုင်းပဲ။

သောတေန သဒ္ဒံ သုတ္တာ သုမနော ဟောတိ။
နဒုမ္မနော ဥပေက္ခကော ဝိဟာရတိ၊ သောတံ သမ္ပဇာနော။

သောတေန–နားဖြင့်၊ သဒ္ဒံ–အသံကို၊ သုတ္တာ–ကြား၍၊ နေဝသုမနော ဟောတိ–ဝမ်းမြောက်ဝမ်းသာလဲမဖြစ်၊ နဒုမ္မနောဟောတိ–နှလုံးမသာမယာလဲမဖြစ်၊ သတော–အမှတ်ရသည်ဖြစ်၍၊ သမ္ပဇာနော–သိသည်ဖြစ်၍၊ ဥပေက္ခကော–လျစ်လျူရှုလျက်၊ ဝိဟာရတိ–နေ၏၊ ဒီအတိုင်းပါပဲ။

ဆောင်ပုဒ်ကလဲ ဒီလိုပါပဲ၊ ဆောင်ပုဒ်က နည်းနည်းလေး ပြင်လိုက်ရုံပဲ၊ လွယ်လွယ်ပဲ မခက်ဘူး၊ သူက အဆင့်သင့်ရာရှုမှတ်တာ အသံကြားရာပေါ့၊ သူကလွယ်လွယ်လေးပဲ၊ ဒါလေးပြောင်းလိုက်ရတာပဲ၊ အသံကြားရာ ရှုမှတ်ခါ မှန်စွာသိပါစေ၊ အနံ့နံရာ ရှုမှတ်ခါ မှန်စွာသိပါစေ၊ အရသာသိရာ ရှုမှတ်ခါ မှန်စွာသိပါစေ၊ အတွေ့တွေ့ရာ ရှုမှတ်ခါ မှန်စွာသိပါစေ၊ သဘောသိရာ ရှုမှတ်ခါ မှန်စွာသိပါတယ်၊ ဒွါရ ၆–ပါးလုံး အကုန်လုံးရပါတယ်၊ အကုန်လုံး ပြောင်းလိုက်ရုံပဲ၊ ဘာမှမခက်ဘူး၊ အဆင်းမြင်ရာ, အသံကြားရာ, အနံ့နံရာ, အရသာသိရာ, အတွေ့ထိရာ, သဘောသိရာ ဒါလေးပြောင်းလိုက်ရုံပဲ။

နောက်ကဟာတွေက အကုန်လုံးအတူတူပဲ၊ သဘောဆိုတာ စိတ်ကူးစဉ်းစား ကြံစည်တဲ့ အာရုံတွေပေါ့၊ စိတ်ကူးစဉ်းစားကြံစည်တဲ့ အာရုံတွေရောက်လာလို့ရှိရင် သဘော–သိတာပဲ၊ သဘောသိရာ ရှုမှတ်ရမှာပဲ၊ စိတ်ကူးတွေဖြစ်တိုင်း ရှုမှတ်ရုံပါပဲ၊ သူ့ကို ချမ်းသာပေးလို့မဖြစ်ဘူး၊ သဘောသိရာရှုမှတ်ပါ မှန်စွာသိပါစေ၊ ဝမ်းသာမဖက် စိတ်မပျက် ရှုလျက်လျစ်လျူနေ၊ စိတ်ကူးအာရုံတွေ အကြောင်းပြုပြီး ဝမ်းသာလဲမနေနဲ့၊ စိတ်ပျက်လဲမနေနဲ့၊ လျစ်လျူရှုပြီးတော့ နေရမယ်။

ဝမ်းသာမဖက် စိတ်မပျက် ရှုလျက်လျစ်လျူနေ။
ရဟန္တာအသွင် ယောဂီရှင် ရှုလျှင်ဖြစ်နိုင်ပေ။

ဥပေက္ခာ ၆–ပါး စုံသွားပါရော၊ အဲဒါကို ဆဋ္ဌင်ပေက္ခာတဲ့၊ ဒါက ခုပြောတဲ့ ဥပေက္ခာတွေဟာ တရားကိုယ် စစ်လိုက်လို့ရှိရင် တတြမေဒ္ဓတ္တတာဥပေက္ခာပါပဲ၊ ဆဋ္ဌင်ဗြဟ္မဗောဇ္ဈင်၊ တတြစျာန်ပါရီ ဆဋ္ဌင် ဥပေက္ခာ ဗြဟ္မဝိဟာရ ဥပေက္ခာ၊ ဈာဇ္ဈင် ဥပေက္ခာ၊ စျာန်ဥပေက္ခာ၊ ပါရိသုဒ္ဓိ ဥပေက္ခာဆိုတာတွေဟာ တတြ မေဒ္ဓတ္တတာ စေတသိက်ပါတယ်၊ တရားကိုယ်အားဖြင့်တော့ အတူတူပဲ၊ ဒါဖြင့် ဒီ ၆–ခုက ပေါင်းပြီးတော့ ဆောင်ပုဒ်ပေးထားတယ်၊ ဘုန်းကြီးကသာ ၆–ခုက တတြမေဒ္ဓတ္တတာ စေတသိက်ချည်းပဲ၊ တရားကိုယ် ကောက်လိုက်တော့ ဒါရတယ်၊ နောက် ၄–ခုလာရမယ်၊ ဝိပဿသနာ် ဝိ ဝေဒနာ၊ တစ်လုံးတောင်ပိုနေပြီ၊ မတတ်နိုင်ဘူး၊ ဝေဒနာ ဆိုလို့တောင်ဟန်တော့မကျလှဘူး၊ ဆိုလို့ကောင်းတယ်၊ ဝိ–ဝေဒနာ၊ ဝိပဿနာ်၊ ဝိဝေဒနာ၊ ဝိရိယကိုး။

ဥပေက္ခာဆယ်မျိုးနောက် ၄–ခုပဲ ကျန်တော့တယ်၊ ဝိပဿနာနုပေက္ခာတဲ့၊ သန်ဿရုပေက္ခာတဲ့၊ သူတို့နှစ်ခုကတော့ ဝိပဿနာဥပေက္ခာ, သန်ဿရုပေက္ခာ, ဒီဥပေက္ခာနှစ်ခုကတော့ အမျိုးတူပါပဲ၊ ဥဏ္ဏပဲ သူကတော့ ဝိ–ဝိရိယ၊ ဝေဒနာ ဝေဒနာဥပေက္ခာ၊ ဝေဒနာဥပေက္ခာကတော့ အများပဲသိကြပါတယ်၊ သူကတော့ ကုသိုလ်လဲရှိတာပဲ၊ အကုသိုလ်လဲရှိတာပဲ၊ အဲဒီ ၄–မျိုးပဲ၊ ဝိပဿနာ ဥပေက္ခာတစ်ခု၊ သန်ဿဥပေက္ခာဆိုတဲ့ ဥပေက္ခာကတစ်ခု၊ ဝိရိယကတစ်ခု၊ ဝိရိယဥပေက္ခာ၊ ဝေဒနာဥပေက္ခာတစ်ခု၊ ၄–ခုပေါ့၊ ခုန ၆–ခုနဲ့ပေါင်းတော့ ဆယ်ခု၊ ဥပေက္ခာဆယ်မျိုးတည်း၊ ဆယ်မျိုးရှိပါတယ်လို့ ဆိုလိုတယ်၊ ကိုင်း ဆိုရအောင်။

ဝိပဿနာ် ဝိဝေဒနာ ဥပေက္ခာ ဆယ်မျိုးတည်း။ (ဆို–၃)။

ဆဋ္ဌဗြဟ္မ ဗောဇ္ဈင် တတြစျာန်ပါရီ၊ အဲဒါက ၆–ခုပဲ၊ ဝိပဿနာ် ဝိဝေဒနာ ဒီက ၄–ခု၊ ဥပေက္ခာဆယ်မျိုးတည်းဆိုတာဒါပဲ၊ ဝိပဿနုပေက္ခာနဲ့ သန်ဿရုပေက္ခာ၊ ဥဏ္ဏကြီးထဲပဲတဲ့၊ ဝိပဿနာဥဏ္ဏကြီးပဲ၊ ဝိပဿနုပေက္ခာဆိုတာ ဘယ်လိုဟာတုံးဆို၊ ယောဂီပုဂ္ဂိုလ်က အစဉ်အတိုင်း ရှုမှတ်ပြီးတော့ ပထမ နာမ်နဲ့ရုပ်ပိုင်းခြားပြီးတော့သိတယ်၊ မှတ်တိုင်း မှတ်တိုင်း မှတ်သိစရာ အာရုံရုပ်ကတစ်မျိုး၊ မှတ်သိနေတဲ့ စိတ်နာမ်ကတစ်မျိုး အစရှိသည်ပေါ့။

ရှုကာစ ပုဂ္ဂိုလ်ကတော့ ရုပ်မှတ်ရတာများတယ်၊ (ရုပ်အာရုံနဲ့ အသိနဲ့–၂) တစ်နည်းအားဖြင့် (ကိုယ်ရုပ်နဲ့အသိနဲ့–၂)ကွဲပြီး မှတ်တိုင်း မှတ်တိုင်း ကိုယ်မှာ ကွေးတယ်ဆိုရင် ကွေးတယ်, ကွေးတယ် မှတ်လိုက်ရင် ကွေးရွေ့လာတာက ရုပ်ကိုး၊ ကွေးတယ်လို့သိလာတာလေးက နာမ်ကိုး၊ ရုပ်နဲ့နာမ် ဒီနှစ်ခုပဲ၊ ဒါဝိပဿနာဥဏ္ဏ ကောင်းကောင်းမဖြစ်သေးခင်တော့

ကွေးတယ်လို့ မှတ်ရမယ်ဆိုလို့ မတ်နေရတာပဲ၊ ကွေးတာ လက်ကလဲ ငါပဲ၊ ရှုမှတ်နေတာလဲ ငါပဲ၊ ဒီလိုပဲ သိနေသေးတာတဲ့၊ ဘာမှ မကွဲပြားသေးဘူး။

သမာဓိဉာဏ် ရင့်လာတဲ့ခါကျတော့ မှတ်တိုင်းမှတ်တိုင်းဟာ ကွေးတယ်ဆိုရင် ကွေးတာလေးဟာ ကွေးတဲ့သဘောလေးကတစ်ခြားပဲ၊ ကွေးတယ်လို့ သိတာလေးက တစ်ခုပဲ၊ ကွေးတာနဲ့ ကွေးတယ်သိတာ ရောလို့ကိုမရဘူး တစ်ခြားစီဖြစ်နေတာပဲ၊ အဲဒီလိုကွဲနေတာ၊ ရုပ်နဲ့နာမ်နဲ့ကွဲနေတာ၊ နာမရူပပရိစ္ဆေဒဉာဏ်ကျတော့ ဒီလိုကွဲနေတာပဲ၊ ဖောင်းတယ်, ပိန်တယ်မှတ်လဲဒီတိုင်းပဲ၊ ဖောင်းတက်လာလဲ ရုပ်ကလေးက တစ်ခြား၊ ဖောင်းတယ်လို့ သိတာလေးက တစ်ခြား၊ ပိန်တယ်မှတ်ရင်လဲ ပိန်တာလေးကတစ်ခြား၊ သိတာလေးက တခြား၊ ရုပ်နဲ့ နာမ်နှစ်ခုပဲရှိတယ်၊ အစမှတ်ခါစတော့ ဖောင်းတယ်, ပိန်တယ် မှတ်လို့သာ မှတ်နေရတယ်၊ ဖောင်းတာကလဲ ကိုယ်ကြီးနဲ့က ကိုယ်လုံးငါပဲ၊ ဖောင်းတယ်လို့ရှုနေတာလဲ ငါပဲ၊ စိတ်ကလဲငါပဲ၊ အတူတူပဲလို့ အောက်မေ့တာကိုး၊ မကွဲဘူး သမာဓိဉာဏ်ရင့်လာတော့ ဖောင်းတယ်, ပိန်တယ်လို့မှတ်ရင် ဖောင်းတက်လာတာ လေးက တစ်ခြား၊ ဖောင်းတာလေးကို ပြေးပြေးပြီး သိတာလေးက နာမ်ကလေးက တစ်ခြား ရုပ်နာမ် ဒီနှစ်ခုပဲရှိတယ်။

သွားနေပြန်လဲ ခြေထောက်ကြွလိုက်, လှမ်းလိုက်, ချလိုက်, ကြွတယ်, လှမ်းတယ်, ချတယ်, ဒီလိုမှတ်ရတယ်၊ ကြွတယ်လို့မှတ်ရင် ကြွတက်လာတာလေးက တစ်ခု၊ ကြွတယ်လို့ သိတာလေးက တစ်ခု၊ လှမ်းတယ်ဆိုရင်လဲ ဒီတိုင်းပဲ လှမ်းတာလေးက တစ်ခု၊ သိတာလေးက တစ်ခု၊ ချတယ်ဆိုရင်လဲ ချတာလေးကတစ်ခု သိတာလေးကတစ်ခု၊ ဒီလိုပဲ မှတ်တိုင်း မှတ်တိုင်း မှတ်စရာအာရုံကလေးက တခြား မှတ်သိတဲ့ စိတ်ကလေးက တခြား၊ ကွဲပြားနေတယ်၊ အဲဒီလို ကွဲပြားထင်လာတော့ နောက်တော့ မှတ်တိုင်း, မှတ်တိုင်း မှတ်တဲ့အာရုံကလေးတွေ အစကနေအဆုံးနဲ့ ပေါ်ပြီးရင် ပျောက်သွားတာလေးတွေ တွေ့လာတာပဲ။

ဥပမာ စိတ်ကူးလေးဆိုပါတော့။ စိတ်ကူးလေး တခြားထွက်သွား, ထွက်သွားတယ် သွားတယ်၊ စိတ်မှတ်လေးလဲမရှိဘူး၊ ဟာ မရှိတော့ နောက်ကလိုက်လာတုံး မမြဲတာ ဟုတ်သားပဲ၊ သုံးသပ်ဆင်ခြင်လာတာ ဒီလိုဖြစ်ပြီး ပျောက်သွားတာကိုး၊ နောက်က သူက စဉ်းစား လိုက်လာတာ၊ ဆင်ခြင်မှုကလေးက နောက်ကပါလာတယ်၊ ကိုယ်ထဲမှာ ညောင်းတာ, ပူတာ, နာတာ, ကျင်တာ, ကိုက်ခဲတာ အဲဒါလေးဖြစ်ရင်လဲ အဲဒါလေးမှတ်ရတာပဲ၊ ညောင်းတယ်, ညောင်းတယ်, ပူတယ် (ပူတယ်–၂)မှတ်၊ မှတ်ရင်း, မှတ်ရင်းနဲ့ ပျောက်သွားတာပဲ၊ မမြဲတယ်ဆိုတာ ဒါပဲ။

ပျောက်သွားတာ, ပျောက်တယ်ဆို မမြဲတဲ့တရားပဲ၊ နောက်ကလိုက်လာတယ်၊ အဲဒီလိုမမြဲတဲ့သဘောတွေ, ဆင်းရဲတဲ့သဘောတွေ, ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားတွေပဲလို့ ဆိုတာလေးတွေ သုံးသပ်ဆင်ခြင်ပြီးတော့ လိုက်နေတာပဲ၊ အဲဒီလိုသုံးသပ်ဆင်ခြင်ပြီးလိုက်လာတော့ ဒါမမြဲတဲ့သဘောလေးတွေ ကိုယ့်ဉာဏ်ထဲမှာ ပိုင်လာပြီဆိုတော့ မဆင်ခြင်တော့ဘူး။ ဆင်ခြင်မှုကို လျစ်လျူရှုလိုက်တယ်၊ တမင်တကာ ရှုနေတာ မဟုတ်ဘူး။ သူ့ဟာသူကို မဆင်ခြင်တော့ဘဲနဲ့ မှတ်ရုံလေး သိရုံလေးသိနေတာ၊ အဲဒါကို ဝိပဿနာဥပေက္ခာခေါ်တယ်၊ ဥဒယဗ္ဗယဉာဏ်ကျ ဖြစ်လာတာပဲ၊ ဘာနဲ့တူသလဲဆိုရင် ဥပမာပေးထားတယ်၊ ညနေချမ်းမှောင်ရီချိန်မှာ အိမ်ထဲကို မြွေဝင်လာတယ်၊ ဥပမာပေးထားတယ်။

ညနေချမ်း မှောင်ရီချိန်မှာ မြွေဝင်လာတယ်ဆိုပါတော့ အိမ်ရှင်က မြွေဝင်လာပြီဆိုပြီးတော့ ဝင်သွားတာ လိုက်ပြီးတော့ တုတ်တစ်ချောင်းနဲ့လိုက်ပြီးတော့ ကြည့်ရတာကိုး၊ မြွေဆိုတာ ချောင်ကြို ချောင်ကြားမှာ နေတတ်တယ်၊ သူက ချောင်ကြို ချောင်ကြားမှောင်တဲ့နေရာမှာ သူကနေတတ်တယ်၊ မှောင်တဲ့နေရာမှာတော့ မှောင်ထဲမှာ ကြိုးလိုလို, မြွေလိုလို ဘာပါလိမ့် မတုန်း၊ ပထမမသေချာသေးတော့ စဉ်းစားနေတာပေါ့၊ စဉ်းစားပြီးတော့ မြွေမှာ အရစ်ကလေးတွေ, ဘာလေးတွေ ရှိတတ်တယ်၊ မြွေရဲ့လက္ခဏာကလေးတွေ ဒီမှာတော့ ပုံတူ ဥပမာပေးတယ်။

သူကတော့ မြွေမှာ လည်ပင်းအရစ်ကလေး သုံးခုရှိတယ်၊ အဲဒီအရစ်ကလေးသုံးခုကို မြင်ကတည်းက မြွေပဲဆိုတာ အိမ်ရှင်က ဆုံးဖြတ်လိုက်တယ်၊ သေချာသွားပြီ၊ သေချာပြီးတဲ့နောက် ထပ်ပြီး မြွေဟုတ်လေသလား, မဟုတ်လေသလား ထပ်ပြီးစဉ်းစားပါဦးမလား၊ ဘယ်စဉ်းစားတော့မလဲ။ မြွေမှန်းသူသိသွားပြီ၊ မစဉ်းစားတော့ဘူး၊ အဲဒါလိုပဲတဲ့။

ဝိပဿနာ ရှုတဲ့ပုဂ္ဂိုလ်က စပြီး အားထုတ်ကာစတော့ ဘာမှမသိသေးဘဲနဲ့ရှုတာပဲ၊ နောက်ရုပ်နဲ့နာမ်ကို သိလာတာ၊ ရုပ်နဲ့နာမ်ရှိတာပဲဆိုတာ သဘောကျလာ၊ မှတ်စရာအာရုံနဲ့ မှတ်သိနေတဲ့ စိတ်နာမ်တရားတွေရှိတယ်၊ သဘောကြ၊ ဒါကနေပြီးတော့ အဲဒီတုန်းကပဲ ဖြစ်တယ်, ပျက်တယ် မထင်သေးဘူး၊ နောက်တစ်ဆင့် တိုးတက်လာတဲ့အခါကျတော့စပြီး ပေါ်လာလိုက်, ပျောက်သွားလိုက်၊ ဒါလေးတွေ တွေ့တော့ပေါ်ပြီး ပျောက်သွားတဲ့ မမြဲတဲ့တရားပဲ၊ မမြဲဘူးဆိုတာ ဒါပဲ၊ ဒါကြောင့် မမြဲတာပဲ၊ နောက်ကလိုက်ပြီး စဉ်းစားတယ်၊ ဒီလို ဖြစ်ပျက်နေလို့ မကောင်းတဲ့ ဆင်းရဲတဲ့ တရားပဲ။

ကိုယ်ထဲမှာ မရှုလိုဘဲ၊ ရှုရင်တော့ ကိုယ်ထဲမှာ ဆင်းရဲတွေ ပြည့်နေတာပဲ၊ မရှုလို့ဘဲ ဆင်းရဲတွေချည်းပဲ၊ သုံးသပ်ဆင်ခြင်တာတွေ လိုက်လာတယ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့တရားတွေပဲ၊ သူ့ဟာအတိုင်းသူဖြစ် 'သူ့ဟာသူဖြစ်နေတာပဲ၊ မဖြစ်

အောင်လို့လဲ တားလို့မရဘူး၊ သူ့ဟာသူ ဖြစ်နေတာပဲ၊ အကြောင်းရှိမှ ဖြစ်လာတဲ့ တရားတွေ, သဘောတရားတွေပဲ၊ အနတ္တ တရားတွေပဲဆိုတာ ရှုရင်း မှတ်ရင်း သဘောကျလာတာပဲ၊ အဲဒီ သဘောကျတိုင်း ကျတိုင်း သုံးသပ်ဆင်ခြင်လိုက်တာပဲ။

ခုနက မြွေမဟုတ်လေသလား စဉ်းစားတာနဲ့ တူနေတယ်၊ သေသေချာချာတွေ့မြင်လို့ သဘောကျသွားပြီဆိုတဲ့အခါ ကျတော့ မစဉ်းစားတော့ဘူး၊ ရှုရုံကလေးပဲရှိတော့ အဖြစ်အပျက်ကလေးတွေ ရှုရုံပဲ၊ အဲဒါ ဥဒယဗ္ဗယညာဏ်ရောက်တော့ မစဉ်းစားဘူး၊ အဲဒါလို အဲဒါ ဘာနဲ့တူတုန်းဆို ခုနမြွေပဲဆိုတာ သေချာပြီးတဲ့နောက် ထပ်မစဉ်းစားသလိုပဲတဲ့၊ အဲဒါ ဝိပဿနုပေက္ခာ ခေါ်တယ်၊ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာလေးတွေတွေ့တော့ ခုနက မြွေမှာလည်ရေး လည်ပင်းမှာ အရေးကလေး သုံးစင်းမြင်လို့ မြွေပဲဆုံးဖြတ်သလိုပဲ။

ဒီအနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာ ၃–ခုကို မြင်တာနဲ့ သေချာ သိသွားတဲ့အခါမှာ အနိစ္စလေလား ဒုက္ခလေလား၊ အနတ္တလေလား ဟုတ်လေသလား မဟုတ်လေသလားလို့ သုံးသပ်ဆင်ခြင်နေစရာ စဉ်းစားနေစရာ မလိုတော့ဘူးတဲ့၊ သိရုံလေး သိပြီး လိုက်သွားတယ်တဲ့၊ သိရုံလေးသိသွားတာဟာ ဝိပဿနုပေက္ခာ ခေါ်တယ်၊ ဘယ်မှာဖြစ်တုန်းဆိုတော့ ဒီဥဒယဗ္ဗယညာဏ်မှာ ဖြစ်တယ်၊ ယောဂီပုဂ္ဂိုလ်တွေ ဒီလိုပဲ ဖြစ်တာပဲ။

ပထမက သမ္မသနညာဏ် သုံးသပ်တဲ့ အပိုင်းရောက်ရင် သုံးသပ်တယ်၊ ဆင်ခြင်တယ်၊ ဆင်ခြင်လို့က ကောင်းပါတယ်၊ ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်တွေ သိပ်ဆင်ခြင်တာ ဒီမှာဆင်ခြင်နေရင် တိုးကိုမတိုးဘူး၊ ဒီနားကမတက်ဘူး၊ မသုံးသပ် မဆင်ခြင်ဘဲနဲ့ ရှုသွားလို့ အားရပြီဆိုရင် အားရသွား၊ သုံးသပ်ဆင်ခြင်လို့ အားရပြီးတော့ ရှုရုံလေးရှုပြီးသွားတော့မှ တိုးတက်ပြီး ဥဒယဗ္ဗယညာဏ်ရောက်သွားတာ၊ အဲဒီမှာ ဖြစ်တာ ဝိပဿနုပေက္ခာ ဝိပဿနုပေက္ခာပြီးတော့ သခ်ါရုပေက္ခာ ဆိုတာကတော့ သခ်ါရတွေ လျစ်လျူရှုတာတဲ့၊ ဒါကတော့ ခုနက ဆဋ္ဌဂုံပေက္ခာထဲလဲ ပါဝင်ပြီးတော့သွားပါတယ်၊ ဆဋ္ဌဂုံပေက္ခာကတော့ တတြမေဇ္ဈတ္တတာ အရ ကောက်ထားတယ်။

အဲဒီတတြမေဇ္ဈတ္တတာယှဉ်ပြီးတော့ သခ်ါရပေက္ခာနဲ့ဖြစ်နေတာ၊ အတူတူယှဉ်တွဲဖြစ်နေတာ၊ သခ်ါရအာရုံတွေကို ဝမ်းမြောက်စရာနှစသက်စရာလို့လဲ မအောက်မေ့ကြဘူး၊ စိတ်ပျက်စရာ နှလုံးမသာစရာလို့လဲ မအောက်မေ့၊ သိရုံသိရုံကလေးပဲ လျစ်လျူရှုပြီးတော့ လိုက်နေတာ၊ လိုက်နေတာ သူက အာရုံတွေ ကောင်းလို့လဲ သူစွဲပြီးမထားဘူး၊ အာရုံတွေ မကောင်းလို့လဲ စိတ်ထဲစွဲပြီးကျန်မနေဘူး၊ သိရုံသိရုံကလေးပဲ သိပြီးတော့ လိုက်နေတာပဲ၊ အဲဒါ သခ်ါရပေက္ခာခေါ်တယ်၊ အဲဒီ သခ်ါရပေက္ခာက အင်မတန်ကောင်းပါတယ်။

သခ်ါရပေက္ခာရောက်တော့ ရှုမှတ်စရာ အာရုံတွေ ကြောင့်ကြစိုက်ပြီးတော့ ရှာဖွေမနေရဘူး၊ သူ့ဟာသူ ပေါ်တယ်၊ တစ်မှတ်ပြီးရင် တစ်မှတ်က သူ့ဟာသူပေါ်နေတာပဲ၊ မှတ်စရာအာရုံတွေ သူ့ဟာသူပေါ်နေတာပဲ၊ ပေါ်လာတဲ့ အာရုံလေးကို မှတ်ပြီးသားဖြစ်နေတာ၊ အထူးကြောင့်ကြ မစိုက်ရဘူး၊ မှတ်ပြီး သိသိသွားနေတာ၊ သူ့ဟာသူ သိသွားနေတာ၊ ယောဂီပုဂ္ဂိုလ်က ထိုင်ရုံထိုင်နေရသလိုပဲ၊ သူ့ဟာသူ သိပြီးတော့ သွားနေတာ၊ ငါးမိနစ်ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်၊ နာရီဝက်၊ နှစ်နာရီ စသည်ဖြင့် တစ်ခါတည်း တစ်ရှိန်တည်းတန်းသွားနေတာ ကောင်းတယ်၊ ဒါ သခ်ါရပေက္ခာခေါ်တယ်၊ ဝိပဿနာ သခ်ါ အဲဒါက (ဉာဏ်ချည်းပဲ–၂) ဒါကတော့ ဝိပဿနာ၊ ဝိဝေဒနာ၊ ဝီရိယယုပေက္ခာ–ဝီရိယ ဥပေက္ခာကတော့ မယုတ်မလွန်ညီမျှနေတဲ့ ဥပေက္ခာက ဝီရိယ ဥပေက္ခာခေါ်တယ်၊ မယုတ်မလွန် ညီမျှပြီးတော့နေတယ်။

တစ်ခါတစ်ခါ ဝီရိယ သိပ်လွန်တဲ့ခါရှိတယ်။ ရှင်သောနမထေရ်တို့, ရှင်အာနန္ဒာတို့ တရားအားထုတ်ရာ လွန်နေသလို ဝီရိယတွေ သိပ်လွန်နေတဲ့အခါရှိတယ်၊ အခု တရားအားထုတ်တဲ့ ယောဂီတွေလဲ တစ်ခါတစ်ခါ လွန်နေပါတယ်၊ သိပ်လွန်နေတော့ နည်းနည်းလျော့ပေးရတယ်၊ လွန်နေရင်လဲ တရားကမတက်ဘူး။ တစ်ခါတရံကျ ဝီရိယကလျော့နေ, များသောအားဖြင့်တော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေက လျော့လျော့နေပါတယ်။ လျော့လျော့နေတော့ နေ့စဉ်နေ့စဉ်ပဲ လျော့တဲ့ပုဂ္ဂိုလ်တွေကို ကမ္မဋ္ဌာန်းဆရာတွေက တရားမတက်ဘူးဆိုရင် တိုးပြီးမှတ်မှတ် ဆိုရမှာပဲ။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်ကလဲ သူတို့ကတော့ အစွမ်းကုန်အားထုတ်နေတာပဲ၊ အစွမ်းကုန်အားထုတ်နေတယ်ဆိုတော့ ကမ္မဋ္ဌာန်းဆရာက တယ်အားမရတော့ (တိုးမှတ်ဦး–၂)ခိုင်းတော့ နောက် ကမ္မဋ္ဌာန်းဆရာတောင်တယ်ပြီး မကျေနပ်ဘူး၊ မကျေနပ်ဘူး အားထုတ်တဲ့ပုဂ္ဂိုလ်က ငါဒီလောက်အားထုတ်နေတာပဲ တိုးရဦးမလား တိုးစရာကုန်နေပါပြီလို့ သူက ဒီလိုအောက်မေ့တယ်၊ ဟုတ်တော့လဲဟုတ်တာပဲ၊ သူ့အင်အားနဲ့သူတော့ ခပ်ကုန်ကုန်ပဲဖြစ်နေတာ၊ လိုနေလို့သာ (တိုးမှတ်ဦး–၂) ခိုင်းရတာကိုး၊ အဲဒါ ဝီရိယလျော့နေလို့။

အဲဒီတော့ အဲဒီလို ဝီရိယ မယုတ်မလွန် လွန်လဲမလွန်ဘူး၊ လျော့လဲမလျော့ဘူး၊ ညီမျှနေတဲ့အခါမှာ ဝိပဿနာတွေဟာ ကောင်းလာတာကိုး၊ နာမရူပဝိဝိစ္ဆေဒညာဏ်လဲညီမျှတဲ့အခါကောင်းတာပဲ၊ အထူးအားဖြင့် ဥဒယဗ္ဗယညာဏ်ကျမှဖြစ်တယ်၊ အဲဒီကစပြီးတော့ ဝီရိယ မလွန်မယုတ် ကျနေတဲ့ခါမှာ တက်ပြီးသွားတယ်၊ အဲဒီ ဝီရိယ မလွန်မယုတ်ညီမျှနေတဲ့ဥစ္စာကို ဝီရိယ

ဥပေက္ခာလို့ ခေါ်တယ်၊ ဝီ–လို့ တစ်လုံးတည်းစီထားတယ်၊ ဒီမှာတော့ များများအက္ခရာမထားနိုင်ဘူး၊ ဒီမှာ ဝိပသ်သခ်ါတဲ့၊ ဝီ–ဝိရိယ ဝေဒနုပေက္ခာတဲ့၊ ဝေဒနာဥပေက္ခာကတော့–

ယသ္မိं သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ သောမနဿ သဟဝတံ ဒေါမနဿသဟဝတံ။

လို့ပါတယ်။ ဥပေက္ခာသဟဂုတ်၊ ဥပေက္ခာနဲ့ယှဉ်ပြီးတော့ စိတ်ကလေးဖြစ်တယ်တဲ့၊ အာရုံကောင်းရင် ကောင်းတဲ့အာရုံ အကြောင်းပြုပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ အာရုံပြုတယ်၊ အာရုံမကောင်းလို့ရှိရင် မကောင်းတဲ့အာရုံအကြောင်းပြုပြီးတော့ စိတ်နှလုံး မသာမယာ မချမ်းသာတဲ့ သဘောလေးနဲ့ စိတ်ကလေးဖြစ်တယ်၊ အာရုံက အလတ်စားဖြစ်ရင်တော့ ဝမ်းမြောက်တာ လဲမဟုတ်ဘူး၊ စိတ်ပျက်တာလဲမဟုတ်ဘူး၊ အလယ် အလတ်ဥပေက္ခာဝေဒနာလေး ခေါ်တယ်၊ အဲဒါလေးနဲ့ကွဲပြီးဖြစ်တယ်။

အဲဒါ ဝေဒနာ ဥပေက္ခာခေါ်တယ်၊ အဲ အခုသိနေတာ ဒါပါပဲ။ ဒီဥပေက္ခာက အများသိပါတယ်၊ အကြမ်းဖျင်းသိတာ ပေါ့လေ၊ သိတယ်ဆိုပေမယ်လို့ သူကလေး သိဖို့ရာအခက်သားပဲ၊ အကြမ်းဖျင်းတော့ သိနေကြတယ်၊ ကိုယ်ထဲစိတ်ထဲမှာ ကောင်းနေတာ, ချမ်းသာနေတာက သောမနဿ သုခကို ချမ်းသာနေတာ, ကိုယ်ထဲစိတ်ထဲမှာ မကောင်းနေတာ, ဆင်းရဲနေတာ က ဒေါမနဿဒုက္ခကိုး၊ သုခနဲ့ဒုက္ခက ထင်ရှားနေတယ်၊ ဥပေက္ခာကတော့ သိမ်တော့ သိမ်မွေ့နေတယ်၊ ကောင်းတာလဲ မဟုတ်ဘူး၊ ဆိုးတာလဲ မဟုတ်ဘူး၊ နေသာထိုင်သာရုံ ဖြစ်နေတာ၊ ဥပေက္ခာတွေပဲ သူကတော့ သိပ်မထင်ရှားဘူး၊ သူက သိမ်မွေ့တယ်၊ ဘာနဲ့တူတုံးဆိုတော့ သူက မှောင်ထဲမှာရှိတဲ့ အရာဝတ္ထုများနဲ့တူတယ်၊ အလင်းထဲနေတဲ့ဟာတော့ မြင်ရတာ ပေါ့၊ အမှောင်ထဲနေတဲ့ဟာ မမြင်ရဘူး၊ သူ့ကိုမြင်ချင်လို့ရှိရင် မီးနဲ့ဘာနဲ့ ထွန်းပြီး ကြည့်ရတယ်၊ အဲဒါလိုပဲ။

သူ့ကိုမြင်ချင်လို့ရှိရင် သုခနဲ့ဒုက္ခနဲ့ ဖောက်ပြီးကြည့်ရတယ်၊ ချမ်းသာနဲ့ ဆင်းရဲနဲ့ဖောက်ပြီး ချမ်းသာဆင်းရဲမဟုတ် ဘဲနဲ့ အလယ်အလတ် ဖြစ်နေတာ၊ ဒါ ဥပေက္ခာပဲလို့သိရတယ်၊ အဲဒါ တောလိုက်တဲ့ မုဆိုးများ သမင်ခြေရာခံတာနဲ့ သမင် ခြေရာခံတဲ့ ဥပမာများနဲ့လဲ သိနိုင်ပါတယ်။ တောလိုက်တဲ့ မုဆိုးဟာ သမင်ခြေရာတွေတွေ့လို့ရှိရင် လျှောက်ပြီး သမင်ခြေရာခံ လိုက်သွားတယ်၊ သမင်ခြေရာက မြေပျော့တဲ့နေရာမှာ ထင်တာကိုး၊ မြေမပျော့တဲ့ ကျောက်ဖျာပေါ်ကျတော့မထင်ဘူး၊ ကျောက် ဖျာပေါ် တက်သွားတဲ့နေရာကျောက်ဖျာကတော့ ခြေရာရှိတာပေါ့၊ ကျောက်ဖျာပေါ်ကျတော့ ခြေရာမရှိဘူး၊ ကျောက်ဖျာ ဟို ဘက်ကျတော့ တစ်ခါ လွန်သွားတဲ့အခါကျတော့ ဆင်းသွားတဲ့ ခြေရာထင်တယ်။

အဲဒီတော့ ဒီဘက်က ကျောက်ဖျာဆီကို လာတဲ့ ခြေရာတွေ့ရင် ဆင်းသွားတဲ့ ခြေရာတွေ့မယ်၊ ဒီအတက်အဆင်း ခြေက ၂–ခုတွေ့ရင် အလယ်ခေါင်တည့်တည့်က ခြေရာတော့ မရှိဘူးပေါ့၊ ကျောက်ဖျာပေါ် မရှိပေမယ်လို့ မုဆိုးက သိတယ် တဲ့၊ ဒီကပဲ ဖြတ်သွားတာပဲ သိရတယ်။

ဒါကတော့ တောထဲမှာ ကျက်စားတဲ့ မုဆိုး ပြောရတာပေါ့လေ၊ ဒ့ဒြင် ပုဂ္ဂိုလ်တွေလဲ ဒါလောက်တော့ သိပါတယ်၊ ဒါလောက်တော့ ရိပ်မိပါတယ်၊ အဲဒါလိုပဲ သုခနဲ့ဒုက္ခကြားထဲမှာ ဆင်းရဲမဟုတ် ချမ်းသာမဟုတ် အလယ်အလတ်ဖြစ်နေတာ လေးရှိပါတယ်၊ အဲဒါ–ဥပေက္ခာပဲတဲ့၊ ယခုလူတွေမှာ အများအားဖြင့် ဥပေက္ခာ ဝေဒနာတွေ ဖြစ်နေတယ်၊ သူကများတတ်ပါ တယ်၊ ကိုယ်စိတ်ထဲမှာ နေသာထိုင်သာပြီးတော့, ကောင်းပြီးတော့နေတဲ့အခါရှိတယ်၊ အထူးကောင်းနေတာ ရှိတယ်၊ ချမ်းသာ တွေ ဖြစ်နေတာရှိတယ်၊ ကိုယ်ထဲစိတ်ထဲမှာ မနေသာမထိုင်သာဖြစ်ပြီးတော့ ဆင်းရဲတွေဖြစ်နေတာရှိတယ်၊ ဒုက္ခတွေပဲ ကောင်း တယ်လဲမဟုတ်, မကောင်းတယ်လဲမဟုတ်ဘူး၊ သို့သော်လည်း နေတော့ နေတာပဲ၊ အဲဒါ ဥပေက္ခာတွေပဲ။

အဲဒီဥပေက္ခာတွေ ယောဂီပုဂ္ဂိုလ်မှာတော့ ဒါလေးတွေ (ဖြစ်တိုင်း–၂) လိုက်ပြီးတော့ မှတ်နေ၊ သူကထင်ရှားတယ်၊ (တစ်ခါ–၂) ကိုယ်ဒုက္ခတွေ ဖြစ်တယ်၊ ဒုက္ခတွေဖြစ်လာတယ်၊ ညောင်းတာ, ကျောာ, နာကျင်ကိုက်ခဲတာ, စိတ်မချမ်းမသာတာ တွေ စိတ်ထဲက အဲဒါတွေ ရှုမှတ်ရတယ်၊ ရှုရင်းရှုရင်းနဲ့တော်တော်ကြာတော့ သူကပျောက်သွားတယ်၊ ပျောက်သွားပြီး တော် တော်ကြာတော့ကို မချမ်းသာဘူး၊ ဒီအထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးပေါ်လာတယ်၊ ကိုယ်ထဲကနေသာထိုင်သာဖြစ်ပြီး ပေါ်လာတယ်၊ အဲဒါလဲကောင်းတယ်၊ ကိုယ်ထဲနေသာထိုင်သာဖြစ်လာလို့ နေသာထိုင်သာ မှတ်ရတယ်။

ချမ်းသာရင် ချမ်းသာတာမှတ်၊ ဝမ်းမြောက်ရင် ဝမ်းမြောက်တာမှတ်ရတယ်၊ အဲဒီရှေ့က ဆင်းရဲချမ်းသာနဲ့ နောက်က ဆင်းရဲချမ်းသာကြားထဲမှာ မဆင်းရဲမချမ်းသာ ကြားလေးရှိတယ်၊ ကောင်းတယ်လို့ မဆိုနိုင်ဘူး၊ မကောင်းတယ်လို့ မဆိုနိုင် ဘူး၊ အလတ်စားရှိတယ်၊ သူက အပူနဲ့ အအေးကြားထဲ မပူလဲမပူ မအေးလဲမအေး၊ အဲဒါလေးလိုပဲ အလယ်စပ်ကလေးလို ဥပေက္ခာလေးရှိတယ်၊ အဲဒါလေးကို ယောဂီပုဂ္ဂိုလ် အမှတ်ကောင်းတဲ့ ပုဂ္ဂိုလ်က သိတယ်၊ ဒါလေးတွေ့တယ်၊ စိတ်ကလေး ပြောင်းသွားတတ်တယ် ချမ်းသာလဲမဟုတ်, ဆင်းရဲလဲမဟုတ်, အလယ်အလတ် သဘောလေး အဲဒါတွေ့ရတယ်၊ အဲဒါဟာ ဝေဒနာဥပေက္ခာပဲတဲ့၊ အဲဒီတော့ ဥပေက္ခာပေါင်း ဘယ်လောက်ရှိတုန်းဆို ၁၀–ခုရှိတယ်၊ ဥပေက္ခာ ၁၀–မျိုးသိတာကိုဆိုတာ

ကိုး၊ ဝိပဿနာ်–ဝိဝေဒနာ ဥပေက္ခာ ၁၀–မျိုးရှိ၊ ဥပေက္ခာ ၁၀–မျိုး တစ်ခါမှတ်ပေါ့၊ မှတ်ရခဲတယ်၊ ဥပေက္ခာ ၁၀–မျိုးက ဥပေက္ခာ ၁၀–မျိုး ဆိုတာ ဒါပဲ၊ ကိုင်းကိုင်း ပြန်ပြီးတော့ အရင်းကစပြီးတော့ ဆိုဦးစို့ရဲ့။

ဆဋ္ဌင်ဗြဟ္မ ဗောဒ္ဓေါ် တတြစျာန်ပါရီ။
ဝိပဿ်သနာ် ဝီ ဝေဒနာ၊ ဥပေက္ခာ ၁၀–မျိုးတည်း။ (ဆို–၃)

ဆဋ္ဌင်ဆဋ္ဌင် ဥပေက္ခာ နာမည်ကလေးတွေ ခေါ်တတ်အောင်လို့ ဆဋ္ဌင်ဥပေက္ခာ–ခုနက အကျယ်ပြောသွားပြီ၊ အဆင်းမြင်ခါ ရှုမှတ်ခါ ဆဋ္ဌင်ဥပေက္ခာပဲ၊ ဥပေက္ခာအကျယ်ပဲ၊ သူကတော့ ဗြဟ္မ–ဗြဟ္မဝိဟာရ ဥပေက္ခာ–သဗ္ဗေသတ္တာ ကမ္မသကာ နှလုံးသွင်းတာ ဆဋ္ဌင်ဗြဟ္မ ဗောဒ္ဓေါင် ယခုဟောနေတဲ့ ဗောဒ္ဓေါင် တတြမဇ္ဈတ္တာတာတဲ့၊ ဒါက စေတသိက် နာမည်ပဲ၊ စျာနတဲ့၊ စျာန်ထဲမှာပါတယ်၊ ပါရိသုဒ္ဓိတဲ့၊ စတုတ္ထစျာန် မှာပါတယ်၊ ဥပေက္ခာပဲ၊ ဒီက ၆–ခု ဝိပဿ်က ဝိပဿနာ ဥပေက္ခာတဲ့၊ ဝိပဿနုပေက္ခာ၊ ဝိပဿနာ ဥပေက္ခာ ဒါက ဥဒယဗ္ဗယညာဏ်မှာ ရှိတယ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ မဆင်ခြင်ဘဲနဲ့ သိရုံလေး သိသွားနေတာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သူက သဘောကျနေတာ၊ ဖြစ်ပျက်နေတဲ့ တရား၊ မမြဲတဲ့တရားပဲလို့၊ ဆင်းရဲတဲ့ အနတ္တပဲဆိုတာ ပိုင်ပိုင်နိုင်နိုင် သူသဘောကျတယ်၊ မစဉ်းစားတော့ဘူး၊ ရှုရုံလေး ရှုသွားနေတာ၊ သိရုံလေး သိသွားနေတာ အဲဒါ ဝိပဿနုလက္ခာ ခေါ်တယ်။

နောက် သန်ါရုပေက္ခာ–သန်ါရတွေကို လျစ်လျူရှုတာ၊ အဲဒါလဲ ဥပမာပေးထားတယ်၊ မြွေပဲ၊ ဥပမာပေးထားတယ်၊ မြွေက အိမ်ထဲကမြွေ ဖမ်းပြီးသကာလ ဖြစ်ဖို့ရာကြံရတာကိုး၊ ဖမ်းပြီးတော့ ဖြစ်ဖို့ရာ ကြံတဲ့ပုဂ္ဂိုလ်က ဖြစ်တဲ့အခါမှာ ဒီမြွေကို သိမ်းပိုက်လိုတဲ့စိတ်မရှိဘူး၊ မြွေကို မလွှဲသာလို့သာ ယူခဲ့ရတာကိုး၊ သိမ်းပိုက်ချင်တဲ့စိတ် မရှိဘူး၊ ဒီလိုပဲ သန်ါရတွေ ရှုတော့ ရှုတယ်။ သန်ါရတွေမှာ မတွယ်တာဘူး၊ ရှုတော့ရှုတယ်၊ သိတော့သိတယ်၊ သိပေမယ့်လို့ သိတဲ့အာရုံတွေကို တွယ်တာသာယာပြီးတော့နေတာ၊ စိတ်ထဲမှာစွဲနေတာ မရှိဘူး၊ ပကတိ ပုဂ္ဂိုလ်တွေတော့ မြင်ရာကြားရာကနေ စွဲနေတယ်၊ ပြန်ပြန်စဉ်းစားတယ်၊ စမ်ြ့ခတ်သလို ပြန်ပြန်ပြီး စဉ်းစားတယ်။

လောဘ ဖြစ်စရာရှိရင်လဲ ဖြစ်တယ်၊ ဒေါသဖြစ်စရာရှိရင်လဲ ဖြစ်တယ်၊ ဒေါသဖြစ်စရာရှိရင် ကြံဖြစ်နေတာပဲ၊ တွေ့ကြုံဖူးတဲ့ အာရုံတွေပြန်ပြီး စဉ်းစားတယ်၊ အဲဒီလို စဉ်းစားပြီးတော့ ကိလေသာတွေ ဖြစ်နေကြတာ၊ ယခု သန်ါရုပေက္ခာကျတော့ သန်ါရအာရုံတွေ ရှုတော့ ရှုတာပဲ၊ မြင်ရင်လဲ မြင်တာရှုရတာပဲ၊ ကြားရင်လဲ ကြားတာရှုရတာပဲ၊ ဒါပေမယ်လို့ အဲဒီမြင်တာ ကြားတာတွေကို သူက စွဲပြီးတော့ ရှုမနေဘူး၊ သိမ်းပိုက်ပြီးတော့ မထားဘူး၊ ခုနက မြွေကို သွားပစ်သလို သူက လွှတ်ဖို့ရာပဲ၊ သူအလိုရှိနေတယ်၊ မြွေကို သိမ်းပိုက်ထားဖို့ရာ အလိုမရှိဘူး၊ အဲဒါလိုပဲတဲ့ ဥပမာပေးထားတယ်။

ဝီရိယ ဥပေက္ခာကို မယုတ်မလွန်ဖြစ်နေတဲ့ ဝီရိယ ဒါကတော့ အမှတ်ကောင်းတိုင်းကောင်းတိုင်း ဝီရိယ မယုတ်မလွန်ဖြစ်နေတာပဲ၊ နာမရူပရိစ္ဆေဒညာဏ်အစပ်နားထဲက အမှတ် ကောင်းတိုင်း ကောင်းတိုင်း ဝီရိယ ညီမျှနေတဲ့အခါမှာ ရှုမှတ်တဲ့ အသိတွေဟာ ကောင်းနေတာကိုး၊ ဝေဒနာ–ဝေဒနာဥပေက္ခာ ကတော့ ဒါက တရားအားထုတ်တာ မဟုတ်ဘူး၊ တရားထဲမှာလဲ ပါတယ်၊ တရားမဟုတ်တာ ထဲလဲပါတယ်၊ သူကတော့ လောဘဖြစ်တဲ့အခါလဲ ဝမ်းမြောက်ဝမ်းသာနဲ့ လောဘဖြစ်တယ်၊ ဝမ်းမမြောက်ဘဲနဲ့ လောဘဖြစ်တာရှိတယ်၊ ဝမ်းမြောက်ဝမ်းသာနဲ့ လောဘဖြစ်နေတဲ့အခါ သောမနဿ ဝေဒနာခေါ်တယ်၊ ဝမ်းမမြောက်ဘဲနဲ့ လောဘ သာယာနှစ်သက်မှု ဖြစ်နေတဲ့အခါရှိတယ်။

ဒါကတော့ ဥပေက္ခာ ဝေဒနာခေါ်တယ်။ သူကတော့ ကုသိုလ်လဲရတယ်၊ အကုသိုလ်လဲရှိတယ်၊ စုံလို့ပါပဲ။ သူကတော့ ကုသိုလ်တရားချည်းလဲ မဟုတ်ဘူး၊ ခုနက ဝိပဿနာတို့ သန်ါရုပေက္ခာတို့ ဒါတွေကတော့ ဝိပဿနာဆိုင်တာတွေ၊ ကုသိုလ် ဝေဒနာတွေ ဒါတွေက အကောင်းတွေပြောခဲ့တဲ့ ဆဋ္ဌင်ဗြဟ္မ ဗောဒ္ဓေါ် တတြစျာန်ပါရီဆိုတာတွေက ဒါတွေလဲ တတြမဇ္ဈတ္တာတာ အကောင်းတရားတွေချည်းပဲ၊ အညံ့ဒီအထဲမပါဘူး၊ အကောင်းချည်းပဲ၊ သူကတော့ အဲဒါ ဥပေက္ခာ ၁၀–မျိုးတဲ့၊ အဲဒီ ဥပေက္ခာ ၁၀–မျိုးထဲက ဥပေက္ခာ သမ္ဘောဒ္ဓေါင်ဆိုတာက ဒီဗောဒ္ဓေါင်က ဥပေက္ခာပေါ့။

အဲဒီ ဗောဒ္ဓေါ် ဥပေက္ခာ လက္ခဏာအားဖြင့် ဥပေက္ခာက ညီမျှစေသည်တဲ့၊ လက္ခဏာတဲ့၊ ရသအားဖြင့် တစ်ဖက်လိုက်ခြင်း ပယ်ခွင်းတတ်သည်၊ ပစ္စုပ္ဌာန်အားဖြင့် အလယ်ဗဟိုမှု ချိန်ကျနေသည်။ ဥပမာအားဖြင့်ဆိုရင် နွားစုံကောင်း နှင်မောင်းတူပေသည်၊ နွားစုံကောင်းလို့ စုံကောင်းတဲ့နွားတွေ သူ့ဟာသူ သွားနေတာကို လှည်းမောင်းသမားလိုပဲတဲ့၊ ဥပေက္ခာသမ္ဘောဒ္ဓေါင်ကတော့ သမ္ပယုတ်တရားတွေ အညီအမျှဖြစ်ပြီးတော့ ဝိပဿနာရှုမှတ်ပြီးတော့ သွားနေတာ၊ တစ်ခါတည်း ကြောင့်ကြမစိုက်ရဘဲနဲ့ သူ့အရှိန်လေးနဲ့သူ ညီမျှတော့ လိုက်သွားနေတာ၊ အဲဒါ ဥပေက္ခာ သမ္ဘောဒ္ဓေါင်ပဲတဲ့၊ အဲဒါ တရားအားထုတ်ဖူးမှပဲသိမယ်၊ တရားအားထုတ်ဖူးတာလေး တွေ့ဖူးမှသိမယ်၊ စာနဲ့ပေနဲ့တော့ ဟောနေကြတာပဲ၊ ဗောဒ္ဓေါင်ဆိုတာ ရှိနေကြတာပဲ၊ တချို့က ကျန်းမာရေးဖြစ်တယ် ဆိုပြီးတော့ အဖျင်းဆုံး ပရိတ်ကြီးထဲက ဗောဒ္ဓေါင်တော့ရနေတာပဲ။

ပရိတ်ကြီးထဲမှာ ဗောဒ္ဓိင် ၇–ပါးရှိတယ်၊ ဒါလေးတော့ ရနေတာပဲ၊ အဲဒီ ဗောဒ္ဓိင်တွေရနေပေမယ်လို့ ကိုယ့်သန္တာန်မဖြစ်ဖူးရင် ဒီဟာလေးက အညီအမျှဖြစ်နေပုံကလေးက သိဖို့အတော်ခက်တယ်၊ စာနဲ့ပေနဲ့ ကျမ်းဂန်တွေနဲ့ အဋ္ဌကထာဋီကာတွေနဲ့ ပို့ချရေးသားပြီး နေပေမယ်လို့ ကိုယ့်သန္တာန်မဖြစ်ဘူးရင် ဒါလေးသိဖို့ခက်တယ်၊ ဒီဟာ လွယ်လွယ်လေးနဲ့ ခက်နေတာ၊ သမ္မယုတ်တရားတွေ အညီအမျှဖြစ်တဲ့သဘောလေးဆိုတာ ညီမျှပြီးလိုက်နေတာ၊ တရားအားထုတ်ဖူးလို့ရှိရင် သူက ဘယ်ကစပြီး ဖြစ်လာတုန်းဆိုတော့ နာမရူပပရိစ္ဆေဒဉာဏ်က စဖြစ်လာတယ်၊ တတြမ္ဘတ္တတာ–ကောင်းတာကတော့ ဥဒယဗ္ဗယဉာဏ်ကျမှ ပိုပြီးကောင်းတာ၊ ညီမျှပြီးတော့ ကောင်းတယ်၊ သခ်ါရပေက္ခာဉာဏ်ကျရင် အကောင်းဆုံးပေါ့လေ၊ ကြောင့်ကြမစိုက်ရဘဲနဲ့ သူ့ဟာသူသွားနေတာ၊ ညီမျှပြီးတော့ လိုက်နေတာ၊ အင်မတန်ကို ကောင်းတယ်၊ အဲဒါလေးဟာ ဥပေက္ခာ သမ္ဗောဇ္ဈင်ပဲတဲ့။

ဥပမာအားဖြင့် နွားစုံကောင်း နှင်မောင်းတူလေသည်။ နွားစုံကောင်းအညီအမျှသွားနေတော့ ကြောင့်ကြမစိုက်ရဘဲနဲ့ လိုက်နေရတဲ့ နွားမောင်းသမားလိုပဲ အညီအမျှဖြစ်ပြီးတော့ လိုက်နေတယ်တဲ့၊ အဲဒီ ဗောဒ္ဓိင်ဟာ ဖြစ်ကြောင်းတရား ပြည့်စုံကြောင်းတရားတွေရှိပါသေးတယ်တဲ့၊ ယထာ စ–အကြင် အကြောင်းကြောင့်လည်း ဥပေက္ခာသမ္ဗောဇ္ဈင်္ဃ–အညီအမျှရှိသော ဥပေက္ခာသမ္ဗောဇ္ဈင်၏၊ အနုပ္ပန္နသ–မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒေါ–ဖြစ်ပေါ်လာခြင်းသည်၊ ဟောတိ–ဖြစ်၏၊ တဉ္စ–ထိုအကြောင်းကိုလည်း၊ ပဇာနာတိ–သိ၏၊ မဖြစ်သေးတဲ့ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ပေါ်လာတာ ဘာကြောင့်ဖြစ်တယ်ဆိုတဲ့ အကြောင်းလေး၊ အဲဒါလေးကို သိရမယ်။

အဲဒါ ဘာကြောင့်ဖြစ်တုန်းဆို မြတ်စွာဘုရားက ယောနိသော မနသိကာရပဲတဲ့၊ ဒီဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်အောင်လို့ ရှုမှတ်ဖနှလုံးသွင်းနေလို့ ဖြစ်လာတာတဲ့၊ ဒါကတော့ မလွဲဘူးပေါ့လေ၊ ရှေးက ဒီဟာဖြစ်အောင်လို့, ဒီလို အညီအမျှဖြစ်အောင်လို့, အမှတ်ကောင်းအောင်လို့, ကြောင့်ကြစိုက်ပြီး ရှေးက မှတ်လာတဲ့အတွက်တော့ ဒါလေးက ကောင်းတာကိုး၊ ရှုမှတ်တာ အချိုးမကျလို့ရှိရင် ဒါလေးက မကောင်းဘူး၊ တစ်ခါတရံကျ အရင်ကကောင်းသလို ကောင်းအောင်ဆို မဲပြီးအားထုတ်လိုက်မှ မညီမမျှဖြစ်ကုန်လို့ မကောင်းဘဲနဲ့ ဖြစ်နေတာရှိသေးတယ်၊ တချို့ယောဂီက တစ်ခါတည်း ကောင်းလာလို့ တစ်ခါက အမှတ်တွေကောင်းပြီး, ညီမျှပြီး အထူးကောင်းလာတော့ နောက်တစ်ခါလဲ ဒီလို ကောင်းဦးမှာပဲဆိုပြီးတော့ ကောင်းချင်အားကြီးနဲ့ တစ်ခါတည်း ကြောင့်ကြစိုက်ပြီးတော့ အတင်း တွန်းမှတ်တာကိုး။

အဲဒါ အကြောင်းမညီညွတ်တော့ မကောင်းဘူး၊ ဝိရိယတွေ လွန်နေတော့မကောင်းဘူး၊ မှန်မှန်လေး သူ့ဟာသူ သူ့တရားသဘောအတိုင်း သူ့ဟာသူဖြစ်မှာပဲ ဆိုပြီးတော့ ကိုယ့်အလုပ်ကလေး မှန်မှန်လေးရှုနေမှ ကိုယ်က သိပ်ကောင်းချင်လို့ သိပ်အားထုတ်လို့လဲ မဖြစ်ဘူး၊ ဖြစ်ချင်မှ ဖြစ်တာ၊ လျှော့ထားရင်တော့လဲမဖြစ်ဘူး၊ မှန်မှန်လေး ရှုနေကြအတိုင်း အစဉ်အတိုင်း လိုက်ပြီးရှုသွားမှ သူ့အချိန်ကျတော့ သူ ကြောင့်ကြမစိုက်ရဘဲနဲ့ မယုတ်မလွန်ညီမျှတဲ့ ဥပေက္ခာလေးတွေဖြစ်လာတယ်။

အဲဒါကြောင့် ယောနိသောမနသိကာရ–သင့်တင့်တဲ့ နှလုံးသွင်းမှု, ရှုမှတ်မှုကြောင့်ဖြစ်တာ ပါပဲတဲ့၊ မြတ်စွာဘုရားက ဟောတယ်၊ ဒီ ယောနိသော မနသိကာရလေးကို နှလုံးသွင်းတဲ့ပုဂ္ဂိုလ်က သိတယ်၊ ဘယ်လို, ဘယ်လိုဆိုတာ နှလုံးသွင်းလို့ ဒါအမှတ်ကောင်းလာတာပဲလို့ သိတယ်၊ ရှေ့နှားက ဒီလို နှလုံးသွင်းလာလို့ ဘယ်လိုမှလာလို့ ဘယ်လို အကောင်းဖြစ်လာတယ်ဆိုတာ ဒီလိုသိတဲ့အတွက် နောင်ကိုလဲ ကောင်းချင်လို့ရှိရင် အဲဒီလို အသိတရားလေးနဲ့ထားပြီးတော့ မှတ်သွားရမယ်၊ ဒါလေးလဲ မှတ်ထားရမယ်၊ အဋ္ဌကထာက

ပဌ ဓမ္မာ ဥပေက္ခာသမ္ဗောဇ္ဈင်္ဃ ဥပ္ပါဒါ သံဝတ္တန္တိ။

ငါးပါးသော တရားတွေဟာ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ဖို့ လာတာပဲ၊ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်စေတတ်တဲ့တရား ငါးပါးရှိတယ်၊ ဘာတွေလဲဆိုလို့ရှိရင် သတ္တမဇ္ဈတ္တတာ–သတ္တဝါတို့၌ အညီအမျှသဘောရှိသည်၏အဖြစ်၊ သတ္တဝါတွေလို သတ္တဝါနဲ့ စပ်ပြီးတော့ လျစ်လျူရှုနိုင်တဲ့သဘော ရှုနိုင်ရမယ်၊ သခ်ါရမဇ္ဈတ္တတာ သခ်ါရတို့နှင့် လျစ်လျူရှုသည်၏အဖြစ်၊ သခ်ါရတရားတွေမှာ လျစ်လျူရှုနိုင်ရမယ်တဲ့။

သဗ္ဗသခ်ါရ ဧလာယနပုဂ္ဂလ ပရိဝဇ္ဇန သခ်ါရတို့နှင့် ယုယု ယယ အလေးအမြတ်ပြုတဲ့ပုဂ္ဂိုလ်တို့နှင့် ကြဉ်ရှောင်ရမယ်တဲ့၊ ဒါလေး အကြောင်းတစ်ခုပဲ။

သတ္တသခ်ါရ သတ္တသခ်ါရ၊ အဧလာယနပုဂ္ဂလ သတ္တသခ်ါရမဇ္ဈတ္တ ပုဂ္ဂလတာ သေဝနတာ–သတ္တဝါသခ်ါရ၌ ယုယခြင်း, မြတ်နိုးခြင်း မရှိဘဲ လျစ်လျူရှုသောပုဂ္ဂိုလ်ကို မှီဝဲရမယ်၊ အဲဒါ အကြောင်းတစ်ခုပဲ။

'တထာဒိမုဒ္ဒတာ'ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်စေရန် ညွှတ်ကိုင်းခြင်းရှိသော စိတ်နှလုံးရှိသည်၊ အဲဒါလေး အကြောင်းတစ်ပါးပဲ၊ ၅–ပါးရှိသွားပြီ၊ အဲဒီ ၅–ပါး၊ ဒီမှာ ဆောင်ပုဒ်ပေးထားတယ်။

ပုဂ္ဂိုလ်ဝတ္ထု လျစ်လျူရှု မှတ်မှုထိုတွင်သာ။

ပုဂ္ဂိုလ်ကို လျစ်လျူရှုရမယ်၊ ဝတ္ထုကို လျစ်လျူရှုရမယ်၊ ၂–ခုပေါ့၊ တဒရိမုတ္တာတာ–ထိုတွင်မှတ်ရမယ်၊ ဒါက တစ်ခု၊ ၃–ခု၊ ကဲ ဒါလေး ရှေးဦးစွာ ဆိုကြစို့၊ ပြီးမှ အဓိပ္ပာယ်ပြောမယ်။

ပုဂ္ဂိုလ် ဝတ္ထု လျစ်လျူရှု မှတ်မှု ထိုတွင်သာ (ဆို–၃)။

ပုဂ္ဂိုလ်ဝတ္ထု လျစ်လျူရှုတဲ့၊ ပုဂ္ဂိုလ်လျစ်လျူရှုနိုင်ရမယ်၊ ဝတ္ထုကိုလဲ လျစ်လျူရှုရမယ်၊ ပုဂ္ဂိုလ်ဆိုတော့ သက်ရှိပုဂ္ဂိုလ်တွေ, နီးစပ်တဲ့ ပုဂ္ဂိုလ်တွေ, ကိုယ်နဲ့ နီးစပ်တဲ့ ပုဂ္ဂိုလ်တွေမှာ လျစ်လျူရှုနိုင်ရမယ်တဲ့၊ ဘယ်လို ရှုရမလဲ ဆိုတော့ ကာမသတ္တာ ပစ္စဝေက္ခဏတာ–ကံ၏အကျိုးကို ကံနှင့်ကံ၏အကျိုးသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်ဆိုတာ နှလုံးသွင်းရင် ခုနက ဒြဟ္မဝိဟာရပေကွာထဲက ဥပေက္ခာလေးနဲ့ နှလုံးသွင်းရမယ်၊ သဗ္ဗေကတ္တာ ကမ္မသကာပေါ့လေ။

အဲဒါလဲ ဥပေက္ခာသမ္ဘောဇ္ဈင်ဖြစ်ခြင်းအကြောင်းပဲတဲ့၊ ဒါနဲ့ မဟုတ်ဘဲနဲ့ ကိုယ်နဲ့စပ်တဲ့ပုဂ္ဂိုလ်တွေအတွက် ကြောင့်ကြစိုက်လွန်းအားကြီးနေလို့ရှိရင် ကိုယ်က ကောင်းစေချင်တာကို ချမ်းသာစေချင်, ကြီးပွားစေချင် ကိုယ်လိုတဲ့အတိုင်းက မဖြစ်ဘူးဆိုရင် စိတ်မချမ်းမသာတွေ အများကြီး ဖြစ်တတ်တယ်၊ ဥပေက္ခာ လျစ်လျူမရှုနိုင်ဘူး၊ အဲဒီတော့ မဖြစ်လုတဲ့ဟာတွေကျတော့ ခုနကအတိုင်း ကမ္မသကာရှုထားလိုက်မှာ သူ့ကံနဲ့ သူပဲလို့ နှလုံးသွင်းလိုက်တော့ သူလဲ သူ့ကံနဲ့သူပဲ၊ ငါလဲ ငါ့ကံနဲ့ငါပဲ၊ သူများ ကိုယ်အတွက် စဉ်းစားရင်လဲပဲ ဟိုရှေးက ကံအားလျော်စွာ အကျိုးပေးနေတာပဲလို့ သူများတွေအတွက်လဲ သူ့ကံနဲ့သူပဲ၊ ကိုယ်နဲ့စပ်တဲ့ပုဂ္ဂိုလ်တွေ သူ့ကံနဲ့သူပဲ၊ ကိုယ်နဲ့မုန်းတဲ့ ပုဂ္ဂိုလ်တွေရှိလဲ သူ့ကံနဲ့သူပဲ၊ အကုန်လုံးပေါ့လေ၊ တစ်ခါတည်း အဲဒါ ကံအားလျော်စွာ သူ့အကျိုးပေးနေတာပဲလို့ နှလုံးသွင်းလိုက်လို့ရှိရင် အဲဒီ နှလုံးသွင်းတဲ့အခါ ဒြဟ္မဝိဟာရ ဥပေက္ခာဖြစ်တယ်၊ ဒြဟ္မဝိဟာရ ဥပေက္ခာမှီပြီးတော့ တရားအားထုတ်တဲ့အခါမှာ ဗောဒ္ဓေါင် ဥပေက္ခာတွေ ဆက်ပြီးသကာလ ဖြစ်လွယ်တာပေါ့လေ၊ သူကနီးစပ်လို့ သူကဆိုတာ၊ အဲဒီလိုဆိုရုံနဲ့ အားလုံးသတ္တဝါတွေဟာ သူ့ကံနဲ့သူပဲလို့ နှလုံးသွင်းကနေ ဗောဒ္ဓေါင်ဖြစ်လိမ့်မယ်လို့ ဒီလိုတော့မဟုတ်ဘူး၊ နီးစပ်လို့ နီးစပ်တာချင်းဆက်သွယ်ပြီး သိရအောင်လို့ ညွှန်ကြားပြီးတော့ထားတယ်၊ ကိုယ့်ကိုယ်အတွက်ဖြစ်ဖြစ်၊ သူများကိုယ်အတွက်ဖြစ်ဖြစ် ကိုယ့်ကိုယ်အတွက် ကိုယ်လိုတာတွေ မပြည့်စုံဘူး၊ နို့မို့သူများ အနှောက်အယှက်ပေးလို့ကို ဖြစ်ချင်တာတွေ မဖြစ်ရဘူးဆိုရင် စိတ်မချမ်းမသာတွေ ဖြစ်တတ်တာပဲ၊ ကိုယ်နဲ့စပ်တဲ့ ပုဂ္ဂိုလ်အတွက် ကောင်းစားစေချင်လို့ မကောင်းစားလို့ရှိရင်လဲ စိတ်မချမ်းသာမှု ဖြစ်တတ်တယ်၊ ကိုယ်နဲ့မတည့်တဲ့ ပုဂ္ဂိုလ်တွေ ကြီးပွားချမ်းသာနေတာ အကြောင်းပြုပြီးတော့လဲ အဲဒါတွေကိုလဲ စိတ်မချမ်းမသာဖြစ်တတ်တယ်။

အဲဒါတွေနဲ့စပ်ပြီးတော့ ကြောင့်ကြဗျာပါရ ဘာမှမစိုက်ဘဲနဲ့ လျစ်လျူရှုနေရအောင် ကံ–ကံ၏အကျိုးနှလုံးသွင်းပါတဲ့၊ ကမ္မသကာ ပစ္စဝေက္ခဏတာ၊ ကံအတိုင်းပဲလို့ သူများတွေလဲ သူ့ကံနဲ့သူဖြစ်နေတာ၊ ငါလဲ ငါ့ကံနဲ့ ငါပဲလို့ ဒီလိုနှလုံးသွင်းလိုက်တော့ သက်သာရာရသွားတာပေါ့၊ အဲဒီလိုဆိုတော့ အဲဒီလို ဒြဟ္မဝိဟာရဥပေက္ခာနဲ့ လျစ်လျူရှုနေနိုင်တဲ့အခါမှာ ဝိပဿနာရှုလိုက်လို့ရှိရင် ဥပေက္ခာသမ္ဘောဇ္ဈင် ဖြစ်တတ်တယ်၊ ဒါကြောင့်မို့လို့ အနိစ္စလို့ ဟောထားတယ်၊ နောက်တစ်ခုက နိသတ္တနိဗ္ဗိဝ–ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုပြီး နှလုံးသွင်းနိုင်ရမယ်တဲ့၊ ကိုယ့်အတွက် ကောင်းစား ချမ်းသာရေး လိုလားတောင့်တ နေတယ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် ထင်မှတ်စွဲလမ်းနေသလိုပဲ၊ သူများအတွက် ကောင်းစားစေချင်တယ်, မကောင်းစားစေချင်တယ်ဆိုတာတွေဟာလဲပဲ ဒါကလဲ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ထင်မှတ်စွဲလမ်းနေလို့ပဲ။

အဲဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုတာကိုလဲ နှလုံးသွင်းနိုင်ရမယ်၊ ရုပ်တရား နာမ်တရားရှိတာပဲ, ရုပ်နဲ့နာမ်ပဲ ရှိတယ်၊ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ကသာသိတယ်၊ သာပြီးတော့ ထင်ရှားသေးတာပဲ၊ ရုပ်နဲ့နာမ်နဲ့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိဘူး၊ သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့ ရုပ်နဲ့နာမ်တရားရှိတာပဲ၊ သည်လို နှလုံးသွင်းလိုက်တော့လဲပဲ ကိုယ့်အတွက်ဖြစ်စေ၊ သူများအတွက်ဖြစ်စေ ကြောင့်ကြဗျာပါရတွေ ဘာမှမရှိတော့ဘူး၊ ကြောင့်ကြဗျာပါရမရှိတဲ့အခါကာလမှာ ဝိပဿနာရှုလိုက်လို့ရှိရင် ဒီဥပေက္ခာသမ္ဘောဇ္ဈင်ကို ရောက်သွားတာပဲ ရောက်သွားတတ်ပါတယ်။

အဲဒါ အရေးကြီးတယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ အဲဒါကအရေးကြီးတယ်၊ ကိုယ့်အတွက်ဖြစ်ဖြစ် သူများအတွက်ဖြစ်ဖြစ် ကြောင့်ကြစိုက်စရာလေးတွေက ရှိနေကြတာပဲ၊ မရှိပါဘူးလို့ လုံးလုံးကင်းနေတဲ့သူ ဘယ်ရှိမလဲ၊ ရှိတယ်၊ ကြောင့်ကြစရာလေးတွေရှိနေတာပဲ၊ အဲဒီကြောင့်ကြတွေ မပယ်နိုင်လို့ရှိရင် တရားက လွယ်လွယ်နဲ့မဖြစ်နိုင်ဘူး၊ အရွယ်ကြီးတဲ့ပုဂ္ဂိုလ်တွေ သာပြီးတော့ကြောင့်ကြ စိုက်ရသေးတယ်၊ ငယ်ငယ်ပုဂ္ဂိုလ်တွေကမှ သန်သန်စွမ်းစွမ်းနဲ့ စွမ်းဆောင်နိုင်လို့ရှိရင် စွမ်းဆောင်နိုင်တာ တော်သေးတယ်၊ အရွယ်ကြီးလာပြီဆို လူကလဲ သိပ်လဲ မစွမ်းဆောင်နိုင်တော့ဘူး။

ဒါပေမယ်လို့ သူများလဲသိပ်အားမကိုးရဘူး၊ ကိုယ်က ဆောင်ရွက်ပေးမှုဖြစ်မလိုလို, ကိုယ်မရှိရင် မဖြစ်တော့ဘူးလိုလို၊ တစ်ခါတည်း သိပ်ကြောင့်ကြစိုက်တာ၊ အဘွားကြီးတွေ, အဘိုးကြီးတွေ သိပ်ကြောင့်ကြစိုက်တယ်၊ သူတို့က လူငယ်တွေအတွက် စိတ်မချဘူး၊ ဒါပေမယ့် သူလဲ ဘာမှမလုပ်နိုင်ဘူး၊ အဲဒီလိုဟာတွေရှိတာကိုး၊ အဲဒီပုဂ္ဂိုလ်တွေ တရားအားထုတ်လို့

ဘယ်ထုတ်နိုင်ဦးမှာလဲ၊ မထုတ်နိုင်ဘူး၊ တရားအားထုတ်နေတုန်း သိပ်ပြီးတော့ ကြောင့်ကြစိုက်နေတာနဲ့ ဥပေက္ခာသမ္ဗောဇ္ဈင် မရောက်ဘူး။

အဲဒီတော့ ဒီလိုပုဂ္ဂိုလ်တွေက အရေးကြီးတယ်၊ ဒါကတော့ ကံပဲ၊ ကမ္မသကာပဲလို့ ဒီလိုနှလုံးသွင်းလိုက်တော့ သူ့ကံနဲ့ သူ, သူ့ဟာနဲ့သူ အကျိုးပေးနေတာ၊ ဒို့မရှိ သေသွားတဲ့နောက်လဲ သူ့ဟာသူ ပုံတော်သလို ဖြစ်နေမှာပဲလို့ နှလုံးသွင်းလိုက်တော့ အေးသွားတာပဲ၊ တရားကို စိတ်အေးလက်အေး အားထုတ်နိုင်တယ် ပုဂ္ဂိုလ်သတ္တဝါရယ်လို့ရှိတာမဟုတ်ဘူး၊ ငါရယ်, သူရယ်ဆိုတာ လောကဝေါဟာရပဲ၊ ရုပ်နာမ်တွေဟာ သူဖြစ်ပျက်နေတဲ့ တရားတွေပဲဆိုပြီး နှလုံးသွင်းလိုက်ရင်လဲပဲ ကြောင့်ကြဗျာပါရ နည်းသွားတာပဲ၊ ကြောင့်ကြဗျာပါရအေးတဲ့အခါကာလမှာ တရားနှလုံးသွင်းလိုက်ရင် ဥပေက္ခာသမ္ဗောဇ္ဈင်တွေ ဖြစ်လာတတ်ပါတယ်၊ ဒါ ကျေးဇူးများပါတယ်၊ အရေးကြီးတယ်။

ဒါကြောင့် ပုဂ္ဂိုလ်ဝတ္ထု၊ ပုဂ္ဂိုလ်ကိုလျစ်လျူရှုနိုင်ရမယ်၊ ဒါတစ်ချက်၊ ဒါကြောင့်မို့ ဒီမှာ ကော်မာလေးဆွဲထားတယ်၊ "ပုဂ္ဂိုလ်, ဝတ္ထု"လျစ်လျူရှု ဒါလေးကတစ်ပိုဒ်နော်၊ တော်ကြာ ၇–ပါးမစ့ေဘဲနေမှာစိုးလို့ ပုဂ္ဂိုလ်ဝတ္ထုနဲ့ နှစ်ခုပေါင်းလိုက်မှ တစ်ခုဆိုလျှောသွားလိမ့်မယ်၊ ငါးခုမဖြစ်ဘဲနဲ့ ၄–ခုဖြစ်နေမှာစိုးလို့ ကော်မာလေးဆွဲထားတယ်၊ ပုဂ္ဂိုလ် လျစ်လျူရှုဒါက တစ်ခုယူရမယ်၊ ဝတ္ထုလျစ်လျူရှု–ဝတ္ထုဆိုတာကတော့ သက်မဲ့ ဝတ္ထုပစ္စည်းတွေ သခ်ါရကို ပါဠိမှာတော့ သခ်ါရလို့သုံးတယ်၊ သက်မဲ့ဝတ္ထုပစ္စည်း ဒါသက်မဲ့ဝတ္ထုပစ္စည်းတွေကိုလဲ ကြောင့်ကြဗျာပါရတွေ စိုက်နေလို့ရှိရင်လဲ ဒါကလဲ ဥပေက္ခာ လျစ်လျူရှုပြီးတော့ ဥပေက္ခာသမ္ဗောဇ္ဈင်မဖြစ်နိုင်ဘူး။

ကြောင့်ကြ စိုက်လွန်းအားကြီးနေရင် ဒါက လောကဆိုရင်တော့ လောကကြီးကြောင့်ကြ စိုက်စရာတွေ အများကြီးရှိတာပေါ့၊ လောကမှာ ကိုယ့်အသုံးအဆောင် ပစ္စည်းတွေနဲ့ စပ်ပြီးတော့ ဒါလေးက ငါမရှိလို့ရှိရင် ဒါလေး လုံမှလုံခြုံပါ့မလား၊ ဒီအလုပ်ကလေးက ရှေ့လျှောက်ပြီးတော့ ပျက်များသွားမှာလေလား စသည်ဖြင့် စဉ်းစားစရာတွေ အများကြီးရှိပါတယ်၊ လူ့လောကမှာတော့ ရဟန်းတွေမှာလဲရှိတာပဲ၊ ရဟန်းတွေမှာလဲ ကိုယ့်စည်းစိမ်ပစ္စည်းတွေနဲ့ ကိုယ့်ဟာကိုယ် သာယာနေ, သဘောကျနေ, ရချင်နေ, ကြောင့်ကြနေ, ဒီလိုစိုးရိမ်စရာတွေရှိတယ်၊ အဲဒီတော့ ကြောင့်ကြစရာတွေများနေလို့ရှိရင် ဥပေက္ခာသမ္ဗောဇ္ဈင် မဖြစ်နိုင်ဘူး၊ လျစ်လျူရှုပြီး တရားအားမထုတ်နိုင်ဘူး။

အားထုတ်နိုင်အောင်လို့ ဘယ့်နဲ့လုပ်ရမလဲဆိုလို့ရှိရင်ဖြင့် သူလဲပဲ လျစ်လျူရှုပါ၊ လျစ်လျူရှုတော့ ဘယ်လိုလျစ်လျူရှုရမလဲဆိုတော့ တာဝကာလိက–အခိုက်အတန့်ပဲလို့ စဉ်းစားထားရတယ်၊ တာဝကာလိက–အခိုက်အတန့်ပဲလို့ အခိုက်အတန့်မျှပါပဲ၊ မြဲတဲ့တရားမဟုတ်ဘူး၊ ဥပမာ အဝတ်အထည်ဆိုပါတော့ အဝတ်အထည်ကလေး ရလာကာစဆိုရင် မရဘူးတာလေး ရလာတဲ့အခါ သာယာတယ်၊ မရဘူးတာလေး ကိုယ်ကလဲ လိုချင်နေရင် ဒီ ဝတ္ထုကလေးကို ရလာလို့ရှိရင် သာယာတယ်၊ အဲ–သာယာပြီးတော့ ဒါလေး ကြောင့်ကြစိုက်ပြီးတော့ နေလို့ရှိရင် တရားနှလုံးသွင်းဖို့ရာ အနှောက်အယှက် ဖြစ်နိုင်တာပဲ။

အဲဒီ အဝတ်အထည်လေးဟာ စဉ်းစားကြည့်ပါတဲ့၊ သူဘယ်လောက်အထိတောင်ခံမလဲတဲ့၊ တော်တော်ကြာ ဟောင်းနွမ်းသွားမှာပဲ ဟောင်းပြီးတော့ ဆွေးမြေ့သွားမယ်၊ ကျီးတွေညော့်တွေနဲ့ ကြာတော့ သိပ်ပြီးတော့ ဟောင်းနွမ်းညစ်ပေပြီးသကာလ ဘာမှသုံးမဖြစ်တဲ့အထိ ရောက်သွားတာပဲ ဥပမာ ၁၀–နှစ်၊ ၁၅–နှစ်နေတဲ့အခါ ဒီအဝတ်အထည်လေးဟာ ဘာမှအသုံးမကျဘူး၊ တချို့လဲ တစ်နှစ်လောက်နဲ့ မကောင်းတော့ပါဘူး၊ ထားပါတော့ တစ်နှစ်လောက်တော့ ထားလို့ကောင်းတယ် ထားပါတော့၊ ၁၅–နှစ်လောက်ရှိရင် အသွေးအရောင် ဒီအထည်ကလေးဟာ အဲဒီကျတော့ ဘာမှမကောင်းတော့ဘူး၊ အဲဒီကနောက် အမှိုက်ပုံထဲ ရောက်သွားမှာပဲ၊ အမှိုက်ပုံထဲ ပစ်ထားရာက တဖြေးဖြေး ဆွေးပြီးတော့ အမှုန့်ကလေးတွေဖြစ်ပြီး ပျက်စီးသွားတယ်၊ နောက် ၁၅–နှစ်၊ အနှစ် ၂၀–လောက်ဆိုရင် အမှုန့်တောင်ရှာလို့မရတော့ဘူး။

အဲဒီတော့ အခိုက်အတန့်မျှတည်တဲ့ ပစ္စည်းလေးပဲလို့ ဒါလေးသာယာနေလို့ရှိရင်ဖြင့် မသင့်ဘူးလို့ အောက်မေ့နေပြီးသကာလ နှလုံးသွင်းလျစ်လျူရှုနေရမှာပဲ၊ ဒီတော့ တစ်နည်းအားဖြင့်ဆိုရင် ဝတ္ထုပစ္စည်းကလဲ မပျက်နဲ့ဦးတော့ ကိုယ်က ပျက်သေးတာကိုး၊ ပစ္စည်းတွေ ကိုယ်ပိုင်နေတဲ့ ပစ္စည်းရယ်လို့, ကိုယ့်ပစ္စည်းရယ်လို့ အနေအားဖြင့် ကိုယ်က သိမ်းပိုက်ပြီးထားရော၊ ကိုယ်ကလဲ အမြဲတမ်း တည်နေတာမဟုတ်ဘူး၊ တစ်နေ့ကျလို့ရှိရင် ကိုယ်ကပဲ ပစ္စည်းတွေ တည်နေသော်လည်း ကိုယ်က မရှိတော့ဘူး၊ အသက်အတိုင်းနေပြီးသကာလ သေသွားတာထားပါတော့ လတ်တလောသေတာကို မဆိုလိုပါဘူး၊ အသက်အတိုင်းနေပြီးတော့ ၇၀–၈၀–၉၀–နေတဲ့အခါကာလ ကိုယ်က သေသွားမှာကိုး၊ ၇၀–၈၀–၉၀–က ဟိုဘက်ကျတော့ ဒီပစ္စည်းက ကိုယ့်ဟာမဟုတ်တော့ဘူး။

ဒီလိုဟုတ်ကဲ့လား ကိုယ်ကတော့ မရှိဘူး၊ ပစ္စည်းကတော့ ရှိနေဦးမှာပဲ၊ မပျက်မည့် ပစ္စည်းတွေကရှိနေဦးမှာပဲ၊ တို့မှာ အိမ်တို့တိုက်တို့ အခိုင်အမာတွေ ဒီဟာတွေ ဆိုလို့ရှိရင် ရှိရင်လဲ ရှိနေမှာပဲ၊ လောက ဥပမာ မြို့ကြီးတွေ, ပြကြီးတွေလို လမ်းတွေ, သစ်ပင်တွေ, တောတွေ, တောင်တွေ, ဒါတွေကတော့ ဒီလိုနေမှာပဲ၊ လောက လူတွေကသာ ဥပမာ သေသေပြီးတော့

ပျောက်ပျောက်သွားတယ်၊ နောက်အနှစ်တစ်ရာလောက် နေလဲ ဒီလိုနေမှာပဲ၊ အနှစ် ၂၀၀–လောက်နေလဲ ရှိဦးမှာပဲ၊ ၃၀၀–လောက်နေလဲ ရှိမှာပဲ၊ လူကတော့ မရှိဘူး။

ဒီတော့ ပစ္စည်းဆိုတာဟာ အခိုက်အတန့်မျှ သုံးဆောင်တာတွေပဲလို့ နှလုံးသွင်းလိုက်ရင်လဲပဲ ဒါတွေကြောင့်ကြစိုက်စရာ သက်သာတာပေါ့၊ အဲဒီလို လျစ်လျူရှုနေရမယ်တဲ့၊ ဒါကြောင့် ပုဂ္ဂိုလ် ဝတ္ထု လျစ်လျူရှု ညွှတ်မှု ထိုတွင်သာ၊ ဥပေက္ခာသမ္ဘောဇ္ဈင်ဖြစ်ဖို့ရာလဲ စိတ်ညွှတ်ပြီးသကာလ အားထုတ်ရမယ်၊ ဒါတော့ ရှုမြင်ရှုနေရုံပါပဲ၊ စိတ်ညွှတ်နေဖို့ရာတောင် မလိုပါဘူး၊ ဥပေက္ခာသမ္ဘောဇ္ဈင်ဖြစ်ဖို့ရာ တရားကောင်းဖို့အတွက် တစ်မှတ်ပြီးတစ်မှတ် မှတ်ရုံလေးပဲရှုမှတ်ပြီးသကာလ သွားနေရုံလေးပါပဲ ဒါကို ဆိုလိုပါတယ်၊ အဲဒါလေး ဆိုရမယ်။

ယုယသူအား ပယ်ရှောင်ရှား စိတ်ထားမျှသူမှီဝဲပါ။ (ဆို–၃)။

ယုယသူအား သခ်ါရာ ဧလာယနပုဂ္ဂလ ပရိဝဇ္ဇနတာ–သခ်ါရ သတ္တဝါ ဝတ္ထုပစ္စည်း အဲဒါတွေအပေါ်မှာ ကေလာယန–ယုယုယယအမြတ်တနိုး လုပ်နေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်တဲ့၊ အဲဒီလိုပုဂ္ဂိုလ်တွေနဲ့ မပေါင်းနဲ့တဲ့၊ ဒီလိုဆိုလိုပါတယ်၊ တချို့ ယုယတယ်၊ သိပ်ယုယတယ်၊ အဌကထာစာထဲက ပြောတဲ့အတိုင်းပဲ ဘုန်းကြီးပြောတာပါ လူတွေဆိုလို့ရှိရင် အရပ်ထဲလူတွေဆိုလို့ရှိရင် သားလေး သမီးလေးတွေ သိပ်ယုယတယ်တဲ့၊ ကိုယ့်သားမှ သား ကိုယ့်သမီးမှ သမီး, အဲဒါတွေက သိပ်ယုယတယ်၊ အထူးကြောင့်ကြစိုက်နေတာပဲ၊ ဒါက လူတွေကိုး၊ ကျမ်းကတော့ ဘုန်းကြီးတွေ လေ့လာပြီး ရေးထားတယ်၊ ရဟန်းတွေကလဲ ကိုယ့်တပည့်လေးတွေ ဘာလေးတွေရှိသတဲ့၊ ဒါလေးတွေ ကြောင့်ကြစိုက်ပြီး ဟုတ်တယ်ထင်နေတာ။ ဒါလေးတွေက ကြောင့်ကြစိုက်စရာမှတ်ပြီး တစ်ချို့ ရဟန်းတွေက ကိုယ့်တပည့်လေး ဘာလေးတွေကို အထူးတွေကို တစ်ခါတည်း ဂရုစိုက်တာ ရှိသေးတယ်၊ ဒါကြောင့် ဒ့ီပြင်တပည့်တွေက တကယ်တောင် မကျေနပ်ဘူး၊ ဘယ်ကျရင် ပိုဂရုစိုက်တယ်ဆိုပြီးတော့ တော်တော်မကျေနပ်ကြဘူး ရှိတယ်၊ အဲဒီလို ယုယုယယလုပ်နေတဲ့ ပုဂ္ဂိုလ်ကို ယုယုယယနေတဲ့ ပုဂ္ဂိုလ်တွေ သားသမီးဖြစ်စေ၊ နီးစပ်တဲ့ပုဂ္ဂိုလ်တွေပေါ့၊ ကိုယ်က ကြောင့်ကြစိုက်နေ အစစအရာရာ ကိုယ်က ဆောင်ရွက်နေတာ၊ ဘာမဆို မပြည့်စုံ ပြည့်စုံရအောင် ဆောင်ရွက်နေတာ။

ဥပမာတပည့်ဆိုရင် ခေါင်းလေးဘာလေး ရိပ်ပေးဦးတော့ သူကိုယ်တိုင် ရိပ်ပေးလို့ အစစအရာရာ ဆောင်ရွက်နေတာ ဒီလိုဟာတွေ လုပ်နေတာကိုး၊ အဲဒီလို ပုဂ္ဂိုလ်ကို သူများကများလာပြီးတော့ ဒီကလေးကို ခဏထည့်လိုက်ပါဦးဆိုရင် မကျေနပ်ဘူးတဲ့၊ သဘောမကျဘူးတဲ့၊ အမယ်ဒီကလေးထည့်လိုက်ရင် ပင်ပန်းနေမှာပေါ့၊ ကိုယ်တောင်မှ မခိုင်းရက်ဘူး၊ ပင်ပန်းမှာစိုးလို့ ကိုယ်တောင် မခိုင်းရက်ဘူး၊ အရှင်ဘုရားတို့ ဘယ်ထည့်နိုင်ပါ့မတုံးဆိုပြီးတော့ ဒီလိုပေမဲ့ ငြင်းတတ်သေးတယ်။

ကျမ်းဂန်တွေကပြောတယ်၊ အဲဒါ စာထဲကပြောတဲ့အတိုင်းပဲ၊ ခုကာလလဲရှိတယ်၊ ဒီဥစ္စာက လူဆိုတော့ပြောစရာ မရှိဘူးပေါ့၊ ကိုယ့်သားသမီးဟာကိုး၊ ကိုယ့်သားသမီးဆိုတော့ သာပြီး ယုယမှာပေါ့၊ အဲဒီလို ယုယပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေ ယုယနေတဲ့ပုဂ္ဂိုလ်တွေနဲ့ မပေါင်းနဲ့တဲ့၊ ယုယတဲ့ပုဂ္ဂိုလ်တွေနဲ့ မပေါင်းနဲ့တဲ့၊ ပေါင်းရင် ကိုယ်လဲယုယပြီးတော့ ကိုယ်နဲ့ဆက်စပ်တာလေးတွေ ယုယလုပ်နေတော့ ဟုတ်တယ် အတုဆိုတာ လိုက်တတ်တယ်၊ ယုယုယယလုပ်နေလို့ရှိရင် ဒီတရားကို လျစ်လျူရှုပြီးတော့ တရားကို အားထုတ်နိုင်မှာ မဟုတ်ဘူး၊ ယုယတဲ့ဥစ္စာအကျင့်ပါနေတာ။

ပြီးတော့ ဝတ္ထုပစ္စည်း ယုယတဲ့ပုဂ္ဂိုလ်၊ ဝတ္ထုပစ္စည်းလဲ အဖိုးတန်ပစ္စည်းလေးတွေ ယုယနေတာရှိတယ်တဲ့၊ တသသနဲ့ သူ့ဟာလေး ညစ်ပေသွားမစိုးလို့ ကိုယ်တောင်မှ သိပ်မကိုင်ရက်ဘူးပေါ့လေ၊ ရှိသေနေတာ၊ သူများကိုင်မှာဆိုတော့ သိပ်စိုးရိမ်တာ၊ သူများသွားကိုင်မှဖြင့် ပျက်သွားမှာ ပြုသွားမှာသိပ်စိုးရိမ်နေတာ၊ အဲဒီလိုဟာ ရှိတာကိုး၊ အဲဒီလို ယုယနေတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်တဲ့၊ ဒါကတော့ သက်ရှိသက်မဲ့ နှစ်ခုရှိတယ်၊ သက်ရှိသက်မဲ့ နှစ်ခုလုံးကို ပေါင်းပြီးတော့ဆိုထားတယ်၊ ယုယတဲ့ပုဂ္ဂိုလ် သက်ရှိဝတ္ထုပစ္စည်း, သက်မဲ့ဝတ္ထု ပုဂ္ဂိုလ် ပစ္စည်းဖြစ်ဖြစ်၊ ယုယတဲ့ ပုဂ္ဂိုလ် ရှိပါတယ်တဲ့၊ အမြတ်တနိုး ပြုနေတဲ့ ပုဂ္ဂိုလ်တွေ အဲဒီလို ပုဂ္ဂိုလ်တွေရှောင်ပါ၊ ဒီလိုပုဂ္ဂိုလ်တွေနဲ့ အထူးအားဖြင့် တရားအားထုတ်နေတဲ့ အခါပေါ့လေ၊ တရားအားထုတ်နေတဲ့ အခါကာလမှာ အဲဒီလို ပုဂ္ဂိုလ်တွေနဲ့ရောပြီးနေလို့ရှိရင် တရားနည်းနည်းပျက်တာပေါ့၊ သူ့လို အတုလိုက်သွား မယ်ဆိုရင်တော့ သာဆိုးတာပေါ့၊ သူ့လို အတုလိုက်သွားမယ်ဆိုရင် အဲဒီလို ပုဂ္ဂိုလ်က ကိုယ့်ပစ္စည်းလေးတွေ ကိုယ့်ဟာလေးတွေ ဆို သိပ်ဂရုစိုက်တယ်၊ အဲဒါတွေ ဥပေက္ခာသမ္ဘောဇ္ဈင် မဖြစ်တတ်ဘူး။

ဒါကြောင့်မို့ ဒီလိုပုဂ္ဂိုလ် ကြဉ်ရှောင်ရမယ်တဲ့၊ မယုယတဲ့ပုဂ္ဂိုလ် ယုယုယယမလုပ်ဘဲနဲ့ ကိုယ့်ကိုယ်အတွက်လဲ မယုယဘူး၊ ကိုယ်နဲ့စပ်တဲ့ ပုဂ္ဂိုလ်အတွက်လဲ မယုယဘူး၊ ဝတ္ထုပစ္စည်းတွေလဲ မယုယဘူး၊ ယုယုယယမလုပ်ဘူး၊ ဂရုမစိုက်ဘူး၊ လျစ်လျူရှုပြီးနေတတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ရှိသေးတာကိုး၊ အဲဒီလို ပုဂ္ဂိုလ် မှီဝဲပါတဲ့၊ စိတ်ထားမျှသူဆိုတာ ဒါပဲ၊ စိတ်ထား ညီညီမျှမျှထားနိုင်တဲ့ ပုဂ္ဂိုလ်တဲ့၊ ယုယခြင်းမရှိဘဲနဲ့ ညီညီမျှမျှထားနိုင်တဲ့ပုဂ္ဂိုလ်တွေ မှီဝဲပါတဲ့၊ အထူးအားဖြင့် အရေးကြီးတာကတော့ ဆရာသမားတွေ ပိုအရေးကြီးတယ်၊ ဆရာသမားက ကိုယ်ယုယုယယ လုပ်တဲ့ ပုဂ္ဂိုလ်ဆီက ဆရာလုပ်လျှင် တပည့်ကလဲ ဒီလို အတုလိုက်သွားမှာပဲ၊ မဖြစ်ဘူး၊ သူ့ဟာ ဆရာသမားက ယုယုယယမရှိဘူး၊ ပုဂ္ဂိုလ်လဲ ယုယုယယ မရှိဘူး၊ သူများတွေကိုလဲ

ယုယုယယမရှိဘူး၊ ဝတ္ထုပစ္စည်းတွေပေါ်လဲ ငဲ့ကွက်တွယ်တာပြီး ယုယုယယအလေးအမြတ် ပြုနေတာမရှိဘူး၊ ဒီလိုပုဂ္ဂိုလ်မှိုဝဲပါတဲ့၊ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်တတ်ပါတယ် ဒီလိုဆိုပါတယ်။

ယုယသူအား ပယ်ရှောင်ရှား ဒါကတစ်ခု၊ စိတ်ထားမြတ်သူ မှိုဝဲပါဆိုတာက မယုယတဲ့ပုဂ္ဂိုလ်တဲ့၊ ပါဠိလို ပါဠိလိုက်ပြီးစစ်မယ်ဆိုရင် ဒီလိုမဖြစ်ဘူး၊ တစ်ခုတည်းနဲ့မပြီးနိုင်ဘူး၊ ဒါကြောင့်မို့ အဓိဗ္ဗာယ်ရရဲ့ ဒီမှာစီထားရတယ်၊ ပါဠိကတော့ သတ္တ သခ်ါရ ဧလာယနံ ပုဂ္ဂလပရိဝဇ္ဇနတာ–သတ္တဝါ သခ်ါရ ဝတ္ထုတို့ကို အမြတ်တနိုး ယုယုယယပြုလေ့ရှိသော ပုဂ္ဂိုလ်ကိုကြဉ်ရှောင်ခြင်း၊ အဲဒါကတစ်ခု၊ 'သတ္တဝါသခ်ါရ မေဒ္ဓတ္တ ပုဂ္ဂလ ပရိဝဇ္ဇနတာ' သတ္တဝါ သခ်ါရတို့၌ လျစ်လျူရှုသော ပုဂ္ဂိုလ်ကို အညီအမျှရှုသောပုဂ္ဂိုလ်ကို မှိုဝဲခြင်း၊ အဲဒါ အညီအမျှရှုသောပုဂ္ဂိုလ်ကို ဒီမှာ စိတ်ထားမျှယူမှိုဝဲပါ၊ ဒီလို ဆောင်ပုဒ်ကလေးပေးထားတယ်၊ ဒါပါပဲ၊ ယုယသူအား ပယ်ရှောင်ရှား စိတ်ထားမျှသူ မှိုဝဲပါ၊ ၅-ခုရှိသွားပြီး ဥပေက္ခာပွား အကြောင်းငါးပါး ညွှန်ကြားဌကထာ၊ ဒါလေးက နိဂုံးလေး။

ဥပေက္ခာပွား အကြောင်းငါးပါး ညွှန်ကြား ဌကထာ။ (ဆို–၃)

ဥပေက္ခာ သမ္ဗောဇ္ဈင်ပွားခြင်း၏ အကြောင်း ၅-ပါးတဲ့ ဒီအကြောင်းငါးပါး ထိုက်သင့်သည့်အားလျော်စွာ ဒီအကြောင်းငါးပါးပြည့်စုံအောင် အားထုတ်ပြီးတော့ ဥပေက္ခာသမ္ဗောဇ္ဈင်ကို များများအားထုတ်ရမယ်လို့ ဆိုလိုပါတယ်၊ အဲသလို ပွားများလို့ရှိရင် ဒီဥပေက္ခာသမ္ဗောဇ္ဈင် ဟာ ပြည့်စုံသွားမှာပဲ၊ ဘယ်ကျမှ ပြည့်စုံမလဲဆိုရင် အရဟတ္တမဂ်ကျမှ ပြည့်စုံမယ်။

ယထာစ–အကြင် အကြောင်းကြောင့်လဲ၊ ဥပ္ပန္နသ–ဖြစ်ပေါ်ပြီးသော၊ ဥပေက္ခာသမ္ဗောဇ္ဈင်သ–ဥပေက္ခာသမ္ဗောဇ္ဈင်၏၊ ဘာဝနာယပါရိပူရိ–ပွားများမှုပြည့်စုံသည်၊ ဟောတိ–ဖြစ်၏၊ တဉ္စ–ထိုအကြောင်းကိုလည်း၊ ပဇာနာတိ–သိ၏၊ ဥပေက္ခာ–အစဉ်အတိုင်းပွားပြီးတော့၊ ဗောဇ္ဈင်တွေ ပြည့်စုံသွားတာ၊ အရဟတ္တမဂ်ရောက်တော့ ပြည့်စုံပွားများစရာ မလိုတော့ဘူး၊ ကတံကရဏီယံ–ရှုဖွယ်ကိစ္စတွေ အကုန်လုံးပြီးပြီလို့ ရဟန္တာဖြစ်ပြီးတဲ့အခါ အကုန်လုံးဆင်ခြင်ကြည့်တယ်၊ လမ်းဆုံးသွားပြီး၊ အောင်မြင်သွားပြီ၊ ဒီအတိုင်းဆင်ခြင်တယ်။

အဲဒါကြောင့် အရဟတ္တမဂ်ရောက်တဲ့အခါ ဗောဇ္ဈင်ပွားများမှုက ပြီးဆုံးသွားပါတယ်တဲ့၊ အရဟတ္တမဂ်ဆိုလဲပဲ ယောဂီပုဂ္ဂိုလ်က သိပါတယ်တဲ့၊ ရဟန္တာဖြစ်တဲ့ခါ သိမှာပေါ့လေ၊ စောစောကတော့ မသိနိုင်သေးဘူး၊ တချို့ကတော့ သိချင် ဒီလိုစာကျက်ထားရမှာပဲ၊ ကိုယ်တိုင်သိ မဖြစ်နိုင်ဘူး၊ ဣတိ–အဒ္ဓေတ္တံ ဝါ ဓမ္မေသု ဓမ္မနုပဿီ ဝိဟာရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီဝိဟရတိ၊ အဒ္ဓေတ္တ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။

ဣတိ–ဤသို့ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်၊ အဒ္ဓေတ္တံ ဝါ ဓမ္မေသု–မိမိကိုယ်တွင်းသန္တာန်၌ ရှိသော ဗောဇ္ဈင်တရားတို့၌လည်း၊ ဓမ္မာနုပဿီ–သဘောတရားမျှ ရှုသည်ဖြစ်၍၊ ဝိဟရတိ–နေ၏၊ ဗဟိဒ္ဓါဝါဓမ္မေသု–ဗဟိဒ္ဓဗောဇ္ဈင်တရားတို့၌လည်း၊ ဓမ္မာနုပဿီ–သဘောတရားမျှ ရှုသည်ဖြစ်၍၊ ဝိဟရတိ–နေ၏၊ အဒ္ဓေတ္တ ဗဟိဒ္ဓါဝါဓမ္မေသု–ကိုယ်တွင်းကိုယ်ပတရားကို၌လည်း၊ ဓမ္မာနုပဿီ–သဘောတရားမျှဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ–နေ၏။

မိမိသန္တာန်မှာ တစ်နေ့ကပြောခဲ့တဲ့ သတိသမ္ဗောဇ္ဈင်ကစ၍၊ ဗောဇ္ဈင်တရားတွေ ဖြစ်တိုင်းဖြစ်တိုင်း သိနေတာ၊ အဲဒီတော့ မိမိသန္တာန်ဖြစ်ပေါ်နေတဲ့ ဗောဇ္ဈင်တရားသိတော့ သူများသန္တာန်လဲသိတာပေါ့၊ ဟိုရှေးက ဘုရားရဟန္တာပုဂ္ဂိုလ်တွေမှာ ဒီလိုတရားမျိုးတွေပဲလို့ ဒီလိုသိတာပေါ့၊ သူများသန္တာန် တကယ်ဖြစ်နေတာတော့ ဘယ်သိမလဲ၊ ကိုယ့်သန္တာန် ဖြစ်တာတော့ ပဿဒ္ဓိ–ကိုယ်ရောစိတ်ရော အေးနေတယ်၊ သမာဓိ–ရှုမှတ်တဲ့ အာရုံကလေးတွေမှာ တစ်ခါတည်း ဖပ်ခနဲဖပ်ခနဲ ကပ်သွားသလို ကျရောက်ပြီးသွားတာ သမာဓိသမ္ဗောဇ္ဈင်၊ ယခုပြောတဲ့ ဥပေက္ခာသမ္ဗောဇ္ဈင် မယုတ်မလွန်ညီမျှနေတဲ့ ဥပေက္ခာ သမ္ဗောဇ္ဈင် အဲဒီ ဗောဇ္ဈင်တရားတွေကို သန္တာန်ဖြစ်လာတာ တွေ့ရတော့ သူများသန္တာန်လဲဖြစ် ရှေးက ဘုရား ရဟန္တာ ပုဂ္ဂိုလ်တွေ သန္တာန်မှာ ဗောဇ္ဈင်တရားတွေဖြစ်တယ်ဆိုတာ ဒီတရားမျိုးတွေပဲလို့ ဒီလိုဖြစ်သွားတာ၊ ဒီလိုတွေ့သွားတာပဲလို့ ဘုရားရဟန္တာပုဂ္ဂိုလ်တွေ တွေပြီးနေတဲ့တရားမျိုးတွေ ငါ့မှာ တွေ့နေရတာပဲလို့ ဒီလိုလဲနုလုံးသွင်းပြီးတော့ သိသွားပါတယ်၊ အဲဒါကို ပြောတာ။

ဗဟိဒ္ဓါ ဝါ ဓမ္မေသု၊ ဗဟိဒ္ဓါဝါ–အပြင်ပသန္တာန်၌လည်း၊ ဓမ္မေသုဗောဇ္ဈင် ၇–ပါးတည်းဟူသော သဘောတရားတို့၌၊ ဓမ္မာနုပဿီ–သဘောတရားမျှရှုသည်ဖြစ်၍၊ ဝိဟရတိ–နေ၏။

မိမိသန္တာန် ဗောဇ္ဈင်တရားတွေဖြစ်တော့လဲ ငါမဟုတ်ဘူး သူတစ်ပါးမဟုတ်၊ ပုဂ္ဂိုလ်မဟုတ်ဘူး၊ အမြဲတည်နေတာ မဟုတ်ဘူး၊ ချမ်းသာနေတယ်၊ ကောင်းစားနေတယ်၊ အကောင်အထည်မဟုတ်ဘူး၊ သူတစ်ပါး သန္တာန်တွေမှာ ဗောဇ္ဈင်တရားတွေ ရှိတယ်ဆိုတာလဲ ဒါမျိုးပဲ၊ သဘောတရားတွေပဲ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ အကောင်အထည်မဟုတ်ဘူး၊ သဘောတရားမျှပဲ၊ အဲဒီလို ယောဂီပုဂ္ဂိုလ်က သဘောကျပြီး သိသွားတာကိုး။

သမုဒယမ္မာ နုပသိဝါ ဓမ္မေသု ဝိဟရတိ ဝယမ္မာ ဓမ္မေသု ဝိဟရတိ၊ သမုဒယမ္မာနုပသီဝါ ဓမ္မေသု ဝိဟရတိ။ ဓမ္မေသု–ဗောဇ္ဈင်တရားတို့၌၊ သမုဒယမ္မနုပသိဝါ–ဖြစ်ခြင်းသဘောကို ရှုသည်ဖြစ်၍လည်း၊ ဝိဟရတိ–နေ၏၊ ဝယမ္မ နုပသိဝါ–ပျက်ခြင်းသဘောကို ရှုသည်ဖြစ်၍၊ ဝိဟရတိ–နေ၏၊ သမုဒယဝယမ္မနုသိဝါ–ဖြစ်ခြင်းပျက်ခြင်းသဘောကို ရှုသည်ဖြစ်၍လည်း၊ ဝိဟရတိ နေ၏။

အဲဒီ ဗောဇ္ဈင်တရားတွေဖြစ်တဲ့ အခါကာလမှာ ဗောဇ္ဈင်တရားတွေကို အဖြစ်အပျက် ထင်နေတာပဲ၊ ရှုတိုင်း–ရှုတိုင်း ဟာ ဥပမာ ဖောင်းတယ် မှတ်လိုက်တော့ ဖောင်းတာ မှတ်ရတဲ့ အသိလေး ဖောင်းတာလေး ဖြစ်ပျက်သွားတာကို သိတယ်၊ မမြဉ္ဇူးဆိုတာ သိတယ်၊ ဒါပဲလားဆိုတော့ ဒါတွင် ဘယ်ကမလဲ ဖောင်းတယ်လို့မှတ်တာသိလေး သူဖြစ်ပျက်သွားတာ မမြဉ္ဇူးသိတာ၊ အဲ ဖောင်းတယ်လို့ အမှတ်ရတဲ့ သတိလေးလဲဖြစ်ပြီး ပျက်သွားတာပဲ၊ ဖောင်းတယ်လို့ သိသွားတဲ့ အသိလေး ဟာလဲ ဖြစ်ပြီးပျက်သွားတာပဲ၊ ဖောင်းတယ်လို့ အားထုတ်မှုကလေး မှတ်နိုင်အောင် အားထုတ်မှုကလေး ဝီရိယကလေးကလဲ ဖြစ်ပြီး ပျက်သွားတာပဲ၊ ကြောင့်ကြစိုက်မှုတွေဖြစ်ပြီး ပျက်သွားတယ်။

အဲဒီ အခိုက်အတန့်မှာ ပီတိဖြစ်နေသေးလို့ရှိလဲ အဲဒီ ပီတိကလေးကလဲ ဖျင်းခနဲဖြစ်ပြီးတော့ သူကလဲ ဖြစ်ပြီးပျက် သွားတာပဲ၊ ပဿဒ္ဓိ ငြိမ်းအေးမှုကလေးကလဲ ဖြစ်ပြီးပျက်သွားတာပဲ၊ သမာဓိ–မှတ်ရတဲ့ အာရုံကလေးမှာ ကပ်ခနဲကပ်သွားတဲ့ သမာဓိကလေးကလဲကပ်ပြီး ဖြစ်ပြီးပျက်သွားတာပဲ၊ မှတ်နေတဲ့သဘောလေးကလဲ ဖြစ်ပြီးပျက်သွားတာပဲ၊ အဲဒီတော့ ဗောဇ္ဈင် တရားတွေရဲ့ ဖြစ်ခြင်းသဘောကိုလည်း လူ ယောဂီ ပုဂ္ဂိုလ်က ရှုပြီးတော့ သိပါတယ်၊ ပျက်ခြင်းသဘောကိုလဲ ရှုပြီးသိပါတယ်၊ အာရုံတွင်မဟုတ်ဘူး၊ အာရမ္မဏိကဖြစ်တဲ့ ဗောဇ္ဈင်တရားတွေပါ အကုန်ရှုပြီးတော့ သိသွားတာ၊ အဲဒီလိုသိသွားတာက အဲဒါက အရေးကြီးတယ်။

တချို့ ကမ္မဋ္ဌာန်းတရားတွေ ဝိပဿနာတရားတွေပြကြ, ဟောကြတယ်၊ အာရုံအပျက်တွေကိုသာရှုဖို့ရာ တိုက်တွန်း ထားလို့ အာရုံတွေပျက်တော့ ဖိုးဖိုး ဖွားဖွားတွေ သူတို့နည်းအတိုင်း သူတို့ထင်နေကြတာပေါ့လေ၊ ဖွားဖွားတွေတစ်ခါတည်း ဖြစ်ပြီး ပျက်နေတာတွေ သူတို့ပြောတယ်၊ သို့သော်လည်း ရှုတဲ့စိတ်ကလေး ပျက်တာကတော့ သူတို့မတွေ့ဘူး ရှုတဲ့စိတ်လဲ ပျက် မှာပဲလို့ မှန်းပြီးတော့ ဒီလိုပဲပြောရတယ်၊ ရှုတဲ့စိတ်ကလေးပျက်တာ မတွေ့ဘူး၊ အဲဒါဘုန်းကြီးများတို့ အမြင်ကတော့ မပြည့်စုံသေးဘူးလို့ ယူဆတယ်၊ ဘာပြုလို့တုန်းဆို ရှုတဲ့စိတ်ကလေး မပျက်ရင် ရှုတဲ့စိတ်ကလေးက ငါဖြစ်နေမှာပေါ့ ငါက ရှုနေတာဖြစ်နေ၊ ငါက မြဲနေတယ် ထင်မှာကိုး၊ ရှုတာက အာရုံတွေကတော့ မမြဲဘူး၊ သို့သော်လဲ ရှုတဲ့စိတ်ကလေးက မြဲတယ်၊ ရှုတာလေးက ငါဖြစ်နေတာကိုး၊ ငါကျန်နေတယ်။

အခု သတိပဋ္ဌာန်နည်းအရ ရှုမှတ်တာကတော့ ရှုတိုင်းမှတ်တိုင်းတော့ အာရုံလေးတွေ ဖြစ်လိုက်ဖြစ်လိုက် ပျောက် လိုက်၊ ဘယ်ဟာ ရှုရှုပေါ်လာတဲ့အာရုံလေးတွေဖြစ်ပြီး ပျောက်သွားတယ်၊ မြဲနေတာတစ်ခုမှ မရှိဘူး၊ ဒါတွင်လားဆို ဒါတွင် မဟုတ်ဘူး၊ ရှုတဲ့စိတ်ကလေးပါကိုပဲ၊ ဗောဇ္ဈင် ၇–ပါးတရားဆိုတာ ရှုတဲ့စိတ်တွေ တခြားတွေမဟုတ်ဘူး၊ အာရုံတွေ မဟုတ် ဘူး၊ ရှုတဲ့စိတ်တွေ မှတ်တိုင်း မှတ်တိုင်း တစ်မှတ် တစ်မှတ်အတွင်း ပေါ်တဲ့တရားလေးတွေ သတိဆိုတာ အမှတ်ရတဲ့ တရားပဲ၊ ဝီရိယဆိုတာကလဲ အားထုတ်မှုလေးပဲ၊ သမာဓိဆိုတာကလဲ မှတ်ရတဲ့ အာရုံလေးမှာ စိတ်ကလေး ကပ်ပြီး ကျသွားတဲ့ဟာလေး၊ စူးစိုက်ပြီး ကျသွားတဲ့ဟာလေးဟာ သမာဓိပဲ၊ မှတ်ရတဲ့အာရုံ သိသွားတာက ဓမ္မဝိစယဆိုတာ သူပဲ။

ဒီအထဲမှာ ပီတိတို့, ပဿဒ္ဓိတို့ဆိုတာ တရုံတစ်ခါ ထင်ရှားတယ်၊ သူတို့လဲပါသွားတယ်၊ ဥပေက္ခာကလဲ ညီမျှပြီးတော့ ပါသွားတယ်၊ အဲဒါရှုတဲ့စိတ်ကလေးထဲမှာ တစ်ပေါင်းတည်းပါတယ်၊ ဒီ ၇–ပါးလုံး အကုန်လုံး ရှုတဲ့စိတ်တိုင်း စိတ်တိုင်း ပါနေတယ်၊ အဲဒါလေးတွေရဲ့ ပေါ်လာတဲ့ဖြစ်မှုလေးတွေကို ယောဂီပုဂ္ဂိုလ်က ရှုလိုက်တာနဲ့ ပေါ်လာတာ သိတယ်၊ ပေါ်ပြီးတော့ ပျောက်သွားတာ သိတယ်၊ ဒါကြောင့် သမုဒယမ္မာနုပသီ–ဖြစ်ခြင်းသဘောကို သိသည် ဖြစ်၍၊ ဝယမ္မာနုပသီ–ပျက်ခြင်း သဘောရှုသည်ဖြစ်၍၊ ဝိဟရတိ–နေ၏ ဖြစ်တာပျက်တာလေးကို ယောဂီ ပုဂ္ဂိုလ်က ရှုမြင်နေတာ၊ ဒီတော့ မြဲနေလဲ ငါကောင် ဘယ်ရှိတော့မလဲ၊ ပေါ်လာတဲ့အာရုံတွေကလဲ သူ့ဟာသူဖြစ် ပျောက်သွားလို့ မမြဲတဲ့တရားချည်းပဲတဲ့၊ အနိစ္စချည်းပဲတဲ့၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး၊ အနတ္တတရားချည်းပဲတဲ့ ဒီလိုသိနေတာ။

ရှုနေတဲ့ ဗောဇ္ဈင် ၇–ပါး ရှုသိနေတဲ့ ဝိပဿနာဉာဏ်တွေဟာ ဒါတွေဟာဖြစ်ပြီး ပျောက်သွားလို့ မမြဲတဲ့တရားတွေ ချည်းပဲ၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး၊ ဘယ်မှာ ပုဂ္ဂိုလ်သတ္တဝါရှိတော့လို့လဲ ဘယ်မှမရှိတော့ဘူး၊ သူက အပြင်က ပေါ်လာတဲ့ အာရုံတွေလဲ ပျောက်ပြီးသွားလို့ မမြဲတဲ့တရားချည်းပဲ၊ ရှုသိနေတဲ့ စိတ်တွေကလဲ သိပြီးပျောက်သွားလို့ မမြဲတဲ့တရားချည်းပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တတရားချည်းပဲဆိုတာ ယောဂီပုဂ္ဂိုလ်မှာ သူ့ဟာသူရှင်းပြီးတော့ သိနေတာ၊ ဘုန်းကြီးများကတော့ ဟော ပြောနေဖို့ရာ မလိုဘူး၊ သူ့ဟာသူ ရှင်းနေတာ၊ အနတ္တတရားတွေ သူ့ဟာသူ ရှင်းနေတာ။

အတ္ထိမ္မောတိ ဝါ ပဿတိ ပစ္စုပဋ္ဌိတာ ဟောတိ။

ဝါ ပန–တစ်နည်းအားဖြင့်သော်ကား၊ ပဿ–ထိ ယောဂီပုဂ္ဂိုလ်အား၊ ဓမ္မာ–သဘောတရားတို့သည်၊ အတ္ထိ–ရှိကုန်၏၊ ဣတိ–ဤသို့၊ သတိ–အမှတ်ရမှု သတိသည်၊ ပစ္စုပဋ္ဌိတာ–ရှေ့ရှုထင်သည်၊ ဟောတိ–ဖြစ်၏။

တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် သဘောတရားတွေချည်းပဲလို့ ဒီလိုထင်တဲ့သတိလဲရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည်မရှိဘူး၊ မြဲတည်နေတာမရှိဘူး၊ ငါကောင်, သူကောင်, သတ္တဝါကောင်ရယ်လို့ မရှိဘူး၊ သဘောတရားတွေ ချည်းပဲ၊ အမှတ်ကောင်းတယ်၊ သူကလဲ သဘောတရားပဲ၊ အသိကောင်းတယ်ဆိုတာလဲ သဘောတရားပဲ၊ ဝမ်းမြောက် ဝမ်းသာ ဖြစ်တာလဲ သဘောတရားပဲ၊ ငြိမ်းအေးနေတယ်ဆိုတာလဲ သဘောတရားပဲ၊ အညီအမျှဖြစ်နေတယ် ဆိုတာလဲ သဘောတရားပဲ၊ အားလုံးဗောဇ္ဈင်တရားတွေ၊ သဘောတရားတွေချည်းပဲ၊ ဒီဥစ္စာ ငါကမှတ်သိနေတာ မဟုတ်ဘူး၊ ငါကစူးစိုက်တည်ကြည်နေတာ မဟုတ်ဘူး၊ ငါက ဝမ်းမြောက်နေတာမဟုတ်ဘူး၊ ငါက အညီအမျှဖြစ်အောင် လုပ်နေတာမဟုတ်ဘူး၊ သဘောတရားတွေချည်း၊ သူ့ဟာသူ ဖြစ်နေတာပဲဆိုတာ ယောဂီပုဂ္ဂိုလ်မှာ ထင်ပါတယ်၊ ဒီလိုထင်ရမှာကိုး၊ ဒီလိုထင်မှလဲ သူ့ဟာ လမ်းမှန်ရောက်တယ်။ ထင်လဲထင်ပါတယ်။

ယခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ သူ့အဆင့်တန်း ရောက်တော့ သမ္မာသနဉာဏ်က စပြီးတော့ ထင်လာပါတယ်၊ ဒါပေမယ်လို့ ဥဒယဗ္ဗယဉာဏ်အထက်ဘက်ကျမှ ပိုကောင်းပါတယ်၊ ရှုတဲ့စိတ်ကလေးတွေက သဘောတရားချည်းပဲ၊ သူ့ဟာ သူ ဖြစ်ပျက်နေတဲ့ သဘောတရားချည်းပဲ ထင်နေတယ်၊ အဲဒီ သတိ အားကောင်းတဲ့ သတိပဲ၊ ဘာအကျိုးရှိသလဲဆိုရင်–

ယာဝ ဒေဝညာဏာမတ္တာယ ပတိဿတိ မတ္တာယ။

သာသတိ–ထိုအမှတ်ရမှုသတိသည်၊ သာသတိ–ထိုဖြစ်ပေါ်သော အမှတ်ရမှု သတိသည်၊ ယာဝ ဒေဝညာဏ မတ္တာယ–အသိညာဏ် အဆင့်ဆင့်တိုးတက်ရုံအလို့ငှာသာလျှင်၊ ယာဝ ဒေဝ ပတိသတိ မတ္တာယ–အမှတ်ရမှု သတိအဆင့်ဆင့် တိုးတက်သွားဖို့ငှာသာလျှင်၊ ဟောတိ–ဖြစ်၏၊ အဲသလိုသိတဲ့ဉာဏ်လေးဟာ ဘာအကျိုးရှိသလဲ အဲသလိုထင်တဲ့ အသိတရားလေးက ဘာအကျိုးရှိသလဲဆိုတော့ အဆင့်ဆင့်တိုးပြီးတော့ သတိတွေ, ဉာဏ်တွေ ကောင်းသွားဖို့ပါပဲ။

အနိဿိတောစ ဝိဟရတိ၊ အနိဿိတောစ–တဏှာဒိဋ္ဌိ အမှီအတွယ်မရှိသည်ဖြစ်၍လည်း၊ ဝိဟရတိ–နေ၏၊ တဏှာ ဒိဋ္ဌိတို့သည် ဖြစ်၍လည်း၊ ဝိဟရတိ–နေ၏။

တဏှာဒိဋ္ဌိတို့သည် တဏှာနှင့် သာယာပြီးတော့လည်း အေးငြိမ်းနေပြီး အမှတ်ကောင်းနေတာ ကလေးတွေ သာယာ နေတာကိုး၊ ဥဒယဗ္ဗယဉာဏ် ဒါလဲသာယာတာပဲ၊ အဲဒီမှာသာယာနေတာ၊ အမှတ်ကောင်းလို့ သတိလေးကောင်းနေတာ၊သာယာ တယ်၊ အသိဉာဏ်တွေ ကောင်းနေတာ သာယာတယ်၊ ပီတိပါမောဇ္ဇတွေ ဝမ်းမြောက်ဝမ်းသာဖြစ်နေတာ သာယာတယ်။

နောက်ပိုင်းကျတော့ သာယာမှုမဖြစ်တော့ဘူး။ ရှုမှတ်မှု အမှတ် နိုင်လာတဲ့အခါကျတော့ သာယာတဲ့တဏှာတွေလဲ မှိုပြီးတော့ မနေတော့ဘူးတဲ့၊ ငါရှိနေတယ်၊ ငါကောင်းနေတယ်၊ ငါသိနေတယ်၊ ဒီလို ဒိဋ္ဌိအမှီတွေနဲ့ ကင်းပြီးသကာလနေပါ တယ်၊ အဲဒီလို ရှိပါတယ်။

နှ ကိဉ္စ လောကေ ဥပါဒိယတိ၊ လောကေ–လောကဋ္ဌ၊ ကိဉ္စ–တစ်စုံတစ်ခုသောတရားကိုမှ၊ နှ စ ဥပါဒိ ယတိ–စွဲလဲမစွဲ လမ်း၊ အဲဒီရှုရတဲ့ အာရုံတွေထဲမှာ ရှုသိနေတဲ့သဘောတရားတွေထဲမှာ ဘယ်ဟာမှ တဏှာဒိဋ္ဌိနဲ့ မစွဲလမ်းပါဘူး၊ တဏှာတွေနှင့် သာယာပြီးတော့ ဟိုဟာလေးက ကောင်းလိုက်တာ၊ ဒီဟာလေးကကောင်းလိုက်တာ သာယာပြီးတော့ မစွဲလမ်းဘူး၊ အဲဒီလို ဖြစ်ပါစေလို့ သာယာပြီးတော့, တောင့်တပြီးတော့လဲ မစွဲလမ်းဘူး၊ ဒိဋ္ဌိနဲ့ငါပဲ သူပဲ စသည် အနေအားဖြင့် ဒီလိုလဲ မစွဲလမ်း ဘူး၊ တဏှာဒိဋ္ဌိ အစွဲအလမ်းတွေကင်းနေပါတယ်၊ အဲဒီလိုကင်းပြီးနေတာနဲ့အစဉ်အတိုင်းလျှောက်ရှုသွားရင် သခ်ါရပေကွာ ရောက်မှ ရုပ်နာမ်သခ်ါရငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုမှာကို တွေ့သွားတာကိုတွေ့ရမှာ၊ မှတ်ရင်း–မှတ်ရင်းဖြစ်ပျက်သွားတဲ့ တရားတွေသိရင် တခါတည်းဖြုတ်ခနဲဆို ရုပ်နာမ် သခ်ါရငြိမ်းတဲ့နိဗ္ဗာန်ကို ရောက်သွားရော။

ဧဝံပိ ခေါ ဘိက္ခဝေ ဘိက္ခုဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။

ဘိက္ခဝေ–ရဟန်းတို့၊ ဧဝံ–ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်လည်း၊ ဘိက္ခု–ယောဂီရဟန်းသည်၊ ဓမ္မေသု–ဗောဇ္ဈင် ၇–ပါးတည်း ဟူသော သဘောတရားတို့၌၊ ဓမ္မာနုပဿီ–သဘောတရားမျှဟု ရှုသည်ဖြစ်၍၊ ဝိဟရတိ–နေ၏။

အဲဒီနည်းဖြင့်လည်း ဗောဇ္ဈင် ၇–ပါး တရားတွေကိုသိပြီး၊ သိသိပြီးတော့ နောက်ဆုံး အရိယာမဂ်ဉာဏ်ဖိုလ်ဉာဏ် အစဉ်အတိုင်း ဆိုက်ရောက်ပြီး သကာလ သွားနိုင်ပါတယ်၊ ဒီနိဗ္ဗာန်ရောက်ကြောင်း တစ်ခုပဲ၊ အချိန်လဲ တော်တော်ကြာသွားပြီ၊

ဗောဓျင် ၇-ပါး တစ်ပိုင်းလည်းပြီးသွားပြီ၊ နောက်သီတင်းကျရင်တော့ အရိယာသစ္စာ ၄-ပါးအပိုင်း ဆောရမှာပဲ၊ ဆက်ပြီးတော့ ဟောရမှာပဲ၊ တရားသိမ်းကြဦးစို့။

ဤဗောဓျင် ၇-ပါး တရားကို နာခံမှတ်သားရသော စေတနာ၏ အစွမ်းအာနုဘော်တို့ကြောင့် ယခုတရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့သည် မိမိတို့သန္တာန်၌ သတိသမ္ဗောဓျင် အစရှိသော သစ္စာလေးပါးတရားကို သိကြောင်း သစ္စာ လေးပါးတရားကို သိမှု၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော ဗောဓျင်တရားတို့ကို ပွားများအားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ်, အရိယာမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု....သာဓု....သာဓု....။